http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပဋိသမ္ဘိဒါမဂ် ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပဋိသမ္ဘိဒါမဂ် ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၆ ကောဇာ - ၁၃၇၄ ၂၀၁၂

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်စာအုပ်

ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ပိဋကတ်

# ပဋိသမ္ဘိဒါမဂ်ပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ<br>(အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ<br>(အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ<br>(ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ<br>(ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက<br>(အတို) | (ဝိနည်း)<br>င-၁<br>(အဘိဓမ္မာ)<br>င-၂<br>(သုတ္တန်)<br>င-၃ | (၅)<br>(၇) -၃<br>(၁၈) -၄ | (၅)<br>(၁၂) -၇ (လျော့)<br>(၁၁) -၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) -၇ | (၄၀) -၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က-ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
] ၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

## ခ-မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ 〃 [အလယ်သုတ် ၅၀ 〃 ]
၆. ခ. ၃/၃ - ၃ ဥပရိ 〃 [နောက်ဆုံးသုတ် ၅၂ 〃 ]
] ၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

## ဂ-သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒု)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
] ၇၇၆၂ သုတ်

## ဃ-အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက 〃 သတ္တက 〃 (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက 〃 ဧကာဒသက 〃 (၄) ကျမ်း
] ၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊
ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကဓံခံနိုင်နည်း။

http://www.dhammadownload.com



## ၄-ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄-၁) ခုဒ္ဒကနိကာယ် ဝိနည်း ပိဋက

( ၅ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၃.၄-၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄-၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄-၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄-၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄-၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |

### (၄-၂) ခုဒ္ဒကနိကာယ် အဘိဓမ္မ ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )

| | | | |
|---|---|---|---|
| ၁၈.၄-၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄-၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| - | | ၃ ဓါတုကထာ | x |
| ၂၀.၄-၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄-၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄-၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (၁-၃) ခုဒ္ဒကနိကာယ် သုတ္တန္တ ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | |
|---|---|---|
| ၂၃. ၁-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း |
| ၂၄. ၁-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | ၁ |
| ၂၅. ၁-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | ၁ |
| ၂၆. ၁-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | ၁ |
| ၂၇. ၁-၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | ၁ |
| ၂၈. ၁-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | ၁ |
| ၂၉. ၁-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | ၁ |
| | ၁၄ ကျမ်း | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ①ဝိမုတ္တိရသ | (၁) | ④ပိဋက | (၃) |
| ②ဓမ္မဝိနယ | (၂) | ⑤နိကာယ် | (၅) |
| ③ဝစန | (၃) | ⑥ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

## ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်

# မာတိကာ

---

အကြောင်းအရာ | မျက်နှာအမှတ်

### ၁–မဟာဝဂ်


ဉာဏ်စဉ်မာတိကာ .... .... .... .... .. .... ၁


### ၁–ဉာဏကထာ


၁-သုတမယဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၅
ဒုတိယအခန်း .... .... .... .... .... .... ၁၉
တတိယအခန်း .... .... .... .... .... .... ၃၁
စတုတ္ထအခန်း .... .... .... .... .... .... ၃၆
၂-သီလမယဉာဏ် အကျယ်ပြခြင်း .... .... .... .... ၅၅
၃-သမာဓိဘာဝနာမယဉာဏ် အကျယ်ပြခြင်း .... .... ၆၂
၄-ဓမ္မဋ္ဌိတိဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၆၄
၅-သမ္မသနဉာဏ် အကျယ်ပြခြင်း .... .... .... .... ၆၈
၆-ဥဒယဗ္ဗယဉာဏ် အကျယ်ပြခြင်း .... .... .... .... ၇၀
၇-ဘင်္ဂါနုပဿနာဉာဏ် အကျယ်ပြခြင်း .... .... .... .... ၇၃
၈-အာဒီနဝဉာဏ် အကျယ်ပြခြင်း.... .... .... .... .... ၇၅
၉-သင်္ခါရုပေက္ခာဉာဏ် အကျယ်ပြခြင်း .... .... .... .... ၇၇
၁၀-ဂေါတြဘူဉာဏ် အကျယ်ပြခြင်း .... .... .... .... ၈၄
၁၁-မဂ်ဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၈၈
၁၂-ဖိုလ်ဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၉၀
၁၃-ဝိမုတ္တိဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၉၂
၁၄-ပစ္စဝေက္ခဏာဉာဏ် အကျယ်ပြခြင်း .... .... .... .... ၉၃
၁၅-ဝတ္ထုနာနတ္တဉာဏ် အကျယ်ပြခြင်း .... .... .... .... ၉၇
၁၆-ဂေါစရနာနတ္တဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၀၀
၁၇-စရိယနာနတ္တဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၀၂
၁၈-ဘူမိနာနတ္တဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၀၈
၁၉-ဓမ္မနာနတ္တဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၀၉
၂၀-၂၄-ဉာဏပဉ္စက အကျယ်ပြခြင်း .... .... .... .... ၁၁၂
၂၅-၂၈-ပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၁၃
၂၉-၃၁-ဉာဏ်သုံးပါး အကျယ်ပြခြင်း .... .... .... .... ၁၁၇
၃၂-အာနန္တရိကသမာဓိဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၂၁

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၁-ဉာဏကထာ

၃၃-အရဏဝိဟာရဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၂၃
၃၄-နိရောဓသမာပတ္တိဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၂၅
၃၅-ပရိနိဗ္ဗာနဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၁၂၈
၃၆-သမသီသဋ္ဌဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၂၉
၃၇-သလ္လေခဋ္ဌဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၀
၃၈-ဝီရိယာရမ္ဘဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၂
၃၉-အတ္ထသန္ဒဿနဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၃
၄၀-ဒဿနဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၄
၄၁-ခန္တိဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၁၃၅
၄၂-ပရိယောဂါဟဏဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၅
၄၃-ပဒေသဝိဟာရဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၅
၄၄-၄၉-ဆဝိဝဋ္ဋဉာဏ်, သညာဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... ၁၃၆
စေတောဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၇
စိတ္တဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၁၃၈
ဉာဏဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၈
ဝိမောက္ခဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၃၉
သစ္စဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၁၃၉
၅၀-ဣဒ္ဓိဝိဓဉာဏ် အကျယ်ပြခြင်း .... .... .... .... .... ၁၄၀
၅၁-သောတဓာတုဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၄၁
၅၂-စေတောပရိယဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၄၂
၅၃-ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အကျယ်ပြခြင်း.... .... .... ၁၄၃
၅၄-ဒိဗ္ဗစက္ခုဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၄၄
၅၅-အာသဝက္ခယဉာဏ် အကျယ်ပြခြင်း .... .... .... ၁၄၆
၅၆-၆၃-သစ္စဉာဏ်, စတုက္ကနှစ်ပါး အကျယ်ပြခြင်း .... .... ၁၄၈
၆၄-၆၇-သုဒ္ဓိကပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း.... .... .... ၁၅၀
၆၈-ဣန္ဒြိယပရောပရိယတ္တဉာဏ် အကျယ်ပြခြင်း .... .... .... ၁၅၁
၆၉-အာသယာနုသယဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၅၄
၇၀-ယမကပါဋိဟာရိယဉာဏ် အကျယ်ပြခြင် .... .... .... .... ၁၅၇
၇၁-မဟာကရုဏာဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၅၈
၇၂-၇၃-သဗ္ဗညုတဉာဏ် အကျယ်ပြခြင်း .... .... .... .... ၁၆၄

http://www.dhammadownload.com



## မာတိကာ

| အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|

### ၂-ဒိဋ္ဌိကထာ


| | |
|---|---|
| ဒိဋ္ဌိအမျိုးမျိုးကိုပြခြင်း | ၁၆၇ |
| ၁-အဿာဒဒိဋ္ဌိ အကျယ်ပြခြင်း | ၁၇၅ |
| ၂-အတ္တာနုဒိဋ္ဌိ အကျယ်ပြခြင်း | ၁၇၈ |
| ၃-မိစ္ဆာဒိဋ္ဌိ အကျယ်ပြခြင်း | ၁၇၉ |
| ၄-သက္ကာယဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၀ |
| ၅-သဿတဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၁ |
| ၆-ဥစ္ဆေဒဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၁ |
| ၇-အန္တဂ္ဂါဟိကဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၂ |
| ၈-ပုဗ္ဗန္တာနုဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၈ |
| ၉-အပရန္တာနုဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၈ |
| ၁၀-၁၂-သညောဇနိကဒိဋ္ဌိ အကျယ်ပြခြင်း | ၁၉၈ |
| ၁၃-အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိ အကျယ်ပြခြင်း | ၂၀၀ |
| ၁၄-လောကဝါဒပဋိသံယုတ္တဒိဋ္ဌိ အကျယ်ပြခြင်း | ၂၀၀ |
| ၁၅-၁၆-ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ အကျယ်ပြခြင်း | ၂၀၁ |


### ၃-အာနာပါနဿတိကထာ


| | |
|---|---|
| ၁-ဂဏဝါရပြခြင်း | ၂၀၆ |
| ၂-သောဠသဉာဏ် အကျယ်ပြခြင်း | ၂၀၇ |
| ၃-ဥပက္ကိလေသဉာဏ် အကျယ်ပြခြင်း ပဌမဆက္က | ၂၀၉ |
| ဒုတိယဆက္က | ၂၁၀ |
| တတိယဆက္က | ၂၁၀ |
| ၄-ဝေါဒါနဉာဏ် အကျယ်ပြခြင်း | ၂၁၂ |
| ၅-သတောကာရိဉာဏ် အကျယ်ပြခြင်း | ၂၂၁ |
| ပဌမစတုက္က အကျယ်ပြခြင်း | ၂၂၃ |
| ဒုတိယစတုက္က အကျယ်ပြခြင်း | ၂၃၄ |
| တတိယစတုက္က အကျယ်ပြခြင်း | ၂၃၇ |
| စတုတ္ထစတုက္က အကျယ်ပြခြင်း | ၂၄၀ |
| ၆-ဉာဏရာသိဆက္က အကျယ်ပြခြင်း | ၂၄၆ |


### ၄-ဣန္ဒြိယကထာ


| | |
|---|---|
| ၁-ပဌမသုတ္တန် အကျယ်ပြခြင်း | ၂၄၇ |
| ၂-ဒုတိယသုတ္တန် အကျယ်ပြခြင်း | ၂၅၁ |
| က-အဿာဒ အကျယ်ပြခြင်း | ၂၅၅ |

http://www.dhammadownload.com



အကြောင်းအရာ မျက်နှာအမှတ်

## ၄-ဣန္ဒြိယကထာ


ခ-အာဒီနဝ အကျယ်ပြခြင်း .... .... .... .... .... ၂၅၆
ဂ-နိဿရဏ အကျယ်ပြခြင်း .... .... .... .... .... ၂၅၇
၃-တတိယသုတ္တန် အကျယ်ပြခြင်း .... .... .... .... ၂၆၁
က-ပဘေဒဂဏန အကျယ်ပြခြင်း .... .... .... .... ၂၆၂
ခ-စရိယဝါရ .... .... .... .... .... .... ၂၆၄
စာရဝိဟာရ အကျယ်ပြခြင်း .... .... .... .... .... ၂၆၆
၄-စတုတ္ထသုတ္တန် အကျယ်ပြခြင်း .... .... .... .... .... ၂၆၉
က-အဓိပတေယျဋ္ဌ အကျယ်ပြခြင်း .... .... .... .... ၂၆၉
ခ-အာဒိဝိသောဓနဋ္ဌ အကျယ်ပြခြင်း .... .... .... .... ၂၇၁
ဂ-အဓိမတ္တဋ္ဌ အကျယ်ပြခြင်း .... .... .... .... .... ၂၇၂
ဃ-အဓိဋ္ဌာနဋ္ဌ အကျယ်ပြခြင်း .... .... .... .... .... ၂၇၅
င-ပတိဋ္ဌာပကဋ္ဌ အကျယ်ပြခြင်း .... .... .... .... ၂၇၅
၅-ဣန္ဒြိယသမောဓာန အကျယ်ပြခြင်း .... .... .... .... ၂၇၆


## ၅-ဝိမောက္ခကထာ


အကျဉ်းပြခြင်း .... .... .... .... .... .... ၂၈၄
အကျယ်ပြခြင်း .... .... .... .... .... .... ၂၈၆
၆-ဂတိကထာ .... .... .... ၃၂၄
၇-ကမ္မကထာ .... .... .... ၃၂၈
၈-ဝိပလ္လာသကထာ .... .... ၃၃၀
၉-မဂ္ဂကထာ .... .... .... ၃၃၁
၁၀-မဏ္ဍပေယျကထာ .... .... ၃၃၄


မဟာဝဂ်မာတိကာ ပြီး၏။

http://www.dhammadownload.com




အကြောင်းအရာ — မျက်နှာအမှတ်

## ၂-ယုဂနဒ္ဓဝဂ်

### ၁-ယုဂနဒ္ဓကထာ

၁-သုတ္တန် အကျယ်ပြခြင်း .... .... .... .... .... ၃၄၂
၂-ဓမ္မုဒ္ဓစ္စဝါရ အကျယ်ပြခြင်း .... .... .... .... .... ၃၄၇

### ၂-သစ္စကထာ

၁-ပဌမသုတ္တန် အကျယ်ပြခြင်း .... .... .... .... .... ၃၅၁
၂-ဒုတိယသုတ္တန်ပါဠိ .... .... .... .... .... ၃၅၆
၃-ဒုတိယသုတ္တန် အကျယ်ပြခြင်း .... .... .... .... ၃၅၇

### ၃-ဗောဇ္ဈင်္ဂကထာ

မူလမူလကာဒိဒသက .... .... .... .... .... ၃၆၁
သုတ္တန် အကျယ်ပြခြင်း .... .... .... .... .... ၃၇၂

### ၄-မေတ္တာကထာ

မေတ္တာအကျိုး တဆယ် တပါး.... .... .... .... .... ၃၇၅
၁-ဣန္ဒြိယဝါရ .... .... .... .... .... .... ၃၇၇
၂-ဗလဝါရ .... .... .... .... .... .... ၃၇၈
၃-ဗောဇ္ဈင်္ဂဝါရ .... .... .... .... .... .... ၃၇၉
၄-မဂ္ဂင်္ဂဝါရ .... .... .... .... .... .... ၃၈၀

### ၅-ဝိရာဂကထာ .... .... .... ၃၈၅

### ၆-ပဋိသမ္ဘိဒါကထာ

၁-ဓမ္မစက္ကပဝတ္တနဝါရ .... .... .... .... .... ၃၉၁
ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး .... .... .... .... .... ၃၉၂
သမုဒယသစ္စာ၌ ဉာဏ်သုံးပါး .... .... .... .... .... ၃၉၂
နိရောဓသစ္စာ၌ ဉာဏ်သုံးပါး .... .... .... .... .... ၄၉၃
မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး .... .... .... .... .... ၃၉၃
သစ္စာလေးပါးမသိသေးသမျှ ဘုရားဟုဝန်မခံ .... .... .... ၃၉၄
ဘုရားဟုဝန်ခံချိန် .... .... .... .... .... .... ၃၉၄
နတ်ဗြဟ္မာတို့ကြွေးကြော်ကြခြင်း .... .... .... .... ၃၉၄
၂-သတိပဋ္ဌာနဝါရ .... .... .... .... .... .... ၃၉၈
၃-ဣဒ္ဓိပါဒဝါရ .... .... .... .... .... .... ၄၀၀

http://www.dhammadownload.com



အကြောင်းအရာ — မျက်နှာအမှတ်

## ၆-ပဋိသမ္ဘိဒါကထာ


၄-သတ္တဗောဓိသတ္တဝါရ .... .... .... .... .... ၄၀၂
၅-အဘိညာဒိဝါရ .... .... .... .... .. .... ၄၀၃
၆-ခန္ဓာဒိဝါရ .... .... .... .... .... .... ၄၀၃
၇-သစ္စဝါရ .... .... .... .... .... .... ၄၀၄
၈-ပဋိသမ္ဘိဒါဝါရ .... .... .... .... .... .... ၄၀၄
၉-ဆဗုဒ္ဓဝါရ .... .... .... .... .... .... ၄၀၄


## ၇-ဓမ္မစက္ကကထာ


၁-သစ္စဝါရ .... .... .... ... .... .... ၄၀၅
၂-သတိပဋ္ဌာနဝါရ .... .... .... .... .... .... ၄၀၉
၃-ဣဒ္ဓိပါဒဝါရ .... .... .... .... .... .... ၄၁၀

၈-လောကုတ္တရကထာ .... .... ၄၁၂
၉-ဗလကထာ .... .... .... ၄၁၄
၁၀-သုညကထာ .... .... .... ၄၂၂

၁-မာတိကာ .... .... .... .... .... .... ၄၂၃
၂-နိဒ္ဒေသ .... .... .... .... .... .... ၄၂၃


## ၃-ပညာဝဂ်

## ၁-မဟာပညာကထာ


၁-သောဠသပညာ အကျယ်ပြခြင်း .... .... .... .... ၄၃၄
၂-ပုဂ္ဂလဝိသေသ အကျယ်ပြခြင်း.... .... .... .... .... ၄၄၅

၂-ဣဒ္ဓိကထာ .... .... .... ၄၄၆

တန်ခိုးဣဒ္ဓိဆယ်ပါး အကျယ်ပြခြင်း .... .... .... .... ၄၄၈

၃-အဘိသမယကထာ .... .... ၄၅၄
၄-ဝိဝေကကထာ .... .... .... ၄၅၇

၁-မဂ္ဂင် အကျယ်ပြခြင်း .... .... .... .... .... ၄၅၈
၂-ဣန္ဒြိယ အကျယ်ပြခြင်း .... .... .... .... .... ၄၆၀

http://www.dhammadownload.com



| အကြောင်းအရာ | | | မျက်နှာအမှတ် |
|---|---|---|---|
| ၅-စရိယာကထာ .... | .... | .... | ၄၆၂ |
| ၆-ပါဠိဟာရိယကထာ | .... | .... | ၄၆၃ |
| ၇-သမသီသကထာ | .... | .... | ၄၆၆ |
| ၈-သတိပဋ္ဌာနကထာ | .... | .... | ၄၆၇ |
| ၉-ဝိပဿနာကထာ | .... | .... | ၄၇၁ |
| ၁၀-မာတိကာကထာ | .... | .... | ၄၇၈ |

ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန်
မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာ များ

“ ” ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောအခြင်းအရာ ‘အာကာရ’ ဟု သိမှတ်ရန်။

‘ ’ ဤကဲ့သို့ ကော်မာပြလျှင် ရှေ့ကကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

“ ‘ ’ ” ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကားအတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

( ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိပုဒ်သည် မူရင်းပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျမဆုံးသေး ဟု သိမှတ်ရန်။

[ ] ဤကဲ့သို့ ကွင်းခိုပ်ကိုပြလျှင် ၎င်းအတွင်းရှိစာများမှာ ရှေးနည်း ဆက်လက်ပြုလုပ်ရန် (ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသောစကားများဖြစ်သည် ဟု သိမှတ်ရန်။

၁–၂– ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းစဉ်အလိုက် ဖော်ပြထားသည် ဟု သိမှတ်ရန်။

http://www.dhammadownload.com

### ခုဒ္ဒကနိကာယ်

# ပဋိသမ္ဘိဒါမဂ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-မဟာဝဂ်

### ဉာဏ်စဉ် မာတိကာ

၁။ နာကြား၍အပ်သော တရားသဘော၌ (ဖြစ်သော)ပညာ သုတမယဉာဏ် 'နာကြားမှုဖြင့် ပြီးသောဉာဏ်'။

၂။ နားကြားရ၍စောင့်စည်းမှု၌(ဖြစ်သော)ပညာ သီလမယဉာဏ်'သီလဖြင့်ပြီးသောဉာဏ်'။

၃။ စောင့်စည်းခြင်းကြောင့် တည်ကြည်မှု၌ (ဖြစ်သော)ပညာ သမာဓိဘာဝနာမယဉာဏ် 'တည်ကြံ့ပွါးများမှုဖြင့် ပြီးသောဉာဏ်'။

၄။ အကြောင်းတရားတို့ကို သိမ်းဆည်းမှု၌ (ဖြစ်သော)ပညာ ဓမ္မဋ္ဌိတိဉာဏ် 'တရား၌တည်သောဉာဏ်'။

၅။ အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို အကျဉ်းချုံး၍ ပိုင်းခြား ဆုံးဖြတ်နိုင်သော ပညာ သမ္မသနဉာဏ်'သုံးသပ်သောဉာဏ်'။

၆။ ပစ္စုပ္ပန်တရားတို့၏ ဖောက်ပြန်ပျက်စီးခြင်းကို ရှုမြင်နိုင်သောပညာ ဥဒယဗ္ဗယာနုပဿနာဉာဏ်'အဖြစ်အပျက်ကိုရှုသောဉာဏ်'။

၇။ အာရုံကိုဆင်ခြင်၍အပျက်ကိုရှုမြင်နိုင်သောပညာ ဝိပဿနာဉာဏ် 'အထူးရှုသောဉာဏ်'။

၈။ ဘေးဟူ၍ ထင်မြင်လာသော ပညာ အာဒီနဝဉာဏ်'အပြစ်ကိုသိသောဉာဏ်'။

၉။ လွတ်မြောက်လိုခြင်းကို ဆင်ခြင်လျက် လျစ်လျူရှုတတ်သော ပညာ သင်္ခါရုပေက္ခာဉာဏ် 'သင်္ခါရကို လျစ်လျူရှုသောဉာဏ်'။

http://www.dhammadownload.com



၁၀။ အပ (ဖြစ်သော သင်္ခါရနိမိတ်) မှ ထမြောက် လွတ်ကင်းခြင်း၌ ဖြစ်သော ပညာ ဂေါတြဘုညာဏ် 'အနွယ်ကိုဖြတ်သောညာဏ်'။

၁၁။ နှစ်ပါးစုံမှ ထမြောက်လွတ်ကင်းခြင်း၌ (ဖြစ်သော)ပညာ မဂ္ဂညာဏ်'မဂ်ညာဏ်'။

၁၂။ လုံ့လစိုက်ရေးငြိမ်းအေးသောပညာ ဖလညာဏ် 'ဖိုလ်ညာဏ်'။

၁၃။ သံသရာလမ်းစဉ်ပြတ်မှုကိုရှုမြင်သောပညာ ဝိမုတ္တိညာဏ် 'လွတ်မြောက်သောညာဏ်'။

၁၄။ ထိုထို မဂ်ဖိုလ် အခိုက်အတန့်၌ ရရောက်သောတရားဘို့ကို ရှုသောပညာ ပစ္စဝေက္ခဏာညာဏ် 'ဆင်ခြင်သောညာဏ်'။

၁၅။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော တရားဘို့ကို ပိုင်းခြားမှတ်သားခြင်း၌ (ဖြစ်သော)ပညာ ဝတ္ထုနာနတ္တညာဏ်'အရာဝတ္ထုအထူးထူးကို သိသောညာဏ်'။

၁၆။ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော တရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ (ဖြစ်သော)ပညာ ဂေါစရနာနတ္တညာဏ်'အာရုံအထူးထူးကို သိသောညာဏ်'။

၁၇။ စရိယာဘို့ကိုပိုင်းခြား မှတ်သားခြင်း၌ (ဖြစ်သော) ပညာ စရိယနာနတ္တညာဏ် 'ဖြစ်ပုံအထူးထူးကိုသိသောညာဏ်'။

၁၈။ လေးမျိုးသော တရားဘို့ကို ပိုင်းခြားမှတ်သားခြင်း၌ (ဖြစ်သော)ပညာ ဘူမိနာနတ္တညာဏ် 'ဘုံအထူးထူးကိုသိသောညာဏ်'။

၁၉။ ကိုးမျိုးသော တရားဘို့ကို ပိုင်းခြားမှတ်သားခြင်း၌ (ဖြစ်သော)ပညာ ဓမ္မနာနတ္တညာဏ် 'တရားအထူးထူးကိုသိသောညာဏ်'။

၂၀။ ထူးခြား၍ သိသော ပညာ ညာတဋ္ဌညာဏ် 'သဘောပိုင်းခြားသောညာဏ်'။

၂၁။ ပိုင်းခြားသတ်မှတ်၍သိသောပညာ တီရဏဋ္ဌညာဏ် 'ပိုင်းခြား၍သိသောညာဏ်'။

၂၂။ ပယ်စွန့်ခြင်း၌ (ဖြစ်သော)ပညာ ပရိစ္စာဂဋ္ဌညာဏ် 'ပယ်စွန့်သောညာဏ်'။

၂၃။ ပွါးများခြင်း၌ (ဖြစ်သော)ပညာ ဧကရသဋ္ဌညာဏ်'ကိစ္စထူးကိုသိသောညာဏ်'။

၂၄။ မျက်မှောက်ပြုခြင်း၌ (ဖြစ်သော)ပညာ ဖုသနဋ္ဌညာဏ် 'သဘောကိုတွေ့သောညာဏ်'။

၂၅။ အနက်အကျိုးအထူးထူး၌ (ဖြစ်သော) ပညာ အတ္ထပဋိသမ္ဘိဒါညာဏ် 'အနက်အကျိုးကိုခွဲခြား၍သိသောညာဏ်'။

၂၆။ ပါဠိအကြောင်းအထူးထူး၌ (ဖြစ်သော) ပညာ ဓမ္မပဋိသမ္ဘိဒါညာဏ် 'ပါဠိအကြောင်းကိုခွဲခြား၍သိသောညာဏ်'။

၂၇ ။ သဒ္ဒါအထူးထူး၌(ဖြစ်သော)ပညာ နိရုတ္တိပဋိသမ္ဘိဒါညာဏ်'သဒ္ဒါကိုခွဲခြား၍သိသောညာဏ်'။

၂၈။ ထင်မြင်ညာဏ် အထူးထူး၌ (ဖြစ်သော)ပညာ ပဋိဘာနပဋိသမ္ဘိဒါညာဏ် 'ပဋိဘာန်ခွဲခြား၍သိသော ညာဏ်'။

၂၉။ နေထိုင်ခြင်းအထူးထူး၌ (ဖြစ်သော)ပညာ ဝိဟာရဋ္ဌညာဏ်'နေထိုင်ရေးသဘောညာဏ်'။

http://www.dhammadownload.com



၃၀။ သမာပတ်ပင်စားခြင်း အထူးထူး၌ (ဖြစ်သော) ပညာ သမာပတ္တဋ္ဌဉာဏ် 'ဝင်စားနေသဘောဉာဏ်'။

၃၁။ နေထိုင်ခြင်းဝင်စားခြင်းအထူးထူး၌ (နှစ်ပါးစုံ၌ ဖြစ်သော)ပညာ ဝိဟာရသမာပတ္တဋ္ဌဉာဏ် 'နေထိုင်နေဝင်စားရေးသဘောဉာဏ်'။

၃၂။ တည်တံ့ရေး သမာဓိ စင်ကြယ်သည်ဖြစ်၍ အာသဝေါတရားဖြတ်ခြင်း၌(ဖြစ်သော)ပညာ အာနန္တရိက သမာဓိဉာဏ် 'အခြားမဲ့တည်တံ့ရေးဉာဏ်'။

၃၃။ ဝိပဿနာဉာဏ်လျှင် အကြီးအမှူးရှိသော ဝိပဿနာပညာ ငြိမ်သက်သော ဝိဟာရသို့ရောက်သည့် အရဟတ္တဖလ သမာပတ္တိပညာ၊ မြတ်သောဖလသမာပတ်၌ ညွတ်သော ပုဗ္ဗဘာဂပညာ အရဏဝိဟာရဉာဏ် 'ကိလေသာကင်းလျက်နေထိုင်ရေးဉာဏ်'။

၃၄။ အားနှစ်မျိုးတို့နှင့် ပြည့်စုံခြင်းသင်္ခါရသုံးမျိုးတို့၏ ငြိမ်းခြင်းတို့ကြောင့် တဆယ့်ခြောက်မျိုးသော ဉာဏ်ဖြစ်ခြင်း၊ ကိုးမျိုးသောသမာဓိဖြစ်ခြင်းတို့ဖြင့် လေ့ကျင့်ပွါးထုံသောပညာ နိရောဓသမာပတ္တိဉာဏ် 'ချုပ်ငြိမ်းမှုဝင်စားသောဉာဏ်'။

၃၅။ ဆင်ခြင်ဉာဏ်ဖြစ်စဉ်ကိုရုပ်သိမ်းခြင်း၌ (ဖြစ်သော)ပညာ ပရိနိဗ္ဗာန်ဉာဏ် 'ကိလေသာခန္ဓာငြိမ်းအေးသောဉာဏ်'။

၃၆။ တရားအားလုံးတို့ကိုကောင်းစွာ ဖြတ်ရာချုပ်ရာ၌တဖန်မဖြစ်သောပညာ သမသီသဋ္ဌဉာဏ် 'အဦးမှု၍ငြိမ်းအေးသောဉာဏ်'။

၃၇။ သီးခြားဖြစ်သောတရား၊ အထူးထူးသောတရားတို့၏ တန်ခိုးကိုကုန်စေရာ၌ (ဖြစ်သော) ပညာ သလ္လေခဋ္ဌဉာဏ် 'ခေါင်းပါးရေးဉာဏ်'။

၃၈။ မဆုတ်နစ်သောစိတ်၊ နိဗ္ဗာန်သို့စေလွှတ်သောစိတ်တို့ကို အားပေးထောက်ပံ့ခြင်း၌ (ဖြစ်သော) ပညာ ဝီရိယာရမ္ဘဉာဏ်'လုံ့လစိုက်ရေးဉာဏ်'။

၃၉။ အထူးထူးသော တရားတို့ကို ပေါ်လွင်အောင်ဖော်ပြသောပညာ အတ္ထသန္ဒဿနဉာဏ် 'အနက်ဖော်ဉာဏ်'။

၄၀။ တရားအားလုံးတို့ကိုတခုတည်းသိမ်းကျုံးရေတွက်အပ်သည့် အဖြစ်ဟူသောပညာ ထူးခြားသောသဘော တူသောသဘောကို ထိုးထွင်း၍သိသောပညာ ဒဿနဝိသုဒ္ဓိဉာဏ် 'အမြင်စင်ကြယ်ရေးဉာဏ်'။

၄၁။ သိသည်၏အဖြစ်ကြောင့်ဖြစ်သောပညာ ခန္တိဉာဏ်'နှစ်သက်ဉာဏ်'။

၄၂။ ဉာဏ်ဖြင့်တွေ့ထိသောကြောင့် (ဖြစ်သော)ပညာ ပရိယောဂါဟဏဉာဏ် 'သက်ဝင်ဉာဏ်'။

၄၃။ စုပေါင်းလုံးစည်းခြင်း၌ (ဖြစ်သော)ပညာ ပဒေသဝိဟာရဉာဏ် 'စုပေါင်းလုံးစည်းရေးဉာဏ်'။

၄၄။ ကြီးမှူးအုပ်စိုးသည်၏အဖြစ်ဖြင့်ဖြစ်သောပညာ သညာဝိဝဋ္ဋဉာဏ် 'သညာကြောင့် ကင်းပြတ်သောဉာဏ်'။

၄၅။ အထူးထူး၌ဖြစ်သောပညာ စေတောဝိဝဋ္ဋဉာဏ် စေတနာကြောင့်ကင်းပြတ်သောဉာဏ်'။

http://www.dhammadownload.com



၄၆။ တည့်တံ့စေခြင်း၌ (ဖြစ်သော)ပညာ စိတ္တဝိဝဋ္ဋဉာဏ်'စိတ်ကြောင့်ကင်းပြတ်သောဉာဏ်'။

၄၇။ ဆိတ်သုဉ်းခြင်း၌ (ဖြစ်သော)ပညာ ဉာဏဝိဝဋ္ဋဉာဏ် 'ဉာဏ်ကြောင့်ကင်းပြတ်သောဉာဏ်'။

၄၈။ စွန့်လွှတ်ခြင်း၌ (ဖြစ်သော)ပညာ ဝိမောက္ခဝိဝဋ္ဋဉာဏ် 'ဝိမောက္ခကြောင့် ကင်းပြတ်သောဉာဏ်'။

၄၉။ မှန်ကန်သော သဘော၌ (ဖြစ်သော)ပညာ သစ္စဝိဝဋ္ဋဉာဏ် 'သစ္စာကြောင့် ကင်းပြတ်သောဉာဏ်'။

၅၀။ ကိုယ်နှင့်စိတ်ကိုတခုတည်း ပိုင်းခြားခြင်း၊ချမ်းသာရေးအမှတ်,ပေါ့ပါးလျင်မြန်ရေးအမှတ်ကို ဆောက်တည်သည်၏အစွမ်းအားဖြင့်ပြည့်စုံခြင်း၌ (ဖြစ်သော)ပညာ ဣဒ္ဓိဝိဓဉာဏ် 'တန်ခိုးဖန်ဆင်းသောဉာဏ်'။

၅၁။ ကြံစည်မှုပြန့်နှံ့သည်၏အစွမ်းဖြင့် ထူးခြားခြင်းနှင့် တူမျှခြင်းဖြစ်သည့် အသံ နိမိတ်တို့ကို သက်ဝင်၍ (သိတတ်သော)ပညာ သောတဓာတုဝိသုဒ္ဓိဉာဏ် 'နားကြားဓာတ် စင်ကြယ်ရေးဉာဏ်'။

၅၂။ စိတ်သုံးပါးတို့၏ ပြန့်နှံ့မှုကြောင့် ဣန္ဒြေ (ပသာဒရုပ်)တို့ ကြည်လင်သည်၏ အစွမ်းဖြင့် ထူးခြားသောသဘော တူမျှသော သဘောရှိသော ဝိညာဏ်၏ဖြစ်ခြင်းသို့ သက်ဝင်၍ (သိသော) ပညာ စေတောပရိယဉာဏ် 'စိတ်ကြံသိသောဉာဏ်'။

၅၃။ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့၏ ထူးခြားမှု တူညီမှု ကံပြန့်နှံ့သည်၏ အစွမ်းအားဖြင့်ဖြစ်သော ပညာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် 'ရှေးဖြစ် အောက်မေ့နိုင်ရေးဉာဏ်'။

၅၄။ အရောင်အလင်း၏အစွမ်းအားဖြင့် ထူးခြားသော တူမျှသော ရူပနိမိတ်တို့ကို ရှုမြင်ခြင်း၌ (ဖြစ်သော)ပညာ ဒိဗ္ဗစက္ခုဉာဏ် 'နတ်မျက်စိနှင့်တူသော ဉာဏ်'။

၅၅။ ခြောက်ဆယ့်လေးမျိုးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေသုံးပါးတို့၏ လေ့လာသည်၏အဖြစ်ဟု ဆိုအပ်သောပညာ အာသဝက္ခယဉာဏ် 'အာသဝေါကုန်ရေးဉာဏ်'။

၅၆။ ပိုင်းခြား၍သိခြင်း၌ (ဖြစ်သော)ပညာ ဒုက္ခဉာဏ် 'ဆင်းရဲကိုသိသောဉာဏ်'။

၅၇။ ပယ်စွန့်ခြင်း၌ (ဖြစ်သော)ပညာ သမုဒယဉာဏ် 'တဏှာကိုသိသောဉာဏ်'။

၅၈။ မျက်မှောက်ပြုခြင်း၌ (ဖြစ်သော)ပညာ နိရောဓဉာဏ် 'နိဗ္ဗာန်ကိုသိသော ဉာဏ်'။

၅၉။ ပွါးများခြင်း၌ (ဖြစ်သော)ပညာ မဂ္ဂဉာဏ် 'မဂ္ဂင်ကိုသိသော ဉာဏ်'။

၆၀။ ဒုက္ခကိုသိသောဉာဏ်။

၆၁။ ဒုက္ခ၏အကြောင်းကိုသိသော 'ဒုက္ခသမုဒယ'ဉာဏ်။

၆၂။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်ကိုသိသော 'ဒုက္ခနိရောဓ'ဉာဏ်။

၆၃။ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကိုသိသော'ဒုက္ခနိရောဓဂါမိနိပဋိပဒါ'ဉာဏ်။

၆၄။ အနက်ကိုသိသော 'အတ္ထပဋိသမ္ဘိဒါ'ဉာဏ်။

၆၅။ ပါဠိကိုသိသော 'ဓမ္မပဋိသမ္ဘိဒါ'ဉာဏ်။

http://www.dhammadownload.com



၆၆။ သဒ္ဒါကိုသိသော 'နိရုတ္တိပဋိသမ္ဘိဒါ'ဉာဏ်။

၆၇။ ပညာကိုသိသော 'ပဋိဘာနပဋိသမ္ဘိဒါ'ဉာဏ်။

၆၈။ ဣန္ဒြိယပရောပရိယတ္တကိုသိသောဉာဏ်။

၆၉။ သတ္တဝါတို့၏ အလိုဆန္ဒနှင့် အနုသယကိုသိသော 'အာသယာနုသယ'ဉာဏ်။

၇၀။ ယမကပါဋိဟီရကိုသိသောဉာဏ်။

၇၁။ မဟာကရုဏာသမာပတ္တိကိုသိသောဉာဏ်။

၇၂။ သဗ္ဗညုတဉာဏ်။

၇၃။ အနာဝရဏဉာဏ်။

ဤကား ဉာဏ်ခုနစ်ဆယ့်သုံးပါးတို့တည်း။

ဤ ခုနစ်ဆယ့်သုံးပါးသောဉာဏ်တို့အနက် ဉာဏ်ခြောက်ဆယ့်ခုနစ်ပါးတို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏။ (နောက်ဆုံး) ဉာဏ်ခြောက်ပါးတို့သည် သာဝကတို့နှင့် မဆက်ဆံကုန်၊ (ဘုရားနှင့်သာ ဆက်ဆံကုန်၏)။

ဉာဏ်စဉ်မာတိကာ ပြီး၏။

---

## ၁-ဉာဏကထာ

### ၁-သုတမယဉာဏ် အကျယ်ပြခြင်း

၁။ အဘယ်သို့လျှင် နာကြားအပ်သော တရားသဘော၌ (ဖြစ်သော)ပညာသည် သုတမယ ဉာဏ် မည်သနည်း။

"ဤတရားတို့ကို ထူးခြားစွာသိအပ်ကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ်မည်၏။ (၁)

"ဤတရားတို့ကို ပိုင်းခြားသတ်မှတ်သိအပ်ကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၂)

"ဤတရားတို့ကို ပယ်အပ်ကုန်၏" ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ်မည်၏။ (၃)

"ဤတရားတို့ကို ပွါးများအပ်ကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ်မည်၏။ (၄)

"ဤတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၅)

http://www.dhammadownload.com



"ဤတရားတို့သည် ဆုတ်ယုတ်သော အဖို့ ရှိကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၆)

"ဤတရားအပေါင်းတို့သည် တည်တံ့ခြင်းအဖို့ရှိကုန်၏"ဟု (ဟောတော်မူသောတရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၇)

"ဤတရားအပေါင်းတို့သည် ထူးခြားသောအဖို့ရှိကုန်၏"ဟု(ဟောတော်မူသောတရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၈)

"ဤတရားအပေါင်းတို့သည် လောဘ စသည်ကို ဖောက်ခွဲခြင်းအဖို့ရှိကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ်မည်၏။ (၉)

"အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲကုန်"ဟု (ဟောတော်မူသော တရား အပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၀)

"အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၁)

"အလုံးစုံသော တရားတို့သည် ကိုယ်ပိုင်ကိုယ်စိုး မဟုတ်ကုန်"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၂)

"ဤတရားကား ဒုက္ခဟူသော အရိယသစ္စာတည်း"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၃)

"ဤတရားကား ဒုက္ခဖြစ်ကြောင်းဟူသော အရိယသစ္စာတည်း"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၄)

"ဤတရားကား ဒုက္ခချုပ်ရာ နိဗ္ဗာန်ဟူသော အရိယသစ္စာတည်း"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၅)

"ဤတရားကား ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟူသော အရိယသစ္စာတည်း"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရား မည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် သုတမယဉာဏ် မည်၏။ (၁၆)

http://www.dhammadownload.com



၂။ “ဤတရားတို့ကို ထူးခြားစွာသိအပ်ကုန်၏”ဟု (ဟောတော်မူသောတရားအပေါင်းသည်) အဘယ်သို့လျှင် နာကြားအပ်သောတရား မည်သနည်း၊ ထိုတရားအပေါင်းကို သိသောပညာသည် အဘယ်သို့လျှင် သုတမယဉာဏ် မည်သနည်း။

သတ္တဝါအားလုံးတို့သည် အစာအာဟာရလျှင် တည်ရာရှိကုန်၏ ဟူသော တပါးသောတရားကို ထူးခြားစွာ သိအပ်၏။

(သင်္ခတဓာတ် အသင်္ခတဓာတ်) တရားနှစ်ပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

(ကာမ ရူပ အရူပ) ဓာတ်သုံးပါးတရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

သစ္စာလေးပါးတရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အရဟတ္တဖိုလ်၏ အကြောင်းဖြစ်သော ဝိမုတ္တာယတနတရား ငါးပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အမြတ်ဆုံး အကြီးဆုံး အနုတ္တရိယခြောက်ပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အခိုက်အတန့်မျှ ပဋိသန္ဓေနေခြင်းမရှိသော ရဟန္တာဖြစ်ကြောင်း [၁] နိဒ္ဒသဝတ္ထုခုနစ်ပါး တရားတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

ကသိုဏ်း စသောအာရုံကိုလွှမ်းမိုး၍ဖြစ်သော အဘိဘာယတနရှစ်ပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

အစဉ်အတိုင်း ဝင်စားနေထိုင်ခြင်း အနုပုဗ္ဗဝိဟာရသမာပတ်တရား ကိုးပါးတို့ကို ထူးခြားစွာ သိအပ်ကုန်၏။

မိစ္ဆာဒိဋ္ဌိစသည်ကို ဖျက်ဆီးကြောင်း နိဇ္ဇရဝတ္ထုတရား ဆယ်ပါးတို့ကို ထူးခြားစွာသိအပ်ကုန်၏။

၃။ ရဟန်းတို့ အလုံးစုံသော တရားအပေါင်းကို ထူးခြားစွာသိအပ်၏၊ ရဟန်းတို့ အလုံးစုံသော တရားအပေါင်းကို အဘယ်သို့လျှင် ထူးခြားစွာသိအပ်သနည်း။

ရဟန်းတို့ မျက်စိကို ထူးခြားစွာသိအပ်၏၊ အဆင်းတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ မျက်စိအသိစိတ် ‘စက္ခုဝိညာဏ်’ကို ထူးခြားစွာသိအပ်၏၊ မျက်စိအတွေ့ ‘စက္ခုသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ မျက်စိအတွေ့ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သော ခံစားအပ်သော ချမ်းသာဆင်းရဲ လျစ်လျူဝေဒနာကို ထူးခြားစွာသိအပ်၏။

နားကို ထူးခြားစွာသိအပ်၏၊ အသံတို့ကို ထူးခြားစွာသိအပ်ကုန်၏။ နှာခေါင်းကိုထူးခြားစွာသိအပ်၏၊ အနံ့တို့ကို ထူးခြားစွာသိအပ်ကုန်၏။ လျှာကို ထူးခြားစွာသိအပ်၏၊ အရသာတို့ကို ထူးခြားစွာသိအပ်ကုန်၏။ ကိုယ်ကို ထူးခြားစွာသိအပ်၏၊ အတွေ့တို့ကို ထူးခြားစွာသိအပ်ကုန်၏။ စိတ်ကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံတို့ကို ထူးခြားစွာသိအပ်ကုန်၏။ စိတ်အသိ ‘မနော

---

၁-ပါထေယျ-အင်္ဂုတ္တရ-အဋ္ဌကထာတို့နှင့် ဤအဋ္ဌကထာ၌ ဒသကို သချ်ာဟောယူ၍ ဆယ်နှစ်ရှယ်———ဟု ဖွင့်ဆိုသည်။ ဤ၌ကား ဒသာ-အခိုက်အတန့်ဟောယူ၍ ပြန်ဆိုသည်။

http://www.dhammadownload.com



ဝိညာဏ်’ ကို ထူးခြားစွာသိအပ်၏။ စိတ်အတွေ့ ‘မနောသမ္ဖဿ’ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို ထူးခြားစွာသိအပ်၏။

ရူပက္ခန္ဓာ ‘ရုပ်အစု’ကို ထူးခြားစွာသိအပ်၏၊ ဝေဒနာက္ခန္ဓာ ‘ဝေဒနာအစု’ကို ထူးခြားစွာ သိအပ်၏၊ သညာက္ခန္ဓာ ‘သညာအစု’ကို ထူးခြားစွာသိအပ်၏၊ သင်္ခါရက္ခန္ဓာ ‘သင်္ခါရအစု’တို့ကို ထူးခြားစွာသိအပ်ကုန်၏၊ ဝိညာဏက္ခန္ဓာ ‘ဝိညာဏ်အစု’ကို ထူးခြားစွာသိအပ်၏။

မျက်စိကို ထူးခြားစွာသိအပ်၏၊ နားကို ထူးခြားစွာသိအပ်၏၊ နှာခေါင်းကို ထူးခြားစွာ သိအပ်၏၊ လျှာကို ထူးခြားစွာသိအပ်၏၊ ကိုယ်ကို ထူးခြားစွာသိအပ်၏၊ စိတ်ကိုထူးခြားစွာ သိအပ်၏။ အဆင်းတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ အသံတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ အနံ့တို့ကို ထူးခြားစွာသိအပ်ကုန်၏၊ အရသာတို့ကို ထူးခြားစွာသိအပ်ကုန်၏ အတွေ့တို့ကို ထူးခြားစွာ သိအပ်ကုန်၏။ (ဓမ္မာရုံ) တရားတို့ကို ထူးခြားစွာသိအပ်ကုန်၏။

မျက်စိအသိစိတ် ‘စက္ခုဝိညာဏ်’ကို ထူးခြားစွာသိအပ်၏၊ နားအသိစိတ် ‘သောတဝိညာဏ်’ကို ထူးခြားစွာသိအပ်၏၊ နှာခေါင်းအသိစိတ် ‘ဃာနဝိညာဏ်’ကို ထူးခြားစွာသိအပ်၏၊ လျှာအသိစိတ် ‘ဇိဝှါဝိညာဏ်’ကို ထူးခြားစွာသိအပ်၏၊ ကိုယ်အသိစိတ် ‘ကာယဝိညာဏ်’ကို ထူးခြားစွာ သိအပ်၏၊ စိတ်အသိ ‘မနောဝိညာဏ်’ကို ထူးခြားစွာသိအပ်၏။

မျက်စိအတွေ့ ‘စက္ခုသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ နားအတွေ့ ‘သောတသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ နှာခေါင်းအတွေ့ ‘ဃာနသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ လျှာအတွေ့ ‘ဇိဝှါသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ ကိုယ်အတွေ့ ‘ကာယသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏၊ စိတ်အတွေ့ ‘မနောသမ္ဖဿ’ကို ထူးခြားစွာသိအပ်၏။

မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏၊ နားအတွေ့ကြောင့် ဖြစ်သော ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု ဝေဒနာကို ထူးခြားစွာသိအပ်၏၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှုဝေဒနာကို ထူးခြားစွာ သိအပ်၏၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏၊ စိတ်အတွေ့ ကြောင့်ဖြစ်သော ခံစားမှုဝေဒနာကို ထူးခြားစွာသိအပ်၏။

အဆင်းအမှတ်သညာကို ထူးခြားစွာသိအပ်၏၊ အသံအမှတ်သညာကို ထူးခြားစွာသိအပ်၏၊ အနံ့အမှတ်သညာကို ထူးခြားစွာသိအပ်၏၊ အရသာအမှတ်သညာကို ထူးခြားစွာသိအပ်၏၊ အတွေ့အထိအမှတ်သညာကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံအမှတ်သညာကို ထူးခြားစွာသိအပ်၏။

အဆင်း၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏၊ အသံ၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏၊ အနံ့၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏၊ အရသာ၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏၊ အတွေ့၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံ၌စေ့ဆော်မှုကို ထူးခြားစွာသိအပ်၏။

အဆင်း၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏၊ အသံ၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏၊ အနံ့၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏၊ အရသာ၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏၊ အတွေ့၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံ၌တပ်မက်မှုကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



အဆင်း၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏၊ အသံ၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏၊ အနံ့၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏၊ အရသာ၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏၊ အတွေ့၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံ၌ကြံစည်မှုကို ထူးခြားစွာသိအပ်၏။

အဆင်း၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏၊ အသံ၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏၊ အနံ့၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏၊ အရသာ၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏၊ အတွေ့၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏၊ ဓမ္မာရုံ၌ဆင်ခြင်မှုကို ထူးခြားစွာသိအပ်၏။

၄။ မြေဓာတ်ကို ထူးခြားစွာသိအပ်၏၊ ရေဓာတ်ကို ထူးခြားစွာသိအပ်၏၊ မီးဓာတ်ကို ထူးခြားစွာသိအပ်၏၊ လေဓာတ်ကို ထူးခြားစွာသိအပ်၏၊ ဟင်းလင်း 'အပွင့်' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ စိတ် 'ဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏။

မြေသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'ပထဝီကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ ရေသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'အာပေါကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ မီးသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'တေဇောကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ လေသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'ဝါယောကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ အညိုသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'နီလကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ အဝါသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'ပီတကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ အနီသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'လောဟိတကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ အဖြူသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'ဩဒါတကသိုဏ်း' လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ ဟင်းလင်းသာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'အာကာသကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏၊ စိတ်ဝိညာဏ်သာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်း 'ဝိညာဏကသိုဏ်း'လျှင် အာရုံရှိသော ဈာန်ကို ထူးခြားစွာသိအပ်၏။

ဆံပင်တို့ကို ထူးခြားစွာသိအပ်ကုန်၏၊ အမွေးတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ ခြေသည်း လက်သည်းတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ သွားတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ အရေကို ထူးခြားစွာသိအပ်၏၊ အသားကို ထူးခြားစွာသိအပ်၏၊ အကြောကို ထူးခြားစွာသိအပ်ကုန်၏၊ အရိုးတို့ကို ထူးခြားစွာသိအပ်ကုန်၏၊ ရိုးတွင်းခြင်ဆီကို ထူးခြားစွာသိအပ်ကုန်၏၊ အညှို့ကို ထူးခြားစွာသိအပ်၏၊ နှလုံးကို ထူးခြားစွာသိအပ်၏၊ အသည်းကို ထူးခြားစွာသိအပ်၏၊ အမြှေးကို ထူးခြားစွာသိအပ်၏၊ အဖျဉ်းကို ထူးခြားစွာသိအပ်၏၊ အဆုတ်ကို ထူးခြားစွာသိအပ်၏၊ အူမကို ထူးခြားစွာသိအပ်၏၊ အူသိမ်ကို ထူးခြားစွာသိအပ်၏၊ အစာသစ်ကို ထူးခြားစွာသိအပ်၏၊ အစာဟောင်းကို ထူးခြားစွာသိအပ်၏၊ သည်းခြေကို ထူးခြားစွာသိအပ်၏၊ သလိပ်ကို ထူးခြားစွာသိအပ်၏၊ ပြည်ကို ထူးခြားစွာသိအပ်၏၊ သွေးကို ထူးခြားစွာသိအပ်၏၊ ချွေးကို ထူးခြားစွာသိအပ်၏၊ အဆီခဲကို ထူးခြားစွာသိအပ်၏၊ မျက်ရည်ကို ထူးခြားစွာသိအပ်၏၊ ဆီကြည်ကို ထူးခြားစွာသိအပ်၏၊ တံတွေးကို ထူးခြားစွာသိအပ်၏၊ နှပ်ကို ထူးခြားစွာသိအပ်၏၊ အစေးကို ထူးခြားစွာသိအပ်၏၊ ကျင်ငယ်ကို ထူးခြားစွာသိအပ်၏၊ ဦးနှောက်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



မျက်စိဟူသောတည်ရာ 'စက္ခာယတန'ကို ထူးခြားစွာသိအပ်၏၊ အဆင်းဟူသောတည်ရာ 'ရူပါယတန'ကို ထူးခြားစွာသိအပ်၏။ နားဟူသောတည်ရာ 'သောတာယတန' ကိုထူးခြားစွာသိအပ်၏၊ အသံဟူသောတည်ရာ 'သဒ္ဒါယတန'ကို ထူးခြားစွာသိအပ်၏။ နှာခေါင်းဟူသောတည်ရာ 'ဃာနာယတန' ကို ထူးခြားစွာသိအပ်၏။ အနံ့ဟူသောတည်ရာ 'ဂန္ဓာယတန' ကို ထူးခြားစွာသိအပ်၏။ လျှာဟူသောတည်ရာ 'ဇိဝှါယတန'ကို ထူးခြားစွာ သိအပ်၏၊ အရသာဟူသောတည်ရာ 'ရသာယတန'ကို ထူးခြားစွာသိအပ်၏။ ကိုယ်ဟူသောတည်ရာ 'ကာယာယတန'ကို ထူးခြားစွာသိအပ်၏။ အတွေ့ဟူသောတည်ရာ 'ဖောဋ္ဌဗ္ဗာယတန'ကို ထူးခြားစွာသိအပ်၏။ စိတ်ဟူသောတည်ရာ 'မနာယတန' ကို ထူးခြားစွာသိအပ်၏။ ဓမ္မာရုံဟူသောတည်ရာ 'ဓမ္မာယတန'ကို ထူးခြားစွာသိအပ်၏။

မျက်စိ 'စက္ခု' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ အဆင်း 'ရူပ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ မျက်စိ အသိစိတ် 'စက္ခုဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ နား 'သောတ'ဓာတ်ကို ထူးခြားစွာသိအပ်၏၊ အသံ 'သဒ္ဒ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ နားအသိစိတ် 'သောတဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ နှာခေါင်း 'ဃာန' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ အနံ့ 'ဂန္ဓ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ နှာခေါင်းအသိစိတ် 'ဃာနဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ လျှာ 'ဇိဝှါ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ အရသာ 'ရသ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ လျှာအသိစိတ် 'ဇိဝှါဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ ကိုယ် 'ကာယ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊အတွေ့ 'ဖောဋ္ဌဗ္ဗ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ ကိုယ်အသိစိတ် 'ကာယဝိညာဏ်'ဓာတ်ကို ထူးခြားစွာသိအပ်၏၊ စိတ် 'မနော' ဓာတ်ကို ထူးခြားစွာ သိအပ်၏၊ ဓမ္မာရုံ 'ဓမ္မ' ဓာတ်ကို ထူးခြားစွာသိအပ်၏၊ စိတ်အသိ 'မနောဝိညာဏ်' ဓာတ်ကို ထူးခြားစွာသိအပ်၏။

မျက်စိဣန္ဒြေ 'စက္ခုန္ဒြေ' ကိုထူးခြားစွာသိအပ်၏၊ နားဣန္ဒြေ 'သောတိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ နှာခေါင်း ဣန္ဒြေ'ဃာနိန္ဒြေ'ကို ထူးခြားစွာသိအပ်၏၊ လျှာဣန္ဒြေ'ဇိဝှိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ကိုယ်ဣန္ဒြေ 'ကာယိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ စိတ်ဣန္ဒြေ 'မနိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ အသက်ဣန္ဒြေ 'ဇီဝိတိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ဣတ္ထိဘော 'ဣတ္ထိန္ဒြေ' ကို ထူးခြားစွာ သိအပ်၏၊ ပုမ္ဘော 'ပုရိသိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ချမ်းသာမှုဣန္ဒြေ 'သုခိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲမှုဣန္ဒြေ 'ဒုက္ခိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ဝမ်းမြောက်မှုဣန္ဒြေ 'သောမနဿိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ နှလုံးမသာမှုဣန္ဒြေ 'ဒေါမနဿိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ လျစ်လျူရှုမှုဣန္ဒြေ 'ဥပေက္ခိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ ယုံကြည်မှုဣန္ဒြေ 'သဒ္ဓိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ အားစိုက်မှုဣန္ဒြေ 'ဝီရိယိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ အောက်မေ့မှုဣန္ဒြေ 'သတိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ တည်ကြည်မှုဣန္ဒြေ 'သမာဓိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ သိမှုဣန္ဒြေ 'ပညိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ မသိရသေးသည်ကို သိလိုမှုဣန္ဒြေ 'အနညာတညဿာမီတိန္ဒြေ' ကို ထူးခြားစွာသိအပ်၏၊ သိမြင်နေမှုဣန္ဒြေ 'အညိန္ဒြေ' ကို ထူးခြားစွာ သိအပ်၏၊ သိမြင်ပြီးဆုံးမှုဣန္ဒြေ 'အညာတာဝိန္ဒြေ' ကို ထူးခြားစွာသိအပ်၏။

၅။ ကာမဓာတ်ကို ထူးခြားစွာသိအပ်၏၊ ရူပဓာတ်ကို ထူးခြားစွာသိအပ်၏၊ အရူပဓာတ်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ကာမဘဝကို ထူးခြားစွာသိအပ်၏၊ ရူပဘဝကို ထူးခြားစွာသိအပ်၏၊ အရူပဘဝကို ထူးခြားစွာသိအပ်၏၊

သညာရှိသော 'သညီ' ဘဝကို ထူးခြားစွာသိအပ်၏၊ သညာမရှိသော 'အသညီ' ဘဝကို ထူးခြားစွာသိအပ်၏၊ နေဝသညီ နာသညီဘဝကို ထူးခြားစွာသိအပ်၏။

ခန္ဓာတပါးရှိသော 'ဧကဝေါကာရ' ဘဝကို ထူးခြားစွာသိအပ်၏၊ ခန္ဓာလေးပါးရှိသော 'စတုဝေါကာရ' ဘဝကို ထူးခြားစွာသိအပ်၏၊ ခန္ဓာငါးပါးရှိသော 'ပဉ္စဝေါကာရ' ဘဝကို ထူးခြားစွာသိအပ်၏။

၆။ ပဌမစျာန်ကို ထူးခြားစွာသိအပ်၏၊ ဒုတိယစျာန်ကို ထူးခြားစွာသိအပ်၏၊ တတိယစျာန်ကို ထူးခြားစွာ သိအပ်၏၊ စတုတ္ထစျာန်ကို ထူးခြားစွာသိအပ်၏။

(စိတ်၏ဆန့်ကျင်ဘက်တရားတို့မှလွတ်သော) စေတောဝိမုတ္တိ ခေါ် မေတ္တာကို ထူးခြားစွာသိအပ်၏၊ စေတောဝိမုတ္တိ ခေါ် ကရုဏာကို ထူးခြားစွာသိအပ်၏၊ စေတောဝိမုတ္တိ ခေါ် မုဒိတာကို ထူးခြားစွာသိအပ်၏၊ စေတောဝိမုတ္တိ ခေါ် ဥပေက္ခာကို ထူးခြားစွာ သိအပ်၏။

အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံရှိသော အာကာသာနဉ္စာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏၊ အပိုင်းအခြားမရှိသော စိတ်ဝိညာဉ်အာရုံရှိသော ဝိညာဏဉ္စာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏၊ ပဌမာရုပ္ပဝိညာဉ်ကင်းခြင်းကြောင့် ကင်းသောအာရုံရှိသော အာကိဉ္စညာယတန သမာပတ်ကို ထူးခြားစွာသိအပ်၏၊ သိမ်မွေ့သောသညာရှိ ရှုန့်ရင်းသော သညာကင်းသော အာရုံရှိသော နေဝသညာ နာသညာယတန သမာပတ်ကို ထူးခြားစွာသိအပ်၏။

မသိမိုက်မဲခြင်း 'အဝိဇ္ဇာ' ကို ထူးခြားစွာသိအပ်၏၊ ပြုလုပ်စီမံခြင်း 'သင်္ခါရ' တို့ကိုထူးခြားစွာသိအပ်ကုန်၏၊ စိတ်ဝိညာဏ်ကို ထူးခြားစွာသိအပ်၏၊ နာမ်ရုပ်ကို ထူးခြားစွာ သိအပ်၏၊ တည်ရာခြောက်မျိုး 'သဠာယတန' ကို ထူးခြားစွာသိအပ်၏၊ အတွေ့ 'ဖဿ' ကို ထူးခြားစွာသိအပ်၏၊ ခံစားမှု 'ဝေဒနာ' ကို ထူးခြားစွာသိအပ်၏၊ တပ်မက်မှု 'တဏှာ' ကို ထူးခြားစွာသိအပ်၏၊ စွဲလမ်းမှု 'ဥပါဒါန်' ကို ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးမှုကံ 'ဘဝ' ကို ထူးခြားစွာသိအပ်၏၊ ဘဝသစ်ဖြစ်ပေါ်မှု 'ဇာတိ' ကို ထူးခြားစွာသိအပ်၏၊အိုမှု 'ဇရာ'ကို သေမှု 'မရဏ' ကို ထူးခြားစွာသိအပ်၏။

၇။ ဆင်းရဲဒုက္ခကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ထူးခြားစွာသိအပ်၏။

ရုပ်ကိုထူးခြားစွာသိအပ်၏၊ ရုပ်ဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ ရုပ်ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ရုပ်ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ကို ထူးခြားစွာသိအပ်၏။

ခံစားမှု 'ဝေဒနာ' ကို ထူးခြားစွာသိအပ်၏။ပ။ အမှတ် 'သညာ' ကို ထူးခြားစွာသိအပ်၏။ပ။ ပြုလုပ်စီမံမှု 'သင်္ခါရ' တို့ကို ထူးခြားစွာသိအပ်ကုန်၏။ပ။ စိတ်ဝိညာဏ်ကို ထူးခြားစွာသိအပ်၏၊ မျက်စိကိုထူးခြားစွာသိအပ်၏။ပ။ အိုမှုသေမှုကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု ဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှုချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ အိုမှုသေမှုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဆင်းရဲဒုက္ခ၏ ပိုင်းခြား သိအပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခ ဖြစ်ကြောင်း တဏှာ၏ ပယ်အပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်၏ မျက်မှောက်ပြုအပ်သော အနက်ကိုထူးခြားစွာသိအပ်၏၊ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၏ ပွါး များရသောအနက်ကို ထူးခြားစွာသိအပ်၏။

ရုပ်၏ ပိုင်းခြားသိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ ရုပ်ဖြစ်ကြောင်း တဏှာ၏ ပယ်အပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ ရုပ်ချုပ်ရာနိဗ္ဗာန်၏ မျက်မှောက်ပြုအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ ရုပ်၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၏ ပွါးများရသော အနက်ကို ထူးခြားစွာသိအပ်၏။

ခံစားမှု 'ဝေဒနာ' ၏။ပ။ အမှတ် 'သညာ' ၏။ပ။ ပြုလုပ်စီမံမှု 'သင်္ခါရ' တို့၏ ။ပ။ စိတ်ဝိညာဉ်၏။ပ။ မျက်စိ 'စက္ခု' ၏။ပ။

အိုမှု သေမှု၏ ပိုင်းခြားသိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ အိုမှု သေမှုဖြစ်ကြောင်း၏ ပယ်အပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ အိုမှု သေမှု ချုပ်ရာနိဗ္ဗာန်၏ မျက်မှောက်ပြုအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ အိုမှု သေမှု ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၏ ပွါးများရသောအနက်ကို ထူးခြားစွာသိအပ်၏။

ဆင်းရဲဒုက္ခ၏ ပိုင်းခြား၍လည်း သိအပ် ထိုးထွင်း၍လည်းသိအပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခဖြစ်ကြောင်း၏ ပယ်အပ် ထိုးထွင်း၍သိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်၏ မျက်မှောက်ပြုအပ် ထိုးထွင်း၍သိအပ်သောအနက်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၏ ပွါးများအပ် ထိုးထွင်း၍သိအပ်သောအနက်ကို ထူးခြားစွာသိအပ်၏။

ရုပ်၏ပိုင်းခြား၍လည်းသိအပ် ထိုးထွင်း၍လည်း သိအပ်သော အနက်ကိုထူးခြားစွာ သိအပ်၏၊ ရုပ်ဖြစ်ကြောင်းတဏှာ၏ပယ်အပ် ထိုးထွင်း၍ သိအပ်သော အနက်ကို ထူးခြားစွာ သိအပ်၏၊ ရုပ်ချုပ်ရာနိဗ္ဗာန်၏ မျက်မှောက်ပြုအပ် ထိုးထွင်း၍ သိအပ်သော အနက်ကိုထူးခြားစွာ သိအပ်၏၊ ရုပ်ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်၏ ပွါးများအပ် ထိုးထွင်း၍ သိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏။

ခံစားမှု'ဝေဒနာ'၏။ပ။အမှတ်'သညာ'၏။ ပ ။ပြုလုပ်စီမံမှု'သင်္ခါရ'တို့၏။ပ။ စိတ်ဝိညာဏ်၏။ပ။ မျက်စိ'စက္ခု'၏။ပ။ အိုမှုသေမှု၏ပိုင်းခြား၍သိအပ် ထိုးထွင်း၍ သိအပ်သော အနက်ကို ထူးခြားစွာ သိအပ်၏၊ အိုမှု သေမှုဖြစ်ကြောင်း၏ပယ်အပ် ထိုးထွင်း၍သိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု ချုပ်ရာနိဗ္ဗာန်၏ မျက်မှောက်ပြုအပ် ထိုးထွင်း၍ သိအပ်သော အနက်ကိုထူးခြားစွာသိအပ်၏၊ အိုမှုသေမှုချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၏ ပွါးများအပ် ထိုးထွင်း၍သိအပ်သော အနက်ကို ထူးခြားစွာသိအပ်၏။

၈။ ဆင်းရဲဒုက္ခကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခ ဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ ဆင်းခြားရဲဒုက္ခချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခ ဖြစ်ကြောင်း၏ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ဒုက္ခ၌ သုခဟူသောအမှတ်ဖြင့်ဖြစ်ပေါ်သော ဆင်းရဲဒုက္ခ၏ လိုလားတပ်မက်မှု 'ဆန္ဒရာဂ' ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဆင်းရဲဒုက္ခ၏ သာယာမက်မောဖွယ်ကို ထူးခြားစွာသိအပ်၏။ ဆင်းရဲဒုက္ခ၏အပြစ်ကိုထူးခြားစွာသိအပ်၏။ ဆင်းရဲဒုက္ခ၏ ထွက်မြောက်မှုကို ထူးခြားစွာသိအပ်၏။

ရုပ်ကိုထူးခြားစွာသိအပ်၏၊ ရုပ်ဖြစ်ကြောင်းကို ထူးခြားစွာ သိအပ်၏။ ရုပ်ချုပ်ရာ နိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ရုပ်ဖြစ်ကြောင်း၏ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ ရုပ်၏လိုလားတပ်မက်မှုဆန္ဒရာဂချုပ်ငြိမ်းခြင်းကိုထူးခြားစွာသိအပ်၏။ ရုပ်၏သာယာမက်မောဖွယ်ကို ထူးခြားစွာသိအပ်၏။ ရုပ်၏အပြစ်ကို ထူးခြားစွာသိအပ်၏။ ရုပ်၏ထွက်မြောက်မှုကို ထူးခြားစွာ သိအပ်၏။

ခံစားမှုဝေဒနာကို ထူးခြားစွာ သိအပ်၏။ပ။

မှတ်သားမှု သညာကို ထူးခြားစွာသိအပ်၏။

ပြုပြင်မှုသင်္ခါရတို့ကို ထူးခြားစွာသိအပ်ကုန်၏။

စိတ်ဝိညာဉ်ကို ထူးခြားစွာသိအပ်၏။ မျက်စိ 'စက္ခု' ကို ထူးခြားစွာသိအပ်၏။ပ။

အိုမှု 'ဇရာ' သေမှု 'မရဏ'ကို ထူးခြားစွာသိအပ်၏။ အိုမှု သေမှု ဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ အိုမှု သေမှု ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှုဖြစ်ကြောင်း၏ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၏ လိုလားတပ်မက်မှု 'ဆန္ဒရာဂ' ချုပ်ရာ နိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏၊ အိုမှု သေမှု၏ သာယာမက်မောဖွယ်ကို ထူးခြားစွာသိအပ်၏၊ အိုမှု သေမှု၏အပြစ်ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၏ ထွက်မြောက်မှုကို ထူးခြားစွာသိအပ်၏။

ဆင်းရဲဒုက္ခကို ထူးခြားစွာသိအပ်၏၊ဆင်းရဲဒုက္ခဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ဆင်းရဲဒုက္ခချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခ၏သာယာမက်မောဖွယ်ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲ ဒုက္ခ၏အပြစ်ကိုထူးခြားစွာသိအပ်၏၊ ဆင်းရဲဒုက္ခ၏ထွက်မြောက်ရာကို ထူးခြားစွာသိအပ်၏။

ရုပ်ကိုထူးခြားစွာသိအပ်၏၊ ရုပ်၏ဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ ရုပ်၏ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ရုပ်၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ထူးခြားစွာသိအပ်၏၊ ရုပ်၏ သာယာ မက်မောဖွယ်ကို ထူးခြားစွာ သိအပ်၏၊ ရုပ်၏အပြစ်ကို ထူးခြားစွာ သိအပ်၏၊ ရုပ်၏ ထွက်မြောက်ရာကို ထူးခြားစွာသိအပ်၏၊

ခံစားမှု 'ဝေဒနာ'ကို ထူးခြားစွာသိအပ်၏။

မှတ်သားမှု 'သညာ'ကို ထူးခြားစွာသိအပ်၏။

ပြုပြင်မှု 'သင်္ခါရ'တို့ကို ထူးခြားစွာသိအပ်ကုန်၏။

စိတ်ဝိညာဉ်ကို ထူးခြားစွာသိအပ်၏။

မျက်စိ 'စက္ခု' ကိုထူးခြားစွာသိအပ်၏။ ပ ။

အိုမှု သေမှုကို ထူးခြားစွာသိအပ်၏၊အိုမှုသေမှုဖြစ်ကြောင်းကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု ချုပ်ရာနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏၊ အိုမှုသေမှုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၏ သာယာမက်မောဖွယ်ကို ထူးခြားစွာ သိအပ်၏၊ အိုမှုသေမှု၏ အပြစ်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



၉။ မမြဲဟုအဖန်ဖန်ရှုမြင်ခြင်း 'အနိစ္စာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ဆင်းရဲဟု အဖန်ဖန် ရှုမြင်ခြင်း 'ဒုက္ခာနုပဿနာ'ကိုထူးခြားစွာသိအပ်၏၊ ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ဟု အဖန်ဖန် ရှုမြင်ခြင်း 'အနတ္တာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုမြင်ခြင်း 'နိဗ္ဗိဒါနုပဿနာ'ကို ထူးခြားစွာ သိအပ်၏၊ တပ်မက်မှုကင်းပျောက်ဖွယ်ဟု အဖန်ဖန်ရှုမြင်ခြင်း ဝိရာဂါနုပဿနာကို ထူးခြားစွာသိအပ်၏၊ ချုပ်ငြိမ်းခြင်းသဘောဟု အဖန်ဖန်ရှုမြင်ခြင်း 'နိရောဓာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အဖန်ဖန်စွန့်ပယ်အပ်သည်ဟု ရှုမြင်ခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ'ကို ထူးခြားစွာ သိအပ်၏။

ရုပ်၌မမြဲဟုအဖန်ဖန်ရှုမြင်ခြင်း 'အနိစ္စာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ရုပ်၌ဆင်းရဲဟု အဖန်ဖန်ရှုမြင်ခြင်း 'ဒုက္ခာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ရုပ်၌ ကိုယ်ပိုင်ကိုယ်စိုး မဟုတ်ဟု အဖန်ဖန်ရှုမြင်ခြင်း 'အနတ္တာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ရုပ်၌ငြီးငွေ့ဖွယ်ဟု အဖန်ဖန် ရှုမြင်ခြင်း 'နိဗ္ဗိဒါနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ရုပ်၌တပ်မက်မှု ကင်းပျောက်ဖွယ်ဟု အဖန်ဖန် ရှုမြင်ခြင်း 'ဝိရာဂါနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ ရုပ်၌ချုပ်ငြိမ်းခြင်း သဘောဟု အဖန်ဖန် ရှုမြင်ခြင်း နိရောဓာနုပဿနာကို ထူးခြားစွာသိအပ်၏၊ ရုပ်၌အဖန်ဖန် စွန့်ပယ်အပ်သည်ဟု ရှုမြင်ခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ'ကိုထူးခြားစွာသိအပ်၏။

ဝေဒနာ၌။ ပ ။

သညာ၌။ ပ ။

သင်္ခါရတို့၌။ ပ ။

စိတ်ဝိညာဉ်၌။ ပ ။

မျက်စိ၌ ။ ပ ။

အိုမှုသေမှု၌ မမြဲဟုရှုမြင်ခြင်း 'အနိစ္စာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၌ ဆင်းရဲဟု အဖန်ဖန်ရှုမြင်ခြင်း 'ဒုက္ခာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၌ ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ဟု အဖန်ဖန်ရှုမြင်ခြင်း 'အနတ္တာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၌ ငြီးငွေ့ဖွယ်ဟု အဖန်ဖန် ရှုမြင်ခြင်း 'နိဗ္ဗိဒါနုပဿနာ'ကို ထူးခြားစွာ သိအပ်၏၊ အိုမှုသေမှု၌ တပ်မက်မှု ကင်းပျောက်ဖွယ်ဟု အဖန်ဖန်ရှုမြင်ခြင်း 'ဝိရာဂါနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၌ချုပ်ငြိမ်းခြင်းသဘောဟု အဖန်ဖန်ရှုမြင်ခြင်း 'နိရောဓာနုပဿနာ'ကို ထူးခြားစွာသိအပ်၏၊ အိုမှုသေမှု၌ အဖန်ဖန်စွန့်ပယ်အပ် သည်ဟုရှုမြင်ခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ'ကို ထူးခြားစွာသိအပ်၏။

၁၀။ ဖြစ်ပေါ်ခြင်းကိုထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို ထူးစွာခြားသိအပ်၏၊ အားထုတ်ခြင်းကို ထူးခြားစွာသိအပ်၏၊ တဖန်တဝသစ်ဖြစ်ခြင်းကို ထူးခြားစွာသိအပ်၏၊ ဂတိကို ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို ထူးခြားစွာသိအပ်၏၊ မဟာဂ္ဂုတ် ဝိပါက်၏ဖြစ်ပေါ်ခြင်းကို ထူးခြားစွာ သိအပ်၏၊ ပဋိသန္ဓေနေခြင်း 'ဇာတိ'ကို ထူးခြားစွာသိအပ်၏၊ အိုခြင်းကို ထူးခြားစွာသိအပ်၏၊ နာခြင်းကို ထူးခြားစွာသိအပ်၏။သေခြင်းကို ထူးခြားစွာသိအပ်၏၊ စိုးရိမ်ခြင်းကို ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကို ထူးခြားစွာသိအပ်၏၊ ပြင်းစွာ ပင်ပန်းခြင်းကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဖြစ်ပေါ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းမဟုတ်သော နိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်း မဖြစ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏၊ မလားရောက်ရာနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏၊ မဟာဂ္ဂုတ်ဝိပါက်၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေ မနေခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ မအိုခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ မနာခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏၊ မသေခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို ထူးခြားစွာသိအပ်၏၊ ဖြစ်ပေါ်ခြင်း မဟုတ်သောနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ ဖြစ်ပွါးခြင်းကို ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းမဟုတ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ သင်္ခါရနိမိတ်ကို ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သော နိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ အားထုတ်ခြင်းကို ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းမဖြစ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ တဖန်ဘဝသစ်ဖြစ်ခြင်းကို ထူးခြားစွာသိအပ်၏၊ တဖန်ဘဝသစ်မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ ဂတိကို ထူးခြားစွာသိအပ်၏၊ ဂတိမဟုတ်သောနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ ခန္ဓာတို့၏ ဖြစ်ခြင်းကို ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ မဟာဂ္ဂုတ် ဝိပါက်၏ဖြစ်ခြင်းကို ထူးခြားစွာသိအပ်၏၊ မဟာဂ္ဂုတ်ဝိပါက်၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ ပဋိသန္ဓေနေခြင်းကို ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ အိုခြင်းကို ထူးခြားစွာသိအပ်၏၊ မအိုခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ နာခြင်းကို ထူးခြားစွာသိအပ်၏၊ မနာခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ သေခြင်းကို ထူးခြားစွာသိအပ်၏၊ မသေခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ စိုးရိမ်ခြင်းကို ထူးခြားစွာသိအပ်၏၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ထူးခြားစွာသိအပ်၏။ ငိုကြွေးခြင်းကို ထူးခြားစွာသိအပ်၏၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။ ပြင်းစွာပင်ပန်းခြင်းကို ထူးခြားစွာသိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ထူးခြားစွာ သိအပ်၏။

ဖြစ်ပေါ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ တဖန်ဘဝသစ်ဖြစ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ဂတိကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ မဟာဂ္ဂုတ် ဝိပါက်၏ဖြစ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ အိုခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ နာခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ သေခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ စိုးရိမ်ခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို ဆင်းရဲဒုက္ခဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏။ ဖြစ်ပွါးခြင်းမဟုတ်သော နိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်မဖြစ်ခြင်းဟူသောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ဂတိမဟုတ်သောနိဗ္ဗာန်ကို

http://www.dhammadownload.com



ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာ သိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ မအိုခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ မနာခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ မသေခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာ သိအပ်၏၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို ဆင်းရဲ၊ ဖြစ်ပေါ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို ဆင်းရဲ၊ ဖြစ်ပွါးခြင်းမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို ဆင်းရဲ၊ သင်္ခါရနိမိတ်မဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို ဆင်းရဲ၊ အားထုတ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်ဖြစ်ခြင်းကို ဆင်းရဲ၊ တဖန် ဘဝသစ်မဖြစ်ခြင်းဟူသောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ဂတိကို ဆင်းရဲ၊ ဂတိမဟုတ်သောနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့ဖြစ်ခြင်းကို ဆင်းရဲ၊ ခန္ဓာတို့၏မဖြစ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ ဖြစ်ခြင်းကို ဆင်းရဲ၊ မဟဂ္ဂုတ်ဝိပါက်၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို ဆင်းရဲ၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ အိုခြင်းကိုဆင်းရဲ၊ မအိုခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ နာခြင်းကိုဆင်းရဲ၊ မနာခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာ သိအပ်၏၊ သေခြင်းကိုဆင်းရဲ၊ မသေခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာ သိအပ်၏၊ စိုးရိမ်ခြင်းကိုဆင်းရဲ၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကိုဆင်းရဲ၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို ဆင်းရဲ၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ချမ်းသာဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို ဘေးဟု ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို ဘေးဟု ထူးခြားစွာ သိအပ်၏၊ တဖန်ဘဝသစ်ဖြစ်ခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ဂတိကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ အိုခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ နာခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ သေခြင်းကို ဘေးဟု ထူးခြားစွာ သိအပ်၏၊ စိုးရိမ်ခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို ဘေးဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ တဖန်ဘဝသစ်မဖြစ်ခြင်းဟူသောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏၊ ဂတိမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ မဖြစ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ မအိုခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ မနာခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ

http://www.dhammadownload.com



သိအပ်၏၊ မသေခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကိုဘေး၊ ဖြစ်ပေါ်ခြင်းမဟုတ်သော နိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏။ ဖြစ်ပွါးခြင်းကိုဘေး၊ ဖြစ်ပွါးခြင်းမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏။ သင်္ခါရနိမိတ်ကိုဘေး၊ သင်္ခါရနိမိတ်မဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ အားထုတ်ခြင်းကိုဘေး၊ အားထုတ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ တဖန် ဘဝသစ်ဖြစ်ခြင်းကိုဘေး၊ တဖန် ဘဝသစ်မဖြစ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏။ ဂတိကိုဘေး၊ ဂတိမဟုတ်သော နိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ ခန္ဓာတို့၏ဖြစ်ခြင်းကိုဘေး၊ ခန္ဓာတို့၏မဖြစ်ခြင်းဟူသော နိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ မဟဂ္ဂုတ်ဝိပါက်၏ ဖြစ်ပေါ်ခြင်းကိုဘေး၊ မဟဂ္ဂုတ်ဝိပါက်၏ မဖြစ်ပေါ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ ပဋိသန္ဓေနေခြင်းကိုဘေး၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ အိုခြင်းကိုဘေး၊ မအိုခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာ သိအပ်၏။ နာခြင်းကိုဘေး၊ မနာခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ သေခြင်းကိုဘေး၊ မသေခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ စိုးရိမ်ခြင်းကိုဘေး၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ ငိုကြွေးခြင်းကိုဘေး၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။ ပြင်းစွာပင်ပန်းခြင်းကိုဘေး၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို ဘေးကင်းရာဟု ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို သာမိသဟူ၍ ထူးခြားစွာ သိအပ်၏၊ သင်္ခါရနိမိတ်ကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်ဖြစ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ဂတိကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ ထင်ရှားဖြစ်ပေါ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ အိုခြင်းကို သာမိသဟူ၍ ထူးခြားစွာ သိအပ်၏၊ နာခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ သေခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ စိုးရိမ်ခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို သာမိသဟူ၍ ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းမဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းမဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းမဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်မဖြစ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ဂတိမဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာ သိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏မဖြစ်ခြင်း နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေမနေခြင်း နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ မအိုခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ မနာခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ မသေခြင်းနိဗ္ဗာန်ကို နိရာမိသ

http://www.dhammadownload.com



ဟူ၍ ထူးခြားစွာသိအပ်၏၊ မစိုးရိမ်ခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာ သိအပ်၏၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်း နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို သာမိသ၊ ဖြစ်ပေါ်ခြင်းမဟုတ်သောနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ဖြစ်ပွါးခြင်းကို သာမိသ၊ ဖြစ်ပွါးခြင်းမဟုတ်သောနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ သင်္ခါရနိမိတ်ကို သာမိသ၊ သင်္ခါရနိမိတ်မဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ အားထုတ်ခြင်းကို သာမိသ၊ အားထုတ်ခြင်းမဟုတ်သော နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ တဖန် ဘဝသစ်ဖြစ်ခြင်းကို သာမိသ၊ တဖန် ဘဝသစ် မဖြစ်ခြင်း နိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ဂတိကို သာမိသ၊ ဂတိမဟုတ်သောနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ခန္ဓာတို့၏ဖြစ်ခြင်းကို သာမိသ၊ ခန္ဓာတို့၏မဖြစ်ခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ မဟာဂ္ဂုတ်ဝိပါက်၏ ထင်ရှားဖြစ်ပေါ်ခြင်းကို သာမိသ၊ မဟာဂ္ဂုတ်ဝိပါက်၏ ထင်ရှားမဖြစ်ပေါ်ခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ပဋိသန္ဓေနေခြင်းကိုသာမိသ၊ ပဋိသန္ဓေမနေခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ အိုခြင်းကိုသာမိသ၊ မအိုခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ နာခြင်းကိုသာမိသ၊ မနာခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ သေခြင်းကိုသာမိသ၊ မသေခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ပူပန်ခြင်းကိုသာမိသ၊ မပူပန်ခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍၊ ထူးခြားစွာသိအပ်၏။ ငိုကြွေးခြင်းကိုသာမိသ၊ မငိုကြွေးခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။ ပြင်းစွာပင်ပန်းခြင်းကိုသာမိသ၊ ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန်ကို နိရာမိသဟူ၍ ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို သင်္ခါရဟူ၍ ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်ဖြစ်ခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ ဂတိကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ မဟာဂ္ဂုတ်ဝိပါက်၏ ဖြစ်ပေါ်ခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ အိုခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ နာခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ သေခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ စိုးရိမ်ခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို သင်္ခါရတို့ဟူ၍ ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းမဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်း မဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်မဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းမဖြစ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်မဖြစ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ဂတိမဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ မဖြစ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မဟာဂ္ဂုတ်ဝိပါက်၏ ထင်ရှားမဖြစ်ပေါ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေမနေခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မအိုခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မနာခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မသေခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မစိုးရိမ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မငို

http://www.dhammadownload.com



ကြေးခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ပြင်းစွာမပင်ပန်းခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏။

ဖြစ်ပေါ်ခြင်းကို သင်္ခါရတို့၊ ဖြစ်ပေါ်ခြင်းမဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ဖြစ်ပွါးခြင်းကို သင်္ခါရတို့၊ ဖြစ်ပွါးခြင်းမဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ သင်္ခါရနိမိတ်ကို သင်္ခါရတို့၊ သင်္ခါရနိမိတ်မဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ အားထုတ်ခြင်းကို သင်္ခါရတို့၊ အားထုတ်ခြင်းမဟုတ်သည်ကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ တဖန် ဘဝသစ်ဖြစ်ခြင်းကို သင်္ခါရတို့၊ တဖန် ဘဝသစ်မဖြစ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ဂတိကို သင်္ခါရတို့၊ ဂတိမဟုတ်ရာကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို သင်္ခါတို့၊ ခန္ဓာတို့၏မဖြစ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ မဟဂ္ဂုတ်ဝိပါက်၏ ထင်ရှားဖြစ်ပေါ်ခြင်းကို သင်္ခါရတို့၊ မဟဂ္ဂုတ်ဝိပါက်၏ ထင်ရှားမဖြစ်ပေါ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ပဋိသန္ဓေနေခြင်းကို သင်္ခါရတို့၊ ပဋိသန္ဓေမနေခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ အိုခြင်းကို သင်္ခါရတို့၊ မအိုခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ နာခြင်းကို သင်္ခါရတို့၊ မနာခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ သေခြင်းကို သင်္ခါရတို့၊ မသေခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ စိုးရိမ်ခြင်းကို သင်္ခါရတို့၊ မစိုးရိမ်ခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ငိုကြွေးခြင်းကိုသင်္ခါရတို့၊ မငိုကြွေးခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏၊ ပြင်းစွာပင်ပန်းခြင်းကို သင်္ခါရတို့၊ ပြင်းစွာမပင်ပန်းခြင်းကို နိဗ္ဗာန်ဟူ၍ ထူးခြားစွာသိအပ်၏။

ပဌမအခဏ်း ပြီး၏။

---

## ဒုတိယအခဏ်း

၁ ။ သိမ်းဆည်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။

အခြံအရံသဘောကို ထူးခြားစွာသိအပ်၏။

ထက်ဝန်းကျင်ပြည့်ခြင်း သဘောကို ထူးခြားစွာသိအပ်၏။

တည်ကြည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

ဖရိုဖရဲ မကွဲခြင်းသဘောကို ထူးခြားစွာသိအပ်၏။

မနှောက်ကျုခြင်းသဘောကို ထူးခြားစွာသိအပ်၏။

မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

တခုတည်းသောအာရုံ၌ လွန်မင်းစွာ တည်သည်၏အစွမ်းဖြင့် မင်္ဂစိတ်၏ တည်ကြည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

အာရုံပြုသောသဘောကို ထူးခြားစွာသိအပ်၏။

ကျက်စားတတ်ရာအဖြစ်ကို ထူးခြားစွာသိအပ်၏။

ပယ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ထက်ဝန်းကျင်မှ စွန့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ထမြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
နှစ်စေခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ငြိမ်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မြင့်မြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
လွတ်မြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အာသဝေါတရားတို့၏ အာရုံမဟုတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ကူးမြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အကြောင်းနိမိတ်မရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တောင့်တမှုမရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆိတ်သုဉ်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏တခုတည်းသောကိစ္စရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အချင်းချင်းမလွန်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အစုံဖွဲ့ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ထွက်မြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အကြောင်းဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အကြီးအမှူးသဘောကို ထူးခြားစွာသိအပ်၏။

၁၂။ သမထ 'သမာဓိ'၏မပျံ့လွင့်ခြင်းသဘောကိုထူးခြားစွာသိအပ်၏၊
ဝိပဿနာ 'ပညာ'၏အဖန်ဖန်ရှုခြင်းသဘောကို ထူးခြားစွာသိအပ်။
သမထဝိပဿနာတို့၏ တခုတည်းသောကိစ္စရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အစုံဖွဲ့အပ်သောသမထဝိပဿနာ၏အချင်းချင်းမလွန်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အကျင့်သိက္ခာ၏ ဆောက်တည်အပ်သောသဘောကို ထူးခြားစွာသိအပ်၏။
အာရုံ၏ကျက်စားကြောင်းဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ဆုတ်နစ်သော စိတ်၏ချီးမြှောက်ခြင်းကို ထူးခြားစွာသိအပ်၏။
ပျံ့လွင့်သောစိတ်၏ နှိပ်စက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
နှစ်ပါးစုံမှစင်ကြယ်သော စိတ်တို့၏ လျစ်လျူရှုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တရားထူးရရှိသော သဘောကို ထူးခြားစွာသိအပ်၏။
ထူးထူးခြားခြားထိုးထွင်း၍ သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ချုပ်ငြိမ်းခြင်း၌ တည်စေခြင်းသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ယုံကြည်မှုသဒ္ဓိန္ဒြေ၏ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
လုံ့လပြုမှုဝီရိယိန္ဒြေ၏ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အောက်မေ့မှုသတိန္ဒြေ၏အာရုံသို့ကပ်၍တည်ခြင်း သဘောကို ထူးခြားစွာသိအပ်၏။
တည်ကြည်မှု သမာဓိန္ဒြေ၏မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သိမှုပညိန္ဒြေ၏မြင်ခြင်းသဘောကို ထူးခြားစွာ သိအပ်၏။
သဒ္ဓါဗိုလ်၏ မယုံကြည်သောစိတ်ကြောင့် မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယဗိုလ်၏ပျင်းရိမှုကြောင့် မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သတိဗိုလ်၏မေ့ပျောက်ခြင်းကြောင့်မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမာဓိဗိုလ်၏ ပျံ့လွင့်မှုဥဒ္ဓစ္စကြောင့်မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာဗိုလ်၏ မသိမှုအဝိဇ္ဇာကြောင့် မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သတိသမ္ဗောဇ္ဈင်၏ အာရုံသို့ကပ်၍ တည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ ဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယသမ္ဗောဇ္ဈင်၏ ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပီတိသမ္ဗောဇ္ဈင်၏ ပျံ့နှံ့ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ငြိမ်းအေးခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမာဓိသမ္ဗောဇ္ဈင်၏ မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာဒိဋ္ဌိ၏ ရှုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာသင်္ကပ္ပ၏ အာရုံသို့တင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာဝါစာ၏သိမ်းဆည်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာကမ္မန္တ၏ကာယကံစောင့်စည်းမှုကိုဖြစ်စေခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာအာဇီဝ၏ စင်ကြယ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာဝါယာမ၏ ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာသတိ၏အာရုံသို့ ကပ်၍တည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မာသမာဓိ၏ မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

၁၃။ ဣန္ဒြေတို့၏ အစိုးရခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဗိုလ်တို့၏ မတုန်လှုပ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဗောဇ္ဈင်တို့၏ဆန့်ကျင်ဘက်မှ ထွက်မြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ္ဂင်၏ အကြောင်းဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သတိပဋ္ဌာန်တို့၏အာရုံတို့၌ သက်ဝင်၍ တည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမ္မပ္ပဓာန်တို့၏ အားထုတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဣန္ဒြိပါဒ်တို့၏ ပြည့်စုံပြီးစီးခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သစ္စာတို့၏မှန်ကန်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ်လေးပါးနှင့်ယှဉ်သောပုဂ္ဂိုလ်တို့၏ (ဖိုလ်ဇောၖ) တဖန်ငြိမ်းခြင်းသဘောကို ထူးခြားစွာ သိအပ်၏။
ဖိုလ်တို့၏ မျက်မှောက်ပြုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ကြံစည်ခြင်း'ဝိတက်'၏အာရုံသို့ ရှေးရှုတင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သုံးသပ်ခြင်း'ဝိစာရ'၏ သုံးသပ်ဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
နှစ်သိမ့်ခြင်း 'ပီတိ'၏ ပျံ့နှံ့ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ချမ်းသာခြင်း 'သုခ'၏ ယိုစီးခြင်း စွတ်စိုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏တည်ကြည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အာဝဇ္ဇန်းတို့၏ ဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝိညာဏ်၏ သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ အပြားအားဖြင့် သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သညာ၏ မှတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောကိစ္စရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ထူးထူးခြားခြားသိခြင်း 'အဘိညာ'၏ သိအပ်သောသဘောကို ထူးခြားစွာသိအပ်၏။
ပိုင်းခြား၍သိခြင်း 'ပရိညာ'၏ ဆင်ခြင်ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပယ်စွန့်ခြင်း 'ပဟာန်'၏ စွန့်လွှတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပွါးထုံခြင်း 'ဘာဝနာ'၏ တခုတည်းသောကိစ္စရှိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မျက်မှောက်ပြုခြင်း၏ တွေ့ထိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ခန္ဓာတို့၏ စုပေါင်းခြင်းခန္ဓာဟူသောသဘောကို ထူးခြားစွာသိအပ်၏။
ဓာတ်တို့၏ သတ္တဇီဝတို့မှ ဆိတ်ခြင်းစသည်ဖြင့် ဓာတ်ဟူသောသဘောကို ထူးခြားစွာသိအပ်၏။
အာယတနတို့၏ တည်နေဖြစ်ပွါးကြောင်း အာယတနသဘောကို ထူးခြားစွာသိအပ်၏။
ပြုပြင်စီမံအပ်သော သင်္ခတတရားတို့၏ အကြောင်းတရားတို့သည် ပေါင်းဆုံ၍ ပြုလုပ်အပ်သောသဘောကို ထူးခြားစွာသိအပ်၏။
အသင်္ခတတရား၏ အကြောင်းတရားတို့သည် ပေါင်းဆုံ၍မပြုလုပ်အပ်သောသဘောကို ထူးခြားစွာသိအပ်၏။

၁၄။ စိတ်၏အာရုံကို သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ရှေးစိတ်၏ နောက်စိတ်ကို အကြားမရှိဖြစ်စေခြင်းဖြင့် စွမ်းနိုင်ခြင်းသဘောကို ထူးခြားစွာ သိအပ်၏။

http://www.dhammadownload.com



ဂေါတြဘူစိတ် မဂ်စိတ်၏ သင်္ခါရနိမိတ်စသည်မှ ထခြင်း ထစေခြင်းသဘောကို ထူးခြားစွာ သိအပ်၏။
ဂေါတြဘူစိတ် မဂ်စိတ်၏နိဗ္ဗာန်၌ ဝင်ရောက်ကင်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ ဟိတ်အကြောင်းဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏အထောက်အပံ့သဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏မှီရာဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ဖြစ်ရာဘုံဟူသောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏အာရုံပြုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ကျက်စားရာဟူသောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏မပြတ်ဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏သွားရောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ဆောင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ်စိတ်၏(ဝဋ်မှ) ထုတ်ဆောင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏လွတ်မြောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

၁၅။ တခုတည်းသောအာရုံ၌ ဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ အထူးသိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ အပြားအားဖြင့်သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ မှတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ တည်ကြည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ဖွဲ့နှောင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ပြေးဝင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကြည်လင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ငြိမ်းချမ်းစွာတည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ လွတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ဆင်ခြင်သည်၏အစွမ်းဖြင့် "ဤတရားကား ငြိမ်သက်၏"ဟု ရှုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ယာဉ်ကဲ့သို့ပြုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ တည်ရာမှီရာကဲ့သို့ ပြုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ရှေးရှုထင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ထက်ဝန်းကျင်မှ ဆည်းပူးခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကောင်းစွာအားထုတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



တခုတည်းသောအာရုံ၌ သိမ်းဆည်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ထက်ဝန်းကျင် ခြံရံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ပြည့်စုံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ သက်ဝင်စုပေါင်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ဆောက်တည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ အဖန်ဖန်မှီဝဲခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ပွါးများခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကြိမ်ဖန်များစွာ လေ့လာခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကောင်းစွာတိုးတက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ဆန့်ကျင်ဘက်တရားတို့မှ လွတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ သိမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ လျှော်စွာသိမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ တဖန်သိမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကောင်းစွာသိမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ သိစေခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ လျှော်စွာသိစေအပ်သောသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ တဖန်သိစေအပ်သောသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကောင်းစွာသိစေအပ်သောသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ မဂ်ဖိုလ်၏အစုဌ် ဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ မဂ်ဖိုလ်၏အစုဌ် လျှော်စွာဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ မဂ်ဖိုလ်၏အစုဌ် တဖန်ဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ မဂ်ဖိုလ်၏အစုဌ် ကောင်းစွာဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ထွန်းပခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ အလွန်ထွန်းပခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ လျှော်စွာ ထွန်းပခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ တဖန် ထွန်းပခြင်းသဘောကို ထူးခြားစွာသိအပ်၏။
တခုတည်းသောအာရုံ၌ ကောင်းစွာ ထွန်းပခြင်းသဘောကို ထူးခြားစွာသိအပ်၏။

၁၆။ ပူပန်စေခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏တင့်တယ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ကိလေသာတို့ကို ရှို့မြိုက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အညစ်အကြေးမရှိသောသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



အညစ်အကြေးကင်းသောသဘောကို ထူးခြားစွာသိအပ်၏။
အညစ်အကြေးမတင်သောသဘောကို ထူးခြားစွာသိအပ်၏။
ညီမျှသောသဘောကို ထူးခြားစွာသိအပ်၏။
ကိလေသာကိုပယ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမုစ္ဆေဒ ဝိဝေက ဖြစ်သောကြောင့် ကင်းဆိတ်သော သဘောကို ထူးခြားစွာသိအပ်၏။
ဝိဝေက ဟူသောနိဗ္ဗာန်၌ ဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ရာဂကင်းသောသဘောကို ထူးခြားစွာသိအပ်၏။
ဝိရာဂဟူသော နိဗ္ဗာန်၌ဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ချုပ်ငြိမ်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဒုက္ခချုပ်ရာနိဗ္ဗာန်၌ ဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စွန့်ပယ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စွန့်ပယ်မှု၌ လေ့လာခြင်းသဘောကို ထူးခြားစွာသိအပ်၏။
လွတ်မြောက်သောသဘောကို ထူးခြားစွာသိအပ်၏။
လွတ်မြောက်ခြင်း၌ လေ့လာခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပြုလိုခြင်း ''ဆန္ဒ''ဟူသောသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏အကြောင်းရင်းဖြစ်သောသဘောကို ထူးခြားစွာ သိအပ်၏။
ဆန္ဒ၏တည်ရာဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ပြဋ္ဌာန်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ပြည့်စုံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ထင်ရှားခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆန္ဒ၏ရှုမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အားထုတ်ခြင်း 'ဝီရိယ'ဟူသောသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏အကြောင်းရင်းဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏တည်ရာဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏ပြဋ္ဌာန်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏ပြည့်စုံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဝီရိယ၏ထင်ရှားခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဝီရိယ၏ရှုမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အာရုံကိုကြံစည်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏အကြောင်းရင်းဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏တည်ရာဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ပြဋ္ဌာန်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ပြည့်စုံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ထင်ရှားခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စိတ်၏ ရှုမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
စုံစမ်းဆင်ခြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏အကြောင်းရင်းဖြစ်သော သဘောကို ထူးခြားစွာသိအပ်၏၊
ပညာ၏တည်ရာဖြစ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ပြဋ္ဌာန်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ပြည့်စုံခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ဆုံးဖြတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ချီးမြှောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ထင်ရှားခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏မပျံ့လွင့်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပညာ၏ရှုမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။

၁၇။ ဆင်းရဲခြင်းဒုက္ခသဘောကို ထူးခြားစွာသိအပ်၏။
ဒုက္ခ၏နှိပ်စက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဒုက္ခ၏ပြုပြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဒုက္ခ၏ပူလောင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဒုက္ခ၏ဖောက်ပြန်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဆင်းရဲကြောင်း သမုဒယသဘောကို ထူးခြားစွာသိအပ်၏။
သမုဒယ၏အားထုတ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမုဒယ၏ အကြောင်းဖြစ်သောသဘောကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



သမုဒယ၏ ဝဠ်နှင့်ယှဉ်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
သမုဒယ၏ ကြောင့်ကြခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ချုပ်ငြိမ်းခြင်း နိရောဓသဘောကို ထူးခြားစွာသိအပ်၏။
နိရောဓ၏ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော သဘောကို ထူးခြားစွာသိအပ်၏။
နိရောဓ၏ဒုက္ခမှ ဆိတ်သုဉ်းခြင်းသဘောကို ထူးခြားစွာသိအပ်၏။
နိရောဓ၏မပြုပြင်ခြင်း အသင်္ခတသဘောကို ထူးခြားစွာသိအပ်၏။
နိရောဓ၏ မသေပျောက်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အကြောင်းဖြစ်သော မဂ်သဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏ထွက်မြောက်ကြောင်းဖြစ်သော သဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏အကြောင်းဖြစ်သော သဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏နိဗ္ဗာန်ကို ရှုမြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မဂ်၏မြင့်မြတ်သောသဘော ကို ထူးခြားစွာသိအပ်၏။
မဖောက်မပြန် မှန်ကန်သောသဘောကို ထူးခြားစွာသိအပ်၏။
အတ္တမှ ကင်းဆိတ်သောသဘောကို ထူးခြားစွာသိအပ်၏။
မချွတ်မယွင်း မှန်ကန်သောသဘောကို ထူးခြားစွာသိအပ်၏။
ထိုးထွင်း၍သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
အလွန်သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ပိုင်းခြား၍သိခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မိမိသဘောကို ဆောင်ခြင်းစသောသဘောကို ထူးခြားစွာသိအပ်၏။
ဓာတ်တို့၏သဘောကို ထူးခြားစွာသိအပ်၏။
သိခြင်းငှါ စွမ်းနိုင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
မျက်မှောက်ပြုခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ဉာဏ်ဖြင့် တွေ့မြင်ခြင်းသဘောကို ထူးခြားစွာသိအပ်၏။
ကောင်းစွာသိခြင်းသဘောကို ထူးခြားစွာသိအပ်၏။

၁၈။ ကာမမှ လွတ်မြောက်ခြင်းကို ထူးခြားစွာသိအပ်၏။
ပျက်စီးစေလိုသော ဗျာပါဒမရှိခြင်းကို ထူးခြားစွာသိအပ်၏။
အလင်းဟူသောအမှတ် 'အာလောကသညာ' ကို ထူးခြားစွာသိအပ်၏။
မပျံ့လွင့်ခြင်းကို ထူးခြားစွာသိအပ်၏။
တရားကို သတ်မှတ်ပိုင်းခြားခြင်းကို ထူးခြားစွာသိအပ်၏။
အသိဉာဏ်ကို ထူးခြားစွာသိအပ်၏။
ဝမ်းမြောက်ခြင်းကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ပဌမဈာန်ကို ထူးခြားစွာသိအပ်၏။
ဒုတိယဈာန်ကို ထူးခြားစွာသိအပ်၏။
တတိယဈာန်ကို ထူးခြားစွာသိအပ်၏။
စတုတ္ထဈာန်ကို ထူးခြားစွာသိအပ်၏။
အာကာသာနဉ္စာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏။
ဝိညာဏဉ္စာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏။
အာကိဉ္စညာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏။
နေဝသညာနာသညာယတနသမာပတ်ကို ထူးခြားစွာသိအပ်၏။
မမြဲဟု အဖန်ဖန်ရှုခြင်း 'အနိစ္စာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ဆင်းရဲဟု အဖန်ဖန်ရှုခြင်း 'ဒုက္ခာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ဟု အဖန်ဖန်ရှုခြင်း 'အနတ္တာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'နိဗ္ဗိဒါနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
တပ်မက်မှုကင်းပျောက်ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'ဝိရာဂါနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ချုပ်ငြိမ်းခြင်းသဘောဟု အဖန်ဖန်ရှုခြင်း 'နိရောဓာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
အဖန်ဖန်စွန့်ပယ်အပ်သည်ဟု ရှုခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ကုန်ဆုံးခြင်းကို အဖန်ဖန်ရှုခြင်း 'ခယာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ပျက်စီးခြင်းကို အဖန်ဖန်ရှုခြင်း 'ဝယာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ဖောက်ပြန်တတ်သောသဘောကို အဖန်ဖန်ရှုခြင်း 'ဝိပရိဏာမာနုပဿနာ'ကို ထူးခြားစွာ သိအပ်၏။
နိစ္စနိမိတ်မရှိခြင်းကို အဖန်ဖန်ရှုသော 'အနိမိတ္တာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
သုခကို တောင့်တခြင်းမရှိသည်ကို အဖန်ဖန်ရှုခြင်း 'အပ္ပဏိဟိတာနုပဿနာ'ကို ထူးခြားစွာ သိအပ်၏။
အတ္တမှဆိတ်ခြင်းကို အဖန်ဖန်ရှုတတ်သော 'သုညတာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
လွန်ကဲသော ဉာဏ်ပညာတရားတို့၌ ရှုခြင်း 'အဓိပညာဓမ္မဝိပဿနာ'ကို ထူးခြားစွာသိအပ်၏။
ဟုတ်တိုင်းမှန်စွာသော ဉာဏ်အမြင်ကို ထူးခြားစွာသိအပ်၏။
အပြစ်ဟု အဖန်ဖန်ရှုခြင်း 'အာဒီနဝါနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
ဆင်ခြင်၍ အဖန်ဖန်ရှုခြင်း 'ပဋိသင်္ခါနုပဿနာ'ကို ထူးခြားစွာ သိအပ်၏။
ဝဋ်ကင်းရာကို အဖန်ဖန်ရှုခြင်း 'ဝိဝဋ္ဋာနုပဿနာ'ကို ထူးခြားစွာသိအပ်၏။
၁၉။ သောတာပတ္တိမဂ်ကို ထူးခြားစွာသိအပ်၏။
သောတာပတ္တိဖလသမာပတ်ကို ထူးခြားစွာသိအပ်၏။
သကဒါဂါမိမဂ်ကို ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



သကဒါဂါမိဖလသမာပတ်ကို ထူးခြားစွာသိအပ်၏။
အနာဂါမိမဂ်ကို ထူးခြားစွာသိအပ်၏။
အနာဂါမိဖလသမာပတ်ကို ထူးခြားစွာသိအပ်၏။
အရဟတ္တမဂ်ကို ထူးခြားစွာသိအပ်၏။
အရဟတ္တဖလသမာပတ်ကို ထူးခြားစွာသိအပ်၏။
သဒ္ဓိန္ဒြေကို ဆုံးဖြတ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝီရိယိန္ဒြေကို ချီးမြှောက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သတိန္ဒြေကို ထင်ရှားသောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမာဓိန္ဒြေကို မပျံ့လွင့်သောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ပညိန္ဒြေကို ရှုမြင်တတ်သောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သဒ္ဓါဗိုလ်ကို မယုံကြည်ခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝီရိယဗိုလ်ကို ပျင်းရိခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သတိဗိုလ်ကို မေ့လျော့ခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမာဓိဗိုလ်ကို ပျံ့လွင့်ခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ပညာဗိုလ်ကို တွေဝေမိုက်မဲခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သတိသမ္ဗောဇ္ဈင်ကို ထင်ရှားသောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို စိစစ်ဆင်ခြင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝီရိယသမ္ဗောဇ္ဈင်ကို ချီးမြှောက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ပီတိသမ္ဗောဇ္ဈင်ကို ပျံ့နှံ့တက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ငြိမ်းချမ်းခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမာဓိသမ္ဗောဇ္ဈင်ကို မပျံ့လွင့်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဆင်ခြင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာဒိဋ္ဌိကို မှန်ကန်စွာရှုမြင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာသင်္ကပ္ပကို အာရုံသို့ရှေးရှုတင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာဝါစာကို သိမ်းဆည်းခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာကမ္မန္တကို ဖြစ်စေခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာအာဇီဝကို ဖြူစင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာဝါယာမကို ချီးမြှောက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာသတိကို အာရုံသို့ကပ်၍တည်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မာသမာဓိကို မပျံ့လွင့်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဣန္ဒြေတို့ကို အစိုးရခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



ဗိုလ်တို့ကို မတုန်လှုပ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဗောဇ္ဈင်တို့ကို ဆန့်ကျင်ဘက်မှထွက်မြောက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
မဂ်ကို နိဗ္ဗာန်သို့ရောက်စေခြင်း၏အကြောင်းဖြစ်သော သဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သတိပဋ္ဌာန်တို့ကို အာရုံသို့ကပ်၍တည်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမ္မပ္ပဓာန်တို့ကို အားထုတ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဣဒ္ဓိပါဒ်တို့ကို ပြည့်စုံခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သစ္စာတို့ကို ဟုတ်မှန်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမထကို မပျံ့လွင့်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝိပဿနာကို အဖန်ဖန်ရှုခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမထ ဝိပဿနာ တို့ကို ကိလေသာတို့ကို ပယ်ခြင်းဖြင့် တူသော ကိစ္စရှိသော သဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
အစုံဖွဲ့ခြင်းကို အချင်းချင်းမလွန်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သီလစင်ကြယ်ခြင်း 'သီလဝိသုဒ္ဓိ'ကို စောင့်စည်းခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
စိတ်စင်ကြယ်ခြင်း 'စိတ္တဝိသုဒ္ဓိ'ကို မပျံ့လွင့်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
အယူဉာဏ်စင်ကြယ်ခြင်း 'ဒိဋ္ဌိဝိသုဒ္ဓိ'ကို ရှုမြင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
လွတ်ခြင်း'ဝိမောက္ခ'ကို ကိလေသာမှ လွတ်မြောက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝိဇ္ဇာသုံးပါးကို ထိုးထွင်း၍ သိခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
လွတ်ခြင်း'ဝိမုတ္တိ'ကို စွန့်တတ်သောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ကိလေသာကုန်ခမ်းရေးဉာဏ်ကို အကြွင်းမဲ့ပယ်ဖျက်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
မဖြစ်ပွါးသော အရဟတ္တဖိုလ်ဉာဏ်ကို တဖန် ငြိမ်းအေးခြင်းသဘောရှိ၏ဟု ထူးခြားစွာ သိအပ်၏။

၂၀။ ဆန္ဒကို အရင်းမူလဖြစ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
မနသိကာရကို ကုသိုလ်ကိုဖြစ်စေခြင်းသဘောရှိဟု ထူးခြားစွာသိအပ်၏။
ဖဿကို ပေါင်းဆုံခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဝေဒနာကို သက်ဝင်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သမာဓိကို အကြီးအမှူးဖြစ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
သတိကို အစိုးရခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
အရိယမဂ်ပညာကို ကုသိုလ်တရားတို့ထက် မြတ်ခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။
ဖိုလ်ဝိမုတ္တိကို အနှစ်သာရဟူသောသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။

http://www.dhammadownload.com



**အမြိုက်နိဗ္ဗာန်ကို ပြီးဆုံးခြင်းသဘောရှိ၏ဟု ထူးခြားစွာသိအပ်၏။**

**ထူးခြားစွာသိအပ်ကုန်သောတရားတို့သည် သိပြီးတရားများဖြစ်ကုန်၏။**

**ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် "ဤတရားဘို့ကို ထူးခြားစွာသိအပ်ကုန်၏" ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထို တရား အပေါင်းကိုသိသောပညာသည် သုတမယဉာဏ်မည်၏ဟု ဆိုအပ်၏။ (၁)**

ဒုတိယအခန်း ပြီး၏။

---

## တတိယအခန်း

၂၁။ "ဤတရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏"ဟု နာကြားအပ်သော တရားသဘော (ဖြစ်သော)ပညာသည် အဘယ်သို့လျှင် (သုတမယ)ဉာဏ် မည်သနည်း။

အာသဝေါတရားနှင့်တကွဖြစ်သော ဥပါဒါန်၏အာရုံဖြစ်သော ဖဿဟူသော တပါးသောတရား ကို ပိုင်းခြား၍သိအပ်၏။

နာမ်ရုပ်ဟူသောတရားနှစ်ပါးဘို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

ဝေဒနာသုံးပါးတရားဘို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

အာဟာရလေးပါးတရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာငါးပါးတရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

အဇ္ဈတ္တသန္တာန်၌ဖြစ်သော အာယတနခြောက်ပါးတရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

ဝိညာဉ်တည်ရာခုနစ်ပါး တရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

လောကဓံရှစ်ပါးတရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

သတ္တဝါတို့နေထိုင်ရာကိုးပါး တရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

တည်ရာ'အာယတန'ဆယ်ပါး တရားတို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

ရဟန်းတို့ တရားအားလုံးကို ပိုင်းခြား၍သိအပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် တရားအားလုံး ကို ပိုင်းခြား၍သိအပ်သနည်း။

ရဟန်းတို့မျက်စိကို ပိုင်းခြား၍သိအပ်၏၊ အဆင်း'ရူပါရုံ'တို့ကို ပိုင်းခြား၍သိအပ်ကုန်၏၊ မျက်စိ အသိစိတ်'စက္ခုဝိညာဏ်'ကို ပိုင်းခြား၍သိအပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကို ပိုင်းခြား၍ သိ အပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကိုလည်း ပိုင်းခြား၍သိအပ်၏။

နားကို ပိုင်းခြား၍သိအပ်၏၊ အသံ'သဒ္ဒါရုံ'တို့ကို ပိုင်းခြား၍သိအပ်ကုန်၏။ပ။

နှာခေါင်းကို ပိုင်းခြား၍သိအပ်၏။ အနံ့'ဂန္ဓာရုံ'တို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

လျှာကို ပိုင်းခြား၍သိအပ်၏၊ အရသာ 'ရသာရုံ'တို့ကို ပိုင်းခြား၍သိအပ်ကုန်၏။

http://www.dhammadownload.com



ကိုယ်ကိုပိုင်းခြား၍သိအပ်၏၊ အတွေ့အထိ'ဖောဋ္ဌဗ္ဗာရုံ'တို့ကိုပိုင်းခြား၍ သိအပ်ကုန်၏။ ပ ။

စိတ်ကိုပိုင်းခြား၍သိအပ်၏၊ ဓမ္မာရုံတို့ကိုပိုင်းခြား၍သိအပ်ကုန်၏။ စိတ်အသိ 'မနောဝိညာဏ်' ကိုပိုင်းခြား၍သိအပ်၏၊ စိတ်အတွေ့အထိ 'မနောသမ္ဖဿ' ကို ပိုင်းခြား၍သိအပ်၏။

စိတ်အတွေ့ အထိ 'မနောသမ္ဖဿ' ဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကိုလည်း ပိုင်းခြား၍သိအပ်၏။

ရုပ်ကိုပိုင်းခြား၍ သိအပ်၏။ ဝေဒနာကိုပိုင်းခြား၍သိအပ်၏။ သညာကိုပိုင်းခြား၍ သိအပ်၏။ သင်္ခါရတို့ကိုပိုင်းခြား၍သိအပ်ကုန်၏။ ဝိညာဏ်ကိုပိုင်းခြား၍သိအပ်ကုန်၏။

မျက်စိကိုပိုင်းခြား၍သိအပ်၏။ ဇရာမရဏကို ပိုင်းခြား၍သိအပ်၏။ ပ ။ အမြိုက်နိဗ္ဗာန်ကို အပြီးအဆုံး ဟူသော သဘောအားဖြင့် ပိုင်းခြား၍သိအပ်၏။

ရရှိခြင်းငှါ အားထုတ်သော ပုဂ္ဂိုလ်အား ရရှိသောစျာန်စသော တရားတို့သည် ရှိကုန်၏၊ ဤသို့ ထိုစျာန်စသောတရားတို့ကိုပိုင်းခြား၍လည်းသိအပ်ကုန်၏၊ ဆုံးဖြတ်လည်းဆုံးဖြတ်အပ်ကုန်၏။

၂၂။ စျာန်ကိုရရှိခြင်းငှါအားထုတ်သော ပုဂ္ဂိုလ်အား စျာန်ကိုရ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

မပျက်စီးစေလိုမှု 'အဗျာပါဒ' ကို ရရှိခြင်းငှါအားထုတ်သော ပုဂ္ဂိုလ်အားအဗျာပါဒကို ရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်းဆုံးဖြတ်အပ်၏။

အရောင်အလင်းဟူသော အာလောကသညာကို ရရှိခြင်းငှါ အားထုတ်သော ပုဂ္ဂိုလ်အား အာလောကသညာကို ရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

မပျံ့လွင့်မှု'အဝိက္ခေပ'ကိုရရှိခြင်းငှါအားထုတ်သော ပုဂ္ဂိုလ်အားမပျံ့လွင့်မှု'အဝိက္ခေပ'ကို ရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

တရားကိုပိုင်းခြားမှတ်သားခြင်း 'ဓမ္မဝဝတ္ထာန်' ကို ရရှိခြင်းငှါ အားထုတ်သောပုဂ္ဂိုလ်အား ဓမ္မဝဝတ္ထာန်ကိုရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်းဆုံးဖြတ်အပ်၏။

ဉာဏ်ကိုရရှိခြင်းငှါ အားထုတ်သော ပုဂ္ဂိုလ်အားဉာဏ်ကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍ လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ် အပ်၏။

ဝမ်းမြောက်ခြင်း 'ပါမောဇ္ဇ'ကို ရရှိခြင်းငှါ အားထုတ်သော ပုဂ္ဂိုလ်အား ဝမ်းမြောက်ခြင်း 'ပါမောဇ္ဇ'ကိုရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ် အပ်၏။

ပဌမစျာန်ကိုရခြင်းငှါအားထုတ်သောပုဂ္ဂိုလ်အားပဌမစျာန်ကိုရရှိ၏၊ဤသို့ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဒုတိယစျာန်ကို။ ပ ။တတိယစျာန်ကို။ပ။စတုတ္ထစျာန်ကိုရရှိခြင်းငှါ အားထုတ်သော ပုဂ္ဂိုလ်အား စတုတ္ထစျာန်ကိုရရှိ၏၊ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်းဆုံးဖြတ်အပ်၏။

http://www.dhammadownload.com



အာကာသာနဉ္စာယတနသမာပတ်ကို ရရှိခြင်း၌ အားထုတ်သော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနသမာပတ်ကိုရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဝိညာဏဉ္စာယတနသမာပတ်ကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသမာပတ်ကိုရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အာကိဉ္စညာယတနသမာပတ်ကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား အာကိဉ္စညာယတနသမာပတ်ကိုရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

နေဝသညာနာသညာယတနသမာပတ်ကိုရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား နေဝသညာနာသညာယတန သမာပတ်ကိုရရှိ၏၊ ဤသို့ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အနိစ္စာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား အနိစ္စာနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဒုက္ခာနုပဿနာကိုရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ဒုက္ခာနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အနတ္တာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား အနတ္တာနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

နိဗ္ဗိဒါနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား နိဗ္ဗိဒါနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဝိရာဂါနုပဿနာကိုရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ဝိရာဂါနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

နိရောဓာနုပဿနာကိုရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား နိရောဓာနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ပဋိနိဿဂ္ဂါနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ပဋိနိဿဂ္ဂါနုပဿနာကို ရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ခယာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ခယာနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဝယာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ဝယာနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဝိပရိဏာမာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား ဝိပရိဏာမာနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အနိမိတ္တာနုပဿနာကို ရရှိခြင်း၌ အားထုတ်သောပုဂ္ဂိုလ်အား အနိမိတ္တာနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

http://www.dhammadownload.com



အပ္ပဏိဟိတာနုပဿနာကို ရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား အပ္ပဏိဟိတာနုပဿနာကို ရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

သုညတာနုပဿနာကို ရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား သုညတာနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အဓိပညာဓမ္မဝိပဿနာကို ရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား အဓိပညာဓမ္မဝိပဿနာကို ရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ယထာဘူတဉာဏ်အမြင်ကိုရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား ယထာဘူတဉာဏ်အမြင်ကို ရရှိ၏၊ ဤသို့ထိုတရားကိုပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အာဒီနဝါနုပဿနာကိုရရှိခြင်း၄ါအားထုတ်သောပုဂ္ဂိုလ်အား အာဒီနဝါနုပဿနာကိုရရှိ၏၊ဤသို့ ထိုတရားကို ပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ပဋိသင်္ခါနုပဿနာကိုရရှိခြင် ၄ါ အားထုတ်သောပုဂ္ဂိုလ်အား ပဋိသင်္ခါနုပဿနာကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ဝိဝဋ္ဋနာနုပဿနာကိုရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား ဝိဝဋ္ဋနာနုပဿနာကို ရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

သောတာပတ္တိမဂ်ကိုရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား သောတာပတ္တိမဂ်ကိုရရှိ၏၊ ဤသို့ ထိုတရားကိုပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

သဒါဂါမိမဂ်ကိုရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား သကဒါဂါမိမဂ်ကိုရရှိ၏၊ ဤသို့ ထိုတရား ကို ပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အနာဂါမိမဂ်ကိုရရှိခြင်း၄ါ အားထုတ်သောပုဂ္ဂိုလ်အား အနာဂါမိမဂ်ကိုရရှိ၏၊ ဤသို့ထိုတရားကို ပိုင်းခြား၍လည်း သိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

အရဟတ္တမဂ်ကိုရရှိခြင်း၄ါအားထုတ်သော ပုဂ္ဂိုလ်အား အရဟတ္တမဂ်ကိုရရှိ၏၊ဤသို့ထိုတရားကို ပိုင်းခြား၍လည်းသိအပ်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။

ရရှိခြင်း၄ါအားထုတ်သော ပုဂ္ဂိုလ်အားရရှိသော ဈာန်စသော တရားတို့သည်ရှိကုန်၏၊ ဤသို့ ထိုဈာန်စသောတရားတို့ကို ပိုင်းခြား၍လည်းသိအပ်ကုန်၏၊ ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်ကုန်၏။ ထိုဝိပဿနာဉာဏ်သည် သိတတ်သောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် ခွဲခြား၍သိတတ် သောကြောင့် ပညာမည်၏၊ထို့ကြောင့်"ဤတရားတို့ကိုပိုင်းခြား၍သိအပ်ကုန်၏" ဟုနာကြားအပ် သော တရားသဘော၌(ဖြစ်သော)ပညာကို သုတမယဉာဏ်မည်၏ ဟု ဆိုအပ်၏။ (၂)

၂၃။ "ဤတရားတို့ကိုပယ်အပ်ကုန်၏" ဟုနာကြားအပ်သောတရားသဘော၌ (ဖြစ်သော) ပညာသည် အဘယ်သို့လျှင် သုတမယဉာဏ်မည်သနည်း။

ငါဖြစ်၏ဟူသော မာန်တည်းဟူသော တခုသောတရားကို ပယ်အပ်၏။

အမှန်ကိုမသိတွေဝေခြင်း'အဝိဇ္ဇာ'ဘဝ၌တပ်မက်ခြင်း 'ဘဝတဏှာ'တည်းဟူသော နှစ်ပါးသော တရားတို့ကို ပယ်အပ်ကုန်၏။

http://www.dhammadownload.com



ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသုံးပါးတရားတို့ကို ပယ်အပ်ကုန်၏။

သံသရာ၌နစ်မြုပ်ကြောင်း ဩဃလေးပါးတရားတို့ကို ပယ်အပ်ကုန်၏။

အပိတ်အပင် 'နီဝရဏ'ငါးပါးတို့ကို ပယ်အပ်ကုန်၏။

တဏှာကာယခြောက်ပါးတရားတို့ကို ပယ်အပ်ကုန်၏။

အမြဲကိန်းသောအနုသယခုနစ်ပါးတရားတို့ကို ပယ်အပ်ကုန်၏။

ဖောက်ပြန်သော သဘောတရားမိစ္ဆတ္တရှစ်ပါးတရားတို့ကို ပယ်အပ်ကုန်၏။

တဏှာအကြောင်းရင်းရှိသော တဏှာမူလကကိုးပါး တရားတို့ကို ပယ်အပ်ကုန်၏။

ဖောက်ပြန်သောသဘောတရား မိစ္ဆတ္တဆယ်ပါးတရားတို့ကို ပယ်အပ်ကုန်၏။

၂၄။ ပယ်ခြင်းပဟာန်သည် အကြွင်းမဲ့ဖြတ်သောပယ်ခြင်း သမုစ္ဆေဒပဟာန်, တဖန် ငြိမ်းစေသောအားဖြင့်ပယ်ခြင်း ပဋိပဿဒ္ဓိပဟာန်ဟု နှစ်ပါးရှိ၏၊ အကြွင်းမဲ့ဖြတ်သောပယ်ခြင်းကား အာသဝေါတရားတို့၏ ကုန်ခန်းရာဖြစ်သော လောကုတ္တရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ်ကို ပွါးများသူအားဖြစ်၏၊ တဖန် ငြိမ်းစေသောအားဖြင့် ပယ်ခြင်းသည်ကား ဖိုလ်ခဏ၌ ဖြစ်၏။

ပယ်ခြင်းပဟာန်တို့သည် သုံးပါးတို့တည်း၊ ပဌမစျာန်သည် ကာမတို့၏ ထွက်မြောက်ရာ ဖြစ်၏၊ အရူပစျာန်သည် ရုပ်တို့၏ ထွက်မြောက်ရာဖြစ်၏၊ အမှတ်မရှိ ဟုတ်မှန်သော အသင်္ခတတရားကိုစွဲ၍ ဖြစ်သော တရား၏ချုပ်ငြိမ်းခြင်းသည် ထွက်မြောက်ရာဖြစ်၏။

ဈာန်ကိုရသောပုဂ္ဂိုလ်အား ကာမတို့ကို ပယ်လည်းပယ်အပ်ကုန်၏၊ စွန့်လည်း စွန့်အပ်ကုန်၏၊ အရူပဈာန်ကိုရသောပုဂ္ဂိုလ်အား ရုပ်တို့ကို ပယ်လည်း ပယ်အပ်ကုန်၏၊ စွန့်လည်း စွန့်အပ်ကုန်၏၊ နိဗ္ဗာန်ကိုရသောပုဂ္ဂိုလ်အား သင်္ခါရတို့ကို ပယ်လည်း ပယ်အပ်ကုန်၏၊ စွန့်လည်း စွန့်အပ်ကုန်၏။

ပယ်ခြင်းပဟာန်တို့သည် လေးပါးတို့တည်း၊ ဒုက္ခသစ္စာကို ပိုင်းခြား၍သိသောအားဖြင့် ထိုးထွင်း၍သိခြင်းကို ထိုးထွင်း၍သိသည်ဖြစ်၍ ပယ်၏။

သမုဒယသစ္စာကို ပယ်သောအားဖြင့် ထိုးထွင်း၍သိခြင်းကို ထိုးထွင်း၍သိသည်ဖြစ်၍ ပယ်၏။

နိရောဓသစ္စာကို မျက်မှောက်ပြုသောအားဖြင့် ထိုးထွင်း၍သိခြင်းကို ထိုးထွင်း၍သိသည်ဖြစ်၍ ပယ်၏။

မဂ္ဂသစ္စာကို ပွါးသောအားဖြင့် ထိုးထွင်း၍သိခြင်းကို ထိုးထွင်း၍သိသည်ဖြစ်၍ ပယ်၏။

ပယ်ခြင်းပဟာန်တို့သည် ငါးပါးတို့တည်း၊ ခွါသောအားဖြင့် ပယ်ခြင်း ဝိက္ခမ္ဘနပဟာန်၊ ထိုခဏမျှပယ်ခြင်း တဒင်္ဂပဟာန်၊ အကြွင်းမဲ့ ဖြတ်တောက်ပယ်ခြင်း သမုစ္ဆေဒပဟာန်၊ တဖန် ငြိမ်းစေသောအားဖြင့် ပယ်ခြင်း ပဋိပဿဒ္ဓိပဟာန်၊ ထွက်မြောက်သောအားဖြင့် ပယ်ခြင်း နိဿရဏပဟာန်ဟု ငါးပါးတို့တည်း။

ပဌမဈာန်ကို ပွါးများသောပုဂ္ဂိုလ်အား နီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်၏။

ငြီးငွေ့ခြင်းအဖို့ရှိသော သမာဓိကို ပွါးများသောပုဂ္ဂိုလ်အား မိစ္ဆာဒိဋ္ဌိတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်၏။

http://www.dhammadownload.com



ကိလေသာကုန်ခန်းရာဖြစ်သော လောကုတ္တရာမဂ်ကို ပွါးများသောပုဂ္ဂိုလ်အား ကိလေသာကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်၏။

ဖိုလ်ခဏ၌(ကိလေသာတို့ကို) ပဋိပဿဒ္ဓိပဟာန်ဖြင့် ပယ်၏။

ကိလေသာချုပ်ငြိမ်းရာနိဗ္ဗာန်သည် ထွက်မြောက်သောအားဖြင့် ပယ်ခြင်း နိဿရဏပဟာန် မည်၏။

ရဟန်းတို့ တရားအားလုံးကို ပယ်ရမည်၊ ရဟန်းတို့ အဘယ်သို့လျှင် တရားအားလုံးကို ပယ်ရ မည်နည်း။

ရဟန်းတို့ မျက်စိကိုပယ်ရမည်၊ အဆင်းတို့ကို ပယ်ကြရမည်၊ မျက်စိ အသိစိတ်'စက္ခုဝိညာဏ်' ကို ပယ်ရမည်၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကို ပယ်ရမည်။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ဟူသော အကြောင်းကြောင့်ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခ ဝေဒနာ ဥပေက္ခာဝေဒနာကို ပယ်ရမည်။

နားကို ပယ်ရမည်၊ အသံတို့ကို ပယ်ကြရမည်။ပ။ နှာခေါင်းကို ပယ်ရမည်၊ အနံ့တို့ကို ပယ်ကြ ရမည်၊ လျှာကို ပယ်ရမည်၊ အရသာတို့ကို ပယ်ကြရမည်၊ ကိုယ်ကိုပယ်ရမည်၊ အတွေ့တို့ကို ပယ်ကြ ရမည်၊ စိတ်ကိုပယ်ရမည်၊ ဓမ္မာရုံတို့ကို ပယ်ကြရမည်၊ စိတ်အသိ 'မနောဝိညာဏ်'ကို ပယ်ရမည်၊ စိတ်အတွေ့ 'မနောသမ္ဖဿ'ကို ပယ်ရမည်၊ စိတ်အတွေ့ 'မနောသမ္ဖဿ'ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကိုလည်း ပယ်ရမည်။

ရုပ်ကိုရှုမြင်လျက် ပယ်၏၊ ဝေဒနာကိုရှုမြင်လျက် ပယ်၏၊ သညာကိုရှုမြင်လျက် ပယ်၏၊ သင်္ခါရ တို့ကိုရှုမြင်လျက် ပယ်၏၊ ဝိညာဏ်ကိုရှုမြင်လျက် ပယ်၏၊ မျက်စိကို။ပ။ အိုခြင်း သေခြင်းကို။ပ။ အမြိုက်နိဗ္ဗာန်ကို အပြီးအဆုံးဟူသော သဘောအားဖြင့်ရှုမြင်လျက် ပယ်၏၊ ပယ်ပြီးဖြစ်ကုန်သော တရားတို့သည် စွန့်ပြီးဖြစ်ကုန်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထိုကြောင့် "ဤတရားတို့ကို ပယ်အပ်ကုန်၏"ဟု နာ ကြားအပ်သောတရားသဘော၌(ဖြစ်သော)ပညာကို သုတမယဉာဏ်မည်၏ဟု ဆိုအပ်၏။ (၃)

တတိယအခန်း ပြီး၏။

---

၂၅။ "ဤတရားတို့ကို ပွါးများအပ်ကုန်၏"ဟု (ဟောတော်မူသော တရားအပေါင်းသည်) နာ ကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာသည် အဘယ်သို့လျှင် သုတမယ ဉာဏ် မည်သနည်း။

သာယာနှစ်ခြိုက်ဖွယ်နှင့် တကွဖြစ်သော ကာယဂတာသတိဟူသော တခုသောတရားကို ပွါး များအပ်၏။

http://www.dhammadownload.com



သမထဝိပဿနာဟူသော နှစ်ပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။

သမာဓိသုံးပါးတရားတို့ကို ပွါးများအပ်ကုန်၏။

သတိပဋ္ဌာန်လေးပါးတရားတို့ကို ပွါးများအပ်ကုန်၏။

အင်္ဂါငါးပါးရှိသော စတုတ္ထဈာန်သမာဓိဟူသော ငါးပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။

အနုဿတိ ခြောက်ပါးတရားတို့ကို ပွါးများအပ်ကုန်၏။

ဗောဇ္ဈင်ခုနစ်ပါးတရားတို့ကို ပွါးများအပ်ကုန်၏။

အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူသော ရှစ်ပါးသောတရားတို့ကို ပွါးများအပ်ကုန်၏။

ဝိပဿနာ၏ စင်ကြယ်ကြောင်း အင်္ဂါကိုးပါးတရားတို့ကို ပွါးများအပ်ကုန်၏။

ကသိုဏ်းအာရုံဆယ်ပါးတရားတို့ကို ပွါးများအပ်ကုန်၏။

၂၆။ ပွါးများခြင်းဘာဝနာတို့သည် လောကီဘာဝနာ လောကုတ္တရာဘာဝနာအားဖြင့် နှစ်ပါး ရှိကုန်၏။

ပွါးများခြင်းဘာဝနာတို့သည် ရူပါဝစရကုသိုလ်တရားတို့ကို ပွါးများခြင်း၊ အရူပါဝစရကုသိုလ် တရားတို့ကိုပွါးများခြင်း၊ လောက၌ အကျုံးမဝင်သော ကုသိုလ်တရားတို့ကို ပွါးများခြင်းဟု သုံးပါး ရှိကုန်၏။

ရူပါဝစရကုသိုလ်တရားတို့ကို ပွါးများခြင်းသည် အယုတ် အလတ် အမြတ်ဟုရှိ၏၊ အရူပါဝစရ ကုသိုလ်တရားတို့ကို ပွါးများခြင်းသည် အယုတ် အလတ် အမြတ်ဟုရှိ၏၊ လောက၌ အကျုံးမဝင် သော ကုသိုလ်တရားတို့ကို ပွါးများခြင်းသည် အမြတ်သာရှိ၏။

၂၇။ ပွါးများခြင်းဘာဝနာတို့သည် ဒုက္ခသစ္စာကိုပိုင်းခြားသိ၍ ပွါးများခြင်း၊ သမုဒယသစ္စာ ကိုပယ်၍ ပွါးများခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြု၍ ပွါးများခြင်း၊ မဂ္ဂသစ္စာကို ပွါးယုံ၍ ပွါးများခြင်းဟု လေးပါးရှိ၏၊ ဤသည်တို့ကား ပွါးများခြင်း ဘာဝနာလေးပါးတို့တည်း။

ထို့ပြင်လည်း ရှာမှီး၍ပွါးများခြင်း၊ ရရောက်၍ပွါးများခြင်း၊ ကိစ္စတူပွါးများခြင်း၊ အဖန်ဖန် မှီဝဲ၍ ပွါးများခြင်းဟု ဘာဝနာလေးပါးရှိ၏။

ထိုလေးပါးတို့တွင် ရှာမှီး၍ပွါးများခြင်းဆိုသည်ကား သမာဓိပွါးများသူအားလုံးတို့၏ သမာဓိ အတွင်းရှိ တရားတို့သည် (တည်ဘံ့ရေး)ကိစ္စတခုတည်းသာရှိ၏ဟု ပွါးများခြင်းမျိုးတည်း။

ရရောက်၍ပွါးများခြင်းဆိုသည်ကား သမာဓိပွါးများသူအားလုံးတို့၏ သမာဓိအတွင်းရှိ တရား တို့သည် တခုသည် တခုကို မလွန်ကြကုန်ဟု ပွါးများခြင်းမျိုးတည်း။

ကိစ္စတူပွါးများခြင်းဆိုသည်ကား ဆိုဖြတ်တတ်သောအနက်အားဖြင့် သဒ္ဓိန္ဒြေကို ပွါးများသူ အား (ကြွင်း) ဣန္ဒြေလေးပါးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းဖြင့် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်းမျိုးတည်း။

http://www.dhammadownload.com



ချီးမြှောက်တတ်သော အနက်အားဖြင့် ဝီရိယိန္ဒြေကို ပွါးများသူအား (ကြွင်း) ဣန္ဒြေ လေးပါးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းဖြင့် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ထင်ရှားသောအနက်အားဖြင့် သတိန္ဒြေကို ပွါးများသူအား (ကြွင်း) ဣန္ဒြေ လေးပါးတို့သည် သတိန္ဒြေ၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

မပျံ့လွင့်သောအနက်အားဖြင့် သမာဓိန္ဒြေကိုပွါးများသူအား (ကြွင်း) ဣန္ဒြေ လေးပါးတို့သည် သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ရှုမြင်တတ်သောအနက်အားဖြင့် ပညိန္ဒြေကို ပွါးများသူအား (ကြွင်း) ဣန္ဒြေလေးပါးတို့သည် ပညိန္ဒြေ၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

မယုံကြည်ခြင်း၌ မတုန်လှုပ်သောအနက်အားဖြင့် သဒ္ဓါဗိုလ်ကိုပွါးများသူအား (ကြွင်း) ဗိုလ် လေးပါတို့သည် သဒ္ဓါဗိုလ်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗိုလ်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ပျင်းရိခြင်း၌ မတုန်လှုပ်သော အနက်အားဖြင့် ဝီရိယဗိုလ်ကို ပွါးများသူအား (ကြွင်း) ဗိုလ် လေးပါးတို့သည် ဝီရိယဗိုလ်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗိုလ်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

မေ့လျော့ခြင်း၌မတုန်လှုပ်သော အနက်အားဖြင့် သတိဗိုလ်ကိုပွါးများသူအား (ကြွင်း) ဗိုလ် လေးပါးတို့သည် သတိဗိုလ်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗိုလ်တို့၏ကိစ္စတခုတည်း ရှိသော အနက်အားဖြင့် ပွါးများခြင်း။

ပျံ့လွင့်ခြင်း၌ မတုန်လှုပ်သောအနက်အားဖြင့် သမာဓိဗိုလ်ကိုပွါးများသူအား (ကြွင်း) ဗိုလ် လေးပါးတို့သည် သမာဓိဗိုလ်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗိုလ်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

အမှန်မသိ (တွေဝေ)ခြင်း၌ မတုန်လှုပ်သော အနက်အားဖြင့် ပညာဗိုလ်ကို ပွါးများသူအား (ကြွင်း) ဗိုလ်လေးပါးတို့သည် ပညာဗိုလ်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗိုလ်တို့၏ ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ထင်ရှားသောအနက်အားဖြင့် သတိသမ္ဗောဇ္ဈင်ကို ပွါးများသူအား(ကြွင်း)ဗောဇ္ဈင်ခြောက်ပါး တို့သည် သတိသမ္ဗောဇ္ဈင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

စိစစ်တတ်သော အနက်အားဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း)ဗောဇ္ဈင် ခြောက်ပါးတို့သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



ချီးမြှောက်တတ်သောအနက်အားဖြင့် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ဝီရိယသမ္ဗောဇ္ဈင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ပျံ့နှံ့တတ်သောအနက်အားဖြင့် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း) ဗောဇ္ဈင် ခြောက်ပါးတို့သည် ပီတိသမ္ဗောဇ္ဈင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ငြိမ်းအေးသောအနက်အားဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၏အစွမ်းအာ.ဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

မပျံ့လွင့်သော အနက်အားဖြင့် သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း) ဗောဇ္ဈင်ခြောက်ပါးတို့သည် သမာဓိသမ္ဗောဇ္ဈင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ဗောဇ္ဈင်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ဆင်ခြင်တတ်သောအနက်အားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများသူအား (ကြွင်း) ဗောဇ္ဈင်ခြောက်ပါ တို့သည် ဥပေက္ခာသမ္ဗောဇ္ဈင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ရှုမြင်တတ်သော အနက်အားဖြင့် သမ္မာဒိဋ္ဌိမဂ္ဂင်ကိုပွါးများသူအား (ကြွင်း) မဂ္ဂင် ခုနစ်ပါးတို့သည် သမ္မာဒိဋ္ဌိမဂ္ဂင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ရှေးရှုတင်တတ်သောအနက်အားဖြင့် သမ္မာသင်္ကပ္ပမဂ္ဂင်ကိုပွါးများသူအား (ကြွင်း) မဂ္ဂင် ခုနစ်ပါးတို့သည် သမ္မာသင်္ကပ္ပမဂ္ဂင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

သိမ်းဆည်းတတ်သော အနက်အားဖြင့် သမ္မာဝါစာမဂ္ဂင်ကို ပွါးများသူအား (ကြွင်း) မဂ္ဂင်ခုနစ်ပါးတို့သည် သမ္မာဝါစာမဂ္ဂင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ကောင်းစွာဖြစ်သောအနက်အားဖြင့် သမ္မာကမ္မန္တ မဂ္ဂင်ကို ပွါးများသူအား (ကြွင်း)မဂ္ဂင်ခုနစ်ပါးတို့သည် သမ္မာကမ္မန္တမဂ္ဂင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ဖြူစင်သောအနက်အားဖြင့် သမ္မာအာဇီဝမဂ္ဂင်ကို ပွါးများသူအား (ကြွင်း) မဂ္ဂင် ခုနစ်ပါးတို့သည် သမ္မာအာဇီဝမဂ္ဂင်၏ အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ချီးမြှောက်တတ်သော အနက်အားဖြင့် သမ္မာဝါယာမ မဂ္ဂင်ကို ပွါးများသူအား (ကြွင်း) မဂ္ဂင်ခုနစ်ပါးတို့သည် သမ္မာဝါယာမ မဂ္ဂင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



ထင်ရှားသောအနက်အားဖြင့် သမ္မာသတိ မဂ္ဂင်ကို ပွါးများသူအား (ကြွင်း) မဂ္ဂင် ခုနစ်ပါးတို့သည် သမ္မာသတိ မဂ္ဂင်၏အစွမ်းအားဖြင့် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့်ပွါးများခြင်း။

မပျံ့လွင့်သောအနက်အားဖြင့် သမ္မာသမာဓိ မဂ္ဂင်ကို ပွါးများသူအား (ကြွင်း) မဂ္ဂင် ခုနစ်ပါးတို့သည် ကိစ္စတူမျှကုန်၏ဟု မဂ္ဂင်တို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။

ဤပွါးများခြင်းများသည် ကိစ္စတူပွါးများခြင်းမျိုးတည်း။

အဖန်ဖန်မှီဝဲ၍ပွါးများခြင်းဆိုသည်ကား ဤသာသနာတော်၌ ရဟန်းသည် နံနက်အခါ၌ မှီဝဲ၏၊ နေ့ယယ်အခါ၌လည်းမှီဝဲ၏၊ ညချမ်းအခါ၌လည်းမှီဝဲ၏၊ ဆွမ်းမစားမီလည်း မှီဝဲ၏၊ ဆွမ်းစားပြီးနောက်လည်းမှီဝဲ၏၊ညဦးယာမ်၌လည်း မှီဝဲ၏၊ သန်ကောင်ယာမ်၌လည်း မှီဝဲ၏၊မိုးသောက်ယာမ်၌လည်း မှီဝဲ၏၊ ညဉ့်၌လည်း မှီဝဲ၏၊ နေ့၌လည်း မှီဝဲ၏၊ ညဉ့်နေ့တို့၌လည်း မှီဝဲ၏၊ လဆုတ်ပက္ခ၌လည်း မှီဝဲ၏၊ လဆန်းပက္ခ၌လည်း မှီဝဲ၏၊ မိုးကာလ၌လည်း မှီဝဲ၏၊ ဆောင်းကာလ၌လည်း မှီဝဲ၏၊ နွေကာလ၌လည်း မှီဝဲ၏၊ ပဌမအရွယ်၌လည်း မှီဝဲ၏၊ ဒုတိယအရွယ်၌လည်း မှီဝဲ၏၊ တတိယအရွယ်၌လည်း မှီဝဲ၏၊ ဤသည်ကား အဖန်ဖန်မှီဝဲ၍ ပွါးများခြင်းမျိုးတည်း။

ဤသည်တို့ကား ပွါးများခြင်းဘာဝနာလေးပါးတို့တည်း။

၂၈။ ထို့ပြင်လည်း ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း၊ လေးမျိုးဟူသော်ကား ထိုထိုအရာ၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း၊ ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့်ပွါးများခြင်း၊ ထိုကိစ္စတခုတည် ရှိသောအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဝီရိယကိုဆောင်တတ်သော အနက်အားဖြင့် ပွါးများခြင်း၊ မှီဝဲတတ်သော အနက်အားဖြင့် ပွါးများခြင်းတို့တည်း။

ထိုလေးပါးတို့တွင် (ထိုထိုအရာ၌) ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း 'ဘာဝနာ' သည် အဘယ်နည်း။

ကာမစ္ဆန္ဒကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဈာန်၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ပျက်စီးစေလိုသောဒေါသကို စွန့်ပယ်သောပုဂ္ဂိုလ်အား မပျက်စီးစေလိုသောမေတ္တာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုမေတ္တာ၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ' ကိုစွန့်ပယ်သောပုဂ္ဂိုလ်အား အရောင်အလင်းဟူသောအမှတ် 'အာလောကသညာ'၏ အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုအာလောကသညာ၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' ကို စွန့်ပယ်သောပုဂ္ဂိုလ်အား မပျံ့လွင့်သည်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုမပျံ့လွင့်သည်၌ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



ယုံမှားသံသယ 'ဝိစိကိစ္ဆာ'ကို စွန့်ပယ်သောပုဂ္ဂိုလ်အား တရားကိုဉာဏ်ဖြင့် ပိုင်းခြားမှတ်သားခြင်း၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုတရားတို့ကို ဉာဏ်ဖြင့်ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

မသိခြင်း 'အဝိဇ္ဇာ'ကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဉာဏ်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဉာဏ်၌ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

မမွေ့လျော်ခြင်းကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော တရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဝမ်းမြောက်ခြင်း၌ ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

အပိတ်အပင်'နီဝရဏ'တရားကိုစွန့်ပယ်သောပုဂ္ဂိုလ်အား ပဌမစျာန်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ပဌမစျာန်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့ကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဒုတိယစျာန်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဒုတိယစျာန်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

နှစ်သိမ့်ခြင်း 'ပီတိ' ကို စွန့်ပယ်သောပုဂ္ဂိုလ်အား တတိယစျာန်၏အစွမ်းအားဖြင့် ဖြစ်ကုန်သော တရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုတတိယစျာန်၌ ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ချမ်းသာဆင်းရဲ'သုခဒုက္ခ'တို့ကိုစွန့်ပယ်သောပုဂ္ဂိုလ်အား စတုတ္ထစျာန်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုစတုတ္ထစျာန်၌ဖြစ်ကုန်သော တရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ရူပါဝစရစျာန်ဟုဆိုအပ်သော ရူပသညာ၊ ဒွေပဉ္စဝိညာဏ်တဆယ်ဟု ဆိုအပ်သော ပဋိဃသညာ၊ ရူပသညာ ပဋိဃသညာ နာနတ္တသညာကို စွန့်ပယ်သောပုဂ္ဂိုလ်အား အာကာသာနဉ္စာယတန သမာပတ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုအာကာသာနဉ္စာယတန သမာပတ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

အာကာသာနဉ္စာယတနသညာကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတန သမာပတ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဝိညာဏဉ္စာယတန သမာပတ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ဝိညာဏဉ္စာယတနသညာကို စွန့်ပယ်သောပုဂ္ဂိုလ်အား အာကိဉ္စညာယတန သမာပတ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရား တို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုအာကိဉ္စညာယတန သမာပတ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



အာကိဉ္စညာယတနသညာကို ပယ်စွန့်သောပုဂ္ဂိုလ်အား နေဝသညာနာသညာယတန သမာပတ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုနေဝသညာနာသညာယတန သမာပတ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

မြဲ၏ဟူသောအမှတ် 'နိစ္စသညာ' ကို ပယ်စွန့်သောပုဂ္ဂိုလ်အား မမြဲဟု အဖန်ဖန် ရှုခြင်း 'အနိစ္စာနုပဿနာ'၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုမမြဲဟုအဖန်ဖန်ရှုခြင်း 'အနိစ္စာနုပဿနာ'၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

ချမ်းသာ၏ဟူသောအမှတ် 'သုခသညာ' ကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဆင်းရဲဟု အဖန်ဖန်ရှုခြင်း 'ဒုက္ခာနုပဿနာ'၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဆင်းရဲဟု အဖန်ဖန်ရှုခြင်း 'ဒုက္ခာနုပဿနာ'၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ငါပိုင်ငါစိုးဟူသောအမှတ် 'အတ္တသညာ' ကိုပယ်သောပုဂ္ဂိုလ်အား ငါပိုင်ငါစိုးမဟုတ်ဟု အဖန်ဖန်ရှုခြင်း'အနတ္တာနုပဿနာ'၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုငါပိုင်ငါစိုးမဟုတ်ဟု အဖန်ဖန်ရှုခြင်း 'အနတ္တာနုပဿနာ'၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

နှစ်သက်ခြင်း 'တဏှာ' ကို ပယ်စွန့်သောပုဂ္ဂိုလ်အား ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'နိဗ္ဗိဒါနုပဿနာ' ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'နိဗ္ဗိဒါနုပဿနာ'၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

တပ်မက်ခြင်း 'ရာဂ' ကို စွန့်ပယ်သောပုဂ္ဂိုလ်အား တပ်မက်ခြင်း 'ရာဂ' ကင်းခြင်း၌ အဖန်ဖန်ရှုခြင်း၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုတပ်မက်ခြင်း 'ရာဂ' ကင်းခြင်း၌ အဖန်ဖန်ရှုခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

ဖြစ်ကြောင်း 'သမုဒယ' ကို စွန့်ပယ်သောပုဂ္ဂိုလ်အား ချုပ်ငြိမ်းခြင်း 'နိရောဓ' ကို အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုချုပ်ငြိမ်းခြင်း 'နိရောဓ' ကို အဖန်ဖန်ရှုခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

စွဲယူခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား စွန့်လွှတ်ခြင်း၌ အဖန်ဖန်ရှုခြင်း၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုစွန့်လွှတ်မှုကို အဖန်ဖန်ရှုမြင်ခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

အစိုင်အခဲဟူသောအမှတ် 'ဃနသညာ'ကို ပယ်စွန့်သောပုဂ္ဂိုလ်အား ကုန်ဆုံး ခြင်းကို အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုကုန်ဆုံး

http://www.dhammadownload.com



ခြင်းကို အဖန်ဖန်ရှုခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

သဒ္ဓါရတို့၏အကျိုးငှါ အားထုတ်ခြင်းလုံ့လကို ပယ်စွန့်သောပုဂ္ဂိုလ်အား ပျက်စီးခြင်းကို အဖန်ဖန်ရှုမြင်ခြင်း၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုပျက်စီးခြင်းကို အဖန်ဖန်ရှုမြင်ခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

မြဲမြံခိုင်ခံ့၏ဟူ၍ဖြစ်သောအမှတ် 'ဓုဝသညာ'ကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဖောက်ပြန်ပျက်စီးခြင်းကို အဖန်ဖန်ရှုမြင်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုဖောက်ပြန်ပျက်စီးခြင်းကို အဖန်ဖန်ရှုမြင်ခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

အကြောင်းနိမိတ်ကို စွန့်ပယ်သောပုဂ္ဂိုလ်အား အကြောင်းနိမိတ် မဟုတ်သည်ကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သော တရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထို အကြောင်းနိမိတ် မဟုတ်သည်ကို အဖန်ဖန်ရှုခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

တောင့်တခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား မတောင့်တခြင်းကို အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုမတောင့်တခြင်းကို အဖန်ဖန်ရှုခြင်း၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

ငါ ငါ့ဟာဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား ငါ ငါ့ဟာမှ ဆိတ်သုံးခြင်း၌ အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့်ဖြစ်ကုန်သော တရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထို ငါ ငါ့ဟာဟုဆိတ်သုံးခြင်း၌ အဖန်ဖန်ရှုခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

အနှစ်ရှိ၏ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား လွန်ကဲသော ဉာဏ်ပညာကို အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုလွန်ကဲသောဉာဏ်ပညာကို အဖန်ဖန်ရှုခြင်း၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

တွေဝေသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဟုတ်မှန်သော ဉာဏ်အမြင်၏ အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုဟုတ်မှန်သော ဉာဏ်အမြင်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

တွယ်တာနှစ်သက်ဖွယ်ဟု မှားသောအားဖြင့်နှလုံးသွင်းခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား အပြစ်ကို အဖန်ဖန်ရှုခြင်း၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထိုအပြစ်ကို အဖန်ဖန်ရှုခြင်း၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

မစူးစမ်းမဆင်ခြင်ခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား စူးစမ်းဆင်ခြင်ခြင်းကို အဖန်ဖန် ရှုခြင်း၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထို စူးစမ်းဆင်ခြင်ခြင်းကို အဖန်ဖန်ရှုခြင်း၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



ဆက်စပ်ဖွဲ့နှောင်မှု၌ မှားသောအားဖြင့် နှလုံးသွင်းခြင်းကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဆက်စပ်နှောင်ဖွဲ့မှုမရှိခြင်းကို အဖန်ဖန်ရှုမြင်ခြင်းအစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်း မကျော်လွန်ကုန်ဟု ထို ဆက်စပ်နှောင်ဖွဲ့မှုမရှိခြင်းကို အဖန်ဖန်ရှုမြင်ခြင်း၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ဒိဋ္ဌိနှင့်တကွတည်သော ကိလေသာတို့ကို ပယ်စွန့်သောပုဂ္ဂိုလ်အား သောတာပတ္တိမဂ်၏ အစွမ်းအားဖြင့်ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုသောတာပတ္တိမဂ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ရုန့်ရင်းသောကိလေသာတို့ကို ပယ်စွန့်သောပုဂ္ဂိုလ်အား သကဒါဂါမိမဂ်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုသကဒါဂါမိမဂ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

အသေးအဖွဲ့နှင့်တကွဖြစ်သော ကိလေသာတို့ကိုပယ်စွန့်သောပုဂ္ဂိုလ်အား အနာဂါမိမဂ်၏အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုအနာဂါမိမဂ်၌ ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း။

ကိလေသာအားလုံးကို ပယ်စွန့်သောပုဂ္ဂိုလ်အား အရဟတ္တမဂ်၏ အစွမ်းအားဖြင့် ဖြစ်ကုန်သောတရားတို့သည် အချင်းချင်းမကျော်လွန်ကုန်ဟု ထိုအရဟတ္တမဂ်၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော အနက်အားဖြင့် ပွါးများခြင်း။

ဤသည်တို့ကား ထိုထိုအရာ၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သောအနက်အားဖြင့် ပွါးများခြင်း ဘာဝနာတို့သည်း။

ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်းဘာဝနာသည် အဘယ်နည်း။

ကာမစ္ဆန္ဒကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ပျက်စီးစေလိုသောဒေါသကို ပယ်စွန့်သောပုဂ္ဂိုလ်အား မပျက်စီးစေလိုသော မေတ္တာ၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသော အနက်အားဖြင့် ပွါးများခြင်း။ပ။

ကိလေသာအားလုံးကို ပယ်စွန့်သောပုဂ္ဂိုလ်အား အရဟတ္တမဂ်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ကိစ္စတူမျှကုန်၏ဟု ဣန္ဒြေတို့၏ကိစ္စတခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း။

ဤသည်တို့ကား ဣန္ဒြေတို့၏ကိစ္စ တခုတည်းရှိသောအနက်အားဖြင့် ပွါးများခြင်း ဘာဝနာတို့တည်း။

ဣန္ဒြေတို့၏ ကိစ္စတခုတည်းရှိသောအဖြစ်သို့ ရောက်ကြောင်းဖြစ်သောဝီရိယကို ဆောင်တတ်သောအနက်အားဖြင့် ပွါးများခြင်းဘာဝနာသည် အဘယ်နည်း။

ကာမစ္ဆန္ဒကို ပယ်စွန့်သောပုဂ္ဂိုလ်အား ဈာန်၏အစွမ် အားဖြင့် ဝီရိယကို ရွက်ဆောင်၏ဟု ထို ကိစ္စတခုတည်းရှိသောအဖြစ်သို့ ရောက်ကြောင်းဖြစ်သောဝီရိယကို ဆောင်တတ်သော အနက်အားဖြင့် ပွါးများခြင်း။

http://www.dhammadownload.com



ပျက်စီးစေလိုသောဒေါသကို ပယ်စွန့်သောပုဂ္ဂိုလ်အား မပျက်စီးစေလိုသော မေတ္တာ၏အစွမ်းအားဖြင့် ဝီရိယကိုရှက်ဆောင်၏ဟု ကိစ္စတခုတည်းရှိသောအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဝီရိယကို ဆောင်တတ်သောအနက်အားဖြင့် ပွါးများခြင်း။ပ။

ကိလေသာအားလုံးကို ပယ်စွန့်သောပုဂ္ဂိုလ်အား အရဟတ္တမဂ်၏အစွမ်းအားဖြင့် ဝီရိယကို ရှက်ဆောင်၏ဟု ထိုကိစ္စတခုတည်းရှိသောအဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဝီရိယကို ဆောင်တတ်သောအနက်အားဖြင့် ပွါးများခြင်း။

ဤသည်တို့ကား ဣန္ဒြေတို့၏ တခုတည်းသောကိစ္စရှိသော အဖြစ်သို့ ရောက်ကြောင်းဖြစ်သော ဝီရိယကို ရှက်ဆောင်တတ်သောအနက်အားဖြင့် ပွါးများခြင်းဘာဝနာတို့တည်း။

မှီဝဲတတ်သောအနက်အားဖြင့် ပွါးများခြင်းဘာဝနာသည် အဘယ်နည်း။

ကာမစ္ဆန္ဒကိုပယ်စွန့်သောပုဂ္ဂိုလ်သည် ဈာန်ကို လွန်စွာမှီဝဲ၏ဟု လွန်စွာမှီဝဲခြင်းအနက်အားဖြင့် ပွါးများခြင်း။

ပျက်စီးစေလိုသောဒေါသကို ပယ်စွန့်သောပုဂ္ဂိုလ်သည် မပျက်စီးစေလိုသောမေတ္တာကို လွန်စွာမှီဝဲ၏ဟု လွန်စွာမှီဝဲခြင်းအနက်အားဖြင့် ပွါးများခြင်း။ပ။

ကိလေသာအားလုံးကို ပယ်စွန့်သောပုဂ္ဂိုလ်သည် အရဟတ္တမဂ်ကို လွန်စွာမှီဝဲ၏ဟု လွန်စွာ မှီဝဲခြင်းအနက်အားဖြင့် ပွါးများခြင်း။

ဤသည်တို့ကား မှီဝဲခြင်းအနက်အားဖြင့် ပွါးများခြင်းဘာဝနာတို့တည်း။

ပွါးများခြင်း'ဘာဝနာ'လေးမျိုးတို့ကား ဤသည်တို့တည်း။

ရုပ်ကိုရှုလျက် ပွါးများ၏၊ ဝေဒနာကိုရှုလျက် ပွါးများ၏၊ သညာကိုရှုလျက် ပွါးများ၏၊ သင်္ခါရတို့ကိုရှုလျက် ပွါးများ၏၊ ဝိညာဉ်ကိုရှုလျက် ပွါးများ၏၊ မျက်စိကို။ပ။ အိုခြင်း သေခြင်းကို။ပ။ မသေရာသို့ သက်ဝင်သောနိဗ္ဗာန်ကို အဆုံးဖြစ်သောအနက်အားဖြင့် ရှုလျက်ပွါးများ၏။

ပွါးများအပ်သောတရားတို့သည် တခုတည်းသောကိစ္စရှိကုန်၏။ ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် "ဤတရားတို့ကို ပွါးများအပ်ကုန်၏"ဟု နာကြားအပ်သောတရားအပေါင်း၌ဖြစ်သောပညာကို သုတမယဉာဏ်မည်၏ဟု ဆိုအပ်၏။ (၄)

**စတုတ္ထအခန်း ပြီး၏။**

---

၂၉။ "ဤတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏"ဟု (ဟောတော်မူသောတရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိသောပညာသည် အဘယ်သို့လျှင် သုတမယဉာဏ်မည်သနည်း။

**မပျက်စီးနိုင်သော စိတ်၏လွတ်လပ်မှု အရဟတ္တဖိုလ်ဟူသော တခုသောတရားကို မျက်မှောက်ပြုအပ်၏။**

http://www.dhammadownload.com



ဝိဇ္ဇာဝိမုတ္တိဟူသော နှစ်ပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ဝိဇ္ဇာသုံးပါးတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

မဂ်၏အကျိုးဖြစ်သော ဖိုလ်လေးပါးတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

သီလက္ခန္ဓ စသော ငါးပါးသော တရားအစုတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

အဘိညာဏ်ခြောက်ပါးတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ရဟန္တာတို့၏ အားခုနစ်ပါး တရားတို့ကို ပွါးများအပ်ကုန်၏။

ဝိမောက္ခရှစ်ပါးတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

အစဉ်အတိုင်း ချုပ်စေအပ်သော ကိုးပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ရဟန္တာတို့၏ဥစ္စာဖြစ်သော ဆယ်ပါးသောတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ရဟန်းတို့တရားအားလုံးကို မျက်မှောက်ပြုအပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် တရားအားလုံးကို မျက်မှောက်ပြုအပ်သနည်း။

ရဟန်းတို့ မျက်စိကို မျက်မှောက်ပြုအပ်၏၊ အဆင်းတို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ မျက်စိအသိစိတ် 'စက္ခုဝိညာဏ်' ကို မျက်မှောက်ပြုအပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကို မျက်မှောက် ပြုအပ်၏၊ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ' ကြောင့်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို မျက်မှောက်ပြုအပ်၏။

နားကို မျက်မှောက်ပြုအပ်၏၊ အသံတို့ကို မျက်မှောက်ပြုအပ်ကုန်၏။ပ။

နှာခေါင်းကို မျက်မှောက်ပြုအပ်၏၊ အနံ့တို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ လျှာကို မျက်မှောက်ပြုအပ်၏၊ အရသာတို့ကို မျက်မှောက်ပြုအပ်ကုန်၏။

ကိုယ်ကို မျက်မှောက်ပြုအပ်၏၊ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံတို့ကို မျက်မှောက်ပြုအပ်ကုန်၏၊ စိတ်ကို မျက်မှောက်ပြုအပ်၏၊ ဓမ္မာရုံတို့ကို မျက်မှောက်ပြုအပ်ကုန်၏။ စိတ်အသိ 'မနောဝိညာဏ်' ကို မျက်မှောက်ပြုအပ်၏၊ စိတ်အတွေ့ 'မနောသမ္ဖဿ' ကို မျက်မှောက်ပြုအပ်၏၊ စိတ်အတွေ့ကြောင့်ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာကို မျက်မှောက်ပြုအပ်၏။

ရုပ်ကိုရှုလျက် မျက်မှောက်ပြု၏၊ ဝေဒနာကိုရှုလျက် မျက်မှောက်ပြု၏၊ သညာကိုရှုလျက် မျက်မှောက်ပြု၏၊ သင်္ခါရတို့ကိုရှုလျက် မျက်မှောက်ပြု၏၊ ဝိညာဏ်ကိုရှုလျက် မျက်မှောက်ပြု၏။

မျက်စိကို။ပ။ အိုခြင်း သေခြင်းကို။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သောနိဗ္ဗာန်ကို အဆုံး ဖြစ်သော အနက်အားဖြင့်ရှုလျက် မျက်မှောက်ပြု၏။

မျက်မှောက်ပြုအပ်ကုန်သောတရားတို့ကို တွေ့ထိအပ်ကုန်၏။ ထိုတရားအပေါင်းသည် သိတတ်သောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏၊ ထို့ကြောင့် "ဤတရားတို့ကို မျက်မှောက်ပြုအပ်ကုန်၏" ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကိုသိသောပညာကို သုတမယဉာဏ် မည်၏ဟု ဆိုအပ်၏။ (၇)

http://www.dhammadownload.com



၃၀။ "ဤတရားတို့သည် ဆုတ်ယုတ်သောအဖို့ရှိကုန်၏၊" "ဤတရားတို့သည် တည်တံ့ခြင်းအဖို့ ရှိကုန်၏၊" "ဤတရားတို့သည် ထူးခြားသောအဖို့ရှိကုန်၏၊" "ဤတရားတို့သည် ငြီးငွေ့ခြင်းအဖို့ ရှိကုန်၏"ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်)နာကြားအပ်သောတရားမည်၏၊ ထို တရားအပေါင်းကို သိတတ်သောပညာသည် အဘယ်သို့လျှင် သုတမယဉာဏ်မည်သနည်း။

ပဌမစျာန်ကိုရသောသူအား ကာမဂုဏ်နှင့်တကွဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့ဖြစ်ခဲ့ သော် ဆုတ်ယုတ်သော အဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့်လျော်သောသတိသည် တည်တံ့ခဲ့ သော် တည်တံ့ခြင်းအဖို့ရှိကုန်သောတရားဖြစ်၏၊ ကြံစည်မှုဝိတက်ကင်းသော အမှတ်သညာ နှလုံး သွင်းခြင်းတို့သည်ဖြစ်ခဲ့သော် ထူးခြားသောအဖို့ရှိသောတရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့်စပ်ယှဉ်သည့် ငြီးငွေ့ခြင်းအဖို့ရှိသော တရားဖြစ်၏။

ဒုတိယစျာန်ကိုရသောသူအား ကြံစည်ခြင်း'ဝိတက်'နှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်း ခြင်းတို့သည်ဖြစ်ခဲ့သော် ဆုတ်ယုတ်သောအဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့်လျော်သော သတိ တည်တံ့ခဲ့သော် တည်တံ့ခြင်းအဖို့ရှိသောတရားဖြစ်၏၊ လျစ်လျူရှုခြင်း ဥပေက္ခာ ချမ်းသာခြင်း သုခနှင့်တကွဖြစ်သော အမှတ်သညာနှလုံးသွင် ခြင်းတို့သည်ဖြစ်ခဲ့သော် ထူးခြားသောအဖို့ရှိသော တရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂ ကင်း ခြင်းနှင့်စပ်ယှဉ်သည့် ငြီးငွေ့ခြင်းအဖို့ရှိသောတရားဖြစ်၏။

တတိယစျာန်ကိုရသောသူအား နှစ်သက်ခြင်း'ပီတိ'ချမ်းသာခြင်း'သုခ'နှင့်တကွဖြစ်သော အမှတ် သညာ နှလုံးသွင်းခြင်းတို့သည် ဖြစ်ခဲ့သော် ဆုတ်ယုတ်သောအဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့် လျော်သောသတိ တည်တံ့ခဲ့သော် တည်တံ့ခြင်းအဖို့ရှိသော တရားဖြစ်၏၊ ဆင်းရဲချမ်းသာမှုတပါး ဖြစ်သော ဥပေက္ခာနှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်းခြင်းတို့ ဖြစ်ခဲ့သော် ထူးခြားသော အဖို့ရှိသောတရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွ ဖြစ်ကုန်သောအမှတ်သညာ နှလုံးသွင်းခြင်းတို့သည် ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့်စပ်ယှဉ်သည့် ငြီးငွေ့ခြင်းအဖို့ရှိသောတရားဖြစ်၏။

စတုတ္ထစျာန်ကိုရသောသူအား လျစ်လျူရှုခြင်း ဥပေက္ခာနှင့်တကွဖြစ်သော အမှတ်သညာနှလုံး သွင်းခြင်းတို့ဖြစ်ခဲ့သော် ဆုတ်ယုတ်သော အဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့်လျော်သော သတိ တည်တံ့ခဲ့သော် တည်တံ့ခြင်းအဖို့ရှိသော တရားဖြစ်၏၊ အာကာသာနဉ္စာယတနစျာန်နှင့် တကွ ဖြစ်သော အမှတ်သညာ နှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ထူးခြားသော အဖို့ရှိသောတရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွ ဖြစ်သောအမှတ်သညာနှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့် စပ်ယှဉ် သည့်ငြီးငွေ့ခြင်းအဖို့ ရှိသောတရားဖြစ်၏။

အာကာသာနဉ္စာယတနစျာန်ကို ရသောသူအား ရုပ်နှင့်တကွဖြစ်သော အမှတ်သညာ နှလုံး သွင်းခြင်းတို့ဖြစ်ခဲ့သော် ဆုတ်ယုတ်သော အဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့်လျော်သော သတိ တည်တံ့ခဲ့သော် တည်တံ့ခြင်းအဖို့ရှိသော တရားဖြစ်၏၊ ဝိညာဏဉ္စာယတနစျာန်နှင့်တကွ ဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့သည်ဖြစ်ခဲ့သော် ထူးခြားသော အဖို့ရှိသောတရားဖြစ်၏၊ ငြီးငွေ့ ခြင်းနှင့်တကွဖြစ်သောအမှတ်သညာ နှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့် စပ်ယှဉ်သည့် ငြီးငွေ့ခြင်းအဖို့ရှိသော တရားဖြစ်၏။

http://www.dhammadownload.com



ဝိညာဏဉ္စာယတနစျာန်ကို ရသောသူအား အာကာသာနဉ္စာယတနစျာန်နှင့်တကွ ဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်း တို့ဖြစ်ခဲ့သော် ဆုတ်ယုတ်သော အဖို့ရှိသောတရားဖြစ်၏၊ ထိုစျာန်နှင့် လျော်သောသတိတည်တံ့ခဲ့သော် တည်တံ့ခြင်းအဖို့ရှိသောတရားဖြစ်၏၊ အာကိဉ္စညာယတနစျာန်နှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ထူးခြားသောအဖို့ရှိသော တရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့် စပ်ယှဉ်သည့်ငြီးငွေ့ခြင်းအဖို့ရှိသောတရားဖြစ်၏။

အာကိဉ္စညာယတနစျာန်ကို ရသောသူအား ဝိညာဏဉ္စာယတနစျာန်နှင့်တကွ ဖြစ်သော အမှတ်သညာနှလုံးသွင်းခြင်းတို့သည် ဖြစ်ခဲ့သော် ဆုတ်ယုတ်သောအဖို့ရှိသော တရားဖြစ်၏၊ ထိုစျာန်နှင့် လျော်သော သတိတည်တံ့ခဲ့သော် တည်တံ့သောအဖို့ရှိသောတရားဖြစ်၏၊ နေဝသညာနာသညာယတနစျာန်နှင့်တကွဖြစ်သောအမှတ်သညာ နှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ထူးခြားသော အဖို့ရှိသောတရားဖြစ်၏၊ ငြီးငွေ့ခြင်းနှင့်တကွဖြစ်သော အမှတ်သညာ နှလုံးသွင်းခြင်းတို့ဖြစ်ခဲ့သော် ရာဂကင်းခြင်းနှင့်စပ်ယှဉ်သည့် ငြီးငွေ့ခြင်းအဖို့ရှိသော တရားဖြစ်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့်"ဤတရားတို့သည် ဆုတ်ယုတ်သော အဖို့ရှိကုန်၏"၊ "ဤတရားတို့သည်တည်တံ့သောအဖို့ရှိကုန်၏"၊ ဤတရားတို့သည် ထူးခြားသော အဖို့ရှိကုန်၏"၊ "ဤတရားတို့သည်ငြီးငွေ့ခြင်းအဖို့ရှိကုန်၏"ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိတတ်သောပညာကို (သုတမယ) ဉာဏ်မည်၏ ဟု ဆိုအပ်၏။ (၄-၉)

၁၀။ "သင်္ခါရအားလုံးတို့သည်မမြဲကုန်။သင်္ခါရအားလုံးတို့သည်ဆင်းရဲကုန်၏။ တရားအားလုံးတို့သည် ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ကုန်"ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်)နာကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကို သိတတ်သောပညာသည် အဘယ်သို့လျှင် သုတမယဉာဏ်မည်သနည်း။

ရုပ်သည်ကုန်ခန်းတတ်သော အနက်အားဖြင့်မမြဲ၊ ဘေးဟူသော အနက်အားဖြင့် ဆင်းရဲ၏၊ အနှစ်သာရမရှိသောအနက်အားဖြင့် ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ဟု (ဟောတော်မူအပ်သောတရားအပေါင်းသည်) နာကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိတတ်သော ပညာသည် သုတမယဉာဏ်မည်၏။

ခံစားခြင်း 'ဝေဒနာ' သည်။ မှတ်သားခြင်း အမှတ်'သညာ'သည်။ပြုပြင်ခြင်း 'သင်္ခါရ'သည်။ ဝိညာဏ်သည်။ မျက်စိသည်။ပ။အိုခြင်းသေခြင်းသည်ကုန်ခန်းတတ်သောအနက်အားဖြင့်မမြဲ၊ ဘေးဟူသောအနက်အားဖြင့်ဆင်းရဲ၏၊ အနှစ်သာရမရှိသောအနက်အားဖြင့် ကိုယ်ပိုင်ကိုယ်စိုး မဟုတ်ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်) နာကြားအပ်သော် တရားမည်၏၊ ထိုတရားအပေါင်းကိုသိတတ်သော ပညာသည် သုတမယဉာဏ်မည်၏။

ထိုတရားသဘောသည်သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့်"သင်္ခါရအားလုံးတို့သည် မမြဲကုန်၊ သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏၊ တရားအားလုံးတို့သည် ကိုယ်ပိုင်ကိုယ်စိုး မဟုတ်ကုန်ဟု

http://www.dhammadownload.com



(ဟောတော်မူအပ်သော တရားအပေါင်းသည်) နားကြားအပ်သော တရားမည်၏၊ ထိုတရားအပေါင်းကို သိတတ်သော ပညာကိုသုတမယဉာဏ်မည်၏ ဟု ဆိုအပ်၏။ (၃-၁၂)

၃၂။ "ဤတရားကား ဆင်းရဲအမှန်တရား 'ဒုက္ခအရိယသစ္စာ' တည်း။ ဤတရားကား ဆင်းရဲဖြစ်ကြောင်း အမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာ' တည်း။ ဤတရားကား ဆင်းရဲချုပ်ငြိမ်းရာ အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာ' တည်း။ ဤတရားကား ဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်ဝတ် အမှန်တရား 'ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ' တည်း" ဟု (ဟောတော်မူအပ်သော တရားအပေါင်းသည်) နားကြားအပ်သောတရားမည်၏၊ ထိုတရားအပေါင်းကို သိတတ်သော ပညာသည် အဘယ်သို့လျှင် သုတမယဉာဏ် မည်သနည်း။

၃၃။ ထိုအမှန်တရားလေးမျိုး အရိယသစ္စာတို့တွင် ဆင်းရဲအမှန်တရား 'ဒုက္ခအရိယသစ္စာ' ဟူသည် အဘယ်နည်း။

ပဋိသန္ဓေနေရခြင်းသည်လည်းဆင်းရဲတည်း။ အိုရခြင်းသည်လည်း ဆင်းရဲတည်း။ သေရခြင်းသည်လည်းဆင်းရဲတည်း။စိုးရိမ်ရခြင်း ငိုကြွေးမြည်တမ်းရခြင်း ကိုယ်ဆင်းရဲရခြင်းစိတ်ဆင်းရဲရခြင်း ပြင်းစွာပင်ပန်းရခြင်းသည်လည်း ဆင်းရဲတည်း၊ မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်းသည်လည်း ဆင်းရဲတည်း၊ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဆင်းရဲတည်း၊ အလိုရှိသည်ကိုမရခြင်းသည်လည်း ဆင်းရဲတည်း၊ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးသည်လည်း ဆင်းရဲတည်း။

ထိုဒုက္ခသစ္စာတို့တွင် ပဋိသန္ဓေနေရခြင်းဇာတိသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ရှေးဦးစွာဖြစ်ပေါ်ခြင်းပြည့်စုံစွာဖြစ်ပွါးခြင်း (အမိဝမ်းတွင်းဥခွံတွင်းသို့)အသက်ဝင်ခြင်း ကိုယ်ထင်ရှားဖြစ်ခြင်း ခန္ဓာတို့၏ထင်ရှားဖြစ်ခြင်း မျက်စိနားစသောတည်နေရာအာယတနများကိုရခြင်းတည်း။ ဤသဘောကို ဇာတိဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် အိုခြင်းဇရာသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုမင်းခြင်းဆွေးမြေ့ခြင်း ကျိုးပဲ့ခြင်း ဆံဖြူခြင်း အရေတွန့်ခြင်း ရုပ်အသက်ဆုတ်ယုတ်ခြင်း (မျက်စိစသော) ဣန္ဒြေရင့်ခြင်းတည်း။ ဤသဘောကို အိုခြင်းဇရာ ဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် သေခြင်း မရဏဟူသည် အဘယ်နည်း။

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း ရွေ့လျောသောအခြင်းအရာ ပျက်စီးခြင်း ကွယ်ပျောက်ခြင်း သက်ပြတ်သေဆုံးခြင်း ကွယ်လွန်ခြင်း သေချိန်ပြုခြင်း ခန္ဓာတို့၏ ပျက်ခြင်း ကိုယ်ကောင်ပစ်ချခြင်း ဇီဝိတိန္ဒြေပြတ်စဲခြင်းတည်း။ ဤသဘောကို သေခြင်းမရဏဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် စိုးရိမ်ခြင်းသောကဟူသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း စည်းစိမ်ဥစ္စာပျက်စီးခြင်း အနာရောဂါဖြစ်ခြင်း အကျင့်သီလပျက်စီးခြင်း အယူပျက်စီးခြင်း တစုံတခုသော ပျက်စီးခြင်းနှင့်ပြည့်စုံသူ၏ရင်း တစုံတခုသော ဆင်းရဲတရားနှင့်

http://www.dhammadownload.com



တွေ့ကြုံသူ၏ငှင်း စိုးရိမ်ခြင်း စိုးရိမ်သောအခြင်းအရာအားဖြင့်ဖြစ်ခြင်း စိုးရိမ်သောသူ၏အဖြစ် အတွင်း၌စိုးရိမ်ခြင်း အတွင်း၌အဖန်တလဲလဲစိုးရိမ်ခြင်း စိတ်ပူခြင်း နှလုံးမသာခြင်း ပူဆွေးမှု ငြောင့်စူးဝင်နေခြင်းတည်း။ ဤသဘောကို စိုးရိမ်ခြင်းသောကဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ငိုယိုမြည်တမ်းခြင်း ပရိဒေဝဟူသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း စည်းစိမ်ဥစ္စာပျက်စီးခြင်း အနာရောဂါဖြစ်ခြင်း အကျင့်သီလပျက်စီးခြင်း အယူပျက်စီးခြင်းနှင့် တွေ့ကြုံသူ၏ငှင်း တစုံတခုပျက်စီးခြင်းနှင့် ပြည့်စုံသူ၏ငှင်း တစုံတခုသော ဆင်းရဲတရားနှင့်တွေ့ကြုံသူ၏ငှင်း ပြင်းစွာငိုကြွေးခြင်း အဖန်ဖန်ငိုကြွေးခြင်း ပြင်းစွာငိုကြွေးသော အခြင်းအရာ အဖန်တလဲလဲငိုကြွေးသောအခြင်းအရာ ငိုကြွေးသူ၏အဖြစ် အဖန်ဖန်ငိုကြွေးသောသူ၏ အဖြစ် အချည်းနှီးပြောဆိုခြင်း ဖောက်ပြန်၍ပြောဆိုခြင်း အဖန်ဖန်ပြောဆိုခြင်း ပြောဆိုသော အခြင်းအရာ ပြောဆိုသောသူ၏အဖြစ်တည်း။ ဤသဘောကို ငိုယိုမြည်တမ်းခြင်း ပရိဒေဝဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ကိုယ်ဆင်းရဲခြင်းဒုက္ခဟူသည် အဘယ်နည်း။

မသာယာအပ်သော ကိုယ်၌ဖြစ်သောဆင်းရဲ ကိုယ်အတွေ့ကြောင့်ဖြစ်သော မသာယာအပ်သော ဆင်းရဲကိုခံစားခြင်း ကိုယ်အတွေ့ကြောင့်ဖြစ်သော မသက်သာသောဆင်းရဲကို ခံစားခြင်းတည်း။ ဤသဘောကို ကိုယ်ဆင်းရဲခြင်းဒုက္ခဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် နှလုံးမသာခြင်းဒေါမနဿဟူသည် အဘယ်နည်း။

မသာယာအပ်သော စိတ်၌ဖြစ်သောဆင်းရဲ စိတ်အတွေ့ကြောင့်ဖြစ်သော မသာယာအပ်သော ဆင်းရဲကိုခံစားခြင်း စိတ်အတွေ့ကြောင့်ဖြစ်သော မသက်သာသော ဆင်းရဲကို ခံစားခြင်းတည်း။ ဤသဘောကို နှလုံးမသာခြင်း ဒေါမနဿဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် ပြင်းစွာပင်ပန်းခြင်း ဥပါယာသဟူသည် အဘယ်နည်း။

ဆွေမျိုးပျက်စီးခြင်း စည်းစိမ်ပျက်စီးခြင်း အနာရောဂါဖြစ်ခြင်း အကျင့်သီလပျက်စီးခြင်း အယူပျက်စီးခြင်း တစုံတခုသော ပျက်စီးခြင်းနှင့် ပြည့်စုံသူ၏ငှင်း တစုံတခုသော ဆင်းရဲတရားနှင့် တွေ့ကြုံသူ၏ငှင်း ပင်ပန်းခြင်း ပြင်းစွာပင်ပန်းခြင်း ပင်ပန်းသောအခြင်းအရာ ပြင်းစွာပင်ပန်းသော အခြင်းအရာ ပင်ပန်းသောသူ၏အဖြစ် ပြင်းစွာပင်ပန်းသောသူ၏အဖြစ်တည်း။ ဤသဘောကို ပြင်းစွာပင်ပန်းခြင်း ဥပါယာသဟု ဆိုအပ်၏။

ထို ဒုက္ခသစ္စာတို့တွင် မချစ်မနှစ်မြို့သူ မချစ်မနှစ်မြို့သောအရာဝတ္ထုတို့နှင့် ပေါင်းသင်းရောနှော ရခြင်း ဆင်းရဲဒုက္ခဟူသည် အဘယ်နည်း။

ဤလောက၌ အလိုမရှိအပ်မနှစ်သက်အပ် မမြတ်နိုးအပ်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိသဘောတရားတို့သော်ငှင်း အကျိုးမဲ့အစီးအပွါးမဲ့ခြင်း မချမ်းသာခြင်း ဘေးမငြိမ်း ခြင်းကို လိုလားသောသူတို့သော်ငှင်း ထိုသူအား ရှိကြကုန်၏၊ ထို(အာရုံ သတ္တဝါ)တို့နှင့် တွေ့ရခြင်း ဆုံရခြင်း ပေါင်းဖော်ရခြင်း ရောနှော၍ နေရခြင်းတည်း။ ဤသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း ဆင်းရဲဒုက္ခဟု ဆိုအပ်၏။

http://www.dhammadownload.com



ထိုဒုက္ခသစ္စာတို့တွင် ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွေကွင်းကွဲကွာရခြင်း ဆင်းရဲဟူသည် အဘယ်နည်း။

ဤလောက၌ လိုလားနှစ်သက်မြတ်နိုးအပ်ကုန်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ သဘောတရားတို့သော်၎င်း အကျိုးအစီးအပွါး ချမ်းသာခြင်း ဘေးကင်းခြင်းကိုလိုလားသော အမိ အဖ ညီအစ်ကို နှမ အစ်မ မိတ်ဆွေအပေါင်းအဖော် ဆွေမျိုးသားချင်းတို့သော်၎င်း ထိုသူအားရှိကုန်၏၊ ထို (သတ္တဝါ အာရုံ) တို့နှင့် မတွေ့ရခြင်း မဆုံရခြင်း မပေါင်းဖော်ရခြင်း မရောနှောရခြင်းတည်း။ ဤသဘောကို ချစ်ခင်နှစ်လိုဖွယ်တို့နှင့် ကွေကွင်းကွဲကွာရခြင်းဆင်းရဲဟု ဆိုအပ်၏။

ထို ဒုက္ခသစ္စာတို့တွင် အကြင်လိုလားတောင့်တသော အရာကိုမရခြင်း ဆင်းရဲဒုက္ခဟူသည် အဘယ်နည်း။

ပဋိသန္ဓေနေခြင်းသဘောရှိကုန်သော သတ္တဝါတို့အား ''ငါတို့သည် ပဋိသန္ဓေနေခြင်း သဘော မဖြစ်ကုန်မူ ကောင်းလေစွ၊ ပဋိသန္ဓေနေခြင်းသည် ငါတို့ထံသို့မရောက်လာမူကောင်းလေစွ'' ဟု ဤသို့သောတောင့်တမှုသည် ဖြစ်၏၊ ထိုသို့တောင့်တသော်လည်း ဤ (ဇာတိမလာခြင်း) ကို တောင့်တခြင်းဖြင့် မရအပ်။ ဤသည်ကိုလည်း လိုလားတောင့်တသောအရာကို မရခြင်းဆင်းရဲဒုက္ခဟု ဆိုအပ်၏။

အိုခြင်းသဘောရှိကုန်သော သတ္တဝါတို့အား။ပ။ နာခြင်းသဘောရှိကုန်သော သတ္တဝါတို့အား။ပ။ သေခြင်းသဘောရှိကုန်သော သတ္တဝါတို့အား စိုးရိမ်ခြင်း ငိုယိုမြည်တမ်းခြင်း ကိုယ်ဆင်းရဲခြင်းစိတ်နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်း သဘောရှိကုန်သော သတ္တဝါတို့အား ''ငါတို့သည် စိုးရိမ်ခြင်း ငိုယိုမြည်တမ်းခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံးမသာယာခြင်း ပြင်းစွာပင်ပန်းခြင်း သဘောတို့မဖြစ်ကုန်မူ ကောင်းလေစွ၊ စိုးရိမ်ခြင်း ငိုယိုမြည်တမ်းခြင်း ကိုယ်ဆင်းရဲခြင်း စိတ်နှလုံး မသာယာခြင်း ပြင်းစွာပင်ပန်းခြင်း တရားတို့သည် ငါတို့ထံသို့ မရောက်လာကုန်မူ ကောင်းလေစွ'' ဟု ဤသို့သော တောင့်တခြင်းသည်ဖြစ်၏၊သို့သော်လည်း ဤ (သောကစသည်မလာခြင်း) ကိုတောင့်တခြင်းဖြင့် မရအပ်။ ဤသည်ကိုလည်း အကြင်လိုလားတောင့်တသောအရာကို မရခြင်းဆင်းရဲဒုက္ခဟု ဆိုအပ်၏။

ထိုဒုက္ခသစ္စာတို့တွင် အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲဒုက္ခတို့တည်း။

ဤဥပါဒါန်တို့၏အာရုံဖြစ်သော ငါးပါးသောခန္ဓာတို့ဟူသည် အဘယ်တို့နည်း။

ဥပါဒါန်တို့၏အာရုံဖြစ်သော ရုပ်ဥပါဒါနက္ခန္ဓာ ဝေဒနာဥပါဒါနက္ခန္ဓာ သညာဥပါဒါနက္ခန္ဓာ သင်္ခါရဥပါဒါနက္ခန္ဓာ ဝိညာဏ်ဥပါဒါနက္ခန္ဓာ၊ ဤငါးပါးတို့ကို အကျဉ်းချုပ်အားဖြင့် ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးဆင်းရဲဒုက္ခတို့ဟူ၍ ဆိုအပ်၏။

ဤသည်ကို ဆင်းရဲအမှန် ဒုက္ခအရိယသစ္စာဟု ဆိုအပ်၏။

၃၄။ ထိုအမှန်တရား သစ္စာလေးပါးတို့တွင် ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာ' သည် အဘယ်နည်း။

တဖန်ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တတ်သော ရာဂနှင့်တကွဖြစ်သော ထိုထိုဘဝ အာရုံ၌ နှစ်သက်တပ်မက်တတ်သော တဏှာတည်း။

http://www.dhammadownload.com



ဤတဏှာဟူသည် အဘယ်နည်း။

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာတည်း။

ထိုတဏှာ ဖြစ်ပေါ်လတ်သော် အဘယ်၌ဖြစ်ပေါ်သနည်း။ တည်လတ်သော် အဘယ်၌ တည်သနည်း။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ် သဘောသည်ရှိ၏၊ ထိုတပ်မက်သောတဏှာသည် ဖြစ်ပေါ်လတ်သော် ဤချစ်ခင်ဖွယ် သာယာဖွယ်အာရုံ၌ ဖြစ်ပေါ်၏၊ တည်လတ်သော် ဤချစ်ခင်ဖွယ် သာယာဖွယ် အာရုံ၌တည်၏။

လောက၌ ချစ်နှစ်သက်ဖွယ်သဘော သာယာဖွယ်သဘောဟူသည် အဘယ်နည်း။

လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်ပေါ်သည် ရှိသော် ဤမျက်စိ၌ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ၌တည်၏။

လောက၌ နားသည်။ လောက၌ နှာခေါင်းသည်။ လောက၌ လျှာသည်။ လောက၌ ကိုယ်သည်။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏၊ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤစိတ်၌ဖြစ်၏၊ တည်သည်ရှိသော် ဤစိတ်၌တည်၏။

လောက၌ အဆင်း 'ရူပါရုံ'တို့သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတို့တည်း၊ ထိုတဏှာသည် ဖြစ်ပေါ်လတ်သော် ဤရုပ်၌ဖြစ်ပေါ်၏၊ သက်ဝင်လတ်သော် ဤရုပ်၌သက်ဝင်၏။

လောက၌ အသံ 'သဒ္ဒါရုံ'သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတို့တည်း။ပ။ လောက၌ ဓမ္မာရုံတို့သည်။ လောက၌ မျက်စိအသိ 'စက္ခုဝိညာဏ်'သည်။ပ။ လောက၌ စိတ်အသိ 'မနောဝိညာဏ်'သည်။ပ။ လောက၌ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'သည်။ပ။ လောက၌ စိတ်အတွေ့ 'မနောသမ္ဖဿ'သည်။

လောက၌ မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'သည်။ပ။လောက၌ စိတ်အတွေ့ 'မနောသမ္ဖဿ'ကြောင့်ဖြစ်သော ခံစားမှု'ဝေဒနာ'သည်။ပ။ လောက၌ ရူပါရုံအမှတ် 'ရူပသညာ'သည်။ပ။ လောက၌ ဓမ္မာရုံအမှတ် 'ဓမ္မသညာ'သည်။ လောက၌ ရူပါရုံ၌ စေ့ဆော်မှု 'ရူပသဉ္စေတနာ'သည်။ပ။ လောက၌ ဓမ္မာရုံ၌ စေ့ဆော်မှု 'ဓမ္မသဉ္စေတနာ'သည်။ လောက၌ ရူပါရုံ၌ တပ်မက်ခြင်း 'ရူပတဏှာ'သည်။ပ။ လောက၌ ဓမ္မာရုံ၌တပ်မက်ခြင်း 'ဓမ္မတဏှာ'သည်။ လောက၌ ရူပါရုံ၌ကြံစည်ခြင်း 'ရူပဝိတက်'သည်။ပ။ လောက၌ ဓမ္မာရုံ၌ကြံစည်ခြင်း 'ဓမ္မဝိတက်'သည်။ လောက၌ ရူပါရုံ၌သုံးသပ်ခြင်းသည်။ပ။ လောက၌ ဓမ္မာရုံ၌ သုံးသပ်ခြင်းသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတည်း၊ ထိုတဏှာသည် ဖြစ်ပေါ်လတ်သော် ဤရုပ်၌ဖြစ်ပေါ်၏၊ သက်ဝင်လတ်သော် ဤရုပ်၌သက်ဝင်၏။

ဤသည်ကို ဆင်းရဲဖြစ်ကြောင်း အမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာ'ဟု ဆိုအပ်၏။

၃၅။ ထိုအမှန်တရား သစ္စာလေးပါးတို့တွင် ဆင်းရဲချုပ်ရာ အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာ'သည် အဘယ်နည်း။

http://www.dhammadownload.com



ထိုဘဏ္ဍာ၏သာလျှင် အကြွင်းမဲ့ကင်းချုပ်ရာ၊ တဏှာကိုစွန့်ရာ၊ တဏှာကိုဝေးစွာစွန့်ရာ၊ တဏှာမှ ထွက်မြောက်ရာ၊ တဏှာဖြင့်မကပ်ငြိရာ နိဗ္ဗာန်တည်း။

ထိုတဏှာကိုပယ်အပ်သော် အဘယ်၌ပယ်အပ်သနည်း၊ ချုပ်ငြိမ်းသော် အဘယ်၌ချုပ်ငြိမ်း သနည်း။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည်ရှိ၏၊ ထိုတဏှာကိုပယ်သော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ပယ်အပ်၏၊ ချုပ်ငြိမ်းသော် ဤချစ်ခင်ဖွယ် သာယာဖွယ်သဘော၌ ချုပ်ငြိမ်း၏၊

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောဟူသည် အဘယ်နည်း။

လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတည်း၊ ထိုတဏှာကိုပယ်အပ်သော် ဤမျက်စိ၌ပယ်အပ်၏၊ ချုပ်ငြိမ်းသော် ဤမျက်စိ၌ ချုပ်ငြိမ်း၏။ပ။ လောက၌ ဓမ္မာရုံကိုသုံးသပ် ခြင်းသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောတည်း၊ ထိုတဏှာကိုပယ်အပ်သော် ဤရုပ်၌ပယ်အပ်၏၊ ချုပ်ငြိမ်းသော် ဤရုပ်၌ ချုပ်ငြိမ်း၏။

ဤသည်ကို ဆင်းရဲချုပ်ရာ အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာ'ဟု ဆိုအပ်၏။

၃၆။ ထိုအမှန်တရား သစ္စာလေးပါးတို့တွင် ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ် အမှန်တရား 'ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ'သည် အဘယ်နည်း။

မြတ်သော အင်္ဂါရှစ်ပါးရှိသောမဂ်ပင်တည်း၊ ဤမဂ်သည် အဘယ်နည်း။

မှန်ကန်သော ရှုမြင်ခြင်း၊ မှန်ကန်သောကြံစည်ခြင်း၊ မှန်ကန်သော ပြောဆိုခြင်း၊ မှန်ကန်သော ပြုလုပ်ခြင်း၊ မှန်ကန်သော အသက်မွေးခြင်း၊ မှန်ကန်သော အားထုတ်ခြင်း၊ မှန်ကန်သော အောက်မေ့ခြင်း၊ မှန်ကန်သော တည်တံ့ခြင်းတည်း။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောရှုမြင်ခြင်း 'သမ္မာဒိဋ္ဌိ'သည် အဘယ်နည်း။

ဆင်းရဲခြင်း၌သိသောဉာဏ် ဆင်းရဲဖြစ်ကြောင်း၌သိသောဉာဏ် ဆင်းရဲချုပ်ရာ နိဗ္ဗာန်၌သိသော ဉာဏ် ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်၌ သိသောဉာဏ်တည်း၊ ဤဉာဏ်ကို မှန်ကန်သော ရှုမြင်ခြင်း 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ'ဟူသည် အဘယ်နည်း။

ကာမမှ လွတ်မြောက်ရေးကို ကြံစည်ခြင်း ပြစ်မှားမှုကင်းလွတ်ရေးကိုကြံစည်ခြင်း ညှဉ်းဆဲမှု ကင်းလွတ်ရေးကို ကြံစည်ခြင်းတည်း၊ ဤကြံစည်ခြင်းကို မှန်ကန်စွာ ကြံစည်ခြင်း 'သမ္မာသင်္ကပ္ပ' ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော ပြောဆိုခြင်း 'သမ္မာဝါစာ'သည် အဘယ်နည်း။

မဟုတ်မမှန်ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရုန့်ရင်း ကြမ်းတမ်းသောစကား ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း ပြိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းတည်း၊ဤရှောင်ကြဉ်ခြင်းကို မှန်ကန်သော ပြောဆိုခြင်း 'သမ္မာဝါစာ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



ထိုရှစ်ပါးတို့တွင် မှန်ကန်သော ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'သည် အဘယ်နည်း။

သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း၊ ဤရှောင်ကြဉ်ခြင်းကို မှန်ကန်သောပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'သည် အဘယ်နည်း။

ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားသော အသက်မွေးခြင်းကိုပယ်၍ မှန်သောအသက်မွေးခြင်းဖြင့် အသက်မွေး၏၊ ဤအသက်မွေးခြင်းကို မှန်ကန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ'သည် အဘယ်နည်း။

ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အလိုကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လစိုက်၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။

ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန်။ပ။

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။

ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများစေရန် ပြည့်စုံစေရန် အလိုကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဤအားထုတ်ခြင်းကို မှန်ကန်သောအားထုတ်ခြင်း 'သမ္မာဝါယာမ' ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်သောအောက်မေ့ခြင်း 'သမ္မာသတိ'သည် အဘယ်နည်း။

ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ခံစားမှုဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားအတိုင်း အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ဤနေခြင်းကို မှန်ကန်စွာ အောက်မေ့ခြင်း 'သမ္မာသတိ'ဟု ဆိုအပ်၏။

ထိုရှစ်ပါးတို့တွင် မှန်ကန်စွာတည်တံ့ခြင်း 'သမ္မာသမာဓိ'သည် အဘယ်နည်း။

ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' ရှိသော နီဝရဏကင်းခြင်းကြောင့် ဖြစ်သည့် နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပဌမဈာန်သို့ရောက်၍ နေ၏။

ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သည့် သမာဓိကို ပွါးစေတတ်သော ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိကြောင့်ဖြစ်သည့် ပီတိသုခ ရှိသော ဒုတိယဈာန်သို့ရောက်၍ နေ၏။

http://www.dhammadownload.com



နှစ်သိမ့်ခြင်း 'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏၊ ချမ်းသာခြင်း 'သုခ'ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင် (တတိယဈာန်) ကြောင့် ထိုသူကို "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ"ဟု အရိယာ (ပုဂ္ဂိုလ်)တို့သည် ပြောကြားကုန်၏၊ ထိုတတိယဈာန်သို့ရောက်၍ နေ၏။

ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့်ဖြစ်သည့် သတိ၏စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ရောက်၍နေ၏၊ ဤသမာဓိကို မှန်ကန်သောတည်တံ့ခြင်း 'သမ္မာသမာဓိ'ဟုဆိုအပ်၏။

ဤသည်ကို အမှန်ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်ကျင့်ဝတ် 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ'ဟု ဆိုအပ်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် "ဤသည်ကား ဆင်းရဲအမှန်တရား 'ဒုက္ခအရိယသစ္စာ'တည်း"၊ "ဤသည်ကား ဆင်းရဲရကြောင်း အမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာ'တည်း"၊ "ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာ' တည်း၊ "ဤသည်ကား ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်ကျင့်ဝတ် အမှန်တရား 'ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ'တည်း"ဟု ကြားနာအပ်သော တရားသဘော၌ဖြစ်သော ပညာကို သုတမယဉာဏ်မည်၏ဟု ဆိုအပ်၏။ ။(၄-၁၆)

ရှေးဦးစွာသော သုတမယဉာဏ် အကျယ်ပြခြင်း ပြီး၏။

## ၂-သီလမယဉာဏ် အကျယ်ပြခြင်း

၃၇။ နာကြားရ၍ စောင့်စည်းမှု၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် သီလမယဉာဏ် မည်သနည်း။

သီလတို့သည် အပိုင်းအခြားရှိ၍ စင်ကြယ်သော 'ပရိယန္တပါရိသုဒ္ဓိ'သီလ၊ အပိုင်းအခြား မရှိမူ၍ စင်ကြယ်သော 'အပရိယန္တပါရိသုဒ္ဓိ'သီလ၊ ပြည့်စုံ၍ စင်ကြယ်သော 'ပရိပုဏ္ဏပါရိသုဒ္ဓိ'သီလ၊ အမှားမသုံးသပ်မူ၍ စင်ကြယ်သော 'အပရာမဋ္ဌပါရိသုဒ္ဓိ'သီလ၊ တဖန် ငြိမ်းအေး၍ စင်ကြယ်သော 'ပဋိပဿဒ္ဓိပါရိသုဒ္ဓိ'သီလဟု ငါးပါးရှိကုန်၏။

ထိုငါးပါးတို့တွင် အပိုင်းအခြားရှိ၍ စင်ကြယ်သော'ပရိယန္တပါရိသုဒ္ဓိ'သီလသည် အဘယ်နည်း။

သတ်မှတ်ပိုင်းခြား၍ စောင့်ထိန်းအပ်သော သိက္ခာပုဒ် ရှိကုန်သော လူသာမဏေတို့၏ သီလတည်း၊ ဤသီလသည် အပိုင်းအခြားရှိ၍ စင်ကြယ်သော 'ပရိယန္တပါရိသုဒ္ဓိ'သီလတည်း။

သတ်မှတ်ပိုင်းခြားခြင်းမရှိမူ၍ စင်ကြယ်သော 'အပရိယန္တပါရိသုဒ္ဓိ'သီလသည် အဘယ်နည်း။

မသတ်မှတ် မပိုင်းခြားမူ၍ စောင့်ထိန်းအပ်သော သိက္ခာပုဒ်ရှိကုန်သော ရဟန်းတို့၏သီလတည်း။

http://www.dhammadownload.com



ဤသီလသည် သတ်မှတ်ပိုင်းခြားခြင်းမရှိမူ၍ စင်ကြယ်သော 'အပရိယန္တပါရိသုဒ္ဓိ'သီလတည်း။

ပြည့်စုံ၍ စင်ကြယ်သောသီလသည် အဘယ်နည်း။

ကုသိုလ်တရား၌ အားထုတ်သော သေက္ခတို့ ပိုင်းခြားသော ကျင့်ဝတ်၌ ပြည့်ကျင့်၍ ကိုယ်အသက်၌ မငဲ့ကွက် အသက်စွန့်၍ (ကျင့်)ကုန်သော ကလျာဏပုထုဇဉ်တို့၏ သီလတည်း။

ဤသီလသည် ပြည့်စုံ၍ စင်ကြယ်သော 'ပရိပုဏ္ဏပါရိသုဒ္ဓိ'သီလတည်း။

အမှားမသုံးသပ်မူ၍ စင်ကြယ်သော 'အပရာမဋ္ဌပါရိသုဒ္ဓိ' သီလသည် အဘယ်နည်း။

(ကျင့်ဆဲ) သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ သီလတည်း၊ ဤသီလသည် အမှားမသုံးသပ်မူ၍ စင်ကြယ်သော 'အပရာမဋ္ဌပါရိသုဒ္ဓိ'သီလတည်း။

တဖန် ငြိမ်းအေး၍ စင်ကြယ်သော 'ပဋိပဿဒ္ဓိပါရိသုဒ္ဓိ'သီလကား အဘယ်နည်း။

မြတ်စွာဘုရား၏ တပည့်ဖြစ်သော ရဟန္တာ ပစ္စေကဗုဒ္ဓါ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရားသျှင်တို့၏ သီလတည်း။

ဤသီလသည် တဖန် ငြိမ်းအေး၍ စင်ကြယ်သော 'ပဋိပဿဒ္ဓိပါရိသုဒ္ဓိ'သီလတည်း။

၃၈။ သီလသည် အပိုင်းအခြားရှိသော 'ပရိယန္တ'သီလ၊ အပိုင်းအခြားမရှိသော 'အပရိယန္တ' သီလဟု နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် အပိုင်းအခြားရှိသော 'ပရိယန္တ'သီလသည် အဘယ်နည်း။

အပိုင်းအခြားရှိသော 'ပရိယန္တ'သီလသည် လာဘ်ဖြင့် ပိုင်းခြားသော 'လာဘပရိယန္တ'သီလ။

အခြံအရံဖြင့်ပိုင်းခြားသော 'ယသပရိယန္တ'သီလ။

ဆွေမျိုးဖြင့်ပိုင်းခြားသော 'ဉာတိပရိယန္တ'သီလ။

ကိုယ်အင်္ဂါဖြင့်ပိုင်းခြားသော 'အင်္ဂပရိယန္တ'သီလ။

အသက်ဖြင့်ပိုင်းခြားသော'ဇီဝိတပရိယန္တ'သီလဟု ငါးပါးရှိ၏။

(ထိုငါးပါးတို့တွင်) လာဘ်ဖြင့်ပိုင်းခြားသော 'လာဘပရိယန္တ'သီလသည် အဘယ်နည်း။

ဤလောက၌အချို့သောသူသည် လာဘ်ဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည်လာဘ်ဖြင့် ပိုင်းခြားသော 'လာဘပရိယန္တ' သီလမည်၏။

အခြံအရံဖြင့်ပိုင်းခြားသော 'ယသပရိယန္တ'သီလသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် အခြံအရံဟူသော အကြောင်းကြောင့် ဆောက်တည်ထားသောသိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည် အခြံအရံဖြင့်ပိုင်းခြားသော 'ယသပရိယန္တ' သီလမည်၏။

ဆွေမျိုးဖြင့်ပိုင်းခြားသော'ဉာတိပရိယန္တ' သီလသည် အဘယ်နည်း။

ဤလောက၌အချို့သောသူသည် ဆွေမျိုးဟူသော အကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည် ဆွေမျိုးဖြင့် ပိုင်းခြားသော 'ဉာတိပရိယန္တ' သီလမည်၏။

http://www.dhammadownload.com



ကိုယ်အင်္ဂါဖြင့်ပိုင်းခြားသော 'အင်္ဂပရိယန္တ'သီလသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် ကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည် ကိုယ်အင်္ဂါဖြင့်ပိုင်းခြားသော 'အင်္ဂပရိယန္တ' သီလမည်၏။

အသက်ဖြင့်ပိုင်းခြားသော ဇီဝိတပရိယန္တ'သီလသည် အဘယ်နည်း။

ဤလောက၌အချို့သောသူသည်အသက်ဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကိုလွန်ကျူး၏၊ ဤသီလသည် အသက်ဖြင့် ပိုင်းခြားသော 'ဇီဝိတပရိယန္တ'သီလမည်၏။

ဤသို့သဘောရှိသော သီလတို့သည် ကျိုးပေါက်ပြောက်ကျားကုန်၏၊ (တဏှာကျွန်အဖြစ်မှ) မတော်လှန်ကုန်၊ ပညာရှိတို့မချီးကျူးအပ်ကုန်၊ မှားသောအားဖြင့်သုံးသပ်အပ်ကုန်၏၊ သမာဓိ အလို့ငှါ မဖြစ်ကုန်၊ နှလုံးသာယာခြင်း၏အကြောင်းမဖြစ်ကုန်၊ ဝမ်းမြောက်ခြင်း၏ အကြောင်း မဖြစ်ကုန်၊ နှစ်သက်ခြင်း၏အကြောင်းမဖြစ်ကုန်၊ ကိုယ်ငြိမ်းခြင်း 'ကာယပဿဒ္ဓိ' စိတ်ငြိမ်းခြင်း 'စိတ္တပဿဒ္ဓိ'၏ အကြောင်းမဖြစ်ကုန်၊ကိုယ်ချမ်းသာ 'ကာယိကသုခ' စိတ်ချမ်းသာ 'စေတသိကသုခ' ၏ အကြောင်းမဖြစ်ကုန်၊ သမာဓိ၏အကြောင်းမဖြစ်ကုန်၊ ဟုတ်တိုင်းမှန်စွာသိသော ဝိပဿနာ ဉာဏ် မဂ်ဉာဏ်၏ အကြောင်းမဖြစ်ကုန်၊ စင်စစ်ငြီးငွေ့ခြင်းငှါမဖြစ်ကုန်၊ တပ်မက်ခြင်းကင်းခြင်းငှါ မဖြစ်ကုန်၊ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးခြားစွာသိခြင်းငှါ သစ္စာဉာဏ်ပွင့်လင်းခြင်းငှါ နိဗ္ဗာန်သို့ရောက်ခြင်းငှါ မဖြစ်ကုန်၊ ဤသီလသည် အပိုင်းအခြားရှိသော 'ပရိယန္တ'သီလမည်၏။

အပိုင်းအခြားမရှိသော 'အပရိယန္တ'သီလသည် အဘယ်နည်း။

လာဘ်ဖြင့် မပိုင်းခြားသောသီလ။

အခြံအရံဖြင့် မပိုင်းခြားသောသီလ။

ဆွေမျိုးဖြင့် မပိုင်းခြားသောသီလ။

ကိုယ်အင်္ဂါဖြင့် မပိုင်းခြားသောသီလ။

အသက်ဖြင့် မပိုင်းခြားသောသီလဟု ငါးပါးရှိ၏။

(ထိုငါးပါးတို့တွင်)လာဘ်ဖြင့်မပိုင်းခြားသော သီလသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် လာဘ်ဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကိုလွန်ကျူးရန်စိတ်ကိုမျှလည်းမဖြစ်စေ၊ထိုသူသည် အဘယ်မှာလွန်ကျူးတော့မည်နည်း၊ ဤသီလသည် လာဘ်ဖြင့်မပိုင်းခြားသော သီလမည်၏။

အခြံအရံဖြင့် မပိုင်းခြားသောသီလသည် အဘယ်နည်း။

ဤလောက၌အချို့သောသူသည် အခြံအရံဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကိုလွန်ကျူးရန်စိတ်ကိုမျှလည်းမဖြစ်စေ၊ ထိုသူသည် အဘယ်မှာလွန်ကျူးတော့မည်နည်း၊ ဤသီလသည် အခြံအရံဖြင့် မပိုင်းခြားသော သီလမည်၏။

ဆွေမျိုးဖြင့်မပိုင်းခြားသော သီလသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် ဆွေမျိုးဟူသောအကြောင်းကြောင့် ဆောက်တည်ထား သော သိက္ခာပုဒ်ကိုလွန်ကျူးရန်စိတ်ကိုမျှလည်း မဖြစ်စေ၊ ထိုသူသည် အဘယ်မှာ လွန်ကျူးတော့ မည်နည်း၊ ဤသီလသည် ဆွေမျိုးဖြင့်မပိုင်းခြားသော သီလမည်၏။

http://www.dhammadownload.com



ကိုယ်အင်္ဂါဖြင့် မပိုင်းခြားသောသီလသည် အဘယ်နည်း။

ဤသာသနာတော်၌ အချို့သောသူသည်ကိုယ်အင်္ဂါဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကို လွန်ကျူးရန်စိတ်ကိုမျှလည်းမဖြစ်စေ၊ ထိုသူသည် အဘယ်မှာ လွန်ကျူးတော့မည်နည်း၊ ဤသီလသည် ကိုယ်အင်္ဂါဖြင့် မပိုင်းခြားသော သီလမည်၏။

အသက်ဖြင့် မပိုင်းခြားသောသီလသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် အသက်ဟူသောအကြောင်းကြောင့် ဆောက်တည်ထားသော သိက္ခာပုဒ်ကိုလွန်ကျူးရန်စိတ်ကိုမျှလည်းမဖြစ်စေ၊ ထိုသူသည် အဘယ်မှာလွန်ကျူးတော့မည်နည်း၊ ဤသီလသည် အသက်ဖြင့်မပိုင်းခြားသော သီလမည်၏။

ဤသို့သဘောရှိသော သီလတို့သည် မကျိုးမပေါက်မပြောက်ကျားကုန်၊ (တဏှာကျွန်အဖြစ်မှ) တော်လှန်ကုန်၏၊ ပညာရှိတို့ ချီးကျူးအပ်ကုန်၏၊ မှားသောအားဖြင့် မသုံးသပ်အပ်ကုန်၊ သမာဓိအလို့ငှါဖြစ်ကုန်၏၊ နှလုံးသာယာခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်ကုန်၏၊ နှစ်သက်ခြင်း၏ အကြောင်းဖြစ်ကုန်၏၊ ကိုယ်ငြိမ်းခြင်း 'ကာယပဿဒ္ဓိ' စိတ်ငြိမ်းခြင်း 'စိတ္တပဿဒ္ဓိ'၏ အကြောင်းဖြစ်ကုန်၏၊ ကိုယ်ချမ်းသာ 'ကာယိကသုခ'စိတ်ချမ်းသာ 'စေတသိကသုခ'၏ အကြောင်းဖြစ်ကုန်၏၊ သမာဓိ၏အကြောင်း ဖြစ်ကုန်၏၊ ဟုတ်တိုင်းမှန်စွာ သိနိုင်သောဝိပဿနာဉာဏ်မဂ်ဉာဏ်၏ အကြောင်းဖြစ်ကုန်၏၊ စင်စစ်ငြီးငွေ့ခြင်းငှါ တပ်မက်ခြင်း ကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးခြားစွာသိခြင်းငှါ သစ္စာဉာဏ်ပွင့်လင်းခြင်းငှါ နိဗ္ဗာန်သို့ရောက်ခြင်းငှါဖြစ်ကုန်၏၊ ဤသီလသည်မပိုင်းခြားသော 'အပရိယန္တ' သီလမည်၏။

၃၉။ သီလဟူသည် အဘယ်နည်း၊ သီလတို့သည် အဘယ်မျှရှိကုန်သနည်း၊ သီလသည် အဘယ်လျှင်ဖြစ်ကြောင်းရှိသနည်း၊ သီလသည် မည်မျှသောတရား၏ စုပေါင်းရာဖြစ်သနည်း။

သီလဟူသည် အဘယ်နည်းဟူသောအမေး၌ စေတနာသည်သီလမည်၏၊ စေတသိက်သည် သီလမည်၏၊ စောင့်စည်းခြင်းသည် သီလမည်၏၊ မလွန်ကျူးခြင်းသည် သီလမည်၏။

သီလတို့သည် အဘယ်မျှရှိကုန်သနည်း ဟူသောအမေး၌ ကုသိုလ်သီလ အကုသိုလ်သီလ အဗျာကတသီလဟု သုံးပါးရှိကုန်၏။

သီလသည် အဘယ်လျှင်ဖြစ်ကြောင်းရှိသနည်း ဟူသောအမေး၌ ကုသိုလ်သီလသည် ကုသိုလ်စိတ်လျှင် ဖြစ်ကြောင်းရှိ၏၊ အကုသိုလ်သီလသည် အကုသိုလ်စိတ်လျှင် ဖြစ်ကြောင်းရှိ၏၊ အဗျာကတသီလသည် အဗျာကတစိတ်လျှင် ဖြစ်ကြောင်းရှိ၏။

သီလသည် မည်မျှသောတရား၏ စုပေါင်းရာဖြစ်သနည်း ဟူသောအမေး၌ သီလသည် စောင့်စည်းခြင်း၏ စုပေါင်းရာဖြစ်၏၊ သီလသည်မလွန်ကျူးခြင်း၏ စုပေါင်းရာဖြစ်၏၊ သီလသည် ထိုသို့ဖြစ်သော စောင့်စည်းမှုစေတနာ၏ စုပေါင်းရာဖြစ်၏။

၄၀။ သူ့အသက်သတ်မှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊မပေးသောသူ့ဥစ္စာခိုးမှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ သူ့သားမယားတို့၌

http://www.dhammadownload.com



မှောက်မှား ကျင့်မှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ မဟုတ်မမှန်ပြောဆိုမှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ ကုန်းတိုက်စကားပြောဆိုမှုကို စောင့်စည်းတတ်သော အနက်ကြောင့်သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ ကြမ်းတမ်းသော စကားပြောဆိုမှုကို စောင့်စည်းတတ်သောကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ ပြိန်ဖျင်းသော စကားပြောဆိုမှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ သူ့စည်းစိမ်ကို ရှေးရှုကြံမှု 'အဘိဇ္ဈာ'ကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ သူတပါးပျက်စီးစေလိုမှု 'ဗျာပါဒ'ကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ မှားသောအယူ စွဲယူမှုကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏။

၄၁။ ဈာန်ဖြင့် ကာမစ္ဆန္ဒကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏၊ မပျက်စီးစေလိုမှုမေတ္တာဖြင့် သူတပါးပျက်စီးစေလိုမှု 'ဗျာပါဒ'ကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏။

အရောင်အလင်းအမှတ်သညာဖြင့်ပျင်းရိထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို၊မပျံ့လွင့်ခြင်းဖြင့် ပျံ့လွင့်ခြင်းကို၊ တရားကိုသတ်မှတ် ပိုင်းခြားခြင်းဖြင့် ယုံမှားသံသယကို၊ အသိဉာဏ်ဖြင့် တွေဝေခြင်းကို၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို၊ ပဌမဈာန်ဖြင့် အပိတ်အပင် 'နီဝရဏ'တရားတို့ကို၊ ဒုတိယဈာန်ဖြင့်ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့ကို၊ တတိယဈာန်ဖြင့် နှစ်သိမ့်ခြင်း 'ပီတိ'ကို၊ စတုတ္ထဈာန်ဖြင့် ချမ်းသာဆင်းရဲ 'သုခဒုက္ခ'ကို၊ အာကာသာနဉ္စာယတနသမာပတ်ဖြင့် ရုပ်၌ အမှတ် 'ရူပသညာ' ထိခိုက်မှု၌အမှတ်'ပဋိဃသညာ' အထူးထူးသောအမှတ် 'နာနတ္တသညာ'ကို၊ ဝိညာဏဉ္စာယတနသမာပတ်ဖြင့် အာကာသာနဉ္စာယတန သညာကို၊ အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို၊ နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတန သညာကို၊ မမြဲဟုအဖန်ဖန်ရှုခြင်းဖြင့်မြဲ၏ဟူသော အမှတ်သညာကို၊ ဆင်းရဲဟုအဖန်ဖန်ရှုခြင်းဖြင့် ချမ်းသာ၏ဟူသော အမှတ်သညာကို၊ ကိုယ်ပိုင်ကိုယ်စိုးမဟုတ်ဟု အဖန်ဖန်ရှုခြင်းဖြင့် ကိုယ်ပိုင်ကိုယ်စိုးဟူသော အမှတ်သညာကို၊ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းဖြင့် နှစ်သက်မှုကို၊ တပ်ခြင်းကင်းဖွယ်ဟု အဖန်ဖန်ရှုခြင်းဖြင့် တပ်နှစ်သက်မှုကို၊ ချုပ်ငြိမ်းမှု၌ အဖန်ဖန်ရှုခြင်းဖြင့် ဖြစ်ပွါးကြောင်းကို၊ တဖန်စွန့်လွှတ်မှု၌ အဖန်ဖန်ရှုခြင်းဖြင့် စွဲယူခြင်းကို၊ ကုန်ဆုံးဖွယ်ဟု အဖန်ဖန်ရှုခြင်းဖြင့် အစိုင်အခဲဟူသော အမှတ်သညာကို၊ ပျက်ခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် အားထုတ်ခြင်းကို၊ ဖောက်ပြန်တတ်သော သဘောကို အဖန်ဖန်ရှုခြင်းဖြင့် ခိုင်မြဲ၏ဟူသော အမှတ်သညာကို၊ အကြောင်းနိမိတ်ကင်း၏ဟု အဖန်ဖန်ရှုခြင်းဖြင့် အကြောင်းနိမိတ်ကို၊ တောင့်တမှုကင်း၏ဟု အဖန်ဖန်ရှုခြင်းဖြင့် တောင့်တခြင်းကို၊ ဆိတ်သုဉ်း၏ဟု အဖန်ဖန်ရှုခြင်းဖြင့် မှားသော နှလုံးသွင်းခြင်းကို၊ လွန်ကဲသော ပညာတရား၌ ရှုမြင်ခြင်းဖြင့် အနှစ်သာရရှိ၏ဟု စွဲယူကာ မှားသောနှလုံးသွင်းခြင်းကို၊ ဟုတ်တိုင်းမှန်စွာ ရှုမြင်သောဉာဏ်ဖြင့် တွေဝေသောအားဖြင့် မှားသော နှလုံးသွင်းခြင်းကို၊ အပြစ်ဟု အဖန်ဖန်ရှုမြင်ခြင်းဖြင့် တွယ်တာဖွယ်ဟု မှားသောနှလုံးသွင်းခြင်းကို၊ စူးစမ်းခြင်ဆင်၍ အဖန်ဖန်ရှုမြင်ခြင်းဖြင့်

http://www.dhammadownload.com



မတူးစမ်းမဆင်ခြင်ခြင်းကို၊ ဂေါတြဘူဉာဏ် ယထာဘူတဉာဏ်ဟူသော ဆက်စပ်နှောင်ဖွဲ့မှုမရှိခြင်းကို အဖန်ဖန်ရှုမြင်ခြင်းဖြင့် ဆက်စပ်နှောင်ဖွဲ့ကာ မှားသောနှလုံးသွင်းခြင်းကို၊ သောတာပတ္တိမဂ်ဖြင့် မိစ္ဆာအယူနှင့်တကွဘည်သော ကိလေသာတို့ကို၊ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသောကိလေသာတို့ကို၊ အနာဂါမိမဂ်ဖြင့် အသေးအဖွဲ့နှင့်တကွဖြစ်သော ကိလေသာတို့ကို၊ အရဟတ္တမဂ်ဖြင့် ကိလေသာ အားလုံးတို့ကို စောင့်စည်းတတ်သော အနက်ကြောင့် သီလမည်၏၊ မလွန်ကျူးတတ်သော အနက် ကြောင့် သီလမည်၏။

သီလတို့သည် ငါးပါးရှိကုန်၏၊ သူ့အသက်သတ်မှုကို ပယ်စွန့်ခြင်းသည် သီလမည်၏၊ ကြဉ်ရှောင် ခြင်းသည်သီလမည်၏၊ စေတနာသည် သီလမည်၏၊ စောင့်စည်းခြင်းသည် သီလမည်၏၊ မလွန်ကျူး ခြင်းသည် သီလမည်၏။

ဤသို့သဘောရှိကုန်သော သီလတို့သည် စိတ်နှလုံးသာကြည်ရွှင်ပျခြင်းငှါဖြစ်ကုန်၏၊ဝမ်းမြောက် ခြင်းငှါ ဖြစ်ကုန်၏၊ နှစ်သိမ့်ခြင်းငှါ ဖြစ်ကုန်၏၊ ကိုယ်စိတ်ငြိမ်းခြင်းငှါ ဖြစ်ကုန်၏၊ စိတ်ချမ်းသာ ခြင်းငှါ ဖြစ်ကုန်၏၊ ပွါးထုံခြင်းငှါ ဖြစ်ကုန်၏၊ ပွါးများခြင်းငှါ ဖြစ်ကုန်၏ ကြိမ်ဖန်များစွာ လေ့လာခြင်းငှါ ဖြစ်ကုန်၏၊ ဆင်ယင်ခြင်းငှါ ဖြစ်ကုန်၏၊ အခြံအရံအလို့ငှါ ဖြစ်ကုန်၏၊ ဝိုင်းဝန်းရန် အလို့ငှါ ဖြစ်ကုန်၏၊ ပြည့်စုံစေခြင်းငှါ ဖြစ်ကုန်၏၊ စင်စစ်ငြီးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ချုပ်ငြိမ်း ခြင်းငှါ ငြိမ်းအေးခြင်းငှါး ထူးခြားစွာသိခြင်းငှါ သစ္စာဉာဏ်ပွင့်လင်းခြင်းငှါ ကိလေသာမီးငြိမ်း ခြင်းငှါ ဖြစ်ကုန်၏။

ဤသို့သဘောရှိကုန်သော သီလတို့ကို စောင့်စည်းမှု ထက်ဝန်းကျင်စင်ကြယ်ခြင်းသည် လွန်ကဲ သော အဓိသီလမည်၏၊ စောင့်စည်းမှု ထက်ဝန်းကျင်စင်ကြယ်ခြင်း၌ တည်သောစိတ်သည် ပျံ့လွင့် ခြင်းသို့မရောက် မပျံ့လွင့်မှု ထက်ဝန်းကျင်စင်ကြယ်ခြင်းသည် လွန်ကဲသော အဓိစိတ္တမည်၏၊ စောင့်စည်းမှု ထက်ဝန်းကျင်စင်ကြယ်ခြင်းကို မှန်စွာရှုမြင်၏၊ မပျံ့လွင့်မှု ထက်ဝန်းကျင်စင်ကြယ် ခြင်းကို မှန်စွာရှုမြင်၏၊ အမြင်ဉာဏ် ထက်ဝန်းကျင်စင်ကြယ်မှုသည် လွန်ကဲသောပညာ အဓိပညာ (မဂ်ပညာ)မည်၏။

ထိုသံဝရသီလ၌ စောင့်စည်းခြင်းသဘောသည် အဓိသီလသိက္ခာမည်၏၊ထိုသံဝရသီလ၌ မပျံ့လွင့် ခြင်းသဘောသည် အဓိစိတ္တသိက္ခာမည်၏၊ ထိုသံဝရသီလ၌မြင်ခြင်းသဘောသည် အဓိပညာသိက္ခာ မည်၏။

ဤသိက္ခာသုံးပါးတို့ကို ဆင်ခြင်၍ကျင့်၏၊ သိ၍ကျင့်၏၊ ရှုမြင်၍ကျင့်၏၊ ဆင်ခြင်၍ကျင့်၏၊ စိတ်ကိုဆောက်တည်၍ကျင့်၏၊ သဒ္ဓါဖြင့်ဆုံးဖြတ်၍ကျင့်၏၊ ဝီရိယကို ချီးမြှောက်၍ကျင့်၏၊ သတိကို ထင်စေ၍ကျင့်၏၊ စိတ်ကို ကောင်းစွာထား၍ကျင့်၏၊ ပညာဖြင့်ခွဲခြားသိ၍ကျင့်၏၊ ထူးထူးခြားခြား သိအပ်သည်ကို ထူးထူးခြားခြားသိ၍ ကျင့်၏၊ ပိုင်းခြား၍သိအပ်သည်ကို ပိုင်းခြား၍သိကာကျင့်၏၊ ပယ်အပ်သည်ကို ပယ်၍ကျင့်၏၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြု၍ကျင့်၏၊ ပွါးများအပ် သည်ကို ပွါးများ၍ကျင့်၏။

သီလတို့သည် ငါးပါးရှိကုန်၏၊သူ့ဥစ္စာကိုခိုးယူမှုကို။ ကာမတို့၌ မှောက်မှား၍ကျင့်မှုကို။မဟုတ် မမှန်စကား ပြောဆိုမှုကို။ ချောပစ်ကုန်းတိုက်စကား ပြောဆိုမှုကို။ ကြမ်းတမ်းသောစကား ပြော ဆိုမှုကို။ ပြိန်ဖျင်းသောစကားကို။ သူတပါးဥစ္စာ၌ ရှေးရှုကြံခြင်းကို။ သူတပါးပျက်စီးစေလိုခြင်းကို။ မှားသောအယူကို။ သူတပါးကို မပျက်စီးစေလိုခြင်းမေတ္တာဖြင့် သူတပါးပျက်စီးစေလိုခြင်းကို။ အရောင်အလင်းအမှတ်သညာဖြင့် ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို။ မပျံ့လွင့်ခြင်းဖြင့် ပျံ့လွင့်ခြင်းကို။

http://www.dhammadownload.com



တရားကိုပိုင်းခြားမှတ်သားခြင်းဖြင့် ယုံမှားခြင်းကို။ ဉာဏ်ဖြင့်အဝိဇ္ဇာကို။ ဝမ်းမြောက်ခြင်းဖြင့် မပျော်မွေ့ခြင်းကို။

ပဌမစျာန်ဖြင့် အပိတ်အပင် 'နီဝရဏ' တရားတို့ကို။ ဒုတိယစျာန်ဖြင့် ဝိတက် ဝိစာရတို့ကို။ တတိယစျာန်ဖြင့် နှစ်သက်ခြင်းပီတိကို။ စတုတ္ထစျာန်ဖြင့် ချမ်းသာဆင်းရဲ သုခ ဒုက္ခကို။

အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာတို့ကို။ ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာကို။ အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို။ နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို။

မမြဲဟုအဖန်ဖန်ရှုခြင်း 'အနိစ္စာနုပဿနာ' ဖြင့် နိစ္စသညာကို။ ဆင်းရဲဟု အဖန်ဖန်ရှုခြင်း 'ဒုက္ခာနုပဿနာ'ဖြင့် ချမ်းသာဟူသောအမှတ် 'သုခသညာ'ကို ကိုယ်ပိုင် ကိုယ်စိုး မဟုတ်ဟု အဖန်ဖန်ရှုခြင်း 'အနတ္တာနုပဿနာ'ဖြင့် ကိုယ်ပိုင် ကိုယ်စိုးဟူသောအမှတ် 'အတ္တသညာ'ကို။ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'နိဗ္ဗိဒါနုပဿနာ'ဖြင့် နှစ်သက်ခြင်းကို။ ရာဂကင်းခြင်းကို အဖန်ဖန်ရှုခြင်း 'ဝိရာဂါနုပဿနာ'ဖြင့် ရာဂကို။ ချုပ်ငြိမ်းခြင်းကို အဖန်ဖန်ရှုခြင်း 'နိရောဓာနုပဿနာ'ဖြင့် ဖြစ်ခြင်း 'သမုဒယ'ကို။ အဖန်ဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ' ဖြင့် စွဲယူခြင်းကို။ ကုန်ဆုံးခြင်းဟု အဖန်ဖန်ရှုခြင်း 'ခယာနုပဿနာ'ဖြင့် အစိုင်အခဲဟူသော အမှတ် 'ဃနသညာ'ကို။ ပျက်ပြုန်းခြင်းဟု အဖန်ဖန်ရှုခြင်း 'ဝယာနုပဿနာ'ဖြင့် အားထုတ်ခြင်း 'အာယူဟန'ကို။ ဖောက်ပြန်ပျက်စီးခြင်းဟု အဖန်ဖန်ရှုခြင်း 'ဝိပရိနာမာနုပဿနာ' ဖြင့် တည်မြဲခိုင်ခံ့၏ဟူသောအမှတ် 'ဓုဝသညာ'ကို။ နိစ္စနိမိတ်မရှိဟု အဖန်ဖန်ရှုခြင်း'အနိမိတ္တာနုပဿနာ'ဖြင့် နိစ္စနိမိတ်ကို။ မတောင့်တအပ်ဟု အဖန်ဖန်ရှုခြင်း 'အပ္ပဏိဟိတာနုပဿနာ'ဖြင့် တောင့်တခြင်း 'ပဏိဓိ'ကို။ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်း 'သုညာတာနုပဿနာ'ဖြင့် မှားသောနှလုံးသွင်းခြင်းကို။ လွန်ကဲသော ပညာတရား ဝိပဿနာဖြင့် တပ်မက်ဖွယ်ဟု မှားသောနှလုံးသွင်းခြင်းကို။ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင် 'ယထာဘူတဉာဏဒဿန'ဖြင့် တွေဝေသောအားဖြင့် မှားသောနှလုံးသွင်းခြင်းကို။ အပြစ်အနာဟု အဖန်ဖန်ရှုခြင်း 'အာဒီနဝါနုပဿနာ'ဖြင့် တွယ်တာဖွယ်ဟု မှားသောနှလုံးသွင်းခြင်းကို။ စူးစမ်းဆင်ခြင်၍ အဖန်ဖန်ရှုခြင်း 'ပဋိသင်္ခါနုပဿနာ'ဖြင့် မစူးစမ်းမဆင်ခြင်ခြင်းကို။ ဝေါဋ္ဌဘူဉာဏ် ယထာဘူတဉာဏ်ဟူသော ဆက်စပ်နှောင်ဖွဲ့မှုမရှိခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ဆက်စပ်နှောင်ဖွဲ့ကာ မှားသောနှလုံးသွင်းခြင်းကို။

သောတာပတ္တိမဂ်ဖြင့် မိစ္ဆာအယူနှင့်တကွတည်သော ကိလေသာတို့ကို။ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းကုန်သော ကိလေသာတို့ကို။ အနာဂါမိမဂ်ဖြင့် အသေးအဖွဲ့နှင့်တကွဖြစ်သော ကိလေသာတို့ကို။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ပယ်စွန့်ခြင်းသည် သီလမည်၏၊ ရှောင်ကြဉ်ခြင်းသည် သီလမည်၏၊ စေတနာသည် သီလမည်၏၊ စောင့်စည်းခြင်းသည် သီလမည်၏၊ မလွန်ကျူးခြင်းသည် သီလမည်၏။

ဤသို့သဘောရှိကုန်သော သီလတို့သည် စိတ်နှလုံး သာကြည်ရွှင်ပျခြင်းငှါ ဖြစ်ကုန်၏၊ ဝမ်းမြောက်ခြင်းငှါ ဖြစ်ကုန်၏၊ နှစ်သက်ခြင်းငှါ ဖြစ်ကုန်၏၊ ကိုယ်စိတ်ငြိမ်းခြင်းငှါ ဖြစ်ကုန်၏၊ စိတ်ချမ်းသာခြင်းငှါ ဖြစ်ကုန်၏၊ ပွါးထုံခြင်းငှါ ဖြစ်ကုန်၏၊ ပွါးများခြင်းငှါ ဖြစ်ကုန်၏၊ ကြိမ်ဖန်များစွာ လေ့လာခြင်းငှါ ဖြစ်ကုန်၏၊ ဆင်ယင်ခြင်းငှါ ဖြစ်ကုန်၏၊ အခြံရံအလို့ငှါ ဖြစ်ကုန်၏၊ ဝိုင်းဝန်းရန်အလို့ငှါ

http://www.dhammadownload.com



ဖြစ်ကုန်၏၊ ပြည့်စုံစေခြင်းငှါ ဖြစ်ကုန်၏၊ စင်စစ်ငြိုးငွေ့ခြင်းငှါ ရာဂကင်းခြင်းငှါ ချုပ်ငြိမ်းခြင်းငှါ ငြိမ်းအေးခြင်းငှါ ထူးခြားစွာသိခြင်းငှါ သစ္စာဉာဏ်ပွင့်လင်းခြင်းငှါ ကိလေသာမီး ငြိမ်းခြင်းငှါ ဖြစ်ကုန်၏။

၄၂။ ဤသို့သဘောရှိကုန်သော သီလတို့ကို စောင့်စည်းမှု ထက်ဝန်းကျင် စင်ကြယ်ခြင်းသည် လွန်ကဲသော အဓိသီလမည်၏၊ စောင့်စည်းမှုထက်ဝန်းကျင် စင်ကြယ်ခြင်း၌ တည်သောစိတ်သည် ပျံ့လွင့်ခြင်းသို့မရောက် မပျံ့လွင့်မှု ထက်ဝန်းကျင် စင်ကြယ်ခြင်းသည် လွန်ကဲသော အဓိစိတ္တမည်၏။ စောင့်စည်းမှုထက်ဝန်းကျင် စင်ကြယ်ခြင်းကို မှန်ကန်စွာရှုမြင်၏၊ မပျံ့လွင့်မှု ထက်ဝန်းကျင် စင်ကြယ်ခြင်းကို မှန်ကန်စွာရှုမြင်၏၊ အမြင်ဉာဏ် ထက်ဝန်းကျင်စင်ကြယ်မှုသည် လွန်ကဲသော အဓိပညာ (မဂ်ပညာ) မည်၏။

ထိုသံဝရသီလ၌ စောင့်စည်းခြင်းသဘောသည် အဓိသီလသိက္ခာမည်၏၊ ထိုသံဝရသီလ၌ မပျံ့လွင့်ခြင်းသဘောသည် အဓိစိတ္တသိက္ခာမည်၏၊ ထိုသံဝရသီလ၌ မြင်ခြင်းသဘောသည် အဓိပညာသိက္ခာမည်၏။

ဤသိက္ခာသုံးပါးတို့ကို ဆင်ခြင်၍ကျင့်၏၊ သိ၍ကျင့်၏၊ ရှုမြင်၍ကျင့်၏၊ ဆင်ခြင်၍ကျင့်၏၊ စိတ်ကိုဆောက်တည်၍ကျင့်၏၊ သဒ္ဓါဖြင့်ဆုံးဖြတ်၍ကျင့်၏၊ ဝီရိယကို ချီးမြှောက်၍ကျင့်၏၊ သတိကို ထင်စေ၍ကျင့်၏၊ စိတ်ကိုကောင်းစွာထား၍ကျင့်၏၊ ပညာဖြင့် ခွဲခြား၍ကျင့်၏၊ ထူးထူးခြားခြားသိအပ်သည်ကို ထူးထူးခြားခြားသိ၍ကျင့်၏၊ ပိုင်းခြား၍သိအပ်သည်ကို ပိုင်းခြား၍သိကာကျင့်၏၊ ပယ်အပ်သည်ကို ပယ်၍ကျင့်၏၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြု၍ကျင့်၏၊ ပွါးများအပ်သည်ကို ပွါးများ၍ကျင့်၏။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် နာကြား၍ စောင့်စည်းမှု၌ ဖြစ်သော ပညာကို သီလမယဉာဏ်မည်၏ဟု ဆိုအပ်၏။

နှစ်ခုမြောက် သီလမယဉာဏ်အကျယ်ပြခြင်း ပြီး၏။

---

## ၃-သမာဓိဘာဝနာမယဉာဏ် အကျယ်ပြခြင်း

၄၃။ စောင့်စည်းခြင်းကြောင့် တည်ကြည်မှု၌(ဖြစ်သော)ပညာသည် အဘယ်သို့လျှင် သမာဓိဘာဝနာမယဉာဏ်မည်သနည်း။

စိတ်တည်ကြည်သည်၏အဖြစ်တည်းဟူသော တပါးသောသမာဓိ။

လောကီသမာဓိ၊ လောကုတ္တရာသမာဓိအားဖြင့် နှစ်ပါးသောသမာဓိ။

သဝိတက္က သဝိစာရ သမာဓိ၊ အဝိတက္က အဝိစာရမတ္တသမာဓိ၊ အဝိတက္က အဝိစာရ သမာဓိအားဖြင့် သုံးပါးသောသမာဓိ။

http://www.dhammadownload.com



ဆုတ်ယုတ်သောအဖို့ရှိသော သမာဓိ၊ တည်တံ့ခြင်းအဖို့ရှိသောသမာဓိ၊ ထူးသောအဖို့ရှိသော သမာဓိ၊ ငြီးငွေ့ခြင်းအဖို့ရှိသောသမာဓိအားဖြင့် လေးပါးသောသမာဓိ။

ပီတိပျံ့နှံ့သည်၏ အဖြစ်တည်းဟူသော သမာဓိ၊ သုခပျံ့နှံ့သည်၏ အဖြစ်တည်းဟူသောသမာဓိ၊ ဥပေက္ခာစိတ် ပျံ့နှံ့သည်၏ အဖြစ်တည်းဟူသောသမာဓိ၊ အာလောကပျံ့နှံ့သည်၏ အဖြစ်တည်း ဟူသော သမာဓိ၊ ပစ္စဝေက္ခဏာ၏ အကြောင်းနိမိတ်ဖြစ်သော သမာဓိအားဖြင့် ငါးပါးသော သမာဓိ။

ဗုဒ္ဓါနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟုဆိုအပ်သော မပျံ့လွင့်ခြင်း သမာဓိ၊ ဓမ္မာနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော မပျံ့လွင့် ခြင်းသမာဓိ၊ သံဃာနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏အဖြစ်ဟု ဆိုအပ်သော မပျံ့လွင့်ခြင်းသမာဓိ၊ သီလာနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ် သော မပျံ့လွင့်ခြင်းသမာဓိ၊ စာဂါနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော မပျံ့လွင့်ခြင်းသမာဓိ၊ ဒေဝတာနုဿတိ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟုဆိုအပ်သော မပျံ့လွင့်ခြင်းသမာဓိအားဖြင့် ခြောက်ပါးသောသမာဓိ။

သမာဓိ၌ လိမ္မာသည်၏အဖြစ်၊ သမာဓိဝင်စားမှု၌ လိမ္မာသည်၏အဖြစ်၊ သမာဓိကိုတည်စေမှု၌ လိမ္မာသည်၏အဖြစ်၊ သမာဓိမှထမှု၌ လိမ္မာသည်၏အဖြစ်၊ သမာဓိခံ့ကျန်းမှု၌ လိမ္မာသည်၏ အဖြစ်၊ သမာဓိ၏ကျက်စားရာအာရုံတို့၌ လိမ္မာသည်၏အဖြစ်၊ သမာဓိသို့ ရှေးရှုဆောင်ခြင်း၌ လိမ္မာသည်၏အဖြစ်အားဖြင့် ခုနစ်ပါးသောသမာဓိ။

ပထဝီကသိုဏ်း၏အစွမ်းအားဖြင့် စိတ်တည်ကြည်သည်၏ အဖြစ်ဟုဆိုအပ်သော မပျံ့လွင့်ခြင်း သမာဓိ၊ အာပေါကသိုဏ်း၏ အစွမ်းအားဖြင့်။ပ။တေဇောကသိုဏ်း၏ အစွမ်းအားဖြင့်။ ဝါယော ကသိုဏ်း၏အစွမ်းအားဖြင့်။ နီလကသိုဏ်း၏ အစွမ်းအားဖြင့်။ ပီတကသိုဏ်း၏ အစွမ်းအားဖြင့်။ လောဟိတကသိုဏ်း၏ အစွမ်းအားဖြင့်။ ဩဒါတကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည်သည် ၏အဖြစ်ဟု ဆိုအပ်သော မပျံ့လွင့်ခြင်းသမာဓိအားဖြင့် ရှစ်ပါးသောသမာဓိ။

ယုတ်သော ရူပါဝစရသမာဓိ၊ အလတ်ဖြစ်သော ရူပါဝစရ သမာဓိ၊ မြတ်သော ရူပါဝစရသမာဓိ၊ ယုတ်သော အရူပါဝစရသမာဓိ၊ အလတ်ဖြစ်သော အရူပါဝစရသမာဓိ၊ မြတ်သော အရူပါဝစရ သမာဓိ၊ သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိအားဖြင့် ကိုးပါးသောသမာဓိ။

ဥဒ္ဓုမာတကသညာ၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်သည်၏ အဖြစ်ဟု ဆိုအပ်သော မပျံ့ လွင့်ခြင်းသမာဓိ၊ ဝိနီလကသညာ၏ အစွမ်းအားဖြင့်။ ဝိပုဗ္ဗကသညာ၏ အစွမ်းအားဖြင့်။ ဝိစ္ဆိဒ္ဒက သညာ၏အစွမ်းအားဖြင့်။ ဝိက္ခာယိတကသညာ၏ အစွမ်းအားဖြင့်။ ဝိက္ခိတ္တကသညာ၏ အစွမ်း အားဖြင့်။ ဟတဝိက္ခိတ္တကသညာ၏ အစွမ်းအားဖြင့်။ လောဟိတကသညာ၏ အစွမ်းအားဖြင့်။ ပုဠုဝကသညာ၏ အစွမ်းအားဖြင့်။ အဋ္ဌိကသညာ၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်သည်၏ အဖြစ်ဟုဆိုအပ်သော မပျံ့လွင့်ခြင်း သမာဓိအားဖြင့် ဆယ်ပါးသော သမာဓိ။

ဤသည်တို့ကား ငါးဆယ့်ငါးပါးသော သမာဓိတို့တည်း။

http://www.dhammadownload.com



၄၄။ တနည်းအားဖြင့် သမာဓိ၏ တည်ကြည်မှုသဘောတို့သည် နှစ်ဆယ့်ငါးပါးတို့တည်း။

သိမ်းဆည်းအပ်သောသဘောကြောင့် သမာဓိမည်၏၊ အခြံရံဟူသော အနက်သဘောကြောင့် သမာဓိမည်၏၊ ပြည့်စုံခြင်းဟူသော အနက်သဘောကြောင့် သမာဓိမည်၏၊ တခုတည်းသောအာရုံ ရှိသော အနက်သဘောကြောင့် သမာဓိမည်၏၊ မပျံ့လွင့်ခြင်းအနက်သဘောကြောင့် သမာဓိ မည်၏၊ ဖရိုဖရဲမရှိသော အနက်သဘောကြောင့် သမာဓိမည်၏၊ မနောက်ကျုသော အနက် သဘောကြောင့် သမာဓိမည်၏၊ မတုန်လှုပ်သော အနက်သဘောကြောင့် သမာဓိမည်၏၊ ကိလေ သာတို့မှလွတ်သော အနက်သဘောကြောင့် သမာဓိမည်၏၊ တခုတည်းသောအာရုံ၌ ထင်သည်၏ အစွမ်းအားဖြင့် စိတ်တည်သည်၏အဖြစ်ကြောင့် သမာဓိမည်၏။

အပ္ပနာကို ရှာမှီးတတ်သောကြောင့် သမာဓိမည်၏၊ နီဝရဏတရားတို့ကို မရှာမှီးတတ်သော ကြောင့် သမာဓိမည်၏၊ အပ္ပနာကို ရှာမှီးတတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ နီဝရဏတရား တို့ကို မရှာမှီးတတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ အပ္ပနာကို ယူတတ်သောကြောင့် သမာဓိ မည်၏၊ နီဝရဏတရားတို့ကို မယူတတ်သောကြောင့် သမာဓိမည်၏၊ အပ္ပနာကို ယူတတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ နီဝရဏတရားတို့ကို မယူတတ်သည်၏ အဖြစ်ကြောင့် သမာဓိ မည်၏၊ အပ္ပနာကို ကျင့်တတ်သောကြောင့် သမာဓိမည်၏၊ နီဝရဏတရားတို့ကို မကျင့်တတ်သော ကြောင့် သမာဓိမည်၏၊ အပ္ပနာကို ကျင့်တတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ နီဝရဏတရား တို့ကို မကျင့်တတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ အပ္ပနာကို ထွန်းပတတ်သောကြောင့် သမာဓိမည်၏၊ နီဝရဏတရားတို့ကို လောင်စေတတ်သောကြောင့် သမာဓိမည်၏၊ အပ္ပနာကို ထွန်းပ တတ်သည်၏ အဖြစ်ကြောင့် သမာဓိမည်၏၊ နီဝရဏတရားတို့ကို လောင်စေတတ်သည်၏ အဖြစ် ကြောင့် သမာဓိမည်၏၊ သမာဓိသည် နီဝရဏဟူသော ဝိသမတရားတို့မှ ကင်းသောကြောင့် သမလည်းမည်၏၊ အာရုံ၌တုန်လှုပ်ခြင်းမရှိသည်၏ အဖြစ်ကိုပြုသဖြင့် တည်စေသောကြောင့် ဟိတလည်းမည်၏၊ ချမ်းသာသောကြောင့်သုခလည်းမည်၏၊ ထို့ကြောင့်သမာဓိမည်၏။

ဤသည်တို့ကား သမာဓိ၏တည်ကြည်မှုသဘော နှစ်ဆယ့်ငါးပါးတို့တည်း။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့်ဉာဏ်မည်၏၊ ခွဲခြား၍သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် စောင့်စည်းခြင်းကြောင့် တည်ကြည်မှု၌ ဖြစ်သော ပညာကို သမာဓိဘာဝနာမယ ဉာဏ်ဟု ဆိုအပ်၏။

သုံးခုမြောက် သမာဓိဘာဝနာမယဉာဏ်အကျယ်ပြခြင်း ပြီး၏။

---

## ၄-ဓမ္မဋ္ဌိတိဉာဏ် အကျယ်ပြခြင်း

၄၅။ အကြောင်းတရားတို့ကို သိမ်းဆည်းမှု၌ (ဖြစ်သော) ပညာသည် အဘယ်သို့လျှင် ဓမ္မ ဋ္ဌိတိဉာဏ်မည်သနည်း။

အဝိဇ္ဇာသည် သင်္ခါရတို့၏ ဖြစ်ပေါ်ခြင်း 'ဥပ္ပါဒဋ္ဌိတိ' ဖြစ်ပွါးလျက်တည်ခြင်း 'ပဝတ္တဋ္ဌိတိ' အကြောင်းဖြစ်လျက်တည်ခြင်း 'နိမိတ္တဋ္ဌိတိ' အားထုတ်လျက်တည်ခြင်း 'အာယူဟနဋ္ဌိတိ' ဆက်စပ် လျက်တည်ခြင်း 'သညောဂဋ္ဌိတိ' ကြောင့်ကြလျက်တည်ခြင်း 'ပလိဗောဓဋ္ဌိတိ' မူလအကြောင်းဖြစ်၍

http://www.dhammadownload.com



တည်ခြင်း သမုဒယဋ္ဌိတိ, ဇနကအကြောင်းဖြစ်၍တည်ခြင်း ဟေတုဋ္ဌိတိ, ဥပထမ္ဘက အကြောင်းဖြစ်၍တည်ခြင်း ပစ္စယဋ္ဌိတိ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာအကြောင်းသည် ဖြစ်၏၊ သင်္ခါရတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာသင်္ခါရတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း အဝိဇ္ဇာသည် သင်္ခါရတို့၏ ဖြစ်ပေါ်ခြင်း ဥပ္ပါဒဋ္ဌိတိ, ဖြစ်ပွါးလျက်တည်ခြင်း ပဝတ္တဋ္ဌိတိ, အကြောင်းဖြစ်လျက်တည်ခြင်း နိမိတ္တဋ္ဌိတိ, အားထုတ်လျက်တည်ခြင်း အာယူဟနဋ္ဌိတိ, ဆက်စပ်လျက်တည်ခြင်း သညောဂဋ္ဌိတိ, ကြောင့်ကြလျက်တည်ခြင်း ပလိဗောဓဋ္ဌိတိ, မူလအကြောင်းဖြစ်၍တည်ခြင်း သမုဒယဋ္ဌိတိ, ဇနက အကြောင်းဖြစ်၍တည်ခြင်း ဟေတုဋ္ဌိတိ, ဥပထမ္ဘက အကြောင်းဖြစ်၍တည်ခြင်း ပစ္စယဋ္ဌိတိ- ဤကိုးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည် အကြောင်းဖြစ်၏၊ သင်္ခါရတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာနှင့် သင်္ခါရတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရတို့သည် ဝိညာဏ်၏။ပ။ ဝိညာဏ်သည် နာမ်ရုပ်၏။ပ။ နာမ်ရုပ်သည် သဠာယတန၏။ သဠာယတနသည် ဖဿ၏။ ဖဿသည် ဝေဒနာ၏။ ဝေဒနာသည် တဏှာ၏။ တဏှာသည် ဥပါဒါန်၏။ ဥပါဒါန်သည် ဘဝ၏။ ဘဝသည် ဇာတိ၏။ ဇာတိသည် ဇရာမရဏ၏။ ဖြစ်ပေါ်ခြင်း ဥပ္ပါဒဋ္ဌိတိ, ဖြစ်ပွါးလျက်တည်ခြင်း ပဝတ္တဋ္ဌိတိ, အကြောင်းဖြစ်လျက်တည်ခြင်း နိမိတ္တဋ္ဌိတိ, အားထုတ်လျက်တည်ခြင်း အာယူဟနဋ္ဌိတိ, ဆက်စပ်လျက်တည်ခြင်း သညောဂဋ္ဌိတိ, ကြောင့်ကြလျက်တည်ခြင်း ပလိဗောဓဋ္ဌိတိ, မူလအကြောင်းဖြစ်၍တည်ခြင်း သမုဒယဋ္ဌိတိ, ဇနက အကြောင်းဖြစ်၍တည်ခြင်း ဟေတုဋ္ဌိတိ, ဥပထမ္ဘက အကြောင်းဖြစ်၍တည်ခြင်း ပစ္စယဋ္ဌိတိ-ဤကိုးပါးသောအခြင်းအရာတို့ဖြင့် ဇာတိသည် အကြောင်းဖြစ်၏၊ ဇရာမရဏသည် အကြောင်းကြောင့်ဖြစ်၏၊နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် အကြောင်းကြောင့်ဖြစ်ကုန်၏-ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌ (ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း ဇာတိသည် ဇရာမရဏ၏ ဖြစ်ပေါ်ခြင်း ဥပ္ပါဒဋ္ဌိတိ, ဖြစ်ပွါးလျက်တည်ခြင်း ပဝတ္တဋ္ဌိတိ, အကြောင်းဖြစ်လျက်တည်ခြင်း နိမိတ္တဋ္ဌိတိ, အားထုတ်လျက်တည်ခြင်း အာယူဟနဋ္ဌိတိ, ဆက်စပ်လျက်တည်ခြင်း သညောဂဋ္ဌိတိ, ကြောင့်ကြလျက်တည်ခြင်း ပလိဗောဓဋ္ဌိတိ, မူလအကြောင်းဖြစ်၍တည်ခြင်း သမုဒယဋ္ဌိတိ, ဇနက အကြောင်းဖြစ်၍တည်ခြင်း ဟေတုဋ္ဌိတိ, ဥပထမ္ဘက အကြောင်းဖြစ်၍တည်ခြင်း ပစ္စယဋ္ဌိတိ-ဤ ကိုးပါးသော အခြင်းအရာတို့ဖြင့် ဇာတိသည် အကြောင်းဖြစ်၏၊ ဇရာမရဏသည် အကြောင်းကြောင့်ဖြစ်၏၊ နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

၄၆။ အဝိဇ္ဇာသည် ဇနကအကြောင်းဖြစ်၏၊ သင်္ခါရတို့သည် ဇနက အကြောင်းကြောင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာနှင့် သင်္ခါရတို့သည် ဇနက အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌ (ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

http://www.dhammadownload.com



အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း အဝိဇ္ဇာသည် ဇနက အကြောင်း ဖြစ်၏၊ သင်္ခါရတို့သည် ဇနကအကြောင်းကြောင့်ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာနှင့် သင်္ခါရ တို့သည် ဇနကအကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌ (ဖြစ် သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရတို့သည် ဇနကအကြောင်းတို့တည်း၊ ဝိညာဏ်သည် ဇနကအကြောင်းကြောင့်ဖြစ်၏။ပ။ ဝိညာဏ်သည် ဇနကအကြောင်းတည်း၊ နာမ်ရုပ်သည် ဇနကအကြောင်းကြောင့်ဖြစ်၏။ နာမ်ရုပ် သည် ဇနကအကြောင်းတည်း၊ သဠာယတနသည် ဇနကအကြောင်းကြောင့်ဖြစ်၏။ သဠာယတန သည် ဇနကအကြောင်းတည်း၊ ဖဿသည် ဇနကအကြောင်းကြောင့်ဖြစ်၏။ ဖဿသည် ဇနက အကြောင်းတည်း၊ ဝေဒနာသည် ဇနကအကြောင်းကြောင့်ဖြစ်၏။ ဝေဒနာသည် ဇနကအကြောင်း တည်း၊ တဏှာသည် ဇနကအကြောင်းကြောင့်ဖြစ်၏။ တဏှာသည် ဇနက အကြောင်းတည်း၊ ဥပါဒါန်သည် ဇနကအကြောင်းကြောင့်ဖြစ်၏။ ဥပါဒါန်သည် ဇနကအကြောင်းတည်း၊ ဘဝသည် ဇနကအကြောင်းကြောင့်ဖြစ်၏။ ဘဝသည် ဇနကအကြောင်းတည်း၊ ဇာတိသည် ဇနကအကြောင်း ကြောင့်ဖြစ်၏။ ဇာတိသည် ဇနကအကြောင်းတည်း၊ ဇရာမရဏသည် ဇနက အကြောင်းကြောင့် ဖြစ်၏။ နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် ဇနကအကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း ဇာတိသည် ဇနကအကြောင်းတည်း၊ ဇရာမရဏသည် ဇနကအကြောင်းကြောင့်ဖြစ်၏၊ နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် ဇနကအကြောင်းကြောင့် ဖြစ်ပေါ်ကုန်၏ဟု အကြောင်း(အကျိုး)ကိုသိမ်းဆည်းရာ၌(ဖြစ်သော) ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အဝိဇ္ဇာသည် စွဲ၍ဖြစ်သော အကြောင်းဖြစ်၏၊ သင်္ခါရတို့သည် စွဲ၍ဖြစ်သော အကြောင်း ကြောင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာနှင့် သင်္ခါရတို့သည် စွဲ၍ဖြစ်သော အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌ (ဖြစ်သော) ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း အဝိဇ္ဇာသည်စွဲ၍ဖြစ်သော အကြောင်း ဖြစ်၏၊ သင်္ခါရတို့သည် စွဲ၍ဖြစ်သော အကြောင်းကြောင့် ဖြစ်ကုန်၏၊ နှစ်ပါးသော ဤအဝိဇ္ဇာနှင့် သင်္ခါရတို့သည် စွဲ၍ဖြစ်သော အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း (အကျိုး)ကို သိမ်း ဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရတို့သည် စွဲ၍ဖြစ်သော အကြောင်းဖြစ်ကုန်၏၊ ဝိညာဏ်သည် စွဲ၍ဖြစ်သောအကြောင်း ကြောင့်ဖြစ်၏။ပ။ ဝိညာဏ်သည် စွဲ၍ဖြစ်သောအကြောင်း ဖြစ်၏၊ နာမ်ရုပ်သည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်၏။ နာမ်ရုပ်သည် စွဲ၍ဖြစ်သောအကြောင်းဖြစ်၏၊ သဠာယတနသည် စွဲ၍ ဖြစ်သောအကြောင်းကြောင့်ဖြစ်၏။ သဠာယတနသည် စွဲ၍ဖြစ်သောအကြောင်းဖြစ်၏၊ ဖဿသည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်၏။ ဖဿသည် စွဲ၍ဖြစ်သောအကြောင်းဖြစ်၏၊ ဝေဒနာသည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်၏။ ဝေဒနာသည် စွဲ၍ဖြစ်သောအကြောင်းဖြစ်၏၊ တဏှာ သည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်၏။ တဏှာသည် စွဲ၍ဖြစ်သော အကြောင်းဖြစ်၏၊ ဥပါဒါန်သည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်၏။ ဥပါဒါန်သည် စွဲ၍ဖြစ်သောအကြောင်း

http://www.dhammadownload.com



ဖြစ်၏၊ ဘဝသည် စွဲ၍ဖြစ်သော အကြောင်းကြောင့် ဖြစ်၏။ ဘဝသည် စွဲ၍ဖြစ်သော အကြောင်း ဖြစ်၏၊ ဇာတိသည် စွဲ၍ဖြစ်သောအကြောင်းကြောင့်ဖြစ်၏။ ဇာတိသည် စွဲ၍ဖြစ်သောအကြောင်း ဖြစ်၏၊ ဇရာမရဏသည် စွဲ၍ဖြစ်သောအကြောင်းကြောင့်ဖြစ်၏၊ နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် စွဲ၍ဖြစ်သောအကြောင်းကြောင့်ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း ဇာတိသည် စွဲ၍ဖြစ်သောအကြောင်းတည်း၊ ဇရာမရဏသည် စွဲ၍ဖြစ်သောအကြောင်းကြောင့်ဖြစ်ပေ၏။ နှစ်ပါးသော ဤဇာတိနှင့် ဇရာမရဏတို့သည် စွဲ၍ဖြစ်သော အကြောင်းကြောင့်ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အဝိဇ္ဇာသည် ဥပထမ္ဘက အကြောင်းတည်း၊ သင်္ခါရတို့သည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်ကုန်၏။ နှစ်ပါးသော ဤအဝိဇ္ဇာသင်္ခါရတို့သည် ဥပထမ္ဘကအကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏၊

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း အဝိဇ္ဇာသည် ဥပထမ္ဘကအကြောင်းတည်း၊ သင်္ခါရတို့သည် ဥပထမ္ဘကအကြောင်းကြောင့် ဖြစ်ကုန်၏။ နှစ်ပါးသော အဝိဇ္ဇာသင်္ခါရတို့သည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

သင်္ခါရတို့သည် ဥပထမ္ဘကအကြောင်းတို့တည်း၊ ဝိညာဏ်သည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်၏။ပ။ ဝိညာဏ်သည် ဥပထမ္ဘက အကြောင်းတည်း၊ နာမ်ရုပ်သည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်၏။ နာမ်ရုပ်သည် ဥပထမ္ဘက အကြောင်းတည်း၊ သဠာယတနသည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ သဠာယတနသည် ဥပထမ္ဘကအကြောင်းတည်း၊ ဖဿသည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ ဖဿသည် ဥပထမ္ဘက အကြောင်းတည်း၊ ဝေဒနာသည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ ဝေဒနာသည် ဥပထမ္ဘက အကြောင်းတည်း၊ တဏှာသည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ တဏှာသည် ဥပထမ္ဘက အကြောင်းတည်း၊ ဥပါဒါန်သည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ ဥပါဒါန်သည် ဥပထမ္ဘက အကြောင်းတည်း၊ ဘဝသည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်၏။ ဘဝသည် ဥပထမ္ဘက အကြောင်းတည်း၊ ဇာတိသည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်၏။ ဇာတိသည် ဥပထမ္ဘကအကြောင်းတည်း၊ ဇရာမရဏသည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်၏။ နှစ်ပါးသော ဤ ဇာတိ ဇရာမရဏတို့သည် ဥပထမ္ဘက အကြောင်းကြောင့်ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌ (ဖြစ်သော) ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရှင်း အနာဂတ်ကာလပတ်လုံးရှင်း ဇာတိသည် ဥပထမ္ဘက အကြောင်းတည်း၊ ဇရာမရဏသည် ဥပထမ္ဘကအကြောင်းကြောင့်ဖြစ်၏။ နှစ်ပါးသော ဤဇာတိဇရာမရဏတို့သည် ဥပထမ္ဘက အကြောင်းကြောင့် ဖြစ်ကုန်၏ဟု အကြောင်း(အကျိုး)ကို သိမ်းဆည်းရာ၌(ဖြစ်သော)ပညာသည် ဓမ္မဋ္ဌိတိဉာဏ်မည်၏။

http://www.dhammadownload.com



၄၇။ ရှေးကမ္မဘဝ၌ တွေဝေမှုမောဟသည် အဝိဇ္ဇာမည်၏၊ အားထုတ်မှုသည် သင်္ခါရမည်ကုန်၏၊ လိုချင်တပ်မက်မှုသည် တဏှာမည်၏၊ မြဲမြံစွာစွဲယူခြင်းသည် ဥပါဒါန်မည်၏၊ စေ့ဆော်ကြောင့်ကြမှုစေတနာသည် ဘဝမည်၏၊ ရှေးကမ္မဘဝ၌ဖြစ်သော ဤ တရားငါးပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်ကုန်၏၊ ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည် ဝိညာဏ်မည်၏၊ သက်ဝင်ဘိသကဲ့သို့ဖြစ်သောတရားသည် နာမ်ရုပ်မည်၏၊ မဟာဘုတ်တို့၏ကြည်သည်၏အဖြစ်သည် အာယတနမည်၏၊ တွေ့ထိခြင်းသဘောသည် ဖဿမည်၏၊ ခံစားခြင်းသဘောသည် ဝေဒနာမည်၏၊ ဤပစ္စုပ္ပန်ဝိပါက်ဘဝ၌ဖြစ်သော ဤ တရားငါးပါးတို့သည် ရှေးကပြုအပ်သော ကံ၏အကြောင်းဖြစ်ကုန်၏၊ ဤပစ္စုပ္ပန်ဘဝ၌ အာယတနတို့၏ ရင့်ပြီးသည်၏အဖြစ်ကြောင့် တွေဝေမှုမောဟသည် အဝိဇ္ဇာမည်၏၊ အားထုတ်မှုသည် သင်္ခါရမည်၏၊ တပ်မက်မှုသည် တဏှာမည်၏၊ မြဲမြံစွာစွဲယူခြင်းသည် ဥပါဒါန်မည်၏၊ စေ့ဆော်ကြောင့်ကြမှုသည် ဘဝမည်၏၊ ဤ ပစ္စုပ္ပန်ကမ္မဘဝ၌ဖြစ်သော ဤ တရားငါးပါးတို့သည် နောင်အခါ ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်၏။

နောင်အခါ၌ ပဋိသန္ဓေသည် ဝိညာဏ်မည်၏၊ သက်ဝင်ဘိသကဲ့သို့ဖြစ်သောတရားသည် နာမ်ရုပ်မည်၏၊ မဟာဘုတ်တို့၏ ကြည်သည်၏အဖြစ်သည် အာယတနမည်၏၊ တွေ့ထိခြင်းသဘောသည် ဖဿမည်၏၊ ခံစားခြင်းသဘောသည် ဝေဒနာမည်၏၊ နောင် ဥပပတ္တိဘဝ၌ဖြစ်သော ဤ တရားငါးပါးတို့သည် ဤပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ကံ၏အကြောင်း ဖြစ်ကုန်၏။

ဤသို့ အလွှာလေးပါးတို့ကိုရင်း ကာလသုံးပါးတို့ကိုရင်း သုံးပါးသောအစပ်ရှိသော ပဋိစ္စသမုပ္ပါဒ်ကိုရင်း အခြင်းအရာနှစ်ဆယ်တို့ဖြင့် သိတော်မူ၏၊ မြင်တော်မူ၏၊ ထူးသောဉာဏ်ဖြင့် သိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏၊ ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အကြောင်း(တရား)တို့ကို သိမ်းဆည်းမှု၌(ဖြစ်သော)ပညာကို ဓမ္မဋ္ဌိတိဉာဏ်မည်၏ဟု ဆိုအပ်၏။

လေးခုမြောက် ဓမ္မဋ္ဌိတိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၅-သမ္မသနဉာဏ် အကျယ်ပြခြင်း

၄၈။ အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို အကျဉ်းချုံး၍ ပိုင်းခြားဆုံးဖြတ်နိုင်သော ပညာသည် အဘယ်သို့လျှင် သမ္မသနဉာဏ်မည်သနည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန်အတွင်းအပြင် ကြမ်းတမ်းသိမ်မွေ့ အယုတ်အမြတ် အဝေးအနီး ဖြစ်သောရုပ်အားလုံးကို အနိစ္စဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း 'သမ္မသန'မည်၏၊ ဒုက္ခဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသောသုံးသပ်ဆင်ခြင်ခြင်း'သမ္မသန'မည်၏၊ အနတ္တဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း'သမ္မသန'မည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်အတွင်းအပြင် ကြမ်းတမ်းသိမ်မွေ့ အယုတ်အမြတ် အဝေးအနီး ဖြစ်သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်အားလုံးကို အနိစ္စဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း'သမ္မသန'မည်၏၊ ဒုက္ခဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း 'သမ္မသန'မည်၏၊ အနတ္တဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း'သမ္မသန'မည်၏။

http://www.dhammadownload.com



မျက်စိကို။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာ မရဏကို အနိစ္စဟု ပိုင်းခြား မှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း 'သမ္မသန'မည်၏၊ ဒုက္ခဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသောသုံးသပ်ဆင်ခြင်ခြင်း 'သမ္မသန' မည်၏၊ အနတ္တဟု ပိုင်းခြားမှတ်သားခြင်းသည် တခုသော သုံးသပ်ဆင်ခြင်ခြင်း 'သမ္မသန'မည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို ကုန်ဆုံးခြင်းသဘောကြောင့် အနိစ္စမည်၏၊ နှိပ်စက်တတ်သောသဘောကြောင့် ဒုက္ခမည်၏၊ အနှစ်မရှိသောသဘောကြောင့် အနတ္တမည်၏ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသန ဉာဏ်မည်၏။

ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို။ပ။ မျက်စိကို။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏကို ကုန်ဆုံးတတ်သော သဘောကြောင့် အနိစ္စမည်၏၊ နှိပ်စက်တတ်သောသဘောကြောင့် ဒုက္ခမည်၏၊ အနှစ်မရှိသောသဘောကြောင့် အနတ္တမည်၏ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ ဖြစ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို "အနိစ္စမည်၏ဟုရင်း ပြုပြင်အပ်၏ဟုရင်း အကြောင်းကိုစွဲ၍ဖြစ်၏ဟုရင်း ကုန်ခြင်းသဘော ပျက်ခြင်းသဘော ကင်းခြင်းသဘော ချုပ်ငြိမ်းခြင်းသဘောရှိ၏" ဟုရင်း အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသန ဉာဏ်မည်၏။

ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ပ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏကို "အနိစ္စမည်၏ဟုရင်း ပြုပြင်အပ်၏ဟုရင်း အကြောင်းကို စွဲ၍ဖြစ်၏ဟုရင်း ကုန်ခြင်းသဘော ပျက်ခြင်းသဘော ကင်းခြင်းသဘော ချုပ်ငြိမ်းခြင်းသဘောရှိ၏"ဟုရင်း အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသန ဉာဏ်မည်၏။

"ဇာတိကြောင့် ဇရာမရဏသည်ဖြစ်၏၊ ဇာတိမရှိသော် ဇရာမရဏသည်မရှိ"ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသန ဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရင်း အနာဂတ်ကာလပတ်လုံးရင်း "ဇာတိကြောင့် ဇရာမရဏသည်ဖြစ်၏၊ ဇာတိမရှိသော် ဇရာမရဏသည် မရှိ၏"ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ ဖြစ်သော ပညာသည် သမ္မသနဉာဏ် မည်၏။

ဘဝကြောင့် ဇာတိဖြစ်၏၊ မရှိသော်။ပ။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏၊ မရှိသော်။ပ။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ မရှိသော်။ပ။ ဝေဒနာကြောင့် တဏှာဖြစ်၏၊ မရှိသော်။ပ။ ဖဿကြောင့် ဝေဒနာဖြစ်၏၊ မရှိသော်။ပ။ သဠာယတနကြောင့် ဖဿဖြစ်၏၊ မရှိသော်။ပ။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏၊ မရှိသော်။ပ။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ မရှိသော်။ပ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊ မရှိသော်။ပ။ "အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏၊ အဝိဇ္ဇာမရှိသော် သင်္ခါရမရှိကုန်"ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

အတိတ်ကာလပတ်လုံးရင်း အနာဂတ်ကာလပတ်လုံးရင်း "အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏၊ အဝိဇ္ဇာမရှိသော် သင်္ခါရတို့မရှိကုန်"ဟု အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာသည် သမ္မသနဉာဏ်မည်၏။

http://www.dhammadownload.com



ထိုသမ္မသနဉာဏ်သည်သိတတ်သောအနက်သဘောကြောင့်ဉာဏ်မည်၏၊ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်တရားတို့ကို အကျဉ်းချုံး၍ ပိုင်းခြားမှတ်သားရာ၌ဖြစ်သော ပညာကို သမ္မသနဉာဏ်မည်၏ ဟု ဆိုအပ်၏။

ငါးခုမြောက် သမ္မသနဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၆-ဥဒယဗ္ဗယဉာဏ် အကျယ်ပြခြင်း

၄၉။ ပစ္စုပ္ပန်တရားတို့၏ ဖောက်ပြန်ပျက်စီးခြင်းကို ရှုမြင်နိုင်သော ပညာသည် အဘယ်သို့လျှင် ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်သနည်း။

ဖြစ်ပေါ်လာသောရုပ်သည် ပစ္စုပ္ပန်မည်၏၊ ထိုပစ္စုပ္ပန်ရုပ်၏ ဖြစ်ပေါ်ခြင်းလက္ခဏာသည် ဖြစ်ခြင်း ဥဒယမည်၏။

ဖောက်ပြန်ခြင်းလက္ခဏာသည် ဝယမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏။

ဖြစ်ပေါ်လာသော ဝေဒနာသည်။ ဖြစ်ပေါ်လာသော သညာသည်။ ဖြစ်ပေါ်လာသော သင်္ခါရတို့သည်။ ဖြစ်ပေါ်လာသော ဝိညာဏ်သည်။ ဖြစ်ပေါ်လာသောမျက်စိသည်။ပ။ ဖြစ်ပေါ်လာသောဘဝသည် ပစ္စုပ္ပန်မည်၏၊ ထိုပစ္စုပ္ပန်ဘဝ၏ ဖြစ်ပေါ်ခြင်းလက္ခဏာသည် ဥဒယမည်၏၊ ဖောက်ပြန်ခြင်းလက္ခဏာသည် ဝယမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏။

၅၀။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကိုရှုသောသူသည် အဘယ်မျှသောလက္ခဏာတို့ကို မြင်သနည်း။ ပျက်ခြင်းကိုရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကို မြင်သနည်း၊ ဖြစ်ခြင်း ပျက်ခြင်းကို ရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကိုမြင်သနည်း။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကိုရှုသောသူသည် နှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကိုမြင်၏၊ ပျက်ခြင်းကိုရှုသောသူသည် နှစ်ဆယ့်ငါးပါးသော လက္ခဏာတိကို မြင်၏၊ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် ငါးဆယ်သောလက္ခဏာတို့ကို မြင်၏။

ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကို မြင်သနည်း၊ ပျက်ခြင်းကိုရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကိုမြင်သနည်း၊ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကို မြင်သနည်း။

ဝေဒနာက္ခန္ဓာ၏။ပ။ သညာက္ခန္ဓာ၏။ပ။ သင်္ခါရက္ခန္ဓာ၏။ပ။ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကို မြင်သနည်း၊ ပျက်ခြင်းကိုရှုသောသူသည် အဘယ်မျှသောလက္ခဏာတို့ကို မြင်သနည်း၊ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် အဘယ်မျှသော လက္ခဏာတို့ကို မြင်သနည်း။

ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုသောသူသည် ငါးပါးသောလက္ခဏာတို့ကိုမြင်၏၊ ပျက်ခြင်းကိုရှုသောသူသည် ငါးပါးသောလက္ခဏာတို့ကို မြင်၏၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုသောသူသည် ဆယ်ပါးသော လက္ခဏာတို့ကို မြင်၏။

http://www.dhammadownload.com



ဝေဒနာက္ခန္ဓာ၏။ပ။ သညာက္ခန္ဓာ၏။ သင်္ခါရက္ခန္ဓာ၏။ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသော သူသည် ငါးပါးသောလက္ခဏာတို့ကိုမြင်၏၊ ပျက်ခြင်းကိုရှုသောသူသည် ငါးပါးသော လက္ခဏာ တို့ကိုမြင်၏၊ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် ဆယ်ပါးသော လက္ခဏာတို့ကိုမြင်၏။

ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသော လက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ဖြစ်ပေါ်ခြင်း လက္ခဏာကိုရှုသောသူသည်လည်း ရူပက္ခန္ဓာ၏ဖြစ်ခြင်းကိုမြင်၏၊ ရူပက္ခန္ဓာ၏ဖြစ် ခြင်းကိုရှုသောသူသည် ဤငါးပါးသောလက္ခဏာတို့ကိုမြင်၏။

ပျက်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသော လက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

တဏှာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ရူပက္ခန္ဓာ ၏ ပျက်ခြင်းကိုမြင်၏။

ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဖောက်ပြန်သောလက္ခဏာကိုရှုသောသူသည်လည်း ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏၊ ရူပက္ခန္ဓာ၏ ပျက်ခြင်းကိုရှုသောသူသည် ဤငါးပါးသော လက္ခဏာတို့ကိုမြင်၏။ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသော သူသည် ဤဆယ်ပါးသောလက္ခဏာတို့ကိုမြင်၏။

ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသော လက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝေဒနာ၏ ဖြစ်ခြင်းကိုမြင်၏။

တဏှာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ကံဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

http://www.dhammadownload.com



ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ဖြစ်ပေါ်ခြင်း လက္ခဏာကိုရှုသော သူသည်လည်း ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏၊ ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းကို ရှုသောသူသည် ဤငါးပါးသော အမှတ်လက္ခဏာတို့ကိုမြင်၏။

ပျက်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသောလက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

တဏှာချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ကံချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဖောက်ပြန်သော လက္ခဏာကိုရှုသောသူသည်လည်း ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏၊ ဝေဒနာက္ခန္ဓာ၏ ပျက်ခြင်းကိုရှုသောသူသည် ဤငါးပါးသော လက္ခဏာတို့ကိုမြင်၏။ ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် ဤဆယ်ပါးသော လက္ခဏာတို့ကိုမြင်၏။

သညာက္ခန္ဓာ၏။ပ။ သင်္ခါရက္ခန္ဓာ၏။ပ။ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသော လက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝိညာဏ်၏ ဖြစ်ခြင်းကိုမြင်၏။

တဏှာဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ကံဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

နာမ်ရုပ်ဖြစ်ခြင်းကြောင့် ဝိညာဏ်ဖြစ်၏ဟု အကြောင်းကြောင့်ဖြစ်သော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ဖြစ်ပေါ်ခြင်းလက္ခဏာကို ရှုသောသူသည်လည်း ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုမြင်၏။

ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းကိုရှုသောသူသည် ဤငါးပါးသောလက္ခဏာတို့ကိုမြင်၏။

ပျက်ခြင်းကိုရှုသောသူသည် အဘယ်ငါးပါးသောလက္ခဏာတို့ကိုမြင်သနည်း။

အဝိဇ္ဇာချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

http://www.dhammadownload.com



တဏှာချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ကံချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်၏ဟု အကြောင်းချုပ်ခြင်းဟူသော အနက်အားဖြင့် ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဖောက်ပြန်သောလက္ခဏာကို ရှုသောသူသည်လည်း ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုမြင်၏။

ဝိညာဏက္ခန္ဓာ၏ ပျက်ခြင်းကိုရှုသောသူသည် ဤငါးပါးသော လက္ခဏာတို့ကိုမြင်၏။

ဖြစ်ခြင်း ပျက်ခြင်းကိုရှုသောသူသည် ဤဆယ်ပါးသော လက္ခဏာတို့ကိုမြင်၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းကို ရှုသောသူသည် ဤနှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကိုမြင်၏၊ ပျက်ခြင်းကို ရှုသောသူသည် ဤနှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကို မြင်၏၊ ဖြစ်ခြင်းပျက်ခြင်းကို ရှုသောသူသည် ဤငါးဆယ်သောလက္ခဏာတို့ကိုမြင်၏။

ထိုဥဒယဗ္ဗယာနုဿနာဉာဏ်သည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ပစ္စုပ္ပန်တရားတို့၏ ဖောက်ပြန် ပျက်စီးခြင်းကို ရှုမြင်နိုင်သောပညာကို ဥဒယဗ္ဗယာနုပဿနာဉာဏ်မည်၏ ဟု ဆိုအပ်၏။

ရူပက္ခန္ဓာသည် အာဟာရလျှင်ဖြစ်ကြောင်းရှိ၏၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ သုံးပါးတို့သည် ဖဿသာလျှင်ဖြစ်ကြောင်း ရှိကုန်၏၊ ဝိညာဏက္ခန္ဓာသည် နာမ်ရုပ်လျှင်ဖြစ်ကြောင်း ရှိ၏။

၆-ခြောက်ခုမြောက် ဥဒယဗ္ဗယဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၇-ဘင်္ဂါနုပဿနာဉာဏ် အကျယ်ပြခြင်း

၅၁။ အာရုံကိုဆင်ခြင်၍အပျက်ကိုရှုမြင်နိုင်သောပညာသည် အဘယ်သို့လျှင် ဝိပဿနာဉာဏ်မည်သနည်း။

**အဆင်းလျှင် အာရုံရှိသည်၏အဖြစ်ဖြင့် စိတ်သည်ဖြစ်၍ပျက်၏၊ ထိုအာရုံကိုဆင်ခြင်၍ ထိုစိတ်၏ ပျက်ခြင်းကိုအဖန်ဖန်ရှု၏။**

အဖန်ဖန်ရှု၏ဟူရာ၌ အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။

အနိစ္စအားဖြင့် အဖန်ဖန်ရှု၏။ နိစ္စအားဖြင့်မရှု။ ဒုက္ခအားဖြင့် အဖန်ဖန်ရှု၏၊ သုခအားဖြင့် မရှု။ အနတ္တအားဖြင့် အဖန်ဖန်ရှု၏၊ အတ္တအားဖြင့်မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်နှစ်သက်ခြင်း ကင်း၏၊ တပ်နှစ်သက်သည်မဟုတ်၊ ချုပ်ငြိမ်းစေ၏၊ မဖြစ်ပေါ်စေ။ စွန့်လွှတ်၏၊ စွဲယူခြင်းမရှိ။

၅၂။ **အနိစ္စအားဖြင့် အဖန်ဖန်ရှုသော်** မြဲ၏ဟူသောအမှတ်သညာကို ပယ်စွန့်၏၊ဒုက္ခအားဖြင့် **အဖန်ဖန်ရှုသော်** ချမ်းသာဟူသော အမှတ်သညာကိုပယ်စွန့်၏၊ **အနတ္တအားဖြင့် အဖန်ဖန်ရှုသော်**

http://www.dhammadownload.com



အတ္တဟူသောအမှတ်သညာကိုပယ်စွန့်၏၊ငြီးငွေ့သော်နှစ်သက်ခြင်းကို ပယ်စွန့်၏၊တပ်ခြင်းကင်းသော် တပ်ခြင်းရာဂကိုပယ်စွန့်၏၊ ချုပ်ငြိမ်းသော် ဖြစ်ခြင်းကိုပယ်စွန့်၏၊ တဖန်စွန့်သော် စွဲယူခြင်းကို ပယ်စွန့်၏။

ဝေဒနာလျှင်အာရုံရှိသည်၏အဖြစ်ဖြင့်။ ပ ။

သညာလျှင်အာရုံရှိသည်၏အဖြစ်ဖြင့်။

သင်္ခါရတို့လျှင်အာရုံရှိသည်၏အဖြစ်ဖြင့်။

ဝိညာဏ်လျှင် အာရုံရှိသည်၏ အဖြစ်ဖြင့်။

မျက်စိလျှင်။ ပ ။ဇရာမရဏလျှင် အာရုံရှိသည်၏အဖြစ်ဖြင့် စိတ်သည်ဖြစ်၍ပျက်၏၊ ထိုအာရုံကို ဆင်ခြင်၍ ထိုစိတ်၏ပျက်ခြင်းကိုအဖန်ဖန်ရှု၏။

အဖန်ဖန်ရှု၏ဟူရာ၌ အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။

အနိစ္စအားဖြင့် အဖန်ဖန်ရှု၏၊ နိစ္စအားဖြင့်မရှု။ ဒုက္ခအားဖြင့်အဖန်ဖန်ရှု၏၊ သုခအားဖြင့်မရှု။ အနတ္တအားဖြင့်အဖန်ဖန်ရှု၏၊ အတ္တအားဖြင့်မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်နှစ်သက်ခြင်းကင်း၏၊ တပ်နှစ်သက်သည်မဟုတ်၊ ချုပ်ငြိမ်းစေ၏၊ မဖြစ်ပေါ်စေ။ စွန့်လွှတ်၏၊ စွဲယူခြင်းမရှိ။

အနိစ္စအားဖြင့်အဖန်ဖန်ရှုသော်မြဲ၏ဟူသောအမှတ်သညာကို ပယ်စွန့်၏၊ဒုက္ခအားဖြင့် အဖန်ဖန် ရှုသော် ချမ်းသာဟူသော အမှတ်သညာကို ပယ်စွန့်၏၊ အနတ္တအားဖြင့် အဖန်ဖန်ရှုသော် အတ္တ ဟူသော အမှတ်သညာကို ပယ်စွန့်၏၊ ငြီးငွေ့သော်နှစ်သက်ခြင်းကို ပယ်စွန့်၏၊ တပ်ခြင်းကင်းသော် တပ်ခြင်း ရာဂကို ပယ်စွန့်၏၊ ချုပ်ငြိမ်းသော် ဖြစ်ခြင်းကို ပယ်စွန့်၏၊ တဖန်စွန့်သော် စွဲယူခြင်းကို ပယ်စွန့်၏။

> ဝတ္ထုပြောင်းရွှေ့ခြင်းသည်၎င်း ပညာ၏ လည်၍ဖြစ်ခြင်းသည်၎င်း ဆင်ခြင်ခြင်းငှါ စွမ်းနိုင်သော ဉာဏ်သည်၎င်း (ဤဉာဏ်သုံးပါး အပေါင်းသည်) ဆင်ခြင်၍ ရှုတတ်သော 'ပဋိသင်္ခါဝိပဿနာ' ဉာဏ်မည်၏။
>
> အာရုံသို့အစဉ်လျောက်သဖြင့်(အတိတ်အနာဂတ်) အပျက်နှစ်မျိုးတို့ကို တူသော အားဖြင့် ပိုင်းခြားခြင်း၎င်း နိဗ္ဗာန်၌ စိတ်၏သက်ဝင်ညွတ်ကိုင်းခြင်း၎င်း (ဤဉာဏ် နှစ်ပါးသည်) အပျက်လက္ခဏာကိုရှုတတ်သော 'ဝယလက္ခဏာ ဝိပဿနာ'မည်၏။
>
> အာရုံကိုလည်းဆင်ခြင်၍ အပျက်ကိုလည်း အဖန်ဖန်ရှုခြင်း၎င်း။ ဆိတ်သုံးသော အားဖြင့်ထင်ခြင်း၎င်း ဤဉာဏ်နှစ်ပါးအပေါင်းသည် 'အဓိပညာဝိပဿနာ' မည်၏။
>
> ဆိုခဲ့ပြီးအနိစ္စာနုပဿနာစသော အနုပဿနာဉာဏ်သုံးပါးတို့၌ ကျွမ်းကျင်သော သူသည် နိဗ္ဗိဒါနုပဿနာစသော လေးပါးသော ဝိပဿနာတို့၌၎င်း ကုန်ခြင်းစသော သုံးပါးသောဆင်ခြင်ခြင်း၌၎င်း လိမ္မာသည်၏အဖြစ်ကြောင့်အထူးထူးသော အယူဝါဒ တို့၌ မတုန်လှုပ်။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အာရုံကိုဆင်ခြင်၍ အပျက်ကို ရှုမြင်နိုင် သော ပညာကို ဘင်္ဂါနုပဿနာဉာဏ်ဟု ဆိုအပ်၏။

ခုနစ်ခုမြောက် ဘင်္ဂါနုပဿနာဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ဂ-အာဒီနဝဉာဏ် အကျယ်ပြခြင်း

၅၃။ ဘေးဟုထင်မြင်လာသောပညာသည် အဘယ်သို့လျှင်အာဒီနဝဉာဏ်မည်သနည်း။

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏ဟု ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝဉာဏ် မည်၏။

ဖြစ်ပွါးခြင်းသည်ဘေးမည်၏ဟု ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝဉာဏ် မည်၏။

သင်္ခါရနိမိတ်သည်ဘေးမည်၏ဟု။ ပ ။

နောင်ပဋိသန္ဓေ၏အကြောင်းဖြစ်သော အားထုတ်ခြင်းသည်ဘေးမည်၏ဟု။ ပ ။

တဖန်ဘဝသစ်၌ ဖြစ်ခြင်းသည် ဘေးမည်၏ဟု။ ပ ။

ဂတိသည် ဘေးမည်၏ဟု။ ပ ။

ခန္ဓာတို့၏ဖြစ်ခြင်းသည်ဘေးမည်၏ဟု။ ပ ။

မဟာဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းသည်ဘေးမည်၏ဟု။ ပ ။

ပဋိသန္ဓေနေခြင်းသည်ဘေးမည်၏ဟု။ ပ ။

အိုခြင်းသည်ဘေးမည်၏ဟု။ ပ ။

နာခြင်းသည်ဘေးမည်၏ဟု။ ပ ။

သေခြင်းသည်ဘေးမည်၏ဟု။ ပ ။

စိုးရိမ်ခြင်းသည်ဘေးမည်၏ဟု။ ပ ။

ငိုကြွေးမြည်တမ်းခြင်းသည်ဘေးမည်၏ဟု။ ပ ။

ပြင်းစွာ ပင်ပန်းခြင်းသည် ဘေးမည်၏ဟု ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝ ဉာဏ် မည်၏။

မဖြစ်ပေါ်ခြင်းသည်ဘေးကင်းရာမည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒ ဉာဏ် မည်၏၊ မဖြစ်ပွါးခြင်းသည် ဘေးကင်းရာမည်၏ဟု(ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ ပ ။

ပြင်းစွာမပပန်ခြင်းသည် ဘေးကင်းရာဟု(ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒ ဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည်ဘေးမည်၏၊ မဖြစ်ပေါ်ခြင်းသည် ဘေးကင်းရာမည်၏ဟု (ဖြစ်သော)ပညာ သည် ငြိမ်းအေးသောသန္တိပဒဉာဏ်မည်၏၊ ဖြစ်ပွါးခြင်းသည် ဘေးမည်၏၊ မဖြစ်ပွါးခြင်းသည် ဘေးကင်းရာမည်၏ဟု(ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ပ ။

ပြင်းစွာပင်ပန်းခြင်းသည် ဘေးမည်၏၊ ပြင်းစွာမပင်ပန်းခြင်းသည် ဘေးကင်းရာ မည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟူ၍ ဘေးဟုထင်ရာ၌(ဖြစ်သော) ပညာသည် အာဒီဝနဉာဏ် မည်၏။

http://www.dhammadownload.com



ဖြစ်ပွါးခြင်းသည်ဆင်းရဲတည်းဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝဉာဏ် မည်၏။ ပ ။

ပြင်းစွာပင်ပန်းခြင်းသည် ဆင်းရဲတည်းဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော)ပညာသည် အာဒီနဝ ဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု(ဖြစ်သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ် မည်၏၊မဖြစ်ပွါးခြင်းသည် ချမ်းသာတည်းဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒ ဉာဏ်မည်၏။ ပ ။

ပြင်းစွာမပင်ပန်းခြင်းသည် ချမ်းသာတည်းဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု (ဖြစ်သော) ပညာ သည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏၊ ဖြစ်ပွါးခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပွါးခြင်းသည် ချမ်းသာတည်းဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ ပ ။

ပြင်းစွာပင်ပန်းခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာမပင်ပန်းခြင်းသည် ချမ်းသာတည်းဟု (ဖြစ် သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည်သာမိသမည်၏ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝ ဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် သာမိသမည်၏ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီနဝ ဉာဏ်မည်၏။ ပ ။

ပြင်းစွာပင်ပန်းခြင်းသည်သာမိသမည်၏ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော)ပညာသည် အာဒီ နဝဉာဏ် မည်၏။

မဖြစ်ပေါ်ခြင်းသည် နိရာမိသ မည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒ ဉာဏ်မည်၏၊ မဖြစ်ပွါးခြင်းသည် နိရာမိသမည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ ပ ။

ပြင်းစွာမပင်ပန်းခြင်းသည် နိရာမိသမည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည်သာမိသမည်၏။ မဖြစ်ပေါ်ခြင်းသည် နိရာမိသမည်၏ဟု (ဖြစ်သော) ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည်သာမိသမည်၏၊ မဖြစ်ပွါးခြင်းသည် နိရာမိသမည်၏ဟု (ဖြစ်သော) ပညာ သည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ ပ ။

ပြင်းစွာပင်ပန်းခြင်းသည် သာမိသမည်၏၊ ပြင်းစွာမပင်ပန်းခြင်းသည် နိရာမိသမည်၏ဟု (ဖြစ် သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည်သင်္ခါရတို့မည်ကုန်၏ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီ နဝဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် သင်္ခါရတို့မည်ကုန်၏ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော) ပညာသည် အာဒီ နဝဉာဏ်မည်၏။ ပ ။

http://www.dhammadownload.com



ပြင်းစွာပင်ပန်းခြင်းသည် သင်္ခါရတို့မည်ကုန်၏ ဟူ၍ ဘေးဟုထင်ရာ၌ (ဖြစ်သော)ပညာသည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် နိဗ္ဗာန်မည်၏ဟု (ဖြစ်သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ် မည်၏၊ မဖြစ်ပွါးခြင်းသည် နိဗ္ဗာန်မည်၏ဟု (ဖြစ်သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ် မည်၏။ ပ ။

ပြင်းစွာမပင်ပန်းခြင်းသည် နိဗ္ဗာန်မည်၏ဟု (ဖြစ်သော)ပညာသည် ငြိမ်းအေးသော သန္တိပဒ ဉာဏ် မည်၏။

ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏၊ မဖြစ်ပေါ်ခြင်းစသည်သည် နိဗ္ဗာန်မည်၏ ဟု (ဖြစ် သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် သင်္ခါရတို့မည်ကုန်၏၊ မဖြစ်ပွါးခြင်းသည် နိဗ္ဗာန်မည်၏ဟု (ဖြစ်သော)ပညာ သည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။ပ။

ပြင်းစွာပင်ပန်းခြင်းသည် သင်္ခါရတို့မည်ကုန်၏၊ ပြင်းစွာမပင်ပန်းခြင်းသည် နိဗ္ဗာန်မည်၏ဟု (ဖြစ်သော)ပညာသည် ငြိမ်းအေးသော သန္တိပဒဉာဏ်မည်၏။

> ဖြစ်ပေါ်ခြင်းကိုရင်း ဖြစ်ပွါးခြင်းကိုရင်း သင်္ခါရနိမိတ်ကိုရင်း ဒုက္ခဟူ၍၏၊ အားထုတ်ခြင်း တဖန်ဘဝသစ်၌ဖြစ်ခြင်း ဤနှစ်ပါး၌ဖြစ်သောဉာဏ်သည် အာဒီနဝ ဉာဏ်မည်၏။
>
> မဖြစ်ပေါ်ခြင်းကိုရင်း မဖြစ်ပွါးခြင်းကိုရင်းသင်္ခါရနိမိတ်ကင်းခြင်းကိုရင်း သုခဟူ ၍၏။ အားမထုတ်ခြင်း တဖန်ဘဝသစ်၌မဖြစ်ခြင်း ဤနှစ်ပါး၌ဖြစ်သော ဉာဏ်သည် ငြိမ်းချမ်းရာနိဗ္ဗာန်၌ ဉာဏ်မည်၏။
>
> ဤအာဒီနဝဉာဏ်သည် အရာငါးပါးတို့၌ဖြစ်၏၊ ငြိမ်းချမ်းရာနိဗ္ဗာန်၌ ဖြစ်သော ဤသန္တိပဒဉာဏ်သည် အရာငါးပါးတို့၌ ဖြစ်၏။ (ဤဉာဏ်နှစ်ပါးကို သိသူသည်) ဉာဏ်ဆယ်ပါးတို့ကို အပြားအားဖြင့်သိ၏၊ ဉာဏ်နှစ်ပါးတို့၌ ကျွမ်းကျင်သည်၏ အဖြစ်ကြောင့်အယူအမျိုးမျိုးတို့၌မတုန်လှုပ်။

ထိုဝိပဿနာဉာဏ်သည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ဘေးဟုထင်မြင်လာသောပညာကို အာဒီနဝဉာဏ် မည်၏ဟု ဆိုအပ်၏။

**ရှစ်ခုမြောက် အာဒီနဝဉာဏ် အကျယ်ပြခြင်း ပြီး၏။**

---

## ၉-သင်္ခါရုပေက္ခာဉာဏ် အကျယ်ပြခြင်း

၅၄။ လွတ်မြောက်လိုခြင်းကိုဆင်ခြင်လျက်လျစ်လျူရှုတတ်သော ပညာသည် အဘယ်သို့လျှင် သင်္ခါရုပေက္ခာဉာဏ်မည်သနည်း။

http://www.dhammadownload.com



ဖြစ်ပေါ်ခြင်းကို လွတ်လိုသည်၏ အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပွါးခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

သင်္ခါရနိမိတ်ကိုလွတ်လိုသည်၏အဖြစ်ဖြင့်။ ပ ။ အားထုတ်ခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်။ တဖန်ဘဝသစ်၌ဖြစ်ခြင်းကို လွတ်လိုသည်၏ အဖြစ်ဖြင့်။ ဂတိကိုလွတ်လိုသည်၏အဖြစ်ဖြင့်။ ခန္ဓာတို့၏ ဖြစ်ခြင်းကိုလွတ်လိုသည်၏ အဖြစ်ဖြင့်။ မဟဂ္ဂုတ်ဝိပါက်၏ ဖြစ်ခြင်းကို လွတ်လိုသည်၏ အဖြစ်ဖြင့်။ ဇရာစသည်တို့၏ အကြောင်းဖြစ်သော ပဋိသန္ဓေကို လွတ်လိုသည်၏အဖြစ်ဖြင့်။ အိုခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်။ နာခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်။ သေခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်။ စိုးရိမ်ခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့်။ ငိုကြွေးခြင်းကို လွတ်လိုသည်၏ အဖြစ်ဖြင့်။ပ။ ပြင်းစွာပင်ပန်းခြင်းကို လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် ဒုက္ခမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် ဒုက္ခမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ပ။

ပြင်းစွာပင်ပန်းခြင်းသည် ဒုက္ခမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် ဘေးမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် ဘေးမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ပ။

ပြင်းစွာပင်ပန်းခြင်းသည် ဘေးမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် သာမိသမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပွါးခြင်းသည် သာမိသမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ပ။

ပြင်းစွာပင်ပန်းခြင်းသည် သာမိသမည်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

http://www.dhammadownload.com



ဖြစ်ပွါးခြင်းသည် သင်္ခါရတို့မည်ကုန်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။ပ။

ပြင်းစွာပင်ပန်းခြင်းသည် သင်္ခါရတို့မည်ကုန်၏ဟု လွတ်လိုသည်၏အဖြစ်ဖြင့် ဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဖြစ်ပေါ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏ဟု ထိုသင်္ခါရတရားတို့ကို လျစ်လျူရှုတတ်သောကြောင့် သင်္ခါရုပေက္ခာမည်၏။

သင်္ခါရဥပေက္ခာနှစ်ပါးတို့သည်လည်း သင်္ခါရမည်ကုန်၏၊ ထိုသင်္ခါရတို့ကို လျစ်လျူရှုတတ်သောကြောင့် သင်္ခါရုပေက္ခာမည်၏။

ဖြစ်ပွါးခြင်းသည် သင်္ခါရတို့မည်ကုန်၏။ပ။ သင်္ခါရနိမိတ်သည် သင်္ခါရတို့မည်ကုန်၏။ အားထုတ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ တဖန် ဘဝသစ်၌ဖြစ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ ဂတိသည် သင်္ခါရတို့မည်ကုန်၏။ ခန္ဓာတို့၏ဖြစ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ မဟဂ္ဂုတ်ဝိပါက်ဖြစ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ ပဋိသန္ဓေသည် သင်္ခါရတို့မည်ကုန်၏။ အိုခြင်းသည် သင်္ခါရတို့မည်ကုန်၏။ နာခြင်းသည် သင်္ခါရတို့မည်ကုန်၏။ သေခြင်းသည် သင်္ခါရတို့မည်ကုန်၏။ စိုးရိမ်ခြင်းသည် သင်္ခါရတို့မည်ကုန်၏။ ငိုကြွေးခြင်းသည် သင်္ခါရတို့မည်ကုန်၏။ပ။ ပြင်းစွာပင်ပန်းခြင်းသည် သင်္ခါရတို့မည်ကုန်၏။ ထိုသင်္ခါရတို့ကို လျစ်လျူရှုတတ်သောကြောင့် သင်္ခါရုပေက္ခာမည်၏။

သင်္ခါရ ဥပေက္ခာနှစ်ပါးတို့သည်လည်း သင်္ခါရတို့မည်ကုန်၏၊ ထိုသင်္ခါရတို့ကို လျစ်လျူရှုတတ်သောကြောင့် သင်္ခါရုပေက္ခာမည်၏။

၅၅။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်သနည်း။

ရှစ်ပါးသော အခြင်းအရာတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်၏။

ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ရာဂကင်းသော ရဟန္တာပုဂ္ဂိုလ်အား အဘယ်မျှသောအခြင်းအရာတို့ဖြင့် သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ နှစ်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကိုရှေးရှုဆောင်၏။

ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ သုံးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ရှေးရှုဆောင်၏။

ရာဂကင်းသော ရဟန္တာပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ သုံးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ရှေးရှုဆောင်၏။

ပုထုဇဉ်ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်သော အခြင်းအရာနှစ်ပါးဟူသည် အဘယ်နည်း။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်လည်း နှစ်သက်၏၊ အထူးထူး အပြားပြားအားဖြင့် ရှုလည်းရှု၏၊ ပုထုဇဉ်ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ ဤနှစ်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကိုရှေးရှုဆောင်၏။

http://www.dhammadownload.com



ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်သော အခြင်းအရာသုံးပါး ဟူသည် အဘယ်နည်း။

ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်လည်း နှစ်သက်၏၊ အထူးထူး အပြားပြားအားဖြင့် ရှုလည်းရှု၏၊ ဆင်ခြင်၍ ဖလသမာပတ်ကို ဝင်စားလည်း ဝင်စား၏။

ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ ဤသို့သုံးပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ရှေးရှုဆောင်၏။

ရဟန္တာပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်သော အခြင်းအရာသုံးပါးဟူသည် အဘယ်နည်း။

ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို အထူးထူး အပြားပြားအားဖြင့် ရှုလည်း ရှု၏၊ ဆင်ခြင်၍ ဖလသမာပတ်ကို ဝင်စားလည်းဝင်စား၏၊ ထိုဖိုလ်ဝင်စားခြင်းကို လျစ်လျူရှု၍ ဆိတ်ဆိတ်နေခြင်း သုညတဝိဟာရဖြင့်၎င်း အာရုံမဲ့နေခြင်း အနိမိတ္တဝိဟာရဖြင့်၎င်း မတောင့်တပဲ နေခြင်း အပ္ပဏိဟိတဝိဟာရဖြင့်၎င်း နေလည်းနေ၏။

ရဟန္တာပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ ဤသုံးပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ရှေးရှုဆောင်၏။

၅၆။ ပုထုဇဉ်ပုဂ္ဂိုလ်အားရင်း ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်အားရင်း သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် တူညီခြင်းဖြစ်သနည်း။

သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်သော ပုထုဇဉ်ပုဂ္ဂိုလ်အား စိတ်ညစ်နွမ်း၏၊ ဘာဝနာ၏ ဘေး ရန်ဖြစ်၏၊ ပဋိဝေဓဉာဏ်၏ အန္တရာယ်ဖြစ်၏၊ နောင်အခါ (ဖြစ်လတ္တံ့သော) ပဋိသန္ဓေ၏ အကြောင်းဖြစ်၏။

သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်သော ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်အား စိတ်ညစ်နွမ်း၏၊ ဘာဝနာ ၏ဘေးရန်ဖြစ်၏၊ အထက်အထက်ဖြစ်သော ပဋိဝေဓ၏အန္တရာယ်ဖြစ်၏၊ နောင်အခါ (ဖြစ်လတ္တံ့ သော) ပဋိသန္ဓေ၏အကြောင်းဖြစ်၏။

ဤသို့ ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ'တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် နှစ်သက်တတ်သော သဘောအားဖြင့် ဤသို့တူညီခြင်း ဖြစ်၏။

ပုထုဇဉ်ပုဂ္ဂိုလ် ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှု ဆောင်ခြင်းသည် အဘယ်သို့လျှင် တူညီခြင်းဖြစ်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့်ရှု၏၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်သည်လည်း သင်္ခါရုပေက္ခာဉာဏ်ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့်ရှု၏၊ ရဟန္တာ ပုဂ္ဂိုလ်သည်လည်းသင်္ခါရုပေက္ခာဉာဏ်ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့်ရှု၏၊ပုထုဇဉ်ကျင့်ဆဲ'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဖန်တလဲလဲရှုတတ် သော သဘောအားဖြင့် ဤသို့တူညီခြင်းသည်ဖြစ်၏။

http://www.dhammadownload.com



ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ'ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် ထူးခြားခြင်းဖြစ်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည် ကုသိုလ်ဖြစ်၏၊ ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည်လည်း ကုသိုလ်ဖြစ်၏၊ ရဟန္တာပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည် ကုသိုလ် အကုသိုလ်ဟုမဆိုအပ်သော အဗျာကတဖြစ်၏။

ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ကုသိုလ်အဗျာကတသဘောအားဖြင့် ဤသို့ထူးခြားခြင်းဖြစ်၏။

ပုထုဇဉ် ကျင့်ဆဲ'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့၏ သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် ထူးခြားခြင်းဖြစ်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည် ရံခါ ကောင်းစွာထင်၏၊ ရံခါ ကောင်းစွာမထင်။

ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည်လည်း ရံခါ ကောင်းစွာထင်၏၊ ရံခါ ကောင်းစွာမထင်။

ရဟန္တာပုဂ္ဂိုလ်၏ သင်္ခါရုပေက္ခာဉာဏ်သည် စင်စစ်ကောင်းစွာထင်၏။

ပုထုဇဉ် ကျင့်ဆဲ'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့၏ သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် ထင်သောသဘောအားဖြင့်၎င်း မထင်သောသဘောအားဖြင့်၎င်း ဤသို့ ထူးခြားခြင်းဖြစ်၏။

ပုထုဇဉ် ကျင့်ဆဲ'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့၏ သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် ထူးခြားခြင်းဖြစ်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို မပြီးသေးသည်၏အဖြစ်ကြောင့်ရှု၏၊ ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်သည်လည်း သင်္ခါရုပေက္ခာဉာဏ်ကို မပြီးသေးသည်၏အဖြစ်ကြောင့်ရှု၏၊ ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို ပြီးသည်၏အဖြစ်ကြောင့် ရှု၏။

ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် မပြီးသေးသောသဘောအားဖြင့်၎င်း ပြီးပြီးသောသဘောအားဖြင့်၎င်း ဤသို့ထူးခြားခြင်းဖြစ်၏။

ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် ထူးခြားခြင်းဖြစ်သနည်း။

ပုထုဇဉ်ပုဂ္ဂိုလ်သည် သံယောဇဉ်သုံးမျိုးတို့ကို ပယ်ခြင်းငှါ သောတာပတ္တိမဂ်ကိုရခြင်းငှါ သင်္ခါရုပေက္ခာဉာဏ်ကိုရှု၏။

ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်သည် သံယောဇဉ်သုံးမျိုးတို့ကို ပယ်ပြီးဖြစ်သောကြောင့် အထက်မဂ်ကိုရခြင်းငှါ သင်္ခါရုပေက္ခာဉာဏ်ကိုရှု၏။

ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာအားလုံးကို ပယ်ပြီးသည်၏အဖြစ်ကြောင့် ယခုမျက်မှောက် ချမ်းသာစွာနေခြင်းငှါ သင်္ခါရုပေက္ခာဉာဏ်ကိုရှု၏။

ပုထုဇဉ် ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကိုရှေးရှုဆောင်ခြင်းသည် ပယ်ပြီးသော သဘောအားဖြင့်၎င်း မပယ်ရသေးသောသဘောအားဖြင့်၎င်း ဤသို့ထူးခြားခြင်းဖြစ်၏။

http://www.dhammadownload.com



ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဘယ်သို့လျှင် ထူးခြားခြင်းဖြစ်သနည်း။

ကျင့်ဆဲ 'သေက္ခ' ပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်လည်း နှစ်သက်၏၊ အထူးထူး အပြားပြားအားဖြင့် ရှုလည်း ရှု၏၊ အနိစ္စစသည်တို့၏အစွမ်းအားဖြင့် ဆင်ခြင်၍ ဖလသမာပတ်ကို ဝင်စားလည်းဝင်စား၏၊ ရဟန္တာပုဂ္ဂိုလ်သည် သင်္ခါရုပေက္ခာဉာဏ်ကို အထူးထူးအပြားပြားအားဖြင့် ရှုလည်း ရှု၏၊ အနိစ္စစသည်တို့၏အစွမ်းအားဖြင့်ဆင်ခြင်၍ ဖလသမာပတ်ကိုဝင်စားလည်းဝင်စား၏၊ ထိုဖိုလ်ဝင်စားခြင်းကို လျစ်လျူရှု၍ ဆိတ်ငြိမ်စွာနေခြင်း သုညတဝိဟာရဖြင့်၎င်း အာရုံမဲ့နေခြင်း အနိမိတ္တဝိဟာရဖြင့်၎င်း မတောင့်တပဲနေခြင်း အပ္ပဏိဟိတဝိဟာရဖြင့်၎င်း နေလည်းနေ၏။

ကျင့်ဆဲ 'သေက္ခ' ရဟန္တာပုဂ္ဂိုလ်တို့အား သင်္ခါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဝိဟာရဖလသမာပတ်သာလျှင်ဖြစ်သော သဘောအားဖြင့် ဤသို့ထူးခြားခြင်းဖြစ်၏။

၅၇။ အဘယ်သင်္ခါရုပေက္ခာတို့သည် သမထ၏အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း၊ အဘယ် သင်္ခါရုပေက္ခာတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

ရှစ်ပါးသော သင်္ခါရုပေက္ခာတို့သည် သမထ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

ဆယ်ပါးသော သင်္ခါရုပေက္ခာတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အဘယ်ရှစ်ပါးသော သင်္ခါရုပေက္ခာတို့သည် သမထ၏အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

ပထမဈာန်ကိုရခြင်းငှါ နီဝရဏတို့ကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ ဒုတိယဈာန်ကိုရခြင်းငှါ ကြံစည်ခြင်း 'ဝိတက်'သုံးသပ်ခြင်း 'ဝိစာရ'တို့ကိုဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ တတိယဈာန်ကိုရခြင်းငှါ နှစ်သိမ့်ခြင်း ပီတိကိုဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏၊ စတုတ္ထဈာန်ကိုရခြင်းငှါ ချမ်းသာခြင်း 'သုခ' ဆင်းရဲခြင်း 'ဒုက္ခ' တို့ကိုဆင်ခြင်၍ လျစ်လျူရှုသော ပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်။

အာကာသာနဉ္စာယတနဈာန်သမာပတ်ကို ရခြင်းငှါ ရူပသညာ ပဋိဃသညာ နာနတ္တသညာကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဝိညာဏဉ္စာယတနဈာန်သမာပတ်ကို ရခြင်းငှါ အာကာသာနဉ္စာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

အာကိဉ္စညာယတနဈာန်သမာပတ်ကို ရခြင်းငှါ ဝိညာဏဉ္စာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

နေဝသညာနာသညာယတနဈာန်သမာပတ်ကိုရခြင်းငှါ အာကိဉ္စညာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဤသင်္ခါရုပေက္ခာရှစ်ပါးတို့သည် သမထ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အဘယ်ဆယ်ပါးသော သင်္ခါရုပေက္ခာတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

သောတာပတ္တိမဂ်ကို ရခြင်းငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်း

http://www.dhammadownload.com



ကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို ဂတိကို ခန္ဓာတို့၏ဖြစ်ခြင်းကို မဟဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းကို အိုခြင်းကို နာခြင်းကို သေခြင်းကို စိုးရိမ်ခြင်းကို ငိုကြွေးခြင်းကို ပြင်းစွာပင်ပန်းခြင်းကိုဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

သောတာပတ္တိ ဖလသမာပတ်အကျိုးငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန် ဘဝသစ်၌ဖြစ်ခြင်းကို။ပ။ ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

သကဒါဂါမိမဂ်ကို ရခြင်းငှါ။ပ။

သကဒါဂါမိ ဖလသမာပတ်အကျိုးငှါ။ပ။

အနာဂါမိမဂ်ကိုရခြင်းငှါ။ပ။

အနာဂါမိဖလသမာပတ်အကျိုးငှါ။ပ။

အရဟတ္တမဂ်ကိုရခြင်းငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို ဂတိကို ခန္ဓာတို့၏ဖြစ်ခြင်းကို မဟဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းကို အိုခြင်းကို နာခြင်းကို သေခြင်းကို ပူဆွေးခြင်းကို ငိုကြွေးခြင်းကို ပြင်းစွာပင်ပန်းခြင်းကို ဆင်ခြင်၍ လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

အရဟတ္တဖလသမာပတ် အကျိုးငှါ။ပ။ သုညတ ဝိဟာရသမာပတ် အကျိုးငှါ။ပ။ အနိမိတ္တဝိဟာရသမာပတ်အကျိုးငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို။ပ။ ဆင်ခြင်၍လျစ်လျူရှုသောပညာသည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

ဤဆယ်ပါးသော သင်္ခါရုပေက္ခာတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ကုန်၏။

၅၈။ အဘယ်သင်္ခါရုပေက္ခာတို့သည် ကုသိုလ်မည်ကုန်သနည်း။

အဘယ်သင်္ခါရုပေက္ခာတို့သည် အကုသိုလ်မည်ကုန်သနည်း။

အဘယ်သင်္ခါရုပေက္ခာတို့သည် အဗျာကတမည်ကုန်သနည်း။

တဆယ့်ငါးပါးသော သင်္ခါရုပေက္ခာတို့သည် ကုသိုလ်မည်ကုန်၏၊ သုံးပါးသော သင်္ခါရုပေက္ခာတို့သည် အဗျာကတမည်ကုန်၏၊ အကုသိုလ် သင်္ခါရုပေက္ခာတို့ကား မရှိကုန်။

ဆင်ခြင်၍ လျစ်လျူရှုသောအခြင်းအရာအားဖြင့်ဖြစ်သော သင်္ခါရုပေက္ခာ ပညာသည်ဖြစ်၏၊ ရှစ်ပါးသော သင်္ခါရုပေက္ခာတို့သည် သမာဓိစိတ်၏အာရုံဖြစ်ကုန်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်အား နှစ်ပါးဖြစ်ကုန်၏၊ သုံးပါးသော သင်္ခါရုပေက္ခာတို့သည် သေက္ခပုဂ္ဂိုလ်၏ အာရုံဖြစ်ကုန်၏။

သုံးပါးသောဖလသမာပတ်တို့သည်ကား ရဟန္တာပုဂ္ဂိုလ်၏အာရုံ ဖြစ်ကုန်၏၊ သင်္ခါရုပေက္ခာတို့ဖြင့် ရဟန္တာ၏စိတ်သည် ဖြစ်ပေါ်ခြင်းမှ ဆုတ်နစ်ဘိ၏လည်း၏၊ ရှစ်ပါးကုန်သော သင်္ခါရုပေက္ခာဉာဏ်တို့သည် သမာဓိ၏အကြောင်းဖြစ်ကုန်၏၊ ဆယ်ပါးကုန်သော သင်္ခါရုပေက္ခာဉာဏ်တို့သည် ဉာဏ်၏အာရုံဖြစ်ကုန်၏။

http://www.dhammadownload.com



တဆယ့်ရှစ်ပါးသော သခ်ါရုပေက္ခာတို့သည် ဝိမောက္ခသုံးပါးတို့၏အကြောင်း ဖြစ်ကုန်၏၊ ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ကို ပညာဖြင့် လေလာလျက် သခ်ါရုပေက္ခာဉာဏ်၌ ကျွမ်းကျင်သော ယောဂီပုဂ္ဂိုလ်သည် အထူးထူးသော အယူဝါဒတို့၌ မတုန်လှုပ်။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် လွတ်မြောက်လိုခြင်းကို ဆင်ခြင်လျက် လျစ်လျူရှုတတ်သောပညာကို သခ်ါရုပေက္ခာဉာဏ်မည်၏ဟု ဆိုအပ်၏။

ကိုးခုမြောက် သခ်ါရုပေက္ခာဉာဏ် အကျယ်ပြခြင်း ပြီး၏။

## ၁၀-ဂေါတြဘုဉာဏ် အကျယ်ပြခြင်း

၅၉။ အပ (ဖြစ်သော သခ်ါရနိမိတ်)မှ ထမြောက် လွတ်ကင်းခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် ဂေါတြဘုဉာဏ်မည်သနည်း။

ဖြစ်ပေါ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ဖြစ်ပွါးခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ သခ်ါရနိမိတ်ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ အားထုတ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ တဖန်ဘဝသစ်၌ဖြစ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ဂတိကိုလွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ မဟာဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ပဋိသန္ဓေနေခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ အိုခြင်းကိုလွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ နာခြင်းကိုလွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ သေခြင်းကိုလွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ စိုးရိမ်ခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ငိုကြွေးခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏၊ ပြင်းစွာပင်ပန်းခြင်းကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏။

အပ(ဖြစ်သော သခ်ါနိမိတ်)ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘုမည်၏။

မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ မဖြစ်ပွါးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။ပ။ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။

ဖြစ်ပေါ်ခြင်းကို လွှမ်းမိုး၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ဖြစ်ပွါးခြင်းကိုလွှမ်းမိုး၍ မဖြစ်ပွါးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ သခ်ါရနိမိတ်ကိုလွှမ်းမိုး၍ သခ်ါရနိမိတ်မဟုတ်သည်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။ပ။ အပဖြစ်သော သခ်ါရနိမိတ်ကိုလွှမ်းမိုး၍ ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။

http://www.dhammadownload.com



ဖြစ်ပေါ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ဖြစ်ပွါးခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ သင်္ခါရနိမိတ်မှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ အားထုတ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ တဖန် ဘဝသစ်၌ဖြစ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ဂတိမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ခန္ဓာတို့၏ဖြစ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ မဟဂ္ဂုတ်ဝိပါက်ဖြစ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ပဋိသန္ဓေ နေခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ အိုခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ နာခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ သေခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ စိုးရိမ်ခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ငိုကြွေးခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ ပြင်းစွာပင်ပန်းခြင်းမှ ထတတ်သောကြောင့် ဂေါတြဘုမည်၏၊ အပဖြစ်သော သင်္ခါရနိမိတ်မှ ထတတ်သောကြောင့် ဂေါတြဘုမည်၏။

မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ မဖြစ်ပွါးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။ပ။ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။

ဖြစ်ပေါ်ခြင်းမှ ထ၍ မဖြစ်ပေါ်ခြင်းသို့ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ဖြစ်ပွါးခြင်းမှထ၍ မဖြစ်ပွါးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ သင်္ခါရနိမိတ်မှ ထ၍ သင်္ခါရနိမိတ်မဟုတ်သည်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ အားထုတ်ခြင်းမှထ၍ အားမထုတ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ တဖန် ဘဝသစ်၌ဖြစ်ခြင်းမှထ၍ တဖန် ဘဝသစ်၌မဖြစ်ရာသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ဂတိမှထ၍ ဂတိမဟုတ်ရာသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ခန္ဓာတို့၏ ဖြစ်ခြင်းမှထ၍ ခန္ဓာတို့၏မဖြစ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ မဟဂ္ဂုတ်ဝိပါက်ဖြစ်ခြင်းမှထ၍ မဟဂ္ဂုတ်ဝိပါက်ဖြစ်ခြင်းမဟုတ်သည်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ပဋိသန္ဓေ နေခြင်းမှထ၍ ပဋိသန္ဓေမနေရာသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ အိုခြင်းမှထ၍ မအိုခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ နာခြင်းမှထ၍ မနာခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ သေခြင်းမှထ၍ မသေခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ စိုးရိမ်ခြင်းမှထ၍ မစိုးရိမ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ငိုကြွေးခြင်းမှထ၍ မငိုကြွေးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ ပြင်းစွာပင်ပန်းခြင်းမှထ၍ ပြင်းစွာ မပင်ပန်းခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ အပဖြစ်သော သင်္ခါရနိမိတ်မှထ၍ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။

ဖြစ်ပေါ်ခြင်းမှ ကင်းတတ်သောကြောင့် ဂေါတြဘုမည်၏၊ ဖြစ်ပွါးခြင်းမှ ကင်းတတ်သောကြောင့် ဂေါတြဘုမည်၏။ပ။ အပဖြစ်သော သင်္ခါရနိမိတ်မှကင်းတတ်သောကြောင့် ဂေါတြဘုမည်၏။

မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏၊ မဖြစ်ပွါးခြင်းသို့ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။ပ။ ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘုမည်၏။

http://www.dhammadownload.com



ဖြစ်ပေါ်ခြင်းမှကင်း၍ မဖြစ်ပေါ်ခြင်းသို့ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏၊ ဖြစ်ပွါးခြင်းမှကင်း၍ မဖြစ်ပွါးခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။ပ။ အပဖြစ်သော သင်္ခါရနိမိတ်မှကင်း၍ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူမည်၏။

၆၀။ အဘယ်မျှသော ဂေါတြဘူတရားတို့သည် သမထ၏အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်သနည်း။

အဘယ်မျှသော ဂေါတြဘူတရားတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်သနည်း။

ရှစ်ပါးသော ဂေါတြဘူတရားတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်၏။ ဆယ်ပါးသော ဂေါတြဘူတရားတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်၏။

သမထ၏အစွမ်းအားဖြင့်ဖြစ်ကုန်သော ဂေါတြဘူတရားရှစ်ပါးတို့သည် အဘယ်တို့နည်း။

ပထမဈာန်ကိုရခြင်း၌ အပိတ်အပင်'နီဝရဏ'တရားတို့ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏၊ ဒုတိယဈာန်ကိုရခြင်း၌ ကြံစည်ခြင်း'ဝိတက်' သုံးသပ်ခြင်း'ဝိစာရ'တို့ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏၊ တတိယဈာန်ကိုရခြင်း၌ နှစ်သိမ့်ခြင်း'ပီတိ'ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏၊ စတုတ္ထဈာန်ကိုရခြင်း၌ ချမ်းသာခြင်း'သုခ' ဆင်းရဲခြင်း'ဒုက္ခ'တို့ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

အာကာသာနဉ္စာယတန သမာပတ်ကိုရခြင်း၌ ရူပသညာ ပဋိဃသညာ နာနတ္တသညာကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

ဝိညာဏဉ္စာယတနသမာပတ်ကိုရခြင်း၌ အာကာသာနဉ္စာယတနသညာကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

အာကိဉ္စညာယတနသမာပတ်ကိုရခြင်း၌ ဝိညာဏဉ္စာယတနသညာကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

နေဝသညာနာသညာယတနသမာပတ်ကိုရခြင်း၌ အာကိဉ္စညာယတနသညာကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

သမထ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်သော ရှစ်ပါးသော ဂေါတြဘူတရားတို့သည် ဤသည်တို့တည်း။

အဘယ်ဂေါတြဘူတရား ဆယ်ပါးတို့သည် ဝိပဿနာ၏အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်သနည်း။

သောတာပတ္တိမဂ်ကိုရခြင်း၌ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို ဂတိကို ခန္ဓာတို့၏ဖြစ်ခြင်းကို မဟဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းကို အိုခြင်းကို နာခြင်း ကို သေခြင်းကို စိုးရိမ်ခြင်းကို ငိုကြွေးခြင်းကို ပြင်းစွာပင်ပန်းခြင်းကို အပဖြစ်သောသင်္ခါရနိမိတ်ကို လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

သောတာပတ္တိ ဖလသမာပတ်အကျိုး၌ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို။ပ။ လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

http://www.dhammadownload.com



သကဒါဂါမိမဂ်ကိုရခြင်းငှါ။ပ။ သကဒါဂါမိဖလသမာပတ်အကျိုးငှါ။ အနာဂါမိမဂ်ကိုရခြင်းငှါ။ အနာဂါမိဖလသမာပတ်အကျိုးငှါ။ အရဟတ္တမဂ်ကိုရခြင်းငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို ဂတိကို ခန္ဓာတို့၏ဖြစ်ခြင်းကို မဟဂ္ဂုတ်ဝိပါက်၏ဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းကို အိုခြင်းကို နာခြင်းကို သေခြင်းကို စိုးရိမ်ခြင်းကို ငိုကြွေးခြင်းကို ပြင်းစွာပင်ပန်းခြင်းကို အပဖြစ်သောသင်္ခါရနိမိတ်ကို လွှမ်းမိုး တတ်သောကြောင့် ဂေါတြဘူမည်၏၊ အရဟတ္တ ဖလသမာပတ်အကျိုးငှါ သုညတဝိဟာရသမာပတ်အကျိုးငှါ အနိမိတ္တဝိဟာရသမာပတ်အကျိုးငှါ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွါးခြင်းကို သင်္ခါရနိမိတ်ကို အားထုတ်ခြင်းကို တဖန်ဘဝသစ်၌ဖြစ်ခြင်းကို။ပ။ လွှမ်းမိုးတတ်သောကြောင့် ဂေါတြဘူမည်၏။

ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်ကုန်သော ဂေါတြဘူတရား ဆယ်ပါးတို့သည် ဤသည်တို့တည်း။

အဘယ်မျှသော ဂေါတြဘူတရားတို့သည် ကုသိုလ်မည်ကုန်သနည်း၊ အဘယ်မျှသောဂေါတြဘူ တရားတို့သည် အကုသိုလ်မည်ကုန်သနည်း၊ အဘယ်မျှသော ဂေါတြဘူ တရားတို့သည် ကုသိုလ် အကုသိုလ်မှ တပါးသော အဗျာကတတရားတို့ မည်ကုန်သနည်း။

တဆယ့်ငါးပါးသော ဂေါတြဘူတရားတို့သည် ကုသိုလ်မည်ကုန်၏။

သုံးပါးသော ဂေါတြဘူတရားတို့သည် ကုသိုလ် အကုသိုလ်မှတပါးသော အဗျာကတ တရားတို့ မည်ကုန်၏။

အကုသိုလ်ဂေါတြဘူတရားတို့ကား မရှိကုန်။

> မဟဂ္ဂုတ် ဂေါတြဘူဉာဏ်တည်းဟူသော ကိလေသာမိသရင်း၊ လောကုတ္တရာဂေါတြဘူဉာဏ်တည်းဟူသော နိရာမိသရင်း၊ တဏှာဖြင့်တောင့်တအပ်သော ဂေါတြဘူရင်း၊ တဏှာဖြင့် မတောင့်တအပ်သော ဂေါတြဘူရင်း၊ တဏှာနှင့်ယှဉ်သော ဂေါတြဘူရင်း၊ တဏှာနှင့်မယှဉ်သော ဂေါတြဘူရင်း၊ ဝုဋ္ဌာနဂါမိနိဝိပဿနာကိစ္စတပ်သော ဂေါတြဘူရင်း ဝုဋ္ဌာဂါမိနိဝိပဿနာ ကိစ္စမတပ်သော ဂေါတြဘူရင်း၊ ဤရှစ်ပါးသောတရားတို့သည်သမာဓိ၏အကြောင်းဖြစ်ကုန်၏၊ ဆယ်ပါးသော တရားတို့သည် ဉာဏ်၏အာရုံ ဖြစ်ကုန်၏၊ တဆယ့်ရှစ်ပါးသော ဂေါတြဘူတရားတို့သည် ဝိမောက္ခသုံးပါးတို့၏ အကြောင်းဖြစ်ကုန်၏။
>
> ဤတဆယ့်ရှစ်ပါးကုန်သော အခြင်းအရာဘို့ကို ပညာဖြင့်လေ့လာလျက် ဝိဝဋ္ဋဟု ဆိုအပ်သော ဂေါတြဘူဉာဏ်၌ ကျွမ်းကျင်သောယောဂီပုဂ္ဂိုလ်သည် အထူးထူးသော အယူဝါဒတို့၌ မတုန်လှုပ်။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့်အပ(ဖြစ်သောသင်္ခါရနိမိတ်)မှ ထမြောက်လွှတ်ကင်းသောပညာကို ဂေါတြဘူဉာဏ်မည်၏ဟု ဆိုအပ်၏။

ဆယ်ခုမြောက် ဂေါတြဘူဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၁၁-မဂ်ဉာဏ် အကျယ်ပြခြင်း

၆၁။ နှစ်ပါးစုံမှ ထမြောက်လွတ်ကင်းခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် မဂ်ဉာဏ် မည်သနည်း။

သောတာပတ္တိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်တတ်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပ ဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက် လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

အာရုံသို့ ရှေးရှုတတ်သော သဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏၊ ထိုမိစ္ဆာ သင်္ကပ္ပသို့ အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပ ဖြစ် သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက် လွတ်ကင်းခြင်း၌ ဖြစ်သောပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

သိမ်းဆည်းတတ်သော သဘောအားဖြင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ ထ၏၊ ထိုမိစ္ဆာဝါစာသို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ်ကုန်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်း ခြင်း၌ဖြစ်သောပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

ကောင်းစွာဖြစ်သောသဘောအားဖြင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ ထ၏၊ ထိုမိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍ ဖြစ်တတ်သောကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ်သော အားလုံး သောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

ဖြူစင်တတ်သောသဘောအားဖြင့် သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝမှ ထ၏၊ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ်ကုန်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

ချီးမြှောက်တတ်သော သဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ ထ၏၊ ထိုမိစ္ဆာ ဝါယာမသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ် သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက် လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

ထင်ရှားသောသဘောအားဖြင့် သမ္မာသတိသည် မိစ္ဆာသတိမှ ထ၏၊ ထိုမိစ္ဆာသတိသို့ အစဉ် လိုက်၍ဖြစ်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ ထ၏၊ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပဖြစ်သော အားလုံးသော

http://www.dhammadownload.com



သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

သကဒါဂါမိမဂ်ခဏ၌ မြင်တတ်သော သဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်မှ ၎င်း ပဋိဃသံယောဇဉ်မှ၎င်း ထ၏၊ ကြမ်းတမ်းသော ကာမရာဂါနုသယမှ၎င်း ပဋိဃာနုသယမှ၎င်း ထ၏၊ ထိုသံယောဇဉ် အနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ ၎င်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသော အဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ ဖြစ်သောပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

အနာဂါမိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် အသေးအဖွဲ့ဖြစ်သော ကာမရာဂ သံယောဇဉ်မှ၎င်း ပဋိဃသံယောဇဉ်မှ၎င်း အသေးအဖွဲ့ဖြစ်သော ကာမရာဂါနုသယမှ၎င်း ပဋိဃာနုသယမှ ၎င်း ထ၏၊ ထိုသံယောဇဉ်အနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ဖြစ်သော ပညာကို မဂ်ဉာဏ်ဟု ဆိုအပ်၏။

အရဟတ္တမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ရူပရာဂမှ၎င်း အရူပရာဂမှ၎င်း မာနမှ၎င်း ဥဒ္ဓစ္စမှ၎င်း အဝိဇ္ဇာမှ၎င်း မာနာနုသယမှ၎င်း ဘဝရာဂါနုသယမှ၎င်း အဝိဇ္ဇာနုသယမှ၎င်း ထ၏၊ ထိုရူပရာဂ စသည်တို့သို့ အစဉ်လိုက်၍ဖြစ်ကုန်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထို့ကြောင့် နှစ်ပါးသောအဖို့မှ ထမြောက်လွတ်ကင်းခြင်း၌ ဖြစ်သောပညာကို မဂ်ဉာဏ်မည်၏ဟု ဆိုအပ်၏။

၆၂။ (ထင်ရှား)ဖြစ်ပေါ်ပြီးသော လောကုတ္တရာစျာန်ဖြင့် မဖြစ်ပေါ်သေးသော ကိလေသာအပေါင်းကို ရှို့မြိုက်တတ်သောကြောင့် စျာန်ဟု ဆိုအပ်၏၊ စျာန်ဝိမောက္ခ၌ ကျွမ်းကျင်သည်၏အဖြစ်ကြောင့် အထူးထူးသောအယူဝါဒတို့၌ မတုန်လှုပ်။

စိတ်ကိုကောင်းစွာထားခြင်းကိုပြု၍ ရှုသောအခြင်းအရာအားဖြင့်ရှု၍ စိတ်ကို ကောင်းစွာထားသောအခါ၌ သမထဝိပဿနာသည်ဖြစ်၏၊ တူသောအဖို့ရှိသော ယုဂနဒ္ဓတရားတို့သည်လည်း ဖြစ်ကုန်၏။

သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏၊ နိဗ္ဗာန်သည် ချမ်းသာ၏ဟု မြင်တတ်သော (မဂ်)ဉာဏ်သည် နှစ်ပါးစုံသောအဖို့မှထလျက် အမြိုက်နိဗ္ဗာန်ကိုရ၏၊ (အမြိုက်နိဗ္ဗာန် သို့ရောက်၏)။

ထူးခြင်းတူခြင်း၌ လိမ္မာသောယောဂီပုဂ္ဂိုလ်သည် ဝိမောက္ခဖြစ်ပုံကိုသိ၏၊ ဒဿန ဉာဏ် ဘာဝနာဉာဏ် နှစ်တန်တို့၌ လိမ္မာသည်၏အဖြစ်ကြောင့် အထူးထူးသောအယူ ဝါဒတို့၌ မတုန်လှုပ်။

http://www.dhammadownload.com



ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် နှစ်ပါးစုံမှ ထမြောက်လွတ်ကင်းခြင်း၌ ဖြစ်သောပညာကို မဂ်ဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်တခုမြောက် မဂ်ဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၂-ဖိုလ်ဉာဏ် အကျယ်ပြခြင်း

၆၃။ လုံ့လစိုက်ရေး ငြိမ်းအေးခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဖိုလ်ဉာဏ် မည်သနည်း။

သောတာပတ္တိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏၊မိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာဒိဋ္ဌိ ဖြစ်၏၊ ဤသမ္မာဒိဋ္ဌိသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

(အာရုံသို့)ရှေးရှုတင်တတ်သော သဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏၊ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာသင်္ကပ္ပဖြစ်၏၊ ဤသမ္မာသင်္ကပ္ပသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

သိမ်းဆည်းတတ်သော သဘောအားဖြင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ ထ၏၊ ထိုမိစ္ဆာဝါစာသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာဝါစာဖြစ်၏၊ ဤသမ္မာဝါစာသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

ကောင်းစွာဖြစ်သောသဘောအားဖြင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ ထ၏၊ ထိုမိစ္ဆာကမ္မန္တသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှငြိမ်းအေးခြင်းကြောင့် သမ္မာကမ္မန္တဖြစ်၏၊ ဤသမ္မာကမ္မန္တသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

ဖြူစင်သောသဘောအားဖြင့် သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝမှ ထ၏၊ ထိုမိစ္ဆာအာဇီဝသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာအာဇီဝ ဖြစ်၏၊ ဤသမ္မာအာဇီဝသည် သောတာပတ္တိမဂ်၏ အကျိုး တည်း။

ချီးမြှောက်တတ်သောသဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ ထ၏၊ ထိုမိစ္ဆာဝါယာမသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာဝါယာမဖြစ်၏၊ ဤသမ္မာဝါယာမသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

http://www.dhammadownload.com



ထင်ရှားသောသဘောအားဖြင့် သမ္မာသတိသည် မိစ္ဆာသတိမှ ထ၏၊ ထိုမိစ္ဆာသတိသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတရားတို့မှ၎င်း ထ၏၊အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှငြိမ်းအေးခြင်းကြောင့် သမ္မာသတိဖြစ်၏၊ဤသမ္မာသတိသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ ထ၏၊ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာသမာဓိဖြစ်၏၊ ဤသမ္မာသမာဓိသည် သောတာပတ္တိမဂ်၏ အကျိုးတည်း။

သကဒါဂါမိ မဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ကြမ်းတမ်းသော ကာမရာဂ သံယောဇဉ်မှ၎င်း ပဋိဃသံယောဇဉ်မှ၎င်း ကြမ်းတမ်းသော ကာမရာဂါနုသယမှ၎င်း ပဋိဃာနုသယမှ၎င်း ထ၏၊ ထိုသံယောဇဉ်အနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာသမာဓိဖြစ်၏၊ ဤသမ္မာသမာဓိသည် သကဒါဂါမိမဂ်၏ အကျိုးတည်း။

အနာဂါမိမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် အသေးအဖွဲ့ဖြစ်သော ကာမရာဂသံယောဇဉ်မှ၎င်း ပဋိဃသံယောဇဉ်မှ၎င်း အသေးအဖွဲ့ဖြစ်သော ကာမရာဂါနုသယမှ၎င်း ပဋိဃာနုသယမှ၎င်း ထ၏၊ ထိုသံယောဇဉ်အနုသယတို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသော သင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာသမာဓိဖြစ်၏၊ ဤသမ္မာသမာဓိသည် အနာဂါမိမဂ်၏ အကျိုးတည်း။

အရဟတ္တမဂ်ခဏ၌ မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။

မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ရူပရာဂမှ၎င်း အရူပရာဂမှ၎င်း မာနမှ၎င်း ဥဒ္ဓစ္စမှ၎င်း အဝိဇ္ဇာမှ၎င်း မာနာနုသယမှ၎င်း ဘဝရာဂါနုသယမှ၎င်း အဝိဇ္ဇာနုသယမှ၎င်း ထ၏၊ ထိုရူပရာဂ စသည်တို့သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတရားတို့မှ၎င်း ခန္ဓာတို့မှ၎င်း ထ၏၊ အပဖြစ်သော အားလုံးသောသင်္ခါရနိမိတ်တို့မှလည်း ထ၏၊ ထိုသို့အားထုတ်မှုမှ ငြိမ်းအေးခြင်းကြောင့် သမ္မာသမာဓိဖြစ်၏၊ ဤသမ္မာသမာဓိသည် အရဟတ္တမဂ်၏ အကျိုးတည်း။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့်ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့်ပညာမည်၏၊ ထို့ကြောင့်လုံ့လစိုက်ရေးငြိမ်းအေးမှု၌ဖြစ်သော ပညာကို ဖိုလ်ဉာဏ်မည်၏ ဟု ဆိုအပ်၏။

တဆယ့်နှစ်ခုမြောက် ဖိုလ်ဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၁၃-ဝိမုတ္တိဉာဏ် အကျယ်ပြခြင်း

၆၄။ သံသရာလမ်းစဉ်ပြတ်မှုကို ရှုဆင်ခြင်သောပညာသည် အဘယ်သို့လျှင် ကိလေသာမှ လွတ်သော ဝိမုတ္တိဉာဏ်မည်သနည်း။

သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကိုင်း ဝိစိကိစ္ဆာကိုင်း သီလဗ္ဗတပရာမာသကိုင်း ဒိဋ္ဌာနုသယကိုင်း ဝိစိကိစ္ဆာနုသယကိုင်း မိမိစိတ်ကို ညစ်နွမ်းစေတတ်သော ကိလေသာတရားတို့ကိုင်း ကောင်းစွာဖြတ်အပ်ကုန်၏။

သောင်းကျန်းထကြွမှုနှင့်တကွဖြစ်သော ဤညစ်နွမ်းကြောင်း တရားငါးပါးတို့မှ စိတ်သည် လွတ်မြောက်ခဲ့သော် ကောင်းစွာလွတ်မြောက်သည် မည်၏။

ထိုသို့လွတ်ခြင်းသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် သံသရာလမ်းစဉ်ပြတ်မှုကို ရှုဆင်ခြင်ရာ၌ ဖြစ်သောပညာကို ဝိမုတ္တိဉာဏ် ဟု ဆိုအပ်၏။

သကဒါဂါမိမဂ်ဖြင့် ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်ကိုင်း ပဋိဃသံယောဇဉ်ကိုင်း ကြမ်းတမ်းသော ကာမရာဂါနုသယကိုင်း ပဋိဃာနုသယကိုင်း မိမိစိတ်ကိုညစ်နွမ်းစေတတ်သော ကိလေသာတရားတို့ကိုင်း ကောင်းစွာဖြတ်အပ်ကုန်၏။

သောင်းကျန်းထကြွမှုနှင့်တကွဖြစ်သော ဤညစ်နွမ်းကြောင်း တရားလေးပါးတို့မှ စိတ်သည် လွတ်မြောက်ခဲ့သော် ကောင်းစွာလွတ်မြောက်သည်မည်၏။

ထိုသို့လွတ်ခြင်းသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် သံသရာလမ်းစဉ်ပြတ်မှုကို ရှုဆင်ခြင်ရာ၌ ဖြစ်သောပညာကို ဝိမုတ္တိဉာဏ် ဟု ဆိုအပ်၏။

အနာဂါမိမဂ်ဖြင့်အသေးအဖွဲ့ဖြစ်သော ကာမရာဂသံယောဇဉ်ကိုင်း ပဋိဃသံယောဇဉ်ကိုင်း အသေးအဖွဲ့ဖြစ်သော ကာမရာဂါနုသယကိုင်း ပဋိဃာနုသယကိုင်း မိမိစိတ်ကို ညစ်နွမ်းစေတတ်သော ကိလေသာတရားတို့ကိုင်း ကောင်းစွာဖြတ်အပ်ကုန်၏။

သောင်းကျန်းထကြွမှုနှင့် တကွဖြစ်ကုန်သော ဤညစ်နွမ်းကြောင်း တရားလေးပါးတို့မှ စိတ်သည် လွတ်မြောက်ခဲ့သော် ကောင်းစွာလွတ်မြောက်သည် မည်၏။

ထိုသို့လွတ်ခြင်းသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် သံသရာလမ်းစဉ်ပြတ်မှုကို ရှုဆင်ခြင်ရာ၌ ဖြစ်သောပညာကို ဝိမုတ္တိဉာဏ် ဟု ဆိုအပ်၏။

အရဟတ္တမဂ်ဖြင့်ရူပရာဂကိုင်း အရူပရာဂကိုင်း မာနကိုင်း ဥဒ္ဓစ္စကိုင်း အဝိဇ္ဇာကိုင်း မာနာနုသယကိုင်း ဘဝရာဂါနုသယကိုင်း အဝိဇ္ဇာနုသယကိုင်း မိမိစိတ်ကို ညစ်နွမ်းစေတတ်သော ကိလေသာတရားတို့ကိုင်း ကောင်းစွာဖြတ်အပ်ကုန်၏။

သောင်းကျန်းထကြွမှုနှင့်တကွဖြစ်သော ဤညစ်နွမ်းကြောင်း တရားရှစ်ပါးတို့မှ စိတ်သည် လွတ်မြောက်ခဲ့သော် ကောင်းစွာလွတ်မြောက်သည် မည်၏။

http://www.dhammadownload.com



ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထိုကြောင့် သံသရာလမ်းစဉ်ပြတ်မှုကို ရှုဆင်ခြင်ရာ၌ ဖြစ်သောပညာကို ဝိမုတ္တိဉာဏ် ဟု ဆိုအပ်၏။

တဆယ့်သုံးခုမြောက် ဝိမုတ္တိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၄-ပစ္စဝေက္ခဏာဉာဏ် အကျယ်ပြခြင်း

၆၅။ ထိုသို့ မဂ်ဖိုလ်အခိုက်အတန့်၌ ရရောက်သောတရားတို့ကို ရှုဆင်ခြင်ခြင်း၌ ဖြစ်သော ပညာသည် အဘယ်သို့လျှင် ပစ္စဝေက္ခဏာဉာဏ် မည်သနည်း။

သောတာပတ္တိမဂ်ခဏ၌ ဖြစ်တတ်သော သဘောအားဖြင့် သမ္မာဒိဋ္ဌိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အာရုံသို့ရှေးရှုတင်တတ်သော သဘောအားဖြင့် သမ္မာသင်္ကပ္ပသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

သိမ်းဆည်းတတ်သော သဘောအားဖြင့် သမ္မာဝါစာသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ကောင်းစွာဖြစ်သော သဘောအားဖြင့် သမ္မာကမ္မန္တသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ဖြူစင်သော သဘောအားဖြင့် သမ္မာအာဇီဝသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ချီးမြှောက်တတ်သော သဘောအားဖြင့် သမ္မာဝါယာမသည် ထိုသောပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်သော သဘောအားဖြင့် သမ္မာသတိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မပျံ့လွင့်သော သဘောအားဖြင့် သမ္မာသမာဓိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်သော သဘောအားဖြင့် သတိသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

စိစစ်တတ်သော သဘောအားဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ပျံ့နှံ့တတ်သော သဘောအားဖြင့် ပီတိသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ငြိမ်းအေးသော သဘောအားဖြင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

http://www.dhammadownload.com



မပျံ့လွင့်သော သဘောအားဖြင့် သမာဓိသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ဆင်ခြင်သော သဘောအားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မယုံကြည်ခြင်း၌ မတုန်လှုပ်တတ်သော သဘောအားဖြင့် သဒ္ဓါဗိုလ်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ပျင်းရိခြင်း၌ မတုန်လှုပ်တတ်သော သဘောအားဖြင့် ဝီရိယဗိုလ်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မေ့လျော့ခြင်း၌ မတုန်လှုပ်တတ်သော သဘောအားဖြင့် သတိဗိုလ်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ပျံ့လွင့်ခြင်း၌ မတုန်လှုပ်တတ်သော သဘောအားဖြင့် သမာဓိဗိုလ်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

တွေဝေခြင်း၌ မတုန်လှုပ်တတ်သော သဘောအားဖြင့် ပညာဗိုလ်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်သော သဘောအားဖြင့် သတိန္ဒြေသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အစိုးရတတ်သော သဘောအားဖြင့် ဣန္ဒြေတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

မတုန်လှုပ်သော သဘောအားဖြင့် ဗိုလ်တို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

သံသရာဝဋ်မှ ထုတ်ဆောင်တတ်သော သဘောအားဖြင့် သမ္ဗောဇ္ဈင်တို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

အကြောင်းဖြစ်သောသဘောအားဖြင့် မဂ်တရားသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်သောသဘောအားဖြင့် သတိပဋ္ဌာန်တို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

http://www.dhammadownload.com



အားထုတ်တတ်သော သဘောအားဖြင့် သမ္မပ္ပဓာန်တို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

ပြည့်စုံဘတ်သော သဘောအားဖြင့် ဣဒ္ဓိပါဒ်တို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

မှန်ကန်သော သဘောအားဖြင့် သစ္စာတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာ ဖြစ်ကုန်၏။

မပျံ့လွင့်သော သဘောအားဖြင့် သမထသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အဖန်ဖန်ရှုတတ်သော သဘောအားဖြင့် ဝိပဿနာသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

တခုတည်းသော ကိစ္စရှိသောသဘောအားဖြင့် သမထဝိပဿနာတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

(အချင်းချင်း) မကျော်လွန်သော သဘောအားဖြင့် ယုဂနဒ္ဓတရားသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မပျံ့လွင့်သော သဘောအားဖြင့် စိတ္တဝိသုဒ္ဓိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မြင်သိတတ်သော သဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

လွတ်မြောက်ခြင်း သဘောအားဖြင့် ဝိမောက္ခတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

ထိုးထွင်း၍သိတတ်သော သဘောအားဖြင့် ဝိဇ္ဇာသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ကိလေသာတို့ကို စွန့်ပယ်တတ်သော သဘောအားဖြင့် ဝိမုတ္တိတရားသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အကြွင်းမဲ့ဖြတ်တတ်သော သဘောအားဖြင့် ခယဉာဏ်ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အကြောင်းရင်းဖြစ်သော သဘောအားဖြင့် ဆန္ဒသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ကောင်းစွာဖြစ်တတ်သော သဘောအားဖြင့် မနသိကာရသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ပေါင်းဆုံခြင်းသဘောအားဖြင့် ဖဿသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

စုဝေးရာဖြစ်သော သဘောအားဖြင့် ဝေဒနာသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အဦးဖြစ်သော သဘောအားဖြင့် သမာဓိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

http://www.dhammadownload.com



အစိုးရသော သဘောအားဖြင့် သတိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထိုထိုတရားတို့ထက်လွန်မြတ်သော သဘောအားဖြင့် ပညာသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

မြတ်သောသဘောအားဖြင့် ဝိမုတ္တိသည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အဆုံးဖြစ်သော သဘောအားဖြင့် အမြိုက်နိဗ္ဗာန်သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထ၍ဆင်ခြင်သောတရားတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

သောတာပတ္တိဖိုလ်ခဏ၌—

မြင်တတ်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

အာရုံသို့ရှေးရှုတင်တတ်သောသဘောအားဖြင့် သမ္မာသင်္ကပ္ပသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။ ပ ။

ငြိမ်းအေးသော သဘောအားဖြင့် အနုပ္ပါဒေဉာဏ်သည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

အကြောင်းရင်းဖြစ်သော သဘောအားဖြင့်ဆန္ဒသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ကောင်းစွာဖြစ်သော သဘောအားဖြင့် နှသိကာရသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ပေါင်းဆုံခြင်းသဘောအားဖြင့် ဖဿသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

စုဝေးရာဖြစ်သော သဘောအားဖြင့် ဝေဒနာသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

အဦးဖြစ်သော သဘောအားဖြင့် သမာဓိသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

အစိုးရသော သဘောအားဖြင့် သတိသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ထိုထိုတရားတို့ထက် လွန်မြတ်သော သဘောအားဖြင့် ပညာသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

မြတ်သောသဘောအားဖြင့် ဝိမုတ္တိသည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

အဆုံးဖြစ်သော သဘောအားဖြင့် အမြိုက်နိဗ္ဗာန်သည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ထ၍ ဆင်ခြင်သော ဤတရားတို့သည် ထိုသောတာပတ္တိဖိုလ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

သကဒါဂါမိမဂ်ခဏ၌။ပ။

သကဒါဂါမိဖိုလ်ခဏ၌။ပ။

အနာဂါမိမဂ်ခဏ၌။ပ။

အနာဂါမိဖိုလ်ခဏ၌။ပ။

http://www.dhammadownload.com



အရဟတ္တမဂ်ခဏ၌ မြင်တတ်သော သဘောအားဖြင့် သမ္မာဒိဋ္ဌိသည် ထိုအရဟတ္တမဂ် ခဏ၌ ကောင်းစွာဖြစ်၏။ပ။

အကြွင်းမဲ့ ဖြတ်တတ်သော သဘောအားဖြင့် ခယဉာဏ်ဟုဆိုအပ်သော သမ္မာဒိဋ္ဌိသည် ထို အရဟတ္တမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

အကြောင်းရင်းဖြစ်သော သဘောအားဖြင့် ဆန္ဒသည် ထိုအရဟတ္တမဂ်ခဏ၌ ကောင်းစွာ ဖြစ်၏။ပ။

ပြီးဆုံးခြင်းသဘောအားဖြင့် အမြိုက်နိဗ္ဗာန်သည် ထိုအရဟတ္တမဂ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်၍ဆင်ခြင်သော ဤတရားတို့သည် ထိုအရဟတ္တမဂ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

အရဟတ္တဖိုလ်ခဏ၌—

မြင်တတ်သော သဘောအားဖြင့် သမ္မာဒိဋ္ဌိသည် ထို အရဟတ္တဖိုလ်ခဏ၌ ကောင်းစွာ ဖြစ်၏။ပ။

ငြိမ်းအေးသော သဘောအားဖြင့် အနုပ္ပါဒ ဉာဏ်သည် ထိုအရဟတ္တဖိုလ် ခဏ၌ ကောင်းစွာ ဖြစ်၏။

အကြောင်းရင်းသဘောအားဖြင့် ဆန္ဒသည် ထိုအရဟတ္တဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ပြီးဆုံးခြင်းသဘောအားဖြင့် အမြိုက်နိဗ္ဗာန်သည် ထိုအရဟတ္တဖိုလ်ခဏ၌ ကောင်းစွာဖြစ်၏။

ထင်၍ဆင်ခြင်သော ဤတရားတို့သည် ထိုအရဟတ္တဖိုလ်ခဏ၌ ကောင်းစွာဖြစ်ကုန်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏။ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ထိုမဂ်ဖိုလ်အခိုက်အတန့်၌ ရရောက်သော တရားတို့ကို ရှုဆင်ခြင်ခြင်း၌ဖြစ်သောပညာကို ပစ္စဝေက္ခဏာဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်လေးခုမြောက် ပစ္စဝေက္ခဏာဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၅-ဝတ္ထုနာနတ္တဉာဏ် အကျယ်ပြခြင်း

၆၆။ အဇ္ဈတ္တသန္တာန်၌ဖြစ်သော တရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် ဝတ္ထုနာနတ္တဉာဏ် မည်သနည်း။

အတွင်းအဇ္ဈတ္တတရားတို့ကို အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

မျက်စိကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ နားကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ နှာခေါင်းကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ လျှာကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြား မှတ်သား၏၊ ကိုယ်ကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ စိတ်ကိုအဇ္ဈတ္တသန္တာန်၌ ပိုင်းခြား မှတ်သား၏။

မျက်စိကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

မျက်စိသည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် တဏှာကြောင့် ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် ကံကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည်

http://www.dhammadownload.com



အာဟာရကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် မဟာဘုတ်လေးပါးတို့ကိုစွဲ၍ ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် ဖြစ်ဆဲဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် ကောင်းစွာဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် မဖြစ်မူ၍ ဖြစ်၏၊ ဖြစ်ပြီး၍ နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိကို အဆုံး အပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ မျက်စိသည်မမြဲ၊ မြဲသောသဘောမရှိ၊ ဖောက်ပြန်သောသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ မျက်စိသည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သောသဘောရှိ၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏။

မျက်စိကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့်မမှတ်၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သား၏၊ သုခအားဖြင့်မမှတ်၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သား၏၊ အတ္တအားဖြင့် မမှတ်၊ ငြီးငွေ့၏၊ မနှစ်သက်၊ တပ်နှစ်သက်ခြင်းကင်း၏၊ မတပ်နှစ်သက်၊ ချုပ်စေ၏၊ မဖြစ်စေ၊ စွန့်လွှတ်၏၊ မစွဲယူ။ အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် နိစ္စသညာကို စွန့်၏၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် သုခသညာကို စွန့်၏၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် အတ္တသညာကို စွန့်၏။

ငြီးငွေ့သောသူသည် နှစ်သက်ခြင်းကို စွန့်၏၊ တပ်ခြင်းကင်းသောသူသည် ရာဂကိုစွန့်၏၊ ချုပ်စေသောသူသည် ဖြစ်ပေါ်ခြင်းကို စွန့်၏၊ စွန့်လွှတ်သောသူသည် စွဲယူခြင်းကို စွန့်၏။

ဤသို့ မျက်စိကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

နားကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

နားသည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

ဤသို့ နားကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

နှာခေါင်းကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

နှာခေါင်းသည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

ဤသို့ နှာခေါင်းကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

လျှာကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားနည်း။

လျှာသည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် တဏှာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် ကံကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် အာဟာရကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် မဟာဘုတ်လေးပါးတို့ကိုစွဲ၍ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် ဖြစ်ဆဲဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် ကောင်းစွာဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် မဖြစ်မူ၍ ဖြစ်၏၊ ဖြစ်ပြီး၍ နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏၊ လျှာကို အဆုံးအပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ လျှာသည် မမြဲ၊ မြဲသောသဘောမရှိ၊ ဖောက်ပြန်သောသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ လျှာသည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သော သဘောရှိ၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏။

လျှာကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့် မမှတ်။ပ။ စွန့်လွှတ်၏၊ မစွဲယူ။

http://www.dhammadownload.com



အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် နိစ္စသညာကိုစွန့်၏။ပ။ စွန့်လွှတ်သောသူသည် စွဲယူခြင်းကိုစွန့်၏။

ဤသို့ လျှာကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

ကိုယ်ကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

ကိုယ်သည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် တဏှာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် ကံကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် အာဟာရကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် မဟာဘုတ်လေးပါးတို့ကို စွဲ၍ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် ဖြစ်ပေါ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် ဖြစ်ပေါ်ဆဲဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် ကောင်းစွာဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် မဖြစ်မူ၍ ဖြစ်၏၊ ဖြစ်ပြီး၍ နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်ကို အဆုံးအပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ ကိုယ်သည်မမြဲ၊ မြဲသောသဘောမရှိ၊ ဖောက်ပြန်သော သဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်သည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သောသဘောရှိ၏၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ ကိုယ်ကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့်မမှတ်၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သား၏၊ သုခအားဖြင့် မမှတ်။ပ။ စွန့်လွှတ်၏၊ မစွဲယူ။

အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် နိစ္စသညာကိုစွန့်၏၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် သုခသညာကို စွန့်လွှတ်၏။ပ။ စွန့်လွှတ်သောသူသည် စွဲယူခြင်းကို စွန့်၏၊ ဤသို့ ကိုယ်ကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

စိတ်ကို အဇ္ဈတ္တသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

စိတ်သည် အဝိဇ္ဇာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် တဏှာကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် ကံကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် အာဟာရကြောင့်ဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် ဖြစ်ဆဲဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် ကောင်းစွာဖြစ်၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် မဖြစ်မူ၍ဖြစ်၏၊ ဖြစ်ပြီး၍ နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏၊ စိတ်ကိုအဆုံး အပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ စိတ်သည် မမြဲ၊ မြဲသောသဘောမရှိ၊ ဖောက်ပြန်သောသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏၊ စိတ်သည် နိစ္စသဘောမရှိ၊ ပြုပြင်အပ်သော သဘောရှိ၏၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်း သဘောရှိ၏၊ ကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု ပိုင်းခြားမှတ်သား၏။

စိတ်ကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့် မမှတ်၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သား၏၊ သုခအားဖြင့်မမှတ်၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သား၏၊ အတ္တအားဖြင့်မမှတ်၊ ငြီးငွေ့၏၊ မနှစ်သက်၊ တပ်နှစ်သက်ခြင်းကင်း၏၊ မတပ်နှစ်သက်၊ ချုပ်စေ၏၊ မဖြစ်စေ၊ စွန့်လွှတ်၏၊ မစွဲယူ။

အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် နိစ္စသညာကို စွန့်၏၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် သုခသညာကို စွန့်၏၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် အတ္တသညာကို စွန့်၏။

http://www.dhammadownload.com



ငြိုးငွေ့သောသူသည် နှစ်သက်ခြင်းကိုစွန့်၏၊ တပ်ခြင်းကင်းသောသူသည် ရာဂကိုစွန့်၏၊ ချုပ်စေသော ယောဂီပုဂ္ဂိုလ်သည် ဖြစ်ပေါ်ခြင်းကိုစွန့်၏၊ စွန့်လွှတ်သောသူသည် စွဲယူခြင်းကိုစွန့်၏၊ ဤသို့လျှင် စိတ်ကို အဇ္ဈတ္တသန္တာန်၌ ပိုင်းခြားမှတ်သား၏။

ဤသို့လျှင် အဇ္ဈတ္တသန္တာန်၌ဖြစ်သောတရားတို့ကို ပိုင်းခြားမှတ်သား၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏။ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အဇ္ဈတ္တသန္တာန်၌ ဖြစ်ပေါ်သော တရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ဖြစ်သောပညာကို ဝတ္ထုနာနတ္တဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်ငါးခုမြောက် ဝတ္ထုနာနတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၆-ဂေါစရနာနတ္တဉာဏ် အကျယ်ပြခြင်း

၆၇။ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောတရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် ဂေါစရနာနတ္တဉာဏ်မည်သနည်း။

ဗဟိဒ္ဓသန္တာန်၌ဖြစ်သောတရားတို့ကို အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အဆင်းတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ အသံတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ အနံ့တို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ အရသာတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ အတွေ့အထိတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

အဆင်းရူပါရုံတို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အဆင်းတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် တပ်မက်မှု တဏှာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် ကံကြောင့် ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် အာဟာရကြောင့် ဖြစ်ကုန်၏ဟု ပိုင်းခြား မှတ်သား၏၊ အဆင်းတို့သည် မဟာဘုတ်လေးပါးတို့ကိုစွဲ၍ ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် ဖြစ်ကုန်ဆဲဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် ကောင်းစွာဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် မဖြစ်မူ၍ ဖြစ်ကုန်၏၊ ဖြစ်ပြီး၍နောင်မဖြစ်ကုန်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏။

အဆင်းတို့ကို အဆုံးအပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ အဆင်းတို့သည် မမြဲကုန်၊ မြဲသောသဘောမရှိကုန်၊ ဖောက်ပြန်သောသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏။

အဆင်းတို့သည် နိစ္စသဘောမရှိကုန်၊ ပြုပြင်အပ်ကုန်၏၊ အကြောင်းကိုစွဲ၍ဖြစ်ကုန်၏၊ ကုန်ခြင်းသဘောရှိကုန်၏၊ ပျက်ခြင်းသဘောရှိကုန်၏၊ ကင်းခြင်းသဘောရှိကုန်၏၊ ချုပ်ခြင်းသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏။

အဆင်းတို့ကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့်မမှတ်၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သား၏၊ သုခအားဖြင့်မမှတ်၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သား၏၊ အတ္တအားဖြင့်မမှတ်၊

http://www.dhammadownload.com



ငြီးငွေ့၏၊ မနှစ်သက်၊ တပ်နှစ်သက်ခြင်းကင်း၏၊ မတပ်နှစ်သက်၊ ချုပ်စေ၏။ မဖြစ်စေ၊ စွန့်လွှတ်၏၊ မစွဲယူ။

အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် နိစ္စသညာကိုစွန့်၏၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် သုခသညာကို စွန့်၏၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သားသော သူသည် အတ္တသညာကိုစွန့်၏၊ ငြီးငွေ့သောသူသည် နှစ်သက်ခြင်းကိုစွန့်၏၊ တပ်ခြင်းကင်းသောသူသည် ရာဂကိုစွန့်၏၊ ချုပ်စေသောသူသည် ဖြစ်စေခြင်းကို စွန့်၏၊ စွန့်လွှတ်သောသူသည် စွဲယူခြင်းကို စွန့်၏၊ ဤသို့အဆင်းတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

အသံတို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အသံတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

အသံတို့သည် မဟာဘုတ်လေးပါးတို့ကိုစွဲ၍ ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အသံတို့သည် ဖြစ်ကုန်ဆဲဟု ပိုင်းခြားမှတ်သား၏၊ အသံတို့သည် ကောင်းစွာဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အသံတို့သည် မဖြစ်မူ၍ဖြစ်ကုန်၏၊ ဖြစ်ပြီး၍နောင်မဖြစ်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏။

အသံတို့ကို အဆုံးအပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ အသံတို့သည် မမြဲကုန်၊ မြဲသောသဘောမရှိကုန်၊ ဖောက်ပြန်သောသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အသံတို့သည် နိစ္စသဘောမရှိကုန်၊ ပြုပြင်အပ်ကုန်၏၊ အကြောင်းကိုစွဲ၍ဖြစ်ကုန်၏၊ ကုန်ခြင်းသဘောရှိကုန်၏၊ ပျက်ခြင်းသဘောရှိကုန်၏၊ ကင်းခြင်းသဘောရှိကုန်၏၊ ချုပ်ခြင်းသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏။

အသံတို့ကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့်မမှတ်။ပ။

ဤသို့အသံတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

အနံ့တို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အနံ့တို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အနံ့တို့သည် တဏှာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

ဤသို့အနံ့တို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

အရသာတို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အရသာတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အရသာတို့သည် တဏှာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

ဤသို့အရသာတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

အတွေ့အထိတို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

အတွေ့အထိတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အတွေ့အထိတို့သည် တဏှာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အတွေ့အထိတို့သည် ကံကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ အတွေ့အထိတို့သည် အာဟာရကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊

http://www.dhammadownload.com



အတွေ့အထိတို့သည် ဖြစ်ကုန်ဆဲဟု ပိုင်းခြားမှတ်သား၏၊ အတွေ့အထိတို့သည် ကောင်းစွာဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏။ပ။

ဤသို့အတွေ့အထိတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

ဓမ္မာရုံတို့ကို ဗဟိဒ္ဓသန္တာန်၌ အဘယ်သို့လျှင် ပိုင်းခြားမှတ်သားသနည်း။

ဓမ္မာရုံတို့သည် အဝိဇ္ဇာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် တဏှာကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် ကံကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြား မှတ်သား၏၊ ဓမ္မာရုံတို့သည် အာဟာရကြောင့်ဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် ဖြစ်ကုန်ဆဲဟု ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် ကောင်းစွာဖြစ်ကုန်၏ဟု ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် မဖြစ်မူ၍ ဖြစ်ကုန်၏၊ ဖြစ်ပြီး၍ မဖြစ်ကုန်လတ္တံ့ဟု ပိုင်းခြားမှတ်သား၏။

ဓမ္မာရုံတို့ကို အဆုံးအပိုင်းအခြားရှိသောအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဓမ္မာရုံတို့သည် မမြဲကုန်၊ မြဲသောသဘောမရှိကုန်၊ ဖောက်ပြန်သောသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏။

ဓမ္မာရုံတို့သည် နိစ္စသဘောမရှိကုန်၊ ပြုပြင်အပ်ကုန်၏၊ အကြောင်းကိုစွဲ၍ဖြစ်ကုန်၏၊ ကုန်ခြင်းသဘောရှိကုန်၏၊ ပျက်ခြင်းသဘောရှိကုန်၏၊ ကင်းခြင်းသဘောရှိကုန်၏၊ ချုပ်ခြင်းသဘောရှိကုန်၏ဟု ပိုင်းခြားမှတ်သား၏။

ဓမ္မာရုံတို့ကို အနိစ္စအားဖြင့် ပိုင်းခြားမှတ်သား၏၊ နိစ္စအားဖြင့်မမှတ်၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သား၏၊ သုခအားဖြင့်မမှတ်၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သား၏၊ အတ္တအားဖြင့်မမှတ်၊ ငြီးငွေ့၏၊ မနှစ်သက်၊ တပ်နှစ်သက်ခြင်းကင်း၏၊ မတပ်နှစ်သက်၊ ချုပ်စေ၏၊ မဖြစ်စေ၊ စွန့်လွှတ်၏၊ မစွဲယူ။

အနိစ္စအားဖြင့် ပိုင်းခြားမှတ်သားသော ယောဂီပုဂ္ဂိုလ်သည် နိစ္စသညာကိုစွန့်၏၊ ဒုက္ခအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် သုခသညာကိုစွန့်၏၊ အနတ္တအားဖြင့် ပိုင်းခြားမှတ်သားသောသူသည် အတ္တသညာကိုစွန့်၏၊ ငြီးငွေ့သောသူသည် နှစ်သက်ခြင်းကိုစွန့်၏၊ တပ်ခြင်းကင်းသောသူသည် တပ်ခြင်းရာဂကိုစွန့်၏၊ ချုပ်စေသောသူသည် ဖြစ်ခြင်းကိုစွန့်၏၊ စွန့်လွှတ်သောသူသည် စွဲယူခြင်းကိုစွန့်၏။

ဤသို့ဓမ္မာရုံတို့ကို ဗဟိဒ္ဓသန္တာန်၌ ပိုင်းခြားမှတ်သား၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောတရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ဖြစ်သော ပညာကို ဂေါစရနာနတ္တဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်ခြောက်ခုမြောက် ဂေါစရနာနတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၇-စရိယနာနတ္တဉာဏ် အကျယ်ပြခြင်း

၆၈။ **စရိယ**တို့ကို ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်သော ပညာသည် အဘယ်သို့လျှင် **စရိယနာနတ္တဉာဏ်** မည်သနည်း။

http://www.dhammadownload.com



စရိယဟူရာ၌ စရိယတို့သည် ဝိညာဏစရိယ အညာဏစရိယ ဉာဏစရိယဟု သုံးမျိုးရှိ၏။
ဝိညာဏစရိယသည် အဘယ်နည်း။

မြင်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ရူပါရုံတို့၌ ဝိညာဏစရိယမည်၏၊ မြင်ခြင်းသဘောရှိသော စက္ခုဝိညာဏ်သည် ရူပါရုံတို့၌ ဝိညာဏစရိယ မည်၏၊မြင်အပ်သည်၏အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်ခြင်းသဘောရှိသော ဝိပါက်မနောဓာတ် သည် ရူပါရုံတို့၌ ဝိညာဏစရိယမည်၏၊ အာရုံသို့ရှေးရှုတင်တတ်သည်၏ အဖြစ်ကြောင့် ဝိပါက် မနောဝိညာဏဓာတ်သည် ရူပါရုံတို့၌ ဝိညာဏစရိယမည်၏။

ကြားခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် သဒ္ဒါရုံတို့၌ ဝိညာဏစရိယမည်၏၊ ကြားခြင်းသဘောရှိသော သောတဝိညာဏ်သည် သဒ္ဒါရုံတို့၌ ဝိညာဏစရိယ မည်၏၊ ကြားအပ်သည်၏အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်ခြင်းသဘောရှိသော ဝိပါက်မနော ဓာတ်သည် သဒ္ဒါရုံတို့၌ ဝိညာဏစရိယမည်၏။

အာရုံသို့ ရှေးရှုတင်တတ်သည်၏အဖြစ်ကြောင့် ဝိပါက်မနောဝိညာဏဓာတ်သည် သဒ္ဒါရုံတို့၌ ဝိညာဏစရိယမည်၏။

နမ်းရှုခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဂန္ဓာရုံတို့၌ ဝိညာဏစရိယမည်၏၊ နမ်းရှုခြင်းသဘောရှိသော ဃာနဝိညာဏ်သည် ဂန္ဓာရုံတို့၌ ဝိညာဏစရိယ မည်၏။

နမ်းရှုအပ်သည်၏အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်ခြင်းသဘောရှိသော ဝိပါက်မနောဓာတ် သည် ဂန္ဓာရုံတို့၌ ဝိညာဏစရိယမည်၏။

အာရုံသို့ ရှေးရှုတင်တတ်သည်၏အဖြစ်ကြောင့် ဝိပါက်မနောဝိညာဏဓာတ်သည် ဂန္ဓာရုံတို့၌ ဝိညာဏစရိယမည်၏။

လျက်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ရသာရုံတို့၌ ဝိညာဏစရိယမည်၏။

လျက်ခြင်းသဘောရှိသော ဇိဝှါဝိညာဏ်သည် ရသာရုံတို့၌ ဝိညာဏစရိယမည်၏။

လျက်အပ်သည်၏အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်တတ်ခြင်းသဘောရှိသော ဝိပါက်မနော ဓာတ်သည်ရသာရုံတို့၌ ဝိညာဏစရိယမည်၏။

အာရုံသို့ ရှေးရှုတင်တတ်သည်၏အဖြစ်ကြောင့် ဝိပါက်မနောဝိညာဏဓာတ်သည် ရသာရုံတို့၌ ဝိညာဏစရိယမည်၏။

တွေ့ထိခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သောအဗျာကတသည် ဖောဋ္ဌဗ္ဗာရုံ တို့၌ ဝိညာဏစရိယမည်၏။

တွေ့ထိခြင်းသဘောရှိသော ကာယဝိညာဏ်သည် ဖောဋ္ဌဗ္ဗာရုံတို့၌ ဝိညာဏစရိယမည်၏။

တွေ့ထိအပ်သည်၏အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်ခြင်းသဘောရှိသော ဝိပါက်မနောဓာတ် သည် ဖောဋ္ဌဗ္ဗာရုံတို့၌ ဝိညာဏစရိယမည်၏။

http://www.dhammadownload.com



အာရုံသို့ရှေးရှုတင်တတ်သည်၏အဖြစ်ကြောင့် ဝိပါက်မနောဝိညာဏဓာတ်သည် ဖောဋ္ဌဗ္ဗာရုံတို့၌ ဝိညာဏစရိယမည်၏။

သိခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဓမ္မာရုံတို့၌ ဝိညာဏစရိယမည်၏။

သိခြင်းသဘောရှိသော မနောဝိညာဏ်သည် ဓမ္မာရုံတို့၌ ဝိညာဏစရိယမည်၏။

သိတတ်သည်၏ အဖြစ်ကြောင့် အာရုံသို့ရှေးရှုတင်ခြင်း သဘောရှိသော ဝိပါက်မနောဓာတ်သည် ဓမ္မာရုံတို့၌ ဝိညာဏစရိယမည်၏။

အာရုံသို့ရှေးရှုတင်တတ်သည်၏ အဖြစ်ကြောင့် ဝိပါက်မနောဝိညာဏဓာတ်သည် ဓမ္မာရုံတို့၌ ဝိညာဏစရိယမည်၏။

၆၉။ ဝိညာဏစရိယဟူရာ၌ အဘယ်အနက်သဘောကြောင့် ဝိညာဏစရိယမည်သနည်း။

ရာဂကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဒေါသကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ မောဟကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ မာနကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဒိဋ္ဌိကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဥဒ္ဓစ္စကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဝိစိကိစ္ဆာကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အနုသယကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ရာဂနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဒေါသနှင့်မယှဉ်သည် ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ မောဟနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ မာနနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဒိဋ္ဌိနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဥဒ္ဓစ္စနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ဝိစိကိစ္ဆာနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အနုသယနှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏။

ကုသိုလ်ကံတို့နှင့် ယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အကုသိုလ်ကံတို့နှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အပြစ်ရှိသောကံတို့နှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အပြစ်မရှိသောကံတို့နှင့်ယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ မည်းညစ်သောကံတို့နှင့် မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဖြူစင်သောကံတို့နှင့် ယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ချမ်းသာကိုဖြစ်စေတတ်ကုန်သောကံတို့နှင့် ယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဆင်းရဲကိုဖြစ်စေတတ်ကုန်သော ကံတို့နှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ချမ်းသာကျိုးကို ဖြစ်စေတတ်ကုန်သောကံတို့နှင့်ယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ ဆင်းရဲကျိုးကို ဖြစ်စေတတ်ကုန်သော ကံတို့နှင့်မယှဉ်သည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ သိအပ်သောအာရုံ၌ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏၊ အဟိတ်စိတ်ဟူသော ဝိညာဏ်၏ ဤသို့သဘောရှိသော အာရုံ၌ ဖြစ်တတ်သောကြောင့် ဝိညာဏစရိယမည်၏။

http://www.dhammadownload.com



ဤစိတ်သည် ကိလေသာမရှိသောသဘောအားဖြင့် ပကတိအားဖြင့် စင်ကြယ်တတ်သော ကြောင့် ဝိညာဏစရိယမည်၏၊ ဤဆိုခဲ့ပြီးသည်ကား ဝိညာဏစရိယတည်း။

အညာဏစရိယဟူသည် အဘယ်နည်း။

နှလုံးကိုပွါးစေတတ်သော ရူပါရုံတို့၌ ရာဂဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ရာဂ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

နှလုံးကို မပွါးစေတတ်ကုန်သော ရူပါရုံတို့၌ ဒေါသဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဒေါသ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

ထိုနှစ်ပါးစုံဖြင့် မညီညွတ်သော အဖို့ရှိသော ဝတ္ထု၌ မောဟဖြစ်ခြင်းအကျိုးငှါ ဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ မောဟ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

အမြဲဖွဲ့၍တည်တတ်သော မာနဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ မာန၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

မှားသောအားဖြင့် သုံးသပ်တတ်သော ဒိဋ္ဌိဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဒိဋ္ဌိ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

ပျံ့လွင့်ခြင်းသို့ရောက်သော ဥဒ္ဓစ္စဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဥဒ္ဓစ္စ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာဖြစ်ခြင်းအကျိုးငှါ ဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဝိစိကိစ္ဆာ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

အားရှိသည်၏အဖြစ်သို့ ရောက်သော အနုသယဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ အနုသယ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

နှလုံးကိုပွါးစေတတ်သော သဒ္ဒါရုံတို့၌။ပ။
နှလုံးကိုပွါးစေတတ်သော ဂန္ဓာရုံတို့၌။ပ။
နှလုံးကိုပွါးစေတတ်သော ရသာရုံတို့၌။ပ။
နှလုံးကိုပွါးစေတတ်သော ဖောဋ္ဌဗ္ဗာရုံတို့၌။ပ။

နှလုံးကိုပွါးစေတတ်သော ဓမ္မာရုံတို့၌ ရာဂဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ရာဂ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

နှလုံးကိုမပွါးစေတတ်သော ဓမ္မာရုံတို့၌ အပြစ် 'ဒေါသ' ဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်း ကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဒေါသ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

http://www.dhammadownload.com



ထိုနှစ်ပါးစုံဖြင့် မညီညွတ်သော အဖို့ရှိသော ဝတ္ထု၌ မောဟဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ မောဟ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

အမြဲဖွဲ့၍တည်တတ်သော မာနဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ မာန၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

မှားသောအားဖြင့် သုံးသပ်တတ်သော ဒိဋ္ဌိဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဒိဋ္ဌိ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

ပျံ့လွင့်ခြင်းသို့ရောက်သော ဥဒ္ဓစ္စဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဥဒ္ဓစ္စ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာဖြစ်ခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဝိစိကိစ္ဆာ၏ဖြစ်ခြင်းသည် အညာဏစရိယမည်၏။

အားရှိသည်အဖြစ်သို့ရောက်သော အနုသယဖြစ်ခြင်းငှါဖြစ်သော အဗျာကတသည် ဝိညာဏစရိယမည်၏။

၇၀။ အညာဏစရိယဟူရာ၌ အဘယ်အနက်သဘောကြောင့် အညာဏစရိယမည်သနည်း။

ရာဂနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဒေါသနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မောဟနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မာနနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဒိဋ္ဌိနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဥဒ္ဓစ္စနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဝိစိကိစ္ဆာနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏၊ အနုသယနှင့်တကွဖြစ်သောကြောင့် အညာဏစရိယမည်၏။

ရာဂနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဒေါသနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မောဟနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မာနနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဒိဋ္ဌိနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဥဒ္ဓစ္စနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဝိစိကိစ္ဆာနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ အနုသယနှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏။

ကုသိုလ်ကံတို့နှင့်မယှဉ်မူ၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ အကုသိုလ်ကံတို့နှင့်ယှဉ်၍ ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ အပြစ်ရှိသောကံတို့နှင့်ယှဉ်၍ ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ အပြစ်မရှိသောကံတို့နှင့်မယှဉ်မူ၍ ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မည်းညစ်ကုန်သောကံတို့နှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဖြူစင်သောကံတို့နှင့် မယှဉ်မူ၍ ဖြစ်သောကြောင့် အညာဏစရိယမည်၏။

ချမ်းသာကိုဖြစ်စေတတ်သောကံတို့နှင့် မယှဉ်မူ၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဆင်းရဲကိုဖြစ်စေတတ်သောကံတို့နှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ချမ်းသာကျိုးကိုဖြစ်စေတတ်သောကံတို့နှင့်မယှဉ်မူ၍ ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ ဆင်းရဲကျိုးကိုဖြစ်စေတတ်သောကံတို့နှင့်ယှဉ်၍ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မသိအပ်သောအာရုံ၌

http://www.dhammadownload.com



ဖြစ်သောကြောင့် အညာဏစရိယမည်၏၊ မသိခြင်း၏ ဤသို့သဘောရှိသော ဖြစ်ခြင်းမျိုးဖြစ်တက် သောကြောင့် အညာဏစရိယမည်၏၊ ဤသည်ကား အညာဏစရိယမည်၏။

၇၁။ ဉာဏစရိယဟူသည်ကား အဘယ်နည်း။

အနိစ္စကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ အနိစ္စကို အဖန်တလဲလဲရှုခြင်းသည် ဉာဏစရိယမည်၏၊ ဒုက္ခကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟုဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဒုက္ခကို အဖန်တလဲလဲရှုခြင်းသည် ဉာဏစရိယမည်၏။

အနတ္တကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ အနတ္တကို အဖန်တလဲလဲရှုခြင်းသည် ဉာဏစရိယမည်၏။

ငြီးငွေ့ခြင်းကို အဖန်တလဲလဲရှုခြင်းအကျိုးငှါ ဖြစ်သော။ပ။

ရာဂကင်းခြင်းကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော။ ချုပ်ခြင်းကို အဖန်တလဲလဲရှုခြင်း အကျိုးငှါ ဖြစ်သော။ စွန့်ခြင်းကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော။ ကုန်ခြင်းကိုအဖန် တလဲလဲ ရှုခြင်းအကျိုးငှါ ဖြစ်သော။ ပျက်ခြင်းကို အဖန်တလဲလဲ ရှုခြင်းအကျိုး ငှါ ဖြစ်သော။ ဖောက်ပြန်ခြင်းကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော။ အနိမိတ္တကို အဖန်တလဲလဲရှုခြင်း အကျိုးငှါဖြစ်သော။ မတောင့်တမှုကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော။ ဆိတ်သုဉ်းမှုကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော။ အဓိပညာတရားကို အဖန်တလဲလဲရှုခြင်းအကျိုးငှါ ဖြစ်သော။ ယထာဘူတဉာဏ်ကိုမြင်ခြင်း အကျိုးငှါဖြစ်သော။ အပြစ်ကို အဖန်တလဲလဲရှုခြင်း အကျိုးငှါဖြစ်သော။ ဆင်ခြင်ခြင်းကို အဖန်တလဲလဲရှုခြင်းအကျိုးငှါဖြစ်သော အာဝဇ္ဇန်းကြိယာဟု ဆိုအပ်သော အဗျာကတသည် ဝိညာဏစရိယမည်၏၊ ဆင်ခြင်ခြင်းကို အဖန်တလဲလဲရှုခြင်းသည် ဉာဏစရိယမည်၏၊ ဝဋ်ကင်းခြင်းကို အဖန်တလဲလဲရှုခြင်းသည် ဉာဏစရိယမည်၏။

သောတာပတ္တိမဂ်သည် ဉာဏစရိယမည်၏၊ သောတာပတ္တိဖိုလ်ကို ဝင်စားခြင်းသည် ဉာဏစရိယမည်၏၊ သကဒါဂါမိမဂ်သည် ဉာဏစရိယမည်၏၊ သကဒါဂါမိဖိုလ်ကိုဝင်စားခြင်းသည် ဉာဏစရိယမည်၏၊ အနာဂါမိမဂ်သည် ဉာဏစရိယမည်၏၊ အနာဂါမိဖိုလ်ကိုဝင်စားခြင်းသည် ဉာဏစရိယမည်၏၊ အရဟတ္တမဂ်သည် ဉာဏစရိယမည်၏၊ အရဟတ္တဖိုလ်ကိုဝင်စားခြင်းသည် ဉာဏစရိယမည်၏။

ဉာဏစရိယဟူရာ၌ အဘယ်အနက်သဘောကြောင့် ဉာဏစရိယမည်သနည်း။

ရာဂကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ ဒေါသကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏။ပ။

အနုသယကင်းသည်ဖြစ်၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏။

ရာဂနှင့်မယှဉ်မူ၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ ဒေါသနှင့်မယှဉ်မူ၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ မောဟနှင့်မယှဉ်မူ၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ မာနနှင့်မယှဉ်မူ၍။ပ။ ဒိဋ္ဌိနှင့်မယှဉ်မူ၍။ ဥဒ္ဓစ္စနှင့်မယှဉ်မူ၍။ ဝိစိကိစ္ဆာနှင့်မယှဉ်မူ၍။ အနုသယနှင့်မယှဉ်မူ၍။

http://www.dhammadownload.com



ကုသိုလ်ကံတို့နှင့်ယှဉ်၍။ အကုသိုလ်ကံတို့နှင့်မယှဉ်မူ၍။ အပြစ်ရှိသောကံတို့နှင့်မယှဉ်မူ၍။ အပြစ်မရှိသော ကံတို့နှင့်ယှဉ်၍။ မည်းညစ်သော ကံတို့နှင့်မယှဉ်မူ၍။ ဖြူစင်သောကံတို့နှင့်ယှဉ်၍။ ချမ်းသာကိုဖြစ်စေတတ်သော ကံတို့နှင့်ယှဉ်၍။ ဆင်းရဲကိုဖြစ်စေတတ်သောကံတို့နှင့် မယှဉ်မူ၍။ ချမ်းသာကျိုးကို ဖြစ်စေတတ်သော ကံတို့နှင့်ယှဉ်၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ ဆင်းရဲကျိုးကိုဖြစ်စေတတ်သော ကံတို့နှင့်မယှဉ်မူ၍ ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ သိအပ်သောအာရုံ၌ဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ ဉာဏ်၏ ဤသို့သဘောရှိသောဖြစ်ခြင်းမျိုးဖြစ်တတ်သောကြောင့် ဉာဏစရိယမည်၏၊ ဤသည်ကား ဉာဏစရိယတည်း။

ထိုတရားသဘောသည် ဝိညာဏစရိယသည်တခြား၊ အညာဏစရိယသည်တခြား၊ ဉာဏစရိယသည်တခြားဟု ဤသို့သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့်စရိယတို့ကို ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်သော ပညာကို စရိယနာနတ္တဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်ခုနစ်ခုမြောက်သော စရိယနာနတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၈-ဘူမိနာနတ္တဉာဏ် အကျယ်ပြခြင်း

၇၂။ လေးမျိုးလေးမျိုးသော တရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဘူမိနာနတ္တဉာဏ် မည်သနည်း။

ဘုံတို့သည် ကာမဝစရဘုံ ရူပါဝစရဘုံ အရူပါဝစရဘုံ အပရိယာပန္နဘုံအားဖြင့် လေးပါးရှိ၏။

ကာမာဝစရဘုံဟူသည် အဘယ်နည်း။

အောက်အဝီစိငရဲကို အပိုင်းအခြားပြု၍ အထက်ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို အတွင်းသွင်းကာ ဤအပိုင်းအခြားအတွင်း၌ကျင်လည်သော ဤအပိုင်းအခြားအတွင်း၌ အကျုံးဝင်သော ခန္ဓာ ဓာတ် အာယတန ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် ကာမာဝစရဘုံမည်၏။

ရူပါဝစရဘုံဟူသည် အဘယ်နည်း။

အောက်ဗြဟ္မာပြည်ကို အပိုင်းအခြားပြု၍ အထက် အကနိဋ္ဌဗြဟ္မာဘုံကို အတွင်းသွင်း၍ ဤအပိုင်းအခြားအတွင်း၌ ကျင်လည်သော ဤအပိုင်းအခြားအတွင်း၌ အကျုံးဝင်သော သမာပတ်ဝင်စားသော သူအားရှင်း ဥပပတ်ပဋိသန္ဓေနေသူအားရှင်း မျက်မှောက် ယခုဘဝ၌ ချမ်းသာစွာ နေလေ့ရှိသောသူအားရှင်း ဖြစ်သော စိတ် စေတသိက်တရားတို့သည် ရူပါဝစရဘုံ မည်၏။

အရူပါဝစရဘုံဟူသည် အဘယ်နည်း။

အောက်အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့ကို အပိုင်းအခြားပြု၍ အထက်နေဝသညာနာသညာယတနဘုံသို့ကပ်ရောက်သော ဗြဟ္မာတို့ကို အတွင်းသွင်း၍ ဤအပိုင်းအခြားအတွင်း၌ အကျုံးဝင်သော သမာပတ်ဝင်စားသူအားရှင်း ဥပပတ်ပဋိသန္ဓေနေသူအားရှင်း မျက်မှောက်ယခုဘဝ၌ ချမ်းသာစွာနေလေ့ရှိသူဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည် အရူပါဝစရဘုံမည်၏။

http://www.dhammadownload.com



အပရိယာပန္နဘုံဟူသည် အဘယ်နည်း။

အပရိယာပန္နဖြစ်သော မဂ်ဘုံသည်၎င်း မဂ်ဖိုလ်တို့သည်၎င်း အသင်္ခတဓာတ်သည်၎င်း အပရိယာပန္နဘုံမည်၏။

ဘုံလေးပါးတို့ကား ဤသည်တို့တည်း။

နောက်တမျိုး ဘုံလေးပါးတို့ကား၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဈာန်လေးပါး၊ အပ္ပမညာလေးပါး၊ အရူပသမာပတ်လေးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ ပဋိပဒါလေးပါး၊ အာရုံလေးပါး၊ အရိယဝံသလေးပါး၊ သင်္ဂဟဝတ္ထုလေးပါး၊ စက်လေးပါး၊ ဓမ္မပဒလေးပါးတို့တည်း။

ဤသည်တို့ကား ဘုံလေးပါးတို့တည်း။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် လေးမျိုး လေးမျိုးသော တရားတို့ကို ပိုင်းခြားမှတ်သားခြင်း၌ဖြစ်သော ပညာကို ဘူမိနာနတ္တဉာဏ်မည်၏ဟု ဆိုအပ်၏။

တဆယ့်ရှစ်ခုမြောက် ဘူမိနာနတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၁၉-ဓမ္မနာနတ္တဉာဏ် အကျယ်ပြခြင်း

၇၃။ ကိုးမျိုးကိုးမျိုးသော တရားတို့ကို ပိုင်းခြား မှတ်သားခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဓမ္မနာနတ္တဉာဏ်မည်သနည်း၊ အဘယ်သို့လျှင် တရားတို့ကို ပိုင်းခြားမှတ်သားသနည်း။

ကာမာဝစရတရားတို့ကိုကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

ရူပါဝစရတရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

အရူပါဝစရတရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

အပရိယာပန္နတရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

ကာမာဝစရတရားတို့ကို အဘယ်သို့လျှင် ကုသိုလ်အားဖြင့်ပိုင်းခြားမှတ်သားသနည်း၊ အဘယ်သို့လျှင် အကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သားသနည်း၊ အဘယ်သို့လျှင် အဗျာကတအားဖြင့် ပိုင်းခြားမှတ်သားသနည်း။

ကုသလကမ္မပထဆယ်ပါးတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အကုသလကမ္မပထဆယ်ပါးတို့ကို အကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ ရုပ်ကို၎င်း ဝိပါက်ကို၎င်း ကြိယာကို၎င်း အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဤသို့ ကာမာဝစရတရားတို့ကို ကုသိုလ်အားဖြင့်

http://www.dhammadownload.com



ပိုင်းခြားမှတ်သား၏၊ အကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

ရူပါဝစရတရားတို့ကို အဘယ်သို့လျှင် ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သားသနည်း၊ အဘယ်သို့လျှင် အဗျာကတအားဖြင့် ပိုင်းခြားမှတ်သားသနည်း။

ဤဘုံ၌တည်သောပုဂ္ဂိုလ်၏လေးပါးသောဈာန်တို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ ထိုဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏လေးပါးသောဈာန်တို့ကို အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဤသို့ရူပါဝစရတရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

အရူပါဝစရတရားတို့ကို အဘယ်သို့လျှင် ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သားသနည်း၊ အဘယ်သို့လျှင် အဗျာကတအားဖြင့် ပိုင်းခြားမှတ်သားသနည်း။

ဤဘုံ၌တည်ရှိသော ပုဂ္ဂိုလ်၏လေးပါးသော အရူပါဝစရ သမာပတ်တို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ ထိုဘုံ၌ဖြစ်သောပုဂ္ဂိုလ်၏ လေးပါးသော အရူပါဝစရသမာပတ်တို့ကို အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဤသို့လျှင်အရူပါဝစရတရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏။

အပရိယာပန္န'လောကုတ္တရာ' တရားတို့ကို အဘယ်သို့လျှင် ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သားသနည်း၊ အဘယ်သို့လျှင် အဗျာကတအားဖြင့် ပိုင်းခြားမှတ်သားသနည်း။

လေးပါးသော အရိယာမဂ်တို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ လေးပါးသော သာမညဖိုလ်တို့ကိုငှင်း နိဗ္ဗာန်ကိုငှင်း အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဤသို့အပရိယာပန္န 'လောကုတ္တရာ' တရားတို့ကို ကုသိုလ်အားဖြင့် ပိုင်းခြားမှတ်သား၏၊ အဗျာကတအားဖြင့် ပိုင်းခြားမှတ်သား၏၊ ဤသို့ တရားတို့ကို ပိုင်းခြားမှတ်သား၏။

ဝမ်းမြောက်မှုလျှင် အကြောင်းရင်းရှိကုန်သော တရားတို့သည် ကိုးပါးတို့တည်း။

အနိစ္စအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်း ပီတိဖြစ်၏၊ နှစ်သက်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာနှင့်ပြည့်စုံသူ၏ စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည်ရှိသော် ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ဟုတ်တိုင်းမှန်စွာ သိသူမြင်သူသည် ငြီးငွေ့၏၊ ငြီးငွေ့သူသည် တပ်မက်ခြင်းကင်း၏၊ တပ်ခြင်းကင်းခြင်းကြောင့် လွတ်မြောက်၏။

ဒုက္ခအားဖြင်နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ပ ။

အနတ္တအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ပ ။

ရုပ်ကိုအနိစ္စအားဖြင့် နှလုံးသွင်းသူအားဝမ်းမြောက်ခြင်းဖြစ်ခြင်း၏။ ပ ။

ရုပ်ကိုဒုက္ခအားဖြင့် နှလုံးသွင်းသူအား။ ပ ။ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ ပ ။အိုခြင်း သေခြင်းကို အနိစ္စအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ပ။ အိုခြင်းသေခြင်းကို ဒုက္ခအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ပ။အိုခြင်း သေခြင်းကို

http://www.dhammadownload.com



အနတ္တအားဖြင့်နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သောစိတ်ရှိသူ၏ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာနှင့်ပြည့်စုံသူ၏စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည် ရှိသော် ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ဟုတ်တိုင်းမှန်စွာသိသူမြင်သူသည် ငြီးငွေ့၏၊ ငြီးငွေ့သူသည် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းခြင်းကြောင့် လွတ်မြောက်၏၊ ဤကိုးပါးသော တရားတို့သည် ဝမ်းမြောက်မှုလျှင် အကြောင်းရင်းရှိကုန်သော တရားတို့တည်း။

၇၄။ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းမှုလျှင် အကြောင်းရင်းရှိသော တရားတို့သည် ကိုးပါးတို့တည်း။

အနိစ္စဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်ခြင်းစိတ်ရှိသူ၏ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသော ကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာနှင့်ပြည့်စုံသူ၏ စိတ်သည် တည်ကြည်၏၊ တည်ကြည်သော စိတ်ဖြင့် "ဤတရားကား ဆင်းရဲဒုက္ခတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲဒုက္ခဖြစ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ရဲဆင်းဒုက္ခချုပ်ရာနိဗ္ဗာန်တည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲ ဒုက္ခ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဒုက္ခဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက် ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သောစိတ်ရှိသူ၏ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသောကိုယ်ရှိသူသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာနှင့်ပြည့်စုံသူ၏ စိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်ဖြင့် "ဤတရားကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲဒုက္ခ၏ဖြစ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲဒုက္ခချုပ်ရာ နိဗ္ဗာန်တည်း"ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏။

အနတ္တဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ပ ။

ရုပ်ကိုအနိစ္စဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ပ ။ရုပ်ကို ဒုက္ခဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ပ။

ရုပ်ကို အနတ္တဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ ပ ။ဝေဒနာကို။ သညာကို။ ဝိညာဏ်ကို။ မျက်စိကို။ပ။ အိုခြင်းသေခြင်းကို အနိစ္စဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ပ။အိုခြင်းသေခြင်းကို ဒုက္ခဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏။ပ။

အိုခြင်းသေခြင်းကို အနတ္တဟူ၍ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ငြိမ်းချမ်းသောကိုယ်ရှိသူသည် ချမ်းသာကိုခံစားရ၏၊ ချမ်းသာနှင့် ပြည့်စုံသူ၏ စိတ်သည် တည်ကြည်၏၊ တည်ကြည်သောစိတ်ဖြင့် "ဤတရားကား ဆင်းရဲဒုက္ခတည်း" ဟု ဟုတ်တိုင်း

http://www.dhammadownload.com



မှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲဒုက္ခဖြစ်ကြောင်းတည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲဒုက္ခချုပ်ရာနိဗ္ဗာန်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏၊ "ဤတရားကား ဆင်းရဲ ဒုက္ခချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိ၏။

ဤသည်တို့ကား သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းမှုလျှင် အကြောင်းရင်း ရှိကုန်သောတရား ကိုးပါးတို့တည်း။

နာနတ္တတရားတို့သည် ကိုးပါးတို့တည်း။

ဓာတ်အမျိုးမျိုးကိုစွဲ၍ ဖဿအမျိုးမျိုးဖြစ်၏၊ ဖဿအမျိုးမျိုးကိုစွဲ၍ ဝေဒနာအမျိုးမျိုး ဖြစ်၏၊ ဝေဒနာအမျိုးမျိုးကိုစွဲ၍သညာအမျိုးမျိုးဖြစ်၏၊ သညာအမျိုးမျိုးကိုစွဲ၍ အကြံအမျိုးမျိုး ဖြစ်၏၊ အကြံအမျိုးမျိုးကိုစွဲ၍ အလိုဆန္ဒအမျိုးမျိုးဖြစ်၏၊ အလိုဆန္ဒအမျိုးမျိုးကိုစွဲ၍ကြောင့်ကြပူပန်ခြင်းအမျိုးမျိုးဖြစ်၏၊ ကြောင့်ကြပူပန်ခြင်းအမျိုးမျိုးကိုစွဲ၍ ရှာမှီးခြင်းအမျိုးမျိုးဖြစ်၏၊ ဤသည်တို့ကား နာနတ္တတရားကိုးပါးတို့တည်း။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထိုကြောင့် ကိုးမျိုးကိုးမျိုးသော တရားကိုးပါးတို့ကို ပိုင်းခြားမှတ်သားခြင်း၌ ဖြစ်သောပညာကို ဓမ္မနာနတ္တဉာဏ်မည်၏ ဟု ဆိုအပ်၏။

တဆယ့်ကိုးခုမြောက် ဓမ္မနာနတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၂၀-၂၄-ဉာဏပဉ္စက အကျယ်ပြခြင်း

၇၅။ ထူးခြား၍သိတတ်သောပညာသည်အဘယ်သို့လျှင် ဉာတဋ္ဌဉာဏ်မည်သနည်း။

ပိုင်းခြားသတ်မှတ်၍သိတတ်သော ပညာသည်အဘယ်သို့လျှင် တီရဏဋ္ဌဉာဏ်မည်သနည်း။

ပယ်စွန့်တတ်သောပညာသည်အဘယ်သို့လျှင် ပရိစ္စာဂဋ္ဌဉာဏ်မည်သနည်း။

ပွါးများသောပညာသည် အဘယ်သို့လျှင် ဧကရသဋ္ဌဉာဏ်မည်သနည်း။

မျက်မှောက်ပြုတတ်သောပညာသည် အဘယ်သို့လျှင် ဖုသနဋ္ဌဉာဏ်မည်သနည်း။

ထူးခြားသောဉာဏ်ဖြင့်သိအပ်သော တရားတို့သည်ဉာတဋ္ဌဖြစ်ကုန်၏။

ပိုင်းခြားသတ်မှတ်၍ သိအပ်သောတရားတို့သည်ဆုံးဖြတ်ပြီးဖြစ်ကုန်၏၊ ပယ်အပ်သောတရားတို့သည် စွန့်အပ်ပြီးဖြစ်ကုန်၏၊ ပွါးများအပ်သော တရားတို့သည် တူသောအရသာရှိကုန်၏၊ မျက်မှောက်ပြုအပ်သော တရားတို့သည် တွေ့ထိပြီးဖြစ်ကုန်၏။

ထိုတရားသဘောဟူသမျှသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထိုကြောင့် ထူးခြား၍သိတတ်သော ပညာကို ဉာတဋ္ဌဉာဏ်ဟုဆိုအပ်၏။ ပိုင်းခြားသတ်မှတ်၍ သိတတ်သောပညာကို တီရဏဋ္ဌဉာဏ်ဟု ဆိုအပ်၏၊ ပယ်စွန့်တတ်သောပညာကို ပရိစ္စာဂဋ္ဌဉာဏ်ဟု ဆိုအပ်၏၊ ပွါးများသောပညာကို ဧကရသဋ္ဌဉာဏ်ဟုဆိုအပ်၏၊ မျက်မှောက်ပြုတတ်သောပညာကို ဖုသနဋ္ဌဉာဏ် ဟု ဆိုအပ်၏။

နှစ်ဆယ့်လေးခုမြောက် ဉာဏပဉ္စက အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၂၅-၂၈-ပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း

၇၆။ အနက်အကျိုး အထူးထူး၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်သနည်း။ ပါဠိအကြောင်း အထူးထူး၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်သနည်း။

သဒ္ဒါအထူးထူး၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်သနည်း။

ထင်မြင်ဉာဏ် အထူးထူး၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်သနည်း။

သဒ္ဓိန္ဒြေသည် ဓမ္မမည်၏၊ ဝီရိယိန္ဒြေသည် ဓမ္မမည်၏၊ သတိန္ဒြေသည် ဓမ္မမည်၏၊ သမာဓိန္ဒြေသည် ဓမ္မမည်၏၊ ပညိန္ဒြေသည် ဓမ္မမည်၏။

သဒ္ဓိန္ဒြေဖြစ်သောဓမ္မသည် တခြားတည်း၊ ဝီရိယိန္ဒြေဖြစ်သောဓမ္မသည် တခြားတည်း၊ သတိန္ဒြေဖြစ်သောဓမ္မသည် တခြားတည်း၊ သမာဓိန္ဒြေဖြစ်သောဓမ္မသည် တခြားတည်း၊ ပညိန္ဒြေဖြစ်သော ဓမ္မသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဓမ္မတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသောဓမ္မတို့သည် ထင်ရှားကုန်၏၊ ထို့ကြောင့် ပါဠိ အကြောင်းအထူးထူး၌ ဖြစ်သောပညာကို ဓမ္မပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။ (၁)

ဆုံးဖြတ်ခြင်းသဘောသည် အတ္ထတည်း၊ ချီးမြှောက်ခြင်းသဘောသည် အတ္ထတည်း၊ ထင်ခြင်း သဘောသည် အတ္ထတည်း၊ မပျံ့လွင့်ခြင်းသဘောသည် အတ္ထတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။

ဆုံးဖြတ်ခြင်းသဘောဖြစ်သော အတ္ထသည် တခြားတည်း၊ ချီ မြှောက်ခြင်း သဘောဖြစ်သော အတ္ထသည် တခြားတည်း၊ ထင်ခြင်းသဘောဖြစ်သော အတ္ထသည် တခြားတည်း၊ မပျံ့လွင့်ခြင်း သဘောဖြစ်သောအတ္ထသည် တခြားတည်း၊ မြင်ခြင်းသဘောဖြစ်သောအတ္ထသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် အထူးထူးသောအတ္ထတို့ကို သိအပ်ကုန်၏။ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသောအတ္ထတို့သည် ထင်ရှားကုန်၏၊ ထို့ကြောင့် အနက်အကျိုး အထူးထူး၌ ဖြစ်သောပညာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။ (၂)

အကြောင်းတရားငါးပါးတို့ကို ကောင်းစွာပြခြင်း၌ သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏၊ အကျိုးတရားငါးပါးတို့ကို ကောင်းစွာပြခြင်း၌ သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။

ပါဠိကိုထုတ်ဆိုခြင်း ဓမ္မနိရုတ္တိတို့သည် တခြားတည်း၊ အနက်ကိုထုတ်ဆိုခြင်း အတ္ထနိရုတ္တိတို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့သည် ထင်ရှားကုန်၏။ ထို့ကြောင့် သဒ္ဒါအထူးထူး၌ ဖြစ်သောပညာကို နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။ (၃)

http://www.dhammadownload.com



ငါးပါးသော အကြောင်းတရားတို့၌ ဉာဏ်တို့သည်၎င်း ငါးပါးသော အကျိုးတရားတို့၌ ဉာဏ်တို့သည်၎င်း ဆယ်ပါးသော ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည်၎င်း ရှိကုန်၏။ အကြောင်းတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ အကျိုးတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဉာဏ်တို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောဉာဏ်တို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ထင်မြင်ဉာဏ် အထူးထူး၌ဖြစ်သောပညာကို ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။ (၄)

၇၇။ သဒ္ဓါဗိုလ်သည် ဓမ္မတည်း၊ ဝီရိယဗိုလ်သည် ဓမ္မတည်း၊ သတိဗိုလ်သည် ဓမ္မတည်း၊ သမာဓိဗိုလ်သည် ဓမ္မတည်း၊ ပညာဗိုလ်သည် ဓမ္မတည်း။

သဒ္ဓါဗိုလ်ဖြစ်သောဓမ္မသည် တခြားတည်း၊ ဝီရိယဗိုလ်ဖြစ်သောဓမ္မသည် တခြားတည်း၊ သတိဗိုလ်ဖြစ်သောဓမ္မသည် တခြားတည်း၊ သမာဓိဗိုလ်ဖြစ်သောဓမ္မသည် တခြားတည်း၊ ပညာဗိုလ်ဖြစ်သောဓမ္မသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဓမ္မတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောဓမ္မတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ပါဠိအထူးထူး အကြောင်းအထူးထူး၌ ဖြစ်သောပညာကို ဓမ္မပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

မယုံကြည်ခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောသည် အတ္ထတည်း၊ ပျင်းရိခြင်း၌ မတုန်လှုပ်ခြင်းအနက်သဘောသည် အတ္ထတည်း၊ မေ့လျော့ခြင်း၌ မတုန်လှုပ်ခြင်းအနက်သဘောသည် အတ္ထတည်း၊ ပျံ့လွင့်ခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောသည် အတ္ထတည်း၊ အဝိဇ္ဇာ၌ မတုန်လှုပ်ခြင်း အနက်သဘောသည် အတ္ထတည်း။

မယုံကြည်ခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောဟူသောအတ္ထသည် တခြားတည်း၊ ပျင်းရိခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောဟူသော အတ္ထသည် တခြားတည်း၊ မေ့လျော့ခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောဟူသော အတ္ထသည် တခြားတည်း၊ ပျံ့လွင့်ခြင်း၌ မတုန်လှုပ်ခြင်းအနက်သဘောဟူသောအတ္ထသည် တခြားတည်း၊ အဝိဇ္ဇာ၌ မတုန်လှုပ်ခြင်း အနက်သဘော ဟူသော အတ္ထသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောအတ္ထတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောအတ္ထတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် အနက်အကျိုး အထူးထူး၌ဖြစ်သောပညာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

အကြောင်းတရားငါးပါးတို့ကို ကောင်းစွာပြခြင်းငှါ သဒ္ဒါကို ထုတ်ဆောင် ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏၊ အကျိုးတရားငါးပါးတို့ကို ကောင်းစွာပြခြင်းငှါ သဒ္ဒါကိုထုတ်ဆောင် ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



ပါဠိကိုထုတ်ဆိုခြင်း ဓမ္မနိရုတ္တိတို့သည် တခြားတည်း၊ အနက်ကိုထုတ်ဆိုခြင်း အတ္ထနိရုတ္တိတို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤ အထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့ကို သိအပ်ကုန်၏၊ ထို ဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် သဒ္ဒါအထူးထူး၌ဖြစ်သောပညာကို နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ငါးပါးသောအကြောင်းတရားတို့၌ ဉာဏ်တို့သည်၎င်း ငါးပါးသောအကျိုးတရားတို့၌ ဉာဏ်တို့သည်၎င်း ဆယ်ပါးသော ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည်၎င်း ရှိကုန်၏၊ အကြောင်း တရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ အကျိုးတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ နိရုတ္တိတို့၌ ဉာဏ်တို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဉာဏ်တို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောဉာဏ်တို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ထင်မြင်ဉာဏ်အထူးထူး၌ဖြစ်သောပညာကို ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

သတိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ဝီရိယသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ပီတိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ သမာဓိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဓမ္မတည်း။

သတိသမ္ဗောဇ္ဈင်ဖြစ်သော ဓမ္မသည် တခြားတည်း၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်သော ဓမ္မသည် တခြားတည်း၊ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်သောဓမ္မသည် တခြားတည်း၊ ပီတိသမ္ဗောဇ္ဈင်ဖြစ်သော ဓမ္မသည် တခြားတည်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်သောဓမ္မသည် တခြားတည်း၊ သမာဓိသမ္ဗောဇ္ဈင် ဖြစ်သောဓမ္မသည် တခြားတည်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်သောဓမ္မသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဓမ္မတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောဓမ္မတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ပါဠိအကြောင်းအထူးထူး၌ ဖြစ်သောပညာကို ဓမ္မပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ထင်ခြင်းအနက်သဘောသည် အတ္ထတည်း၊ စိစစ်ခြင်းအနက်သဘောသည် အတ္ထတည်း၊ ချီးမြှောက်ခြင်းအနက်သဘောသည် အတ္ထတည်း၊ ပျံ့နှံ့ခြင်းအနက်သဘောသည် အတ္ထတည်း၊ ငြိမ်းခြင်းအနက်သဘောသည် အတ္ထတည်း၊ မပျံ့လွင့်ခြင်းအနက်သဘောသည် အတ္ထတည်း၊ ဆင်ခြင်ခြင်းအနက်သဘောသည် အတ္ထတည်း။

ထင်ခြင်းအနက်သဘောဖြစ်သောအတ္ထသည် တခြားတည်း၊ စိစစ်ခြင်းအနက်သဘောဖြစ်သော အတ္ထသည် တခြားတည်း။ ချီးမြှောက်ခြင်း အနက်သဘောဖြစ်သော အတ္ထသည် တခြားတည်း၊ ပျံ့နှံ့ခြင်း အနက်သဘောဖြစ်သော အတ္ထသည် တခြားတည်း၊ ငြိမ်းခြင်းအနက်သဘောဖြစ်သော အတ္ထသည် တခြားတည်း၊ မပျံ့လွင့်ခြင်းအနက်သဘောဖြစ်သော အတ္ထသည် တခြားတည်း၊ ဆင်ခြင်ခြင်း အနက်သဘောဖြစ်သောအတ္ထသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤ အထူးထူးသောအတ္ထတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောအတ္ထတို့သည် ထင်ရှားကုန်၏။

http://www.dhammadownload.com



ထို့ကြောင့် အနက်အကျိုး အထူးထူး၌ဖြစ်သောပညာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ခုနစ်ပါးသောအကြောင်းတရားတို့ကို ကောင်းစွာပြခြင်း၌ သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။

ခုနစ်ပါးသောအကျိုးတရားတို့ကို ကောင်းစွာပြခြင်း၌ သဒ္ဒါကို ထုတ်ဆောင် ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။

ပါဠိကိုထုတ်ဆိုခြင်း ဓမ္မနိရုတ္တိတို့သည် တခြားတည်း၊ အနက်ကိုထုတ်ဆိုခြင်း အတ္ထနိရုတ္တိတို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသော ထုတ်ဆိုမှုနိရုတ္တိတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် သဒ္ဒါအထူးထူး၌ဖြစ်သောပညာကို နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ခုနစ်ပါးကုန်သော အကြောင်းတရားတို့၌ ဉာဏ်တို့သည်၎င်း ခုနစ်ပါးကုန်သော အကျိုးတရားတို့၌ ဉာဏ်တို့သည်၎င်း တဆယ့်လေးပါးကုန်သော ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည်၎င်း ရှိကုန်၏၊ အကြောင်းတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ အကျိုးတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤ အထူးထူးသောဉာဏ်တို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသောဉာဏ်တို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ထင်မြင်ဉာဏ်အထူးထူး၌ဖြစ်သောပညာကို ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

သမ္မာဒိဋ္ဌိသည် ဓမ္မတည်း၊ သမ္မာသင်္ကပ္ပသည် ဓမ္မတည်း၊ သမ္မာဝါစာသည် ဓမ္မတည်း၊ သမ္မာကမ္မန္တသည် ဓမ္မတည်း၊ သမ္မာအာဇီဝသည် ဓမ္မတည်း၊ သမ္မာဝါယာမသည် ဓမ္မတည်း၊ သမ္မာသတိသည် ဓမ္မတည်း၊ သမ္မာသမာဓိသည် ဓမ္မတည်း။

သမ္မာဒိဋ္ဌိဟူသောဓမ္မသည် တခြားတည်း၊ သမ္မာသင်္ကပ္ပဟူသောဓမ္မသည် တခြားတည်း၊ သမ္မာဝါစာဟူသောဓမ္မသည် တခြားတည်း၊ သမ္မာကမ္မန္တဟူသောဓမ္မသည် တခြားတည်း၊ သမ္မာအာဇီဝဟူသောဓမ္မသည် တခြားတည်း၊ သမ္မာဝါယာမဟူသောဓမ္မသည် တခြားတည်း၊ သမ္မာသတိဟူသောဓမ္မသည် တခြားတည်း၊ သမ္မာသမာဓိဟူသောဓမ္မသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဓမ္မတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤအထူးထူးသောဓမ္မတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ပါဠိအကြောင်းအထူးထူး၌ဖြစ်သောပညာကို ဓမ္မပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

မြင်ခြင်းသဘောသည် အတ္ထတည်း၊ အာရုံသို့ ရှေးရှုတင်ခြင်းသဘောသည် အတ္ထတည်း၊ သိမ်းဆည်းခြင်းသဘောသည် အတ္ထတည်း၊ ကောင်းစွာဖြစ်ခြင်းသဘောသည် အတ္ထတည်း၊ ဖြူစင်ခြင်းသဘောသည် အတ္ထတည်း၊ ချီးမြှောက်ခြင်းသဘောသည် အတ္ထတည်း၊ ထင်ခြင်းသဘောသည် အတ္ထတည်း၊ မပျံ့လွင့်ခြင်းသဘောသည် အတ္ထတည်း။

http://www.dhammadownload.com



မြင့်ခြင်းသဘောဟူသောအတ္ထသည် တခြားတည်း၊ အာရုံသို့ ရှေးရှုတင်ခြင်းသဘောဟူသော အတ္ထသည် တခြားတည်း၊ သိမ်းဆည်းခြင်းသဘောဟူသောအတ္ထသည် တခြားတည်း၊ ကောင်းစွာ ဖြစ်ခြင်းသဘောဟူသောအတ္ထသည် တခြားတည်း၊ ဖြူစင်ခြင်းသဘောဟူသောအတ္ထသည် တခြား တည်း၊ ချီးမြှောက်ခြင်းသဘောဟူသောအတ္ထသည် တခြားတည်း၊ ထင်ခြင်းသဘောဟူသော အတ္ထသည် တခြားတည်း၊ မပျံ့လွင့်ခြင်းသဘောဟူသောအတ္ထသည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောအတ္ထတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသောအတ္ထတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် အနက်အကျိုး အထူးထူး၌ဖြစ်သောပညာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ရှစ်ပါးသော အကြောင်းတရားတို့ကို ကောင်းစွာပြခြင်းငှါ သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်း တို့သည် ဖြစ်ကုန်၏၊ ရှစ်ပါးသောအကျိုးတရားတို့ကို ကောင်းစွာပြခြင်းငှါ သဒ္ဒါကို ထုတ်ဆောင် ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။

ပါဠိကိုထုတ်ဆိုခြင်း ဓမ္မနိရုတ္တိတို့သည် တပါးတို့တည်း၊ အနက်ကိုထုတ်ဆိုခြင်း အတ္ထနိရုတ္တိတို့ သည် တပါးတို့တည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောနိရုတ္တိတို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသော နိရုတ္တိတို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် သဒ္ဒါအထူးထူး၌ဖြစ်သောပညာကို နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ရှစ်ပါးသောအကြောင်းတရားတို့၌ ဉာဏ်တို့သည်၎င်း ရှစ်ပါးသောအကျိုးတရားတို့၌ ဉာဏ် တို့သည်၎င်း တဆယ့်ခြောက်ပါးသော ထုတ်ဆိုမှုနိရုတ္တိတို့၌ ဉာဏ်တို့သည်၎င်း ရှိကုန်၏၊ အကြောင်း တရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ အကျိုးတရားတို့၌ ဉာဏ်တို့သည် တခြားတည်း၊ နိရုတ္တိ တို့၌ ဉာဏ်တို့သည် တခြားတည်း။

အကြင်ဉာဏ်ဖြင့် ဤအထူးထူးသောဉာဏ်တို့ကို သိအပ်ကုန်၏၊ ထိုဉာဏ်ဖြင့်သာလျှင် ဤ အထူးထူးသောဉာဏ်တို့သည် ထင်ရှားကုန်၏။

ထို့ကြောင့် ထင်မြင်ဉာဏ်အထူးထူး၌ ဖြစ်သောပညာကို ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အနက်အကျိုး အထူးထူး၌ ဖြစ်သော ပညာကို အတ္ထပဋိသမ္ဘိဒါဉာဏ်ဟူ၍၎င်း၊ ပါဠိအကြောင်းအထူးထူး၌ ဖြစ်သောပညာကို ဓမ္မပဋိ သမ္ဘိဒါဉာဏ်ဟူ၍၎င်း၊ သဒ္ဒါအထူးထူး၌ဖြစ်သောပညာကို နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဟူ၍၎င်း၊ ထင်မြင် ဉာဏ်အထူးထူး၌ဖြစ်သောပညာကို ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟူ၍၎င်း ဆိုအပ်၏။

နှစ်ဆယ့်ရှစ်ခုမြောက် ပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၂၉-၃၁-ဉာဏ်သုံးပါး အကျယ်ပြခြင်း

၇၈။ နေထိုင်ခြင်းအထူးထူး၌ဖြစ်သောပညာသည် အဘယ်သို့လျှင်ဝိဟာရဋ္ဌဉာဏ်မည်သနည်း၊ သမာပတ်ဝင်စားခြင်းအထူးထူး၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် သမာပတ္တဋ္ဌဉာဏ် မည်

http://www.dhammadownload.com



သနည်း။ နေထိုင်ခြင်း ဝင်စားခြင်းအထူးထူး(နှစ်ပါးစုံ)၌ ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဝိဟာရသမာပတ္တဋ္ဌေ ဉာဏ်မည်သနည်း။

သင်္ခါရနိမိတ်ကို ဘေးဟုကောင်းစွာမြင်သူသည် သင်္ခါရနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အနိမိတ္တဝိဟာရမည်၏။

တဏှာကိုဘေးအားဖြင့် ကောင်းစွာမြင်သူသည် တဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အပ္ပဏိဟိတဝိဟာရမည်၏။

အတ္တဟု နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် သုညတဝိဟာရမည်၏။

သင်္ခါရနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် သင်္ခါရနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့်ဖြစ်သော တရားကို လျစ်လျူရှု၍ချုပ်ငြိမ်းရာဖြစ်သော သင်္ခါရနိမိတ်မှကင်းသော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို)ဝင်စားသည်ရှိသော် အနိမိတ္တသမာပတ်မည်၏။

တောင့်တခြင်းတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့်ဖြစ်သော တရားကိုလျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တမှုတဏှာကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် အပ္ပဏိဟိတသမာပတ်မည်၏။

အတ္တဟုနှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့်ဖြစ်သော တရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းခြင်းရှိသော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် သုညတသမာပတ်မည်၏။

သင်္ခါရနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် သင်္ခါရနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်လည်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသော်လည်း အနိမိတ္တဝိဟာရသမာပတ်မည်၏။

တောင့်တခြင်းတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာ ကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ တဏှာပျက်ခြင်းကို ရှုသော်လည်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တခြင်းတဏှာကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသော်လည်း အပ္ပဏိဟိတဝိဟာရသမာပတ်မည်၏။

အတ္တဟုနှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် အတ္တဟု နှလုံးသွင်းခြင်းကို ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်လည်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းရာဖြစ်သောနိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို)ဝင်စားသော်လည်း သုညတဝိဟာရ သမာပတ်မည်၏။

၇၉။ ရူပနိမိတ်ကို ဘေးအားဖြင့်ကောင်းစွာမြင်သူသည် ရူပနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့် တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အနိမိတ္တဝိဟာရမည်၏။

http://www.dhammadownload.com



ရုပ်၌တောင့်တခြင်းတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အပ္ပဏိဟိတ ဝိဟာရမည်၏။

ရုပ်ကို နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဝိပဿနာဉာဏ်ဖြင့် တွေ့၍တွေ့၍ ပျက်ခြင်းကို ရှုသည်ရှိသော် သုညတဝိဟာရမည်၏။

ရူပနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ရူပနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် အနိမိတ္တသမာပတ် မည်၏။

ရုပ်၌ တောင့်တခြင်းတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တခြင်းတဏှာကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် အပ္ပဏိဟိတ သမာပတ်မည်၏။

ရုပ်ဟု နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းရာဖြစ်သော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို)ဝင်စားသည်ရှိသော် သုညတသမာပတ်မည်၏။

ရူပနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ရူပနိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်ငှင်း ဖြစ်သောတရားကို လျစ်လျူရှု၍ချုပ်ငြိမ်းရာဖြစ်သော သင်္ခါရနိမိတ်ကင်းသောနိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသော်ငှင်း အနိမိတ္တဝိဟာရသမာပတ်မည်၏။

ရုပ်၌ တောင့်တခြင်းတဏှာကို ဘေးအားဖြင့်ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်ငှင်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တမှု တဏှာကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသော်ငှင်း အပ္ပဏိဟိတ ဝိဟာရသမာပတ်မည်၏။

ရုပ်ဟုနှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်ငှင်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းရာဖြစ်သော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသော်ငှင်း သုညတဝိဟာရသမာပတ်မည်၏။

ဝေဒနာနိမိတ်ကို။ပ။

သညာနိမိတ်ကို။ သင်္ခါရနိမိတ်ကို။ ဝိညာဏ်နိမိတ်ကို။ စက္ခုနိမိတ်ကို။ပ။အိုခြင်း သေခြင်း ဇရာမရဏ နိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဇရာ မရဏ နိမိတ်ကင်းခြင်း၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အနိမိတ္တဝိဟာရမည်၏။

အိုခြင်း သေခြင်း ဇရာမရဏကို တောင့်တမှုတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တမှုတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် အပ္ပဏိဟိတဝိဟာရမည်၏။

http://www.dhammadownload.com



အိုခြင်း သေခြင်း ဇရာမရဏဟု နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသည်ရှိသော် သုညတ ဝိဟာရမည်၏။

အိုခြင်း သေခြင်း ဇရာမရဏနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဇရာမရဏနိမိတ်၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော သင်္ခါရနိမိတ် ကင်းသော နိဗ္ဗာန်ကိုဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် အနိမိတ္တသမာပတ်မည်၏။

အိုခြင်း သေခြင်း ဇရာမရဏ၌ တောင့်တမှုတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တခြင်းတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တခြင်းတဏှာကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် အပ္ပဏိဟိတသမာပတ်မည်၏။

အိုခြင်း သေခြင်း ဇရာမရဏဟု နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သောသူသည် ဆိတ်သုဉ်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းသောနိဗ္ဗာန်ကို ဆင်ခြင်၍ (ဖိုလ်ကို) ဝင်စားသည်ရှိသော် သုညတသမာပတ်မည်၏။

အိုခြင်း သေခြင်း ဇရာမရဏနိမိတ်ကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဇရာမရဏ နိမိတ်ကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်ငှင်း ဖြစ်သော တရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဇရာမရဏ နိမိတ်ကင်းသော နိဗ္ဗာန်ကို ဆင်ခြင်၍ ဝင်စားသော်ငှင်း အနိမိတ္တဝိဟာရသမာပတ်မည်၏။

အိုခြင်း သေခြင်း ဇရာမရဏ၌ တောင့်တမှုတဏှာကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် တောင့်တမှုတဏှာကင်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော် ငှင်း ဖြစ်သောတရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော တောင့်တမှုတဏှာကင်းသော နိဗ္ဗာန် ကို ဆင်ခြင်၍ ဝင်စားသော်ငှင်း အပ္ပဏိဟိတ ဝိဟာရသမာပတ်မည်၏။

အိုခြင်း သေခြင်း ဇရာမရဏဟု နှလုံးသွင်းခြင်းကို ဘေးအားဖြင့် ကောင်းစွာမြင်သူသည် ဆိတ်သုဉ်းရာ၌ နှလုံးသွင်းခြင်းကြောင့် ဉာဏ်ဖြင့်တွေ့၍တွေ့၍ ပျက်ခြင်းကိုရှုသော်ငှင်း ဖြစ်သော တရားကို လျစ်လျူရှု၍ ချုပ်ငြိမ်းရာဖြစ်သော ဆိတ်သုဉ်းသောနိဗ္ဗာန်ကို ဆင်ခြင်၍ ဝင်စားသော် ငှင်း သုညတ ဝိဟာရသမာပတ်မည်၏။

သင်္ခါရနိမိတ်ကင်းသောနေခြင်း 'အနိမိတ္တ ဝိဟာရ'သည် တခြားတည်း၊ တောင့်တမှုတဏှာ ကင်းသော နေခြင်း 'အပ္ပဏိဟိတ ဝိဟာရ'သည် တခြားတည်း၊ ဆိတ်သုဉ်း၍နေခြင်း 'သုညတ ဝိဟာရ' သည် တခြားတည်း၊ သင်္ခါရ နိမိတ်ကင်းသော ဝင်စားခြင်း 'အနိမိတ္တသမာပတ်' သည် တခြား တည်း၊ တောင့်တမှုတဏှာကင်းသောဝင်စားခြင်း 'အပ္ပဏိဟိတသမာပတ်'သည် တခြားတည်း၊ ဆိတ်သုဉ်း၍ ဝင်စားခြင်း 'သုညတသမာပတ်'သည် တခြားတည်း၊ သင်္ခါရနိမိတ်ကင်း၍နေခြင်း ဟူသော ဝင်စားခြင်း 'အနိမိတ္တဝိဟာရသမာပတ်'သည် တခြားတည်း၊ တောင့်တမှု တဏှာကင်း၍ နေခြင်းဟူသောဝင်စားခြင်း 'အပ္ပဏိဟိတဝိဟာရသမာပတ်'သည် တခြားတည်း၊ ဆိတ်သုဉ်း၍ နေထိုင်ခြင်းဟူသောဝင်စားခြင်း 'သုညတ ဝိဟာရသမာပတ်'သည် တခြားတည်း။

http://www.dhammadownload.com



ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် နေထိုင်ခြင်းအထူးထူး၌ဖြစ်သော ပညာကို ဝိဟာရဋ္ဌဉာဏ်ဟု ဆိုအပ်၏။

ဝင်စားမှုအထူးထူး၌ ဖြစ်သောပညာကို သမာပတ္တဋ္ဌဉာဏ်ဟုဆိုအပ်၏၊ နေထိုင်ခြင်း ဝင်စားခြင်း အထူးထူး နှစ်ပါးစုံ၌ဖြစ်သောပညာကို ဝိဟာရသမာပတ္တိနာနတ္တဉာဏ်မည်၏ဟု ဆိုအပ်၏။

သုံးဆယ့်တခုမြောက် ဉာဏ်သုံးပါး အကျယ်ပြခြင်း ပြီး၏။

---

## ၃၂-အာနန္တရိကသမာဓိဉာဏ် အကျယ်ပြခြင်း

၈၀။ တည်တံ့ရေး သမာဓိစင်ကြယ်သည်ဖြစ်၍ အာသဝေါတရားတို့ကို ဖြတ်ခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် အာနန္တရိကသမာဓိဉာဏ်မည်သနည်း။

စျာန်၏အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ ထိုသမာဓိ၏ အစွမ်းအားဖြင့် ဉာဏ်မည်၏၊ ထိုဉာဏ်ဖြင့် အာသဝေါတရားတို့သည် ကုန်ကုန်၏၊ ဤသို့ရှေးဦးစွာ သမထဖြစ်၏၊ နောက်၌ဉာဏ်ဖြစ်၏၊ ထိုဉာဏ်ဖြင့် အာသဝေါတရားတို့ ကုန်ခန်း၏၊ ယင်းသို့ တည်တံ့ရေးသမာဓိ၏ စင်ကြယ်သည်၏အဖြစ်ကြောင့် အာသဝေါတရားတို့ကို ဖြတ်ခြင်း၌ဖြစ်သောပညာကို အာနန္တရိကသမာဓိဉာဏ်ဟု ဆိုအပ်၏။

အာသဝေါတရားဟူရာ၌ ထိုအာသဝေါတရားတို့ကား အဘယ်တို့နည်း။

ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့တည်း။

ထိုအာသဝေါတရားတို့သည် အဘယ်၌ကုန်ကုန်သနည်း၊ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝသည် အကြွင်းအကျန်မရှိ၊ကုန်၏၊အပါယ်သို့လားစေတတ်သော ကာမာသဝ,ဘဝါသဝ, အဝိဇ္ဇာသဝသည် ကုန်၏။ ဤ သောတာပတ္တိမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမာသဝသည်ကုန်၏၊ ထိုကာမာသဝ၌ အတူတကွတည်ရှိသော ဘဝါသဝသည်ကုန်၏၊ ထိုကာမာသဝ, ဘဝါသဝနှစ်ပါး၌ အတူတကွတည်ရှိသော အဝိဇ္ဇာသဝသည်ကုန်၏၊ ဤသကဒါဂါမိမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

အနာဂါမိမဂ်ဖြင့် ကာမာသဝသည် အကြွင်းအကျန်မရှိကုန်၏၊ ထိုကာမာသဝ၌ အတူတကွတည်ရှိသော ဘဝါသဝသည်ကုန်၏၊ ထိုကာမာသဝ, ဘဝါသဝ နှစ်ပါး၌ အတူတကွတည်ရှိသော အဝိဇ္ဇာသဝသည်ကုန်၏၊ ဤအနာဂါမိမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

အရဟတ္တမဂ်ဖြင့် ဘဝါသဝ အဝိဇ္ဇာသဝသည် အကြွင်းအကျန်မရှိကုန်၏၊ ဤအရဟတ္တမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

မပျက်စီးကြောင်း အဗျာပါဒ၏အစွမ်းအားဖြင့်။ အလင်းရောင်အမှတ် 'အာလောကသညာ'၏ အစွမ်းအားဖြင့် ပျံ့လွင့်ခြင်းကင်းသော သမာဓိ၏ အစွမ်းအားဖြင့်။ တရားကို ပိုင်းခြားမှတ်သားခြင်း 'ဓမ္မဝဝတ္ထာန်'၏အစွမ်းအားဖြင့်၊ ဉာဏ်၏အစွမ်းအားဖြင့်။ဝမ်းမြောက်ခြင်း၏အစွမ်းအားဖြင့်

http://www.dhammadownload.com



ပထမစျာန်၏အစွမ်းအားဖြင့်။ ဒုတိယစျာန်၏အစွမ်းအားဖြင့်။ တတိယစျာန်၏အစွမ် အားဖြင့်။ စတုတ္ထစျာန်၏ အစွမ်းအားဖြင့်။ အာကာသာနဉ္စာယတန သမာပတ်၏ အစွမ်းအားဖြင့်။ ဝိညာဏဉ္စာယတန သမာပတ်၏ အစွမ်းအားဖြင့်။ အာကိဉ္စညာယတနသမာပတ်၏ အစွမ်းအားဖြင့်။ နေဝသညာ နာသညာယတနသမာပတ်၏ အစွမ်းအားဖြင့်။ ။ပထဝီကသိုဏ်း၏ အစွမ်းအားဖြင့်။ အာပေါကသိုဏ်း၏ အစွမ်းအားဖြင့် တေဇောကသိုဏ်း၏ အစွမ်းအားဖြင့်။ ဝါယောကသိုဏ်း၏ အစွမ် အားဖြင့်။ နီလကသိုဏ်း၏ အစွမ်းအားဖြင့်။ ပီတကသိုဏ်း၏ အစွမ်းအားဖြင့်။ လောဟိတကသိုဏ်း၏ အစွမ်းအားဖြင့်။ ဩဒါတကသိုဏ်း၏ အစွမ်းအားဖြင့်။ အာကာသကသိုဏ်း၏ အစွမ်းအားဖြင့်။ ဝိညာဏကသိုဏ်း၏အစွမ်းအားဖြင့်။ ။ဗုဒ္ဓါနုဿတိ၏ အစွမ်းအားဖြင့်။ ဓမ္မာနုဿတိ၏ အစွမ်းအားဖြင့်။ သံဃာနုဿတိ၏ အစွမ်းအားဖြင့်။ သီလာနုဿတိ၏ အစွမ်းအားဖြင့်။ စာဂါနုဿတိ၏ အစွမ်းအားဖြင့်။ ဒေဝတာနုဿတိ၏ အစွမ်းအားဖြင့်။ အာဏာပါနဿတိ၏ အစွမ်းအားဖြင့်။မရဏဿတိ၏ အစွမ်းအားဖြင့်။ကာယဂတာသတိ၏ အစွမ်းအားဖြင့်။ ဥပသမာနုဿတိ၏ အစွမ်းအားဖြင့်။ ။ဥဒ္ဓုမာတကသညာ၏ အစွမ်းအားဖြင့်။ ဝိနီလကသညာ၏ အစွမ်းအားဖြင့်။ ဝိပုဗ္ဗကသညာ၏ အစွမ်းအားဖြင့်။ ဝိစ္ဆိဒ္ဒကသညာ၏ အစွမ်းအားဖြင့်။ ဝိက္ခာယိတကသညာ၏ အစွမ်းအားဖြင့်။ ဝိက္ခိတ္တက သညာ၏ အစွမ်းအားဖြင့်။ ဟတဝိက္ခိတ္တကသညာ၏ အစွမ်းအားဖြင့်။ လောဟိတကသညာ၏ အစွမ်းအားဖြင့်။ ပုဠုဝကသညာ၏ အစွမ်းအားဖြင့်။ အဋ္ဌိကသညာ၏ အစွမ်းအားဖြင့်။

၈၁။ ရှည်သောထွက်သက် 'အဿာသ'၏ အစွမ်းအားဖြင့်။ ရှည်သောဝင်သက် 'ပဿာသ'၏ အစွမ်းအားဖြင့်။ တိုသောထွက်သက် 'အဿာသ'၏ အစွမ်းအားဖြင့်။ တိုသောဝင်သက်'ပဿာသ'၏ အစွမ်းအားဖြင့်။ အလုံးစုံသော ထွက်သက် ဝင်သက် အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့်။ အလုံးစုံသော ထွက်သက် ဝင်သက် အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့်။ ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့်။ နှစ်သက်ခြင်း 'ပီတိ'ကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့်။ နှစ်သက်ခြင်း 'ပီတိ' ကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့်။ ချမ်းသာ 'သုခ' ကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့်။ ချမ်းသာ'သုခ'ကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ သညာဝေဒနာဟုဆိုအပ်သော စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့်။ သညာဝေဒနာဟု ဆိုအပ်သော စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့်။ သညာဝေဒနာဟု ဆိုအပ်သော စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့်။ သညာဝေဒနာဟု ဆိုအပ်သော စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့်။ စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ စိတ်ကိုအလွန်ဝမ်းမြောက်စေလျက် ထွက်သက်၏အစွမ်းအားဖြင့်။ စိတ်ကို အလွန်ဝမ်းမြောက်စေလျက် ဝင်သက်၏အစွမ်းအားဖြင့်။ စိတ်ကိုအညီအညွတ်ထားလျက်။ပ။ စိတ်ကို လွတ်စေလျက်။ အနိစ္စဟု အဖန်ဖန်ရှုသည်ဖြစ်၍။ တပ်ခြင်းကင်းခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍။ ချုပ်ငြိမ်းခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍။ တဖန် စွန့်ခြင်းကိုအဖန်ဖန် ရှုသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့်။ တဖန် စွန့်ခြင်းကိုအဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့်။ စိတ်၏ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ ထိုသမာဓိ၏အစွမ်းအားဖြင့် ဉာဏ်သည်ဖြစ်၏။

http://www.dhammadownload.com



ထိုဉာဏ်ဖြင့် အာသဝေါတရားတို့ ကုန်ကုန်၏၊ ဤသို့ ရှေးဦးစွာသမထဖြစ်၏၊ နောက်၌ ဉာဏ်ဖြစ်၏၊ ထိုဉာဏ်ဖြင့် အာသဝေါတရားတို့ ကုန်ခြင်းဖြစ်၏။

ထို့ကြောင့် တည်တံ့ရေးသမာဓိ စင်ကြယ်သည်၏အဖြစ်ကြောင့် အာသဝေါတရားဖြတ်ခြင်း၌ ဖြစ်သောပညာကို အာနန္တရိကသမာဓိဉာဏ် ဟု ဆိုအပ်၏။

အာသဝဟူရာ၌ ထိုအာသဝေါတရားတို့ကား အဘယ်တို့နည်း။

ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ တို့တည်း။

ထိုအာသဝေါတရားတို့သည် အဘယ်၌ကုန်ကုန်သနည်း။

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝသည် အကြွင်းအကျန်မရှိကုန်၏၊ အပါယ်သို့လားစေတတ်သော ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝသည်ကုန်၏၊ ဤသောတာပတ္တိမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမာသဝသည်ကုန်၏၊ ထိုကာမာသဝ၌ အတူတကွ တည်ရှိသော ဘဝါသဝသည်ကုန်၏၊ ထိုကာမာသဝ ဘဝါသဝနှစ်ပါး၌ အတူတကွတည်ရှိသော အဝိဇ္ဇာသဝသည်ကုန်၏၊ ဤသကဒါဂါမိမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

အနာဂါမိမဂ်ဖြင့် ကာမာသဝသည် အကြွင်းအကျန်မရှိကုန်၏၊ ထိုကာမာသဝ၌ အတူတကွ တည်ရှိသော ဘဝါသဝသည်ကုန်၏၊ ထိုကာမာသဝ ဘဝါသဝ၌ အတူတကွ တည်ရှိသော အဝိဇ္ဇာသဝသည် ကုန်၏၊ ဤအနာဂါမိမဂ်၌ ထိုအာသဝေါတရားတို့သည်ကုန်ကုန်၏။

အရဟတ္တမဂ်ဖြင့် ဘဝါသဝ အဝိဇ္ဇာသဝသည် အကြွင်းအကျန်မရှိကုန်၏၊ ဤအရဟတ္တမဂ်၌ ထိုအာသဝေါတရားတို့သည် ကုန်ကုန်၏။

ထိုသဘောတရားသည် သိအပ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် တည်တံ့ရေးသမာဓိ၏ စင်ကြယ်သည်၏ အဖြစ်ကြောင့် အာသဝေါတရားဖြတ်ခြင်း၌ ဖြစ်သောပညာကို အာနန္တရိက သမာဓိဉာဏ်ဟု ဆိုအပ်၏။

သုံးဆယ့်နှစ်ခုမြောက် အာနန္တရိကသမာဓိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၃၃-အရဏဝိဟာရဉာဏ် အကျယ်ပြခြင်း

၇၂။ ဝိပဿနာဉာဏ်လျှင် အကြီးအမှူးရှိသော ဝိပဿနာပညာ၊ ငြိမ်သက်သော ဝိဟာရသို့ ရောက်သည့် အရဟတ္တဖလ သမာပတ္တိပညာ၊ မြတ်သောဖလသမာပတ်၌ ညွတ်သည့် ပုဗ္ဗာဘောဂပညာသည် အဘယ်သို့လျှင် အရဏဝိဟာရဉာဏ် မည်သနည်း။

ဒဿနာဓိပတေယျ ဟူရာ၌ အနိစ္စဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ ဆင်းရဲ 'ဒုက္ခ'ဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ အနတ္တဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ ရုပ်၌ အနိစ္စဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ ရုပ်၌

http://www.dhammadownload.com



ဆင်းရဲ 'ဒုက္ခ'ဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ ရုပ်၌ အနတ္တဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏။

ခံစားမှု 'ဝေဒနာ'၌။ပ။မှတ်သားမှု 'သညာ'၌။ ပြုပြင်မှု'သင်္ခါရ'တို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်း သေခြင်း 'ဇရာမရဏ'၌ အနိစ္စဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ အိုခြင်း သေခြင်း 'ဇရာမရဏ'၌ ဆင်းရဲ 'ဒုက္ခ'ဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏၊ အိုခြင်း သေခြင်း'ဇရာမရဏ'၌ အနတ္တဟု အဖန်ဖန်ရှုခြင်းသည် ဒဿနာဓိပတေယျမည်၏။

သန္တောစ ဝိဟာရာဓိဂမော ဟူရာ၌ ဆိတ်သုဉ်းရှုနေခြင်းသည် ငြိမ်သက်သော ဝိဟာရာဓိဂမ မည်၏၊ သင်္ခါရနိမိတ်ကင်းသော နေခြင်းသည် ငြိမ်သက်သော ဝိဟာရာဓိဂမ မည်၏၊ တောင့်တမှု 'တဏှာ'ကင်းသော နေခြင်းသည် ငြိမ်သက်သော ဝိဟာရာဓိဂမ မည်၏။

ပဏီတာဓိမုတ္တတာဟူရာ၌ ဆိတ်သုဉ်းရာ၌ နှလုံးသွင်းသည်၏အဖြစ်သည် ပဏီတာဓိမုတ္တတာ မည်၏၊ သင်္ခါရနိမိတ်ကင်းရာ၌ နှလုံးသွင်းခြင်းသည် ပဏီတာဓိမုတ္တတာမည်၏၊ တောင့်တမှု 'တဏှာ'ကင်းရာ၌ နှလုံးသွင်းခြင်းသည် ပဏီတာဓိမုတ္တတာမည်၏။

အရဏဝိဟာရဟူရာ၌ ပထမစျာန်သည် အရဏဝိဟာရမည်၏၊ ဒုတိယစျာန်သည် အရဏဝိဟာရ မည်၏၊ တတိယစျာန်သည် အရဏဝိဟာရမည်၏၊ စတုတ္ထစျာန်သည် အရဏဝိဟာရမည်၏၊ အာကာသာနဉ္စာယတန သမာပတ်သည် အရဏဝိဟာရမည်၏။ပ။နေဝသညာ နာသညာ ယတန သမာပတ်သည် အရဏဝိဟာရမည်၏။

အရဏဝိဟာရဟူရာ၌ အဘယ်အနက်သဘောကြောင့် အရဏဝိဟာရမည်သနည်း။

ပထမစျာန်ဖြင့် အပိတ်အပင် 'နီဝရဏ' တရားတို့ကို ပယ်တတ်သောကြောင့် အရဏဝိဟာရ မည်၏၊ ဒုတိယစျာန်ဖြင့် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့ကို ပယ်တတ်သောကြောင့် အရဏဝိဟာရမည်၏၊ တတိယစျာန်ဖြင့် နှစ်သက်ခြင်း 'ပီတိ'ကို ပယ်တတ်သောကြောင့် အရဏ ဝိဟာရမည်၏၊ စတုတ္ထစျာန်ဖြင့် သုခ ဒုက္ခ တို့ကို ပယ်တတ်သောကြောင့် အရဏဝိဟာရမည်၏။

အာကာသာနဉ္စာ ယတနသမာပတ်ဖြင့် ရူပသညာကို၊ ပဋိဃသညာကို၊ နာနတ္တသညာကို ပယ် တတ်သောကြောင့် အရဏဝိဟာရမည်၏၊ ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာ ယတနသညာကို ပယ်တတ်သောကြောင့် အရဏဝိဟာရမည်၏၊ အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို ပယ်တတ်သောကြောင့် အရဏဝိဟာရမည်၏၊ နေဝသညာ နာသညာ ယတန သမာပတ်ဖြင့် အာကိဉ္စညာ ယတနသညာကို ပယ်တတ်သောကြောင့် အရဏဝိဟာရမည်၏၊ ဤဆိုပြီးသည်ကား အရဏဝိဟာရမည်၏။

ထိုသဘောတရားသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ဝိပဿနာဉာဏ်လျှင် အကြီးအမှူးရှိသော ဝိပဿနာပညာ၊ ငြိမ်သက်သော ဖလသမာပတ်သို့ရောက်သည့် အရဟတ္တ ဖလသမာပတ္တိပညာ၊ မြတ်သောဖလသမာပတ်၌ ညွတ်သည့် ပစ္စဝေက္ခဏပညာကို အရဏဝိဟာရဉာဏ်မည်၏ဟု ဆိုအပ်၏။

**သုံးဆယ့်သုံးခုမြောက် အရဏဝိဟာရဉာဏ် အကျယ်ပြခြင်း ပြီး၏။**

http://www.dhammadownload.com



## ၃၄-နိရောဓသမာပတ္တိဉာဏ် အကျယ်ပြခြင်း

၈၃။ အားနှစ်မျိုးတို့နှင့်ပြည့်စုံခြင်း, သင်္ခါရသုံးမျိုးတို့၏ ငြိမ်းခြင်းကြောင့် တဆယ့်ခြောက်မျိုးသောဉာဏ်ဖြစ်ခြင်း, ကိုးမျိုးသောသမာဓိဖြစ်ခြင်းတို့ဖြင့် လေ့ကျင့်ပွါးထုံခြင်းတည်းဟူသော ပညာသည် အဘယ်သို့လျှင် နိရောဓသမာပတ္တိဉာဏ် မည်သနည်း။

အားနှစ်မျိုးဟူရာ၌ အားတို့သည် သမထအား, ဝိပဿနာအား နှစ်ပါးတို့တည်း။

သမထအားဟူသည် အဘယ်နည်း။

စျာန်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအား မည်၏၊ မပျက်စီးစေလိုခြင်း အဗျာပါဒ၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအား မည်၏။

အာလောကသညာ၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအား မည်၏၊ မပျံ့လွင့်ခြင်း သမာဓိ၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအား မည်၏။ပ။တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအားမည်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမထအား မည်၏။

သမထအားဟူရာ၌ အဘယ်အနက်သဘောကြောင့် သမထအား မည်သနည်း။

ပထမစျာန်ဖြင့် အပိတ်အပင် 'နီဝရဏ' တရား၌ မတုန်လှုပ်တတ်သောကြောင့် သမထအား မည်၏၊ ဒုတိယစျာန်ဖြင့် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'၌ မတုန်လှုပ်တတ်သောကြောင့် သမထအား မည်၏၊ တတိယစျာန်ဖြင့် နှစ်သက်ခြင်း'ပီတိ'၌ မတုန်လှုပ်တတ်သောကြောင့် သမထအားမည်၏၊ စတုတ္ထစျာန်ဖြင့် သုခ ဒုက္ခ၌ မတုန်လှုပ်တတ်သောကြောင့် သမထအားမည်၏။

အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာ၌ မတုန်လှုပ်တတ်သောကြောင့် သမထအားမည်၏၊ ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာ၌ မတုန်လှုပ်တတ်သောကြောင့် သမထအားမည်၏၊ အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာ၌ မတုန်လှုပ်တတ်သောကြောင့် သမထအားမည်၏၊ နေဝသညာနာသညာယတနသမာပတ်ဖြင့် အာကိဉ္စညာယတန သညာ၌ မတုန်လှုပ်တတ်သောကြောင့် သမထအား မည်၏။

ပျံ့လွင့်မှု၌၎င်း ပျံ့လွင့်မှုနှင့်တကွဖြစ်သော ကိလေသာ၌၎င်း ခန္ဓာ၌၎င်း မတုန်လှုပ် တတ်သောကြောင့် သမထအားမည်၏၊ ဤသည်ကား သမထအားတည်း။

ဝိပဿနာအားဟူသည် အဘယ်နည်း။

အနိစ္စဟုအဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏၊ ဒုက္ခဟုအဖန်ဖန်ရှုခြင်းသည် ဝိပဿနာအား မည်၏၊ အနတ္တဟုအဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏၊ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းသည်

http://www.dhammadownload.com



ဝိပဿနာအားမည်၏၊ တပ်ခြင်းကင်းခြင်းကို အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏၊ ချုပ်ငြိမ်းရာဟု အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏။

ရုပ်၌အနိစ္စဟု အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏။ ပ ။ ရုပ်၌တဖန် စွန့်ခြင်းကို အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏၊ ခံစားမှု 'ဝေဒနာ'၌။ ပ ။မှတ်သားမှု 'သညာ'၌။ ပြုပြင်မှု 'သင်္ခါရ'တို့၌။ ဝိညာဏ်တို့၌။ မျက်စိ၌။ပ။ အိုခြင်းသေခြင်း 'ဇရာမရဏ'၌ အနိစ္စဟု အဖန်ဖန်ရှုခြင်းသည်ဝိပဿနာအားမည်၏။ပ ။အိုခြင်းသေခြင်း 'ဇရာမရဏ'၌ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုခြင်းသည် ဝိပဿနာအားမည်၏။

ဝိပဿနာအားဟူရာ၌ အဘယ်အနက်သဘောကြောင့် ဝိပဿနာအားမည်သနည်း။

အနိစ္စဟုအဖန်ဖန်ရှုခြင်းဖြင့် မြဲ၏ဟူသောအမှတ် 'နိစ္စသညာ'၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ ဒုက္ခဟုအဖန်ဖန်ရှုခြင်းဖြင့် ချမ်းသာဟူသောအမှတ် 'သုခသညာ'၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ အနတ္တဟုအဖန်ဖန်ရှုခြင်းဖြင့်'အတ္တသညာ'၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းဖြင့် နှစ်သက်ခြင်း၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ တပ်ခြင်းကင်းခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ရာဂ၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ ချုပ်ငြိမ်းရာဟု အဖန်ဖန်ရှုခြင်းဖြင့် ဖြစ်ပွါးကြောင်း 'သမုဒယ'၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုခြင်းဖြင့်စွဲယူရာ၌ မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ အဝိဇ္ဇာ၌၎င်း အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာ၌၎င်း ရုပ်နာမ်အစု၌၎င်း မတုန်လှုပ်တတ်သောကြောင့် ဝိပဿနာအားမည်၏၊ ဤသည်ကား ဝိပဿနာအားတည်း။

တယော စ သင်္ခါရာနံ ပဋိပဿဒ္ဓိယာ-ဟူရာ၌ အဘယ်သုံးပါးသော သင်္ခါရတို့၏ ငြိမ်းအေးခြင်းတို့ ဖြစ်ကုန်သနည်း။

ဒုတိယဈာန်ကိုဝင်စားသူအား ကြံစည်ခြင်း'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ ဟု ဆိုအပ်သော ဝစီသင်္ခါရတို့ငြိမ်းကုန်၏၊ စတုတ္ထဈာန်ကိုဝင်စားသူအား ထွက်သက်ဝင်သက်'အဿာသ ပဿာသ' ဟု ဆိုအပ်သော ကာယသင်္ခါရတို့ငြိမ်းကုန်၏၊ သညာနှင့်ဝေဒနာချုပ်ခြင်းကို ဝင်စားသူအား သညာ ဝေဒနာဟုဆိုအပ်သော စိတ္တသင်္ခါရတို့ငြိမ်းကုန်၏၊ ဤသုံးပါးသော သင်္ခါရတို့၏ ငြိမ်းခြင်းတို့သည် ဖြစ်ကုန်၏။

၈၄။ သောဠသဟိ ဉာဏစရိယာဟိ-ဟူရာ၌ အဘယ်တဆယ့်ခြောက်ပါးသော ဉာဏ်၏ဖြစ်ခြင်း ဉာဏစရိယတို့ဖြင့် ဖြစ်ကုန်သနည်း။

အနိစ္စဟုအဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ ဒုက္ခဟု အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ အနတ္တဟု အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ ငြီးငွေ့ဖွယ်ဟုအဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ တပ်ခြင်းကင်းခြင်းကို

http://www.dhammadownload.com



အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ ချုပ်ငြိမ်းရာ၌ အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ တဖန်စွန့်လွှတ်ခြင်း၌ အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ ဝဋ်ကင်းခြင်း၌ အဖန်ဖန်ရှုခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏။

သောတာပတ္တိမဂ်သည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ သောတာပတ္တိဖိုလ်ကို ဝင်စားခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ သကဒါဂါမိမဂ်သည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ သကဒါဂါမိဖိုလ်ကိုဝင်စားခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ အနာဂါမိမဂ်သည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ အနာဂါမိဖိုလ်ကို ဝင်စားခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ အရဟတ္တမဂ်သည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ အရဟတ္တဖိုလ်ကို ဝင်စားခြင်းသည် ဉာဏ်ဖြစ်ခြင်း ဉာဏစရိယမည်၏၊ ဤတဆယ့်ခြောက်ပါးသော ဉာဏ်ဖြစ်ခြင်း ဉာဏစရိယတို့ ဖြစ်ကုန်၏။

၈၅။ နဝဟိ သမာဓိစရိယာဟိ-ဟူရာ၌ အဘယ်ကိုးပါးသော တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယတို့ဖြင့် ဖြစ်ကုန်သနည်း။

ပဌမစျာန်သည် တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယမည်၏၊ ဒုတိယစျာန်သည် တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယမည်၏၊ တတိယစျာန်သည် တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယမည်၏၊ စတုတ္ထစျာန်သည် တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယမည်၏။ အာကာသာနဉ္စာယတန သမာပတ်သည်။ ပ ။ဝိညာဏဉ္စာယတန သမာပတ်သည်။ အာကိဉ္စညာ ယတနသမာပတ်သည်။ နေဝသညာနာသညာယတနသမာပတ်သည် တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယမည်၏။

ပဌမစျာန်ကိုရရန်ကြံစည်ခြင်း'ဝိတက်'သည်၎င်း သုံးသပ်ခြင်း'ဝိစာရ'သည်၎င်း နှစ်သက်ခြင်း 'ပီတိ' သည်၎င်း ချမ်းသာခြင်း 'သုခ'သည်၎င်း စိတ်တည်ကြည်ခြင်း 'စိတ္တေကဂ္ဂတာ' သည်၎င်း ဖြစ်ကုန်၏။ပ ။

နေဝသညာနာသညာယတန သမာပတ်ကိုရရန် ကြံစည်ခြင်း'ဝိတက်'သည်၎င်း သုံးသပ်ခြင်း 'ဝိစာရ'သည်၎င်း နှစ်သက်ခြင်း 'ပီတိ'သည်၎င်း ချမ်းသာခြင်း 'သုခ' သည်၎င်း စိတ်တည်ကြည်ခြင်း 'စိတ္တေကဂ္ဂတာ'သည်၎င်း ဖြစ်ကုန်၏။ ဤကိုးပါးသော တည်ကြည်မှုဖြစ်ခြင်း သမာဓိစရိယတို့ဖြင့် ဖြစ်ကုန်၏။

ဝသီဟူရာ၌ အလေ့အလာ'ဝသီ'တို့သည်ဆင်ခြင်ခြင်းအလေ့အလာ'အာဝဇ္ဇနဝသီ'၊ ဝင်စားခြင်းအလေ့အလာ'သမာပဇ္ဇနဝသီ'၊ ဆောက်တည်ခြင်းအလေ့အလာ 'အဓိဋ္ဌာနဝသီ'၊ ထခြင်းအလေ့အလာ'ဝုဋ္ဌာနဝသီ'၊ တဖန်ရှုခြင်းအလေ့အလာ 'ပစ္စဝေက္ခဏာဝသီ'၊ ဤငါးပါးတို့တည်း။

ပဌမစျာန်ကို ဆင်ခြင်လိုသော အရပ်၌ဆင်ခြင်၏၊ ဆင်ခြင်လိုသောအခါ၌ ဆင်ခြင်၏၊ ဆင်ခြင်လိုသလောက် ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌နှေးသည်၏ အဖြစ်မရှိသောကြောင့် အာဝဇ္ဇနဝသီမည်၏။

ပဌမစျာန်ကိုဝင်စားလိုသောအရပ်၌ဝင်စား၏၊ ဝင်စားလိုသောအခါ၌ ဝင်စား၏၊ ဝင်စားလိုသလောက်ဝင်စား၏၊ ဝင်စာခြင်း၌နှေးသည်၏အဖြစ်မရှိသောကြောင့်သမာပဇ္ဇနဝသီမည်၏။

ပဌမစျာန်ကို ဆောက်တည်လိုသောအရပ်၌ ဆောက်တည်၏၊ ဆောက်တည်လိုသောအခါ၌ ဆောက်တည်၏၊ ဆောက်တည်လိုသလောက် ဆောက်တည်၏၊ ဆောက်တည်ခြင်း၌ နှေးသည်၏ အဖြစ်မရှိသောကြောင့် အဓိဋ္ဌာနဝသီမည်၏။

http://www.dhammadownload.com



ပဌမစျာန်ကို ထလိုသောအရပ်၌ထ၏၊ ထလိုသောအခါ၌ထ၏၊ ထလိုသလောက်ထ၏၊ ထခြင်း၌နှေးသည်၏အဖြစ်မရှိသောကြောင့် ဝုဋ္ဌာနဝသီမည်၏။

ပဌမစျာန်ကိုနောက်ဘဖန်ရှုလိုသောအရပ်၌ရှု၏၊ နောက်တဖန်ရှုလိုသောအခါ၌ရှု၏ နောက်တဖန်ရှုလိုသလောက်ရှု၏၊ နောက်ဘဖန်ရှုခြင်း၌ နှေးသည်၏အဖြစ်မရှိသောကြောင့် ပစ္စဝေက္ခဏာဝသီ မည်၏။

ဒုတိယစျာန်ကို။ ပ ။ နေဝသညာနာသညာယတန သမာပတ်ကို ဆင်ခြင်လိုသော အရပ်၌ ဆင်ခြင်၏၊ ဆင်ခြင်လိုသောအခါ၌ ဆင်ခြင်၏၊ ဆင်ခြင်လိုသလောက် ဆင်ခြင်၏၊ ဆင်ခြင်ခြင်း၌ နှေးသည်၏ အဖြစ်မရှိသောကြောင့် အာဝဇ္ဇနဝသီမည်၏။

နေဝသညာနာသညာ ယတနသမာပတ်ကို ဝင်စားလိုသော အရပ်၌ဝင်စား၏၊ ဝင်စားလိုသော အခါ၌ဝင်စား၏။ ဝင်စားလိုသလောက် ဝင်စား၏၊ ဝင်စားခြင်း၌နှေးသည်၏ အဖြစ်မရှိသောကြောင့် သမာပဇ္ဇနဝသီမည်၏။ ပ ။ ဆောက်တည်၏၊ ထ၏၊ နောက်တဖန် ရှု၏၊ နောက်တဖန် ရှုခြင်း၌ နှေးသည်၏အဖြစ်မရှိသောကြောင့် ပစ္စဝေက္ခဏာဝသီမည်၏။

အလေ့အလာဝသီတို့သည် ဤငါးပါးတို့တည်း။

ထိုကရုဏာသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အားနှစ်မျိုးတို့နှင့် ပြည့်စုံခြင်းသင်္ခါရ သုံးမျိုးတို့၏ ငြိမ်းခြင်းကြောင့် တဆယ့်ခြောက်မျိုးသောဉာဏ်ဖြစ်ခြင်း, ကိုးမျိုးသော သမာဓိဖြစ်ခြင်းတို့ဖြင့် လေကျင့်ပွါးထုံခြင်းတည်းဟူသောပညာကို နိရောဓသမာပတ္တိဉာဏ်ဟု ဆိုအပ်၏။

သုံးဆယ့်လေးခုမြောက် နိရောဓသမာပတ္တိဉာဏ် အကျယ်ပြခြင်း ပြီး၏

---

## ၃၅-ပရိနိဗ္ဗာနဉာဏ် အကျယ်ပြခြင်း

၇၆။ ဆင်ခြင်ဉာဏ်ဖြစ်စဉ်ကို ရုပ်သိမ်းခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ပရိနိဗ္ဗာန ဉာဏ်မည်သနည်း။

ဤသာသနာတော်၌ ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် စျာန်ဖြင့် ကာမစ္ဆန္ဒဖြစ်ခြင်းကို ကုန်စေ၏၊ အဗျာပါဒဖြင့် ဗျာပါဒ၏ဖြစ်ခြင်းကိုကုန်စေ၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓ၏ ဖြစ်ခြင်းကိုကုန်စေ၏၊ မပျံ့လွင့်ခြင်းဖြင့် ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၏ဖြစ်ခြင်းကိုကုန်စေ၏၊ တရားကိုပိုင်းခြား မှတ်သားခြင်းဖြင့်ယုံမှားခြင်း'ဝိစိကိစ္ဆာ'၏။ ပ ။ ဉာဏ်ဖြင့်မသိခြင်း 'အဝိဇ္ဇာ'၏။ ဝမ်းမြောက်ခြင်း ဖြင့် မမွေ့လျော်ခြင်း၏။ ပ ။

ပဌမစျာန်ဖြင့် အပိတ်အပင် 'နီဝရဏ'တရားတို့၏ ဖြစ်ခြင်းကို ကုန်စေ၏။ပ။အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့၏ ဖြစ်ခြင်းကို ကုန်စေ၏။

ထိုမှတပါးဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ဝိပါက်ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသောသူအား ဤမျက်စိဖြစ်ခြင်းကိုလည်း ကုန်စေ၏၊ တပါးသောမျက်စိ ဖြစ်ခြင်းသည်လည်းမဖြစ်ပေါ်၊ ဤနားဖြစ်ခြင်းကိုလည်း။ပ။နှာခေါင်းဖြစ်ခြင်းကို။ လျှာဖြစ်ခြင်း

http://www.dhammadownload.com



ကို။ ကိုယ်ဖြစ်ခြင်းကို။ စိတ်ဖြစ်ခြင်းကို ကုန်စေ၏၊ တပါးသော စိတ်ဖြစ်ခြင်းသည်လည်း မဖြစ်ပေါ်။

ဤဆိုခဲ့ပြီးသော ဆင်ခြင်ဉာဏ်ဖြစ်စဉ်ကို ကုန်စေရာ၌ဖြစ်သော ပညာသည် ပရိနိဗ္ဗာနဉာဏ် မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့်ပညာမည်၏၊ ထို့ကြောင့် ဆင်ခြင်ဉာဏ်ဖြစ်စဉ်ကို ရုပ်သိမ်းခြင်း၌ ဖြစ်သောပညာကို ပရိနိဗ္ဗာနဉာဏ်ဟုဆိုအပ်၏။

သုံးဆယ့်ငါးခုမြောက် ပရိနိဗ္ဗာနဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၃၆-သမသီသဋ္ဌဉာဏ် အကျယ်ပြခြင်း

၈၇။ တရားအားလုံးတို့ကို ကောင်းစွာဖြတ်ရာချုပ်ရာ၌ တဖန်မဖြစ်သောပညာသည် အဘယ်သို့လျှင် သမသီသဋ္ဌဉာဏ်မည်သနည်း။

သဗ္ဗဓမ္မာနံ ဟူရာ၌ ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ကုသိုလ် အကုသိုလ် အဗျာကတ ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာတရားတို့သည် အလုံးစုံသော တရားတို့မည်ကုန်၏။

သမ္မာသမုစ္ဆေဒဟူရာ၌ ဈာန်ဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာဖြတ်၏၊ မေတ္တာဖြင့် ဒေါသကို ကောင်းစွာဖြတ်၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို ကောင်းစွာဖြတ်၏၊ သမာဓိဖြင့် ဥဒ္ဓစ္စကို ကောင်းစွာဖြတ်၏၊ တရားကိုပိုင်းခြားမှတ်သားခြင်းဖြင့် ဝိစိကိစ္ဆာကိုကောင်းစွာဖြတ်၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ကောင်းစွာဖြတ်၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ကောင်းစွာဖြတ်၏။

ပထမဈာန်ဖြင့် အပိတ်အပင်'နီဝရဏ'တရားတို့ကို ကောင်းစွာဖြတ်၏။ပ။အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ကောင်းစွာဖြတ်၏။

နိရောဓ ဟူရာ၌ ဈာန်ဖြင့် ကာမစ္ဆန္ဒကိုချုပ်စေ၏၊ မေတ္တာဖြင့် ဒေါသကိုချုပ်စေ၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို ချုပ်စေ၏၊ သမာဓိဖြင့် ဥဒ္ဓစ္စကိုချုပ်စေ၏၊ တရားကိုပိုင်းခြား မှတ်သားခြင်းဖြင့် ဝိစိကိစ္ဆာကိုချုပ်စေ၏၊ ဉာဏ်ဖြင့်အဝိဇ္ဇာကိုချုပ်စေ၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ချုပ်စေ၏။

ပထမဈာန်ဖြင့်အပိတ်အပင်'နီဝရဏ'တရားတို့ကို ချုပ်စေ၏။ပ။အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ချုပ်စေ၏။

အနုပဋ္ဌာနတာ ဟူရာ၌ ဈာန်ကိုရသောသူအား ကာမစ္ဆန္ဒသည် မဖြစ်၊ အဗျာပါဒကိုရသော သူအားဗျာပါဒသည်မဖြစ်၊ အာလောကသညာကို ရသောသူအား ထိနမိဒ္ဓသည် မဖြစ်၊ သမာဓိကို ရသောသူအား ဥဒ္ဓစ္စသည်မဖြစ်၊တရားကို ပိုင်းခြားမှတ်သားခြင်းကို ရသောသူအား ဝိစိကိစ္ဆာသည် မဖြစ်၊ ဉာဏ်ကိုရသောသူအား အဝိဇ္ဇာသည် မဖြစ်၊ ဝမ်းမြောက်ခြင်းကိုရသောသူအား မမွေ့လျော်ခြင်းသည် မဖြစ်။

၃ မြန် ၉-၉

http://www.dhammadownload.com



ပထမဈာန်ကိုရသောသူအားအပိတ်အပင် 'နီဝရဏ' တရားတို့သည် မဖြစ်ကုန်။ပ။အရဟတ္တမဂ်ကိုရသောသူအား အလုံးစုံသောကိလေသာတို့သည် မဖြစ်ကုန်။

သမ ဟူရာ၌ ကာမအလိုဆန္ဒကို ပယ်အပ်သည်၏အဖြစ်ကြောင့် ဈာန်သည် သမ မည်၏၊ ဒေါသကိုပယ်အပ်သည်၏အဖြစ်ကြောင့် မေတ္တာသည် သမ မည်၏၊ ထိနမိဒ္ဓကို ပယ်အပ်သည်၏အဖြစ်ကြောင့် အာလောကသညာသည် သမ မည်၏၊ ဥဒ္ဓစ္စကိုပယ်အပ်သည်၏အဖြစ်ကြောင့် သမာဓိသည် သမ မည်၏၊ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို ပယ်အပ်သည်၏အဖြစ်ကြောင့် တရားကိုပိုင်းခြားမှတ်သားခြင်းသည် သမ မည်၏၊ အဝိဇ္ဇာကို ပယ်အပ်သည်၏ အဖြစ်ကြောင့် ဉာဏ်သည် သမ မည်၏၊ မမွေ့လျော်ခြင်းကို ပယ်အပ်သည်၏အဖြစ်ကြောင့် ဝမ်းမြောက်ခြင်းသည် သမ မည်၏၊ အပိတ်အပင်'နီဝရဏ'တရားတို့ကို ပယ်အပ်သည်၏အဖြစ်ကြောင့် ပထမဈာန်သည် သမ မည်၏။ပ။ အလုံးစုံသောကိလေသာတို့ကို ပယ်အပ်သည်၏အဖြစ်ကြောင့် အရဟတ္တမဂ်သည် သမ မည်၏။

သီသ ဟူရာ၌ တဏှာဟူသောကြောင့်ကြမှုပြဋ္ဌာန်းသောတရား'ပလိဗောဓသီသ' မာနဟူသောအနှောင့်အဖွဲ့ပြဋ္ဌာန်းသောတရား'ဝိနိဗန္ဓနသီသ' ဒိဋ္ဌိဟူသော အမှားသုံးသပ်မှု ပြဋ္ဌာန်းသောတရား 'ပရာမာသသီသ' ဥဒ္ဓစ္စဟူသော ပျံ့လွင့်မှုပြဋ္ဌာန်းသောတရား 'ဝိက္ခေပသီသ' အဝိဇ္ဇာဟူသော ညစ်နွမ်းကြောင်း ပြဋ္ဌာန်းသောတရား 'သံကိလေသသီသ' သဒ္ဓါဟူသောဆုံးဖြတ်မှု ပြဋ္ဌာန်းသောတရား 'အဓိမောက္ခသီသ' ဝီရိယဟူသော ချီးမြှောက်မှု ပြဋ္ဌာန်းသောတရား 'ပဂ္ဂဟသီသ' သတိဟူသော ထင်မြင်မှုပြဋ္ဌာန်းသောတရား'ဥပဋ္ဌာနသီသ' တည်ကြည်ခြင်း'သမာဓိ'ဟူသော မပျံ့လွင့်မှုပြဋ္ဌာန်းသောတရား 'အဝိက္ခေပသီသ' ပညာဟူသော သိမြင်မှုပြဋ္ဌာန်းသောတရား 'ဒဿနသီသ' ဇီဝိတိန္ဒြေဟူသော ဖြစ်မှုပြဋ္ဌာန်းသောတရား 'ပဝတ္တသီသ' လွတ်မြောက်ခြင်း 'ဝိမောက္ခ'ဟူသော အာရုံပြဋ္ဌာန်းသောတရား 'ဂေါစရသီသ' ချုပ်ငြိမ်းရာဟူသော သင်္ခါရတရားတို့၏ အဆုံးစွန် ဖြစ်သောတရား'သင်္ခါရသီသ'၊ ဤတဆယ့်သုံးပါးသော သီသတို့တည်း။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ဆို့ကြောင့် တရားအားလုံးတို့ကို ကောင်းစွာ ဖြတ်ရာ ချုပ်ရာ၌ တဖန်ဖြစ်သောပညာကို သမသီသဋ္ဌဉာဏ်ဟု ဆိုအပ်၏။

သုံးဆယ့်ခြောက်ခုမြောက် သမသီသဋ္ဌဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၃၇-သလ္လေခဋ္ဌဉာဏ် အကျယ်ပြခြင်း

၈၈။ * သီးခြားဖြစ်သောတရား အထူးထူးသောတရားတို့၏တန်ခိုးကို ကုန်စေရာ၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် သလ္လေခဋ္ဌဉာဏ် မည်သနည်း။

ပုထု ဟူရာ၌ ရာဂသည် သီးခြား'ပုထု'ဖြစ်၏၊ ဒေါသသည် သီးခြား'ပုထု'ဖြစ်၏၊ မောဟသည် သီးခြား'ပုထု'ဖြစ်၏၊ ကောဓသည်။ပ။ ရန်ငြိုးဖွဲ့ခြင်း'ဥပနာဟ'သည်။သူ့ကျေးဇူးကို ချေဖျက်ခြင်း

---

* ပါဠိတော်၌ ''ပုထုနာနတ္တေကတ္တတေဇပရိယာဒါနေ''ဟု ရှိသော်လည်း နာနတ္တေကတ္တန္တိ တေဇုဒ္ဒေသေ ကေတ္တသဒ္ဒဿ အဘာဝေပိ နာနတ္တေကတ္တာနံ အညမညာပေက္ခတ္တာ ကေတ္တမ္ပိ နိဒ္ဒိသိတုကာမေန နာနတ္တေကတ္တန္တိ ဥဒ္ဒေသော ကတော'' အဋ္ဌကထာပါဌ်ကို ထောက်၍ရင်း ဤကျမ်းအစ မာတိကာကိုထောက်၍ရင်း ကေတ္တအနက်ကိုထည့်သွင်း၍ မြန်မာပြန်ခြင်းဖြစ်သည်။

http://www.dhammadownload.com



' ကွ'သည်။ အဖျင်းမူခြင်း'ပလာသ'သည်။ ငြူစူခြင်း'ဣဿာ'သည်။ ဝန်တိုခြင်း'မစ္ဆရိယ'သည်။ လှည့်ပတ်ခြင်း 'မာယာ'သည်။ စဉ်းလဲခြင်း 'သာဌေယျ'သည်။ ခက်ထန်ခြင်း 'ထမ္ဘ'သည်။ ချူတ်ချယ်ခြင်း'သာရမ္ဘ'သည်။ ထောင်လွှားခြင်း'မာန'သည်။ အလွန်ထောင်လွှားခြင်း'အတိမာန'သည်။ ယစ်ခြင်း'မဒ'သည်။ မေ့လျော့ခြင်း'ပမာဒ'သည်။ ကိလေသာအားလုံးတို့သည်။ ဒုစရိုက် အားလုံးတို့သည်။ ပူပြင်တတ်သော အဘိသင်္ခါရ အားလုံးတို့သည်။ အလုံးစုံသော ဘဝတပါးသို့ လားစေတတ်သော ကံတို့သည် သီးခြား'ပုထု'မည်ကုန်၏။

နာနတ္တေကတ္တံ ဟူရာ၌ ကာမစ္ဆန္ဒသည် အထူးထူးနာနတ္တမည်၏၊ ဈာန်သည် တခုတည်း ဧကတ္တမည်၏။ ဒေါသသည် နာနတ္တမည်၏၊ မေတ္တာသည် ဧကတ္တမည်၏။ ထိနမိဒ္ဓသည် နာနတ္တ မည်၏၊ အာလောကသညာသည် ဧကတ္တမည်၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'သည် နာနတ္တမည်၏၊ မပျံ့လွင့်ခြင်း သမာဓိသည် ဧကတ္တမည်၏။ ယုံမှားခြင်း 'ဝိစိကိစ္ဆာ'သည် နာနတ္တမည်၏၊ တရားကို ပိုင်းခြားမှတ်သားခြင်းသည် ဧကတ္တမည်၏။ မသိခြင်း 'အဝိဇ္ဇာ'သည် နာနတ္တမည်၏၊ ဉာဏ်သည် ဧကတ္တမည်၏။ မမွေ့လျော်ခြင်းသည် နာနတ္တမည်၏၊ ဝမ်းမြောက်ခြင်းသည် ဧကတ္တမည်၏။ အပိတ်အပင် 'နီဝရဏ'တရားတို့သည် နာနတ္တမည်၏၊ ပဌမဈာန်သည် ဧကတ္တမည်၏။ပ။ ကိလေသာအားလုံးတို့သည် နာနတ္တမည်၏၊ အရဟတ္တမဂ်သည် ဧကတ္တမည်၏။

တေဇ'တန်ခိုး'ဟူရာ၌ တန်ခိုးတို့သည် သီလတည်းဟူသော စရဏတေဇ၊ သမာဓိတည်းဟူသော ဂုဏတေဇ၊ ဝိပဿနာတည်းဟူသော ပညာတေဇ၊ အရိယမဂ်ကုသိုလ်တည်းဟူသော ပုညတေဇ၊ ဘုရားစကားတော်တည်းဟူသော ဓမ္မတေဇဟူ၍ ငါးမျိုးတို့တည်း။

သီလတည်းဟူသောစရဏတန်ခိုးထက်မြက်သောကြောင့် သီလမရှိသည်၏အဖြစ်တည်းဟူသော ဒုဿီလတန်ခိုး ကုန်ခန်းပျောက်ပျက်၏၊ သမာဓိတည်းဟူသော ဂုဏတန်ခိုးထက်မြက်သောကြောင့် သမာဓိ၏ဆန့်ကျင်ဖက်ဖြစ်သော ဥဒ္ဓစ္စတန်ခိုး ကုန်ခန်းပျောက်ပျက်၏၊ ဝိပဿနာတည်းဟူသော ပညာတန်ခိုး ထက်မြက်သောကြောင့် ဝိပဿနာဉာဏ်၏ ဆန့်ကျင်ဖက်ဖြစ်သော မောဟတန်ခိုး ပျောက်ပျက်၏၊ အရိယမဂ်ကုသိုလ်တည်းဟူသော ပုညတန်ခိုးထက်မြက်သောကြောင့် အကုသိုလ်ကံဘန်ခိုး ပျောက်ပျက်၏၊ ဘုရားရှင်စကားတော်တည်းဟူသော ဓမ္မတန်ခိုးထက်မြက်သောကြောင့် အထူးထူးသောတိတ္ထိဘို၏ အယူဘည်းဟူသော စကားတန်ခိုး ပျောက်ပျက်၏။

သလ္လေခ ဟူရာ၌ ကာမစ္ဆန္ဒသည် အသလ္လေခမည်၏၊ ဈာန်သည် သလ္လေခမည်၏။ ဒေါသသည် အသလ္လေခမည်၏၊ မေတ္တာသည် သလ္လေခမည်၏။ ထိနမိဒ္ဓသည် အသလ္လေခမည်၏၊ အာလောကသညာသည် သလ္လေခမည်၏။ ဥဒ္ဓစ္စသည် အသလ္လေခမည်၏၊ သမာဓိသည် သလ္လေခမည်၏။ ယုံမှားခြင်း ဝိစိကိစ္ဆာသည် အသလ္လေခမည်၏၊ တရားကို ပိုင်းခြားမှတ်သားခြင်းသည် သလ္လေခမည်၏။ အဝိဇ္ဇာသည် အသလ္လေခမည်၏၊ ဉာဏ်သည် သလ္လေခမည်၏။ မမွေ့လျော်ခြင်းသည် အသလ္လေခမည်၏၊ ဝမ်းမြောက်ခြင်းသည် သလ္လေခမည်၏။ အပိတ်အပင်'နီဝရဏ'တရားတို့သည် အသလ္လေခမည်၏၊ ပဌမဈာန်သည် သလ္လေခမည်၏။ပ။ ကိလေသာအားလုံးတို့သည် အသလ္လေခမည်၏၊ အရဟတ္တမဂ်သည် သလ္လေခမည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် သီးခြားဖြစ်သောတရား အထူးထူးသော တရားတို့၏တန်ခိုးကို ကုန်စေရာ၌ဖြစ်သောပညာကို သလ္လေခဋ္ဌဉာဏ်ဟုဆိုအပ်၏။

သုံးဆယ့်ခုနစ်ခုမြောက် သလ္လေခဋ္ဌဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၃၈-ဝီရိယာရမ္ဘဉာဏ် အကျယ်ပြခြင်း

၇၉။ မဆုတ်မနစ်သောစိတ် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်တို့ကို အားပေး ထောက်ပံ့ခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် ဝီရိယာရမ္ဘဉာဏ် မည်သနည်း။

မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ် မည်၏။

ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ် မည်၏။

မဖြစ်သေးသောကုသိုလ်တရားတို့ဖြစ်ပေါ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

ဖြစ်ပြီးသောကုသိုလ်တရားတို့ တည်တံ့ခြင်းငှါ မတွေဝေခြင်းငှါ တိုးပွါးခြင်းငှာ ပြန့်ပြောစွာ ဖြစ်ခြင်းငှါ ပွါးများခြင်းငှါ ပြည့်စုံခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏ အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

မဖြစ်သေးသောကာမစ္ဆန္ဒကို မဖြစ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့စေလွှတ်သည်၏ အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

ဖြစ်ပြီးသောကာမစ္ဆန္ဒကိုပယ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့စေလွှတ်သည်၏အဖြစ် ကြောင့် ချီးမြှောက်ခြင်း သဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

မဖြစ်သေးသောဗျာပါဒ်ကို ဖြစ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့စေလွှတ်သည်၏ အဖြစ် ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

ဖြစ်ပြီးသောဗျာပါဒ်ကို တည်တံ့ခြင်းငှါ တွေဝေခြင်းငှါ တိုးပွါးခြင်းငှါ ပြန့်ပြောစွာဖြစ်ခြင်းငှါ ပွါးများခြင်းငှါ ပြည့်စုံခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်း သဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။ပ။

မဖြစ်သေးသော ကိလေသာအားလုံးတို့ မဖြစ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်း သဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ် မည်၏။

ဖြစ်ပြီးသော ကိလေသာအားလုံးတို့ကို ပယ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်းသဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။ပ။

မဖြစ်သေးသော အရဟတ္တမဂ်ဖြစ်ခြင်းငှါ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့ စေလွှတ်သည်၏ အဖြစ်ကြောင့် ချီးမြှောက်ခြင်း သဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

http://www.dhammadownload.com



ဖြစ်ပြီးသောအရဟတ္တမဂ်ကို တည်တံ့ခြင်း၄၊ မတွေဝေခြင်း၄၊ တိုးပွါးခြင်း၄၊ ပြန့်ပြောစွာ ဖြစ်ခြင်း၄၊ ပွါးများခြင်း၄၊ ပြည့်စုံခြင်း၄၊ မတွန့်တိုသည်၏အဖြစ်ကို နိဗ္ဗာန်သို့စေလွှတ်သည်၏အဖြစ်ကြောင့် ချီးမြှောက်ခြင်း သဘော၌ဖြစ်သောပညာသည် ဝီရိယာရမ္ဘဉာဏ်မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် မဆုတ်နစ်သောစိတ် နိဗ္ဗာန်သို့ ဒဂလွှတ်သောစိတ်ကို အားပေးထောက်ပံ့ခြင်း၌ ဖြစ်သောပညာကို ဝီရိယာရမ္ဘဉာဏ်ဟု ဆိုအပ်၏။

သုံးဆယ့်ရှစ်ခုမြောက် ဝီရိယာရမ္ဘဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၃၉-အတ္ထသန္ဒဿနဉာဏ် အကျယ်ပြခြင်း

၉၀။ အထူးထူးသောတရားတို့ကို ပေါ်လွင်အောင် ဖော်ပြသောပညာသည် အဘယ်သို့လျှင် အတ္ထသန္ဒဿနဉာဏ် မည်သနည်း။

နာနာဓမ္မာ ဟူရာ၌ ခန္ဓာငါးပါး အာယတနတဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ကုသိုလ် အကုသိုလ် အဗျာကတ ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာတရားတို့သည် အထူးထူးသောတရား'ဓမ္မ'မည်ကုန်၏။

ပကာသနတာ ဟူရာ၌ ရုပ်ကို အနိစ္စအားဖြင့် ပြတတ်၏၊ ရုပ်ကို ဒုက္ခအားဖြင့် ပြတတ်၏၊ ရုပ်ကို အနတ္တအားဖြင့် ပြတတ်၏။

ဝေဒနာကို။ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ပ။ အိုခြင်း သေခြင်း 'ဇရာမရဏ'ကို အနိစ္စအားဖြင့် ပြတတ်၏၊ အိုခြင်း သေခြင်း 'ဇရာမရဏ'ကို ဒုက္ခအားဖြင့် ပြတတ်၏၊ အိုခြင်း သေခြင်း 'ဇရာ မရဏ'ကို အနတ္တအားဖြင့် ပြတတ်၏။

အတ္ထသန္ဒဿန ဟူရာ၌ ကာမစ္ဆန္ဒကိုပယ်စွန့်သူသည် ဈာန်ဟူသောအကျိုးကို ပြ၏၊ ဒေါသကို ပယ်စွန့်သူသည် မေတ္တာဟူသောအကျိုးကို ပြ၏၊ ထိနမိဒ္ဓကိုပယ်စွန့်သူသည် အာလောကသညာဟူသောအကျိုးကို ပြ၏။ ပျံ့လွင့်ခြင်း'ဥဒ္ဓစ္စ'ကို ပယ်စွန့်သူသည် သမာဓိဟူသောအကျိုးကို ပြ၏၊ ယုံမှားခြင်း'ဝိစိကိစ္ဆာ'ကို ပယ်စွန့်သူသည် တရားကို ပိုင်းခြားမှတ်သားခြင်း 'ဓမ္မဝဝတ္ထာန်'ဟူသောအကျိုးကို ပြ၏၊ အဝိဇ္ဇာကိုပယ်စွန့်သူသည် ဉာဏ်ဟူသောအကျိုးကို ပြ၏၊ မမွေ့လျော်ခြင်းကို ပယ်စွန့်သူသည် ဝမ်းမြောက်ခြင်း'ပါမောဇ္ဇ' ဟူသောအကျိုးကို ပြ၏၊ အပိတ်အပင် 'နီဝရဏ'တရားတို့ကို ပယ်စွန့်သူသည် ပထမဈာန်ဟူသောအကျိုးကို ပြ၏။ပ။ ကိလေသာအားလုံးတို့ကို ပယ်စွန့်သူသည် အရဟတ္တမဂ်ဟူသောအကျိုးကို ပြ၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အထူးထူးသောတရားတို့ကို ပေါ်လွင်အောင် ဖော်ပြသောပညာကို အတ္ထသန္ဒဿနဉာဏ်ဟု ဆိုအပ်၏။

သုံးဆယ့်ကိုးခုမြောက် အတ္ထသန္ဒဿနဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၄၀-ဒဿနဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း

၉၁။ တရားအားလုံးတို့ကို တခုတည်း သိမ်းကျုံးရေတွက်အပ်သည့် အဖြစ်ဟူသော ပညာ, ထူးခြားသောသဘော တူသောသဘောကို ထိုးထွင်း၍သိသောပညာသည် အဘယ်သို့လျှင် ဒဿန ဝိသုဒ္ဓိဉာဏ် မည်သနည်း။

သဗ္ဗဓမ္မာနံ ဟူရာ၌ ခန္ဓာငါးပါး။ပ။လောကုတ္တရာ တရားတို့သည် သဗ္ဗဓမ္မမည်၏။

ဧကသင်္ဂဟိတာ ဟူရာ၌ တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် အလုံးစုံသောတရားတို့ကို တခုတည်းအဖြစ်ဖြင့် သင်္ဂြိုဟ်အပ်ကုန်၏၊ ထင်ရှားရှိသောသဘောအားဖြင့်၎င်း၊ တိတ္ထိတို့ကြံအပ်သော အတ္တမှကင်းသော သဘောအားဖြင့်၎င်း၊ မှန်ကန်သောသဘောအားဖြင့်၎င်း၊ ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သောသဘောအားဖြင့်၎င်း၊ အထူးသိသော သဘောအားဖြင့်၎င်း၊ ပိုင်းခြား၍ သိသောသဘောအားဖြင့်၎င်း၊ တရားသဘောအားဖြင့်၎င်း၊ ဓာတ်သဘောအားဖြင့်၎င်း၊ သိအပ်သော သဘောအားဖြင့်၎င်း၊ မျက်မှောက်ပြုအပ်သော သဘောအားဖြင့်၎င်း၊ တွေ့ထိသော သဘောအားဖြင့်၎င်း၊ အထူးထိုးထွင်း၍ သိအပ်သော သဘောအားဖြင့်၎င်း ဤတဆယ့်နှစ်ပါး သော အခြင်းအရာတို့ဖြင့် အလုံးစုံသောတရားတို့ကို တခုတည်းအဖြစ်ဖြင့် သိမ်းကျုံးရေတွက် အပ်ကုန်၏။

နာနတ္တေကတ္တ ဟူရာ၌ ကာမစ္ဆန္ဒသည် အထူးထူး 'နာနတ္တ' မည်၏၊ ဈာန်သည် တခုတည်း 'ဧကတ္တ' မည်၏။ပ။အလုံးစုံသောကိလေသာတို့သည် နာနတ္တမည်၏၊ အရဟတ္တမဂ်သည် ဧကတ္တ မည်၏။

ပဋိဝေဓ ဟူရာ၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းဟုဆိုအပ်သော သိခြင်းဖြင့်သိ၏၊ သမုဒယ သစ္စာကို ပယ်၍သိခြင်းဟုဆိုအပ်သော သိခြင်းဖြင့်သိ၏၊ နိရောဓသစ္စာကို မျက်မှောက်ပြု၍ သိခြင်းဟုဆိုအပ်သော သိခြင်းဖြင့်သိ၏၊ မဂ္ဂသစ္စာကို ပွါးများ၍သိခြင်းဟု ဆိုအပ်သော သိခြင်း ဖြင့် သိ၏။

ဒဿနဝိသုဒ္ဓိဟူရာ၌ သောတာပတ္တိမဂ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ သောတာပတ္တိ ဖိုလ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ သကဒါဂါမိမဂ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ သကဒါဂါမိဖိုလ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ အနာဂါမိမဂ်ခဏ၌ ဉာဏ်အမြင်သည် စင် ကြယ်၏၊ အနာဂါမိဖိုလ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ အရဟတ္တမဂ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏၊ အရဟတ္တဖိုလ်ခဏ၌ ဉာဏ်အမြင်သည် စင်ကြယ်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ် သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် တရားအားလုံးတို့ကို တခုတည်းသိမ်းကျုံး ရေတွက်အပ်သည်၏အဖြစ်ဟူသော ပညာ ထူးခြားသော တူသောသဘောကို ထိုးထွင်း၍သိသော ပညာကို ဒဿနဝိသုဒ္ဓိဉာဏ်ဟု ဆိုအပ်၏။

လေးဆယ်မြောက် ဒဿနဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၄၁-ခန္တိဉာဏ် အကျယ်ပြခြင်း

၉၂။ သိသည်၏အဖြစ်ကြောင့် ဖြစ်သောပညာသည် အဘယ်သို့လျှင် ခန္တိဉာဏ်မည်သနည်း။ ရုပ်ကိုအနိစ္စအားဖြင့်သိ၏၊ ရုပ်ကိုဒုက္ခအားဖြင့်သိ၏၊ ရုပ်ကိုအနတ္တအားဖြင့်သိ၏၊ သိသမျှသော တရားကိုနှစ်သက်၏၊ ဤသို့သိသည်၏အဖြစ်ကြောင့် ဖြစ်သောပညာသည် ခန္တိဉာဏ်မည်၏။

ဝေဒနာကို။ပ။သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ပ။အိုခြင်း သေခြင်း 'ဇရာ မရဏ'ကို အနိစ္စအားဖြင့်သိ၏၊ အိုခြင်း သေခြင်း 'ဇရာ မရဏ'ကို ဒုက္ခအားဖြင့်သိ၏၊ အိုခြင်း သေခြင်း 'ဇရာ မရဏ'ကို အနတ္တအားဖြင့်သိ၏၊ သိသမျှသောတရားကို နှစ်သက်၏။ ဤသို့ သိသည်၏အဖြစ်ကြောင့် ဖြစ်သောပညာသည် ခန္တိဉာဏ်မည်၏။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် သိသည်၏အဖြစ်ကြောင့် ဖြစ်သော ပညာကို ခန္တိဉာဏ်ဟု ဆိုအပ်၏။

လေးဆယ့်တခုမြောက် ခန္တိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၄၂-ပရိယောဂါဟဏဉာဏ် အကျယ်ပြခြင်း

၉၃။ ဉာဏ်ဖြင့်တွေ့ထိသောကြောင့်ဖြစ်သော ပညာသည် အဘယ်သို့လျှင် ပရိယောဂါဟဏ ဉာဏ် မည်သနည်း

ရုပ်ကိုအနိစ္စအားဖြင့်တွေ့၏၊ ရုပ်ကိုဒုက္ခအားဖြင့်တွေ့၏၊ ရုပ်ကိုအနတ္တအားဖြင့်တွေ့၏၊ တွေ့သမျှသော တရားသို့သက်ဝင်၏၊ ဤသို့တွေ့သည်၏အဖြစ်ကြောင့်ဖြစ်သော ပညာသည် ပရိယောဂါဟဏ ဉာဏ် မည်၏။

ဝေဒနာကို။ပ။သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ပ။အိုခြင်း သေခြင်း 'ဇရာ မရဏ' ကို အနိစ္စအားဖြင့် တွေ့၏၊ ဒုက္ခအားဖြင့်တွေ့၏၊ အနတ္တအားဖြင့်တွေ့၏၊ တွေ့သမျှသော တရားသို့သက်ဝင်၏၊ ဤသို့တွေ့သည်၏ အဖြစ်ကြောင့်ဖြစ်သော ပညာသည် ပရိယောဂါဟဏဉာဏ် မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် တွေ့သည်၏အဖြစ်ကြောင့် ဖြစ်သော ပညာကို ပရိယောဂါဟဏဉာဏ်ဟု ဆိုအပ်၏။

လေးဆယ့်နှစ်ခုမြောက် ပရိယောဂါဟဏဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၄၃-ပဒေသဝိဟာရဉာဏ် အကျယ်ပြခြင်း

၉၄။ စုပေါင်းလုံးစည်းခြင်း၌ ဖြစ်သော ပညာသည် အဘယ်သို့လျှင် ပဒေသဝိဟာရဉာဏ် မည်သနည်း။

http://www.dhammadownload.com



မိစ္ဆာဒိဋ္ဌိအကြောင်းကြောင့်လည်း ခံစားအပ်၏၊ မိစ္ဆာဒိဋ္ဌိ၏ ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏၊ သမ္မာဒိဋ္ဌိ အကြောင်းကြောင့်လည်း ခံစားအပ်၏၊ သမ္မာဒိဋ္ဌိ၏ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

မိစ္ဆာသင်္ကပ္ပ အကြောင်းကြောင့်လည်း ခံစားအပ်၏၊ မိစ္ဆာသင်္ကပ္ပ၏ ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

သမ္မာသင်္ကပ္ပအကြောင်းကြောင့်လည်း ခံစားအပ်၏၊ သမ္မာသင်္ကပ္ပ၏ ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။ပ။

မှားသောလွတ်မြောက်မှု အကြောင်းကြောင့်လည်း ခံစားအပ်၏၊ မှားသောလွတ်မြောက်မှု၏ ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

မှန်သောလွတ်မြောက်မှု အကြောင်းကြောင့်လည်း ခံစားအပ်၏၊ မှန်သောလွတ်မြောက်မှု၏ ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

ဆန္ဒအကြောင်းကြောင့်လည်း ခံစားအပ်၏၊ ဆန္ဒငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏၊ဝိတက်အကြောင်းကြောင့်လည်း ခံစားအပ်၏၊ဝိတက်၏ငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏၊ သညာအကြောင်းကြောင့်လည်း ခံစားအပ်၏၊ သညာငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

ဆန္ဒလည်းမငြိမ်း၊ ဝိတက်လည်းမငြိမ်း၊ သညာလည်းမငြိမ်း၊ ထိုသို့မငြိမ်းခြင်း အကြောင်းကြောင့်လည်း ခံစားအပ်၏။

ဆန္ဒသာငြိမ်း၏၊ ဝိတက်လည်းမငြိမ်း သညာလည်းမငြိမ်း၊ ထိုသို့ဆန္ဒသာငြိမ်း၍ ဝိတက် သညာတို့ မငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

ဆန္ဒလည်းငြိမ်း၏၊ ဝိတက်လည်းငြိမ်း၏၊ သညာကား မငြိမ်း၊ ထိုသို့ဆန္ဒနှင့် ဝိတက်သာငြိမ်း၍ သညာကား မငြိမ်းခြင်းအကြောင်းကြောင့်လည်း ခံစားအပ်၏။

ဆန္ဒလည်းငြိမ်း၏၊ ဝိတက်လည်းငြိမ်း၏၊ သညာလည်းငြိမ်း၏၊ ထိုသို့ငြိမ်းခြင်း အကြောင်းကြောင့်လည်း ခံစားအပ်၏။

မရောက်သေးသော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ အားထုတ်ခြင်းရှိ၏၊ ထိုသို့သောအရာသို့လည်း အစဉ်ရောက်သော် ထိုသို့သောအကြောင်းကြောင့်လည်း ခံစားအပ်၏။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် စုပေါင်းလုံးစည်းခြင်း၌ဖြစ်သော ပညာကို ပဒေသဝိဟာရ ဉာဏ်ဟု ဆိုအပ်၏။

လေးဆယ့်သုံးခုမြောက် ပဒေသဝိဟာရဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၄၄-၄၉-ဆဝိဝဋ္ဋဉာဏ်, သညာဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၉၅။ ကြီးမှူး အုပ်စိုးသည်၏အဖြစ်ဖြင့် ဖြစ်သောပညာသည် အဘယ်သို့လျှင် သညာဝိဝဋ္ဋဉာဏ်မည်သနည်း။

http://www.dhammadownload.com



ဈာန်ကိုအကြီးအမှူးပြု၍ဖြစ်သော ပညာသည် **ကာမစ္ဆန္ဒမှသညာကြောင့်ကင်း၏၊** ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

မေတ္တာကိုအကြီးအမှူးပြု၍ဖြစ်သော ပညာသည် ဒေါသမှသညာကြောင့်**ကင်း၏၊** ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

အရောင်အလင်းအမှတ် 'အာလောကသညာ' ကို အကြီးအမှူးပြု၍ဖြစ်သော ပညာသည် ထိနမိဒ္ဓမှသညာကြောင့်ကင်း၏၊ ထိုကြောင့်ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည်၊ သညာဝိဝဋ္ဋဉာဏ်မည်၏။

သမာဓိကို အကြီးအမှူးပြု၍ဖြစ်သောပညာသည် ဥဒ္ဓစ္စမှသညာကြောင့်ကင်း၏၊ ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

တရားကို ပိုင်းခြားမှတ်သားခြင်းကို အကြီးအမှူးပြု၍ဖြစ်သောပညာသည် **ဝိစိကိစ္ဆာ**မှသညာကြောင့်ကင်း၏၊ ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

ဉာဏ်ကိုအကြီးအမှူးပြု၍ ဖြစ်သောပညာသည် အဝိဇ္ဇာမှ သညာကြောင့်**ကင်း၏၊** ထိုကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

ဝမ်းမြောက်ခြင်းကို အကြီးအမှူးပြု၍ဖြစ်သော ပညာသည် **မမွေ့မလျော်ခြင်း**မှ သညာကြောင့်ကင်း၏၊ ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

ပထမဈာန်ကို အကြီးအမှူးပြု၍ ဖြစ်သောပညာသည် အပိတ်အပင်'**နီဝရဏ**' တရားတို့မှ သညာကြောင့်ကင်း၏၊ ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။ပ။

အရဟတ္တမဂ်ကို အကြီးအမှူးပြု၍ဖြစ်သောပညာသည် ကိလေသာအားလုံးတို့မှ သညာကြောင့်ကင်း၏၊ ထို့ကြောင့် ကြီးမှူးအုပ်စိုးသည်၏ အဖြစ်ဖြင့်ဖြစ်သော ပညာသည် သညာဝိဝဋ္ဋဉာဏ်မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် **ကြီးမှူးအုပ်စိုးသည်၏** အဖြစ်ဖြင့်ဖြစ်သောပညာကို သညာဝိဝဋ္ဋဉာဏ်ဟု ဆိုအပ်၏။

## စေတောဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၉၆။ အထူးထူး၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် စေတောဝိဝဋ္ဋဉာဏ် မည်သနည်း။

ကာမစ္ဆန္ဒသည် အထူးထူး '**နာနတ္တ**'မည်၏၊ ဈာန်သည် တခုတည်း '**ဧကတ္တ**'မည်၏၊ ဧကတ္တဖြစ်သော ဈာန်ကို ဖြစ်စေသောပုဂ္ဂိုလ်အား ကာမစ္ဆန္ဒမှ စိတ်သည်ကင်း၏၊ ထိုကြောင့် အထူးထူး၌ ဖြစ်သောပညာသည် စေတောဝိဝဋ္ဋဉာဏ်မည်၏။

http://www.dhammadownload.com



ဒေါသသည် နာနတ္တမည်၏၊ မေတ္တာသည် ဧကတ္တမည်၏၊ ဧကတ္တဖြစ်သော မေတ္တာကို ဖြစ်စေသောပုဂ္ဂိုလ်အား ဒေါသမှစိတ်သည်ကင်း၏၊ ထို့ကြောင့် အထူးထူး၌ဖြစ်သော ပညာသည် စေတော ဝိဝဋ္ဋဉာဏ်မည်၏။

ထိနမိဒ္ဓသည် နာနတ္တမည်၏၊ အာလောကသညာသည် ဧကတ္တမည်၏၊ ဧကတ္တဖြစ်သော အာလောကသညာကို ဖြစ်စေသောပုဂ္ဂိုလ်အား ထိနမိဒ္ဓမှစိတ်သည် ကင်း၏၊ ထို့ကြောင့် အထူးထူး၌ဖြစ်သော ပညာသည် စေတောဝိဝဋ္ဋဉာဏ်မည်၏။ပ။

ကိလေသာအားလုံးတို့သည် နာနတ္တမည်၏၊ အရဟတ္တမဂ်သည် ဧကတ္တမည်၏၊ ဧကတ္တဖြစ်သော အရဟတ္တမဂ်ကို ဖြစ်စေသောပုဂ္ဂိုလ်အား ကိလေသာအားလုံးတို့မှ စိတ်သည်ကင်း၏၊ ထို့ကြောင့် အထူးထူး၌ဖြစ်သောပညာသည် စေတောဝိဝဋ္ဋဉာဏ်မည်၏။

ထိုတရားသဘောသည်သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ ကြောင့် အထူးထူး၌ဖြစ်သော ပညာကို စေတောဝိဝဋ္ဋဉာဏ်ဟု ဆိုအပ်၏။

## စိတ္တဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၉၇။ တည်တံ့စေခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် စိတ္တဝိဝဋ္ဋဉာဏ်မည်သနည်း။

ကာမစ္ဆန္ဒကို စွန့်သူသည် ဈာန်၏အစွမ်းအားဖြင့် စိတ်တည်တံ့၏၊ ထိုကြောင့်တည်တံ့စေခြင်း၌ ဖြစ်သောပညာသည် စိတ္တဝိဝဋ္ဋဉာဏ်မည်၏။

ဒေါသကိုစွန့်သူသည် မေတ္တာ၏အစွမ်းအားဖြင့် စိတ်တည်တံ့၏၊ ထို့ ကြောင့် တည်တံ့စေခြင်း၌ ဖြစ်သောပညာသည် စိတ္တဝိဝဋ္ဋဉာဏ်မည်၏။

ထိနမိဒ္ဓကိုစွန့်သူသည် အာလောကသညာ၏ အစွမ်းအားဖြင့် စိတ်တည်တံ့၏၊ ထို့ ကြောင့် တံ့တည်စေခြင်း၌ဖြစ်သောပညာသည် စိတ္တဝိဝဋ္ဋဉာဏ်မည်၏။ပ။

ကိလေသာအားလုံးတို့ကို စွန့်သူသည် အရဟတ္တမဂ်၏အစွမ်းအားဖြင့် စိတ်တည်တံ့၏၊ ထို့ ကြောင့် တည်တံ့စေခြင်း၌ ဖြစ်သောပညာသည် စိတ္တဝိဝဋ္ဋဉာဏ်မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ ကြောင့် တည်တံ့စေခြင်း၌ ဖြစ်သောပညာကို စိတ္တဝိဝဋ္ဋဉာဏ်ဟု ဆိုအပ်၏။

## ဉာဏဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၉၈။ ဆိတ်သုံးခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဉာဏဝိဝဋ္ဋဉာဏ်မည်သနည်း။

မျက်စိသည် ငါဟူသောအတ္တမှရှင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှရှင်း မြဲခြင်းနိစ္စမှရှင်း တည်ဘံ့ခြင်းဓုဝမှရှင်း တည်မြဲခြင်းသဿတမှရှင်း မဖောက်ပြန်တတ်သော သဘောတရားမှရှင်း ဆိတ်သုံး၏၊ ဤသို့ ဟုတ်တိုင်းမှန်စွာသိမြင်သောသူ၏ မျက်စိဟု မှားသောနှလုံးသွင်းခြင်းမှ ဉာဏ်သည်ကင်း၏၊ ထို့ ကြောင့် ဆိတ်သုံးခြင်း၌ ဖြစ်သောပညာသည် ဉာဏဝိဝဋ္ဋဉာဏ်မည်၏။

http://www.dhammadownload.com



နားသည်ဆိတ်သုံး၏။ ပ ။နှာခေါင်းသည်ဆိတ်သုံး၏။ လျှာသည်ဆိတ်သုံး၏။ ကိုယ်သည်ဆိတ်သုံး၏။ စိတ်သည်ငါဟူသောအတ္တမှရှင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှရှင်း မြဲသောနိစ္စမှရှင်း တည်တံ့သောဓုဝမှရှင်း တည်မြဲသောသဿတမှရှင်း မဖေါက်ပြန်တတ်သော သဘောတရားမှရှင်း ဆိတ်သုံး၏၊ ဤသို့ဟုတ်တိုင်းမှန်စွာ သိမြင်သောသူ၏ စိတ်ဟုမှားသောနှလုံးသွင်းခြင်းမှ ဉာဏ်သည်ကင်း၏၊ ထို့ကြောင့် ဆိတ်သုံးခြင်း၌ဖြစ်သော ပညာသည် ဉာဏဝိဝဋ္ဋဉာဏ်မည်။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ဆိတ်သုံးခြင်း၌ဖြစ်သော ပညာကို ဉာဏဝိဝဋ္ဋဉာဏ်ဟုဆိုအပ်၏။

## ဝိမောက္ခဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၉၉။ စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဝိမောက္ခဝိဝဋ္ဋ ဉာဏ်မည်သနည်း။

ဈာန်ဖြင့် ကာမစ္ဆန္ဒကိုစွန့်လွှတ်၏၊ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် ဝိမောက္ခဝိဝဋ္ဋဉာဏ်မည်၏။

မေတ္တာဖြင့်ဒေါသကိုစွန့်လွှတ်၏၊ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် ဝိမောက္ခဝိဝဋ္ဋဉာဏ်မည်၏။

အာလောကသညာဖြင့်ထိနမိဒ္ဓကိုစွန့်လွှတ်၏၊ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။

သမာဓိဖြင့်ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' ကို စွန့်လွှတ်၏၊ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။

တရားကိုပိုင်းခြားမှတ်သားခြင်းဖြင့် ယုံမှားခြင်းကိုစွန့်လွှတ်၏။ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သောပညာသည် ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။ ပ ။

အရဟတ္တမဂ်ဖြင့်ကိလေသာအားလုံးတို့ကို စွန့်လွှတ်၏၊ ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာသည် ဝိမောက္ခ ဝိဝဋ္ဋဉာဏ်မည်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ထို့ကြောင့် စွန့်လွှတ်ခြင်း၌ဖြစ်သော ပညာကို ဝိမောက္ခဝိဝဋ္ဋဉာဏ်ဟု ဆိုအပ်၏။

## သစ္စဝိဝဋ္ဋဉာဏ် အကျယ်ပြခြင်း

၁၀၀။ မှန်ကန်သောသဘော၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် သစ္စဝိဝဋ္ဋဉာဏ်မည်သနည်း။

ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်းသဘော ပြုပြင်ခြင်းသဘော ပူပန်ခြင်းသဘော ဖေါက်ပြန်ခြင်းသဘောကိုပိုင်းခြား၍သိသူသည် ကင်း၏၊ထို့ကြောင့်မှန်ကန်သောသဘော၌ ဖြစ်သောပညာသည် သစ္စဝိဝဋ္ဋဉာဏ်မည်၏။

http://www.dhammadownload.com



သမုဒယသစ္စာ၏အားထုတ်ခြင်းသဘော ဒုက္ခ၏အကြောင်းဖြစ်သောသဘော ပေါင်းစပ်ခြင်းသဘော ကြောင့်ကြခြင်းသဘောကို စွန့်သောသူသည် ကင်း၏၊ ထို့ကြောင့် မှန်ကန်သောသဘော၌ဖြစ်သော ပညာသည် သစ္စဝိဝဋ္ဋဉာဏ်မည်၏။

နိရောဓသစ္စာ၏ လွတ်မြောက်ခြင်းသဘော ကင်းဆိတ်ခြင်းသဘော မပြုပြင်ရခြင်း သဘော မသေခြင်းသဘောကို မျက်မှောက်ပြုသူသည် ကင်း၏၊ ထို့ကြောင့် မှန်ကန်သောသဘော၌ ဖြစ်သောပညာသည် သစ္စဝိဝဋ္ဋဉာဏ်မည်၏။

မဂ္ဂသစ္စာ၏ဝဋ်မှထွက်မြောက်ကြောင်းသဘော နိရောဓ၏အကြောင်းဖြစ်သောသဘော နိဗ္ဗာန်ကိုမြင်ခြင်းသဘော အကြီးအမှူးသဘောကို ပွါးများသူသည် ကင်း၏၊ ထို့ကြောင့် မှန်ကန်သောသဘော၌ ဖြစ်သောပညာသည် သစ္စဝိဝဋ္ဋဉာဏ်မည်၏။

(ဝိဝဋ္ဋသည်) သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋ သစ္စဝိဝဋ္ဋဟု (ခြောက်မျိုးရှိ၏)။

ကောင်းစွာသိသည်ဖြစ်၍ ကင်းတတ်သောကြောင့် သညာဝိဝဋ္ဋမည်၏၊ စေ့ဆော်သည်ဖြစ်၍ ကင်းတတ်သောကြောင့် စေတောဝိဝဋ္ဋမည်၏၊ အထူးသိသည်ဖြစ်၍ ကင်းတတ်သောကြောင့် စိတ္တဝိဝဋ္ဋမည်၏၊ ဉာဏ်ကိုပြုသည်ဖြစ်၍ ကင်းတတ်သောကြောင့် ဉာဏဝိဝဋ္ဋမည်၏၊ စွန့်သည်ဖြစ်၍ ကင်းတတ်သောကြောင့် ဝိမောက္ခဝိဝဋ္ဋမည်၏၊ မှန်ကန်သောသဘော၌ ကင်းတတ်သောကြောင့် သစ္စဝိဝဋ္ဋ မည်၏။

သညာဝိဝဋ္ဋဖြစ်သောတရား၌ စေတောဝိဝဋ္ဋဖြစ်၏။ စေတောဝိဝဋ္ဋဖြစ်သော တရား၌ သညာဝိဝဋ္ဋဖြစ်၏။သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋဖြစ်သောတရား၌ စိတ္တဝိဝဋ္ဋဖြစ်၏။စိတ္တဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဖြစ်သောတရား၌ ဉာဏဝိဝဋ္ဋဖြစ်၏။ ဉာဏဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဖြစ်သောတရား၌ ဝိမောက္ခဝိဝဋ္ဋဖြစ်၏။ ဝိမောက္ခဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋ ဖြစ်သောတရား၌ သစ္စဝိဝဋ္ဋဖြစ်၏။ သစ္စဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋဖြစ်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် မှန်ကန်သောသဘော၌ ဖြစ်သောပညာကို သစ္စဝိဝဋ္ဋဉာဏ်ဟုဆိုအပ်၏။

လေးဆယ့်ကိုးခုမြောက် ဝိဝဋ္ဋဉာဏ်ခြောက်ပါး အကျယ်ပြခြင်း ပြီး၏။

---

## ၅၀-ဣဒ္ဓိဝိဓဉာဏ် အကျယ်ပြခြင်း

၁၀၁။ ကိုယ်နှင့်စိတ်ကိုတခုတည်း ပိုင်းခြားခြင်းချမ်းသာရေးအမှတ်, ပေါ့ပါး လျင်မြန်ရေးအမှတ်ကို ဆောက်တည်သည်၏ အစွမ်းအားဖြင့် ပြည့်စုံခြင်း၌ဖြစ်သောပညာသည် အဘယ်သို့လျှင် ဣဒ္ဓိဝိဓဉာဏ်မည်သနည်း။

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှုး၍ သမာဓိပြဓာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးစေ၏။ ဝီရိယကြီးမှုး၍ သမာဓိပြဓာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။ စိတ်ကြီးမှုး၍ သမာဓိပြဓာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးစေ၏။ ပညာကြီးမှုး၍ သမာဓိပြဓာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးစေ၏။

ထိုသူသည် ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌ စိတ်ကိုထက်ဝန်းကျင်မှပွါးစေ၏၊ ဆုံးမ၏၊ နူးညံ့သည်ကိုပြု၏၊ အမှု၌ခံ့သည်ကိုပြု၏။ ထိုသူသည် ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှပွါးစေ၍ ဆုံးမ၍နူးညံ့အောင်ပြု၍ အမှု၌ခံ့အောင်ပြု၍ ရူပကာယကိုလည်း စိတ်၌ကောင်းစွာထား၏၊ စိတ်ကိုလည်း ရူပကာယ၌ကောင်းစွာထား၏၊ ကိုယ်၏အစွမ်းအားဖြင့်စိတ်ကို ညွတ်စေ၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေ၏၊ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကိုဆောက်တည်၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုဆောက်တည်၏၊ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကိုညွတ်စေပြီး၍ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေပြီး၍ ကိုယ်၏အစွမ်းအားဖြင့် စိတ်ကိုဆောက်တည်ပြီး၍ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုဆောက်တည်ပြီး၍ ချမ်းသာဟူသော အမှတ် 'သုခသညာ' ကိုလည်း ပေါ့ပါးခြင်းဟူသောအမှတ် 'လဟုသညာ'ကိုလည်း ကိုယ်၌သက်၍ နေ၏။

ထိုသူသည် ထိုသို့သောအခြင်းအရာအားဖြင့် ပွါးစေအပ်သော စင်ကြယ်သော ဖြူစင်သော စိတ်ဖြင့် ဣဒ္ဓိဝိဓ ဉာဏ်အကျိုးငှါ စိတ်ကိုရှေးရှုဆောင်၏၊ ရှေးရှုညွတ်စေ၏၊ ထိုသူသည် တပါးမက များပြားသော တန်ခိုးအထူးကို ခံစား၏။

၁၀၂။ တယောက်ထည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများ ဖြစ်လျက်လည်း တယောက်ထည်းဖြစ်လာ၏၊ ကိုယ်ထင်ရှားဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့သွားနိုင်၏၊ မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ပြုနိုင်၏၊ ရေ၌လည်း မကွဲစေပဲမြေ၌ကဲ့သို့သွားနိုင်၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက်အတောင်ရှိသော ငှက်ကဲ့သို့သွားနိုင်၏၊ ဤသို့တန်ခိုးကြီးကုန်သော ဤသို့အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့်သုံးသပ်နိုင်၏၊ဆုပ်ကိုင်နိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို(မိမိ)အလိုအတိုင်း ဖြစ်စေနိုင်၏။

ထိုတရားသဘောသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့်ကိုယ်နှင့်စိတ်ကို တခုထည်း ပိုင်းခြားခြင်း ချမ်းသာရေးအမှတ်၊ ပေါ့ပါးလျင်မြန်ရေးအမှတ်ကို ဆောက်တည်သည်၏အစွမ်းအားဖြင့် ပြည့်စုံခြင်း၌ဖြစ်သောပညာကို ဣဒ္ဓိဝိဓဉာဏ်ဟုဆိုအပ်၏။

ငါးဆယ်မြောက် ဣဒ္ဓိဝိဓဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၅၁-သောတဓာတုဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း

၁၀၃။ ကြံစည်မှုပျံ့နှံ့သည်၏အစွမ်းအားဖြင့် ထူးခြားခြင်းတူမျှခြင်းဖြစ်သည့်အသံနိမိတ်တို့ကို သက်ဝင်ရာ၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် သောတဓာတုဝိသုဒ္ဓိဉာဏ် မည်သနည်း။

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည်ဆန္ဒကြီးမှူး၍သမာဓိ။ ပ ။ဝီရိယကြီးမှူး၍သမာဓိ။ စိတ်ကြီးမှူး၍သမာဓိ။ ပညာကြီးမှူး၍သမာဓိပြဓာန်းလျက် ဝီရိယစေတသိက်နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးစေ၏။

ထိုသူသည် ဤလေးပါးသောဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှ ပွါးစေ၏၊ ထက်ဝန်းကျင်မှ ဆုံးမ၏၊ နူးညံ့အောင်ပြု၏၊ အမှု၌ ခံ့အောင်ပြု၏။

ထိုသူသည် ဤလေးပါးသောဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှပွါးစေ၍ ဆုံးမ၍ နူးညံ့အောင်ပြု၍ အမှု၌ခံ့အောင်ပြု၍ ဝေးသည်မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ နီးသည်မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ ကြမ်းတမ်းသည်မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကိုလည်း နှလုံးသွင်း၏၊ နူးညံ့သည်မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကိုလည်း နှလုံးသွင်း၏၊ သိမ်မွေ့သည်မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကိုလည်း နှလုံးသွင်း၏၊ အရှေ့အရပ်၌မှုလည်းဖြစ်သော အသံကို၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အနောက်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ မြောက်အရပ်၌မှုလည်းဖြစ်သော အသံတို့၏ သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ တောင်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အရှေ့မြောက်ထောင့်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အနောက်တောင်ထောင့်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အနောက်မြောက်ထောင့်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အရှေ့တောင်ထောင့်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အထက်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏၊ အောက်အရပ်၌မှုလည်းဖြစ်သော အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏။

ထိုသူသည် ထိုသို့သော အခြင်းအရာအားဖြင့် ပွါးစေအပ်သော စင်ကြယ်သော ဖြူစင်သော စိတ်ဖြင့် သောတဓာတုဝိသုဒ္ဓိဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။

ထိုသူသည် အထူးသဖြင့်စင်ကြယ်သော လူတို့၏နားထက်သာလွန်သော နတ်တို့၏ နားနှင့်တူသော ဒိဗ္ဗသောတ ဉာဏ်ဖြင့် နတ်၌လည်းဖြစ်ကုန်သော လူ၌လည်းဖြစ်ကုန်သော ဝေးသည်လည်းဖြစ်ကုန်သော နီးသည်လည်းဖြစ်ကုန်သော နှစ်မျိုးသောအသံတို့ကို ကြားနိုင်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ကြံစည်မှု ပျံ့နှံ့သည်၏ အစွမ်းအားဖြင့် ထူးခြားခြင်း တူမျှခြင်းဖြစ်သည့်အသံနိမိတ်တို့ကို သက်ဝင်ရာ၌ဖြစ်သောပညာကို သောတဓာတုဝိသုဒ္ဓိဉာဏ်ဟု ဆိုအပ်၏။

ငါးဆယ့်တခုမြောက် သောတဓာတုဝိသုဒ္ဓိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၅၂-စေတောပရိယဉာဏ် အကျယ်ပြခြင်း

၁၀၄။ စိတ်သုံးပါးတို့၏ ပျံ့နှံ့မှုကြောင့် ဣန္ဒြေ (ပသာဒရုပ်)တို့၏ ကြည်လင်သည်၏အစွမ်းအားဖြင့် ထူးခြားသောသဘော တူမျှသောသဘောရှိသော ဝိညာဏ်တို့၏ဖြစ်ခြင်းသို့ သက်ဝင်၍ သိသောပညာသည် အဘယ်သို့လျှင် စေတောပရိယဉာဏ် မည်သနည်း။

http://www.dhammadownload.com



ကြောင့် ဘဝဖြစ်၏၊ ဘဝကြောင့် ပဋိသန္ဓေနေခြင်း 'ဇာတိ'ဖြစ်၏၊ ပဋိသန္ဓေနေခြင်း 'ဇာတိ' ကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပင်ပန်းခြင်းတို့ ဖြစ်ကုန်၏၊ ဤသို့ သက်သက်သော ဤဆင်းရဲအစု၏ ဖြစ်ပွါးကြောင်းသည် ဖြစ်၏ဟု အပြားအားဖြင့် သိ၏။

ထိုသူသည် ထိုသို့သောအခြင်းအရာအားဖြင့် ပွါးစေအပ်သော စင်ကြယ်သော ဖြူစင်သော စိတ်ဖြင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုဆောင်၏၊ ရှေးရှုညွှတ်စေ၏။

ထိုသူသည် များစွာသော ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏၊ ဤရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ဟူသည် အဘယ်နည်း။

တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း ဘဝပေါင်းများစွာတို့ကိုင်း များပြားသောပျက်ကပ်တို့ကိုင်း များပြားသောဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ဤမည်သောဘဝ၌ "ငါသည် ဤသို့သောအမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြားရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှသေခဲ့၍ ဤမည်သော ဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည် ရှိခဲ့၏၊ ဤသို့သောအနွယ် ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သောအစာရှိခဲ့၏၊ ဤသို့သော ချမ်းသာဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထို(ငါ)သည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏"ဟု ဤသို့ အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ်(အမည်အနွယ်)နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်၏။

ထိုတရားသဘောသည် သိဘတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့၏ ထူးခြားမှု တူညီမှုကို ပြန့်နှံ့သည်၏အစွမ်းအားဖြင့် ဖြစ်သောပညာကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဟု ဆိုအပ်၏။

ငါးဆယ့်သုံးခုမြောက် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၅၄-ဒိဗ္ဗစက္ခုဉာဏ် အကျယ်ပြခြင်း

၁၀၆။ အရောင်အလင်း၏ အစွမ်းအားဖြင့် ထူးခြားသော တူညီသော ရူပနိမိတ်တို့ကို ရှုမြင်ခြင်း၌ ဖြစ်သောပညာသည် အဘယ်သို့လျှင် ဒိဗ္ဗစက္ခုဉာဏ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှုး၍ သမာဓိပြဋ္ဌာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးစေ၏။ ဝီရိယကြီးမှုး၍ သမာဓိ။ပ။ စိတ်ကြီးမှုး၍ သမာဓိ။ပ။ ပညာကြီးမှုး၍ သမာဓိပြဋ္ဌာန်းလျက် ဝီရိယစေတသိက်နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှုး၍ သမာဓိပြဋ္ဌာန်းလျက် ဝီရိယစေတသိက်နှင့် ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ ဝီရိယကြီးမှုး၍ သမာဓိ။ပ။ စိတ်ကြီးမှုး၍ သမာဓိ။ပ။ ပညာကြီးမှုး၍ သမာဓိပြဋ္ဌာန်းလျက် ဝီရိယစေတသိက်နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏။

ထိုသူသည် ဤလေးပါးသောဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှ ပွါးစေ၏၊ ဆုံးမ၏၊ နူးညံ့အောင် ပြု၏၊ အမှု၌ ခံ့အောင်ပြု၏။ ထိုသူသည် ဤလေးပါးသောဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှ ပွါးများ၍ ဆုံးမ၍ နူးညံ့အောင်ပြု၍ အမှု၌ ခံ့အောင်ပြု၍ "ဤရုပ်သည် သောမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤရုပ်သည် ဒေါမနဿိန္ဒြေကြောင့် ဖြစ်၏၊ ဤရုပ်သည် ဥပေက္ခိန္ဒြေကြောင့် ဖြစ်၏"ဟု အပြားအားဖြင့် သိ၏။

ထိုသူသည် ထိုသို့သောအခြင်းအရာအားဖြင့် ပွါးစေအပ်သော စင်ကြယ်သော ဖြူစင်သော စိတ်ဖြင့် စေတောပရိယဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ရှေးရှု ညွတ်စေ၏၊ထိုသူသည် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို(မိမိ)စိတ်ဖြင့် ပိုင်းခြား၍သိ၏။

ရာဂရှိသောစိတ်ကိုလည်း "ရာဂရှိသောစိတ်"ဟု သိ၏၊ ရာဂကင်းသောစိတ်ကိုလည်း "ရာဂကင်းသောစိတ်"ဟု သိ၏၊ ဒေါသရှိသောစိတ်ကိုလည်း။ပ။ ဒေါသကင်းသောစိတ်ကိုလည်း။ မောဟရှိသောစိတ်ကိုလည်း။ မောဟကင်းသောစိတ်ကိုလည်း။ ကျုံ့သောစိတ်ကိုလည်း။ ပျံ့သောစိတ်ကိုလည်း။ မဟဂ္ဂုတ်ဖြစ်သောစိတ်ကိုလည်း။ မဟဂ္ဂုတ်မဟုတ်သောစိတ်ကိုလည်း။ သာလွန်သော တရားရှိသောစိတ်ကိုလည်း။ သာလွန်သော တရားမရှိသောစိတ်ကိုလည်း။ တည်ကြည်သောစိတ်ကိုလည်း။ မတည်ကြည်သောစိတ်ကိုလည်း။ လွတ်မြောက်သောစိတ်ကိုလည်း။ မလွတ်မြောက်သောစိတ်ကိုလည်း "မလွတ်မြောက်သောစိတ်"ဟု သိ၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် စိတ်သုံးပါးတို့၏ ပြန့်နှံ့မှုကြောင့် ဣန္ဒြေ (ပသာဒရုပ်)တို့၏ ကြည်လင်သည်၏အစွမ်းအားဖြင့် ထူးခြားသောသဘော တူမျှသောသဘော ရှိသော ဝိညာဏ်တို့၏ဖြစ်ခြင်းသို့ သက်ဝင်၍သိသောပညာကို စေတောပရိယဉာဏ်ဟု ဆိုအပ်၏။

ငါးဆယ့်နှစ်ခုမြောက် စေတောပရိယဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၅၃-ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အကျယ်ပြခြင်း

၁၀၅။ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့၏ ထူးခြားမှု တူညီမှုကို ပြန့်နှံ့သည်၏ အစွမ်းအားဖြင့် ဖြစ်သောပညာသည် အဘယ်သို့လျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှုး၍ သမာဓိ။ပ။ နူးညံ့အောင်ပြု၍ အမှု၌ခံ့အောင်ပြု၍ "ဤအကြောင်းရှိသော် ဤအကျိုးဖြစ်၏၊ ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏"ဟု အပြားအားဖြင့် သိ၏။

**ယင်းအဝိဇ္ဇာကြောင့်** သင်္ခါရဖြစ်ကုန်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏၊ သဠာယတနကြောင့် ဖဿဖြစ်၏၊ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာကြောင့် တဏှာဖြစ်၏၊ တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ ဥပါဒါန်

http://www.dhammadownload.com



ထိုသူသည် ဤလေးပါးသော ဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှ ပွါးစေ၏၊ ဆုံးမ၏၊ နူးညံ့အောင် ပြု၏၊ အမှု၌ ခံ့အောင်ပြု၏။ ထိုသူသည် ဤလေးပါးသောဣဒ္ဓိပါဒ်တို့၌ စိတ်ကို ထက်ဝန်းကျင်မှ ပွါးစေ၍ ဆုံးမ၍ နူးညံ့အောင်ပြု၍ အမှု၌ ခံ့အောင်ပြု၍ အရောင်အလင်း အမှတ်အသား 'အာလောကသညာ'ကို နှလုံးသွင်း၏၊ နေ့ဟူသောအမှတ်အသား 'ဒိဝါသညာ'ကို ဆောက်တည်၏၊ နေ့ဖြစ်သောအခြင်းအရာအားဖြင့် ညဉ့်သည်ဖြစ်၏၊ ညဉ့်ဖြစ်သောအခြင်းအရာအားဖြင့် နေ့သည်ဖြစ်၏၊ ဤသို့ ဟင်းလင်းအပြင်ရှိသော မမြေးယှက်အပ်သောစိတ်ဖြင့် အရောင်တောက်ပခြင်းရှိသောစိတ်ကို ပွါးစေ၏။

ထိုသူသည် ထိုသို့သောအခြင်းအရာအားဖြင့် ပွါးစေအပ်သော စင်ကြယ်သော ဖြူစင်သော စိတ်ဖြင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုသိသောဉာဏ်အကျိုးငှါ စိတ်ကို ရှေးရှုပို့ဆောင်၏၊ ရှေးရှုညွတ်စေ၏။ ထိုသူသည် အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိနိုင်၏။

"အချင်းတို့ စင်စစ် ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့်'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့်'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသောအယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံ ရှိကုန်၏။ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ ဖြစ်ပေါ်ကုန်၏။

အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့်'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့်'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲတတ်ကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သောအယူဖြင့် ပြုသောကံရှိကုန်၏။ ထိုသူတို့သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာနတ်ပြည်၌ ဖြစ်ပေါ်ရကုန်၏"ဟု (သိ၏)။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု'ဉာဏ်ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသောလားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာဖြစ်ပေါ်သောသတ္တဝါတို့ကို သိနိုင်၏။

ထိုတရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် အရောင်အလင်း၏ အစွမ်းအားဖြင့် ထူးခြားသော တူမျှသော ရူပနိမိတ်တို့ကိုမြင်ခြင်း၌ ဖြစ်သောပညာကို ဒိဗ္ဗစက္ခုဉာဏ်ဟု ဆိုအပ်၏။

ငါးဆယ့်လေးခုမြောက် ဒိဗ္ဗစက္ခုဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၅၅-အာသဝက္ခယဉာဏ် အကျယ်ပြခြင်း

၁၀၇။ ခြောက်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေသုံးပါးတို့၏ လေ့လာသည်၏ အဖြစ်ဟုဆိုအပ်သောပညာသည် အဘယ်သို့လျှင် အာသဝက္ခယဉာဏ်မည်သနည်း။

အဘယ်ဣန္ဒြေသုံးပါးတို့နည်း။

အနညာတညဿာမီတိန္ဒြေရှင်း အညိန္ဒြေရှင်း အညာတာဝိန္ဒြေရှင်းတို့တည်း။

အနညာတညဿာမီတိန္ဒြေသည် အဘယ်မျှလောက်သော အရာဌာနတို့သို့ ရောက်သနည်း၊ အညိန္ဒြေသည် အဘယ်မျှလောက်သော အရာဌာနတို့သို့ ရောက်သနည်း၊ အညာတာဝိန္ဒြေသည် အဘယ်မျှလောက်သောအရာဌာနတို့သို့ ရောက်သနည်း။

အနညာတညဿာမီတိန္ဒြေသည် သောတာပတ္တိမဂ်ဟု ဆိုအပ်သော တပါးသောအရာဌာနသို့ ရောက်၏၊ အညိန္ဒြေသည် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ်ဟု ဆိုအပ်သော ခြောက်ပါးသော အရာဌာနတို့သို့ ရောက်၏၊ အညာတာဝိန္ဒြေသည် အရဟတ္တဖိုလ်ဟုဆိုအပ်သော တပါးသောအရာဌာနသို့ရောက်၏။

သောတာပတ္တိမဂ်ခဏ၌ အနညာတညဿာမီတိန္ဒြေ၏ သဒ္ဓိန္ဒြေသည် ဆုံးဖြတ်ခြင်းလျှင် အခြံအရံရှိ၏။ ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းလျှင် အခြံအရံရှိ၏၊ သတိန္ဒြေသည်ထင်ခြင်းလျှင် အခြံအရံရှိ၏၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းလျှင် အခြံအရံရှိ၏၊ ပညိန္ဒြေသည်မြင်ခြင်းလျှင် အခြံအရံရှိ၏၊ မနိန္ဒြေသည် အထူးသိခြင်းလျှင် အခြံအရံရှိ၏၊ သောမနဿိန္ဒြေသည် စိတ်စေတသိက်တို့ကိုနှစ်မြို့စေခြင်းလျှင် အခြံအရံရှိ၏၊ ဇီဝိတိန္ဒြေသည်ဖြစ်သောအစဉ်ကို အစိုးရသောအဖြစ်လျှင်အခြံအရံရှိ၏။

သောတာပတ္တိမဂ်ခဏ၌ စိတ်ကြောင့်ဖြစ်သော ရုပ်ကိုထား၍ ဖြစ်သောတရားအားလုံးတို့သည် ကုသိုလ်တို့သာလျှင်ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် အာသဝမရှိကုန်သည်သာတည်း၊ တရားအားလုံးတို့သည် ဝဋ်မှထုတ်ဆောင်ကုန်တတ်သည်သာလျှင်တည်း၊ တရားအားလုံးတို့သည် ကိလေသာတို့ကို ဖျက်ဆီးလျက်သွားတတ်ကုန်သည်သာလျှင်တည်း၊ တရားအားလုံးတို့သည် လောကုတ္တရာတို့သာလျှင်ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အာရုံရှိကုန်၏။

သောတာပတ္တိမဂ်ခဏ၌ အနညာတညဿာမီတိန္ဒြေ၏ ဤရှစ်ပါးသောဣန္ဒြေတို့သည် သဟဇာတလျှင် အခြံအရံရှိကုန်၏၊ အညမညလျှင် အခြံအရံရှိကုန်၏၊ နိဿယလျှင် အခြံအရံရှိကုန်၏၊ သမ္ပယုတ္တလျှင် အခြံအရံရှိကုန်၏၊ ထိုအနညာတညဿာမီတိန္ဒြေနှင့်တကွ ရောက်ကုန်၏၊ တကွဖြစ်ကုန်၏၊ နှီးနှောကုန်၏၊ ယှဉ်ကုန်၏။ ထို အနညာတညဿာမီတိန္ဒြေ၏ ထိုဆိုခဲ့ပြီးတရားတို့သည် သာလျှင် အခြင်းအရာ တို့သည်ရှင်း အခြံအရံတို့သည်ရှင်း ဖြစ်ကုန်၏။

သောတာပတ္တိဖိုလ်ခဏ၌ အညိန္ဒြေ၏ သဒ္ဓိန္ဒြေသည် ဆုံးဖြတ်ခြင်းလျှင် အခြံအရံရှိ၏၊ ဝီရိယိန္ဒြေသည်ချီးမြှောက်ခြင်းလျှင် အခြံအရံရှိ၏၊ သတိန္ဒြေသည်ထင်ခြင်းလျှင် အခြံအရံရှိ၏၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းလျှင် အခြံအရံရှိ၏၊ ပညိန္ဒြေသည် မြင်ခြင်းလျှင် အခြံအရံရှိ၏၊ မနိန္ဒြေသည် အထူးသိခြင်းလျှင် အခြံအရံရှိ၏၊ သောမနဿိန္ဒြေသည် (စိတ်စေတသိက်တို့ကို) နှစ်မြို့စေခြင်းလျှင် အခြံအရံရှိ၏၊ ဇီဝိတိန္ဒြေသည်ဖြစ်သောအစဉ်ကို အစိုးရသောအဖြစ်လျှင် အခြံအရံရှိ၏။

http://www.dhammadownload.com



သောတာပတ္တိဖိုလ်ခဏ၌ စိတ်ကြောင့် ဖြစ်သောရုပ်ကိုထား၍ဖြစ်သော တရားအားလုံးတို့သည် အဗျာကတသာလျှင်ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် အာသဝမရှိကုန်သည် သာလျှင်တည်း၊ တရားအားလုံးတို့သည် လောကုတ္တရာတို့သာလျှင်ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အာရုံရှိကုန်၏။

သောတာပတ္တိဖိုလ်ခဏ၌ အညီန္ဒြေ၏ ဤရှစ်ပါးသော ဣန္ဒြေတို့သည် သဟဇာတလျှင် အခြံအရံရှိကုန်၏၊ အညမညလျှင် အခြံအရံရှိကုန်၏၊ နိဿယလျှင် အခြံအရံရှိကုန်၏၊ သမ္ပယုတ္တလျှင် အခြံအရံရှိကုန်၏၊ ထိုအညီန္ဒြေနှင့်တကွရောက်ကုန်၏၊ တကွဖြစ်ကုန်၏၊ နှီးနှောကုန်၏၊ယှဉ်ကုန်၏။ ထိုအညီန္ဒြေ၏ ထိုဆိုခဲ့ပြီး တရားတို့သာလျှင် အခြင်းအရာတို့သည်ငှင်း အခြံအရံ တို့သည်ငှင်း ဖြစ်ကုန်၏။

သကဒါဂါမိ မဂ်ခဏ၌။ ပ ။သကဒါဂါမိ ဖိုလ်ခဏ၌။ ပ ။အနာဂါမိ မဂ်ခဏ၌။ ပ ။အနာဂါမိဖိုလ်ခဏ၌။ ပ ။အရဟတ္တမဂ်ခဏ၌ အညီန္ဒြေ၏ သဒ္ဓိန္ဒြေသည်ဆုံးဖြတ်ခြင်းလျှင် အခြံအရံရှိ၏။ ပ ။ ဇီဝိတိန္ဒြေသည်ဖြစ်သောအစဉ်ကို အစိုးရသောအဖြစ်လျှင် အခြံအရံရှိ၏။

အရဟတ္တမဂ်ခဏ၌ စိတ်ကြောင့်ဖြစ်သောရုပ်ကိုထား၍ တရားအားလုံးတို့သည် ကုသိုလ်တို့သာလျှင် ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် အာသဝမရှိကုန်သည်သာတည်း၊ တရားအားလုံးတို့သည် ဝဋ်မှထုတ်ဆောင်တတ်ကုန်သည်သာတည်း၊ တရားအားလုံးတို့သည် ကိလေသာတို့ကို ဖျက်ဆီးလျက် သွားတတ်ကုန်သည်သာတည်း၊ တရားအားလုံးတို့သည် လောကုတ္တရာတို့သာလျှင် ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အာရုံရှိကုန်၏။

အရဟတ္တမဂ်ခဏ၌အညီန္ဒြေ၏ ဤရှစ်ပါးသောဣန္ဒြေတို့သည် သဟဇာတလျှင် အခြံအရံရှိကုန်၏၊အညမညလျှင် အခြံအရံရှိကုန်၏၊ နိဿယလျှင် အခြံအရံရှိကုန်၏၊ သမ္ပယုတ္တလျှင် အခြံအရံရှိကုန်၏၊ ထိုအညီန္ဒြေနှင့်တကွရောက်ကုန်၏၊ တကွဖြစ်ကုန်၏၊ နှီးနှောကုန်၏၊ ယှဉ်ကုန်၏။

ထိုအညီန္ဒြေ၏ ထိုဆိုခဲ့ပြီးတရားတို့သာလျှင် အခြင်းအရာတို့သည်ငှင်း အခြံအရံတို့သည်ငှင်း ဖြစ်ကုန်၏။

အရဟတ္တဖိုလ်ခဏ၌ အညာတာဝိန္ဒြေ၏ သဒ္ဓိန္ဒြေသည် ဆုံးဖြတ်ခြင်းလျှင် အခြံအရံရှိ၏၊ ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်းလျှင် အခြံအရံရှိ၏၊ သတိန္ဒြေသည်ထင်ခြင်းလျှင် အခြံအရံရှိ၏၊ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်းလျှင် အခြံအရံရှိ၏၊ ပညိန္ဒြေသည် မြင်ခြင်းလျှင် အခြံအရံရှိ၏၊ မနိန္ဒြေသည်အထူးသိခြင်းလျှင် အခြံအရံရှိ၏၊ သောမနဿိန္ဒြေသည်(စိတ်စေတသိက်တို့ကို) နှစ်မြို့စေခြင်းလျှင် အခြံအရံရှိ၏၊ ဇီဝိတိန္ဒြေသည် ဖြစ်သောအစဉ်ကို အစိုးရသောအဖြစ်လျှင် အခြံအရံရှိ၏။

အရဟတ္တဖိုလ်ခဏ၌ စိတ်ကြောင့် ဖြစ်သောရုပ်ကိုထား၍ ဖြစ်သောတရားအားလုံးတို့သည် အဗျာကတတို့သာ ဖြစ်ကုန်၏၊ တရားအားလုံးတို့သည် အာသဝမရှိကုန်သည် သာတည်း၊ တရားအားလုံးတို့သည် လောကုတ္တရာတို့သာဖြစ်ကုန်၏၊ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင်အာရုံရှိကုန်၏။

အရဟတ္တဖိုလ်ခဏ၌ အညာတာဝိန္ဒြေ၏ ဤရှစ်ပါးသော ဣန္ဒြေတို့သည် သဟဇာတလျှင် အခြံအရံရှိကုန်၏၊ အညမညလျှင် အခြံအရံရှိကုန်၏၊ နိဿယလျှင် အခြံအရံရှိကုန်၏၊ သမ္ပယုတ္တလျှင်

http://www.dhammadownload.com



အခြံအရံရှိကုန်၏၊ ထိုအညာတာဝိန္ဒြေနှင့်တကွ ရောက်ကုန်၏၊ တကွဖြစ်ကုန်၏၊ နှီးနှောကုန်၏၊ ယှဉ်ကုန်၏။

ထိုအညာတာဝိန္ဒြေ၏ ထိုဆိုခဲ့ပြီးတရားတို့သာလျှင် အခြင်းအရာတို့သည်ငှင်း အခြံအရံတို့သည်ငှင်း ဖြစ်ကုန်၏။

ဤသို့ရှစ်ပါးရှစ်လီ ခြောက်ဆယ့်လေးပါးဖြစ်ကုန်၏။

အာသဝါဟူရာ၌ ထိုအာသဝေါတရားတို့သည်အဘယ်တို့နည်း။

ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတို့တည်း။

ထိုအာသဝေါတရားတို့သည် အဘယ်တရား၌ ကုန်ကုန်သနည်း။

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝသည် အကြွင်းမဲ့ကုန်၏၊ အပါယ်လားစေတတ်သော ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ သည်ကုန်၏၊ ထိုအာသဝေါတရားတို့သည် ဤသောတာပတ္တိမဂ်၌ ကုန်ကုန်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမာသဝသည်ကုန်၏၊ ထိုကာမာသဝနှင့် အတူတည်ရှိသော ဘဝါသဝသည်ကုန်ခန်း၏၊ ထိုကာမာသဝ ဘဝါသဝနှစ်ပါးနှင့် အတူတည်ရှိသော အဝိဇ္ဇာသဝသည် ကုန်ခန်း၏၊ ထိုအာသဝေါတရားတို့သည် ဤသကဒါဂါမိမဂ်၌ ကုန်ကုန်၏။

အနာဂါမိမဂ်ဖြင့် ကာမာသဝသည် အကြွင်းမဲ့ကုန်၏၊ ထိုကာမာသဝနှင့်အတူ တည်ရှိသော ဘဝါသဝသည်ကုန်၏၊ ထိုကာမာသဝ ဘဝါသဝနှစ်ပါးနှင့်အတူ တည်ရှိသော အဝိဇ္ဇာသဝသည် ကုန်၏၊ ထိုအာသဝေါတရားတို့သည် ဤအနာဂါမိမဂ်၌ ကုန်ကုန်၏။

အရဟတ္တမဂ်ဖြင့် ဘဝါသဝသည် အကြွင်းမဲ့ကုန်၏၊ အဝိဇ္ဇာသဝသည် အကြွင်းမဲ့ကုန်၏၊ ထိုအာသဝေါတရားတို့သည် ဤအရဟတ္တမဂ်၌ ကုန်ကုန်၏။

ထိုတရားသဘောသည်သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ခြောက်ဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေသုံးပါးတို့၏လေ့လာသည်၏ အဖြစ်ဟုဆိုအပ်သော ပညာကို အာသဝက္ခယဉာဏ်ဟု ဆိုအပ်၏။

ငါးဆယ့်ငါးခုမြောက် အာသဝက္ခယဉာဏ် အကျယ်ပြခြင်း ပြီး၏။

## ၅၆-၆၃-သစ္စဉာဏ်, စတုက္ကနှစ်ပါး အကျယ်ပြခြင်း

၁၀၇။ ပိုင်းခြား၍သိခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် ဒုက္ခဉာဏ် မည်သနည်း။ ပယ်ခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် သမုဒယဉာဏ်မည်သနည်း။

မျက်မှောက်ပြုခြင်း၌ဖြစ်သောပညာသည် အဘယ်သို့လျှင်နိရောဓ ဉာဏ်မည်သနည်း။

ပွါးများခြင်း၌ဖြစ်သော ပညာသည် အဘယ်သို့လျှင် မဂ္ဂဉာဏ်မည်သနည်း။

http://www.dhammadownload.com



ဒုက္ခသစ္စာ၏ နှိပ်စက်တတ်သောအနက် ပြုပြင်အပ်သောနက် ပူပန်စေတတ်သောအနက် ဖောက်ပြန်တတ်သောအနက် ပိုင်းခြား၍သိအပ်သောအနက်။

သမုဒယသစ္စာ၏ အားထုတ်ကြောင်း ဖြစ်သောအနက် ဒုက္ခ၏အကြောင်း ဖြစ်သောအနက် ဝဋ်၌ယှဉ်ကြောင်းဖြစ်သောအနက် ဝဋ်၌နှောင်ဖွဲ့ကြောင်းဖြစ်သောအနက် ပယ်ခြင်းအနက်။

နိရောဓသစ္စာ၏ဝဋ်မှ ထွက်မြောက်ခြင်းအနက် ဝဋ်မှကင်းဆိတ်ခြင်းအနက် ပြုပြင်ခြင်းမရှိသောအနက် သေခြင်းမရှိသောအနက် မျက်မှောက်ပြုခြင်းအနက်။

မဂ္ဂသစ္စာ၏ထွက်မြောက်ကြောင်းအနက် နိရောဓ၏အကြောင်းဖြစ်သောအနက် နိဗ္ဗာန်ကိုမြင်ခြင်းအနက် အစိုးရခြင်းအနက် ပွါးများခြင်းအနက်။

ထိုတရားသဘောကို သိသောဉာဏ်သည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ပိုင်းခြား၍ သိခြင်း၌ဖြစ်သောပညာကို ဒုက္ခဉာဏ် ပယ်ခြင်း၌ဖြစ်သော ပညာကို သမုဒယဉာဏ် မျက်မှောက်ပြုခြင်း၌ ဖြစ်သောပညာကို နိရောဓဉာဏ် ပွါးများခြင်း၌ဖြစ်သော ပညာကို မဂ္ဂဉာဏ်ဟုဆိုအပ်၏။

၁၀၉။ အဘယ်သို့လျှင် ဒုက္ခကိုသိသောဉာဏ် သမုဒယကိုသိသောဉာဏ် ဆင်းရဲချုပ်ရာ နိရောဓကိုသိသောဉာဏ် ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်မဂ်ဉာဏ်ဖြစ်သနည်း။

မဂ်နှင့်ပြည့်စုံသူ၏ဉာဏ်သည် ဒုက္ခသစ္စာ၌ဉင်း ဆင်းရဲဖြစ်ကြောင်း 'ဒုက္ခသမုဒယသစ္စာ'၌ဉင်း ဆင်းရဲချုပ်ရာ 'ဒုက္ခနိရောဓသစ္စာ'၌ဉင်း ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအကျင့် 'ဒုက္ခနိရောဓဂါမိနိပဋိပဒါ သစ္စာ'၌ဉင်း ဖြစ်၏။

ထိုဉာဏ်လေးပါးတို့တွင် ဒုက္ခဉာဏ်သည် အဘယ်နည်း။

ဒုက္ခသစ္စာကိုအာရုံပြု၍ဖြစ်သောပညာသည် အပြားအားဖြင့်သိခြင်း အပြားအားဖြင့် ဆင်ခြင်ခြင်း သစ္စာတရားကိုဆင်ခြင်ခြင်း ကောင်းစွာမှတ်ခြင်း လွန်စွာမှတ်ခြင်း တဖန်လွန်စွာမှတ်ခြင်း ပညာရှိသူ၏အဖြစ် လိမ္မာသူ၏အဖြစ် သိမ်မွေ့သူ၏အဖြစ် ထင်စွာပြုခြင်း ကြံခြင်း ထက်ဝန်းကျင်ရှုခြင်း မြေကြီးနှင့်တူသောပညာရှိခြင်း ကိလေသာကိုဖောက်ထွင်းသောပညာရှိခြင်း ညွတ်စေခြင်း အထူးထူးအပြားပြားရှုခြင်း ကောင်းစွာဆင်ခြင်ခြင်း နှင်တံနှင့်တူသောပညာရှိခြင်း ပညိန္ဒြေပညာဟူသောအား၊ ပညာလက်နက် ပညာပြာသာဒ် ပညာအရောင် ပညာအလင်း ပညာရတနာ မတွေဝေခြင်း သစ္စာတရားကို ဆင်ခြင်ခြင်း မှန်သောဉာဏ်အမြင်သည်ဖြစ်၏၊ ဤအလုံးစုံကို ဒုက္ခဉာဏ်ဟု ဆိုအပ်၏။

ဒုက္ခသမုဒယသစ္စာကို အာရုံပြု၍။ ပ ။

ဒုက္ခနိရောဓသစ္စာကို အာရုံပြု၍။ ပ ။

ဒုက္ခနိရောဓဂါမိနိပဋိပဒါ (မဂ္ဂသစ္စာ) ကို အာရုံပြု၍ဖြစ်သော ပညာသည် အပြားအားဖြင့် သိခြင်း။ ပ ။မတွေဝေခြင်း သစ္စာတရားကိုဆင်ခြင်ခြင်း မှန်သောဉာဏ်အမြင်သည်ဖြစ်၏၊ဤအလုံးစုံကိုဒုက္ခနိရောဓဂါမိနိ ပဋိပဒါဉာဏ်ဟုဆိုအပ်၏။

http://www.dhammadownload.com



ထိုတရားသဘောသည်သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် ဒုက္ခဉာဏ် ဒုက္ခသမုဒယဉာဏ် ဒုက္ခနိရောဓဉာဏ် ဒုက္ခနိရောဓဂါမိနီပဋိပဒါဉာဏ်ဟု ဆိုအပ်၏။

ခြောက်ဆယ့်သုံးခုမြောက် သစ္စဉာဏ်, စတုက္ကနှစ်ပါး အကျယ်ပြခြင်း ပြီး၏။

---

## ၆၄-၆၇-သုဒ္ဓိကပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း

၁၁၀။ အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အဘယ်သို့ဖြစ်သနည်း၊ အနက်အကျိုးတို့၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းတို့၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါတို့၌ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်တို့၌ သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးတို့၏ အထူးထူး၌ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းတို့၏ အထူးထူး၌ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါတို့၏အထူးထူး၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်တို့၏ အထူးထူး၌ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို ပိုင်းခြားမှတ်သားရာ၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကို ပိုင်းခြားမှတ်သားရာ၌ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကို ပိုင်းခြားမှတ်သားရာ၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကို ပိုင်းခြားမှတ်သားရာ၌ ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို မှတ်သားရာ၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကို မှတ်သားရာ၌ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကို မှတ်သားရာ၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကိုမှတ်သားရာ၌ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးသို့ကပ်၍ မှတ်သားရာ၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းသို့ကပ်၍ မှတ်သားရာ၌ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါသို့ကပ်၍ မှတ်သားရာ၌ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်သို့ကပ်၍ မှတ်သားရာ၌ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးတို့၏ အထူးထူး၌ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းတို့၏ အထူးထူး၌ ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါတို့၏ အထူးထူး၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်တို့၏ အထူးထူး၌ ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို ထင်ရှားဖြစ်စေခြင်း၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကို ထင်ရှားဖြစ်စေခြင်း၌ ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကို

http://www.dhammadownload.com



ထင်စွာဖြစ်စေခြင်း၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကို ထင်စွာဖြစ်စေခြင်း၌ ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို ထွန်းပြရာ၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကို ထွန်းပြရာ၌ ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကိုထွန်းပြရာ၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကို ထွန်းပြရာ၌ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို တင့်တယ်စေရာ၌ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကို တင့်တယ်စေရာ၌ ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကို တင့်တယ်စေရာ၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကို တင့်တယ်စေရာ၌ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

အနက်အကျိုးကို ဖော်ပြရာ၌ ဖြစ်သောပညာသည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏၊ ပါဠိအကြောင်းကိုဖော်ပြရာ၌ ဖြစ်သောပညာသည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏၊ သဒ္ဒါကိုဖော်ပြရာ၌ ဖြစ်သောပညာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် မည်၏၊ ထင်မြင်ဉာဏ်ကိုဖော်ပြရာ၌ ဖြစ်သောပညာသည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ် မည်၏။

ထို တရားသဘောသည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏၊ ခွဲခြား၍ သိတတ်သောအနက်သဘောကြောင့် ပညာမည်၏၊ ထို့ကြောင့် အတ္ထပဋိသမ္ဘိဒါဉာဏ် ဓမ္မပဋိသမ္ဘိဒါဉာဏ် နိရုတ္တိပဋိသမ္ဘိဒါဉာဏ် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ဟု ဆိုအပ်၏။

ခြောက်ဆယ့်ခုနစ်ခုမြောက် သုဒ္ဓိကပဋိသမ္ဘိဒါဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ဖ၈-ဣန္ဒြိယပရောပရိယတ္တဉာဏ် အကျယ်ပြခြင်း

၁၁၁။ မြတ်စွာဘုရား၏ ဣန္ဒြိယပရောပရိယတ္တဉာဏ်သည် အဘယ်နည်း။

ဤသာသနာတော်၌ မြတ်စွာဘုရားသည် ပညာမျက်စိ၌ ကိလေသာမြူ နည်းကုန်သော ပညာမျက်စိ၌ ကိလေသာမြူ များကုန်သော ဣန္ဒြေထက်ကုန်သော ဣန္ဒြေနုံ့ကုန်သော ကောင်းသော အခြင်းအရာရှိကုန်သော မကောင်းသော အခြင်းအရာရှိကုန်သော သိစေလွယ်ကုန်သော သိစေနိုင်ခဲကုန်သော တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့်ရှုလေ့ရှိကုန်သော အချို့သတ္တဝါတို့ကိုရင်း တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိကုန်သော အချို့သတ္တဝါတို့ကိုရင်း မြင်တော်မူ၏။

အပ္ပရဇက္ခ မဟာရဇက္ခ ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းသူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ များသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် ပညာမျက်၌ ကိလေသာမြူ နည်းသူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ များသူ မည်၏။

http://www.dhammadownload.com



ထင်သော သတိရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းသူ မည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ များသူ မည်၏။

တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းသူ မည်၏၊ မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ များသူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ နည်းသူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူ များသူ မည်၏။

တိက္ခိန္ဒြိယေ မုဒုန္ဒြိယေ ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

ထင်သော သတိရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ မတည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

သွာကာရေ ဒွါကာရေ ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ကောင်းသောအခြင်းအရာရှိသူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် မကောင်းသော အခြင်းအရာရှိသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် ကောင်းသောအခြင်းအရာရှိသူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် မကောင်းသောအခြင်းအရာရှိသူ မည်၏။

ထင်သော သတိရှိသောပုဂ္ဂိုလ်သည် ကောင်းသော အခြင်းအရာရှိသူ မည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် မကောင်းသော အခြင်းအရာရှိသူ မည်၏။

တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် ကောင်းသော အခြင်းအရာရှိသူ မည်၏၊ မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် မကောင်းသော အခြင်းအရာရှိသူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် ကောင်းသော အခြင်းအရာရှိသူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် မကောင်းသော အခြင်းအရာရှိသူ မည်၏။

သုဝိညာပယေ ဒုဝိညာပယေ ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။

ထင်သော သတိရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။

http://www.dhammadownload.com



တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။

အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနော အပ္ပေကစ္စေ နပရလောကဝဇ္ဇဘယဒဿာဝိနော ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

ထင်သော သတိရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

တည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ မတည်ကြည်သော စိတ်ရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂ စသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

၁၁၂။ လောကော ဟူရာ၌ ခန္ဓာဟူသော ခန္ဓလောက ဓာတ်ဟူသော ဓာတုလောက အာယတနဟူသော အာယတနလောက အပါယ်ဘုံဟူသော ဝိပတ္တိဘဝလောက အပါယ်သို့လားကြောင်းကံဟူသော ဝိပတ္တိသမ္ဘဝလောက သုဂတိဘုံဟူသော သမ္ပတ္တိဘဝလောက သုဂတိဘုံသို့ ရောက်ကြောင်းကံဟူသော သမ္ပတ္တိသမ္ဘဝလောကတို့တည်း။

သတ္တဝါအားလုံးတို့သည် အာဟာရလျှင် တည်ရာရှိကုန်၏ ဟူသော လောကတပါး။

နာမ်ရုပ်ဟူသော လောကနှစ်ပါး။

ဝေဒနာသုံးပါးဟူသော လောကသုံးပါး။

အာဟာရလေးပါးဟူသော လောကလေးပါး။

ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ 'ဥပါဒါနက္ခန္ဓာ' ငါးပါးဟူသော လောကငါးပါး။

အဇ္ဈတ္တိကာယတန ခြောက်ပါးဟူသော လောကခြောက်ပါး။

ဝိညာဏဋ္ဌိတိခုနစ်ပါးဟူသော လောကခုနစ်ပါး။

လောကဓံတရား ရှစ်ပါးဟူသော လောကရှစ်ပါး။

http://www.dhammadownload.com



သတ္တာဝါသ ကိုးပါးဟူသော လောကကိုးပါး။

အာယတန ဆယ်ပါးဟူသော လောကဆယ်ပါး။

အာယတန တဆယ့်နှစ်ပါးဟူသော လောကတဆယ့်နှစ်ပါး။

ဓာတ် တဆယ့်ရှစ်ပါးဟူသော လောကတဆယ့်ရှစ်ပါးတို့တည်း။

ဝဋ္ဋ ဟူရာ၌ ကိလေသာအားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ဒုစရိုက်အားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ပြုပြင်တတ်သော သင်္ခါရအားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ဘုံဘဝသို့ လားရောက်စေတတ်သော ကံအားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ဤသို့ဆိုအပ်ပြီးသော လောက၌၎င်း၊ ဤ ရာဂစသော အပြစ်၌၎င်း၊ ထက်မြက်အားကြီးသော ဘေးဟူသောအမှတ်သည် ခုတ်သတ်ခြင်းငှါ မြှောက်ကိုင်ထားသည့် သံလျက်သွားရှိသော လူသတ်လက်မရှိကဲ့သို့ ရှေးရှုထင်၏။

ဤငါးဆယ်သော အခြင်းအရာတို့ဖြင့် ဤဣန္ဒြေငါးပါးတို့ကို သိတော်မူ၏၊ မြင်တော်မူ၏၊ ထူးသောဉာဏ်ဖြင့်သိတော်မူ၏၊ ထိုးထွင်း၍သိတော်မူ၏၊ ဤဆိုခဲ့ပြီးသည်ကား မြတ်စွာဘုရား၏ ဣန္ဒြိယပရောပရိယတ္တဉာဏ် မည်၏။

ခြောက်ဆယ့်ရှစ်ခုမြောက် ဣန္ဒြိယပရောပရိယတ္တဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၆၉-အာသယာနုသယဉာဏ် အကျယ်ပြခြင်း

၁၁၃။ မြတ်စွာဘုရား၏ သတ္တဝါတို့ အလိုဆန္ဒနှင့် အနုသယကို သိသောအာသယာနုသယ ဉာဏ်သည် အဘယ်နည်း။

ဤသာသနာတော်၌ မြတ်စွာဘုရားသည် သတ္တဝါတို့၏အလိုကို သိတော်မူ၏၊ အနုသယကို သိတော်မူ၏၊ စရိုက်ကိုသိတော်၏၊ နှလုံးသွင်းခြင်းကို သိတော်မူ၏၊ ကျွတ်ထိုက်သော သတ္တဝါ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူ၏။

သတ္တဝါတို့၏ အလိုအာသယ ဟူသည် အဘယ်နည်း၊

"လောကသည် မြဲ၏"ဟူ၍၎င်း၊ "လောကသည် မမြဲ"ဟူ၍၎င်း၊ "လောကသည် အဆုံးရှိ၏" ဟူ၍၎င်း၊ "လောကသည် အဆုံးမရှိ"ဟူ၍၎င်း၊ "ထိုအသက်သည်ပင် ထိုကိုယ်မည်၏"ဟူ၍၎င်း၊ "အသက်တခြား ကိုယ်တခြား"ဟူ၍၎င်း၊ "သတ္တဝါသည် သေပြီးနောက် ဖြစ်သေး၏"ဟူ၍၎င်း၊ "သတ္တဝါသည် သေပြီးနောက် မဖြစ်"ဟူ၍၎င်း "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏"ဟူ၍၎င်း၊ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟူ၍၎င်း ဤသို့ ဘဝဒိဋ္ဌိဟူသော (သဿတ)ဒိဋ္ဌိကိုမှီသော သတ္တဝါတို့သည်လည်း ဖြစ်ကုန်၏၊ ဝိဘဝဒိဋ္ဌိဟူသော (ဥစ္ဆေဒ)ဒိဋ္ဌိကိုမှီသော သတ္တဝါတို့သည်လည်း ဖြစ်ကုန်၏။

ထိုသဿတဥစ္ဆေဒဟူသော နှစ်ဖို့နှစ်စုကို မကပ်ငြိပဲ အကြောင်းကိုစွဲ၍ အကျိုးဖြစ်၏ဟူသော ပဋိစ္စသမုပ္ပါဒ် တရားတို့၌ လျော်သောဉာဏ်ကိုလည်း ရအပ်၏၊ ဟုတ်မှန်သောအတိုင်း ဉာဏ်လည်း ဖြစ်၏။

http://www.dhammadownload.com



ကာမကိုမှီဝဲသော ပုဂ္ဂိုလ်ကိုပင်လျှင်“ဤပုဂ္ဂိုလ်သည် ကာမကိုအလေးပြု၏၊ ကာမလျှင် မှီဝဲရာရှိ၏၊ ကာမကို နှလုံးသွင်း၏”ဟု သိတော်မူ၏။

ကာမကိုမှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် ဈာန်ကို အလေးပြု၏၊ ဈာန်လျှင် မှီဝဲရာရှိ၏၊ ဈာန်ကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

ဈာန်ကိုမှီဝဲသော ပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် ဈာန်ကိုအလေးပြု၏၊ ဈာန်လျှင် မှီဝဲရာရှိ၏၊ ဈာန်ကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

ဈာန်ကိုမှီဝဲသော ပုဂ္ဂိုလ်ကိုပင်လျှင်“ဤပုဂ္ဂိုလ်သည် ကာမကိုအလေးပြု၏၊ ကာမလျှင် မှီဝဲရာရှိ၏၊ ကာမကို နှလုံးသွင်း၏”ဟု သိတော်မူ၏။

ဒေါသကိုမှီဝဲသော ပုဂ္ဂိုလ်ကိုပင်လျှင်“ဤပုဂ္ဂိုလ်သည် ဒေါသကိုအလေးပြု၏၊ ဒေါသလျှင် မှီဝဲရာရှိ၏၊ ဒေါသကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

ဒေါသကိုမှီဝဲသော ပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် မေတ္တာကို အလေးပြု၏၊ မေတ္တာလျှင် မှီဝဲရာရှိ၏၊ မေတ္တာကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

မေတ္တာကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် မေတ္တာကိုအလေးပြု၏၊ မေတ္တာလျှင် မှီဝဲရာရှိ၏၊ မေတ္တာကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

မေတ္တာကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် ဒေါသကိုအလေးပြု၏၊ ဒေါသလျှင် မှီဝဲရာရှိ၏၏၊ ဒေါသကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

ထိနမိဒ္ဓကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် ထိနမိဒ္ဓကိုအလေးပြု၏၊ ထိနမိဒ္ဓလျှင် မှီဝဲရာရှိ၏၊ ထိနမိဒ္ဓကိုနှလုံးသွင်း၏”ဟု သိတော်မူ၏။

ထိနမိဒ္ဓကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် အာလောကသညာကို အလေးပြု၏၊ အာလောကသညာလျှင် မှီဝဲရာရှိ၏၊ အာလောကသညာကို နှလုံးသွင်း၏”ဟု သိတော်မူ၏။

အာလောကသညာကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် အာလောကသညာကို အလေးပြု၏၊ အာလောကသညာလျှင် မှီဝဲရာရှိ၏၊ အာလောကသညာကို နှလုံးသွင်း၏”ဟု သိတော်မူ၏။

အာလောကသညာကို မှီဝဲသောပုဂ္ဂိုလ်ကိုပင်လျှင် “ဤပုဂ္ဂိုလ်သည် ထိနမိဒ္ဓကို အလေးပြု၏၊ ထိနမိဒ္ဓလျှင် မှီဝဲရာရှိ၏၊ ထိနမိဒ္ဓကို နှလုံးသွင်း၏”ဟု သိတော်မူ၏။

ဤဆိုခဲ့ပြီးသည်ကား သတ္တဝါတို့၏ အလိုအာသယတည်း။

၁၁၄။ သတ္တဝါတို့၏ အနုသယဟူသည် အဘယ်နည်း။

ကာမရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ။ ဤခုနစ်ပါးတို့တည်း။

လောက၌ ချစ်အပ်သာယာအပ်သော သဘောရှိသော ဣဋ္ဌာရုံ၌ သတ္တဝါတို့၏ ကာမရာဂါနုသယသည် ကိန်း၏။

လောက၌ မချစ်အပ် မသာယာအပ်သော သဘောရှိသော အနိဋ္ဌာရုံ၌ သတ္တဝါတို့၏ ပဋိဃာနုသယသည် ကိန်း၏။ ဤသို့ ဤနှစ်ပါးသော အနုသယတရားတို့၌ အဝိဇ္ဇာသည် အစဉ်လိုက်၏၊

http://www.dhammadownload.com



ထိုအဝိဇ္ဇာနှင့် တပေါင်းတည်းဖြစ်သော မာန ဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကိုလည်း မှတ်အပ်၏၊ ဤဆိုခဲ့ပြီး သည်ကား သတ္တဝါတို့၏ အနုသယတည်း။

သတ္တဝါတို့၏ စရိုက်သည် အဘယ်နည်း။

ကာမဘုံ သို့မဟုတ် မဟဂ္ဂုတ်ဘုံ၌ဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ၊ ဤသုံးမျိုးတို့တည်း။ ဤဆိုပြီးသည်ကား သတ္တဝါတို့၏ စရိုက်တည်း။

၁၁၅။ သတ္တဝါတို့၏ နှလုံးသွင်းခြင်းဟူသည် အဘယ်နည်း။

ယုတ်သော နှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏၊ မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ရှိကုန်၏။ ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲဆည်းကပ်မှီခိုကုန်၏၊ မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သော နှလုံးသွင်းရှိသောသတ္တဝါတို့ကို မှီဝဲဆည်းကပ်မှီခိုကုန်၏။

အတိတ်အခါ၌လည်း ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်း ရှိသော သတ္တဝါတို့ကို မှီဝဲဆည်းကပ် မှီခိုကုန်၏၊ မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲဆည်းကပ် မှီခိုကုန်၏။

အနာဂတ်အခါ၌လည်း ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်း ရှိသော သတ္တဝါတို့ကို မှီဝဲဆည်းကပ် မှီခိုကုန်လတ္တံ့၊ မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် မြတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့ကို မှီဝဲဆည်းကပ် မှီခိုကုန်လတ္တံ့။

ဤဆိုခဲ့ပြီးသည်ကား သတ္တဝါတို့၏ နှလုံးသွင်းခြင်းတည်း။

မကျွတ်ထိုက်သော သတ္တဝါတို့သည် အဘယ်တို့နည်း။

ကံ [၁] ကိလေသာ [၂] ဝိပါက် [၃] ဟူသော တားမြစ်ခြင်းနှင့် ပြည့်စုံကုန်၏၊ ယုံကြည်မှုကင်းကုန်၏၊ ကုသိုလ်ဇလိုဆန္ဒမှုကင်းကုန်၏၊ ပညာမရှိကုန်၊ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့သက်ခြင်းငှါ မထိုက်ကုန်၊ ဤသတ္တဝါတို့သည် မကျွတ်ထိုက်သော သတ္တဝါတို့တည်း။

ကျွတ်ထိုက်သောသတ္တဝါတို့သည် အဘယ်တို့နည်း။

ကံ ကိလေသာ ဝိပါက်ဟူသော တားမြစ်ခြင်းနှင့်မပြည့်စုံကုန်၊ ယုံကြည်မှုရှိကုန်၏၊ ကုသိုလ်ဆန္ဒ ရှိကုန်၏၊ ပညာရှိကုန်၏၊ ကုသိုလ်တရားတို့၌ သမ္မတ္တနိယာမဟု ဆိုအပ်သော အရိယမဂ်သို့ သက်ခြင်းငှါထိုက်ကုန်၏၊ ဤသတ္တဝါတို့သည် ကျွတ်ထိုက်သောသတ္တဝါတို့တည်း။

ဤ ဆိုအပ်ပြီးသည်ကား မြတ်စွာဘုရား၏ သတ္တဝါတို့ အလိုဆန္ဒ အာသယကို သိသော အာသယာနုသယဉာဏ် မည်၏။

ခြောက်ဆယ့်ကိုးခုမြောက် အာသယာနုသယဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

၁။ ကံ = ကမ္မာဝရဏ = ပဉ္စာနန္တရိယကံနှင့်ဘိက္ခုနီဒူသက စသည်ကိုဆိုသည်။
၂။ ကိလေသာ = ကိလေသာဝရဏ = နိယတမိစ္ဆာဒိဋ္ဌိကိုဆိုသည်။
၃။ ဝိပါက် = ဝိပါကာဝရဏ = အဟိတ် ဒွိဟိတ် ပဋိသန္ဓေကိုဆိုသည်။

http://www.dhammadownload.com



## ၇၀-ယမကပါဋိဟာရိယဉာဏ် အကျယ်ပြခြင်း

၁၁၆။ မြတ်စွာဘုရား၏ ယမကပါဋိဟာရိယဉာဏ်ဟူသည် အဘယ်နည်း။

ဤသာသနာတော်၌ မြတ်စွာဘုရားသည် တပည့်သာဝကတို့နှင့် မဆက်ဆံသော (ရေမီး) အစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၏၊ အထက်ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်၏၊ အောက်ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ဖြစ်၏၊ အောက်ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်၏၊ အထက်ဖြစ်သော ကိုယ်တော်မှ ရေအယဉ်ဖြစ်၏။

ရှေ့ဖက်ကိုယ်တော်မှ မီးအလျှံဖြစ်၏၊ နောက်ဖက်ကိုယ်တော်မှ ရေအယဉ်ဖြစ်၏၊ နောက်ဖက် ကိုယ်တော်မှ မီးအလျှံဖြစ်၏၊ ရှေ့ဖက်ကိုယ်တော်မှ ရေအယဉ်ဖြစ်၏။

လက်ျာမျက်စိတော်မှ မီးအလျှံဖြစ်၏၊ လက်ဝဲမျက်စိတော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲမျက်စိ တော်မှ မီးအလျှံဖြစ်၏၊ လက်ျာမျက်စိတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာနားတွင်းတော်မှ မီးအလျှံဖြစ်၏၊ လက်ဝဲနားတွင်းတော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲ နားတွင်းတော်မှ မီးအလျှံဖြစ်၏၊ လက်ျာနားတွင်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာနှာခေါင်းတော်အတွင်းမှ မီးအလျှံဖြစ်၏၊ လက်ဝဲနှာခေါင်းတော်အတွင်းမှ ရေအယဉ် ဖြစ်၏၊ လက်ဝဲနှာခေါင်းတော်အတွင်းမှ မီးအလျှံဖြစ်၏၊ လက်ျာနှာခေါင်းတော်အတွင်းမှ ရေ အယဉ်ဖြစ်၏။

လက်ျာပခုံးတော်အစွန်းမှ မီးအလျှံဖြစ်၏၊ လက်ဝဲပခုံးတော်အစွန်းမှ ရေအယဉ်ဖြစ်၏၊ လက်ဝဲ ပခုံးတော်အစွန်းမှ မီးအလျှံဖြစ်၏၊ လက်ျာပခုံးတော်အစွန်းမှ ရေအယဉ်ဖြစ်၏။

လက်ျာလက်တော်မှ မီးအလျှံဖြစ်၏၊ လက်ဝဲလက်တော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲလက်တော် မှ မီးအလျှံဖြစ်၏၊ လက်ျာလက်တော်မှ ရေအယဉ်ဖြစ်၏။

လက်ျာနံပါးတော်မှ မီးအလျှံဖြစ်၏၊ လက်ဝဲနံပါးတော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲနံပါးတော်မှ မီးအလျှံဖြစ်၏၊ လက်ျာနံပါးတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာခြေတော်မှ မီးအလျှံဖြစ်၏၊ လက်ဝဲခြေတော်မှ ရေအယဉ်ဖြစ်၏၊ လက်ဝဲခြေတော်မှ မီးအလျှံဖြစ်၏၊ လက်ျာခြေတော်မှ ရေအယဉ်ဖြစ်၏။

လက်ချောင်းတိုင်း လက်ချောင်းတိုင်းတို့မှ မီးအလျှံဖြစ်၏၊ လက်ချောင်းတော် အကြားတို့မှ ရေအယဉ်ဖြစ်၏၊ လက်ချောင်းတော်အကြားတို့မှ မီးအလျှံဖြစ်၏၊ လက်ချောင်းတိုင်း လက် ချောင်းတိုင်းတို့မှ ရေအယဉ်ဖြစ်၏။

တချောင်းတချောင်းသော မွေးညှင်းတော်တို့မှ မီးအလျှံဖြစ်၏၊ တချောင်းတချောင်းသော မွေးညှင်းတော်တို့မှ ရေအယဉ်ဖြစ်၏၊ မွေးတွင်းတော် မွေးတွင်းတော်တိုင်းမှ မီးအလျှံဖြစ်၏၊ မွေးတွင်းတော် မွေးတွင်းတော်တိုင်းမှ ရေအယဉ်ဖြစ်၏။

ညို့, ရွှေ, နီ, ဖြူ, မောင်း, ပြိုးပြိုးပြက် ရှိကုန်သော ရောင်ခြည်တော် ခြောက်ပါးတို့၏(အလယ်၌) မြတ်စွာဘုရားသည် စင်္ကြံကြွတော်မူ၏၊ ဖန်ဆင်းအပ်သော (နိမ္မိတရုပ်) ဘုရားသည် ရပ်လည်း

http://www.dhammadownload.com



ရပ်တော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏၊ အိပ်ချင်းကိုလည်းပြုတော်မူ၏။ မြတ်စွာဘုရားသည် ရပ်တော်မူ၏၊ ဖန်ဆင်းအပ်သော (နိမ္မိတ) ဘုရားသည် စင်္ကြံလည်းသွားတော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏၊ အိပ်ခြင်းကိုလည်း ပြုတော်မူ၏။ မြတ်စွာဘုရားသည် ထိုင်တော်မူ၏၊ ဖန်ဆင်းအပ်သော (နိမ္မိတ) ဘုရားသည် စင်္ကြံလည်း သွားတော်မူ၏၊ ရပ်လည်းရပ်တော်မူ၏၊ အိပ်ခြင်းကိုလည်း ပြုတော်မူ၏။ မြတ်စွာဘုရားသည် အိပ်တော်မူ၏၊ ဖန်ဆင်းအပ်သော(နိမ္မိတ)ဘုရားသည် စင်္ကြံလည်းသွားတော်မူ၏၊ ရပ်လည်း ရပ်တော်မူ၏ ထိုင်လည်းထိုင်တော်မူ၏။ ဖန်ဆင်းအပ်သော (နိမ္မိတ)ဘုရားသည် စင်္ကြံသွားတော်မူ၏၊မြတ်စွာဘုရားသည် ရပ်လည်းရပ်တော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏၊ အိပ်လည်း အိပ်တော်မူ၏။ ဖန်ဆင်းအပ်သော(နိမ္မိတ) ဘုရားသည် ရပ်တော်မူ၏၊ မြတ်စွာဘုရားသည် စင်္ကြံလည်း သွားတော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏၊ အိပ်လည်းအိပ်တော်မူ၏။ ဖန်ဆင်းအပ်သော (နိမ္မိတ) ဘုရားသည် ထိုင်တော်မူ၏၊ မြတ်စွာဘုရားသည် စင်္ကြံလည်း သွားတော်မူ၏၊ ရပ်လည်း ရပ်တော်မူ၏၊ အိပ်လည်း အိပ်တော်မူ၏။ ဖန်ဆင်းအပ်သော (နိမ္မိတ) ဘုရားသည် အိပ်တော်မူ၏၊ စွာဘုရားသည် စင်္ကြံလည်း သွားတော်မူ၏၊ ရပ်လည်း ရပ်တော်မူ၏၊ ထိုင်လည်း ထိုင်တော်မူ၏။

ဤ ဆိုခဲ့ပြီးသည်ကား မြတ်စွာဘုရား၏ ရေ မီး အစုံ တန်ခိုးပြာဋိဟာ ယမကပါဋိဟာရိယ ဉာဏ်မည်၏။

ခုနစ်ဆယ်မြောက် ယမကပါဋိဟာရိယဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၇၁-မဟာကရုဏာဉာဏ် အကျယ်ပြခြင်း

၁၁၇။ မြတ်စွာဘုရား၏ မဟာကရုဏာသမာပတ္တိ ဉာဏ်ဟူသည် အဘယ်နည်း။

များစွာသော အခြင်းအရာတို့ဖြင့်ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် ရာဂစသည်တို့ဖြင့် တောက်လောင်၏ဟုရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် အားထုတ်ခြင်းရှိ၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် အိုခြင်းသေခြင်းဖြင့် မရပ်မတည်လှည့်လည်နေ၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည်လမ်းမှားသို့သွား၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် မမြဲသည်ဖြစ်၍ ဇရာခြင်းသို့ အဆွဲဆောင်ခံရ၏ ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

http://www.dhammadownload.com



သတ္တဝါအပေါင်းသည် စောင့်ရှောက်မည့်သူမရှိ၊ အစိုးရသူမရှိဟုရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် အလုံးစုံသော ဘဏ္ဍာကိုပယ်၍ သွားအပ်သည်ဖြစ်၍ ကိုယ်ပိုင်ဥစ္စာမှ ကင်း၏ဟုရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် ယုတ်လျော့၏၊ ရောင့်ရဲခြင်းမရှိ၊ တဏှာ၏ကျွန်ဖြစ်၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် သားသမီး စသည်တို့ဖြင့် စောင့်ရှောက်ခြင်းမရှိ၊ ဤသို့ရှုကုန်သော။ ပ။

သတ္တဝါအပေါင်းသည် မှီခြင်းငှါမထိုက်ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ကိုးကွယ်ရာမရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ကိုးကွယ်ရာမဟုတ်ပဲလျက် ကိုးကွယ်ရာကဲ့သို့ထင်မှတ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ပျံ့လွင့်သည်ဖြစ်၍ မငြိမ်သက်ခြင်း လက္ခဏာရှိ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ရာဂစသောများစွာသော မြားတို့ဖြင့်အပစ်ခံရသည်ဖြစ်၍ မြားနှင့်တကွဖြစ်၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး မြားကို နုတ်နိုင်သူ အခြားတစုံတယောက်မျှမရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အဝိဇ္ဇာအမိုက်တိုက်ဖြင့် ပိတ်ဖုံးနေ၏၊ အဝိဇ္ဇာဥခွံ၌ဖြစ်၏၊ ကိလေသာနှောင်အိမ်၌ သွင်းလှောင်ခံနေရ၏၊ ထိုလောက၌ နေသောသတ္တဝါအပေါင်းအား ငါဘုရားမှတပါး အလင်းကိုပြတတ်သူ အခြားတစုံတယောက်မျှမရှိဟုရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အဝိဇ္ဇာ၌ဖြစ်၏၊ အဝိဇ္ဇာဟူသော ဥခွံတွင်း၌ ဖြစ်၏၊ အဝိဇ္ဇာဖြင့် ထက်ဝန်းကျင် မှ မြှေးယှက်အပ်၏၊ ရှုပ်သောခြည်ထွေးကဲ့သို့ဖြစ်၏၊ ရှုပ်သော ပင့်ကူအိမ်ကဲ့သို့ဖြစ်၏၊ မြူဆံမြက် ပြိန်းမြက်ကဲ့သို့ ဖြစ်၏၊ ချမ်းသာကင်းသော မကောင်းသူတို့လားရောက်ရာ ပျက်စီး၍ ကျရာဖြစ်သော အပါယ်သံသရာကိုမလွန်နိုင် ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အဝိဇ္ဇာအဆိပ်တည်းဟူသော ဒေါသဖြင့် လိမ်းကျံအပ်၏၊ ကိလေသာတည်းဟူသော ညွန်ရှိသည်ဖြစ်၍ဖြစ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ရာဂ ဒေါသ မောဟတည်းဟူသော မြှေးယှက်တတ်သော ကွန်ရက်သည် မြှေးယှက်အပ်၏၊ ထိုလောက၌နေသော သတ္တဝါအပေါင်းအား ငါဘုရားမှတပါး ကွန်ရက်အရှုပ်အထွေးကို ဖြေနိုင်သူအခြားတစုံတယောက်မျှမရှိ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာတည်းဟူသောထုပ်လျှောက်၌ အစွပ်ခံရ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာကွန်ရက်ဖြင့် ဖုန်းအုပ်ခံရ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာဟူသော ရေအယဉ်ဖြင့် မျှောအပ်၏ ဟု ရှုကုန်သော။ပ။

http://www.dhammadownload.com



သတ္တဝါအပေါင်းသည် တဏှာဟူသော သံယောဇဉ်နှင့်စပ်ယှဉ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာဟူသောအနုသယဖြင့် အစဉ်လိုက်အပ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာဟူသောပူပန်ခြင်းဖြင့် ပူပန်နေ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာဟူသော ထက်ဝန်းကျင်မှ ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင်မှ ပူလောင်နေ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသောထုပ်လျှောက်၌အစွပ်ခံနေရ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသောကွန်ရက်ဖြင့် ဖုံးအုပ်ခံရ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသော ရေအယဉ်ဖြင့်မျှောအပ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသော သံယောဇဉ်နှင့်စပ်ယှဉ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသော အနုသယဖြင့် အစဉ်လိုက်အပ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသော ပူပန်ခြင်းဖြင့် ပူပန်နေ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဒိဋ္ဌိဟူသောထက်ဝန်းကျင်ပူလောင်ခြင်းဖြင့် ထက်ဝန်းကျင်ပူလောင်နေ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ပဋိသန္ဓေနေခြင်းဖြင့် အစဉ်လိုက်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အိုခြင်းဖြင့် အစဉ်လိုက်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် နာခြင်းဖြင့်အနှိပ်စက်ခံရ၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် သေခြင်းဖြင့် ပြင်းစွာပုတ်ခတ်အပ်၏ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆင်းရဲ၌တည်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တဏှာ(ညွတ်ကွင်း)ဖြင့် ထောင်ဖမ်းအပ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းကိုတံတိုင်းသဖွယ်ဖြစ်သော အိုခြင်းသည်ခြံရံအပ်၏ဟုရှုကုန်သော။ပ။

သတ္တဝါအပေါင်းကို ကျော့ကွင်းသဖွယ်ဖြစ်သော သေခြင်းသည်ခြံရံအပ်၏ဟုရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းကို ရာဂ ဒေါသ မောဟ မာန မိစ္ဆာဒိဋ္ဌိ ဒုစရိုက်ဟူသော ကြီးစွာသော အနှောင်အဖွဲ့ဖြင့် ဖွဲ့အပ်၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး ကြောင့်ကြမှုအနှောင်အဖွဲ့ကို ဖြေနိုင်သူ အခြားတစုံတယောက်မျှမရှိ ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အလွန်ကျဉ်းမြောင်းသော ခရီးခဲသို့သွား၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး လွတ်ခွင့်ပေးနိုင်သူအခြားတစုံတယောက်မျှမရှိဟုရှုကုန်သော။ပ။

သတ္တဝါအပေါင်းကို ကြီးစွာသော ကြောင့်ကြမှုဖြင့် နှောင့်ယှက်အပ်၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး ကြောင့်ကြမှုကို ဖြတ်ထုတ်သူ အခြားတစုံတယောက်မျှမရှိဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် နက်စွာသော ချောက်ကမ်းပါးပြတ်၌ကျ၏၊ ထို သတ္တဝါအပေါင်းအား ငါဘုရားမှတပါး ကမ်းပါးပြတ်မှ ဆယ်တင်နိုင်သူ အခြားတစုံတယောက်မျှမရှိ ဟု ရှုကုန်သော။ပ။

http://www.dhammadownload.com



သတ္တဝါအပေါင်းသည် ကြီးစွာသော ဇာတိခရီးခဲသို့ သွား၏၊ထိုသတ္တဝါအပေါင်းအား ငါဘုရားမှ တပါး ခရီးခဲမှထုတ်ဆောင်ကယ်တင်နိုင်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် မပြတ်ဖြစ်နေသည့် သံသရာသို့ သွား၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး သံသရာဝဋ်မှလွတ်စေနိုင်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် အသွားခက်သော သံသရာခရီးခဲ၌ ပြန်၍ပြန်၍ဖြစ်နေ၏၊ ထို သတ္တဝါ အပေါင်းအား ငါဘုရားမှတပါး သံသရာခရီးမှထုတ်ဆောင်တတ်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ကြီးစွာသော (ကာမဂုဏ်) ညွှန်ပြောင်း၌ ကျွံနစ်နေ၏၊ ထိုသတ္တဝါ အပေါင်းအား ငါဘုရားမှတပါး ညွှန်ပြောင်းမှ ထုတ်ဆောင်နိုင်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းကို (ဘေးရန်တို့သည်) ပြင်းစွာပုတ်ခတ်အပ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါ အပေါင်းသည် ရာဂမီး ဒေါသမီး မောဟမီး ဇာတိ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသမီးတို့ဖြင့် တောက်လောင်နေ၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး မီးကိုငြိမ်းသတ်နိုင်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းကို(ဘေးရန်ဖြစ်ခြင်းငှါ) ဆောင်အပ်၏၊ စောင့်ရှောက်တတ်သူမရှိသည်ဖြစ်၍ အမြဲညှဉ်းပန်းခံရ၏၊ မင်းပြစ်မင်းဒဏ်ခံရသည်ဖြစ်၍ ထိုမင်းဒဏ်အတိုင်းအပြုခံရသော ခိုးသူနှင့်တူ၏ ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ရာဂစသောအပြစ်ဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခံရ၏၊ သူကောင် သတ်ရာ သင်းချိုင်းကဲ့သို့ ရှေးရှုထင်၏၊ ထို သတ္တဝါအပေါင်းအား ငါဘုရားမှတပါး အနှောင် အဖွဲ့မှ လွတ်စေနိုင်သူ အခြားတစုံတယောက်မျှမရှိဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ကိုးကွယ်ရာမရှိ၊ လွန်စွာသနားဖွယ် အဖြစ်သို့ ရောက်၏၊ ထိုသတ္တဝါ အပေါင်းအား ငါဘုရားမှတပါး စောင့်ရှောက်တတ်သူ အခြားတစုံတယောက်မျှ မရှိဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းကို ဆင်းရဲခြင်းတို့သည် အလွန်ထိုးကျင့်အပ်၏၊ ရှည်မြင့်စွာသောကာလပတ် လုံး နှိပ်စက်ခံနေရ၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် တပ်မက်မော၏၊ အမြဲမပြတ် မွတ်သိပ်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ပညာမျက်စိမရှိဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ပညာမျက်စိပျက်၏၊ ရှေ့ဆောင်လမ်းညွှန်မရှိဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် မိစ္ဆာအယူဟူသော လမ်းမှားသို့ ပြေးသွား၏၊ လမ်းလွဲနေ၏၊ ထိုသတ္တဝါ အပေါင်းအား ငါဘုရားမှတပါး လမ်းမှန်သို့ ပို ဆောင်တတ်သူ အခြားတစုံတယောက်မျှမရှိဟု ရှုကုန်သော။ ပ ။

http://www.dhammadownload.com



သတ္တဝါအပေါင်းသည် ကြီးစွာသောသြဃသို့ ပြေးဝင်တတ်၏၊ ထိုသတ္တဝါအပေါင်းအား ငါဘုရားမှတပါး သြဃမှ ထုတ်ဆောင်တတ်သူ အခြားတစုံတယောက်မျှမရှိဟု ရှုကုန်သော။ ပ ။

၁၁၈။ သတ္တဝါ အပေါင်းသည် နှစ်ပါးသော မိစ္ဆာအယူတို့ဖြင့် ထိုးကျင့်ခြင်းသို့ ရောက်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် သုံးပါးသော ဒုစရိုက်တို့ဖြင့် မှားသောအကျင့်ရှိ၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် လေးပါးသော ယောဂတို့နှင့်ယှဉ်၏၊ လေးပါးသောယောဂတို့နှင့် (လှည်းဦးကအပ်သော နွားကဲ့သို့ဝဋ်ဆင်းရဲ၌) ယှဉ်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် လေးပါးကုန်သော ဂန္ထတို့ဖြင့် ထုံးဖွဲ့အပ်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းကို လေးပါးကုန်သော ဥပါဒါန်တရားတို့ဖြင့် မြဲစွာစွဲယူအပ်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ငါးပါးသောဂတိသို့ အဖန်တလဲလဲ အတင်ခံရ၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ငါးပါးကုန်သောကာမဂုဏ်တို့ဖြင့် တပ်၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ငါးပါးသောနီဝရဏတို့ဖြင့် ဖုံးလွှမ်းခံရ၏ဟု ရှုကုန်သော။ ပ ။

သတ္တဝါအပေါင်းသည် ခြောက်ပါးသော ရန်ဖြစ်ခြင်းအကြောင်းတို့ဖြင့် ဆန့်ကျင်ဘက် ပြောဆိုတတ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ခြောက်ပါးသော တဏှာကာယတို့ဖြင့် တပ်နှစ်သက်တတ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ခြောက်ပါးသော မိစ္ဆာအယူတို့ဖြင့် ထိုးကျင့်ခြင်းသို့ ရောက်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ခုနစ်ပါးသော အနုသယတို့ဖြင့် အစဉ်လိုက်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ခုနစ်ပါးသော သံယောဇဉ်တို့နှင့် ယှဉ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ခုနစ်ပါးသောမာနတို့ဖြင့် ထောင်လွှား၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ရှစ်ပါးသောလောကဓံတရားတို့ဖြင့် တပြောင်းပြန်ပြန်လည်၍ ဖြစ်တတ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ရှစ်ပါးသောမိစ္ဆတ္တတို့ဖြင့် အဆောင်ခံရ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ရှစ်ပါးသောပုဂ္ဂိုလ်အပြစ်တို့ဖြင့် ပျက်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ကိုးပါးသော အာဃာတဝတ္ထုတို့ဖြင့် ထိပါးနှိပ်စက်အပ်၏ဟု ရှုကုန်သော။ပ။

http://www.dhammadownload.com



သတ္တဝါအပေါင်းသည် ကိုးပါးအပြားရှိသော မာနတို့ဖြင့် တက်ကြွခြင်း (ကိုယ်စိတ်) ရှိ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ကိုးပါးသော တဏှာမူလကတရားတို့ဖြင့် တပ်နှစ်သက်တတ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသောကိလေသဝတ္ထုတို့ဖြင့် နှိပ်စက်အပ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသော အာဃာတဝတ္ထုတို့ဖြင့် နှိပ်စက်အပ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသော အကုသလကမ္မပထတရားတို့နှင့် ပြည့်စုံ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသော သံယောဇဉ်တို့နှင့် ယှဉ်၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသော မိစ္ဆတ္တတို့ဖြင့် အဆောင်ခံရ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသောဝတ္ထုလျှင် မှီရာရှိသော မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် ဆယ်ပါးသောဝတ္ထုလျှင် မှီရာရှိသော အန္တဂ္ဂါဟိကဟု ဆိုအပ်သော ဒိဋ္ဌိအယူနှင့် ပြည့်စုံ၏ဟု ရှုကုန်သော။ပ။

သတ္တဝါအပေါင်းသည် တရာ့ရှစ်ပါးသော တဏှာပပဥ္စတရားတို့ဖြင့် အချဲ့ခံရ၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

သတ္တဝါအပေါင်းသည် ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့သည် ထိုးကျင့်ခြင်းသို့ ရောက်၏ဟု ဤသို့ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏။

ငါသည်သာလျှင် သံသရာမှ ကူးမြောက်ပြီးပြီ၊ သတ္တဝါအပေါင်းသည်ကား မကူးမြောက်ရသေး။ ငါသည်သာလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးပြီ၊ သတ္တဝါအပေါင်းသည်ကား မလွတ်မြောက်သေး။ ငါသည်သာလျှင် ယဉ်ကျေး၏၊ သတ္တဝါအပေါင်းသည်ကား မယဉ်ကျေးသေး။ ငါသည်သာလျှင် ငြိမ်းအေး၏၊ သတ္တဝါအပေါင်းသည်ကား မငြိမ်းအေးသေး။ ငါသည်သာလျှင် သက်သာရာရပြီ၊ သတ္တဝါအပေါင်းသည်ကား သက်သာရာမရသေး။ ငါသည်သာလျှင် ကိလေသာပရိနိဗ္ဗာန်ဖြင့် ငြိမ်းပြီ၊ သတ္တဝါအပေါင်းသည်ကား မငြိမ်းရသေး။ ငါသည် သံသရာမှ ကူးမြောက်ပြီးသည်ဖြစ်၍ သူတပါးကို ကူးမြောက်စေရန်၊ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသည်ဖြစ်၍ (သူတပါးကို) လွတ်မြောက်စေရန်၊ ယဉ်ကျေးပြီးသည်ဖြစ်၍ သူတပါးကို ယဉ်ကျေးစေရန်၊ ငြိမ်းအေးပြီးသည်ဖြစ်၍ သူတပါးကိုငြိမ်းအေးစေရန်၊ သက်သာရာရပြီးသည်ဖြစ်၍ သူတပါးကို သက်သာရာ ရစေရန်၊ ကိလေသာပရိနိဗ္ဗာန်ဖြင့် ငြိမ်းပြီးသည်ဖြစ်၍ သူတပါးကို ငြိမ်းစေရန် စွမ်းနိုင်၏ဟု ရှုကုန်သော ဘုန်းတော်ကြီးကုန်သော ဘုရားသျှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်သည် သတ္တဝါတို့၌ သက်ရောက်၏၊ ဤဆိုခဲ့ပြီးသည်ကား မြတ်စွာဘုရား၏ မဟာကရုဏာသမာပတ္တိဉာဏ် မည်၏။

ခုနစ်ဆယ့်တခုမြောက် မဟာကရုဏာဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၇၂-၇၃-သဗ္ဗညုတဉာဏ် အကျယ်ပြခြင်း

၁၁၉။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်သည် အဘယ်နည်း။

အလုံးစုံသော သင်္ခတ အသင်္ခတတရားကို အကြွင်းအကျန်မရှိ သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၁၂၀။ အတိတ်ဖြစ်သော တရားအားလုံးကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

အနာဂတ်တရားအားလုံးကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ပစ္စုပ္ပန်တရားအားလုံးကိုသိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

စက္ခုပသာဒရင်း၊ ရူပါရုံရင်း။ ဤသို့ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

သောတပသာဒရင်း၊ သဒ္ဒါရုံရင်း။ပ။ ဃာနပသာဒရင်း၊ ဂန္ဓာရုံရင်း။ ဇိဝှါပသာဒရင်း၊ ရသာရုံရင်း။ ကာယပသာဒရင်း၊ ဖောဋ္ဌဗ္ဗာရုံရင်း။ စိတ်ရင်း၊ ဓမ္မာရုံရင်း။ ဤသို့ ထိုအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

မမြဲသောအနိစ္စသဘော ဆင်းရဲသောဒုက္ခသဘော ကိုယ်ပိုင်မဟုတ်သော အနတ္တသဘော ရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ရုပ်၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော ရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ဝေဒနာ၏။ပ။ သညာ၏။ပ။ သင်္ခါရတို့၏။ပ။ ဝိညာဏ်၏။ပ။ စက္ခုပသာဒ၏။ပ။ အိုခြင်း 'ဇရာ' သေခြင်း'မရဏ'၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော ရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

အဘိညာဉ်၏ အထူးသိအပ်သော သဘောရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ပရိညာ၏ ပိုင်းခြား၍သိအပ်သော သဘောရှိသမျှ။ပ။ ပဟာန်၏ ပယ်အပ်သော သဘောရှိသမျှ။ပ။ ဘာဝနာ၏ ပွါးများအပ်သော သဘောရှိသမျှ။ပ။ သစ္ဆိကိရိယာ၏ မျက်မှောက်ပြုအပ်သော သဘောရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

http://www.dhammadownload.com



ရုပ်နာမ်အစု 'ခန္ဓာ'တို့၏ အပေါင်းအစုဟူသော သဘောရှိသမျှအလုံးစုံကို သိတတ်သော ကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

စိတ်တို့၏ ဆောင်တတ်သော သဘောရှိသမျှ။ပ။ အာယတနတို့၏တည်ရာဟူသော သဘော ရှိသမျှ။ပ။ သင်္ခတတရားတို့၏ ပြုပြင်အပ်သော သဘောရှိသမျှ။ပ။

အသင်္ခတတရား၏ မပြုပြင်အပ်သော သဘောရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ကုသိုလ်တရား ရှိသမျှ၌အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့ သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

အကုသိုလ်တရား ရှိသမျှ၌။ပ။ အဗျာကတတရား ရှိသမျှ၌။ ကာမာဝစရတရား ရှိသမျှ၌။ ရူပါဝစရတရား ရှိသမျှ၌။ အရူပါဝစရတရား ရှိသမျှ၌။ လောကုတ္တရာတရား ရှိသမျှ၌ဖြစ်သော အလုံးစုံသောတရားကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင် မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ဒုက္ခသစ္စာ၏ ဆင်းရဲခြင်းသဘောရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

သမုဒယသစ္စာ၏ ဆင်းရဲဖြစ်ကြောင်း သဘောရှိသမျှ။ပ။ နိရောဓသစ္စာ၏ ဆင်းရဲချုပ်ငြိမ်းရာ သဘောရှိသမျှ။ပ။ မဂ္ဂသစ္စာ၏ ဆင်းရဲချုပ်ငြိမ်းရာသို့ရောက်ကြောင်း သဘောရှိသမျှ အလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင် မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

အတ္ထပဋိသမ္ဘိဒါ၏ အနက် အကျိုးကို သိတတ်သော သဘောရှိသမျှအလုံးစုံကို သိတတ်သော ကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ဓမ္မပဋိသမ္ဘိဒါ၏ ပါဠိ အကြောင်းကို သိတတ်သောသဘောရှိသမျှ။ပ။

နိရုတ္တိပဋိသမ္ဘိဒါ၏ သဒ္ဒါကို သိတတ်သော သဘောရှိသမျှ။ပ။

ပဋိဘာနပဋိသမ္ဘိဒါ၏ ဉာဏ်ပဋိဘာန်ကို သိတတ်သော သဘောရှိသမျှအလုံးစုံကို သိတတ် သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏ ဉာဏ် မည်၏။

ဣန္ဒြိယပရောပရိယတ္တ၌ သိသောဉာဏ် ရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတ ဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

သတ္တဝါတို့၏ အာသယအနုသယ၌ သိသောဉာဏ်ရှိသမျှ။ပ။ ယမကပါဋိဟာရိယ၌ သိသော ဉာဏ်ရှိသမျှ။ပ။

**မဟာကရုဏာသမာပတ္တိ၌** သိသောဉာဏ်ရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတ **ဉာဏ် မည်၏**၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် **မည်၏**။

http://www.dhammadownload.com



နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဤ ဩကာသလောက သည်၎င်း, သမဏဗြာဟ္မဏနှင့်တကွသော မင်းများလူများနှင့်တကွသော သတ္တလောကသည်၎င်း, မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်တလဲလဲ လေ့ကျင့်အပ်သော တရားရှိသမျှအလုံးစုံကို သိတတ်သောကြောင့် သဗ္ဗညုတဉာဏ် မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

၁၂၁။ ထိုမြတ်စွာဘုရားအား ဤလောကခေတ်၌ မမြင်အပ်သောတရား တစုံတခုမျှမရှိ၊ ထိုပြင် မသိအပ်မသိထိုက်သောတရား တစုံတခုမျှမရှိ၊ သိသင့်သိထိုက်သောတရားအားလုံးကို သိတော်မူပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို သမန္တစက္ခုဟု ဆိုအပ်၏။

သမန္တစက္ခု ဟူရာ၌ အဘယ်အနက်သဘောကြောင့် သမန္တစက္ခုမည်သနည်း။

တဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်တို့သည် သမန္တစက္ခုမည်ကုန်၏၊ ဆင်းရဲဒုက္ခ၌ ဖြစ်သော ဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ ဆင်းရဲဖြစ်ကြောင်း သမုဒယ၌ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။ ဆင်းရဲချုပ်ငြိမ်းရာ နိရောဓ၌ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော ကျင့်ဝတ်လမ်းစဉ်၌ ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

အနက်အကျိုးကိုသိရာ၌ ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ ပါဠိအကြောင်းကို သိရာ၌ ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ သဒ္ဒါကို သိရာ၌ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ ဉာဏ်ပဋိဘာန်ကိုသိရာ၌ ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။

ဣန္ဒြိယပရောပရိယတ္တ၌ သိသောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ သတ္တဝါတို့၏ အာသယအနုသယ၌ သိသောဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ ယမကပါဋိဟာရိယ၌ သိသောဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ မဟာကရုဏာသမာပတ်၌ သိသောဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ သဗ္ဗညုတဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ အနာဝရဏဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ ဤတဆယ့်လေးပါးသော ဉာဏ်တို့သည် ဗုဒ္ဓဉာဏ် မည်ကုန်၏။

ဤဗုဒ္ဓဉာဏ် တဆယ့်လေးပါးတို့တွင် ဉာဏ်ရှစ်ပါးတို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏၊ ဉာဏ်ခြောက်ပါးတို့သည် သာဝကတို့နှင့်မဆက်ဆံကုန်။

ဒုက္ခ၏ ဒုက္ခသဘော ရှိသမျှအလုံးစုံသောတရားကို သိအပ်၏၊ မသိအပ်သော ဒုက္ခသဘော ဖြစ်သော တရားသည် မရှိသောကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင် မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ဒုက္ခ၏ ဒုက္ခသဘောရှိသမျှအလုံးစုံသောတရားကို သိအပ်၏၊ အလုံးစုံသောတရားကိုမြင်အပ်၏၊ အလုံးစုံသောတရားကို ထင်ရှားအောင်ပြုအပ်၏၊ အလုံးစုံသော တရားကို မျက်မှောက်ပြုအပ်၏၊ အလုံးစုံသောတရားကို ပညာဖြင့် တွေ့အပ်၏၊ ပညာဖြင့်မတွေ့အပ်သော ဆင်းရဲသဘောဖြစ်သော တရားသည်မရှိသောကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

သမုဒယသစ္စာ၏ ဆင်းရဲဖြစ်ကြောင်းသမုဒယသဘောရှိသမျှ။နိရောဓသစ္စာ၏ ဆင်းရဲချုပ်ငြိမ်းရာ နိရောဓသဘောရှိသမျှ။ မဂ္ဂသစ္စာ၏ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းသဘောရှိသမျှ။ပ။

http://www.dhammadownload.com



အတ္တပဋိသမ္ဘိဒါ၏အနက်ကို သိခြင်းသဘောရှိသမျှ။ ဓမ္မပဋိသမ္ဘိဒါ၏ ပါဠိကိုသိခြင်းသဘော ရှိသမျှ။ နိရုတ္တိပဋိသမ္ဘိဒါ၏ သဒ္ဒါကိုသိခြင်းသဘောရှိသမျှ။ ပဋိဘာန ပဋိသမ္ဘိဒါ၏ ဉာဏ်ပဋိဘာန်ကို သိခြင်းသဘောရှိသမျှ အလုံးစုံသောတရားကို သိအပ်၏၊ အလုံးစုံသောတရားကို မြင်အပ်၏၊ အလုံးစုံသောတရားကို ထင်ရှားအောင်ပြုအပ်၏၊ အလုံးစုံသောတရားကို မျက်မှောက်ပြုအပ်၏၊ အလုံးစုံသောတရားကို ပညာဖြင့်တွေ့အပ်၏၊ ပညာဖြင့်မတွေ့အပ်သော ဉာဏ်ပဋိဘာန်ကို သိခြင်း သဘောသည်မရှိသောကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ထိုသို့သိရာ၌အပိတ်အပင် မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

ဣန္ဒြိယပရောပရိယတ္တ၌ သိသောဉာဏ်ရှိသမျှ။ သတ္တဝါတို့၏ အာသယာနုသယ၌ သိသော ဉာဏ်ရှိသမျှ။ ယမကပါဋိဟာရိယ၌ သိသောဉာဏ်ရှိသမျှ။ မဟာကရုဏာ သမာပတ္တိ ဉာဏ်၌ သိသောဉာဏ်ရှိသမျှ အလုံးစုံကိုသိအပ်၏၊ အလုံးစုံကိုမြင်အပ်၏၊ အလုံးစုံကို ထင်ရှားအောင် ပြုအပ်၏၊ အလုံးစုံကို မျက်မှောက်ပြုအပ်၏၊ အလုံးစုံကို ပညာဖြင့်တွေ့အပ်၏၊ ပညာဖြင့်မတွေ့အပ် သော မဟာကရုဏာသမာပတ္တိ၌ သိသောဉာဏ်သည် မရှိသောကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင်မရှိသောကြောင့် အနာဝရဏဉာဏ် မည်၏။

နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ပြဟ္မာနှင့်တကွသော သြကာသလောကသည်၎င်း သမဏပြာဟ္မဏနှင့်တကွသော မင်းများ လူများနှင့်တကွသော သတ္တလောကသည်၎င်း မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာမှီးအပ်သောစိတ်ဖြင့် အဖန်ဖန် လေ့လာ အပ်သော တရားရှိသမျှ အလုံးစုံကိုသိအပ် မြင်အပ်၏၊ ထင်ရှားအောင်ပြုအပ်၏၊ အလုံးစုံသောတရားကို မျက်မှောက်ပြုအပ်၏၊ အလုံးစုံသောတရားကို ပညာဖြင့်တွေ့အပ်၏၊ ပညာဖြင့်မတွေ့အပ်သော တရားမည်သည် မရှိသောကြောင့် သဗ္ဗညုတဉာဏ်မည်၏၊ ထိုသို့သိရာ၌ အပိတ်အပင် မရှိသော ကြောင့် အနာဝရဏဉာဏ် မည်၏။

> ထိုမြတ်စွာဘုရားအား ဤလောက၌ ပညာမျက်စိဖြင့် မမြင်အပ်သောတရား တစုံတခုမျှမရှိ၊ ထို့ပြင် မသိအပ် မသိထိုက်သောတရား တစုံတခုမျှမရှိ၊ သိသင့်သိထိုက် သော တရားအားလုံးကို သိတော်မူပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို သမန္တစက္ခုဟု ဆိုအပ်၏။

ဉာဏကထာ ပြီး၏။

---

## ၂-ဒိဋ္ဌိကထာ

### ဒိဋ္ဌိအမျိုးမျိုး ပြခြင်း

၁၂၂။ ဒိဋ္ဌိဟူသည် အဘယ်နည်း၊ ဒိဋ္ဌိဖြစ်ကြောင်းတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒိဋ္ဌိ ဖြစ်ပေါ်မှုတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒိဋ္ဌိတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒိဋ္ဌိဟုဆိုအပ်သော မှားသောနှလုံးသွင်းခြင်းတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒိဋ္ဌိအကြောင်းကို ခွါခြင်းသည် အဘယ် နည်း၊ ဤကား အမေးပြဿနာတည်း။

ဒိဋ္ဌိဟူသည် အဘယ်နည်း ဟူသောအမေး၌ မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်း သည် ဒိဋ္ဌိမည်၏။

http://www.dhammadownload.com



ဒိဋ္ဌိဖြစ်ကြောင်းတို့သည် အဘယ်မျှရှိကုန်သနည်းဟူသောအမေး၌ ဒိဋ္ဌိဖြစ်ကြောင်းတို့သည် ရှစ်ပါးတို့တည်း။

ဒိဋ္ဌိဖြစ်ပေါ်မှုတို့သည် အဘယ်မျှရှိကုန်သနည်း ဟူသော အမေး၌ ဒိဋ္ဌိဖြစ်ပေါ်မှုတို့သည် တဆယ့်ရှစ်ပါးရှိကုန်၏။

ဒိဋ္ဌိတို့သည် အဘယ်မျှရှိကုန်သနည်း ဟူသောအမေး၌ ဒိဋ္ဌိတို့သည် တဆယ့်ခြောက်ပါး ရှိကုန်၏။

ဒိဋ္ဌိဟုဆိုအပ်သော မှားသောနှလုံးသွင်းခြင်းတို့သည် အဘယ်မျှရှိကုန်သနည်း ဟူသောအမေး၌ ဒိဋ္ဌိဟုဆိုအပ်သော မှားသောနှလုံးသွင်းခြင်းတို့သည် သုံးရာရှိကုန်၏။

ဒိဋ္ဌိအကြောင်းကို ချဲ့ခြင်းသည် အဘယ်နည်းဟူသော အမေး၌ ဒိဋ္ဌိအကြောင်းကို ချဲ့ခြင်း သည် သောတာပတ္တိမဂ်တည်း။

၁၂၃။ မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်း ဟူသော ဒိဋ္ဌိသည် အဘယ်သို့ ဖြစ် သနည်း။

"ရုပ်ကို ဤရုပ်သည် ငါ၏ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ဝေဒနာကို ဤဝေဒနာသည် ငါ၏ဥစ္စာတည်း။ပ။ သညာကို ဤသညာသည် ငါ၏ဥစ္စာတည်း။ပ။ သင်္ခါရတို့ကို ဤသင်္ခါရသည် ငါ၏ဥစ္စာတည်း။ပ။ "ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ဥစ္စာ တည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

မျက်စိကို ဤမျက်စိသည် ငါ၏ဥစ္စာတည်း။ နားကို ဤနားသည် ငါ၏ဥစ္စာတည်း။ နှာခေါင်း ကို ဤနှာခေါင်းသည် ငါ၏ဥစ္စာတည်း။ လျှာကို ဤလျှာသည် ငါ၏ဥစ္စာတည်း။ ကိုယ်ကို ဤကိုယ် သည် ငါ၏ဥစ္စာတည်း။ "စိတ်ကို ဤစိတ်သည် ငါ၏ဥစ္စာတည်း။ ဤစိတ်သည် ငါဖြစ်၏၊ ဤစိတ် သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပါရုံတို့ကို ဤရူပါရုံသည် ငါ၏ဥစ္စာတည်း။ သဒ္ဒါရုံတို့ကို ဤသဒ္ဒါရုံသည် ငါ၏ဥစ္စာတည်း။ ဂန္ဓာရုံတို့ကို ဤဂန္ဓာရုံသည် ငါ၏ဥစ္စာတည်း။ ရသာရုံတို့ကို ဤရသာရုံသည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗာရုံတို့ကို ဤဖောဋ္ဌဗ္ဗာရုံသည် ငါ၏ဥစ္စာတည်း။ "ဓမ္မာရုံတို့ကို ဤဓမ္မာရုံသည် ငါ၏ဥစ္စာ တည်း၊ ဤဓမ္မာရုံသည် ငါဖြစ်၏၊ ဤဓမ္မာရုံသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံး သွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

စက္ခုဝိညာဏ်ကို ဤစက္ခုဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ သောတဝိညာဏ်ကို ဤသောတ ဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ ဃာနဝိညာဏ်ကို ဤဃာနဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ ဇိဝှါ ဝိညာဏ်ကို ဤဇိဝှါဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ ကာယဝိညာဏ်ကို ဤကာယဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ "မနောဝိညာဏ်ကို ဤမနောဝိညာဏ်သည် ငါ၏ဥစ္စာတည်း၊ ဤမနောဝိညာဏ် သည် ငါဖြစ်၏၊ ဤမနောဝိညာဏ်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

http://www.dhammadownload.com



စက္ခုသမ္ဖဿကို ဤစက္ခုသမ္ဖဿသည် ငါ၏ဥစ္စာတည်း။ သောတသမ္ဖဿကို ဤသောတသမ္ဖဿသည် ငါ၏ဥစ္စာတည်း။ ဃာနသမ္ဖဿကို ဤဃာနသမ္ဖဿသည် ငါ၏ဥစ္စာတည်း။ ဇိဝှါသမ္ဖဿကို ဤဇိဝှါသမ္ဖဿသည် ငါ၏ဥစ္စာတည်း။ ကာယသမ္ဖဿကို ဤကာယသမ္ဖဿသည် ငါ၏ဥစ္စာတည်း။ "မနောသမ္ဖဿကို ဤမနောသမ္ဖဿသည် ငါ၏ဥစ္စာတည်း၊ ဤမနောသမ္ဖဿသည် ငါဖြစ်၏၊ ဤမနောသမ္ဖဿသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

စက္ခုသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ သောတသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ ဃာနသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ ကာယသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ "မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို ဤ မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာသည် ငါ၏ဥစ္စာတည်း၊ ဤမနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာသည် ငါဖြစ်၏၊ ဤမနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပသညာကို ဤရူပသညာသည် ငါ၏ဥစ္စာတည်း။ သဒ္ဒသညာကို ဤသဒ္ဒသညာသည် ငါ၏ဥစ္စာတည်း။ ဂန္ဓသညာကို ဤဂန္ဓသညာသည် ငါ၏ဥစ္စာတည်း။ ရသသညာကို ဤရသသညာသည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗသညာကို ဤဖောဋ္ဌဗ္ဗသညာသည် ငါ၏ဥစ္စာတည်း။ "ဓမ္မသညာကို ဤဓမ္မသညာသည် ငါ၏ဥစ္စာတည်း၊ ဤဓမ္မသညာသည် ငါဖြစ်၏၊ ဤဓမ္မသညာသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပသဉ္စေတနာကို ဤရူပသဉ္စေတနာသည် ငါ၏ဥစ္စာတည်း။ သဒ္ဒသဉ္စေတနာကို ဤသဒ္ဒသဉ္စေတနာသည် ငါ၏ဥစ္စာတည်း။ ဂန္ဓသဉ္စေတနာကို ဤဂန္ဓသဉ္စေတနာသည် ငါ၏ဥစ္စာတည်း။ ရသသဉ္စေတနာကို ဤရသသဉ္စေတနာသည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗသဉ္စေတနာကို ဤဖောဋ္ဌဗ္ဗသဉ္စေတနာသည် ငါ၏ဥစ္စာတည်း။ "ဓမ္မသဉ္စေတနာကို ဤဓမ္မသဉ္စေတနာသည် ငါ၏ဥစ္စာတည်း၊ ဤဓမ္မသဉ္စေတနာသည် ငါဖြစ်၏၊ ဤဓမ္မသဉ္စေတနာသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပတဏှာကို ဤရူပတဏှာသည် ငါ၏ဥစ္စာတည်း။ သဒ္ဒတဏှာကို ဤသဒ္ဒတဏှာသည် ငါ၏ဥစ္စာတည်း။ ဂန္ဓတဏှာကို ဤဂန္ဓတဏှာသည် ငါ၏ဥစ္စာတည်း။ ရသတဏှာကို ဤရသတဏှာသည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗတဏှာကို ဤဖောဋ္ဌဗ္ဗတဏှာသည် ငါ၏ဥစ္စာတည်း။ "ဓမ္မတဏှာကို ဤဓမ္မတဏှာသည် ငါ၏ဥစ္စာတည်း၊ ဤဓမ္မတဏှာသည် ငါဖြစ်၏၊ ဤဓမ္မတဏှာသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပဝိတက်ကို ဤရူပဝိတက်သည် ငါ၏ဥစ္စာတည်း။ သဒ္ဒဝိတက်ကို ဤသဒ္ဒဝိတက်သည် ငါ၏ဥစ္စာတည်း။ ဂန္ဓဝိတက်ကို ဤဂန္ဓဝိတက်သည် ငါ၏ဥစ္စာတည်း။ ရသဝိတက်ကို ဤရသဝိတက်သည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗဝိတက်ကို ဤဖောဋ္ဌဗ္ဗဝိတက်သည် ငါ၏ဥစ္စာတည်း။ "ဓမ္မဝိတက်ကို ဤဓမ္မဝိတက်သည် ငါ၏ဥစ္စာတည်း၊ ဤဓမ္မဝိတက်သည် ငါဖြစ်၏၊ ဤဓမ္မဝိတက်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ရူပဝိစာရကို ဤရူပဝိစာရသည် ငါ၏ဥစ္စာတည်း။ သဒ္ဒဝိစာရကို ဤသဒ္ဒဝိစာရသည် ငါ၏ဥစ္စာတည်း။ ဂန္ဓဝိစာရကို ဤဂန္ဓဝိစာရသည် ငါ၏ဥစ္စာတည်း။ ရသဝိစာရကို ဤရသဝိစာရသည် ငါ၏

http://www.dhammadownload.com



ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗဝိစာရကို ဤဖောဋ္ဌဗ္ဗဝိစာရသည် ငါ၏ဥစ္စာတည်း။ "ဓမ္မဝိစာရကို ဤဓမ္မဝိစာရသည် ငါ၏ဥစ္စာတည်း၊ ဤဓမ္မဝိစာရသည် ငါဖြစ်၏၊ ဤဓမ္မဝိစာရသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ပထဝီဓာတ်ကို ဤပထဝီဓာတ်သည် ငါ၏ဥစ္စာတည်း။ အာပေါဓာတ်ကို ဤအာပေါဓာတ်သည် ငါ၏ဥစ္စာတည်း။ တေဇောဓာတ်ကို ဤတေဇောဓာတ်သည် ငါ၏ဥစ္စာတည်း။ ဝါယောဓာတ်ကို ဤဝါယောဓာတ်သည် ငါ၏ဥစ္စာတည်း။ အာကာသဓာတ်ကို ဤအာကာသဓာတ်သည် ငါ၏ဥစ္စာတည်း။ "ဝိညာဏဓာတ်ကို ဤဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း၊ ဤဝိညာဏဓာတ်သည် ငါဖြစ်၏၊ ဤဝိညာဏဓာတ်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ပထဝီကသိုဏ်းကို ဤပထဝီကသိုဏ်းသည် ငါ၏ဥစ္စာတည်း။ အာပေါကသိုဏ်းကို။ တေဇောကသိုဏ်းကို။ ဝါယောကသိုဏ်းကို။ နီလကသိုဏ်းကို။ ပီတကသိုဏ်းကို။ လောဟိတကသိုဏ်းကို။ ဩဒါတကသိုဏ်းကို။ အာကာသကသိုဏ်းကို။ "ဝိညာဏကသိုဏ်းကို ဤဝိညာဏကသိုဏ်းသည် ငါ၏ဥစ္စာတည်း၊ ဤဝိညာဏကသိုဏ်းသည် ငါဖြစ်၏၊ ဤဝိညာဏကသိုဏ်းသည် ငါ၏ကိုယ်တည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ဆံပင်ကို ဤဆံပင်သည် ငါ၏ဥစ္စာတည်း။ အမွေးကို ဤအမွေးသည် ငါ၏ဥစ္စာတည်း။ ခြေသည်းလက်သည်းကို ဤခြေသည်းလက်သည်းသည် ငါ၏ဥစ္စာတည်း။ သွားကို ဤသွားသည် ငါ၏ဥစ္စာတည်း။ အရေကို ဤအရေသည် ငါ၏ဥစ္စာတည်း။ အသားကို ဤအသားသည် ငါ၏ဥစ္စာတည်း။ အကြောကို ဤအကြောသည် ငါ၏ဥစ္စာတည်း။ အရိုးကို ဤအရိုးသည် ငါ၏ဥစ္စာတည်း။ ရိုးတွင်းချဉ်ဆီကို ဤရိုးတွင်းချဉ်ဆီသည် ငါ၏ဥစ္စာတည်း။ အညှိ့ကို ဤအညှိ့သည် ငါ၏ဥစ္စာတည်း။ နှလုံးကို ဤနှလုံးသည် ငါ၏ဥစ္စာတည်း။ အသည်းကို ဤအသည်းသည် ငါ၏ဥစ္စာတည်း။ အမြှေးကို ဤအမြှေးသည် ငါ၏ဥစ္စာတည်း။ အဖျဉ်းကို ဤအဖျဉ်းသည် ငါ၏ဥစ္စာတည်း။ အဆုတ်ကို ဤအဆုတ်သည် ငါ၏ဥစ္စာတည်း။ အူမကို ဤအူမသည် ငါ၏ဥစ္စာတည်း။ အူသိမ်ကို ဤအူသိမ်သည် ငါ၏ဥစ္စာတည်း။ အစာသစ်ကို ဤအစာသစ်သည် ငါ၏ဥစ္စာတည်း။ အစာဟောင်းကို ဤအစာဟောင်းသည် ငါ၏ဥစ္စာတည်း။ သည်းခြေကို ဤသည်းခြေသည် ငါ၏ဥစ္စာတည်း။ သလိပ်ကို ဤသလိပ်သည် ငါ၏ဥစ္စာတည်း။ ပြည်ကို ဤပြည်သည် ငါ၏ဥစ္စာတည်း။ သွေးကို ဤသွေးသည် ငါ၏ဥစ္စာတည်း။ ချွေးကို ဤချွေးသည်ငါ၏ဥစ္စာတည်း။ အဆီခဲကို ဤအဆီခဲသည် ငါ၏ဥစ္စာတည်း။ မျက်ရည်ကို ဤမျက်ရည်သည် ငါ၏ဥစ္စာတည်း။ ဆီကြည်ကို ဤဆီကြည်သည် ငါ၏ဥစ္စာတည်း။ တံတွေးကို ဤတံတွေးသည် ငါ၏ဥစ္စာတည်း။ နှပ်ကို ဤနှပ်သည် ငါ၏ဥစ္စာတည်း။အစေးကို ဤအစေးသည် ငါ၏ဥစ္စာတည်း။ ကျင်ငယ်ကို ဤကျင်ငယ်သည် ငါ၏ဥစ္စာတည်း။ ဦးနှောက်ကို "ဤဦးနှောက်သည် ငါ၏ဥစ္စာတည်း၊ ဤဦးနှောက်သည်ငါဖြစ်၏၊ ဤဦးနှောက်သည် ငါ၏ကိုယ်တည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

စက္ခာယတနကို ဤစက္ခာယတနသည် ငါ၏ဥစ္စာတည်း။ ရူပါယတနကို ဤရူပါယတနသည် ငါ၏ဥစ္စာတည်း။ သောတာယတနကို ဤသောတာယတနသည် ငါ၏ဥစ္စာတည်း။ သဒ္ဒါယတနကို ဤသဒ္ဒါယတနသည် ငါ၏ဥစ္စာတည်း။ ဃာနာယတနကို ဤဃာနာယတနသည် ငါ၏ဥစ္စာတည်း။

http://www.dhammadownload.com



ဂန္ဓာယတနကို ဤဂန္ဓာယတနသည် ငါ၏ဥစ္စာတည်း။ ဇိဝှါယတနကို ဤဇိဝှါယတနသည် ငါ၏ဥစ္စာတည်း။ ရသာယတနကို ဤရသာယတနသည် ငါ၏ဥစ္စာတည်း။ ကာယာယတနကို ဤကာယာယတနသည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗာယတနကို ဤဖောဋ္ဌဗ္ဗာယတနသည် ငါ၏ဥစ္စာတည်း။ မနာယတနကို ဤမနာယတနသည် ငါ၏ဥစ္စာတည်း။ ဓမ္မာယတနကို ဤ ဓမ္မာယတနသည် ငါ၏ဥစ္စာတည်း။

စက္ခုဓာတ်ကို ဤစက္ခုဓာတ်သည် ငါ၏ဥစ္စာတည်း။ ရူပဓာတ်ကို ဤရူပဓာတ်သည် ငါ၏ဥစ္စာတည်း။ စက္ခုဝိညာဏဓာတ်ကို ဤစက္ခုဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း။ သောတဓာတ်ကို ဤသောတဓာတ်သည် ငါ၏ဥစ္စာတည်း။ သဒ္ဒဓာတ်ကို ဤသဒ္ဒဓာတ်သည် ငါ၏ဥစ္စာတည်း။ သောတဝိညာဏဓာတ်ကို ဤသောတဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း။ ဃာနဓာတ်ကို ဤဃာနဓာတ်သည် ငါ၏ဥစ္စာတည်း။ ဂန္ဓဓာတ်ကို ဤဂန္ဓဓာတ်သည် ငါ၏ဥစ္စာတည်း။ ဃာနဝိညာဏဓာတ်ကို ဤဃာနဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း။ ဇိဝှါဓာတ်ကို ဤဇိဝှါဓာတ်သည် ငါ၏ဥစ္စာတည်း။ ရသဓာတ်ကို ဤရသဓာတ်သည် ငါ၏ဥစ္စာတည်း။ ဇိဝှါဝိညာဏဓာတ်ကို ဤဇိဝှါဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း။ ကာယဓာတ်ကို ဤကာယဓာတ်သည် ငါ၏ဥစ္စာတည်း။ ဖောဋ္ဌဗ္ဗဓာတ်ကို ဤဖောဋ္ဌဗ္ဗဓာတ်သည် ငါ၏ဥစ္စာတည်း။ ကာယဝိညာဏဓာတ်ကို ဤကာယဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း။ မနောဓာတ်ကို ဤမနောဓာတ်သည် ငါ၏ဥစ္စာတည်း။ ဓမ္မဓာတ်ကို ဤဓမ္မဓာတ်သည် ငါ၏ဥစ္စာတည်း။ "မနောဝိညာဏဓာတ်ကို ဤမနောဝိညာဏဓာတ်သည် ငါ၏ဥစ္စာတည်း၊ ဤမနောဝိညာဏဓာတ်သည် ငါဖြစ်၏၊ ဤမနောဝိညာဏဓာတ်သည် ငါ၏ကိုယ်တည်း" ဟုမှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

စက္ခုန္ဒြေကို ဤစက္ခုန္ဒြေသည် ငါ၏ဥစ္စာတည်း။ သောတိန္ဒြေကို ဤသောတိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဃာနိန္ဒြေကို ဤဃာနိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဇိဝှိန္ဒြေကို ဤဇိဝှိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ကာယိန္ဒြေကို ဤကာယိန္ဒြေသည် ငါ၏ဥစ္စာတည်း။ မနိန္ဒြေကို ဤမနိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဇီဝိတိန္ဒြေကို ဤဇီဝိတိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဣတ္ထိန္ဒြေကို ဤဣတ္ထိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ပုရိသိန္ဒြေကို ဤပုရိသိန္ဒြေသည် ငါ၏ဥစ္စာတည်း။ သုခိန္ဒြေကို ဤသုခိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဒုက္ခိန္ဒြေကို ဤဒုက္ခိန္ဒြေသည် ငါ၏ဥစ္စာတည်း။ သောမနဿိန္ဒြေကို ဤသောမနဿိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဒေါမနဿိန္ဒြေကို ဤဒေါမနဿိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဥပေက္ခိန္ဒြေကို ဤဥပေက္ခိန္ဒြေသည် ငါ၏ဥစ္စာတည်း။ သဒ္ဓိန္ဒြေကို ဤသဒ္ဓိန္ဒြေသည် ငါ၏ဥစ္စာတည်း။ ဝီရိယိန္ဒြေကို ဤဝီရိယိန္ဒြေသည် ငါ၏ဥစ္စာတည်း။ သတိန္ဒြေကို ဤသတိန္ဒြေသည် ငါ၏ဥစ္စာတည်း။ သမာဓိန္ဒြေကို ဤသမာဓိန္ဒြေသည် ငါ၏ဥစ္စာတည်း။ "ပညိန္ဒြေကို ဤပညိန္ဒြေသည် ငါ၏ဥစ္စာတည်း၊ ဤပညိန္ဒြေသည် ငါဖြစ်၏၊ ဤပညိန္ဒြေသည် ငါ၏ကိုယ်တည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ကာမဓာတ်ကို ဤကာမဓာတ်သည် ငါ၏ဥစ္စာတည်း။ ရူပဓာတ်ကို ဤရူပဓာတ်သည် ငါ၏ဥစ္စာတည်း။ အရူပဓာတ်ကို ဤအရူပဓာတ်သည် ငါ၏ဥစ္စာတည်း။ ကာမဘဝကို ဤကာမဘဝသည် ငါ၏ဥစ္စာတည်း။ ရူပဘဝကို ဤရူပဘဝသည် ငါ၏ဥစ္စာတည်း။ အရူပဘဝကို ဤအရူပဘဝသည် ငါ၏ဥစ္စာတည်း။ သညာဘဝကို ဤသညာဘဝသည် ငါ၏ဥစ္စာတည်း။ အသညာဘဝကို

http://www.dhammadownload.com



ဤအသညာဘဝသည် ငါ၏ဥစ္စာတည်း။ နေဝသညာနာသညာဘဝကို ဤနေဝသညာနာသညာဘဝသည် ငါ၏ဥစ္စာတည်း။

ကေဝေါကာရဘဝကို ဤကေဝေါကာရဘဝသည် ငါ၏ဥစ္စာတည်း။ စတုဝေါကာရဘဝကို ဤစတုဝေါကာရဘဝသည် ငါ၏ဥစ္စာတည်း။ ပဉ္စဝေါကာရဘဝကို ဤပဉ္စဝေါကာရဘဝသည် ငါ၏ဥစ္စာတည်း။

ပထမစျာန်ကို ဤပထမစျာန်သည် ငါ၏ဥစ္စာတည်း။ ဒုတိယစျာန်ကို ဤဒုတိယစျာန်သည် ငါ၏ဥစ္စာတည်း။ တတိယစျာန်ကို ဤတတိယစျာန်သည် ငါ၏ဥစ္စာတည်း။ စတုတ္ထစျာန်ကို ဤစတုတ္ထစျာန်သည် ငါ၏ဥစ္စာတည်း။ မေတ္တာစေတောဝိမုတ္တိကို ဤမေတ္တာစေတောဝိမုတ္တိသည် ငါ၏ဥစ္စာတည်း။ ကရုဏာစေတောဝိမုတ္တိကို ဤကရုဏာစေတောမုတ္တိသည် ငါ၏ဥစ္စာတည်း။ မုဒိတာစေတောဝိမုတ္တိကို ဤမုဒိတာစေတောဝိမုတ္တိသည် ငါ၏ဥစ္စာတည်း။ ဥပေက္ခာစေတောဝိမုတ္တိကို ဤဥပေက္ခာစေတောဝိမုတ္တိသည် ငါ၏ဥစ္စာတည်း။ အာကာသာနဉ္စာယတနသမာပတ်ကို ဤအာကာသာနဉ္စာယတန သမာပတ်သည် ငါ၏ဥစ္စာတည်း။ ဝိညာဏဉ္စာယတန သမာပတ်ကို ဤဝိညာဏဉ္စာယတနသမာပတ်သည် ငါ၏ဥစ္စာတည်း။ အာကိဉ္စညာယတနသမာပတ်ကို ဤအာကိဉ္စညာယတနသမာပတ်သည် ငါ၏ဥစ္စာတည်း။ "နေဝသညာနာသညာယတနသမာပတ်ကို ဤနေဝသညာ နာသညာယတန သမာပတ်သည် ငါ၏ဥစ္စာတည်း၊ ဤနေဝသညာနာသညာယတန သမာပတ်သည် ငါဖြစ်၏၊ ဤနေဝသညာ နာသညာယတနသမာပတ်သည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

အဝိဇ္ဇာကို ဤအဝိဇ္ဇာသည် ငါ၏ဥစ္စာတည်း။ သင်္ခါရတို့ကို ဤသင်္ခါရသည် ငါ၏ဥစ္စာတည်း။ ဝိညာဏ်ကို ဤဝိညာဏ်သည် ငါ၏ဥစ္စာတည်း။ နာမ်ရုပ်ကို ဤနာမ်ရုပ်သည် ငါ၏ဥစ္စာတည်း။ သဠာယတနကို ဤသဠာယတနသည် ငါ၏ဥစ္စာတည်း။ ဖဿကို ဤဖဿသည် ငါ၏ဥစ္စာတည်း။ ဝေဒနာကို ဤဝေဒနာသည် ငါ၏ဥစ္စာတည်း။ တဏှာကို ဤတဏှာသည် ငါ၏ဥစ္စာတည်း။ ဥပါဒါန်ကို ဤဥပါဒါန်သည် ငါ၏ဥစ္စာတည်း။ ဘဝကို ဤဘဝသည် ငါ၏ဥစ္စာတည်း။ ဇာတိကို ဤဇာတိသည် ငါ၏ဥစ္စာတည်း။ "ဇရာမရဏကို ဤဇရာမရဏသည် ငါ၏ဥစ္စာတည်း၊ ဤဇရာမရဏသည် ငါဖြစ်၏၊ ဤဇရာမရဏသည် ငါ၏ကိုယ်တည်း"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ ဤသို့မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

၁၂၄။ ဒိဋ္ဌိအကြောင်း ရှစ်ပါးတို့သည် အဘယ်နည်း။

ခန္ဓာတို့သည်လည်း ဒိဋ္ဌိဖြစ်ကြောင်းမည်၏၊ အဝိဇ္ဇာသည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊ ဖဿသည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊ သညာသည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊ ဝိတက်သည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊အယောနိသောမနသိကာရ'မသင့်မတင့်နှလုံးသွင်းခြင်း'သည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊ ယုတ်မာသော အဆွေခင်ပွန်းသည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏၊ သူတပါးအသံသည်လည်း ဒိဋ္ဌိဖြစ်ကြောင်း မည်၏။

ခန္ဓာတို့သည် အကြောင်းအထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဌာနမည်၏၊ ဤသို့ ခန္ဓာတို့သည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

http://www.dhammadownload.com



အဝိဇ္ဇာသည်အကြောင်းအထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာနမည်၏၊ ဤသို့ အဝိဇ္ဇာသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

ဖဿသည် အကြောင်း အထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာန မည်၏၊ ဤသို့ ဖဿသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

သညာသည် အကြောင်း အထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာန မည်၏၊ ဤသို့ သညာသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

ဝိတက်သည် အကြောင်းအထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာနမည်၏၊ ဤသို့ ဝိတက်သည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

အယောနိသောမသိကာရသည် အကြောင်း အထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာနမည်၏၊ ဤသို့ အယောနိသော မနသိကာရသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

ယုတ်မာသော အဆွေခင်ပွန်းသည် အကြောင်း အထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာနမည်၏၊ ဤသို့ ယုတ်မာသော အဆွေခင်ပွန်းသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

သူတပါး အသံသည် အကြောင်း အထောက်အပံ့ဖြစ်၍ စွဲမှီဖြစ်ကြောင်း အနက်သဘောအားဖြင့် ဒိဋ္ဌိဋ္ဌာနမည်၏၊ ဤသို့ သူတပါး အသံသည်လည်း ဒိဋ္ဌိဖြစ်ကြောင်းတည်း။

ဤရှစ်ပါးတို့သည် ဒိဋ္ဌိဖြစ်ကြောင်းတို့တည်း။

၁၂၅။ ဒိဋ္ဌိဖြစ်ပေါ် မှုတဆယ့်ရှစ်ပါးတို့သည် အဘယ်တို့နည်း။

ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၌ အတွင်းဝင်သည်၏ အဖြစ်ကြောင့်ဒိဋ္ဌိဂတ၊ လွန်နိုင်ခဲသော အနက်ကြောင့် ဒိဋ္ဌိဂဟန၊ ရှိရှာဖွယ်ဘေးဘျမ်းရှိသောကြောင့် ဒိဋ္ဌိကန္တာရ၊ သမ္မာဒိဋ္ဌိနှင့် ဆန့်ကျင်သောကြောင့် ဒိဋ္ဌိဝိသူက၊ သဿတစသောအယူကို ယူသောအားဖြင့် တုန်လှုပ်တတ်သောကြောင့် ဒိဋ္ဌိဝိပ္ဖန္ဒိတ၊ အကျိုးမဲ့၌ ယှဉ်စေတတ်သောကြောင့် ဒိဋ္ဌိသံယောဇဉ်၊ ထိုးကျင့်တတ်သော အနက် နုတ်ပယ်နိုင်ခဲသော အနက်ကြောင့် ဒိဋ္ဌိသလ္လ၊ နှိပ်စက်ခြင်းပြုသော သဘောအားဖြင့် ကျဉ်းမြောင်းသောကြောင့် ဒိဋ္ဌိသမ္ဗာဓ၊ လွတ်မြောက်ခြင်းကို တားမြစ်သော သဘောအားဖြင့် အနှောင့်အယှက်ဖြစ်သောကြောင့် ဒိဋ္ဌိပလိဗောဓ၊ လွတ်မြောက်နိုင်ခဲသော သဘောအားဖြင့် နှောင်ဖွဲ့တတ်သောကြောင့် ဒိဋ္ဌိဗန္ဓန၊ ထုတ်ဆောင်နိုင်ခဲသော သဘောအားဖြင့် ချောက်ကမ်းပါးနှင့်တူသောကြောင့် ဒိဋ္ဌိပပါတ၊ အားအစွမ်းသို့ ရောက်သောသဘောအားဖြင့် အဖန်ဖန် ကိန်းတတ်သောကြောင့် ဒိဋ္ဌာနုသယ၊ ကိုယ်ကို ပူပန်စေတတ်သောကြောင့် ဒိဋ္ဌိသန္တာပ၊ 'ကိုယ်ကိုအဖန်ဖန် ပူလောင်စေတတ်သောကြောင့် ဒိဋ္ဌိပရိဠာဟ၊ ကိလေသာကို ထုံးဖွဲ့တတ်သောကြောင့် ဒိဋ္ဌိဂန္ထ၊ပြင်းစွာ စွဲယူတတ်သောကြောင့် ဒိဋ္ဌုပါဒါန၊မှားသောအားဖြင့် နှလုံးသွင်းတတ်သောကြောင့် ဒိဋ္ဌာဘိနိဝေသ၊ မှားသောအားဖြင့် သုံးသပ်သောကြောင့် ဒိဋ္ဌိပရာမာသမည်၏၊ ဤတဆယ့်ရှစ်ပါးတို့သည် ဒိဋ္ဌိဖြစ်ပေါ် မှုတို့ မည်ကုန်၏။

http://www.dhammadownload.com



၁၂၆။ တဆယ့်ခြောက်ပါးသော ဒိဋ္ဌိတို့သည် အဘယ်တို့နည်း။

သာယာဖွယ်၌ ဖြစ်သော အဿာဒဒိဋ္ဌိ၊ အတ္တသို့အစဉ်လိုက်သော အတ္တာနုဒိဋ္ဌိ၊ ဖောက်ပြန်သော အယူရှိသော မိစ္ဆာဒိဋ္ဌိ၊ ငါ၏ကိုယ်ဟုစွဲလမ်းခြင်းရှိသော သက္ကာယဒိဋ္ဌိ၊ သက္ကာယလျှင် တည်ရာရှိ၍ မြဲ၏ဟု ယူသောသဿတဒိဋ္ဌိ၊ သက္ကာယလျှင် တည်ရာရှိ၍ ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိ၊ အဆုံးရှိ၏ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိ၊ အတိတ်ဟုဆိုအပ်သော ရှေးအစွန်းသို့ အစဉ်လျှောက်၍ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိ၊ နောက်အစွန်းသို့ အစဉ်လျှောက်၍ယူသော အပရန္တာနုဒိဋ္ဌိ၊ (အကျိုးမဲ့၌) ယှဉ်စေတတ်သော သံယောဇနဒိဋ္ဌိ၊ ငါဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော အဟန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၊ ငါ့ဥစ္စာဟုယူလျက် မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော မမန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၊ ငါ၏ကိုယ်ဟု ပြောဆိုခြင်းနှင့်စပ်သော အတ္တဝါဒ ပဋိသံယုတ္တဒိဋ္ဌိ၊ (အတ္တကို) လောကဟု ပြောဆိုခြင်းနှင့်စပ်သော လောကဝါဒ ပဋိသံယုတ္တဒိဋ္ဌိ၊ ဘဝ၏အစွမ်းအားဖြင့် ဖြစ်သော ဘဝဒိဋ္ဌိ၊ ဝိဘဝ၏အစွမ်းအားဖြင့်ဖြစ်သော ဝိဘဝဒိဋ္ဌိ၊ ဤသည်တို့ကား တဆယ့်ခြောက်ပါးသော ဒိဋ္ဌိတို့တည်း။

၁၂၇။ ဒိဋ္ဌိဟုဆိုအပ်သော မှားသောနှလုံးသွင်းခြင်း သုံးရာတို့သည် အဘယ်တို့နည်း။

အဿာဒဒိဋ္ဌိ၌ဖြစ်သော ဒိဋ္ဌိကို အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှား နှလုံးသွင်းပါသနည်း၊အတ္တာနုဝါဒဒိဋ္ဌိကို အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ မိစ္ဆာဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ သက္ကာယဒိဋ္ဌိ၌ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ သက္ကာယလျှင် တည်ရာရှိသော သဿတဒိဋ္ဌိ၌ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ သက္ကာယလျှင် တည်ရာရှိသော ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ၌ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ အဆုံးရှိ၏ဟု ယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိ၌အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ ရှေးအစွန်းသို့ အစဉ်လျှောက်၍ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း၊ နောက်အစွန်းသို့ အစဉ်လျှောက်၍ယူသော အပရန္တာနုဒိဋ္ဌိ၌ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

သံယောဇနိက ဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

အဟန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

မမန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

လောကဝါဒပဋိသံယုတ္တဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

ဘဝ၏အစွမ်းအားဖြင့် ဘဝဒိဋ္ဌိ၌ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

ဝိဘဝဒိဋ္ဌိ၌ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းပါသနည်း။

အဿာဒဒိဋ္ဌိ၌ သုံးဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အတ္တာနုဝါဒ ဒိဋ္ဌိ၌ နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ မိစ္ဆာဒိဋ္ဌိ၌ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ သက္ကာယဒိဋ္ဌိ၌ နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် အမှားနှလုံး

http://www.dhammadownload.com



သွင်း၏၊ သက္ကာယလျှင် တည်ရာရှိသော သဿတဒိဋ္ဌိ၌ တဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ သက္ကာယလျှင်တည်ရာရှိသော ပြတ်၏ဟုယူသော ဥစ္ဆေဒဒိဋ္ဌိ၌ ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိ၌ ငါးဆယ်သောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ ပုဗ္ဗန္တာနုဒိဋ္ဌိ၌ တဆယ့်ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အပရန္တာနုဒိဋ္ဌိ၌ လေးဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ သံယောဇနိက ဒိဋ္ဌိ၌ တဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အဟန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၌ တဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ မမန္တိမာနဝိနိဗန္ဓဒိဋ္ဌိ၌ တဆယ့် ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိ၌ နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ လောကဝါဒပဋိသံယုတ္တဒိဋ္ဌိ၌ ရှစ်ပါးသောအခြင်းအရာ တို့ဖြင့် အမှားနှလုံးသွင်း၏၊ ဘဝဒိဋ္ဌိ၌ တပါးသောအခြင်းအရာအားဖြင့် အမှားနှလုံးသွင်း၏၊ ဝိဘဝဒိဋ္ဌိ၌ တပါးသောအခြင်းအရာအားဖြင့် အမှားနှလုံးသွင်း၏။

## ၁-အဿာဒဒိဋ္ဌိ အကျယ်ပြခြင်း

၁၂၈။ **သာယာဖွယ်၌ဖြစ်သောဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ သုံးဆယ့်ငါးပါး ဟူသည် အဘယ်နည်း။**

ရူပက္ခန္ဓာကိုစွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် ရုပ်၏သာယာဖွယ်မည်၏ဟု မှားသော အားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ ဒိဋ္ဌိသည် သာယာဖွယ်မဟုတ်၊ သာယာ ဖွယ်သည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ သာယာဖွယ်သည် တခြားတည်း။ ဤ ဒိဋ္ဌိနှင့် သာယာ ဖွယ်ကို အဿာဒဒိဋ္ဌိဟု ဆိုအပ်၏။

အဿာဒဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန်ပျက်စီးခြင်းလည်း မည်၏၊ ထိုအမြင်မှန် ပျက်စီးခြင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိပန္နပုဂ္ဂိုလ် မည်၏။ အမြင်မှန်ပျက်စီးသောပုဂ္ဂိုလ်ကို မမှီဝဲ၊ မဆည်းကပ်၊ မမှီခိုအပ်၊ ထိုသို့ မမှီဝဲ မဆည်းကပ် မမှီခိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏ အယူသည် ယုတ်ညံ့သောကြောင့်တည်း၊ ဒိဋ္ဌိ၌ဖြစ်သောရာဂသည် ဒိဋ္ဌိမဟုတ်၊ ဒိဋ္ဌိသည် ရာဂမဟုတ်၊ ဒိဋ္ဌိသည် တခြား၊ ရာဂသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ရာဂကို ဒိဋ္ဌိရာဂဟု ဆိုအပ်၏၊ ထိုဒိဋ္ဌိရာဂနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဒိဋ္ဌိရာဂ၌ တပ်နှစ်သက်၏၊ ဒိဋ္ဌိရာဂ၌ တပ်နှစ်သက်သော ပုဂ္ဂိုလ်၌ လှူအပ်သောဒါနသည် အကျိုးရင်း မကြီး၊ အကျိုးဆက် မကြီး၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏ အဿာဒဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟူသော အယူသည် ယုတ်ညံ့သော ကြောင့်တည်း။

မိစ္ဆာအယူရှိသော ယောကျ်ားပုဂ္ဂိုလ်အား ငရဲ တိရစ္ဆာန်မျိုး၌ ဖြစ်ခြင်းဟူသော နှစ်ပါးသော ဂတိတို့သည်သာလျှင် ဖြစ်ကုန်၏။

မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား အကြင်ကာယကံ၊ ဝစီကံ။ပ။ မနောကံကို အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်၏။

ဒိဋ္ဌိနှင့်တကွဖြစ်သော အကြင်စေ့ဆော်ခြင်းစေတနာ, တောင့်တခြင်းပတ္ထနာ, ဆောက်တည် ခြင်း ပဏိဓိ, ပြုစီမံခြင်း သင်္ခါရတရားအားလုံးတို့သည် အလိုမရှိခြင်း မချစ်မနှစ်သက်ခြင်း နှလုံးကို မပွါးစေခြင်း အစီးအပွါးမရှိခြင်း ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်

http://www.dhammadownload.com



နည်း၊ ထိုပုဂ္ဂိုလ်၏အယူသည် ယုတ်ညံ့သောကြောင့်တည်း။ ဥပမာအားဖြင့် စိုစွတ်သောမြေ၌ ချထားစိုက်ပျိုးအပ်သော တမာစေ့ သပွတ်ခါးစေ့ ဗူးခါးစေ့သည် မြေရေ၏ရသာဓာတ်ကို စွဲယူအပ်၏၊ ထိုအလုံးစုံသည် ခါးခြင်း မချစ်မနှစ်သက်ခြင်း မသာယာခြင်းငှါ ဖြစ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုတမာအစရှိသည်၏ အစေ့သည် ယုတ်ညံ့သောကြောင့်တည်း။ ဤအတူသာလျှင် မှားသောအယူရှိသောပုဂ္ဂိုလ်အား ကာယကံ ဝစီကံ မနောကံကို အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်၏၊ ဒိဋ္ဌိနှင့်တကွဖြစ်သော အကြင်စေ့ဆော်ခြင်း စေတနာ, တောင့်တခြင်း ပတ္ထနာ, ဆောက်တည်ခြင်း ပဏိဓိ, ပြုစီမံခြင်း သင်္ခါရတရားအားလုံးတို့သည် အလိုမရှိခြင်း မချစ်မနှစ်သက်ခြင်း နှလုံးကို မပွါးစေခြင်း အစီးအပွါးမရှိခြင်း ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏ အယာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သောအယူသည် ယုတ်ညံ့သောကြောင့်တည်း။

မိစ္ဆာဒိဋ္ဌိတို့၌အတွင်းဝင်သည်၏အဖြစ်ကြောင့် ဒိဋ္ဌိဂတ၊လွန်နိုင်ခဲသောအနက်ကြောင့် ဒိဋ္ဌိဂဟန၊ ရှုံရှာဖွယ်ဘေးဘျမ်းရှိသောအနက်ကြောင့် ဒိဋ္ဌိကန္တာရ၊ ဆန့်ကျင်သောအနက်ကြောင့် ဒိဋ္ဌိဝိသူက၊ သဿတ စသောအယူကို ယူသောအားဖြင့် တုန်လှုပ်တတ်သောကြောင့် ဒိဋ္ဌိဝိပ္ဖန္ဒိတ၊ အကျိုးမဲ့၌ ယှဉ်စေတတ်သောကြောင့် ဒိဋ္ဌိသံယောဇန၊ ထိုးကျင့်တတ်သောအနက်,နုတ်ပယ်နိုင်ခဲသော အနက်ကြောင့် ဒိဋ္ဌိသလ္လ၊ နှိပ်စက်ခြင်းပြုသော သဘောအားဖြင့် ကျဉ်းမြောင်းသောကြောင့် ဒိဋ္ဌိသမ္ဗာဓ၊ လွတ်မြောက်ခြင်းကို တားမြစ်သောသဘောအားဖြင့် အနှောင့်အယှက်ဖြစ်သောကြောင့် ဒိဋ္ဌိပလိဗောဓ၊ လွတ်မြောက်နိုင်ခဲသောသဘောအားဖြင့် နှောင်ဖွဲ့ဘတ်သောကြောင့် ဒိဋ္ဌိဗန္ဓန၊ ထုတ်ဆောင်နိုင်ခဲသော သဘောအားဖြင့် ချောက်ကမ်းပါးနှင့်တူသောကြောင့် ဒိဋ္ဌိပပါတ၊ အားအစွမ်းသို့ ရောက်သောသဘောအားဖြင့် အဖန်ဖန်ကိန်းတတ်သောကြောင့် ဒိဋ္ဌာနုသယ၊ ကိုယ်ကို ပူပန်စေတတ်သောကြောင့် ဒိဋ္ဌိသန္တာပ၊ ကိုယ်ကိုအဖန်ဖန်ပူလောင်စေတတ်သောကြောင့် ဒိဋ္ဌိပရိဠာဟ၊ ကိလေသာကို ထုံးဖွဲ့တတ်သောကြောင့် ဒိဋ္ဌိဂန္ထ၊ ပြင်းစွာစွဲယူတတ်သောကြောင့် ဒိဋ္ဌုပါဒါန၊ မှားသောအားဖြင့် နှလုံးသွင်းတတ်သောကြောင့် ဒိဋ္ဌာဘိနိဝေသ၊ မှားသောအားဖြင့် သုံးသပ်တတ်သောကြောင့် ဒိဋ္ဌိပရာမာသ၊ ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် နှိပ်စက်သောစိတ်ရှိသော ပုဂ္ဂိုလ်၏ယှဉ်ခြင်းသည် ဖြစ်၏။

၁၂၉။ သံယောဇဉ်လည်း မည် ဒိဋ္ဌိလည်း မည်သောတရား၊ သံယောဇဉ်သာမည်၍ ဒိဋ္ဌိကား မမည်သောတရားတို့ ရှိကုန်၏။

သံယောဇဉ်လည်း မည် ဒိဋ္ဌိလည်း မည်သောဝရားတို့သည် အဘယ်တို့နည်း။

သက္ကာယဒိဋ္ဌိ သီလဗ္ဗတပရာမာသ၊ ဤနှစ်ပါးတို့သည် သံယောဇဉ်လည်း မည် ဒိဋ္ဌိလည်း မည်၏။

သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်သောတရားတို့သည် အဘယ်တို့နည်း။

ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် မာနသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ် ဘဝရာဂသံယောဇဉ် ဣဿာသံယောဇဉ် မစ္ဆရိယသံယောဇဉ် အနုနယသံယောဇဉ် * အဝိဇ္ဇာသံယောဇဉ်၊ ဤသံယောဇဉ်တို့သည် သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်ကုန်။

* အနုနယဟူ၍ငှင်း အနုသယဟူ၍ငှင်း အမည်နှစ်မျိုးဖြင့် ခေါ်သည်၊ ကာမရာဂအဖြစ်သို့မရောက်သေးသောလောဘကို အနုနယဟုဆိုသည်၊ အခြားအရာတို့၌ အနုနယကိုပင် အနုသယဟု ခေါ်သည်။ (အဋ္ဌကထာ)

http://www.dhammadownload.com



အကြောင်းဝေဒနာကိုစွဲ၍။ပ။ အကြောင်းသညာကိုစွဲ၍။ပ။ အကြောင်းသင်္ခါရတို့ကိုစွဲ၍။ပ။ အကြောင်းဝိညာဏ်ကိုစွဲ၍။ပ။ အကြောင်းမျက်စိကိုစွဲ၍။ အကြောင်းနားကိုစွဲ၍။ အကြောင်းနှာခေါင်းကိုစွဲ၍။ အကြောင်းလျှာကိုစွဲ၍။ အကြောင်းကိုယ်ကိုစွဲ၍။ အကြောင်းစိတ်ကိုစွဲ၍။ အကြောင်းရူပါရုံတို့ကိုစွဲ၍။ အကြောင်းသဒ္ဒါရုံတို့ကိုစွဲ၍။ အကြောင်းဂန္ဓာရုံတို့ကိုစွဲ၍။ အကြောင်းရသာရုံတို့ကိုစွဲ၍။ အကြောင်းဖောဋ္ဌဗ္ဗာရုံတို့ကိုစွဲ၍။ အကြောင်းဓမ္မာရုံတို့ကိုစွဲ၍။ အကြောင်းစက္ခုဝိညာဏ်ကိုစွဲ၍။ အကြောင်းသောတဝိညာဏ်ကိုစွဲ၍။ အကြောင်းဃာနဝိညာဏ်ကိုစွဲ၍။ အကြောင်းဇိဝှါဝိညာဏ်ကိုစွဲ၍။ အကြောင်းကာယဝိညာဏ်ကိုစွဲ၍။ အကြောင်းမနောဝိညာဏ်ကိုစွဲ၍။ အကြောင်းစက္ခုသမ္ဖဿကိုစွဲ၍။ အကြောင်းသောတသမ္ဖဿကိုစွဲ၍။ အကြောင်းဃာနသမ္ဖဿကိုစွဲ၍။ အကြောင်းဇိဝှါသမ္ဖဿကိုစွဲ၍။ အကြောင်းကာယသမ္ဖဿကိုစွဲ၍။ အကြောင်းမနောသမ္ဖဿကိုစွဲ၍။

အကြောင်းစက္ခုသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကိုစွဲ၍။ အကြောင်းသောတသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကိုစွဲ၍။ အကြောင်းဃာနသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကိုစွဲ၍ အကြောင်းဇိဝါသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကိုစွဲ၍။ အကြောင်းကာယသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကိုစွဲ၍။ အကြောင်းမနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကိုစွဲ၍ဖြစ်သော ချမ်းသာခြင်းသုခ, ဝမ်းသာခြင်း သောမနဿသည် မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ၏ သာယာဖွယ်မည်၏ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ ဒိဋ္ဌိသည် သာယာဖွယ်မဟုတ်၊ သာယာဖွယ်သည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ သာယာဖွယ်သည် တခြားတည်း၊ ဤသာယာဖွယ်နှင့်ဒိဋ္ဌိကို အဿာဒဒိဋ္ဌိဟု ဆိုအပ်၏။

အဿာဒဒိဋ္ဌိသည် မိစ္ဆာအယူလည်းမည်၏၊ အမြင်မှန်ပျက်စီးခြင်းလည်းမည်၏၊ ထိုအမြင်မှန်ပျက်စီးခြင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိပန္နပုဂ္ဂိုလ် မည်၏၊ အမြင်မှန်ပျက်စီးသောပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ် မမှီခိုအပ်၊ ထိုသို့မမှီဝဲ မဆည်းကပ် မမှီခိုရခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏အယူသည် ယုတ်ညံ့သောကြောင့်တည်း၊ ဒိဋ္ဌိ၌ဖြစ်သော ရာဂသည် ဒိဋ္ဌိမဟုတ်၊ ဒိဋ္ဌိသည် ရာဂမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ရာဂသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ရာဂကို ဒိဋ္ဌိရာဂဟု ဆိုအပ်၏။

ထိုဒိဋ္ဌိရာဂနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ဒိဋ္ဌိရာဂ၌ တပ်နှစ်သက်၏၊ ဒိဋ္ဌိရာဂ၌တပ်နှစ်သက်သော ပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် အကျိုးရင်း မကြီး၊ အကျိုးဆက် မကြီး၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏ အဿာဒဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟူသော အယူသည် ယုတ်ညံ့သောကြောင့်တည်း။

မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား ငရဲ တိရစ္ဆာန်မျိုး၌ ဖြစ်ခြင်းဟူသော နှစ်ပါးသော ဂတိတို့သည် သာလျှင် ဖြစ်ကုန်၏။

မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား ကာယကံ ဝစီကံ မနောကံကို အယူအားလျော်စွာ အပြည့်အစုံ ဆောက်တည်အပ်၏၊

ဒိဋ္ဌိနှင့်တကွဖြစ်သော အကြောင်းစေ့ဆော်ခြင်းစေတနာ, တောင့်တခြင်း ပတ္ထနာ, ဆောက်တည်ခြင်းပဏိဓိ, ပြုစီမံခြင်း သင်္ခါရအားလုံးတို့သည် အလိုမရှိခြင်း မချစ်မနှစ်သက်ခြင်း နှလုံးကိုမပွါးစေခြင်း အစီးအပွါးမရှိခြင်း ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏အယူသည် ယုတ်ညံ့သောကြောင့်တည်း။ ဥပမာအားဖြင့် စိုစွတ်သောမြေ၌ ချထား ဝိုက်ပျိုးအပ်သော တမာစေ့ သပွတ်ခါးစေ့ ဗူးခါးစေ့သည် မြေရေ၏ ရသာဓာတ်ကို စွဲယူအပ်၏၊

http://www.dhammadownload.com



ထိုအလုံးစုံသည် ခါးခြင်း စပ်ခြင်း မသာယာခြင်း၄ါ ဖြစ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုတမာအစရှိသည်၏ အစေ့သည် ယုတ်ညံ့သောကြောင့်တည်း။

ဤအတူသာလျှင် မှားသောအယူရှိသောပုဂ္ဂိုလ်အား ကာယကံ ဝစီကံ။ပ။ မနောကံကို အယူအားလျော်စွာ အပြည့်အစုံဆောက်တည်အပ်၏၊ ဒိဋ္ဌိနှင့်တကွဖြစ်သော အကြင်စေ့ဆော်ခြင်း စေတနာ, တောင့်တခြင်း ပတ္ထနာ, ဆောက်တည်ခြင်း ပဏိဓိ, ပြုစီမံခြင်းသင်္ခါရအားလုံးတို့သည် အလိုမရှိခြင်း မချစ်မနှစ်သက်ခြင်း နှလုံးကိုမပွါးစေခြင်း ဆင်းရဲခြင်း၄ါ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုပုဂ္ဂိုလ်၏ အဿာဒဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော အယူသည် ယုတ်ညံ့သောကြောင့်တည်း။

ခြောက်ဆယ့်နှစ်ပါးသောဒိဋ္ဌိတို့အတွင်း၌ ဝင်သည်၏အဖြစ်ကြောင့် ဒိဋ္ဌိဂတ၊ လွန်နိုင်ခဲသော အနက်ကြောင့် ဒိဋ္ဌိဂဟန။ပ။ မှားသောအားဖြင့် နှလုံးသွင်းတတ်သောကြောင့် ဒိဋ္ဌာဘိနိဝေသ၊ မှားသောအားဖြင့် သုံးသပ်တတ်သောကြောင့် ဒိဋ္ဌိပရာမာသ၊ ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် နှိပ်စက်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ ယဉ်ခြင်းသည် ဖြစ်၏။

သံယောဇဉ်လည်းမည် ဒိဋ္ဌိလည်းမည်သောတရား၊ သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်သောတရားတို့သည် ရှိကုန်၏။

သံယောဇဉ်လည်းမည် ဒိဋ္ဌိလည်းမည်သောတရားတို့သည် အဘယ်တို့နည်း။

သက္ကာယဒိဋ္ဌိ, သီလဗ္ဗတပရာမာသ၊ ဤနှစ်ပါးတို့သည် သံယောဇဉ်လည်းမည်၍ ဒိဋ္ဌိလည်းမည်ကုန်၏။

သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်သော တရားတို့သည် အဘယ်တို့နည်း။

ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် မာနသံယောဇဉ် ဝိစိကိစ္ဆာသံယောဇဉ် ဘဝရာဂသံယောဇဉ် ဣဿာသံယောဇဉ် မစ္ဆရိယသံယောဇဉ် အနုနယသံယောဇဉ် အဝိဇ္ဇာသံယောဇဉ်၊ ဤသံယောဇဉ်တို့သည် သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်ကုန်။

သာယာဖွယ်၌ဖြစ်သော အဿာဒဒိဋ္ဌိကို ဤသုံးဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းခြင်းသည် ဖြစ်၏။

ရှေးဦးစွာသော အဿာဒဒိဋ္ဌိ အကျယ်ပြခြင်း ပြီး၏။

---

## ၂-အတ္တာနုဒိဋ္ဌိ အကျယ်ပြခြင်း

၁၃၀။ အတ္တသို့အစဉ်လျှောက်သော ဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာနှစ်ဆယ်တို့ဟူသည် အဘယ်နည်း။

ဤလောက၌ အရိယာပုဂ္ဂိုလ်တို့ကို ဉာဏ်ဖြင့်မြင်လေ့မရှိသော အရိယာတို့တရား၌ မကျွမ်းကျင်သော အရိယာတို့တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို မြင်လေ့မရှိသော သူတော်ကောင်းတို့တရား၌မကျွမ်းကျင်သော သူတော်ကောင်းတို့တရား၌ မယဉ်ကျေးသော အကြားအမြင်

http://www.dhammadownload.com



မရှိသော ပုထုဇဉ်သည် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ရုပ်ရှိသောအတ္တကိုလည်း အဖန်ဖန်ရှု၏၊ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန်ရှု၏၊ ရုပ်၌အတ္တကိုလည်း အဖန်ဖန်ရှု၏။

ဝေဒနာကို။ပ။ သညာကို။ပ။ သင်္ခါရတို့ကို။ပ။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ဝိညာဏ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှု၏၊ အတ္တ၌ ဝိညာဏ်ကိုလည်း အဖန်ဖန်ရှု၏၊ ဝိညာဏ်၌ အတ္တကိုလည်း အဖန်ဖန်ရှု၏။

၁၃၁။ အဘယ်သို့လျှင် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ပထဝီကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "ပထဝီကသိုဏ်းသည် ငါတည်း၊ ငါသည် ပထဝီကသိုဏ်းတည်း"ဟု ပထဝီကသိုဏ်းကိုရင်း အတ္တကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီးမှ မီးလျှံသည် အဆင်းပေတည်း၊ အဆင်းသည် မီးလျှံပေတည်းဟု မီးလျှံကိုရင်း အဆင်းကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ပထဝီကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "ပထဝီကသိုဏ်းသည် ငါတည်း၊ ငါသည် ပထဝီကသိုဏ်းတည်း"ဟု ပထဝီကသိုဏ်းကိုရင်း အတ္တကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန် ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ ရုပ်လျှင်မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ အယူပျက်စီးခြင်းသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ အတ္တသို့ အစဉ်လိုက်သော ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏၊ မိစ္ဆာ အယူရှိသော ယောကျ်ားပုဂ္ဂိုလ်အား နှစ်ပါးသောဂတိတို့သည်သာလျှင် ဖြစ်ကုန်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤလောက၌ အချို့သောသူသည် အာပေါကသိုဏ်းကို။ တေဇောကသိုဏ်းကို။ ဝါယောကသိုဏ်းကို။ နီလကသိုဏ်းကို။ ပီတကသိုဏ်းကို။ လောဟိတကသိုဏ်းကို။ ဩဒါတကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "ဩဒါတကသိုဏ်းသည် ငါတည်း၊ငါသည် ဩဒါတကသိုဏ်းတည်း" ဟု ဩဒါတကသိုဏ်းကိုရင်း အတ္တကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံပေတည်းဟု မီးလျှံကိုရင်း အဆင်းကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန် ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည်။ပ။ ဩဒါတကသိုဏ်းကိုရင်း အတ္တကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ ရုပ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။အယူပျက်စီးခြင်းသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

**ဤသို့ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ (၁)**

http://www.dhammadownload.com



အဘယ်သို့လျှင် ရုပ်ရှိသောအတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏အတ္တတည်း၊ ငါ၏ ထို(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော)အတ္တသည် ဤရုပ်ဖြင့် ရုပ်ရှိ၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။

သစ်ပင်သည် အရိပ်နှင့် ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤသည်ကား သစ်ပင်တည်း၊ ဤသည်ကား အရိပ်တည်း၊ သစ်ပင်သည်တခြားတည်း၊ အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏"ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်ဟူသော)အတ္တသည် ဤရုပ်ဖြင့် ရုပ်ရှိ၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် နှစ်ခုမြောက် ရုပ်လျှင်မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။

အတ္တာနုဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏၊ အယူပျက်စီးခြင်းသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။ (၂)

အဘယ်သို့လျှင် အတ္တ၌ ရုပ်ကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို ။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တတည်း၊ ဤ(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ဝိညာဏ်ဟူသော) အတ္တ၌ ဤရုပ် တည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့အတ္တ၌ ရုပ်ကို အဖန်ဖန်ရှု၏။

ပန်းသည် အနံ့နှင့် ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုပန်းကို ယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကားအနံ့တည်း။ ပန်းသည် တခြားတည်း၊ အနံ့သည် တခြားတည်း။ ထိုအနံ့သည် ဤပန်း၌ တည်၏"ဟု ဆိုရာ၏။ ဤသို့ပန်း၌ အနံ့ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ဝိညာဏ်သည် ငါ၏အတ္တတည်း၊ ဤ(ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်ဟူသော)အတ္တ၌ ဤရုပ် တည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ အတ္တ၌ ရုပ်ကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြား တည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် သုံးခု

http://www.dhammadownload.com



မြောက်ရပ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန် ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ အတ္တ၌ ရုပ်ကို အဖန်ဖန်ရှု၏။(၃)

အဘယ်သို့လျှင် ရုပ်၌ အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏အတ္တတည်း၊ ငါ၏ ထို(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော)အတ္တသည် ဤရုပ်၌ တည်၏"ဟု စိတ်အကြံ ဖြစ်၏။

ဤသို့ရုပ်၌ အတ္တကို အဖန်ဖန်ရှု၏။

ပတ္တမြားကို ကြုတ်၌ထည့်ထားရာ၏၊ ထိုပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကားကြုတ်တည်း။ ပတ္တမြားသည် တခြား၊ ကြုတ်သည်တခြားတည်း၊ ထိုပတ္တမြားသည် ဤကြုတ်၌တည်၏"ဟု ဆိုရာ၏။ ဤသို့ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူပင် ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(ဝေဒနာ၊ သညာ၊သင်္ခါရ၊ ဝိညာဏ်ဟူသော) အတ္တသည် ဤရုပ်၌တည်၏" ဟု စိတ်အကြံဖြစ်၏။

ဤသို့ရုပ်၌ အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် လေးခုမြောက်ရပ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန် ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ရုပ်၌ အတ္တကို အဖန်ဖန်ရှု၏။ (၄)

၁၃၂။ အဘယ်သို့လျှင် ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် စက္ခုသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ သောတသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို။ ဃာနသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို။ ကာယသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကို။ မနောသမ္ဖဿကြောင့် ဖြစ်သောဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာသည် ငါတည်း၊ ငါသည် မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာတည်း" ဟု မနောသမ္ဖဿကြောင့် ဖြစ်သော ဝေဒနာကိုလည်း အတ္တကိုလည်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုလည်း အဆင်းကိုလည်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူပင် ဤလောက၌ အချို့သောသူသည် မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာသည် ငါတည်း၊ ထိုငါသည် မနောသမ္ဖဿကြောင့်ဖြစ်

http://www.dhammadownload.com



သော ဝေဒနာတည်း”ဟု မနောသမ္ဘဿကြောင့်ဖြစ်သော ဝေဒနာကိုလည်းကောင်း အတ္တကိုလည်းကောင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည်ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ ဝေဒနာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန် ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ (၁-၅)

အဘယ်သို့လျှင် ဝေဒနာရှိသော အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား “ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည် ငါ၏ အတ္တတည်း၊ ငါ၏ ထို (သညာ သင်္ခါရ ဝိညာဏ် ရုပ်ဟူသော) အတ္တသည် ဤဝေဒနာဖြင့် ဝေဒနာရှိ၏”ဟု စိတ်အကြံဖြစ်၏။ဤသို့ဝေဒနာရှိသော အတ္တကို အဖန်ဖန်ရှု၏။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် “ဤကား သစ်ပင်တည်း၊ ဤကားအရိပ်တည်း။ သစ်ပင်သည်တခြား။ အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏”ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကိုအတ္တအားဖြင့်အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား “ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ရုပ်သည် ငါ၏ အတ္တတည်း၊ ငါ၏ထို(သညာ သင်္ခါရ ဝိညာဏ် ရုပ်ဟူသော)အတ္တသည်ဤဝေဒနာဖြင့် ဝေဒနာရှိ၏”ဟုစိတ်အကြံဖြစ်၏။ ဤသို့ဝေဒနာရှိသော အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည်ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် နှစ်ခုမြောက် ဝေဒနာလျှင်မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန်ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ဝေဒနာရှိသော အတ္တကို အဖန်ဖန်ရှု၏။ (၂-၆)

အဘယ်သို့လျှင် အတ္တ၌ ဝေဒနာကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား “ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်ရုပ်သည် ငါ၏အတ္တတည်း။ ဤ (သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ် ဟူသော) အတ္တ၌ ဤဝေဒနာ တည်၏” ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ အတ္တ၌ ဝေဒနာကို အဖန်ဖန်ရှု၏။

ပန်းသည်အနံ့နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ ထိုပန်းကို ယောကျ်ားသည် “ဤကား ပန်းတည်း၊ ဤကားအနံ့တည်း။ ပန်းသည်တခြား၊ အနံ့သည် တခြားတည်း။ ထိုအနံ့သည် ဤပန်း၌ တည်၏” ဟု ဆိုရာ၏။ ဤသို့ ပန်း၌ အနံ့ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူပင် ဤလောက၌ အချို့သော သူသည် သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်

http://www.dhammadownload.com



အား "ဤသညာ၊သင်္ခါရ၊ဝိညာဏ်၊ရုပ်သည် ငါ၏ အတ္တတည်း၊ ဤ(သညာ၊သင်္ခါရ၊ ဝိညာဏ်၊ ရုပ်ဟူသော)အတ္တ၌ ဤဝေဒနာ တည်၏"ဟု စိတ်အကြံဖြစ်၏။ဤသို့အတ္တ၌ဝေဒနာကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤ ဒိဋ္ဌိနှင့် ဝတ္ထုသည် သုံးခုမြောက် ဝေဒနာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏၊ အမြင်မှန် ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်။

ဤသို့အတ္တ၌ ဝေဒနာကို အဖန်ဖန်ရှု၏။ (၃-၇)

အဘယ်သို့လျှင် ဝေဒနာ၌ အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သော သူသည် သညာကို။သင်္ခါရတို့ကို။ဝိညာဏ်ကို။ ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏၊ထိုပုဂ္ဂိုလ်အား "ဤသညာ၊သင်္ခါရ၊ဝိညာဏ်၊ ရုပ်သည် ငါ၏အတ္တတည်း၊ ငါ၏ ထို(သညာ၊သင်္ခါရ၊ဝိညာဏ်၊ရုပ်ဟူသော)အတ္တသည် ဤဝေဒနာ၌ တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ ဝေဒနာ၌ အတ္တကို အဖန်ဖန်ရှု၏။

ပတ္တမြားကိုကြုတ်၌ ထည့်ထားရာ၏၊ ထိုပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကားကြုတ်တည်း။ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း။ ထိုပတ္တမြားသည် ဤကြုတ်၌တည်၏" ဟု ဆိုရာ၏။ ဤသို့ ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤသညာ၊ သင်္ခါရ၊ ဝိညာဏ်၊ ရုပ်သည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(သညာ၊သင်္ခါရ၊ ဝိညာဏ်၊ရုပ်ဟူသော)အတ္တသည် ဤဝေဒနာ၌ တည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝေဒနာ၌ အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် လေးခုမြောက် ဝေဒနာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ အမြင်မှန်ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ဝေဒနာ၌ အတ္တကို အဖန်ဖန်ရှု၏။ (၄-၈)

၁၃၃။ အဘယ်သို့လျှင် သညာကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌အချို့သောသူသည် စက္ခုသမ္ဖဿကြောင့် ဖြစ်သောသညာကို။ သောတသမ္ဖဿကြောင့်ဖြစ်သော သညာကို။ ဃာနသမ္ဖဿကြောင့်ဖြစ်သော သညာကို။ ဇိဝှါသမ္ဖဿကြောင့်ဖြစ်သောသညာကို။ ကာယသမ္ဖဿကြောင့် ဖြစ်သော သညာကို။ မနောသမ္ဖဿကြောင့်ဖြစ်သော သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "မနောသမ္ဖဿကြောင့် ဖြစ်သောသညာသည် ငါတည်း၊ ငါသည် မနောသမ္ဖဿကြောင့်ဖြစ်သော သညာတည်း"ဟု မနောသမ္ဖဿကြောင့်ဖြစ်သောသညာကိုရင်း အတ္တကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံတည်း ဟု မီးလျှံကိုရင်း အဆင်းကိုရင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင်

http://www.dhammadownload.com



ဤလောက၌ အချို့သောသူသည် မနောသမ္ဖဿကြောင့်ဖြစ်သော သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "မနောသမ္ဖဿကြောင့်ဖြစ်သော သညာသည် ငါတည်း၊ ငါသည် မနောသမ္ဖဿကြောင့်ဖြစ်သော သညာတည်း" ဟု မနောသမ္ဖဿကြောင့် ဖြစ်သော သညာကိုလည်းကောင်း အတ္တကိုလည်းကောင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာသော သညာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်းမည်၏။ အမြင်မှန် ပျက်စီးခြင်းလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ (၁-၉)

အဘယ်သို့လျှင် သညာရှိသော အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ဝိညာဏ်၊ရုပ်၊ ဝေဒနာသည် ငါ၏ အတ္တတည်း၊ ငါ၏ ထို (သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟူသော) အတ္တသည် ဤသညာဖြင့် သညာရှိ၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့ သညာရှိသော အတ္တကို အဖန်ဖန်ရှု၏။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤကားသစ်ပင်တည်း၊ ဤကားအရိပ်တည်း။ သစ်ပင်သည် တခြား၊ အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏" ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား ဤသင်္ခါရ၊ ဝိညာဏ်၊ရုပ်၊ ဝေဒနာသည် ငါ၏ အတ္တတည်း။ ငါ၏ ထို (သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ ဟူသော) အတ္တသည် ဤသညာဖြင့် သညာရှိ၏" ဟု စိတ်အကြံဖြစ်၏။ ဤသို့သညာရှိသော အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် နှစ်ခုမြောက်သော သညာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်။

ဤသို့သညာရှိသော အတ္တကို အဖန်ဖန်ရှု၏။ (၂-၁၀)

အဘယ်သို့လျှင် အတ္တ၌သညာကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ဝိညာဏ်၊ရုပ်၊ ဝေဒနာသည် ငါ၏ အတ္တတည်း၊ ဤ (သင်္ခါရ၊ဝိညာဏ်၊ရုပ်၊ဝေဒနာဟူသော)အတ္တ၌ ဤသညာသည် တည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ အတ္တ၌ သညာကို အဖန်ဖန်ရှု၏။

ပန်းသည် အနံ့နှင့်ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုပန်းကို ယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကားအနံ့တည်း။ပန်းသည် တခြား၊ အနံ့သည် တခြားတည်း။ ထိုအနံ့သည် ဤပန်း၌တည်၏"ဟု ဆိုရာ၏။ ဤသို့ ပန်း၌အနံ့ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူ

http://www.dhammadownload.com



သည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာသည် ငါ၏ အတ္တတည်း၊ ဤ(သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာ ဟူသော) အတ္တ၌ ဤသညာသည် တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ အတ္တ၌ သညာကို အဖန်ဖန် ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် သုံးခုမြောက် သညာလျှင်မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်။

ဤသို့ အတ္တ၌ သညာကို အဖန်ဖန်ရှု၏။ (၃-၁၁)

အဘယ်သို့လျှင် သညာ၌ အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာသည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟူသော) အတ္တသည် ဤသညာ၌ တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ သညာ၌ အတ္တကို အဖန်ဖန် ရှု၏။

ပတ္တမြားကိုကြုတ်၌ ထည့်ထားရာ၏၊ ထိုပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြားတည်း၊ ဤကားကြုတ်တည်း။ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း။ ထိုပတ္တမြားသည် ဤကြုတ်၌တည်၏"ဟု ဆိုရာ၏။ ဤသို့ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌အချို့သောသူသည် သင်္ခါရတို့ကို။ ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤသင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာသည် ငါ၏အတ္တတည်း၊ ငါ၏ ထို (သင်္ခါရ၊ ဝိညာဏ်၊ ရုပ်၊ ဝေဒနာဟူသော) အတ္တသည် ဤသညာ၌ တည်၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ သညာ၌ အတ္တကို အဖန်ဖန် ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် လေးခုမြောက်အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ သညာ၌ အတ္တကို အဖန်ဖန်ရှု၏။ (၄-၁၂)

၁၃၄။ အဘယ်သို့လျှင် သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် စက္ခုသမ္ဖဿကြောင့် ဖြစ်သောစေတနာကို။ သောတသမ္ဖဿကြောင့် ဖြစ်သောစေတနာကို။ ဃာနသမ္ဖဿကြောင့် ဖြစ်သောစေတနာကို။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သောစေတနာကို။ကာယသမ္ဖဿကြောင့် ဖြစ်သောစေတနာကို။ မနောသမ္ဖဿကြောင့် ဖြစ်သော စေတနာကို အတ္တအားဖြင့် အဖန်ဖန် ရှု၏။ "မနောသမ္ဖဿကြောင့် ဖြစ်သောစေတနာသည် ငါတည်း၊ ငါသည် မနောသမ္ဖဿကြောင့် ဖြစ်သောစေတနာတည်း" ဟု မနောသမ္ဖဿကြောင့် ဖြစ်သောစေတနာကိုငင်း အတ္တကိုငင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

http://www.dhammadownload.com



တောက်လောင်နေသောဆီမီး၏ မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုငှင်း အဆင်းကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် မနောသမ္ဘဿကြောင့် ဖြစ်သောစေတနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "မနောသမ္ဘဿကြောင့် ဖြစ်သောစေတနာသည် ငါတည်း၊ ငါသည် မနောသမ္ဘဿကြောင့်ဖြစ်သောစေတနာတည်း" ဟု မနောသမ္ဘဿကြောင့်ဖြစ်သော စေတနာကိုငှင်း အတ္တကို ငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာသော သဉ်္ဂါရလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ (၁-၁၃)

အဘယ်သို့လျှင် သင်္ခါရရှိသော အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ရုပ်ကို။ ဝေဒနာကို။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား"ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏အတ္တတည်း၊ ငါ၏ ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော) အတ္တသည် ဤသင်္ခါရတို့ဖြင့် သင်္ခါရရှိ၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ သင်္ခါရရှိသော အတ္တကို အဖန်ဖန် ရှု၏။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည်"ဤကား သစ်ပင် တည်း၊ ဤကားအရိပ်တည်း။ သစ်ပင်သည်တခြား၊ အရိပ်သည်တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏"ဟု ဆိုရာ၏။ ဤသို့ အရိပ်ရှိသောသစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူ သာလျှင် ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို။ သညာကို အတ္တ အားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား"ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏အတ္တတည်း၊ ငါ၏ ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော)အတ္တသည် ဤသင်္ခါရတို့ဖြင့် သင်္ခါရရှိ၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ သင်္ခါရရှိသော အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထု သည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် နှစ်ခုမြောက် သင်္ခါရလျှင်မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ သင်္ခါရရှိသော အတ္တကို အဖန်ဖန်ရှု၏။ (၁-၁၄)

အဘယ်သို့လျှင် အတ္တ၌ သင်္ခါရတို့ကို ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ ရုပ်ကို။ဝေဒနာကို။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏အတ္တတည်း၊ ဤ (ဝိညာဏ်၊ ရုပ်၊ဝေဒနာ၊သညာဟူသော) အတ္တ၌ ဤသင်္ခါရတို့သည် တည်ကုန်၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ အတ္တ၌ သင်္ခါရတို့ကို အဖန်ဖန်ရှု၏။

http://www.dhammadownload.com



ပန်းသည် အနံ့နှင့်ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုပန်းကို ယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကား အနံ့တည်း။ ပန်းသည် တခြား၊ အနံ့သည် တခြားတည်း။ ထိုအနံ့သည် ဤပန်း၌ တည်၏"ဟု ဆိုရာ၏။ ဤသို့ ပန်း၌ အနံ့ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏ အတ္တတည်း၊ ဤ(ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော) အတ္တ၌ ဤသင်္ခါရတို့သည် တည်ကုန်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ အတ္တ၌ သင်္ခါရတို့ကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်၊ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် သုံးခုမြောက် သင်္ခါရလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ အတ္တ၌ သင်္ခါရတို့ကို အဖန်ဖန်ရှု၏။ (၃-၁၅)

အဘယ်သို့လျှင် သင်္ခါရတို့၌ အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏အတ္တတည်း၊ ငါ၏ ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော) အတ္တသည် ဤသင်္ခါရတို့၌ တည်၏" ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ သင်္ခါရတို့၌ အတ္တကို အဖန်ဖန်ရှု၏။

ပတ္တမြားကို ကြုတ်၌ ထည့်ထားရာ၏၊ထိုပတ္တမြားကို ယောကျ်ားသည်"ဤကား ပတ္တမြားတည်း၊ ဤကား ကြုတ်တည်း။ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း။ ထိုပတ္တမြားသည် ဤကြုတ်၌ တည်၏"ဟု ဆိုရာ၏။ ဤသို့ ကြုတ်၌ ပတ္တမြားကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ဝိညာဏ်ကို။ ရုပ်ကို။ ဝေဒနာကို။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာသည် ငါ၏အတ္တတည်း၊ ငါ၏ ထို (ဝိညာဏ်၊ ရုပ်၊ ဝေဒနာ၊ သညာဟူသော) အတ္တသည် ဤသင်္ခါရတို့၌ တည်၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ သင်္ခါရတို့၌ အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် လေးခုမြောက်သင်္ခါရလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ သင်္ခါရတို့၌ အတ္တကို အဖန်ဖန်ရှု၏။ (၄-၁၆)

၁၃၅။ အဘယ်သို့လျှင် ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် စက္ခုဝိညာဏ်ကို။ သောတဝိညာဏ်ကို။ ဃာနဝိညာဏ်ကို ဇိဝှါဝိညာဏ်ကို။ ကာယဝိညာဏ်ကို။ မနောဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "မနောဝိညာဏ်သည် ငါတည်း၊ ငါသည် မနောဝိညာဏ်တည်း"ဟု မနောဝိညာဏ်ကိုငင်း အတ္တကိုငင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

http://www.dhammadownload.com



တောက်လောင်နေသော ဆီမီး၏မီးလျှံသည် အဆင်းတည်း၊ အဆင်းသည် မီးလျှံတည်းဟု မီးလျှံကိုငှင်း အဆင်းကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် မနောဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "မနောဝိညာဏ်သည် ငါတည်း၊ ငါသည် မနောဝိညာဏ်တည်း"ဟု မနောဝိညာဏ်ကိုငှင်း အတ္တကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာဝိညာဏ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ (၁-၁၇)

အဘယ်သို့လျှင် ဝိညာဏ်ရှိသော အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ရုပ်ကို။ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဟူသော) အတ္တသည် ဤဝိညာဏ်ဖြင့် ဝိညာဏ်ရှိ၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ ဝိညာဏ်ရှိသော အတ္တကို အဖန်ဖန် ရှု၏။

သစ်ပင်သည် အရိပ်နှင့် ပြည့်စုံသည် ဖြစ်ရာ၏၊ ထိုသစ်ပင်ကို ယောကျ်ားသည် "ဤကား သစ်ပင်တည်း၊ ဤကား အရိပ်တည်း။သစ်ပင်သည် တခြား၊အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏"ဟု ဆိုရာ၏၊ ဤသို့ အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ရုပ်ကို။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော) အတ္တသည် ဤဝိညာဏ်ဖြင့် ဝိညာဏ်ရှိ၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝိညာဏ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် နှစ်ခုမြောက် ဝိညာဏ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ ဝိညာဏ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။ (၂-၁၈)

အဘယ်သို့လျှင် အတ္တ၌ ဝိညာဏ်ကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ရုပ်ကို။ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရသည် ငါ၏အတ္တတည်း၊ ဤ (ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော) အတ္တ၌ ဤဝိညာဏ်သည် တည်၏"ဟု စိတ်အကြံဖြစ်၏၊ ဤသို့ အတ္တ၌ ဝိညာဏ်ကို အဖန်ဖန်ရှု၏။

http://www.dhammadownload.com



ပန်းသည် အနံ့နှင့်ပြည့်စုံသည်ဖြစ်ရာ၏၊ ထိုပန်းကို ယောကျ်ားသည် "ဤကား ပန်းတည်း၊ ဤကား အနံ့တည်း။ ပန်းသည် တခြား၊ အနံ့သည် တခြားတည်း။ ထိုအနံ့သည် ဤပန်း၌ တည်၏"ဟု ဆိုရာ၏၊ ဤသို့ ပန်း၌ အနံ့ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သော သူသည် ရုပ်ကို။ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရသည် ငါ၏အတ္တတည်း၊ ဤ(ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရဟူသော) အတ္တ၌ ဤဝိညာဏ်သည် တည်၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ အတ္တ၌ ဝိညာဏ်ကို အဖန်ဖန် ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် သုံးခုမြောက်ဝိညာဏ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ အတ္တ၌ ဝိညာဏ်ကို အဖန်ဖန်ရှု၏။ (၃-၁၉)

အဘယ်သို့လျှင် ဝိညာဏ်၌ အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ရုပ်ကို။ ဝေဒနာကို။သညာကို။သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရသည် ငါ၏အတ္တတည်း ငါ၏ ထို(ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရဟူသော)အတ္တသည် ဤဝိညာဏ်၌ တည်၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ ဝိညာဏ်၌ အတ္တကို အဖန်ဖန်ရှု၏။

ပတ္တမြားကို ကြုတ်၌ ထည့်ထားရာ၏၊ ထိုပတ္တမြားကို ယောကျ်ားသည် "ဤကား ပတ္တမြား တည်း၊ ဤကား ကြုတ်တည်း။ ပတ္တမြားသည် တခြား၊ ကြုတ်သည် တခြားတည်း။ ထို ပတ္တမြားသည် ဤကြုတ်၌ တည်၏"ဟု ဆိုရာ၏။ ဤသို့ ကြုတ်၌ ပတ္တမြားကိုအဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ရုပ်ကို။ဝေဒနာကို။သညာကို။သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ထိုပုဂ္ဂိုလ်အား "ဤရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရသည် ငါ၏အတ္တတည်း၊ ငါ၏ ထို(ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရဟူသော) အတ္တသည် ဤဝိညာဏ်၌ တည်၏"ဟု စိတ်အကြံ ဖြစ်၏။ ဤသို့ ဝိညာဏ်၌ အတ္တကို အဖန်ဖန်ရှု၏။

မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် လေးခုမြောက်ဝိညာဏ်လျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိမည်၏။ အတ္တာနုဒိဋ္ဌိသည် မိစ္ဆာအယူလည်း မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤသို့ ဝိညာဏ်၌ အတ္တကို အဖန်ဖန်ရှု၏၊ အတ္တာနုဒိဋ္ဌိကို ဤနှစ်ဆယ်သော အခြင်းအရာ တို့ဖြင့် မှားသောအားဖြင့် နှလုံးသွင်း၏။ (၄-၂၀)

နှစ်ခုမြောက် အတ္တာနုဒိဋ္ဌိ အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၃-မိစ္ဆာဒိဋ္ဌိ အကျယ်ပြခြင်း

၁၃၆။ မိစ္ဆာဒိဋ္ဌိ၌ အမှားနှလုံးသွင်းသော အခြင်းအရာ ဆယ်မျိုးဟူသည် အဘယ်နည်း။

"ပေးလှူခြင်း(၏အကျိုး)မရှိ"၊ ဤသို့ဒိဋ္ဌိ၏မှီရာသည် ဖြစ်၏၊ ဤသို့အယူရှိသော မှားသော အားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိ မဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ မိစ္ဆာလျှင် မှီရာရှိသော မိစ္ဆာဒိဋ္ဌိမည်၏။ မိစ္ဆာဒိဋ္ဌိသည် အယူ၏ပျက်စီးခြင်း မည်၏။ပ။ ဤသံယောဇဉ် တို့သည် ဒိဋ္ဌိမမည်ကုန်။

"ယဇ်(ငယ်ပူဇော်ခြင်း၏အကျိုး)မရှိ"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။ပ။ "ယဇ်ကြီးပူဇော်ခြင်း၏ အကျိုးမရှိ"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။"ကောင်းမှုမကောင်းမှုကံတို့၏ အကျိုးဝိပါက် မရှိ"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။"ဤလောကသည် မရှိ"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။ "တပါးသော လောကသည် မရှိ"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။ "အမိသည်မရှိ"[၁] ဤသို့ ဒိဋ္ဌိ၏မှီရာသည်။ "အဖသည်မရှိ" ဤသို့ ဒိဋ္ဌိ၏မှီရာသည် "ဥပပါတ်ဖြစ်ကုန်သော သတ္တဝါတို့သည် မရှိကုန်"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည်။ "ဤ ပစ္စုပ္ပန်လောကကိုရင်း တမလွန်လောကကိုရင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက် ပြု၍ ပြောကြားနိုင်ကုန်သော တူမျှသောအယူရှိကုန်သော ကောင်းသောအကျင့်ရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် လောက၌ မရှိကုန်"၊ ဤသို့ ဒိဋ္ဌိ၏မှီရာသည် ဖြစ်၏။ ဤသို့အယူရှိသော မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထု သည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ အကြင်ဒိဋ္ဌိသည်ရင်း အကြင် ဝတ္ထုသည်ရင်း ရှိ၏၊ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ဆယ်ခုမြောက်သော မိစ္ဆာလျှင်မှီရာရှိသော မိစ္ဆာဒိဋ္ဌိ မည်၏၊ မိစ္ဆာဒိဋ္ဌိသည် အယူ၏ပျက်စီးခြင်းမည်၏။ပ။

မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား နှစ်ပါးသော လားရောက်ရာတို့သည်သာ ဖြစ်ကုန်၏။ပ။ ဤ သံယောဇဉ်တို့သည် သံယောဇဉ်သာမည်၍ ဒိဋ္ဌိမမည်ကုန်။ မိစ္ဆာဒိဋ္ဌိကို ဤဆယ်ပါးသော အခြင်း အရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၄-သက္ကာယဒိဋ္ဌိ အကျယ်ပြခြင်း

၁၃၇။ သက္ကာယဒိဋ္ဌိ၌ အမှားနှလုံးသွင်းသော အခြင်းအရာနှစ်ဆယ်ဟူသည် အဘယ်နည်း။

ဤလောက၌ အရိယာပုဂ္ဂိုလ်တို့ကို ဉာဏ်ဖြင့် မြင်လေ့မရှိသော အရိယာတို့တရား၌ မလိမ္မာ သော အရိယာတို့တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကိုမြင်လေ့မရှိသော သူတော်ကောင်း တို့ တရား၌ မလိမ္မာသော သူတော်ကောင်းတို့ တရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ရုပ်ရှိသောအတ္တကိုလည်း အဖန်ဖန်ရှု၏၊ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန်ရှု၏၊ ရုပ်၌ အတ္တကိုလည်း အဖန်ဖန်ရှု၏။

ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ဝိညာဏ် ရှိသော အတ္တကိုလည်း အဖန်ဖန်ရှု၏၊ အတ္တ၌ ဝိညာဏ်ကိုလည်း အဖန်ဖန်ရှု၏၊ ဝိညာဏ်၌ အတ္တ ကိုလည်း အဖန်ဖန်ရှု၏။

---

၁-အမိသည် မရှိ = အမိ၌ကောင်းစွာပြုခြင်း မကောင်းသဖြင့်ပြုခြင်း၏အကျိုးသည် မရှိဟု ဆိုလိုသည်။ အဖသည် မရှိ ဟူရာ၌လည်း ထို့အတူပင်။

http://www.dhammadownload.com



အဘယ်သို့လျှင် ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ပထဝီကသိုဏ်းကို။ပ။ဩဒါတကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ "ဩဒါတကသိုဏ်းသည် ငါတည်း၊ ထိုငါသည် ဩဒါတကသိုဏ်းတည်း"ဟု ဩဒါတကသိုဏ်းကိုငင်း အတ္တကိုငင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏။ပ။ ဤအတူသာလျှင် ဤလောက၌ အချို့သော သူသည် ဩဒါတကသိုဏ် ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။ပ။ ဤသည်ကား ရှေးဦးစွာ ရုပ်လျှင်မှီရာရှိသော သက္ကာယဒိဋ္ဌိမည်၏၊ သက္ကာယဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။ ဤသို့ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ပ။

သက္ကာယဒိဋ္ဌိ၌ ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၅-သဿတဒိဋ္ဌိ အကျယ်ပြခြင်း

၁၃၇။ သက္ကာယလျှင် မှီရာရှိသော သဿတဒိဋ္ဌိ၌ အမှားနှလုံးသွင်းသော အခြင်းအရာ တဆယ့်ငါးပါးဟူသည် အဘယ်နည်း။

ဤလောက၌ အရိယာတို့ကို ဉာဏ်ဖြင့် မြင်လေ့မရှိသော အရိယာတို့တရား၌ မလိမ္မာသော အရိယာတို့တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဉာဏ်ဖြင့် မြင်လေ့ မရှိသော သူတော်ကောင်းတို့တရား၌ မလိမ္မာသော သူတော်ကောင်းတို့တရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသောပုထုဇဉ်သည် ရုပ်ရှိသော အတ္တကိုလည်း။ အတ္တ၌ ရုပ်ကိုလည်း။ ရုပ်၌ အတ္တကိုလည်း။ ဝေဒနာရှိသော အတ္တကိုလည်း။ သညာရှိသော အတ္တကိုလည်း။ သင်္ခါရရှိသော အတ္တကိုလည်း။ ဝိညာဏ်ရှိသော အတ္တကိုလည်း။ အတ္တ၌ ဝိညာဏ်ကိုလည်း။ ဝိညာဏ်၌ အတ္တကိုလည်း အဖန်ဖန်ရှု၏။

အဘယ်သို့လျှင် ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ဝေဒနာကို။ သညာကို။သင်္ခါရတို့ကို။ ဝိညာဏ်ကို။ အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ထိုပုဂ္ဂိုလ်အား "ဤဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်သည် ငါ၏ အတ္တတည်း၊ ငါ၏ ထို(ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော) အတ္တသည် ဤရုပ်ဖြင့် ရုပ်ရှိ၏"ဟု စိတ်အကြံဖြစ်၏။ ဤသို့ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။

သစ်ပင်သည် အရိပ်နှင့်ပြည့်စုံသည် ဖြစ်ရာ၏၊ထိုသစ်ပင်ကို ယောကျ်ားသည်"ဤကား သစ်ပင်တည်း၊ ဤကား အရိပ်တည်း။ သစ်ပင်သည် တခြား၊ အရိပ်သည် တခြားတည်း။ ထိုသစ်ပင်သည် ဤအရိပ်ဖြင့် အရိပ်ရှိ၏"ဟု ဆိုရာ၏။ ဤသို့အရိပ်ရှိသော သစ်ပင်ကို အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သော သူသည် ဝေဒနာကို။ပ။ ဤကား ရှေးဦးစွာ သက္ကာယလျှင် မှီရာရှိသော သဿတဒိဋ္ဌိတည်း၊ သဿတဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။ ဤသို့ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှု၏။ပ။ သက္ကာယလျှင် မှီရာရှိသော သဿတဒိဋ္ဌိ၌ ဤတဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၆-ဥစ္ဆေဒဒိဋ္ဌိ အကျယ်ပြခြင်း

၁၃၈။ သက္ကာယလျှင် မှီရာရှိသော ဥစ္ဆေဒဒိဋ္ဌိ၌ အမှားနှလုံးသွင်းသော အခြင်းအရာ ငါးပါး ဟူသည် အဘယ်နည်း။

http://www.dhammadownload.com



ဤလောက၌ အရိယာတို့ကို ဉာဏ်ဖြင့်မြင်လေ့မရှိသော အရိယာတို့တရား၌ မလိမ္မာသော အရိယာတို့တရား၌ မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဉာဏ်ဖြင့် မြင်လေ့မရှိသော သူတော်ကောင်းတို့တရား၌ မလိမ္မာသော သူတော်ကောင်းတို့တရား၌ မယဉ်ကျေးသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ဝေဒနာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ သညာကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ သင်္ခါရတို့ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။

အဘယ်သို့လျှင် ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

ဤလောက၌ အချို့သောသူသည် ပထဝီကသိုဏ်းကို။ပ။ ဩဒါတကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "ဤဩဒါတကသိုဏ်းသည် ငါတည်း၊ထိုငါသည် ဩဒါတကသိုဏ်းတည်း"ဟု ဩဒါတကသိုဏ်းကိုငှင်း အတ္တကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏။ပ။ ဤကား ရှေးဦးစွာ သက္ကာယလျှင် မှီရာရှိသော ဥစ္ဆေဒဒိဋ္ဌိမည်၏၊ ဥစ္ဆေဒဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။ ဤသို့ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ပ။ သက္ကာယလျှင် မှီရာရှိသော ဥစ္ဆေဒဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၇-အန္တဂ္ဂါဟိကဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၀။ အဆုံးရှိ၏ဟု အယူရှိသော အန္တဂ္ဂါဟိကဒိဋ္ဌိ၌ အမှားနှလုံးသွင်းသော အခြင်းအရာ ငါးဆယ်ဟူသည် အဘယ်နည်း။

"လောကသည်မြဲ၏" ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းသနည်း၊ "လောကသည် မမြဲ" ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းသနည်း၊ "လောကသည် အဆုံးရှိ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို။ "လောကသည် အဆုံးမရှိ"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို။ "ထိုကိုယ်သည် အသက်မည်၏၊ ထိုအသက်သည် ထိုကိုယ်မည်၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို။ "အသက်သည် တခြား၊ ကိုယ်သည် တခြားတည်း"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို။ "သတ္တဝါသည် သေပြီးနောက် ဖြစ်၏"ဟု။ပ။ "သတ္တဝါသည် သေပြီးနောက် မဖြစ်" ဟု။ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းရှိ၏၊ မဖြစ်သည်လည်း ရှိ၏" ဟု။ "သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်းမဟုတ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အဘယ်မျှသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းသနည်း။

"လောကသည် မြဲ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ပ။ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်" ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

(က) "လောကသည် မြဲ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ ငါးမျိုးဟူသည် အဘယ်နည်း။

"ရုပ်သည် လောကလည်း မည်၏၊သဿတလည်း မည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ထိုဒိဋ္ဌိဖြင့်ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိက

http://www.dhammadownload.com



ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ "လောကသည် မြဲ၏"ဟု ယူသောအန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏။

အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိတို့မမည်ကုန်။

"ဝေဒနာသည် လောကလည်းမည်၏၊ သဿတလည်း မည်၏"ဟု။ပ။

"သညာသည် လောကလည်းမည်၏၊ သဿတလည်း မည်၏"ဟု။ပ။

"သင်္ခါရတို့သည် လောကလည်း မည်၏၊ သဿတလည်း မည်၏"ဟု။ပ။

"ဝိညာဏ်သည် လောကလည်းမည်၏၊ သဿတလည်းမည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူအပ်သောကြောင့် အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ငါးခုမြောက် "လောကသည် မြဲ၏"ဟု ယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏။

အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိတို့မမည်ကုန်။ "လောကသည် မြဲ၏"ဟု ယူသောအန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅)

(ခ) "လောကသည် မမြဲ"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ ငါးမျိုးဟူသည် အဘယ်နည်း။

"ရုပ်သည်လောကလည်းမည်၏၊အသဿတလည်း မည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏။ပ။ဤသည်ကား ရှေးဦးစွာ "လောကသည် မမြဲ"ဟု ယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာအယူလည်းမည်၏၊ အမြင်မှန်ပျက်ခြင်းလည်း မည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"ဝေဒနာသည် လောကလည်း မည်၏၊ အသဿတလည်း မည်၏"ဟု။ပ။

"သညာသည် လောကလည်း မည်၏၊ အသဿတလည်း မည်၏"ဟု။ပ။

"သင်္ခါရတို့သည် လောကလည်း မည်၏၊ အသဿတလည်း မည်၏"ဟု ။ပ။ "ဝိညာဏ်သည် လောကလည်းမည်၏၊ အသဿတလည်း မည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏၊ အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"လောကသည် မမြဲ"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှား နှလုံးသွင်း၏။ (၅-၁၀)

(ဂ) "လောကသည် အဆုံးရှိ၏"ဟု ယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာငါးမျိုးဟူသည် အဘယ်နည်း။

http://www.dhammadownload.com



ဤလောက၌ အချို့သောသူသည်အနည်းငယ်သောအရပ်ကိုနီလ'အညို'အားဖြင့်နှံ့၏၊ထိုပုဂ္ဂိုလ်အား "ဤလောကသည် အဆုံးရှိ၏၊ ထက်ဝန်းကျင် အပိုင်းအခြားရှိ၏"ဟု ဤသို့ အကြံဖြစ်၏။ အဆုံးရှိ၏ဟု အမှတ်ရှိ၏။ "နှံ့သော ထိုကသိုဏ်းရုပ်သည် ဝတ္ထုလည်းမည်၏၊ လောကလည်းမည်၏၊ နှံ့သော စိတ်သည် အတ္တလည်း မည်၏၊ လောကလည်း မည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏။

ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ "လောကသည် အဆုံးရှိ၏"ဟု ယူသောကြောင့် အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤလောက၌ အချို့သောသူသည် အနည်းငယ်သောအရပ်ကို ပီတ 'အရွှေ'အားဖြင့် နှံ့၏။ လောဟိတ 'အနီ' အားဖြင့် နှံ့၏။ ဩဒါတ 'အဖြူ'အားဖြင့် နှံ့၏။ ဩဘာသ 'အရောင်အလင်း' အားဖြင့်နှံ့၏။ ထိုပုဂ္ဂိုလ်အား "ဤလောကသည် အဆုံးရှိ၏၊ ထက်ဝန်းကျင်အပိုင်းအခြားရှိ၏" ဟု ဤသို့အကြံဖြစ်၏။ အဆုံးရှိ၏ဟု အမှတ်ရှိ၏။ "နှံ့သော ထိုကသိုဏ်းရုပ်သည် ဝတ္ထုလည်း မည်၏၊ လောကလည်းမည်၏၊ နှံ့သောစိတ်သည် အတ္တလည်းမည်၏၊ လောကလည်းမည်၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏။ပ။ "လောကသည် အဆုံးရှိ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၁၅)

(ဃ) "လောကသည် အဆုံးမရှိ"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ ငါးပါးဟူသည် အဘယ်နည်း။

ဤလောက၌ အချို့သောသူသည် ကျယ်ပြန့်သောအရပ်ကို အညိုအားဖြင့် နှံ့၏၊ ထိုပုဂ္ဂိုလ်အား "ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြားမရှိ"ဟု အကြံဖြစ်၏။ ဤသို့အဆုံးမရှိဟု အမှတ်ရှိ၏။ "နှံ့သောထိုကသိုဏ်းရုပ်သည် ဝတ္ထုလည်း မည်၏၊ လောကလည်း မည်၏၊ နှံ့သော စိတ်သည် အတ္တလည်းမည်၏၊ လောကလည်း မည်၏"ဟု ဤသို့မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ "လောကသည် အဆုံးမရှိ"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

ဤလောက၌ အချို့သောသူသည် ကျယ်ပြန့်သောအရပ်ကို အရွှေအားဖြင့် နှံ့၏။ အနီအားဖြင့် နှံ့၏။ အဖြူအားဖြင့် နှံ့၏။ အရောင်အလင်းအားဖြင့်နှံ့၏။ ထိုပုဂ္ဂိုလ်အား "ဤလောကသည် အဆုံးမရှိ၊ အပိုင်းအခြား မရှိ"ဟု အကြံဖြစ်၏။ ဤသို့ အဆုံးမရှိဟု အမှတ်ရှိ၏။ "နှံ့သော ထိုကသိုဏ်းရုပ်သည် ဝတ္ထုလည်း မည်၏၊ လောကလည်း မည်၏၊ နှံ့သောထိုစိတ်သည် အတ္တလည်း မည်၏၊ လောကလည်း မည်၏"ဟု ဤသို့ မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့်ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏။ပ။ "လောကသည်

http://www.dhammadownload.com



အဆုံးမရှိ”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံး သွင်း၏။ (၅-၂၀)

(င)“ထိုကိုယ်သည် ဇီဝမည်၏၊ ထိုဇီဝသည် သရီရမည်၏”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာငါးမျိုးဟူသည် အဘယ်နည်း။

“ရုပ်သည် ဇီဝလည်း မည်၏၊ သရီရလည်း မည်၏၊ ဇီဝသည် သရီရမည်၏၊ သရီရသည် ဇီဝ မည်၏”ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ် သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ “ထို ကိုယ်သည် ဇီဝမည်၏၊ ထိုဇီဝသည် ကိုယ်မည်၏”ဟု ယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိမည်၏။ အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်၊

ဝေဒနာသည် ဇီဝလည်း မည်၏၊ သရီရလည်း မည်၏။ သညာသည် ဇီဝလည်း မည်၏၊ သရီရ လည်း မည်၏။ သင်္ခါရတို့သည် ဇီဝလည်း မည်ကုန်၏၊ သရီရလည်း မည်ကုန်၏။ “ဝိညာဏ်သည် ဇီဝလည်း မည်၏၊ သရီရလည်း မည်၏၊ ထိုဇီဝသည် သရီရမည်၏၊ ထိုသရီရသည် ဇီဝမည်၏”ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံး ရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏။ပ။ “ထိုကိုယ်သည် ဇီဝတည်း၊ ထိုဇီဝသည် ကိုယ်တည်း”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံး သွင်း၏။ (၅-၂၅)

(စ)“ဇီဝသည် တခြား၊ သရီရသည် တခြားတည်း”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံး သွင်းသော အခြင်းအရာငါးပါးဟူသည် အဘယ်နည်း။

“ရုပ်သည် သရီရမည်၏၊ ဇီဝမမည်၊ ဇီဝသည် သရီရမမည်။ ဇီဝသည် တခြား၊ သရီရသည် တခြားတည်း”ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ “ဇီဝသည် တခြား၊ သရီရသည် တခြားတည်း”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

“ဝေဒနာသည် သရီရမည်၏၊ ဇီဝမမည်။ သညာသည် သရီရမည်၏၊ ဇီဝမမည်။ သင်္ခါရတို့သည် သရီရမည်ကုန်၏၊ ဇီဝမမည်ကုန်။ ဝိညာဏ်သည် သရီရမည်၏၊ ဇီဝမမည်။ ဇီဝသည် သရီရမမည်။ ဇီဝသည် တခြား၊ သရီရသည် တခြားတည်း”ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ် ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟုယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏။ပ။ “ဇီဝသည် တခြား၊ သရီရသည် တခြားတည်း”ဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤ ငါး ပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၃၀)

(ဆ)“သတ္တဝါသည် သေပြီးနောက် ဖြစ်၏”ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်း သော အခြင်းအရာငါးပါးဟူသည် အဘယ်နည်း။

http://www.dhammadownload.com



"ရုပ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သော သဘောရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာ ပျက်သည့်နောက် ဖြစ်လည်းဖြစ်၏၊ တည်လည်းတည်၏၊ ဖြစ်ပေါ်လည်း ဖြစ်ပေါ်၏၊ ဖြစ်ပွါးလည်း ဖြစ်ပွါး၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထို ပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထု သည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ "သတ္တဝါသည် သေပြီးနောက် ဖြစ်၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"ဝေဒနာသည် ဤအတ္တဘော၌သာလျှင် သေတတ်သော သဘောရှိ၏။ သညာသည် ဤအတ္တ ဘော၌သာလျှင် သေတတ်သော သဘောရှိ၏။ သင်္ခါရတို့သည် ဤအတ္တဘော၌သာလျှင် သေ တတ်သော သဘောရှိကုန်၏။ ဝိညာဏ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သော သဘော ရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာပျက်သည့်နောက် ဖြစ်လည်းဖြစ်၏၊ တည်လည်းတည်၏၊ ဖြစ်ပေါ် လည်း ဖြစ်ပေါ်၏၊ ဖြစ်ပွါးလည်း ဖြစ်ပွါး၏"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ် ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏။ပ။ "သတ္တဝါသည် သေပြီးနောက် ဖြစ်၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၃၅)၊

(၈)"သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံး သွင်းသော အခြင်းအရာငါးပါးဟူသည် အဘယ်နည်း။

"ရုပ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သော သဘောရှိ၏၊ သတ္တဝါသည်လည်း ကိုယ် ခန္ဓာပျက်သည့်နောက် ပြတ်၏၊ ပျက်စီး၏၊ သတ္တဝါသည် သေပြီးနောက် မဖြစ်"ဟု မှားသော အားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏။

ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ "သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်"ဟု ယူသော အန္တဂ္ဂါ ဟိကဒိဋ္ဌိ မည်၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"ဝေဒနာသည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏၊ သညာသည် ဤအတ္တ ဘော၌သာလျှင် သေတတ်သောသဘောရှိ၏။ သင်္ခါရတို့သည် ဤအတ္တဘော၌သာလျှင် သေတတ် သော သဘောရှိ၏။ ဝိညာဏ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏၊ သတ္တဝါ သည်လည်း ကိုယ်ခန္ဓာပျက်သည့်နောက် ပြတ်၏၊ ပျက်၏၊ သေပြီးနောက် မဖြစ်"ဟု မှားသော အားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏။ပ။ "သတ္တဝါသည် သေပြီးနောက် မဖြစ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၄၀)

(၉)"သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာငါးပါးဟူသည် အဘယ်နည်း။

http://www.dhammadownload.com



"ရုပ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာ ပျက်သည့်နောက် ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါ ဟိကဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း၊ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ "သတ္တဝါသည် သေပြီးနောက် ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်းမဖြစ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤ သံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"ဝေဒနာသည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏။ သညာသည် ဤအတ္တ ဘော၌သာလျှင် သေတတ်သောသဘောရှိ၏။ သင်္ခါရတို့သည် ဤအတ္တဘော၌သာလျှင် သေတတ် သော သဘောရှိကုန်၏။ ဝိညာဏ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာပျက်သည့်နောက် ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်"ဟု မှားသော အားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏။ပ။ သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၄၅)

(ည) "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာငါးမျိုးဟူသည် အဘယ်နည်း။

"ရုပ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သော သဘောရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာ ပျက်စီးသည်နောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံးရှိ၏ဟု ယူသော ကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ရှေးဦးစွာ "သတ္တဝါသည် သေပြီးနောက် ဖြစ် သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိမည်၏၊ အန္တဂ္ဂါဟိက ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"ဝေဒနာသည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏။ သညာသည် ဤအတ္တ ဘော၌သာလျှင် သေတတ်သောသဘောရှိ၏။ သင်္ခါရတို့သည် ဤအတ္တဘော၌သာလျှင် သေတတ် သောသဘောရှိကုန်၏။ ဝိညာဏ်သည် ဤအတ္တဘော၌သာလျှင် သေတတ်သောသဘောရှိ၏၊ သတ္တဝါသည် ကိုယ်ခန္ဓာပျက်စီးသည့်နောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် ဒိဋ္ဌိမည်၏၊ ထိုဒိဋ္ဌိဖြင့် ထိုပုဂ္ဂိုလ်သည် အဆုံး ရှိ၏ဟု ယူသောကြောင့် အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်၊ ဒိဋ္ဌိသည် တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် ငါးခုမြောက် "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ် သည်လည်း မဟုတ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိ မည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

http://www.dhammadownload.com



"သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အန္တဂ္ဂါဟိကဒိဋ္ဌိကို ဤငါးဆယ်သောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ (၅-၅၀)

ခုနစ်ခုမြောက် အန္တဂ္ဂါဟိကဒိဋ္ဌိ အကျယ်ပြခြင်း ပြီး၏။

---

## ၈-ပုဗ္ဗန္တာနုဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၁။ အတိတ်ဟုဆိုအပ်သော ရှေးအစွန်းသို့ အစဉ်လျှောက်၍ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ တဆယ့်ရှစ်ပါးဟူသည် အဘယ်နည်း။

တည်မြဲအယူရှိသော 'သဿတ'ဒိဋ္ဌိလေးပါး၊ အချို့ တည်မြဲအယူရှိသော 'ဧကစ္စသဿတိက'ဒိဋ္ဌိလေးပါး၊ အဆုံး ရှိ မရှိ အယူရှိသော 'အန္တာနန္တိက'ဒိဋ္ဌိလေးပါး၊ အဆုံးမရှိ ပက်လက်သော အယူရှိသော 'အမရာဝိက္ခေပိက'ဒိဋ္ဌိလေးပါး၊ အကြောင်းမဲ့ဖြစ်၏ဟု အယူရှိသော 'အဓိစ္စသမုပ္ပန္နိက'ဒိဋ္ဌိနှစ်ပါး၊ ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ရှေးအစွန်းကို အစဉ်လျှောက်၍ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိကို အမှားနှလုံးသွင်း၏။

## ၉-အပရန္တာနုဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၂။ နောက်အစွန်းသို့ အစဉ်လျှောက်၍ယူသော အပရန္တာနုဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ လေးဆယ့်လေးပါးဟူသည် အဘယ်နည်း။

သညာရှိ၏ဟု အယူရှိသော 'သညီဝါဒ'ဒိဋ္ဌိ တဆယ့်ခြောက်ပါး၊ သညာမရှိဟု အယူရှိသော 'အသညီဝါဒ' ဒိဋ္ဌိရှစ်ပါး၊ သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်းမဟုတ်ဟု အယူရှိသော 'နေဝသညီနာသညီဝါဒ' ဒိဋ္ဌိရှစ်ပါး၊ ပြတ်စဲ၏ဟု အယူရှိသော 'ဥစ္ဆေဒဝါဒ' ဒိဋ္ဌိခုနစ်ပါး၊ မျက်မှောက်ဘဝ၌ ငြိမ်းချမ်းသာမှုကို နိဗ္ဗာန်ဟု စွဲယူတတ်သော 'ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ' ဒိဋ္ဌိငါးပါး၊ ဤ လေးဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် နောက်အစွန်းသို့ အစဉ်လျှောက်၍ယူသော အပရန္တာနုဒိဋ္ဌိကို အမှားနှလုံးသွင်း၏။

## ၁၀။ ၁၂-သညောဇနိကဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၃။ သညောဇနိကဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ တဆယ့်ရှစ်ပါး ဟူသည် အဘယ်နည်း။

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိ၌ အတွင်းဝင်သည်၏အဖြစ်ကြောင့် ဒိဋ္ဌိဂတ၊ လွန်နိုင်ခဲသော အနက်ကြောင့် ဒိဋ္ဌိဂဟန။ပ။ များသောအားဖြင့် နှလုံးသွင်းတတ်သောကြောင့် ဒိဋ္ဌာဘိနိဝေသ များသောအားဖြင့် သုံးသပ်တတ်သောကြောင့် ဒိဋ္ဌိပရာမာသမည်၏၊ သညောဇနိကဒိဋ္ဌိကို ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

http://www.dhammadownload.com



၁၄၄။ ငါဟူသောမာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော 'အဟန္တိမာနဝိနိဗန္ဓ' ဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာ တဆယ့်ရှစ်ပါးဟူသည် အဘယ်နည်း။

"မျက်စိသည် ငါတည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် "ငါ" ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာ "ငါ"ဟူ သောမာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိမည်၏၊ ငါဟူသောမာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"နားသည် ငါတည်း" ဤသို့။ပ။"နှာခေါင်းသည် ငါတည်း" ဤသို့။ပ။"လျှာသည်ငါတည်း" ဤသို့။ပ။"ကိုယ်သည် ငါတည်း" ဤသို့။ပ။"စိတ်သည် ငါတည်း" ဤသို့။ပ။ "ရူပါရုံတို့သည် ငါတည်း" ဤသို့။ပ။"ဓမ္မာရုံတို့သည် ငါတည်း" ဤသို့။ပ။

"စက္ခုဝိညာဏ်သည် ငါတည်း" ဟု ။ပ။ "မနောဝိညာဏ်သည် ငါတည်း"ဟု မှားသော အားဖြင့် နှလုံးသွင်းခြင်းသုံးသပ်ခြင်းသည် "ငါ"ဟူသောမာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် တဆယ့်ရှစ်ခုမြောက်- "ငါ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိမည်၏၊ "ငါ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။ "ငါ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိကို ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

၁၄၅။"ငါ၏ဥစ္စာ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော 'မမန္တိမာန ဝိနိဗန္ဓ'ဒိဋ္ဌိကိုအမှားနှလုံးသွင်းသောအခြင်းအရာ တဆယ့်ရှစ်ပါးဟူသည် အဘယ်နည်း။

"မျက်စိသည် ငါ၏ ဥစ္စာတည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းသုံးသပ်ခြင်းသည် 'မမန္တိမာနဝိနိဗန္ဓ' ဒိဋ္ဌိ မည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည်ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည်ရှေးဦးစွာ "ငါ၏ ဥစ္စာ" ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိမည်၏၊ ငါ၏ဥစ္စာဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

"နားသည် ငါ၏ ဥစ္စာတည်း"ဟု။ပ။"နှာခေါင်းသည် ငါ၏ ဥစ္စာတည်း"ဟု။ပ။"လျှာသည်ငါ၏ ဥစ္စာတည်း"ဟု။ပ။"ကိုယ်သည် ငါ၏ ဥစ္စာတည်း"ဟု။ပ။"စိတ်သည် ငါ၏ ဥစ္စာတည်း"ဟု။ပ။ "ရူပါရုံတို့သည် ငါ၏ဥစ္စာတည်း"ဟု။ပ။"ဓမ္မာရုံတို့သည် ငါ၏ဥစ္စာတည်း" ဟု။ပ။"စက္ခုဝိညာဏ်သည် ငါ၏ ဥစ္စာတည်း"ဟု။ပ။"မနောဝိညာဏ်သည် ငါ၏ဥစ္စာတည်း" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် "ငါ၏ဥစ္စာ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည်ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့် ဝတ္ထုသည် တဆယ့်ရှစ်ခုမြောက်"ငါ၏ ဥစ္စာ"ဟူသောမာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိမည်၏၊ ငါ၏ ဥစ္စာဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိမမည်ကုန်။

http://www.dhammadownload.com



"ငါ၏ ဥစ္စာ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သော ဒိဋ္ဌိကို ဤတဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၁၃-အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၆။ အတ္တဟု ပြောဆိုခြင်းနှင့်စပ်သော 'အတ္တဝါဒပဋိသံယုတ္တ' ဒိဋ္ဌိကို အမှားနှလုံးသွင်းသော အခြင်းအရာနှစ်ဆယ်ဟူသည် အဘယ်နည်း။

ဤလောက၌ အရိယာပုဂ္ဂိုလ်တို့ကို ဉာဏ်ဖြင့်မြင်လေ့မရှိသော, အရိယာတို့၏တရား၌မလိမ္မာသော, အရိယာတို့တရား၌မယဉ်ကျေးသော သူတော်ကောင်းတို့ကို ဉာဏ်ဖြင့် မြင်လေ့မရှိသော, သူတော်ကောင်းတရား၌ မလိမ္မာသော, သူတော်ကောင်းတရား၌ မယဉ်ကျေးသော, အကြားအမြင်မရှိသော ပုထုဇဉ်သည် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ရုပ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှု၏၊ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန်ရှု၏၊ ရုပ်၌ အတ္တကိုလည်း အဖန်ဖန်ရှု၏။ပ။ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အတ္တအားဖြင့် အဖန်ဖန်ရှု၏၊ ဝိညာဏ်ရှိသော အတ္တကိုလည်း။ အတ္တ၌ ဝိညာဏ်ကိုလည်း။ ဝိညာဏ်၌ အတ္တကိုလည်း။ပ။

အဘယ်သို့လျှင် ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှုသနည်း။

လောက၌ အချို့သောသူသည် ပထဝီကသိုဏ်းကို။ပ။ဩဒါတကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ "ထိုဩဒါတ ကသိုဏ်းသည် ငါတည်း၊ ထို ငါသည် ဩဒါတကသိုဏ်းတည်း" ဟု ဩဒါတကသိုဏ်းကိုငှင်း အတ္တကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှု၏။

တောက်လောင်နေသော ဆီမီး၏ မီးလျှံသည် အဆင်းတည်း၊ အကြင်အဆင်းသည်ရှိ၏၊ ထိုအဆင်းသည် မီးလျှံတည်း ဟု မီးလျှံကိုငှင်း အဆင်းကိုငှင်း နှစ်ခုမထား အပြားမရှိ အဖန်ဖန်ရှုသကဲ့သို့ ဤအတူသာလျှင် ဤလောက၌ အချို့သောသူသည် ဩဒါတကသိုဏ်းကို အတ္တအားဖြင့် အဖန်ဖန်ရှု၏။ ပ ။ဤကား ရှေးဦးစွာ "ရုပ်လျှင် မှီရာရှိသော အတ္တ" ဟု ခေါ် ဝေါ် ခြင်းနှင့်စပ်သော ဒိဋ္ဌိမည်၏၊ အတ္တဟုပြောဆိုခြင်းနှင့် စပ်သော ဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်၊ ဤသို့ ရုပ်ကိုအတ္တအားဖြင့် အဖန်ဖန်ရှု၏။ပ။အတ္တဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိကို ဤနှစ်ဆယ်သောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၁၄-လောကဝါဒပဋိသံယုတ္တဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၇။ အတ္တကို လောကဟုပြောဆိုခြင်းနှင့်စပ်သော 'လောက ဝါဒပဋိသံယုတ္တ' ဒိဋ္ဌိကိုအမှားနှလုံးသွင်းသော အခြင်းအရာ ရှစ်ပါးဟူသည် အဘယ်နည်း။

"အတ္တသည်ငှင်း လောကသည်ငှင်း မြဲ၏" ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် အတ္တကို လောကဟုပြောဆိုခြင်းနှင့်စပ်သောဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား ဝတ္ထုသည်တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည် ရှေးဦးစွာသော "အတ္တကို လောက"ဟု ပြောဆိုခြင်းနှင့် စပ်သော ဒိဋ္ဌိမည်၏။ အတ္တကိုလောကဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်။

http://www.dhammadownload.com



"အတ္တသည်၎င်း လောကသည်၎င်း မမြဲ"ဟု။ပ။ "အတ္တသည်၎င်း လောကသည်၎င်း မြဲလည်း မြဲ၏၊ မမြဲလည်း မမြဲ"ဟု။ပ။"အတ္တသည်၎င်း လောကသည်၎င်း မြဲသည်လည်းမဟုတ်၊ မမြဲသည် လည်း မဟုတ်"ဟု။ "အတ္တသည်၎င်း လောကသည်၎င်း အဆုံးရှိ၏" ဟု။ "အတ္တသည်၎င်း လောက သည်၎င်း အဆုံးမရှိ"ဟု။ အတ္တသည်၎င်း လောကသည်၎င်း အဆုံးလည်းရှိ၏၊ အဆုံးလည်းမရှိ"ဟု။ "အတ္တသည်၎င်း လောကသည်၎င်း အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ် ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်း သုံးသပ်ခြင်းသည် အတ္တကို လောကဟု ပြောဆိုခြင်းနှင့် စပ်သော ဒိဋ္ဌိမည်၏၊ ဒိဋ္ဌိသည် ဝတ္ထုမဟုတ်၊ ဝတ္ထုသည် ဒိဋ္ဌိမဟုတ်။ ဒိဋ္ဌိသည်တခြား၊ ဝတ္ထုသည် တခြားတည်း။ ဤဒိဋ္ဌိနှင့်ဝတ္ထုသည်ရှစ်ခုမြောက် "အတ္တကို လောက"ဟု ပြောဆိုခြင်းနှင့်စပ်သော ဒိဋ္ဌိမည်၏၊ အတ္တကို လောကဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမည်၏။ပ။ ဤသံယောဇဉ်တို့သည် ဒိဋ္ဌိ မမည်ကုန်။ အတ္တကို လောကဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိကို ဤရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။

## ၁၅။ ၁၆-ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ အကျယ်ပြခြင်း

၁၄၇။ တွန့်ဆုတ်သောအားဖြင့် အမှားနှလုံးသွင်းလျက် ဘဝဖြစ်၏ဟုယူခြင်းသည် ဘဝဒိဋ္ဌိ မည်၏၊ ကျော်လွန်ပြေးသွားသောအားဖြင့် အမှားနှလုံးသွင်းလျက် ဘဝပြတ်၏ဟု ယူဆခြင်း သည် ဝိဘဝဒိဋ္ဌိမည်၏၊ သုခအဿာဒဒိဋ္ဌိကို သုံးဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံး သွင်း၏။ ဘဝဒိဋ္ဌိတို့သည်အဘယ်မျှတို့နည်း။ ဝိဘဝဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း။ အတ္တာနုဒိဋ္ဌိကို နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ဘဝဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း။ ဝိဘဝ ဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း။ပ။အတ္တကိုလောကဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိကိုရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ ဘဝဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း၊ ဝိဘဝဒိဋ္ဌိ တို့သည် အဘယ်မျှတို့နည်း။

အဿာဒဒိဋ္ဌိကို သုံးဆယ့်ငါးပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။ အတ္တာနုဒိဋ္ဌိကို နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ ဘဝဒိဋ္ဌိတို့သည် တဆယ့်ငါးပါးတို့တည်း၊ ဝိဘဝဒိဋ္ဌိတို့သည် ငါးပါးတို့တည်း။ မိစ္ဆာဒိဋ္ဌိကို ဆယ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏။ အလုံးစုံသာလျှင် ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။

သက္ကာယဒိဋ္ဌိကို နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ ဘဝဒိဋ္ဌိတို့သည် တဆယ့်ငါးပါးတို့တည်း၊ ဝိဘဝဒိဋ္ဌိတို့သည် ငါးပါးတို့တည်း။ သက္ကာယလျှင် မှီရာရှိသော သဿတ ဒိဋ္ဌိကို တဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင် ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဘဝဒိဋ္ဌိတို့တည်း။

သက္ကာယလျှင် မှီရာရှိသော ဥစ္ဆေဒဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားလုံးသွင်း၏၊ အလုံးစုံသာလျှင် ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။

"လောကသည် မြဲ၏" ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဘဝဒိဋ္ဌိတို့တည်း။ "လောကသည်

http://www.dhammadownload.com



မမြဲ" ဟု ယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင် ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။

"လောကသည် အဆုံးရှိ၏" ဟုယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း။ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

"လောကသည် အဆုံးမရှိ" ဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

"ထိုကိုယ်သည် ဇီဝမည်၏၊ ထိုဇီဝသည် သရီရမည်၏" ဟုယူသော အန္တဂ္ဂါဟိက ဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။

"ဇီဝသည် တခြား၊ သရီရသည် တခြားတည်းဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဘဝဒိဋ္ဌိတို့တည်း။

"သတ္တဝါသည် သေပြီးနောက်ဖြစ်၏"ဟု ယူသောအန္တဂ္ဂါဟိကဒိဋ္ဌိကိုငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည်၊ ဘဝဒိဋ္ဌိတို့တည်း။ "သတ္တဝါသည် သေပြီးနောက်မဖြစ်"ဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်း ရှိ၏"ဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။ "သတ္တဝါသည် သေပြီးနောက် ဖြစ်သည်လည်းမဟုတ်၊ မဖြစ်သည်လည်း မဟုတ်"ဟုယူသော အန္တဂ္ဂါဟိကဒိဋ္ဌိကို ငါးပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

ရှေ့အစွန်းသို့ အစဉ်လျှောက်၍ယူသော ပုဗ္ဗန္တာနုဒိဋ္ဌိကို တဆယ့်ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

နောက်အစွန်းသို့ အစဉ်လျှောက်၍ယူသော အပရန္တာနုဒိဋ္ဌိကို လေးဆယ့်လေးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

သညောဇနိကဒိဋ္ဌိကို တဆယ့်ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

"ငါ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိကို တဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဝိဘဝဒိဋ္ဌိတို့တည်း။

"ငါ့ဉစ္စာ"ဟူသော မာန်မူခြင်းဖြင့် နှောင်ဖွဲ့အပ်သောဒိဋ္ဌိကို တဆယ့်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် ဘဝဒိဋ္ဌိတို့တည်း။

အတ္တဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိကို နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ ဘဝဒိဋ္ဌိတို့သည် တဆယ့်ငါးပါးတို့တည်း၊ ဝိဘဝဒိဋ္ဌိတို့သည် ငါးပါးတို့တည်း။

http://www.dhammadownload.com



လောကဟု ပြောဆိုခြင်းနှင့် စပ်သောဒိဋ္ဌိကို ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်း၏၊ အချို့ကား ဘဝဒိဋ္ဌိတို့တည်း၊ အချို့ကား ဝိဘဝဒိဋ္ဌိတို့တည်း။

အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် (တဏှာတည်းဟူသော သာယာဖွယ်ကို မှီသောကြောင့်) အဿာဒဒိဋ္ဌိ မည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် (အတ္တကို ချစ်ခင်ခြင်းသို့ အစဉ်လိုက်သောကြောင့်) အတ္တာနုဒိဋ္ဌိ မည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် (ဖောက်ပြန်သောအယူရှိသောကြောင့်) မိစ္ဆာဒိဋ္ဌိမည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည်(ခန္ဓာလျှင်မှီရာရှိသောကြောင့်)သက္ကာယဒိဋ္ဌိတို့ မည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည်(တခုသောအစွန်းကိုယူသောကြောင့်)အန္တဂ္ဂါဟိကဒိဋ္ဌိ မည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည် (အကျိုးမဲ့၌ ယဉ်စေတတ်သောကြောင့်) သညောဇနိကဒိဋ္ဌိ မည်ကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုဒိဋ္ဌိတို့သည်(ငါ၏ကိုယ်ဟု ခေါ်ဝေါ်ခြင်းနှင့် စပ်သောကြောင့်) အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိ မည်ကုန်၏။

> ဤလူများအပေါင်းသည် နိဗ္ဗာန်၌ ဖောက်ပြန်သော အမှတ်သညာရှိသောကြောင့် ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ ဤနှစ်ပါးစုံကို စွဲမှီကြံဆကုန်၏၊ ထိုကြံဆသူတို့အား နိဗ္ဗာန်၌ ဉာဏ်မသက်ရောက်နိုင်လေ။

၁၄၉။ ရဟန်းတို့ အယူနှစ်ပါးတို့ဖြင့် နှိပ်စက်အပ်ကုန်သော အချို့နတ်လူတို့သည် တွန့်ဆုတ်ကုန်၏၊ အချို့နတ်လူတို့သည် ကျော်လွန်ပြေးသွားကုန်၏၊ ပညာမျက်စိရှိသူတို့သာ မြင်ကုန်၏။

ရဟန်းတို့ အချို့သူတို့သည် အဘယ်သို့လျှင် တွန့်ဆုတ်ကုန်သနည်း။ ရဟန်းတို့ နတ်လူတို့သည်ကား ဘဝလျှင် မွေ့လျော်ရာရှိကုန်၏၊ ဘဝ၌ တပ်မက်ကုန်၏၊ ဘဝဖြင့် ရွှင်ရကုန်၏၊ ထိုနတ်လူတို့အား ဘဝချုပ်ခြင်းငှါ တရားဟောသည်ရှိသော် စိတ်သည်(တရား၌)မဝင်၊ မကြည်ညို၊ မတည်၊ နှလုံးမသွင်း။ ရဟန်းတို့ ဤသို့လျှင် အချို့သူတို့သည် တွန့်ဆုတ်ကုန်၏။ ရဟန်းတို့ အဘယ်သို့လျှင် အချို့သူတို့သည် ကျော်လွန် ပြေးသွားကုန်သနည်း၊ အချို့သူတို့သည် စင်စစ်ဘဝဖြင့်သာလျှင် ဆင်းရဲရှက်နိုး စက်ဆုပ်[1] ကုန်သည်ဖြစ်၍ ဘဝကင်းမှု ဘဝပြတ်မှုကို တောင့်တကုန်၏။

အချင်းတို့ အကြင့်ကြောင့် ဤအတ္တသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ပြတ်၏၊ ပျက်၏၊ သေပြီးနောက် မဖြစ်၊ ဤအတ္တဘောသည် ငြိမ်း၏၊ ဤအတ္တဘောသည် မွန်မြတ်၏၊ ဤအတ္တဘောသည် သဘောအားလျော်စွာ ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် အချို့နတ်လူတို့သည် ကျော်လွန်ပြေးသွားကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပညာမျက်စိရှိသူတို့သည် မြင်ကုန်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဖြစ်သောဒုက္ခအမှန်ကို ဖြစ်သောဒုက္ခအမှန်ဟု ရှု၏၊ ဖြစ်သောဒုက္ခအမှန်ကို ဖြစ်သောဒုက္ခအမှန်ဟု မြင်သောကြောင့် ငြီးငွေ့ခြင်းငှါ တပ်မက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် ပညာမျက်စိရှိသူတို့သည် မြင်ကုန်၏။

> "အကြင်(ရဟန္တာ)သည် ဒုက္ခအမှန်နှင့် ဒုက္ခအမှန်ကို လွန်မြောက်ရာနိဗ္ဗာန်ကို မြင်၍ ဘဝတဏှာကုန်သောကြောင့် ဟုတ်မှန်တိုင်းသော နိဗ္ဗာန်ကို နှလုံးသွင်း၏။

---

[1] ၁-အင်္ဂုတ္တိုရ်မာနာတိ ဓုက္ခံ ပါဠိဟာမာနာ(ဤပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)။

http://www.dhammadownload.com



ဘဝကြီးငယ်၌ တပ်မက်မှုကင်းလျက် အဟုတ်အမှန်ကို ပိုင်းခြားသိသော ထိုရဟန္တာသည် စင်စစ် ဝဋ်ဆင်းရဲပြတ်ကင်းခြင်းကြောင့် တဖန်ဘဝသစ်သို့မရောက်"။

၁၅၀။ အယူပျက်သော ပုဂ္ဂိုလ်တို့သည် သုံးယောက်တို့တည်း၊ အယူမှန်သော ပုဂ္ဂိုလ်တို့သည် သုံးယောက်တို့တည်း။

အယူပျက်သောပုဂ္ဂိုလ်တို့သည် အဘယ်သုံးယောက်တို့နည်း ဟူမူ—

တိတ္ထိများ၊

တိတ္ထိတပည့်များ၊

မိစ္ဆာအယူရှိသူများ၊

အယူပျက်သော ပုဂ္ဂိုလ်တို့သည် ဤသုံးယောက်တို့တည်း။

အယူမှန်သော ပုဂ္ဂိုလ်တို့သည် အဘယ်သုံးယောက်တို့နည်း ဟူမူ—

ဘုရား၊

ဘုရားတပည့်သာဝက၊

သမ္မာအယူရှိသူများ၊

အယူမှန်သောပုဂ္ဂိုလ်တို့သည် ဤသုံးယောက်တို့တည်း။

အကြင်သူသည် အမျက်ထွက်တတ်၏၊ ရန်ငြိုးလည်း ဖွဲ့တတ်၏၊ ယုတ်မာလျက် ကျေးဇူးကိုလည်း ချေဖျက်တတ်၏၊ ပျက်သောအယူလည်း ရှိ၏၊ ကောက်ကျစ်စဉ်းလဲတတ်၏၊ ထိုသူကို သူယုတ်ဟု သိရာ၏။

အမျက်လည်း မထွက်တတ်၊ ရန်ငြိုးလည်း မဖွဲ့တတ်၊ စင်ကြယ်၏၊ စင်ကြယ်သည့် အဖြစ်သို့လည်း ရောက်၏၊ ကောင်းသောအဖြစ်သို့ ရောက်သောအယူလည်း ရှိ၏၊ ပညာလည်း ရှိ၏၊ ထိုသူ့ကို သူမြတ်ဟု သိရာ၏။

ပျက်သောအယူတို့သည် သုံးပါးတို့တည်း၊ ကောင်းသောအဖြစ်သို့ ရောက်သောအယူတို့သည် သုံးပါးတို့တည်း။

ပျက်သောအယူသုံးပါးတို့သည် အဘယ်တို့နည်းဟူမူ— "ဤရုပ်သည် ငါ၏ဥစ္စာတည်း" ဤသို့ ပျက်သောအယူ ဖြစ်၏၊ "ဤရုပ်သည် ငါဖြစ်၏" ဤသို့ ပျက်သောအယူ ဖြစ်၏၊ "ဤရုပ်သည် ငါ၏ အတ္တတည်း" ဤသို့ ပျက်သောအယူ ဖြစ်၏။ ပျက်သောအယူသုံးပါးတို့သည် ဤသည်တို့တည်း။

ကောင်းသောအဖြစ်သို့ရောက်သော အယူသုံးပါးတို့သည် အဘယ်တို့နည်းဟူမူ— "ဤရုပ်သည် ငါ၏ ဥစ္စာမဟုတ်"၊ ဤသို့ ကောင်းသောအဖြစ်သို့ ရောက်သောအယူဖြစ်၏၊ "ဤရုပ်သည် ငါ မဟုတ်"၊ ဤသို့ ကောင်းသောအဖြစ်သို့ရောက်သောအယူ ဖြစ်၏၊ "ဤရုပ်သည် ငါ၏အတ္တမဟုတ်"၊ ဤသို့ ကောင်းသောအဖြစ်သို့ ရောက်သောအယူ ဖြစ်၏။ ကောင်းသောအဖြစ်သို့ ရောက်သောအယူ သုံးပါးတို့သည် ဤသည်တို့တည်း။

http://www.dhammadownload.com



"ဤရုပ်သည် ငါ၏ဥစ္စာတည်း"ဟူသော ဒိဋ္ဌိသည် အဘယ်နည်း။ ဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း၊ ထိုဒိဋ္ဌိတို့သည် အဘယ်အစွန်းသို့ အစဉ်လျှောက်သောအယူ ရှိကုန်သနည်း၊ "ဤရုပ်သည် ငါဖြစ်၏"ဟူသောဒိဋ္ဌိသည် အဘယ်နည်း၊ ဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း၊ ထိုဒိဋ္ဌိတို့သည် အဘယ်အစွန်းသို့ အစဉ်လျှောက်သောအယူ ရှိကုန်သနည်း။ "ဤရုပ်သည် ငါ၏အတ္တတည်း"ဟုယူသော ဒိဋ္ဌိသည် အဘယ်နည်း၊ ဒိဋ္ဌိတို့သည် အဘယ်မျှတို့နည်း၊ ထိုဒိဋ္ဌိတို့သည် အဘယ်အစွန်းသို့ အစဉ်လျှောက်သောအယူ ရှိကုန်သနည်း။

"ဤရုပ်သည် ငါ၏ဥစ္စာတည်း"ဟု ယူသောဒိဋ္ဌိသည် ရှေ့အစွန်းကို အစဉ်လျှောက်သောဒိဋ္ဌိ ဖြစ်၏၊ ဒိဋ္ဌိတို့သည် တဆယ့်ချစ်ပါးတို့တည်း။ ထိုဒိဋ္ဌိတို့သည် ရှေ့အစွန်းကို အစဉ်လျှောက်၍ ယူကုန်၏။

"ဤရုပ်သည် ငါဖြစ်၏"ဟု ယူသောဒိဋ္ဌိသည် နောက်အစွန်းကို အစဉ်လျှောက်သောဒိဋ္ဌိ ဖြစ်၏။ ဒိဋ္ဌိတို့သည် လေးဆယ့်လေးပါးတို့တည်း၊ ထိုဒိဋ္ဌိတို့သည် နောက်အစွန်းကို အစဉ်လျှောက်၍ ယူကုန်၏။

"ဤရုပ်သည် ငါ၏အတ္တတည်း"ဟု ယူသောဒိဋ္ဌိသည် နှစ်ဆယ်သော အခြင်းအရာလျှင် မှီရာရှိသော အတ္တာနုဒိဋ္ဌိတည်း၊ နှစ်ဆယ်သောအခြင်းအရာလျှင် မှီရာရှိသော သက္ကာယဒိဋ္ဌိတည်း၊ သက္ကာယဒိဋ္ဌိလျှင် အမှူးရှိကုန်သော ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့တည်း။ ထိုဒိဋ္ဌိတို့သည် ရှေ့အစွန်း နောက်အစွန်းကို အစဉ်လျှောက်သော အယူရှိကုန်၏။

၁၅၁။ ရဟန်းတို့ အချို့သူတို့သည် ငါ၌(မဂ်ဉာဏ်၏ အစွမ်းဖြင့် ဘုရားဟု) ဆုံးဖြတ်ခြင်းသို့ ရောက်ကုန်၏၊ ထိုသူအားလုံးတို့သည် အယူဖြင့် ကောင်းသောအဖြစ်သို့ ရောက်ကုန်၏၊ အယူဖြင့် ကောင်းသောအဖြစ်သို့ ရောက်ကုန်သော ထိုသူငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံကိုစွန့်၍(သုဒ္ဓါဝါသ)ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

အဘယ်ပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။

ခုနစ်ကြိမ် ပဋိသန္ဓေယူခြင်း အတိုင်းအရှည်ရှိသော 'သတ္တက္ခတ္တုပရမ' သောတာပန်အားရင်း၊ တဘဝမှ တဘဝသို့ ပြောင်းရွှေ့သော 'ကောလံကောလ' သောတာပန်အားရင်း၊ ပဋိသန္ဓေ မျိုးစေ့ တခုရှိသော 'ဧကဗီဇီ'သောတာပန်အားရင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်အားရင်း၊ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်အားရင်း။ ဤပုဂ္ဂိုလ် ငါးယောက်တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

အဘယ်ပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။

အကြား၌ ပရိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ သက်တမ်းထက်ဝက်ကို ကျော်၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စ ပရိနိဗ္ဗာယီ'ပုဂ္ဂိုလ်အားရင်း၊ ပြုပြင်မှုမရှိပဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ ပြုပြင်မှုနှင့်တကွ ပရိနိဗ္ဗာန်ပြုသော'သသင်္ခါရ ပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ အထက်အလျဉ်ရှိ၍ အကနိဋ္ဌဘုံသို့ သွားမည်ဖြစ်သော 'ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်ပုဂ္ဂိုလ်အားရင်း။ ဤပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ အချို့သူတို့သည် ငါ၌(မဂ်ဉာဏ်၏အစွမ်းဖြင့် ဘုရားဟု) ဆုံးဖြတ်ခြင်းသို့ ရောက်ကုန်၏၊ ထိုသူအားလုံးတို့သည် အယူဖြင့် ကောင်းသောအဖြစ်သို့ ရောက်ကုန်သော ဤပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ဤပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံကို စွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

ရဟန်းတို့ အချို့သောသူတို့သည် ငါဘုရား၌ မတုန်မလှုပ် ကြည်ညိုကုန်၏၊ ထိုသူအားလုံးတို့သည် သောတာပန်တို့တည်း၊ ထိုသောတာပန်ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ ငါးယောက်တို့အား ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏၊ အဘယ်ပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။

ခုနစ်ကြိမ် ပဋိသန္ဓေယူခြင်း အတိုင်းအရှည်ရှိသော 'သတ္တက္ခတ္တုပရမ' သောတာပန်အားရင်း၊ တဘဝမှ တဘဝသို့ ပြောင်းရွှေ့သော 'ကောလံကောလ' သောတာပန်အားရင်း၊ ပဋိသန္ဓေ မျိုးစေ့တခုရှိသော 'ဧကဗီဇီ' သောတာပန်အားရင်း၊ သကဒါဂါမ်ပုဂ္ဂိုလ်အားရင်း၊ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်အားရင်း၊ ဤပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံ၌ ပရိနိဗ္ဗာန် ပြုကုန်၏။

အဘယ်ပုဂ္ဂိုလ် ငါးယောက်တို့အား ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်သနည်း။

အကြား၌ ပရိနိဗ္ဗာန်ပြုသော 'အန္တရာပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ သက်တမ်းထက်ဝက်ကို ကျော်၍ ပရိနိဗ္ဗာန်ပြုသော 'ဥပဟစ္စပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ ပြုပြင်မှုမရှိပဲ ပရိနိဗ္ဗာန်ပြုသော 'အသင်္ခါရပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ ပြုပြင်မှုနှင့်တကွ ပရိနိဗ္ဗာန်ပြုသော 'သသင်္ခါရ ပရိနိဗ္ဗာယီ' ပုဂ္ဂိုလ်အားရင်း၊ အထက်အလျဉ်ရှိ၍ အကနိဋ္ဌဘုံသို့ သွားမည်ဖြစ်သော 'ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ' အနာဂါမ်ပုဂ္ဂိုလ်အားရင်း၊ ဤပုဂ္ဂိုလ်ငါးယောက်တို့သည် ဤကာမဘုံကိုစွန့်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုကုန်၏။

ရဟန်းတို့ အချို့ပုဂ္ဂိုလ်တို့သည် ငါဘုရား၌ မတုန်မလှုပ် ကြည်ညိုကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သောတာပန်တို့တည်း၊ ထိုသောတာပန်ငါးယောက်တို့အား ဤကာမဘုံ၌ ပရိနိဗ္ဗာန် ပြုကုန်၏၊ ဤပုဂ္ဂိုလ်ငါးယောက်တို့အား ဤကာမဘုံကိုစွန့်၍ ပရိနိဗ္ဗာန်ပြုကုန်၏။

တဆယ့်ခြောက်ခုမြောက် ဘဝဒိဋ္ဌိ ဝိဘဝဒိဋ္ဌိ အကျယ်ပြခြင်း ပြီး၏။

ဒိဋ္ဌိကထာ ပြီး၏။

---

## ၃-အာနာပါနဿတိကထာ

### ၁-ဂဏနဝါရပြခြင်း

၁၅၂။ တဆယ့်ခြောက်ပါးသော မှီရာရှိသော အာနာပါနဿတိသမာဓိကို ပွါးများသော ပုဂ္ဂိုလ်အား ဉာဏ်နှစ်ရာကျော်တို့သည်ဖြစ်ကုန်၏၊ တားမြစ်ခြင်း၌ဉာဏ်ရှစ်ပါးတို့ရင်း၊ ကျေးဇူးပြုခြင်း၌ ဉာဏ်ရှစ်ပါးတို့ရင်း၊ ညစ်ညူးခြင်း၌ ဉာဏ်တဆယ့်ရှစ်ပါးတို့ရင်း၊ ဖြူစင်ခြင်း၌ ဉာဏ်တဆယ့်သုံးပါးတို့ရင်း၊ သတိပြုခြင်း၌ဉာဏ်သုံးဆယ့်နှစ်ပါးတို့ရင်း၊ သမာဓိ၏အစွမ်းအားဖြင့် ဉာဏ်နှစ်ဆယ့်

http://www.dhammadownload.com



လေးပါးတို့ငှါ၊ ဝိပဿနာ၏အစွမ်းအားဖြင့် ဉာဏ်ခုနစ်ဆယ့်နှစ်ပါးတို့ငှါ၊ နိဗ္ဗိဒါဉာဏ်ရှစ်ပါး တို့ငှါ၊ နိဗ္ဗိဒါနုလောမ ဉာဏ်ရှစ်ပါးတို့ငှါ၊ နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်ရှစ်ပါးတို့ငှါ၊ ဝိမုတ္တိ ချမ်းသာ နှင့် ယှဉ်သောဉာဏ်နှစ်ဆယ့်တပါးတို့ငှါ၊ ဤသို့ဉာဏ်နှစ်ရာကျော်လှိုဖြစ်ကုန်၏။

တားမြစ်ခြင်း၌ ဉာဏ်ရှစ်ပါးနှင့်ကျေးဇူးပြုခြင်း၌ ဉာဏ်ရှစ်ပါးတို့ကား အဘယ်တို့နည်း။

ကာမစ္ဆန္ဒသည် သမာဓိကိုတားမြစ်တတ်၏၊ စျာန်သည် သမာဓိအားကျေးဇူးပြုတတ်၏၊ ဒေါသ သည် သမာဓိကို တားမြစ်တတ်၏၊ မေတ္တာသည် သမာဓိအား ကျေးဇူးပြုတတ်၏၊ ထိနမိဒ္ဓသည် သမာဓိကိုတားမြစ်တတ်၏၊ အာလောကသညာသည် သမာဓိအား ကျေးဇူးပြုတတ်၏၊ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'သည် သမာဓိကိုတားမြစ်တတ်၏၊ မပျံ့လွင့်ခြင်းသည် သမာဓိအားကျေးဇူးပြုတတ်၏၊ ယုံမှား ခြင်းသည် သမာဓိကိုတားမြစ်တတ်၏၊ တရားကိုပိုင်းခြားမှတ်သားခြင်းသည် သမာဓိအားကျေးဇူး ပြုတတ်၏၊ အဝိဇ္ဇာသည် သမာဓိကိုတားမြစ်တတ်၏၊ ဉာဏ်သည်သမာဓိအား ကျေးဇူးပြုတတ်၏၊ မမွေ့လျော်ခြင်းသည် သမာဓိကို တားမြစ်တတ်၏၊ ဝမ်းမြောက်ခြင်းသည် သမာဓိအား ကျေးဇူး ပြုတတ်၏၊ အကုသိုလ်တရားအားလုံးတို့သည်လည်း သမာဓိကိုတားမြစ်တတ်ကုန်၏၊ ကုသိုလ်တရား အားလုံးတို့သည် သမာဓိအား ကျေးဇူးပြုတတ်ကုန်၏။ ဤကား တားမြစ်ခြင်း၌ ဉာဏ်ရှစ်ပါးနှင့် ကျေးဇူးပြုခြင်း၌ ဉာဏ်ရှစ်ပါးတို့တည်း။

ရှေးဦးစွာသော ဂဏနဝါရ ပြီး၏။

---

## ၂-သောဠသဉာဏ် အကျယ်ပြခြင်း

၁၅၃။ ဤတဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် အဆင့်ဆင့်ပါးများအပ်သော စိတ် သည်ငှင်း ကောင်းစွာ အဆင့်ဆင့်ပွါးများအပ်သော စိတ်သည်ငှင်း တခုတည်းသော အာရုံ၌တည် ၏၊ နီဝရဏတို့မှ စင်ကြယ်၏၊ ထိုတခုတည်းသောအာရုံ၌ ဟည်သောတရားတို့သည် အဘယ် တို့နည်း။

စျာန်သည်တခုတည်းသော အာရုံရှိ၏၊ မေတ္တာသည်တခုတည်းသော အာရုံရှိ၏၊ အာလောက သညာသည် တခုတည်းသောအာရုံရှိ၏၊ မပျံ့လွင့်ခြင်းသည် တခုတည်းသော အာရုံရှိ၏၊ တရားကို ပိုင်းခြား မှတ်သားနိုင်ခြင်းသည် တခုတည်းသောအာရုံရှိ၏၊ဉာဏ်သည်တခုတည်းသော အာရုံရှိ၏၊ ဝမ်းမြောက်ခြင်းသည် တခုတည်းသောအာရုံရှိ၏၊ ကုသိုလ်တရားအားလုံးတို့သည် တခုတည်း သော အာရုံရှိကုန်၏။

နီဝရဏဟူရာ၌ နီဝရဏတရားတို့သည် အဘယ်တို့နည်း။

ကာမစ္ဆန္ဒသည် နီဝရဏတရား မည်၏၊ ဗျာပါဒသည် နီဝရဏတရားမည်၏၊ ထိနမိဒ္ဓသည် နီဝရဏ တရားမည်၏၊ ဥဒ္ဓစ္စကုက္ကုစ္စသည် နီဝရဏ တရားမည်၏၊ ဝိစိကိစ္ဆာသည် နီဝရဏ တရား မည်၏၊ အဝိဇ္ဇာသည် နီဝရဏ တရားမည်၏၊ မမွေ့လျော်ခြင်း 'အရတိ'သည် နီဝရဏတရားမည်၏၊ အကုသိုလ်တရားအားလုံးတို့သည် နီဝရဏ တရားမည်ကုန်၏။

http://www.dhammadownload.com



နီဝရဏဟူရာ၌ အဘယ်သဘောကြောင့် နီဝရဏ မည်သနည်း။

(ဝဋ်မှ) ထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်တတ်သော သဘောကြောင့် နီဝရဏ မည်၏၊ ထိုဝဋ်မှ ထွက်မြောက်တတ်သော တရားတို့သည် အဘယ်သည်တို့နည်း။ စျာန်သည် အရိယာတို့၏ ဝဋ်မှ ထွက်မြောက်ကြောင်းတည်း၊ ထိုစျာန်ဖြင့်လည်း အရိယာတို့သည် ဝဋ်မှ ထွက်မြောက်ကုန်၏။ ကာမစ္ဆန္ဒသည်ဝဋ်မှ ထွက်မြောက်ခြင်းကို တားမြစ်တတ်သော တရားတည်း၊ ထိုကာမစ္ဆန္ဒဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏အဖြစ်ကြောင့် အရိယာတို့၏ဝဋ်မှထွက်မြောက်ကြောင်းဖြစ်သော စျာန်ကိုမသိနိုင်။ ထို့ကြောင့် ကာမစ္ဆန္ဒသည် ဝဋ်မှထွက်မြောက်ခြင်းကိုတားမြစ်တတ်သော တရားမည်၏။

အဗျာပါဒ 'မေတ္တာ' သည် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းတည်း၊ ထိုအဗျာပါဒဖြင့်လည်း အရိယာတို့သည် ဝဋ်မှ ထွက်မြောက်ကုန်၏။ ဗျာပါဒသည် ဝဋ်မှ ထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားမည်၏၊ ထိုဗျာပါဒဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏အဖြစ်ကြောင့် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်း အဗျာပါဒကို မသိနိုင်။ ထို့ကြောင့် ဗျာပါဒသည် ဝဋ်မှထွက်မြောက်ခြင်းကို ပိတ်ပင်တားမြစ်တတ်သော တရားမည်၏။

အာလောကသညာသည် အရိယာတို့၏ဝဋ်မှ ထွက်မြောက်ကြောင်းတည်း၊ ထိုအာလောကသညာဖြင့်လည်း အရိယာတို့သည် ဝဋ်မှထွက်မြောက်ကုန်၏။ ထိနမိဒ္ဓသည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတည်း၊ ထိုထိနမိဒ္ဓဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏ အဖြစ်ကြောင့် အရိယာတို့၏ထွက်မြောက်ကြောင်း အာလောကသညာကို မသိနိုင်။ ထို့ကြောင့် ထိနမိဒ္ဓသည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်တတ်သော တရားမည်၏။

သမာဓိသည် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းတည်း၊ ထိုသမာဓိဖြင့်လည်း အရိယာတို့သည် ဝဋ်မှထွက်မြောက်ကုန်၏။ ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' သည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတည်း၊ ထိုပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' ဖြင့် တားမြစ်ပိတ်ပင်အပ်သည်၏ အဖြစ်ကြောင့် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းဖြစ်သော သမာဓိကို မသိနိုင်။ ထို့ကြောင့် ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ' သည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သောတရားမည်၏။

တရားကို ပိုင်းခြားမှတ်သားခြင်းသည် အရိယာတို့၏ ဝဋ်မှထွက်မြောက်ခြင်းတည်း၊ ထိုတရားကို ပိုင်းခြား မှတ်သားခြင်းဖြင့်လည်း အရိယာတို့သည် ဝဋ်မှထွက်မြောက်တတ်ကုန်၏။ ယုံမှားမှု 'ဝိစိကိစ္ဆာ' သည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတည်း၊ ထိုဝိစိကိစ္ဆာဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏အဖြစ်ကြောင့် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းဖြစ်သောတရားကိုပိုင်းခြားမှတ်သားခြင်းကို မသိနိုင်။ ထို့ကြောင့်ဝိစိကိစ္ဆာသည်ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သောတရား မည်၏။

ဉာဏ်သည်အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းတည်း၊ ထိုဉာဏ်ဖြင့်လည်းအရိယာတို့သည် ဝဋ်မှထွက်မြောက်ကုန်၏။ အဝိဇ္ဇာသည် ဝဋ်မှ ထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတည်း၊ ထိုအဝိဇ္ဇာဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏အဖြစ်ကြောင့် အရိယာတို့၏ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော ဉာဏ်ကိုမသိနိုင်။ ထို့ကြောင့် တွေဝေမှုအဝိဇ္ဇာသည် ဝဋ်မှ ထွက်မြောက်ခြင်းကို တားမြစ်တတ်သော တရားမည်၏။

http://www.dhammadownload.com



ဝမ်းမြောက်ခြင်းသည် အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းတည်း၊ ထိုဝမ်းမြောက်ခြင်းဖြင့်လည်း အရိယာတို့သည် ဝဋ်မှထွက်မြောက်ကုန်၏။ မမွေ့လျော်ခြင်း 'အရတိ' သည် ဝဋ်မှထွက်မြောက်ခြင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတည်း၊ ထိုမမွေ့လျော်ခြင်း 'အရတိ'ဖြင့် တားမြစ် ပိတ်ပင်အပ်သည်၏ အဖြစ်ကြောင့် အရိယာတို့၏ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော ဝမ်းမြောက်ခြင်းကိုမသိနိုင်၊ ထို့ကြောင့်မမွေ့လျော်ခြင်းသည် ထွက်မြောက်ခြင်းကို တားမြစ် ပိတ်ပင်တတ်သော တရားမည်၏။

ကုသိုလ်တရားအားလုံးတို့သည်လည်း အရိယာတို့၏ ဝဋ်မှထွက်မြောက်ကြောင်းတည်း၊ ထိုကုသိုလ်ဖြင့်လည်း အရိယာတို့သည် ဝဋ်မှထွက်မြောက်ကုန်၏။ အကုသိုလ်တရားအားလုံးတို့သည် ဝဋ်မှထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်တတ်သော တရားတို့တည်း၊ ထိုအကုသိုလ်တရားတို့ဖြင့်လည်း တားမြစ်ပိတ်ပင်အပ်သည်၏ အဖြစ်ကြောင့် အရိယာတို့၏ ထွက်မြောက်ကြောင်း ကုသိုလ်တရားတို့ကို မသိနိုင်၊ ထို့ကြောင့်အကုသိုလ်တရားတို့သည် ဝဋ်မှထွက်မြောက်ကြောင်းကို တားမြစ်ပိတ်ပင်တတ်သော တရားမည်၏။

ဤတားမြစ်ပိတ်ပင်တတ်သောတရားတို့မှလည်း စင်ကြယ်သောစိတ်ရှိသော တဆယ့်ခြောက်ပါးသော မှီရာရှိသော အာနာပါနဿတိ သမာဓိကိုပွါးများသော ပုဂ္ဂိုလ်အား ခဏတိုင်း ခဏတိုင်း ဥပက္ကိလေသတရားအပေါင်းတို့သည် ဖြစ်တတ်ကုန်၏။

နှစ်ခုမြောက် သောဠသဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၃-ဥပက္ကိလေသဉာဏ် အကျယ်ပြခြင်း

### ပဌမဆက္က

၁၅၄။ ညစ်နွမ်းကြောင်း တရားတဆယ့်ရှစ်ပါးတို့သည် အဘယ်တို့နည်း၊ ဝင်သက် [၁] ၏ အစ အလယ်အဆုံးသို့ သတိဖြင့်အစဉ်လျှောက်သော ပုဂ္ဂိုလ်၏အတွင်းသန္တာန်၌ဖြစ်သော ပျံ့လွင့်ခြင်းသို့ ရောက်သော စိတ်သည်သမာဓိ၏ အနှောင့်အယှက်ဘေးရန်တည်း၊ ထွက်သက် [၂] ၏ အစ အလယ် အဆုံးသို့ သတိဖြင့် အစဉ်လျှောက်သော ပုဂ္ဂိုလ်၏အပ၌ဖြစ်သော ပျံ့လွင့်ခြင်းသို့ ရောက်သော စိတ်သည် သမာဓိ၏ အနှောင့်အယှက်ဘေးရန်တည်း၊ ဝင်သက်ကို တောင့်တစွဲလမ်းသော တဏှာဖြစ်ခြင်းသည် သမာဓိ၏အနှောင့်အယှက်ဘေးရန်တည်း၊ ဝင်သက်ရှေးရှိသော ထွက်သက်ကို တောင့်တစွဲလမ်းသော တဏှာဖြစ်ခြင်းသည် သမာဓိ၏အနှောင့်အယှက်ဘေးရန်တည်း၊ ဝင်သက်ဖြင့် နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား ထွက်သက်ကိုရခြင်း၌ တပ်မက်ခြင်းသည် သမာဓိ၏ အနှောင့်အယှက်ဘေးရန်တည်း၊ ထွက်သက်ဖြင့် နှိပ်စက်အပ်သောပုဂ္ဂိုလ်အား ဝင်သက်ကိုရခြင်း၌ တပ်မက်ခြင်းသည် သမာဓိ၏အနှောင့်အယှက်ဘေးရန်တည်း။

ဝင်သက်သို့ အစဉ်လျှောက်သောသတိ၊ ထွက်သက်သို့လည်း အစဉ်လျှောက်သော
သတိ၊ အတွင်းသန္တာန်၌ ပျံ့လွင့်ခြင်းကို တောင့်တသောသတိ၊ အပသန္တာန်၌ပျံ့လွင့်

---

၁-အဿာသာဒိမဇ္ဈပရိယောသာနန္တိ အဗ္ဘန္တရပဝိသနဝါတဿ နာသိကဂ္ဂံ ဝါ မုခနိမိတ္တံ ဝါ အာဒိ၊ ဟဒယံ မဇ္ဈံ၊ နာဘိပရိယောသာနံ-ဟူသော အဋ္ဌကထာအရ ဝင်သက်ဟုပြန်ဆိုသည်။

၂-ပဿာသာဒိမဇ္ဈပရိယောသာနန္တိ ဗဟိနိက္ခမနဝါတဿ နာဘိ အာဒိ၊ ဟဒယံ မဇ္ဈံ၊ နာသိကဂ္ဂံ ဝါ မုခနိမိတ္တံ ဝါ ပရိယောသာနံ-ဟူသောအဋ္ဌကထာအရ ထွက်သက်ဟုပြန်ဆိုသည်။

http://www.dhammadownload.com



ကြောင်း(ပဿာသ)ကို တောင့်တသောသတိ၊ ဝင်သက်ဖြင့် နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား ထွက်သက်ကိုရခြင်း၌ တပ်မက်သောသတိနှင့် ထွက်သက်ဖြင့် နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား ဝင်သက်ကိုရခြင်း၌ တပ်မက်သောသတိ၊ ဤခြောက်ပါးတို့သည် အာနာပါနဿတိ သမာဓိ၏ညစ်နွမ်းကြောင်း ဥပက္ကိလေသတို့တည်း။

ဥပက္ကိလေသတို့သည် ပျံ့လွင့်ခြင်းသို့ရောက်စေအပ်သော စိတ်ရှိသော ပုဂ္ဂိုလ်၏ စိတ်သည် မဝင်မလွတ်[၁] လွတ်မြောက်မှုကိုမသိသော ထိုသူတို့သည်သူတပါးပြောကြားချက်ကိုသာ ယုံကြည်ကုန်၏။

## ဒုတိယဆက္က

၁၅၅။ နိမိတ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏စိတ်သည် ဝင်သက်၌ တုန်လှုပ်၏၊ သမာဓိကို တားမြစ်တတ်၏၊ ဝင်သက်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏စိတ်သည် နိမိတ်၌တုန်လှုပ်၏၊ သမာဓိကိုတားမြစ်တတ်၏၊ နိမိတ်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏စိတ်သည် ထွက်သက်၌ တုန်လှုပ်၏၊ သမာဓိကိုတားမြစ်တတ်၏၊ ထွက်သက်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏ စိတ်သည် နိမိတ်၌တုန်လှုပ်၏၊ သမာဓိကို တားမြစ်တတ်၏၊ ဝင်သက်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏ စိတ်သည် ထွက်သက်၌ တုန်လှုပ်၏၊ သမာဓိကို တားမြစ်တတ်၏၊ ထွက်သက်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏စိတ်သည် ဝင်သက်၌တုန်လှုပ်၏၊ သမာဓိကို တားမြစ်တတ်၏။

နိမိတ်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏ ဝင်သက်၌ ပျံ့လွင့်သောစိတ်, ဝင်သက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏နိမိတ်၌ တုန်လှုပ်သောစိတ်, နိမိတ်ကိုဆင်ခြင်သော ပုဂ္ဂိုလ်၏ထွက်သက်၌ ပျံ့လွင့်သောစိတ်, ထွက်သက်၌ ဆင်ခြင်သော ပုဂ္ဂိုလ်၏ နိမိတ်၌တုန်လှုပ်သောစိတ်, ဝင်သက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ ထွက်သက်၌ ပျံ့လွင့်သောစိတ်နှင့် ထွက်သက်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏ ဝင်သက်၌ တုန်လှုပ်သောစိတ် ဤခြောက်ပါးတို့သည် အာနာပါနဿတိသမာဓိ၏ညစ်နွမ်းကြောင်း ဥပက္ကိလေသတို့တည်း။

ဥပက္ကိလေသတို့သည် ပျံ့လွင့်ခြင်းသို့ ရောက်စေအပ်သောစိတ်ရှိသော ပုဂ္ဂိုလ်၏စိတ်သည် မဝင် မလွတ် လွတ်မြောက်မှုကို မသိသော ထိုသူတို့သည် သူတပါးပြောကြားချက်ကိုသာ ယုံကြည်ကုန်၏။

## တတိယဆက္က

၁၅၆။ (တွေ့ထိရာ)ဌာနကို လွန်၍ဖြစ်သော စိတ်သည် ပျံ့လွင့်ခြင်းဖြင့် အစဉ်လိုက်၍ သမာဓိ၏ အနှောင့်အယှက် ဘေးရန်ဖြစ်၏။ (တွေ့ထိရာဌာနသို့)မရောက်သေးသော တောင့်တသောစိတ်သည် တုန်လှုပ်၍ သမာဓိ၏ အနှောင့်အယှက် ဘေးရန်ဖြစ်၏။ (ဝီရိယလျော့သဖြင့်) တွန့်ဆုတ်သော စိတ်သည် ပျင်းရိသည့်အဖြစ်သို့ အစဉ်လိုက်၍ သမာဓိ၏ အနှောင့်အယှက်ဘေးရန်ဖြစ်၏။ အလွန်ချီးမြှင့်အားထုတ်အပ်သောစိတ်သည် ပျံ့လွင့်ခြင်းသို့ အစဉ်လိုက်၍ သမာဓိ၏ အနှောင့်အယှက် ဘေးရန်ဖြစ်၏။ သာယာဖွယ် ဝတ္ထုတို့၌ အလွန်ညွတ်သောစိတ်သည် ရာဂသို့ အစဉ်လိုက်၍ သမာဓိ၏

၁-"မဝင်" ဟူသည် အဿာသ ပဿာသ အာရုံ၌ မသက်ဝင်၊ "မလွတ်" ဟူသည်ဆန့်ကျင်ဘက်တရားတို့မှ မလွတ်ဟူသတည်း၊ နေ ၁စိတ္တံ ဝိမုစ္စတီတိ စိတ္တံ အဿာသပဿာသာရမ္မဏေ န ဝိမုစ္စတိ ပစ္စနီကဓမ္မေဟိ စ န ဝိမုစ္စတိ။ (အဋ္ဌကထာ)

http://www.dhammadownload.com



အနှောင့်အယှက်ဘေးရန်ဖြစ်၏။ သာယာဖွယ် ဝတ္ထုတို့၌ ညွတ်ခြင်းကင်းသောစိတ်သည် ဗျာပါဒသို့ အစဥ်လိုက်၍သမာဓိ၏ အနှောင့်အယှက် ဘေးရန်ဖြစ်၏။

> (တွေ့ထိရာ)ဌာနကို လွန်၍ဖြစ်သောစိတ်, တွေ့ထိရာဌာနသို့ မရောက်သေးသော တောင့်တသောစိတ်, ဝီရိယ လျော့သဖြင့် တွန့်ဆုတ်သောစိတ်, အလွန်ချီးမြှင့် အား ထုတ်အပ်သောစိတ်, အလွန်ညွတ်သောစိတ်နှင့် မညွတ်သောစိတ်သည် မတည်ကြည်။ ဤခြောက်ပါးတို့သည် အာနာပါနဿတိ သမာဓိ၏ ညစ်နွမ်းကြောင်း ဥပက္ကိလေသ တို့ဖြစ်ကုန်၏၊ အကြင်ညစ်နွမ်းကြောင်းတို့ဖြင့် ညစ်နွမ်းစေအပ်သော အကြံရှိသော ပုဂ္ဂိုလ်သည် လွန်မြတ်သော သမာဓိစိတ်ကိုမသိ။

၁၅၇။ ဝင်သက်၏အစ အလယ် အဆုံးသို့ သတိဖြင့် အစဥ်လျောက်သော ပုဂ္ဂိုလ်၏ အတွင်း သန္တာန်၌ ပျံ့လွင့်ခြင်းသို့ရောက်သောစိတ်ဖြင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ထွက်သက်၏ အစ အလယ် အဆုံးသို့ သတိဖြင့်အစဥ်လျောက်သော ပုဂ္ဂိုလ်၏ အပသန္တာန်၌ ပျံ့လွင့်ခြင်းသို့ရောက်သောစိတ်ဖြင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ဝင်သက်ကို တောင့်တစွဲလမ်းသော တဏှာဖြစ်ခြင်းဖြင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန် တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ထွက်သက်ကို တောင့်တစွဲလမ်းသော တဏှာဖြစ်ခြင်းဖြင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန် တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ဝင်သက်ဖြင့် ပြင်းစွာနှိပ်စက်သော စိတ်ရှိသောပုဂ္ဂိုလ်အား ထွက်သက်ကိုရခြင်း၌ တပ်မက်ခြင်း ကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ထွက်သက်ဖြင့် ပြင်းစွာနှိပ်စက်သော စိတ်ရှိသောပုဂ္ဂိုလ်အား ဝင်သက်ကိုရခြင်း၌ တပ်မက်ခြင်း ကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

နိမိတ်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏စိတ်သည် ဝင်သက်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ဝင်သက်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏စိတ်သည် နိမိတ်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

နိမိတ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏စိတ်သည် ထွက်သက်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ထွက်သက်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏စိတ်သည် နိမိတ်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော်၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ဝင်သက်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏စိတ်သည် ထွက်သက်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော် ၎င်း စိတ်သော်၎င်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

http://www.dhammadownload.com



ထွက်သက်ကို ဆင်ခြင်သောပုဂ္ဂိုလ်၏စိတ်သည် ဝင်သက်၌ တုန်လှုပ်ခြင်းကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

(တွေ့ထိရာ) ဌာနကို လွန်၍ဖြစ်သော ပျံ့လွင့်ခြင်းဖြင့် အစဉ်လိုက်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

(တွေ့ထိရာ) ဌာနသို့ မရောက်သေးသော တောင့်တသော တုန်လှုပ်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

တွန့်ဆုတ်သော ပျင်းရိသည့်အဖြစ်သို့ အစဉ်လိုက်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ပျံ့လွင့်ခြင်းသို့ အစဉ်လိုက်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ရာဂသို့ အစဉ်လိုက်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

ဗျာပါဒသို့ အစဉ်လိုက်သောစိတ်ကြောင့် ကိုယ်သော်ငြင်း စိတ်သော်ငြင်း ပူပန်တုန်လှုပ်၏၊ စဉ်းငယ်လည်း တုန်လှုပ်၏။

> အာနာပါနဿတိသမာဓိကို ပြည့်စုံစွာ မပွါးများသောပုဂ္ဂိုလ်၏ ကိုယ်သော်လည်း တုန်လှုပ်၏၊ စိတ်သော်လည်း တုန်လှုပ်၏၊ ကိုယ်သော်လည်း စဉ်းငယ်တုန်လှုပ်၏၊ စိတ်သော်လည်း စဉ်းငယ်တုန်လှုပ်၏။
>
> အာနာပါနဿတိ သမာဓိကို ပြည့်စုံကောင်းမွန်စွာ ပွါးများသော ပုဂ္ဂိုလ်၏ ကိုယ်သော်လည်း မတုန်လှုပ်၊ စိတ်သော်လည်း မတုန်လှုပ်၊ ကိုယ်သော်လည်း စဉ်းငယ် မတုန်လှုပ်၊ စိတ်သော်လည်း စဉ်းငယ် မတုန်လှုပ်။

နီဝရဏတရားတို့မှ စင်ကြယ်သောစိတ်ရှိသော တဆယ့်ခြောက်ပါးသော မှီရာရှိသော အာနာပါနဿတိ သမာဓိကို ပွါးများသော ပုဂ္ဂိုလ်အား ခဏတိုင်း ခဏတိုင်း ဤဥပက္ကိလေသတရား တဆယ့်ရှစ်ပါး အပေါင်းတို့သည် ဖြစ်ကုန်၏။

သုံးခုမြောက် ဥပက္ကိလေသဉာဏ် အကျယ်ပြခြင်း ပြီး၏။

---

## ၄-ဝေါဒါနဉာဏ် အကျယ်ပြခြင်း

၁၅၈။ ဖြူစင်သောဉာဏ် တဆယ့်သုံးပါးတို့သည် အဘယ်တို့နည်း။

(တွေ့ထိရာ)ဌာနကို လွန်၍ဖြစ်သောစိတ်သည် ပျံ့လွင့်ခြင်းဖြင့် အစဉ်လိုက်၏၊ ထိုစိတ်ကိုကြဉ်၍ ကရုသော အဿာသ ပဿာသတို့၏ တွေ့ထိရာဌာန၌ ကောင်းစွာထား၏၊ ဤသို့လည်း စိတ်သည်

http://www.dhammadownload.com



ပျံ့လွင့်ခြင်း သို့မရောက်။ (တွေ့ထိရာ)ဌာနသို့ မရောက်သေးသော တောင့်တသောစိတ်သည် တုန်လှုပ်၏။ထိုစိတ်ကိုကြည့်၍ ထိုအဿာသ ပဿာသတို့၏(တွေ့ထိရာ)ဌာန၌သာလျှင် ဆုံးဖြတ်၏၊ ဤသို့လည်း စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်။ တွန့်ဆုတ်သောစိတ်သည် ပျင်းရိသည် အဖြစ်သို့ အစဉ်လိုက်၏။ ထိုစိတ်ကို ဘာဝနာဖြင့် ချီးမြှောက်၍ ပျင်းရိခြင်းကိုစွန့်၏၊ ဤသို့လည်း စိတ်သည်ပျံ့လွင့်ခြင်းသို့မရောက်။ အလွန် ချီးမြှင့် အားထုတ်အပ်သောစိတ်သည် ပျံ့လွင့်ခြင်းသို့ အစဉ်လိုက်၏၊ ထိုစိတ်ကို ဘာဝနာဖြင့် နှိပ်စက်၍ ပျံ့လွင့်ခြင်းကိုစွန့်၏၊ ဤသို့လည်း စိတ်သည်ပျံ့လွင့်ခြင်းသို့မရောက်။ သာယာဖွယ်ဝတ္ထု၌ အလွန်ညွတ်သောစိတ်သည် ရာဂသို့အစဉ်လိုက်၏၊ ထိုစိတ်ကို ဆင်ခြင်၍ ရာဂကိုစွန့်၏၊ ဤသို့လည်း စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်။ သာယာဖွယ်ဝတ္ထုတို့၌ မညွတ်သောစိတ်သည် ဗျာပါဒသို့ အစဉ်လိုက်၏၊ ထိုစိတ်ကို ဆင်ခြင်၍ ဗျာပါဒကိုစွန့်၏၊ ဤသို့လည်း စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်။ ဤခြောက်ပါးသော အကြောင်းအရာတို့ဖြင့် စင်ကြယ်သော ဖြူစင်သောစိတ်သည် တခုတည်းသော အဿာသ ပဿာသတို့၏ တွေ့ထိရာဌာန၌ တည်၏။

တခုတည်းသောဌာန၌ တည်သောတရားတို့သည် အဘယ်တို့နည်း။ ပေးခြင်း စွန့်ခြင်းကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊သမထနိမိတ်ကိုထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊ ပျက်ခြင်းလက္ခဏာကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊ ချုပ်ခြင်းနိဗ္ဗာန်၌ ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊စွန့်ကြဲခြင်းရှိကုန်သော ပုဂ္ဂိုလ်တို့၏ပေးခြင်း စွန့်ခြင်းကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊ သမာဓိနိမိတ်ကို အားထုတ်ကုန်သော ပုဂ္ဂိုလ်တို့၏ သမထနိမိတ်ကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊ ပျက်ခြင်းလက္ခဏာကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း၊ အရိယာပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်ကို ထင်သောအားဖြင့် တခုတည်းအဖြစ်သည်ရှင်း။ ဤလေးပါးသောအကြောင်းတို့ဖြင့် တခုတည်းအဖြစ်သို့ ရောက်သော စိတ်သည် ကျင့်စဉ်၏စင်ကြယ်ခြင်းသို့ ပြေးဝင်သည်သာဖြစ်၏၊ ဥပေက္ခာကိုလည်း ပွါးများသည် မည်၏၊ ဉာဏ်ဖြင့်လည်း ရွှင်စေအပ်သည် မည်၏။

ပဌမဈာန်၏ အစ ကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

ပဌမဈာန်၏ အစကား အကျင့်စင်ကြယ်ခြင်း 'ပဋိပဒါဝိသုဒ္ဓိ'တည်း၊ အလယ်ကား ဥပေက္ခာကို ပွါးများခြင်းတည်း၊ အဆုံးကား ရွှင်စေခြင်းတည်း။

ပဌမဈာန်၏ အစကား ပဋိပဒါဝိသုဒ္ဓိတည်း၊ အစ၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။

အစ၏လက္ခဏာတို့သည် သုံးပါးတို့တည်း။ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘေးရန်မှ စင်ကြယ်၏၊ စင်ကြယ်သောကြောင့် စိတ်သည် အလယ်ဖြစ်သော သမထနိမိတ်သို့ရောက်၏၊ ရောက်သောကြောင့် စိတ်သည် သမထနိမိတ်၌ ပြေးဝင်၏။

စိတ်သည် ဘေးရန်မှစင်ကြယ်ခြင်း၊ စင်ကြယ်သောကြောင့် အလယ်ဖြစ်သော သမထနိမိတ်သို့ ရောက်ခြင်း၊ ရောက်သောကြောင့် ထိုသမထနိမိတ်၌ ပြေးဝင်ခြင်း၊ ဤသည်တို့ကား ပဌမဈာန်၏ အစဖြစ်သော အကျင့်စင်ကြယ်ခြင်း 'ပဋိပဒါဝိသုဒ္ဓိ'၏ လက္ခဏာတို့တည်း။ အစ၏လက္ခဏာတို့သည် ဤသုံးပါးတို့တည်း။ ထို့ကြောင့် ပဌမဈာန်သည် အစ၏ကောင်းခြင်းလည်းရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။

http://www.dhammadownload.com



ပဌမဈာန်၏ အလယ်ကား ဥပေက္ခာကို ပွါးများခြင်းတည်း၊ အလယ်၏ လက္ခဏာတို့သည် အဘယ်မျှတို့နည်း။

အလယ်၏ လက္ခဏာတို့သည် သုံးပါးတို့တည်း။ စင်ကြယ်သောစိတ်ကို လျစ်လျူရှု၏၊ သမထသို့ ရောက်သော (စိတ်ကို) လျစ်လျူရှု၏၊ တခုသောအခြင်းအရာအားဖြင့်ထင်သော စိတ်ကိုလျစ်လျူရှု၏၊ စင်ကြယ်သောစိတ်ကို လျစ်လျူရှုခြင်း၊ သမထသို့ရောက်သောစိတ်ကို လျစ်လျူရှုခြင်း၊ တခုသောအခြင်းအရာအားဖြင့် ထင်သောစိတ်ကို လျစ်လျူရှုခြင်း၊ ဤသည်တို့ကား ပဌမဈာန်၏ အလယ်ဖြစ်သော ဥပေက္ခာကို ပွါးများခြင်း၏ လက္ခဏာတို့တည်း။ အလယ်၏ သုံးပါးကုန်သော ဤလက္ခဏာတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ပဌမဈာန်သည် အလယ်၏ ကောင်းခြင်းလည်းရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။

ပဌမဈာန်၏ အဆုံးကား ရွှင်ခြင်းတည်း၊ အဆုံး၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။

အဆုံး၏လက္ခဏာတို့သည် လေးပါးတို့တည်း၊ ထိုပဌမဈာန်၌ ဖြစ်သောတရားတို့၏ မကျော်လွန်သောသဘောအားဖြင့် ရွှင်ခြင်း၊ ဣန္ဒြေတို့၏ တခုတည်းသောကိစ္စရှိသော သဘောအားဖြင့် ရွှင်ခြင်း၊ ထိုနှစ်ပါးစုံသို့ရောက်သော ဝီရိယကို ရွက်ဆောင်တတ်သော သဘောအားဖြင့် ရွှင်ခြင်း၊ အဖန်တလဲလဲ မှီဝဲတတ်သော သဘောအားဖြင့် ရွှင်ခြင်း၊ ဤလေးပါးတို့သည် ပဌမဈာန်၏ အဆုံးဖြစ်သော ရွှင်ခြင်း၏လက္ခဏာတို့တည်း။ ထို့ကြောင့် ပဌမဈာန်သည် အဆုံး၏ကောင်းခြင်းလည်း ရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။

ဤသို့ဆိုအပ်သောအစီအရင်ဖြင့် သုံးပါးအပြားရှိသည့် အဖြစ်သို့ရောက်သောစိတ်သည် သုံးပါးသော ကောင်းခြင်းရှိ၏၊ ဆယ်ပါးသောလက္ခဏာနှင့် ပြည့်စုံ၏၊ ဝိတက်နှင့်လည်း ပြည့်စုံ၏၊ ဝိစာရနှင့်လည်း ပြည့်စုံ၏၊ ပီတိနှင့်လည်း ပြည့်စုံ၏၊ သုခနှင့်လည်း ပြည့်စုံ၏၊ စိတ်၏ အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်း ပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

ဒုတိယဈာန်၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

ဒုတိယဈာန်၏ အစကား အကျင့်စင်ကြယ်ခြင်း 'ပဋိပဒါဝိသုဒ္ဓိ'တည်း၊ အလယ်ကား ဥပေက္ခာကို ပွါးများခြင်းတည်း၊ အဆုံးကား ဉာဏ်ကိစ္စဖြစ်သော ရွှင်ခြင်းတည်း ။ပ။ ဤသို့ဆိုအပ်ပြီးသော အစီအရင်ဖြင့် သုံးပါးအပြားရှိသည့်အဖြစ်သို့ ရောက်သောစိတ်သည် သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံ၏၊ ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံ၏၊ ပီတိနှင့်လည်း ပြည့်စုံ၏၊ သုခနှင့်လည်း ပြည့်စုံ၏၊ စိတ်၏အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်း ပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

တတိယဈာန်၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ပ။ဤသို့ဆိုအပ်ပြီးသော အစီအရင်ဖြင့် သုံးပါးအပြားရှိသည့်အဖြစ်သို့ ရောက်သော စိတ်သည် သုံးပါးသောကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံ၏၊ သုခနှင့်လည်း ပြည့်စုံ၏၊ စိတ်၏အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်း ပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

http://www.dhammadownload.com



စတုတ္ထဈာန်၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ပ။ဤသို့ဆိုအပ်ပြီးသော အစီအရင်ဖြင့် သုံးပါးအပြားရှိသည့်အဖြစ်သို့ရောက်သော စိတ်သည် သုံးပါးသောကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့်လည်း ပြည့်စုံ၏၊ ဥပေက္ခာနှင့်လည်း ပြည့်စုံ၏၊ စိတ်၏အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်း ပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

အာကာသာနဉ္စာယတနသမာပတ်၏။ပ။ဝိညာဏဉ္စာယတနသမာပတ်၏။ အာကိဉ္စညာယတနသမာပတ်၏။ နေဝသညာနာသညာယတနသမာပတ်၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ပ။ဤသို့ဆိုအပ်ပြီးသော အစီအရင်ဖြင့် သုံးပါးအပြားရှိသည့်အဖြစ်သို့ ရောက်သောစိတ်သည် သုံးပါးသောကောင်းခြင်းရှိ၏၊ ဆယ်ပါးသောလက္ခဏာနှင့် ပြည့်စုံ၏၊ ဥပေက္ခာနှင့်လည်း ပြည့်စုံ၏၊ စိတ်၏အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏။ပ။ပညာ နှင့်လည်း ပြည့်စုံ၏။

အနိစ္စာနုပဿနာ၏ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။ပ။ဤသို့ဆိုအပ်ပြီးသောအစီအရင်ဖြင့် သုံးပါးအပြားရှိသည့်အဖြစ်သို့ ရောက်သောစိတ်သည် သုံးပါးသောကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံ၏၊ ဝိတက်နှင့်လည်း ပြည့်စုံ၏၊ ဝိစာရနှင့်လည်း ပြည့်စုံ၏၊ ပီတိနှင့်လည်း ပြည့်စုံ၏၊ သုခနှင့်လည်း ပြည့်စုံ၏၊ စိတ်၏ အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်းပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

ဒုက္ခာနုပဿနာ၏။ပ။ အနတ္တာနုပဿနာ၏။ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း 'နိဗ္ဗိဒါနုပဿနာ'၏။ တပ်ခြင်းကင်းဖွယ်ဟု အဖန်ဖန်ရှုခြင်း 'ဝိရာဂါနုပဿနာ'၏။ ချုပ်ငြိမ်းရာဟု အဖန်ဖန်ရှုခြင်း 'နိရောဓာနုပဿနာ'၏။ တဖန်စွန့်လွှတ်ဖွယ်ဟုအဖန်ဖန်ရှုခြင်း 'ပဋိနိဿဂ္ဂါနုပဿနာ'၏။ ကုန်ဆုံးခြင်းဟု အဖန်ဖန်ရှုခြင်း 'ခယာနုပဿနာ'၏။ ပျက်ပြုန်းခြင်းဟု အဖန်ဖန်ရှုခြင်း 'ဝယာနုပဿနာ'၏။ ဖောက်ပြန်ခြင်းဟု အဖန်ဖန်ရှုခြင်း 'ဝိပရိဏာမာနုပဿနာ'၏။ အာရုံနိမိတ်မရှိဟု အဖန်ဖန်ရှုခြင်း 'အနိမိတ္တာနုပဿနာ'၏။ တောင့်တခြင်းမရှိဟု အဖန်ဖန်ရှုခြင်း 'အပ္ပဏိဟိတာနုပဿနာ'၏။ ဆိတ်သုဉ်းခြင်းဟု အဖန်ဖန်ရှုခြင်း 'သုညတာနုပဿနာ'၏။ လွန်ကဲသောပညာဖြင့် တရားကို အထူးရှုခြင်း 'အဓိပညာဓမ္မဝိပဿနာ'၏။ ဟုတ်တိုင်းမှန်စွာသိသော ညာဏ်အမြင် 'ယထာဘူတဉာဏဒဿန'၏။ အပြစ်ဟု အဖန်ဖန်ရှုခြင်း 'အာဒီနဝါနုပဿနာ'၏။ ပညာဉာဏ်ဖြင့် အဖန်ဖန်ရှုခြင်း 'ပဋိသင်္ခါနုပဿနာ'၏။ ဝဋ်မှထွက်မြောက်ခြင်းကို အဖန်ဖန်ရှုခြင်း 'ဝိဝဋ္ဋာနုပဿနာ'၏။

သောတာပတ္တိမဂ်၏။ သကဒါဂါမိမဂ်၏။ အနာဂါမိမဂ်၏။ အရဟတ္တမဂ်၏၊ အစကား အဘယ်နည်း၊ အလယ်ကား အဘယ်နည်း၊ အဆုံးကား အဘယ်နည်း။

အရဟတ္တမဂ်၏ အစကား အကျင့်စင်ကြယ်ခြင်း 'ပဋိပဒါ ဝိသုဒ္ဓိ'တည်း၊ အလယ်ကား ဥပေက္ခာကို ပွါးများခြင်းတည်း၊ အဆုံးကား ရွှင်ခြင်းတည်း။ အရဟတ္တမဂ်၏ အစကား ပဋိပဒါဝိသုဒ္ဓိတည်း၊ အစ၏လက္ခဏာတို့သည် အဘယ်တို့နည်း။ အစ၏လက္ခဏာတို့သည် သုံးပါးတို့တည်း။

ထိုပုဂ္ဂိုလ်၏စိတ်သည် ဘေးရန်မှစင်ကြယ်၏၊ စင်ကြယ်သောကြောင့် စိတ်သည် အလယ်ဖြစ်သော သမထနိမိတ်သို့ ရောက်၏၊ ရောက်သောကြောင့် စိတ်သည် သမထနိမိတ်၌ ပြေးဝင်၏။

http://www.dhammadownload.com



စိတ်သည် ဘေးရန်မှ စင်ကြယ်ခြင်း စင်ကြယ်သောကြောင့် အလယ်ဖြစ်သော သမထ နိမိတ်သို့ ရောက်ခြင်း၊ ရောက်သောကြောင့် ထိုသမထနိမိတ်၌ ပြေးဝင်ခြင်း၊ ဤသည်တို့ကား အရဟတ္တမဂ်၏ အစဖြစ်သော အကျင့်စင်ကြယ်ခြင်း 'ပဋိပဒါဝိသုဒ္ဓိ' ၏ လက္ခဏာသုံးပါးတို့တည်း။ ထို့ကြောင့် အရဟတ္တမဂ်ကို အစ၏ကောင်းခြင်းလည်းရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။

အရဟတ္တမဂ်၏ အလယ်ကား ဥပေက္ခာကို ပွါးများခြင်းတည်း၊ အလယ်၏လက္ခဏာတို့သည် အဘယ်တို့နည်း။

အလယ်၏လက္ခဏာတို့သည် သုံးပါးတို့တည်း။ စင်ကြယ်သောစိတ်ကို လျစ်လျူရှု၏၊ သမထသို့ ရောက်သောစိတ်ကို လျစ်လျူရှု၏၊ တခုသောအခြင်းအရာအားဖြင့် ထင်သောစိတ်ကို လျစ်လျူရှု၏၊ စင်ကြယ်သောစိတ်ကို လျစ်လျူရှုခြင်း၊ သမထသို့ရောက်သော စိတ်ကိုလျစ်လျူရှုခြင်း၊ တခုသောအခြင်းအရာအားဖြင့် ထင်သောစိတ်ကို လျစ်လျူရှုခြင်း၊ (ဤသည်တို့ကား အလယ်လက္ခဏာသုံးပါးတို့တည်း)။ ထို့ကြောင့် အရဟတ္တမဂ်သည် အလယ်၌ ကောင်းခြင်းလည်း ရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။

အရဟတ္တမဂ်၏ အဆုံးကား ရွှင်ခြင်းတည်း၊ အဆုံး၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။

အဆုံး၏လက္ခဏာတို့သည် လေးပါးတို့တည်း။ ထိုအရဟတ္တမဂ်၌ ဖြစ်ကုန်သောတရားတို့၏ မကျော်လွန်သောသဘောအားဖြင့် ရွှင်ခြင်း၊ ဣန္ဒြေတို့၏ တခုတည်းသော ကိစ္စရှိသော သဘောအားဖြင့် ရွှင်ခြင်း၊ ထိုနှစ်ပါးစုံသို့ရောက်သော ဝီရိယကို ရွက်ဆောင်တတ်သော သဘောအားဖြင့် ရွှင်ခြင်း၊ အဖန်တလဲလဲ မှီဝဲတတ်သောသဘောအားဖြင့် ရွှင်ခြင်း၊ ဤလေးပါးတို့သည် အရဟတ္တမဂ်၏ အဆုံးဖြစ်သော ရွှင်ခြင်း၏ လက္ခဏာလေးပါးတို့တည်း။

ထို့ကြောင့် အရဟတ္တမဂ်သည် အဆုံး၏ကောင်းခြင်းလည်းရှိ၏၊ လက္ခဏာနှင့်လည်း ပြည့်စုံ၏ဟု ဆိုအပ်၏။ ဤသို့ဆိုအပ်ပြီးသော အစီအရင်ဖြင့် သုံးပါးအပြားရှိသည့် အဖြစ်သို့ရောက်သော စိတ်သည် သုံးပါးသောကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံ၏၊ ဝိတက်နှင့်လည်း ပြည့်စုံ၏၊ ဝိစာရနှင့်လည်း ပြည့်စုံ၏၊ ပီတိနှင့်လည်း ပြည့်စုံ၏၊ သုခနှင့်လည်း ပြည့်စုံ၏၊ စိတ်၏ အဓိဋ္ဌာန်နှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယနှင့်လည်း ပြည့်စုံ၏၊ သတိနှင့်လည်း ပြည့်စုံ၏၊ သမာဓိနှင့်လည်း ပြည့်စုံ၏၊ ပညာနှင့်လည်း ပြည့်စုံ၏။

> ၁၅၉။ နိမိတ်သည်၎င်း ဝင်သက် ထွက်သက်သည်၎င်း တခုသောစိတ်၏ အာရုံ မဟုတ်ကုန်၊ သုံးပါးသော တရားတို့ကို မသိသောပုဂ္ဂိုလ်အား သမာဓိ ဘာဝနာကို မရအပ်။
>
> နိမိတ်သည်၎င်း ထွက်သက် ဝင်သက်သည်၎င်း တခုသောစိတ်၏ အာရုံမဟုတ်ကုန်၊ ဤသုံးပါးသောတရားတို့ကို သိသောပုဂ္ဂိုလ်အား သမာဓိဘာဝနာကို ရအပ်၏။

ဤတရားသုံးပါးတို့သည် အဘယ်သို့လျှင် တခုသောစိတ်၏အာရုံမဟုတ်ကုန်သနည်း၊ ဤတရား သုံးပါးတို့သည် အဘယ်သို့လျှင် မထင်သည်မဟုတ်ကုန်သနည်း၊ အဘယ်သို့လျှင် စိတ်ပျံ့လွင့်ခြင်းသို့ မရောက်သနည်း၊ အဘယ်သို့လျှင် သမာဓိဘာဝနာကို အားထုတ်သော ဝီရိယသည်လည်း ထင်သနည်း၊ အဘယ်သို့လျှင် နီဝရဏကို ပယ်ခွါတတ်သောဈာန်ကိုလည်း ပြီးစေသနည်း၊ အဘယ်သို့လျှင် သံယောဇဉ်ကိုပယ်တတ်သောမဂ်ကို ရသနည်း။

http://www.dhammadownload.com



ဥပမာအားဖြင့် ညီညွတ်သောမြေပြင်၌ သစ်တုံးကို ထား၏။ ထိုသစ်တုံးကို ယောကျ်ားသည် လွှဖြင့်ဖြတ်ရာ၏။ သစ်တုံး၌ထိသော လွှသွားတို့၏ အစွမ်းအားဖြင့် ယောကျ်ား၏သတိသည်ထင်၏၊ မိမိအနီးသို့လာသော လွှသွားတို့ကိုငှင်း တဖက်သို့သွားသော လွှသွားတို့ကိုငှင်း နှလုံးမသွင်းသော်လည်းလာသောလွှသွား သွားသောလွှသွားတို့မထင်သည်မဟုတ်ကုန်၊ သစ်တုံးကိုဖြတ်သော ဝီရိယသည်လည်းထင်၏၊ သစ်တုံးဖြတ်ခြင်း လုံ့လကိုလည်း ပြီးစေ၏။

ညီညွတ်သောမြေပြင်၌ ထားအပ်သောသစ်တုံးကဲ့သို့ ဤအတူ သတိဖြင့်ဖွဲ့အပ်သော နိမိတ်ကို မှတ်အပ်၏။ လွှသွားတို့ကဲ့သို့ ဤအတူ ထွက်သက် ဝင်သက်တို့ကို မှတ်အပ်ကုန်၏။ လွှသွားတို့ကဲ့သို့ ဤအတူ ဝင်သက် ထွက်သက်တို့ကို မှတ်အပ်ကုန်၏။ သစ်တုံး၌ထိသော လွှသွားတို့၏ အစွမ်းအားဖြင့် ယောကျ်ား၏ သတိသည် ထင်သကဲ့သို့ လာသော လွှသွား သွားသောလွှသွားတို့ကိုနှလုံးမသွင်းသကဲ့သို့ လာသောလွှသွား သွားသောလွှသွားတို့ မထင်သည် မဟုတ်ကုန်သကဲ့သို့ သစ်တုံးကိုဖြတ်သော ဝီရိယသည်လည်း ထင်သကဲ့သို့ သစ်တုံးဖြတ်ခြင်း လုံ့လကိုလည်း ပြီးစေသကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် နှာသီးဖျား၌ငှင်း နှုတ်ခမ်းဖျား၌ငှင်း သတိကို ရှေးရှုထား၍ ထိုင်နေ၏။ အတွင်းသို့ဝင်လာကုန် အပသို့ထွက်သွားကုန်သော ထွက်သက်ဝင်သက်တို့ကို နှလုံးမသွင်း အတွင်းသို့ဝင်လာကုန် အပသို့ထွက်သွားကုန်သော ဝင်သက် ထွက်သက်တို့သည် မထင်သည် မဟုတ်ကုန်၊ထင်ကုန်သည်သာတည်း၊ ဝီရိယသည် ထင်၏၊ ဈာန်ကိုလည်း ပြီးစေ၏၊ သံယောဇဉ်ကို ပယ်တတ်သောမဂ်ကိုလည်း ရ၏၊ ပဓာနမည်သော ဝီရိယလည်း ဖြစ်၏။

ပဓာနဟူသည် အဘယ်နည်း၊ အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်၏ ကိုယ်သည်ငှင်း စိတ်သည်ငှင်း ဘာဝနာကံအား လျော်၏၊ ဤကားပဓာနမည်၏။

ပယောဂဟူသည် အဘယ်နည်း၊ အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် ဥပက္ကိလေသ နီဝရဏတို့ကို ပယ်စွန့်အပ်ကုန်၏၊ ဝိတက်တို့သည် ငြိမ်းကုန်၏၊ ဤကား ပယောဂမည်၏။

ဝိသေသဟူသည် အဘယ်နည်း၊ အားထုတ်အပ်သော ဝီရိယရှိသော ပုဂ္ဂိုလ်အား သံယောဇဉ်တို့ ပျောက်ကုန်၏၊ အနုသယတို့ကင်းကုန်၏၊ ဤကား ဝိသေသမည်၏။

ဤသို့ ဤတရားသုံးပါးတို့သည် တခုသောစိတ်၏ အာရုံမဟုတ်ကုန်၊ ဤတရားသုံးပါးတို့သည် မထင်သည်မဟုတ်ကုန်၊ စိတ်ပျံ့လွင့်ခြင်းသို့မရောက်၊ သမာဓိဘာဝနာကို အားထုတ်သော ဝီရိယသည်လည်း ထင်၏၊ နီဝရဏကို ပယ်ခွါတတ်သော ဈာန်ကိုလည်း ပြီးစေ၏၊ သံယောဇဉ်ကို ပယ်တတ်သောမဂ်ကိုလည်း ရ၏။

> ၁၆၀။ မြတ်စွာဘုရားသည် ဟောတော်မူတိုင်းသော အခြင်းအရာ အားဖြင့် အာနာပါနဿတိကို ပြည့်စုံကောင်းမွန်စွာ အစဉ်အတိုင်း ပွါးများလေ့လာပြီးသော ပုဂ္ဂိုလ်သည် တိမ်တိုက်မှ လွတ်လာသကဲ့သို့ ဤဩကာသ လောကကို အရောင်ဖြင့် ထွန်းပ၏။

**အာနံ**ဟူသည် ဝင်သက်တည်း၊ ထွက်သက်မဟုတ်။ **အပါနံ**ဟူသည် ထွက်သက်တည်း၊ ဝင်သက်မဟုတ်။ ဝင်သက်၏အစွမ်းအားဖြင့် သတိသည် ထင်၏၊ ထွက်သက်၏ အစွမ်းအားဖြင့် သတိသည် ထင်၏၊ ဝင်သက်ကိုရှုသောပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထွက်သက်ကိုရှုသော ပုဂ္ဂိုလ်အား သတိသည် ထင်၏။

http://www.dhammadownload.com



**ပရိပုဏ္ဏာ** ဟူသည် သိမ်းဆည်းတတ်သော သဘောကြောင့် ပရိပုဏ္ဏာမည်၏၊ အခြံအရံဟူသော သဘောကြောင့် ပရိပုဏ္ဏာမည်၏။ ပြည့်စုံသော သဘောကြောင့် ပရိပုဏ္ဏာမည်၏။

**သုဘာဝိတာ** ဟူသည် လေးပါးသော ပွါးများခြင်းတို့တည်း။ ထိုဝင်သက် ထွက်သက် တရားတို့ကို မကျော်လွန်သောသဘောအားဖြင့် ပွါးများခြင်းတည်း၊ ဣန္ဒြေတို့၏ တခုတည်းသော ကိစ္စရှိသော သဘောအားဖြင့် ပွါးများခြင်းတည်း၊ ထိုစျာန်သို့ ရောက်ကြောင်း ဖြစ်သော ဝီရိယကို ဆောင်တတ်သောသဘောအားဖြင့် ပွါးများခြင်းတည်း၊ ဒ‌ဖန်တလဲလဲ မှီဝဲသောသဘောအားဖြင့် ပွါးများခြင်းတည်း။ ထိုပုဂ္ဂိုလ်အား ပွါးများအပ်သော သဘောရှိသော ဤတရားလေးပါးတို့ကို ကျထားသောယာဉ်နှင့်တူစွာ ပြုအပ်ကုန်၏၊ တည်ရာဝတ္ထုနှင့်တူစွာ ပြုအပ်ကုန်၏၊ ရှေးရှုထင်ကုန်၏၊ ထက်ဝန်းကျင်မှ လေ့လာဆည်းပူးအပ်ကုန်၏၊ ကောင်းစွာ အားထုတ်ပြုလုပ်အပ်ကုန်၏။

**ယာနိကတာ** ဟူသည် ထိုထိုစျာန် ထိုထိုဝိပဿနာတို့၌ အလိုရှိသလောက် လေ့လာသည်၏ အဖြစ်သို့ ရောက်၏၊ အားအစွမ်းသို့ ရောက်၏၊ ရဲရင့်သည်၏အဖြစ်သို့ ရောက်၏၊ ထိုပုဂ္ဂိုလ်၏ ထိုသမထဝိပဿနာတရားတို့သည် ဆင်ခြင်ခြင်းနှင့်စပ်ကုန်၏၊ လိုခြင်းမှုနှင့်စပ်ကုန်၏ နှလုံးသွင်းမှုနှင့် စပ်ကုန်၏၊ စိတ္တုပ္ပါဒ်နှင့်စပ်ကုန်၏။ ထို့ကြောင့် ယာနိကတာ ဟူ၍ ဆိုအပ်၏။

**ဝတ္ထုကတာ** ဟူသည် (တဆယ့်ခြောက်ပါးသော) ဝတ္ထုတို့၌ စိတ်တည်လေရာ သတိကောင်းစွာထင်၏။ သတိထင်လေရာ စိတ်ကောင်းစွာတည်၏၊ ထို့ကြောင့် ဝတ္ထုကတာဟု ဆိုအပ်၏။

**အနုဋ္ဌိတာ** ဟူသည် ထိုစိတ်ရှေးရှုဆောင်၏၊ ထိုထိုတရားဘာဝနာအထူး၌ စိတ်ဆောင်လေရာ သတိသည် အစဉ်လိုက်၏၊ သတိသည် အစဉ်လိုက်ရာ ဘာဝနာအထူး၌ စိတ်ကို ရှေးရှုဆောင်၏။ ထို့ကြောင့် အနုဋ္ဌိတာဟု ဆိုအပ်၏။

**ပရိစိတာ** ဟူသည် သိမ်းဆည်း တတ်သော သဘောကြောင့် ပရိစိတာ မည်၏၊ အခြံအရံ ဟူသောသဘောကြောင့် ပရိစိတာ မည်၏၊ ပြည့်စုံသောသဘောကြောင့် ပရိစိတာ မည်၏၊ သတိဖြင့် သိမ်းဆည်းလျက် အကုသိုလ် တရားယုတ်တို့ကို ဆောင်တတ်သောကြောင့် ပရိစိတာ မည်၏။

**သုသမာရဒ္ဓါ** ဟူသည် လေးပါးသော ကောင်းစွာ အားထုတ်ခြင်း တို့တည်း။ ထိုဝင်သက် ထွက်သက်၌ ဖြစ်သော တရားတို့ကို မကျော်လွန်သော သဘောအားဖြင့် ကောင်းစွာ အားထုတ်ခြင်းတည်း၊ ဣန္ဒြေတို့၏ တခုသောကိစ္စရှိသောသဘောအားဖြင့် ကောင်းစွာအားထုတ်ခြင်းတည်း။ ထိုစျာန်သို့ ရောက်ကြောင်းဖြစ်သောဝီရိယကို ဆောင်တတ်သော သဘောအားဖြင့် ကောင်းစွာ အားထုတ်ခြင်းတည်း၊ ထိုစျာန်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော ကိလေသာတို့ကို ကောင်းစွာ ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်ကောင်းစွာအားထုတ်ခြင်း သုသမာရဒ္ဓမည်ကုန်၏။

၁၆၁။ **သုသမ** ဟူရာ၌ သမ သုသမ ဟူသည်ရှိ၏။ သမဟူသည် အဘယ်နည်း၊ ထိုဘာဝနာ အထူး၌ဖြစ်၍ အပြစ်ကင်းသောသဘောရှိသော ဗောဓိပက္ခိယတရားသည် သမမည်၏။

သုသမဟူသည် အဘယ်နည်း၊ ထိုထိုသို့သောတရားတို့၏ အာရုံချုပ်ရာဖြစ်သော နိဗ္ဗာန်သည် သုသမမည်၏။ ဤသို့ ဤသမကိုရင်း ဤသုသမကိုရင်း ဉာဏ်ဖြင့် သိအပ်၏၊ မြင်အပ်၏၊ ရအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့်တွေ့အပ်၏၊ တွန့်တိုခြင်းမရှိ၊ ဝီရိယကိုအားထုတ်အပ်၏၊ သတိသည်

http://www.dhammadownload.com



ထင်၏၊ မမေ့လျော့၊ ကိုယ်သည်ငြိမ်း၏၊ ပူပန်ခြင်းမရှိ၊ စိတ်သည်တည်ကြည်၏၊ တခုတည်းသော အာရုံရှိ၏။ ထို့ကြောင့် သုသမာရဒ္ဓဟုဆိုအပ်၏။

အနုပုဗ္ဗပရိစိတာဟူရာ၌ ရှည်သော ဝင်သက်ကို ဝင်သက်၏အစွမ်းအားဖြင့် ရှေးရှေးသော သတိကိုလေ့ကျက်အပ်၏၊ နောက်နောက်သောသတိကိုအဖန်တလဲလဲလေ့ကျက်အပ်၏။ ရှည်သော ထွက်သက်ကိုရှည်သောထွက်သက်၏ အစွမ်းအားဖြင့် ရှေးရှေးသောသတိကို လေ့ကျက်အပ်၏၊ နောက်နောက်သောသတိကို အဖန်တလဲလဲလေ့ကျက်အပ်၏။

တိုသောဝင်သက်ကို တိုသောဝင်သက်၏အစွမ်းအားဖြင့် ရှေးရှေးသောသတိကို လေ့ကျက်အပ်၏၊ နောက်နောက်သော သတိကိုအဖန်ဖန်လေ့ကျက်အပ်၏။ တိုသောထွက်သက်ကို တိုသော ထွက်သက်၏အစွမ်းအားဖြင့် ရှေးရှေးသော သတိကို လေ့ကျက်အပ်၏၊ နောက်နောက်သော သတိကို အဖန်ဖန်လေ့ကျက်အပ်၏။ပ။တဖန်စွန့်မှုကို အဖန်ဖန်ရှုလျက် ဝင်သက်၏ အစွမ်းအားဖြင့် ရှေးရှေးသောသတိကို လေ့ကျက်အပ်၏၊ နောက်နောက်သော သတိကိုအဖန်ဖန်လေ့ကျက်အပ်၏။ တဖန်စွန့်မှုကို အဖန်ဖန်ရှုလျက် ထွက်သက်၏အစွမ်းအားဖြင့် ရှေးရှေးသောသတိကို လေ့ကျက်အပ်၏၊ နောက်နောက်သောသတိကို အဖန်ဖန်လေ့ကျက်အပ်၏။

အလုံးစုံလည်းဖြစ်ကုန်သော တဆယ့်ခြောက်ပါးသော ဝတ္ထုရှိသော အာနာပါနဿတိတို့ကို အမျှင်းချင်းလည်း လေ့လာအပ်ကုန်၏၊ အဖန်ဖန်လည်း လေ့လာအပ်ကုန်၏၊ ထို့ကြောင့်အနုပုဗ္ဗပရိစိတာဟုဆိုအပ်၏။

ယထာဘူတာဟူရာ၌ မှန်သောအနက်တို့သည် ဆယ်ပါးတို့တည်း၊ မိမိကိုယ်ကို ဆုံးမခြင်းသဘော ဖြစ်သောမှန်သောအနက်၊ မိမိကိုယ်ငြိမ်းအေးခြင်း သဘောဖြစ်သော မှန်သောအနက်၊ မိမိသည် ကိလေသာငြိမ်းအေးခြင်း သဘောဖြစ်သော မှန်သောအနက်၊ အထူးသိအပ်သော သဘော ဖြစ်သော မှန်သောအနက်၊ ပိုင်းခြား၍သိအပ်သော သဘောဖြစ်သော မှန်သောအနက်၊ ပယ်အပ်သောသဘော ဖြစ်သောမှန်သောအနက်၊ ပွါးများအပ်သော သဘောဖြစ်သော မှန်သော အနက်၊ မျက်မှောက်ပြုအပ်သော သဘောဖြစ်သော မှန်သောအနက်၊ သစ္စာလေးပါးတို့ကို ထိုးထွင်း၍သိခြင်းသဘော ဖြစ်သော မှန်သောအနက်၊ နိဗ္ဗာန်၌ တည်စေတတ်သော သဘော ဖြစ်သောမှန်ကန်သောအနက် (ဤဆယ်ပါးတို့တည်း)။

ဗုဒ္ဓေါဟူရာ၌ အကြင်မြတ်စွာဘုရားသည် အလိုလိုဖြစ်တော်မူ၏၊ ဆရာကင်းတော်၏၊ ရှေး အခါက မကြားဘူးကုန်သောတရားတို့၌ ကိုယ်တော်တိုင်သာလျှင် သစ္စာတို့ကို ထိုးထွင်း၍ သိတော်မူ၏၊ ထိုသစ္စာတို့၌လည်း အလုံးစုံသိတော်မူသောအဖြစ်သို့ ရောက်တော်မူ၏၊ အားတော် တို့၌ လေ့လာသည်၏အဖြစ်သို့ ရောက်တော်မူ၏။

၁၆၂။ ဗုဒ္ဓေါဟူရာ၌ အဘယ်အနက်သဘောကြောင့် ဗုဒ္ဓမည်သနည်း၊ သစ္စာတရားတို့ကို သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ သတ္တဝါအပေါင်းကို သိစေတော်မူသောကြောင့် ဗုဒ္ဓ မည်တော်မူ၏။ တရားအားလုံးကို သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ တရားအားလုံးကို (ဉာဏ်မျက်စိဖြင့်) မြင်တော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ သူတပါးမသိစေအပ်ပဲ ကိုယ်တိုင် သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ (သဗ္ဗညုတဉာဏ်သို့ရောက်သဖြင့်) ပွင့်သောကြောင့် ဗုဒ္ဓမည်တော်မူ၏။ ကုန်ပြီးသော အာသဝေါတရားရှိခြင်းကြောင့် ဗုဒ္ဓမည်တော်မူ၏။ ကိလေသာ

http://www.dhammadownload.com



လိမ်းကျံခြင်းမရှိခြင်းကြောင့် ဗုဒ္ဓမည်တော်မူ၏။ စင်စစ်ကင်းပြီးသော ရာဂရှိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ စင်စစ်ကင်းပြီးသော ဒေါသရှိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ စင်စစ်ကင်းပြီးသော မောဟရှိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ စင်စစ်ကိလေသာမရှိသောကြောင့် ဗုဒ္ဓမည်တော်မူ၏။

တကြောင်းတည်းသော နိဗ္ဗာန်ခရီးသို့ကြွတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ ကိုယ်တော်တိုင်သာလျှင် အတုမရှိမြတ်သော, သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူသောကြောင့် ဗုဒ္ဓမည်တော်မူ၏။ မသိအပ်သော တရားအပေါင်းမှကင်းသည်ဖြစ်၍ သိအပ်သောဉာဏ်ကိုရခြင်းကြောင့် ဗုဒ္ဓမည်တော်မူ၏။

ဗုဒ္ဓဟူသော ဤအမည်ကို အမိသည်မမှည့်အပ်၊ အဖသည်မမှည့်အပ်၊ အစ်ကိုသည် မမှည့်အပ်၊ အစ်မသည်မမှည့်အပ်၊ အဆွေခင်ပွန်းတို့သည် မမှည့်အပ်၊ ဆွေမျိုးသားချင်းတို့သည် မမှည့်အပ်၊ သမဏဗြာဟ္မဏတို့သည်မမှည့်အပ်၊ နတ်ဗြဟ္မာတို့သည်မမှည့်အပ်။

ဤဗုဒ္ဓဟူသောအမည်သည် ဘုန်းကြီးကုန်သော ဘုရားသျှင်တို့၏ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကိုရသည်နှင့်တပြိုင်နက်မျက်မှောက်ပြုအပ်သော အရဟတ္တဖိုလ်ကို အထွတ်တပ်၍ ဖြစ်သော နာမပညတ်တော်တည်း။

**ဒေသိတာ** ဟူရာ၌ မိမိကိုယ်ကိုဆုံးမခြင်းသဘောဖြစ်သော မှန်သောအနက်ကို၊ မိမိကိုယ်ငြိမ်းအေးခြင်း သဘောဖြစ်သော မှန်သောအနက်ကို၊ မိမိသည်ကိလေသာငြိမ်းအေးခြင်းသဘောဖြစ်သော မှန်သောအနက်ကို။ပ။နိဗ္ဗာန်၌တည်စေတတ်သော သဘောဖြစ်သော မှန်သောအနက်ကို အကြောင်းအခြင်းအရာအားဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်၏။

**သော**ဟူရာ၌ လူဖြစ်စေရဟန်းဖြစ်စေ။ **လောကေ**ာဟူရာ၌ ခန္ဓာတည်းဟူသောလောက, ဓာတ်တည်းဟူသော လောက,အာယတနတည်းဟူသော လောက, အပါယ်လေးပါးဟူသော ဝိပတ္တိဘဝလောက,သုဂတိဘဝတည်းဟူသော သမ္ပတ္တိဘဝလောက, သုဂတိရောက်ကြောင်းကံတည်း ဟူသော သမ္ပတ္တိ သမ္ဘဝလောကတို့တည်း။ သတ္တဝါအားလုံးတို့သည် အာဟာရလျှင် တည်ရာရှိကုန်၏ ဟူသော တပါးသောလောက။ ပ ။ဓာတ်တဆယ့်ရှစ်ပါးတည်းဟူသော လောကတဆယ့်ရှစ်ပါးတို့တည်း။

**ပဘာသေတိ**ဟူရာ၌ မိမိကိုယ်ကိုဆုံးမခြင်းသဘောဖြစ်သော မှန်သောအနက်ကိုကောင်းစွာထိုးထွင်း၍ သိတတ်သောကြောင့် ထိုပုဂ္ဂိုလ်သည် ဤလောကကို ထွန်းလင်းစေ၏၊ တောက်ပစေ၏၊ ထွန်းလင်းတောက်ပစေ၏၊ မိမိကိုယ်ငြိမ်းအေးခြင်း သဘောဖြစ်သော မှန်သောအနက်ကို ကောင်းစွာထိုးထွင်း၍ သိတတ်သောကြောင့် ထိုပုဂ္ဂိုလ်သည် ဤလောကကို ထွန်းလင်းစေ၏၊ တောက်ပစေ၏၊ ထွန်းလင်းတောက်ပစေ၏။

မိမိသည် ကိလေသာငြိမ်းအေးခြင်း သဘောဖြစ်သော မှန်သောအနက်ကို ကောင်းစွာထိုးထွင်း၍ သိတတ်သောကြောင့် ထိုပုဂ္ဂိုလ်သည် ဤလောကကို ထွန်းလင်းစေ၏၊ တောက်ပစေ၏၊ ထွန်းလင်းတောက်ပစေ၏။ပ။

နိဗ္ဗာန်၌တည်စေတတ်သော သဘောဖြစ်သော မှန်သောအနက်ကို ကောင်းစွာထိုးထွင်း၍ သိတတ်သောကြောင့် ထိုပုဂ္ဂိုလ်သည် ဤလောကကို ထွန်းလင်းစေ၏၊တောက်ပစေ၏၊ ထွန်းလင်းတောက်ပစေ၏။

http://www.dhammadownload.com



**အဗ္ဘာ မုတ္တောဝ စန္ဒိမာ** ဟူရာ၌ တိမ်တိုက်ကဲ့သို့ ကိလေသာတို့ကို မှတ်အပ်ကုန်၏၊ လကဲ့သို့ အရိယာဉာဏ်ကို မှတ်အပ်၏၊ လနတ်သားကဲ့သို့ ရဟန်းကိုမှတ်အပ်၏၊ တိမ်တိုက်မှလွတ်သော ဆီးနှင်းမှ လွတ်သော အခိုးနှင့်မြူမှလွတ်သော ရာဟုဘမ်းခြင်းမှလွတ်သော လသည် ထွန်းပသကဲ့သို့ တောက်ပသကဲ့သို့ တင့်တယ်သကဲ့သို့ ဤအတူသာလျှင် ရဟန်းသည် ကိလေသာအားလုံးတို့မှ လွတ်သည်ဖြစ်၍ ထွန်းလည်းထွန်းပ၏၊ တောက်လည်း တောက်ပ၏၊ တင့်တယ်လည်း တင့်တယ်၏၊ ထို့ကြောင့် အဗ္ဘာမုတ္တောဝ စန္ဒိမာ ဟု ဆိုအပ်၏။

ဖြူစင်ခြင်း၌ တဆယ့်သုံးပါးကုန်သော ဤဉာဏ်တို့သည် ဖြစ်ကုန်၏။

လေးခုမြောက် ဝေါဒါနဉာဏ် အကျယ်ပြခြင်း ပြီး၏။

ဘာဏဝါရ ပြီး၏။

---

## ၅-သတောကာရိဉာဏ် အကျယ်ပြခြင်း

၁၆၃။ သတိပြုလေ့ရှိသောသူ၏ ဉာဏ်သုံးဆယ့်နှစ်ပါးတို့သည် အဘယ်တို့နည်း။ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်သည်ဖြစ်စေ သစ်ပင်ရင်းသို့ကပ်သည် ဖြစ်စေ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်စေ ထက်ဝယ်ဖွဲ့ခွေ၍ ကိုယ်ကိုဖြောင့်မတ်စွာထားကာ ကမ္မဋ္ဌာန်းသို့ရှေးရှု သတိကို ဖြစ်စေ၍ ထိုင်နေ၏။

ထိုရဟန်းသည် သတိနှင့် ပြည့်စုံသည်ဖြစ်၍ သာလျှင် ဝင်သက်ကိုရှူ၏၊ သတိနှင့် ပြည့်စုံသည် ဖြစ်၍သာလျှင် ထွက်သက်ကိုထုတ်၏။ ရှည်သောဝင်သက်ကိုမူလည်း ရှူသည်ရှိသော် ရှည်သော ဝင်သက်ကိုရှူ၏ဟုသိ၏။ ရှည်သောထွက်သက်ကိုမူလည်း ထုတ်သည်ရှိသော်ရှည်သောထွက်သက် ကိုထုတ်၏ဟုသိ၏။ တိုသောဝင်သက်ကိုမူလည်း ရှူသည်ရှိသော် တိုသောဝင်သက်ကိုရှူ၏ ဟုသိ၏၊ တိုသောထွက်သက်ကိုမူလည်း ထုတ်သည်ရှိသော် တိုသောထွက်သက်ကို ထုတ်၏ဟုသိ၏။ အလုံးစုံသောဝင်သက် 'အဿာသကာယ'၏ အစအလယ်အဆုံးကို ထင်ရှားအောင်ပြု၍ ဝင်သက်ကို ရှူအံ့ဟုအားထုတ်၏။ အလုံးစုံသောထွက်သက် 'ပဿာသကာယ'၏ အစအလယ်အဆုံးကို ထင်ရှားအောင်ပြု၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။

ရုန့်ရင်းသော အဿာသဟုဆိုအပ်သော ကာယသင်္ခါရကိုငြိမ်းစေလျက် ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏။ ရုန့်ရင်းသောပဿာသဟုဆိုအပ်သော ကာယသင်္ခါရကိုငြိမ်းစေလျက် ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်၏။

ပီတိကိုထင်ရှားအောင်ပြု၍။ပ။သုခကို ထင်ရှားအောင်ပြု၍, စိတ္တသင်္ခါရကို ထင်ရှားအောင် ပြု၍,ရုန့်ရင်းသော စိတ္တသင်္ခါရကိုငြိမ်းစေလျက်စိတ်ကို ထင်ရှားအောင်ပြုသည်ဖြစ်၍,စိတ်ကိုအလွန် ဝမ်းမြောက်စေသည်ဖြစ်၍, ဇိတ်ကို (အာရုံ၌) ကောင်းစွာ ထားသည်ဖြစ်၍, စိတ်ကိုလွတ်စေ သည်ဖြစ်၍, အနိစ္စဟု အဖန်ဖန်ရှုသည်ဖြစ်၍, တပ်ခြင်းကင်းဖွယ်ဟု အဖန်ဖန်ရှုသည်ဖြစ်၍, ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍, တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍, ဝင်သက်ကို ရှူအံ့ဟု အားထုတ်၏။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်၏။

http://www.dhammadownload.com



၁၆၄။ **ဝုဒ္ဓဟူသည်** ဤအယူ၌၊ ဤအလို၌၊ ဤနှစ်သက်ခြင်း၌၊ ဤယူခြင်း၌၊ ဤသဘာဝ ဓမ္မ၌၊ ဤဝိနည်း၌၊ ဤဓမ္မဝိနယ၌၊ ဤဘုရားစကားတော်၌၊ဤမြတ်သောအကျင့်၌၊ဤဘုရားအဆုံး အမတော်၌ဟူသောအနက်တည်း၊ ထို့ကြောင့် ဝုဒ္ဓ ဟုဆိုအပ်၏။

**ဘိက္ခုဟူသည်**ကလျာဏ ပုထုဇဉ်ရဟန်းဖြစ်စေ သေက္ခရဟန်းဖြစ်စေ မပျက်သောသဘော ရှိသော ရဟန္တာသည်မူလည်းဖြစ်စေ ဘိက္ခုမည်၏။

**အရည်** ဟူသည် တံခါးခုံအပမှထွက်၍ အလုံးစုံသည် အရညမည်၏။

**ရုက္ခမူလံဟူသည်**အကြင်သစ်ပင်၌ ညောင်စောင်းကိုသော်၎င်း ‑အင်းပျဉ်ကိုသော်၎င်း ဘုံလျှိုကို သော်၎င်း ဖျာကိုသော်၎င်း သားရေပိုင်းကိုသော်၎င်း မြက်အခင်းကိုသော်၎င်း သစ်ရွက်အခင်း ကိုသော်၎င်း ကောက်ရိုးအခင်းကိုသော်၎င်း ရဟန်း၏နေရာကို ခင်းအပ်၏၊ ထိုသစ်ပင်ရင်း၌ ရဟန်း သည် စင်္ကြံမူလည်းသွား၏၊ ရပ်မူလည်းရပ်၏၊ ထိုင်မူလည်းထိုင်၏၊ အိပ်မူလည်းအိပ်၏။ **ထိုသစ်ပင် ရင်းသည်** ရုက္ခမူလမည်၏။

**သုညံဟူသည်** လူတို့နှင့်၎င်း ရဟန်းတို့နှင့်၎င်း တစုံတယောက်နှင့်မျှ မရောနှော။

**အဂါရံဟူသည်** နှစ်ဖက်ရပ်မိုးကျောင်း, တဖက်ရပ်မိုးကျောင်း, ပြာသာဒ်ရှည်, ပြာသာဒ်ဦး ပြည်း, လိုဏ်ခေါင်းတို့တည်း။

**နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ** ဟူသည် ထက်ဝယ်ဖွဲ့ခွေ၍ထိုင်နေ၏။ **ဥဇုံ ကာယံ ပဏိဓာယ** ဟူ သည် ဖြောင့်မတ်စွာ တည်စေလျက် ကိုယ်ကိုကောင်းစွာ ထားအပ်၏။

**ပရိမုခံ သတိံ ဥပဋ္ဌပေတွာ**၌ ပရိဟူသည်သိမ်းဆည်းခြင်းအနက်ရှိ၏၊ **မုခံဟူသည်** ဝဋ်မှထွက် မြောက်ကြောင်းအနက်ရှိ၏၊ **သတိံ** ဟူသည်ထင်ခြင်းအနက်ရှိ၏၊ ထို့ကြောင့်ပရိမုခံသတိံ ဥပဋ္ဌ ပေတွာဟုဆိုအပ်၏။

၁၆၅။ **သတော၀ အဿသတိ၊သတော၀ ပဿသတိဟူ**ရာ၌သုံးဆယ့်နှစ်ပါးသော အခြင်းအရာ တို့ဖြင့် သတိကိုပြုလေ့ရှိ၏။ ရှည်စွာသော ဝင်သက်ကိုရှူသည်၏အစွမ်းအားဖြင့်စိတ်၏ တည်ကြည် ခြင်းမပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အားသတိသည်ထင်၏။ ထိုသတိဖြင့်ထိုဉာဏ်ဖြင့် သတိကိုပြုလေ့ ရှိ၏။ ရှည်စွာသော ဤထွက်သက်ကို ထုတ်သည်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့် ခြင်းကိုသိသော ပုဂ္ဂိုလ်အားသတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် သတိကိုပြုလေ့ရှိ၏။

တိုသောဝင်သက်ကို ရှူသည်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသော ပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် သတိကိုပြုလေ့ရှိ၏။တိုသောထွက်သက်ကို ထုတ်သည်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိ သည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် သတိကိုပြုလေ့ရှိ၏။ပ။တဖန်စွန့်ခြင်းကိုရှူသောဝင်သက်၏ အစွမ်းအားဖြင့် တဖန် စွန့်ခြင်းကို ရှူသောထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ထိုသတိဖြင့် ထိုဉာဏ်ဖြင့် သတိကိုပြုလေ့ ရှိ၏။

http://www.dhammadownload.com



## ပဌမ စတုက္က အကျယ်ပြခြင်း

၁၆၆။ ရှည်သောဝင်သက်ကိုရှူသော် ရှည်သောဝင်သက်ကို ရှူ၏ဟု အဘယ်သို့သိသနည်း၊ ရှည်သောထွက်သက်ကို ထုတ်သော် ရှည်သောထွက်သက်ကို ထုတ်၏ဟု အဘယ်သို့သိသနည်း။

ရှည်သောဝင်သက်ကို အစွန့်ရှည်သောကာလ၌ ရှူ၏၊ ရှည်သောထွက်သက်ကို အစွန့်ရှည်သောကာလ၌ထုတ်၏။ ရှည်သော ဝင်သက်ထွက်သက်ကို အစွန့်ရှည်သောကာလ၌ ရှူလည်းရှူ၏ ထုတ်လည်း ထုတ်၏။ ရှည်သော ဝင်သက်ထွက်သက်ကို အစွန့်ရှည်သောကာလ၌ ရှူသောသူအားငှင်း ထုတ်သောသူအားငှင်း ဘာဝနာဆန္ဒဖြစ်၏။ ဘာဝနာဆန္ဒ အစွမ်းအားဖြင့် ထို့ထက်သိမ်မွေ့သော ရှည်သောဝင်သက်ကို အစွန့်ရှည်သောကာလ၌ရှူ၏။ ဘာဝနာဆန္ဒ၏ အစွမ်းအားဖြင့် ထို့ထက် အလွန်သိမ်မွေ့သော ရှည်သောထွက်သက်ကို အစွန့်ရှည်သောကာလ၌ ထုတ်၏။ ဘာဝနာဆန္ဒ၏ အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော ရှည်သောဝင်သက် ထွက်သက်ကို အစွန့်ရှည်သော ကာလပတ်လုံး ရှူလည်းရှူ၏၊ ထုတ်လည်းထုတ်၏။

ဘာဝနာဆန္ဒ၏ အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော ရှည်သောဝင်သက် ထွက်သက်ကို အစွန့်ရှည်သောကာလ၌ ရှူသောသူအားငှင်း ထုတ်သောသူအားငှင်း ဝမ်းမြောက်ခြင်း ပီတိ ဖြစ်၏။ ဝမ်းမြောက်ခြင်း ပီတိ၏အစွမ်းအားဖြင့် ထို့ထက် အလွန်သိမ်မွေ့သော ရှည်သောဝင်သက်ကို အစွန့်ရှည်သောကာလ၌ရှူ၏။ ဝမ်းမြောက်ခြင်းပီတိ အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော ရှည်သောထွက်သက်ကို အစွန့်သောကာလ၌ထုတ်၏။ ဝမ်းမြောက်ခြင်းပီတိ၏ အစွမ်းအားဖြင့် ထို့ထက်သိမ်မွေ့သော ရှည်သော ဝင်သက် ထွက်သက်ကို အစွန့်ရှည်သောကာလ၌ ရှူလည်းရှူ၏၊ ထုတ်လည်းထုတ်၏။

ဝမ်းမြောက်ခြင်းပီတိ၏ အစွမ်းအားဖြင့် ထို့ထက် အလွန်သိမ်မွေ့သော ရှည်သော ဝင်သက် ထွက်သက်ကို အစွန့်ရှည်သောကာလ၌ ရှူသောသူအားငှင်း ထုတ်သောသူအားငှင်း (ရှည်သော ဝင်သက် ထွက်သက်တို့ကို အမှီပြု၍ ပဋိဘာဂနိမိတ်ဖြစ်သည်ရှိသော်) ပကတိသော ဖင်္ဂသက် ထွက်သက်မှ စိတ်သည် နစ်၏၊ ဥပေက္ခာသည် ကောင်းစွာတည်၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် ရှည်စွာသော ဝင်သက် ထွက်သက်တို့သည် ကာယမည်၏၊ ထင်ခြင်းသည်သတိမည်၏၊ အဖန်ဖန် ရှုခြင်းသည်ဉာဏ်မည်၏။

ကာယသည် ဥပဋ္ဌာနမည်၏၊ သတိမမည်။ သတိသည် ဥပဋ္ဌာနလည်းမည်၏၊သတိလည်းမည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် ကာယေ ကာယာနုပဿနာသတိ ပဋ္ဌာနဘာဝနာဟု ဆိုအပ်၏။

၁၆၇။ အနုပဿတိဟူရာ၌ ထိုကာယကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း၊ မမြဲသော အားဖြင့် အဖန်ဖန်ရှု၏၊ မြဲသောအားဖြင့်မရှု။ ဆင်းရဲသောအားဖြင့် အဖန်ဖန်ရှု၏၊ ချမ်းသာသောအား ဖြင့် မရှု။ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်သောအားဖြင့် အဖန်ဖန်ရှု၏၊ ကိုယ်စိုး ကိုယ်ပိုင်အားဖြင့်မရှု။ ငြီးငွေ့၏၊ မနှစ်သက်။ တပ်ခြင်းကင်း၏။ မတပ်မက်။ချုပ်စေ၏၊ မဖြစ်စေ။ တဖန်စွန့်၏၊ မစွဲယူ။ မမြဲသောအားဖြင့်အဖန်ဖန်ရှုသူသည် မြဲ၏ဟူသောအမှတ်အသားကို စွန့်၏။ ဆင်းရဲသောအားဖြင့် အဖန်ဖန်ရှုသူသည်ချမ်းသာ၏ဟူသောအမှတ်အသားကိုစွန့်၏။ ကိုယ်စိုးကိုယ်ပိုင်မဟုတ်သောအား ဖြင့်အဖန်ဖန်ရှုသူသည်ကိုယ်စိုးကိုယ်ပိုင် ဟူသောအမှတ်အသားကိုစွန့်၏။ ငြီးငွေ့သူသည် နှစ်သက်

http://www.dhammadownload.com



ခြင်းကိုစွန့်၏။ တပ်ခြင်းကင်းသူသည် ရာဂကိုစွန့်၏။ ချုပ်စေသောသူသည်ဖြစ်ခြင်းကိုစွန့်၏၊ တဖန်စွန့်သူသည် စွဲယူခြင်းကိုစွန့်၏။ ဤသို့ ထိုကာယကို အဖန်ဖန်ရှု၏။

**ဘာဝနာ**ဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ ထိုလေးပါးတို့တွင် ဈာန်၌ဖြစ်သောတရားတို့ကို မကျော်လွန်သောသဘောအားဖြင့် ဘာဝနာမည်၏၊ ဣန္ဒြေတို့၏ တခုသောကိစ္စသဘောအားဖြင့် ဘာဝနာမည်၏၊ ထိုဈာန်သို့ရောက်ကြောင်းဖြစ်သော ဝီရိယကို ဆောင်တတ်သောသဘောအားဖြင့် ဘာဝနာမည်၏၊ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ ရှည်သောဝင်သက် ထွက်သက်ကို ရှုခြင်း ထုတ်ခြင်း၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား ဝေဒနာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ဝေဒနာတို့သည် ထင်ရှားထင်ကုန်၏၊ ဝေဒနာတို့သည် ထင်ရှားပျောက်ပျက်ခြင်းသို့ ရောက်ကုန်၏။ သညာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ သညာတို့သည် ထင်ရှားထင်ကုန်၏၊ သညာတို့သည် ထင်ရှားပျောက်ပျက်ခြင်းသို့ရောက်ကုန်၏။ ဝိတက်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ဝိတက်တို့သည် ထင်ရှားထင်ကုန်၏၊ ဝိတက်တို့သည် ထင်ရှားပျောက်ပျက်ခြင်းသို့ရောက်ကုန်၏။

ဝေဒနာတို့သည် အဘယ်သို့ထင်ရှားဖြစ်ကုန်သနည်း၊ ဝေဒနာတို့သည် အဘယ်သို့ ထင်ရှားထင်ကုန်သနည်း၊ ဝေဒနာတို့သည် အဘယ်သို့လျှင် ထင်ရှားပျောက်ပျက်ခြင်းသို့ ရောက်ကုန်သနည်း၊ ဝေဒနာ၏ ဖြစ်ခြင်း ပေါ်ခြင်းသည် အဘယ်သို့ ထင်ရှားသနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ'ဖြစ်၏၊ ဤသို့အကြောင်းဖြစ်ခြင်း အနက်ကြောင့် ဝေဒနာ၏ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ တဏှာဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဤသို့ကံဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဤသို့ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏၊ ဤသို့အကြောင်း ထင်ရှားဖြစ်ခြင်းအနက်ကြောင့် ဝေဒနာ၏ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။

ဖြစ်ခြင်းလက္ခဏာကို ရှုသောပုဂ္ဂိုလ်အားလည်း ဝေဒနာဖြစ်ပေါ်ခြင်းသည် ထင်ရှား၏၊ ဤသို့ ဝေဒနာ၏ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ ဝေဒနာ၏ထင်ခြင်းသည် အဘယ်သို့သော အခြင်းအရာဖြင့် ထင်ရှားသနည်း၊ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ကုန်ဆုံးသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဘေးအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ကိုယ်စိုးကိုယ်ပိုင် မဟုတ်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ဤသို့ဝေဒနာ၏ ထင်ခြင်းသည် ထင်ရှား၏။

ဝေဒနာ၏ချုပ်ခြင်းသည် အဘယ်သို့ထင်ရှားသနည်း။

အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏၊ ဤသို့အကြောင်းချုပ်ခြင်း အနက်ကြောင့် ဝေဒနာချုပ်ခြင်းသည် ထင်ရှား၏။

တဏှာချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏၊ ဤသို့။ ပ။ ကံချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏၊ ဤသို့။ ပ။ တွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏၊ ဤသို့အကြောင်းချုပ်ခြင်း အနက်ကြောင့် ဝေဒနာချုပ်ခြင်းသည် ထင်ရှား၏။

ဖောက်ပြန်သောလက္ခဏာကို ရှုသောပုဂ္ဂိုလ်အားလည်း ဝေဒနာချုပ်ခြင်းသည် ထင်ရှား၏၊ ဤသို့လျှင် ဝေဒနာချုပ်ခြင်းသည် ထင်ရှား၏။ ဤသို့လျှင် ဝေဒနာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထင်ရှားထင်ကုန်၏၊ ထင်ရှားပျောက်ပျက်ခြင်းသို့ ရောက်ကုန်၏။

http://www.dhammadownload.com



သညာတို့သည် အဘယ်သို့ ထင်ရှားဖြစ်ပေါ် ကုန်သနည်း၊ အဘယ်အခြင်းအရာဖြင့် ထင်ရှား ထင်ကုန်သနည်း၊ အဘယ်သို့လျှင် ထင်ရှားချုပ်ခြင်းသို့ ရောက်ကုန်သနည်း၊သညာ၏ဖြစ်ခြင်းသည် အဘယ်သို့ထင်ရှားသနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သညာဖြစ်၏၊ ဤသို့အကြောင်းဖြစ်ခြင်း အနက်ကြောင့် သညာ ဖြစ်ခြင်းသည် ထင်ရှား၏၊ တဏှာဖြစ်ခြင်းကြောင့် သညာဖြစ်၏။ပ။ကံဖြစ်ခြင်းကြောင့် သညာ ဖြစ်၏။ပ။ဖဿဖြစ်ခြင်းကြောင့် သညာဖြစ်၏။ ဤသို့အကြောင်းဖြစ်ခြင်း အနက်ကြောင့် သညာ ဖြစ်ခြင်းသည် ထင်ရှား၏။

ဖြစ်ခြင်းလက္ခဏာကို ရှုသောပုဂ္ဂိုလ်အားလည်း သညာဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ ဤသို့ သညာဖြစ်ခြင်းသည် ထင်ရှား၏။

သညာ၏ထင်ခြင်းသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ထင်ရှားသနည်း၊ မမြဲသော အားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ကုန်ဆုံးသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဘေးအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏။ ဤသို့သညာ၏ ထင်ခြင်းသည် ထင်ရှား၏။

သညာ၏ချုပ်ခြင်းသည် အဘယ်သို့ထင်ရှားသနည်း၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် သညာချုပ်၏၊ ဤသို့ အကြောင်းချုပ်ခြင်းအနက်ကြောင့် သညာ၏ချုပ်ခြင်းသည် ထင်ရှား၏၊ တဏှာချုပ်ခြင်း ကြောင့် သညာချုပ်၏။ပ။ကံချုပ်ခြင်းကြောင့် သညာချုပ်၏။ပ။ဖဿချုပ်ခြင်းကြောင့် သညာ ချုပ်၏၊ ဤသို့အကြောင်းချုပ်ခြင်း အနက်ကြောင့် သညာချုပ်ခြင်းသည် ထင်ရှား၏၊ ဖောက် ပြန်သောလက္ခဏာကို ရှုသောပုဂ္ဂိုလ်အားလည်း သညာချုပ်ခြင်းသည် ထင်ရှား၏။ ဤသို့သညာ ချုပ်ခြင်းသည် ထင်ရှား၏။ ဤသို့သညာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထင်ရှား ထင်ကုန်၏၊ ထင်ရှားပျောက်ပျက်ခြင်းသို့ ရောက်ကုန်၏။

ဝိတက်တို့သည် အဘယ်သို့ထင်ရှားဖြစ်ပေါ်ကုန်သနည်း၊ အဘယ်သို့ထင်ရှား ထင်ကုန်သနည်း၊ အဘယ်သို့ထင်ရှား ပျောက်ပျက်ခြင်းသို့ ရောက်ကုန်သနည်း၊ ဝိတက်တို့၏ ဖြစ်ပေါ်ခြင်းသည် အဘယ်သို့ ထင်ရှားသနည်း။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဝိတက်ဖြစ်၏၊ ဤသို့အကြောင်းဖြစ်ခြင်း အနက်ကြောင့် ဝိတက်တို့၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ တဏှာဖြစ်ခြင်းကြောင့် ဝိတက်ဖြစ်၏၊ ဤသို့ကံဖြစ်ခြင်းကြောင့် ဝိတက်ဖြစ်၏။ပ။သညာဖြစ်ခြင်းကြောင့် ဝိတက်ဖြစ်၏၊ ဤသို့အကြောင်းဖြစ်ခြင်း အနက်ကြောင့် ဝိတက်တို့၏ဖြစ်ခြင်းသည် ထင်ရှား၏. ဖြစ်ခြင်းလက္ခဏာကိုရှုသော ပုဂ္ဂိုလ်အားလည်း ဝိတက် ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။ ဤသို့ဝိတက်တို့၏ ဖြစ်ပေါ်ခြင်းသည် ထင်ရှား၏။

ဝိတက်တို့၏ ထင်ခြင်းသည် အဘယ်သို့ထင်ရှားသနည်း၊ မမြဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား ကုန်ဆုံးသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်း သောပုဂ္ဂိုလ်အား ဘေးအားဖြင့်ထင်ခြင်းသည် ထင်ရှား၏၊ ကိုယ်စိုး ကိုယ်ပိုင် မဟုတ်သောအား ဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်းသည် ထင်ရှား၏။ ဤသို့ ဝိတက်တို့၏ ထင်ခြင်းသည် ထင်ရှား၏။

http://www.dhammadownload.com



ဝိတက်တို့၏ ချုပ်ခြင်းသည် အဘယ်သို့ထင်ရှားသနည်း၊ အဝိဇ္ဇာချုပ်ခြင်းကြောင့် ဝိတက်ချုပ်၏၊ ဤသို့အကြောင်းချုပ်ခြင်းအနက်ကြောင့် ဝိတက်တို့၏ချုပ်ခြင်းသည် ထင်ရှား၏၊ တဏှာချုပ်ခြင်းကြောင့် ဝိတက်ချုပ်၏။ ပ ။ကံချုပ်ခြင်းကြောင့် ဝိတက်ချုပ်၏။ ပ ။ သညာ ချုပ်ခြင်းကြောင့် ဝိတက်ချုပ်၏၊ ဤသို့အကြောင်းချုပ်ခြင်း အနက်ကြောင့် ဝိတက်တို့၏ ချုပ်ခြင်းသည် ထင်ရှား၏၊ ဖောက်ပြန်သောလက္ခဏာကို ရှုသောပုဂ္ဂိုလ်အားလည်း ဝိတက်တို့၏ ချုပ်ခြင်းသည် ထင်ရှား၏။ဤသို့လျှင် ဝိတက်တို့၏ချုပ်ခြင်းသည် ထင်ရှား၏။ဤသို့လျှင် ဝိတက်တို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏၊ ထင်ရှားထင်ကုန်၏၊ ထင်ရှားပျောက်ပျက်ခြင်းသို့ ရောက်ကုန်၏။

၁၆၇။ ရှည်သောဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏၊ အာရုံကိုလည်းသိ၏၊ ငြိမ်းအေးခြင်းသမထသဘောကိုလည်း ထိုးထွင်း၍သိ၏။ပ။မဂ်ကိုပေါင်း၏၊ တရားတို့ကိုပေါင်း၏၊ အာရုံကိုလည်းသိ၏၊ ငြိမ်းအေးခြင်းသဘောကိုလည်း ထိုးထွင်း၍သိ၏။

**ဣန္ဒြိယာနိသမောဓာနေတိ**-ဟူရာ၌ ဣန္ဒြေတို့ကို အဘယ်သို့ပေါင်းသနည်း၊ ဆုံးဖြတ်တတ်သော အနက်အားဖြင့် သဒ္ဓိန္ဒြေကိုပေါင်း၏၊ ချီးမြှောက်တတ်သော အနက်အားဖြင့် ဝီရိယိန္ဒြေကိုပေါင်း၏၊ ထင်သောအနက်အားဖြင့် သတိန္ဒြေကို ပေါင်း၏၊ မပျံ့လွင့်သော အနက်အားဖြင့် သမာဓိန္ဒြေကို ပေါင်း၏၊ မြင်တတ်သောအနက်အားဖြင့် ပညိန္ဒြေကို ပေါင်း၏။ ဤပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ဤအာရုံ၌ပေါင်း၏၊ ထို့ကြောင့် ဣန္ဒြိယာနိသမောဓာနေတိ-ဟု ဆိုအပ်၏။

**ဂေါစရဉ္စပဇာနာတိ**-ဟူရာ၌ ပုဂ္ဂိုလ်၏အာရုံသည် ထိုပုဂ္ဂိုလ်၏ ကျက်စားရာတည်း၊ ထိုပုဂ္ဂိုလ်၏ ထိုကျက်စားရာသည် ထိုပုဂ္ဂိုလ်၏ အာရုံတည်း။

**ပဇာနာတိ**-ဟူရာ၌ပုဂ္ဂိုလ်သည် ပညာဖြင့် သိ၏၊ **သမံ**-ဟူရာ၌ အာရုံ၏ထင်ခြင်းသည် သမမည်၏၊ စိတ်၏မပျံ့လွင့်ခြင်းသည် သမမည်၏၊ စိတ်၏ဆောက်တည်ခြင်းသည် သမမည်၏၊ စိတ်၏ဖြူစင်ခြင်းသည် သမမည်၏။

**အတ္ထော**-ဟူရာ၌ (ဝိပဿနာ၏) အပြစ်မရှိခြင်းသဘော (မဂ်၏)ညစ်နွမ်းမှု ကင်းခြင်းသဘော (ဖိုလ်၏)ဖြူစင်ခြင်းသဘော (နိဗ္ဗာန်၏)မြတ်သောသဘောတည်း။

**ပဋိဝိဇ္ဈတိ**-ဟူရာ၌ အာရုံ၏ထင်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏မပျံ့လွင့်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏ဆောက်တည်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏ဖြူစင်ခြင်းသဘောကို ထိုးထွင်း၍ သိ၏၊ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ- ဟု ဆိုအပ်၏။

**ဗလာနိ သမောဓာနေတိ**-ဟူရာ၌ ဗိုလ်တို့ကို အဘယ်သို့ပေါင်းသနည်း၊ မယုံကြည်ခြင်းကြောင့် (၌)မတုန်လှုပ်တတ်သောသဘောအားဖြင့် သဒ္ဓါဗိုလ်ကို ပေါင်း၏၊ ပျင်းရိခြင်းကြောင့်(၌) မတုန်လှုပ်တတ်သောသဘောအားဖြင့် ဝီရိယဗိုလ်ကို ပေါင်း၏၊ မေ့လျော့ခြင်းကြောင့်(၌) မတုန်လှုပ်တတ်သောသဘောအားဖြင့် သတိဗိုလ်ကို ပေါင်း၏၊ ပျံ့လွင့်ခြင်းကြောင့်(၌)မတုန်လှုပ်တတ်သော သဘောအားဖြင့် သမာဓိဗိုလ်ကိုပေါင်း၏၊ အဝိဇ္ဇာကြောင့်(၌) မတုန်လှုပ်တတ်သော သဘောအားဖြင့် ပညာဗိုလ်ကို ပေါင်း၏၊ ဤပုဂ္ဂိုလ်သည် ဤဗိုလ်တို့ကို ဤအာရုံ၌ ပေါင်း၏၊ ထို့ကြောင့် ဗလာနိ သမောဓာနေတိ-ဟု ဆိုအပ်၏။ ဂေါစရဉ္စ ပဇာနာတိ-ဟူသည်လည်း။ပ။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။

http://www.dhammadownload.com



**ဗောဇ္ဈင်ေ သမောဓာနေတိ**-ဟူရာ၌ ဗောဇ္ဈင်တို့ကို အဘယ်သို့ပေါင်းသနည်း၊ထင်သောသဘော အားဖြင့် သတိသမ္ဗောဇ္ဈင်ကို ပေါင်း၏၊ စိစစ်ဆင်ခြင်တတ်သော သဘောအားဖြင့် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပေါင်း၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယသမ္ဗောဇ္ဈင်ကို ပေါင်း၏၊ ပျံ့နှံ့သောသဘောအားဖြင့် ပီတိသမ္ဗောဇ္ဈင်ကို ပေါင်း၏၊ ငြိမ်းတတ်သောသဘောအားဖြင့် ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပေါင်း၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိသမ္ဗောဇ္ဈင်ကို ပေါင်း၏၊ ဆင်ခြင် တတ်သောသဘောအားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပေါင်း၏။ ဤပုဂ္ဂိုလ်သည် ဤဗောဇ္ဈင်တို့ကို ဤအာရုံ၌ ပေါင်း၏။ ထို့ကြောင့် ဗောဇ္ဈင်ေ သမောဓာနေတိ-ဟု ဆိုအပ်၏။ ဂေါစရဉ္စ ပဇာနာတိ ဟူသည်ကား။ပ။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။

**မဂ္ဂံ သမောဓာနေတိ**- ဟူရာ၌ မဂ်ကိုအဘယ်သို့လျှင် ပေါင်းသနည်း၊ မြင်တတ်သောသဘော အားဖြင့် သမ္မာဒိဋ္ဌိကိုပေါင်း၏၊ အာရုံသို့ ရှေးရှုတင်တတ်သောသဘောအားဖြင့် သမ္မာသင်္ကပ္ပကို ပေါင်း၏၊ သိမ်းဆည်းတတ်သောသဘောအားဖြင့် သမ္မာဝါစာကိုပေါင်း၏၊ ဖြစ်ကြောင်း'သမုဋ္ဌာန်' သဘောအားဖြင့် သမ္မာကမ္မန္တကို ပေါင်း၏၊ ဖြူစင်သောသဘောအားဖြင့် သမ္မာအာဇီဝကို ပေါင်း ၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် သမ္မာဝါယာမကို ပေါင်း၏၊ ထင်သောသဘော အားဖြင့် သမ္မာသတိကို ပေါင်း၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိကို ပေါင်း၏။ ဤပုဂ္ဂိုလ်သည် ဤမဂ်ကို ဤအာရုံ၌ ပေါင်း၏။ ထို့ကြောင့် မဂ္ဂံ သမောဓာနေတိ- ဟု ဆိုအပ်၏။ ဂေါစရဉ္စ ပဇာနာတိ-ဟူသည်ကား။ပ။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။

**ဓမ္မေ သမောဓာနေတိ**-ဟူရာ၌ တရားတို့ကို အဘယ်သို့ ပေါင်းသနည်း၊ အစိုးရသည်၏ အဖြစ် ဟူသော သဘောအားဖြင့် ဣန္ဒြေတို့ကို ပေါင်း၏၊ မတုန်လှုပ်သောသဘောအားဖြင့် ဗိုလ်တို့ကို ပေါင်း၏၊ ထွက်မြောက်ကြောင်းသဘောအားဖြင့် ဗောဇ္ဈင်တို့ကို ပေါင်း၏၊ အကြောင်းဟိတ် သဘောအားဖြင့် မဂ်ကို ပေါင်း၏၊ ထင်သောသဘောအားဖြင့် သတိပဋ္ဌာန်ကို ပေါင်း၏၊ အား ထုတ်တတ်သောသဘောအားဖြင့် သမ္မပ္ပဓာန်ကို ပေါင်း၏၊ ပြည့်စုံတတ်သောသဘောအားဖြင့် ဣဒ္ဓိပါဒ်ကို ပေါင်း၏၊ ဟုတ်မှန်သောသဘောအားဖြင့် သစ္စာကို ပေါင်း၏၊ မပျံ့လွင့်သောသဘော အားဖြင့် သမထကိုပေါင်း၏၊ အဖန်ဖန်ရှုတတ်သောသဘောအားဖြင့် ဝိပဿနာကို ပေါင်း၏၊ တခု သော ကိစ္စရှိသောသဘောအားဖြင့် သမထဝိပဿနာကို ပေါင်း၏၊ မကျော်လွန်သောသဘော အားဖြင့် ယုဂနဒ္ဓကိုပေါင်း၏၊ စောင့်စည်းသောသဘောအားဖြင့် သီလဝိသုဒ္ဓိကို ပေါင်း၏၊ မပျံ့ လွင့်သော သဘောအားဖြင့် စိတ္တဝိသုဒ္ဓိကို ပေါင်း၏၊ မြင်တတ်သောသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ပေါင်း၏၊ ကိလေသာမှ လွတ်သောသဘောအားဖြင့် ဝိမောက္ခကို ပေါင်း၏၊ ထိုးထွင်း၍သိသော သဘောအားဖြင့် ဝိဇ္ဇာကိုပေါင်း၏၊ စွန့်တတ်သောသဘောအားဖြင့် ဝိမုတ္တိကိုပေါင်း၏၊ အကြွင်းမဲ့ ဖြတ်တတ်သော သဘောအားဖြင့် ခယဉာဏ်ကို ပေါင်း၏၊ တဖန် ငြိမ်းစေတတ်သော သဘော အားဖြင့် အနုပ္ပါဒဉာဏ်ကို ပေါင်း၏၊ အကြောင်းမူလဟူသောသဘောအားဖြင့် ဆန္ဒကို ပေါင်း၏၊ အကြောင်း 'သမုဋ္ဌာန်' ဖြစ်သော သဘောအားဖြင့် မနသိကာရကို ပေါင်း၏၊ အပေါင်းဖြစ်သော သဘောအားဖြင့် ဖဿကို ပေါင်း၏၊ စုဝေးသောသဘောအားဖြင့် ဝေဒနာကိုပေါင်း၏၊ အဦး ဖြစ်သောသဘောအားဖြင့် သမာဓိကို ပေါင်း၏၊ အစိုးရသည့်အဖြစ်ဟူသော သဘောအားဖြင့် သတိကို ပေါင်း၏၊ ထိုထိုသို့သောတရားထက် လွန်မြတ်သောသဘောအားဖြင့် ပညာကို ပေါင်း၏၊ မြတ်သောသဘောအားဖြင့် ဝိမုတ္တိကို ပေါင်း၏။ အဆုံးဟူသောသဘောအားဖြင့် အမြိုက်နိဗ္ဗာန်ကို

http://www.dhammadownload.com



ပေါင်း၏။ ဤပုဂ္ဂိုလ်သည် ဤတရားတို့ကို ဤအာရုံ၌ ပေါင်း၏၊ ထို့ကြောင့် ဓမ္မေ သမောဓာနေတိ ဟု ဆိုအပ်၏။

**ဂေါစရဉ္စ ပဇာနာတိ**-ဟူရာ၌ ထိုပုဂ္ဂိုလ်၏အာရုံသည် ထိုပုဂ္ဂိုလ်၏ကျက်စားရာတည်း၊ထိုပုဂ္ဂိုလ်၏ ကျက်စားရာသည် ထိုပုဂ္ဂိုလ်၏ အာရုံတည်း။

**ပဇာနာတိ**-ဟူရာ၌ ပုဂ္ဂိုလ်သည် ပညာဖြင့်သိတတ်၏၊ **သမံ**ဟူရာ၌ အာရုံ၏ထင်ခြင်းသည် သမ မည်၏၊ စိတ်၏မပျံ့လွင့်ခြင်းသည် သမမည်၏၊ စိတ်၏ဆောက်တည်ခြင်းသည် သမမည်၏၊ စိတ်၏ ဖြူစင်ခြင်းသည် သမမည်၏။

**အတ္ထော**- ဟူရာ၌ (ဝိပဿနာ၏)အပြစ်မရှိခြင်းသဘော (မဂ်၏)ညစ်နွမ်းမှု ကင်းခြင်းသဘော (ဖိုလ်၏)ဖြူစင်ခြင်းသဘော (နိဗ္ဗာန်၏)မြတ်သောသဘောတည်း။

ပဋိဝိဇ္ဈတိ-ဟူရာ၌ အာရုံ၌ထင်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏မပျံ့လွင့်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏ဆောက်တည်ခြင်းသဘောကို ထိုးထွင်း၍သိ၏၊ စိတ်၏ဖြူစင်ခြင်းသဘော ကို ထိုးထွင်း၍သိ၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ ဟု ဆိုအပ်၏။ (၁)

၁၆၉။ တိုသောဝင်သက်ကိုရှူသည်ရှိသော် တိုသောဝင်သက်ကိုရှူ၏ဟု အဘယ်သို့သိသနည်း၊ တိုသောထွက်သက်ကို ထုတ်သည်ရှိသော် တိုသောထွက်သက်ကို ထုတ်၏ဟု အဘယ်သို့သိသနည်း။

တိုသောဝင်သက်ကို တိုသောကာလ၌ ရှူ၏၊ တိုသောထွက်သက်ကို တိုသောကာလ၌ ထုတ်၏၊ တိုသောဝင်သက်ထွက်သက်ကို တိုသောကာလ၌ ရှူလည်းရှူ၏၊ ထုတ်လည်းထုတ်၏။ တိုသော ဝင်သက်ထွက်သက်ကို တိုသောကာလ၌ ရှူသောပုဂ္ဂိုလ်အားရင်း ထုတ်သောပုဂ္ဂိုလ်အားရင်း ဘာဝနာဆန္ဒသည် ဖြစ်၏၊ ဘာဝနာဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော တိုသော ဝင်သက်ကို တိုသောကာလ၌ ရှူ၏၊ ဘာဝနာဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက် အလွန်သိမ်မွေ့သော ထိုသောထွက်သက်ကို တိုသောကာလ၌ ထုတ်၏၊ ဘာဝနာဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက် အလွန် သိမ်မွေ့သော တိုသောဝင်သက်ထွက်သက်ကို တိုသောကာလ၌ ရှူလည်းရှူ၏၊ ထုတ်လည်း ထုတ်၏။ ဘာဝနာဆန္ဒ၏အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သောတိုသောဝင်သက်ထွက်သက်ကို တိုသော ကာလ၌ ရှူသောပုဂ္ဂိုလ်အားရင်း ထုတ်သောပုဂ္ဂိုလ်အားရင်း ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက် ခြင်း၏အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော တိုသောဝင်သက်ကို တိုသောကာလ၌ ရှူ၏၊ ဝမ်းမြောက်ခြင်း၏အစွမ်းအားဖြင့် ထို့ထက် အလွန်သိမ်မွေ့သော တိုသောထွက်သက်ကို တိုသော ကာလ၌ ထုတ်၏၊ ဝမ်းမြောက်ခြင်း၏အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော တိုသော ဝင် သက်ထွက်သက်ကို တိုသောကာလ၌ ရှူလည်း ရှူ၏၊ ထုတ်လည်း ထုတ်၏။ ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် ထို့ထက်အလွန်သိမ်မွေ့သော တိုသောဝင်သက်ထွက်သက်ကို တိုသောကာလ၌ ရှူသောပုဂ္ဂိုလ်အားရင်း ထုတ်သောပုဂ္ဂိုလ်အားရင်း တိုသောဝင်သက်ထွက်သက်ကို အမှီပြု၍ ပဋိ ဘာဂနိမိတ်ဖြစ်သည်ရှိသော် ပကတိသောဝင်သက်ထွက်သက်မှစိတ်သည် ဆုတ်နစ်၏၊ ဥပေက္ခာသည် ကောင်းစွာတည်၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် တိုသော ဝင်သက်ထွက်သက်တို့သည် ကာယမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ကာယသည် ဥပဋ္ဌာန မည်၏၊ သတိမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ကာယေကာယာနုပဿနာသတိပဋ္ဌာနဘာဝနာ ဟု ဆိုအပ်၏။

http://www.dhammadownload.com



အနုပဿတီတိပူရာ၌ ထိုကာယကို အဘယ်သို့အဖန်ဖန်ရှုသနည်း။ပ။ ဤသို့ ထိုကာယကို အဖန်ဖန် ရှု၏။

ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ တို့သော၀င်သက်ထွက်သက်ကို ဝင်သက်ထွက်သက်၏အစွမ်း အားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား ဝေဒနာတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏။ပ။ တိုသော၀င်သက်ထွက်သက်ကို ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ပေါင်း၏။ပ။ ထို့ကြောင့် သမတ္တဋ္ဌ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၂)

၁၇၀။ အလုံးစုံသော အဿာသပဿာသဟု ဆိုအပ်သော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ အဘယ်သို့လျှင် ဝင်သက်ကိုရှူအံ့ဟု အားထုတ်သနည်း၊ အလုံးစုံသော အဿာသပဿာသဟုဆိုအပ်သော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ အဘယ် သို့လျှင် ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်သနည်း။

ကာယော ဟူရာ၌ ကာယသည် နာမကာယ ရူပကာယ နှစ်ပါးတို့တည်း၊ နာမကာယဟူသည် အဘယ်နည်း၊ စိတ္တသင်္ခါရဟု ဆိုအပ်သော ဝေဒနာ, သညာ, စေတနာ, ဖဿ, မနသိကာရ, နာမ် မည်သော နာမ်တရားအပေါင်းသည် နာမကာယမည်၏။

ရူပကာယဟူသည် အဘယ်နည်း၊ ကာယသင်္ခါရဟု ဆိုအပ်သော မဟာဘုတ်လေးပါး၊ မဟာ ဘုတ်လေးပါးကိုစွဲမှီ၍ဖြစ်သော ဥပါဒါရုပ်၊ ဝင်သက်ထွက်သက်, ထွက်သက်ဝင်သက်ဖြင့် ဖွဲ့အပ်သော နိမိတ် ဤသင်္ခါရတရားအပေါင်းသည် ရူပကာယမည်၏။

ထိုကာယတို့သည် အဘယ်သို့လျှင် ထင်ရှားကုန်သနည်း၊ ရှည်သော၀င်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထို ဉာဏ်ဖြင့် ထိုကာယတို့သည် ထင်ရှားကုန်၏၊ ရှည်သောထွက်သက်ကို ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထို ဉာဏ်ဖြင့် ထိုကာယတို့သည် ထင်ရှားကုန်၏၊ တိုသော၀င်သက်၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယတို့သည် ထင်ရှားကုန်၏၊ တိုသောထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယတို့သည် ထင်ရှား ကုန်၏။

ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ အပြားအားဖြင့် သိသောပုဂ္ဂိုလ် အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ရှုသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ရှုဆင်ခြင်သောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ စိတ်ကိုဆောက်တည်သော ပုဂ္ဂိုလ် အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ယုံကြည်ခြင်းဖြင့် ဆုံးဖြတ်သောပုဂ္ဂိုလ်အား ထိုကာယ တို့သည် ထင်ရှားကုန်၏၊ ဝီရိယကိုချီးမြှောက်သောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ သတိကိုထင်စေသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ စိတ်ကိုဆောက်တည်သော ပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ပညာဖြင့်သိသောပုဂ္ဂိုလ်အား ထိုကာယတို့သည်

http://www.dhammadownload.com



ထင်ရှားကုန်၏၊ အထူးသိရမည့်တရားကို အထူးသိသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ပိုင်းခြား၍သိရမည့်တရားကို ပိုင်းခြား၍သိသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ပယ်ရမည့်တရားကို ပယ်သောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ ပွါးများရမည့်တရားကို ပွါးများသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏၊ မျက်မှောက်ပြုရမည့် တရားကို မျက်မှောက်ပြုသောပုဂ္ဂိုလ်အား ထိုကာယတို့သည် ထင်ရှားကုန်၏။ ဤသို့ ထိုကာယတို့သည် ထင်ရှားကုန်၏။

အလုံးစုံသော အဿာသပဿာသဟု ဆိုအပ်သော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာ ပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့သည် ကာယမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန် ရှုခြင်းသည် ဉာဏ်မည်၏၊ ကာယသည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယကိုအဖန်ဖန်ရှု၏။ ထို့ကြောင့် **ကာယေကာယာနုပဿနာ သတိပဋ္ဌာနဘာဝနာ**-ဟု ဆိုအပ်၏။

**အနုပဿတိ** ဟူရာ၌ ထိုကာယကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ ပ ။ ဤသို့ ထိုကာယကို အဖန်ဖန်ရှု၏။

**ဘာဝနာ**-ဟူရာ၌ ထိုပွါးများခြင်းတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏။

အလုံးစုံသော အဿာသ ပဿာသ ဟုဆိုအပ်သော ကာယ၏ အစ အလယ် အဆုံးကိုထင်စွာ ပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့ကို စောင့်စည်းတတ်သောသဘောအားဖြင့် သီလ ဝိသုဒ္ဓိမည်၏၊ မပျံ့လွင့်သော သဘောအားဖြင့် စိတ္တ ဝိသုဒ္ဓိ မည်၏၊ မြင်တတ်သော သဘောအားဖြင့် ဒိဋ္ဌိ ဝိသုဒ္ဓိ မည်၏၊ ထိုဝင်သက် ထွက်သက်၌ စောင့်စည်းခြင်းသဘောသည် အဓိသီလ သိက္ခာ မည်၏၊ ထိုဝင်သက် ထွက်သက်၌ အကြင် မပျံ့လွင့်ခြင်းသဘောသည် အဓိစိတ္တသိက္ခာ မည်၏။ ထို ဝင်သက် ထွက်သက်၌ အကြင်မြင်တတ်သော သဘောသည် အဓိပညာသိက္ခာ မည်၏။ ဤသိက္ခာသုံးပါးတို့ကို ဆင်ခြင်သည်ဖြစ်၍ အားထုတ်၏၊ သိသည်ဖြစ်၍အားထုတ်၏၊ ရှုသည်ဖြစ်၍အားထုတ်၏၊ ရှုဆင်ခြင်သည်ဖြစ်၍အားထုတ်၏၊ စိတ်ကိုဆောက်တည်သည်ဖြစ်၍အားထုတ်၏၊ ယုံကြည်ခြင်းဖြင့် ဆုံးဖြတ်သည်ဖြစ်၍အားထုတ်၏၊ ဝီရိယကိုချီးမြှောက်သည်ဖြစ်၍အားထုတ်၏၊ သတိကိုထင်စေသည် ဖြစ်၍အားထုတ်၏၊ စိတ်ကိုကောင်းစွာ ထားသည်ဖြစ်၍ အားထုတ်၏၊ ပညာဖြင့် သိသည်ဖြစ်၍ အားထုတ်၏၊ အထူးသိရမည့်တရားကိုအထူးသိသည်ဖြစ်၍အားထုတ်၏၊ ပိုင်းခြား၍ သိရမည့်တရားကိုပိုင်းခြား၍သိသည်ဖြစ်၍အားထုတ်၏၊ ပယ်ရမည့်တရားကို ပယ်သည်ဖြစ်၍အားထုတ်၏၊ ပွါးများရမည့်တရားကို ပွါးများသည်ဖြစ်၍အားထုတ်၏၊ မျက်မှောက်ပြုရမည့်တရားကို မျက်မှောက်ပြုသည်ဖြစ်၍ အားထုတ်၏။

အလုံးစုံသော အဿာသ ပဿာသ ဟု ဆိုအပ်သော ကာယ၏ အစ အလယ်အဆုံးကို ထင်စွာ ပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား ဝေဒနာတို့သည် ထင်ရှားဖြစ်ပေါ်ကုန်၏။ ပ ။ဝင်သက်ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ပေါင်း၏။ပ။ထို့ကြောင့် **သမတ္ထဉ္စ ပဋိဝိဇ္ဈတိ**-ဟုဆိုအပ်၏။ (၃)

http://www.dhammadownload.com



၁၇၁။ ရှန့်ရင်းသော ထာယသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ ရှန့်ရင်းသော ကာယသင်္ခါရကိုငြိမ်းစေလျက် ထွက်သက်ကို ထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ ကာယသင်္ခါရဟူသည် အဘယ်နည်း။ ရှည်သောဝင်သက်တို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် ကိုယ်နှင့်စပ်ကုန်သည်ဖြစ်၍ကာယသင်္ခါရ မည်ကုန်၏၊ ထိုကာယသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းခြင်းသို့ ရောက်စေသည်ဖြစ်၍ အားထုတ်၏၊ ရှည်သောထွက်သက်တို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် ကိုယ်နှင့်စပ်ကုန်သည်ဖြစ်၍ ကာယသင်္ခါရတို့မည်ကုန်၏၊ ထိုကာယသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းခြင်းသို့ရောက်စေသည်ဖြစ်၍ အားထုတ်၏။

တိုသော ဝင်သက် တိုသောထွက်သက်တို့သည်အလုံးစုံသောကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်တို့သည် အလုံးစုံသော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်တို့သည် ကိုယ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် ကိုယ်နှင့်စပ်ကုန်သည်ဖြစ်၍ ကာယသင်္ခါရမည်ကုန်၏၊ ထိုကာယသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းခြင်းသို့ ရောက်စေသည်ဖြစ်၍ အားထုတ်၏။

အကြင်သို့သဘောရှိကုန်သော ကာယသင်္ခါရတို့ဖြင့် ကိုယ်ကို အကြင်နောက်မှ ညွတ်ခြင်းသည် အကြင်နံပါးနှစ်ဖက်မှညွတ်ခြင်းသည် အကြင်ကောင်းစွာညွတ်ခြင်းသည် အကြင်ရှေ့မှ ညွတ်ခြင်းသည် အကြင်စဉ်းငယ်လှုပ်ခြင်းသည် အကြင်တုန်ခြင်းသည် အကြင်ပြင်းစွာ တုန်ခြင်းသည် ရှိ၏၊ ထိုသို့သဘောရှိသော ကာယသင်္ခါရကိုငြိမ်းစေ၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ ကာယသင်္ခါရကိုငြိမ်းစေ၍ထွက်သက်ကို ထုတ်အံ့ဟုအားထုတ်၏၊ အကြင်သို့သဘောရှိကုန်သော ကာယ သင်္ခါရတို့ဖြင့် ကိုယ်ကို အကြင်နောက်မှ မညွတ်ခြင်းသည် အကြင်နံပါးနှစ်ဖက်မှ မညွတ်ခြင်းသည် အကြင်ကောင်းစွာမညွတ်ခြင်းသည် အကြင် ရှေ့မှမညွတ်ခြင်းသည် အကြင်မလှုပ်ခြင်းသည် အကြင်စဉ်းငယ်မလှုပ်ခြင်းသည် အကြင်မတုန်လှုပ်ခြင်းသည် အကြင်ပြင်းစွာ မတုန်လှုပ်ခြင်းသည် ရှိ၏၊ ထိုသို့သဘောရှိသော ငြိမ်သက်သော သိမ်မွေ့သော ကာယသင်္ခါရကိုငြိမ်းစေသည်ဖြစ်၍ဝင်သက်ကို ရှူအံ့ဟုအားထုတ်၏၊ ကာယသင်္ခါရကိုငြိမ်းစေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။ ဤသို့ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်သတတ်၊ ထိုကာယ သင်္ခါရကိုငြိမ်းစေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟုအားထုတ်သတတ်။

ဤသို့ဖြစ်သည်ရှိသော် လေကိုရခြင်းဖြင့်လည်း အပြားအားဖြင့် ပွါးများခြင်းသည်မဖြစ်။

ဝင်သက် ထွက်သက်တို့ကိုလည်း အပြားအားဖြင့် ပွါးများခြင်းသည်မဖြစ်၊ အာနာပါနဿတိကိုလည်း အပြားအားဖြင့်ပွါးများခြင်းသည်မဖြစ်၊ အာနာပါနဿတိ သမာဓိကိုလည်း အပြားအားဖြင့် ပွါးများခြင်းသည်မဖြစ်၊ ထိုသမာပတ်ကို ပညာရှိတို့သည် ဝင်လည်းမဝင်စားကုန်၊ ထလည်း မထကုန်၊ ဤသို့ကာယသင်္ခါရကိုငြိမ်းစေသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်သတတ်၊ ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်သတတ်။

ဤသို့ဖြစ်သည်ရှိသော် လေကိုရခြင်းဖြင့်လည်း အပြားအားဖြင့် ပွါးများခြင်းသည် ဖြစ်၏၊ ဝင်သက် ထွက်သက်တို့ကိုလည်း အပြားအားဖြင့်ပွါးများခြင်းသည် ဖြစ်၏၊ အာနာပါနဿတိကိုလည်း အပြားအားဖြင့်ပွါးများခြင်းသည်ဖြစ်၏၊ အာနာပါနဿတိသမာဓိကိုလည်း အပြား

http://www.dhammadownload.com



အားဖြင့် ပွါးများခြင်းသည်ဖြစ်၏၊ ထိုသမာပတ်ကို ပညာရှိတို့သည် ဝင်လည်း ဝင်စားကုန်၏၊ ထလည်း ထကုန်၏။

ဥပမာအဘယ်ကဲ့သို့နည်းဟူမူ ကြေးခွက်ကိုခေါက်သော် ရှေးဦးစွာကြမ်းတမ်းသော အသံတို့သည် ဖြစ်ကုန်၏၊ ကြမ်းတမ်းသော အသံတို့၏ အာရုံနိမိတ်ကိုကောင်းစွာ ယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ထားခြင်းကြောင့် ကြမ်းတမ်းသော အသံသည် ချုပ်သော်လည်း ထို့နောက်သိမ်မွေ့သောအသံတို့သည် ဖြစ်ကုန်၏။

သိမ်မွေ့သောအသံတို့၏အာရုံနိမိတ်ကို ကောင်းစွာယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ထားခြင်းကြောင့် သိမ်မွေ့သော အသံချုပ်သော်လည်း ထို့နောက် သိမ်မွေ့သောအသံအာရုံနိမိတ်လျှင် အာရုံရှိသော စိတ်သည် ဖြစ်သကဲ့သို့ ဤအတူသာလျှင် ရှေးဦးစွာကြမ်းတမ်းသော ဝင်သက် ထွက်သက်တို့သည် ဖြစ်ကုန်၏၊ကြမ်းတမ်းသော ဝင်သက်ထွက်သက်တို့၏ အာရုံနိမိတ်ကိုကောင်းစွာယူခြင်းကြောင့် ကောင်းစွာ နှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ထားခြင်းကြောင့်ကြမ်းတမ်းသော ဝင်သက်ထွက်သက်တို့သည်ချုပ်သော်လည်း ထို့နောက် သိမ်မွေ့သော ဝင်သက်ထွက်သက်တို့သည် ဖြစ်ကုန်၏၊ သိမ်မွေ့သော ဝင်သက်ထွက်သက်တို့၏အာရုံနိမိတ်ကိုကောင်းစွာယူခြင်းကြောင့် ကောင်းစွာနှလုံးသွင်းခြင်းကြောင့် ကောင်းစွာ စိတ်၌ထားခြင်းကြောင့် သိမ်မွေ့သော ဝင်သက်ထွက်သက်တို့သည်ချုပ်သော်လည်း ထို့နောက်သိမ်မွေ့သော ဝင်သက်ထွက်သက်အာရုံနိမိတ်လျှင် အာရုံရှိသော စိတ်သည် ပျံ့လွင့်ခြင်းသို့မရောက်။

ဤသို့ဖြစ်သည်ရှိသော် လေကိုရခြင်းဖြင့်လည်း အပြားအားဖြင့်ပွါးခြင်းသည်ဖြစ်၏၊ ဝင်သက်ထွက်သက်တို့ကိုလည်း အပြားအားဖြင့်ပွါးခြင်းသည်ဖြစ်၏၊ အာနာပါနဿတိကိုလည်း အပြားအားဖြင့်ပွါးခြင်းသည်ဖြစ်၏၊ အာနာပါနဿတိ သမာဓိကိုလည်း အပြားအားဖြင့် ပွါးခြင်းသည်ဖြစ်၏၊ ထိုသမာပတ်ကို ပညာရှိတို့သည် ဝင်လည်း ဝင်စားကုန်၏၊ ထလည်း ထကုန်၏။

ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့သည် ကာယ မည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ကာယသည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည်ဥပဋ္ဌာနလည်း မည်၏။ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုကာယကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ကာယေကာယာ နုပဿနာသတိပဋ္ဌာနဘာဝနာ-ဟုဆိုအပ်၏။

အနုပဿတိ ဟူရာ၌ ထိုကာယကိုအဘယ်သို့ အဖန်ဖန် ရှုသနည်း။ပ ။ ဤသို့ ထိုကာယကို အဖန်ဖန်ရှု၏။

ဘာဝနာ ဟူရာ၌ ပွါးများခြင်း ဘာဝနာတို့သည်လေးပါးတို့တည်း။ပ။အဖန်ဖန် မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏၊ မပျံ့လွင့်သော သဘောအားဖြင့် စိတ္တဝိသုဒ္ဓိမည်၏၊ မြင်တတ်သောသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

ထိုဝင်သက်ထွက်သက်၌ စောင့်စည်းတတ်သော သဘောသည် အဓိသီလ သိက္ခာ မည်၏၊ ထိုဝင်သက်ထွက်သက်၌ အကြင်မပျံ့လွင့်ခြင်း သဘောသည် စိတ္တဝိသုဒ္ဓိမည်၏၊ ထို ဝင်သက်ထွက်သက်၌ မြင်တတ်သောသဘောသည် အဓိပညာသိက္ခာ မည်၏။

http://www.dhammadownload.com



ဤသိက္ခာသုံးပါးတို့ကို ဆင်ခြင်သည်ဖြစ်၍ အားထုတ်၏။ပ။မျက်မှောက်ပြုရမည့် တရားကို မျက်မှောက်ပြုသည်ဖြစ်၍ အားထုတ်၏၊ ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား ဝေဒနာတို့သည်ဖြစ်ပေါ်ကုန်၏။ပ။ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ပေါင်း၏။ပ။ ထို့ကြောင့် သမတ္တဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၄)

ကာယေကာယာနုပဿနာ၌ ရှစ်ပါးကုန်သော အနုပဿနာဉာဏ် ရှစ်ပါးကုန်သော ဥပဋ္ဌာနာနုဿတိ လေးပါးသော သုတ္တန်၌ဟောတော်မူအပ်သော ဝတ္ထုတို့သည် ဖြစ်ကုန်၏။

ဘာဏဝါရပြီး၏။

---

## ဒုတိယ စတုက္က အကျယ်ပြခြင်း

၁၇၂။ ပီတိကိုထင်စွာ ပြုသည်ဖြစ်၍ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ ပီတိကိုထင်စွာပြုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင်အားထုတ်သနည်း။

ပီတိဟူသည်အဘယ်နည်း၊ ရှည်သောဝင်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်းမပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏၊ အကြင်နှစ်သက်ဝမ်းမြောက်ခြင်းသည် အကြင်ဝမ်းမြောက်ခြင်းသည် အကြင်အပြားအားဖြင့် ဝမ်းမြောက်ခြင်းသည် အကြင်ရွှင်ခြင်းသည် အကြင်အပြားအားဖြင့် ရွှင်ခြင်းသည် အကြင်နှစ်သက်ခြင်းသည် အကြင်တက်ကြွခြင်းသည်စိတ်၏အကြင်နှစ်လိုခြင်းသည် ရှိ၏။

ရှည်သောထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏။ပ။တိုသောဝင်သက်၏အစွမ်းအားဖြင့်။ တိုသောထွက်သက်၏အစွမ်းအားဖြင့် အလုံးစုံသော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့် ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ အလုံးစုံသော ကာယ၏အစအလယ်အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် ကာယသင်္ခါရကိုငြိမ်းစေသည်ဖြစ်၍ဝင်သက်၏အစွမ်းအားဖြင့် ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်၏။

အကြင် နှစ်သက်ဝမ်းမြောက်ခြင်းသည် အကြင်ဝမ်းမြောက်ခြင်းသည် အကြင်အပြားအားဖြင့် ဝမ်းမြောက်ခြင်းသည် အကြင်ရွှင်ခြင်းသည် အကြင်အပြားအားဖြင့် ရွှင်ခြင်းသည် အကြင် နှစ်သက်ခြင်းသည် အကြင်တက်ကြွသော စိတ်ရှိခြင်းသည် စိတ်၏ အကြင်နှစ်လိုခြင်းသည်ရှိ၏။ဤသည်လျှင် ပီတိ မည်၏။

ထိုပီတိသည် အဘယ်သို့လျှင် ထင်ရှားသနည်း၊ ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် စိတ်၏ တည်ရာကို မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အားသတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့်ထိုပီတိသည်ထင်ရှား၏၊ ရှည်သော ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုပီတိသည်ထင်ရှား၏၊တိုသော

http://www.dhammadownload.com



ဝင်သက်၏ အစွမ်းအားဖြင့်။ပ။တိုသောထွက်သက်၏အစွမ်းအားဖြင့် အလုံးစုံသော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့် အလုံးစုံသော ကာယ၏ အစ အလယ် အဆုံးကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့်။ ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ ကာယသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုပီတိသည် ထင်ရှား၏။ ဆင်ခြင်သောပုဂ္ဂိုလ်အား ထိုပီတိသည် ထင်ရှား၏၊ သိသောပုဂ္ဂိုလ်အား။ ရှုသောပုဂ္ဂိုလ်အား။ ရှုဆင်ခြင်သောပုဂ္ဂိုလ်အား။ စိတ်ကိုဆောက်တည်သောပုဂ္ဂိုလ်အား။ ယုံကြည်ခြင်းဖြင့်ဆုံးဖြတ်သောပုဂ္ဂိုလ်အား။ ဝီရိယကိုချီးမြှောက်သော ပုဂ္ဂိုလ်အား။ သတိကိုထင်စေသော ပုဂ္ဂိုလ်အား။ စိတ်ကိုကောင်းစွာ အာရုံ၌ထားသောပုဂ္ဂိုလ်အား။ ပညာဖြင့် အပြားအားဖြင့် သိသောပုဂ္ဂိုလ်အား။ အထူးသိရမည့်တရားကို အထူးသိသောပုဂ္ဂိုလ်အား။ ပိုင်းခြား၍ သိရမည့်တရားကိုပိုင်းခြား၍ သိသောပုဂ္ဂိုလ်အား။ ပယ်ရမည့်တရားကို ပယ်သောပုဂ္ဂိုလ်အား။ ပွါးများရမည့်တရားကို ပွါးများသောပုဂ္ဂိုလ်အား။ မျက်မှောက်ပြုရမည့် တရားကို မျက်မှောက်ပြုသောပုဂ္ဂိုလ်အား ထိုပီတိသည် ထင်ရှား၏။ ဤသို့ထိုပီတိသည် ထင်ရှား၏။

ပီတိကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် ဝေဒနာမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ဝေဒနာသည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်းမည်၏၊ သတိလည်းမည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဝေဒနာသုဝေဒနာနုပဿနာသတိပဋ္ဌာနဘာဝနာ ဟု ဆိုအပ်၏။

အနုပဿနာဟူရာ၌ ထိုဝေဒနာကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း၊ မမြဲသောအားဖြင့် အဖန်ဖန်ရှု၏။ပ။ဤသို့ ထိုဝေဒနာကို အဖန်ဖန်ရှု၏။

ဘာဝနာဟူရာ၌ ပွါးများခြင်းတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ ပီတိကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်ရှောက်တတ်သောသဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။ပီတိကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား။ပ။သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၁)

၁၇၃။ ချမ်းသာကိုခံစားသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ ချမ်းသာကိုခံစားသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။

သုခံဟူရာ၌ ချမ်းသာသုခတို့သည် ကိုယ်ချမ်းသာ 'ကာယိကသုခ' စိတ်ချမ်းသာ 'စေတသိကသုခ' နှစ်ပါးတို့တည်း။

ကိုယ်ချမ်းသာ 'ကာယိကသုခ'ဟူသည် အဘယ်နည်း၊ ကိုယ်၌ဖြစ်သော သာယာအပ်သော ကိုယ်၌ဖြစ်သော အကြင်ချမ်းသာသုခသည် ကိုယ်၏အတွေ့ကြောင့်ဖြစ်သော သာယာအပ်သော အကြင်ချမ်းသာသုခခံစားခြင်းသည် ကိုယ်၏အတွေ့ကြောင့်ဖြစ်သော သာယာအပ်သော အကြင်သုခ ဝေဒနာသည် ရှိ၏၊ ဤသို့လျှင် ကိုယ်ချမ်းသာ 'ကာယိကသုခ'မည်၏။

http://www.dhammadownload.com



စိတ်ချမ်းသာ 'စိတ္တသုခ'ဟူသည် အဘယ်နည်း၊ စိတ်၌ဖြစ်သော သာယာအပ်သော စိတ်၌ဖြစ်သော အကြောင်းချမ်းသာသုခသည် စိတ်၏အတွေ့ကြောင့်ဖြစ်သော သာယာအပ်သော အကြောင်းချမ်းသာခံစားခြင်းသည် စိတ်၏အတွေ့ကြောင့်ဖြစ်သော သာယာအပ်သော အကြောင်းသုခဝေဒနာသည် ရှိ၏။ ဤသည်လျှင် စိတ်ချမ်းသာ'စေတသိကသုခ'မည်၏။

ထိုချမ်းသာသုခတို့သည် အဘယ်သို့လျှင် ထင်ကုန်သနည်း၊ ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည်ထင်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုချမ်းသာသုခတို့သည် ထင်ရှားကုန်၏။

ရှည်သောထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုချမ်းသာသုခတို့သည် ထင်ရှားကုန်၏။ပ။မျက်မှောက်ပြုရမည့်တရားကို မျက်မှောက်ပြုသောပုဂ္ဂိုလ်အား ထိုချမ်းသာသုခတို့သည် ထင်ရှားကုန်၏၊ ဤသို့ထိုချမ်းသာတို့သည် ထင်ရှားကုန်၏၊ ချမ်းသာကိုထင်စွာ ပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် ဝေဒနာမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ဝေဒနာသည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်းမည်၏၊ သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဝေဒနာသုဝေဒနာနုပဿနာသတိပဋ္ဌာနဘာဝနာ ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုဝေဒနာကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း၊ မမြဲသောအားဖြင့် အဖန်ဖန်ရှု၏။ပ။ဤသို့ထိုဝေဒနာကို အဖန်ဖန်ရှု၏။

ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ ချမ်းသာကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။ချမ်းသာကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား။ပ။သိသော ပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတီ-ဟု ဆိုအပ်၏။ (၂)

၁၇၄။ စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်ကို ရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ္တသင်္ခါရဟူသည် အဘယ်နည်း။

ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏။ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏။

ရှည်သောထွက်သက်၏ အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏။ပ။ချမ်းသာကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏ အစွမ်းအားဖြင့် ချမ်းသာကိုထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏ အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏။ ဤသည်လျှင် စိတ္တသင်္ခါရမည်၏။

http://www.dhammadownload.com



ထိုစိတ္တသင်္ခါရတို့သည် အဘယ်သို့လျှင် ထင်ရှားကုန်သနည်း၊ ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ္တသင်္ခါရတို့သည် ထင်ရှားကုန်၏။

ရှည်သောထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား သတိသည်ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ္တသင်္ခါရတို့သည် ထင်ကုန်၏။ပ။ မျက်မှောက်ပြုရမည့်တရားကို မျက်မှောက်ပြုသောပုဂ္ဂိုလ်အား ထိုစိတ္တသင်္ခါရတို့သည် ထင်ရှားကုန်၏။ ဤသို့စိတ္တသင်္ခါရတို့သည် ထင်ရှားကုန်၏။

စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် ဝေဒနာမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ဝေဒနာသည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဝေဒနာသု ဝေဒနာနုပဿနာသတိပဋ္ဌာနဘာဝနာ-ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုဝေဒနာကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း၊ မမြဲသောအားဖြင့် အဖန်ဖန်ရှု၏။ပ။ဤသို့ထိုဝေဒနာကို အဖန်ဖန်ရှု၏။

ဘာဝနာဟူရာ၌ ပွါးများခြင်းတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား ။ပ။သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏၊ ထို့ကြောင့် သမတ္ထဥပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၃)

၁၇၅။ စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်ကို ရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ္တသင်္ခါရဟူသည် အဘယ်နည်း။

ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏၊ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏၊ ထိုစိတ္တသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းခြင်းသို့ရောက်စေသည်ဖြစ်၍ အားထုတ်၏။ ရှည်သော ထွက်သက်၏ အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏။ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏၊ ထိုစိတ္တသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းခြင်းသို့ရောက်စေသည်ဖြစ်၍ အားထုတ်၏။

စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့် စိတ္တသင်္ခါရကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် သညာသည်၎င်း ဝေဒနာသည်၎င်း စိတ်၌ဖြစ်ကုန်၏။ ထိုတရားတို့သည် စိတ်နှင့်စပ်ကုန်သည်ဖြစ်၍ စိတ္တသင်္ခါရမည်ကုန်၏။

ထိုစိတ္တသင်္ခါရတို့ကို ငြိမ်းစေသည်ဖြစ်၍ ချုပ်စေသည်ဖြစ်၍ ငြိမ်းသည်၏အဖြစ်သို့ ဆောင်သည်ဖြစ်၍ အားထုတ်၏၊ စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် ဝေဒနာမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ ဝေဒနာသည်

http://www.dhammadownload.com



ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဝေဒနာသု ဝေဒနာနုပဿနာ သတိပဋ္ဌာန ဘာဝနာ-ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုဝေဒနာကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ပ။ ဤသို့ ထိုဝေဒနာကို အဖန်ဖန်ရှု၏။

ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန် မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ် အား။ပ။သိသော ပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၄)

ဝေဒနာသု ဝေဒနာနုပဿနာ၌ ရှစ်ပါးသော အနုပဿနာဉာဏ် ရှစ်ပါးသော ဥပဋ္ဌာနာ နုဿတိ လေးပါးသောသုတ္တန်၌ ဟောတော်မူအပ်သော ဝတ္ထုတို့သည် ဖြစ်ကုန်၏။

## တတိယ စတုက္က အကျယ်ပြခြင်း

၁၇၆။ စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။

ထိုစိတ်သည် အဘယ်နည်း၊ ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် ဝိညာဏ်သည်စိတ်မည်၏၊ အကြင်စိတ်သည် အကြင်သိတတ်သောမနသည် အကြင်သိတတ်သောမနဟူသော မာနသသည် အကြင်စိတ်နှလုံးသည် အကြင်ဖြူစင်သောတရားသည် စိတ်ဟူသော အကြင်မနာယတနသည် အကြင်မနိန္ဒြေသည် အထူးသိတတ်သော ဝိညာဏ်ဟူသော အကြင်ဝိညာဏက္ခန္ဓာသည် ထိုဖဿ စသည်တို့အား လျော်သော အကြင်မနောဝိညာဏဓာတ်သည်ငှင်း ရှိ၏၊ ရှည်သောထွက်သက်၏ အစွမ်းအားဖြင့်။ပ။စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့် စိတ္တသင်္ခါရကို ငြိမ်းစေသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် ဝိညာဏ်သည် စိတ်မည်၏။

အကြင်စိတ်သည် အကြင်သိတတ်သော မနသည် အကြင်သိတတ်သော မနဟူသော မာနသ သည် အကြင်စိတ်နှလုံးသည် အကြင်ဖြူစင်သောတရားသည် မနဟူသော အကြင်မနာယတနသည် အကြင်မနိန္ဒြေသည် အထူးသိတတ်သော ဝိညာဏ်ဟူသော အကြင်ဝိညာဏက္ခန္ဓာသည် ထိုဖဿ စသည်တို့အား လျော်သော အကြင်မနောဝိညာဏဓာတ်သည် ရှိ၏။ ဤသည်လျှင် စိတ်မည်၏။

ထိုစိတ်သည် အဘယ်သို့လျှင် ထင်ရှားသနည်း၊ ရှည်သောဝင်သက်၏ အစွမ်းအားဖြင့် စိတ်၏ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ်သည် ထင်ရှား၏။ ရှည်သောထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့် ခြင်းကိုသိသောပုဂ္ဂိုလ်အား သတိသည် ထင်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ်သည် ထင်ရှား ၏။ပ။ မျက်မှောက်ပြုရမည့် တရားကို မျက်မှောက်ပြုသောပုဂ္ဂိုလ်အား ထိုစိတ်သည် ထင်ရှား၏။ ဤသို့ ထိုစိတ်သည် ထင်ရှား၏။

http://www.dhammadownload.com



စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် ဝိညာဏ်သည် စိတ်မည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ စိတ်သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။

ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ်ကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် စိတ္တေစိတ္တာနုပဿနာသတိပဋ္ဌာနဘာဝနာ ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုစိတ်ကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ ပ ။ ဤသို့ ထိုစိတ်ကို အဖန်ဖန်ရှု၏။ ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ စိတ်ကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့ကို စောင့်စည်းတတ်သောသဘောကြောင့် သီလဝိသုဒ္ဓိမည်၏။ ပ ။ စိတ်ကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား။ပ။ သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၁)

၁၇၇။ စိတ်ကိုအလွန်နှစ်သက်စေသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။ စိတ်ကိုအလွန်နှစ်သက်စေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ်၏ အလွန်နှစ်သက်ခြင်း သည် အဘယ်နည်း။

ရှည်သောဝင်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်းမပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား စိတ်၏အလွန်နှစ်သက်ခြင်းဖြစ်၏၊ စိတ်၏အကြင်အလွန်နှစ်သက်ခြင်းသည် အကြင်အပြားအားဖြင့် နှစ်သက်ခြင်းသည် အကြင်ရွှင်ခြင်းသည် အကြင်အပြားအားဖြင့် ရွှင်ခြင်းသည် အကြင်နှစ်သက်ခြင်းသည် အကြင်တက်ကြွခြင်းသည် စိတ်၏အကြင်နှစ်လိုခြင်းသည် ရှိ၏၊ ရှည်သောဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်းကို မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား စိတ်၏အလွန်နှစ်သက်ခြင်းဖြစ်၏၊ စိတ်၏အကြင်လွန်စွာနှစ်သက်ခြင်းသည် အကြင်အပြားအားဖြင့် နှစ်သက်ခြင်းသည် အကြင်ရွှင်ခြင်းသည် အကြင်အပြားအားဖြင့် ရွှင်ခြင်းသည် အကြင်နှစ်လိုခြင်းသည် အကြင်တက်ကြွခြင်းသည် စိတ်၏အကြင်နှစ်လိုခြင်းသည် ရှိ၏။ ပ ။ စိတ်ကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ စိတ်ကိုထင်စွာပြုသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား စိတ်၏အလွန်နှစ်သက်ခြင်း ဖြစ်၏၊ စိတ်၏အကြင်အလွန်နှစ်သက်ခြင်းသည် အကြင်အပြားအားဖြင့် နှစ်သက်ခြင်းသည် အကြင်ရွှင်ခြင်းသည် အကြင်အပြားအားဖြင့်ရွှင်ခြင်းသည် အကြင်နှစ်သက်ခြင်းသည် အကြင်တက်ကြွခြင်းသည် စိတ်၏အကြင်နှစ်လိုခြင်းသည် ရှိ၏။ ဤသည်လျှင် စိတ်၏အလွန်နှစ်သက်ခြင်း မည်၏။

စိတ်ကိုအလွန်နှစ်သက်စေသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် ဝိညာဏ်သည် စိတ်မည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ စိတ်သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်းမည်၏၊ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ်ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် စိတ္တေစိတ္တာနုပဿနာသတိပဋ္ဌာနဘာဝနာ-ဟု ဆိုအပ်၏။

---

၁-အဘိပ္ပမောဒေါတိ အဓိကာ တုဋ္ဌိ ဟူသော အဋ္ဌကထာနှင့်အညီ ပြန်ဆိုသည်။

http://www.dhammadownload.com



**အနုပဿတိ** ဟူရာ၌ ထိုစိတ်ကို **အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။** ပ ။ ဤသို့ ထိုစိတ်ကို **အဖန်ဖန်ရှု၏။**

ဘာဝနာ ဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ စိတ်ကိုအလွန်နှစ်သက်စေသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို **စောင့်စည်းတတ်သောသဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။**ပ။

စိတ်ကိုအလွန်နှစ်သက်စေသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသောပုဂ္ဂိုလ်အား။ပ။ **သိသောပုဂ္ဂိုလ်သည်** ဤဓမ္မတို့ကိုပေါင်း၏။ ထို့ကြောင့် **သမတ္ထဥ္စ ပဋိဝိဇ္ဈတိ**-ဟု ဆိုအပ်၏။ (၂)

၁၇၈။ စိတ်ကို ကောင်းစွာထားသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ်ကိုကောင်းစွာထားသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ သမာဓိသည် အဘယ်နည်း။

ရှည်သောဝင်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ စိတ်၏အကြင်အာရုံ၌တည်ခြင်းသည် အကြင်ကောင်းစွာတည်ခြင်းသည် အကြင်သက်ဝင်၍ တည်ခြင်းသည် အကြင်မရွေ့ရှားခြင်းသည် အကြင်မပျံ့လွင့်ခြင်းသည် အကြင်မရွေ့ရှားသော စိတ်ရှိသည့် အဖြစ်သည် အကြင်ငြိမ်းခြင်းသည် အကြင်သမာဓိန္ဒြေသည် အကြင်သမာဓိဗိုလ်သည် အကြင်သမ္မာသမာဓိသည် ရှိ၏၊ ရှည်သောထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်းသည် မပျံ့လွင့်ခြင်းသည် သမာဓိမည်၏။ပ။ စိတ်ကိုကောင်းစွာထားသည်ဖြစ်၍ ဝင်သက်၏အစွမ်းအားဖြင့်။ပ။ စိတ်ကိုကောင်းစွာထားသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ စိတ်၏အကြင်အာရုံ၌ တည်ခြင်းသည် အကြင်ကောင်းစွာတည်ခြင်းသည် အကြင်သက်ဝင်၍တည်ခြင်းသည် အကြင်မရွေ့ရှားခြင်းသည် အကြင်မပျံ့လွင့်ခြင်းသည် အကြင်မရွေ့ရှားသော စိတ်ရှိသည့်အဖြစ်သည် အကြင်ငြိမ်းခြင်းသည် အကြင်သမာဓိန္ဒြေသည် အကြင်သမာဓိဗိုလ်သည် အကြင်သမ္မာသမာဓိသည် ရှိ၏။ ဤသည်လျှင် သမာဓိမည်၏။

စိတ်ကိုကောင်းစွာထားသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် ဝိညာဏ်သည် စိတ်မည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ စိတ်သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုစိတ်ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် **စိတ္တေစိတ္တာနုပဿနာသတိပဋ္ဌာနဘာဝနာ**-ဟု ဆိုအပ်၏။

**အနုပဿတိ** ဟူရာ၌ ထိုစိတ်ကို **အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။** ပ ။ ဤသို့ ထိုစိတ်ကို **အဖန်ဖန်ရှု၏။**

ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ စိတ်ကို ကောင်းစွာထားသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့ကို **စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။** ပ ။ စိတ်ကို ကောင်းစွာထားသည် ဖြစ်၍ ဝင်သက်ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသော ပုဂ္ဂိုလ်အား။ပ။ သိသောပုဂ္ဂိုလ်သည် ဤဓမ္မတို့ကို ပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု **ဆိုအပ်၏။** (၃)

http://www.dhammadownload.com



၁၇၉။ စိတ်ကို (နီဝရဏစသည်မှ) လွတ်စေသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း၊ စိတ်ကို(နီဝရဏစသည်မှ)လွတ်စေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ် သို့လျှင် အားထုတ်သနည်း။

စိတ်ကို ရာဂမှ လွတ်စေသည်ဖြစ်၍ ဝင်သက်ကို ရှုအံ့ဟု အားထုတ်၏၊ စိတ်ကို ရာဂမှလွတ်စေ သည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။ စိတ်ကို ဒေါသမှလွတ်စေသည်ဖြစ်၍ ဝင်သက် ကို ရှုအံ့ဟု အားထုတ်၏၊ စိတ်ကို ဒေါသမှလွတ်စေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ် ၏။ စိတ်ကို မောဟမှလွတ်စေသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အားထုတ်၏။ပ။ စိတ်ကို မာနမှ လွတ်စေသည်ဖြစ်၍။ စိတ်ကို ဒိဋ္ဌိမှ လွတ်စေသည်ဖြစ်၍။ စိတ်ကို ဝိစိကိစ္ဆာမှ လွတ်စေသည်ဖြစ်၍။ စိတ်ကို ထိနမှ လွတ်စေသည်ဖြစ်၍။ စိတ်ကို ဥဒ္ဒစ္စမှ လွတ်စေသည်ဖြစ်၍။ စိတ်ကို အဟိရိကမှ လွတ် စေသည်ဖြစ်၍။ စိတ်ကို အနောတ္တပ္ပမှ လွတ်စေသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အားထုတ်၏။ စိတ် ကို အနောတ္တပ္ပမှလွတ်စေသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။ စိတ်ကိုလွတ်စေသည် ဖြစ်၍ ဝင်သက်ထွက်သက်၏ အစွမ်းအားဖြင့် ဝိညာဏ်သည် စိတ်မည်၏၊ ထင်ခြင်းသည် သတိ မည်၏။ပ။

အနုပဿတိ ဟူရာ၌ ထိုစိတ်ကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ ပ။ ဤသို့ ထိုစိတ်ကို အဖန်ဖန်ရှု၏။ ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲ တတ်သောသဘောအားဖြင့် ဘာဝနာမည်၏။ စိတ်ကို လွတ်စေသည်ဖြစ်၍ ဝင်သက်ထွက်သက် တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ ပ။ စိတ်ကိုလွတ်စေသည်ဖြစ်၍ ဝင်သက်ထွက်သက်တို့၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ် အား။ပ။ သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကို ပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆို အပ်၏။ (၄)

စိတ္တေ စိတ္တာနုပဿနာ၌ ရှစ်ပါးသောအနုပဿနာဉာဏ်, ရှစ်ပါးသောဥပဋ္ဌာနာနုဿတိ, လေးပါး သော သုတ္တန်၌ ဟောတော်မူအပ်ကုန်သော ဝတ္ထုတို့သည် ဖြစ်ကုန်၏။

## စတုတ္ထ စတုက္က အကျယ်ပြခြင်း

၁၈၀။ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အဘယ်သို့လျှင် အား ထုတ်သနည်း၊ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ အဘယ်သို့လျှင် ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်သနည်း။

အနိစ္စဟူရာ၌ အနိစ္စမမြဲဟူသည် အဘယ်နည်း။ ရုပ်နာမ်အစု 'ခန္ဓာ' ငါးပါးတို့သည် မမြဲကုန်။ အဘယ်သဘောကြောင့် ရုပ်နာမ်အစု 'ခန္ဓာ' ငါးပါးတို့သည် မမြဲကုန်သနည်း၊ ရုပ်နာမ်အစု 'ခန္ဓာ' ငါးပါးတို့သည် ဖြစ်တတ် ပျက်တတ်သော သဘောကြောင့် မမြဲကုန်၊ ရုပ်နာမ်အစု 'ခန္ဓာ' ငါးပါး တို့၏အဖြစ်ကို ရှုသောပုဂ္ဂိုလ်သည် အဘယ်မျှသောလက္ခဏာတို့ကို ရှုသနည်း၊ အပျက်ကိုရှုသော ပုဂ္ဂိုလ်သည် အဘယ်မျှသောလက္ခဏာတို့ကို ရှုသနည်း၊ အဖြစ်အပျက်ကို ရှုသော ပုဂ္ဂိုလ်သည် အဘယ်မျှသော လက္ခဏာတို့ကို ရှုသနည်း။

http://www.dhammadownload.com



ရုပ်နာမ်အစု 'ခန္ဓာ'ငါးပါးတို့၏ အဖြစ်ကိုရှုသောပုဂ္ဂိုလ်သည် နှစ်ဆယ့်ငါးပါးသော လက္ခဏာတို့ကို ရှု၏၊ အပျက်ကိုရှုသောပုဂ္ဂိုလ်သည် နှစ်ဆယ့်ငါးပါးသောလက္ခဏာတို့ကို ရှု၏၊ ရုပ်နာမ်အစု 'ခန္ဓာ'ငါးပါးတို့၏ အဖြစ်အပျက်ကိုရှုသောပုဂ္ဂိုလ်သည် ငါးဆယ်သောလက္ခဏာတို့ကို ရှု၏။

ရုပ်၌မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ ရုပ်၌မမြဲသော အားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏၊ ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်းသေခြင်း၌ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ အိုခြင်းသေခြင်း၌ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု . အားထုတ်၏။ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့၏အစွမ်းအားဖြင့် ဓမ္မမည်ကုန်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ တရား'ဓမ္မ'တို့သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုဓမ္မတို့ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဓမ္မေသု ဓမ္မာနုပဿနာသတိပဋ္ဌာနဘာဝနာ-ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုတရား'ဓမ္မ'တို့ကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ပ။ ဤသို့ ထိုတရား 'ဓမ္မ'တို့ကို အဖန်ဖန်ရှု၏။ ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည် ဖြစ်၍ ဝင်သက်ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။ မမြဲသောအားဖြင့် အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်အား။ပ။ သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၁)

ရာဂကင်းခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။ ရာဂကင်းခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း ။

ရုပ်၌ အပြစ်ကိုမြင်၍ နိဗ္ဗာန်၌ (တဆင့်ကြား၏ အစွမ်းဖြင့်) ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့် ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း ကောင်းစွာတည်၏၊ ရုပ်၌ တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ ရုပ်၌တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။

ဝေဒနာ၌။ပ။သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။အိုခြင်းသေခြင်း၌ အပြစ်ကို မြင်၍ အိုခြင်း သေခြင်း ကင်းရာ၌ ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့်ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည် လည်း ကောင်းစွာတည်၏၊ အိုခြင်းသေခြင်း၌ တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ ရှိသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ အိုခြင်း သေခြင်း၌ တပ်ခြင်းကင်းသောအားဖြင့် · ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် တရား'ဓမ္မ'မည်ကုန်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်း သည် ဉာဏ်မည်၏၊ တရား'ဓမ္မ'တို့သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။ ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုတရား'ဓမ္မ'တို့ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဓမ္မေသုဓမ္မာနုပဿနာသတိပဋ္ဌာနဘာဝနာ ဟု ဆိုအပ်၏။

၁ မြန် ၉-၁၆

http://www.dhammadownload.com



အနုပဿတိ ဟူရာ၌ ထိုတရားတို့ကို အဘယ်သို့လျှင် အဖန်ဖန်ရှုအပ်သနည်း။ပ။ ဤသို့ ထိုတရားတို့ကို အဖန်ဖန်ရှု၏။ ဘာဝနာ ဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သောသဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏။ပ။ တပ်ခြင်းကင်းရာကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား။ ပ ။ သိသောပုဂ္ဂိုလ်သည် ဈာန်တို့ကိုပေါက်၏။ ထို့ကြောင့် သမတ္တဋ္ဌပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၂)

ချုပ်ခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။ ချုပ်ခြင်းကို အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။

ရုပ်၌ အပြစ်ကိုမြင်၍ နိဗ္ဗာန်၌ (တဆင့်ကြား၏အစွမ်းဖြင့်) ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့် ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း ကောင်းစွာတည်၏၊ ရုပ်၌ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ ရုပ်၌ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်၏။

ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်း သေခြင်း၌ အပြစ်ကို မြင်၍ အိုခြင်း သေခြင်း၏ချုပ်ရာ၌ (တဆင့်ကြား၏အစွမ်းဖြင့်) ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့် ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း ကောင်းစွာတည်၏၊ အိုခြင်း သေခြင်း၌ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ အိုခြင်း သေခြင်း၌ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။

၁၇၁။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည် ချုပ်သနည်း။

ငါးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာ၌ အပြစ်သည်ဖြစ်၏၊ ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည် ချုပ်၏။

အဘယ်ငါးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာ၌ အပြစ်သည်ဖြစ်သနည်း၊ မမြဲသော သဘောအားဖြင့် အဝိဇ္ဇာ၌ အပြစ်သည်ဖြစ်၏၊ ဆင်းရဲသောသဘောအားဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်၏၊ အနှစ်မရှိ အလိုသို့မလိုက်သော သဘောအားဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်၏၊ ကိလေသာကို ပူပန်စေတတ်သော သဘောအားဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်၏၊ ဖောက်ပြန်တတ်သော သဘောအားဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်၏။ ဤငါးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာ၌ အပြစ်သည် ဖြစ်၏။

အဘယ်မျှလောက်ကုန်သော ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည် ချုပ်သနည်း၊ (မူလ)အကြောင်းချုပ်သဖြင့် အဝိဇ္ဇာချုပ်၏၊ (နီးသော) အကြောင်းချုပ်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊ (မူလ) အကြောင်းဖြစ်ခြင်း 'ဇာတိ' ချုပ်သဖြင့် အဝိဇ္ဇာသည်ချုပ်၏၊ (နီးသော) အကြောင်းဖြစ်ခြင်း 'ပဘဝ' ချုပ်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊ 'ဇနက' အကြောင်းချုပ်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊ အထောက်အပံ့ 'ဥပထမ္ဘက' အကြောင်းချုပ်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊

http://www.dhammadownload.com



ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြစ်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊ ချုပ်ငြိမ်းရာနိဗ္ဗာန်ထင်သဖြင့် အဝိဇ္ဇာသည် ချုပ်၏၊ ဤရှစ်ပါးသောအခြင်းအရာတို့ဖြင့် အဝိဇ္ဇာသည် ချုပ်၏။

ဤငါးပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာ၏အပြစ်ကိုမြင်၍ ဤရှစ်ပါးသော အခြင်းအရာတို့ဖြင့် အဝိဇ္ဇာချုပ်ရာနိဗ္ဗာန်၌ ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့် ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း ကောင်းစွာတည်၏၊ အဝိဇ္ဇာချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှုအံ့ဟု အားထုတ်၏၊ အဝိဇ္ဇာချုပ်ရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကို ထုတ်အံ့ဟု အားထုတ်၏။

အဘယ်မျှသော အခြင်းအရာတို့ဖြင့် သင်္ခါရတို့၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သင်္ခါရတို့သည် ချုပ်ကုန်သနည်း။ ပ ။အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဝိညာဏ်၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဝိညာဏ်ချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် နာမ်ရုပ်၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် နာမ်ရုပ်ချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သဠာယတန၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သဠာယတန ချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဖဿ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဖဿချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဝေဒနာ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဝေဒနာချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် တဏှာ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် တဏှာချုပ်သနည်း။ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဥပါဒါန်၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဥပါဒါန်ချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဘဝ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဘဝချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဇာတိ၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဇာတိချုပ်သနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည် ဖြစ်သနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် အိုခြင်းသေခြင်း ချုပ်သနည်း။

ငါးပါးသောအခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည်ဖြစ်၏၊ ရှစ်ပါးသောအခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်းချုပ်၏။

အဘယ်ငါးပါးသော အခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည်ဖြစ်သနည်း။

မမြဲသောသဘောအားဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည်ဖြစ်၏၊ ဆင်းရဲသော သဘောအားဖြင့်။ပ။အနှစ်မရှိ အလိုသို့မလိုက်သော သဘောအားဖြင့်။ပ။ပူပန်စေတတ်သော သဘောအားဖြင့်။ပ။ဖောက်ပြန်တတ်သော သဘောအားဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည်ဖြစ်၏။ ဤငါးပါးသောအခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း၌ အပြစ်သည်ဖြစ်၏။

အဘယ်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်းသည် ချုပ်သနည်း၊ မူလအကြောင်းချုပ်သဖြင့် အိုခြင်း သေခြင်းသည် ချုပ်၏၊ နီးသောအကြောင်းချုပ်သဖြင့်။ပ။မူလအကြောင်း၏ဖြစ်ခြင်း 'ဇာတိ' ချုပ်သဖြင့်။ပ။နီးသော အကြောင်း၏ဖြစ်ခြင်း 'ပဘဝ' ချုပ်သဖြင့်။ ဇနက အကြောင်းချုပ်သဖြင့်။ အထောက်အပံ့ 'ဥပထမ္ဘက' အကြောင်းချုပ်သဖြင့်။ ဝိပဿနာ

http://www.dhammadownload.com



ဉာဏ် မဂ်ဉာဏ်ဖြစ်သဖြင့်။ပ။ချုပ်ငြိမ်းရာ နိဗ္ဗာန်ထင်သဖြင့်။ အိုခြင်း သေခြင်းသည် ချုပ်၏။ ဤရှစ်ပါးသောအခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်းသည်ချုပ်၏။

ဤငါးပါးသော အခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း၌ အပြစ်ကိုမြင်၍ ဤရှစ်ပါးသော အခြင်းအရာတို့ဖြင့် အိုခြင်း သေခြင်း ချုပ်ရာနိဗ္ဗာန်၌ (တဆင့်ကြား၏ အစွမ်းဖြင့်) ဓမ္မစ္ဆန္ဒဖြစ်၏၊ ယုံကြည်မှုဖြင့်ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်၏စိတ်သည်လည်း ကောင်းစွာတည်၏၊ အိုခြင်း သေခြင်း၌ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ အိုခြင်း သေခြင်း၌ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏၊ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် တရားဓမ္မမည်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်းသည် ဉာဏ်မည်၏၊ တရားဓမ္မတို့သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။

ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုတရားတို့ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဓမ္မေသု ဓမ္မာနုပဿနာ သတိပဋ္ဌာနဘာဝနာ-ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုတရားတို့ကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း။ပ။ဤသို့ ထိုတရားတို့ကို အဖန်ဖန်ရှု၏။ ဘာဝနာဟူရာ၌ ပွါးများခြင်းဘာဝနာတို့သည် လေးပါးတို့တည်း။ပ။အဖန်ဖန်မှီဝဲတတ်သော သဘောအားဖြင့် ဘာဝနာမည်၏၊ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိ မည်၏။ပ။ချုပ်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား။ပ။သိသောပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏။ ထို့ကြောင့် သမတ္တဥ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၃)

၁၇၂။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အဘယ်သို့လျှင် အားထုတ်သနည်း။ တဖန်စွန့်ခြင်းကိုအဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အဘယ်သို့လျှင်အားထုတ်သနည်း။

ပဋိနိဿဂ္ဂ ဟူရာ၌ တဖန်စွန့်ခြင်း 'ပဋိနိဿဂ္ဂ' တို့သည် ပရိစ္စာဂပဋိနိဿဂ္ဂ ပက္ခန္ဒနပဋိနိဿဂ္ဂ နှစ်ပါးတို့တည်း။ ရုပ်ကိုစွန့်တတ်သောကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂမည်၏။ ရုပ်၏ချုပ်ရာဖြစ်သော နိဗ္ဗာန်၌ စိတ်သည် ပြေးဝင်တတ်သောကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂမည်၏။ ရုပ်၌ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ ရုပ်၌ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏။

ဝေဒနာကို။ပ။သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ မျက်စိကို။ ပ ။အိုခြင်း သေခြင်းကို စွန့်တတ်၏၊ ထို့ကြောင့် ပရိစ္စာဂပဋိနိဿဂ္ဂမည်၏၊ အိုခြင်း သေခြင်း ချုပ်ရာနိဗ္ဗာန်၌ စိတ်သည် ပြေးဝင်တတ်သောကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂမည်၏၊ အိုခြင်း သေခြင်း၌ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုရှူအံ့ဟု အားထုတ်၏၊ အိုခြင်း သေခြင်း၌ တဖန်စွန့်ခြင်းကို တဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုထုတ်အံ့ဟု အားထုတ်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် တရားဓမ္မမည်ကုန်၏၊ ထင်ခြင်းသည် သတိမည်၏၊ အဖန်ဖန်ရှုခြင်း

http://www.dhammadownload.com



သည် ဉာဏ်မည်၏၊ တရားဓမ္မတို့သည် ဥပဋ္ဌာနမည်၏၊ သတိမမည်၊ သတိသည် ဥပဋ္ဌာနလည်း မည်၏၊ သတိလည်း မည်၏။

ထိုသတိဖြင့် ထိုဉာဏ်ဖြင့် ထိုတရားတို့ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် ဓမ္မေသုဓမ္မာနုပဿနာ သတိပဋ္ဌာနဘာဝနာ-ဟု ဆိုအပ်၏။

အနုပဿတိဟူရာ၌ ထိုတရားတို့ကို အဘယ်သို့လျှင် အဖန်ဖန်ရှုသနည်း၊ မမြဲသောအားဖြင့် အဖန်ဖန်ရှု၏၊ မြဲသောအားဖြင့်မရှု။ပ။စွန့်၏မစွဲယူ၊ မမြဲသောအားဖြင့် ရှုသောပုဂ္ဂိုလ်သည် မြဲ၏ ဟူသောအမှတ်အသားကိုစွန့်၏။ပ။စွန့်သောပုဂ္ဂိုလ်သည် စွဲယူခြင်းကိုစွန့်၏။ ဤသို့ ထိုတရားတို့ကို အဖန်ဖန်ရှု၏။

ဘာဝနာ ဟူရာ၌ ပွါးများခြင်း 'ဘာဝနာ' တို့သည် လေးပါးတို့တည်း၊ ထိုစျာန်၌ဖြစ်ကုန်သောတရားတို့ကို မကျော်လွန်သော သဘောအားဖြင့် ဘာဝနာမည်၏။ပ။အဖန်ဖန်မှီဝဲသော သဘောအားဖြင့် ဘာဝနာမည်၏၊ တဖန်စွန့်ခြင်းကို ရှုသည်ဖြစ်၍ ဝင်သက် ထွက်သက်တို့ကို စောင့်စည်းတတ်သော သဘောအားဖြင့် သီလဝိသုဒ္ဓိမည်၏၊ မပျံ့လွင့်သော သဘောအားဖြင့် စိတ္တဝိသုဒ္ဓိမည်၏၊ မြင်တတ်သောသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

ထိုဝင်သက်ထွက်သက်၌ စောင့်စည်းတတ်သော သဘောသည် အဓိသီလသိက္ခာ မည်၏။ ထို ဝင်သက် ထွက်သက်၌ မပျံ့လွင့်သော သဘောသည် အဓိစိတ္တသိက္ခာမည်၏။ ထိုဝင်သက် ထွက်သက်၌ မြင်တတ်သောသဘောသည် အဓိပညာသိက္ခာမည်၏။ ဤသိက္ခာသုံးပါးတို့ကို ဆင်ခြင်သည်ဖြစ်၍ အားထုတ်၏၊ သိသည်ဖြစ်၍ အားထုတ်၏။ ပ ။မျက်မှောက်ပြုရမည့်တရားကို မျက်မှောက် ပြုသည်ဖြစ်၍ အားထုတ်၏။

တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည့်ဖြစ်၍ ဝင်သက် ထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကို သိသောပုဂ္ဂိုလ်အား ဝေဒနာတို့သည် ထင်ရှား ဖြစ်ပေါ်ကုန်၏၊ ဝေဒနာတို့သည် ထင်ရှားထင်ကုန်၏၊ ဝေဒနာတို့သည် ထင်ရှားချုပ်ခြင်းသို့ရောက်ကုန်၏။ ပ ။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းကိုသိသော ပုဂ္ဂိုလ်သည် ဣန္ဒြေတို့ကိုပေါင်း၏၊ ကျက်စားရာ အာရုံကိုလည်းသိ၏၊ ငြိမ်းခြေင်းသဘော'သမတ္ထ'ကိုလည်း ထိုးထွင်း၍သိ၏၊ ဗိုလ်တို့ကိုပေါင်း၏၊ ဗောဇ္ဈင်တို့ကိုပေါင်း၏၊ မဂ်ကို ပေါင်း၏၊ တရားတို့ကိုပေါင်း၏၊ ကျက်စားရာအာရုံကိုလည်းသိ၏၊ ငြိမ်းခြေင်းသဘော 'သမတ္ထ' ကိုလည်း ထိုးထွင်း၍သိ၏။

ဣန္ဒြိယာနိ သမောဓာနေတိ ဟူရာ၌ အဘယ်သို့လျှင် ဣန္ဒြေတို့ကိုပေါင်းသနည်း၊ ဆုံးဖြတ်တတ်သော အနက်အားဖြင့် သဒ္ဓိန္ဒြေကို ပေါင်း၏။ပ။ ထို့ကြောင့် သမတ္ထဉ္စ ပဋိဝိဇ္ဈတိ-ဟု ဆိုအပ်၏။ (၄)

ဓမ္မေသုဓမ္မာနုပဿနာ၌ ရှစ်ပါးသော အနုပဿနာဉာဏ် ရှစ်ပါးကုန်သော ဥပဋ္ဌာနာနုပဿတိ လေးပါးသော သုတ္တန်၌ ဂောကော်မှုအပ်ကုန်သော ဝတ္ထုတို့သည်ဖြစ်ကုန်၏။ ဤသုံးဆယ့်နှစ်ပါးကုန်သော သတိကိုပြုလေ့ရှိသော ဉာဏ်တို့သည် ဖြစ်ကုန်၏။

ငါးခုမြောက် သတောကာရိဉာဏ် အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၆-ဉာဏရာသိဆက္က အကျယ်ပြခြင်း

၁၇၃။ သမာဓိ၏အစွမ်းအားဖြင့် နှစ်ဆယ့်လေးပါးသော ဉာဏ်တို့သည် အဘယ်တို့နည်း၊ ရှည်သော ဝင်သက်၏အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ ရှည်သောထွက်သက်၏ အစွမ်းအားဖြင့် စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏။ပ။စိတ်ကိုရာဂမှလွတ်စေ၍ ဝင်သက်၏အစွမ်းအားဖြင့်စိတ်၏တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ စိတ်ကို ရာဂမှ လွတ်စေသည်ဖြစ်၍ ထွက်သက်၏အစွမ်းအားဖြင့် စိတ်၏ တည်ကြည်ခြင်း မပျံ့လွင့်ခြင်းသည် သမာဓိ မည်၏။

သမာဓိ၏အစွမ်းအားဖြင့် နှစ်ဆယ့်လေးပါးသော ဤဉာဏ်တို့သည် ဖြစ်ကုန်၏။ (၁)

ဝိပဿနာ၏အစွမ်းအားဖြင့် ခုနစ်ဆယ့်နှစ်ပါးသော ဉာဏ်တို့သည် အဘယ်တို့နည်း။

ရှည်သောဝင်သက်ကို မမြဲသောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာ မည်၏၊ ဆင်းရဲသောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာမည်၏၊ အနှစ်မရှိ အလိုသို့မလိုက်သောသဘောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာ မည်၏၊ ရှည်သောထွက်သက်ကိုမမြဲသောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာမည်၏၊ ဆင်းရဲသောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာ မည်၏၊ အနှစ်မရှိအလိုသို့ မလိုက်သောအားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာမည်၏။ပ။ စိတ်ကို ရာဂမှ လွတ်စေသည်ဖြစ်၍ ဝင်သက်ကို၊ စိတ်ကိုရာဂမှ လွတ်စေသည်ဖြစ်၍ ထွက်သက်ကို မမြဲသော အားဖြင့် အဖန်ဖန်ရှုတတ်သော သဘောကြောင့် ဝိပဿနာမည်၏၊ ဆင်းရဲသောအားဖြင့်အဖန်ဖန် ရှုတတ်သောသဘောကြောင့် ဝိပဿနာ မည်၏။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် အဖန်ဖန် ရှုတတ်သော သဘောကြောင့် ဝိပဿနာ မည်၏။

ဝိပဿနာ၏ အစွမ်းအားဖြင့် ဤခုနစ်ဆယ့်နှစ်ပါးကုန်သော ဉာဏ်တို့သည်ဖြစ်ကုန်၏။ (၂)

ရှစ်ပါးသော နိဗ္ဗိဒါဉာဏ်တို့သည် အဘယ်တို့နည်း။ မမြဲဟု အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကို ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ထို့ကြောင့် နိဗ္ဗိဒါဉာဏ် မည်၏။ မမြဲဟုအဖန်ဖန်ရှုသည် ဖြစ်၍ ထွက်သက်ကို ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ထို့ကြောင့် နိဗ္ဗိဒါဉာဏ် မည်၏။ပ။တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ဝင်သက်ကိုဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ထို့ကြောင့် နိဗ္ဗိဒါဉာဏ် မည်၏။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကို ဟုတ်တိုင်းမှန်စွာသိ၏၊ မြင်၏၊ ထို့ကြောင့် နိဗ္ဗိဒါဉာဏ်မည်၏။ ဤရှစ်ပါးသော နိဗ္ဗိဒါဉာဏ်တို့သည်ဖြစ်ကုန်၏။ (၃)

ရှစ်ပါးသော နိဗ္ဗိဒါနုလောမဉာဏ်တို့သည် အဘယ်တို့နည်း။ မမြဲဟု အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကို ဘေးအားဖြင့် ထင်ရာ၌ဖြစ်သော ပညာသည် နိဗ္ဗိဒါနုလောမဉာဏ်မည်၏၊ မမြဲဟု အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုဘေးအားဖြင့် ထင်ရာ၌ဖြစ်သော ပညာသည် နိဗ္ဗိဒါနုလောမ ဉာဏ်မည်၏။ပ။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုဘေးအားဖြင့် ထင်ရာ၌ ဖြစ်သောပညာသည် နိဗ္ဗိဒါနုလောမဉာဏ်မည်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက် သက်ကို ဘေးအားဖြင့်ထင်ရာ၌ ဖြစ်သောပညာသည် နိဗ္ဗိဒါနုလောမဉာဏ်မည်၏။ ဤရှစ်ပါးသော နိဗ္ဗိဒါနုလောမဉာဏ်တို့သည် ဖြစ်ကုန်၏။ (၄)

http://www.dhammadownload.com



ရှစ်ပါးသော နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်တို့သည် အဘယ်တို့နည်း။ မမြဲဟု အဖန်ဖန်ရှုသည် ဖြစ်၍ ဝင်သက်ကိုဆင်ခြင်၍ ကောင်းစွာတည်သော အခြင်းအရာအားဖြင့် ဖြစ်သောပညာသည် နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်မည်၏။ မမြဲဟု အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကိုဆင်ခြင်၍ ကောင်းစွာ တည်သော အခြင်းအရာအားဖြင့်ဖြစ်သောပညာသည် နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်မည်၏။ပ။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ဝင်သက်ကိုဆင်ခြင်၍ ကောင်းစွာတည်သောအခြင်းအရာအားဖြင့်ဖြစ်သော ပညာသည် နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်မည်၏။ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ ထွက်သက်ကို ဆင်ခြင်၍ ကောင်းစွာတည်သော အခြင်းအရာအားဖြင့်ဖြစ်သောပညာသည် နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်မည်၏။ ဤရှစ်ပါးသော နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်တို့သည် ဖြစ်ကုန်၏။ (၅)

နှစ်ဆယ့်တပါးသော ဝိမုတ္တိသုခဉာဏ်တို့သည်အဘယ်တို့နည်း။ သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိကို ပယ်ခြင်းကြောင့် အကြွင်းမဲ့ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ ဉာဏ်ဖြစ်၏။ ယုံမှားခြင်း ဝိစိကိစ္ဆာကိုပယ်ခြင်းကြောင့် အကြွင်းမဲ့ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ ဉာဏ်ဖြစ်၏။ သီလဗ္ဗတပရာမာသကို။ပ။ဒိဋ္ဌာနုသယကို၊ ဝိစိကိစ္ဆာနုသယကို ပယ်ခြင်းကြောင့် အကြွင်းမဲ့ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ ဉာဏ်ဖြစ်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်ကို။ပ။ ပဋိဃသံယောဇဉ်ကို။ ရုန့်ရင်းသော ကာမရာဂါနုသယကို။ ပဋိဃာနုသယကိုပယ်ခြင်းကြောင့် အကြွင်းမဲ့ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ဉာဏ်ဖြစ်၏။

အနာဂါမိမဂ်ဖြင့် သိမ်မွေ့သောကာမရာဂသံယောဇဉ်ကို။ပ။ပဋိဃသံယောဇဉ်ကို။သိမ်မွေ့သော ကာမရာဂါနုသယကို။ ပဋိဃာနုသယကိုပယ်ခြင်းကြောင့် အကြွင်းမဲ့ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ ဉာဏ်ဖြစ်၏။

အရဟတ္တမဂ်ဖြင့် ရူပရာဂကို။ပ။ အရူပရာဂကို။ မာနကို။ ဥဒ္ဓစ္စကို။ အဝိဇ္ဇာကို။ မာနာနုသယကို။ ဘဝရာဂါနုသယကို။ အဝိဇ္ဇာနုသယကိုပယ်ခြင်းကြောင့် အကြွင်းမဲ့ ဖြတ်ခြင်းကြောင့် ဝိမုတ္တိသုခ၌ ဉာဏ်ဖြစ်၏။

ဤနှစ်ဆယ့်တပါးသော ဝိမုတ္တိသုခ ဉာဏ်တို့သည်ဖြစ်ကုန်၏။ တဆယ့်ခြောက်ပါးသော ဝတ္ထုရှိသော အာနာပါနဿတိသမာဓိကို ပွါးများသော ပုဂ္ဂိုလ်အား ဤဉာဏ်နှစ်ရာကျော်တို့သည် ဖြစ်ကုန်၏။ (၆)

**အာနာပါနဿတိကထာ ပြီး၏။**

---

## ၄-ဣန္ဒြိယကထာ

### ၁-ပဌမသုတ္တန် အကျယ်ပြခြင်း

**၁၈၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။**

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့" ဟု

http://www.dhammadownload.com



ခေါ်တော်မူ၏။ "အသျှင်ဘုရား" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။

ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးတို့နည်းဟူမူ—

(၁) သဒ္ဓိန္ဒြေ၊

(၂) ဝီရိယိန္ဒြေ၊

(၃) သတိန္ဒြေ၊

(၄) သမာဓိန္ဒြေ၊

(၅) ပညိန္ဒြေတို့တည်း။

ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။

၁၇၅။ ဤဣန္ဒြေငါးပါးတို့သည် အဘယ်မျှသော အခြင်းအရာတို့ဖြင့် စင်ကြယ်ကုန်သနည်း။ ဤဣန္ဒြေငါးပါးတို့သည် တဆယ်ငါးပါးသောအခြင်းအရာတို့ဖြင့် စင်ကြယ်ကုန်၏။ ယုံကြည်သော ပုဂ္ဂိုလ်တို့ကိုရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း ယုံကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ် အနီးအရပ်၌ ရှိသေစွာနေသော ပုဂ္ဂိုလ်အားရင်း ကြည်ညိုဖွယ် သုတ္တန်တို့ကို ဆင်ခြင်သောပုဂ္ဂိုလ်အားရင်း ဤအခြင်းအရာသုံးပါးတို့ဖြင့် သဒ္ဓိန္ဒြေသည် စင်ကြယ်၏။

ပျင်းရိကုန်သော ပုဂ္ဂိုလ်တို့ကိုရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း အားထုတ်အပ်သည့် ဝီရိယရှိသောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်အနီးအရပ်၌ ရှိသေစွာနေသော ပုဂ္ဂိုလ်အားရင်း ဝီရိယနှင့် စပ်သောသုတ္တန်တို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အားရင်း ဤအခြင်းအရာသုံးပါးတို့ဖြင့် ဝီရိယိန္ဒြေသည် စင်ကြယ်၏။

သတိလွတ်သော ပုဂ္ဂိုလ်တို့ကိုရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း ထင်သောသတိရှိသောပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ် အနီးအရပ်၌ ရှိသေစွာနေသောပုဂ္ဂိုလ်အားရင်း သတိပဋ္ဌာန် သုတ္တန်တို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အားရင်း ဤအခြင်းအရာသုံးပါးတို့ဖြင့် သတိန္ဒြေသည် စင်ကြယ်၏။

မတည်ကြည်ကုန်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း တည်ကြည်သော ပုဂ္ဂိုလ်တို့ကိုမှီဝဲဆည်းကပ် အနီးအရပ်၌ ရှိသေစွာနေသော ပုဂ္ဂိုလ်အားရင်း ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အားရင်း ဤအခြင်းအရာသုံးပါးတို့ဖြင့် သမာဓိန္ဒြေသည် စင်ကြယ်၏။

ပညာနည်းသော ပုဂ္ဂိုလ်တို့ကိုရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း ပညာရှိပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်အနီးအရပ်၌ ရှိသေစွာနေသော ပုဂ္ဂိုလ်အားရင်း နက်နဲသောဉာဏ်နှင့်စပ်သော တရားကို ဆင်ခြင်သောပုဂ္ဂိုလ်အားရင်း ဤအခြင်းအရာသုံးပါးတို့ဖြင့် ပညိန္ဒြေသည် စင်ကြယ်၏။

ဤသို့ ဤငါးပါးသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်သော ပုဂ္ဂိုလ်အားရင်း ငါးပါးသောပုဂ္ဂိုလ်တို့ကို စိတ်ဖြင့် မှီဝဲဆည်းကပ်အနီးအရပ်၌ ရှိသေစွာနေသော ပုဂ္ဂိုလ်အားရင်း ငါးပါးသော သုတ္တန်အစုတို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အားရင်း ဤတဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဤဣန္ဒြေငါးပါးတို့သည် စင်ကြယ်ကုန်၏။

အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများအပ်ကုန်သနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများခြင်းဖြစ်သနည်း။

http://www.dhammadownload.com



ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကိုပွါးများခြင်းဖြစ်၏။

မယုံကြည်ခြင်းကို စွန့်သောပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေကို ပွါးများ၏၊သဒ္ဓိန္ဒြေကိုပွါးများသော ပုဂ္ဂိုလ်သည် မယုံကြည်ခြင်းကို စွန့်၏။

ပျင်းရိခြင်းကို စွန့်သော ပုဂ္ဂိုလ်သည် ဝီရိယိန္ဒြေကိုပွါးများ၏၊ ဝီရိယိန္ဒြေကို ပွါးများသော ပုဂ္ဂိုလ်သည် ပျင်းရိခြင်းကို စွန့်၏။

မေ့လျော့ခြင်းကိုစွန့်သော ပုဂ္ဂိုလ်သည် သတိန္ဒြေကိုပွါးများ၏၊ သတိန္ဒြေကိုပွါးများသော ပုဂ္ဂိုလ်သည် မေ့လျော့ခြင်းကို စွန့်၏။

ပျံ့လွင့်ခြင်းကို စွန့်သော ပုဂ္ဂိုလ်သည် သမာဓိန္ဒြေကိုပွါးများ၏၊ သမာဓိန္ဒြေကို ပွါးများသော ပုဂ္ဂိုလ်သည် ပျံ့လွင့်ခြင်းကို စွန့်၏။

တွေဝေမှုအဝိဇ္ဇာကို စွန့်သော ပုဂ္ဂိုလ်သည် ပညိန္ဒြေကိုပွါးများ၏၊ ပညိန္ဒြေကိုပွါးများသော ပုဂ္ဂိုလ်သည် တွေဝေမှုအဝိဇ္ဇာကိုစွန့်၏။

ဤဆယ်ပါးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ဖြစ်၏။

အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကောင်းစွာ ပွါးများအပ်ကုန်သနည်း။

ဆယ်ပါးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကောင်းစွာပွါးများအပ်ကုန်၏။

မယုံကြည်ခြင်းကို ပယ်ခြင်းကြောင့် ကောင်းစွာပယ်ခြင်းကြောင့် သဒ္ဓိန္ဒြေကို ပွါးများအပ် ကောင်းစွာပွါးများအပ်၏၊ သဒ္ဓိန္ဒြေကို ပွါးများအပ် ကောင်းစွာပွါးများအပ်သောကြောင့် မယုံကြည်ခြင်းကို ပယ်အပ် ကောင်းစွာပယ်အပ်၏။

ပျင်းရိခြင်းကိုပယ်ခြင်းကြောင့် ကောင်းစွာပယ်ခြင်းကြောင့် ဝီရိယိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်၏၊ ဝီရိယိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်သောကြောင့် ပျင်းရိခြင်းကို ပယ်အပ် ကောင်းစွာပယ်အပ်၏။

မေ့လျော့ခြင်းကိုပယ်အပ် ကောင်းစွာပယ်အပ်သောကြောင့် သတိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်၏၊ သတိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်သောကြောင့် မေ့လျော့ခြင်းကို ပယ်အပ် ကောင်းစွာပယ်အပ်၏။

ပျံ့လွင့်ခြင်းကိုပယ်အပ် ကောင်းစွာပယ်အပ်သောကြောင့် သမာဓိန္ဒြေကို ပွါးများအပ် ကောင်းစွာပွါးများအပ်၏၊ သမာဓိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်သောကြောင့် ပျံ့လွင့်ခြင်းကို ပယ်အပ် ကောင်းစွာပယ်အပ်၏။

အဝိဇ္ဇာကိုပယ်အပ် ကောင်းစွာပယ်အပ်သောကြောင့် ပညိန္ဒြေကိုပွါးများအပ် ကောင်းစွာ ပွါးများအပ်၏၊ ပညိန္ဒြေကိုပွါးများအပ် ကောင်းစွာပွါးများအပ်သောကြောင့် အဝိဇ္ဇာကိုပယ်အပ် ကောင်းစွာပယ်အပ်၏။

http://www.dhammadownload.com



ဤအသယ်မပါးသောအခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ် ကောင်းစွာပွါးများအပ်ကုန်၏။

၁၈၆။ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကိုပွါးများအပ်ကုန်သနည်း၊ အဘယ်မျှသော အကြောင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်သနည်း၊ ကောင်းစွာ ပွါးများအပ်ပြီးလည်း ဖြစ်ကုန်သနည်း၊ တဖန်ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်သနည်း၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်သနည်း။

လေးပါးသောအခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ လေးပါးသော အခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ တဖန်ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

သောတာပတ္တိမဂ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ သောတာပတ္တိဖိုလ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ တဖန်ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

သကဒါဂါမိမဂ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ သကဒါဂါမိဖိုလ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ တဖန်ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

အနာဂါမိမဂ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ အနာဂါမိဖိုလ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီး လည်း ဖြစ်ကုန်၏၊ တဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

အရဟတ္တမဂ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ အရဟတ္တဖိုလ်ခဏ၌ ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ တဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

ဤသို့ လေးပါးသောမဂ်၏ စင်ကြယ်ခြင်းတို့သည်၎င်း လေးပါးသောဖိုလ်၏ စင်ကြယ်ခြင်းတို့သည်၎င်း လေးပါးသောသမုစ္ဆေဒ၏ စင်ကြယ်ခြင်းတို့သည်၎င်း လေးပါးသောပဋိပဿဒ္ဓိ၏ စင်ကြယ်ခြင်းတို့သည်၎င်း ဤလေးပါးသောအခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ ဤလေးပါးသောအခြင်းအရာတို့ဖြင့် ဗုဒ္ဓခြေငါးပါးတို့ကို ပွါးများအပ်ပြီး လည်း ဖြစ်ကုန်၏၊ ကောင်းစွာပွါးများအပ်ပြီးလည်း ဖြစ်ကုန်၏၊ တဖန်ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏၊ ကောင်းစွာတဖန် ငြိမ်းစေအပ်ပြီးလည်း ဖြစ်ကုန်၏။

အဘယ်မျှလောက်သောပုဂ္ဂိုလ်တို့အား ဗုဒ္ဓခြေပွါးများခြင်း ဖြစ်ကုန်သနည်း၊ အဘယ်မျှလောက်သော ပုဂ္ဂိုလ်တို့သည် ပွါးအပ်ပြီးသောဗုဒ္ဓခြေ ရှိကုန်သနည်း။

ရှစ်ယောက်သောပုဂ္ဂိုလ်တို့အား ဗုဒ္ဓခြေကိုပွါးများခြင်း ဖြစ်ကုန်၏၊ သုံးယောက်သောပုဂ္ဂိုလ်တို့သည် ပွါးပြီးသောဗုဒ္ဓခြေ ရှိကုန်၏။

http://www.dhammadownload.com



အဘယ်ရှစ်ယောက်သောပုဂ္ဂိုလ်တို့အား ဣန္ဒြေကို ပွါးများခြင်း ဖြစ်ကုန်သနည်း။

သောတာပတ္တိမဂ္ဂပုဂ္ဂိုလ်ခုနစ်ယောက် ကလျာဏပုထုဇဉ် ဤရှစ်ယောက်သောပုဂ္ဂိုလ်တို့အား ဣန္ဒြေကို ပွါးများခြင်း ဖြစ်ကုန်၏။

အဘယ်သုံးယောက်သောပုဂ္ဂိုလ်တို့သည် ပွါးများအပ်ပြီးသောဣန္ဒြေ ရှိကုန်သနည်း။ တရားနာရသဖြင့် သစ္စာတရားကိုသိသော မြတ်စွာဘုရား၏တပည့် ရဟန္တာပုဂ္ဂိုလ်သည် ပွါးများအပ်ပြီးသောဣန္ဒြေ ရှိ၏၊ အလိုလိုဖြစ်သောသဘောအားဖြင့် ပစ္စေကဗုဒ္ဓါသည် ပွါးအပ်ပြီးသောဣန္ဒြေ ရှိ၏၊ မနှိုင်းယှဉ်အပ်သော သဘောအားဖြင့် ရှေးဘုရားတို့ကဲ့သို့လာခြင်း ကောင်းတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် ပွါးများအပ်ပြီးသောဣန္ဒြေ ရှိတော်မူ၏၊ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ပွါးများအပ်ပြီးသောဣန္ဒြေ ရှိကုန်၏၊ ဤသို့ ဤပုဂ္ဂိုလ်ရှစ်ယောက်တို့အား ဣန္ဒြေကိုပွါးများခြင်း ဖြစ်ကုန်၏၊ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ပွါးများအပ်ပြီးသော ဣန္ဒြေရှိကုန်၏။

ရှေးဦးစွာသောသုတ္တန် အကျယ်ပြခြင်း ပြီး၏။

---

## ၂-ဒုတိယသုတ္တန် အကျယ်ပြခြင်း

၁၈၇။ သာဝတ္ထိ နိဒါန်း—ရဟန်းတို့ ဣန္ဒြေတို့သည် ငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်းဟူမူ—

(၁) သဒ္ဓိန္ဒြေ၊
(၂) ဝီရိယိန္ဒြေ၊
(၃) သတိန္ဒြေ၊
(၄) သမာဓိန္ဒြေ၊
(၅) ပညိန္ဒြေတို့တည်း။

ရဟန်းတို့ အလုံးစုံသောသမဏဗြာဟ္မဏတို့သည် ဣန္ဒြေငါးပါးတို့၏ဖြစ်ကြောင်းကိုင်း ချုပ်ခြင်းကိုင်း သာယာခြင်းကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာအပြားအားဖြင့် မသိကုန်။

ရဟန်းတို့ ငါဘုရား၏သာသနာ၌ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏကျေးဇူး[၁] ကိုင်း ဗြာဟ္မဏကျေးဇူး[၂] ကိုင်း မျက်မှောက်ဘဝ၌သာလျှင် အလိုလို အထူးသိကာ မျက်မှောက်ပြုပြီးလျှင် ပြည့်စုံစေ၍ မနေကုန်။

ရဟန်းတို့ စင်စစ်အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ကြောင်းကိုင်း ချုပ်ခြင်းကိုင်း သာယာခြင်းကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ အပြားအားဖြင့်သိကုန်၏။

---

၁-အောက်ဖိုလ်သုံးပါး တည်းဟူသော။ ၂-အရဟတ္တဖိုလ် တည်းဟူသော။

http://www.dhammadownload.com



ရဟန်းတို့ စင်စစ် ငါဘုရား၏သာသနာတော်၌ ထိုသမဏဗြာဟ္မဏတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည်ကား သမဏ၏ကျေးဇူးကိုရင်း ဗြာဟ္မဏ၏ကျေးဇူးကိုရင်း မျက်မှောက်ဘဝ၌ပင်လျှင် အလိုလို အထူးသိကာ မျက်မှောက်ပြုပြီးလျှင် ပြည့်စုံစေ၍ နေကုန်၏။

၁၈၈။ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ဖြစ်ကြောင်းသည် ဖြစ်ပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ကြောင်းကို အပြားအားဖြင့်သိပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ချုပ်ခြင်းသည် ဖြစ်ပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ချုပ်ခြင်းကို အပြားအားဖြင့်သိပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏သာယာခြင်းသည် ဖြစ်ပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏သာယာခြင်းကို အပြားအားဖြင့်သိပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏အပြစ်သည် ဖြစ်ပါသနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏အပြစ်ကို အပြားအားဖြင့် သိပါသနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ထွက်မြောက်ရာသည် ဖြစ်ပါသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ထွက်မြောက်ရာကို အပြားအားဖြင့် သိပါသနည်း။

လေးဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ဖြစ်ကြောင်းသည် ဖြစ်၏၊ လေးဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ကြောင်း ကို အပြားအားဖြင့်သိ၏၊ လေးဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ချုပ်ခြင်းသည် ဖြစ်၏၊ လေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ချုပ်ခြင်းကို သိ၏။

နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ သာယာခြင်းသည် ဖြစ်၏၊ နှစ်ဆယ့်ငါးပါးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏သာယာခြင်းကို အပြားအားဖြင့် သိ၏။

နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏အပြစ်သည် ဖြစ်၏၊ နှစ်ဆယ့်ငါးပါးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏အပြစ်ကို အပြားအားဖြင့် သိ၏။

တရာ့ရှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ထွက်မြောက်ရာသည် ဖြစ်၏၊ တရာ့ရှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ထွက်မြောက်ရာကို အပြားအားဖြင့် သိ၏။

အဘယ်လေးဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ကြောင်းသည် ဖြစ်ပါသနည်း၊ အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ကြောင်းကို သိပါသနည်း။

ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'အကျိုးငှါ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ဆန္ဒနှင့်ယှဉ်သော အဓိမောက္ခ၏အစွမ်းဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ဆန္ဒနှင့်ယှဉ်သော အဓိမောက္ခ၏အစွမ်းဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းတည်း။

ချီးမြှောက်ခြင်းအကျိုးငှါ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ချီးမြှောက်သည့်အစွမ်းဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ချီး

http://www.dhammadownload.com



မြှောက်သည့်အစွမ်းဖြင့် နှလုံးသွင်းခြင်း'မနသိကာရ'၏ ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် ဝီရိယိန္ဒြေ၏ ဖြစ်ကြောင်းတည်း။

ထင်ခြင်းအကျိုးငှါ မနောဒွါရာဝဇ္ဇန်းစိတ်၏ဖြစ်ခြင်းသည် သတိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ထင်သည်၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် သတိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ထင်သည်၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း'မနသိကာရ'၏ဖြစ်ခြင်းသည် သတိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည်၏အဖြစ်ဖြင့် ထင်ခြင်းသည် သတိန္ဒြေ၏ ဖြစ်ကြောင်းတည်း။

မပျံ့လွင့်ခြင်းအကျိုးငှါ မနောဒွါရာဝဇ္ဇန်းစိတ်၏ ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် သမာဓိန္ဒြေ၏ဖြစ်ကြောင်းတည်း။

မြင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ဖြစ်ခြင်းသည် ပညိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ မြင်သည့်အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် ပညိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မြင်သည့်အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် ပညိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည်အဖြစ်ဖြင့် ထင်ခြင်းသည် ပညိန္ဒြေ၏ ဖြစ်ကြောင်းတည်း။

ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'အကျိုးငှါ အာဝဇ္ဇန်းစိတ်၏ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ချီးမြှောက်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ထင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ဖြစ်ခြင်းသည် သတိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ မပျံ့လွင့်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မြင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ ဖြစ်ခြင်းသည် ပညိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ဆုံးဖြတ်ခြင်း'အဓိမောက္ခ'၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ချီးမြှောက်ခြင်း၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ထင်သည့်အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ ဖြစ်ခြင်းသည် သတိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မြင်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ဖြစ်ခြင်းသည် ပညိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းတည်း၊ ချီးမြှောက်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် ဝီရိယိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ထင်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် သတိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ မြင်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ဖြစ်ခြင်းသည် ပညိန္ဒြေ၏ဖြစ်ကြောင်းတည်း။

http://www.dhammadownload.com



သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် သဒ္ဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့် အဖြစ်ဖြင့် ထင်ခြင်းသည် ဝီရိယိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် သတိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် ထင်ခြင်းသည် သမာဓိန္ဒြေ၏ ဖြစ်ကြောင်းတည်း၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် တခုဘည်းသောအာရုံ၌ မတုန်လှုပ်သည့် အဖြစ်ဖြင့် ထင်ခြင်းသည် ပညိန္ဒြေ၏ဖြစ်ကြောင်းတည်း။

ဤလေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ဖြစ်ကြောင်းသည်ဖြစ်၏၊ ဤလေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ဖြစ်ကြောင်းကို အပြားအားဖြင့်သိ၏။

အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ချုပ်ခြင်းဖြစ်သနည်း၊ အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ချုပ်ခြင်းကို အပြားအားဖြင့်သိသနည်း။

ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' အကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ချုပ်ခြင်းတည်း၊ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ချုပ်ခြင်းတည်း၊ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ ချုပ်ခြင်းတည်း၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သဒ္ဓိန္ဒြေ၏ ချုပ်ခြင်းတည်း။

ချီးမြှောက်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ ချုပ်ခြင်းတည်း၊ ချီးမြှောက်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ ချုပ်ခြင်းတည်း၊ ချီးမြှောက်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ ချုပ်ခြင်းတည်း၊ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် ဝီရိယိန္ဒြေ၏ ချုပ်ခြင်းတည်း။

ထင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ ထင်ခြင်း၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ ထင်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သတိန္ဒြေ၏ ချုပ်ခြင်းတည်း။

မပျံ့လွင့်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ မပျံ့လွင့်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း။

မြင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း၊ မြင်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း၊ မြင်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း။

http://www.dhammadownload.com



ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' အကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ ချီးမြှောက်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ချုပ်ခြင်းတည်း၊ ထင်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ မပျံ့လွင့်ခြင်းအကျိုးငှါ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ မြင်ခြင်းအကျိုးငှာ၊ အာဝဇ္ဇန်းစိတ်၏ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း။

ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၏ အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ ချီးမြှောက်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ချုပ်ခြင်းတည်း၊ ထင်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ မပျံ့လွင့်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ မြင်ခြင်း၏အစွမ်းအားဖြင့် ဓမ္မစ္ဆန္ဒ၏ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း။

ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သဒ္ဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ ချီးမြှောက်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် ဝီရိယိန္ဒြေ၏ချုပ်ခြင်းတည်း၊ ထင်ခြင်း၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ မပျံ့လွင့်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ မြင်ခြင်း၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း 'မနသိကာရ'၏ ချုပ်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း။

သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သဒ္ဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် ဝီရိယိန္ဒြေ၏ချုပ်ခြင်းတည်း၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သတိန္ဒြေ၏ချုပ်ခြင်းတည်း၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် သမာဓိန္ဒြေ၏ချုပ်ခြင်းတည်း၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် တခုတည်းသောအာရုံ၌ မတုန်လှုပ်သည့်အဖြစ်ဖြင့် မထင်ခြင်းသည် ပညိန္ဒြေ၏ချုပ်ခြင်းတည်း။ ဤအခြင်းအရာလေးဆယ်တို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ချုပ်ခြင်းသည် ဖြစ်၏။

ဤအချင်းအရာလေးဆယ်တို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ချုပ်ခြင်းကို အပြားအားဖြင့်သိ၏။

## က-အဿာဒ အကျယ်ပြခြင်း

၁၇၉။ အဘယ် နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ သာယာခြင်း ဖြစ်သနည်း၊ အဘယ် နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ သာယာခြင်းကို အပြားအားဖြင့်သိသနည်း။

မယုံကြည်ခြင်း၏ မထင်ခြင်းသည် သဒ္ဓိန္ဒြေ၏ သာယာခြင်းတည်း၊ မယုံကြည်ခြင်းဟူသော ပူပန်ခြင်း၏ မထင်ခြင်းသည် သဒ္ဓိန္ဒြေ၏သာယာခြင်းတည်း၊ အဓိမောက္ခဖြစ်ခြင်းငှါ ရဲရင့်သောအဖြစ်သည် သဒ္ဓိန္ဒြေ၏သာယာခြင်းတည်း၊ ငြိမ်သက်သောသမထဝိပဿနာကို ရခြင်းသည် သဒ္ဓိန္ဒြေ၏

http://www.dhammadownload.com



သာယာခြင်းတည်း၊ သဒ္ဒိန္ဒြေကိုစွဲ၍ အကြင်ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် သဒ္ဒိန္ဒြေ၏သာယာခြင်းတည်း။

ပျင်းရိခြင်း၏ မထင်ခြင်းသည် ဝီရိယိန္ဒြေ၏ သာယာခြင်းတည်း၊ ပျင်းရိမှုဟူသော ပူပန်ခြင်း၏ မထင်ခြင်းသည် ဝီရိယိန္ဒြေ၏ သာယာခြင်းတည်း၊ ချီးမြောက်ခြင်းငှါ ရဲရင့်သောအဖြစ်သည် ဝီရိယိန္ဒြေ၏ သာယာခြင်းတည်း၊ငြိမ်သက်သော သမထဝိပဿနာကို ရခြင်းသည်လည်း ဝီရိယိန္ဒြေ၏ သာယာခြင်းတည်း၊ ဝီရိယိန္ဒြေကိုစွဲ၍ အကြင်ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ဝီရိယိန္ဒြေ၏ သာယာခြင်းတည်း။

မေ့လျော့ခြင်း၏ မထင်ခြင်းသည် သတိန္ဒြေ၏ သာယာခြင်းတည်း၊ မေ့လျော့ခြင်းဟူသော ပူပန်ခြင်း၏ မထင်ခြင်းသည် သတိန္ဒြေ၏သာယာခြင်းတည်း၊ ထင်မှုဖြစ်ခြင်းငှါ ရဲရင့်သောအဖြစ်သည် သတိန္ဒြေ၏သာယာခြင်းတည်း၊ ငြိမ်သက်သော သမထဝိပဿနာကို ရခြင်းသည်လည်း သတိန္ဒြေ၏သာယာခြင်းတည်း၊ သတိန္ဒြေကိုစွဲ၍ အကြင်ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဤချမ်းသာခြင်း ဝင်းမြောက်ခြင်းသည် သတိန္ဒြေ၏သာယာခြင်းတည်း။

ပျံ့လွင့်မှု၏ မထင်ခြင်းသည် သမာဓိန္ဒြေ၏ သာယာခြင်းတည်း၊ ပျံ့လွင့်မှုဟူသော ပူပန်ခြင်း၏ မထင်ခြင်းသည် သမာဓိန္ဒြေ၏ သာယာခြင်းတည်း၊ မပျံ့လွင့်မှုဖြစ်ခြင်းငှါ ရဲရင့်သောအဖြစ်သည် သမာဓိန္ဒြေ၏သာယာခြင်းတည်း၊ ငြိမ်သက်သော သမထဝိပဿနာကို ရခြင်းသည်လည်း သမာဓိန္ဒြေကိုစွဲ၍ အကြင်ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ဖြစ်၏။ ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် သမာဓိန္ဒြေ၏ သာယာခြင်းတည်း။

အဝိဇ္ဇာ၏ မထင်ခြင်းသည် ပညိန္ဒြေ၏သာယာခြင်းတည်း၊ အဝိဇ္ဇာဟူသော ပူပန်ခြင်း၏ မထင်ခြင်းသည် ပညိန္ဒြေ၏သာယာခြင်းတည်း၊ မြင်မှုဖြစ်ခြင်းငှါ ရဲရင့်သောအဖြစ်သည် ပညိန္ဒြေ၏ သာယာခြင်းတည်း၊ ငြိမ်သက်သော သမထဝိပဿနာကို ရခြင်းသည်လည်း ပညိန္ဒြေ၏သာယာခြင်းတည်း၊ ပညိန္ဒြေကိုစွဲ၍ အကြင်ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဤချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် ပညိန္ဒြေ၏သာယာခြင်းတည်း၊ ဤနှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ သာယာခြင်းသည်ဖြစ်၏။ ဤနှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ သာယာခြင်းကို အပြားအားဖြင့်သိ၏။

## ခ-အာဒီနဝ အကျယ်ပြခြင်း

**၁၉၀။ အဘယ် နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ အပြစ်ဖြစ်သနည်း၊ အဘယ် နှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ အပြစ်ကို အပြားအားဖြင့် သိသနည်း။**

**မယုံကြည်ခြင်း၏ ထင်ခြင်းသည် သဒ္ဒိန္ဒြေ၏ အပြစ်ဖြစ်၏၊** မယုံကြည်ခြင်းဟူသော ပူပန်ခြင်း၏ ထင်ခြင်းသည် **သဒ္ဒိန္ဒြေ၏ အပြစ်ဖြစ်၏၊** မငြိမ်သောသဘောအားဖြင့် သဒ္ဒိန္ဒြေ၏အပြစ်ဖြစ်၏၊ ဆင်းရဲသော သဘောအားဖြင့် သဒ္ဒိန္ဒြေ၏ အပြစ်ဖြစ်၏၊ အနှစ်မရှိ အလိုသို့မလိုက်သော သဘော အားဖြင့် သဒ္ဒိန္ဒြေ၏အပြစ်ဖြစ်၏။

**ပျင်းရိခြင်း၏**ထင်ခြင်းသည် **ဝီရိယိန္ဒြေ၏အပြစ်ဖြစ်၏၊** ပျင်းရိခြင်းဟူသော ပူပန်ခြင်း၏ ထင်ခြင်းသည် ဝီရိယိန္ဒြေ၏ **အပြစ်ဖြစ်၏၊ မငြိမ်**သောသဘောအားဖြင့် ဝီရိယိန္ဒြေ၏အပြစ်ဖြစ်၏၊

http://www.dhammadownload.com



ဆင်းရဲသော‌သဘောအားဖြင့်။ပ။အနှစ်မရှိအလိုသို့ မလိုက်သောသဘောအားဖြင့် ဝီရိယိန္ဒြေ၏ အပြစ်ဖြစ်၏။

မေ့လျော့ခြင်း၏ ထင်ခြင်းသည် သတိန္ဒြေ၏ အပြစ်ဖြစ်၏၊ မေ့လျော့ခြင်းဟူသော ပူပန်ခြင်း၏ ထင်ခြင်းသည် သတိန္ဒြေ၏အပြစ်ဖြစ်၏၊မမြဲသောသဘောအားဖြင့် သတိန္ဒြေ၏အပြစ်ဖြစ်၏၊ဆင်းရဲသော သဘောအားဖြင့်။ပ။အနှစ်မရှိ အလိုသို့မလိုက်သော သဘောအားဖြင့် သတိန္ဒြေ၏အပြစ်ဖြစ်၏။

ပျံ့လွင့်ခြင်း၏ ထင်ခြင်းသည် သမာဓိန္ဒြေ၏ အပြစ်ဖြစ်၏၊ ပျံ့လွင့်ခြင်းဟူသော ပူပန်ခြင်း၏ ထင်ခြင်းသည် သမာဓိန္ဒြေ၏ အပြစ်ဖြစ်၏၊ မမြဲသော သဘောအားဖြင့် သမာဓိန္ဒြေ၏ အပြစ်ဖြစ်၏၊ ဆင်းရဲသော သဘောအားဖြင့်။ပ။အနှစ်မရှိ အလိုသို့ မလိုက်သော သဘောအားဖြင့် သမာဓိန္ဒြေ၏ အပြစ်ဖြစ်၏။

အဝိဇ္ဇာ၏ ထင်ခြင်းသည် ပညိန္ဒြေ၏ အပြစ် ဖြစ်၏၊ အဝိဇ္ဇာဟူသော ပူပန်ခြင်း၏ ထင်ခြင်းသည် ပညိန္ဒြေ၏ အပြစ်ဖြစ်၏၊ မမြဲသောသဘောအားဖြင့် ပညိန္ဒြေ၏ အပြစ်ဖြစ်၏၊ ဆင်းရဲသော သဘောအားဖြင့် ပညိန္ဒြေ၏ အပြစ် ဖြစ်၏၊ အနှစ်မရှိ အလိုသို့ မလိုက်သော သဘောအားဖြင့် ပညိန္ဒြေ၏ အပြစ်ဖြစ်၏။

ဤနှစ်ဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ အပြစ်ဖြစ်၏၊ ဤနှစ်ဆယ့် ငါးပါးသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ အပြစ်ကို အပြားအားဖြင့်သိ၏။

## ၈-နိဿရဏ အကျယ်ပြခြင်း

၁၉၁။ အဘယ်တရာ့ရှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေ ငါးပါးတို့၏ ထွက်မြောက်ရာသည်ဖြစ်သနည်း၊ အဘယ်တရာ့ရှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ထွက်မြောက်ရာကို အပြားအားဖြင့် သိသနည်း။

ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေသည် မယုံကြည်ခြင်းမှ ထွက်မြောက်၏၊ မယုံကြည်မှုဟူသော ပူပန်ခြင်းမှ ထွက်မြောက်၏၊ ထိုမယုံကြည်မှုသို့ အစဉ်လိုက်ကုန်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း ထွက်မြောက်၏၊ အပဥ္စလည်း အလုံးစုံသော နိမိတ်တို့မှ ထွက်မြောက်၏၊ ထို့ထက်အလွန် မြတ်သော သဒ္ဓိန္ဒြေကို ရသည်၏ အစွမ်းအားဖြင့် ရှေးဖြစ်သော သဒ္ဓိန္ဒြေမှ ထွက်မြောက်၏။

ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေသည် ပျင်းရိခြင်းမှ ထွက်မြောက်၏၊ ပျင်းရိခြင်းဟူသော ပူပန်ခြင်းမှ ထွက်မြောက်၏၊ ထိုပျင်းရိခြင်းသို့ အစဉ်လိုက်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း ထွက်မြောက်၏၊ အပဥ္စလည်း အလုံးစုံသောနိမိတ်တို့မှ ထွက်မြောက်၏၊ ထို့ထက်အလွန် မြတ်သော ဝီရိယိန္ဒြေကို ရသည်၏အစွမ်းအားဖြင့် ရှေးဖြစ်သော ဝီရိယိန္ဒြေမှ ထွက်မြောက်၏။

ထင်သောသဘောအားဖြင့် သတိန္ဒြေသည် မေ့လျော့ခြင်းမှထွက်မြောက်၏၊ မေ့လျော့မှုဟူသော ပူပန်ခြင်းမှ ထွက်မြောက်၏၊ ထိုမေ့လျော့ခြင်းသို့ အစဉ်လိုက်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း ထွက်မြောက်၏၊ အပဥ္စလည်း အလုံးစုံသော နိမိတ်တို့မှ ထွက်မြောက်၏၊ ထို့ထက်

http://www.dhammadownload.com



အလွန် မြတ်သောသတိန္ဒြေကို ရသည်၏ အစွမ်းအားဖြင့် ရှေး၌ဖြစ်သော သတိန္ဒြေမှ ထွက်မြောက်၏။

မပျံ့လွင့်ခြင်းသဘောအားဖြင့် သမာဓိန္ဒြေသည် ပျံ့လွင့်ခြင်းမှ ထွက်မြောက်၏၊ ပျံ့လွင့်ခြင်းဟူသော ပူပန်ခြင်းမှ ထွက်မြောက်၏၊ ထိုပျံ့လွင့်ခြင်းသို့ အစဉ်လိုက်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း ထွက်မြောက်၏၊ အပဉ်လည်း အလုံးစုံသော နိမိတ်တို့မှ ထွက်မြောက်၏၊ ထို့ထက် အလွန် မြတ်သောသမာဓိန္ဒြေကို ရသည်၏ အစွမ်းအားဖြင့် ရှေး၌ဖြစ်သော သမာဓိန္ဒြေမှ ထွက်မြောက်၏။

မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေသည် အဝိဇ္ဇာမှ ထွက်မြောက်၏၊ အဝိဇ္ဇာဟူသော ပူပန်ခြင်းမှ ထွက်မြောက်၏၊ ထိုအဝိဇ္ဇာသို့ အစဉ်လိုက်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း ထွက်မြောက်၏၊ အပဉ်လည်း အလုံးစုံသော နိမိတ်တို့မှ ထွက်မြောက်၏၊ ထို့ထက်အလွန် မြတ်သောပညိန္ဒြေကို ရသည်၏ အစွမ်းအားဖြင့် ရှေး၌ဖြစ်သော ပညိန္ဒြေမှ ထွက်မြောက်၏။

၁၉၂။ ရှေးအဖို (ပဌမစျာန်၏ အနီး)၌ ဣန္ဒြေငါးပါးတို့မှ ပဌမစျာန်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ပဌမစျာန်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဒုတိယစျာန်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဒုတိယစျာန်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ တတိယစျာန်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏။ တတိယစျာန်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ စတုတ္ထစျာန်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ စတုတ္ထစျာန်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အာကာသာနဉ္စာယတနသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အာကာသာနဉ္စာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဝိညာဏဉ္စာယတန သမာပတ်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဝိညာဏဉ္စာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အာကိဉ္စညာယတနသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အာကိဉ္စညာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ နေဝသညာနာသညာယတနသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ နေဝသညာနာသညာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ မမြဲဟု အဖန်ဖန် ရှုခြင်း၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏။ (၈)

မမြဲဟု အဖန်ဖန်ရှုခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဆင်းရဲဟု အဖန်ဖန်ရှုခြင်း၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဆင်းရဲဟု အဖန်ဖန်ရှုခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏။

အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ တပ်ခြင်းကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ တပ်ခြင်းကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ချုပ်ခြင်းကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေ

http://www.dhammadownload.com



ငါးပါးတို့သည်ထွက်မြောက်ကုန်၏၊ ချုပ်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ကုန်ဆုံးခြင်းကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ကုန်ဆုံးခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ပျက်ပြုန်းခြင်းကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ပျက်ပြုန်းခြင်းကို အဖန်ဖန်ရှုရာ၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဖောက်ပြန်ခြင်းကို အဖန်ဖန် ရှုသည်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဖောက်ပြန်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အနိမိတ္တကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အနိမိတ္တကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ မတောင့်တအပ်သည်ကို အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ မတောင့်တအပ်သည်ကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ လွန်ကဲသောပညာဖြင့် တရားကို အထူးရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ လွန်ကဲသောပညာဖြင့် တရားကို အထူးရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ယထာဘူတဉာဏ်အမြင်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ယထာဘူတဉာဏ်အမြင်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အပြစ်ဟု အဖန်ဖန်ရှုခြင်း၏ အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အပြစ်ဟု အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့မှ ဉာဏ်ဖြင့်ဆင်ခြင်၍ အဖန်ဖန်ရှုသည်၏အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဉာဏ်ဖြင့်ဆင်ခြင်၍ အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ ဝဋ်မှ ထွက်မြောက်ခြင်းကို အဖန်ဖန်ရှုသည်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ ဝဋ်မှထွက်မြောက်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ သောတာပတ္တိမဂ်၏အစွမ်းအားဖြင့် ဣန္ဒြေ ငါးပါးတို့သည် ထွက်မြောက်ကုန်၏။ (၁၈-၂၆)

သောတာပတ္တိမဂ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ သောတာပတ္တိဖလသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ သောတာပတ္တိဖလသမာပတ်၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ သကဒါဂါမိမဂ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ သကဒါဂါမိမဂ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ သကဒါဂါမိဖလသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ သကဒါဂါမိဖလသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အနာဂါမိမဂ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အနာဂါမိမဂ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အနာဂါမိဖလသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အနာဂါမိဖလသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့မှ အရဟတ္တမဂ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏၊ အရဟတ္တမဂ်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့မှ အရဟတ္တဖလသမာပတ်၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်ကုန်၏။ (၇-၃၄)

ဈာန်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် ကာမစ္ဆန္ဒမှ ထွက်မြောက်ကုန်၏၊ အဗျာပါဒ၌ (ဖြစ်သော)ဣန္ဒြေငါးပါးတို့သည် ဗျာပါဒမှ ထွက်မြောက်ကုန်၏၊ အာလောကသညာ၌(ဖြစ်သော)

http://www.dhammadownload.com



ဠာန္တြေငါးပါးတို့သည် ထိနမိဒ္ဓမှ ထွက်မြောက်ကုန်၏၊ မပျံ့လွင့်ခြင်း၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ပျံ့လွင့်ခြင်းမှ ထွက်မြောက်ကုန်၏၊ တရားကို ပိုင်းခြားမှတ်သားခြင်း၌ (ဖြစ်သော)ဣန္ဒြေငါးပါးတို့သည် ယုံမှားခြင်းဝိစိကိစ္ဆာမှ ထွက်မြောက်ကုန်၏၊ ဉာဏ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အဝိဇ္ဇာမှ ထွက်မြောက်ကုန်၏၊ ဝမ်းမြောက်ခြင်း၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် မမွေ့လျော်ခြင်းမှ ထွက်မြောက်ကုန်၏။

၁၉၃။ ပဌမစျာန်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် အပိတ်အပင် 'နီဝရဏ' တရားတို့မှ ထွက်မြောက်ကုန်၏၊ ဒုတိယစျာန်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် ကြံစည်ခြင်း 'ဝိတက်' စဉ်းစားခြင်း 'ဝိစာရ' တို့မှထွက်မြောက်ကုန်၏၊ တတိယစျာန်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် နှစ်သက်ခြင်း 'ပီတိ'မှ ထွက်မြောက်ကုန်၏၊ စတုတ္ထစျာန်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် ချမ်းသာဆင်းရဲတို့မှ ထွက်မြောက်ကုန်၏၊

အာကာသာနဉ္စာယတနသမာပတ်၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ရူပသညာ ပဋိဃသညာ နာနတ္တသညာမှ ထွက်မြောက်ကုန်၏၊ ဝိညာဏဉ္စာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အာကာသာနဉ္စာယတနသညာမှ ထွက်မြောက်ကုန်၏၊ အာကိဉ္စညာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ဝိညာဏဉ္စာယတနသညာမှ ထွက်မြောက်ကုန်၏၊ နေဝသညာနာသညာယတနသမာပတ်၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် အာကိဉ္စညာယတန သညာမှ ထွက်မြောက်ကုန်၏၊

မမြဲဟု အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေ ငါးပါးတို့သည် မြဲသောအမှတ် 'နိစ္စသညာ'မှ ထွက်မြောက်ကုန်၏၊ ဆင်းရဲဟု အဖန်ဖန်ရှုရာ၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ချမ်းသာဟူသော အမှတ် 'သုခသညာ'မှ ထွက်မြောက်ကုန်၏၊ အနှစ်မရှိအလိုသို့မလိုက်ဟု အဖန်ဖန်ရှုရာ၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အတ္တသညာမှ ထွက်မြောက်ကုန်၏။

ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုရာ၌ (ဖြစ်သော)ဣန္ဒြေငါးပါးတို့သည် နှစ်သက်ခြင်းမှ ထွက်မြောက်ကုန်၏၊ တပ်ခြင်း 'ရာဂ' ကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် တပ်ခြင်း'ရာဂ'မှ ထွက်မြောက်ကုန်၏၊ ချုပ်ငြိမ်းခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ဖြစ်ခြင်း 'သမုဒယ'မှ ထွက်မြောက်ကုန်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည်စွဲယူခြင်းမှ ထွက်မြောက်ကုန်၏၊ ကုန်ဆုံးခြင်းကို အဖန်ဖန်ရှုရာ၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အစိုင်အခဲဟူသောအမှတ်'ဃနသညာ'မှ ထွက်မြောက်ကုန်၏၊ ပျက်ပြုန်းခြင်းကို အဖန်ဖန်ရှုရာ၌(ဖြစ်သော)ဣန္ဒြေငါးပါးတို့သည် အားထုတ်ခြင်းမှ ထွက်မြောက်ကုန်၏၊ ဖောက်ပြန်ခြင်းကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် မြဲ၏ဟူသော အမှတ် 'ဓုဝသညာ'မှ ထွက်မြောက်ကုန်၏၊ အနိမိတ္တဟု အဖန်ဖန်ရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အကြောင်း 'နိမိတ်'မှ ထွက်မြောက်ကုန်၏၊ တောင့်တခြင်းကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုရာ၌ (ဖြစ်သော)ဣန္ဒြေငါးပါးတို့သည် တောင့်တခြင်းမှ ထွက်မြောက်ကုန်၏၊ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုရာ၌(ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် မှားသော နှလုံးသွင်းခြင်းမှ ထွက်မြောက်ကုန်၏၊ လွန်ကဲသော ပညာဖြင့် တရားကိုအထူးရှုရာ၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် အနှစ်သာရဟုစွဲယူ၍ မှားသောနှလုံးသွင်းခြင်းမှ ထွက်မြောက်ကုန်၏၊ ယထာဘူတဉာ[illegible]အမြင်၌ (ဖြစ်သော) ဣန္ဒြေငါးပါးတို့သည် ပြင်းစွာ တွေဝေခြင်းဟူသော မှားသောနှလုံးသွင်းခြင်းမှ ထွက်မြောက်ကုန်၏၊

http://www.dhammadownload.com



အပြစ်ဟု အဖန်ဖန်ရှုရာ၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် ကပ်ငြိခြင်းတပ်ခြင်းဟူသော မှားသော နှလုံးသွင်းခြင်းမှ ထွက်မြောက်ကုန်၏၊ ဉာဏ်ဖြင့်ဆင်ခြင်ခြင်းကို အဖန်ဖန်ရှုရာ၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် မဆင်ခြင်ခြင်းမှ ထွက်မြောက်ကုန်၏၊ ဝဋ်မှကင်းခြင်းကို အဖန်ဖန်ရှုရာ၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် သံယောဇဉ်ဟု မှားသောနှလုံးသွင်းခြင်းမှ ထွက်မြောက်ကုန်၏။

သောတာပတ္တိမဂ်၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် အယူမှားနှင့်အတူတည်ကုန်သောကိလေသာတို့မှထွက်မြောက်ကုန်၏၊ သကဒါဂါမိမဂ်၌ ဖြစ်သော ဣန္ဒြေငါးပါးတို့သည် ရုန့်ရင်းကြမ်းတမ်းသော ကိလေသာတို့မှ ထွက်မြောက်ကုန်၏၊ အနာဂါမိမဂ်၌ ဖြစ်သော ဣန္ဒြေငါးပါးတို့သည် သိမ်မွေ့သောကိလေသာတို့မှ ထွက်မြောက်ကုန်၏၊ အရဟတ္တမဂ်၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် ကိလေသာအားလုံးတို့မှ ထွက်မြောက်ကုန်၏။

ရဟန္တာ ပုဂ္ဂိုလ်အားလုံးတို့အား ထိုထိုအရာ၌ဖြစ်သော ဣန္ဒြေငါးပါးတို့သည် ထွက်မြောက်လည်း ထွက်မြောက်ကုန်၏၊ ကောင်းစွာ ထွက်မြောက်လည်းထွက်မြောက်ကုန်၏၊ တဖန်လည်းငြိမ်းကုန်၏၊ ကောင်းစွာတဖန်လည်းငြိမ်းကုန်၏။

ဤဘရာ့ရှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ ထွက်မြောက်ခြင်းဖြစ်၏၊ ဤတရာ့ရှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ထွက်မြောက်ခြင်းကိုသိ၏။

နှစ်ခုမြောက်သုတ္တန် အကျယ်ပြခြင်း ပြီး၏။

ပဌမအခဏ်း ပြီး၏။

---

## ၃-တတိယသုတ္တန် အကျယ်ပြခြင်း

၁၈၄။ သာဝတ္ထိနိဒါန်း........၊ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်းဟူမူ—

(၁) သဒ္ဓိန္ဒြေ၊
(၂) ဝီရိယိန္ဒြေ၊
(၃) သတိန္ဒြေ၊
(၄) သမာဓိန္ဒြေ၊
(၅) ပညိန္ဒြေတို့တည်း၊

ရဟန်းတို့ အဘယ်၌ သဒ္ဓိန္ဒြေကို မှတ်အပ်သနည်း၊ ဤလေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေကိုမှတ်အပ်၏။ ရဟန်းတို့ အဘယ်၌ ဝီရိယိန္ဒြေကို မှတ်အပ်သနည်း၊ ဤလေးပါးသော သမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေကို မှတ်အပ်၏။ ရဟန်းတို့ အဘယ်၌ သတိန္ဒြေကို မှတ်အပ်သနည်း၊ ဤလေးပါးသော သတိပဋ္ဌာန်တို့၌ သတိန္ဒြေကိုမှတ်အပ်၏။ ရဟန်းတို့ အဘယ်၌ သမာဓိန္ဒြေကို မှတ်အပ်သနည်း၊ ဤလေးပါးသော ဈာန်တို့၌ သမာဓိန္ဒြေကို မှတ်အပ်၏။ ရဟန်းတို့ အဘယ်၌ ပညိန္ဒြေကို မှတ်အပ်သနည်း၊ ဤလေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေကိုမှတ်အပ်၏။

http://www.dhammadownload.com



လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း၊ လေးပါးသော သမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း၊ လေးပါးသောသတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း၊ လေးပါးသော ဈာန်တို့၌ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း၊ လေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ လေးပါးသော သမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ လေးပါးသော သတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ လေးပါးသောဈာန်တို့၌ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏၊ လေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေ၏ အစွမ်းအားဖြင့် နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

## က-ပဘေဒဂဏန အကျယ်ပြခြင်း

၁၉၅။ လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

သူတော်ကောင်းတို့ကို မှီဝဲခြင်းဟူသော သောတာပတ္တိအင်္ဂါ၌ ဆုံးဖြတ်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် သဒ္ဓိန္ဒြေကိုမှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် ချီးမြှောက်ခြင်းသဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ရှေးရှုထင်သော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏။

သူတော်ကောင်းတရားကိုနာကြားခြင်းဟူသော သောတာပတ္တိအင်္ဂါ၌၊ သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းခြင်းဟူသော သောတာပတ္တိအင်္ဂါ၌၊ လောကုတ္တရာတရားနှင့်လျော်သောအကျင့်ကို ကျင့်ခြင်းဟူသော သောတာပတ္တိအင်္ဂါ၌ ဆုံးဖြတ်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ရှေးရှုထင်သော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏။

လေးပါးကုန်သော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

လေးပါးသောသမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

http://www.dhammadownload.com



မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်စေခြင်းငှါသမ္မပ္ပဓာန်၌ ချီးမြှောက်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် ထင်သော သဘောအားဖြင့် သတိန္ဒြေကိုမှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကိုမှတ်အပ်၏။

ဖြစ်ပြီးသောအကုသိုလ်တရားယုတ်တို့ကို ပယ်ခြင်းငှါသမ္မပ္ပဓာန်၌။ပ။ မဖြစ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်စေခြင်းငှါ သမ္မပ္ပဓာန်၌။ပ။ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တည်စေခြင်းမတွေဝေစေခြင်း အလွန်ပွါးများစေခြင်း ကျယ်ပြန့်စေခြင်း ပွါးများစေခြင်း ပြည့်စုံစေခြင်းငှါ သမ္မပ္ပဓာန်၌ ချီးမြှောက်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏။

လေးပါးသောသမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

လေးပါးသော သတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

ကာယေကာယာနုပဿနာသတိပဋ္ဌာန်၌ ထင်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ သတိန္ဒြေ၏အစွမ်းအားဖြင့်မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏။

ဝေဒနာသုဝေဒနာနုပဿနာ သတိပဋ္ဌာန်၌။ပ။စိတ္တေစိတ္တာနုပဿနာ သတိပဋ္ဌာန်၌။ဓမ္မေသုဓမ္မာနုပဿနာသတိပဋ္ဌာန်၌ ထင်ခြင်းကိုအကြီးအမှူးပြုသော သဘောအားဖြင့် သတိန္ဒြေကိုမှတ်အပ်၏၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကိုမှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏။

လေးပါးသော သတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

လေးပါးသော ဈာန်တို့၌ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

ပဌမဈာန်၌ မပျံ့လွင့်ခြင်းကိုအကြီးအမှူးပြုသောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏။

http://www.dhammadownload.com



ဒုတိယစျာန်၌။ပ။တတိယစျာန်၌။စတုတ္ထစျာန်၌မပျံ့လွင့်ခြင်းကိုအကြီးအမှူးပြုသောသဘော အားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် မြင်တတ်သော သဘော အားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကိုမှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏။

လေးပါးသော စျာန်တို့၌ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

လေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သောအခြင်းအရာ တို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်သနည်း။

ဒုက္ခအရိယသစ္စာ၌ မြင်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏။

ဒုက္ခသမုဒယအရိယသစ္စာ၌။ပ။ ဒုက္ခနိရောဓ အရိယသစ္စာ၌။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယ သစ္စာ၌ မြင်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ် သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏။

လေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာ တို့ဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်အပ်ကုန်၏။

## ၁၈-စရိယဝါရ

၁၉၆။ လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်ကုန်သနည်း။ လေးပါးသော သမ္မပ္ပဓာန် တို့၌။ပ။လေးပါးသော သတိပဋ္ဌာန်တို့၌။ လေးပါးသောစျာန်တို့၌။ လေးပါးသောအရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်မျှသောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကို မှတ် အပ်ကုန်သနည်း။

လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် နှစ်ဆယ်သော အခြင်းအရာ တို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏၊ လေးပါးသော သမ္မပ္ပဓာန်တို့၌။ပ။လေးပါးသော သတိပဋ္ဌာန်တို့၌။ လေးပါးသောစျာန်တို့၌ လေးပါးသော အရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်း အားဖြင့် နှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်သနည်း။

http://www.dhammadownload.com



သူတော်ကောင်းကိုမှီဝဲခြင်းဟူသော သောတာပတ္တိအင်္ဂါ၌ ဆုံးဖြတ်ခြင်းကိုအကြီးအမှူးပြုသော သဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။

သူတော်ကောင်းတရားကို နာကြားခြင်းဟူသော သောတာပတ္တိအင်္ဂါ၌။ပ။ သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်းဟူသော သောတာပတ္တိအင်္ဂါ၌၊ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်ခြင်းဟူသော သောတာပတ္တိအင်္ဂါ၌ ဆုံးဖြတ်ခြင်းကို အကြီးအမှူး ပြုသောသဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးသော သောတာပတ္တိအင်္ဂါတို့၌ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးသော သမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်သနည်း။

မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်စေခြင်းငှါ သမ္မပ္ပဓာန်၌ ချီးမြှောက်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် ထင်သောသဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မြင်တက်သောသဘောအားဖြင့် ပညိန္ဒြေ၏ ဖြစ်ခြင်းကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။

ဖြစ်ပြီးသောအကုသိုလ်တရားယုတ်တို့ကို ပယ်ခြင်းငှါ သမ္မပ္ပဓာန်၌။ပ။ မဖြစ်သေးသောကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေခြင်းငှါ သမ္မပ္ပဓာန်၌။ပ။ ဖြစ်ပြီးသောကုသိုလ်တရားတို့ကို တည်စေခြင်း မတွေဝေစေခြင်း အလွန်ပွါးများစေခြင်း ကျယ်ပြန့်စေခြင်း ပွါးများစေခြင်း ပြည့်စုံစေခြင်းငှါ သမ္မပ္ပဓာန်၌ ချီးမြှောက်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။ပ။

လေးပါးသောသမ္မပ္ပဓာန်တို့၌ ဝီရိယိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးသောသတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်သနည်း။

ကာယေကာယာနုပဿနာ သတိပဋ္ဌာန်၌ ထင်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ သတိန္ဒြေ၏အစွမ်းအားဖြင့် မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်

http://www.dhammadownload.com



အပ်၏၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ချီးမြှောက် တတ်သော်သဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။

မဝေဒနာသု ဝေဒနာနုပဿနာသတိပဋ္ဌာန်၌။ပ။ စိတ္တေစိတ္တာနုပဿနာ သတိပဋ္ဌာန်၌။ပ။ ဓမ္မေသု ဓမ္မာနုပဿနာသတိပဋ္ဌာန်၌ထင်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်း ကို မှတ်အပ်၏။ ပ။ လေးပါးသောသတိပဋ္ဌာန်တို့၌ သတိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ်သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးဇသာဈာန်တို့၌ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သော အခြင်းအရာ တို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြင်ခြင်းကို မှတ်အပ်သနည်း။

ပဌမဈာန်၌ မပျံ့လွင့်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ချီးမြှောက် တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။

ဒုတိယဈာန်၌။ပ။ တတိယဈာန်၌။ပ။ စတုတ္ထဈာန်၌ မပျံ့လွင့်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် သမာဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏။ပ။ လေးပါးသောဈာန်တို့၌ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ဤနှစ်ဆယ်သောအခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

လေးပါးသောအရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် အဘယ်နှစ်ဆယ်သောအခြင်းအရာ တို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်သနည်း။

ဒုက္ခအရိယသစ္စာ၌ မြင်ခြင်းကို အကြီးအမှူးပြုသောသဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ထင်သော သဘောအားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ၏ ဖြစ်ခြင်းကို မှတ်အပ်၏။

ဒုက္ခသမုဒယအရိယသစ္စာ၌။ပ။ ဒုက္ခနိရောဓအရိယသစ္စာ၌။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယ သစ္စာ၌မြင်ခြင်းကို အကြီးအမှူးပြုသော သဘောအားဖြင့် ပညိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ ထင်သော သဘော အားဖြင့် သတိန္ဒြေ၏ဖြစ်ခြင်းကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ၏ ဖြစ်ခြင်းကို မှတ်အပ်၏။ လေးပါးသောအရိယသစ္စာတို့၌ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဤနှစ်ဆယ် သော အခြင်းအရာတို့ဖြင့် ဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကို မှတ်အပ်၏။

## စာရဝိဟာရ အကျယ်ပြခြင်း

၁၉၇။ အကြင်အခြင်းအရာအားဖြင့်ကျင့်သူကို အကြင်အခြင်းအရာအားဖြင့် နေလေ့ရှိသူကို သိကြားလိမ္မာကုန်သော သီတင်းသုံးဖော်တို့သည် မချွတ်ကေန် ဤအသျှင်သည် မဂ်သို့ရောက်ပြီး

http://www.dhammadownload.com



သည်လည်း ဖြစ်၏၊ (သို့မဟုတ်) မင်္ဂသို့ရောက်လတ္တံ့မူလည်း ဖြစ်၏ဟု နက်နဲသောအရာတို့ကို ဉာဏ်ဖြင့် သက်ဝင်ကုန်ရာ၏၊ ထိုသို့သောအခြင်းအရာဖြင့် ဣန္ဒြေငါးပါးတို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ စာရကိုငှင်း ဝိဟာရကိုငှင်း သိအပ်၏၊ တဖန်သိအပ်၏။

**စရိယာ**ဟူရာ၌ စရိယတို့သည် ဣရိယာပထစရိယ, သတိစရိယ, အာယတနစရိယ, သမာဓိစရိယ, ဉာဏစရိယ, မဂ္ဂစရိယ, ပတ္တိစရိယ, လောကတ္ထစရိယဟု ရှစ်ပါးတို့တည်း။

**ဣရိယာပထစရိယ**ဟူသည် ဣရိယာပုထ်လေးပါးတို့၌(ဖြစ်ခြင်းတည်း)။**အာယတနစရိယ**ဟူသည် အဇ္ဈတ္တိကာယတနခြောက်ပါး ဗာဟိရာယတနခြောက်ပါးတို့၌(ဖြစ်ခြင်းတည်း)။ **သတိစရိယ**ဟူသည် သတိပဋ္ဌာန်လေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ **သမာဓိစရိယ**ဟူသည် ဈာန်လေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ **ဉာဏစရိယ**ဟူသည် အရိယသစ္စာလေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ **မဂ္ဂစရိယ**ဟူသည် အရိယမဂ်လေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ **ပတ္တိစရိယ**ဟူသည် သာမညဖိုလ်လေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ **လောကတ္ထစရိယ**ဟူသည် ရှေးဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်းရှိသော ဘဝ်မှသော ကိလေသာဟူသောရန်သူကို သတ်တတ်ကုန်သောဘုရားသျှင်တို့၌ (ဖြစ်ခြင်းတည်း)။

လောကတ္ထစရိယ၏ တစိတ်တဒေသ၌ ပစ္စေကဗုဒ္ဓါတို့၌ ဖြစ်ခြင်းတည်း။ လောကတ္ထစရိယ၏ တစိတ်တဒေသ၌ တပည့်သာဝကတို့၌ ဖြစ်ခြင်းတည်း။ ငြိမ်သက်သောဣရိယာပုထ်နှင့် ပြည့်စုံကုန်သောပုဂ္ဂိုလ်တို့၏ ဣရိယာပထစရိယသည်လည်း ဖြစ်၏၊ ဣန္ဒြေတို့၏ လုံခြုံသောတံခါးရှိသော ပုဂ္ဂိုလ်တို့၏ အာယတနစရိယသည်လည်း ဖြစ်၏၊ သီလစသည်တို့၌ မမေ့မလျော့နေလေ့ရှိသော ပုဂ္ဂိုလ်တို့၏ သတိစရိယသည်လည်း ဖြစ်၏၊ လွန်ကဲသောစိတ်ဟု ဆိုအပ်သောသမာဓိကို အားထုတ်သောပုဂ္ဂိုလ်တို့၏ သမာဓိစရိယသည်လည်း ဖြစ်၏၊ ဉာဏ်ပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့၏ ဉာဏစရိယသည်လည်း ဖြစ်၏၊ မဂ်ခဏ၌ ကောင်းစွာကျင့်သောပုဂ္ဂိုလ်တို့၏ မဂ္ဂစရိယသည်လည်း ဖြစ်၏၊ ဖိုလ်ခဏ၌ရသော ဖိုလ်ရှိသောပုဂ္ဂိုလ်တို့၏ ပတ္တိစရိယသည်လည်း ဖြစ်၏၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော ကိလေသာရန်သူကို သတ်ဖြတ်တတ်သောဘုရားသျှင်တို့၏ လောကတ္ထစရိယသည်လည်း ဖြစ်၏၊ တစိတ်တဒေသ၌ ပစ္စေကဗုဒ္ဓါတို့၏ လောကတ္ထစရိယသည်လည်း ဖြစ်၏၊ တစိတ်တဒေသ၌ တပည့်သာဝကတို့၏ လောကတ္ထစရိယသည်လည်း ဖြစ်၏။ ဤရှစ်ပါးသော စရိယတို့သည် ဖြစ်ကုန်၏။

တပါးလည်းဖြစ်သော ရှစ်ပါးသောစရိယတို့သည် ဖြစ်ကုန်၏။ ဆုံးဖြတ်သောသူသည် ယုံကြည်ခြင်းဖြင့် ဖြစ်၏၊ ချီးမြှောက်သောသူသည် လုံ့လဖြင့် ဖြစ်၏၊ ထင်စေသောသူသည် အောက်မေ့ခြင်းဖြင့် ဖြစ်၏၊ မပျံ့လွင့်ခြင်းကိုပြုသောသူသည် သမာဓိဖြင့် ဖြစ်၏၊ အပြားအားဖြင့်သိသောသူသည် ပညာဖြင့် ဖြစ်၏၊ အထူးသိသောသူသည် ဝိညာဏ်ဖြစ်ခြင်းဖြင့် ဖြစ်၏။ ဤသို့ကျင့်သောပုဂ္ဂိုလ်အား ကုသိုလ်တရားတို့သည် လွန်စွာဖြစ်ကုန်၏ ထို့ကြောင့် အာယတနစရိယဖြင့် ဖြစ်တတ်၏။ ဤသို့ကျင့်သောပုဂ္ဂိုလ်သည် တရားထူးကို ရ၏၊ ထို့ကြောင့် ဝိသေသစရိယဖြင့် ဖြစ်၏။ ဤရှစ်ပါးသောစရိယတို့သည် ဖြစ်ကုန်၏။

တပါးလည်းဖြစ်သော ရှစ်ပါးသောစရိယတို့သည် ဖြစ်ကုန်၏။ သမ္မာဒိဋ္ဌိ၏ ဒဿနစရိယငှင်း၊ သမ္မာသင်္ကပ္ပ၏ အဘိရောပနစရိယငှင်း၊ သမ္မာဝါစာ၏ ပရိဂ္ဂဟစရိယငှင်း၊ သမ္မာကမ္မန္တ၏ သမုဋ္ဌာနစရိယငှင်း၊ သမ္မာအာဇီဝ၏ ဝေါဒါနစရိယငှင်း၊ သမ္မာဝါယာမ၏ ပဂ္ဂဟစရိယငှင်း၊ သမ္မာသတိ၏ ဉပဋ္ဌာနစရိယငှင်း၊ သမ္မာသမာဓိ၏ အဝိက္ခေပစရိယငှင်း။ ဤရှစ်ပါးသောစရိယတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



**ဝိဟာရ**ဟူရာ၌ ဆုံးဖြတ်သောသူသည် ယုံကြည်ခြင်းဖြင့် နေ၏၊ ချီးမြှောက်သောသူသည် လုံ့လ ဖြင့် နေ၏၊ ထင်စေသောသူသည် အောက်မေ့ခြင်းဖြင့် နေ၏၊ မပျံ့လွင့်ခြင်းကိုပြုသောသူသည် သမာဓိဖြင့် နေ၏၊ အပြားအားဖြင့်သိသောသူသည် ပညာဖြင့်နေ၏။

**အနုဗုဒ္ဓေါ**ဟူသည် သဒ္ဓိန္ဒြေ၏ ဆုံးဖြတ်ခြင်းသဘောကို လျော်စွာသိအပ်၏၊ ဝီရိယိန္ဒြေ၏ ချီးမြှောက်ခြင်းသဘောကို လျော်စွာသိအပ်၏၊ သတိန္ဒြေ၏ထင်ခြင်းသဘောကို လျော်စွာ သိအပ်၏၊ သမာဓိန္ဒြေ၏ မပျံ့လွင့်ခြင်းသဘောကို လျော်စွာသိအပ်၏၊ ပညိန္ဒြေ၏မြင်ခြင်းသဘော ကို လျော်စွာသိအပ်၏။

**ပဋိဝိဒ္ဓေါ** ဟူသည် သဒ္ဓိန္ဒြေ၏ ဆုံးဖြတ်ခြင်းသဘောကို ထိုးထွင်း၍ သိအပ်၏၊ ဝီရိယိန္ဒြေ၏ ချီးမြှောက်ခြင်းသဘောကို ထိုးထွင်း၍ သိအပ်၏၊ သတိန္ဒြေ၏ ထင်ခြင်းသဘောကို ထိုးထွင်း၍ သိအပ်၏၊ သမာဓိန္ဒြေ၏ မပျံ့လွင့်ခြင်းသဘောကို ထိုးထွင်း၍ သိအပ်၏၊ ပညိန္ဒြေ၏ မြင်ခြင်း သဘောကို ထိုးထွင်း၍ သိအပ်၏။

**ယထာစရန္တံ**ဟူသည် ဤသို့ ယုံကြည်ခြင်းဖြင့် ကျင့်သောသူကို၊ ဤသို့ လုံ့လဖြင့် ကျင့်သော သူကို၊ ဤသို့ အောက်မေ့ခြင်းဖြင့် ကျင့်သောသူကို၊ ဤသို့တည်ကြည်ခြင်းဖြင့် ကျင့်သောသူကို၊ ဤသို့ပညာဖြင့် ကျင့်သောသူကို။

**ယထာဝိဟရန္တံ**ဟူသည် ဤသို့ ယုံကြည်ခြင်းဖြင့် နေသောသူကို၊ ဤသို့ လုံ့လဖြင့်နေသော သူကို၊ ဤသို့အောက်မေ့ခြင်းဖြင့် နေသောသူကို၊ ဤသို့ တည်ကြည်ခြင်းဖြင့်နေသောသူကို၊ ဤသို့ ပညာဖြင့်နေသောသူကို။

**ဝိညူ**ဟူသည် ဟုတ်မှန်သောသဘောကို သိတတ်သော သိအပ်သောသဘောကို ထင်စွာ ပြု တတ်သောကိလေသာတို့ကို ညှဉ်းဆဲတတ်သော ပညာရှိသော ဉာဏ်တည်းဟူသော ဖြစ်ခြင်းဖြင့် ဖြစ်တတ်သောပညာနှင့် ပြည့်စုံကုန်သော။

**သဗြဟ္မစာရီ**ဟူသည် တူသောကံပြုခြင်း တူသောပါတိမောက်ပြခြင်း တူသော အကျင့်ရှိခြင်း။

**ဂမ္ဘီရေသု ဌာနေသု**ဟူသည် ဈာန်တို့ကိုလည်း သုံးပါး (သို့မဟုတ်) ရှစ်ပါးသော ဝိမောက္ခတို့ကိုလည်း သဝိတက္ကသဝိစာရစသော သမာဓိတို့ကိုလည်း သုညတစသော သမာပတ်တို့ကိုလည်း မဂ်တို့ကိုလည်း ဖိုလ်တို့ကိုလည်း ခြောက်ပါးသောအဘိညာဏ်တို့ကိုလည်း ပဋိသမ္ဘိဒါတို့ကိုလည်း နက်နဲသောဌာနတို့ဟူ၍ ဆိုအပ်ကုန်၏။

**ဩကပ္ပေယျုံ**ဟူသည် ယုံကြည်ကုန်ရာ၏၊ ဆုံးဖြတ်ကုန်ရာ၏။

**အဒ္ဓါ**ဟူသောသဒ္ဒါသည် စင်စစ်ကိုဟောသော သဒ္ဒါတည်း၊ သံသယကင်းခြင်းကို ဟောသော သဒ္ဒါတည်း။ ယုံမှားကင်းခြင်းကို ဟောသောသဒ္ဒါတည်း၊ နှစ်ခုမဟုတ်သည်ကို ဟောသော သဒ္ဒါတည်း၊ နှစ်မျိုးမဟုတ်သည်ကို ဟောသောသဒ္ဒါတည်း၊ နိယမအနက်ကို ဟောသောသဒ္ဒါ တည်း၊ မချွတ်ကေန်ကို ဟောသောသဒ္ဒါတည်း၊ အဆုံးအဖြတ်ကို ဟောသောသဒ္ဒါတည်း။

http://www.dhammadownload.com



**အာယသ္မာ** ဟူသောသဒ္ဒါသည် ချစ်ခင်ဖွယ်ကို ဆိုသောစကားတည်း၊ အလေးပြုအပ်သည်ကို ဆိုသောစကားတည်း၊ ရိုသေတုံဝပ်ခြင်းနှင့်တကွဖြစ်သည်ကို ဆိုသောစကားတည်း။

**ပတ္တော ဝါ** ဟူသည် ရပြီးမူလည်း ဖြစ်၏။ **ပါပုဏိဿတိဝါ** ဟူသည် ရလတ္တံ့မူလည်း ဖြစ်၏။

သုံးခုမြောက်သုတ္တန် အကျယ်ပြခြင်းပြီး၏။

---

## ၄-စတုတ္ထ သုတ္တန် အကျယ်ပြခြင်း

၁၉၈။ နိဒါန်းကား ရှေ့အတိုင်းတည်း၊ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း၊ အဘယ် ငါးပါးတို့နည်းဟူမူ—

(၁) သဒ္ဓိန္ဒြေ၊
(၂) ဝီရိယိန္ဒြေ၊
(၃) သတိန္ဒြေ၊
(၄) သမာဓိန္ဒြေ၊
(၅) ပညိန္ဒြေတို့တည်း၊

ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။

ဤဣန္ဒြေငါးပါးတို့ကို အဘယ်မျှသော အခြင်းအရာတို့ဖြင့် အဘယ်သဘောအားဖြင့် မှတ်အပ် ကုန်သနည်း။

အစိုးရသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် ကုသိုလ်တရားတို့၏ အစဖြစ်သော သီလကို သုတ်သင်သောသဘောအားဖြင့်, လွန်ကဲသော အတိုင်းအရှည်ရှိသော သဘောအားဖြင့်, တည်ရာဖြစ်သော သဘောအားဖြင့်, ကုန်ခန်းစေတတ်သော သဘောအားဖြင့်, တည်စေတတ် သော သဘောအားဖြင့်, ဣန္ဒြေငါးပါးတို့ကို ဤခြောက်ပါးသောအခြင်းအရာတို့ဖြင့် ထိုသဘော အားဖြင့် မှတ်အပ်ကုန်၏။

### က-အာဓိပတေယျဋ္ဌ အကျယ်ပြခြင်း

၁၉၉။ အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့လျှင် မှတ်အပ်ကုန်သနည်း။

မယုံကြည်ခြင်းကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဆုံးဖြတ်ခြင်းကို အစိုးရသည်၏ အဖြစ်တည်း ဟူသော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် ချီးမြှောက် တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သောသဘော အားဖြင့် ပညိန္ဒြေကို မှတ်အပ်၏။

ပျင်းရိခြင်းကို စွန့်ပယ်သော ပုဂ္ဂိုလ်အား ချီးမြှောက်ခြင်းကို အစိုးရသည်၏အဖြစ်တည်း ဟူသော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် ထင်သော

http://www.dhammadownload.com



သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘော အားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏။

မေ့လျော့ခြင်းကို စွန့်ပယ်သောပုဂ္ဂိုလ်အား ထင်ခြင်းကို အစိုးရသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ သတိန္ဒြေ၏အစွမ်းအားဖြင့် မပျံ့လွင့်သောသဘော အားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘော အားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏။

ပျံ့လွင့်ခြင်းကို ပယ်သော ပုဂ္ဂိုလ်အား မပျံ့လွင့်ခြင်းကို အစိုးရသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် သမာဓိန္ဒြေကိုမှတ်အပ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် မြင်တတ်သောသဘော အားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏။

တွေဝေခြင်း အဝိဇ္ဇာကို စွန့်ပယ်သော ပုဂ္ဂိုလ်အား မြင်ခြင်းကို အစိုးရသည်၏အဖြစ်တည်း ဟူသော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် ဆုံးဖြတ်တတ် သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏။

ကာမစ္ဆန္ဒကို စွန့်ပယ်သော ပုဂ္ဂိုလ်အား ဈာန်၏ အစွမ်းအားဖြင့် ဆုံးဖြတ်ခြင်းကို အစိုးရ သည်၏အဖြစ်တည်းဟူသောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ချီးမြှောက်ခြင်းသဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေ ကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏။

ကာမစ္ဆန္ဒကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် ချီးမြှောက်ခြင်းကို အစိုးရ သည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ဝီရိယိန္ဒြေ၏ အစွမ်း အားဖြင့် ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ် တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏။

ကာမစ္ဆန္ဒကို စွန့်ပယ်သော ပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် ထင်ခြင်ကို အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ သတိန္ဒြေ၏ အစွမ်းအားဖြင့် မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက် တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏။

http://www.dhammadownload.com



ကာမစ္ဆန္ဒကို စွန့်ပယ်သော ပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် မပျံ့လွင့်ခြင်းကို အစိုးမှုသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် မြင်တတ်သောသဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက် တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်ခြင်းသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏။

ကာမစ္ဆန္ဒကို စွန့်ပယ်သောပုဂ္ဂိုလ်အား ဈာန်၏အစွမ်းအားဖြင့် မြင်ခြင်းကို အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏။

ဗျာပါဒကို စွန့်ပယ်သောပုဂ္ဂိုလ်အား အဗျာပါဒ၏အစွမ်းအားဖြင့်။ပ။ ထိနမိဒ္ဓကို စွန့်ပယ်သော ပုဂ္ဂိုလ်အား အာလောကသညာ၏ အစွမ်းအားဖြင့်။ပ။ ကိလေသာအားလုံးတို့ကို စွန့်ပယ်သော ပုဂ္ဂိုလ်အား အရဟတ္တမဂ်၏အစွမ်းအားဖြင့် ဆုံးဖြတ်ခြင်းကို အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်အပ်၏၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏၊ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကိုမှတ်အပ်၏။ပ။ကိလေသာအားလုံးတို့ကိုစွန့်ပယ်သောပုဂ္ဂိုလ်အား အရဟတ္တမဂ်၏အစွမ်းအားဖြင့် မြင်ခြင်းကိုအစိုးရသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် ပညိန္ဒြေကို မှတ်အပ်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကိုမှတ်အပ်၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေကို မှတ်အပ်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေကို မှတ်အပ်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို မှတ်အပ်၏။ ဤသို့အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။ (၁)

## ခ-အာဒိဝိသောဓနဋ္ဌ အကျယ်ပြခြင်း

၂၀၀။ (ကုသိုလ်တရားတို့၏) အစဖြစ်သော သီလကို သုတ်သင်တတ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့ မှတ်အပ်ကုန်သနည်း။ ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေကို မယုံကြည်ခြင်းကို စောင့်ရှောက်တတ်သောသဘောအားဖြင့် သီလစင်ကြယ်ခြင်းသည် သဒ္ဓိန္ဒြေ၏ အစဖြစ်သော သီလကိုသုတ်သင်ခြင်းတည်း။

ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေကို ပျင်းရိခြင်းကို စောင့်ရှောက်တတ်သော သဘောအားဖြင့် သီလစင်ကြယ်ခြင်းသည် ဝီရိယိန္ဒြေ၏အစဖြစ်သောသီလကို သုတ်သင်ခြင်းတည်း။

ထင်သောသဘောအားဖြင့် သတိန္ဒြေကို မေ့လျော့ခြင်းကို စောင့်ရှောက်တတ်သောသဘော အားဖြင့် သီလစင်ကြယ်ခြင်းသည် သတိန္ဒြေ၏အစဖြစ်သော သီလကိုသုတ်သင်ခြင်းတည်း။

ျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေကို ပျံ့လွင့်ခြင်းကို စောင့်ရှောက်တတ်သောသဘော အားဖြင့် သီလစင်ကြယ်ခြင်းသည် သမာဓိန္ဒြေ၏အစဖြစ်သောသီလကို သုတ်သင်ခြင်းတည်း။

http://www.dhammadownload.com



မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို အဝိဇ္ဇာကို စောင့်ရှောက်တတ်သော သဘော အားဖြင့် သီလစင်ကြယ်ခြင်းသည် ပညိန္ဒြေ၏အစဖြစ်သော သီလကိုသုမ်သင်ခြင်းတည်း။

ဈာန်၌ ဣန္ဒြေငါးပါးတို့ကို ကာမစ္ဆန္ဒကို စောင့်ရှောက်တတ်သော သဘောအားဖြင့် သီလ, စင်ကြယ်ခြင်းသည် ဣန္ဒြေငါးပါးတို့၏ အစဖြစ်သော သီလကို သုမ်သင်ခြင်းတည်း။

အဗျာပါဒ၌ ဣန္ဒြေငါးပါးတို့ကို ဗျာပါဒကို စောင့်ရှောက်တတ်သောသဘောအားဖြင့် သီလ, စင်ကြယ်ခြင်းသည် ဣန္ဒြေငါးပါးတို့၏ အစဖြစ်သော သီလကို သုမ်သင်ခြင်းတည်း။ ပ ။

အရဟတ္တမဂ်၌ ဣန္ဒြေငါးပါးတို့ကို ကိလေသာအားလုံးကို စောင့်ရှောက်တတ်သော သဘော အားဖြင့် သီလစင်ကြယ်ခြင်းသည် ဣန္ဒြေငါးပါးတို့၏အစဖြစ်သော သီလကို သုမ်သင်ခြင်းတည်း။ ဤသို့ကုသိုလ်တရားတို့၏ အစဖြစ်သောသီလကို သုမ်သင်သော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။

## ၈-အဓိမတ္တဋ္ဌ အကျယ်ပြခြင်း

၂၀၁။ လွန်ကဲသောအတိုင်းအရှည်ရှိသော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့မှတ်အပ် ကုန်သနည်း။ သဒ္ဓိန္ဒြေကိုပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏၊ ဓမ္မစ္ဆန္ဒ၏အစွမ်းအားဖြင့် ယုံကြည်ခြင်း၏ အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

ဓမ္မစ္ဆန္ဒ၏ အစွမ်းအားဖြင့် ဝမ်းမြောက်ခြင်း ဖြစ်၏၊ ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်ခြင်း၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

နှစ်သက်ခြင်း၏အစွမ်းအားဖြင့် ကိုယ်စိတ်၏ ငြိမ်းခြင်းဖြစ်၏။ ကိုယ်စိတ်ငြိမ်းခြင်း၏ အစွမ်း အားဖြင့်, ယုံကြည်ခြင်း၏အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏၊

ကိုယ်စိတ်ငြိမ်းခြင်း၏အစွမ်းအားဖြင့် ချမ်းသာသုခဖြစ်၏၊ ချမ်းသာသုခ၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

ချမ်းသာသုခ၏အစွမ်းအားဖြင့် ဉာဏ်တည်းဟူသော အရောင်အလင်းဖြစ်၏၊ ဉာဏ်တည်း ဟူသောအရောင်အလင်း၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲ သော အတိုင်းအရှည်ရှိ၏။

ဉာဏ်တည်းဟူသော အရောင်အလင်း၏အစွမ်းအားဖြင့် ထိတ်လန့်ခြင်းဖြစ်၏၊ ထိတ်လန့်ခြင်း၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏အစွမ်းအားဖြင့်, သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။

ထိတ်လန့်၍ စိတ်ကိုတည်ကြည်အောင်ပြု၏၊ တည်ကြည်ခြင်း၏အစွမ်းအားဖြင့် ယုံကြည်ခြင်း၏ အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည် ရှိ၏၊ ထိုသို့သော အခြင်းအရာ အားဖြင့် တည်ကြည်သော စိတ်ကိုကောင်းစွာ ချီးမြှောက်၏၊ ချီးမြှောက်သည့် အစွမ်းအားဖြင့် ယုံကြည်ခြင်း၏ အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ထိုသို့သော

http://www.dhammadownload.com



အခြင်းအရာအားဖြင့် ချီးမြှောက်အပ်သော စိတ်ကိုကောင်းစွာ လျစ်လျူရှု၏၊ လျစ်လျူရှုသည့် အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။

လျစ်လျူရှုသည့် အစွမ်းအားဖြင့် ဝိပဿနာ၏ ဆန့်ကျင်ဖက်ဖြစ်သော အထူးထူးသော ကိလေသာတို့မှ စိတ်သည် လွတ်မြောက်၏၊ လွတ်မြောက်သည့် အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

လွတ်မြောက်သောကြောင့် ထိုဆန္ဒစသော တရားတို့သည် တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စရှိသောသဘောအားဖြင့် ပွါးများသည့် အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ပွါးများအပ်သောကြောင့် ထို့ထက်မွန်မြတ်သော နိဗ္ဗာန်အာရုံ၌ ဖြစ်ကုန်၏၊ ကင်းသည့်အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။

ထိုသို့ ကင်းသည့်အဖြစ်ကြောင့်စွန့်၏၊ စွန့်သည့် အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏၊ ထိုသို့စွန့်သောကြောင့် ကိလေသာခန္ဓာတို့ ချုပ်ကုန်၏၊ ချုပ်သည့် အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ချုပ်သည့်အစွမ်းအားဖြင့် ပရိစ္စာဂဝေါသဂ္ဂ ပက္ခန္ဒနဝေါသဂ္ဂဟူသော ဝေါသဂ္ဂ နှစ်ပါးတို့သည်ဖြစ်ကုန်၏။ ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်တတ်သောကြောင့် ပရိစ္စာဂ ဝေါသဂ္ဂမည်၏။ နိရောဓဟူသော နိဗ္ဗာနဓာတ်သို့ စိတ်သည် ပြေးဝင်တတ်သောကြောင့် ပက္ခန္ဒန ဝေါသဂ္ဂမည်၏။ ချုပ်သည့် အစွမ်းအားဖြင့် ဤဝေါသဂ္ဂနှစ်ပါးတို့ ဖြစ်ကုန်၏။

မယုံကြည်ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။မယုံကြည်ခြင်းတည်းဟူသော ပူပန်ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။

မိစ္ဆာဒိဋ္ဌိနှင့်အတူ တည်သောကိလေသာတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ရုန့်ရင်းသောကိလေသာတို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ နူးညံ့သော ကိလေသာတို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ကိလေသာအားလုံးတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။

ဓမ္မစ္ဆန္ဒ၏အစွမ်းအားဖြင့် ယုံကြည်သည့် အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ပ။ဝီရိယိန္ဒြေကို ပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။ ပျင်းရိခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ပျင်းရိခြင်းဟူသော ပူပန်ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ မိစ္ဆာဒိဋ္ဌိနှင့်အတူ တည်သော ကိလေသာတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။ကိလေသာအားလုံးတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။သတိန္ဒြေကို ပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။မေ့လျော့ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ မေ့လျော့ခြင်းဟူသော ပူပန်ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ပ ။ကိလေသာ အားလုံးတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ သမာဓိန္ဒြေကိုပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။ပျံ့လွင့်ခြင်းကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ပျံ့လွင့်ခြင်းဟူသော ပူပန်ခြင်းကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။ ကိလေသာ အားလုံးတို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ပညိန္ဒြေကိုပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ပ။အဝိဇ္ဇာကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ အဝိဇ္ဇာဟူသော ပူပန်ခြင်းကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ မိစ္ဆာဒိဋ္ဌိနှင့်အတူ တည်သော ကိလေသာအားလုံးတို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ရုန့်ရင်းသောကိလေသာတို့ကို ပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ နူးညံ့သောကိလေသာတို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ကိလေသာအားလုံး တို့ကိုပယ်ခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏။ ဓမ္မစ္ဆန္ဒ၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည် ရှိ၏။

http://www.dhammadownload.com



**ဓမ္မစ္ဆန္ဒ၏** အစွမ်းအားဖြင့် ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် နှစ်သက်ခြင်းဖြစ်၏၊ နှစ်သက်ခြင်း၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။ နှစ်သက်ခြင်း၏အစွမ်းအားဖြင့် ကိုယ်စိတ်၏ ငြိမ်းခြင်းဖြစ်၏၊ ကိုယ်စိတ်ငြိမ်းခြင်း၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ကိုယ်စိတ်ငြိမ်းခြင်း၏ အစွမ်းအားဖြင့် ချမ်းသာသုခဖြစ်၏၊ ချမ်းသာသုခ၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ချမ်းသာသုခ၏အစွမ်းအားဖြင့် ဉာဏ်တည်းဟူသော အရောင်အလင်းဖြစ်၏၊ ဉာဏ်တည်းဟူသော အရောင်အလင်း၏ အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ဉာဏ်ကည်းဟူသော အရောင်အလင်း၏ အစွမ်းအားဖြင့် ထိတ်လန့်ခြင်းဖြစ်၏၊ ထိတ်လန့်ခြင်း၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။

ထိတ်လန့်၍ စိတ်ကိုတည်ကြည်အောင်ပြု၏၊ တည်ကြည်ခြင်း၏အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။ထိုသို့သောအခြင်းအရာအားဖြင့်တည်ကြည်သောစိတ်ကို ကောင်းစွာချီးမြှောက်၏၊ ချီးမြှောက်သည့်အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသောအတိုင်းအရှည်ရှိ၏။ ထိုသို့သောအခြင်းအရာအားဖြင့် ချီးမြှောက်အပ်သောစိတ်ကို ကောင်းစွာလျစ်လျူရှု၏၊ လျစ်လျူရှုသည့်အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။

လျစ်လျူရှုသည့် အစွမ်းအားဖြင့် ဝိပဿနာ၏ ဆန့်ကျင်ဖက်ဖြစ်သော အထူးထူးသော ကိလေသာတို့မှစိတ်သည် လွတ်မြောက်၏၊ လွတ်မြောက်သည့် အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ လွတ်မြောက်သောကြောင့် ထိုဆန္ဒစသောတရားတို့သည် တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စရှိသော သဘောအားဖြင့် ပွါးများခြင်း၏အစွမ်းအားခြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။

ပွါးများအပ်သောကြောင့် ထို့ထက်လွန်မြတ်သော နိဗ္ဗာန်အာရုံ၌ ဖြစ်ကုန်၏၊ ဂေါတြဘုဉာဏ်၌ သင်္ခါရအာရုံမှကင်းသည့် အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ကင်းသောကြောင့် မဂ်ဉာဏ်၌ ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်သည့် အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ မဂ်ဉာဏ်၌ ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်သောကြောင့် ကိလေသာတို့သည်ရင်း ခန္ဓာတို့သည်ရင်း ချုပ်ကုန်၏၊ ချုပ်သည့်အစွမ်းအားဖြင့် ပညာ၏အစွမ်းအားဖြင့် ပညိန္ဒြေသည် လွန်ကဲသော အတိုင်းအရှည်ရှိ၏။ ချုပ်သည့်အစွမ်းအားဖြင့် ပရိစ္စာဂဝေါသဂ္ဂ ပက္ခန္ဒနဝေါသဂ္ဂဟူသော ဝေါသဂ္ဂ နှစ်ပါးတို့သည် ဖြစ်ကုန်၏။ ကလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်တတ်သောကြောင့် ပရိစ္စာဂ ဝေါသဂ္ဂမည်၏။ နိရောဓဟူသော နိဗ္ဗာနဓာတ်သို့ စိတ်သည်ပြေးဝင်တတ်သောကြောင့် ပက္ခန္ဒန ဝေါသဂ္ဂမည်၏။ ချုပ်သည့်အစွမ်းအားဖြင့် ဤဝေါသဂ္ဂနှစ်ပါးတို့ဖြစ်ကုန်၏။ ဤသို့လွန်ကဲသော အတိုင်းအရှည်ရှိသော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။

ဒုတိယအခဏ်း ပြီး၏။

http://www.dhammadownload.com



## ဿ-အဝိဇ္ဇာနဋ္ဌ အကျယ်ပြခြင်း

၂၀၂။ တည်ရာဖြစ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့ မှတ်အပ်ကုန်သနည်း။

သဒ္ဓိန္ဒြေကို ပွါးများခြင်းငှါ ဓမ္မစ္ဆန္ဒဖြစ်၏၊ ဓမ္မစ္ဆန္ဒ၏အစွမ်းအားဖြင့် ယုံကြည်ခြင်း၏ အစွမ်းအားဖြင့် သတိန္ဒြေကိုဆောက်တည်၏။ ဓမ္မစ္ဆန္ဒ၏ အစွမ်းအားဖြင့် ဝမ်းမြောက်ခြင်းဖြစ်၏၊ ဝမ်းမြောက်ခြင်း၏ အစွမ်းအားဖြင့် ယုံကြည်ခြင်း၏ အစွမ်းအားဖြင့် သဒ္ဓိန္ဒြေသည် တည်ရာဖြစ်၏။ပ။ ဤသို့တည်ရာဖြစ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။

ကုန်ခန်းစေတတ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့မှတ်အပ်ကုန်သနည်း။

ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေသည် မယုံကြည်ခြင်းကို ကုန်ခန်းစေတတ်၏၊ မယုံကြည်ခြင်း တည်းဟူသော ပူပန်ခြင်းကို ကုန်ခန်းစေတတ်၏၊ ချီးမြှောက်ခြင်းသဘောအားဖြင့် ဝီရိယိန္ဒြေသည် ပျင်းရိခြင်းကို ကုန်ခန်းစေတတ်၏၊ ပျင်းရိခြင်းဟူသော ပူပန်ခြင်းကို ကုန်ခန်းစေတတ်၏။ ထင်သောသဘောအားဖြင့် သတိန္ဒြေသည် မေ့လျော့ခြင်းကို ကုန်ခန်းစေတတ်၏၊ မေ့လျော့ခြင်းဟူသော ပူပန်ခြင်းကို ကုန်ခန်းစေတတ်၏။ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေသည် ပျံ့လွင့်ခြင်းကို ကုန်ခန်းစေတတ်၏၊ ပျံ့လွင့်ခြင်းဟူသော ပူပန်ခြင်းကို ကုန်ခန်းစေတတ်၏။ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေသည် အဝိဇ္ဇာကို ကုန်ခန်းစေတတ်၏၊ အဝိဇ္ဇာ တည်းဟူသော ပူပန်ခြင်းကို ကုန်ခန်းစေတတ်၏။

ဈာန်၌ ဣန္ဒြေငါးပါးတို့သည် ကာမစ္ဆန္ဒကို ကုန်ခန်းစေတတ်၏၊ အဗျာပါဒ၌ ဣန္ဒြေငါးပါးတို့ သည် ဗျာပါဒကိုကုန်ခန်းစေတတ်ကုန်၏။ အာလောကသညာ၌ ဣန္ဒြေငါးပါးတို့သည် ထိုင်းမှိုင်းခြင်း 'ထိနမိဒ္ဓ'ကို ကုန်ခန်းစေတတ်ကုန်၏၊ မပျံ့လွင့်ခြင်း၌ ဣန္ဒြေငါးပါးတို့သည် ပျံ့လွင့်ခြင်းကို ကုန် ခန်းစေတတ်ကုန်၏။ပ။အရဟတ္တမဂ်၌ ဣန္ဒြေငါးပါးတို့သည် ကိလေသာအားလုံးတို့ကို ကုန်ခန်း စေတတ်ကုန်၏။

ဤသို့ကုန်ခန်းစေတတ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။

## င-ပတိဋ္ဌာပကဋ္ဌ အကျယ်ပြခြင်း

၂၀၃။ တည်စေတတ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို အဘယ်သို့ မှတ်အပ်ကုန်သနည်း။

ယုံကြည်သူသည် သဒ္ဓိန္ဒြေကို ဆုံးဖြတ်ခြင်း၌ တည်စေ၏၊ ယုံကြည်သူ၏ သဒ္ဓိန္ဒြေသည် ဆုံးဖြတ် ခြင်း၌တည်စေ၏။ လုံ့လရှိသူသည် ဝီရိယိန္ဒြေကို ချီးမြှောက်ခြင်း၌တည်စေ၏၊ လုံ့လရှိသူ၏ ဝီရိယိန္ဒြေသည် ချီးမြှောက်ခြင်း၌တည်စေ၏။ သတိရှိသူသည် သတိန္ဒြေကို ထင်ခြင်း၌တည်စေ၏၊ သတိရှိသူ၏ သတိန္ဒြေသည် ထင်ခြင်း၌တည်စေ၏။ တည်ကြည်သူသည် သမာဓိန္ဒြေကို မပျံ့လွင့် ခြင်း၌တည်စေ၏၊ တည်ကြည်သူ၏ သမာဓိန္ဒြေသည် မပျံ့လွင့်ခြင်း၌တည်စေ၏။ ပညာရှိသူသည် ပညိန္ဒြေကိုမြင်ခြင်း၌ တည်စေ၏၊ ပညာရှိသူ၏ ပညိန္ဒြေသည် မြင်ခြင်း၌တည်စေ၏။

ဿမထဝိပဿနာ အားထုတ်သူသည် ဣန္ဒြေငါးပါးတို့ကို ဈာန်၌တည်စေ၏၊ သမထဝိပဿနာ အားထုတ်သူ၏ ဣန္ဒြေငါးပါးတို့သည် ထိုပုဂ္ဂိုလ်ကိုပင်လျှင် ဈာန်၌တည်စေကုန်၏။ သမထဝိပဿနာ အားထုတ်သူသည် ဣန္ဒြေငါးပါးတို့ကို အဗျာပါဒ၌တည်စေ၏၊ သမထဝိပဿနာ အားထုတ်သူ၏

http://www.dhammadownload.com



ဣန္ဒြေငါးပါးတို့သည် ထိုပုဂ္ဂိုလ်ကိုပင်လျှင် အဗျာပါဒ၌တည်စေကုန်၏။ သမထဝိပဿနာ အားထုတ်သူသည် ဣန္ဒြေငါးပါးတို့ကို အာလောကသညာ၌ တည်စေ၏၊ သမထဝိပဿနာ အားထုတ်သူ၏ ဣန္ဒြေငါးပါးတို့သည် ထိုပုဂ္ဂိုလ်ကိုပင်လျှင် အာလောကသညာ၌ တည်စေကုန်၏။ သမထဝိပဿနာ အားထုတ်သူသည် ဣန္ဒြေငါးပါးတို့ကို မပျံ့လွင့်ခြင်း၌ တည်စေ၏၊ သမထဝိပဿနာ အားထုတ်သူ၏ ဣန္ဒြေငါးပါးတို့သည် ထိုပုဂ္ဂိုလ်ကိုပင်လျှင် မပျံ့လွင့်ခြင်း၌ တည်စေကုန်၏။ ပ ။သမထဝိပဿနာ အားထုတ်သူသည် ဣန္ဒြေငါးပါးတို့ကို အရဟတ္တမဂ်၌ တည်စေ၏၊ သမထဝိပဿနာ အားထုတ်သူ၏ ဣန္ဒြေငါးပါးတို့သည် ထိုပုဂ္ဂိုလ်ကိုပင်လျှင် အရဟတ္တမဂ်၌ တည်စေကုန်၏။

ဤသို့တည်စေတတ်သော သဘောအားဖြင့် ဣန္ဒြေတို့ကို မှတ်အပ်ကုန်၏။

လေးခုမြောက်သုတ္တန် အကျယ်ပြခြင်း ပြီး၏။

---

## ၅-ဣန္ဒြိယသမောဓာန အကျယ်ပြခြင်း

၂၀၄။ သမာဓိကိုပွါးများသော ပုထုဇဉ်ပုဂ္ဂိုလ်သည် အဘယ်မျှလောက်သော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌လိမ္မာသနည်း။ သမာဓိကိုပွါးများသော သေက္ခပုဂ္ဂိုလ်သည် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌လိမ္မာသနည်း။ သမာဓိကိုပွါးများသော ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌လိမ္မာသနည်း။

သမာဓိကိုပွါးများသော ပုထုဇဉ်ပုဂ္ဂိုလ်သည် ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။ သမာဓိကိုပွါးများသော သေက္ခပုဂ္ဂိုလ်သည်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။ သမာဓိကို ပွါးများသော ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌လိမ္မာ၏။

ပုထုဇဉ် ပုဂ္ဂိုလ်သည် သမာဓိကိုပွါးများသော် အဘယ်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာသနည်း။ ကသိုဏ်းစသော နိမိတ်ကိုဆင်ခြင်ခြင်းကြောင့် ကသိုဏ်းစသော နိမိတ်အာရုံထင်ခြင်း၌ လိမ္မာ၏၊ သမထနိမိတ်ထင်ခြင်း၌ လိမ္မာ၏၊ စိတ်ကိုချီးမြှောက်သောနိမိတ် ထင်ခြင်း၌ လိမ္မာ၏၊ မပျံ့လွင့်မှုထင်ခြင်း၌ လိမ္မာ၏၊ ဉာဏ်အရောင်အလင်းထင်ခြင်း၌ လိမ္မာ၏၊ ရွှင်လန်းမှုထင်ခြင်း၌ လိမ္မာ၏၊ လျစ်လျူရှုမှု ထင်ခြင်း၌ လိမ္မာ၏၊ ပုထုဇဉ် ပုဂ္ဂိုလ်သည် သမာဓိကို ပွါးများသော် ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။

ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်သည် သမာဓိကို ပွါးများသော် အဘယ်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာသနည်း၊ ကသိုဏ်းစသော နိမိတ်ကိုဆင်ခြင်ခြင်းကြောင့် ကသိုဏ်းစသော နိမိတ် အာရုံထင်ခြင်း၌ လိမ္မာ၏၊ သမထ နိမိတ်ထင်ခြင်း၌ လိမ္မာ၏၊ စိတ်ကိုချီးမြှောက်သော နိမိတ် ထင်ခြင်း၌ လိမ္မာ၏၊ သမာဓိထင်ခြင်း၌ လိမ္မာ၏၊ ဉာဏ်အရောင်အလင်းထင်ခြင်း၌ လိမ္မာ၏၊ ရွှင်လန်းမှုထင်ခြင်း၌ လိမ္မာ၏၊ လျစ်လျူရှုမှု ထင်ခြင်း၌ လိမ္မာ၏၊ တခုတည်းအဖြစ်ထင်ခြင်း၌ လိမ္မာ၏၊ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်သည် သမာဓိကိုပွါးများသော် ဤရှစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။

http://www.dhammadownload.com



ရာဂကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် သမာဓိကိုပွါးများသော် အဘယ်ဆယ်ပါးသော အခြင်းအရာတို့ဖြင့်ထင်ခြင်း၌ လိမ္မာသနည်း။

ကသိုဏ်းစသော နိမိတ်ကိုဆင်ခြင်ခြင်းကြောင့် ကသိုဏ်းစသော နိမိတ်အာရုံထင်ခြင်း၌ လိမ္မာ၏။ပ။တခုတည်းအဖြစ်ထင်ခြင်း၌ လိမ္မာ၏၊ အသမ္မောဟ ဉာဏ်ထင်ခြင်း၌ လိမ္မာ၏၊ အရဟတ္တဖိုလ် 'ဝိမုတ္တိ'ထင်ခြင်း၌ လိမ္မာ၏။ ရဟန္တာ ပုဂ္ဂိုလ်သည် သမာဓိကို ပွါးများသော် ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။

၂၀၅။ ပုထုဇဉ် ပုဂ္ဂိုလ်သည် ဝိပဿနာကို ပွါးများသော် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် မထင်ခြင်း၌လိမ္မာသနည်း၊ ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် အဘယ်မျှသော အခြင်းအရာတို့ဖြင့် ကင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာသနည်း၊ ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် အဘယ်မျှသော အခြင်းအရာတို့ဖြင့်· ထင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာသနည်း။

ပုထုဇဉ် ပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် ကိုးပါးသောအခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ ကိုးပါးသောအခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာ၏။

ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်သည် ဝိပဿနာကို ပွါးများသော် ဆယ်ပါးသောအခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ ဆယ်ပါးသောအခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာ၏။

ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာ၏။

ပုထုဇဉ် ပုဂ္ဂိုလ်သည် ဝိပဿနာကို ပွါးများသော် အဘယ်ကိုးပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်ကိုးပါးသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာသနည်း။

မမြဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ မြဲသောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ ဆင်းရဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ ချမ်းသာသောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ အနှစ်ရှိသော အလိုသို့လိုက်သောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ ကုန်ဆုံးတတ်သောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ အစိုင်အခဲအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ ပျက်ပြုန်းတတ်သောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ အားထုတ်ခြင်း၏ မထင်ခြင်း၌ လိမ္မာ၏။ ဖောက်ပြန်ခြင်း၏ထင်ခြင်း၌ လိမ္မာ၏၊ တည်တံ့သောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ အနိမိတ္တ၏ထင်ခြင်း၌ လိမ္မာ၏၊ နိမိတ္တ၏မထင်ခြင်း၌ လိမ္မာ၏။ အပ္ပဏိဟိတ၏ထင်ခြင်း၌ လိမ္မာ၏၊ တောင့်တခြင်း၏ မထင်ခြင်း၌ လိမ္မာ၏။ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ မှားသောအားဖြင့် နှလုံးသွင်းခြင်း၏မထင်ခြင်း၌ လိမ္မာ၏။ ပုထုဇဉ် ပုဂ္ဂိုလ်သည် ဝိပဿနာ ပွါးများသော် ဤကိုးပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာ၏။

http://www.dhammadownload.com



၂၀၆။ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် အဘယ်ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်ဆယ်ပါးသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာ သနည်း။

မမြဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ မြဲသောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ပ။ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ မှားသောအားဖြင့် နှလုံးသွင်းခြင်းအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ ဉာဏ်၏ထင်ခြင်း၌ လိမ္မာ၏၊ အဉာဏ၏ မထင်ခြင်း၌ လိမ္မာ၏။ ကျင့်ဆဲ သေက္ခ ပုဂ္ဂိုလ်သည်ဝိပဿနာကိုပွါးများသော်ဤဆယ်ပါးသောအခြင်းအရာတို့ဖြင့်ထင်ခြင်း၌လိမ္မာ၏၊ဤဆယ်ပါးသောအခြင်းအရာတို့ဖြင့်မထင်ခြင်း၌လိမ္မာ၏။

ရာဂကင်းပြီးသောရဟန္တာပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် အဘယ်တဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်ထင်ခြင်း၌ လိမ္မာသနည်း၊ အဘယ်တဆယ့်နှစ်ပါးသောအခြင်းအရာတို့ဖြင့် မထင်ခြင်း၌ လိမ္မာသနည်း။

မမြဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာ၏၊ မြဲသောအားဖြင့် မထင်ခြင်း၌ လိမ္မာ၏။ ပ ။ဉာဏ်၏ ထင်ခြင်း၌လိမ္မာ၏၊ အဉာဏ၏မထင်ခြင်း၌ လိမ္မာ၏။. မယှဉ်ခြင်း'ဝိသံယောဂ'၏ထင်ခြင်း၌လိမ္မာ၏၊ ယှဉ်ခြင်း'သံယောဂ'၏မထင်ခြင်း၌ လိမ္မာ၏။ နိရောဓဟုဆိုအပ်သော နိဗ္ဗာန်၏ထင်ခြင်း၌ လိမ္မာ၏၊ သင်္ခါရတို့၏မထင်ခြင်း၌ လိမ္မာ၏။ ရာဂကင်းပြီးသောရဟန္တာပုဂ္ဂိုလ်သည် ဝိပဿနာကိုပွါးများသော် ဤတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့်ထင်ခြင်း၌ လိမ္မာ၏၊ ဤတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် မထင်ခြင်း၌လိမ္မာ၏။

ကသိုဏ်းစသော နိမိတ်ကိုဆင်ခြင်ခြင်းကြောင့် အာရုံထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့် ဣန္ဒြေတို့ကိုပေါင်း၏၊ အာရုံကိုလည်း အပြားအားဖြင့်သိ၏၊ သမတ္တကိုလည်း ထိုးထွင်း၍သိ၏။ပ။ တရားတို့ကိုပေါင်း၏၊ အာရုံကိုလည်း အပြားအားဖြင့်သိ၏၊ သမတ္တကိုလည်း ထိုးထွင်း၍သိ၏။

ဣန္ဒြိယာနိ သမောဓာနေတိဟူရာ၌ အဘယ်သို့လျှင် ဣန္ဒြေတို့ကို ပေါင်းသနည်း၊ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို ပေါင်း၏။ပ။သမထနိမိတ်ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ပဂ္ဂဟနိမိတ်ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ သမာဓိထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ဉာဏ်အရောင် အလင်းထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ရွှင်လန်းမှု ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။လျစ်လျူရှုမှု'ဥပေက္ခာ'ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ တခုတည်းအဖြစ်ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ ဉာဏ်၏ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ဝိမုတ္တိထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ မမြဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ မြဲသောသဘောဖြင့် မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ဆင်းရဲသောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ ချမ်းသာသောအားဖြင့် မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ အနှစ်ရှိသော အလိုသို့လိုက်သောအားဖြင့် မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ကုန်ဆုံးတတ်သောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။အစိုင်အခဲအားဖြင့် မထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ ပျက်တတ်သောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ အားထုတ်ခြင်း၏ မထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ ဖောက်ပြန်သောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ကည်တံ့သောအားဖြင့် မထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။

http://www.dhammadownload.com



အနိမိတ္တ၏ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ နိမိတ္တ၏ မထင်ခြင်း၌လိမ္မာသည့် အစွမ်းအားဖြင့်။ အပ္ပဏိဟိတ၏ ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ တောင့်တမှု၏ မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ မှားသော နှလုံးသွင်းမှု၏မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ဉာဏ်၏ထင်ခြင်း၌ လိမ္မာသည့်အစွမ်းအား ဖြင့်။ အညာဏ၏ မထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ မယှဉ်သော 'ဝိသံယောဂ'၏ ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ ယှဉ်သော 'သံယောဂ'၏ မထင်ခြင်း၌ လိမ္မာသည့်အစွမ်းအားဖြင့်။ နိရောဓဟု ဆိုအပ်သော နိဗ္ဗာန်၏ထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့်။ သင်္ခါရတို့၏ မထင်ခြင်း၌ လိမ္မာသည့် အစွမ်းအားဖြင့် ဣန္ဒြေတို့ကိုပေါင်း၏၊ အာရုံကိုလည်း အပြားအားဖြင့်သိ၏၊ သမတ္တ ကိုလည်း ထိုးထွင်း၍သိ၏။

၂၀၇။ ခြောက်ဆယ့်လေးပါးသောအခြင်းအရာတို့ဖြင့် ဣန္ဒြေသုံးပါးတို့၏ လေ့လာသည်၏ အဖြစ်ဟူသောပညာသည် အာသဝေါတရားတို့၏ ကုန်ခန်းခြင်း၌ဖြစ်သော 'အာသဝက္ခယ'ဉာဏ် မည်၏၊ အဘယ် ဣန္ဒြေသုံးပါးတို့၏လေ့လာသည်၏အဖြစ်ဟူသော ပညာသည် အာသဝက္ခယဉာဏ် မည်သနည်း၊ အနညာတညဿာမီတိန္ဒြေ၏ အညိန္ဒြေ၏ အညာတာဝိန္ဒြေ၏ လေ့လာသည်၏ အဖြစ် ဟူသော ပညာသည် အာသဝက္ခယဉာဏ်မည်၏။

အနညာတညဿာမီတိန္ဒြေသည် အဘယ်မျှသော အရာတို့သို့ရောက်သနည်း၊ အညိန္ဒြေသည် အဘယ်မျှသော အရာတို့သို့ရောက်သနည်း၊ အညာတာဝိန္ဒြေသည် အဘယ်မျှသော အရာတို့သို့ ရောက်သနည်း။

အနညာတညဿာမီတိန္ဒြေသည် သောတာပတ္တိမဂ်ဟူသော တပါးသော အရာသို့ရောက်၏။ အညိန္ဒြေသည် သောတာပတ္တိဖိုလ် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် အနာဂါမိမဂ် အနာဂါမိဖိုလ် အရဟတ္တမဂ်ဟူသော ခြောက်ပါးသောအရာတို့သို့ရောက်၏၊ အညာတာဝိန္ဒြေသည် အရဟတ္တဖိုလ် ဟူသော တပါးသောအရာသို့ရောက်၏။

သောတာပတ္တိမဂ် ခဏ၌ အနညာတညဿာမီတိန္ဒြေ၏ သဒ္ဓိန္ဒြေသည် အဓိမောက္ခခြံရံ၏။ ဝီရိယိန္ဒြေသည် ချီးမြှောက်မှုခြံရံ၏။ သတိန္ဒြေသည်ထင်မှုခြံရံ၏။ သမာဓိန္ဒြေသည် မပျံ့လွင့်မှုခြံရံ၏။ ပညိန္ဒြေသည် မြင်မှုခြံရံ၏။ မနိန္ဒြေသည် သိမှုခြံရံ၏။ သောမနဿိန္ဒြေသည်အလွန်ယိုစီးမှုခြံရံ၏။ ဇီဝိတိန္ဒြေသည်ဖြစ်စဉ်ကို အစိုးရသည့်အဖြစ်ဖြင့် ခြံရံ၏။

သောတာပတ္တိမဂ်ခဏ၌ စိတ်ကြောင့်ဖြစ်သော ရုပ်ကိုထား၍ဖြစ်သော တရားအားလုံးတို့သည် ကုသိုလ်ဖြစ်ကုန်၏။ တရားအားလုံးတို့သည် အာသဝေါကင်းကုန်၏။ တရားအားလုံးတို့သည် ဝဋ်မှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ တရားအားလုံးတို့သည် နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်ကုန်၏။ တရားအားလုံးတို့သည် လောကမှလွန်မြောက်ကုန်၏။ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အာရုံရှိ ကုန်၏။ သောတာပတ္တိမဂ်ခဏ၌ အနညာတညဿာမီတိန္ဒြေ၏ ရှစ်ပါးသော ဣန္ဒြေတို့သည် တကွ ဖြစ်၍ခြံရံကုန်၏၊ အချင်းချင်းအားဖြင့်ခြံရံကုန်၏၊ မှီရာအားဖြင့်ခြံရံကုန်၏၊ ယှဉ်သောအားဖြင့် ခြံရံကုန်၏၊ တကွအဖြစ်သို့ရောက်ကုန်၏၊ တကွဖြစ်ကုန်၏၊ နှီးနှောကုန်၏၊ ယှဉ်ကုန်၏။

**ထိုအတူဖြစ်သောတရားတို့သည်သာလျှင် ထိုအနညာတညဿာမီတိန္ဒြေ၏အခြင်းအရာတို့လည်း ဖြစ်ကုန်၏၊ အခြံအရံလည်း ဖြစ်ကုန်၏။**

http://www.dhammadownload.com



သောတာပတ္တိ ဖိုလ်ခဏ၌။ပ။အရဟတ္တဖိုလ်ခဏ၌ အညာတာဝိန္ဒြေ၏ သဒ္ဓိန္ဒြေသည် အဓိမောက္ခ ခြံရံ၏။ပ။ဇီဝိတိန္ဒြေသည် ဖြစ်စဉ်ကိုအစိုးရသည့် အဖြစ်ဖြင့်ခြံရံ၏၊ အရဟတ္တဖိုလ်ခဏ၌ ဖြစ်သော တရားအားလုံးတို့သည်၊ အဗျာကတဖြစ်ကုန်၏၊ စိတ်ကြောင့်ဖြစ်သော ရုပ်ကိုထား၍ တရား အားလုံးတို့သည် အာသဝေါတရားကင်းကုန်၏၊ တရားအားလုံးတို့သည် လောကကို လွန်မြောက် ကုန်၏၊ တရားအားလုံးတို့သည် နိဗ္ဗာန်လျှင် အာရုံရှိကုန်၏။ အရဟတ္တဖိုလ်ခဏ၌ အညာတာဝိန္ဒြေ၏ ဤရှစ်ပါးသော ဣန္ဒြေတို့သည် တကွဖြစ်၍ ခြံရံကုန်၏၊ ထိုအတူဖြစ်သော တရားတို့သည်သာလျှင် ထိုအညာတာဝိန္ဒြေ၏အခြင်းအရာတို့လည်းဖြစ်ကုန်၏၊အခြံအရံတို့လည်းဖြစ်ကုန်၏၊ဤသို့ဤရှစ်ပါး သော အဋ္ဌကတို့သည် ခြောက်ဆယ့်လေးပါးဖြစ်ကုန်၏။

အာသဝဟူရာ၌ ထိုအာသဝတို့သည် အဘယ်တို့နည်း၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝတို့တည်း။

ထိုအာသဝတို့သည် အဘယ်၌ကုန်ခန်းကုန်သနည်း။ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝအကြွင်းမဲ့ ကုန်ခန်း၏။ အပါယ်လားကြောင်း ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ကုန်ခန်း၏၊ ဤသောတာပတ္တိ မဂ်၌ ထိုအာသဝေါတရားတို့ ကုန်ခန်းကုန်၏။

သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသောကာမာသဝ ကုန်ခန်း၏၊ ထိုကာမာသဝနှင့်အတူတည်ရှိသော ဘဝါသဝကုန်ခန်း၏၊ ထိုကာမာသဝ ဘဝါသဝနှစ်ပါးနှင့် အတူတည်ရှိသော အဝိဇ္ဇာသဝကုန်ခန်း၏၊ ဤသကဒါဂါမိမဂ်၌ ထိုအာသဝေါတရားတို့ ကုန်ခန်းကုန်၏။

အနာဂါမိမဂ်ဖြင့် ကာမာသဝ အကြွင်းမဲ့ကုန်ခန်း၏၊ ထိုကာမာသဝနှင့်အတူတည်ရှိသော ဘဝါ သဝ ကုန်ခန်း၏၊ ထိုကာမာသဝ ဘဝါသဝနှစ်ပါးနှင့်အတူတည်ရှိသော အဝိဇ္ဇာသဝကုန်ခန်း၏၊ ထို အနာဂါမိမဂ်၌ ထိုအာသဝေါတရားတို့ ကုန်ခန်းကုန်၏၊

အရဟတ္တမဂ်ဖြင့် ဘဝါသဝ အဝိဇ္ဇာသဝ အကြွင်းမဲ့ကုန်ခန်း၏၊ ဤအရဟတ္တမဂ်၌ ထိုအာသဝေါ တရားတို့ ကုန်ခန်းကုန်၏။

၂၀၈။ ထိုမြတ်စွာဘုရားအား ဤလောက၌ မမြင်အပ်သောတရား တစုံတခုမျှမရှိ၊ ထို့ပြင် မသိအပ် မသိထိုက်သောတရား တစုံတခုမျှမရှိ၊ သိသင့်သိထိုက်သော တရားအားလုံးကို သိတော်မူပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို သမန္တစက္ခု ဟု ဆိုအပ်၏။

သမန္တစက္ခုဟူရာ၌ အဘယ်သဘောကြောင့် သမန္တစက္ခု မည်သနည်း၊ တဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်တို့သည် သမန္တစက္ခု မည်ကုန်၏၊ ဆင်းရဲဒုက္ခ၌ ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏။ ဆင်းရဲဒုက္ခဖြစ်ကြောင်း၌ဖြစ်သောဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏။ပ။ သဗ္ဗညုတဉာဏ်သည် ဗုဒ္ဓဉာဏ် မည်၏၊ အနာဝရဏဉာဏ်သည် ဗုဒ္ဓဉာဏ်မည်၏၊ ဤဉာဏ်တဆယ့်လေးပါးတို့သည် ဗုဒ္ဓဉာဏ်တို့ မည်ကုန်၏။

ဤဗုဒ္ဓဉာဏ်တဆယ့်လေးပါးတို့တွင် ဉာဏ်ရှစ်ပါးတို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏။ ဉာဏ် ခြောက်ပါးတို့သည် သာဝကတို့နှင့် မဆက်ဆံကုန်။

ဒုက္ခ၏ ဒုက္ခသဘော ရှိသမျှ အလုံးစုံသောတရားကို သိအပ်၏၊ မသိအပ်သော ဒုက္ခသဘော ဖြစ်သောတရားသည် မရှိသောကြောင့် သမန္တစက္ခုမည်၏၊ အကြင်တရားသည် သမန္တစက္ခုမည်၏၊ ထိုတရားသည် ပညိန္ဒြေမည်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့်

http://www.dhammadownload.com



သဒ္ဓိန္ဒြေ မည်၏၊ ချီးမြှောက်တတ်သော သဘောအားဖြင့် ဝီရိယိန္ဒြေ မည်၏၊ ထင်သော သဘောအားဖြင့် သတိန္ဒြေမည်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေမည်၏။

ဒုက္ခ၏ ဒုက္ခသဘော ရှိသမျှ အလုံးစုံသောတရားကို မြင်အပ် သိအပ် မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော ဒုက္ခသဘောမည်သည် မရှိ၊ ထို့ကြောင့် သမန္တစက္ခု မည်၏။

အကြင်တရားသည် သမန္တစက္ခုမည်၏၊ ထိုတရားသည် ပညိန္ဒြေမည်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေမည်၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေ မည်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေမည်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေ မည်၏။

အကြင်မျှလောက် ဆင်းရဲဖြစ်ကြောင်း 'သမုဒယ'၏ သမုဒယသဘော ရှိသမျှအလုံးစုံသောတရားကို။ပ။ အကြင်မျှလောက် ချုပ်ငြိမ်းခြင်း'နိရောဓ'၏ နိရောဓသဘောကို။ အကြင်မျှလောက် မဂ်၏မဂ်သဘောကို။ အကြင်မျှလောက် အတ္ထပဋိသမ္ဘိဒါ၏ အတ္ထပဋိသမ္ဘိဒါသဘောကို။ အကြင်မျှလောက် ဓမ္မပဋိသမ္ဘိဒါ၏ ဓမ္မပဋိသမ္ဘိဒါသဘောကို။ အကြင်မျှလောက် နိရုတ္တိပဋိသမ္ဘိဒါ၏ နိရုတ္တိပဋိသမ္ဘိဒါသဘောကို။ အကြင်မျှလောက် ပဋိဘာနပဋိသမ္ဘိဒါ၏ ပဋိဘာနပဋိသမ္ဘိဒါသဘောကို။ အကြင်မျှလောက်သတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကိုသိသောဉာဏ်ကို။အကြင်မျှလောက် သတ္တဝါတို့၏ အလိုအာသယကိန်းဝပ်ရာ အနုသယကိုသိသောဉာဏ်ကို။ အကြင်မျှလောက် ရေမီးအစုံ တန်ခိုးပြာဋိဟာပြရာ၌ ဖြစ်သော ဉာဏ်ကို။ အကြင်မျှလောက် မဟာကရုဏာသမာပတ်၌ ဖြစ်သောဉာဏ်ကို။ နတ်နှင့်တကွသော မာရ်နတ်နှင့်တကွသော ဗြဟ္မာနှင့်တကွသော ဩကာသလောကကိုရင်း သမဏဗြာဟ္မဏ မင်းများလူများနှင့်တကွသော သတ္တလောကကိုရင်း မြင်အပ် ကြားအပ် တွေ့အပ် သိအပ် ရောက်အပ် ရှာမှီးအပ် စိတ်ဖြင့် အဖန်ဖန်လှည့်လာအပ်သောတရား ရှိသမျှအလုံးစုံကို သိအပ် မြင်အပ်၏။ ထင်ရှားအောင်ပြုအပ်၏၊ အလုံးစုံသောတရားကို မျက်မှောက်ပြုအပ်၏၊ အလုံးစုံသောတရားကို ပညာဖြင့် တွေ့ထိအပ်၏။ ပညာဖြင့် မတွေ့ထိအပ်သောတရားမည်သည် မရှိသောကြောင့် သမန္တစက္ခု မည်၏။

အကြင်တရားသည် သမန္တစက္ခုမည်၏၊ ထိုတရားသည် ပညိန္ဒြေမည်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဆုံးဖြတ်တတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေမည်၏၊ ချီးမြှောက်တတ်သောသဘောအားဖြင့် ဝီရိယိန္ဒြေ မည်၏၊ ထင်သောသဘောအားဖြင့် သတိန္ဒြေမည်၏၊ မပျံ့လွင့်သောသဘောအားဖြင့် သမာဓိန္ဒြေမည်၏။

ယုံကြည်သည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ အပြားအားဖြင့်သိ၏၊ အပြားအားဖြင့် သိသည်ဖြစ်၍ ယုံကြည်၏။ ချီးမြှောက်သည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ အပြားအားဖြင့် သိ၏၊ အပြားအားဖြင့်သိသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ ချီးမြှောက်၏၊ ထင်စေသည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ အပြားအားဖြင့်သိ၏၊ အပြားအားဖြင့်သိသည်ဖြစ်၍

http://www.dhammadownload.com



ထင်စေ၏၊ ထင်စေသည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ ထင်စေ၏။ ကောင်းစွာထားသည်ဖြစ်၍ အပြားအားဖြင့် သိ၏၊ အပြားအားဖြင့်သိသည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ ကောင်းစွာထား၏။ အပြားအားဖြင့်သိသည်ဖြစ်၍ ယုံကြည်၏၊ ယုံကြည်သည်ဖြစ်၍ အပြားအားဖြင့် သိ၏၊ အပြားအားဖြင့်သိသည်ဖြစ်၍ ချီးမြှောက်၏၊ ချီးမြှောက်သည်ဖြစ်၍ အပြားအားဖြင့်သိ၏၊ အပြားအားဖြင့်သိသည်ဖြစ်၍ ထင်စေ၏၊ ထင်စေသည်ဖြစ်၍ အပြားအားဖြင့်သိ၏၊ အပြားအားဖြင့် သိသည်ဖြစ်၍ ကောင်းစွာထား၏၊ ကောင်းစွာထားသည်ဖြစ်၍ အပြားအားဖြင့် သိ၏။

ယုံကြည်အပ်သည်အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည့်အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏။ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏။ ထင်စေအပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏။ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏ အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏အဖြစ်ကြောင့် ထင်စေအပ်၏၊ ထင်စေအပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏။ သိစေအပ်သည်၏အဖြစ်ကြောင့် ယုံကြည်အပ်၏၊ ယုံကြည်အပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ချီးမြှောက်အပ်၏၊ ချီးမြှောက်အပ်သည်၏အဖြစ်ကြောင့် သိအပ်၏၊ သိခြင်းကြောင့် ထင်စေအပ်၏၊ ထင်စေခြင်းကြောင့် သိအပ်၏၊ သိအပ်သည်၏အဖြစ်ကြောင့် ကောင်းစွာထားအပ်၏၊ ကောင်းစွာထားအပ်သည်၏ အဖြစ်ကြောင့် သိအပ်၏။

အကြင်တရားသည် ဗုဒ္ဓစက္ခုမည်၏၊ ထိုတရားသည် ဗုဒ္ဓဉာဏ်မည်၏။ အကြင်တရားသည် ဗုဒ္ဓဉာဏ် မည်၏၊ ထိုတရားသည် ဗုဒ္ဓစက္ခုမည်၏။ အကြင်စက္ခုဖြင့် မြတ်စွာဘုရားသည် ကိလေသာမြူ နည်းကုန်သော ပညာမျက်စိ၌ ကိလေသာမြူများကုန်သော ဣန္ဒြေထက်ကုန်သော ဣန္ဒြေနုံ့ကုန်သော ကောင်းသောအခြင်းအရာရှိကုန်သော မကောင်းသောအခြင်းအရာရှိကုန်သော သိစေလွယ်ကုန်

http://www.dhammadownload.com



**သော သိစေနိုင်ခဲကုန်သော** တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိကုန်သော အချို့သတ္တဝါတို့ကိုလည်း တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိကုန်သော အချို့သတ္တဝါတို့ကိုလည်း မြင်တော်မူ၏။

**အပ္ပရဇက္ခေ မဟာရဇက္ခေ** ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူမည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူများသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူ မည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူများသူ မည်၏။

ထင်သောသတိရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူမည်၏၊ လွတ်သော သတိရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူများသူ မည်၏။

တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူ မည်၏၊ မတည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူများသူ မည်၏။

ပညာရှိသောပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူနည်းသူ မည်၏၊ ပညာနည်းသော ပုဂ္ဂိုလ်သည် ပညာမျက်စိ၌ ကိလေသာမြူများသူ မည်၏။

**တိက္ခိန္ဒြိယေ မုဒိန္ဒြိယေ** ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။ပ။

ပညာရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေထက်သူမည်၏၊ ပညာမရှိသောပုဂ္ဂိုလ်သည် ဣန္ဒြေနုံ့သူ မည်၏။

**သွာကာရေ ဒွါကာရေ** ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် ကောင်းသောအခြင်းအရာရှိသူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် မကောင်းသောအခြင်းအရာရှိသူ မည်၏။ပ။ ပညာရှိသော ပုဂ္ဂိုလ်သည် ကောင်းသောအခြင်းအရာရှိသူ မည်၏၊ ပညာမဲ့သောပုဂ္ဂိုလ်သည် မကောင်းသော အခြင်းအရာရှိသူ မည်၏။

**သုဝိညာပယေ ဒုဝိညာပယေ** ဟူရာ၌ ယုံကြည်သောပုဂ္ဂိုလ်သည် သိစေလွယ်သူ မည်၏၊ မယုံကြည်သောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ မည်၏။ပ။

ပညာရှိသောပုဂ္ဂိုလ်သည် သိစေလွယ်သူ 'သုဝိညာပယပုဂ္ဂိုလ်' မည်၏၊ ပညာမရှိသောပုဂ္ဂိုလ်သည် သိစေနိုင်ခဲသူ 'ဒုဝိညာပယပုဂ္ဂိုလ်' မည်၏။

**အပ္ပေကစ္စေ ပရလောကဝဇ္ဇဘယဒဿာဝိနော အပ္ပေကစ္စေ နပရလောကဝဇ္ဇဘယဒဿာဝိနော** ဟူရာ၌ သဒ္ဓါတရားရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

အားထုတ်အပ်သော ဝီရိယရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူမည်၏၊ ပျင်းရိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသော အပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။ပ။

ပညာရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့ရှိသူ မည်၏၊ ပညာမရှိသောပုဂ္ဂိုလ်သည် တမလွန်လောကနှင့် ရာဂစသောအပြစ်ကို ဘေးအားဖြင့် ရှုလေ့မရှိသူ မည်၏။

http://www.dhammadownload.com



**လောကော** ဟူသည် ခန္ဓလောက, ဓာတ်လောက, အာယတနလောက, အပါယ်လေးဘုံတည်းဟူသော ဝိပတ္တိဘဝလောက, သုဂတိဘုံတည်းဟူသော ဝိပတ္တိသမ္ဘဝလောက, သမ္ပတ္တိဘဝလောက, သုဂတိဘုံသို့ ရောက်ကြောင်းကံဟူသော သမ္ပတ္တိသမ္ဘဝလောကတို့တည်း။

သတ္တဝါအားလုံးတို့သည် အာဟာရလျှင် မှီရာရှိ၏ ဟူသော တပါးသောလောက၊ ရုပ်နာမ် နှစ်ပါးဟူသော နှစ်ပါးသောလောက၊ ဝေဒနာသုံးပါးဟူသော လောကသုံးပါး။

အာဟာရလေးပါးဟူသော လောကလေးပါး

ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောကငါးပါး။

အဇ္ဈတ္တိကာယတနခြောက်ပါးဟူသော လောကခြောက်ပါး။

ဝိညာဏဋ္ဌိတိခုနစ်ပါးတို့ဟူသော လောကခုနစ်ပါး။

လောကဓံတရားရှစ်ပါးတို့ဟူသော လောကရှစ်ပါး။

သတ္တဝါတို့နေရာကိုးပါးဟူသော လောကကိုးပါး။

အာယတနဆယ်ပါးဟူသော လောကဆယ်ပါး။

တဆယ့်နှစ်ပါးသော အာယတနဟူသော လောကတဆယ့်နှစ်ပါး။

ဓာတ်တဆယ့်ရှစ်ပါးဟူသော လောကတဆယ့်ရှစ်ပါး။

**ဝဋ္ဋ** ဟူရာ၌ ကိလေသာအားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ဒုစရိုက်အားလုံးတို့သည် အပြစ်တို့ မည်ကုန်၏၊ ပူပြင်တတ်သောတရား 'အဘိသင်္ခါရ' အားလုံးတို့သည် အပြစ်တို့မည်ကုန်၏၊ ဘဝသို့ လားရောက်စေတတ်သော ကံအားလုံးတို့သည် အပြစ်တို့မည်ကုန်၏။

ဤသို့ဆိုအပ်ပြီးသော လောက၌၎င်း ရာဂစသော အပြစ်၌၎င်း ထက်မြက်အားကြီးသော ဘေးဟူသော အမှတ်သည် ခုတ်သတ်ခြင်းငှါ မြှောက်ကိုင်ထားသည့် သံလျက်သွားရှိသော သူသတ်လက်မ၌ကဲ့သို့ ရှေးရှုထင်၏။

ဤငါးဆယ်သော အခြင်းအရာတို့ဖြင့် ဤဣန္ဒြေငါးပါးတို့ကို သိ၏၊ မြင်၏၊ အလွန်သိ၏၊ ထိုးထွင်း၍သိ၏၊ ဤသို့မှတ်အပ်၏။

တတိယအခန်း ပြီး၏။

ဣန္ဒြိယကထာ ပြီး၏။

---

## ၅-ဝိမောက္ခကထာ

### အကျဉ်းပြခြင်း

၂၀၉။ နိဒါန်းကား ရှေးအတိုင်းပင်တည်း။ ရဟန်းတို့ ကိလေသာတို့မှလွတ်သော ဝိမောက္ခတို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်းဟူမူ—

သုညတဝိမောက္ခ၊ အနိမိတ္တဝိမောက္ခ၊ အပ္ပဏိဟိတဝိမောက္ခတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ဝိမောက္ခတို့သည် ဤသုံးပါးတို့တည်း။

တနည်းအားဖြင့် ကိလေသာမှလွတ်သော ဝိမောက္ခတို့သည် ခြောက်ဆယ့်ရှစ်ပါးတို့တည်း။

သုညတဝိမောက္ခ။

အနိမိတ္တဝိမောက္ခ။

အပ္ပဏိဟိတဝိမောက္ခ။

အဇ္ဈတ္တဝုဋ္ဌာန ဝိမောက္ခ။

ဗဟိဒ္ဓါဝုဋ္ဌာနဝိမောက္ခ။

ဒုဘတောဝုဋ္ဌာနဝိမောက္ခ။

အဇ္ဈတ္တသန္တာန်မှထသော လေးပါးသောဝိမောက္ခ။

ဗဟိဒ္ဓသန္တာန်မှထသော လေးပါ့သောဝိမောက္ခ။

နှစ်ပါးသောအဖို့မှထသော လေးပါးသောဝိမောက္ခ။

အဇ္ဈတ္တသန္တာန်မှထသောပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသော ဝိမောက္ခ။

ဗဟိဒ္ဓသန္တာန်မှထသောပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသောဝိမောက္ခ။

နှစ်ပါးသောအဖို့မှထသောပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသောဝိမောက္ခ။

အဇ္ဈတ္တသန္တာန်မှထသောပုဂ္ဂိုလ်ဘို့အား ငြိမ်းချမ်းသော လေးပါးသောဝိမောက္ခ။

ဗဟိဒ္ဓသန္တာန်မှ ထသောပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခ။

နှစ်ပါးသောအဖို့မှထသောပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခ။

ရုပ်ရှိသောပုဂ္ဂိုလ်သည် ရုပ်ဘို့ကိုရှုသောကြောင့် ဝိမောက္ခမည်၏၊ အဇ္ဈတ္တသန္တာန်၌ ရုပ်ဟု အမှတ်မရှိသည်ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ရုပ်တို့ကိုရှု၏၊ ထို့ကြောင့် ဝိမောက္ခမည်၏၊ 'တင့်တယ်၏' ဟူ၍သာလျှင် နှလုံးသွင်း၏၊ ထို့ကြောင့် ဝိမောက္ခမည်၏။

အာကာသာနဉ္စာယတနသမာပတ္တိဝိမောက္ခ။

ဝိညာဏဉ္စာယဘနသမာပတ္တိဝိမောက္ခ။

အာကိဉ္စညာယတနသမာပတ္တိဝိမောက္ခ။

နေဝသညာနာသညာယတနသမာပတ္တိဝိမောက္ခ။

သညာဝေဒယိတနိရောဓသမာပတ္တိဝိမောက္ခ။

သမယဝိမောက္ခ။

အသမယဝိမောက္ခ။

သာမယိကဝိမောက္ခ။

အသာမယိကဝိမောက္ခ။

ကုပ္ပဝိမောက္ခ။

http://www.dhammadownload.com



အကုပ္ပဝိမောက္ခ။
လောကိယဝိမောက္ခ။
လောကုတ္တရဝိမောက္ခ။
သာသဝဝိမောက္ခ။
အနာသဝဝိမောက္ခ။
သာမိသဝိမောက္ခ။
နိရာမိသဝိမောက္ခ။
နိရာမိသာနိရာမိသတရဝိမောက္ခ။
ပဏိဟိတဝိမောက္ခ။
အပ္ပဏိဟိတဝိမောက္ခ။
ပဏိဟိတပဋိပဿဒ္ဓိဝိမောက္ခ။
သညုတ္တဝိမောက္ခ။
ဝိသညုတ္တဝိမောက္ခ။
ဧကတ္တဝိမောက္ခ။
နာနတ္တဝိမောက္ခ။
သညာဝိမောက္ခ။
ဉာဏဝိမောက္ခ။
သီတိသိယာဝိမောက္ခ။
ဈာနဝိမောက္ခ။
စွဲလမ်း၍ယူခြင်းကို မပြုမူ၍ စိတ်၏လွတ်ခြင်းဝိမောက္ခတို့တည်း။

## အကျယ်ပြခြင်း

၂၁၀။ သုညတဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ရှင်း သစ်ပင်ရင်းသို့ကပ်၍ရှင်း ဆိတ်ငြိမ်ရာကျောင်းသို့ ကပ်၍ရှင်း "ဤခန္ဓာငါးပါးသည် ငါဟူသောအတ္တမှရှင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှရှင်း ဆိတ်သုဉ်း၏" ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုခန္ဓာငါးပါး၌ အတ္တဟုမှားသော နှလုံးသွင်းခြင်းကို မပြုတတ်၊ ထို့ကြောင့် သုညတဝိမောက္ခမည်၏။ ဤသည်ကား သုညတဝိမောက္ခတည်း။

အနိမိတ္တဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်၍ရှင်း သစ်ပင်ရင်းသို့ကပ်၍ရှင်း ဆိတ်ငြိမ်ရာကျောင်းသို့ကပ်၍ရှင်း "ဤခန္ဓာငါးပါးသည် ငါဟူသော အတ္တမှရှင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှရှင်း ဆိတ်သုဉ်း၏" ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုခန္ဓာငါးပါး၌ နိစ္စနိမိတ်ကို မပြုတတ်၊ ထို့ကြောင့် အနိမိတ္တဝိမောက္ခမည်၏။ ဤသည်ကား အနိမိတ္တဝိမောက္ခတည်း။

http://www.dhammadownload.com



အပ္ပဏိဟိတဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ကပ်၍ရင်း သစ်ပင်ရင်းသို့ကပ်၍ရင်း ဆိတ်ငြိမ်ရာကျောင်းသို့ ကပ်၍ရင်း "ဤခန္ဓာငါးပါးသည် ငါဟူသော အတ္တမှရင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှရင်း ဆိတ်သုဉ်း၏"ဟု ရှုဆင်ခြင်၏၊ ထိုပုဂ္ဂိုလ်သည် ထိုခန္ဓာငါးပါး၌ တောင့်တခြင်းကိုမပြုတတ်၊ ထို့ကြောင့် အပ္ပဏိဟိတဝိမောက္ခမည်၏၊ ဤသည်လျှင် အပ္ပဏိဟိတဝိမောက္ခတည်း။

အဇ္ဈတ္တဝုဋ္ဌာနဝိမောက္ခသည် အဘယ်နည်း။ (အဇ္ဈတ္တသန္တာန်၌ နီဝရဏစသည်မှ ထတတ်သော) လေးပါးသောစျာန်တို့တည်း၊ ဤသည်လျှင် အဇ္ဈတ္တဝုဋ္ဌာနဝိမောက္ခတည်း။

ဗဟိဒ္ဓါဝုဋ္ဌာနဝိမောက္ခသည် အဘယ်နည်း။ (ဗဟိဒ္ဓအာရုံ့ဘို့မှထတတ်သော) အရူပသမာပတ် လေးပါးတို့တည်း။ ဤသည်လျှင် ဗဟိဒ္ဓါဝုဋ္ဌာနဝိမောက္ခတည်း။

ဒုဘတောဝုဋ္ဌာနဝိမောက္ခသည် အဘယ်နည်း။ အရိယာမဂ် လေးပါးတို့တည်း။ ဤသည်လျှင် ဒုဘတောဝုဋ္ဌာနဝိမောက္ခတည်း။

အဇ္ဈတ္တသန္တာန်မှထသော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။ ပဌမစျာန်သည် အပိတ်အပင်'နီဝရဏ'တရားတို့မှ ထ၏။ ဒုတိယစျာန်သည် ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ'တို့မှ ထ၏။ တတိယစျာန်သည် နှစ်သက်ခြင်း 'ပီတိ'မှ ထ၏။ စတုတ္ထစျာန်သည် သုခဒုက္ခတို့မှ ထ၏။ ဤသည်တို့ကား အတွင်းသန္တာန်မှထသော လေးပါးသောဂိမောက္ခတို့တည်း။ (၄)

ပဟိဒ္ဓသန္တာန်မှထသော လေးပါးသောဝိမောက္ခတို့သည် အဘယ်တို့နည်း။ အာကာသာနဉ္စာယတနသမာပတ်သည် ရူပသညာ ပဋိဃသညာ နာနတ္တသညာမှ ထ၏။ ဝိညာဏဉ္စာယတနသမာပတ်သည် အာကာသာနဉ္စာယတနသမာပတ်မှ ထ၏။ အာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စာယတနသမာပတ်မှ ထ၏။ နေဝသညာနာသညာယတနသမာပတ်သည် အာကိဉ္စညာယတနသမာပတ်မှထ၏။ ဤသည်တို့ကား အပသန္တာန်မှ ထသော လေးပါးသော ဝိမောက္ခတို့တည်း။ (၄-၈)

နှစ်ပါးသောအဖို့မှ ထသော လေးပါးသောဝိမောက္ခတို့သည် အဘယ်တို့နည်း။ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယမှ ထ၏။ ထိုသက္ကာယဒိဋ္ဌိစသည်သို့ အစဉ်လိုက်၍ဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထ၏။ အပ၌လည်း နိမိတ်အားလုံးတို့မှ ထ၏။

သကဒါဂါမိမဂ်သည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်, ရုန့်ရင်းသော ကာမရာဂါနုသယ ပဋိဃာနုသယမှ ထ၏။ ထိုကာမရာဂသံယောဇဉ်စသည်တို့သို့ အစဉ်လိုက်၍ ဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထ၏၊ အပ၌လည်း အလုံးစုံသောနိမိတ်တို့မှ ထ၏။

အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်, သိမ်မွေ့သော ကာမရာဂါနုသယ ပဋိဃာနုသယမှ ထ၏။ ထိုကာမရာဂသံယောဇဉ်စသည်တို့သို့ အစဉ်လိုက်၍ ဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထ၏။ အပ၌လည်း အလုံးစုံသော နိမိတ်တို့မှထ၏။ အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယမှထ၏။ ထိုရူပရာဂစသည်တို့သို့ အစဉ်လိုက်၍ ဖြစ်သော ကိလေသာတို့မှရင်း

http://www.dhammadownload.com



ခန္ဓာတို့မှရင်း ထ၏။ အပဉ္စလည်း အလုံးစုံသော နိမိတ်တို့မှ ထ၏။ ဤသည်တို့ကား နှစ်ပါးသော အဖို့မှထသော လေးပါးသောဝိမောက္ခတို့တည်း။ (၄-၁၂)

၂၁၁။ အဇ္ဈတ္တသန္တာန်မှထသော ပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။ ပဌမဈာန်ကို ရခြင်း၌ ကြံစည်ခြင်း 'ဝိတက်'သည်၎င်း သုံးသပ်ခြင်း 'ဝိစာရ' သည်၎င်း နှစ်သက်ခြင်း 'ပီတိ'သည်၎င်း ချမ်းသာခြင်း 'သုခ'သည်၎င်း စိတ်၏တည်ကြည်ခြင်း 'ဧကဂ္ဂတာ'သည်၎င်း ဖြစ်၏။

ဒုတိယဈာန်ကို ရခြင်း၌။ပ။ တတိယဈာန်ကို ရခြင်း၌။ပ။ စတုတ္ထဈာန်ကို ရခြင်း၌ ဝိတက်သည်၎င်း ဝိစာရသည်၎င်း ပီတိသည်၎င်း သုခသည်၎င်း စိတ်၏တည်ကြည်ခြင်း 'ဧကဂ္ဂတာ'သည်၎င်း ဖြစ်၏။ ဤသည်တို့ကား အဇ္ဈတ္တသန္တာန်မှ ထသော ပုဂ္ဂိုလ်တို့အား လျော်သော လေးပါးသောဝိမောက္ခတို့တည်း။ (၄-၁၆)

ဗဟိဒ္ဓသန္တာန်မှထသော ပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသောဝိမောက္ခတို့သည် အဘယ်တို့နည်း။ အာကာသာနဉ္စာယတနသမာပတ်ကို ရခြင်း၌ ဝိတက်သည်၎င်း ဝိစာရသည်၎င်း ပီတိသည်၎င်း သုခသည်၎င်း စိတ်၏တည်ကြည်ခြင်း 'ဧကဂ္ဂတာ'သည်၎င်း ဖြစ်၏။

ဝိညာဏဉ္စာယတနသမာပတ်ကို။ပ။ အာကိဉ္စညာယတနသမာပတ်ကို။ပ။ နေဝသညာနာသညာ ယတနသမာပတ်ကို ရခြင်း၌ ဝိတက်သည်၎င်း ဝိစာရသည်၎င်း ပီတိသည်၎င်း သုခသည်၎င်း စိတ်၏တည်ကြည်ခြင်း 'ဧကဂ္ဂတာ'သည်၎င်း ဖြစ်၏။ ဤသည်တို့ကား ဗဟိဒ္ဓသန္တာန်မှထသော ပုဂ္ဂိုလ်တို့အားလျော်သော လေးပါးသောဝိမောက္ခတို့တည်း။ (၄-၂၀)

နှစ်ပါးသောအဖို့မှထသော ပုဂ္ဂိုလ်တို့အား လျော်သော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။

သောတာပတ္တိမဂ်ကို ရခြင်း၌ မမြဲဟုအဖန်ဖန်ရှု၏၊ ဆင်းရဲဟု အဖန်ဖန်ရှု၏၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှု၏။

သကဒါဂါမိမဂ်ကိုရခြင်း၌။ပ။ အနာဂါမိမဂ်ကိုရခြင်း၌။ပ။ အရဟတ္တမဂ်ကိုရခြင်း၌ မမြဲဟု အဖန်ဖန်ရှု၏၊ ဆင်းရဲဟု အဖန်ဖန်ရှု၏၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှု၏။ ဤသည်တို့ကား နှစ်ပါးသောအဖို့မှထသော ပုဂ္ဂိုလ်တို့အား လျော်သော လေးပါးသော ဝိမောက္ခတို့တည်း။ (၄-၂၄)

အဇ္ဈတ္တသန္တာန်မှထသော ပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။

ပဌမဈာန်ကိုရခြင်းသည်၎င်း ဝိပါက်သည်၎င်း ဖြစ်၏၊ ဒုတိယဈာန်ကို။ပ။ တတိယဈာန်ကို။ပ။ စတုတ္ထဈာန်ကို ရခြင်းသည်၎င်း ဝိပါက်သည်၎င်း ဖြစ်၏။ ဤသည်တို့ကား အဇ္ဈတ္တသန္တာန်မှ ထသောပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့တည်း။ (၄-၂၈)

ဗဟိဒ္ဓသန္တာန်မှ ထသော ပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။ အာကာသာနဉ္စာယတနသမာပတ်ကို ရခြင်းသည်၎င်း ဝိပါက်သည်၎င်း ဖြစ်၏၊ ဝိညာဏဉ္စာယတနသမာပတ်ကို။ပ။ အာကိဉ္စညာယတနသမာပတ်ကို။ပ။ နေဝသညာနာသညာ

http://www.dhammadownload.com



ယတနသမာပတ်ကို ရခြင်းသည်၎င်း ဝိပါက်သည်၎င်း ဖြစ်၏။ ဤသည်တို့ကား ဗဟိဒ္ဓသန္တာန်မှ ထသော ပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့တည်း။ (၄-၃၂)

နှစ်ပါးသောအဖို့မှ ထသောပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့သည် အဘယ်တို့နည်း။

သောတာပတ္တိမဂ်၏ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၏ သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်၏ အနာဂါမိဖိုလ်၊ အရဟတ္တမဂ်၏ အရဟတ္တဖိုလ်တို့တည်း။ ဤသည်တို့ကား နှစ်ပါးသောအဖို့မှ ထသောပုဂ္ဂိုလ်တို့အား ငြိမ်းချမ်းသော လေးပါးသော ဝိမောက္ခတို့တည်း။ (၄-၃၆)

၂၁၂။ အဘယ်သို့လျှင် ရုပ်ရှိသော ပုဂ္ဂိုလ်သည် ရုပ်တို့ကို ရှုသောကြောင့် ဝိမောက္ခမည်သနည်း။ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ ကိုယ်ကိုစွဲ၍ဖြစ်သော ညိုသောနီလနိမိတ်ကို နှလုံးသွင်း၏၊ နီလဟူသောသညာကို ရ၏၊ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကိုပြု၏၊ ကောင်းစွာဆောင်ခြင်းကိုပြု၍ ဆောင်၏၊ အပ္ပနာဘူမိ၌ ကောင်းစွာ ဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကိုပြု၍ ကောင်းစွာ ဆောင်ခြင်းကို ဆောင်၍ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၍ ဗဟိဒ္ဓသန္တာန်၌ နီလနိမိတ်၌ စိတ်ကိုရှေးရှုဆောင်၏၊ နီလဟူသောသညာကို ရ၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာ ယူခြင်းကိုပြု၏၊ ကောင်းစွာဆောင်ခြင်းကို ပြု၍ဆောင်၏၊ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကိုပြု၍ ဆောင်၍ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၍ အစမှမှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာလေ့လာ၏။

ထိုပုဂ္ဂိုလ်အား ဤသို့သောစိတ်အကြံသည်ဖြစ်၏၊ "ဤနီလနိမိတ်သည် အတွင်းသန္တာန်၌၎င်း အပသန္တာန်၌၎င်း နှစ်ပါးစုံ၌၎င်း ဤရုပ်ပင်တည်း"ဟု ရူပသညာအမှတ်ရှိ၏။ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ ကိုယ်ကိုစွဲ၍ဖြစ်သော ပီတနိမိတ်ကို။ပ။ လောဟိတနိမိတ်ကို။ပ။ ဩဒါတနိမိတ်ကို နှလုံးသွင်း၏၊ ဩဒါတဟူသောသညာကိုရ၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကို ပြု၏၊ ကောင်းစွာဆောင်ခြင်းကိုပြု၍ ဆောင်၏၊ ကောင်းစွာ ဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၏။

ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကို ပြု၍ ကောင်းစွာဆောင်၍ ကောင်းစွာ ဆုံးဖြတ်ခြင်းကိုပြု၍ ဗဟိဒ္ဓသန္တာန်၌ ဩဒါတနိမိတ်၌ စိတ်ကိုရှေးရှုဆောင်၏၊ ဩဒါတဟူသော သညာကိုရ၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကိုပြု၏၊ ကောင်းစွာဆောင်ခြင်းကို ပြု၍ဆောင်၏၊ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာ ယူခြင်းကိုပြု၍ ကောင်းစွာ ဆောင်ခြင်းကိုပြု၍ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၍ အစမှ မှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာလေ့လာ၏။

ထိုပုဂ္ဂိုလ်အား ဤသို့ စိတ်အကြံသည်ဖြစ်၏၊ "ဤဩဒါတနိမိတ်သည် အဇ္ဈတ္တသန္တာန်၌၎င်း ဗဟိဒ္ဓသန္တာန်၌၎င်း နှစ်ပါးစုံ၌၎င်း ဤရုပ်ပင်တည်း"ဟု ရူပသညာအမှတ်ရှိ၏။ ဤသို့ရုပ်ရှိသော ပုဂ္ဂိုလ်သည် ရုပ်တို့ကိုရှု၏၊ ထို့ကြောင့် ဝိမောက္ခမည်၏။ (၃၇)

အဘယ်သို့လျှင် အဇ္ဈတ္တသန္တာန်၌ အရူပသညာရှိ၏ဟု အမှတ်ရှိသည်ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ရုပ်တို့ကိုရှုသောကြောင့် ဝိမောက္ခမည်သနည်း။

http://www.dhammadownload.com



ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ ကိုယ်ကိုစွဲ၍ဖြစ်သော နီလနိမိတ်ကို နှလုံးမသွင်း၊ (ထို နီလနိမိတ်၌) နီလဟူသောသညာကိုမရ၊ ဗဟိဒ္ဓသန္တာန်၌ နီလနိမိတ်၌ စိတ်ကိုရှေးရှုဆောင်၏၊ (ထိုနီလနိမိတ်၌) နီလဟူသောသညာကို ရ၏။ ထိုပုဂ္ဂိုလ်သည် ကောင်းစွာယူခြင်းကိုပြု၏၊ ကောင်းစွာဆောင်ခြင်းကို ပြု၍ဆောင်၏၊ ကောင်းစွာဆုံးဖြတ်ခြင်းကိုဆုံးဖြတ်၏။ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာ ယူခြင်းကိုပြု၍ ကောင်းစွာဆောင်၍ ကောင်းစွာဆုံးဖြတ်ခြင်းကိုပြု၍ အစမှုမှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ လေ့လာ၏။

ထိုပုဂ္ဂိုလ်အား "ဤနိမိတ်သည် အဇ္ဈတ္တသန္တာန်၌ ရူပနိမိတ်မရှိ၊ ဗဟိဒ္ဓသန္တာန်၌ ရုပ်တည်း" ဟု ရူပသညာ အမှတ်ရှိ၏။ ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အဇ္ဈတ္တသန္တာန်၌ ကိုယ်ကိုစွဲ၍ဖြစ်သောပီတနိမိတ်ကို။ပ။ လောဟိတနိမိတ်ကို။ပ။ ဩဒါတနိမိတ်ကို နှလုံးမသွင်း၊ ဩဒါတဟူသောသညာကိုမရ၊ ဗဟိဒ္ဓသန္တာန်၌ ဩဒါတနိမိတ်၌ စိတ်ကိုရှေးရှုဆောင်၏၊ ဩဒါတဟူသောသညာကို ရ၏။ ထိုပုဂ္ဂိုလ်သည် နိမိတ်ကို ကောင်းစွာ ယူခြင်းကိုပြု၏၊ ကောင်းစွာဆောင်ခြင်းကိုပြု၍ ဆောင်၏၊ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၏၊ ထိုပုဂ္ဂိုလ်သည် ထိုနိမိတ်ကို ကောင်းစွာယူခြင်းကိုပြု၍ ကောင်းစွာဆောင်၍ ကောင်းစွာဆုံးဖြတ်ခြင်းကို ဆုံးဖြတ်၍ အစမှုမှီဝဲ၏၊ ပွါးများ၏၊ ကြိမ်ဖန်များစွာ လေ့လာ၏။

ထိုပုဂ္ဂိုလ်အား "ဤနိမိတ်သည် အဇ္ဈတ္တသန္တာန်၌ ရူပနိမိတ်မရှိ၊ ဗဟိဒ္ဓသန္တာန်၌ ရုပ်တည်း"၊ ဤသို့ရူပသညာရှိ၏ဟု အမှတ်ရှိ၏။ ဤသို့အဇ္ဈတ္တသန္တာန်၌ အရူပသညာရှိ၏ဟု အမှတ်ရှိသည်ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ရုပ်တို့ကိုရှုသောကြောင့် ဝိမောက္ခမည်၏။ (၃၈)

အဘယ်သို့ "သုဘ"ဟူ၍သာလျှင် နှလုံးသွင်းသောကြောင့် ဝိမောက္ခ မည်သနည်း။ ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့်ပြည့်စုံသောစိတ်ဖြင့် တခုသောအရပ်ကို နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သောအရပ်ကို။ ထို့အတူ သုံးခုမြောက်သောအရပ်ကို။ ထို့အတူ လေးခုမြောက်သောအရပ်ကို။ ဤသို့ အထက်အရပ်ကို။ အောက်အရပ်ကို။ ဘီလာ (ပတ်ဝန်းကျင်)အရပ်ကို" အလုံးစုံသောအရပ်၌ အလုံးစုံသောသတ္တဝါတို့၌ ကိုယ်တူပြုသဖြင့် အလုံးစုံသောသတ္တဝါရှိသော လောကကို မေတ္တာနှင့်ပြည့်စုံသော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ရောက်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့်နှံ့စေ၍ နေ၏၊ မေတ္တာကို ပွါးများခြင်းကြောင့် သတ္တဝါတို့သည် ရွံရှာခြင်းကင်းကုန်၏။

ကရုဏာနှင့်ပြည့်စုံသောစိတ်ဖြင့်။ပ။ ကရုဏာကိုပွါးများခြင်းကြောင့် သတ္တဝါတို့သည် ရွံရှာခြင်းကင်းကုန်၏။

မုဒိတာနှင့်ပြည့်စုံသောစိတ်ဖြင့်။ပ။ မုဒိတာကိုပွါးများခြင်းကြောင့် သတ္တဝါတို့သည် ရွံရှာခြင်းကင်းကုန်၏။

ဥပေက္ခာနှင့်ပြည့်စုံသောစိတ်ဖြင့် တခုသောအရပ်ကို နှံ့စေ၍ နေ၏။ပ။ ဥပေက္ခာကိုပွါးများခြင်းကြောင့် သတ္တဝါတို့သည် ရွံရှာခြင်းကင်းကုန်၏။

ဤသို့ "သုဘ"ဟူ၍သာလျှင် နှလုံးသွင်းသောကြောင့် ဝိမောက္ခမည်၏။ (၃၉)

http://www.dhammadownload.com



၂၁၃။ အာကာသာနဉ္စာယတနသမာပတ္တိ ဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည်အလုံးစုံသောအခြင်းအရာအားဖြင့် ရူပါဝစရစျာန်သညာတို့ကို လွန်မြောက်ခြင်းကြောင့် ပဋိဃသညာတို့၏ ချုပ်ခြင်း နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံးမရှိ"ဟု အာကာသာနဉ္စာယတနစျာန်ကို ပြည့်စုံစေ၍နေ၏။ ဤသည်လျှင် အာကာသာနဉ္စာယတနသမာပတ္တိဝိမောက္ခမည်၏။ (၄၀)

ဝိညာဏဉ္စာယတနသမာပတ္တိဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသောအခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု ဝိညာဏဉ္စာယတနစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသည်လျှင် ဝိညာဏဉ္စာယတန သမာပတ္တိဝိမောက္ခမည်၏။ (၄၁)

အာကိဉ္စညာယတနသမာပတ္တိဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသောအခြင်းအရာအားဖြင့် ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "တစုံတခုသည် မရှိ"ဟု အာကိဉ္စညာယတနစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသည်လျှင် အာကိဉ္စညာယတန သမာပတ္တိဝိမောက္ခမည်၏။ (၄၂)

နေဝသညာနာသညာယတနသမာပတ္တိ ဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော အခြင်းအရာအားဖြင့် အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနစျာန်ကို ပြည့်စုံစေ၍နေ၏။ ဤသည်လျှင် နေဝသညာနာသညာယတန သမာပတ္တိဝိမောက္ခမည်၏။ (၄၃)

သညာဝေဒယိတနိရောဓသမာပတ္တိ ဝိမောက္ခသည် အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော အခြင်းအရာအားဖြင့် နေဝသညာနာသညာယတန စျာန်ကို လွန်မြောက်၍ သညာဖြင့်ခံစားအပ်သော ချုပ်ခြင်းကို ပြည့်စုံစေ၍ နေ၏။ ဤသည်လျှင် သညာဝေဒယိတနိရောဓသမာပတ္တိဝိမောက္ခမည်၏။ (၄၄)

သမယဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သောစျာန်တို့သည်၎င်း လေးပါးကုန်သော အရူပသမာပတ်တို့သည်၎င်း။ ဤသည်လျှင် သမယဝိမောက္ခတည်း။ (၄၅)

အသမယဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ ဤသည်လျှင် အသမယဝိမောက္ခတည်း။ (၄၆)

သာမယိကဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန် သော အရူပသမာပတ်တို့သည်၎င်း။ ဤသည်လျှင် သာမယိကဝိမောက္ခတည်း။ (၄၇)

အသာမယိကဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ ဤသည်လျှင် အသာမယိကဝိမောက္ခတည်း။ (၄၈)

ကုပ္ပဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပ သမာပတ်တို့သည်၎င်း။ ဤသည်လျှင် ကုပ္ပဝိမောက္ခတည်း။ (၄၉)

http://www.dhammadownload.com



အကုပ္ပဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ ဤသည်လျှင် အကုပ္ပဝိမောက္ခတည်း။ (၅၀)

လောကိယဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပသမာပတ်တို့သည်၎င်း။ ဤသည်လျှင် လောကိယဝိမောက္ခတည်း။ (၅၁)

လောကုတ္တရာဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ ဤသည်လျှင် လောကုတ္တရာ ဝိမောက္ခတည်း။ (၅၂)

သာသဝဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပ သမာပတ်တို့သည်၎င်း။ ဤသည်လျှင် သာသဝဝိမောက္ခတည်း။ (၅၃)

အနာသဝဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ ဤသည်လျှင် အနာသဝဝိမောက္ခတည်း။ (၅၄)

သာမိသဝိမောက္ခသည် အဘယ်နည်း။ ရူပစျာန်နှင့်စပ်သော ဝိမောက္ခသည် သာမိသ ဝိမောက္ခတည်း။ (၅၅)

နိရာမိသဝိမောက္ခသည် အဘယ်နည်း။ အရူပစျာန်နှင့်စပ်သော ဝိမောက္ခသည် နိရာမိသ ဝိမောက္ခတည်း။ (၅၆)

နိရာမိသာနိရာမိသတရဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမည ဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း။ နိရာမိသာနိရာမိသတရဝိမောက္ခ တည်း။ (၅၇)

ပဏိဟိတဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပ သမာပတ်တို့သည်၎င်း ပဏိဟိတဝိမောက္ခတည်း။

အပ္ပဏိဟိတဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း အပ္ပဏိဟိတဝိမောက္ခတည်း။ (၅၈)

ပဏိဟိတပ္ပဋိပ္ပဿဒ္ဓိဝိမောက္ခသည် အဘယ်နည်း။ ပဌမစျာန်ကို ရခြင်းသည်၎င်း ဝိပါက်သည်၎င်း။ပ။ နေဝသညာနာသညာယတနသမာပတ်ကို ရခြင်းသည်၎င်း ဝိပါက်သည်၎င်း ပဏိဟိတပ္ပဋိပ္ပဿဒ္ဓိဝိမောက္ခတည်း။ (၅၉)

သညုတ္တဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပ သမာပတ်တို့သည်၎င်း သညုတ္တဝိမောက္ခတည်း။ (၆၀)

ဝိသညုတ္တဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်သည်တို့၎င်း နိဗ္ဗာန်သည်၎င်း ဝိသညုတ္တဝိမောက္ခတည်း။ (၆၁)

ဧကတ္တဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော အရိယာမဂ်တို့သည်၎င်း လေးပါးကုန်သော သာမညဖိုလ်တို့သည်၎င်း နိဗ္ဗာန်သည်၎င်း ဧကတ္တဝိမောက္ခတည်း။ (၆၂)

http://www.dhammadownload.com



နာနတ္တဝိမောက္ခသည် အဘယ်နည်း။ လေးပါးကုန်သော စျာန်တို့သည်၎င်း လေးပါးကုန်သော အရူပ သမာပတ်တို့သည်၎င်း နာနတ္တဝိမောက္ခတည်း။ (၆၃)

၂၁၄။ သညာဝိမောက္ခသည် အဘယ်နည်း။ တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သညာဝိမောက္ခတို့သည် ဖြစ်ကုန်၏။ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသောဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော သညာဝိမောက္ခသည် ဖြစ်ရာ၏။

သိယာဟူသည်၌ အဘယ်သို့လျှင် ဖြစ်ရာသနည်း။ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသော အားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ ဆင်းရဲဟု အဖန်ဖန်ရှုသော ဉာဏ်သည် ချမ်းသာအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသောဉာဏ်သည် အတ္တအားဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် သညာဝိမောက္ခ မည်၏။

ငြီးငွေ့ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် နှစ်သက်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် သညာဝိမောက္ခ မည်၏။

ရာဂကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် တပ်မက်ဖွယ်အားဖြင့်ဖြစ်သော သညာမှ လွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ ချုပ်ခြင်းကိုအဖန်ဖန်ရှုသောဉာဏ်သည် ဖြစ်ကြောင်း အားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ တဖန်စွန့်ခြင်းကို အဖန်ဖန် ရှုသောဉာဏ်သည် စွဲယူခြင်းအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် နိမိတ္တအားဖြင့်ဖြစ်သော သညာမှလွတ်သော ကြောင့် သညာဝိမောက္ခ မည်၏၊ တောင့်တမှုကင်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တ ခြင်းဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏၊ ဆိတ်သုဉ်းခြင်းကို အဖန်ဖန် ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာ ဝိမောက္ခ မည်၏။

ဤသို့ တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသောသညာဝိမောက္ခတို့သည် ဖြစ်ကုန် ၏။ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏အစွမ်းအားဖြင့် ဆယ်ပါးသောသညာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏။

ရုပ်၌မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသောအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏။ပ။ ရုပ်၌ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံး သွင်းခြင်းအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ မည်၏။

ဤသို့ တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သညာဝိမောက္ခတို့သည် ဖြစ် ကုန်၏။ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏အစွမ်းအားဖြင့် ဆယ်ပါးသောသညာဝိမောက္ခ တို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏။

ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်း သေခြင်း၌ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသောအားဖြင့်ဖြစ်သော သညာမှလွတ်သောကြောင့် သညာဝိမောက္ခ

http://www.dhammadownload.com



မည်၏။ ပ။ အိုခြင်း သေခြင်း၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံး သွင်းခြင်းအားဖြင့်ဖြစ်သော သညာမှလွတ်မြောက်သောကြောင့် သညာဝိမောက္ခ မည်၏။

ဤသို့ တခုသော သညာဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သညာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏အစွမ်းအားဖြင့် ဆယ်ပါးသော သညာဝိမောက္ခ တို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏။ ဤသည် လျှင် သညာဝိမောက္ခတည်း။ (၆၄)

၂၁၅။ ဉာဏဝိမောက္ခသည် အဘယ်နည်း။ တခုသော ဉာဏဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ် ပါးသော ဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏။ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်း အားဖြင့် ဆယ်ပါးသော သညာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တခုသော သညာဝိမောက္ခသည် ဖြစ်ရာ၏။

သိယာဟူရာ၌ အဘယ်သို့လျှင် ဖြစ်ရာသနည်း၊ မမြဲဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် မြဲသောအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ဆင်းရဲဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် ချမ်းသာအားဖြင့် တွေဝေ သည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် အတ္တ အားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာသိသောဉာဏ်သည် အတ္တအားဖြင့် နှစ်သက် ခြင်းဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော ပသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ရာဂကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် ရာဂအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ချုပ်ရာနိဗ္ဗာန်ကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် ဖြစ်ကြောင်း အားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် စွဲယူခြင်းအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

အနိမိတ္တဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာသိသောဉာဏ်သည် နိမိတ္တအားဖြင့် တွေဝေ သည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

တောင့်တခြင်းမရှိသည်ကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာသိသောဉာဏ်သည် တောင့်တ ခြင်းအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် မှားသောနှလုံး သွင်းခြင်းအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

http://www.dhammadownload.com



ဤသို့ တပါးသော ဉာဏဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော ဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော သညာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တခုသောသညာဝိမောက္ခသည် ဖြစ်ရာ၏။

ရုပ်၌မမြဲဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် မြဲသောအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။ပ။

ရုပ်၌ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် မှားသော နှလုံးသွင်းခြင်းအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ဤသို့ တပါးသောဉာဏဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော ဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော ဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသောဉာဏဝိမောက္ခသည် ဖြစ်ရာ၏။

ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်း သေခြင်း၌ မမြဲဟု အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည် မြဲသောအားဖြင့် တွေဝေသည်ဖြစ်၍ ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။ပ။

အိုခြင်း သေခြင်း၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဖြင့် ဟုတ်တိုင်းမှန်စွာသိသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့် တွေဝေသည်ဖြစ်၍ဖြစ်သော မသိခြင်းမှလွတ်သောကြောင့် ဉာဏဝိမောက္ခ မည်၏။

ဤသို့ တပါးသောဉာဏဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသောဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသောဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသောဉာဏဝိမောက္ခသည် ဖြစ်ရာ၏။ဤသည်လျှင် ဉာဏဝိမောက္ခတည်း။ (၆၅)

၂၁၆။ သီတိသိယာဝိမောက္ခသည် အဘယ်နည်း။ တပါးသော သီတိသိယာဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သီတိသိယာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသော ဝတ္ထု၏အစွမ်းအားဖြင့် ဆယ်ပါးသောဉာဏဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော ဉာဏဝိမောက္ခသည် ဖြစ်ရာ၏။

သိယာဟူရာ၌ အဘယ်သို့လျှင်ဖြစ်ရာသနည်း။ မမြဲဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် မြဲသောအားဖြင့်ဖြစ်သောပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏၊ ဆင်းရဲဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် ချမ်းသာအားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် အတ္တအားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

http://www.dhammadownload.com



ငြိုးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သိတိဘာဝဉာဏ်သည် နှစ်သက်ခြင်း အားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သော ကြောင့် သီတိသိယာဝိမောက္ခ မည်၏။

တပ်ခြင်းကင်းရာနိဗ္ဗာန်ဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် တပ်မက်သောအားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် ဖြစ်ကြောင်း'သမုဒယ'အားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

တဖန်စွန့်ခြင်းကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် စွဲယူသော အားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သော ကြောင့် သီတိသိယာဝိမောက္ခ မည်၏။

အနိမိတ္တကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် နိမိတ္တအားဖြင့် ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

တောင့်တခြင်းမရှိသည်ကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် တောင့်တခြင်းအားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် မှားသော နှလုံးသွင်းခြင်းအားဖြင့်ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခ မည်၏။

ဤသို့ တပါးသော သီတိသိယာ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သီတိသိယာ ဝိမောက္ခ တို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော သီတိသိယာ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော သီတိသိယာ ဝိမောက္ခသည်ဖြစ်ရာ၏။

ရုပ်၌ မမြဲဟု အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် မြဲသောအားဖြင့် ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခမည်၏။ပ။

ရုပ်၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် မှား သောနှလုံးသွင်းခြင်းအားဖြင့် ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ် တတ်သောကြောင့် သီတိသိယာ ဝိမောက္ခမည်၏။

ဤသို့ တပါးသော သီတိသိယာ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သီတိသိယာ ဝိမောက္ခ တို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော

http://www.dhammadownload.com



သီတိသိယာဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော သီတိသိယာ ဝိမောက္ခသည် ဖြစ်ရာ၏။

ဝေဒနာ၌။ပ။သညာ၌။သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။အိုခြင်း သေခြင်း၌ မမြဲဟု အဖန် ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ်သည် မြဲသောအားဖြင့် ဖြစ်သော ပြင်းစွာ ပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာ ဝိမောက္ခမည်၏။ပ။

အိုခြင်းသေခြင်း၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းဟူသော လွန်မြတ်သော သီတိဘာဝဉာဏ် သည် မှားသော နှလုံးသွင်းခြင်းအားဖြင့် ဖြစ်သော ပြင်းစွာပူပန်ခြင်း ထက်ဝန်းကျင်ပူပန်ခြင်း အလွန်ပူပန်ခြင်းမှ လွတ်တတ်သောကြောင့် သီတိသိယာဝိမောက္ခမည်၏။

ဤသို့တပါးသော သီတိသိယာ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော သီတိသိယာ ဝိမောက္ခ တို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော သီတိသိယာ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော သီတိသိယာ ဝိမောက္ခသည် ဖြစ်ရာ၏။ ဤကား သီတိသိယာ ဝိမောက္ခတည်း။ (၆၆)။

၂၁၇။ ဈာနဝိမောက္ခသည် အဘယ်နည်း။ ဈာန်သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ကာမစ္ဆန္ဒကို လောင်စေတတ်သောကြောင့် ဈာန်မည်၏၊ ရှုဆဲဖြစ်၍ လွတ်တတ်သောကြောင့် ဈာန ဝိမောက္ခမည်၏၊ လောင်စေဆဲဖြစ်၍ လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏။ တရားတို့ သည် ရှုတတ်ကုန်၏၊ ဤသို့သော အနက်အားဖြင့်၎င်း၊ ကိလေသာတို့ကို လောင်စေတတ်၏၊ ဤသို့ သော အနက်အားဖြင့်၎င်း၊ ရှုတတ်သောတရားတို့ကို၎င်း၊ ပူလောင်စေတတ်သော ဘရားတို့ကို၎င်း သိတတ်သောကြောင့် ဈာနဝိမောက္ခမည်၏။

အဗျာပါဒသည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ဗျာပါဒကို လောင်စေတတ်သောကြောင့် ဈာန်မည်၏၊ ရှုဆဲဖြစ်၍ လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊ လောင်စေဆဲဖြစ်၍ လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏။ ဘရားတို့သည် ရှုတတ်ကုန်၏၊ ဤသို့သော အနက် အားဖြင့်၎င်း၊ ကိလေသာတို့ကို လောင်စေတတ်၏၊ ဤသို့သော အနက်အားဖြင့်၎င်း၊ ရှုတတ်ကုန် သောတရားတို့ကို၎င်း၊ပူလောင်စေတတ်သော တရားတို့ကို၎င်း သိတတ်သောကြောင့်ဈာနဝိမောက္ခ မည်၏။

အာလောကသညာသည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ထိနမိဒ္ဓကို လောင်စေတတ်သော ကြောင့် ဈာန်မည်၏။ပ။အဝိက္ခေပသည် ရှုစေတတ်သောကြောင့် ဈာန်မည်၏၊ ပျံ့လွင့်ခြင်းကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ ဓမ္မဝဝတ္ထာန်သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ယုံမှားခြင်းကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ ဉာဏ်သည် ရှုတတ်သောကြောင့် ဈာန် မည်၏၊ အဝိဇ္ဇာကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ ဝမ်းမြောက်ခြင်းသည် ရှုတတ်သော ကြောင့် ဈာန်မည်၏၊ မမွေ့လျော်ခြင်းကို လောင်စေတတ်သောကြောင့် ဈာန်မည်၏၊ ပဌမဈာန် သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ နီဝရဏတရားတို့ကို လောင်စေတတ်သောကြောင့် ဈာန် မည်၏။ ပ ။အရဟတ္တမဂ်သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ကိလေသာ အားလုံးတို့ကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ ရှုဆဲဖြစ်၍ လွတ်တတ်သောကြောင့် ဈာနဝိမောက္ခ

http://www.dhammadownload.com



မည်၏၊ လောင်စေသည်ဖြစ်၍ လွတ်တတ်သောကြောင့် ဈာနဝိမောက္ခမည်၏။ တရားတို့သည် ရှုတတ်ကုန်၏၊ ဤသို့သောအနက်အားဖြင့်၎င်း, ကိလေသာတို့ကို လောင်စေတတ်၏၊ ဤသို့သော အနက်အားဖြင့်၎င်း,ရှုတတ်သောတရားတို့ကို၎င်း,ပူလောင်စေတတ်သော တရားတို့ကို၎င်း သိတတ်သောကြောင့် ဈာနဝိမောက္ခမည်၏။ ဤကား ဈာနဝိမောက္ခတည်း။ (၆၇)။

၂၁၈။ အနုပါဒါစိတ္တဿ ဝိမောက္ခသည် အဘယ်နည်း။ တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နှစ်ဆယ့်ငါးပါးသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည် ဖြစ်ရာ၏။

သိယာ ဟူရာ၌ အဘယ်သို့လျှင် ဖြစ်ရာသနည်း၊ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသောအားဖြင့် ဖြစ်သောစွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ ဆင်းရဲဟု အဖန်ဖန်ရှုသောဉာဏ်သည် ချမ်းသာသောအားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ အနှစ်မရှိအလိုသို့ မလိုက်ဟု အဖန်ဖန်ရှုသော ဉာဏ်သည် အတ္တအားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသော ဉာဏ်သည် နှစ်သက်ခြင်းအားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ တပ်မက်ခြင်းကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် တပ်မက်ခြင်းအားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

ချုပ်ရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသော ဉာဏ်သည် ဖြစ်ကြောင်းအားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုသော ဉာဏ်သည် စွဲယူသောအားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် နိမိတ်အားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏၊ တောင့်တခြင်းမရှိသည်ကို အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်းအားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

ဤသို့တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည်ဖြစ်ကုန်၏၊နှစ်ဆယ့်ငါးပါးသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနပရိယာယ်အားဖြင့် တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည်ဖြစ်ရာ၏။

ရုပ်၌ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသောအားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှလွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ပ။

http://www.dhammadownload.com



ရုပ်၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်း အားဖြင့် ဖြစ်သော စွဲလမ်းခြင်းမှလွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

ဤသို့တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည် ဖြစ်ရာ၏၊ ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏ နိစ္စသညာစသော ဆယ်ပါးသော ဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနုပရိယာယ်အားဖြင့် တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည်ဖြစ်ရာ၏။

ဝေဒနာ၌။ပ။သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ မျက်စိ၌။ပ။ အိုခြင်းသေခြင်း၌ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် မြဲသောအားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှ လွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။ပ။

အိုခြင်းသေခြင်း၌ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်း အားဖြင့်ဖြစ်သော စွဲလမ်းခြင်းမှလွတ်တတ်သောကြောင့် အနုပါဒါစိတ္တဿ ဝိမောက္ခမည်၏။

ဤသို့တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည်ဖြစ်ရာ၏၊ ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ နိစ္စသညာစသော ဆယ်ပါးသောဝတ္ထု၏ အစွမ်းအားဖြင့် ဆယ်ပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခတို့သည် ဖြစ်ကုန်၏၊ ဝိမုစ္စနုပရိယာယ်အားဖြင့် တပါးသော အနုပါဒါစိတ္တဿ ဝိမောက္ခသည်ဖြစ်ရာ၏။

မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်မျှလောက်သော ဉပါဒါန်တို့မှ လွတ်သနည်း။ ဆင်းရဲဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်မျှလောက်သော ဉပါဒါန်တို့မှ လွတ်သနည်း၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်မျှလောက်သော ဉပါဒါန်တို့မှလွတ်သနည်း။

ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသောဉာဏ်သည်။ ပ ။တပ်မက်မှုကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုသော ဉာဏ်သည်။ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည်။ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန် ရှုသောဉာဏ်သည်။ အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည်။ အပ္ပဏိဟိတကို အဖန်ဖန်ရှုသော ဉာဏ်သည်။ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်မျှလောက်သော ဉပါဒါန်တို့မှ လွတ်သနည်း။

မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် သုံးပါးသောဉပါဒါန်တို့မှလွတ်၏၊ ဆင်းရဲဟု အဖန်ဖန် ရှုသောဉာဏ်သည် တပါးသောဉပါဒါန်မှလွတ်၏၊ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသော ဉာဏ်သည် သုံးပါးသောဉပါဒါန်တို့မှလွတ်၏၊ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသောဉာဏ်သည် တပါးသော ဉပါဒါန်မှလွတ်၏၊ တပ်မက်မှုကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် တပါးသော ဉပါဒါန်မှ လွတ်၏၊ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် လေးပါးသော ဉပါဒါန်တို့မှလွတ်၏၊ တဖန် စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် လေးပါးသောဉပါဒါန်တို့မှလွတ်၏၊ အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် သုံးပါးသော ဉပါဒါန်တို့မှလွတ်၏၊ အပ္ပဏိဟိတကို အဖန်ဖန်ရှုသော ဉာဏ်သည် တပါးသောဉပါဒါန်မှလွတ်၏၊ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် သုံးပါး သော ဉပါဒါန်တို့မှလွတ်၏။

မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်သုံးပါးသော ဉပါဒါန်တို့မှ လွတ်သနည်း။ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှလွတ်၏။ မမြဲဟု အဖန်ဖန်ရှုသောဉာဏ်သည် ဤသုံးပါး သော ဉပါဒါန်တို့မှလွတ်၏။

http://www.dhammadownload.com



**ဆင်းရဲဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်တပါးသော ဥပါဒါန်မှလွတ်သနည်း၊ ကာမုပါဒါန်မှလွတ်၏။** ဆင်းရဲဟု အဖန်ဖန်ရှုသောဉာဏ်သည် ဤတပါးသော ဥပါဒါန်မှလွတ်၏။

အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်သုံးပါးသော ဥပါဒါန်တို့မှ လွတ်သနည်း။ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှလွတ်၏။ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသောဉာဏ်သည် ဤသုံးပါးသောဥပါဒါန်တို့မှ လွတ်၏။

ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်တပါးသော ဥပါဒါန်မှ လွတ်သနည်း၊ ကာမုပါဒါန်မှလွတ်၏။ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသောဉာဏ်သည် ဤတပါးသော ဥပါဒါန်မှလွတ်၏။

တပ်မက်မှုကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်တပါးသော ဥပါဒါန်မှ လွတ်သနည်း။ ကာမုပါဒါန်မှလွတ်၏။ တပ်မက်မှုကင်းရာ နိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် ဤတပါးသော ဥပါဒါန်မှလွတ်၏။

ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်လေးပါးသော ဥပါဒါန်တို့မှလွတ်သနည်း။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှလွတ်၏။ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ်သည် ဤလေးပါးသော ဥပါဒါန်တို့မှလွတ်၏။

တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်လေးပါးသော ဥပါဒါန်တို့မှ လွတ်သနည်း။ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှ လွတ်၏။ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် ဤလေးပါးသော ဥပါဒါန်တို့မှလွတ်၏။

အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်သုံးပါးသော ဥပါဒါန်တို့မှ လွတ်သနည်း။ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှလွတ်၏။ အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ်သည် ဤသုံးပါးသော ဥပါဒါန်တို့မှလွတ်၏။

အပ္ပဏိဟိတကို အဖန်ဖန်ရှုသောဉာဏ်သည် အဘယ်တပါးသော ဥပါဒါန်မှ လွတ်သနည်း။ ကာမုပါဒါန်မှလွတ်၏။ အပ္ပဏိဟိတကို အဖန်ဖန်ရှုသော ဉာဏ်သည် ဤတပါးသော ဥပါဒါန်မှ လွတ်၏။

ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသော ဉာဏ်သည် အဘယ် သုံးပါးသော ဥပါဒါန်တို့မှ လွတ်သနည်း။ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှ လွတ်၏။ ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ်သည် ဤသုံးပါးသော ဥပါဒါန်တို့မှလွတ်၏။

မမြဲဟုအဖန်ဖန်ရှုသောဉာဏ် အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုသောဉာဏ် အနိမိတ္တကို အဖန်ဖန်ရှုသောဉာဏ် ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုသောဉာဏ် လေးပါးတို့သည် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူသော ဥပါဒါန်သုံးပါးတို့မှ လွတ်ကုန်၏။

ဆင်းရဲဟု အဖန်ဖန်ရှုသောဉာဏ် ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုသောဉာဏ် တပ်မက်မှုကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ် အပ္ပဏိဟိတကို အဖန်ဖန်ရှုသောဉာဏ်၊ ဤဉာဏ်လေးပါးတို့သည် ကာမုပါဒါန်ဟူသော တပါးသောဥပါဒါန်မှလွတ်ကုန်၏။

http://www.dhammadownload.com



ချုပ်ငြိမ်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုသောဉာဏ် တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုသောဉာဏ် ဟူသောဉာဏ်နှစ်ပါးတို့သည် ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်လေးပါးတို့မှ လွတ်ကုန်၏။ ဤကား အနုပါဒါစိတ္တဿ ဝိမောက္ခတည်း။ (၆၈)

ဝိမောက္ခကထာ ပဌမအခန်း ပြီး၏။

---

၂၁၉။ သုံးပါးသော ဤဝိမောက္ခတို့သည် ခတ်သုံးပါးဟူသောလောကမှ ထွက်မြောက်ခြင်းငှါ ဖြစ်ကုန်၏၊ သင်္ခါရအားလုံးတို့ကို (ဖြစ်ခြင်း ပျက်ခြင်း၏ အစွမ်းအားဖြင့်) ပိုင်းခြားသော အားဖြင့်၎င်း အဆုံးအားဖြင့်၎င်း ရှုသည်၏ အဖြစ်ဖြင့် လောကမှ ထွက်မြောက်၏၊ အနိမိတ္တ ဟူသော နိဗ္ဗာနခတ်သို့ စိတ်၏ဝင်သည်၏ အဖြစ်ဖြင့်လည်း လောကမှထွက်မြောက်၏။

အလုံးစုံသောသင်္ခါရတို့၌ စိတ်ထိတ်လန့်သည်၏ အဖြစ်ဖြင့် အပ္ပဏိဟိတဟူသော နိဗ္ဗာန ခတ်သို့ စိတ်၏ဝင်သည်၏အဖြစ်ဖြင့်လည်း လောကမှ ထွက်မြောက်၏။

အလုံးစုံသော တရားတို့ကို အနတ္တအားဖြင့် ရှုသည်၏အဖြစ်ဖြင့် သုညတဟူသော နိဗ္ဗာန ခတ်သို့ စိတ်၏ဝင်သည်၏အဖြစ်ဖြင့် လောကမှ ထွက်မြောက်၏။

ဤသုံးပါးသော ဝိမောက္ခတို့သည် ခတ်သုံးပါးဟူသော လောကမှ ထွက်မြောက်ခြင်းငှါ ဖြစ်ကုန်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့လျှင် သင်္ခါရတို့သည် ထင်ကုန် သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အဘယ်သို့လျှင် သင်္ခါရတို့သည် ထင်ကုန်သနည်း။ အနှစ်မရှိအလိုသို့ မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ် သို့လျှင် သင်္ခါရတို့သည် ထင်ကုန်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ကုန်ခန်းတတ်သောအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဘေးရှိသောအားဖြင့် သင်္ခါရ တို့သည် ထင်ကုန်၏၊ အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အတ္တမှ ကင်းဆိတ်သောအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း။ ဆင်းရဲသော အားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း။ အနှစ်မရှိ အလိုသို့မလိုက် သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆုံးဖြတ်ခြင်း'အဓိမောက္ခ'စိတ် အဖြစ်များ၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ငြိမ်းအေးခြင်း'ပဿဒ္ဓိ'စိတ် အဖြစ်များ၏၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဉာဏ်နှင့်ယှဉ်သောစိတ် အဖြစ်များ၏။

မမြဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'များသောပုဂ္ဂိုလ်သည် အဘယ်ဣန္ဒြေကိုရသနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းအေးခြင်း 'ပဿဒ္ဓိ'

http://www.dhammadownload.com



များသောပုဂ္ဂိုလ်သည် အဘယ်ဣန္ဒြေကိုရသနည်း။ အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ အသိဉာဏ်များသောပုဂ္ဂိုလ်သည် အဘယ်ဣန္ဒြေကိုရသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသောပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေကိုရ၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' များသော ပုဂ္ဂိုလ်သည် သမာဓိန္ဒြေကို ရ၏၊ အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ အသိဉာဏ်များသောပုဂ္ဂိုလ်သည် ပညိန္ဒြေကိုရ၏။

မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသော ပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် အကြီးအကဲဖြစ်သနည်း။ ဘာဝနာ၌ အဘယ်မျှသော ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း။ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း။ အညမညပစ္စည်း ဖြစ်ကုန်သနည်း။ နိဿယပစ္စည်း ဖြစ်ကုန်သနည်း။ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း။ တူသော ကိစ္စရှိကုန်သနည်း။ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း။ အဘယ်သူသည် ပွါးများသနည်း။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' များသော ပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် အကြီးအကဲဖြစ်သနည်း။ ဘာဝနာ၌ အဘယ်မျှသော ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း။ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း။ အညမညပစ္စည်း ဖြစ်ကုန်သနည်း။ နိဿယပစ္စည်းဖြစ်ကုန်သနည်း။ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်သနည်း။ တူသောကိစ္စ ရှိကုန်သနည်း။ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း။ အဘယ်သူသည် ပွါးများသနည်း။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် အကြီးအကဲဖြစ်သနည်း။ ဘာဝနာ၌ အဘယ်ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း။ သဟဇာတပစ္စည်းဖြစ်ကုန်သနည်း။ အညမညပစ္စည်း ဖြစ်ကုန်သနည်း။ နိဿယပစ္စည်းဖြစ်ကုန်သနည်း။ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း။ တူသောကိစ္စ ရှိကုန်သနည်း။ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း။ အဘယ်သူသည် ပွါးများသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသော ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊အညမညပစ္စည်းဖြစ်ကုန်၏၊နိဿယပစ္စည်းဖြစ်ကုန်၏၊သမ္ပယုတ္တပစ္စည် ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စရှိသော အနက်အားဖြင့် ဘာဝနာမည်၏၊ ကောင်းစွာကျင့်၏၊ ထိုပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကိုကျင့်သောပုဂ္ဂိုလ်အား ဣန္ဒြေကို ပွါးများခြင်းမရှိ။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' များသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် အကြီးအကဲ ဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသော ကိစ္စရှိသောသဘော အားဖြင့် ဘာဝနာမည်၏၊ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကိုကျင့်သော ပုဂ္ဂိုလ်အား ဣန္ဒြေကို ပွါးများခြင်းမရှိ။

http://www.dhammadownload.com



အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား ပညိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စရှိသောသဘောအားဖြင့် ဘာဝနာ မည်၏၊ ကောင်းစွာ ကျင့်သော ပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကို ကျင့်သော ပုဂ္ဂိုလ်အား ဣန္ဒြေကို ပွါးများခြင်းမရှိ။

၂၂၀။ မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသော ပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် အကြီးအကဲ ဖြစ်သနည်း။ ဘာဝနာ၌ အဘယ်ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတ ပစ္စည်းဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ ထိုးထွင်း၍သိသော ကာလ၌ အဘယ်ဣန္ဒြေသည် အကြီးအကဲ ဖြစ်သနည်း၊ ထိုးထွင်း၍သိခြင်း၌ အဘယ်ဣန္ဒြေတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်သနည်း၊ တူသောကိစ္စ ရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သဘောကြောင့် ပဋိဝေဓ မည်သနည်း။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' များသော ပုဂ္ဂိုလ်အား အဘယ် ဣန္ဒြေသည် အကြီးအကဲ ဖြစ်သနည်း၊ ဘာဝနာ၌ အဘယ် ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်သနည်း၊ ထိုးထွင်း၍ သိသောကာလ၌ အဘယ်ဣန္ဒြေသည် အကြီးအကဲဖြစ်သနည်း၊ ထိုးထွင်း၍ သိခြင်း၌ အဘယ် ဣန္ဒြေတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်းဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်သနည်း၊ တူသောကိစ္စ ရှိကုန်သနည်း၊ အဘယ် သဘောကြောင့် ဘာဝနာ မည်သနည်း၊ အဘယ် သဘောကြောင့် ပဋိဝေဓမည်သနည်း။

အနှစ်မရှိအလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် အကြီးအကဲဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်ဣန္ဒြေတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ ထိုးထွင်း၍ သိသောကာလ၌ အဘယ်ဣန္ဒြေသည် အကြီးအကဲ ဖြစ်သနည်း၊ ထိုးထွင်း၍ သိခြင်း၌ အဘယ် ဣန္ဒြေတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စ ရှိကုန်သနည်း၊ အဘယ်သဘောကြောင့်ဘာဝနာမည်သနည်း၊ အဘယ်သဘောကြောင့် ပဋိဝေဓ မည်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသော ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်

http://www.dhammadownload.com



ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိသောကာလ၌ ပညိန္ဒြေသည် အကြီးအကဲ ဖြစ်၏၊ ထိုးထွင်း၍သိခြင်း၌ ဣန္ဒြေလေးပါးတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသော ကိစ္စရှိကုန်၏၊ တူသော ကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ သိမြင်တတ်သော သဘောကြောင့် ပဋိဝေဓမည်၏။ ဤသို့ထိုးထွင်း၍သိသည်ဖြစ်၍လည်း ပွါးများ၏၊ ပွါးများ၍လည်း ထိုးထွင်း၍သိ၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းအေးခြင်း 'ပဿဒ္ဓိ' များသော ပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍ သိသောကာလ၌ ပညိန္ဒြေသည် အကြီးအကဲ ဖြစ်၏၊ ထိုးထွင်း၍သိခြင်း၌ ဣန္ဒြေလေးပါးတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ မြင်တတ်သော သဘောအားဖြင့် ပဋိဝေဓမည်၏။ ဤသို့ ထိုးထွင်း၍ သိသည်ဖြစ်၍လည်း ပွါးများ၏၊ ပွါးများ၍လည်း ထိုးထွင်း၍ သိ၏။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား ပညိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ ဣန္ဒြေလေးပါးတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်၏၊ ထိုးထွင်း၍သိသောကာလ၌လည်း ပညိန္ဒြေသည် အကြီးအကဲဖြစ်၏၊ ထိုးထွင်း၍သိခြင်း၌ ဣန္ဒြေလေးပါးတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသော ကိစ္စရှိကုန်၏၊ တူသော ကိစ္စသဘောကြောင့် ဘာဝနာ မည်၏၊ သိမြင်တတ်သော သဘောကြောင့် ပဋိဝေဓမည်၏။ ဤသို့ ထိုးထွင်း၍သိသည်ဖြစ်၍လည်း ပွါးများ၏၊ ပွါးများ၍လည်း ထိုးထွင်း၍သိ၏။

၂၂၁။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် လွန်ကဲသနည်း။ အဘယ်ဣန္ဒြေ၏ လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တ ဖြစ်သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် လွန်ကဲသနည်း။ အဘယ်ဣန္ဒြေ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်သနည်း။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်ဣန္ဒြေသည် လွန်ကဲသနည်း။ အဘယ်ဣန္ဒြေ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တ ဖြစ်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်၏။

http://www.dhammadownload.com



အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်၏။

(သောတာပတ္တိမဂ်ခဏ၌) ယုံကြည်သည်ဖြစ်၍ (လေးပါးသောဖိုလ်ခဏတို့၌လည်း) လွတ်တတ်သောကြောင့် သဒ္ဓါဝိမုတ္တ မည်၏၊ (ဈာန်ဖဿကို) တွေ့ထိသည်၏အဖြစ်ကြောင့် (နိဗ္ဗာန်ကို) မျက်မှောက်ပြု၏၊ ထို့ကြောင့် ကာယသက္ခိ မည်၏၊ နိဗ္ဗာန်ကိုမြင်သည်၏အဖြစ်ကြောင့် ဒိဋ္ဌိပ္ပတ္တ မည်၏။

ယုံကြည်သည်ဖြစ်၍ လွတ်တတ်သောကြောင့် သဒ္ဓါဝိမုတ္တ မည်၏၊ ဈာန်ဖဿကို ရှေးဦးစွာ တွေ့ထိ၏၊ နောက်မှ ချုပ်ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သောကြောင့် ကာယသက္ခိ မည်၏၊ "သင်္ခါရတို့သည် ဆင်းရဲကုန်၏၊ သင်္ခါရတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည် ချမ်းသာ၏" ဟု သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားစေအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့်တွေ့ထိအပ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တ မည်၏။

အကြင်ပုဂ္ဂိုလ်သည် ယုံကြည်သည်ဖြစ်၍ လွတ်တတ်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဈာန်ဖဿကိုတွေ့ထိပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုတတ်သော ကာယသက္ခိပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ပညိန္ဒြေဟု ဆိုအပ်သောဒိဋ္ဌိဖြင့် နိဗ္ဗာန်သို့ရောက်သော ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ဝတ္ထု၏အစွမ်းအားဖြင့်၎င်း ပရိယာယ်အားဖြင့်၎င်း သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ကာယသက္ခိပုဂ္ဂိုလ် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

သိယာဟူရာ၌ အဘယ်သို့လျှင်ဖြစ်ကုန်သနည်း၊ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တ ဖြစ်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တ ဖြစ်၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တ ဖြစ်၏။ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တ ဖြစ်ကုန်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်၏။ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ကာယသက္ခိ မည်၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်၏။

ဒု မြန် ၉-၂၀

http://www.dhammadownload.com



ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်၏။ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တ မည်၏။

အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ကာယသက္ခိပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ဝတ္ထု၏အစွမ်းအားဖြင့်ငှင်း ပရိယာယ်အားဖြင့်ငှင်း သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ကာယသက္ခိပုဂ္ဂိုလ် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်ရာ၏။

အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ကာယသက္ခိပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ ဤပုဂ္ဂိုလ် သုံးယောက် ာို့သည်။ပ။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည် တပါးတခြား၊ ကာယသက္ခိပုဂ္ဂိုလ်သည် တပါးတခြား၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် တပါးတခြားတည်း။

သိယာဟူရာ၌ အဘယ်သို့လျှင် ဖြစ်ကုန်ရာသနည်း၊ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တဖြစ်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိ ဖြစ်၏။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တ ဖြစ်၏။

အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ကာယသက္ခိပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ အကြင်ပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည်လည်း ဖြစ်၏၊ ဤသို့ ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ဝတ္ထု၏အစွမ်းအားဖြင့်ငှင်း ပရိယာယ်အားဖြင့်ငှင်း သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ကာယသက္ခိပုဂ္ဂိုလ် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်ရာ၏။

သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်သည် တပါးတခြား၊ ကာယသက္ခိပုဂ္ဂိုလ်သည် တပါးတခြား၊ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်သည် တပါးတခြားတည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏ လွန်ကဲခြင်းကြောင့် သောတာပတ္တိမဂ်ကိုရ၏၊ ထို့ကြောင့် သဒ္ဓါနုသာရီဟု ဆိုအပ်၏၊ ဣန္ဒြေလေးပါးတို့သည် ထိုသဒ္ဓါသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။

သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများ၏၊ အလုံးစုံသောပုဂ္ဂိုလ်တို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သောတာပတ္တိမဂ်ကို ရကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓါနုသာရီပုဂ္ဂိုလ်တို့ မည်ကုန်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု၏၊ ထို့ကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏၊ ဣန္ဒြေလေးပါးတို့သည် ထိုသဒ္ဓါသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမည

http://www.dhammadownload.com



ပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများအပ်ကုန်၏၊ ကောင်းစွာပွါးများအပ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟူ၍ မည်ကုန်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် လွန်ကဲ၏၊ သဒ္ဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သကဒါဂါမိမဂ်ကို ရ၏။ပ။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြု၏။ အနာဂါမိမဂ်ကို ရ၏၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြု၏။ အရဟတ္တမဂ်ကို ရ၏၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ ထို့ကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဣန္ဒြေလေးပါးဟူသည် ထိုသဒ္ဓါသို့ အစဉ်လိုက်ကုန်၏။ပ။ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများအပ်ကုန်၏၊ ကောင်းစွာပွါးများအပ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဟူ၍ ဖြစ်ကုန်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သောတာပတ္တိမဂ်ကို ရ၏။ ထို့ကြောင့် ကာယသက္ခိပုဂ္ဂိုလ်ဟု ဆိုအပ်၏၊ ဣန္ဒြေလေးပါးတို့သည် ထိုသမာဓိသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏။ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများ၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် သမာဓိန္ဒြေ၏အစွမ်းအားဖြင့် သောတာပတ္တိမဂ်ကို ရကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ကာယသက္ခိပုဂ္ဂိုလ်တို့ မည်ကုန်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် လွန်ကဲ၏၊ သမာဓိန္ဒြေ၏လွန်ကဲခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုအပ်၏၊ သကဒါဂါမိမဂ်ကို ရ၏၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုအပ်၏။ အနာဂါမိမဂ်ကို ရ၏၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုအပ်၏။ အရဟတ္တမဂ်ကို ရ၏၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်၏။ ထို့ကြောင့် ကာယသက္ခိပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဣန္ဒြေလေးပါးတို့သည် ထိုသမာဓိသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများအပ်ကုန်၏၊ ကောင်းစွာ ပွါးများအပ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် သမာဓိန္ဒြေ၏အစွမ်းအားဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ကာယသက္ခိပုဂ္ဂိုလ်တို့ မည်ကုန်၏။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏ လွန်ကဲခြင်းကြောင့် သောတာပတ္တိမဂ်ကို ရ၏။ ထို့ကြောင့် ဓမ္မာနုသာရီပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဣန္ဒြေလေးပါးတို့သည် ထိုပညာသို့ အစဉ်လိုက်ကုန်၏။ပ။ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများ၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ပညိန္ဒြေ၏အစွမ်းအားဖြင့် သောတာပတ္တိမဂ်ကို ရကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ဓမ္မာနုသာရီပုဂ္ဂိုလ်တို့ မည်ကုန်၏။

http://www.dhammadownload.com



အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏လွန်ကဲခြင်းကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုအပ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဤန္ဒြေလေးပါးတို့သည် ထိုပညာသို့ အစဉ်လိုက်ကုန်၏။ပ။ သမ္မယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများအပ်ကုန်၏၊ ကောင်းစွာပွါးများ အပ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ပညိန္ဒြေ၏အစွမ်းအားဖြင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြု အပ်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ဒိဋ္ဌိပ္ပတ္တ မည်ကုန်၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပညိန္ဒြေသည် လွန်ကဲ၏၊ ပညိန္ဒြေ၏လွန်ကဲခြင်းကြောင့် သကဒါဂါမိမဂ်ကို ရ၏၊ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုအပ်၏။ အနာဂါမိမဂ်ကို ရ၏၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုအပ်၏။ အရဟတ္တမဂ်ကို ရ၏၊ အရဟတ္တ ဖိုလ်ကို မျက်မှောက်ပြုအပ်၏။ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဟု ဆိုအပ်၏။ ဣန္ဒြေလေးပါးတို့သည် ထိုပညာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယ ပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဣန္ဒြေလေးပါးတို့ကို ပွါးများအပ်ကုန်၏၊ ကောင်းစွာပွါးများအပ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ပညိန္ဒြေ၏အစွမ်းအားဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုအပ်၏ ထိုပုဂ္ဂိုလ်အားလုံးတို့သည် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် မည်ကုန်၏။

၂၂၂။ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ဈာန်ကို ရှေးကပွါးများပြီးလည်း ဖြစ်ကုန်၏၊ ပွါးများ ဆဲလည်း ဖြစ်ကုန်၏၊ ပွါးများလတ္တံ့လည်း ဖြစ်ကုန်၏၊ ရှေးက ရပြီးလည်း ဖြစ်ကုန်၏၊ ရဆဲလည်း ဖြစ်ကုန်၏၊ ရလတ္တံ့လည်း ဖြစ်ကုန်၏၊ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ သီးခြားရပြီးလည်း ဖြစ်ကုန်၏၊ သီးခြားရဆဲလည်း ဖြစ်ကုန်၏၊ သီးခြားရလတ္တံ့လည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိပြီးလည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိဆဲလည်း ဖြစ် ကုန်၏၊ ထိုးထွင်း၍သိလတ္တံ့လည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုပြီးလည်း ဖြစ်ကုန်၏၊ မျက်မှောက် ပြုဆဲလည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုလတ္တံ့လည်း ဖြစ်ကုန်၏၊ တွေ့ထိပြီးလည်း ဖြစ်ကုန်၏၊ တွေ့ထိ ဆဲလည်း ဖြစ်ကုန်၏၊ တွေ့ထိလတ္တံ့လည်း ဖြစ်ကုန်၏၊ လေ့လာသည့်အဖြစ်သို့ ရောက်ပြီးလည်း ဖြစ် ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ အထွတ်အထိပ်သို့ ရောက်ပြီး လည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ ရဲရင့်သည့်အဖြစ်သို့ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ် အားလုံးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် မေတ္တာကို။ပ။အာလောကသညာကို။ မပျံ့လွင့်ခြင်းကို။ တရားကို ပိုင်းခြားမှတ်သားခြင်းကို။ ဉာဏ်ကို ဝမ်းမြောက်ခြင်းကို။ ပဌမဈာန်ကို။ ဒုတိယဈာန်ကို။ တတိယ ဈာန်ကို။ စတုတ္ထဈာန်ကို။ အာကာသာနဉ္စာယတနသမာပတ်ကို။ ဝိညာဏဉ္စာယတနသမာပတ်ကို။ အာကိဉ္စညာယတနသမာပတ်ကို။ နေဝသညာနာသညာယတနသမာပတ်ကို။ မမြဲဟု အဖန်ဖန်

http://www.dhammadownload.com



ရှုခြင်းကို။ ဆင်းရဲဟု အဖန်ဖန်ရှုခြင်းကို။ အနှစ်မရှိ အလိုသို့မလိုက်ဟု အဖန်ဖန်ရှုခြင်းကို။ ငြီးငွေ့ဖွယ်ဟု အဖန်ဖန်ရှုခြင်းကို။ တပ်ခြင်းကင်းရာနိဗ္ဗာန်ကို အဖန်ဖန်ရှုခြင်းကို။ ချုပ်ခြင်းကို အဖန်ဖန်ရှုခြင်းကို။ တဖန်စွန့်လွှတ်ခြင်းကို အဖန်ဖန်ရှုခြင်းကို။ ကုန်ခန်းတတ်သောသဘောဟု အဖန်ဖန်ရှုခြင်းကို။ ပျက်တတ်သောသဘောဟု အဖန်ဖန်ရှုခြင်းကို။ ဖောက်ပြန်တတ်၏ဟု အဖန်ဖန်ရှုခြင်းကို။ အနိမိတ္တဟု အဖန်ဖန်ရှုခြင်းကို။ အပ္ပဏိဟိတဟု အဖန်ဖန်ရှုခြင်းကို။ သုညတဟု အဖန်ဖန်ရှုခြင်းကို။ လွန်ကဲသောပညာဖြင့် တရားကို အထူးရှုခြင်းကို။ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ကို အမြတ်ဟု အဖန်ဖန်ရှုခြင်းကို။ ပညာဖြင့်ဆင်ခြင်၍ အဖန်ဖန်ရှုခြင်းကို။ ဝဋ်မှကင်းခြင်းကို အဖန်ဖန်ရှုခြင်းကို။ သောတာပတ္တိမဂ်ကို။ သကဒါဂါမိမဂ်ကို။ အနာဂါမိမဂ်ကို။ အရဟတ္တမဂ်ကို။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် သတိပဋ္ဌာန်လေးပါးတို့ကို။ သမ္မပ္ပဓာန် လေးပါးတို့ကို။ ဣဒ္ဓိပါဒ်လေးပါးတို့ကို။ ဣန္ဒြေငါးပါးတို့ကို။ ဗိုလ်ငါးပါးတို့ကို။ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ မြတ်သော မဂ္ဂင်ရှစ်ပါးတို့ကို။ အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဝိမောက္ခရှစ်ပါးတို့ကို ပွါးများပြီးလည်းဖြစ်ကုန်၏၊ ပွါးများဆဲလည်းဖြစ်ကုန်၏၊ ပွါးများလတ္တံ့လည်း ဖြစ်ကုန်၏၊ ရပြီးလည်းဖြစ်ကုန်၏၊ ရဆဲလည်း ဖြစ်ကုန်၏၊ ရလတ္တံ့လည်းဖြစ်ကုန်၏၊ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်းဖြစ်ကုန်၏ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ သီးခြားရပြီးလည်းဖြစ်ကုန် ၏၊ သီးခြားရဆဲလည်းဖြစ်ကုန်၏၊ သီးခြားရလတ္တံ့လည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိပြီးလည်း ဖြစ်ကုန်၏၊ထိုးထွင်း၍သိဆဲလည်း ဖြစ်ကုန်၏၊ထိုးထွင်း၍သိလတ္တံ့လည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုပြီးလည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုဆဲလည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုလတ္တံ့လည်း ဖြစ်ကုန်၏၊ တွေ့ထိပြီးလည်း ဖြစ်ကုန်၏၊ တွေ့ထိဆဲလည်း ဖြစ်ကုန်၏၊ တွေ့ထိလတ္တံ့လည်း ဖြစ်ကုန်၏၊လေ့လာသည့်အဖြစ်သို့ ရောက်ပြီးလည်းဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ အထွတ်အထိပ်သို့ ရောက်ပြီးလည်းဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ ရဲရင့်သောအဖြစ်သို့ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏။

ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိ ပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ပဋိသမ္ဘိဒါလေးပါးတို့သို့ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏။ပ။ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဝိဇ္ဇာသုံးပါးတို့ကို ထိုးထွင်း၍သိပြီးလည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိဆဲလည်း ဖြစ်ကုန်၏၊ ထိုးထွင်း၍သိလတ္တံ့လည်း ဖြစ်ကုန်၏။ပ။ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓိန္ဒြေ၏ အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် သိက္ခာသုံးပါးတို့ကို ကျင့်ပြီးလည်း ဖြစ်ကုန်၏၊ ကျင့်ဆဲလည်း ဖြစ်ကုန်၏၊ ကျင့်လတ္တံ့လည်းဖြစ်ကုန်၏၊ မျက်မှောက်ပြုပြီးလည်း ဖြစ်ကုန်၏၊ မျက်မှောက်ပြုဆဲလည်းဖြစ်ကုန်၏၊ မျက်မှောက်ပြုလတ္တံ့လည်း ဖြစ်ကုန်၏၊ တွေ့ထိပြီးလည်း ဖြစ်ကုန်၏၊ တွေ့ထိ

http://www.dhammadownload.com



ဆဲလည်းဖြစ်ကုန်၏၊ တွေ့ထိလတ္တံ့လည်း ဖြစ်ကုန်၏၊ လေ့လာသည့်အဖြစ်သို့ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ အထွတ်အထိပ်သို့ ရောက်ပြီးလည်းဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏၊ ရဲရင့်သည့်အဖြစ်သို့ ရောက်ပြီးလည်း ဖြစ်ကုန်၏၊ ရောက်ဆဲလည်း ဖြစ်ကုန်၏၊ ရောက်လတ္တံ့လည်း ဖြစ်ကုန်၏။

ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိကုန်၏။ သမုဒယသစ္စာကို ပယ်စွန့်ကုန်၏။ နိရောဓသစ္စာကို မျက်မှောက်ပြုကုန်၏။ မဂ္ဂသစ္စာကို ပွါးများကုန်၏။ ထိုပုဂ္ဂိုလ်အားလုံးတို့သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သမာဓိန္ဒြေ၏ အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏။

အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍ သိခြင်းဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိသနည်း။

လေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိခြင်းဖြစ်၏၊ လေးပါးသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိ၏။

ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့် ထိုထွင်း၍သိ၏ နိရောဓသစ္စာကို သစ္ဆိကိရိယာ ပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ မဂ္ဂသစ္စာကို ဘာဝနာ ပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။

ဤလေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိ၏။ ဤလေးပါးသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိသောပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်ဖြစ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်ဖြစ်၏၊ ပညိန္ဒြေ၏ အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဖြစ်၏။

အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိခြင်းဖြစ်သနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိသနည်း။

ကိုးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိခြင်းဖြစ်၏၊ ကိုးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကိုထိုးထွင်း၍သိ၏။

ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ နိရောဓသစ္စာကို သစ္ဆိကိရိယာပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ မဂ္ဂသစ္စာကို ဘာဝနာ ပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏၊ တရားအားလုံးတို့ကို အထူးသိခြင်းဖြင့် ထိုးထွင်း၍လည်းသိ၏၊ သင်္ခါရအားလုံးတို့ကို ပိုင်းခြား၍သိခြင်းဖြင့် ထိုးထွင်း၍လည်းသိ၏၊ အကုသိုလ်အားလုံးတို့ကို ပယ်ခြင်းဖြင့် ထိုးထွင်း၍လည်းသိ၏၊ မဂ်လေးပါးတို့ကို ပွါးများခြင်းဖြင့် ထိုးထွင်း၍လည်းသိ၏၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဖြင့် ထိုးထွင်း၍လည်းသိ၏။

http://www.dhammadownload.com



ဤကိုးပါးသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိခြင်းဖြစ်၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကိုထိုးထွင်း၍ သိသောပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏၊ သမာဓိန္ဒြေ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်ဖြစ်၏၊ ပညိန္ဒြေ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဖြစ်၏။

ဒုတိယအခန်း ပြီး၏။

---

၂၂၃။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့လျှင် သင်္ခါရတို့သည် ထင်ကုန်သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့လျှင် သင်္ခါရတို့သည် ထင်ကုန်သနည်း။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့လျှင် သင်္ခါရတို့သည် ထင်ကုန်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ကုန်ဆုံးသောအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဘေးအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆိတ်သုဉ်းသောအားဖြင့် သင်္ခါရတို့သည် ထင်ကုန်၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်စိတ်အဖြစ်များသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဆုံးဖြတ်ခြင်း 'အဓိမောက္ခ'စိတ် အဖြစ်များ၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ'စိတ် အဖြစ်များ၏၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဉာဏ်နှင့်ယှဉ်သော စိတ်အဖြစ်များ၏။

မမြဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသောပုဂ္ဂိုလ်သည် အဘယ် ဝိမောက္ခကိုရသနည်း၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ' များသောပုဂ္ဂိုလ်သည် အဘယ်ဝိမောက္ခကိုရသနည်း၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ အသိဉာဏ်များသောပုဂ္ဂိုလ်သည် အဘယ်ဝိမောက္ခကိုရသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသောပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခကိုရ၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ' များသောပုဂ္ဂိုလ်သည် အပ္ပဏိဟိတဝိမောက္ခကိုရ၏၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ အသိဉာဏ်များသောပုဂ္ဂိုလ်သည် သုညတဝိမောက္ခကိုရ၏။

၂၂၄။ မမြဲသောအားဖြင့် နှလုံးသွင်းသောဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသောပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် အကြီးအကဲဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်းဖြစ်ကုန်သနည်း၊ အညမညပစ္စည်းဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်သနည်း၊ တူသောကိစ္စရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သူသည် ပွါးများသနည်း။

http://www.dhammadownload.com



ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ' များသောပုဂ္ဂိုလ်အား အဘယ် ဝိမောက္ခသည် အကြီးအကဲဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သူသည် ပွါးများသနည်း။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော ပညာများသောပုဂ္ဂိုလ်အား အဘယ် ဝိမောက္ခသည် အကြီးအကဲဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သူသည် ပွါးများသနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသောပုဂ္ဂိုလ်အား အနိမိတ္တ ဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသောဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ ကောင်းစွာကျင့်သောပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကျင့်သောပုဂ္ဂိုလ်အား ဝိမောက္ခ ပွါးများခြင်းမရှိ။

ဆင်းရဲသောအားဖြင့်နှလုံးသွင်းသောငြိမ်းချမ်းခြင်း'ပဿဒ္ဓိ'များသောပုဂ္ဂိုလ်အား အပ္ပဏိဟိတ ဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကျင့်သော ပုဂ္ဂိုလ်သည် ဝိမောက္ခ ပွါးများခြင်းမရှိ။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား သုညတဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ ကောင်းစွာကျင့်သောပုဂ္ဂိုလ်သည် ပွါးများ၏၊ အမှားကျင့်သောပုဂ္ဂိုလ်အား ဝိမောက္ခ ပွါးများခြင်းမရှိ။

မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း 'အဓိမောက္ခ' များသော ပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် အကြီးအကဲဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း။ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသော ကိစ္စရှိကုန်သနည်း။

ထိုးထွင်း၍သိသောအခါ၌ အဘယ် ဝိမောက္ခသည် အကြီးအကဲ ဖြစ်သနည်း၊ ထိုးထွင်း၍ သိခြင်း၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတ

http://www.dhammadownload.com



ပစ္စည်းဖြစ်ကုန်သနည်း၊ အညမညပစ္စည်းဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန်သနည်း၊ သမ္ပယုတ္တ ပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သဘောကြောင့် ပဋိဝေဓမည်သနည်း။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ'များသောပုဂ္ဂိုလ်အား အဘယ် ဝိမောက္ခသည် အကြီးအကဲ ဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသော ကိစ္စရှိကုန်သနည်း၊ ထိုးထွင်း၍သိသောအခါ၌ အဘယ်ဝိမောက္ခသည် အကြီးအကဲဖြစ်သနည်း၊ ထိုးထွင်း၍သိခြင်း၌ အဘယ်မျှသောဝိမောက္ခတို့သည် ပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟ ဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စ ရှိကုန်သနည်း။ အဘယ်သဘောကြောင့် ဘာဝနာ မည်သနည်း၊ အဘယ်သဘောကြောင့် ပဋိဝေဓမည်သနည်း။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် အကြီးအကဲ ဖြစ်သနည်း၊ ဘာဝနာ၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်း ဖြစ်ကုန်သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသော ကိစ္စရှိကုန်သနည်း၊ ထိုးထွင်း၍သိသောအခါ၌ အဘယ်ဝိမောက္ခသည် အကြီးအကဲ ဖြစ်သနည်း၊ ထိုးထွင်း၍သိခြင်း၌ အဘယ်မျှသော ဝိမောက္ခတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်သနည်း၊ သဟဇာတပစ္စည်း ဖြစ်ကုန်သနည်း၊ အညမညပစ္စည်း ဖြစ်ကုန်သနည်း၊ နိဿယပစ္စည်းဖြစ်ကုန် သနည်း၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်သနည်း၊ တူသောကိစ္စ ရှိကုန်သနည်း၊ အဘယ်သဘောကြောင့် ဘာဝနာမည်သနည်း၊ အဘယ်သဘောကြောင့် ပဋိဝေဓမည်သနည်း။

၂၂၅။ မမြဲသောအားဖြင့် နှလုံးသွင်းသော ဆုံးဖြတ်ခြင်း'အဓိမောက္ခ'များသော ပုဂ္ဂိုလ်အား အနိမိတ္တဝိမောက္ခသည် အကြီးအကဲ ဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏။ ထိုးထွင်း၍သိသော အခါ၌လည်း အနိမိတ္တဝိမောက္ခသည် အကြီးအကဲ ဖြစ်၏၊ ထိုးထွင်း၍သိခြင်း၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမည ပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စရှိကုန်၏၊ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ မြင်တတ်သောသဘောကြောင့် ပဋိဝေဓမည်၏။ ဤသို့ထိုးထွင်း၍သိသည်ဖြစ်၍ ပွါးများ၏၊ ပွါးများသည်ဖြစ်၍ ထိုးထွင်း၍ သိ၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ငြိမ်းချမ်းခြင်း 'ပဿဒ္ဓိ' များသော ပုဂ္ဂိုလ်အား အပ္ပဏိဟိတ ဝိမောက္ခသည် အကြီးအကဲ ဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စ ရှိကုန်၏။ ထိုးထွင်း၍ သိသောအခါ၌လည်း အပ္ပဏိဟိတ ဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ထိုးထွင်း၍ သိခြင်း၌ နှစ်ပါးသော ဝိမောက္ခတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊

http://www.dhammadownload.com



အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသော ကိစ္စ ရှိကုန်၏။ တူသောကိစ္စသဘောကြောင့် ဘာဝနာမည်၏၊ မြင်တတ်သော သဘောကြောင့် ပဋိဝေဓမည်၏။ ဤသို့ ထိုးထွင်း၍ သိသည်ဖြစ်၍လည်း ပွါးများ၏၊ ပွါးများ၍လည်း ထိုးထွင်း၍ သိ၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော အသိဉာဏ်များသော ပုဂ္ဂိုလ်အား သုညတဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ဘာဝနာ၌ နှစ်ပါးသောဝိမောက္ခတို့သည် ထိုဘာဝနာသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ တူသောကိစ္စ ရှိကုန်၏၊ ထိုးထွင်း၍သိသောအခါ၌လည်း သုညတဝိမောက္ခသည် အကြီးအကဲဖြစ်၏၊ ထိုးထွင်း၍ သိခြင်း၌ နှစ်ပါးသောဝိမောက္ခတို့သည် ထိုပဋိဝေဓသို့ အစဉ်လိုက်ကုန်၏၊ သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ တူသောကိစ္စ ရှိကုန်၏၊ တူသော ကိစ္စ သဘောကြောင့် ဘာဝနာမည်၏၊ မြင်တတ်သော သဘောကြောင့် ပဋိဝေဓမည်၏။ ဤသို့ ထိုးထွင်း၍ သိသည်ဖြစ်၍လည်း ပွါးများ၏၊ ပွါးများ၍လည်း ထိုးထွင်း၍ သိ၏။

၂၂၆။ မမြဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် လွန်ကဲသနည်း၊ အဘယ်ဝိမောက္ခ၏ လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တဖြစ်သနည်း။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် လွန်ကဲသနည်း၊ အဘယ်ဝိမောက္ခ၏လွန်ကဲခြင်းကြောင့် ကာယသက္ခိဖြစ်သနည်း။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အဘယ်ဝိမောက္ခသည် လွန်ကဲသနည်း၊ အဘယ်ဝိမောက္ခ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တဖြစ်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အနိမိတ္တဝိမောက္ခသည် လွန်ကဲ၏၊ အနိမိတ္တ ဝိမောက္ခ၏လွန်ကဲခြင်းကြောင့် သဒ္ဓါဝိမုတ္တဖြစ်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အပ္ပဏိဟိတဝိမောက္ခသည် လွန်ကဲ၏၊ အပ္ပဏိဟိတဝိမောက္ခ၏ လွန်ကဲခြင်းကြောင့် ကာယသက္ခိဖြစ်၏။

အနုစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား သုညတဝိမောက္ခသည် လွန်ကဲ၏၊ သုညတဝိမောက္ခ၏ လွန်ကဲခြင်းကြောင့် ဒိဋ္ဌိပ္ပတ္တဖြစ်၏။

ယုံကြည်သည်ဖြစ်၍ လွတ်တတ်သောကြောင့် သဒ္ဓါဝိမုတ္တမည်၏။ ချုပ်ဖသာကို တွေ့ထိသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၏၊ ထို့ကြောင့် ကာယသက္ခိမည်၏။ နိဗ္ဗာန်ကို မြင်သည်၏ အဖြစ်ဖြင့် နိဗ္ဗာန်သို့ရောက်သောကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏။

ယုံကြည်သည်ဖြစ်၍ လွတ်တတ်သောကြောင့် သဒ္ဓါဝိမုတ္တမည်၏။ ချုပ်ဖသာကို ရှေးဦးစွာ တွေ့ထိ၏၊ နောက်မှ ချုပ်ရာနိဗ္ဗာန်ကို မျက်မှောက်ပြုတတ်သောကြောင့် ကာယသက္ခိမည်၏။

"သင်္ခါရတို့သည် ဆင်းရဲကုန်၏၊ သင်္ခါရတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် ချမ်းသာ၏"ဟု သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားစေအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏။ပ။ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ချုပ်ကို ပွါးများပြီးလည်းဖြစ်ကုန်၏၊ ပွါးများဆဲသည်း ဖြစ်ကုန်၏၊ ပွါးများလတ္တံ့လည်း ဖြစ်ကုန်၏။ပ။ ထိုပုဂ္ဂိုလ် အားလုံးတို့သည်

http://www.dhammadownload.com



အနိမိတ္တဝိမောက္ခ၏ အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ အပ္ပဏိဟိတဝိမောက္ခ၏ အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏၊ သုညတဝိမောက္ခ၏ အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ်တို့ ဖြစ်ကုန်၏။

အလုံးစုံသောပုဂ္ဂိုလ်တို့သည် မေတ္တာကို။ အာလောကသညာကို။ မပျံ့လွင့်ခြင်းကို။ပ။ အလုံးစုံ သောပုဂ္ဂိုလ်တို့သည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိကုန်၏၊ သမုဒယသစ္စာကို ပယ်စွန့်ကုန်၏၊ နိရောဓ သစ္စာကို မျက်မှောက်ပြုကုန်၏၊ မဂ္ဂသစ္စာကို ပွါးများကုန်၏၊ ထိုပုဂ္ဂိုလ်အားလုံးတို့သည် အနိမိတ္တ ဝိမောက္ခ၏အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ အပ္ပဏိဟိတဝိမောက္ခ၏အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ်တို့ဖြစ်ကုန်၏၊ သုညတဝိမောက္ခ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တို့ဖြစ်ကုန်၏။

အဘယ်မျှသောအခြင်းအရာတို့ဖြင့် သစ္စာကို ထိုးထွင်း၍သိခြင်းဖြစ်သနည်း၊ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍ သိသနည်း။

လေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာကို ထိုးထွင်း၍ သိခြင်းဖြစ်၏၊ လေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိ၏။

ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍ သိ၏။ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။ နိရောဓသစ္စာကို သစ္ဆိကိရိယာပဋိဝေဓဖြင့် ထိုးထွင်း၍ သိ၏။ မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။ ဤလေးပါးသောအခြင် အရာတို့ဖြင့် သစ္စာကို ထိုးထွင်း၍ သိခြင်းဖြစ်၏။ ဤလေးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိ၏။

ဤလေးပါးသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိသော ပုဂ္ဂိုလ်သည် အနိမိတ္တ ဝိမောက္ခ၏ အစွမ်းအားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်ဖြစ်၏၊ အပ္ပဏိဟိတဝိမောက္ခ၏ အစွမ်းအားဖြင့် ကာယသက္ခိ ပုဂ္ဂိုလ်ဖြစ်၏၊ သုညတဝိမောက္ခ၏ အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်ဖြစ်၏။

အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍ သိခြင်းဖြစ်သနည်း၊ အဘယ်မျှ သောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍ သိသနည်း။

ကိုးပါးသောအခြင်းအရာတို့ဖြင့် သစ္စာကို ထိုးထွင်း၍ သိခြင်းဖြစ်၏၊ ကိုးပါးသောအခြင်းအရာ တို့ဖြင့် သစ္စာကို ထိုးထွင်း၍ သိ၏။

ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍ သိ၏။ ပ ။ နိရောဓသစ္စာကို မျက်မှောက် ပြုခြင်းဖြင့် ထိုးထွင်း၍လည်း သိ၏။

ဤကိုးပါးသောအခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍ သိခြင်းဖြစ်၏။ ဤကိုးပါးသော အခြင်းအရာတို့ဖြင့် သစ္စာတို့ကို ထိုးထွင်း၍သိသော ပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခ၏ အစွမ်း အားဖြင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် ဖြစ်၏၊ အပ္ပဏိဟိတဝိမောက္ခ၏ အစွမ်းအားဖြင့် ကာယသက္ခိပုဂ္ဂိုလ် ဖြစ်၏၊ သုညတဝိမောက္ခ၏အစွမ်းအားဖြင့် ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ် ဖြစ်၏။

၂၂၇။ မမြဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို ဟုတ်တိုင်း မှန်စွာ သိသနည်း၊ မြင်သနည်း၊ အဘယ်သို့လျှင် ကောင်းသောအမြင် ဖြစ်သနည်း၊ အဘယ်သို့လျှင် ထိုကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် သင်္ခါရအားလုံးတို့ကို မမြဲသောအားဖြင့် ကောင်းစွာ မြင်သနည်း။ အဘယ်အရာ၌ ယုံမှားသက်ာကို ပယ်ခွါအပ်သနည်း။

http://www.dhammadownload.com



ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသနည်း၊ မြင်သနည်း၊ အဘယ်သို့လျှင် ကောင်းသောအမြင် ဖြစ်သနည်း၊ အဘယ်သို့လျှင် ထိုကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် သင်္ခါရတရားတို့ကို ဆင်းရဲသောအားဖြင့် ကောင်းစွာ မြင်သနည်း၊ အဘယ်အရာ၌ (နိစ္စလော အနိစ္စလော ဟူသော) ယုံမှားသက်္ာကို ပယ်ခွါအပ်သနည်း။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် အဘယ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိသနည်း၊ မြင်သနည်း၊ အဘယ်သို့လျှင် ကောင်းသောအမြင် ဖြစ်သနည်း၊ အဘယ်သို့လျှင် ထိုကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် တရားအားလုံးတို့ကို အနှစ်မရှိအလိုသို့ မလိုက်သောအားဖြင့် ကောင်းစွာ မြင်သနည်း၊ အဘယ်အရာ၌ (နိစ္စလော အနိစ္စလော ဟူသော) ယုံမှားသက်္ာကို ပယ်ခွါအပ်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် သင်္ခါရနိမိတ်ကို ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏၊ ထို့ကြောင့် ကောင်းသောအမြင်ဟု ဆိုအပ်၏။ ဤသို့ ထိုကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် သင်္ခါရအားလုံးတို့ကို မမြဲသောအားဖြင့် ကောင်းစွာ မြင်ကုန်၏၊ ဤအရာ၌ (နိစ္စလော အနိစ္စလော ဟူသော)ယုံမှားသက်္ာကို ပယ်ခွါအပ်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်သည် ဝိပါက်ဖြစ်ပေါ်မှုကို ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏၊ ထို့ကြောင့် ကောင်းသော အမြင်ဟု ဆိုအပ်၏။ ဤသို့ ထိုကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် သင်္ခါရအားလုံးတို့ကို ဆင်းရဲသောအားဖြင့် ကောင်းစွာ မြင်ကုန်၏၊ ဤအရာ၌ (နိစ္စလော အနိစ္စလော ဟူသော) ယုံမှားသက်္ာကို ပယ်ခွါအပ်၏။

အနှစ်မရှိ အလိုသို့ မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် နိမိတ်ကိုရင်း ဖြစ်ပေါ်မှုကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏၊ ထို့ကြောင့် ကောင်းသော အမြင်ဟု ဆိုအပ်၏၊ ကောင်းသောအမြင်သို့ အစဉ်လိုက်သဖြင့် တရားအားလုံးတို့ကို အနှစ်မရှိ အလိုသို့ မလိုက်သော အားဖြင့် ကောင်းစွာမြင်ကုန်၏၊ ဤအရာ၌ (နိစ္စလော အနိစ္စလော ဟူသော) ယုံမှားသက်္ာကို ပယ်ခွါအပ်၏။

အကြင် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည်၎င်း အကြင် ကောင်းသော အမြင်သည်၎င်း အကြင် ယုံမှားသက်္ာကို ဖျောက်ခြင်းသည်၎င်း ရှိ၏၊ ဤတရားအားလုံးတို့သည် ထူးသောအနက်လည်းရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ် တူသောအနက် ရှိကုန်သလော၊ သဒ္ဒါသာလျှင်ထူးသလော။

အကြင် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်သည်၎င်း အကြင် ကောင်းသော အမြင်သည်၎င်း အကြင် ယုံမှားသက်္ာကို ဖျောက်ခြင်းသည်၎င်း ရှိ၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင်ထူး၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သည် ဘေးအားဖြင့် ထင်သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား အဘယ်သည် ဘေးအားဖြင့် ထင်သနည်း။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သည် ဘေးအားဖြင့် ထင်သနည်း။

http://www.dhammadownload.com



မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သင်္ခါရနိမိတ်သည် ဘေးအားဖြင့် ထင်၏။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဝိပါက်ဖြစ်ပေါ်မှုသည် ဘေးအားဖြင့်ထင်၏။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သင်္ခါရနိမိတ်သည်၎င်း ဖြစ်ပေါ်မှုသည်၎င်း ဘေးအားဖြင့်ထင်၏။

ဘေးအားဖြင့် ထင်ရာ၌ဖြစ်သော အကြင်ပညာသည်၎င်း အပြစ်ဟုရှုရာ၌ဖြစ်သော အကြင်ဉာဏ်သည်၎င်း အကြင်ငြီးငွေ့ခြင်းသည်၎င်း ရှိ၏၊ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ် တူသောအနက် ရှိကုန်သလော၊ သဒ္ဒါသာလျှင် ထူးသလော။

ဘေးဟုထင်ရာ၌ဖြစ်သော အကြင်ပညာသည်၎င်း အပြစ်ဟုရှုရာ၌ဖြစ်သော အကြင်ဉာဏ်သည်၎င်း အကြင်ငြီးငွေ့ခြင်းသည်၎င်း ရှိ၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူး၏။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် အဖန်ဖန်ရှုခြင်းသည်၎င်း အကြင်ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းသည်၎င်း ရှိ၏၊ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ် သဒ္ဒါသာလျှင် ထူးသလော၊ ဤကားအမေးတည်း။

အကြင်အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် အဖန်ဖန်ရှုခြင်းသည်၎င်း အကြင်ဆိတ်သုဉ်းခြင်းကို အဖန်ဖန်ရှုခြင်းသည်၎င်း ရှိ၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူး၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့ဆင်ခြင်ဉာဏ်ဖြစ်သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့ဆင်ခြင်ဉာဏ် ဖြစ်သနည်း။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်သို့ဆင်ခြင်ဉာဏ်ဖြစ်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သင်္ခါရနိမိတ်ကို (မမြဲဟု) အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့်သိ၍ (ဆင်ခြင်၍) ဉာဏ်ဖြစ်၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပဝတ္တကိုသိ၍ (ဆင်ခြင်၍)ဉာဏ်ဖြစ်၏၊ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား သင်္ခါရနိမိတ်ကို၎င်း ပဝတ္တကို၎င်းသိ၍ (ဆင်ခြင်၍)ဉာဏ်ဖြစ်၏။

အကြင်မုစ္စိတုကမျတာ ဉာဏ်သည်၎င်း အကြင်ပဋိသင်္ခါနုပဿနာ ဉာဏ်သည်၎င်း အကြင် သင်္ခါရုပေက္ခာ ဉာဏ်သည်၎င်း ရှိ၏၊ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ် တူသောအနက်ရှိကုန်သလော၊ သဒ္ဒါသာလျှင် ထူးသလော။

အကြင်မုစ္စိတုကမျတာ ဉာဏ်သည်၎င်း အကြင်ပဋိသင်္ခါနုပဿနာ ဉာဏ်သည်၎င်း အကြင် သင်္ခါရုပေက္ခာ ဉာဏ်သည်၎င်း ရှိ၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူး၏၊

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်တရားမှ စိတ်သည်ထသနည်း၊ အဘယ် အရာ၌ စိတ်သည်ပြေးဝင်သနည်း။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ် တရားမှ စိတ်သည်ထသနည်း၊ အဘယ်အရာ၌ စိတ်သည် ပြေးဝင်သနည်း။ အနှစ်မရှိ အလိုသို့မလိုက်

http://www.dhammadownload.com



သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အဘယ်တရားမှစိတ်သည် ထသနည်း၊ အဘယ်အရာ၌ စိတ်သည်ပြေးဝင်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သင်္ခါရနိမိတ်မှ စိတ်သည်ထ၏၊ သင်္ခါရနိမိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော အနိမိတ္တဟူသော နိဗ္ဗာန်၌ စိတ်သည်ပြေးဝင်၏။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပဝတ္တမှစိတ်သည် ထ၏၊ အပဝတ္တ၌ စိတ်သည် ပြေးဝင်၏။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့်နှလုံးသွင်းသောပုဂ္ဂိုလ်အား သင်္ခါရနိမိတ်မှုငင်း ပဝတ္တမှုငင်း စိတ်သည် ထ၏၊ အနိမိတ္တ၌ငင်း အပဝတ္တ၌ငင်း နိရောဓ၌ငင်း နိဗ္ဗာနဓာတ်၌ငင်း စိတ်သည် ပြေးဝင်၏။

အပ၌ ထခြင်းကင်းရာဖြစ်သော အကြင်ဂေါတြဘူပညာသည်ငင်း အကြင်ဂေါတြဘူ တရားတို့ သည်ငင်း ရှိကုန်၏၊ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ်တူသောအနက်ရှိကုန်သလော၊ သဒ္ဒါသာလျှင်ထူးသလော။

အပ၌ ထခြင်းကင်းရာ၌ဖြစ်သော အကြင်ဂေါတြဘူပညာသည်ငင်း အကြင်ဂေါတြဘူတရား တို့သည်ငင်း ရှိကုန်၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူး၏။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အဘယ်ဝိမောက္ခဖြင့် လွတ်သနည်း။ ဆင်းရဲ သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အဘယ်ဝိမောက္ခဖြင့် လွတ်သနည်း။ အနှစ်မရှိ အလိုသို့ မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အဘယ်ဝိမောက္ခဖြင့် လွတ်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခဖြင့်လွတ်၏။ ဆင်းရဲသော အားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခဖြင့်လွတ်၏။ အနှစ်မရှိ အလိုသို့မလိုက် သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် သုညတဝိမောက္ခဖြင့် လွတ်၏။

နှစ်ပါးစုံသောအဖို့မှ ထခြင်းကင်းရာ၌ဖြစ်သော အကြင်မဂ်ပညာသည်ငင်း အကြင်မဂ်ဉာဏ် သည်ငင်း ရှိ၏၊ ဤတရားတို့သည် ထူးသောအနက်လည်း ရှိကုန်သလော၊ ထူးသောသဒ္ဒါလည်း ရှိကုန်သလော၊ သို့မဟုတ် တူသောအနက် ရှိကုန်သလော၊ သဒ္ဒါသာလျှင် ထူးသလော။

နှစ်ပါးစုံသောအဖို့မှ ထခြင်းကင်းရာ၌ဖြစ်သော အကြင်မဂ်ပညာသည်ငင်း အကြင်မဂ်ဉာဏ် သည်ငင်း ရှိ၏၊ ဤတရားတို့သည် တူသောအနက်ရှိကုန်၏၊ သဒ္ဒါသာလျှင် ထူး၏။

၂၂၈။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သုံးပါးသော ဝိမောက္ခတို့သည် အထူးထူးသော ခဏ၌ဖြစ်ကုန်သနည်း၊ အဘယ်မျှသောအခြင်းအရာတို့ဖြင့် သုံးပါးသောဝိမောက္ခတို့သည် တူသော ခဏ၌ဖြစ်ကုန်သနည်း။

လေးပါးသောအခြင်းအရာတို့ဖြင့် သုံးပါးသော ဝိမောက္ခာတို့သည် အထူးထူးသောခဏ၌ ဖြစ် ကုန်၏၊ ခုနစ်ပါးသောအခြင်းအရာတို့ဖြင့် သုံးပါးသောဝိမောက္ခတို့သည် တူသောခဏ၌ဖြစ်ကုန်၏။

အဘယ်လေးပါးသော အခြင်းအရာတို့ဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်သနည်း၊ အကြီးအကဲသဘောအားဖြင့် တည်ရာသဘောအားဖြင့် (ဝိပဿနာဝီထိမှ) ထုတ် ဆောင်သောသဘောအားဖြင့် ထွက်မြောက်ကြောင်း သဘောအားဖြင့် အထူးထူးသောခဏ၌ ဖြစ်ကုန်၏။

အဘယ်သို့လျှင် အကြီးအကဲသဘောအားဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသော ခဏ၌ဖြစ်ကုန်သနည်း။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အနိမိတ္တ ဝိမောက္ခသည်

http://www.dhammadownload.com



အကြီးအကဲဖြစ်၏။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား အပ္ပဏိဟိတ ဝိမောက္ခသည် အကြီးအကဲဖြစ်၏။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား သုညတ ဝိမောက္ခသည် အကြီးအကဲဖြစ်၏။ ဤသို့အကြီးအကဲသဘောအားဖြင့် သုံးပါးသော ဝိမောက္ခတို့သည် အထူးထူးသောခဏ၌ဖြစ်ကုန်၏။

အဘယ်သို့လျှင် တည်ရာသဘောအားဖြင့် သုံးပါးသော ဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်သနည်း။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခ၏ အစွမ်းအားဖြင့် စိတ်သည် အလွန်အကဲဖြစ်သည်ဖြစ်၍ တည်၏။ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခ၏အစွမ်းအားဖြင့် စိတ်သည် အလွန်အကဲဖြစ်၍ တည်၏။ အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် သုညတ ဝိမောက္ခ၏ အစွမ်းအားဖြင့် စိတ်သည် အလွန်အကဲဖြစ်၍တည်၏။ ဤသို့တည်ရာသဘောအားဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသောခဏ၌ဖြစ်ကုန်၏။

အဘယ်သို့လျှင် ဝိပဿနာဝီထိမှ ထုတ်ဆောင်သောအားဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်သနည်း။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခ၏အစွမ်းအားဖြင့် စိတ်ကို ဝိပဿနာဝီထိမှ ထုတ်ဆောင်၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခ၏ အစွမ်းအားဖြင့်စိတ်ကို ဝိပဿနာဝီထိမှ ထုတ်ဆောင်၏၊အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် သုညတ ဝိမောက္ခ၏ အစွမ်းအားဖြင့်စိတ်ကို ဝိပဿနာဝီထိမှ ထုတ်ဆောင်၏။ ဤသို့ဝိပဿနာဝီထိမှ ထုတ်ဆောင်သော သဘောအားဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်၏။

အဘယ်သို့လျှင် ထွက်မြောက်ကြောင်း သဘောအားဖြင့် သုံးပါးသော ဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်သနည်း။ မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အနိမိတ္တဝိမောက္ခ၏အစွမ်းအားဖြင့် ချုပ်ရာဖြစ်သောနိဗ္ဗာန်သို့ ကပ်ရောက်၏၊ ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် အပ္ပဏိဟိတ ဝိမောက္ခ၏အစွမ်းအားဖြင့် ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ကပ်ရောက်၏၊အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် သုညတ ဝိမောက္ခ၏ အစွမ်းအားဖြင့် ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ကပ်ရောက်၏။ ဤသို့ထွက်မြောက်ကြောင်း သဘောအားဖြင့် သုံးပါးသောဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်၏။ ဤလေးပါးသော အခြင်းအရာတို့ဖြင့် သုံးပါးသော ဝိမောက္ခတို့သည် အထူးထူးသောခဏ၌ ဖြစ်ကုန်၏။

အဘယ်ခုနစ်ပါးသော အခြင်းအရာတို့ဖြင့် သုံးပါးသော ဝိမောက္ခတို့သည် တူသောခဏ၌ ဖြစ်ကုန်သနည်း။ တပေါင်းတည်း စုပေါင်းသောသဘောအားဖြင့်၎င်း ရောက်ခြင်း သဘောအားဖြင့်၎င်း ရခြင်းသဘောအားဖြင့်၎င်း ဉာဏ်ဖြင့်ထိုးထွင်း၍သိခြင်း သဘောအားဖြင့်၎င်း မျက်မှောက်ပြုခြင်းသဘောအားဖြင့်၎င်း ဉာဏ်တည်းဟူသော တွေ့ထိခြင်းဖြင့် တွေ့ထိသောသဘောအားဖြင့်၎င်း ထိုးထွင်း၍သိခြင်းသဘောအားဖြင့်၎င်း ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် တခုတည်းသော ခဏ၌ ဖြစ်ကုန်၏။

အဘယ်သို့လျှင် တပေါင်းတည်း စုပေါင်းသောအားဖြင့်၎င်း ရောက်ခြင်းသဘောအားဖြင့်၎င်း ရခြင်းသဘောအားဖြင့်၎င်း ဉာဏ်ဖြင့်ထိုးထွင်း၍သိခြင်း သဘောအားဖြင့်၎င်း မျက်မှောက်ပြုခြင်း

http://www.dhammadownload.com



သဘောအားဖြင့်၎င်း ဉာဏ်တည်းဟူသော တွေ့ထိခြင်းဖြင့် တွေ့ထိသော သဘောအားဖြင့်၎င်း ထိုးထွင်း၍သိခြင်း သဘောအားဖြင့်၎င်း သုံးပါးသောဝိမောက္ခတို့သည် တခုတည်းသောခဏ၌ ဖြစ်ကုန်သနည်း။

မမြဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် နိစ္စနိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခမည်၏၊အကြင်နိမိတ်မှလွတ်၏၊ ထိုနိမိတ်၌ မတောင့်တသောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမည်၏ အကြင်နိမိတ်၌ မတောင့်တ၊ ထိုနိမိတ်ဖြင့် ဆိတ်သုဉ်းသောကြောင့် သုညတဝိမောက္ခမည်၏၊ အကြင်နိမိတ်ဖြင့် ဆိတ်သုဉ်း၏၊ ထိုနိမိတ်ဖြင့် နိမိတ်မရှိသောကြောင့် အနိမိတ္တ ဝိမောက္ခမည်၏။ ဤသို့ တပေါင်းတည်း စုပေါင်းသောသဘောအားဖြင့်၎င်း ရောက်ခြင်းသဘောအားဖြင့်၎င်း ရခြင်းသဘောအားဖြင့်၎င်း ဉာဏ်ဖြင့်ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်၎င်း မျက်မှောက်ပြုခြင်း သဘောအားဖြင့်၎င်း ဉာဏ်ဟူသောတွေ့ထိခြင်းဖြင့် တွေ့ထိသောသဘောအားဖြင့်၎င်း ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်၎င်း သုံးပါးသောဝိမောက္ခတို့သည် တခုတည်းသောခဏ၌ ဖြစ်ကုန်၏။

ဆင်းရဲသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမည်၏။ အကြင်ဒုက္ခ၌ မတောင့်တ၊ ထိုဒုက္ခဖြင့် ဆိတ်သုဉ်းသောကြောင့် သုညတ ဝိမောက္ခမည်၏။ အကြင်ဒုက္ခနိမိတ်ဖြင့် ဆိတ်သုဉ်း၏၊ ထိုဒုက္ခနိမိတ်ဖြင့် နိမိတ်မရှိသောကြောင့် အနိမိတ္တဝိမောက္ခမည်၏။ အကြင်ဒုက္ခနိမိတ်ဖြင့် နိမိတ်မရှိ၊ထိုဒုက္ခနိမိတ်၌ မတောင့်တသောကြောင့် အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဤသို့တပေါင်းတည်း စုပေါင်းသောသဘောအားဖြင့်၎င်း ရောက်ခြင်း သဘောအားဖြင့်၎င်း ရခြင်း သဘောအားဖြင့်၎င်း ဉာဏ်ဖြင့်ထိုးထွင်း၍ သိခြင်း သဘောအားဖြင့်၎င်း မျက်မှောက်ပြုခြင်းသဘောအားဖြင့်၎င်း ဉာဏ်ဟူသော တွေ့ထိခြင်းဖြင့် တွေ့ထိသောသဘောအားဖြင့်၎င်း ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်၎င်း သုံးပါးသော ဝိမောက္ခတို့သည် တခုတည်းသောခဏ၌ ဖြစ်ကုန်၏။

အနှစ်မရှိ အလိုသို့မလိုက်သောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည် မှားသော နှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခမည်၏။ အကြင်အဘိနိဝေသနိမိတ်မှ ဆိတ်သုဉ်း၏၊ ထိုအဘိနိဝေသနိမိတ်ဖြင့် နိမိတ်မရှိသောကြောင့် အနိမိတ္တဝိမောက္ခမည်၏၊ အကြင်အဘိနိဝေသနိမိတ်ဖြင့် နိမိတ်မရှိ၊ ထိုအဘိနိဝေသနိမိတ်၌ မတောင့်တသောကြောင့် အပ္ပဏိဟိတဝိမောက္ခ မည်၏။ အကြင်အဘိနိဝေသနိမိတ်၌ မတောင့်တ၊ ထိုအဘိနိဝေသနိမိတ်မှ ဆိတ်သုဉ်းသောကြောင့် သုညတ ဝိမောက္ခမည်၏။ ဤသို့ တပေါင်းတည်းစုပေါင်းသော သဘောအားဖြင့်၎င်း ရောက်ခြင်းသဘောအားဖြင့်၎င်း ရခြင်းသဘောအားဖြင့်၎င်း ဉာဏ်ဖြင့်ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်၎င်း မျက်မှောက်ပြုခြင်း သဘောအားဖြင့်၎င်း ဉာဏ်ဟူသောတွေ့ထိခြင်းဖြင့် တွေ့ထိသောသဘောအားဖြင့်၎င်း ထိုးထွင်း၍သိခြင်းသဘောအားဖြင့်၎င်း သုံးပါးသောဝိမောက္ခတို့သည် တခုတည်းသောခဏ၌ ဖြစ်ကုန်၏။ ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် သုံးပါးသောဝိမောက္ခတို့သည် တခုတည်းသော ခဏ၌ ဖြစ်ကုန်၏။

၂၂၉။ ဝိမောက္ခသည် ရှိ၏၊ မုခသည် ရှိ၏၊ ဝိမောက္ခမုခသည် ရှိ၏၊ ဝိမောက္ခ၏ဆန့်ကျင်ဘက်သည် ရှိ၏၊ ဝိမောက္ခအားအလျော်သည် ရှိ၏၊ ဝိမောက္ခဖြင့် ဝဋ်ကင်းခြင်းသည် ရှိ၏၊ ဝိမောက္ခကို ပွါးခြင်းသည် ရှိ၏၊ ဝိမောက္ခတဖန်ငြိမ်းခြင်းသည် ရှိ၏။

http://www.dhammadownload.com



ဝိမောက္ခသည် အဘယ်နည်း။ သုညတဝိမောက္ခ အနိမိတ္တဝိမောက္ခ အပ္ပဏိဟိတဝိမောက္ခတို့တည်း။ အဘယ်သည် သုညတဝိမောက္ခနည်း။ အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ ဒုက္ခာနုပဿနာဉာဏ်သည် သုခအားဖြင့် မှားသောနှလုံးသွင်းခြင်းမှလွတ်သောကြောင့် သုညတဝိမောက္ခတည်း။ အနတ္တာနုပဿနာဉာဏ်သည် အတ္တအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ နိဗ္ဗိဒါနုပဿနာဉာဏ်သည် နှစ်သက်ခြင်းအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ ဝိရာဂါနုပဿနာဉာဏ်သည် တပ်စွမ်းခြင်းအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ နိရောဓာနုပဿနာဉာဏ်သည် ဖြစ်ကြောင်းသမုဒယအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ ပဋိနိဿဂ္ဂါနုပဿနာဉာဏ်သည် စွဲယူခြင်းအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ အနိမိတ္တာနုပဿနာဉာဏ်သည် နိမိတ်အားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ အပ္ပဏိဟိတာနုပဿနာဉာဏ်သည် တောင့်တခြင်းအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ သုညတာနုပဿနာဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားလုံးတို့မှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။

ရုပ်၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စအားဖြင့် မှားသောနှလုံးသွင်းခြင်းမှလွတ်သောကြောင့် သုညတဝိမောက္ခတည်း။ပ။ ရုပ်၌ သုညတအားဖြင့် အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားလုံးတို့မှလွတ်သောကြောင့် သုညတဝိမောက္ခတည်း။ ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ဇရာမရဏ၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စအားဖြင့် မှားသောနှလုံးသွင်းခြင်းမှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ပ။ ဇရာမရဏ၌ သုညတအားဖြင့် အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားလုံးတို့မှ လွတ်သောကြောင့် သုညတဝိမောက္ခတည်း။ ဤကား သုညတဝိမောက္ခတည်း။

အနိမိတ္တဝိမောက္ခသည် အဘယ်နည်း။ အနိစ္စာနုပဿနာဉာဏ်သည် နိစ္စနိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဒုက္ခာနုပဿနာဉာဏ်သည် သုခနိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ အနတ္တာနုပဿနာဉာဏ်သည် အတ္တနိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ နိဗ္ဗိဒါနုပဿနာဉာဏ်သည် နှစ်သက်ခြင်း 'နန္ဒီ' နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဝိရာဂါနုပဿနာဉာဏ်သည် တပ်စွန်းခြင်း'ရာဂ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ နိရောဓာနုပဿနာဉာဏ်သည် ဖြစ်ကြောင်း'သမုဒယ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ပဋိနိဿဂ္ဂါနုပဿနာဉာဏ်သည် စွဲယူခြင်း'အာဒါန'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ အနိမိတ္တာနုပဿနာဉာဏ်သည် နိမိတ်အားလုံးတို့မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ အပ္ပဏိဟိတာနုပဿနာဉာဏ်သည် တောင့်တခြင်း'ပဏိဓိ' နိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ သုညတာနုပဿနာဉာဏ်သည် မှားသောနှလုံးသွင်းခြင်း'အဘိနိဝေသ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။

ရုပ်၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စနိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ပ။ ရုပ်၌ အနိမိတ္တဟု အဖန်ဖန်ရှုသောဉာဏ်သည် နိမိတ်အားလုံးတို့မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ရုပ်၌ အပ္ပဏိဟိတဟု အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်း'ပဏိဓိ'

http://www.dhammadownload.com



နိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ရုပ်၌ သုညတဟု အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်း 'အဘိနိဝေသ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ ဇရာမရဏ၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စနိမိတ်မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း ပ။ ဇရာမရဏ၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိမိတ်အားလုံးတို့မှလွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဇရာမရဏ၌ အပ္ပဏိဟိတဟု အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်း'ပဏိဓိ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဇရာမရဏ၌ သုညတဟု အဖန်ဖန်ရှုသောဉာဏ်သည် မှားသောနှလုံးသွင်းခြင်း 'အဘိနိဝေသ'နိမိတ်မှ လွတ်သောကြောင့် အနိမိတ္တဝိမောက္ခတည်း။ ဤကား အနိမိတ္တဝိမောက္ခတည်း။

အပ္ပဏိဟိတဝိမောက္ခသည် အဘယ်နည်း၊ အနိစ္စာနုပဿနာဉာဏ်သည် နိစ္စအားဖြင့် တောင့်တခြင်းမှလွတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခတည်း။ ဒုက္ခာနုပဿနာဉာဏ်သည် သုခအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခတည်း။ အနတ္တာနုပဿနာဉာဏ်သည် အတ္တအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခတည်း။ နိဗ္ဗိဒါနုပဿနာဉာဏ်သည် နှစ်သက်ခြင်း'နန္ဒီ'အားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခတည်း။ ဝိရာဂါနုပဿနာဉာဏ်သည် တပ်စွန်းခြင်း 'ရာဂ' အားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ နိရောဓာနုပဿနာဉာဏ်သည် ဖြစ်ကြောင်း 'သမုဒယ' အားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ ပဋိနိဿဂ္ဂါနုပဿနာဉာဏ်သည် စွဲယူခြင်းအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ အနိမိတ္တာနုပဿနာဉာဏ်သည် နိမိတ်အားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။အပ္ပဏိဟိတာနုပဿနာဉာဏ်သည် တောင့်တခြင်းအားလုံးတို့မှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ သုညတာနုပဿနာဉာဏ်သည် မှားသော နှလုံးသွင်းခြင်းအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။

ရုပ်၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ပ။ရုပ်၌ အပ္ပဏိဟိတဟု အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်း အားလုံးတို့မှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ ရုပ်၌ သုညတ ဟုအဖန်ဖန်ရှုသော ဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ ဝေဒနာ၌။ပ။သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ဇရာမရဏ၌ အနိစ္စဟု အဖန်ဖန်ရှုသောဉာဏ်သည် နိစ္စအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ပ။ဇရာမရဏ၌ အပ္ပဏိဟိတဟု အဖန်ဖန်ရှုသောဉာဏ်သည် တောင့်တခြင်းအားလုံး တို့မှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ ဇရာမရဏ၌ သုညတဟု အဖန်ဖန်ရှုသော ဉာဏ်သည် မှားသောနှလုံးသွင်းခြင်းအားဖြင့် တောင့်တခြင်းမှ လွတ်သောကြောင့် အပ္ပဏိဟိတ ဝိမောက္ခတည်း။ ဤကား အပ္ပဏိဟိတ ဝိမောက္ခတည်း။ ဝိမောက္ခသည် ဤသည်ပင်တည်း။ (၁)

၂၃၀။ အဘယ်သည် အကြောင်း'မုခ'နည်း။ ထိုမဂ္ဂဝိမောက္ခ၌ဖြစ်သော အကြင်(ရာဂစသော) အပြစ်ကင်းသော ကောင်းသော ဗောဓိပက္ခိယတရားတို့သည် ရှိကုန်၏၊ ဤဆိုအပ်ပြီးသော တရား သဘောသည် အကြောင်း 'မုခ' တည်း။ (၂)

http://www.dhammadownload.com



အဘယ်သည် ဝိမောက္ခအကြောင်းနည်း။ ထိုဗောဓိပက္ခိယတရားတို့၏ အာရုံချုပ်ရာ အကြင်နိဗ္ဗာန်သည် ရှိ၏၊ ဤနိဗ္ဗာန်သည် ဝိမောက္ခအကြောင်းတည်း။ ဝိမောက္ခရင်း အကြောင်းရင်း ဝိမောက္ခအကြောင်းရင်း ဤကား ဝိမောက္ခအကြောင်းတည်း။ (၃)

အဘယ်သည် ဝိမောက္ခ၏ ဆန့်ကျင်ဘက်နည်း။ အကုသိုလ် မူလသုံးပါးတို့သည် ဝိမောက္ခ၏ ဆန့်ကျင်ဘက်တို့တည်း၊ ဒုစရိုက်သုံးပါးတို့သည် ဝိမောက္ခ၏ ဆန့်ကျင်ဘက်တို့တည်း၊ အကုသိုလ်တရားအားလုံးတို့သည်လည်း ဝိမောက္ခ၏ ဆန့်ကျင်ဘက်တို့တည်း။ ဤကား ဝိမောက္ခ၏ ဆန့်ကျင်ဘက်တည်း။ (၄)

အဘယ်သည် ဝိမောက္ခအား လျော်သနည်း။ ကုသိုလ်မူလ သုံးပါးတို့သည် ဝိမောက္ခအားလျော်ကုန်၏၊ သုစရိုက်သုံးပါးတို့သည် ဝိမောက္ခအားလျော်ကုန်၏၊ ကုသိုလ်တရား အားလုံးတို့သည်လည်း ဝိမောက္ခအားလျော်ကုန်၏။ ဤကား ဝိမောက္ခအား လျော်သောတရားတည်း။ (၅)

ဝိမောက္ခ ဝိဝဋ္ဋသည် အဘယ်နည်း။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋ သစ္စာဝိဝဋ္ဋတို့တည်း။ မှတ်သားသည်ဖြစ်၍ ဝင်္ရှမှကင်းသောကြောင့် သညာဝိဝဋ္ဋတည်း၊ စေ့ဆော်လျက် ဝင်္ရှမှကင်းသောကြောင့် စေတောဝိဝဋ္ဋတည်း၊ အထူးသိလျက် ဝင်္ရှမှကင်းသောကြောင့် စိတ္တဝိဝဋ္ဋတည်း၊ ဉာဏ်ကိုပြုလျက် ဝင်္ရှမှကင်းသောကြောင့် ဉာဏဝိဝဋ္ဋတည်း၊ စွန့်လျက် ဝင်္ရှမှကင်းသောကြောင့် ဝိမောက္ခ ဝိဝဋ္ဋတည်း၊ အမှန်သဘောအားဖြင့် ဝင်္ရှမှကင်းသောကြောင့် သစ္စဝိဝဋ္ဋတည်း။ အကြင်သညာဝိဝဋ္ဋဖြစ်သော တရား၌ စေတောဝိဝဋ္ဋဖြစ်၏။ စေတောဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋဖြစ်သောတရား၌ စိတ္တဝိဝဋ္ဋဖြစ်၏။ စိတ္တဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋဖြစ်သောတရား၌ ဉာဏဝိဝဋ္ဋဖြစ်၏။ ဉာဏဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋဖြစ်သောတရား၌ ဝိမောက္ခဝိဝဋ္ဋဖြစ်၏။ ဝိမောက္ခ ဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋဖြစ်၏။ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋဖြစ်သောတရား၌ သစ္စဝိဝဋ္ဋဖြစ်၏။ သစ္စဝိဝဋ္ဋဖြစ်သောတရား၌ သညာဝိဝဋ္ဋ စေတောဝိဝဋ္ဋ စိတ္တဝိဝဋ္ဋ ဉာဏဝိဝဋ္ဋ ဝိမောက္ခဝိဝဋ္ဋသည် ဖြစ်၏။ ဤဆိုအပ်ပြီးသော တရားအပေါင်းတို့သည် ဝိမောက္ခ ဝိဝဋ္ဋတည်း။ (၆)

ဝိမောက္ခကို ပွါးခြင်းသည် အဘယ်နည်း။ ပဌမဈာန်ကို မှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာပြုခြင်းတည်း၊ ဒုတိယဈာန်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း၊ တတိယဈာန်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း၊ စတုတ္ထဈာန်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း၊ အာကာသာနဉ္စာယတနသမာပတ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း၊ ဝိညာဏဉ္စာယတနသမာပတ်ကို။ပ။ အာကိဉ္စညာယတနသမာပတ်ကို။ နေဝသညာ နာသညာယတနသမာပတ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာပြုခြင်းတည်း၊ သောတာပတ္တိမဂ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာပြုခြင်းတည်း၊ သကဒါဂါမိမဂ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာပြုခြင်းတည်း၊ အနာဂါမိမဂ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း၊ အရဟတ္တမဂ်ကို အစမှမှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုခြင်းတည်း။ ဤကား ဝိမောက္ခကို ပွါးများစေခြင်းတည်း။ (၇)

http://www.dhammadownload.com



**ဝိမောက္ခ၏ တဖန်ငြိမ်းခြင်းသည် အဘယ်နည်း။** ပဌမဈာန်ကိုရခြင်းသည်ငင်း အကျိုးသည်ငင်း (ဝိမောက္ခ၏တဖန်ငြိမ်းခြင်းတည်း)၊ ဒုတိယဈာန်ကိုရခြင်းသည်ငင်း အကျိုးသည်ငင်း(ဝိမောက္ခ၏ တဖန်ငြိမ်းခြင်းတည်း)၊ တတိယဈာန်ကို။ပ။စတုတ္ထဈာန်ကို။ အာကာသာနဉ္စာယတနသမာပတ်ကို။ ဝိညာဏဉ္စာယတနသမာပတ်ကို။အာကိဉ္စညာယတနသမာပတ်ကို။ နေဝသညာနာသညာယတနသမာပတ်ကို ရခြင်းသည်ငင်း အကျိုးသည်ငင်း (ဝိမောက္ခ၏ တဖန်ငြိမ်းခြင်းတည်း)၊ သောတာပတ္တိမဂ်၏ သောတာပတ္တိဖိုလ်သည်၊ သကဒါဂါမိမဂ်၏ သကဒါဂါမိဖိုလ်သည်၊ အနာဂါမိမဂ်၏ အနာဂါမိဖိုလ်သည်၊ အရဟတ္တမဂ်၏ အရဟတ္တဖိုလ်သည် (ဝိမောက္ခ၏ တဖန်ငြိမ်းခြင်းတည်း)။ ဤကား ဝိမောက္ခ၏ တဖန်ငြိမ်းခြင်းတည်း။ (ဂ)

ဝိမောက္ခကထာ ပြီး၏။

သုံးခုမြောက်အခန်း ပြီး၏။

---

## ၆-ဂတိကထာ

၂၁၁။ သုဂတိဘဝ ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်မျှသော ဟိတ်၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏသမ္ပယုတ်ပဋိသန္ဓေခဏ၌ အဘယ်မျှသော ဟိတ်တို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်သနည်း။ ရူပါဝစရဗြဟ္မာတို့အား အဘယ်မျှသောဟိတ်တို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ အရူပါဝစရဗြဟ္မာတို့အား အဘယ်မျှသော ဟိတ်တို့၏အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်သနည်း။

သုဂတိဘဝ ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။ ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်၏။ ရူပါဝစရဗြဟ္မာတို့အား ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်၏။ အရူပါဝစရဗြဟ္မာတို့အား ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။

၂၁၂။ သုဂတိဘဝ ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ကုသိုလ်ကံ၏ ဇောခဏ၌ ကုသိုလ် ဟိတ်သုံးပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ ထို့ကြောင့် ကုသိုလ်မူလအကြောင်းကြောင့်လည်း သခ်ါရတို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏။ နိကန္တိ[ဂ] ခဏ၌ အကုသိုလ်ဟိတ်နှစ်ပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် အကုသိုလ်မူလအကြောင်းကြောင့်လည်း သခ်ါရတို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ အဗျာကတဟိတ် သုံးပါးတို့သည် ထိုခဏဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် နာမ်ရုပ်အကြောင်းကြောင့်လည်း ဝိညာဏ်သည် ဝိညာဏ်အကြောင်းကြောင့်လည်း နာမ်ရုပ်သည် (ဖြစ်ကုန်၏ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ ခန္ဓာငါးပါးတို့သည် သဟဇာတပစ္စည်း

ဂ။ ဘဝကို တောင့်တခြင်း၊ နိကန္တိတိ နိကာမနာ ပတ္ထနာ။ (အဋ္ဌကထာ)

http://www.dhammadownload.com



ဖြစ်ကုန်၏၊ [1] အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ မဟာဘုတ်လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်းဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဇီဝိတသင်္ခါရ[2] သုံးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ နာမ်သည်ငှင်း ရုပ်သည်ငှင်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ခန္ဓာပါးပါး မဟာဘုတ်လေးပါး ဇီဝိတ သင်္ခါရသုံးပါး နာမ်ရုပ်ဟူသော ဤတရား တဆယ့်လေးပါး ၁ို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ နာမ် ခန္ဓာလေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညဗစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဣန္ဒြေငါးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေ ခဏ၌ ဟိတ်သုံးပါးတို့သည် သဟဇာတ ပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဝေဒနာစသော ခန္ဓာသုံးပါးဟူသော နာမ်သည်ငှင်း ပဋိသန္ဓေ ဝိညာဏ်ဟူသော ဝိညာဏ်သည်ငှင်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ (နာမက္ခန္ဓာ လေးပါး ဣန္ဒြေငါးပါး၊ ဟိတ်သုံးပါး၊ နာမ်ဝိညာဏ်ဟူသော) ဤတရားတဆယ့်လေးပါးတို့သည် သဟဇာတ ပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဤဆိုအပ်ပြီးသော တရားနှစ်ဆယ့်ရှစ်ပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ သုဂတိဘဝ ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ ဤဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေ နေခြင်း ဖြစ်၏။ (၁)

ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရ နတ်တို့အား ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ကုသိုလ်ကံ၏ ဇောခဏ၌ ကုသိုလ်ကံသုံးပါးတို့သည် ထိုခဏ၌ဖြစ်သောစေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ကုသိုလ်မူလ အကြောင်းကြောင့်လည်း သင်္ခါရ တို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏၊ နိကန္တိခဏ၌ အကုသိုလ်ဟိတ် နှစ်ပါးတို့သည် ထိုခဏ၌ ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် အကုသိုလ်မူလ အကြောင်း ကြောင့်လည်း သင်္ခါရတို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ အဗျာကတဟိတ် သုံးပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ ထို့ကြောင့် နာမ်ရုပ် အကြောင်းကြောင့်လည်း ဝိညာဏ်သည် ဝိညာဏ် အကြောင်းကြောင့်လည်း နာမ်ရုပ်သည် (ဖြစ်ကုန်၏ ဟု)ဆိုအပ်၏။ ပဋိသန္ဓေ ခဏ၌ ခန္ဓာငါးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေ

---

၁။ သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏ ဟူလို၊ နောက် ဤနည်းချည်း။

၂။ ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေဟူသော အာယု, တေဇောဓာတ်ဟူသော ဥသ္မာ, ပဋိသန္ဓေဝိညာဏ်ဟူသောဝိညာဏ ဤသုံးပါးကို ဇီဝိတသင်္ခါရ ခေါ်သည်။ (အဋ္ဌကထာ)

http://www.dhammadownload.com



ခဏ၌ မဟာဘုတ်လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဇီဝိတသင်္ခါရ သုံးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ နာမ်သည်၎င်း ရုပ်သည်၎င်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ (ခန္ဓာငါးပါး မဟာဘုတ်လေးပါး ဇီဝိတသင်္ခါရသုံးပါး နာမ် ရုပ် ဟူသော) ဤတရား တဆယ့်လေးပါးတို့သည် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ နာမ်ခန္ဓာ လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဣန္ဒြေငါးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဟိတ်သုံးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဝေဒနာစသော ခန္ဓာသုံးပါးဟူသော နာမ်သည်၎င်း ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏ်သည်၎င်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ (နာမ်ခန္ဓာလေးပါး ဣန္ဒြေငါးပါး ဟိတ်သုံးပါး နာမ်ဝိညာဏ်ဟူသော) ဤတရား တဆယ့်လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဤဆိုအပ်ပြီးသော တရားနှစ်ဆယ့်ရှစ်ပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ခတ္တိယမဟာသာလ,ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏသမ္ပယုတ် ပဋိသန္ဓေခဏ၌ ဤဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေ နေခြင်း ဖြစ်၏။ (၂)

ရူပါဝစရဗြဟ္မာတို့အား အဘယ် ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ကုသိုလ်ကံ၏ ဇောခဏ၌ ကုသိုလ်ဟိတ် သုံးပါးတို့သည်။ပ။ ရူပါဝစရဗြဟ္မာတို့အား ဤဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေ နေခြင်း ဖြစ်၏။ (၃)

အရူပါဝစရဗြဟ္မာတို့အား အဘယ်ဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေ နေခြင်း ဖြစ်သနည်း။ ကုသိုလ်ကံ၏ဇောခဏ၌ ကုသိုလ်ဟိတ်သုံးပါးတို့သည် ထိုခဏ၌ ဖြစ်သောစေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ကုသိုလ်မူလ အကြောင်းကြောင့်လည်း သင်္ခါရတို့သည်(ဖြစ်ကုန်၏ဟု) ဆိုအပ်၏။ နိကန္တိခဏ၌ အကုသိုလ် ဟိတ်နှစ်ပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် အကုသိုလ်မူလ အကြောင်းကြောင့်လည်း သင်္ခါရတို့သည် (ဖြစ်ကုန်၏ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ အဗျာကတဟိတ် သုံးပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် နာမ်အကြောင်းကြောင့်လည်း ဝိညာဏ်သည် ဝိညာဏ်အကြောင်းကြောင့်လည်း နာမ်သည်(ဖြစ်၏ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ နာမ်ခန္ဓာ လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဣန္ဒြေငါးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊

http://www.dhammadownload.com



သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဟိတ်သုံးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဝေဒနာစသော ခန္ဓာသုံးပါးဟူသော နာမ်သည်ငင်း ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏ်သည်ငင်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏၊ ပဋိသန္ဓေခဏ၌ ဤတရား တဆယ့်လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ အရူပါဝစရဗြဟ္မာတို့အား ဤဟိတ်ရှစ်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။ (၄)

၂၃၃။ သုဂတိဘ၀ ဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်မျှသော ဟိတ်တို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏ်နှင့်မယှဉ်သော ပဋိသန္ဓေခဏ၌ ဟိတ်အဘယ်မျှတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းသည် ဖြစ်သနည်း။

သုဂတိဘ၀ ဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ ဟိတ်ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။ ခတ္တိယမဟာသာလ, ဗြာဟ္မဏမဟာသာလ, ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ ဟိတ်ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်၏။

သုဂတိဘ၀ ဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်ဟိတ်ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ ကုသိုလ်ကံ၏ ဇောခဏ၌ ကုသိုလ်ဟိတ် နှစ်ပါးတို့သည် ထိုခဏ၌ ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ကုသိုလ်မူလ အကြောင်းကြောင့်လည်း သင်္ခါရတို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏၊ နိကန္တိခဏ၌ အကုသိုလ်ဟိတ် နှစ်ပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် အကုသိုလ်မူလအကြောင်းကြောင့်လည်း သင်္ခါရတို့သည် (ဖြစ်ကုန်၏ ဟု) ဆိုအပ်၏။ ပဋိသန္ဓေခဏ၌ အဗျာကတဟိတ် နှစ်ပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် နာမ်ရုပ်အကြောင်းကြောင့်လည်း ဝိညာဏ်သည် ဝိညာဏ်အကြောင်းကြောင့်လည်း နာမ်ရုပ်သည် (ဖြစ်၏ ဟု) ဆိုအပ်၏။

ပဋိသန္ဓေခဏ၌ ခန္ဓာငါးပါးတို့သည် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်းဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ မဟာဘုတ်လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဇီဝိတသင်္ခါရ သုံးပါးတို့သည် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေ ခဏ၌ နာမ်သည်ငင်း ရုပ်သည်ငင်း သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဤတရား တဆယ့်လေးပါးတို့သည် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တ ပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ နာမ်ခန္ဓာ လေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ (ပညိန္ဒြေကြဉ် သဒ္ဓိန္ဒြေ စသော) ဣန္ဒြေလေးပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမည

http://www.dhammadownload.com



ပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဟိတ်နှစ်ပါးတို့သည် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ ပဋိသန္ဓေခဏ၌ ဝေဒနာစသော သုံးပါးသော နာမ်သည်ငှင်း ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏ်သည်ငှင်း သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ အညမညပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်းဖြစ်ကုန်၏၊ ပဋိသန္ဓေခဏ၌ (ပညိန္ဒြေ အမောဟဟိတ်မှတပါး) ဤတရား တဆယ့်နှစ်ပါးတို့သည် သဟဇာတပစ္စည်းဖြစ်ကုန်၏၊ အညမည ပစ္စည်း ဖြစ်ကုန်၏၊ နိဿယပစ္စည်း ဖြစ်ကုန်၏၊ သမ္ပယုတ္တပစ္စည်း ဖြစ်ကုန်၏။ပဋိသန္ဓေခဏ၌ ဤတရား နှစ်ဆယ့်ခြောက်ပါးတို့သည် သဟဇာတပစ္စည်းတို့ ဖြစ်ကုန်၏၊ အညမညပစ္စည်းတို့ ဖြစ်ကုန်၏၊ နိဿယပစ္စည်းတို့ ဖြစ်ကုန်၏၊ ဝိပ္ပယုတ္တပစ္စည်းတို့ ဖြစ်ကုန်၏၊ သုဂတိဘဝဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ ဤဟိတ်ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်းဖြစ်၏။ (၁)

ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏ ဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ အဘယ်ဟိတ် ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ်သနည်း။ကုသိုလ်ကံ၏ ဇောခဏ၌ ကုသိုလ်ဟိတ်နှစ်ပါးတို့သည် ထိုခဏ၌ဖြစ်သော စေတနာနှင့် သဟဇာတပစ္စည်း ဖြစ်ကုန်၏၊ ထို့ကြောင့် ကုသိုလ်မူလအကြောင်းကြောင့်လည်း သခါရတို့ သည်။ပ။ခတ္တိယမဟာသာလ ဗြာဟ္မဏမဟာသာလ ဂဟပတိမဟာသာလ ကာမာဝစရနတ်တို့အား ဉာဏဝိပ္ပယုတ် ပဋိသန္ဓေခဏ၌ ဤဟိတ်ခြောက်ပါးတို့၏ အကြောင်းကြောင့် ပဋိသန္ဓေနေခြင်း ဖြစ် ၏။ (၂)

ဂတိကထာ ပြီး၏။

---

## ၇-ကမ္မကထာ

၂၃၄။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် ဖြစ်ခဲ့ပြီ။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် မဖြစ်ခဲ့ သေး။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် ဖြစ်ဆဲ။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် ဖြစ်ဆဲမဟုတ်။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် ဖြစ်လတ္တံ့။ ကံသည် ဖြစ်ခဲ့ပြီ၊ ကံအကျိုးသည် မဖြစ်လတ္တံ့။ (အတိတ်ကံ-၆)

ကံသည် ဖြစ်ဆဲ၊ ကံအကျိုးသည် ဖြစ်ဆဲ။ ကံသည် ဖြစ်ဆဲ၊ ကံအကျိုးသည် ဖြစ်ဆဲမဟုတ်။ ကံသည် ဖြစ်ဆဲ၊ ကံအကျိုးသည် ဖြစ်လတ္တံ့။ ကံသည် ဖြစ်ဆဲ၊ ကံအကျိုးသည် မဖြစ်လတ္တံ့။(ပစ္စုပ္ပန် ကံ-၄-၁၀)

ကံသည် ဖြစ်လတ္တံ့၊ ကံအကျိုးသည် ဖြစ်လတ္တံ့။ ကံသည် ဖြစ်လတ္တံ့၊ ကံအကျိုးသည် မဖြစ် လတ္တံ့။ (အနာဂတ်ကံ-၂-၁၂)

၂၃၅။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်ခဲ့ပြီ။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် မဖြစ်ခဲ့သေး။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ် ဆဲ။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ ကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ ကုသိုလ်ကံ၏အကျိုးသည် မဖြစ် လတ္တံ့။

http://www.dhammadownload.com



ကုသိုလ်ကံသည် ဖြစ်ဆဲ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲ။ ကုသိုလ်ကံသည် ဖြစ်ဆဲ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်။ ကုသိုလ်ကံသည် ဖြစ်ဆဲ၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ ကုသိုလ်ကံသည် ဖြစ်ဆဲ၊ ကုသိုလ်ကံ၏အကျိုးသည် မဖြစ်လတ္တံ့။

ကုသိုလ်ကံသည် ဖြစ်လတ္တံ့၊ ကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ ကုသိုလ်ကံသည်ဖြစ်လတ္တံ့၊ ကုသိုလ်ကံ၏အကျိုးသည်မဖြစ်လတ္တံ့။

အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်ခဲ့ပြီ။ အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် မဖြစ်ခဲ့သေး။ အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲ။ အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်။ အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ အကုသိုလ်ကံသည် ဖြစ်ခဲ့ပြီ၊ အကုသိုလ်ကံ၏အကျိုးသည် မဖြစ်လတ္တံ့။

အကုသိုလ်ကံသည် ဖြစ်ဆဲ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲ။ အကုသိုလ်ကံသည် ဖြစ်ဆဲ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်။ အကုသိုလ်ကံသည် ဖြစ်ဆဲ၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ အကုသိုလ်ကံသည် ဖြစ်ဆဲ၊ အကုသိုလ်ကံ၏အကျိုးသည် မဖြစ်လတ္တံ့။

အကုသိုလ်ကံသည် ဖြစ်လတ္တံ့၊ အကုသိုလ်ကံ၏အကျိုးသည် ဖြစ်လတ္တံ့။ အကုသိုလ်ကံသည် ဖြစ်လတ္တံ့၊ အကုသိုလ်ကံ၏အကျိုးသည် မဖြစ်လတ္တံ့။

အပြစ်ရှိသောကံသည် ဖြစ်ခဲ့ပြီ။ပ။ အပြစ်မရှိသောကံသည် ဖြစ်ခဲ့ပြီ။ပ။ မည်းညစ်သောကံသည် ဖြစ်ခဲ့ပြီ။ပ။ ဖြူစင်သောကံသည် ဖြစ်ခဲ့ပြီ။ပ။ ချမ်းသာခြင်း တိုးပွါးစေတတ်သောကံသည် ဖြစ်ခဲ့ပြီ။ပ။ ဆင်းရဲခြင်း တိုးပွါးစေတတ်သောကံသည် ဖြစ်ခဲ့ပြီ။ပ။ ချမ်းသာသော အကျိုးရှိသော ကံသည် ဖြစ်ခဲ့ပြီ။ပ။ ဆင်းရဲသောအကျိုးရှိသောကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသော အကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်ခဲ့ပြီ။ ဆင်းရဲသော အကျိုးရှိသော ကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသော အကျိုးရှိသော ကံ၏အကျိုးသည် မဖြစ်ခဲ့သေး။ ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသော အကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်ဆဲ၊ ဆင်းရဲသော အကျိုးရှိသော ကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသောအကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်၊ ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသောအကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်လတ္တံ့၊ ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်ခဲ့ပြီ၊ ဆင်းရဲသော အကျိုးရှိသောကံ၏အကျိုးသည် မဖြစ်လတ္တံ့။

ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်ဆဲ၊ ဆင်းရဲသော အကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်ဆဲ၊ ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်ဆဲ၊ ဆင်းရဲသော အကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်ဆဲမဟုတ်၊ ဆင်းရဲသောအကျိုးရှိသောကံသည် ဖြစ်ဆဲ၊ ဆင်းရဲသောအကျိုးရှိသောကံ၏အကျိုးသည် ဖြစ်လတ္တံ့၊ ဆင်းရဲသောအကျိုးရှိသောကံသည် ဖြစ်ဆဲ၊ ဆင်းရဲသောအကျိုးရှိသော ကံ၏အကျိုးသည် မဖြစ်လတ္တံ့။

ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်လတ္တံ့၊ ဆင်းရဲသောအကျိုးရှိသော ကံ၏အကျိုးသည် ဖြစ်လတ္တံ့၊ ဆင်းရဲသော အကျိုးရှိသောကံသည် ဖြစ်လတ္တံ့၊ ဆင်းရဲသော အကျိုးရှိသောကံ၏ အကျိုးသည် မဖြစ်လတ္တံ့။

**ကမ္မကထာ ပြီး၏။**

http://www.dhammadownload.com



## ၈-ဝိပလ္လာသကထာ

၂၃၆။ နိဒါန်းကား ရှေးအတိုင်းပင်တည်း။ ရဟန်းတို့—သညာ ဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူ'ဒိဋ္ဌိ'ဖောက်ပြန်ခြင်းတို့သည် လေးပါးတို့တည်း။ အဘယ်လေးပါးတို့ နည်းဟူမူ—ရဟန်းတို့ အနိစ္စ၌ "နိစ္စ"ဟု (နှလုံးသွင်းမှု) သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူ'ဒိဋ္ဌိ'ဖောက်ပြန်ခြင်း (ဖြစ်၏)။ ရဟန်းတို့ ဒုက္ခ၌ "သုခ"ဟု (နှလုံးသွင်းမှု) သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူ'ဒိဋ္ဌိ'ဖောက်ပြန်ခြင်း (ဖြစ်၏)။ ရဟန်းတို့ အနတ္တ၌ "အတ္တ" ဟု (နှလုံးသွင်းမှု) သညာ ဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူဖောက်ပြန်ခြင်း (ဖြစ်၏)။ ရဟန်းတို့ အသုဘ၌ "သုဘ" ဟု (နှလုံးသွင်းမှု)သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူဖောက်ပြန်ခြင်း (ဖြစ်၏)။ ရဟန်းတို့ ဤလေးပါးတို့သည် သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူဖောက်ပြန်ခြင်းတို့တည်း။

ရဟန်းတို့ သညာမဖောက်ပြန်ခြင်း စိတ်မဖောက်ပြန်ခြင်း အယူမဖောက်ပြန်ခြင်းတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း ဟူမူ—ရဟန်းတို့ အနိစ္စ၌ "အနိစ္စ" ဟု (နှလုံးသွင်းမှု) သညာမဖောက်ပြန် စိတ်မဖောက်ပြန် အယူမဖောက်ပြန်။ ရဟန်းတို့ ဒုက္ခ၌ "ဒုက္ခ" ဟု (နှလုံးသွင်းမှု) သညာမဖောက်ပြန် စိတ်မဖောက်ပြန် အယူမဖောက်ပြန်။ ရဟန်းတို့ အနတ္တ၌ "အနတ္တ"ဟု (နှလုံးသွင်းမှု) သညာမဖောက်ပြန် စိတ်မဖောက်ပြန် အယူမဖောက်ပြန်။ ရဟန်းတို့ အသုဘ၌ "အသုဘ"ဟု (နှလုံးသွင်းမှု) သညာမဖောက်ပြန် စိတ်မဖောက်ပြန် အယူမဖောက်ပြန်။ ရဟန်းတို့ ဤလေးပါးတို့သည် သညာမဖောက်ပြန်ခြင်း စိတ်မဖောက်ပြန်ခြင်း အယူမဖောက်ပြန်ခြင်းတို့တည်း။

(အကြင်သတ္တဝါတို့သည်) အနိစ္စ၌ "နိစ္စ"ဟု အမှတ်ရှိကုန်၏၊ ဒုက္ခ၌လည်း 'သုခ'ဟု အမှတ်ရှိကုန်၏၊ အနတ္တ၌လည်း'အတ္တ'ဟု အမှတ်ရှိကုန်၏၊ အသုဘ၌ "သုဘ"ဟု အမှတ်ရှိကုန်၏၊ မိစ္ဆာဒိဋ္ဌိဖြင့်လည်း ဖျက်ဆီးအပ်ကုန်၏၊ ပျံ့လွင့်သောစိတ်ရှိကုန်၏၊ သညာကင်းကုန်၏။

ထိုသတ္တဝါတို့သည် မာရ်နတ်၏ ယောဂ၌ယှဉ်ကုန်၏၊ ယောဂဘေးကင်းရာ (နိဗ္ဗာန်) သို့ မရောက်ကုန်၊ သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကုန်လျက် သံသရာကို ကျင်လည်ကြရကုန်၏။

အကြင်အခါ၌မူ အလင်းရောင်ကို ပြုတတ်ကုန်သော မြတ်စွာဘုရားတို့သည် ဩကာသလောက၌ ဖြစ်ပွင့်တော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ဒုက္ခငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းဖြစ်သော ဤတရားကို ပြတော်မူကုန်၏။

ထိုပညာရှိ သတ္တဝါတို့သည် ထိုမြတ်စွာဘုရားတို့၏ (တရားစကားကို) နာကြားရကုန်၍ ဖောက်ပြန်ခြင်း ဝိပလ္လာသမရှိသော မိမိစိတ်ကို တဖန်ရကုန်၏၊ အနိစ္စကို အနိစ္စအားဖြင့် မြင်ကုန်၏၊ ဒုက္ခကို ဒုက္ခအားဖြင့် မြင်ကုန်၏။

အနတ္တ၌ အနတ္တဟု အသုဘကို အသုဘအားဖြင့် မြင်ကုန်၏၊ ယူအပ်သော ကောင်းသောအမြင် 'ဒိဋ္ဌိ'ရှိကုန်လျက် အလုံးစုံသော ဆင်းရဲဒုက္ခကို ကျော်လွန်ကုန်၏။

http://www.dhammadownload.com



ဤဖောက်ပြန်ခြင်း လေးပါးတို့ကို သောတာပန်ပုဂ္ဂိုလ်သည် ပယ်အပ်ကုန်သလော၊ မပယ်အပ်ကုန်သလော။ အချို့တို့ကို ပယ်အပ်ကုန်၏၊ အချို့တို့ကို မပယ်အပ်ကုန်။ အနိစ္စ၌ "အနိစ္စ" ဟု (ယူသော) သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူဖောက်ပြန်ခြင်းကို ပယ်အပ်၏။ (မောဟကို မပယ်ရသေးသောကြောင့်) ဒုက္ခ၌ "သုခ"ဟု (ယူသော) သညာသည်ဖြစ်၏၊ စိတ်သည်ဖြစ်၏၊ အယူဖောက်ပြန်ခြင်းကို ပယ်အပ်၏။ အနတ္တ၌ "အတ္တ"ဟု (ယူသော) သညာဖောက်ပြန်ခြင်း စိတ်ဖောက်ပြန်ခြင်း အယူဖောက်ပြန်ခြင်းကို ပယ်အပ်၏။ အသုဘ၌ "သုဘ" ဟု (ယူသော)သညာသည်ဖြစ်၏၊ စိတ်သည်ဖြစ်၏၊ အယူ'ဒိဋ္ဌိ'ဖောက်ပြန်ခြင်းကို ပယ်အပ်၏။ ဝတ္ထုနှစ်မျိုးတို့၌ ဖောက်ပြန်ခြင်း ခြောက်ပါးတို့ကို ပယ်အပ်ကုန်၏၊ ဝတ္ထုနှစ်မျိုးတို့၌ ဖောက်ပြန်ခြင်း နှစ်ပါးတို့ကို ပယ်အပ်ကုန်၏။ ဖောက်ပြန်ခြင်းလေးပါးတို့ကို မပယ်အပ်ကုန်၊ ဝတ္ထုလေးမျိုးတို့၌ ဖောက်ပြန်ခြင်းရှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ ဖောက်ပြန်ခြင်း လေးပါးတို့ကို မပယ်အပ်ကုန်။

ဝိပလ္လာသကထာ ပြီး၏။

---

## ၉-မဂ္ဂကထာ

၂၃၇။ မဂ်ဟူသည် အဘယ်အနက်သဘောကြောင့် မဂ်မည်သနည်း။ သောတာပတ္တိမဂ်ခဏ၌ မြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိကို ပယ်ခြင်းငှါ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ တကွဖြစ်ကုန်သောတရားတို့ကို ထောက်ပံ့ခြင်းငှါ မဂ်လည်းမည်၏၊ ဟိတ်ာည်းမည်၏၊ ကိလေသာတို့ကို ကုန်စေခြင်းငှါ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သိုးထွင်း၍သိခြင်း၏ အစကိုစင်ကြယ်စေခြင်းငှါ မဂ်လည်းမည်၏၊ ဟိတ်လည်း မည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်ခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ စိတ်၏ဖြူစင်ခြင်းငှါ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကိုရခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍သိခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သစ္စာကိုထိုးထွင်း၍သိခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာနိဗ္ဗာန်၌ တည်စေခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏။

ရှေးရှုတင်ခြင်း အနက်သဘောကြောင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ တကွဖြစ်သောတရားတို့ကို ထောက်ခံခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ကိလေသာတို့ကို ကုန်စေခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ထိုးထွင်း၍သိခြင်း၏အစကို စင်ကြယ်စေခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ (သမ္မယုတ်) စိတ်၏ (မိမိကိစ္စ၌) တည်ခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ စိတ်၏ဖြူစင်ခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကိုရခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍သိခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သစ္စာကိုထိုးထွင်း၍သိခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်သည်း မည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌တည်စေခြင်းငှါ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏။

http://www.dhammadownload.com



သိမ်းဆည်းခြင်း အနက်သဘောကြောင့် သမ္မာဝါစာသည် မိစ္ဆာဝါစာကို ပယ်ခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ တကွဖြစ်သောတရားတို့ကို ထောက်ပံ့ခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ကိလေသာတို့ကို ကုန်စေခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပက ဟိတ်လည်း မည်၏၊ ထိုးထွင်း၍သိခြင်း၏အစကို စင်ကြယ်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်း၌ မဂ်လည်းမည်၏၊သမ္မာပကဟိတ်လည်း မည်၏၊ စိတ်၏ဖြူစင်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကို ရခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သစ္စာကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ (စိတ်ကိုရင်း ပုဂ္ဂိုလ်ကိုရင်း) တည်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏။

ကောင်းစွာဖြစ်ကြောင်း အနက်သဘောကြောင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တကို ပယ်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ တကွဖြစ်ကုန်သော တရားတို့ကို ထောက်ပံ့ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ ကိလေသာတို့ကို ကုန်စေခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ထိုးထွင်း၍ သိခြင်း၏ အစကို စင်ကြယ်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်း၌ မဂ်လည်းမည်၏၊သမ္မာပက ဟိတ်လည်းမည်၏၊ စိတ်၏ဖြူစင်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကို ရခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ သစ္စာကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပက ဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ (စိတ်ကိုရင်း ပုဂ္ဂိုလ်ကိုရင်း) တည်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏။

ဖြူစင်ခြင်း အနက်သဘောကြောင့် သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝကို ပယ်ခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏။ ပ ။ ချီးမြှောက်ခြင်း အနက်သဘောကြောင့် သမ္မာဝါယာမ သည် မိစ္ဆာဝါယာမကို ပယ်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏။ ပ ။ ထင်ခြင်း အနက်သဘောကြောင့် သမ္မာသတိသည် မိစ္ဆာသတိကို ပယ်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏။ ပ ။ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိကို ပယ်ခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပက ဟိတ်လည်း မည်၏။ တကွဖြစ်သော တရားတို့ကို ထောက်ပံ့ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ ကိလေသာတို့ကို ကုန်စေခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ ထိုးထွင်း၍ သိခြင်း၏ အစကို စင်ကြယ်စေခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ စိတ်၏ ဖြူစင်ခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏။ အထူးကို ရခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သစ္စာကို ထိုးထွင်း၍ သိခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာနိဗ္ဗာန်၌ တည်စေခြင်း၌ မဂ်လည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏။

**သကဒါဂါမိမဂ်ခဏ၌ မြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်းအနက် သဘောကြောင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်**

http://www.dhammadownload.com



ရန့်ရင်းသော ကာမရာဂါနုသယ ပဋိဃာနုသယကို ပယ်ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ တက္ကဖြစ်သော တရားတို့ကို ထောက်ပံ့ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ ကိလေသာတို့ကို ကုန်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ ထိုးထွင်း၍ သိခြင်း၏ အစကို စင်ကြယ်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ စိတ်၏ဖြူစင်ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကိုရခြင်းငှါ မင်္ဂလည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ သစ္စာကို ထိုးထွင်း၍သိခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏။

အနာဂါမိမဂ်ခဏ၌ မြင်ခြင်းအနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည်။ ပ ။ မပျံ့လွင့်ခြင်းအနက် သဘောကြောင့် သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် သိမ်မွေ့သော ကာမရာဂါနုသယ ပဋိဃာနုသယကို ပယ်ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ တက္ကဖြစ်သော တရားတို့ကို ထောက်ပံ့ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ ကိလေသာတို့ကို ကုန်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ထိုးထွင်း၍ သိခြင်း၏ အစကို စင်ကြယ်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ စိတ်၏ ဖြူစင်ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အထူးကိုရခြင်းငှါ မင်္ဂလည်း မည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်းငှါ မင်္ဂလည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ သစ္စာကို ထိုးထွင်း၍သိခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏။

အရဟတ္တမဂ်ခဏ၌ မြင်ခြင်း အနက်သဘောကြောင့် သမ္မာဒိဋ္ဌိသည်။ ပ ။ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမ္မာသမာဓိသည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယကို ပယ်ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပက ဟိတ်လည်းမည်၏၊ တက္ကဖြစ်သောတရားတို့ကို ထောက်ပံ့ခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ကိလေသာတို့ကို ကုန်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ထိုးထွင်း၍သိခြင်း၏အစကို စင်ကြယ်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ သမ္မယုတ်စိတ်၏ မိမိကိစ္စ၌ တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ဖြူစင်ခြင်းငှါ မင်္ဂလည်း မည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ အထူးကိုရခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်းမည်၏၊ သစ္စာကို ထိုးထွင်း၍သိခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌ (စိတ်ကိုယ်ပိုင်း ပုဂ္ဂိုလ်ကိုယ်ပိုင်း) တည်စေခြင်းငှါ မင်္ဂလည်းမည်၏၊ သမ္မာပကဟိတ်လည်း မည်၏။

မြင်ခြင်းဟူသော အကြောင်းကား သမ္မာဒိဋ္ဌိတည်း၊ ရှေးရှုတင်ခြင်းဟူသော အကြောင်းကား သမ္မာသင်္ကပ္ပတည်း၊ သိမ်းဆည်းခြင်းဟူသော အကြောင်းကား သမ္မာဝါစာတည်း၊ ကောင်းစွာ ဖြစ်ခြင်းဟူသော အကြောင်းကား သမ္မာကမ္မန္တတည်း၊ ဖြူစင်ခြင်းတည်းဟူသော အကြောင်းကား သမ္မာအာဇီဝတည်း၊ အားထုတ်ခြင်းဟူသော အကြောင်းကား သမ္မာဝါယာမတည်း၊ ထင်ခြင်း ဟူသောအကြောင်းကား သမ္မာသတိတည်း၊ မပျံ့လွင့်ခြင်းဟူသော အကြောင်းကား သမ္မာ

http://www.dhammadownload.com



သမာဓိတည်း။ ထင်ခြင်းဟူသော အကြောင်းကား သတိသမ္ဗောဇ္ဈင်တည်း၊ စိစစ်'စူးစမ်း'ခြင်းဟူသော အကြောင်းကား ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ အားထုတ်ခြင်းဟူသော အကြောင်းကား ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ပျံ့နှံ့ခြင်းဟူသော အကြောင်းကား ပီတိသမ္ဗောဇ္ဈင်တည်း၊ ငြိမ်းခြင်းဟူသော အကြောင်းကား ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ မပျံ့လွင့်ခြင်းဟူသော အကြောင်းကား သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဆင်ခြင်ခြင်းဟူသော အကြောင်းကား ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။

မယုံကြည်ခြင်းကြောင့် မတုန်လှုပ်စေနိုင်သော အကြောင်းကား သဒ္ဓါဗိုလ်၊ ပျင်းရိခြင်းကြောင့် မတုန်လှုပ်စေနိုင်သော အကြောင်းကား ဝီရိယဗိုလ်၊ မေ့လျော့ခြင်းကြောင့် မတုန်လှုပ်စေနိုင်သော အကြောင်းကား သတိဗိုလ်၊ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်စေနိုင်သော အကြောင်းကား သမာဓိဗိုလ်၊ အဝိဇ္ဇာကြောင့် မတုန်လှုပ်စေနိုင်သော အကြောင်းကား ပညာဗိုလ်။ ဆုံးဖြတ်ခြင်းအကြောင်းကား သဒ္ဓိန္ဒြေ၊ အားထုတ်ခြင်း အကြောင်းကား ဝီရိယိန္ဒြေ၊ ထင်ခြင်းအကြောင်းကား သတိန္ဒြေ၊ မပျံ့လွင့်ခြင်းအကြောင်းကား သမာဓိန္ဒြေ၊ မြင်ခြင်းအကြောင်းကား ပညိန္ဒြေတည်း။

အစိုးရခြင်း အနက်သဘောကြောင့် ဣန္ဒြေတို့သည် မဂ်၊ မတုန်လှုပ်ခြင်းအနက်သဘောကြောင့် ဗိုလ်တို့သည် မဂ်၊ ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘောကြောင့် ဗောဇ္ဈင်တို့သည် မဂ်၊ သမ္မာပကဟိတ် အနက်သဘောကြောင့် မဂ္ဂင်တို့သည်မဂ်၊ ထင်ခြင်း အနက်သဘောကြောင့် သတိပဋ္ဌာန်တို့သည် မဂ်၊ အားထုတ်ခြင်း အနက်သဘောကြောင့် သမ္မပ္ပဓာန်တို့သည် မဂ်၊ ပြည့်စုံ'ပြီးမြောက်'ခြင်းအနက်သဘောကြောင့် ဣဒ္ဓိပါဒ်တို့သည် မဂ်၊ ဟုတ်မှန်ခြင်းအနက် သဘောကြောင့် သစ္စာတို့သည် မဂ်၊ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမထသည် မဂ်၊ အဖန်ဖန်ရှုခြင်း အနက်သဘောကြောင့် ဝိပဿနာသည် မဂ်၊ တခုတည်းသော ကိစ္စရှိသော အနက်သဘောကြောင့် သမထ ဝိပဿနာသည် မဂ်၊ လွန်၍မဖြစ်ခြင်း အနက်သဘောကြောင့် ယုဂနဒ္ဓ (အစုံတွဲယှက်သည့် သမထဝိပဿနာ တရား)တို့သည် မဂ်၊ စောင့်စည်းခြင်း အနက်သဘောကြောင့် သီလဝိသုဒ္ဓိသည် မဂ်၊မပျံ့လွင့်ခြင်း အနက်သဘောကြောင့် စိတ္တဝိသုဒ္ဓိသည် မဂ်၊ မြင်ခြင်း အနက်သဘောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိသည် မဂ်၊ လွတ်ခြင်း အနက်သဘောကြောင့် ဝိမောက္ခသည် မဂ်၊ ထိုးထွင်း၍ သိခြင်း အနက်သဘောကြောင့် ဝိဇ္ဇာသည် မဂ်၊ စွန့်လွှတ်ခြင်း အနက်သဘောကြောင့် ဝိမုတ္တိသည် မဂ်၊ အကြွင်းမဲ့ဖြတ်ခြင်း အနက်သဘောကြောင့် ခယဉာဏ်သည် မဂ်၊ ဆန္ဒသည် အရင်းမူလအနက်သဘောကြောင့် မဂ်၊ မနသိကာရသည် (ကောင်းစွာ) ဖြစ်ကြောင်းအနက်သဘောကြောင့် မဂ်၊ ဖဿသည် ပေါင်းခြင်းအနက်သဘောကြောင့် မဂ်၊ ဝေဒနာသည် စုဝေးခြင်း အနက်သဘောကြောင့် မဂ်၊ သမာဓိသည် အမှူးအနက်သဘောကြောင့် မဂ်၊ သတိသည် အကြီးအကဲအနက်သဘောကြောင့် မဂ်၊ ပညာသည် ထိုထက်လွန်ခြင်း အနက်သဘောကြောင့် မဂ်၊ ဝိမုတ္တိသည် အနှစ်သာရအနက်သဘောကြောင့် မဂ်၊ သေခြင်းမရှိရာသို့ သက်သော နိဗ္ဗာန်သည် ပြီးဆုံးခြင်း အနက်သဘောကြောင့် မဂ်မည်၏။

မဂ္ဂကထာ ပြီး၏။

---

## ၁၀-မဏ္ဍပေယျကထာ

၂၃၈။ ရဟန်းတို့- မြတ်သောအကျင့်တည်းဟူသော သောက်ဖွယ်အကြည်သည်ရှိ၏၊ မြတ်စွာဘုရားသည် မျက်မှောက်ဖြစ်တော်မူ၏၊ အကြည်သည် မြတ်စွာဘုရား မျက်မှောက်ဖြစ်တော်မူစဉ်

http://www.dhammadownload.com



ဒေသနာဟူသော အကြည်, ခံယူသူဟူသော အကြည်, မြတ်သောအကျင့် တည်းဟူသော အကြည်ဟု သုံးပါး အပြားရှိ၏။

ဒေသနာ ဟူသော အကြည်သည် အဘယ်နည်း။ အရိယသစ္စာ လေးပါးတို့ကို ပြောကြားခြင်း ဟောပြခြင်း သိစေခြင်း ဖြစ်စေခြင်း ဖွင့်လှစ်ခြင်း ဝေဖန်ခြင်း ထင်ပေါ်အောင် ပြုခြင်းတည်း။ သတိပဋ္ဌာန်လေးပါးတို့ကို။ ပ ။ သမ္မပ္ပဓာန်လေးပါးတို့ကို။ ဣဒ္ဓိပါဒ်လေးပါးတို့ကို။ ဣန္ဒြေငါးပါးတို့ကို။ ဗိုလ်ငါးပါးတို့ကို။ သမ္ဗောဇ္ဈင် ခုနစ်ပါးတို့ကို။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပြောကြားခြင်း, ဟောပြခြင်း သိစေခြင်း, ဖြစ်စေခြင်း, ဖွင့်လှစ်ခြင်း, ဝေဖန်ခြင်း, ပေါ်ထင်အောင် ပြုခြင်းတည်း။ ဤကား ဒေသနာအကြည်တည်း။ (၁)

ခံယူသူဟူသော အကြည်သည် အဘယ်နည်း။ ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမ နတ် လူ၊ ထိုမှတပါး အမှတ်မရှိ သိတတ်သူတို့တည်း။ ဤကား ခံယူသူ အကြည်တည်း။ (၂)

မြတ်သော အကျင့်တည်းဟူသော အကြည်သည် အဘယ်နည်း။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကား အဘယ်နည်း၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတည်း။ ဤကား မြတ်သော အကျင့်တည်းဟူသော အကြည်တည်း။ (၃)

၂၃၉။ ဆုံးဖြတ်ခြင်း အကြည်သည် သဒ္ဓိန္ဒြေတည်း၊ မယုံကြည်မှုသည် နောက်ကျုခြင်းတည်း၊ မယုံကြည်မှု ဟူသော နောက်ကျုခြင်းကို စွန့်၍ သဒ္ဓိန္ဒြေ၏ ဆုံးဖြတ်ခြင်း အကြည်ကိုသောက်သောကြောင့် သောက်ဖွယ် အကြည် 'မဏ္ဍပေယျ' မည်၏၊ အားထုတ်ခြင်း အကြည်သည် ဝီရိယိန္ဒြေတည်း၊ ပျင်းရိခြင်းသည် နောက်ကျုခြင်းတည်း၊ ပျင်းရိခြင်းတည်းဟူသော နောက်ကျုခြင်းကို စွန့်၍ ဝီရိယိန္ဒြေ၏ အားထုတ်ခြင်း အကြည်ကို သောက်သောကြောင့် သောက်ဖွယ် အကြည် 'မဏ္ဍပေယျ' မည်၏၊ ထင်ခြင်း အကြည်သည် သတိန္ဒြေတည်း၊ မေ့လျော့ခြင်းသည် နောက်ကျုခြင်းတည်း၊ မေ့လျော့ခြင်း တည်းဟူသော နောက်ကျုခြင်းကို စွန့်၍ သတိန္ဒြေ၏ ထင်ခြင်း အကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ' မည်၏၊ မပျံ့လွင့်ခြင်း အကြည်သည် သမာဓိန္ဒြေတည်း၊ ဥဒ္ဓစ္စသည် နောက်ကျုခြင်းတည်း၊ ဥဒ္ဓစ္စတည်းဟူသော နောက်ကျုခြင်းကို စွန့်၍ သမာဓိန္ဒြေ၏ မပျံ့လွင့်ခြင်း အကြည်ကို သောက်သောကြောင့် သောက်ဖွယ် အကြည် 'မဏ္ဍပေယျ' မည်၏၊ မြင်ခြင်းအကြည်သည် ပညိန္ဒြေတည်း၊ အဝိဇ္ဇာသည် နောက်ကျုခြင်းပေတည်း၊ အဝိဇ္ဇာတည်းဟူသော နောက်ကျုခြင်းကို စွန့်၍ ပညိန္ဒြေ၏ မြင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ' မည်၏။

သဒ္ဓါ မရှိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်း အကြည်သည် သဒ္ဓါဗိုလ်တည်း၊ သဒ္ဓါမရှိခြင်းသည် နောက်ကျုခြင်းတည်း၊ သဒ္ဓါ မရှိခြင်းတည်းဟူသော နောက်ကျုခြင်းကို စွန့်၍ သဒ္ဓါဗိုလ်၏ သဒ္ဓါမရှိခြင်း၌ မတုန်လှုပ်စေနိုင်ခြင်း အကြည်ကို သောက်သောကြောင့် သောက်ဖွယ် အကြည် 'မဏ္ဍပေယျ' မည်၏။ ပျင်းရိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်း အကြည်သည် ဝီရိယဗိုလ်တည်း၊ ပျင်းရိခြင်းသည် နောက်ကျုခြင်းတည်း၊ ပျင်းရိခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ဝီရိယဗိုလ်၏ ပျင်းရိခြင်း၌ မတုန်လှုပ်စေနိုင်ခြင်းအကြည်ကို သောက်သောကြောင့်

http://www.dhammadownload.com



သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ မေ့လျော့ခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်း အကြည်သည် သတိဗိုလ်တည်း၊ မေ့လျော့ခြင်းသည် နောက်ကျုခြင်းဘည်း၊ မေ့လျော့ခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သတိဗိုလ်၏မေ့လျော့ခြင်း၌ မတုန်လှုပ်စေနိုင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်စေနိုင်ခြင်း အကြည်သည် သမာဓိဗိုလ်တည်း၊ ဥဒ္ဓစ္စသည် နောက်ကျုခြင်းတည်း၊ ဥဒ္ဓစ္စတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သမာဓိဗိုလ်၏ ဥဒ္ဓစ္စ၌ မတုန်လှုပ်စေနိုင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ အဝိဇ္ဇာကြောင့် မတုန်လှုပ်စေနိုင်ခြင်း အကြည်သည် ပညာဗိုလ်တည်း၊ အဝိဇ္ဇာသည် နောက်ကျုခြင်းတည်း၊ အဝိဇ္ဇာတည်းဟူသောနောက်ကျုခြင်းကို စွန့်၍ ပညာဗိုလ်၏အဝိဇ္ဇာ၌ မတုန်လှုပ်စေနိုင်ခြင်းအကြည်ကိုသောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။

ထင်ခြင်းအကြည်သည် သတိသမ္ဗောဇ္ဈင်တည်း၊ မေ့လျော့ခြင်းသည် နောက်ကျုခြင်းတည်း၊ မေ့လျော့ခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သတိသမ္ဗောဇ္ဈင်၏ ထင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ စိစစ် 'စူးစမ်း'ခြင်း အကြည်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ အဝိဇ္ဇာသည် နောက်ကျုခြင်းတည်း၊ အဝိဇ္ဇာတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏ စိစစ် 'စူးစမ်း' ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ အားထုတ်ခြင်းအကြည်သည် ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ပျင်းရိခြင်းသည် နောက်ကျုခြင်းတည်း၊ ပျင်းရိခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ဝီရိယသမ္ဗောဇ္ဈင်၏ အားထုတ်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ပျံ့နှံ့ခြင်းအကြည်သည် ပီတိသမ္ဗောဇ္ဈင်တည်း၊ ပူလောင်ခြင်းသည် နောက်ကျုခြင်းတည်း၊ ပူလောင်ခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ပီတိသမ္ဗောဇ္ဈင်၏ ပျံ့နှံ့ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ' မည်၏။ ငြိမ်းခြင်းအကြည်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ ရှုန့်ရင်းခြင်းသည် နောက်ကျုခြင်းတည်း၊ ရှုန့်ရင်းခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ငြိမ်းခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ မပျံ့လွင့်ခြင်းအကြည်သည် သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဥဒ္ဓစ္စသည် နောက်ကျုခြင်းတည်း၊ ဥဒ္ဓစ္စတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သမာဓိသမ္ဗောဇ္ဈင်၏ မပျံ့လွင့်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ဆင်ခြင်ခြင်းအကြည်သည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ မဆင်ခြင်ခြင်းသည် နောက်ကျုခြင်းတည်း၊ မဆင်ခြင်ခြင်းတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဆင်ခြင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။

မြင်ခြင်းအကြည်သည် သမ္မာဒိဋ္ဌိတည်း၊ မိစ္ဆာဒိဋ္ဌိသည် နောက်ကျုခြင်းတည်း၊ မိစ္ဆာဒိဋ္ဌိတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သမ္မာဒိဋ္ဌိ၏ မြင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ရှေးရှုတင်ခြင်းအကြည်သည် သမ္မာသင်္ကပ္ပတည်း၊ မိစ္ဆာသင်္ကပ္ပသည် နောက်ကျုခြင်းတည်း၊ မိစ္ဆာသင်္ကပ္ပတည်းဟူသော နောက်ကျုခြင်းကိုစွန့်၍ သမ္မာသင်္ကပ္ပ၏ ရှေးရှုတင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ' မည်၏။ သိမ်းဆည်းခြင်းအကြည်သည် သမ္မာဝါစာတည်း၊ မိစ္ဆာဝါစာသည် နောက်ကျုခြင်းတည်း၊

http://www.dhammadownload.com



မိစ္ဆာဝါစာတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာဝါစာ၏ သိမ်းဆည်းခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ကောင်းစွာဖြစ်ကြောင်း အကြည်သည် သမ္မာကမ္မန္တတည်း၊ မိစ္ဆာကမ္မန္တသည် နောက်ကျခြင်းတည်း၊ မိစ္ဆာကမ္မန္တတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာကမ္မန္တ၏ ကောင်းစွာဖြစ်ကြောင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ဖြူစင်ခြင်းအကြည်သည် သမ္မာအာဇီဝတည်း၊ မိစ္ဆာအာဇီဝသည် နောက်ကျခြင်းတည်း၊ မိစ္ဆာအာဇီဝတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာအာဇီဝ၏ ဖြူစင်ခြင်းအကြည်ကိုသောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ' မည်၏။ အားထုတ်ခြင်းအကြည်သည် သမ္မာဝါယာမတည်း၊ မိစ္ဆာဝါယာမသည် နောက်ကျခြင်းတည်း၊ မိစ္ဆာဝါယာမတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာဝါယာမ၏ အားထုတ်ခြင်း အကြည်ကို သောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။ ထင်ခြင်းအကြည်သည် သမ္မာသတိတည်း၊ မိစ္ဆာသတိသည် နောက်ကျခြင်းတည်း၊ မိစ္ဆာသတိတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာသတိ၏ ထင်ခြင်းအကြည်ကို သောက်သောကြောင့် သောက်ဖွယ် အကြည် 'မဏ္ဍပေယျ'မည်၏။ မပျံ့လွင့်ခြင်းအကြည်သည် သမ္မာသမာဓိတည်း၊ မိစ္ဆာသမာဓိသည် နောက်ကျခြင်းတည်း၊ မိစ္ဆာသမာဓိတည်းဟူသော နောက်ကျခြင်းကိုစွန့်၍ သမ္မာသမာဓိ၏ မပျံ့လွင့်ခြင်းအကြည်ကိုသောက်သောကြောင့် သောက်ဖွယ်အကြည် 'မဏ္ဍပေယျ'မည်၏။

၂၄၀။ အကြည်သည် ရှိ၏၊ သောက်ဖွယ်သည် ရှိ၏၊ ကြည်လင်ခြင်းမှကင်းသော နောက်ကျခြင်းသည် ရှိ၏၊ ဆုံးဖြတ်ခြင်းအကြည်သည် သဒ္ဓိန္ဒြေတည်း၊ သဒ္ဓါမရှိခြင်းသည် ကြည်လင်ခြင်းမှ ကင်းသော နောက်ကျခြင်းတည်း၊ ထိုသဒ္ဓိန္ဒြေ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ အားထုတ်ခြင်းအကြည်သည် ဝီရိယိန္ဒြေတည်း၊ ပျင်းရိခြင်းသည် နောက်ကျခြင်းတည်း၊ ထိုဝီရိယိန္ဒြေ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ထင်ခြင်းအကြည်သည် သတိန္ဒြေတည်း၊ မေ့လျော့ခြင်းသည် နောက်ကျခြင်းတည်း၊ ထိုသတိန္ဒြေ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ မပျံ့လွင့်ခြင်းအကြည်သည် သမာဓိန္ဒြေတည်း၊ ဥဒ္ဓစ္စသည် နောက်ကျခြင်းတည်း၊ ထိုသမာဓိန္ဒြေ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ မြင်ခြင်းအကြည်သည် ပညိန္ဒြေတည်း၊ အဝိဇ္ဇာသည် နောက်ကျခြင်းတည်း၊ ထိုပညိန္ဒြေ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်း အရသာသည် သောက်ဖွယ်တည်း။

သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် သဒ္ဓါဗိုလ်တည်း၊ သဒ္ဓါမရှိခြင်းသည် နောက်ကျခြင်းတည်း၊ ထိုသဒ္ဓါဗိုလ်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်း အရသာသည် သောက်ဖွယ်တည်း။ ပျင်းရိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် ဝီရိယဗိုလ်တည်း၊ ပျင်းရိခြင်းသည် နောက်ကျခြင်းတည်း၊ ထိုဝီရိယဗိုလ်၌ရှိသော အနက်အရသာ တရား အရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ မေ့လျော့ခြင်းကြောင့် မတုန်လှုပ် စေနိုင်ခြင်းအကြည်သည် သတိဗိုလ်တည်း၊ မေ့လျော့ခြင်းသည် နောက်ကျခြင်းတည်း၊ ထိုသတိ ဗိုလ်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် သမာဓိဗိုလ်တည်း၊ ဥဒ္ဓစ္စသည် နောက်ကျခြင်း တည်း၊ ထိုသမာဓိဗိုလ်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည်

http://www.dhammadownload.com



သောက်ဖွယ်တည်း။ အဝိဇ္ဇာကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် ပညာဗိုလ်တည်း၊ အဝိဇ္ဇာသည် နောက်ကျခြင်းတည်း၊ ထိုပညာဗိုလ်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။

ထင်ခြင်းအကြည်သည် သတိသမ္ဗောဇ္ဈင်တည်း၊ မေ့လျော့ခြင်းသည် နောက်ကျခြင်းတည်း၊ ထိုသတိသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်း အရသာသည် သောက်ဖွယ်တည်း။ စိစစ်စူးစမ်းခြင်းအကြည်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ အဝိဇ္ဇာသည် နောက်ကျခြင်းတည်း၊ ထိုဓမ္မဝိစယသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ အားထုတ်ခြင်းအကြည်သည် ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ပျင်းရိခြင်းသည် နောက်ကျခြင်းတည်း၊ ထိုဝီရိယသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ပျံ့နှံ့ခြင်းအကြည်သည် ပီတိသမ္ဗောဇ္ဈင်တည်း၊ ပူလောင်ခြင်းသည် နောက်ကျခြင်းတည်း၊ ထိုပီတိသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ငြိမ်းချမ်းခြင်းအကြည်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ ရှန့်ရင်းခြင်းသည် နောက်ကျခြင်းတည်း၊ ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ မပျံ့လွင့်ခြင်းအကြည်သည် သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဥဒ္ဓစ္စသည် နောက်ကျခြင်းတည်း၊ ထိုသမာဓိသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ဆင်ခြင်ခြင်းအကြည်သည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ မဆင်ခြင်ခြင်းသည် နောက်ကျခြင်းတည်း၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။

မြင်ခြင်းအကြည်သည် သမ္မာဒိဋ္ဌိတည်း၊ မိစ္ဆာဒိဋ္ဌိသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာဒိဋ္ဌိ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ရှေးရှုတင်ခြင်းအကြည်သည် သမ္မာသင်္ကပ္ပတည်း၊ မိစ္ဆာသင်္ကပ္ပသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာသင်္ကပ္ပ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ သိမ်းဆည်းခြင်းအကြည်သည် သမ္မာဝါစာတည်း၊ မိစ္ဆာဝါစာသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာဝါစာ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ဖြစ်ကြောင်းအကြည်သည် သမ္မာကမ္မန္တတည်း၊ မိစ္ဆာကမ္မန္တသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာကမ္မန္တ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်း အရသာသည် သောက်ဖွယ်တည်း။ ဖြူစင်ခြင်းအကြည်သည် သမ္မာအာဇီဝတည်း၊ မိစ္ဆာအာဇီဝသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာအာဇီဝ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ အားထုတ်ခြင်းအကြည်သည် သမ္မာဝါယာမတည်း၊ မိစ္ဆာဝါယာမသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာဝါယာမ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ ထင်ခြင်းအကြည်သည် သမ္မာသတိတည်း၊ မိစ္ဆာသတိသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာသတိ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။ မပျံ့လွင့်ခြင်းအကြည်သည် သမ္မာသမာဓိတည်း၊ မိစ္ဆာသမာဓိသည် နောက်ကျခြင်းတည်း၊ ထိုသမ္မာသမာဓိ၌ရှိသော အနက်အရသာ တရားအရသာ လွတ်မြောက်ခြင်းအရသာသည် သောက်ဖွယ်တည်း။

http://www.dhammadownload.com



မြင်ခြင်းအကြည်သည် သမ္မာဒိဋ္ဌိတည်း။ ရှေးရှုတင်ခြင်းအကြည်သည် သမ္မာသင်္ကပ္ပတည်း။ သိမ်းဆည်းခြင်းအကြည်သည် သမ္မာဝါစာတည်း။ ကောင်းစွာဖြစ်ကြောင်းအကြည်သည် သမ္မာကမ္မန္တတည်း။ ဖြူစင်ခြင်းအကြည်သည် သမ္မာအာဇီဝတည်း။ အားထုတ်ခြင်းအကြည်သည် သမ္မာဝါယာမတည်း။ ထင်ခြင်းအကြည်သည် သမ္မာသတိတည်း၊ မပျံ့လွင့်ခြင်းအကြည်သည် သမ္မာသမာဓိတည်း။

ထင်ခြင်းအကြည်သည် သတိသမ္ဗောဇ္ဈင်တည်း၊ စိစစ်စူးစမ်းခြင်းအကြည်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ အားထုတ်ခြင်းအကြည်သည် ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ပျံ့နှံ့ခြင်းအကြည်သည် ပီတိသမ္ဗောဇ္ဈင်တည်း၊ ငြိမ်းခြင်းအကြည်သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ မပျံ့လွင့်ခြင်းအကြည်သည် သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဆင်ခြင်ခြင်းအကြည်သည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။

သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် သဒ္ဓါဗိုလ်တည်း၊ ပျင်းရိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် ဝီရိယဗိုလ်တည်း၊ မေ့လျော့ခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် သတိဗိုလ်တည်း၊ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် သမာဓိဗိုလ်တည်း၊ အဝိဇ္ဇာကြောင့် မတုန်လှုပ်စေနိုင်ခြင်းအကြည်သည် ပညာဗိုလ်တည်း။

ဆုံးဖြတ်ခြင်းအကြည်သည် သဒ္ဓိန္ဒြေတည်း၊ အားထုတ်ခြင်းအကြည်သည် ဝီရိယိန္ဒြေတည်း၊ ထင်ခြင်းအကြည်သည် သတိန္ဒြေတည်း၊ မပျံ့လွင့်ခြင်းအကြည်သည် သမာဓိန္ဒြေတည်း၊ မြင်ခြင်းအကြည်သည် ပညိန္ဒြေတည်း။

အစိုးရခြင်းအနက်သဘောကြောင့် ဣန္ဒြေတို့သည် အကြည်မည်၏၊ မတုန်လှုပ်စေနိုင်ခြင်းအနက်သဘောကြောင့် ဗိုလ်တို့သည် အကြည်မည်၏၊ လွတ်မြောက်ခြင်းအနက်သဘောကြောင့် ဗောဇ္ဈင်တို့သည် အကြည်မည်၏၊ (သမ္မာပက) ဟိတ်အနက်သဘောကြောင့် မဂ်သည် အကြည်မည်၏၊ ထင်ခြင်းအနက်သဘောကြောင့် သတိပဋ္ဌာန်တို့သည် အကြည်မည်၏၊ အားထုတ်ခြင်းအနက်သဘောကြောင့် သမ္မပ္ပဓာန်တို့သည် အကြည်မည်၏၊ ပြည့်စုံခြင်း အနက်သဘောကြောင့် ဣဒ္ဓိပါဒ်တို့သည် အကြည် မည်၏၊ ဟုတ်မှန်ခြင်း အနက်သဘောကြောင့် သစ္စာဉာဏ်တို့သည် အကြည်မည်၏၊ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် သမထသည် အကြည်မည်၏၊ အဖန်ဖန်ရှုခြင်း အနက်သဘောကြောင့် ဝိပဿနာသည် အကြည်မည်၏၊ တခုတည်းသော ကိစ္စရှိသော အနက်သဘောကြောင့် သမထ ဝိပဿနာတို့သည် အကြည်မည်၏၊ လွန်၍ မဖြစ်ခြင်း အနက်သဘောကြောင့် ယုဂနဒ္ဓအစုံ တွဲယှက်သည့် သမထဝိပဿနာတို့သည် အကြည်မည်၏၊ စောင့်စည်းခြင်း အနက်သဘောကြောင့် သီလဝိသုဒ္ဓိသည် အကြည်မည်၏၊ မပျံ့လွင့်ခြင်း အနက်သဘောကြောင့် စိတ္တဝိသုဒ္ဓိသည် အကြည်မည်၏၊ မြင်ခြင်း အနက်သဘောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိသည် အကြည်မည်၏၊ လွတ်ခြင်း အနက်သဘောကြောင့် ဝိမောက္ခသည် အကြည်မည်၏၊ ထိုးထွင်း၍ သိခြင်း အနက်သဘောကြောင့် ဝိဇ္ဇာသည် အကြည်မည်၏၊ စွန့်လွှတ်ခြင်း အနက်သဘောကြောင့် ဝိမုတ္တိသည် အကြည်မည်၏၊ အကြွင်းမဲ့ဖြတ်ခြင်း အနက်သဘောကြောင့် ခယဉာဏ်သည် အကြည် မည်၏၊ တဖန်ငြိမ်းခြင်း အနက်သဘောကြောင့် အနုပ္ပါဒဉာဏ်သည် အကြည်မည်၏။

ဆန္ဒသည် အရင်းမူလ အနက်သဘောကြောင့် အကြည်မည်၏၊ မနသိကာရသည် ကောင်းစွာဖြစ်ခြင်း အနက်သဘောကြောင့် အကြည်မည်၏၊ ဖဿသည် ပေါင်းဆုံခြင်း အနက်သဘော

http://www.dhammadownload.com



ကြောင့် အကြည်မည်၏၊ ဝေဒနာသည် စုဝေးခြင်း အနက်သဘောကြောင့် အကြည် မည်၏၊ သမာဓိသည် အဦးပဓာနဖြစ်သော အနက်သဘောကြောင့် အကြည်မည်၏၊ သတိသည် အကြီး အမှူး အနက်သဘောကြောင့် အကြည်မည်၏၊ ပညာသည် ထို့ထက် လွန်ခြင်း မြတ်ခြင်း အနက် သဘောကြောင့် အကြည်မည်၏၊ ဝိမုတ္တိသည် အနှစ်သာရရှိသော အနက်သဘောကြောင့် အကြည်မည်၏၊ သေခြင်းမရှိရာသို့ သက်ဝင်သော နိဗ္ဗာန်သည် ပြီးဆုံးခြင်း အနက်သဘောကြောင့် အကြည်မည်၏။

မဏ္ဍပေယျကထာ ပြီး၏။

စတုတ္ထအခန်း ပြီး၏။

ရှေးဦးစွာသော မဟာဝဂ် ပြီး၏။

ထိုဝဂ်၏ အကျဉ်းချုပ်ကား—

ဉာဏကထာ၊ ဒိဋ္ဌိကထာ၊ အာနာပါနဿတိကထာ၊ ဣန္ဒြိယကထာ ငါးခုမြောက် ဝိမောက္ခ ကထာ၊ ဂတိကထာ၊ ကမ္မကထာ၊ ဝိပလ္လာသကထာ၊ မဂ္ဂကထာ၊ မဏ္ဍပေယျကထာဟု ထိုကထာ တို့သည် ဆယ်ပါးတို့တည်း။

ဤကား နိကာယ်ဆောင် ပုဂ္ဂိုလ်တို့ ထားအပ်သည့် အတူမရှိ ရှေးဦးစွာသော မြတ်သော ဝဂ်တည်း။

http://www.dhammadownload.com

# ၂–ယုဂနဒ္ဓဝဂ်

## ၁-ယုဂနဒ္ဓ ကထာ

၁။ အကျွန်ုပ်တို့သည် ဤသို့ ကြားနာခဲ့ရပါသည်၊ အခါတပါး၌ အသျှင် အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်း၌ နေ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင်အာနန္ဒာအား ပြန်ကြား ကြကုန်၏၊ အသျှင် အာနန္ဒာသည် ဤစကားကို မိန့်ဆို၏။

ငါ့သျှင်တို့ အမှတ်မရှိသော ရဟန်းယောကျ်ားသည်ငှင်း ရဟန်းမိန်းမသည်ငှင်း ငါ၏အနီး၌ အလုံးစုံသော မဂ်လေးပါးတို့ဖြင့်ငှင်း ဤမဂ်လေးပါးတို့တွင် တပါးပါးဖြင့်ငှင်း မိမိ၏အရဟတ္တဖိုလ် ရောက်ခြင်းကို ကြား၏၊ အဘယ်လေးပါးတို့ နည်းဟူမူ—

ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် သမထရှေ့သွားပြု၍ ဝိပဿနာကို ပွါး၏၊ သမထရှေ့သွားပြု၍ ဝိပဿနာကို ပွါးသော ထိုရဟန်းအား မဂ်သည် ဖြစ်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ဝိပဿနာကို ရှေ့သွားပြု၍ သမထကို ပွါး၏၊ ဝိပဿနာကို ရှေ့သွားပြု၍ သမထကို ပွါးသော ထိုရဟန်းအား မဂ်သည် ဖြစ်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သမထဝိပဿနာကို အစုံတွဲယှက်သည်ကိုပြု၍ ပွါး၏၊ သမထဝိပဿနာကို အစုံတွဲယှက်၍ ပွါးသော ထိုရဟန်းအား မဂ်သည်ဖြစ်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ တဖန် ထို့ပြင်လည်း ရဟန်းအား တရားတို့၌ ဥဒ္ဓစ္စသည် ဖောက်ပြန်စွာယူအပ်သော စိတ်သည် ဖြစ်၏၊ ငါ့သျှင်တို့ အကြင်အခါ ထို(ဝိပဿနာဝီထိ) သို့ သက်၍ ဖြစ်သော စိတ်သည် ရှိ၏၊ ထိုအခါ စိတ်သည် အဇ္ဈတ္တ(အာရုံ)၌သာလျှင် တည်၏၊ ကောင်းစွာ နေ၏၊ သမာဓိ ဖြစ်၏၊ ကောင်းစွာ တည်၏၊ ထိုရဟန်းအား မဂ်သည် ကောင်းစွာဖြစ်၏၊ ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ငါ့သျှင်တို့ အမှတ်မရှိသော ရဟန်းယောကျ်ားသည်ငှင်း ရဟန်းမိန်းမသည်ငှင်း ငါ(၏)အနီး၌ အလုံးစုံ ဤမဂ်လေးပါးတို့ဖြင့်ငှင်း ဤမဂ်လေးပါးကိုတွင် တပါးပါး ဖြင့်ငှင်း (မိမိ၏) အရဟတ္တဖိုလ် ရောက်ခြင်းကို ကြား၏ဟု (ဤစကားကို မိန့်ဆို၏)။

http://www.dhammadownload.com



## ၁-သုတ္တန် အကျယ်ပြခြင်း

၂။ သမထ ရှေ့သွားပြု၍ အဘယ်သို့လျှင် ဝိပဿနာကို ပွါးသနည်း- ထွက်မြောက်ခြင်း နေက္ခမ္မအစွမ်းဖြင့် စိတ်၏ အာရုံတခုတည်း ရှိသည့်အဖြစ်ဖြင့် မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ ထိုသမာဓိ၌ ဖြစ်သော တရားတို့ကို အနိစ္စအားဖြင့် အဖန်ဖန်ရှုခြင်းသဘောသည် ဝိပဿနာမည်၏။ ဒုက္ခအားဖြင့် အဖန်ဖန်ရှုခြင်း သဘောသည် ဝိပဿနာ မည်၏။ အနတ္တအားဖြင့် အဖန်ဖန်ရှုခြင်း သဘောသည် ဝိပဿနာမည်၊ ဤသို့ ရှေးဦး သမထ နောက် ဝိပဿနာ မည်၏၊ ထို့ကြောင့် "သမထ ရှေ့သွားပြု၍ ဝိပဿနာကို ပွါး၏"ဟု ဆိုအပ်၏။ ပွါး၏ဟူသည်ကား ဘာဝနာတို့သည် လေးပါးတို့တည်း၊ ထိုအာရုံ၌ ဖြစ်ကုန်သော တရားတို့၏ လွန်၍မဖြစ်ခြင်းသဘောသည် ဘာဝနာ မည်၏၊ ဣန္ဒြေတို့၏ တခုတည်းသော ကိစ္စရသ သဘောသည် ဘာဝနာမည်၏၊ ထိုသို့ကပ်လျက် ဝီရိယကို ရွက်ဆောင်ခြင်း သဘောသည် ဘာဝနာမည်၏၊ မှီဝဲခြင်းသဘောသည် ဘာဝနာမည်၏။

မဂ်သည် ဖြစ်၏ဟူရာ၌ မဂ်သည် အဘယ်သို့ ဖြစ်သနည်း။ မြင်ခြင်းအနက်သဘောရှိသော သမ္မာဒိဋ္ဌိမည်သော မဂ်သည် ဖြစ်၏၊ ရှေ့ရှုတင်ခြင်း အနက်သဘောရှိသော သမ္မာသင်္ကပ္ပ မည်သောမဂ်သည် ဖြစ်၏၊ သိမ်းဆည်းခြင်း အနက်သဘောရှိသော သမ္မာဝါစာမည်သော မဂ်သည် ဖြစ်၏၊ ကောင်းစွာဖြစ်ကြောင်း အနက်သဘောရှိသော သမ္မာကမ္မန္တ မည်သောမဂ်သည် ဖြစ်၏၊ ဖြူစင်ခြင်း အနက်သဘောရှိသော သမ္မာအာဇီဝမည်သော မဂ်သည် ဖြစ်၏၊ အားထုတ်ခြင်း အနက်သဘောရှိသော သမ္မာဝါယာမမည်သော မဂ်သည် ဖြစ်၏၊ ထင်ခြင်းအနက်သဘောရှိသော သမ္မာသတိမည်သော မဂ်သည် ဖြစ်၏၊ မပျံ့လွင့်ခြင်း အနက်သဘောရှိသော သမ္မာသမာဓိ မည်သော မဂ်သည် ဖြစ်၏၊ ဤသို့ မဂ်သည် ဖြစ်၏။

ထိုရဟန်းသည် ထိုမဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာပြု၏၊ မှီဝဲ၏ဟူသည် အဘယ်ကဲ့သို့ မှီဝဲသနည်း။ ဆင်ခြင်လျက် မှီဝဲ၏၊ သိလျက် မှီဝဲ၏၊ ရှုမြင်လျက် မှီဝဲ၏၊ ပြန်လည်ရှုလျက် မှီဝဲ၏၊ စိတ်ကို အဓိဋ္ဌာန်လျက် မှီဝဲ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်လျက် မှီဝဲ၏၊ ဝီရိယကို အားထုတ်လျက် မှီဝဲ၏၊ သတိကို ထင်စေလျက် မှီဝဲ၏၊ စိတ်ကို ကောင်းစွာထားလျက် မှီဝဲ၏၊ ပညာဖြင့် ခွဲခြားသိလျက် မှီဝဲ၏၊ သိအပ်သည်ကို ထိုးထွင်း၍ သိလျက် မှီဝဲ၏၊ ပိုင်းခြားသိအပ်သည်ကို ပိုင်းခြားသိလျက် မှီဝဲ၏၊ ပယ်အပ်သည်ကို ပယ်လျက် မှီဝဲ၏၊ ပွါးအပ်သည်ကို ပွါးလျက် မှီဝဲ၏၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် မှီဝဲ၏၊ ဤသို့လျှင် မှီဝဲ၏။

ပွါး၏ဟူသည် အဘယ်သို့ပွါးသနည်း၊ ဆင်ခြင်လျက်ပွါး၏၊ သိလျက်ပွါး၏၊ ရှုမြင်လျက် ပွါး၏၊ ပြန်လည်ရှုလျက် ပွါး၏၊ စိတ်ကို အဓိဋ္ဌာန်လျက် ပွါး၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်လျက် ပွါး၏၊ ဝီရိယကို အားထုတ်လျက် ပွါး၏၊ သတိကို ထင်စေလျက် ပွါး၏၊ စိတ်ကို ကောင်းစွာထားလျက် ပွါး၏၊ ပညာဖြင့် ခွဲခြားသိလျက် ပွါး၏၊ ထိုးထွင်း၍ သိအပ်သည်ကို ထိုးထွင်းသိလျက် ပွါး၏၊ ပိုင်းခြားသိအပ်သည်ကို ပိုင်းခြားသိလျက် ပွါး၏၊ ပယ်အပ်သည်ကို ပယ်လျက်ပွါး၏၊ ပွါးများအပ်သည်ကို ပွါးများလျက်ပွါး၏၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် ပွါး၏၊ ဤသို့လျှင် ပွါး၏။

များစွာပြု၏ဟူသည် အဘယ်သို့ များစွာပြုသနည်း။ ဆင်ခြင်လျက် များစွာပြု၏၊ သိလျက် များစွာပြု၏၊ ရှုမြင်လျက် များစွာပြု၏၊ ပြန်လည်ရှုလျက် များစွာပြု၏၊ စိတ်ကို အဓိဋ္ဌာန်လျက်

http://www.dhammadownload.com



များစွာပြု၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်လျက် များစွာပြု၏၊ ဝီရိယကို အားထုတ်လျက် များစွာပြု၏၊ သတိကို ထင်စေလျက် များစွာပြု၏၊ စိတ်ကို ကောင်းစွာထားလျက် များစွာပြု၏၊ ပညာဖြင့် ခွဲခြင်းသိလျက် များစွာပြု၏၊ထိုးထွင်း၍ သိအပ်သည်ကို ထိုးထွင်းသိလျက် များစွာပြု၏၊ပိုင်းခြား၍ သိအပ်သည်ကို ပိုင်းခြားသိလျက် များစွာပြု၏၊ ပယ်အပ်သည်ကို ပယ်လျက် များစွာ ပြု၏၊ ပွါးများအပ်သည်ကို ပွါးများလျက် များစွာပြု၏၊ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် များစွာပြု၏၊ ဤသို့လျှင် များစွာပြု၏။

ထိုမဂ်ကို မှီဝဲသော ပွါးများသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏ ဟူရာ၌ သံယောဇဉ်တို့ကို အဘယ်သို့ ပယ်အပ်ကုန်သနည်း၊ အနုသယတို့သည် အဘယ်သို့ ကင်းကုန်သနည်း၊ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဤသံယောဇဉ် သုံးပါးတို့ကို ပယ်အပ်ကုန်၏၊ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ သကဒါဂါမိမဂ်သည် ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်, ပဋိဃသံယောဇဉ် ဤသံယောဇဉ် နှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ ရုန့်ရင်းသော ကာမရာဂါနုသယ, ပဋိဃာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ် ဤသံယောဇဉ်နှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ သိမ်မွေ့သော ကာမရာဂါနုသယ, ပဋိဃာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ဤသံယောဇဉ် ငါးပါးတို့ကို ပယ်အပ်ကုန်၏၊ မာနာနုသယ, ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယ ဤအနုသယ သုံးပါးတို့သည် ကင်းကုန်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

၃။ မေတ္တာအစွမ်းအားဖြင့် စိတ်၏ အာရုံတခုတည်းရှိခြင်းသည် မပျံ့လွင့်ခြင်းသည် သမာဓိ မည်၏။ ပ ။ အာလောကသညာ အစွမ်းဖြင့် စိတ်၏ အာရုံတခုတည်း ရှိခြင်းသည် မပျံ့လွင့် ခြင်းသည် သမာဓိမည်၏။ ပ ။ ပဋိနိဿဂ္ဂါနုပဿနာရှိသူသည် ဝင်သက်၏ အစွမ်းဖြင့် ပဋိနိဿဂ္ဂါ နုပဿနာရှိသူသည် ထွက်သက်၏ အစွမ်းဖြင့် စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏။ ထိုသမာဓိ၌ ဖြစ်သောတရားတို့ကို အနိစ္စအားဖြင့် အဖန်ဖန်ရှုခြင်း သဘောသည် ဝိပဿနာမည်၏၊ ဒုက္ခအားဖြင့် အဖန်ဖန်ရှုခြင်း သဘောသည် ဝိပဿနာမည်၏၊ အနတ္တအားဖြင့် အဖန်ဖန်ရှုခြင်းသဘောသည် ဝိပဿနာမည်၏။ ဤသို့ ရှေ့ဦးသမထ နောက်ဝိပဿနာမည်၏၊ ထို့ကြောင့် "သမထ ရှေ့သွား ပြု၍ ဝိပဿနာကို ပွါး၏" ဟု ဆိုအပ်၏။ ပွါး၏ဟူသည်ကား ဘာဝနာတို့သည် လေးပါးတို့တည်း၊ ထိုအာရုံ၌ဖြစ်သော တရားတို့၏ လွန်၍မဖြစ်ခြင်းသဘော သည် ဘာဝနာမည်၏၊ ဣန္ဒြေတို့၏ တခုတည်းသော ကိစ္စ ရသ သဘောသည် ဘာဝနာမည်၏၊ ထိုသို့ ကပ်လျက် ဝီရိယကို ရွက်ဆောင်ခြင်း သဘောသည် ဘာဝနာမည်၏၊ မှီဝဲခြင်း သဘော သည် ဘာဝနာမည်၏။

မဂ်သည် ဖြစ်၏ဟူရာ၌ မဂ်သည် အဘယ်သို့ ဖြစ်သနည်း၊ မြင်ခြင်း အနက်သဘောရှိသော သမ္မာဒိဋ္ဌိမည်သော မဂ်သည် ဖြစ်၏၊ ရှေ့ရှုတင်ခြင်း အနက်သဘောရှိသော သမ္မာသင်္ကပ္ပမည်သော မဂ်သည် ဖြစ်၏။ ပ ။ မပျံ့လွင့်ခြင်း အနက်သဘောရှိသော သမ္မာသမာဓိမည်သော မဂ်သည် ဖြစ်၏၊ ဤသို့လျှင် မဂ်သည် ဖြစ်၏။

http://www.dhammadownload.com



ထိုရဟန်းသည် မဂ်ကို မှီဝဲ၏၊ ပွါး၏၊ များစွာပြု၏။ မှီဝဲ၏ဟူရာ၌ အဘယ်သို့ မှီဝဲသနည်း။ ဆင်ခြင်လျက် မှီဝဲ၏။ ပ ။ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် မှီဝဲ၏၊ ဤသို့ မှီဝဲ၏။ ပွါး၏ဟူရာ၌ အဘယ်သို့ ပွါးသနည်း။ ဆင်ခြင်လျက် ပွါး၏၊ သိလျက် ပွါး၏။ ပ ။ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် ပွါး၏၊ ဤသို့ ပွါး၏။ များစွာပြု၏ ဟူသည် အဘယ်သို့ များစွာပြုသနည်း။ ဆင်ခြင်လျက် များစွာပြု၏၊ သိလျက်များစွာပြု၏။ ပ ။ မျက်မှောက်ပြုအပ်သည်ကို မျက်မှောက်ပြုလျက် များစွာပြု၏၊ ဤသို့ များစွာပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွါးသော များစွာပြုသော ထိုရဟန်းသည် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏။ အနုသယတို့သည် ကင်းကုန်၏ ဟူရာ၌ သံယောဇဉ်တို့ကို အဘယ်သို့ ပယ်အပ်ကုန်သနည်း၊ အနုသယတို့သည် အဘယ်သို့ ကင်းကုန်သနည်း၊ သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဤသံယောဇဉ် သုံးပါးတို့ကို ပယ်အပ်ကုန်၏၊ ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ သကဒါဂါမိမဂ်သည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ် ဤသံယောဇဉ် နှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ ရုန့်ရင်းသော ကာမရာဂါနုသယ ပဋိဃာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ အနာဂါမိမဂ်သည် သိမ်မွေ့သော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် ဤသံယောဇဉ်နှစ်ပါးတို့ကို ပယ်အပ်ကုန်၏၊ သိမ်မွေ့သော ကာမရာဂါနုသယ ပဋိဃာနုသယ ဤအနုသယ နှစ်ပါးတို့သည် ကင်းကုန်၏။ အရဟတ္တမဂ်သည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဤသံယောဇဉ်ငါးပါးတို့ကို ပယ်အပ်ကုန်၏၊ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ ဤအနုသယသုံးပါးတို့သည် ကင်းကုန်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။ ဤသို့ သမထရှေ့သွားပြု၍ ဝိပဿနာကို ပွါး၏။

၄။ ဝိပဿနာရှေ့သွားပြု၍ အဘယ်သို့ သမထကို ပွါးသနည်း၊ အနိစ္စအားဖြင့် အဖန်ဖန် ရှုခြင်းအနက်သဘောသည် ဝိပဿနာမည်၏၊ ဒုက္ခအားဖြင့် အဖန်ဖန်ရှုခြင်းအနက်သဘောသည် ဝိပဿနာ မည်၏၊ အနတ္တ အားဖြင့် အဖန်ဖန် ရှုခြင်း အနက် သဘောသည် ဝိပဿနာ မည်၏။ ထိုဝိပဿနာ၌ ဖြစ်သော တရားတို့၏ စွန့်လွှတ်ခြင်း နိဗ္ဗာန်အာရုံ ရှိသည်အဖြစ်ဖြင့် စိတ်၏ အာရုံ တခုတည်းရှိခြင်း မပျံ့လွင့် ခြင်းသည် သမာဓိ မည်၏၊ ဤသို့ ရှေ့ဦး ဝိပဿနာ, နောက်သမထ မည်၏။ ထို့ကြောင့် "ဝိပဿနာ ရှေ့သွားပြု၍ သမထကို ပွါး၏"ဟု ဆိုအပ်၏။ ပွါး၏ ဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း၊ မှီဝဲခြင်းအနက်သဘောသည် ဘာဝနာ။ပ။မဂ်သည်ဖြစ်၏ ဟူရာ၌ မဂ်သည် အဘယ်သို့ဖြစ်သနည်း။ပ။ဤသို့မဂ်သည်ဖြစ်၏။ ဤသို့လျှင် သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ရုပ်ကို အနိစ္စအားဖြင့် အဖန်ဖန်ရှုခြင်း အနက်သဘောသည် ဝိပဿနာမည်၏၊ ရုပ်ကို ဒုက္ခ အားဖြင့် အဖန်ဖန်ရှုခြင်း အနက်သဘောသည် ဝိပဿနာမည်၏၊ ရုပ်ကို အနတ္တအားဖြင့် အဖန်ဖန် ရှုခြင်း အနက်သဘောသည် ဝိပဿနာမည်၏၊ ထိုဝိပဿနာ၌ဖြစ်သော တရားတို့၏ စွန့်လွှတ်ခြင်း နိဗ္ဗာန်အာရုံ ရှိသည်အဖြစ်ဖြင့် စိတ်၏အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏။ ဤသို့လျှင်ရှေ့ဦးဝိပဿနာ နောက် သမထမည်၏။ ထို့ကြောင့် "ဝိပဿနာ ရှေ့သွားပြု၍ သမထကို ပွါး၏"ဟု ဆိုအပ်၏။ ပွါး၏ဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း၊ မှီဝဲခြင်း အနက်သဘော သည် ဘာဝနာမည်၏။ပ။ မဂ်သည် ဖြစ်၏ဟူရာ၌ အဘယ်သို့မဂ်သည် ဖြစ်သနည်း။ပ။ ဤသို့လျှင် မဂ်သည် ဖြစ်၏၊ ဤသို့သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

http://www.dhammadownload.com



ဝေဒနာကို။ပ။သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ စက္ခုကို။ပ။ဇရာမရဏကို အနိစ္စအားဖြင့် အဖန်ဖန်ရှုခြင်းအနက်သဘောသည် ဝိပဿနာမည်၏၊ဇရာမရဏကို ဒုက္ခအားဖြင့်။ပ။အနတ္တအားဖြင့် အဖန်ဖန်ရှုခြင်း အနက်သဘောသည် ဝိပဿနာမည်၏။ ထိုဝိပဿနာ၌ ဖြစ်သောတရားတို့၏ စွန့်လွှတ်ခြင်း နိဗ္ဗာန်အာရုံရှိသည်၏အဖြစ်ဖြင့် စိတ်၏အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်းသည် သမာဓိမည်၏၊ ဤသို့ ရှေးဦး ဝိပဿနာ နောက် သမထမည်၏။ ထို့ကြောင့် "ဝိပဿနာ ရှေ့သွားပြု၍ သမထကို ပွါး၏" ဟု ဆိုအပ်၏။ ပွါး၏ဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ မှီဝဲခြင်း အနက်သဘောသည် ဘာဝနာမည်၏။ပ။မဂ်သည်ဖြစ်၏ ဟူရာ၌ အဘယ်သို့မဂ်သည် ဖြစ်သနည်း။ပ။ ဤသို့မဂ်သည် ဖြစ်၏၊ ဤသို့သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။ ဤသို့လျှင် ဝိပဿနာ ရှေ့သွားပြု၍ သမထကိုပွါး၏။

၅။ သမထ ဝိပဿနာ အစုံတွဲယှက်သည်ကိုပြု၍ အဘယ်သို့ပွါးသနည်း။ အာရုံအနက်သဘော, ကျက်စားရာအနက်သဘော, ပယ်ခြင်းအနက်သဘော, စွန့်လွှတ်ခြင်းအနက်သဘော, ထခြင်း အနက်သဘော, တဖန် ပြန်မလည်ခြင်း ကင်းခြင်းအနက်သဘော, ငြိမ်းခြင်းအနက်သဘော, မြတ်ခြင်းအနက်သဘော, လွတ်မြောက်ခြင်း အနက်သဘော, အာသဝေါမရှိခြင်း အနက်သဘော, လွန်မြောက်ခြင်း အနက်သဘော, သင်္ခါရနိမိတ်ကင်းခြင်း အနက်သဘော, တောင့်တမှုကင်းခြင်း အနက်သဘော, ဆိတ်သုဉ်းခြင်း အနက်သဘော, တခုတည်းသောကိစ္စ ရသရှိခြင်း အနက်သဘော, လွန်၍မဖြစ်ခြင်း အနက်သဘော, အစုံတွဲခြင်းအနက်သဘော ဟူသော တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် သမထ ဝိပဿနာ အစုံတွဲယှက်သည်ကိုပြု၍ ပွါး၏။

အာရုံအနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲယှက်သည်ကိုပြု၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏အာရုံ တခုတည်းရှိခြင်း မပျံ့လွင့်ခြင်းသမာဓိသည် နိဗ္ဗာန်လျှင် အာရုံရှိ၏၊ အဝိဇ္ဇာကိုပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင်အာရုံရှိ၏။ ဤသို့အာရုံ အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်း သောကိစ္စ ရသရှိကုန်၏၊ အစုံတွဲ၍ဖြစ်ကုန်၏၊ တပါးသည် တပါးကိုလွန်၍မဖြစ်ကုန်။ ထို့ကြောင့် "အာရုံအနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲယှက်သည်ကိုပြု၍ ပွါး၏" ဟု ဆိုအပ်၏။ ပွါး၏ဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း၊ မှီဝဲခြင်းအနက်သဘောသည် ဘာဝနာမည်၏။ပ။မဂ်သည် ဖြစ်၏ဟူရာ၌ အဘယ်သို့ မဂ်သည် ဖြစ်သနည်း။ပ။ဤသို့မဂ်သည် ဖြစ်၏။ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏၊ ဤသို့ အာရုံအနက်သဘော အားဖြင့် သမထ ဝိပဿနာ အစုံတွဲယှက်သည်ကိုပြု၍ ပွါး၏။

ကျက်စားရာ အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ပွါးသနည်း။ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်းသမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊အဝိဇ္ဇာကိုပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာအာရုံရှိ၏။ ဤသို့ကျက်စားရာ အနက်သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသောကိစ္စရသရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကိုလွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "ကျက်စားရာ အနက်သဘောအားဖြင့် သမထဝိပဿနာအစုံတွဲ၍ ပွါး၏" ဟု ဆိုအပ်၏။

ပယ်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာအစုံတွဲ၍ အဘယ်သို့ပွါးသနည်း။ ဥဒ္ဓစ္စနှင့် ထက္ကသော ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း ပယ်စွန့်သူအား စိတ်၏အာရုံတခုတည်းရှိခြင်း မပျံ့

http://www.dhammadownload.com



လွှင့်ခြင်း သမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာအာရုံရှိ၏၊ အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာအာရုံရှိ၏။ ဤသို့ပယ်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသောကိစ္စ ရသရှိကုန်၏၊ အစုံတွဲ၍ဖြစ်ကုန်၏၊ တပါးသည် တပါးကိုလွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "ပယ်ခြင်းအနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ပွါး၏" ဟု ဆိုအပ်၏။

စွန့်လွှတ်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ပွါးသနည်း။ ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်လွှတ်သူအား စိတ်၏အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာနှင့်တကွဖြစ်သော ကိလေသာတို့ကိုရင်း ခန္ဓာတို့ကိုရင်း စွန့်လွှတ်သူအား အဖန်ဖန်ရှုခြင်း သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ စွန့်လွှတ်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "စွန့်လွှတ်ခြင်းအနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

ထခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထသူအား စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာနှင့်တကွ ဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ထသူအား အဖန်ဖန်ရှုခြင်းအနက်သဘော အားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ ထခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည်တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့်"ထခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ပွါး၏" ဟု ဆိုအပ်၏။

တဖန် ပြန်မလည်ခြင်းအနက်, ကင်းခြင်းအနက် သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ကင်းသော သူအား စိတ်၏ အာရုံတခုတည်း ရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာနှင့် တကွဖြစ်သော ကိလေသာတို့မှရင်း ခန္ဓာတို့မှရင်း ကင်းသောသူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ ဤသို့ တဖန် ပြန်မလည်ခြင်း ကင်းခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "တဖန် ပြန်မလည်ခြင်း ကင်းခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

ငြိမ်းခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် ငြိမ်း၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် ငြိမ်း၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ ငြိမ်းခြင်း အနက် သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ဖြစ်ကုန်၏၊

http://www.dhammadownload.com



တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "ငြိမ်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏" ဟု ဆိုအပ်၏။

မြတ်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံ တခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် မြတ်၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘော အားဖြင့် ဝိပဿနာသည် မြတ်၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့လျှင် မြတ်ခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်းသော ကိစ္စရသ ရှိကုန်၏၊ အစုံ တွဲ၍ ဖြစ်ကုန်၏၊ တပါးသည်တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "မြတ်ခြင်း အနက်သဘော အားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

လွတ်မြောက်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် ကာမာသဝမှ လွတ်မြောက်၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် အဝိဇ္ဇာသဝမှ လွတ်မြောက်၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ ရာဂကို တပ်စွမ်းခြင်း ကင်းသော စေတောဝိမုတ္တိ အဝိဇ္ဇာကို တပ်စွမ်းခြင်း ကင်းသော ပညာဝိမုတ္တိ သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍မဖြစ်ကုန်။ ထို့ကြောင့် "လွတ်မြောက် ခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာအစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

အာသဝေါမရှိခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် ကာမာသဝ အားဖြင့် အာသဝေါမရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် အဝိဇ္ဇာသဝအားဖြင့် အာသဝေါ မရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ အာသဝေါ မရှိခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်းသော ကိစ္စရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "အာသဝေါ မရှိခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

လွန်မြောက်ခြင်း အနက်သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော ကိလေသာတို့ကိုငှင်း ခန္ဓာတို့ကိုငှင်း လွန်မြောက်သူအား စိတ်၏ အာရုံ တခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာနှင့် တကွဖြစ်သော ကိလေသာတို့ကိုငှင်း ခန္ဓာတို့ကိုငှင်း လွန်မြောက်သူအား အဖန်ဖန်ရှုခြင်းအနက် သဘောအားဖြင့် ဝိပဿနာသည် နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့လျှင် လွန်မြောက် ခြင်းအနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံ တွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "လွန်မြောက်ခြင်း အနက် သဘောအားဖြင့် သမထဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

သင်္ခါရနိမိတ်ကင်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံ တခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည်

http://www.dhammadownload.com



အလုံးစုံသော နိမိတ်တို့ဖြင့် နိမိတ်မရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် အလုံးစုံသော နိမိတ်တို့ဖြင့် နိမိတ်မရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ နိမိတ်မရှိခြင်း သဘောအားဖြင့် သမထဝိပဿနာတို့သည် တခုတည်းသော ကိစ္စရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "နိမိတ်မရှိခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။

တောင့်တမှု ကင်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံတခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် အလုံးစုံ တောင့်တခြင်းတို့ဖြင့် တောင့်တမှုမရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံ ရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် အလုံးစုံ တောင့်တခြင်းတို့ဖြင့် တောင့်တမှု မရှိ၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ တောင့်တမှု ကင်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်းသော ကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "တောင့်တမှု ကင်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟုဆိုအပ်၏။

ဆိတ်သုဉ်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ အဘယ်သို့ ပွါးသနည်း။ ဥဒ္ဓစ္စကို ပယ်စွန့်သူအား စိတ်၏ အာရုံ တခုတည်းရှိခြင်း မပျံ့လွင့်ခြင်း သမာဓိသည် အလုံးစုံ မှားသော နှလုံးသွင်းခြင်းတို့မှ ဆိတ်သုဉ်း၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏၊ အဝိဇ္ဇာကို ပယ်စွန့်သူအား အဖန်ဖန်ရှုခြင်း အနက်သဘောအားဖြင့် ဝိပဿနာသည် အလုံးစုံ မှားသော နှလုံးသွင်းခြင်းတို့မှ ဆိတ်သုဉ်း၏၊ နိဗ္ဗာန်လျှင် ကျက်စားရာ အာရုံရှိ၏။ ဤသို့ ဆိတ်သုဉ်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာတို့သည် တခုတည်းသောကိစ္စ ရသ ရှိကုန်၏၊ အစုံတွဲ၍ ဖြစ်ကုန်၏၊ တပါးသည် တပါးကို လွန်၍ မဖြစ်ကုန်။ ထို့ကြောင့် "ဆိတ်သုဉ်းခြင်း အနက်သဘော အားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏"ဟု ဆိုအပ်၏။ ပွါး၏ ဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း၊ မှီဝဲခြင်း အနက် သဘောသည် ဘာဝနာမည်၏။ ပ။ မဂ်သည် ဖြစ်၏ဟူရာ၌ မဂ်သည် အဘယ်သို့ ဖြစ်သနည်း။ ပ။ မဂ်သည် ဤသို့ဖြစ်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။ ဤသို့လျှင် ဆိတ်သုဉ်းခြင်း အနက် သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏။ ဤသို့လျှင် ဆိတ်သုဉ်းခြင်း အနက်သဘောအားဖြင့် သမထ ဝိပဿနာ အစုံတွဲ၍ ပွါး၏။ ဤအခြင်းအရာ တဆယ့်ခြောက်ပါးတို့ဖြင့် သမထဝိပဿနာ အစုံတွဲ၍ ပွါး၏။ ဤသို့ သမထ ဝိပဿနာကို အစုံတွဲ၍ ပွါး၏။

သုတ္တန် အကျယ်ပြခြင်း ပြီး၏။

---

## ၂-ဓမ္မုဒ္ဓစ္စဝါရ အကျယ်ပြခြင်း

၆။ အဘယ်သို့လျှင် တရားတို့၌ ဥဒ္ဓစ္စသည် ဖောက်ပြန်စွာ ယူအပ်သော စိတ်ဖြစ်သနည်း။ အနိစ္စအားဖြင့် နှလုံးသွင်းသူအား အလင်းရောင်သည် ဖြစ်၏၊ အလင်းရောင်သည် (မဂ်ဖိုလ်) တရား တည်းဟု အလင်းရောင်ကို ဆင်ခြင်၏၊ ထို့ကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့်

http://www.dhammadownload.com



ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူသည် အနိစ္စအားဖြင့် ထင်ခြင်း (သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ဒုက္ခအားဖြင့် ထင်ခြင်း (သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ အနတ္တအားဖြင့် ထင်ခြင်း (သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ထို့ကြောင့် တရားတို့၌ ဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူဖြစ်၏ဟု ဆိုအပ်၏၊ အကြင် ဝိပဿနာစိတ်သည် ရှိ၏၊ ထိုဝိပဿနာစိတ်သည် အဇ္ဈတ္တအာရုံ၌သာလျှင် တည်၏၊ ကောင်းစွာ နေ၏၊ သမာဓိ ဖြစ်၏၊ ကောင်းစွာ တည်၏။ ထိုရဟန်းအား မဂ်သည်ဖြစ်၏ ဟူရာ၌ အဘယ်သို့ မဂ်သည် ဖြစ်သနည်း။ ပ ။ ဤသို့ မဂ်သည် ဖြစ်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

အနိစ္စအားဖြင့် နှလုံးသွင်းသူအား ဝိပဿနာနှင့်ယှဉ်သော ဉာဏ် ပီတိ, ကိုယ် စိတ်တို့၏ ငြိမ်းခြင်း ပဿဒ္ဓိသည် ဖြစ်၏၊ သုခ အဓိမောက္ခ ဝီရိယ သတိ ဥပေက္ခာ နိကန္တိသည် ဖြစ်၏၊ နိကန္တိသည် (မဂ်ဖိုလ်)တရားတည်းဟု နိကန္တိကို ဆင်ခြင်၏။ထို(နိကန္တိကို မဂ်ဖိုလ် တရားတည်းဟု ဆင်ခြင်ခြင်း) ကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏။ ထိုဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူသည် အနိစ္စအားဖြင့် ထင်ခြင်း(သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ဒုက္ခအားဖြင့် ထင်ခြင်း(သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ၊ အနတ္တအားဖြင့် ထင်ခြင်း(သတိ)ကို အမှန်အတိုင်း ခွဲခြား၍မသိ။ ထို့ကြောင့် တရားတို့၌ ဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူ ဖြစ်၏ဟု ဆိုအပ်၏၊ ထိုဝိပဿနာစိတ်သည် အဇ္ဈတ္တ (အာရုံ)၌သာလျှင် တည်၏၊ ကောင်းစွာနေ၏၊ သမာဓိ ဖြစ်၏၊ ကောင်းစွာ တည်၏။ ထိုရဟန်းအား မဂ်သည် ဖြစ်၏ ဟူရာ၌ အဘယ်သို့ မဂ်သည် ဖြစ်သနည်း။ ပ။ ဤသို့ မဂ်သည် ဖြစ်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ဒုက္ခအားဖြင့် နှလုံးသွင်းသူအား။ ပ ။ အနတ္တအားဖြင့် နှလုံးသွင်းသူအား အလင်းရောင်သည် ဖြစ်၏။ ပ ။ ဝိပဿနာနှင့် ယှဉ်သော ဉာဏ် ပီတိသည်, ကိုယ် စိတ်၏ ငြိမ်းခြင်း ပဿဒ္ဓိ သုခ အဓိမောက္ခ ဝီရိယ သတိ ဥပေက္ခာသည် နိကန္တိ ဖြစ်၏၊ နိကန္တိသည် (မဂ် ဖိုလ်) တရားတည်းဟု နိကန္တိကို ဆင်ခြင်၏၊ ထို့ကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏၊ ထိုဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူသည် အနတ္တအားဖြင့် ထင်ခြင်း(သတိ)ကို, အနိစ္စအားဖြင့် ထင်ခြင်း(သတိ)ကို, ဒုက္ခအားဖြင့် ထင်ခြင်း(သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ထို့ကြောင့် တရားတို့၌ ဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူ။ ပ ။ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။

ရုပ်ကို အနိစ္စအားဖြင့် နှလုံးသွင်းသူအား။ ပ ။ ရုပ်ကို ဒုက္ခအားဖြင့် နှလုံးသွင်းသူအား။ ရုပ်ကို အနတ္တအားဖြင့် နှလုံးသွင်းသူအား။ ဝေဒနာကို။ ပ။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို။ စက္ခုကို။ ပ ။ ဇရာ မရဏကို အနိစ္စအားဖြင့် နှလုံးသွင်းသူအား။ ပ ။ ဇရာ မရဏကို ဒုက္ခအားဖြင့် နှလုံးသွင်းသူအား။ ဇရာ မရဏကို အနတ္တအားဖြင့် နှလုံးသွင်းသူအား အလင်းရောင်သည် ဖြစ်၏။ ပ။ ဝိပဿနာနှင့် ယှဉ်သော ဉာဏ် ပီတိ, ကိုယ်စိတ်တို့၏ ငြိမ်းခြင်း ပဿဒ္ဓိ သုခ အဓိမောက္ခ ဝီရိယ သတိ ဥပေက္ခာ နိကန္တိသည် ဖြစ်၏၊နိကန္တိသည်(မဂ်ဖိုလ်)တရားတည်းဟု နိကန္တိကိုဆင်ခြင်၏။ ထို့ကြောင့် ပျံ့လွင့်ခြင်းသည် ဥဒ္ဓစ္စမည်၏၊ ထိုဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာ ယူအပ်သော စိတ်ရှိသူသည် ဇရာ မရဏကို အနတ္တအားဖြင့် ထင်ခြင်း (သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ဇရာမရဏကို အနိစ္စအားဖြင့် ထင်ခြင်း (သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ၊ ဇရာမရဏကို ဒုက္ခအားဖြင့် ထင်ခြင်း(သတိ)ကို အမှန်အတိုင်း ခွဲခြား၍ မသိ။ ထို့ကြောင့် တရားတို့၌ ဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာယူအပ်သော စိတ်ရှိသူ ဖြစ်၏ဟု ဆိုအပ်၏၊ အကြင်ဝိပဿနာ စိတ်သည် ရှိ၏၊ ထိုဝိပဿနာ

http://www.dhammadownload.com



စိတ်သည် အဇ္ဈတ္တ(အာရုံ)၌သာလျှင် တည်၏၊ ကောင်းစွာနေ၏၊ သမာဓိဖြစ်၏၊ ကောင်းစွာ တည်၏။ ထိုရဟန်းအား မဂ်သည် ဖြစ်၏ပူရာ၌ အဘယ်သို့ မဂ်သည် ဖြစ်သနည်း။ ပ ။ ဤသို့ မဂ်သည် ဖြစ်၏၊ ဤသို့ သံယောဇဉ်တို့ကို ပယ်အပ်ကုန်၏၊ အနုသယတို့သည် ကင်းကုန်၏။ ဤသို့ တရားတို့၌ ဥဒ္ဓစ္စဖြင့် ဖောက်ပြန်စွာယူအပ်သော စိတ်သည် ဖြစ်၏။

၇။ အလင်းရောင်၌ရင်း ဝိပဿနာဉာဏ်၌ရင်း ဝိပဿနာနှင့်ယှဉ်သော ပီတိ၌ရင်း အမျိုးမျိုး တုန်လှုပ်၏၊ ကိုယ်စိတ်တို့၏ ငြိမ်းခြင်း၌ရင်း ဝိပဿနာနှင့် ယှဉ်သော သုခ၌ရင်း ယင်း ကိုယ်စိတ်တို့၏ ငြိမ်းခြင်း ဝိပဿနာနှင့်ယှဉ်သော သုခတို့ကြောင့် စိတ်သည် အပြားအားဖြင့် တုန်လှုပ်၏။

အဓိမောက္ခ ဟူသော ဝိပဿနာနှင့် ယှဉ်သော သဒ္ဓါ၌ရင်း ဝိပဿနာနှင့်ယှဉ်သော ဝီရိယ၌ရင်း ဝိပဿနာနှင့်ယှဉ်သော သတိ၌ရင်း အာဝဇ္ဇနုပေက္ခာ၌ရင်း ဥပေက္ခာ ၌ရင်း နိကန္တိ၌ရင်း တုန်လှုပ်၏။

ဤအရာ ဆယ်ပါးတို့ကို ပညာဖြင့် ထုံအပ် ဆည်းပူးအပ်သော သူသည် တရား တို့၌ ဥဒ္ဓစ္စသဘောကို ကျွမ်းကျင် လိမ္မာသူ ဖြစ်၏၊ တွေဝေခြင်းသို့လည်း မရောက်။

(နုံ့သော ပညာရှိသူသည်) ပျံ့လည်းပျံ့လွင့်၏၊ ညစ်လည်း ညစ်နွမ်း၏၊ ဘာဝနာမှ စိတ်သည် ရွေ့လျော၏၊ (အလတ်စား ပညာရှိသူသည်) ပျံ့လွင့်၏၊ မညစ်နွမ်း၊ ဘာဝနာမှ ယုတ်လျော့၏။

(ထက်သော ပညာရှိသူသည်) ပျံ့လွင့်၏၊ မညစ်နွမ်း၊ ဘာဝနာမှ မယုတ်လျော့၊ (အလွန်ထက်သော ပညာရှိသူအား) စိတ်သည် မပျံ့လွင့်၊ မညစ်နွမ်း၊ ဘာဝနာမှ စိတ်သည် မရွေ့လျော။

(မြက်သော ပညာရှိသူသည်) ဤအကြောင်း လေးပါးတို့ကြောင့် အရာဆယ်ပါး၌ စိတ်၏ တွန့် ဆုတ်ခြင်း ပြန့်လွင့်ခြင်းဖြင့် ဖောက်ပြန်စွာ ယူခြင်းကို ကောင်းစွာအပြားအားဖြင့် ခွဲခြား၍ သိ၏။

ယုဂနဒ္ဓ ကထာ ပြီး၏။

---

## ၂-သစ္စကထာ

၁။ နိဒါန်းကား ရှေးအတိုင်းပင်တည်း။

ရဟန်းတို့ ဤလေးပါးတို့သည် အမှန်တို့တည်း။ အမှားတို့မဟုတ်ကုန်၊ တပါးသောသဘောတို့ မဟုတ်ကုန်။ လေးပါးတို့သည် အဘယ်နည်း။ ရဟန်းတို့ "ဤကား ဒုက္ခတည်း" ဟူသော ဤစကားသည် အမှန်တည်း၊ ဤစကားသည် မမှား၊ ဤစကားသည် တပါးသောသဘောမဟုတ်။ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း" ဟူသော ဤစကားသည် အမှန်တည်း၊ ဤစကားသည် မမှား၊ ဤစကားသည် တပါးသော သဘောမဟုတ်။ "ဤကား ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်) တည်း" ဟူသော ဤစကားသည် အမှန်တည်း၊ ဤစကားသည် အမှားမဟုတ်၊ ဤစကားသည် တပါးသော သဘော မဟုတ်။ "ဤကား ဒုက္ခ၏ချုပ်ရာ (နိဗ္ဗာန်) ရောက်ကြောင်း အကျင့်တည်း" ဟူသော ဤစကား

http://www.dhammadownload.com



သည် အမှန်တည်း၊ ဤစကားသည် မမှား၊ ဤစကားသည် တပါးသော သဘောမဟုတ်။ ရဟန်းတို့ ဤလေးပါးတို့သည် အမှန်တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်။

## ၁-ပဌမသုတ္တန် အကျယ်ပြခြင်း

ဒုက္ခသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာမည်သနည်း၊ ဒုက္ခ၏ ဒုက္ခအနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်။ ဒုက္ခ၏ နှိပ်စက်ခြင်း သဘော, ပြုပြင်ခြင်း သဘော, ပူပန်ခြင်း သဘော, ဖောက်ပြန်ခြင်း သဘော ဟူသော ဒုက္ခ၏ ဤဒုက္ခအနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှား မဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်၊ ဤသို့လျှင် ဒုက္ခသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

သမုဒယသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာမည်သနည်း။ သမုဒယ၏ သမုဒယ အနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘော မဟုတ်ကုန်။ သမုဒယ၏ အားထုတ်ခြင်းသဘော, ဒုက္ခ၏ အကြောင်းရင်းသဘော, ပေါင်းစပ်ခြင်း သဘော, ကြောင့်ကြခြင်း သဘောဟူသော သမုဒယ၏ ဤသမုဒယ အနက်သဘော လေးပါး တို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်။ တပါးသော သဘော မဟုတ်ကုန်၊ ဤသို့လျှင် သမုဒယသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

နိရောဓသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာမည်သနည်း။ နိရောဓ၏ နိရောဓ အနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘော မဟုတ်ကုန်။ နိရောဓ၏ လွတ်မြောက်ခြင်း သဘော, ကင်းဆိတ်ခြင်း သဘော, မပြုပြင်ရခြင်း သဘော, မသေခြင်း သဘော ဟူသော နိရောဓ၏ ဤနိရောဓ အနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်။ တပါးသော သဘောမဟုတ်ကုန်၊ ဤသို့လျှင် နိရောဓသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

မဂ္ဂသည် အမှန်သဘောအားဖြင့် အဘယ်သို့ သစ္စာမည်သနည်း။ မဂ္ဂအနက်သဘောလေးပါး တို့သည် အမှန်တို့တည်း၊ အမှားမဟုတ်ကုန်၊ တပါးသော သဘောမဟုတ်ကုန်။ မဂ္ဂ၏ ထွက်မြောက် ခြင်း သဘော, နိရောဓ၏ အကြောင်း ဖြစ်သော သဘော, နိဗ္ဗာန်ကို မြင်ခြင်းသဘော, အကြီး အမှူးသဘောဟူသော မဂ္ဂ၏ ဤမဂ္ဂအနက်သဘော လေးပါးတို့သည် အမှန်တို့တည်း၊ အမှား မဟုတ်ကုန်၊ တပါးသော သဘော မဟုတ်ကုန်။ ဤသို့လျှင် မဂ္ဂသည် အမှန်သဘောအားဖြင့် သစ္စာမည်၏။

၉။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍ သိခြင်းရှိကုန်သနည်း။အမှန်သဘော, အတ္တမဟုတ်သောကြောင့် အနတ္တသဘော, သစ္စာသဘော, ထိုးထွင်း၍ သိခြင်းသဘောဟူသော အခြင်းအရာလေးပါးတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍ သိခြင်း ရှိကုန်၏၊ ဤအခြင်းအရာလေးပါးတို့ဖြင့် သစ္စာလေးပါးတို့ကို တခုတည်း ရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်း ရေတွက်အပ်၏ ထိုတခုတည်း ရေတွက် အပ်သော သဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍ သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍ သိခြင်း ရှိကုန်၏။

http://www.dhammadownload.com



အဘယ်သို့ အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍ သိခြင်း ရှိကုန်သနည်း။ အခြင်းအရာလေးပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တပါးသော ထိုးထွင်း၍သိခြင်း ရှိကုန်၏၊ ဒုက္ခ၏ဒုက္ခသဘောသည် အမှန်သဘောတည်း၊ သမုဒယ၏ သမုဒယသဘောသည် အမှန်သဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် အမှန်သဘောတည်း၊ မဂ္ဂ၏မဂ္ဂသဘောသည် အမှန်သဘောတည်း၊ ဤအခြင်းအရာလေးပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်း ရေတွက်အပ်သော သဘောသည် ကေတ္တမည်၏၊ ကေတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်၏။

အတ္တမဟုတ်သောကြောင့် အနတ္တသဘောအားဖြင့် သစ္စာလေးပါးတို့သည် အဘယ်သို့ တခုသော ထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အခြင်းအရာလေးပါးတို့ဖြင့် အနတ္တသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏၊ ဒုက္ခ၏ဒုက္ခသဘောသည် အနတ္တသဘောတည်း၊ သမုဒယ၏ သမုဒယသဘောသည် အနတ္တသဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် အနတ္တသဘောတည်း၊ မဂ္ဂ၏ မဂ္ဂသဘောသည် အနတ္တသဘောတည်း၊ ဤ အခြင်းအရာလေးပါးတို့ဖြင့် အနတ္တသဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်း ရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်း ရေတွက်အပ်သောသဘောသည် ကေတ္တ မည်၏။ ကေတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။

အဘယ်သို့ သစ္စာသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အခြင်းအရာလေးပါးတို့ဖြင့် သစ္စာသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍သိခြင်း ရှိကုန်၏၊ ဒုက္ခ၏ဒုက္ခသဘောသည် သစ္စာသဘောတည်း၊ သမုဒယ၏ သမုဒယသဘောသည် သစ္စာသဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် သစ္စာသဘောတည်း၊ မဂ္ဂ၏ မဂ္ဂသဘောသည် သစ္စာသဘောတည်း၊ ဤအခြင်းအရာလေးပါးတို့ဖြင့် သစ္စာသဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်း ရေတွက်အပ်သောသဘောသည် ကေတ္တမည်၏၊ ကေတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။

ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့သည် အဘယ်သို့ တခုသောထိုးထွင်း၍ သိခြင်းရှိကုန်သနည်း။ အခြင်းအရာလေးပါးတို့ဖြင့် ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏၊ ဒုက္ခ၏ဒုက္ခသဘောသည် ထိုးထွင်း၍သိခြင်း သဘောတည်း၊ သမုဒယ၏သမုဒယသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ မဂ္ဂ၏မဂ္ဂသဘောသည် ထိုးထွင်း၍သိခြင်း သဘောတည်း။ ဤအခြင်းအရာလေးပါးတို့ဖြင့် ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်း ရေတွက်အပ်သောသဘောသည် ကေတ္တမည်၏၊ ကေတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်၏။

http://www.dhammadownload.com



၁၀။ အဘယ်မျှသောအခြင်းအရာတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အနိစ္စသဘောသည် ဒုက္ခ၊ ဒုက္ခသဘောသည် အနိစ္စ၊ အနိစ္စ ဒုက္ခသဘောသည် အနတ္တတည်း၊ အနိစ္စ ဒုက္ခ အနတ္တအမှန်သဘောသည် သစ္စာမည်၏၊ အနိစ္စ ဒုက္ခ အနတ္တ အမှန်သစ္စာသဘောကို တခုတည်းရေတွက်အပ်၏၊ အကြင်သဘောကို တခုတည်းမရေတွက်အပ်၏၊ ထိုတခုတည်းရေတွက်အပ်သောသဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောဉာဏ်ဖြင့်ထိုးထွင်း၍ သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။

အဘယ်မျှသောအခြင်းအရာတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အခြင်းအရာကိုးပါးတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်၏၊ အမှန်သဘော အနတ္တသဘော သစ္စာသဘော ထိုးထွင်း၍သိခြင်းသဘော အဘိညာသဘော ပရိညာသဘော ပဟာန်သဘော ဘာဝနာသဘော မျက်မှောက်ပြုခြင်းသဘော။ ဤအခြင်းအရာကို ါးတို့ဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေ အပ်၏၊ ထိုတခုတည်းရေတွက်အပ်သောသဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်၏။

အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် အဘယ်သို့ တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းရှိကုန်သနည်း။ အခြင်းအရာကိုးပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိခြင်း ရှိကုန်၏၊ ဒုက္ခ၏ဒုက္ခသဘောသည် အမှန်သဘောတည်း၊ သမုဒယ၏ သမုဒယသဘောသည် အမှန်သဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် အမှန်သဘောတည်း၊ မဂ္ဂ၏ မဂ္ဂသဘောသည် အမှန်သဘောတည်း၊ အဘိညာ၏ အဘိညာသဘောသည် အမှန်သဘောတည်း၊ ပရိညာ၏ ပရိညာသဘောသည် အမှန်သဘောတည်း၊ ပဟာန်၏ ပဟာန်သဘောသည် အမှန်သဘောတည်း၊ ဘာဝနာ၏ ဘာဝနာသဘောသည် အမှန်သဘောတည်း၊ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘောသည် အမှန်သဘောတည်း။ ဤအခြင်းအရာကိုးပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုဘခုတည်းရေတွက်အပ်သောသဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် ထိုးထွင်း၍သိခြင်းရှိကုန်၏။

အနတ္တသဘော သစ္စာသဘော ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့သည် အဘယ်သို့ တခုသောထိုးထွင်း၍သိခြင်းရှိကုန်သနည်း။ အခြင်းအရာကိုးပါးတို့ဖြင့် ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏၊ ဒုက္ခ၏ ဒုက္ခသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ သမုဒယ၏ သမုဒယသဘောသည် ထိုးထွင်း၍ သိခြင်းသဘောတည်း၊ နိရောဓ၏ နိရောဓသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ မဂ္ဂ၏ မဂ္ဂသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ အဘိညာ၏ အဘိညာသဘောသည် ထိုးထွင်း၍ သိခြင်းသဘောတည်း၊ ပရိညာ၏ ပရိညာသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ ပဟာန်၏ ပဟာန်သဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ ဘာဝနာ၏ ဘာဝနာသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း၊ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း။ ဤအခြင်းအရာကိုးပါးတို့ဖြင့် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်

http://www.dhammadownload.com



သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်း ရေတွက်အပ်သောသဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။

၁၁။ အဘယ်မျှသောအခြင်းအရာတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အခြင်းအရာတဆယ့်နှစ်ပါးတို့ဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍ သိခြင်းရှိကုန်၏၊ အမှန်သဘော အနတ္တသဘော သစ္စာသဘော ထိုးထွင်း၍သိခြင်းသဘော ထူးခြားသောသိခြင်းသဘော ပိုင်းခြား၍သိခြင်းသဘော ဆောင်ခြင်းသဘော အမှန်သဘော သိအပ်သောသဘော မျက်မှောက်ပြုခြင်းသဘော တွေ့ထိခြင်းသဘော အထူးသိခြင်းသဘော ဟူသော ဤ အခြင်းအရာတဆယ့်နှစ်ပါးတို့ဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏။ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်းရေတွက်အပ်သောသဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသော ထိုးထွင်း၍သိခြင်းရှိကုန်၏။

အဘယ်သို့ အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်သနည်း။ အခြင်းအရာတဆယ့်ခြောက်ပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။ ဒုက္ခ၏နှိပ်စက်ခြင်းသဘော ပြုပြင်ခြင်းသဘော ပူပန်ခြင်းသဘော ဖောက်ပြန်ခြင်းသဘောသည် အမှန်သဘောတည်း။ သမုဒယ၏ အားထုတ်ခြင်းသဘော အကြောင်းရင်းသဘော ပေါင်းစပ်ခြင်းသဘော ကြောင့်ကြခြင်းသဘောသည် အမှန်သဘောတည်း။ နိရောဓ၏ လွတ်မြောက်ခြင်းသဘော ကင်းဆိတ်ခြင်းသဘော မပြုပြင်အပ်ခြင်းသဘော မသေရသဘောသည် အမှန်သဘောတည်း။ မဂ္ဂ၏ ထွက်မြောက်ကြောင်းသဘော (သမ္ဘာပက) ဟိတ်သဘော မြင်ခြင်းသဘော အကြီးအမှူးသဘောသည် အမှန်သဘောတည်း။ ဤအခြင်းအရာ တဆယ့်ခြောက်ပါးတို့ဖြင့် အမှန်သဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုတည်းဖြင့် ရေတွက်အပ်ကုန်၏၊ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်းရေတွက်အပ်သော သဘောသည် ဧကတ္တမည်၏၊ ဧကတ္တကို တခုသောဉာဏ်ဖြင့် ထိုးထွင်း၍သိ၏၊ ထို့ကြောင့် သစ္စာလေးပါးတို့သည် ထိုးထွင်း၍သိခြင်းရှိကုန်၏။

အဘယ်သို့ အနတ္တသဘောအားဖြင့်။ပ။ သစ္စာသဘော ထိုးထွင်း၍သိခြင်းသဘော ထူးခြားစွာ သိခြင်းသဘော ပိုင်းခြား၍သိခြင်းသဘော ဆောင်ခြင်းသဘော အမှန်သဘော သိအပ်သော သဘော မျက်မှောက်ပြုခြင်းသဘော တွေ့ထိခြင်းသဘော ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်းရှိကုန်၏။ အဘယ်သို့ အခြင်းအရာ တဆယ့်ခြောက်ပါးတို့ဖြင့် ထိုးထွင်း၍သိခြင်း အဘိသမယသဘောအားဖြင့် သစ္စာလေးပါးတို့သည် ထိုးထွင်း၍သိခြင်းရှိကုန်သနည်း။ ဒုက္ခ၏နှိပ်စက်ခြင်းသဘော ပြုပြင်ခြင်းသဘော ပူပန်ခြင်းသဘော ဖောက်ပြန်ခြင်းသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း။ သမုဒယ၏ အားထုတ်ခြင်း သဘော ဒုက္ခ၏ အကြောင်းရင်းသဘော ပေါင်းစပ်ခြင်းသဘော ကြောင့်ကြခြင်းသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း။ နိရောဓ၏ လွတ်မြောက်ခြင်းသဘော ကင်းဆိတ်ခြင်းသဘော မပြုပြင်ရခြင်းသဘော မသေခြင်းသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း။ မဂ္ဂ၏ ထွက် မြောက်ကြောင်းသဘော နိရောဓ၏ အကြောင်းဖြစ်သောသဘော နိဗ္ဗာန်ကိုရှုမြင်ခြင်းသဘော

http://www.dhammadownload.com



အကြီးအမှူးသဘောသည် ထိုးထွင်း၍သိခြင်းသဘောတည်း။ ဤအခြင်းအရာ တဆယ့်ခြောက်ပါးတို့ဖြင့် ထိုးထွင်း၍သိခြင်းသဘောအားဖြင့် သစ္စာလေးပါးတို့ကို တခုတည်းရေတွက်အပ်ကုန်၏။ အကြင်သဘောကို တခုတည်းရေတွက်အပ်၏၊ ထိုတခုတည်းရေတွက်အပ်သော သဘောသည် ကေတ္တမည်၏၊ ကေတ္တကို တခုသောမဂ်ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။ ထို့ကြောင့် သစ္စာလေးပါးတို့သည် တခုသောထိုးထွင်း၍သိခြင်း ရှိကုန်၏။

၁၂။ သစ္စာတို့၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။ သစ္စာတို့၏လက္ခဏာတို့သည် နှစ်ပါးတို့တည်း။ သင်္ခတလက္ခဏာရင်း၊ အသင်္ခတလက္ခဏာရင်း။ သစ္စာတို့၏လက္ခဏာတို့သည် ဤနှစ်ပါးတို့တည်း။

သစ္စာတို့၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။ သစ္စာတို့၏လက္ခဏာတို့သည် ခြောက်ပါးတို့တည်း။ သင်္ခတသစ္စာ[၁] တို့၏ ဖြစ်ခြင်း'ဥပါဒ်'သည် ထင်ရှား၏၊ ပျက်ခြင်း'ဘင်'သည် ထင်ရှား၏၊ တည်ခြင်း'ဌီ'၏ တမျိုးဖြစ်ပုံသည် ထင်ရှား၏။ အသင်္ခတသစ္စာဖြစ်ခြင်း'ဥပါဒ်'သည် မထင်ရှား၊ ပျက်ခြင်း'ဘင်'သည် မထင်ရှား၊ တည်ခြင်း'ဌီ'၏တမျိုးဖြစ်ပုံသည် မထင်ရှား။ သစ္စာတို့၏လက္ခဏာတို့သည် ဤခြောက်ပါးတို့တည်း။

သစ္စာတို့၏လက္ခဏာတို့သည် အဘယ်မျှတို့နည်း။ သစ္စာတို့၏လက္ခဏာတို့သည် တဆယ့်နှစ်ပါးတို့တည်း။ ဒုက္ခသစ္စာ၏ဖြစ်ခြင်း'ဥပါဒ်'သည် ထင်ရှား၏၊ ပျက်ခြင်း'ဘင်'သည် ထင်ရှား၏၊ တည်ခြင်း'ဌီ'၏ တမျိုးဖြစ်ပုံသည် ထင်ရှား၏။ သမုဒယသစ္စာ၏ဖြစ်ခြင်း'ဥပါဒ်'သည် ထင်ရှား၏၊ ပျက်ခြင်း'ဘင်'သည် ထင်ရှား၏၊ တည်ခြင်း'ဌီ'၏ တမျိုးဖြစ်ပုံသည် ထင်ရှား၏။ မဂ္ဂသစ္စာ၏ ဖြစ်ခြင်း'ဥပါဒ်'သည် ထင်ရှား၏၊ ပျက်ခြင်း'ဘင်'သည် ထင်ရှား၏၊ တည်ခြင်း'ဌီ'၏ တမျိုးဖြစ်ပုံသည် ထင်ရှား၏။ နိရောဓသစ္စာ၏ ဖြစ်ခြင်း'ဥပါဒ်'သည် မထင်ရှား၊ ပျက်ခြင်း'ဘင်'သည် မထင်ရှား၊ တည်ခြင်း'ဌီ'၏ တမျိုးဖြစ်ပုံသည် မထင်ရှား။ သစ္စာတို့၏ လက္ခဏာတို့သည် ဤတဆယ့်နှစ်ပါးတို့တည်း။

သစ္စာလေးပါးတို့တွင် အဘယ်တို့သည် ကုသိုလ်တို့နည်း။ အဘယ်တို့သည် အကုသိုလ်တို့နည်း။ အဘယ်တို့သည် အဗျာကတတို့နည်း။ သမုဒယသစ္စာသည် အကုသိုလ်တည်း၊ မဂ္ဂသစ္စာသည် ကုသိုလ်တည်း၊ နိရောဓသစ္စာသည် အဗျာကတတည်း။ ဒုက္ခသစ္စာသည် ကုသိုလ်လည်းဖြစ်ရာ၏၊ အကုသိုလ်လည်း ဖြစ်ရာ၏၊ အဗျာကတလည်း ဖြစ်ရာ၏။

သစ္စာသုံးပါးတို့ကို သစ္စာတပါးဖြင့် ရေတွက်အပ်ကုန်၏၊ သစ္စာတပါးကို သစ္စာသုံးပါးတို့ဖြင့် ရေတွက်အပ်၏၊ ဤသို့လျှင် ဝတ္ထုအစွမ်းအားဖြင့် ပရိယာယ်အားဖြင့် ဖြစ်ရာ၏။

ဖြစ်ရာ၏ဟူသည် အဘယ်သို့ဖြစ်ရာသနည်း၊ အကြင်ဒုက္ခသစ္စာသည် အကုသိုလ်တည်း၊ သမုဒယသစ္စာသည် အကုသိုလ်တည်း။ ဤသို့ အကုသိုလ်သဘောအားဖြင့် သစ္စာနှစ်ပါးတို့ကို သစ္စာတပါးဖြင့် ရေတွက်အပ်ကုန်၏။ သစ္စာတပါးကို သစ္စာနှစ်ပါးတို့ဖြင့် ရေတွက်အပ်၏၊ အကြင်ဒုက္ခသစ္စာသည် ကုသိုလ်တည်း၊ မဂ္ဂသစ္စာသည် ကုသိုလ်တည်း၊ ဤသို့ ကုသိုလ် သဘောအားဖြင့် သစ္စာနှစ်ပါးတို့ကို သစ္စာတပါးဖြင့် ရေတွက်အပ်ကုန်၏။ သစ္စာတပါးကို သစ္စာနှစ်ပါးတို့ဖြင့် ရေတွက်

[၁] ဒုက္ခ, သမုဒယ, မဂ္ဂအစွာသုံးမျိုးတို့ကို သင်္ခတသစ္စာ၊ နိရောဓသစ္စာကို အသင်္ခတသစ္စာဟု ဆိုသည်။ (အဋ္ဌကထာ)

http://www.dhammadownload.com



အပ်၏၊ အကြင် ဒုက္ခသစ္စာသည် အဗျာကတတည်း၊ နိရောဓသစ္စာသည် အဗျာကတတည်း၊ ဤသို့ အဗျာကတ သဘောအားဖြင့် သစ္စာနှစ်ပါးတို့ကို သစ္စာတပါးဖြင့် ရေတွက်အပ်ကုန်၏။ သစ္စာ တပါးကို သစ္စာနှစ်ပါးတို့ဖြင့် ရေတွက်အပ်၏၊ ဤသို့ သစ္စာသုံးပါးတို့ကို သစ္စာတပါးဖြင့် ရေတွက် အပ်ကုန်၏၊ သစ္စာတပါးကို သစ္စာသုံးပါးတို့ဖြင့် ရေတွက်အပ်၏။ ဤသို့လျှင် ဝတ္ထုအစွမ်းအားဖြင့် ပရိယာယ်အားဖြင့် ဖြစ်ရာ၏။

## ၂-ဒုတိယသုတ္တန်ပါဠိ

၁၃။ ရဟန်းတို့ ငါသည် သမ္ဗုဒ္ဓတဉာဏ်ကို ရသည်မှ ရှေး၌ တရားအားလုံးကို ထိုးထွင်း၍ မသိသေးသည့် ဘုရားအလောင်းမျှသာ ဖြစ်စဉ် ဤသို့သော အကြံသည် ဖြစ်ခဲ့၏၊ "အဘယ်သည် ရုပ်၏ သာယာဖွယ်နည်း၊ အဘယ်သည် အပြစ်နည်း၊ အဘယ်သည် ထွက်မြောက်ခြင်းနည်း။ အဘယ်သည် ဝေဒနာ၏ သာယာဖွယ်နည်း၊ အဘယ်သည် အပြစ်နည်း အဘယ်သည် ထွက်မြောက် ခြင်းနည်း။ အဘယ်သည် သညာ၏ သာယာဖွယ်နည်း၊ အဘယ်သည် အပြစ်နည်း၊ အဘယ်သည် ထွက်မြောက်ခြင်းနည်း။ အဘယ်သည် သင်္ခါရတို့၏ သာယာဖွယ်နည်း၊ အဘယ်သည် အပြစ်နည်း၊ အဘယ်သည် ထွက်မြောက်ခြင်းနည်း။ အဘယ်သည် ဝိညာဏ်၏ သာယာဖွယ်နည်း၊ အဘယ်သည် အပြစ်နည်း၊ အဘယ်သည် ထွက်မြောက်ခြင်းနည်း" ဟု (ဤအကြံသည် ဖြစ်ခဲ့၏)။ ရဟန်းတို့ ထိုငါ့အား ဤသို့သော အကြံသည် ဖြစ်ခဲ့ပြန်၏။ အကြင် ရုပ်ကိုအကြောင်းပြု၍ ဖြစ်သော သုခ သောမနဿသည် ရုပ်၏ သာယာဖွယ်တည်း၊ အကြင် ရုပ်သည် အနိစ္စတည်း၊ ထိုရုပ်သည် ဒုက္ခတည်း၊ ပြောင်းလဲခြင်းသဘောရှိ၏၊ ဤကား ရုပ်၏အပြစ်တည်း။ ရုပ်၌ အကြင် ဆန္ဒရာဂကို ဖျောက်ခြင်း ဆန္ဒရာဂကို ပယ်စွန့်ခြင်းသည် ရှိ၏၊ ဤကား ရုပ်၏ ထွက်မြောက်ခြင်းတည်း။ အကြင် ဝေဒနာကို အကြောင်း ပြု၍။ ပ ။ အကြင် သညာကို အကြောင်းပြု၍။ အကြင် သင်္ခါရတို့ကို အကြောင်းပြု၍ ။အကြင် ဝိညာဏ်ကို အကြောင်းပြု၍။အကြင် သုခ သောမနဿသည် ဖြစ်၏၊ ဤကား ဝိညာဏ်၏ သာယာဖွယ်တည်း။ အကြင် ဝိညာဏ်သည် အနိစ္စတည်း၊ ထိုဝိညာဏ် သည် ဒုက္ခတည်း၊ ပြောင်းလဲခြင်းသဘော ရှိ၏၊ ဤကား ဝိညာဏ်၏ အပြစ်တည်း။ ဝိညာဏ်၌ အကြင် ဆန္ဒရာဂကို ဖျောက်ခြင်း ဆန္ဒရာဂကို ပယ်စွန့်ခြင်းသည် ရှိ၏၊ ဤကား ဝိညာဏ်၏ ထွက် မြောက်ရာတည်း။ ရဟန်းတို့ ငါသည် ဤဉပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ခြင်းကိုလည်း ထွက်မြောက်ခြင်း အားဖြင့် အမှန်အတိုင်း ထိုးထွင်း၍ မသိသမျှ ကာလပတ်လုံး ငါသည် အောက်နတ်ဘုံနှင့် တကွ မာရ်နတ်ဘုံနှင့်တကွ ဗြဟ္မာ့ဘုံနှင့်တကွသော ဩကာသလောက၌ သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော သတ္တလောက၌ လွန်မြတ်ခြင်းမရှိသော 'အတုမရှိသော' "သမ္မာသမ္ဗောဓိ ဉာဏ်ကို အလိုလိုထိုးထွင်း၍သိ၏" ဟု ဝန်မခံ။ ရဟန်းတို့ အကြင်အခါ၌မူ ငါသည် ဤဉပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဤသို့ သာယာဖွယ်ကိုလည်း သာယာဖွယ်အားဖြင့် အပြစ်ကိုလည်း အပြစ်အားဖြင့် ထွက်မြောက်ခြင်း ကိုလည်း ထွက်မြောက်ခြင်းအားဖြင့် အမှန်အတိုင်း ထိုးထွင်း၍ သိ၏၊ ရဟန်းတို့ ထိုအခါမှ ငါသည် အောက်နတ်ဘုံနှင့်တကွ မာရ်နတ်ဘုံနှင့်တကွ ဗြဟ္မာ့ဘုံနှင့်တကွသော ဩကာသလောက၌ သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော သတ္တလောက၌ လွန်မြတ်ခြင်း မရှိသော 'အတုမရှိသော' သမ္မာသမ္ဗောဓိဉာဏ်ကို အလိုလိုထိုးထွင်း၍ သိ၏ဟု ဝန်ခံ၏။ မြင်ခြင်း ကိစ္စကို ပြုတတ်သဖြင့် ဒဿနဟု ဆိုအပ်သော ပစ္စဝေက္ခဏာဉာဏ်သည်လည်း ငါ့အား ဖြစ်၏၊ ငါ၏

http://www.dhammadownload.com



(အရဟတ္တဖိုလ်) ဝိမုတ္တိသည် မပျက်စီးနိုင်၊ ဤကား နောက်ဆုံးဖြစ်သော (ပဋိသန္ဓေ အားဖြင့်) ဖြစ်ခြင်းတည်း၊ ယခုအခါ တဖန်ဖြစ်ခြင်းသည် မရှိဟု (ဤသို့သောအကြံဖြစ်ခဲ့ပြန်၏)။

## ၃-ဒုတိယသုတ္တန် အကျယ်ပြခြင်း

၁၄။ "ရုပ်ကို အကြောင်းပြု၍ ဖြစ်သော သုခသောမနဿသည် ရုပ်၏သာယာဖွယ်တည်း" ဟု သိ၍ (မဂ်ခဏ၌) သမုဒယကို ပယ်ခြင်းဟုဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် သမုဒယ သစ္စာ ပဋိဝေဓဉာဏ်တည်း။ အကြင်ရုပ်သည် အနိစ္စတည်း၊ ထိုရုပ်သည် ဒုက္ခတည်း၊ ပြောင်းလဲ ခြင်းသဘောရှိ၏၊ "ဤကား ရုပ်၏ အပြစ်တည်း"ဟု သိ၍ မဂ်ခဏ၌ ဒုက္ခကို ပိုင်းခြား၍ သိခြင်း ဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် ဒုက္ခသစ္စာ ပဋိဝေဓဉာဏ်တည်း။ ရုပ်၌ အကြင် ဆန္ဒ ရာဂကို ဖျောက်ခြင်း ဆန္ဒရာဂကို ပယ်စွန့်ခြင်းသည် ရှိ၏၊ "ဤကား ရုပ်၏ ထွက်မြောက်ခြင်း တည်း"ဟု သိ၍ (မဂ်ခဏ၌) နိရောဓကို မျက်မှောက်ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍သိခြင်း သည် နိရောဓသစ္စာ ပဋိဝေဓဉာဏ်တည်း။ ဤအရာဌာနသုံးပါးတို့၌ (ထိုးထွင်း၍ သိခြင်း၏အစွမ်း အားဖြင့် ဖြစ်သော) အကြင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ (ဤမဂ္ဂင် ရှစ်ပါး)ကို ပွါးများခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် မဂ္ဂသစ္စာ ပဋိဝေဓဉာဏ်တည်း။

အကြင် ဝေဒနာကို အကြောင်းပြု၍။ ပ ။ အကြင် သညာကို အကြောင်းပြု၍။ အကြင် သင်္ခါရ တို့ကို အကြောင်းပြု၍ "အကြင် ဝိညာဏ်ကို အကြောင်းပြု၍ ဖြစ်သော သုခ သောမနဿသည် ဝိညာဏ်၏ သာယာဖွယ်တည်း"ဟု သိ၍ (မဂ်ခဏ၌) သမုဒယကို ပယ်ခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် သမုဒယသစ္စာ ပဋိဝေဓဉာဏ်တည်း။ အကြင် ဝိညာဏ်သည် အနိစ္စတည်း၊ ထိုဝိညာဏ်သည် ဒုက္ခတည်း။ ပြောင်းလဲခြင်းသဘောရှိ၏၊ "ဤကား ဝိညာဏ်၏ အပြစ်တည်း"ဟု (သိ၍ မဂ်ခဏ၌ ဒုက္ခကို) ပိုင်းခြား၍ သိခြင်းဟု ဆိုအပ်သော ထိုးထွင်း၍သိခြင်းသည် ဒုက္ခသစ္စာ ပဋိဝေဓဉာဏ်တည်း။ ဝိညာဏ်၌ အကြင်ဆန္ဒရာဂကို ဖျောက်ခြင်း ဆန္ဒရာဂကို ပယ်ခြင်းသည် ရှိ၏၊ "ဤကား ဝိညာဏ်၏ ထွက်မြောက်ခြင်းတည်း" ဟု (သိ၍ မဂ်ခဏ၌ နိရောဓကို) မျက်မှောက် ပြုခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် နိရောဓသစ္စာ ပဋိဝေဓဉာဏ်တည်း။ ဤအရာ ဌာနသုံးပါးတို့၌ (ထိုးထွင်း၍ သိခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော)အကြင် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ (ဤမဂ္ဂင် ရှစ်ပါး)ကို ပွါးများခြင်းဟု ဆိုအပ်သော ထိုးထွင်း၍ သိခြင်းသည် မဂ္ဂသစ္စာပဋိဝေဓဉာဏ်တည်း။

၁၅။ သစ္စာဟူသည် အခြင်းအရာ အဘယ်မျှတို့ဖြင့် သစ္စာ မည်သနည်း၊ ရှာခြင်းသဘော သိမ်းဆည်းခြင်းသဘော ထိုးထွင်း၍သိခြင်း သဘောအားဖြင့် (သစ္စာ မည်၏)။ အဘယ်သို့ ရှာခြင်းသဘောအားဖြင့် သစ္စာမည်သနည်း၊ ဇရာမရဏသည် အဘယ်အကြောင်းရင်းရှိသနည်း၊ အဘယ် ပွါးကြောင်းရှိသနည်း၊ အဘယ် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် အမွန် ရှိသနည်း ဟု ဤသို့ ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဇရာ မရဏသည် ဇာတိလျှင် အကြောင်းရင်းရှိ၏၊ ဇာတိလျှင် ပွါးကြောင်းရှိ၏၊ ဇာတိလျှင် ဖြစ်ကြောင်း ရှိ၏၊ ဇာတိလျှင် အမွန်ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်း သဘောအားဖြင့် သစ္စာမည်၏၊ ဇရာမရဏကိုလည်း ခွဲခြား၍ သိ၏၊ ဇရာမရဏ ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဇရာမရဏ ချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ ဇရာမရဏ

http://www.dhammadownload.com



ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍သိ၏။ ဤသို့ ထိုးထွင်း၍သိခြင်း သဘော အားဖြင့် သစ္စာမည်၏။

ဇာတိသည် အဘယ်အကြောင်းရင်း ရှိသနည်း၊ အဘယ်ပွါးကြောင်း ရှိသနည်း၊ အဘယ် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ် အမွန် ရှိသနည်းဟု ဤသို့ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဇာတိသည် ဘဝလျှင် အကြောင်းရင်းရှိ၏၊ ဘဝလျှင် ပွါးကြောင်းရှိ၏၊ ဘဝလျှင် ဖြစ်ကြောင်း ရှိ၏၊ ဘဝလျှင် အမွန်ရှိ၏ ဟု ဤသို့ သိမ်းဆည်းခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဇာတိကို လည်း ခွဲခြား၍ သိ၏၊ ဇာတိပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဇာတိချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ ဇာတိချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် သစ္စာမည်၏။

ဘဝသည် အဘယ် အကြောင်းရင်း ရှိသနည်း၊ အဘယ်ပွါးကြောင်း ရှိသနည်း၊ အဘယ် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်အမွန်ရှိသနည်းဟု ဤသို့ ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရင်း ရှိ၏၊ ဥပါဒါန်လျှင် ပွါးကြောင်း ရှိ၏၊ ဥပါဒါန်လျှင် ဖြစ် ကြောင်းရှိ၏၊ ဥပါဒါန်လျှင် အမွန်ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်း သဘောအားဖြင့် သစ္စာ မည်၏။ ဘဝကိုလည်း ခွဲခြား၍ သိ၏၊ ဘဝပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဘဝချုပ်ရာကို လည်း ခွဲခြား၍သိ၏၊ ဘဝချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် သစ္စာမည်၏။

ဥပါဒါန်သည် အဘယ် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ ရှာခြင်း သဘော အားဖြင့် သစ္စာမည်၏။ ဥပါဒါန်သည် တဏှာလျှင် အကြောင်းရင်း ရှိ၏၊ တဏှာလျှင် ပွါးကြောင်း ရှိ၏၊ တဏှာလျှင် ဖြစ်ကြောင်းရှိ၏၊ တဏှာလျှင် အမွန် ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်း သဘော အားဖြင့် သစ္စာမည်၏။ ဥပါဒါန်ကိုလည်း ခွဲခြား၍ သိ၏၊ ဥပါဒါန် ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဥပါဒါန် ချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ ဥပါဒါန်ချုပ်ရာသို့ ရောက်ကြောင်း အကျင့် ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာ မည်၏။

တဏှာသည် အဘယ်လျှင် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ ရှာခြင်းသဘော အားဖြင့် သစ္စာ မည်၏။ တဏှာသည် ဝေဒနာလျှင် အကြောင်းရင်း ရှိ၏၊ ဝေဒနာလျှင် ပွါးကြောင်း ရှိ၏၊ ဝေဒနာလျှင် ဖြစ်ကြောင်း ရှိ၏၊ ဝေဒနာလျှင် အမွန် ရှိ၏ဟု ဤသို့ သိမ်းဆည်ခြင်းသဘော အားဖြင့် သစ္စာမည်၏။ တဏှာကိုလည်း ခွဲခြား၍ သိ၏၊ တဏှာ ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ တဏှာချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ တဏှာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

ဝေဒနာသည် အဘယ် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ရှာခြင်း သဘော အားဖြင့် သစ္စာမည်၏။ ဝေဒနာသည် ဖဿလျှင် အကြောင်းရင်း ရှိ၏၊ ဖဿလျှင် ပွါးကြောင်း ရှိ၏၊ ဖဿလျှင် ဖြစ်ကြောင်းရှိ၏၊ ဖဿလျှင် အမွန် ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်း သဘောအားဖြင့် သစ္စာ မည်၏။ ဝေဒနာကိုလည်း ခွဲခြား၍ သိ၏၊ ဝေဒနာ ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏

http://www.dhammadownload.com



ဝေဒနာ ချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ ဝေဒနာ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

ဖဿသည် အဘယ်လျှင် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဖဿသည် သဠာယတနလျှင် အကြောင်းရင်းရှိ၏၊ သဠာယတနလျှင် ပွါးကြောင်းရှိ၏၊ သဠာယတနလျှင် ဖြစ်ကြောင်း ရှိ၏၊ သဠာယတနလျှင် အမွန်ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်းသဘောအားဖြင့် သစ္စာမည်၏။ ဖဿကိုလည်း ခွဲခြား၍ သိ၏၊ ဖဿပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဖဿချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ ဖဿချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

သဠာယတနသည် အဘယ်လျှင် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ သဠာယတနသည် နာမ်ရုပ်လျှင် အကြောင်းရင်း ရှိ၏၊ နာမ်ရုပ်လျှင် ပွါးကြောင်း ရှိ၏၊ နာမ်ရုပ်လျှင် ဖြစ်ကြောင်းရှိ၏၊ နာမ်ရုပ်လျှင် အမွန် ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်းသဘောအားဖြင့် သစ္စာမည်၏။ သဠာယတနကိုလည်း ခွဲခြား၍ သိ၏၊ သဠာယတန ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ သဠာယတနချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ သဠာယတန ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာ မည်၏၊

နာမ် ရုပ်သည် အဘယ်လျှင် အကြောင်းရင်း ရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်း ရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်လျှင် အမွန် ရှိသနည်းဟု ဤသို့ ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ နာမ်ရုပ်သည် ဝိညာဏ်လျှင် အကြောင်းရင်း ရှိ၏၊ ဝိညာဏ်လျှင် ပွါးကြောင်းရှိ၏၊ ဝိညာဏ်လျှင် ဖြစ်ကြောင်း ရှိ၏၊ ဝိညာဏ်လျှင် အမွန် ရှိ၏ဟု ဤသို့ သိမ်းဆည်းခြင်းသဘောအားဖြင့် သစ္စာ မည်၏။ နာမ်ရုပ်ကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ် ပွါးကြောင် ကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ်ချုပ်ရာကိုလည်း ခွဲခြား၍ သိ၏၊ နာမ်ရုပ်ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍ သိ၏။ ဤသို့ ထိုးထွင်း၍ သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

ဝိညာဏ်သည် အဘယ်လျှင် အကြောင်းရင်းရှိသနည်း၊ အဘယ်လျှင် ပွါးကြောင်းရှိသနည်း၊ အဘယ်လျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်လျှင် အမွန်ရှိသနည်းဟု ဤသို့ရှာခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဝိညာဏ်သည် သင်္ခါရလျှင် အကြောင်းရင်းရှိ၏၊ သင်္ခါရလျှင် ပွါးကြောင်း ရှိ၏၊ သင်္ခါရလျှင် ဖြစ်ကြောင်းရှိ၏၊ သင်္ခါရလျှင် အမွန်ရှိ၏ဟု ဤသို့သိမ်းဆည်းခြင်း သဘောအားဖြင့် သစ္စာမည်၏။ ဝိညာဏ်ကိုလည်း ခွဲခြား၍သိ၏၊ ဝိညာဏ်၏ ပွါးကြောင်းကိုလည်း ခွဲခြား၍ သိ၏၊ ဝိညာဏ်၏ချုပ်ရာကိုလည်း ခွဲခြား၍သိ၏၊ ဝိညာဏ်၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍သိ၏။ ဤသို့ထိုးထွင်း၍သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

သင်္ခါရတို့သည်အဘယ်လျှင် အကြောင်းရင်းရှိကုန်သနည်း၊ အဘယ်လျှင်ပွါးကြောင်း ရှိကုန်သနည်း၊ အဘယ်လျှင် ဖြစ်ကြောင်းရှိကုန်သနည်း၊ အဘယ်လျှင် အမွန်ရှိကုန်သနည်းဟု

http://www.dhammadownload.com



ဤသို့ရှုခြင်း သဘောအားဖြင့် သစ္စာမည်၏။ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရင်း ရှိကုန်၏၊ အဝိဇ္ဇာလျှင် ပွါးကြောင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် ဖြစ်ကြောင်းရှိကုန်၏၊ အဝိဇ္ဇာလျှင် အမှန်ရှိကုန်၏ဟု ဤသို့ သိမ်းဆည်းခြင်းသဘောအားဖြင့် သစ္စာမည်၏။ သင်္ခါရတို့ကိုလည်း ခွဲခြား၍သိ၏၊ သင်္ခါရတို့၏ ပွါးကြောင်းကိုလည်း ခွဲခြား၍သိ၏၊ သင်္ခါရတို့၏ချုပ်ရာကိုလည်း ခွဲခြား၍သိ၏၊ သင်္ခါရတို့၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုလည်း ခွဲခြား၍သိ၏။ ဤသို့ ထိုးထွင်း၍သိခြင်း သဘောအားဖြင့် သစ္စာမည်၏။

၁၆။ ဇရာမရဏသည် ဒုက္ခသစ္စာတည်း၊ ဇာတိသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကို ခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဇာတိသည် ဒုက္ခသစ္စာတည်း၊ ဘဝသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဘဝသည် ဒုက္ခသစ္စာတည်း၊ ဥပါဒါန်သည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကို ခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဥပါဒါန်သည် ဒုက္ခသစ္စာတည်း၊ တဏှာသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍ သိခြင်းသည် မဂ္ဂသစ္စာတည်း။ တဏှာသည် ဒုက္ခသစ္စာတည်း၊ ဝေဒနာသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကို ခွဲခြား၍ သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဝေဒနာသည် ဒုက္ခသစ္စာတည်း၊ ဖဿသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကို ခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဖဿသည် ဒုက္ခသစ္စာတည်း၊ သဠာယတနသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ သဠာယတနသည် ဒုက္ခသစ္စာတည်း၊ နာမ်ရုပ်သည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ နာမ်ရုပ်သည် ဒုက္ခသစ္စာတည်း၊ ဝိညာဏ်သည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကို ခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဝိညာဏ်သည် ဒုက္ခသစ္စာတည်း၊ သင်္ခါရတို့သည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ သင်္ခါရတို့သည် ဒုက္ခသစ္စာတည်း၊ အဝိဇ္ဇာသည် သမုဒယသစ္စာတည်း၊ နှစ်ပါးလုံးတို့၏ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍ သိခြင်းသည် မဂ္ဂသစ္စာတည်း။

ဇရာမရဏသည် ရံခါ ဒုက္ခသစ္စာ၊ ရံခါ သမုဒယသစ္စာ ဖြစ်ရာ၏၊ နှစ်ပါးလုံးတို့၏လည်း ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။ ဇာတိသည် ရံခါ ဒုက္ခသစ္စာ၊ ရံခါ သမုဒယသစ္စာ ဖြစ်ရာ၏။ပ။ ဘဝသည ရံခါ ဒုက္ခသစ္စာ၊ ရံခါ သမုဒယသစ္စာ ဖြစ်ရာ၏၊ နှစ်ပါးလုံးတို့၏ထွက်မြောက်ရာသည် နိရောဓသစ္စာတည်း၊ နိရောဓကိုခွဲခြား၍သိခြင်းသည် မဂ္ဂသစ္စာတည်း။

သစ္စကထာ အကျယ်ပြခြင်း ပြီး၏။

http://www.dhammadownload.com



## ၃-ဗောဇ္ဈင်္ဂကထာ

၁၇။ သာဝတ္ထိနိဒါန်းတည်း။ ရဟန်းတို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း၊ အဘယ်ခုနစ်ပါး တို့နည်းဟူမူ—သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်တို့သည် ဤ ခုနစ်ပါးတို့တည်း။

ဗောဇ္ဈင်ဟူရာ၌ အဘယ်သဘောကြောင့် ဗောဇ္ဈင်မည်သနည်း။ သိခြင်းငှါ ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ သိတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ လျော်စွာ သိတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ တဖန်သိတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ကောင်းစွာသိတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

သိခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ လျော်စွာသိခြင်း အနက်သဘော ကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ တဖန်သိခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ကောင်းစွာသိခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ (၁)

သိစေတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ လျော်စွာသိစေတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ တဖန်သိစေတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ကောင်းစွာ သိစေတတ်ကုန်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ (၂)

သိစေခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ လျော်စွာသိစေခြင်းအနက်သဘော ကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ တဖန်သိစေခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ကောင်းစွာသိစေခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ (၃)

သိတတ်သောကြောင့် ဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘော ကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနုဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက် သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပဋိဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သမ္ဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ (၄)

အသိဉာဏ်ရခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အသိဉာဏ်တဖန်ရခြင်း အနက် သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အသိဉာဏ်သည် (သတ္တဝါတို့ကို) တည်စေခြင်း အနက် သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အသိဉာဏ်သည် သတ္တဝါတို့ကို ရှေးရှုတည်စေခြင်း အနက် သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အသိဉာဏ်သည် ပြီးစေခြင်းအနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ အသိဉာဏ်သည် ကောင်းစွာပြီးစေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ (ပဌမ စတုက္က)။ (၅)

### မူလမူလကာဒိ ဒသက

၁၈။ မူလအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မူလဖြစ်၍ဖြစ်ခြင်း အနက်သဘော ကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မူလသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊

http://www.dhammadownload.com



မူလအခြံအရံအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ မူလပြည့်စုံခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ မူလရင့်ကျက်ခြင်းအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ မူလပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ မူလပဋိသမ္ဘိဒါသို့ရောက်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင် မည်ကုန်၏၊ မူလပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ မူလပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်ကုန်သောသူတို့၏လည်း ဖောဇ္ဈင်မည်ကုန်၏။ (၁)

ဖြစ်စေတတ်သော ဟိတ်အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟိတ်ဖြစ်၍ဖြစ်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟိတ်သိမ်းဆည်းခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟိတ်အခြံအရံ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟိတ်ပြည့်စုံခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟိတ်ရင့်ကျက်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင် မည်ကုန်၏၊ ဟေတုပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟေတုပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟေတုပဋိသမ္ဘိဒါ၌ ဝသီဘော် အနက် သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဟေတုပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့၏လည်း ဖောဇ္ဈင်မည်ကုန်၏။ (၂)

ထောက်ပံ့တတ်သောပစ္စည်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းဖြစ်၍ဖြစ်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းအခြံအရံ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စည်း ပြည့်စုံ ခြင်းအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းရင့်ကျက်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စယပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စယပဋိသမ္ဘိ ဒါသို့ရောက်စေခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စယပဋိသမ္ဘိဒါ၌ ဝသီဘော် အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ပစ္စယပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့ ၏လည်း ဖောဇ္ဈင်မည်ကုန်၏။ (၃)

စင်ကြယ်သောဝိသုဒ္ဓိအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိဖြစ်ခြင်းအနက်သဘော ကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိသိမ်းဆည်းခြင်းအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိအခြံအရံ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိပြည့်စုံခြင်း အနက်သဘော ကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိရင့်ကျက်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့၏လည်း ဖောဇ္ဈင်မည်ကုန် ၏။ (၄)

အပြစ်ကင်းသောအနဝဇ္ဇ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇဖြစ်၍ဖြစ်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇအခြံအရံ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇပြည့်စုံ ခြင်းအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇရင့်ကျက်ခြင်း အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇ ပဋိသမ္ဘိဒါသို့ ရောက်စေခြင်းအနက်သဘောကြောင့် ဖောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇပဋိသမ္ဘိဒါ၌

http://www.dhammadownload.com



ဝသီဘော်အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၅)

ကုသိုလ်တရားဟူသော နေက္ခမ္မအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မဖြစ်၍ ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မအခြံအရံ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မပြည့်စုံခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မရင့်ကျက်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၆)

လွတ်မြောက်ခြင်း 'ဝိမုတ္တိ' အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိဖြစ်၍ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိအခြံအရံအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိပြည့်စုံခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိရင့်ကျက်ခြင်းအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိပဋိသမ္ဘိဒါ၌ ဝသီဘော် အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၇)

အာသဝေါမရှိခြင်း 'အနာသဝ'အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝဖြစ်၍ ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝသိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝအခြံအရံ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝပြည့်စုံခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝရင့်ကျက်ခြင်းအနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝပဋိသမ္ဘိဒါသို့ရောက်စေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၈)

ကင်းဆိတ်ခြင်း 'ဝိဝေက' အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေကဖြစ်၍ ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိဝေက သိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိဝေက အခြံအရံ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေက ပြည့်စုံခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေက ရင့်ကျက်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေက ပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိဝေကပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိဝေက ပဋိသမ္ဘိဒါ၌ ဝသီဘော် အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေကပဋိသမ္ဘိဒါ၌ ဝသီဘော် သို့ ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၉)

http://www.dhammadownload.com



စွန့်လွှတ်ခြင်း 'ဝေါဿဂ္ဂ' အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝေါဿဂ္ဂဖြစ်၍ ဖြစ်ခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝေါဿဂ္ဂ သိမ်းဆည်းခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂအခြံအရံ အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝေါဿဂ္ဂ ပြည့်စုံခြင်း အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂ ရင့်ကျက်ခြင်း အနက်သဘော ကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝေါဿဂ္ဂ ပဋိသမ္ဘိဒါ အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝေါဿဂ္ဂ ပဋိသမ္ဘိဒါ၌ ဝသီဘော် အနက်သဘောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂ ပဋိသမ္ဘိဒါ၌ ဝသီဘော်သို့ ရောက်သောသူတို့၏လည်း ဗောဇ္ဈင်မည်ကုန်၏။ (၁၀)

၁၉။ မူလသဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဟိတ်သဘောကို သိတတ် သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းသဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိသဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇသဘောကို သိတတ်သော ကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ နေက္ခမ္မ သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိမုတ္တိ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနာသဝ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိဝေက အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

မူလဖြစ်၍ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဟိတ်ဖြစ်၍ ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပစ္စည်းဖြစ်၍ ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိသုဒ္ဓိဖြစ်၍ ဖြစ်ခြင်းအနက်သဘော ကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အနဝဇ္ဇဖြစ်၍ ဖြစ်ခြင်း အနက်သဘောကို သိတတ် သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နေက္ခမ္မဖြစ်၍ ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိမုတ္တိဖြစ်၍ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည် ကုန်၏၊ အနာသဝဖြစ်၍ ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝိဝေကဖြစ်၍ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေါဿဂ္ဂ ဖြစ်၍ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

မူလသိမ်းဆည်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ ဝေါဿဂ္ဂ သိမ်းဆည်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ မူလအခြံအရံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပ ။ ဝေါဿဂ္ဂ အခြံအရံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ မူလပြည့်စုံခြင်း အနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ ဝေါဿဂ္ဂပြည့်စုံခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ မူလရင့်ကျက်ခြင်း အနက်သဘောကို သိတတ်သော ကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ ဝေါဿဂ္ဂရင့်ကျက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ မူလပဋိသမ္ဘိဒါ အနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပ ။ ဝေါဿဂ္ဂပဋိသမ္ဘိဒါ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ မူလပဋိသမ္ဘိဒါသို့ ရောက်စေခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ပ။ ဝေါဿဂ္ဂပဋိသမ္ဘိဒါသို့ ရောက်စေခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

http://www.dhammadownload.com



မူလပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပ ။ ဝေါဿဂ္ဂပဋိသမ္ဘိဒါ၌ ဝသီဘော်အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။

သိမ်းဆည်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အခြံအရံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ပြည့်စုံခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ အာရုံတခုတည်းရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ မပျံ့လွင့်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အားထုတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မပြန့်ကြဲခြင်းအနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မနောက်ကျုခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မတုန်လှုပ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အာရုံတခုတည်း ထင်ခြင်းအစွမ်းဖြင့် စိတ်၏တည်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အာရုံအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ကျက်စားရာ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပယ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ စွန့်လွှတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ထခြင်းအနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝဋ္ဋကင်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ငြိမ်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ မွန်မြတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ လွတ်မြောက်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အာသဝေါမရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ကူးမြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နိမိတ်မရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ တောင့်တမှု မရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆိတ်သုဉ်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ တခုတည်းသောကိစ္စရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ လွန်၍ မဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အစုံတွဲခြင်း အနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ထွက်မြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဟိတ်အနက် သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ အကြီးအမှူးအဖြစ် ဟူသော အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

သမထ၏ မပျံ့လွင့်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိပဿနာ၏ အဖန်ဖန်ရှုခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သမထ ဝိပဿနာတို့၏ တခုတည်းသော ကိစ္စရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ အစုံတွဲခြင်း၏ လွန်၍ မဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ သိက္ခာ၏ ဆောက်တည်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ အာရုံ၏ ကျက်စားရာ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ တွန့်ဆုတ်သော စိတ်၏ အားထုတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ပျံ့လွင့်သောစိတ်၏ နှိမ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်

http://www.dhammadownload.com



မည်ကုန်၏၊ နှစ်ပါးစုံမှ စင်ကြယ်သောစိတ်တို့၏ လျစ်လျူရှုခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ တရားထူးရခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အလွန်ကို ထိုးထွင်း၍ သိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သစ္စာကို ထိုးထွင်း၍ သိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ နိဗ္ဗာန်၌ တည်စေခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

သဒ္ဓိန္ဒြေ၏ ဆုံးဖြတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပ ။ ပညိန္ဒြေ၏ မြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ သဒ္ဓါဗိုလ်၏ မယုံကြည်ခြင်း၌ မတုန်လှုပ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ ပညာဗိုလ်၏ အဝိဇ္ဇာ၌ မတုန်လှုပ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ သတိသမ္ဗောဇ္ဈင်၏ ထင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပ ။ ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဆင်ခြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ သမ္မာဒိဋ္ဌိ၏ မြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ပ။ သမ္မာသမာဓိ၏ မပျံ့လွင့်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

ဣန္ဒြေ၏ အစိုးရခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဗိုလ်တို့၏ မတုန်လှုပ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ထွက်မြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ မဂ်၏ ဟိတ်အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သတိပဋ္ဌာန်တို့၏ ထင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သမ္မပ္ပဓာန်တို့၏ အားထုတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဣဒ္ဓိပါဒ်တို့၏ ပြည့်စုံ ပြီးစီးခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သစ္စာတို့၏ မှန်သောအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မဂ်တို့၏ တပန်ငြိမ်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဖိုလ်တို့၏ မျက်မှောက်ပြုခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

ဝိတက်၏ ရှေးရှုတင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ဝိစာရ၏ သုံးသပ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ပီတိ၏ ပျံ့နှံ့ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ သုခ၏ စိမ့်စိုခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ အာရုံတခုတည်း ရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဆင်ခြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ အထူးသိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ခွဲခြား၍ သိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ကောင်းစွာမှတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ဧကောဒိမည်သော သမာဓိ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

http://www.dhammadownload.com



အဘိညာ၏ သိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ပရိညာ၏ ကူးမြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ပဟာန်၏ စွန့်လွှတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ဘာဝနာ၏ တခုတည်းသောကိစ္စရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ မျက်မှောက်ပြုခြင်း၏ တွေ့ထိရခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ခန္ဓာတို့၏ ခန္ဓာအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ဓာတ်တို့၏ ဓာတ်အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ အာယတနတို့၏ အာယတနအနက်သဘောကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ သင်္ခတတရားတို့၏ ပြုပြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အသင်္ခတတရားတို့၏ မပြုပြင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

စိတ်အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ အခြားမရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ထခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ ဝဋ္ဋကင်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ ဇနကဟိတ် အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ ဥပထမ္ဘကပစ္စည်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ စိတ်၏ ဝတ္ထုအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ စိတ်၏ ဖြစ်ရာဘုံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ အာရုံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ကျက်စားရာ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏သွားခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ စိတ်၏ ရှေးရှုဆောင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ထွက်မြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ စိတ်၏ လွတ်မြောက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

အာရုံတခုတည်း၌ ဆင်ခြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ အထူးသိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ခွဲခြား၍သိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာမှတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ဧကောဒိမည်သော သမာဓိအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ဖွဲ့ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ အာရုံတခုတည်း၌ ပြေးဝင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ အာရုံတခုတည်း၌ တည်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာတည်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လွတ်မြောက်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။အာရုံတခုတည်း၌"ဤကားငြိမ်းချမ်းခြင်းတည်း"ဟုမြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ယာဉ်ကဲ့သို့ပြုခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ တည်ရာကဲ့သို့ပြုခြင်းအနက်သဘော

http://www.dhammadownload.com



ကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လျော်စွာတည်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လေ့ကျက်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာ အားထုတ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ သိမ်းဆည်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ အခြံအရံ အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ပြည့်စုံခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ပေါင်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လွှမ်းမိုး၍ တည်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ပြင်းစွာမှိဝဲခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ပွါးခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ အကြိမ်များစွာပြုခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာတည်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာလွတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ သိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လျော်စွာသိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ တဖန်သိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာသိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ သိစေခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လျော်စွာသိစေခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ တဖန်သိစေခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာသိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လျော်စွာသိတတ်သောကြောင့် အနုဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ပဋိဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ သမ္ဗောဓိဟု အမည်ရသော ယောဂီပုဂ္ဂိုလ်၏အဖို့၌ ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်။ အာရုံတခုတည်း၌ ထွန်းလင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ အလွန်ထွန်းလင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ လျော်စွာထွန်းလင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ တဖန်ထွန်းလင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အာရုံတခုတည်း၌ ကောင်းစွာထွန်းလင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

ပူပန်စေခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ တင့်တယ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ကိလေသာတို့ကိုပူပန်စေခြင်းအနက်

http://www.dhammadownload.com



သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အညစ်အကြေးမရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အညစ်အကြေးကင်းခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အညစ်အကြေးမရှိခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ညီမျှခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ သိခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ကင်းဆိတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝိဝေက ဖြစ်၍ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ရာဂကင်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝိရာဂဖြစ်၍ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ချုပ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ နိရောဓဖြစ်၍ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝေါဿဂ္ဂအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝေါဿဂ္ဂဖြစ်၍ဖြစ်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝိမုတ္တိအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။ ဝိမုတ္တိဖြစ်၍ဖြစ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

ဆန္ဒအနက်သဘောကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဆန္ဒ၏မူလအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏ဆောင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏ပြဋ္ဌာန်းခြင်းအနက်သဘောကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏ပြည့်စုံခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏ဆုံးဖြတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏အားထုတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏ထင်ခြင်း အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏မပျံ့လွင့်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဆန္ဒ၏မြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

ဝီရိယအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ စိတ်၏အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ပ။ စူးစမ်းဆင်ခြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝီမံသ၏မူလအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏အကြောင်းဖြစ်သော အနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏ပြဋ္ဌာန်းခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဝီမံသ၏ ပြည့်စုံခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏ ဆုံးဖြတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏အားထုတ်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏ထင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏မပျံ့လွင့်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝီမံသ၏မြင်ခြင်းအနက်သဘောကို သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏။

ဒုက္ခသဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ ဒုက္ခ၏နှိပ်စက်ခြင်းသဘောကို သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဒုက္ခ၏ပူပြင်ရခြင်းသဘောကို သိတတ်သောကြောင့်

http://www.dhammadownload.com



ဖော်ဆောင်မည်ကုန်၏၊ ဒုက္ခ၏ပူပန်ခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဒုက္ခ၏ ပြောင်းလဲခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ သမုဒယသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ သမုဒယ၏အားထုတ်ခြင်းသဘောကို အကြောင်း ရင်းသဘောကို ပေါင်းစပ်ခြင်းသဘောကို ကြောင့်ကြခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ နိရောဓသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ နိရောဓ၏ ထွက်မြောက်ခြင်းသဘောကို ကင်းဆိတ်ခြင်းသဘော်ကို မပြုပြင်အပ်ခြင်းသဘောကို မသေရာ သဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ မဂ္ဂသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ မဂ်၏ထွက်မြောက်ကြောင်းသဘော ဟိတ်သဘော ဒဿနသဘော အကြီး အမှူးသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။

မှန်ခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ အနတ္တသဘောကို သိတတ် သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ သစ္စာသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ထိုးထွင်း၍သိခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ထူးခြားစွာသိခြင်း သဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ပိုင်းခြား၍သိခြင်းသဘောကို သိတတ် သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဓမ္မသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဓာတ်သဘောကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဉာတသဘောကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ မျက်မှောက်ပြုခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ တွေ့ထိခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ထိုးထွင်း၍သိခြင်းသဘောကို သိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။

နေက္ခမ္မကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ အဗျာပါဒကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ အာလောကသညာကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ မပျံ့လွင့် ခြင်းကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဓမ္မဝဝတ္ထာန်ကိုသိတတ်သောကြောင့် ဖော်ဆောင် မည်ကုန်၏၊ ဉာဏ်ကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ဝမ်းမြောက်ခြင်းကိုသိတတ် သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ ပဌမဈာန်ကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ပ။ အရဟတ္တမဂ်ကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ အရဟတ္တဖိုလ်သမာပတ်ကို သိတတ် သောကြောင့် ဖော်ဆောင်မည်ကုန်၏။

ဆုံးဖြတ်ခြင်းသဘောအားဖြင့် သဒ္ဓိန္ဒြေကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ပ။ မြင်ခြင်းသဘောအားဖြင့် ပညိန္ဒြေကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ မယုံကြည် ခြင်းကြောင့် မတုန်လှုပ်ခြင်းသဘောအားဖြင့် သဒ္ဓါဗိုလ်ကိုသိတတ်သောကြောင့် ဖော်ဆောင် မည် ကုန်၏။ပ။ အဝိဇ္ဇာ၌မတုန်လှုပ်ခြင်းသဘောအားဖြင့် ပညာဗိုလ်ကိုသိတတ်သောကြောင့် ဖော်ဆောင် မည်ကုန်၏။ ထင်ခြင်းသဘောအားဖြင့် သတိသမ္ဗောဇ္ဈင်ကိုသိတတ်သောကြောင့် ဖော်ဆောင် မည် ကုန်၏။ပ။ ဆင်ခြင်ခြင်းသဘောအားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်ကိုသိတတ်သောကြောင့် ဖော်ဆောင် မည်ကုန်၏။

မြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ပ။ မပျံ့လွင့် ခြင်းသဘောအားဖြင့် သမ္မာသမာဓိကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏။ အစိုးရခြင်း သဘောအားဖြင့် ဣန္ဒြေကိုသိတတ်သောကြောင့် ဖော်ဆောင်မည်ကုန်၏၊ မတုန်လှုပ်ခြင်းသဘော

http://www.dhammadownload.com



အားဖြင့် ဗိုလ်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ထွက်မြောက်ခြင်းသဘောကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဟိတ်သဘောအားဖြင့် မဂ်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ထင်ခြင်းသဘောအားဖြင့် သတိပဋ္ဌာန်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မပ္ပဓာန်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပြည့်စုံပြီးစီးခြင်းသဘောအားဖြင့် ဣဒ္ဓိပါဒ်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဟုတ်မှန်ခြင်းသဘောအားဖြင့် သစ္စာကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမထကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။ အဖန်ဖန်ရှုခြင်းသဘောအားဖြင့် ဝိပဿနာကို။ပ။ တခုတည်းသောကိစ္စ ရသ သဘောအားဖြင့် သမထဝိပဿနာကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ လွန်၍မဖြစ်ခြင်းသဘောအားဖြင့် အစုံတွဲခြင်း'ယုဂနဒ္ဓ'ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ စောင့်စည်းခြင်းသဘောအားဖြင့် သီလဝိသုဒ္ဓိကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် စိတ္တဝိသုဒ္ဓိကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ မြင်ခြင်းသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ လွတ်ခြင်းသဘောအားဖြင့် ဝိမောက္ခကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ထိုးထွင်း၍သိခြင်းသဘောအားဖြင့် ဝိဇ္ဇာကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ စွန့်လွှတ်ခြင်းသဘောအားဖြင့် ဝိမုတ္တိကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ အကြွင်းမဲ့ ဖြတ်ခြင်းသဘောအားဖြင့် ခယဉာဏ်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ တဖန်ငြိမ်းခြင်းသဘောအားဖြင့် အနုပ္ပါဒဉာဏ်ကိုသိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

ဆန္ဒကို မူလသဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ မနသိကာရကို ဖြစ်စေခြင်းသဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဖဿကို ပေါင်းဆုံခြင်းသဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ဝေဒနာကို စုဝေးခြင်း သဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သမာဓိကို အမှူးသဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သတိကို အစိုးရခြင်း သဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ ပညာကို ထို့ထက်လွန်မြတ်ခြင်း သဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင် မည်ကုန်၏၊ ဝိမုတ္တိကို အနှစ်သာရသဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏၊ သေခြင်းမရှိရာသို့ သက်ဝင်ရာ နိဗ္ဗာန်ကို ပြီးဆုံးခြင်း သဘောအားဖြင့် သိတတ်သောကြောင့် ဗောဇ္ဈင်မည်ကုန်၏။

၂၀။ သာဝတ္ထိနိဒါန်းတည်း။ ထိုအခါအသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့" ဟု ခေါ်၏၊ "ငါ့သျှင်"ဟု ထိုရဟန်းတို့သည် အသျှင် သာရိပုတြာအား ပြန်ကြားလျှောက်ထားကုန်၏၊ အသျှင်သာရိပုတြာသည် ဤစကားကို မိန့်ဆို၏။

ငါ့သျှင်တို့ ဗောဇ္ဈင် တို့သည် ဤခုနစ်ပါးတို့တည်း။ အဘယ်ခုနစ်ပါးတို့နည်း ဟူမူ—သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်။ ပ ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ငါ့သျှင်တို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ငါသည် ဤဗောဇ္ဈင်ခုနစ်ပါးတို့တွင် အကြင်အကြင် ဗောဇ္ဈင်ဖြင့် နံနက်အချိန်ပတ်လုံး နေလိုအံ့၊ ထိုထိုဗောဇ္ဈင်ဖြင့် နံနက်အချိန်ပတ်လုံး နေ၏။ အကြင်အကြင်ဗောဇ္ဈင်ဖြင့်နေ့လည်အချိန်ပတ်လုံး နေလိုအံ့။ ပ ။ ညချမ်းအချိန်ပတ်လုံး နေလိုအံ့၊ ထိုထိုဗောဇ္ဈင်ဖြင့် ညချမ်းအချိန်ပတ်လုံး နေ၏။ ငါ့သျှင်တို့ အကယ်၍ သတိသမ္ဗောဇ္ဈင်ဟူ၍ ဤသို့ ငါ၏စိတ်အား ဖြစ်အံ့၊

http://www.dhammadownload.com



"အတိုင်းအရှည်(ပြုခြင်း)မရှိ" ဟု ဤသို့ ငါ၏စိတ်အားဖြစ်၏၊ "ကောင်းစွာ အားထုတ်အပ်၏"ဟု ဤသို့ ငါ၏စိတ်အားဖြစ်၏၊ "နိဗ္ဗာန် အာရုံ၌ ဖြစ်သည်၏အစွမ်းဖြင့် တည်သည်လည်းဖြစ်သော ထိုတရားကို တည်၏"ဟု ခွဲခြား၍ သိ၏။ အကယ်၍လည်း ငါ့အား နိဗ္ဗာန်အာရုံမှ ရွေ့လျောအံ့၊ "ဤအကြောင်းကြောင့် ငါ့အား ရွေ့လျော၏"ဟု ခွဲခြား၍သိ၏။ အကယ်၍ ဓမ္မဝိစယသမ္ဗောဇ္ဈင်။ ။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟု ဤသို့ ငါ၏စိတ်အားဖြစ်အံ့၊ "အတိုင်းအရှည်မရှိ"ဟု ဤသို့ ငါ၏စိတ်အား ဖြစ်၏၊ "ကောင်းစွာ အားထုတ်အပ်၏" ဟု ဤသို့ ငါ၏စိတ်အား ဖြစ်၏၊ "နိဗ္ဗာန် အာရုံ၌ ဖြစ်သည်အစွမ်းဖြင့် တည်သည်လည်း ဖြစ်သော ထိုတရားကို တည်၏"ဟု ခွဲခြား၍သိ၏။ အကယ်၍လည်း ငါ့အား (နိဗ္ဗာန်အာရုံမှ) ရွေ့လျောအံ့၊ "ဤအကြောင်းကြောင့် ငါ့အား ရွေ့လျော၏"ဟု ခွဲခြား၍ သိ၏။

ငါ့သျှင်တို့ ဥပမာအားဖြင့် မင်း၏၎င်း မင်းအမတ်ကြီး၏၎င်း အဝတ်သေတ္တာသည် အထူးထူး ဆိုးအပ်သော အဝတ်တို့ဖြင့် ပြည့်သည်ဖြစ်ရာ၏၊ ထိုမင်း မင်း၏အမတ်ကြီးသည် အကြင်အကြင် ဝတ်စုံကိုသာလျှင် နံနက်အချိန်ပတ်လုံး ဝတ်လိုအံ့၊ ထိုထိုဝတ်စုံကိုသာလျှင် နံနက်အချိန်ပတ်လုံး ဝတ်ရုံရာ၏၊ အကြင်အကြင် ဝတ်စုံကိုသာလျှင် နေ့လည်အချိန်။ ပ ။ညချမ်းအချိန်ပတ်လုံး ဝတ်ရုံလိုအံ့၊ ထိုထိုဝတ်စုံကိုသာလျှင် ညချမ်းအချိန်ပတ်လုံး ဝတ်ရုံရာ၏၊ ငါ့သျှင်တို့ ဤအတူပင် ငါသည် ဤဗောဇ္ဈင် ခုနစ်ပါးတို့တွင် အကြင်အကြင် ဗောဇ္ဈင်ဖြင့် နံနက်အချိန်ပတ်လုံး နေလိုအံ့၊ ထိုထို ဗောဇ္ဈင်ဖြင့် နံနက်အချိန်ပတ်လုံး နေ၏။ အကြင်အကြင် ဗောဇ္ဈင်ဖြင့် နေ့လည် အချိန်ပတ်လုံး နေလိုအံ့။ ပ ။ ညချမ်းအချိန်ပတ်လုံး နေလိုအံ့၊ ထိုထိုဗောဇ္ဈင်ဖြင့် ညချမ်းအချိန်ပတ်လုံး နေ၏။ ငါ့သျှင်တို့ သတိသမ္ဗောဇ္ဈင်ဟု ဤသို့ အကယ်၍ ငါ့အားဖြစ်၏၊ "အတိုင်းအရှည် မရှိ"ဟု ဤသို့ ငါ့အား ဖြစ်၏၊ "ကောင်းစွာ အားထုတ်အပ်၏"ဟု ဤသို့ ငါ့အား ဖြစ်၏၊ "နိဗ္ဗာန်အာရုံ၌ ဖြစ်သည်၏ အစွမ်းဖြင့် တည်သည်လည်းဖြစ်သော ထိုတရားကို တည်၏"ဟု ခွဲခြား၍ သိ၏၊ အကယ်၍လည်း ငါ့အား (နိဗ္ဗာန်အာရုံမှ) ရွေ့လျောအံ့၊ "ဤအကြောင်းကြောင့် ငါ့အား ရွေ့လျော၏"ဟု ခွဲခြား၍ သိ၏။ ပ ။ ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဤသို့ အကယ်၍ ငါ့အား ဖြစ်၏၊ "အတိုင်းအရှည်မရှိ"ဟု ဤသို့ ငါ့အားဖြစ်၏၊ "ကောင်းစွာအားထုတ်အပ်၏"ဟု ဤသို့ ငါ့အား ဖြစ်၏၊ "နိဗ္ဗာန်အာရုံ၌ ဖြစ်သည်၏အစွမ်းဖြင့် တည်သည်လည်းဖြစ်သော ထိုတရားကို တည်၏ဟု ခွဲခြား၍ သိ၏။ အကယ်၍လည်း ငါ့အား (နိဗ္ဗာန်၏အာရုံမှ) ရွေ့လျောအံ့၊ "ဤအကြောင်းကြောင့် ငါ့အား ရွေ့လျော၏"ဟု ခွဲခြား၍ သိ၏။

## သုတ္တန် အကျယ်ပြုခြင်း

၂၁။ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် သတိသမ္ဗောဇ္ဈင် အဘယ်သို့ ဖြစ်သနည်း။ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံ ထင်သမျှကာလပတ်လုံး သတိသမ္ဗောဇ္ဈင်ဖြစ်၏။ ဥပမာ အားဖြင့် တောက်ပသော ဆီမီးလျှံ ဖြစ်သမျှ အဆင်းဖြစ်၏၊ အဆင်းဖြစ်သမျှ မီးလျှံဖြစ်သကဲ့သို့ ဤအတူ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံ ထင်သမျှကာလပတ်လုံး သတိသမ္ဗောဇ္ဈင် ဖြစ်၏။

ငါ့အား ဗောဇ္ဈင် ဖြစ်သည်ရှိသော် အပ္ပမာဏသည် အဘယ်သို့ ဖြစ်သနည်း။ ထကြွသောင်း ကျန်းသော အလုံးစုံသော ကိလေသာတို့သည်၎င်း ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော အလုံးစုံ သော သင်္ခါရတို့သည်၎င်း အတိုင်းအရှည် ပြုခြင်း၌ ဖွဲ့စပ်ကုန်၏၊ နိဗ္ဗာန်သည် မတုန်လှုပ်ခြင်း

http://www.dhammadownload.com



သဘောအားဖြင့်၎င်း မပြုပြင်ရခြင်းသဘောအားဖြင့်၎င်း အတိုင်းအရှည်(ပြုခြင်း)မရှိ၊ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံ ထင်သမျှကာလပတ်လုံး အပ္ပမာဏသည် ဖြစ်၏။

ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် သုသမာရဒ္ဓသည် အဘယ်သို့ဖြစ်သနည်း။ထကြွသောင်းကျန်းသော အလုံးစုံသော ကိလေသာတို့သည်၎င်း ဘဝသစ်ကို ဖြစ်စေတတ်ကုန်သော အလုံးစုံသော သင်္ခါရတို့သည်၎င်း ငြိမ်းခြင်းမရှိကုန်၊ နိဗ္ဗာန်သည် ငြိမ်သက်သော သဘောအားဖြင့်၎င် မွန်မြတ်ခြင်းသဘောအားဖြင့်၎င်း ငြိမ်းခြင်းသဘောရှိ၏၊ ငါ့အား ဗောဇ္ဈင်သည် ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံ ထင်သမျှကာလပတ်လုံး သုသမာရဒ္ဓသည် ဖြစ်၏၊ နိဗ္ဗာန်အာရုံ၌ ဖြစ်သည်၏ အစွမ်းဖြင့် တည်သည်လည်း ဖြစ်သော ထိုတရားကို တည်၏ဟု အဘယ်ကဲ့သို့ ခွဲခြား၍ သိသနည်း၊ အကယ်၍လည်း (နိဗ္ဗာန် အာရုံမှ) ရွေ့လျော၏၊ ဤအကြောင်းကြောင့် ရွေ့လျော၏ဟု အဘယ်သို့ ခွဲခြား၍သိသနည်း။အခြင်းအရာအဘယ်မျှတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် တည်သနည်း၊အခြင်းအရာ အဘယ်မျှတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျောသနည်း။ အခြင်းအရာ ရှစ်ပါးတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ အခြင်းအရာ ရှစ်ပါးတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏။

အဘယ် အခြင်းအရာရှစ်ပါးတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် တည်သနည်း၊ မဖြစ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ ဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ ဆက်၍မဖြစ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ ဆက်၍ ဖြစ်ခြင်းကို မဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ နိမိတ်မရှိခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ နိမိတ်ကို မဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ ချုပ်ခြင်းကို ဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ သင်္ခါရတို့ကို မဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် တည်၏၊ ဤအခြင်းအရာရှစ်ပါးတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် တည်၏။

အဘယ်အခြင်းအရာ ရှစ်ပါးတို့ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျောသနည်း၊ ဖြစ်ခြင်းကို ဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ မဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ဆက်၍ ဖြစ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ဆက်၍မဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ နိမိတ်ကို ဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ နိမိတ်မရှိခြင်းကို မဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ သင်္ခါရတို့ကို ဆင်ခြင်သည့် အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ချုပ်ခြင်းကို မဆင်ခြင်သည့်အဖြစ်ကြောင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏။ ဤအခြင်းအရာရှစ်ပါးတို့ဖြင့် သတိသမ္ဗောဇ္ဈင်သည် ရွေ့လျော၏။ ဤသို့ နိဗ္ဗာန်အာရုံ၌ ဖြစ်သည့်အစွမ်းဖြင့် တည်သည်လည်း ဖြစ်သော ထိုတရားကို တည်၏ဟု ခွဲခြား၍ သိ၏။ အကယ်၍လည်း (နိဗ္ဗာန်အာရုံမှ) ရွေ့လျော၏၊ ဤအကြောင်းကြောင့် ရွေ့လျော၏ဟု ခွဲခြား၍ သိ၏။ပ။

ငါ့အား ဗောဇ္ဈင် ဖြစ်သည်ရှိသော် ဥပေက္ခာသမ္ဗောဇ္ဈင် အဘယ်သို့ ဖြစ်သနည်း။ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံ ထင်သမျှကာလပတ်လုံး ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်၏။ ဥပမာအားဖြင့် တောက်ပသော ဆီမီး၏မီးလျှံဖြစ်သမျှ အဆင်းဖြစ်၏၊ အဆင်းဖြစ်သမျှ မီးလျှံဖြစ်သကဲ့သို့ ဤအတူ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံထင်သမျှကာလပတ်လုံး ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်၏။

http://www.dhammadownload.com



ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် အပ္ပမာဏသည် အဘယ်သို့ ဖြစ်သနည်း၊ ထကြွသောင်းကျန်းသော အလုံးစုံသော ကိလေသာတို့သည်၎င်း ဘဝသစ်ကို ဖြစ်စေတတ်သော အလုံးစုံသော သင်္ခါရတို့သည်၎င်း အတိုင်းအရှည် ပြုခြင်း၌ ဖွဲ့စပ်ကုန်၏၊ နိဗ္ဗာန်သည် မတုန်လှုပ်ခြင်းသဘော အားဖြင့် ၎င်း မပြုပြင်ရခြင်းသဘောအားဖြင့်၎င်း အတိုင်းအရှည် (ပြုခြင်း)မရှိ၊ ငါ့အားဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံထင်သမျှကာလပတ်လုံး အပ္ပမာဏသည်ဖြစ်၏။

ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် သုသမာရဒ္ဓသည် အဘယ်သို့ဖြစ်သနည်း၊ ထကြွသောင်းကျန်းသော အလုံးစုံသော ကိလေသာတို့သည်၎င်း ဘဝသစ်ကို ဖြစ်စေတတ်သော အလုံးစုံသော သင်္ခါရတို့သည်၎င်း ငြိမ်းခြင်းမရှိကုန်၊ နိဗ္ဗာန်သည် ငြိမ်သက်သော သဘောအားဖြင့်၎င်း မွန်မြတ်သော သဘောအားဖြင့်၎င်း ငြိမ်းခြင်းသဘောရှိ၏၊ ငါ့အား ဗောဇ္ဈင်ဖြစ်သည်ရှိသော် နိဗ္ဗာန်အာရုံထင်သမျှ ကာလပတ်လုံး သုသမာရဒ္ဓသည် ဖြစ်၏။ အဘယ်သို့ နိဗ္ဗာန်အာရုံ၌ ဖြစ်သည်၏ အစွမ်းဖြင့် တည်သည်လည်းဖြစ်သော ထိုတရားကို တည်၏ဟု အဘယ်သို့ခွဲခြား၍ သိသနည်း။ အကယ်၍လည်း နိဗ္ဗာန်အာရုံမှ ရွေ့လျောအံ့၊ ဤအကြောင်းကြောင့် ရွေ့လျော၏ဟု ခွဲခြား၍ သိသနည်း။ အခြင်းအရာ အဘယ်မျှတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်သနည်း၊ အခြင်းအရာ အဘယ်မျှတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျောသနည်း။ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏။

အဘယ် အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်သနည်း၊ မဖြစ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ ဖြစ်ခြင်းကို မဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ ဆက်၍ မဖြစ်ခြင်းကို ဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ ဆက်၍ဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ နိမိတ်မရှိခြင်းကို ဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ နိမိတ်ကို မဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ ချုပ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ သင်္ခါရတို့ကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏၊ ဤအခြင်းအရာရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် တည်၏။

အဘယ်အခြင်းအရာရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျောသနည်း၊ ဖြစ်ခြင်းကို ဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ မဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ဆက်၍ဖြစ်ခြင်းကို ဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ဆက်၍မဖြစ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ နိမိတ်ကို ဆင်ခြင်သည့်အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ နိမိတ်မရှိခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ သင်္ခါရတို့ကို ဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ချုပ်ခြင်းကို မဆင်ခြင်သည့် အဖြစ်ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏၊ ဤအခြင်းအရာ ရှစ်ပါးတို့ဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရွေ့လျော၏။ ဤသို့

http://www.dhammadownload.com



နိဗ္ဗာန်အာရုံ၌ ဖြစ်သည့်အစွမ်းဖြင့် တည်သည်လည်းဖြစ်သော ထိုတရားကို ဟည်၏ဟု ခွဲခြား၍ သိ၏။ အကယ်၍လည်း နိဗ္ဗာန် အာရုံမှ ရွေ့လျောအံ့၊ ဤအကြောင်းကြောင့် ရွေ့လျော၏ဟု ခွဲခြား၍ သိ၏။

ဗောဇ္ဈင်္ဂကထာ ပြီး၏။

---

## ၄-မေတ္တာကထာ

၂၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ် ပွါးအပ် ကြိမ်ဖန်များစွာ ပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာ ဝတ္ထုကဲ့သို့ပြုအပ် ရွေးရှုထင်စေအပ် ထက်ဝန်းကျင်ဆည်းပူးအပ် ကောင်းစွာ အားထုတ်အပ်သည်ရှိသော် အာနိသင်တဆယ့်တပါးတို့ကို အလိုရှိအပ်ကုန်၏။ အဘယ် တဆယ့်တပါးတို့နည်းဟူမူ—

### မေတ္တာအကျိုးတဆယ့်တပါး

(၁) ချမ်းသာစွာအိပ်ပျော်၏၊ (၂) ချမ်းသာစွာနိုး၏၊ (၃) ယုတ်ညံ့သော အိပ်မက်ကို မမြင်မက်၊ (၄) လူတို့ချစ်ခင်သူဖြစ်၏၊ (၅) ဘီလူးတို့ချစ်ခင်သူဖြစ်၏၊ (၆) နတ်တို့သည် စောင့်ရှောက်ကုန်၏၊ (၇) ထိုသူအား မီးသည်၎င်း အဆိပ်သည်၎င်း ဓားလက်နက်သည်၎င်း မဝင် (မပျက်စီးစေနိုင်)၊ (၈) စိတ်သည် လျင်မြန်စွာတည်တန့်၏၊ (၉) မျက်နှာအဆင်းသည် အထူး ကြည်၏၊ (၁၀) မတွေဝေပဲ သေရ၏၊ (၁၁) လွန်မြတ်သောတရားကို ထိုးထွင်း၍မသိ (နိုင်)ပူ (သေလွန်သော်) ဗြဟ္မာလောကသို့ ကပ်ရောက်၏။ ရဟန်းတို့ မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ် ပွါးအပ် ကြိမ်ဖန်များစွာပြုအပ် ယာဉ်ကဲ့သို့ပြုအပ် တည်ရာကဲ့သို့ပြုအပ် ရွေးရှုထင်စေအပ် ထက်ဝန်းကျင်ဆည်းပူးအပ် ကောင်းစွာအားထုတ်အပ်သည်ရှိသော် ဤအာနိသင် တဆယ့်တပါးတို့ကို အလိုရှိအပ်ကုန်၏။

အပိုင်းအခြားမဲ့ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ရှိ၏၊ အပိုင်းအခြားအားဖြင့် ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည်ရှိ၏၊ အရပ်မျက်နှာတို့၌ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည်ရှိ၏။ အခြင်းအရာ အဘယ်မျှတို့ဖြင့် အပိုင်းအခြားမဲ့ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်သနည်း၊ အခြင်းအရာ အဘယ်မျှတို့ဖြင့် အပိုင်းအခြားအားဖြင့် ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်သနည်း၊ အခြင်းအရာ အဘယ်မျှတို့ဖြင့် အရပ်မျက်နှာတို့၌ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်သနည်း။ အခြင်းအရာငါးပါးတို့ဖြင့် အပိုင်းအခြားမဲ့ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏၊ အခြင်းအရာ ခုနစ်ပါးတို့ဖြင့် အပိုင်းအခြားအားဖြင့် ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် ဖြစ်၏၊ အခြင်းအရာဆယ်ပါးတို့ဖြင့် အရပ်မျက်နှာတို့၌ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်၏)။

အဘယ်အခြင်းအရာ ငါးပါးတို့ဖြင့် အပိုင်းအခြားမဲ့ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်သနည်း)၊ သတ္တဝါအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်ဖြစ်၍ ဆင်းရဲမရှိကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်။ ထွက်သက်ဝင်သက်ရှိသော သတ္တဝါအားလုံးတို့သည်။ပ။ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည်။ ပ။ပုဂ္ဂိုလ်အားလုံးတို့သည်။ပ။အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံး

http://www.dhammadownload.com



တို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်ဟု ဤအခြင်းအရာငါးပါးတို့ဖြင့် အပိုင်းအခြားမဲ့ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်၏)။

အဘယ်အခြင်းအရာခုနစ်ပါးတို့ဖြင့် အပိုင်းအခြားအားဖြင့် ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်သနည်း)၊ မိန်းမအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်။ ယောကျ်ားအားလုံးတို့သည်။ပ။ အရိယာအားလုံးတို့သည်။ပ။ ပုထုဇ္ဇန် အားလုံးတို့သည်။ပ။ နတ်ဗြဟ္မာအားလုံးတို့သည်။ပ။ လူအားလုံးတို့သည်။ပ။ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်ဟု ဤအခြင်းအရာခုနစ်ပါးတို့ဖြင့် အပိုင်းအခြားအားဖြင့် ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်၏)။

အဘယ်အခြင်းအရာ ဆယ်ပါးတို့ဖြင့် အရပ်မျက်နှာတို့၌ ပျံ့နှံ့သော မေတ္တာစေတောဝိမုတ္တိသည် (ဖြစ်သနည်း)၊အရှေ့အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကြကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်။အနောက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည် ။ပ။ မြောက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ပ။တောင်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ပ။အရှေ့မြောက်ထောင့်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ပ။အနောက် တောင်ထောင့် အရပ် မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ ပ ။အနောက်မြောက်ထောင့် အရပ်မျက်နှာ၌ သတ္တဝါ အားလုံးတို့သည်။ပ။အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ပ။အောက်အရပ် မျက်နှာ၌ သတ္တဝါအားလုံးတို့သည်။ပ။အထက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကြကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်။ အရှေ့အရပ်မျက်နှာ၌ ထွက်သက်ဝင်သက်ရှိသော သတ္တဝါအားလုံးတို့သည်။ ပ ။ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည်။ ပုဂ္ဂိုလ်တို့သည်။ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့သည်။ မိန်းမအားလုံးတို့သည်။ ယောကျ်ားအားလုံးတို့သည်။အရိယာအားလုံးတို့သည်။ပုထုဇ္ဇန်အားလုံးတို့သည်။နတ်ဗြဟ္မာ အားလုံးတို့သည်။ လူအားလုံးတို့သည်။ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကြကုန်သည်ဖြစ်၍ ချမ်းသာခြင်းရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်။ အနောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ပ။ မြောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ တောင်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အရှေ့မြောက်ထောင့်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အနောက်တောင်ထောင့်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အနောက်မြောက်ထောင့်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အရှေ့တောင်ထောင့် အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည်။ အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်ကင်းကုန်သည်ဖြစ်၍ ကြောင့်ကြဗျာပါဒကင်းကုန်သည်ဖြစ်၍ ဆင်းရဲခြင်းမရှိကြကုန်သည်ဖြစ်၍ ချမ်းသာခြင်း

http://www.dhammadownload.com



ရှိကြကာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေကုန်ဟု ဤအခြင်းအရာ ဆယ်ပါးတို့ဖြင့် **အရပ်မျက်နှာ** တို့၌ ပျံ့နှံ့သောမေတ္တာစေတောဝိမုတ္တိသည် (ဖြစ်၏)။

## ၁-ဣန္ဒြိယဝါရ

၂၃။ သတ္တဝါအားလုံးတို့အား (အတွင်းမှုကိုယ်ကို) နှိပ်စက်ခြင်းကိုကြဉ်၍ မနှိပ်စက်ခြင်းဖြင့်၊ (အပမှုကိုယ်ကို) ကပ်၍ဖြတ်ခြင်းကိုကြဉ်၍ ကပ်၍မဖြတ်ခြင်းဖြင့်၊ စိတ်ပူပန်ခြင်းကိုကြဉ်၍ မပူပန်ခြင်းဖြင့်၊ (အသက်စသည်) ကုန်ခြင်းကိုကြဉ်၍ မကုန်ခြင်းဖြင့်၊ ညှဉ်းဆဲခြင်းကိုကြဉ်၍ မညှဉ်းဆဲခြင်းဖြင့် သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ဖြစ်ကြပါစေကုန်၊ ရန်ရှိသူတို့မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာခြင်းရှိသူတို့ဖြစ်ကြပါစေကုန်၊ ဆင်းရဲခြင်းရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာသော ကိုယ်စိတ်ရှိသူတို့ဖြစ်ကြပါစေကုန်၊ ဆင်းရဲသောကိုယ်စိတ်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်ဟု ဤအခြင်းအရာရှစ်ပါးတို့ဖြင့် သတ္တဝါအားလုံးတို့ကို ချစ်တတ်သောကြောင့် မေတ္တာမည်၏၊ ထိုသဘောတရားကို စေ့ဆော်တတ်သောကြောင့် စေတောမည်၏၊ ဗျာပါဒ ထကြွခြင်း အားလုံးတို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမုတ္တိမည်၏၊ မေတ္တာလည်းဟုတ်၏၊ စေတောလည်းဟုတ်၏၊ ဝိမုတ္တိလည်းဟုတ်၏၊ ထို့ကြောင့် မေတ္တာစေတောဝိမုတ္တိမည်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ယုံကြည်ခြင်းသဒ္ဓါဖြင့် ဆုံးဖြတ်၏၊ သဒ္ဓိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

သတ္တဝါ အားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ဝီရိယကို အားထုတ်၏၊ ဝီရိယိန္ဒြေ ထုံအပ်သောမေတ္တာ စေတောဝိမုတ္တိဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သတိကိုထင်စေ၏၊သတိန္ဒြေထုံအပ်သော မေတ္တာစေတော ဝိမုတ္တိဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု စိတ်ကိုကောင်းစွာထား၏၊ သမာဓိန္ဒြေထုံအပ်သောမေတ္တာ စေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ပညာဖြင့်ခွဲခြား၍သိ၏၊ ပညိန္ဒြေထုံအပ်သော စေတော ဝိမုတ္တိဖြစ်၏။

ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါး တို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ပွါးကြောင်းတို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွါးအပ်၏။ ဤဣန္ဒြေ ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာပြုကြောင်းတို့ ဖြစ်ကုန်၏။ ဤဣန္ဒြေ ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာပြုအပ်၏။ ဤဣန္ဒြေငါးပါးတို့သည် မေတ္တာ စေတောဝိမုတ္တိ၏ အဆင်တန်ဆာတို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို

http://www.dhammadownload.com



ကောင်းစွာတန်ဆာဆင်အပ်၏။ ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆောက်အဦ တို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာ ဆည်းပူးအပ်၏။ ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အခြံအရံတို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာခြံရံအပ်၏။ ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ပွါးကြောင်းတို့ဖြစ်ကုန်၏၊ ကြိမ်ဖန်များစွာပြုကြောင်းတို့ ဖြစ်ကုန်၏၊ အဆင်တန်ဆာတို့ဖြစ်ကုန်၏၊ အဆောက်အဦတို့ဖြစ်ကုန်၏၊ အခြံအရံတို့ဖြစ်ကုန်၏၊ ပြည့်စုံကြောင်း တို့ဖြစ်ကုန်၏၊ မေတ္တာနှင့်တကွဖြစ်ကုန်၏၊ မေတ္တာနှင့်အတူဖြစ်ကုန်၏၊ မေတ္တာနှင့်ရောနှောကုန်၏၊ မေတ္တာနှင့်ယှဉ်ကုန်၏၊ ပြေးဝင်ကြောင်းဖြစ်ကုန်၏၊ ကြည်လင်ကြောင်းတို့ဖြစ်ကုန်၏၊ ကောင်းစွာ တည်ကြောင်းတို့ဖြစ်ကုန်၏၊ လွတ်ကြောင်းတို့ဖြစ်ကုန်၏၊ "ဤကားငြိမ်း၏"ဟု တွေ့ထိကြောင်း တို့ဖြစ်ကုန်၏၊ ယာဉ်ကဲ့သို့ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ဝတ္ထုကဲ့သို့ပြုကြောင်းတို့ဖြစ်ကုန်၏၊ ရှေးရှုထင် ကြောင်းတို့ဖြစ်ကုန်၏၊ ထက်ဝန်းကျင်ဆည်းပူးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာအားထုတ် ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းတို့ ဖြစ်ကုန်၏။ ကောင်းစွာတက်ကြွကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာလွတ်မြောက်ကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာကိုဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

## ၂-ဗလဝါရ

၂၄။ သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်၊ သဒ္ဓါဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊ ဝီရိယဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊သတိဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ဥဒ္ဓစ္စကြောင့်မတုန်လှုပ်၊ သမာဓိဗိုလ်ထုံအပ်သော မေတ္တာ စေတောဝိမုတ္တိဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု အဝိဇ္ဇာကြောင့် မတုန်လှုပ်၊ ပညာဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ပွါးကြောင်း တို့ ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွါးအပ်၏။ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာပြုကြောင်းတို့ ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာ

http://www.dhammadownload.com



စေတောဝိမုတ္တိကို များစွာပွားအပ်၏။ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆင်တန်ဆာတို့ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာတန်ဆာဆင်အပ်၏။ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆောက်အဦတို့ ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာ ဆည်းပူးအပ်၏၊ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အခြံအရံတို့ ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာခြံရံအပ်၏။ ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ပွါးကြောင်းတို့ ဖြစ်ကုန်၏။ ကြိမ်ဖန်များစွာ ပွါးကြောင်းတို့ ဖြစ်ကုန်၏။ အဆင်တန်ဆာတို့ ဖြစ်ကုန်၏။ အဆောက်အဦတို့ ဖြစ်ကုန်၏။ အခြံအရံတို့ ဖြစ်ကုန်၏။ ပြည့်စုံကြောင်းတို့ ဖြစ်ကုန်၏။ မေတ္တာနှင့်တကွ ဖြစ်ကုန်၏။ မေတ္တာနှင့် အတူဖြစ်ကုန်၏။ မေတ္တာနှင့် ရောနှောကုန်၏။ မေတ္တာနှင့် ယှဉ်ကုန်၏၊ ပြေးဝင်ကြောင်း ဖြစ်ကုန်၏၊ ကြည်လင်ကြောင်း ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်း ဖြစ်ကုန်၏၊လွတ်ကြောင်း ဖြစ်ကုန်၏၊ "ဤကား ငြိမ်း၏" ဟု တွေ့ထိကြောင်းတို့ဖြစ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ဝတ္ထုကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ရှေးရှုထင်ကြောင်းတို့ ဖြစ်ကုန်၏၊ ထက်ဝန်းကျင် ဆည်းပူးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာ အားထုတ်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာ ပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတက်ကြွကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာလွတ်ကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

## ၁-ဗောဇ္ဈင်္ဂဝါရ

၂၅။ သတ္တဝါ အားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်း ရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သတိကို ထင်စေ၏၊ သတိသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ပညာဖြင့် ထက်ဝန်းကျင် စိစစ် 'စူးစမ်း' ၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါ အားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ဝီရိယကို အားထုတ်၏၊ ဝီရိယသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ပူလောင်ခြင်းကို တဖန်ငြိမ်းစေ၏၊ ပီတိသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ရှုန့်ရင်းသည်ကို တဖန်ငြိမ်းစေ၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

http://www.dhammadownload.com



သတ္တဝါ အားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု စိတ်ကို ကောင်းစွာထားး၏၊ သမာဓိသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ဉာဏ်ဖြင့် ကိလေသာတို့ကို ဆင်ခြင်၏၊ ဥပေက္ခာသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ပွါးကြောင်းတို့ ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွါးအပ်၏။ ဤဗောဇ္ဈင် ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာ ပြုကြောင်းတို့ဖြစ်ကုန်၏။ ဤဗောဇ္ဈင် ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာ ပြုအပ်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆင်တန်ဆာတို့ ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာတန်ဆာဆင်အပ်၏။ ဤဗောဇ္ဈင် ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆောက်အဦတို့ ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာဆည်းပူးအပ်၏။ ဤဗောဇ္ဈင် ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အခြံအရံတို့ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာခြံရံအပ်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ ဖြစ်ကုန်၏။ ပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကြိမ်ဖန်များစွာ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ အဆင်တန်ဆာတို့ ဖြစ်ကုန်၏၊ အဆောက်အဦတို့ ဖြစ်ကုန်၏၊ အခြံအရံတို့ ဖြစ်ကုန်၏၊ ပြည့်စုံကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာနှင့်တကွ ဖြစ်ကုန်၏၊ မေတ္တာနှင့် အတူဖြစ်ကုန်၏၊ မေတ္တာနှင့်နှီးနှောကုန်၏၊ မေတ္တာနှင့် ယှဉ်ကုန်၏။ ပြေးဝင်ကြောင်းဖြစ်ကုန်၏၊ ကြည်လင်ကြောင်း ဖြစ်ကုန်၏၊ ကောင်းစွာ တည်ကြောင်း ဖြစ်ကုန်၏၊ လွတ်ကြောင်း ဖြစ်ကုန်၏၊ "ဤကား ငြိမ်း၏"ဟု တွေ့ထိကြောင်းတို့ ဖြစ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ဝတ္ထုကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ရှေ့ရှု ထင်ကြောင်းတို့ ဖြစ်ကုန်၏၊ ထက်ဝန်းကျင် ဆည်းပူးကြောင် တို့ ဖြစ်ကုန်၏၊ ကောင်းစွာ အားထုတ်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာ ပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတက်ကြွကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာလွတ်ကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

## ၄-မဂ္ဂင်ဝါရ

၂၆။ သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာရှုမြင်၏၊ သမ္မာဒိဋ္ဌိထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာ ရှေးရှုတင်၏၊ သမ္မာသင်္ကပ္ပထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

http://www.dhammadownload.com



သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာ သိမ်းဆည်း၏၊ သမ္မာဝါစာထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာဖြစ်စေ၏၊ သမ္မာကမ္မန္တထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာ ဖြူစင်စေ၏၊ သမ္မာအာဇီဝ ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏၊

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာအားထုတ်၏၊ သမ္မာဝါယာမ ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာထင်စေ၏၊ သမ္မာသတိ ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်း ရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာ (အညီအမျှ)ထား၏၊ သမ္မာသမာဓိထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။

ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင် ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ပွါးကြောင်းတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင် ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွါးအပ်၏။ ဤမဂ္ဂင် ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာ ပြုကြောင်းတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင် ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကြိမ်ဖန်များစွာ ပြုအပ်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆင်တန်ဆာတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင်ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာတန်ဆာဆင်အပ်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အဆောက်အဦတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင်ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာ ဆည်းပူးအပ်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိ၏ အခြံအရံတို့ ဖြစ်ကုန်၏။ ဤမဂ္ဂင် ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာခြံရံအပ်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ ဖြစ်ကုန်၏။ ပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကြိမ်ဖန်များစွာ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ အဆင်တန်ဆာတို့ ဖြစ်ကုန်၏၊ အဆောက်အဦတို့ ဖြစ်ကုန်၏၊ အခြံအရံတို့ဖြစ်ကုန်၏၊ ပြည့်စုံကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာနှင့်တကွ ဖြစ်ကုန်၏၊ မေတ္တာနှင့် အတူဖြစ်ကုန်၏၊ မေတ္တာနှင့် ရောနှောကုန်၏၊ မေတ္တာနှင့် ယှဉ်ကုန်၏၊ ပြေးဝင်ကြောင်း ဖြစ်ကုန်၏၊ ကြည်လင်ကြောင်း ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်း ဖြစ်ကုန်၏၊ လွတ်မြောက်ကြောင်း ဖြစ်ကုန်၏၊ "ဤကား ငြိမ်း၏"ဟု တွေ့ထိကြောင်းတို့ ဖြစ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ဝတ္ထုကဲ့သို့ ပြုကြောင်းတို့ ဖြစ်ကုန်၏၊ ရှေးရှုထင်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာအားထုတ်ကြောင်းတို့

http://www.dhammadownload.com



ဖြစ်ကုန်၏၊ ကောင်းစွာပွါးကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာတက်ကြွကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာလွတ်ကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

၂၇။ ထွက်သက် ဝင်သက်ရှိသော သတ္တဝါအားလုံးတို့အား။ပ။ ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့အား။ ပုဂ္ဂိုလ်အားလုံးတို့အား။ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါအားလုံးတို့အား။ မိန်းမအားလုံးတို့အား။ ယောကျ်ားအားလုံးတို့အား။ အရိယာအားလုံးတို့အား။ ပုထုဇ္ဇန်အားလုံးတို့အား။ နတ် ဗြဟ္မာအားလုံးတို့အား။ လူအားလုံးတို့အား။ ဝိနိပါတိကအသုရာအားလုံးတို့အား (အတွင်းမှကိုယ်ကို) နှိပ်စက်ခြင်းကို ကြဉ်၍ မနှိပ်စက်ခြင်းဖြင့်၊ (အပမှကိုယ်ကို) ကပ်၍ ဖြတ်ခြင်းကို ကြဉ်၍ ကပ်၍မဖြတ်ခြင်းဖြင့်၊ စိတ်ပူပန်ခြင်းကို ကြဉ်၍ မပူပန်ခြင်းဖြင့်၊ (အသက်စသည်) ကုန်ခြင်းကိုကြဉ်၍ မကုန်ခြင်းဖြင့်၊ အသက်ညှဉ်းဆဲခြင်းကို ကြဉ်၍ မညှဉ်းဆဲခြင်းဖြင့်၊ ဝိနိပါတိကအသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ရန်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲခြင်းရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာသော ကိုယ်စိတ်ရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲသောကိုယ်စိတ်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်ဟု ဤအခြင်းအရာရှစ်ပါးတို့ဖြင့် ဝိနိပါတိက အသုရာအားလုံးတို့ကို ချစ်တတ်သောကြောင့် မေတ္တာမည်၏၊ ထိုသဘောတရားကို စေ့ဆော်တတ်သောကြောင့် စေတောမည်၏၊ ဗျာပါဒ ထကြွခြင်းအားလုံးတို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမုတ္တိမည်၏၊ မေတ္တာလည်း ဟုတ်၏၊ စေတောလည်း ဟုတ်၏၊ ဝိမုတ္တိလည်း ဟုတ်၏၊ ထို့ကြောင့် မေတ္တာစေတောဝိမုတ္တိ မည်၏။

ဝိနိပါတိကအသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြင့်ကြပါစေကုန်၊ ချမ်းသာခြင်း ရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သဒ္ဓါဖြင့်ဆုံးဖြတ်၏၊ သဒ္ဓိန္ဒြေ ထုံအပ်သော မေတ္တာစေတောဝိမုတ္တိ ဖြစ်၏။ပ။ မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

အရှေ့အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ပ။ အနောက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ မြောက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ တောင်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ အရှေ့မြောက်ထောင့် အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ အနောက်တောင်ထောင့် အရပ်မျက်နှာ၌ သတ္တဝါအားလုံး တို့အား။ အနောက်မြောက်ထောင့် အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ အောက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား။ အထက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့အား (အတွင်းမှကိုယ်ကို) နှိပ်စက်ခြင်းကိုကြဉ်၍ မနှိပ်စက်ခြင်းဖြင့်၊ (အပမှကိုယ်ကို) ကပ်၍ ဖြတ်ခြင်းကိုကြဉ်၍ မဖြတ်ခြင်းဖြင့်၊ စိတ်ပူပန်ခြင်းကိုကြဉ်၍ မပူပန်ခြင်းဖြင့်၊ (အသက် စသည်) ကုန်ခြင်းကို ကြဉ်၍ မကုန်ခြင်းဖြင့်၊ အသက်ညှဉ်းဆဲခြင်းကိုကြဉ်၍ မညှဉ်းဆဲခြင်းဖြင့် အထက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ရန်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲခြင်းရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာသော ကိုယ်စိတ်ရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲသောကိုယ်စိတ်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်ဟု ဤအခြင်းအရာရှစ်ပါးတို့ဖြင့် အထက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့ကို ချစ်တတ်သောကြောင့် မေတ္တာမည်၏၊ ထိုသဘောတရားကို စေ့ဆော်တတ်သောကြောင့် စေတောမည်၏၊ ဗျာပါဒ ထကြွ

http://www.dhammadownload.com



ခြင်းအားလုံးတို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမုတ္တိမည်၏၊ မေတ္တာလည်းဟုတ်၏၊ စေတောလည်း ဟုတ်၏၊ ဝိမုတ္တိလည်း ဟုတ်၏၊ ထို့ကြောင့် မေတ္တာစေတောဝိမုတ္တိမည်၏။

အထက်အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သဒ္ဓါဖြင့်ဆုံးဖြတ်၏၊ သဒ္ဓိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ပ။မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

အရှေ့အရပ်မျက်နှာ၌ ထွက်သက်ဝင်သက်ရှိသော သတ္တဝါအားလုံးတို့အား။ ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့အား။ ပုဂ္ဂိုလ်တို့အား။ အတ္တဘော၌ အကျုံးဝင်သော သတ္တဝါတို့အား။ မိန်းမအားလုံးတို့အား။ ယောကျာ်းအားလုံးတို့အား။ အရိယာအားလုံးတို့အား။ ပုထုဇ္ဇန်အားလုံးတို့အား။ နတ်ဗြဟ္မာအားလုံးတို့အား။ လူအားလုံးတို့အား။ ဝိနိပါတိက အသုရာအားလုံးတို့အား။ အနောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။မြောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ တောင်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အရှေ့မြောက်ထောင့် အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အနောက်တောင်ထောင့် အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အနောက်မြောက်ထောင့် အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အောက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား။ အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့အား (အတွင်းမှကိုယ်ကို) နှိပ်စက်ခြင်းကိုကြဉ်၍ မနှိပ်စက်ခြင်းဖြင့်၊ (အပမှကိုယ်ကို) ကပ်၍ဖြတ်ခြင်းကိုကြဉ်၍ ကပ်၍မဖြတ်ခြင်းဖြင့်၊ စိတ်ပူပန်ခြင်းကိုကြဉ်၍ မပူပန်ခြင်းဖြင့်၊ (အသက်စသည်) ကုန်ခြင်းကိုကြဉ်၍ မကုန်ခြင်းဖြင့်၊ အသက်ညှဉ်းဆဲခြင်းကိုကြဉ်၍ မညှဉ်းဆဲခြင်းဖြင့် အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ဖြစ်ကြပါစေကုန်၊ ရန်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲခြင်းရှိသူတို့ မဖြစ်ကြပါစေကုန်လင့်။ ချမ်းသာသောကိုယ်စိတ်ရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဆင်းရဲသောကိုယ်စိတ်ရှိသူတို့ မဖြစ်ကြပါစေကုန်လင့်ဟု ဤအခြင်းအရာရှစ်ပါးတို့ဖြင့် အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့ကို ချစ်တတ်သောကြောင့် မေတ္တာမည်၏၊ ထိုသဘောတရားကို စေ့ဆော်တတ်သောကြောင့် စေတောမည်၏၊ ဗျာပါဒထကြွခြင်းအားလုံးတို့မှ လွတ်မြောက်တတ်သောကြောင့် ဝိမုတ္တိမည်၏၊ မေတ္တာလည်းဟုတ်၏၊ စေတောလည်းဟုတ်၏၊ ဝိမုတ္တိလည်းဟုတ်၏၊ ထို့ကြောင့် မေတ္တာစေတောဝိမုတ္တိမည်၏။

အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သဒ္ဓါဖြင့်ဆုံးဖြတ်၏၊ သဒ္ဓိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ဝီရိယကိုအားထုတ်၏၊ ဝီရိယိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

သတိကိုထင်စေ၏၊ သတိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ စိတ်ကိုကောင်းစွာထား၏၊ သမာဓိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ပညာဖြင့်ခွဲခြား၍သိ၏၊ ပညိန္ဒြေထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

http://www.dhammadownload.com



ဤဣန္ဒြေငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ဤဣန္ဒြေငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ပ။မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်၊ သဒ္ဓါဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊ ဝီရိယဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ မေ့လျော့ခြင်းကြောင့်မတုန်လှုပ်၊ သတိဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ဥဒ္ဓစ္စကြောင့်မတုန်လှုပ်၊ သမာဓိဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ အဝိဇ္ဇာကြောင့် မတုန်လှုပ်၊ ပညာဗိုလ်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

ဤဗိုလ်ငါးပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ဤဗိုလ်ငါးပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ပ။မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု သတိကိုထင်စေ၏၊ သတိသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

ပညာဖြင့်စိစစ် 'စူးစမ်း' ၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ဝီရိယကို အားထုတ်၏၊ ဝီရိယထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ပူလောင်ခြင်းကို တဖန် ငြိမ်းစေ၏၊ ပီတိသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ရှုန့်ရင်းသည်ကို တဖန် ငြိမ်းစေ၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ စိတ်ကိုကောင်းစွာထား၏၊ သမာဓိသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ဉာဏ်ဖြင့် ကိလေသာတို့ကို ဆင်ခြင်၏၊ ဥပေက္ခာသမ္ဗောဇ္ဈင်ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ပ။မေတ္တာကို ဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

အထက်အရပ်မျက်နှာ၌ ဝိနိပါတိက အသုရာအားလုံးတို့သည် ရန်မရှိသူတို့ဖြစ်ကြပါစေကုန်၊ ဘေးမရှိသူတို့ ဖြစ်ကြပါစေကုန်၊ ချမ်းသာခြင်းရှိသူတို့ ဖြစ်ကြပါစေကုန်ဟု ကောင်းစွာရှုမြင်၏၊ သမ္မာဒိဋ္ဌိထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာရှေးရှုတင်၏၊ သမ္မာသင်္ကပ္ပ ထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာသိမ်းဆည်း၏၊ သမ္မာဝါစာထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာဖြစ်စေ၏၊ သမ္မာကမ္မန္တထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာဖြူစင်စေ၏၊ သမ္မာအာဇီဝထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာအားထုတ်၏၊ သမ္မာဝါယာမထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာထင်၏၊ သမ္မာသတိထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။ ကောင်းစွာအညီအမျှထား၏၊ သမ္မာသမာဓိထုံအပ်သော မေတ္တာစေတောဝိမုတ္တိဖြစ်၏။

http://www.dhammadownload.com



ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းတို့ဖြစ်ကုန်၏။ ဤမဂ္ဂင်ရှစ်ပါးတို့ဖြင့် မေတ္တာစေတောဝိမုတ္တိကို မှီဝဲအပ်၏။ပ။ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ထက်ဝန်းကျင်မှ ပွါးကြောင်းတို့ဖြစ်ကုန်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို ကောင်းစွာခြံရံကြောင်းဖြစ်ကုန်၏။ ဤမဂ္ဂင်ရှစ်ပါးတို့သည် မေတ္တာစေတောဝိမုတ္တိကို မှီဝဲကြောင်းဖြစ်ကုန်၏၊ ပွါးများကြောင်းဖြစ်ကုန်၏၊ ကြိမ်ဖန်များစွာပြုကြောင်း ဖြစ်ကုန်၏၊ အဆင်တန်ဆာတို့ဖြစ်ကုန်၏၊ အဆောက်အဦတို့ဖြစ်ကုန်၏၊ အခြံအရံတို့ဖြစ်ကုန်၏၊ ပြည့်စုံကြောင်းတို့ ဖြစ်ကုန်၏၊ မေတ္တာနှင့်တကွဖြစ်ကုန်၏၊ မေတ္တာနှင့်အတူဖြစ်ကုန်၏၊ မေတ္တာနှင့်ရောနှောကုန်၏၊ မေတ္တာနှင့် ယှဉ်ကုန်၏၊ ပြေးဝင်ကြောင်းဖြစ်ကုန်၏၊ ကြည်လင်ကြောင်းဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းဖြစ်ကုန်၏၊ လွတ်ကြောင်းဖြစ်ကုန်၏၊ "ဤကား ငြိမ်း၏"ဟု တွေ့ထိကြောင်းတို့ဖြစ်ကုန်၏၊ ယာဉ်ကဲ့သို့ ပြုကြောင်းတို့ဖြစ်ကုန်၏၊ ဝတ္ထုကဲ့သို့ ပြုကြောင်းတို့ဖြစ်ကုန်၏၊ ရှေးရှုထင်ကြောင်းတို့ ဖြစ်ကုန်၏၊ ထက်ဝန်းကျင်ဆည်းပူးကြောင်းတို့ဖြစ်ကုန်၏၊ ကောင်းစွာအားထုတ်ကြောင်းတို့ ဖြစ်ကုန်၏၊ ကောင်းစွာပွါးကြောင်းတို့ဖြစ်ကုန်၏၊ ကောင်းစွာတည်ကြောင်းတို့ဖြစ်ကုန်၏၊ ကောင်းစွာတက်ကြွကြောင်းတို့ဖြစ်ကုန်၏၊ကောင်းစွာလွတ်ကြောင်းတို့ ဖြစ်ကုန်၏၊မေတ္တာကိုဖြစ်စေတတ်ကုန်၏၊ ထွန်းလင်းစေတတ်ကုန်၏၊ တင့်တယ်စေတတ်ကုန်၏။

မေတ္တာကထာ ပြီး၏။

---

## ၅-ဝိရာဂကထာ

၂၈။ ဝိရာဂသည် မဂ်မည်၏၊ ဝိမုတ္တိသည် ဖိုလ်မည်၏၊ ဝိရာဂသည် အဘယ်သို့ မဂ်မည်သနည်း၊ သောတာပတ္တိမဂ်ခဏ၌ ရှုမြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ တပ်ခြင်းကင်း၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း ခန္ဓာတို့မှလည်း တပ်ခြင်းကင်း၏၊ အပ၌လည်း နိမိတ်အားလုံးမှ တပ်ခြင်းကင်း၏၊ ဝိရာဂမည်သော သမ္မာဒိဋ္ဌိသည် ဝိရာဂဟူသောနိဗ္ဗာန်လျှင် အာရုံရှိ၏၊ ဝိရာဂဟူသောနိဗ္ဗာန်လျှင် ကျက်စားရာရှိ၏၊ နိဗ္ဗာန်၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်၌တည်၏၊ (မဆုတ်နစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်၌တည်၏။

ဝိရာဂဟူရာ၌ ဝိရာဂတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိရာဂမည်၏၊ နိဗ္ဗာန်အာရုံရှိသည်အဖြစ်ဖြင့်ဖြစ်သော တရားအားလုံးတို့သည် တပ်ခြင်းကင်းသောကြောင့် ဝိရာဂတို့မည်ကုန်၏၊ (သမ္မာဒိဋ္ဌိနှင့်) တကွဖြစ်သော (မဂ္ဂင်) ခုနစ်ပါးတို့သည် ဝိရာဂဟူသော နိဗ္ဗာန်သို့သွားရောက်တတ်သောကြောင့် ဝိရာဂမည်၏၊ မဂ်တည်း။ ဤမဂ်ဖြင့် မြတ်စွာဘုရားတို့သည်လည်း တပည့်သာဝကတို့သည်လည်း မရောက်ဘူးသော နိဗ္ဗာန်အရပ်သို့ သွားတတ်ကုန်သောကြောင့် အင်္ဂါရှစ်ပါးရှိသော တရားအပေါင်းသည် မဂ်မည်၏၊ အကြင်မျှလောက် တပါးသော အယူဝါဒရှိကုန်သော သမဏပြဟ္မဏ အသီးသီးတို့၏ မဂ်တို့သည် (ရှိကုန်၏၊ ထိုမျှလောက်သော မဂ်တို့ထက်) ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်သာလျှင် ထူးလည်းထူး၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်းဖြစ်၏၊ အထူးသာလွန်လည်း သာလွန်၏၊ အပြားအားဖြင့် မှီဝဲဆည်းကပ်အပ်၏။ ထို့ကြောင့် မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသောမဂ်သည် မြတ်၏။

ရှေးရှုတင်ခြင်း သဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ တပ်ခြင်းကင်း၏၊သိမ်းဆည်းခြင်း သဘောအားဖြင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ တပ်ကင်းခြင်း၏။ ကောင်းစွာဖြစ်စေခြင်း

http://www.dhammadownload.com



သဘောအားဖြင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ တပ်ခြင်းကင်း၏။ ဖြူစင်စေခြင်းသဘောအားဖြင့် သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝမှ တပ်ခြင်းကင်း၏။ အားထုတ်ခြင်းသဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ တပ်ခြင်းကင်း၏။ ထင်ခြင်းသဘောအားဖြင့် သမ္မာသတိသည် မိစ္ဆာသတိမှ တပ်ခြင်းကင်း၏။ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ တပ်ခြင်းကင်း၏။ ထိုသို့လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှလည်း ခန္ဓာတို့မှလည်း တပ်ခြင်းကင်း၏။ အပဥ္စလည်း နိမိတ်အားလုံးတို့မှ တပ်ခြင်းကင်း၏၊ ဝိရာဂမည်သော သမ္မာဒိဋ္ဌိသည် ဝိရာဂဟူသော နိဗ္ဗာန်လျှင်အာရုံရှိ၏၊ ဝိရာဂဟူသော နိဗ္ဗာန်လျှင် ကျက်စားရာရှိ၏၊ နိဗ္ဗာန်၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်၌တည်၏၊ (မဆုတ်နစ်သည်၏ အစွမ်းဖြင့်) နိဗ္ဗာန်၌တည်၏။

ဝိရာဂဟူရာ၌ ဝိရာဂတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိရာဂမည်၏၊ နိဗ္ဗာန်အာရုံရှိသည်အဖြစ်ဖြင့် ဖြစ်သောတရားအားလုံးတို့သည် တပ်ခြင်းကင်းသောကြောင့် ဝိရာဂတို့ မည်ကုန်၏၊ သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သော မဂ္ဂင်ခုနစ်ပါးတို့သည် ဝိရာဂဟူသော နိဗ္ဗာန်သို့ သွားရောက်တတ်သောကြောင့် ဝိရာဂမည်၏၊ မဂ်တည်း။ ဤမဂ်ဖြင့် မြတ်စွာဘုရားတို့သည်လည်း တပည့်သာဝကတို့သည်လည်း မရောက်ဘူးသောနိဗ္ဗာန်အရပ်သို့ သွားတတ်သောကြောင့် အင်္ဂါရှစ်ပါးရှိသော တရားအပေါင်းသည် မဂ်မည်၏၊ အကြင်မျှလောက် တပါးသောအယူဝါဒရှိကုန်သော သမဏဗြာဟ္မဏအသီးအသီးတို့၏ မဂ်တို့သည် (ရှိကုန်၏၊ ထိုမျှလောက်သောမဂ်တို့ထက်) ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်သာလျှင် ထူးလည်းထူး၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အထူးသာလွန်လည်း သာလွန်၏၊ အပြားအားဖြင့်လည်း မှိဝဲဆည်းကပ်အပ်၏။ ထို့ကြောင့် မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသောမဂ်သည် မြတ်၏။

သကဒါဂါမိမဂ်ခဏ၌ ရှုမြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမ္မာသမာဓိသည် ရုန့်ရင်းသောကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ် ရုန့်ရင်းသော ကာမရာဂါနုသယ ပဋိဃာနုသယမှ တပ်ခြင်းကင်း၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း ခန္ဓာတို့မှလည်း တပ်ခြင်းကင်း၏၊ အပဥ္စလည်း နိမိတ်အားလုံးတို့မှ တပ်ခြင်းကင်း၏၊ ဝိရာဂမည်သော သမ္မာဒိဋ္ဌိသည် ဝိရာဂဟူသော နိဗ္ဗာန်လျှင်အာရုံရှိ၏၊ ဝိရာဂဟူသော နိဗ္ဗာန်လျှင် ကျက်စားရာရှိ၏၊ နိဗ္ဗာန်၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်၌ တည်၏၊ (မဆုတ်နစ်သည်၏ အစွမ်းဖြင့်) နိဗ္ဗာန်၌ တည်၏။

ဝိရာဂဟူရာ၌ ဝိရာဂတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိရာဂမည်၏၊ နိဗ္ဗာန်အာရုံရှိသည်၏အဖြစ်ဖြင့်ဖြစ်သော တရားအားလုံးတို့သည် တပ်ခြင်းကင်းသောကြောင့် ဝိရာဂမည်၏၊ သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သော မဂ္ဂင်ခုနစ်ပါးတို့သည် ဝိရာဂဟူသောနိဗ္ဗာန်သို့ သွားရောက်တတ်သောကြောင့် ဝိရာဂမည်၏၊ မဂ်တည်း။ ဤသကဒါဂါမိမဂ်ဖြင့် မြတ်စွာဘုရားတို့သည်လည်း တပည့်သာဝကတို့သည်လည်း မရောက်ဘူးသောနိဗ္ဗာန်အရပ်သို့ သွားတတ်သောကြောင့် အင်္ဂါရှစ်ပါးရှိသော တရားအပေါင်းသည် မဂ်မည်၏၊ အကြင်မျှလောက် တပါးသောအယူဝါဒရှိသော သမဏဗြာဟ္မဏ အသီးအသီးတို့၏ မဂ်တို့သည်(ရှိကုန်၏၊ ထိုမျှလောက်သော မဂ်တို့ထက်) ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်သာလျှင် ထူးလည်းထူး၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အထူးသာလွန်၏၊ အပြားအားဖြင့်လည်း မှိဝဲဆည်းကပ်အပ်၏။ ထို့ကြောင့် မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသောမဂ်သည် မြတ်၏။

http://www.dhammadownload.com



အနာဂါမိမဂ်ခဏ၌ ရှုမြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်းသဘောအား ဖြင့် သမ္မာသမာဓိသည် သိမ်မွေ့သောကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, သိမ်မွေ့သော ကာမ ရာဂါနုသယ, ပဋိဃာနုသယမှ တပ်ခြင်းကင်း၏၊ ထိုသို့လိုက်၍ဖြစ်သော ကိလေသာတို့မှုရင်း ခန္ဓာ တို့မှုရင်း တပ်ခြင်းကင်း၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ တပ်ခြင်းကင်း၏၊ ဝိရာဂမည်သော သမ္မာဒိဋ္ဌိသည် ဝိရာဂဟူသော နိဗ္ဗာန်လျှင် အာရုံရှိ၏၊ ဝိရာဂဟူသော နိဗ္ဗာန်လျှင် ကျက်စားရာ ရှိ၏။ပ။ ထို့ကြောင့် မဂ်တို့တွင် အင်္ဂါရှစ်ပါးရှိသောမဂ်သည် မြတ်၏။

အရဟတ္တမဂ်ခဏ၌ ရှုမြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်းသဘော အားဖြင့် သမ္မာသမာဓိသည် ရူပရာဂ,အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာ,မာနာနုသယ,ဘဝရာဂါနုသယ, အဝိဇ္ဇာနုသယမှ တပ်ခြင်းကင်း၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှုရင်း တပ်ခြင်းကင်း၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ တပ်ခြင်းကင်း၏၊ ဝိရာဂမည်သောသမ္မာဒိဋ္ဌိသည် ဝိရာဂဟူသောနိဗ္ဗာန်လျှင် အာရုံရှိ၏၊ ဝိရာဂဟူသောနိဗ္ဗာန်လျှင် ကျက်စားရာရှိ၏၊ နိဗ္ဗာန်၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်)နိဗ္ဗာန်၌တည်၏၊(မဆုတ်နစ်သည်၏အစွမ်းဖြင့်)နိဗ္ဗာန်၌ တည်၏။

ဝိရာဂဟူရာ၌ ဝိရာဂတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိရာဂမည်၏၊ နိဗ္ဗာန်အာရုံ ရှိသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သောတရားအားလုံးတို့သည် တပ်ခြင်းကင်းသောကြောင့် ဝိရာဂမည်၏၊ သမ္မာဒိဋ္ဌိနှင့်တကွဖြစ်သော မဂ္ဂင်ခုနစ်ပါးတို့သည် ဝိရာဂဟူသောနိဗ္ဗာန်သို့ သွားရောက်တတ် သောကြောင့် ဝိရာဂမည်၏၊ မဂ်တည်း။ ဤမဂ်ဖြင့် မြတ်စွာဘုရားတို့သည်၎င်း တပည့်သာဝကတို့ သည်၎င်း မရောက်ဘူးသောနိဗ္ဗာန်အရပ်သို့ သွားတတ်သောကြောင့် အင်္ဂါရှစ်ပါးရှိသော တရား အပေါင်းသည် မဂ်မည်၏၊ အကြင်မျှလောက် တပါးသောအယူဝါဒရှိသော သမဏဗြာဟ္မဏ အသီး အသီးတို့၏ မဂ်တို့သည်(ရှိကုန်၏၊ ထိုမျှလောက်သော မဂ်တို့ထက်) ဤအင်္ဂါရှစ်ပါးရှိသော အရိယ မဂ်သည်သာလျှင် ထူးလည်းထူး၏၊ ချီးမွမ်းလည်း ချီးမွမ်းထိုက်၏၊ အကြီးအမှူးလည်း ဖြစ်၏၊ အထူးသာလွန်၏၊ အပြားအားဖြင့်လည်း မို့ဝဲဆည်းကပ်အပ်၏၊ ထို့ကြောင့် မဂ်တို့တွင် အင်္ဂါရှစ်ပါး ရှိသောမဂ်သည် မြတ်၏။

မြင်ခြင်းဝိရာဂသည် သမ္မာဒိဋ္ဌိတည်း၊ရှေ့ရှုတင်ခြင်းဝိရာဂသည် သမ္မာသင်္ကပ္ပတည်း၊ သိမ်းဆည်း ခြင်းဝိရာဂသည် သမ္မာဝါစာတည်း၊ ကောင်းစွာဖြစ်စေခြင်းဝိရာဂသည် သမ္မာကမ္မန္တတည်း၊ ဖြူစင် စေခြင်းဝိရာဂသည် သမ္မာအာဇီဝတည်း၊ အားထုတ်ခြင်းဝိရာဂသည် သမ္မာဝါယာမတည်း၊ ထင်ခြင်း ဝိရာဂသည် သမ္မာသတိတည်း၊ မပျံ့လွင့်ခြင်းဝိရာဂသည် သမ္မာသမာဓိတည်း။ ထင်ခြင်းဝိရာဂသည် သတိသမ္ဗောဇ္ဈင်တည်း၊ စိစစ်စူးစမ်းခြင်းဝိရာဂသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ အားထုတ်ခြင်း ဝိရာဂသည် ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ပျံ့နှံ့ခြင်းဝိရာဂသည် ပီတိသမ္ဗောဇ္ဈင်တည်း၊ ငြိမ်းခြင်း ဝိရာဂသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊မပျံ့လွင့်ခြင်းဝိရာဂသည် သမာဓိသမ္ဗောဇ္ဈင်တည်း၊ဆင်ခြင်ခြင်း ဝိရာဂသည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။

သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းဝိရာဂသည် သဒ္ဓါဗိုလ်၊ ပျင်းရိခြင်းကြောင့် မတုန် လှုပ်စေနိုင်ခြင်းဝိရာဂသည် ဝီရိယဗိုလ်၊ မေ့လျော့ခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်းဝိရာဂသည် သတိဗိုလ်၊ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်စေနိုင်ခြင်းဝိရာဂသည် သမာဓိဗိုလ်၊ အဝိဇ္ဇာကြောင့် မတုန် လှုပ်စေနိုင်ခြင်းဝိရာဂသည် ပညာဗိုလ်တည်း။

http://www.dhammadownload.com



ဆုံးဖြတ်ခြင်းဝိရာဂသည် သဒ္ဓိန္ဒြေ, အားထုတ်ခြင်းဝိရာဂသည် ဝီရိယိန္ဒြေ, ထင်မြင်းဝိရာဂသည် သတိန္ဒြေ၊ မပျံ့လွင့်ခြင်းဝိရာဂသည် သမာဓိန္ဒြေ, မြင်ခြင်းဝိရာဂသည် ပညိန္ဒြေတည်း။

အစိုးရခြင်းသဘောအားဖြင့် ဣန္ဒြေတို့သည် ဝိရာဂ၊ မတုန်လှုပ်စေနိုင်ခြင်းသဘောအားဖြင့် ဗိုလ်တို့သည် ဝိရာဂ၊ ထွက်မြောက်ခြင်းသဘောအားဖြင့် ဗောဇ္ဈင်တို့သည် ဝိရာဂ၊ (သမ္မာပက) ဟိတ်သဘောအားဖြင့် မဂ်သည် ဝိရာဂ၊ ထင်ခြင်းသဘောအားဖြင့် သတိပဋ္ဌာန်တို့သည် ဝိရာဂ၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မပ္ပဓာန်တို့သည် ဝိရာဂ၊ ပြည့်စုံ(ပြီးစီး)ခြင်း သဘောအားဖြင့် ဣဒ္ဓိပါဒ်တို့သည် ဝိရာဂ၊ ဟုတ်မှန်ခြင်းသဘောအားဖြင့် သစ္စာဉာဏ်တို့သည် ဝိရာဂ၊ မပျံ့လွင့်ခြင်း သဘောအားဖြင့် သမထသည် ဝိရာဂ၊ အဖန်ဖန်ရှုခြင်းသဘောအားဖြင့် ဝိပဿနာသည် ဝိရာဂ၊ တခုတည်းသောကိစ္စ ရသ သဘောအားဖြင့် သမထဝိပဿနာတို့သည် ဝိရာဂ၊ လွန်၍မဖြစ်ခြင်း သဘောအားဖြင့် အစုံတွဲခြင်း'ယုဂနဒ္ဓ'သည် ဝိရာဂ၊ စောင့်စည်းခြင်းသဘောအားဖြင့် သီလ ဝိသုဒ္ဓိသည် ဝိရာဂ၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် စိတ္တဝိသုဒ္ဓိသည် ဝိရာဂ၊ မြင်ခြင်းသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိသည် ဝိရာဂ၊ လွတ်မြောက်ခြင်းသဘောအားဖြင့် ဝိမောက္ခသည် ဝိရာဂ၊ ထိုးထွင်း၍သိခြင်း သဘောအားဖြင့် ဝိဇ္ဇာသည် ဝိရာဂ၊ စွန့်လွှတ်ခြင်းသဘောအားဖြင့် ဝိမုတ္တိသည် ဝိရာဂ၊ အကြွင်းမဲ့ ဖြတ်ခြင်းသဘောအားဖြင့် ခယဉာဏ်သည် ဝိရာဂ၊ ဆန္ဒသည် အရင်းအမြစ်သဘောအားဖြင့် ဝိရာဂ၊ မနသိကာရသည် ကောင်းစွာဖြစ်စေခြင်းသဘောအားဖြင့် ဝိရာဂ၊ ဖဿသည် ပေါင်းဆုံခြင်းသဘော အားဖြင့် ဝိရာဂ၊ ဝေဒနာသည် စုဝေးခြင်းသဘောအားဖြင့် ဝိရာဂ၊ သမာဓိသည် အမှူးသဘော အားဖြင့် ဝိရာဂ၊ သတိသည် အစိုးရခြင်းသဘောအားဖြင့် ဝိရာဂ၊ ပညာသည် ထိုထက်လွန်မြတ်ခြင်း သဘောအားဖြင့် ဝိရာဂ၊ ဝိမုတ္တိသည် အနှစ်သာရသဘောအားဖြင့် ဝိရာဂ၊ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် မဂ်တည်း။

မြင်ခြင်းမဂ်သည် သမ္မာဒိဋ္ဌိ၊ ရှေးရှုတင်ခြင်းမဂ်သည် သမ္မာသင်္ကပ္ပ။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် မဂ်တည်း။ ဤသို့ဝိရာဂသည် မဂ်မည်၏။

၂၉။ ဝိမုတ္တိသည် အဘယ်သို့ ဖိုလ်မည်သနည်း၊ သောတာပတ္တိဖိုလ်ခဏ၌ မြင်ခြင်းသဘော အားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ လွတ်မြောက်ပြီးဖြစ်၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာ တို့မှလည်း ခန္ဓာတို့မှလည်း လွတ်မြောက်ပြီး ဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီး ဖြစ်၏။ (သမ္မာဒိဋ္ဌိ)ဝိမုတ္တိသည် (နိဗ္ဗာန်)ဝိမုတ္တိလျှင် အာရုံရှိ၏၊ နိဗ္ဗာန်ဝိမုတ္တိလျှင် ကျက်စားရာ ရှိ၏၊ နိဗ္ဗာန်ဝိမုတ္တိ၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏၊ (မဆုတ်နစ် သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏။

ဝိမုတ္တိဟူရာ၌ ဝိမုတ္တိတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိမည်၏၊ နိဗ္ဗာန်အာရုံ ရှိသည်အဖြစ်ဖြင့် ဖြစ်သောတရားအားလုံးတို့သည် လွတ်မြောက်ပြီးဖြစ်သောကြောင့် ဝိမုတ္တိဖိုလ် မည်၏။

ရှေးရှုတင်ခြင်းသဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှလွတ်မြောက်ပြီး ဖြစ်၏၊ ထိုသို့ လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှလည်း ခန္ဓာတို့မှလည်း လွတ်မြောက်ပြီး ဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီးဖြစ်၏၊ (သမ္မာဒိဋ္ဌိ)ဝိမုတ္တိသည်(နိဗ္ဗာန်)ဝိမုတ္တိလျှင် အာရုံရှိ၏၊ (နိဗ္ဗာန်) ဝိမုတ္တိလျှင် ကျက်စားရာရှိ၏၊(နိဗ္ဗာန်)ဝိမုတ္တိ၌ ကောင်းစွာဖြစ်၏၊(ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏၊ (မဆုတ်နစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန် ဝိမုတ္တိ၌တည်၏။

http://www.dhammadownload.com



ဝိမုတ္တိဟူရာ၌ ဝိမုတ္တိတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိမည်၏၊ နိဗ္ဗာန်အာရုံရှိသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သောတရားအားလုံးတို့သည် လွတ်မြောက်ပြီးဖြစ်ကုန်သောကြောင့် ဝိမုတ္တိဖိုလ်မည်၏။

သိမ်းဆည်းခြင်း သဘောအားဖြင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ လွတ်မြောက်ပြီး ဖြစ်၏၊ ကောင်းစွာဖြစ်စေခြင်းသဘောအားဖြင့် သမ္မာကမ္မန္တသည် မိစ္ဆာကမ္မန္တမှ လွတ်မြောက်ပြီး ဖြစ်၏၊ ဖြူစင်ခြင်းသဘောအားဖြင့် သမ္မာအာဇီဝသည် မိစ္ဆာအာဇီဝမှ လွတ်မြောက်ပြီးဖြစ်၏၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ လွတ်မြောက်ပြီးဖြစ်၏၊ ထင်ခြင်းသဘောအားဖြင့် သမ္မာသတိသည် မိစ္ဆာသတိမှ လွတ်မြောက်ပြီးဖြစ်၏၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ လွတ်မြောက်ပြီးဖြစ်၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှုငင်း ခန္ဓာတို့မှုငင်း လွတ်မြောက်ပြီးဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီးဖြစ်၏၊ (သမ္မာဒိဋ္ဌိ)ဝိမုတ္တိသည် (နိဗ္ဗာန်)ဝိမုတ္တိလျှင် အာရုံရှိ၏၊ (နိဗ္ဗာန်)ဝိမုတ္တိလျှင် ကျက်စားရာရှိ၏၊ (နိဗ္ဗာန်)ဝိမုတ္တိ၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်)နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏၊ (မဆုတ်နစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏။

ဝိမုတ္တိဟူရာ၌ ဝိမုတ္တိတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိမည်၏၊ နိဗ္ဗာန်အာရုံရှိသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သောတရားအားလုံးတို့သည် လွတ်မြောက်ပြီးဖြစ်ကုန်သောကြောင့် ဝိမုတ္တိဖိုလ် မည်၏။

သကဒါဂါမိဖိုလ်ခဏ၌ မြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, ရုန့်ရင်းသော ကာမရာဂါနုသယ, ပဋိဃာနုသယမှ လွတ်မြောက်ပြီးဖြစ်၏၊ ထိုသို့လိုက်၍ဖြစ်ကုန်သော ကိလေသာတို့မှုငင်း ခန္ဓာတို့မှုငင်း လွတ်မြောက်ပြီး ဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီးဖြစ်၏၊ (သမ္မာဒိဋ္ဌိ)ဝိမုတ္တိသည် (နိဗ္ဗာန်)ဝိမုတ္တိလျှင် အာရုံရှိ၏၊ နိဗ္ဗာန်ဝိမုတ္တိလျှင် ကျက်စားရာရှိ၏၊(နိဗ္ဗာန်)ဝိမုတ္တိ၌ ကောင်းစွာဖြစ်၏၊(ဖြစ်သည်၏အစွမ်းဖြင့်)နိဗ္ဗာန်ဝိမုတ္တိ၌တည်၏၊(မဆုတ်နစ်သည်၏ အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌တည်၏။

ဝိမုတ္တိဟူရာ၌ ဝိမုတ္တိတို့သည်နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိမည်၏၊ နိဗ္ဗာန်အာရုံရှိသည်၏အဖြစ်ဖြင့် ဖြစ်ကုန်သော တရားအားလုံးတို့သည် လွတ်မြောက်ပြီး ဖြစ်ကုန်သောကြောင့် ဝိမုတ္တိဖိုလ်မည်၏။

အနာဂါမိ ဖိုလ်ခဏ၌ မြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ပ။ မပျံ့လွင့်ခြင်း သဘောအားဖြင့် သမ္မာသမာဓိသည် သိမ်မွေ့သောကာမရာဂ သံယောဇဉ်, ပဋိဃသံယောဇဉ်, သိမ်မွေ့သောကာမရာဂါနုသယ, ပဋိဃာနုသယမှ လွတ်မြောက်ပြီးဖြစ်၏၊ ထိုသို့လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှုငင်း၊ ခန္ဓာတို့မှုငင်း လွတ်မြောက်ပြီးဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီးဖြစ်၏၊ (သမ္မာဒိဋ္ဌိ) ဝိမုတ္တိသည် (နိဗ္ဗာန်) ဝိမုတ္တိလျှင်အာရုံရှိ၏၊ (နိဗ္ဗာန်) ဝိမုတ္တိလျှင် ကျက်စားရာရှိ၏၊ (နိဗ္ဗာန်) ဝိမုတ္တိ၌ ကောင်းစွာဖြစ်၏၊ (ဖြစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌တည်၏၊ (မဆုတ်နစ်သည်၏အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏။ပ။

အရဟတ္တဖိုလ်ခဏ၌ မြင်ခြင်းသဘောအားဖြင့် သမ္မာဒိဋ္ဌိသည်။ ပ ။ မပျံ့လွင့်ခြင်း သဘောအားဖြင့် သမ္မာသမာဓိသည် ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ မာနာနုသယ ဘဝရာဂါ

http://www.dhammadownload.com



နုသယ အဝိဇ္ဇာနုသယမှ လွတ်မြောက်ပြီး ဖြစ်၏။ ထိုသို့လိုက်၍ ဖြစ်ကုန်သော ကိလေသာတို့မှုရင်း ခန္ဓာတို့မှရင်း လွတ်မြောက်ပြီးဖြစ်၏၊ အပ၌လည်း နိမိတ်အားလုံးတို့မှ လွတ်မြောက်ပြီး ဖြစ်၏၊ (သမ္မာဒိဋ္ဌိ) ဝိမုတ္တိသည် (နိဗ္ဗာန်) ဝိမုတ္တိလျှင် အာရုံရှိ၏၊ (နိဗ္ဗာန်) ဝိမုတ္တိလျှင် ကျက်စားရာရှိ၏၊ (နိဗ္ဗာန်)ဝိမုတ္တိ၌ ကောင်းစွာ ဖြစ်၏၊ (ဖြစ်သည်၏ အစွမ်းဖြင့်) နိဗ္ဗာန်ဝိမုတ္တိ၌ တည်၏၊ (မဆုတ်နစ်သည်၏ အစွမ်းဖြင့်) နိဗ္ဗာန် ဝိမုတ္တိ၌ တည်၏။

ဝိမုတ္တိဟူရာ၌ ဝိမုတ္တိတို့သည် နှစ်ပါးတို့တည်း၊ နိဗ္ဗာန်သည်လည်း ဝိမုတ္တိမည်၏၊ နိဗ္ဗာန်အာရုံရှိသည်၏ အဖြစ်ဖြင့် ဖြစ်ကုန်သော တရားအားလုံးတို့သည် လွတ်မြောက်ပြီးဖြစ်ကုန်သောကြောင့် ဝိမုတ္တိဖိုလ်မည်၏။

မြင်ခြင်းဝိမုတ္တိသည် သမ္မာဒိဋ္ဌိတည်း။ပ။ မပျံ့လွင့်ခြင်း ဝိမုတ္တိသည် သမ္မာသမာဓိတည်း၊ ထင်ခြင်း ဝိမုတ္တိသည် သတိသမ္ဗောဇ္ဈင်တည်း၊ ဆင်ခြင်ခြင်းဝိမုတ္တိသည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။ သဒ္ဓါ မရှိခြင်းကြောင့် မတုန်လှုပ်စေနိုင်ခြင်း ဝိမုတ္တိသည် သဒ္ဓါဖိုလ်။ပ။ အဝိဇ္ဇာကြောင့် မတုန်လှုပ်စေနိုင်ခြင်း ဝိမုတ္တိသည် ပညာဖိုလ်။ ဆုံးဖြတ်ခြင်း ဝိမုတ္တိသည် သဒ္ဓိန္ဒြေ။ ပ ။ မြင်ခြင်း ဝိမုတ္တိသည် ပညိန္ဒြေ။

အစိုးရသည်၏အဖြစ်တည်းဟူသော သဘောအားဖြင့် ဣန္ဒြေတို့သည် ဝိမုတ္တိ၊ မတုန်လှုပ်စေနိုင်ခြင်းသဘောအားဖြင့် ဗိုလ်တို့သည် ဝိမုတ္တိ၊ ထွက်မြောက်ခြင်း သဘောအားဖြင့် ဗောဇ္ဈင်တို့သည် ဝိမုတ္တိ၊ (သမ္မာပက)ဟိတ် သဘောအားဖြင့် မဂ်သည် ဝိမုတ္တိ၊ ထင်ခြင်းသဘောအားဖြင့် သတိပဋ္ဌာန်တို့သည် ဝိမုတ္တိ၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မပ္ပဓာန်တို့သည် ဝိမုတ္တိ၊ ပြည့်စုံ(ပြီးစီး)ခြင်းသဘောအားဖြင့် ဣဒ္ဓိပါဒ်တို့သည် ဝိမုတ္တိ၊ ဟုတ်မှန်သော သဘောအားဖြင့် သစ္စာဉာဏ်တို့သည် ဝိမုတ္တိ၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမထသည် ဝိမုတ္တိ၊ အဖန်ဖန်ရှုမြင်ခြင်း သဘောအားဖြင့် ဝိပဿနာသည် ဝိမုတ္တိ၊ တခုတည်းသော ကိစ္စရသ သဘောအားဖြင့် သမထဝိပဿနာသည် ဝိမုတ္တိ၊ လွန်၍မဖြစ်ခြင်းသဘောအားဖြင့် အစုံတွဲခြင်း 'ယုဂနဒ္ဓ'သည် ဝိမုတ္တိ၊ စောင့်စည်းခြင်းသဘောအားဖြင့် သီလဝိသုဒ္ဓိသည် ဝိမုတ္တိ၊ မပျံ့လွင့်ခြင်း သဘောအားဖြင့် စိတ္တဝိသုဒ္ဓိသည် ဝိမုတ္တိ၊ မြင်ခြင်းသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိသည် ဝိမုတ္တိ၊ လွတ်မြောက်ခြင်း သဘောအားဖြင့် ဝိမောက္ခသည် ဝိမုတ္တိ၊ ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် ဝိဇ္ဇာသည် ဝိမုတ္တိ၊ စွန့်လွှတ်ခြင်းသဘောအားဖြင့် ဝိမုတ္တိသည် ဝိမုတ္တိ၊ တဖန်ငြိမ်းခြင်း သဘောအားဖြင့် အနုပ္ပါဒဉာဏ်သည် ဝိမုတ္တိ၊ ဆန္ဒသည် အရင်းအမြစ်သဘောအားဖြင့် ဝိမုတ္တိ၊ မနသိကာရသည် ကောင်းစွာဖြစ်စေခြင်းသဘောအားဖြင့် ဝိမုတ္တိ၊ ဖဿသည် ပေါင်းဆုံခြင်းသဘောအားဖြင့် ဝိမုတ္တိ၊ ဝေဒနာသည် စုဝေးခြင်းသဘောအားဖြင့် ဝိမုတ္တိ၊ သမာဓိသည် အမှူးသဘောအားဖြင့် ဝိမုတ္တိ၊ သတိသည် အစိုးရခြင်းသဘောအားဖြင့် ဝိမုတ္တိ၊ ပညာသည် ထိုထက်လွန်မြတ်ခြင်း သဘောအားဖြင့် ဝိမုတ္တိ၊ ဝိမုတ္တိသည် အနှစ်သာရသဘောအားဖြင့် ဝိမုတ္တိ၊ သေခြင်းမရှိရာသို့ သက်ဝင်ရာ နိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဝိမုတ္တိတည်း၊ ဤသို့ ဝိမုတ္တိသည် ဖိုလ်တည်း၊ ဤသို့ ဝိရာဂသည်မဂ်မည်၏၊ ဝိမုတ္တိသည် ဖိုလ်မည်၏ဟု (ဟောတော်မူ၏)။

ဝိရာဂကထာ ပြီး၏။

http://www.dhammadownload.com



## ၆-ပဋိသမ္ဘိဒါ ကထာ

### ၁-ဓမ္မစက္ကပဝတ္တနဝါရ

၃၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီ ပြည် ဣသိပတန မိဂဒါဝုန်တောဝ၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ရဟန်းတို့ကို သိစေတော်မူ၏။

ရဟန်းတို့ ရဟန်းဖြစ်သူသည် ဤအစွန်းနှစ်ပါး 'အဖို့ နှစ်ပါး' တို့ကို မမှီဝဲအပ်ကုန်၊ အဘယ် နှစ်ပါးတို့နည်းဟူမူ၊ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော (အန္ဓဗာလ) ပုထုဇဉ်တို့၏ အလေ့ အကျင့်သာ ဖြစ်၍ အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ် တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိသောအားဖြင့် အဖန်တလဲလဲ လိုက်စား အားထုတ်ခြင်းရင်း ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းရင်း ဤနှစ်ပါးတို့တည်း။

ရဟန်းတို့ ဤအစွန်း 'အဖို့' နှစ်ပါးတို့သို့ မကပ်ရောက်မူ၍ ငါဘုရားသည် အထူးသဖြင့် သိတော် မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် အလို့ငှါ ဖြစ်၏၊ ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်၏၊ (သစ္စာလေးပါးကို) သိရန် အလို့ငှါ ဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့- ငါဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုဘတ်သော ကိလေသာငြိမ်းခြင်း ထူးသောဉာဏ်ဖြင့် သိခြင်း သစ္စာလေးပါးကို သိခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်သော ထိုအလယ်အလတ် ဖြစ်သော အကျင့်သည် အဘယ်နည်း။

အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ပင်တည်း။

အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဟူသည် အဘယ်နည်း။

မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ ပ ။ မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' ဤသည်တို့တည်း။

ရဟန်းတို့ ငါဘုရားသည် အထူးသဖြင့် သိတော်မူသော ပညာမျက်စိကို ပြုတတ်သော ဉာဏ် အမြင်ကို ပြုတတ်သော ကိလေသာငြိမ်းရန်အလို့ငှါ ဖြစ်သော ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှါ ဖြစ်သော (သစ္စာလေးပါးကို) သိရန်အလို့ငှါဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါဖြစ် သော ထိုအလယ်အလတ်ဖြစ်သော မြတ်သောအကျင့်ဟူသည် ဤမဂ်အကျင့်ပင်တည်း။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ပေတည်း၊ ပဋိသန္ဓေတည်နေရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်း ဆင်းရဲ၏၊ နာရခြင်း သည်လည်း ဆင်းရဲ၏၊ သေရခြင်းသည်လည်း ဆင်းရဲ၏၊ မချစ်သောသူတို့နှင့် အတူနေရခြင်း သည်လည်း ဆင်းရဲ၏၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏၊ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အကျဉ်းအားဖြင့် စွဲလမ်းရာ အာရုံဖြစ်သော ခန္ဓာငါးပါးတို့သည် လည်း ဆင်းရဲကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား'သမုဒယ အရိယသစ္စာ' ပေတည်း၊ အကြင် တဏှာသည် ဘဝသစ်၌ ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့် တကွ ဖြစ်၏၊ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်၏၊ ဤတပ်မက်မှု တဏှာဟူသည် အဘယ်နည်း၊ ကာမဘုံတို့၌ တပ်မက်မှုတဏှာ 'ကာမတဏှာ'၊ တည်မြဲ၏ဟု ယူသောသဿတဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု တဏှာ 'ဘဝတဏှာ'၊ သေလျှင်ပြတ်စဲ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု တဏှာ 'ဝိဘဝတဏှာ' တို့တည်း။

ရဟန်းတို့- ဤသည်ကား ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား'နိရောဓအရိယ သစ္စာ' ပေတည်း၊ ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက် ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဖန်စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာပင် ဖြစ်၏။

ရဟန်းတို့- ဤသည်ကား ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ပေတည်း၊ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏၊ အင်္ဂါရှစ်ပါး ဟူသော်ကား—

မှန်စွာသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'။ပ။ မှန်စွာတည်ကြည်ခြင်း 'သမ္မာသမာဓိ' တို့တည်း။

## ဒုက္ခသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့- "ဤတရားသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' မည်၏"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ)မျက်စိသည် ထင်ရှားဖြစ်၏၊အသိဉာဏ်သည် ထင်ရှားဖြစ်၏၊အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ကိုစင်စစ်ပိုင်းခြား၍ သိထိုက်၏"ဟု။ ပ ။

ရဟန်းတို့- ငါဘုရားသည် ထိုဆင်းရဲဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာ' ကို "ပိုင်းခြား၍ သိခဲ့ပြီ"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့ကမကြားဘူးကုန်သော ဒုက္ခသစ္စာတရားတို့၌ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှား ဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှား ဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်၏။

## သမုဒယသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့- "ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ'မည်၏"ဟု(ဘုရားမဖြစ်မီ)ရှေးအဖို့ကမကြားဘူးကုန်သော(သမုဒယသစ္စာ) တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှား ဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှား ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်း ဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ' ကို ပယ်အပ်၏" ဟု။ ပ ။

ရဟန်းတို့ ငါဘုရားသည် ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာ' ကို "ပယ်ပြီးပြီ" ဟု (ဘုရား မဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော သမုဒယသစ္စာတရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ "ဤနိဗ္ဗာန်သည် ဆင်းရဲခြင်း၏ချုပ်ရာ ဖြစ်သော အရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ' မည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့ကမကြားဘူးကုန်သော နိရောဓသစ္စာ တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓ အရိယသစ္စာ' ကို မျက်မှောက်ပြုအပ်၏" ဟု။ ပ ။

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲ၏ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'နိရောဓအရိယသစ္စာ' ကို မျက်မှောက်ပြုခဲ့ပြီးပြီ" ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့ကမကြားဘူးကုန်သော နိရောဓ သစ္စာ တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိတတ်သော ဉာဏ် 'ဝိဇ္ဇာသည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

## မဂ္ဂသစ္စာ၌ ဉာဏ်သုံးပါး

ရဟန်းတို့ "ဤတရားသည် ဆင်းရဲခြင်း၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' မည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့ကမကြားဘူး ကုန်သော 'မဂ္ဂသစ္စာ' တရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည်ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိတတ်သော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ငါဘုရားသည် "ထိုဆင်းရဲခြင်း၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ' ကို ပွါးများအပ်၏" ဟု။ ပ။

ရဟန်းတို့ ငါးဘုရားသည် "ဆင်းရဲခြင်း၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤအရိယာတို့၏ အမှန်တရား 'မဂ္ဂသစ္စာ' ကို ပွါးများပြီးပြီ" ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့ကမကြားဘူး ကုန်သော မဂ္ဂသစ္စာတရားတို့၌ ငါဘုရား၏ (ပညာ) မျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

http://www.dhammadownload.com



## သစ္စာလေးပါး မသိသေးသမျှ ဘုရားဟုဝန်မခံ

ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသုံးပါးသော အပြန် [၁] တဆယ့်နှစ်ပါးသော အခြင်းအရာ [၂] ရှိသော မှန်ကန်သောငါဘုရား၏ ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါဘုရားသည် နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ, ဗြာဟ္မဏ, မင်းများ လူများနှင့်တကွသော လူလောက၌"အတုမရှိသော (အလုံးစုံသောတရားတို့ကို)ကိုယ်တိုင်မှန်စွာသိသောအရဟတ္တမဂ်ဉာဏ်ကိုသိပြီ"ဟူ၍ ဝန်မခံခဲ့ချေ။

## ဘုရားဟုဝန်ခံချိန်

ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့၌ ဤသုံးပါးသောအပြန်, တဆယ့်နှစ်ပါးသောအခြင်းအရာရှိသော မှန်ကန်သောငါဘုရား၏ဉာဏ်အမြင်စင်ကြယ်လာသော အခါ၌သာလျှင် ငါဘုရားသည် နတ်, မာရ်နတ်, ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့်သမဏ, ဗြာဟ္မဏ, မင်းများ လူများတို့နှင့်တကွသော ဤလူလောက၌ "အတုမရှိသော(အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာသိသော အရဟတ္တမဂ်ဉာဏ်ကိုသိပြီ"ဟူ၍ ဝန်ခံခဲ့၏။ ငါ၏ကိလေသာတို့မှ လွတ်မြောက်မှုသည်မပျက်စီးနိုင်ပြီ၊ ဤကားအဆုံးစွန်သော ဘဝတည်း၊ ယခုအခါဘဝသစ်၌ ဖြစ်ပျက်ခြင်းမရှိတော့ပြီဟု ငါ့အားဉာဏ်အမြင် 'ပစ္စဝေက္ခဏာဉာဏ်'သည်လည်း ထင်ရှားဖြစ်ပေါ်လာပြီဟု (မိန့်တော်မူ၏)။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏။ ပဉ္စဝဂ္ဂီရဟန်းတို့သည် နှစ်လိုကုန်သည် ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

ဤစကားပြေဒေသနာတော်ကို ဟောကြားတော်မူလတ်သော် အရှင်ကောဏ္ဍညအား "ဖြစ်ခြင်းသဘောရှိသောတရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု(ကိလေသာ)မြူအညစ်အကြေးကင်းသောတရားမျက်စိ'သောတာပတ္တိမဂ်ဉာဏ်'သည် ဖြစ်ပေါ်လာ၏။

## နတ်ဗြဟ္မာတို့ ကြွေးကြော်ကြခြင်း

မြတ်စွာဘုရားသည် ဓမ္မစကြာတရားကိုဟောတော်မူလတ်သော်"ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ်လောက၌ ရဟန်း,ပုဏ္ဏား,နတ်,မာရ်,ဗြဟ္မာ တစုံတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကိုမြတ်စွာဘုရားဟောတော်မူအပ်ပြီ" ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့်ကြွေးကြော်ကြကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကိုကြား၍ စာတုမဟာရာဇ်နတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့်ကြွေးကြော်ကြကုန်၏။

**စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကိုကြား၍ တာဝတိံသာနတ်။ပ။ယာမာနတ်။ပ။ တုသိတာနတ်။ပ။နိမ္မာနရတိနတ်။ပ။ပရနိမ္မိတဝသဝတ္တိနတ်။ပ။ ဗြဟ္မာ့ပြည်၌ဖြစ်သောဗြဟ္မာတို့သည်**

၁-သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ် ဤဉာဏ်သုံးပါးတည်း။
၂-ယင်းဉာဏ်သုံးပါးကို သစ္စာလေးပါးဖြင့်မြှောက်၊ ၃X၄=၁၂။

http://www.dhammadownload.com



"ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ် လောက၌ ရဟန်း, ပုဏ္ဏား, နတ်, မာရ်, ဗြဟ္မာ တစုံတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို မြတ်စွာဘုရား ဟောတော်မူပြီ"ဟု ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

ဤသို့လျှင်ထိုအချိန်ထိုအခါကာလတွင် (အကနိဋ္ဌ) ဗြဟ္မာ့ပြည်တိုင်အောင် ကျော်စောသံသည် ပျံ့နှံ့၍တက်၏။

ဤတသောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏၊ ပြင်းစွာတုန်လှုပ်၏၊ ထက်ဝန်းကျင်တုန်လှုပ်၏၊အတိုင်းအရှည်မရှိ ကြီးမားသောအရောင်အလင်းသည် လောက၌ နတ်တို့၏အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဤသို့ ဥဒါန်း ကျူးရင့်တော်မူသောကြောင့် အသျှင်ကောဏ္ဍညအား "အညာသိကောဏ္ဍည" ဟူ၍ သာလျှင် အမည်တွင်၏။

(က)"ဤကား ဒုက္ခအရိယသစ္စာတည်း"ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ ထိုးထွင်း၍ သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်းသဘောအားဖြင့်, အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏ ဟူသည် ခွဲခြား၍ သိခြင်းသဘောအားဖြင့်, ထိုးထွင်း၍သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ ဟူသည် ထိုးထွင်း၍ သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ ဟူသည် အလင်းရောင် သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ အသိဉာဏ်သည် ဓမ္မတည်း၊ အပြားအားဖြင့်သိတတ်သောဉာဏ် 'ပညာ'သည် ဓမ္မတည်း၊ ထိုးထွင်း၍သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ဓမ္မတည်း၊ အလင်းရောင်သည် ဓမ္မတည်း။ ဤဓမ္မငါးပါးတို့သည် ဓမ္မပဋိသမ္ဘိဒါ၏ အာရုံတို့လည်းဖြစ်ကုန်၏၊ ကျက်စားရာတို့လည်းဖြစ်ကုန်၏၊ ထိုပဋိသမ္ဘိဒါ၏အာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း။ ထို့ကြောင့် ဓမ္မတို့၌ သိသောဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဟု ဆိုအပ်၏။

မြင်ခြင်းသဘောသည် အတ္ထတည်း၊ သိခြင်းသဘောသည် အတ္ထတည်း၊ ခွဲခြား၍သိခြင်းသဘောသည် အတ္ထတည်း၊ ထိုးထွင်း၍သိခြင်း သဘောသည် အတ္ထတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း၊ ဤအတ္ထငါးပါးတို့သည် အတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့လည်း ဖြစ်ကုန်၏၊ ကျက်စား

http://www.dhammadownload.com



ရာတို့လည်း ဖြစ်ကုန်၏၊ ထိုအတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း။ ထို့ကြောင့် အတ္ထတို့၌ သိသောဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့ကို ကောင်းစွာပြရန် သဒ္ဒါကိုထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း အတ္ထငါးပါးတို့ကို ကောင်းစွာပြရန် ဗျဉ္ဇနနိရုတ္တိ အဘိလာပတို့သည်၎င်း ရှိကုန်၏၊ ဤဆယ်ပါးသော နိရုတ္တိတို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့လည်းဖြစ်ကုန်၏၊ကျက်စားရာတို့လည်း ဖြစ်ကုန်၏၊ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း။ ထို့ကြောင့် နိရုတ္တိတို့၌ သိသောဉာဏ်ကို နိရုတ္တိပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့၌ သိသောဉာဏ်, အတ္ထငါးပါးတို့၌ သိသောဉာဏ်, နိရုတ္တိဆယ်ပါးတို့၌ သိသောဉာဏ် ဤဉာဏ်နှစ်ဆယ်တို့သည် ပဋိဘာန ပဋိသမ္ဘိဒါ၏ အာရုံတို့လည်း ဖြစ်ကုန်၏၊ ကျက်စားရာတို့လည်း ဖြစ်ကုန်၏၊ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် အာရုံတို့တည်း။ ထို့ကြောင့် ပဋိဘာန်တို့၌ သိသောဉာဏ်ကို ပဋိဘာန ပဋိသမ္ဘိဒါဟု ဆိုအပ်၏။

"ထိုဒုက္ခ အရိယသစ္စာကို ပိုင်းခြား၍သိအပ်၏"ဟု။ပ။"ပိုင်းခြား၍သိပြီးပြီ"ဟု (-ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အသိဉာဏ် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်းသဘောအားဖြင့်, အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏ဟူသည် ခွဲခြား၍သိတတ်သော သဘောအားဖြင့်, ထိုးထွင်း၍ သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ အသိဉာဏ်သည် ဓမ္မတည်း၊ အပြားအားဖြင့် သိတတ်သောဉာဏ်ပညာသည် ဓမ္မတည်း၊ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ဓမ္မတည်း၊အလင်းရောင်သည် ဓမ္မတည်း၊ ဤဓမ္မငါးပါးတို့သည် ဓမ္မပဋိသမ္ဘိဒါ၏ အာရုံလည်းဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏၊ ထိုဓမ္မပဋိသမ္ဘိဒါ၏ အကြောင်းအာရုံတို့သည် ရှိကုန်၏၊ ထိုဓမ္မပဋိသမ္ဘိဒါ၏ ထိုအာရုံတို့သည် ကျက်စားရာတို့တည်း၊ ထိုဓမ္မပဋိသမ္ဘိဒါ၏ အကြောင်းကျက်စားရာတို့သည် ရှိကုန်၏၊ထိုကျက်စားရာတို့သည် အာရုံတို့တည်း။ ထို့ကြောင့် ဓမ္မတို့၌ သိသောဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဟုဆိုအပ်၏။

http://www.dhammadownload.com



မြင်ခြင်းသဘောသည် အတ္ထတည်း၊ သိခြင်းသဘောသည် အတ္ထတည်း၊ ခွဲခြား၍သိတတ်သော သဘောသည် အတ္ထတည်း၊ ထိုးထွင်း၍သိခြင်းသဘောသည် အတ္ထတည်း၊ အလင်းရောင်သဘော သည် အတ္ထတည်း။ ဤအတ္ထငါးပါးတို့သည် အတ္ထပဋိသမ္ဘိဒါ၏ အာရုံလည်းဖြစ်ကုန်၏၊ ကျက်စားရာ လည်းဖြစ်ကုန်၏၊ ထိုအတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့သည် ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း၊ ထိုအတ္ထပဋိသမ္ဘိဒါ၏ အကြင်ကျက်စားရာတို့သည် ရှိကုန်၏၊ ထိုကျက်စားရာတို့သည် ထိုအတ္ထ ပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် အတ္ထတို့၌ဖြစ်သောဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့ကို ကောင်းစွာပြရန် သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း အတ္ထငါးပါး တို့ကိုပြရန် သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း ရှိကုန်၏၊ ဤဆယ်ပါးသော နိရုတ္တိ တို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံလည်းဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏၊ ထိုနိရုတ္တိ ပဋိ သမ္ဘိဒါ၏ အာရုံတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း၊ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက် စားရာတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် နိရုတ္တိတို့၌ သိသောဉာဏ်ကို နိရုတ္တိပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့၌ သိသောဉာဏ် အတ္ထငါးပါးတို့၌ သိသောဉာဏ် နိရုတ္တိဆယ်ပါးတို့၌ သိသောဉာဏ် ဤဉာဏ်နှစ်ဆယ်တို့သည် ပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏၊ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံတို့သည် ထိုပဋိဘာန ပဋိသမ္ဘိဒါ၏ ကျက်စားရာ တို့တည်း၊ ထိုပဋိဘာန ပဋိသမ္ဘိဒါ၏ကျက်စားရာတို့သည် ထိုပဋိဘာန ပဋိသမ္ဘိဒါ၏ အာရုံတို့တည်း၊ ထို့ကြောင့် ပဋိဘာန်တို့၌ သိသောဉာဏ်ကို ပဋိဘာန ပဋိသမ္ဘိဒါဟု ဆိုအပ်၏၊ ဒုက္ခအရိယသစ္စာ၌ ဓမ္မတဆယ့်ငါးပါး* အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်* တို့တည်း။

(ခ) "ဤကား ဒုက္ခသမုဒယအရိယသစ္စာတည်း"ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူး ကုန်သောတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏၊ "ထို ဒုက္ခသမုဒယအရိယသစ္စာကို ပယ်အပ်၏"ဟု။ပ။ "ပယ်ပြီးပြီ"ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင် သည် ထင်ရှားဖြစ်၏။ပ။

ဒုက္ခသမုဒယအရိယသစ္စာ၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ် ခြောက်ဆယ်တို့တည်း။

(ဂ) "ဤကား ဒုက္ခနိရောဓအရိယသစ္စာတည်း"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူး ကုန်သော နိရောဓသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင် ရှားဖြစ်၏။ "ထိုဒုက္ခနိရောဓအရိယသစ္စာကို မျက်မှောက်ပြုအပ်၏"ဟု။ပ။ "မျက်မှောက်ပြုပြီးပြီ" ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော နိရောဓသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။

---

* စက္ခု ဉာဏ ပညာ ဝိဇ္ဇာ အာလောက ဟူသော ဓမ္မငါးပါးကိုမူတည်၍ သစ္စ ကိစ္စ ကတ ဉာဏ်သုံးပါးနှင့်မြှောက်၊ ဓမ္မ ဉာဏ်တဆယ့်ငါးပါးဖြစ်၏။

ဒဿနတ္ထ ဉာတတ္ထ ပဇာနနတ္ထ ပဋိဝေဓတ္ထ ဩဘာသတ္ထ ဤအတ္ထငါးပါးကိုမူတည်၍ သစ္စ ကိစ္စ ကတဉာဏ်သုံးပါးနှင့်မြှောက်၊ အတ္ထတဆယ့်ငါးပါးဖြစ်၏။

ဓမ္မဉာဏ် ၁၅၊ အတ္ထဉာဏ် ၁၅၊ ပေါင်း ဉာဏ်သုံးဆယ်တို့၌ တခုစီရှိသော နိရုတ္တိဉာဏ် သုံးရပ်ပေါင်း ဉာဏ်ခြောက်ဆယ်တည်း။

http://www.dhammadownload.com



ဒုက္ခနိရောဓအရိယသစ္စာ၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ် ခြောက်ဆယ်တို့တည်း။

(ဃ) "ဤကား ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား 'မဂ္ဂအရိယသစ္စာ'တည်း"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ "ထိုဒုက္ခ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏အမှန်တရား 'မဂ္ဂအရိယသစ္စာ'ကို ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော မဂ္ဂသစ္စာ တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။

ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂအရိယသစ္စာ၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်တို့တည်း။

အရိယသစ္စာလေးပါးတို့၌ ဓမ္မခြောက်ဆယ် အတ္ထခြောက်ဆယ် နိရုတ္တိတရာ့နှစ်ဆယ် ဉာဏ် နှစ်ရာ့လေးဆယ်တို့တည်း။

## ၂-သတိပဋ္ဌာနဝါရ

၃၁။ "ရဟန်းတို့ ဤကား ကာယေ ကာယာနုပဿနာတည်း"ဟု ငါ့အား(ဘုရားမဖြစ်မီ) ရှေး အဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်း ရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုကာယေကာယာနုပဿနာကို "ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု ငါ့အား (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

"ဤကား ဝေဒနာတို့၌။ပ။ ဤကား စိတ်၌။ပ။ ရဟန်းတို့ ဤကား တရားတို့၌ ဓမ္မာနုပဿနာ တည်း"ဟု ငါ့အား(ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာ မျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏၊ တရားတို့၌ ထိုဓမ္မာနုပဿနာကို "ပွါးအပ်၏"ဟု။ပ။ ရဟန်းတို့ "ပွါးပြီးပြီ"ဟု ငါ့အား (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန် သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှား ဖြစ်၏။

(က) "ဤကား ကိုယ်၌ ကာယာနုပဿနာတည်း"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြား ဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ကိုယ်၌ ထိုကာယာနုပဿနာကို"ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု(ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိ ဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုး ထွင်း၍ သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အသိဉာဏ် သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း၊ အပြားအားဖြင့်သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း၊ ထိုးထွင်း၍သိတတ်

http://www.dhammadownload.com



သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်းသဘောအားဖြင့်, အပြားအားဖြင့်သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် ခွဲခြား၍သိခြင်းသဘောအားဖြင့်, ထိုးထွင်း၍သိတတ်သောဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ အသိဉာဏ်သည် ဓမ္မတည်း၊ အပြားအားဖြင့်သိတတ်သောဉာဏ် 'ပညာ'သည် ဓမ္မတည်း၊ ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ဓမ္မတည်း၊ အလင်းရောင်သည် ဓမ္မတည်း။ ဤဓမ္မငါးပါးတို့သည် ဓမ္မပဋိသမ္ဘိဒါ၏အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုဓမ္မပဋိသမ္ဘိဒါ၏အာရုံတို့သည် ထိုဓမ္မပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း၊ ထိုဓမ္မပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုဓမ္မပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် ဓမ္မတို့၌သိသောဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဟု ဆိုအပ်၏။

မြင်ခြင်းသဘောသည် အတ္ထတည်း၊ သိခြင်းသဘောသည် အတ္ထတည်း၊ အပြားအားဖြင့်သိခြင်းသဘောသည် အတ္ထတည်း၊ ထိုးထွင်း၍သိခြင်းသဘောသည် အတ္ထတည်း၊ အလင်းရောင် သဘောသည် အတ္ထတည်း။ ဤအတ္ထငါးပါးတို့သည် အတ္ထပဋိသမ္ဘိဒါ၏အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုအတ္ထပဋိသမ္ဘိဒါ၏အာရုံတို့သည် ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း၊ ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုအတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် အတ္ထတို့၌ သိသောဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့ကို ကောင်းစွာပြရန် သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း အတ္ထငါးပါးတို့ကို ကောင်းစွာပြရန် သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း ရှိကုန်၏၊ ဤနိရုတ္တိဆယ်ပါးတို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏အာရုံတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း။ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် နိရုတ္တိတို့၌ သိသောဉာဏ်ကို နိရုတ္တိပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့၌ သိသောဉာဏ်၊ အတ္ထငါးပါးတို့၌ သိသောဉာဏ်၊ နိရုတ္တိဆယ်ပါးတို့၌ သိသောဉာဏ်၊ ဤနှစ်ဆယ်သောဉာဏ်တို့သည် ပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုပဋိဘာနပဋိသမ္ဘိဒါ၏အာရုံတို့သည် ထိုပဋိဘာနပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း။ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် ပဋိဘာန်တို့၌သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ကိုယ် 'ကာယာနုပဿနာသတိပဋ္ဌာန်'၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်တို့တည်း။

(ခ-ဃ) ဤကား ဝေဒနာတို့၌။ပ။ ဤကား စိတ်၌။ပ။ ဤကား တရားတို့၌ ဓမ္မာနုပဿနာတည်း"ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိ

http://www.dhammadownload.com



သည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏၊ တရားတို့၌ ဓမ္မာနုပဿနာကို"ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။

တရား 'ဓမ္မာနုပဿနာသတိပဋ္ဌာန်'တို့၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်တို့တည်း။

သတိပဋ္ဌာန်လေးပါးတို့၌ ဓမ္မခြောက်ဆယ် အတ္ထခြောက်ဆယ် နိရုတ္တိတရာ့နှစ်ဆယ် ဉာဏ်နှစ်ရာ့လေးဆယ်တို့တည်း။

## ၃-ဣဒ္ဓိပါဒဝါရ

၃၂။ "ရဟန်းတို့ ဤကား ဆန္ဒ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်"ဟု ငါ့အား(ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ် တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ထိုဆန္ဒ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု။ပ။ ရဟန်းတို့ "ပွါးပြီးပြီ"ဟု ငါ့အား (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ဤကား ဝီရိယ(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။ ဤကား စိတ်(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။

ရဟန်းတို့ "ဤကား ဝီမံသ'ပညာ'(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ငါ့အား (ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ဝီမံသ'ပညာ'(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု ငါ့အား(ဘုရားမဖြစ်မီ)ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

(က) "ဤကား ဆန္ဒ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ငါ့အား (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။ ဆန္ဒလွန်ကဲကြီးမှူးသော သမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု ငါ့အား(ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော အသိဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ထိုးထွင်း၍သိတတ်သော အသိဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊အလင်းရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အပြားအားဖြင့်သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ထင်ရှားဖြစ်သနည်း၊ထိုးထွင်း၍

http://www.dhammadownload.com



သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း။ ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်း သဘောအားဖြင့်, အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အပြား အားဖြင့် သိခြင်းသဘောအားဖြင့်, ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ ဟူသည် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်း ရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ အသိဉာဏ်သည် ဓမ္မတည်း၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည် ဓမ္မတည်း၊ ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ဓမ္မတည်း၊ အလင်းရောင်သည် ဓမ္မတည်း။ ဤဓမ္မငါးပါး တို့သည် ဓမ္မပဋိသမ္ဘိဒါ၏ အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုဓမ္မပဋိသမ္ဘိဒါ၏အာရုံတို့သည် ထိုဓမ္မပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း။ ထို ဓမ္မ ပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုဓမ္မပဋိသမ္ဘိဒါ၏အာရုံတို့တည်း။ ထို့ကြောင့် ဓမ္မတို့၌သိသော ဉာဏ်ကို ဓမ္မပဋိသမ္ဘိဒါဟု ဆိုအပ်၏။

မြင်ခြင်းသဘောသည် အတ္ထတည်း၊ သိခြင်းသဘောသည် အတ္ထတည်း၊ အပြားအားဖြင့်သိခြင်း သဘောသည် အတ္ထတည်း၊ ထိုးထွင်း၍ သိခြင်းသဘောသည် အတ္ထတည်း၊ အလင်းရောင်သဘော သည် အတ္ထတည်း။ ဤအတ္ထငါးပါးတို့သည် အတ္ထပဋိသမ္ဘိဒါ၏အာရုံလည်းဖြစ်ကုန်၏၊ ကျက်စားရာ လည်း ဖြစ်ကုန်၏။ထိုအတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့သည် ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း။ ထိုအတ္ထပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုအတ္ထပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် အတ္ထ တို့၌ သိသောဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့ကို ကောင်းစွာပြရန် သဒ္ဒါကို ထုတ်ဆောင်ပြောဆိုခြင်းတို့သည်၎င်း အတ္ထငါးပါး တို့ကို ကောင်းစွာပြရန် သဒ္ဒါကို ထုတ်ဆောင် ပြောဆိုခြင်း တို့သည်၎င်း ရှိကုန်၏။ ဤနိရုတ္တိ ဆယ်ပါးတို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံလည်း ဖြစ်ကုန်၏၊ ကျက်စားရာလည်း ဖြစ်ကုန်၏။ ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ ကျက်စားရာတို့တည်း။ ထိုနိရုတ္တိ ပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုနိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် နိရုတ္တိတို့၌ သိသောဉာဏ်ကို နိရုတ္တိပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဓမ္မငါးပါးတို့၌ သိသောဉာဏ် အတ္ထငါးပါးတို့၌ သိသောဉာဏ် နိရုတ္တိဆယ်ပါးတို့၌ သိသော ဉာဏ် ဤနှစ်ဆယ်သောဉာဏ်တို့သည် ပဋိဘာန ပဋိသမ္ဘိဒါ၏ အာရုံလည်းဖြစ်ကုန်၏၊ ကျက်စားရာ လည်း ဖြစ်ကုန်၏။ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံတို့သည် ထိုပဋိဘာနပဋိသမ္ဘိဒါ၏ ကျက်စားရာ တို့တည်း။ ထိုပဋိဘာနပဋိသမ္ဘိဒါ၏ ကျက်စားရာတို့သည် ထိုပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံတို့တည်း။ ထို့ကြောင့် ပဋိဘာန်တို့၌ သိသောဉာဏ်ကို ပဋိဘာနပဋိသမ္ဘိဒါဟု ဆိုအပ်၏။

ဆန္ဒ(လွန်ကဲ)ကြီးမျှသောသမာဓိ အားထုတ်ခြင်း သင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်၌ ဓမ္မ တဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်တို့တည်း။

(ခ-ဃ) ဤကား ဝီရိယ(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။ ဤကား စိတ်(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။ "ဤကား ဝီမံသ'ပညာ' (လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်း သင်္ခါရတို့နှင့်

http://www.dhammadownload.com



ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း”ဟု(ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ပ ။ “ဝီမံသ ‘ပညာ’(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးအပ်၏”ဟု။ ပ ။ “ပွါးပြီးပြီ”ဟု (ဘုရားမဖြစ်မီ) ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ပ ။

ဝီမံသ‘ပညာ’ (လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်၌ ဓမ္မတဆယ့်ငါးပါး အတ္ထတဆယ့်ငါးပါး နိရုတ္တိသုံးဆယ် ဉာဏ်ခြောက်ဆယ်တို့တည်း။

ဣဒ္ဓိပါဒ်လေးပါးတို့၌ ဓမ္မခြောက်ဆယ် အတ္ထခြောက်ဆယ် နိရုတ္တိတရာ့နှစ်ဆယ် ဉာဏ်နှစ်ရာ့လေးဆယ်တို့တည်း။

## ၄-သတ္တဗောဓိသတ္တဝါရ

၃၃။ ရဟန်းတို့ “သမုဒယ သမုဒယ”ဟု ဝိပဿီဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ “နိရောဓ နိရောဓ”ဟု ဝိပဿီဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ဝိပဿီဘုရားလောင်း၏ ဗျာကရိုဏ်း (သုတ္တန်)၌ ဓမ္မဆယ်ပါး အတ္ထဆယ်ပါး နိရုတ္တိနှစ်ဆယ် ဉာဏ်လေးဆယ်တို့တည်း။

ရဟန်းတို့ “သမုဒယ သမုဒယ”ဟု သိခီဘုရားလောင်းအား။ ပ ။ ဝေဿဘူဘုရားလောင်းအား ။ပ။ ကကုသန်ဘုရားလောင်းအား။ ပ ။ ကောဏာဂုံဘုရားလောင်းအား။ပ။ ကဿပဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ “နိရောဓ နိရောဓ”ဟု ကဿပဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ကဿပဘုရားလောင်း၏ ဗျာကရိုဏ်း(သုတ္တန်)၌ ဓမ္မဆယ်ပါး အတ္ထဆယ်ပါး နိရုတ္တိနှစ်ဆယ် ဉာဏ်လေးဆယ်တို့တည်း။

ရဟန်းတို့ “သမုဒယ သမုဒယ”ဟု ဂေါတမဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ “နိရောဓ နိရောဓ”ဟု ဂေါတမဘုရားလောင်းအား ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ဂေါတမဘုရားလောင်း၏ ဗျာကရိုဏ်း(သုတ္တန်)၌ ဓမ္မဆယ်ပါး အတ္ထဆယ်ပါး နိရုတ္တိနှစ်ဆယ် ဉာဏ်လေးဆယ်တို့တည်း။

ဘုရားလောင်း ခုနစ်ဦးတို့၏ ခုနစ်ပါးသော ဗျာကရိုဏ်း (သုတ္တန်)တို့၌ ဓမ္မ ခုနစ်ဆယ် အတ္ထ ခုနစ်ဆယ် နိရုတ္တိ တရာ့လေးဆယ် ဉာဏ်နှစ်ရာ့ရှစ်ဆယ် တို့တည်း။

http://www.dhammadownload.com



## ၅-အဘိညာဒိ ဝါရ

၃၄။ အကြင်မျှလောက် အဘိညာ၏ အဘိညာသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော အဘိညာသဘောသည်မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ အဘိညာ၏ အဘိညာသဘော၌ ဓမ္မ နှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့်ငါးပါး နိရုတ္တိ ငါးဆယ် ဉာဏ်တရာတို့တည်း။

အကြင်မျှလောက် ပရိညာ၏ ပရိညာသဘောကို။ ပ ။ အကြင်မျှလောက် ပဟာန်၏ ပဟာန်သဘောကို။ ပ ။ အကြင်မျှလောက် ဘာဝနာ၏ ဘာဝနာသဘောကို။ ပ ။ အကြင်မျှလောက် မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော မျက်မှောက်ပြုအပ်သော သဘောမရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

အဘိညာ၏ အဘိညာသဘော၌။ ပရိညာ၏ ပရိညာသဘော၌။ ပဟာန်၏ ပဟာန်သဘော၌။ ဘာဝနာ၏ ဘာဝနာသဘော၌ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘော၌ ဓမ္မတရာ့နှစ်ဆယ့်ငါးပါး အတ္ထ တရာ့နှစ်ဆယ့်ငါးပါး နိရုတ္တိနှစ်ရာ့ငါးဆယ် ဉာဏ်ငါးရာတို့တည်း။

## ၆-ခန္ဓာဒိဝါရ

၃၅။ အကြင်မျှလောက် ခန္ဓာတို့၏ ခန္ဓာသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော ခန္ဓာသဘောမရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ခန္ဓာတို့၏ ခန္ဓာသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထနှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

အကြင်မျှလောက် ဓာတ်တို့၏ ဓာတ်သဘောကို။ ပ။ အကြင်မျှလောက် အာယတနတို့၏ အာယတနသဘောကို။ ပ ။ အကြင်မျှလောက် သင်္ခတတို့၏ သင်္ခတသဘောကို သိအပ်၏။ ပ ။ အကြင်မျှလောက် အသင်္ခတ၏ အသင်္ခတသဘောကို သိအပ်၏။ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော အသင်္ခတသဘောသည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ အသင်္ခတ၏ အသင်္ခတသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

http://www.dhammadownload.com



ခန္ဓာတို့၏ ခန္ဓာသဘော၌ ဓာတ်ဘို့၏ ဓာတ်သဘော၌ အာယတနတို့၏ အာယတနသဘော၌ သင်္ခတတို့၏ သင်္ခတသဘော၌ အသင်္ခတတို့၏ အသင်္ခတသဘော၌ ဓမ္မတရားနှစ်ဆယ့်ငါးပါး အတ္ထ တရားနှစ်ဆယ့်ငါးပါး နိရုတ္တိ နှစ်ရာ့ငါးဆယ် ဉာဏ်ငါးရာတို့တည်း။

## ၇-သစ္စဝါရ

၃၆။ အကြင်မျှလောက် ဒုက္ခ၏ ဒုက္ခသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော ဒုက္ခသဘောသည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့်သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ဒုက္ခ၏ ဒုက္ခသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

အကြင်မျှလောက် သမုဒယ၏ သမုဒယသဘောကို။ ပ ။ အကြင်မျှလောက် နိရောဓ၏ နိရောဓ သဘောကို။ ပ ။ အကြင်မျှလောက် မဂ္ဂ၏ မဂ္ဂသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြု အပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော မဂ်သဘော သည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ မဂ္ဂ၏ မဂ္ဂသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့်ငါးပါး နိရုတ္တိ ငါးဆယ် ဉာဏ်တရာတို့တည်း။

အရိယသစ္စာလေးပါးတို့၌ ဓမ္မတရာ အတ္ထတရာ နိရုတ္တိနှစ်ရာ ဉာဏ်လေးရာတို့တည်း။

## ၈-ပဋိသမ္ဘိဒါဝါရ

၃၇။ အကြင်မျှလောက် အတ္ထပဋိသမ္ဘိဒါ၏ အတ္ထပဋိသမ္ဘိဒါသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက်ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော အတ္ထပဋိသမ္ဘိဒါ သဘောသည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ အတ္ထပဋိသမ္ဘိဒါ၏ အတ္ထပဋိသမ္ဘိဒါသဘော၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထ နှစ်ဆယ့် ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

အကြင်မျှလောက် ဓမ္မပဋိသမ္ဘိဒါ၏ ဓမ္မပဋိသမ္ဘိဒါသဘောကို။ ပ ။ အကြင်မျှလောက် နိရုတ္တိ ပဋိသမ္ဘိဒါ၏ နိရုတ္တိပဋိသမ္ဘိဒါသဘောကို။ ပ ။ အကြင်မျှလောက် ပဋိဘာနပဋိသမ္ဘိဒါ၏ ပဋိဘာန ပဋိသမ္ဘိဒါသဘောကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက် ပြုအပ်၏၊ ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော ပဋိဘာန ပဋိသမ္ဘိဒါသဘောသည် မရှိဟု ပညာ မျက်စိသည် ထင်ရှားဖြစ်၏။ ပ ။အလင်းရောင်သည် ထင်ရှားဖြစ်၏။ ပဋိဘာနပဋိသမ္ဘိဒါသဘော၌ ဓမ္မ နှစ်ဆယ့်ငါးပါး အတ္ထနှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

ပဋိသမ္ဘိဒါ လေးပါးတို့၌ ဓမ္မတရာ အတ္ထတရာ နိရုတ္တိနှစ်ရာ ဉာဏ်လေးရာတို့တည်း။

## ၉-ဆ ဗုဒ္ဓဓမ္မဝါရ

၃၈။ အကြင်မျှလောက် ဣန္ဒြိယပရောပရိယတ္တဉာဏ်ကို သိအပ်၏၊ မြင်အပ်၏၊ ထင်ရှားပြု အပ်၏၊မျက်မှောက်ပြုအပ်၏၊ပညာဖြင့် တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော ဣန္ဒြိယပရော

http://www.dhammadownload.com



ပရိယတ္တဉာဏ်သည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏။ ပ ။ အလင်းရောင်သည် ထင်ရှား ဖြစ်၏။ ဣန္ဒြိယပရောပရိယတ္တဉာဏ်၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထနှစ်ဆယ့်ငါးပါး နိရုတ္တိငါးဆယ် ဉာဏ်တရာတို့တည်း။

အကြင်မျှလောက် အာသယာနုသယဉာဏ်ကို။ပ။ အကြင်မျှလောက် ယမကပါဋိဟာရိယဉာဏ် ကို။ပ။အကြင်မျှလောက် မဟာကရုဏာသမာပတ္တိဉာဏ်ကို ။ပ။အကြင်မျှလောက် သဗ္ဗညုတဉာဏ် ကို။ပ။အကြင်မျှလောက် အနာဝရဏဉာဏ်ကို သိအပ်၏၊မြင်အပ်၏၊ ထင်ရှားပြုအပ်၏၊ မျက်မှောက် ပြုအပ်၏၊ ပညာဖြင့်တွေ့ထိအပ်၏၊ ပညာဖြင့် မတွေ့ထိအပ်သော အနာဝရဏဉာဏ်သည် မရှိဟု ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည်ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊အလင်း ရောင်သည် ထင်ရှားဖြစ်၏၊ အနာဝရဏဉာဏ်၌ ဓမ္မနှစ်ဆယ့်ငါးပါး အတ္ထနှစ်ဆယ့်ငါးပါး နိရုတ္တိ ငါးဆယ် ဉာဏ်တရာတို့တည်း။

ဗုဒ္ဓဉာဏ်ခြောက်ပါးတို့၌ ဓမ္မတရာ့ငါးဆယ် အတ္ထတရာ့ငါးဆယ် နိရုတ္တိသုံးရာ ဉာဏ်ခြောက်ရာ တို့တည်း။

ပဋိသမ္ဘိဒါအရာ၌ ဓမ္မရှစ်ရာ့ငါးဆယ် အတ္ထရှစ်ရာ့ငါးဆယ် နိရုတ္တိတထောင့်ခုနစ်ရာ ဉာဏ်သုံး ထောင့်လေးရာတို့တည်း။

ပဋိသမ္ဘိဒါကထာ ပြီး၏။

---

## ၇-ဓမ္မစက္ကကထာ

### ၁-သစ္စဝါရ

၃၉။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ သီတင်းသုံးနေတော်မူ၏။ပ။ဤသို့ ဥဒါန်းကျူးရင့်တော်မူသောကြောင့် အသျှင်ကောဏ္ဍညအား "အညာသိကောဏ္ဍည"ဟူ၍သာလျှင် အမည်သည်ဖြစ်၏။

(က) "ဤကား ဒုက္ခအရိယသစ္စာတည်း"ဟု ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရား တို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ် သောဉာဏ်ပညာသည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အသိဉာဏ် သည်ထင်ရှားဖြစ်၏ ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည်အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ထိုးထွင်း၍ သိတတ် သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ ဉာဏ်အလင်း ရောင်သည်ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ ပညာမျက်စိသည်ထင်ရှား ဖြစ်၏ဟူသည်မြင်ခြင်းသဘောအားဖြင့်, အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်းသဘော အားဖြင့်, အပြားအားဖြင့် သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အပြားအားဖြင့်

http://www.dhammadownload.com



သိခြင်းသဘောအားဖြင့်, ထိုးထွင်း၍ သိတတ်သော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်, အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင် သဘောအားဖြင့် ဖြစ်၏။

မျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ ဉာဏ်သည် ဓမ္မတည်း။ သိခြင်းသဘောသည်အတ္ထတည်း။ ပညာသည်ဓမ္မတည်း၊ ခွဲခြား၍ အပြားအားဖြင့် သိခြင်းသဘောသည်အတ္ထတည်း။ ဝိဇ္ဇာသည် ဓမ္မတည်း၊ ထိုးထွင်း၍ သိခြင်း သဘောသည် အတ္ထတည်း။ အာလောကသည် ဓမ္မတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် ဒုက္ခဝတ္ထုရှိကုန်၏၊ သစ္စာဝတ္ထုရှိကုန်၏၊ သစ္စာအာရုံရှိကုန်၏၊ သစ္စာကျက်စားရာရှိကုန်၏၊ မဂ္ဂသစ္စာဖြင့် ရေတွက်အပ်ကုန်၏၊ သစ္စာ၌အကျုံးဝင်ကုန်၏၊ သစ္စာ၌ကောင်းစွာဖြစ်ကုန်၏၊ သစ္စာ၌တည်ကုန်၏၊ သစ္စာ၌မတုန်မလှုပ်တည်ကုန်၏။

၄၀။ ဓမ္မစကြာဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုရင်း စကြာကိုရင်းဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စကြာကိုရင်း ဓမ္မကိုရင်းဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားဖြင့် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားကျင့်ခြင်းငှါ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌မတုန်မလှုပ် တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌မတုန်မလှုပ် တည်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌အစိုးရသည်အဖြစ်သို့ ရောက်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ အစိုးရသည့်အဖြစ်သို့ ရောက်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ အထွတ်အထိပ်သို့ ရောက်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ အထွတ်အထိပ်သို့ ရောက်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ ရဲရင့်သည့်အဖြစ်သို့ ရောက်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ ရဲရင့်သည့်အဖြစ်သို့ ရောက်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကိုကောင်းစွာပြုလျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကို အလေးပြုလျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကိုမြတ်နိုးလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကို ပူဇော်လျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကို ရိုသေလျက် တုပ်ဝပ်လျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကို တံခွန်ကဲ့သို့ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကို မှန်ကင်းကဲ့သို့ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မအဓိပတိဖြစ်၍ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ ထိုဓမ္မစကြာကို လောက၌ သမဏသည်၎င်း ဗြာဟ္မဏသည်၎င်း နတ်သည်၎င်း မာရ်နတ်သည်၎င်း ဗြဟ္မာသည်၎င်း တစုံတဦးသည်၎င်း နစ်စေခြင်းငှါ မဖြစ်စေနိုင်၊ ထို့ကြောင့် ဓမ္မစကြာမည်၏။

သဒ္ဓိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဝီရိယိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သတိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမာဓိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ပညိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ သဒ္ဓါဗိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဝီရိယဗိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သတိဗိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမာဓိဗိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာ

http://www.dhammadownload.com



မည်၏၊ ပညာဖိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ သတိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဝီရိယသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ပီတိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမာဓိသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။သမ္မာဒိဋ္ဌိသည် ဓမ္မတည်း၊ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊သမ္မာသင်္ကပ္ပသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာဝါစာသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာကမ္မန္တသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာအာဇီဝသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာဝါယာမသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာသတိသည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမ္မာသမာဓိသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

အစိုးရခြင်းသဘောအားဖြင့် ဣန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ မတုန်လှုပ်စေနိုင်ခြင်း သဘောအားဖြင့် ဗိုလ်သည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ထွက်မြောက်ခြင်းသဘောအားဖြင့် ဗောဇ္ဈင်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ (သမ္မာပက) ဟိတ်သဘောအားဖြင့် မဂ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ထင်ခြင်းသဘောအားဖြင့်သတိပဋ္ဌာန်တို့သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မပ္ပဓာန်တို့သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ပြည့်စုံ (ပြီးစီး) ခြင်း သဘောအားဖြင့် ဣဒ္ဓိပါဒ်တို့သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဟုတ်မှန်ခြင်းသဘောအားဖြင့် သစ္စာတို့သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ မပျံ့လွင့်ခြင်း သဘောအားဖြင့် သမထသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ အဖန်ဖန်ရှုခြင်းသဘောအားဖြင့် ဝိပဿနာသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တခုတည်းသောကိစ္စ ရသသဘောအားဖြင့် သမထဝိပဿနာတို့သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ လွန်ရှုံမဖြစ်ခြင်း သဘောအားဖြင့် အစုံတွဲခြင်း 'ယုဂနဒ္ဓ'သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စောင့်စည်းခြင်းသဘောအားဖြင့် သီလဝိသုဒ္ဓိသည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်သောကြောင့် ဓမ္မစကြာမည်၏၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် စိတ္တဝိသုဒ္ဓိသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ မြင်ခြင်းသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိသည် ဓမ္မတည်း၊ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ လွတ်ခြင်းသဘောအားဖြင့် ဝိမောက္ခသည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ထိုးထွင်း၍သိခြင်းသဘောအားဖြင့် ဝိဇ္ဇာသည် ဓမ္မတည်း၊ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စွန့်လွတ်ခြင်းသဘောအားဖြင့် ဝိမုတ္တိသည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ အကြွင်းမဲ့ဖြတ်ခြင်းသဘောအားဖြင့် ခယဉာဏ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တဖန်ငြိမ်းခြင်း သဘော အား

http://www.dhammadownload.com



ဖြင့် အနုပ္ပါဒ အရဟတ္တဖိုလ်ဉာဏ်သည် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဆန္ဒသည် အရင်းအမြစ် သဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ မနသိကာရသည် ကောင်းစွာဖြစ်စေခြင်း သဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဖဿသည် ပေါင်းဆုံခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဝေဒနာသည် စုဝေးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သမာဓိသည် အမှူးသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏၊ သတိသည် အစိုးရသည်၏ အဖြစ်တည်းဟူသော သဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ပညာသည် ထိုထက်လွန်မြတ်ခြင်း သဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဝိမုတ္တိသည် အနှစ်သာရ သဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

ထိုဒုက္ခအရိယသစ္စာကို "ပိုင်းခြား၍သိအပ်၏"ဟု ။ပ။ "ပိုင်းခြား၍ သိပြီးပြီ"ဟု ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။အလင်းရောင်သည် ထင်ရှားဖြစ်၏။

မျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ပ။အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ မျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်။ ပ ။အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

မျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ပ။အလင်းရောင်သည် ဓမ္မတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် ဒုက္ခဝတ္ထုရှိကုန်၏၊သစ္စာဝတ္ထုရှိကုန်၏၊ သစ္စာအာရုံရှိကုန်၏၊ သစ္စာကျက်စားရာရှိကုန်၏၊ သစ္စာဖြင့် ရေတွက်အပ်ကုန်၏၊ သစ္စာ၌အကျုံးဝင်ကုန်၏၊ သစ္စာ၌ ကောင်းစွာဖြစ်ကုန်၏၊ သစ္စာ၌တည်ကုန်၏၊ သစ္စာ၌မတုန်မလှုပ် တည်ကုန်၏။

ဓမ္မစကြာဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုရင်း စကြာကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စကြာကိုရင်း ဓမ္မကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားဖြင့် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားကျင့်ခြင်းငှါ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌မတုန်မလှုပ် တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

(ခ-ဃ) "ဤကား ဒုက္ခသမုဒယအရိယသစ္စာတည်း"ဟု ရှေးအဖို့ကမကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။ ထိုဒုက္ခသမုဒယ အရိယသစ္စာကို"ပယ်အပ်၏"ဟု။ပ။ "ပယ်ပြီးပြီ"ဟု ရှေးအဖို့က မကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း။ ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏ ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ပ။ အာလောကသည် ဓမ္မတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် သမုဒယဝတ္ထုရှိကုန်၏။ သစ္စာဝတ္ထု ရှိကုန်၏။ပ။

နိရောဓဝတ္ထုရှိကုန်၏၊ သစ္စာဝတ္ထု ရှိကုန်၏။ပ။ မဂ္ဂဝတ္ထုရှိကုန်၏၊ သစ္စာဝတ္ထုရှိကုန်၏၊ သစ္စာအာရုံရှိကုန်၏၊ သစ္စာ ကျက်စားရာရှိကုန်၏၊ သစ္စာဖြင့် ရေတွက်အပ်ကုန်၏၊ သစ္စာ၌ အကျုံးဝင်ကုန်၏၊ သစ္စာ၌ကောင်းစွာဖြစ်ကုန်၏၊ သစ္စာ၌တည်ကုန်၏၊ သစ္စာ၌မတုန်မလှုပ်တည်ကုန်၏။

ဓမ္မစကြာဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုရင်း စကြာကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စကြာကိုရင်း ဓမ္မကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မဖြင့်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားကျင့်ခြင်းငှါ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌မတုန်မလှုပ် တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

## ၂-သတိပဋ္ဌာနဝါရ

၄၁။ ရဟန်းတို့"ဤကား ကိုယ်၌ ကာယာနုပဿနာတည်း"ဟု ငါ့အား ရှေးအဖို့ကမကြားဘူးကုန်သောသတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ကိုယ်၌ ထိုကာယာနုပဿနာကို"ပွါးအပ်၏"ဟု ငါ့အား။ပ။ ရဟန်းတို့ "ပွါးပြီးပြီ" ဟု ငါ့အားရှေးအဖို့ကမကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ဤကား ဝေဒနာတို့၌။ပ။ ဤကား စိတ်၌။ပ။ ရဟန်းတို့ "ဤကား တရားတို့၌ ဓမ္မာနုပဿနာတည်း"ဟု ငါ့အား ရှေးအဖို့ကမကြားဘူးကုန်သော သစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ တရားတို့၌ ထိုဓမ္မာနုပဿနာကို "ပွါးအပ်၏"ဟု ငါ့အား။ပ။ ရဟန်းတို့"ပွါးပြီးပြီ"ဟု ငါ့အား ရှေးအဖို့ကမကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

"ဤကား ကိုယ်၌ ကာယာနုပဿနာတည်း"ဟု ရှေးအဖို့ကမကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။ ကိုယ်၌ ထိုကာယာနုပဿနာကို"ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု ရှေးအဖို့ကမကြားဘူးကုန်သော သတိပဋ္ဌာန်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ပ။ အာလောကသည် ဓမ္မတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် ကာယဝတ္ထုရှိကုန်၏၊ သတိပဋ္ဌာန်ဝတ္ထု ရှိကုန်၏။ပ။ဝေဒနာဝတ္ထုရှိကုန်၏၊ သတိပဋ္ဌာန်ဝတ္ထုရှိကုန်၏၊ စိတ်ဝတ္ထုရှိကုန်၏၊ သတိပဋ္ဌာန်ဝတ္ထုရှိကုန်၏၊ တရားဝတ္ထုရှိကုန်၏၊ သတိပဋ္ဌာန်ဝတ္ထုရှိကုန်၏၊ သတိပဋ္ဌာန်အာရုံရှိကုန်၏၊ သတိပဋ္ဌာန်ကျက်စားရာရှိကုန်၏၊ သတိပဋ္ဌာန်ဖြင့် ရေတွက်အပ်ကုန်၏၊ သတိပဋ္ဌာန်၌ အကျုံးဝင်ကုန်၏၊ သတိပဋ္ဌာန်၌ ကောင်းစွာဖြစ်ကုန်၏၊ သတိပဋ္ဌာန်၌ တည်ကုန်၏၊ သတိပဋ္ဌာန်၌ မတုန်မလှုပ် တည်ကုန်၏။

ဓမ္မစကြာဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုင်း စကြာကိုင်းဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စကြာကိုင်း ဓမ္မကိုင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မဖြင့်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားကျင့်ခြင်း၌ ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရား၌တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရား၌မတုန်မလှုပ်တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

## ၃-ဣဒ္ဓိပါဒဝါရ

၄၂။ ရဟန်းတို့ "ဤကား ဆန္ဒ(လွန်ကဲ) ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ရှေးအဖို့၌ ငါ့အားမကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ဆန္ဒ(လွန်ကဲ) ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု ငါ့အား။ပ။ ရဟန်းတို့"ပွါးပြီးပြီ"ဟု ငါ့အား ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

ဤကား ဝီရိယ(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။ ဤကား စိတ်(လွန်ကဲ)ကြီးမှူးသော သမာဓိ။ပ။ရဟန်းတို့"ဤကား ဝီမံသ'ပညာ'(လွန်ကဲ)ကြီးမှူးသော သမာဓိအားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ငါ့အား ရှေးအဖို့ကမကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ ဝီမံသ 'ပညာ' (လွန်ကဲ)ကြီးမှူးသော သမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသောဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု ငါ့အား။ပ။ ရဟန်းတို့ "ပွါးပြီးပြီ"ဟု ငါ့အား ရှေးအဖို့ကမကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။

"ဤကား ဆန္ဒ(လွန်ကဲ) ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ရှေးအဖို့ကမကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ်အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။ ဆန္ဒ(လွန်ကဲ)ကြီးမှူးသော သမာဓိ

http://www.dhammadownload.com



အားထုတ်ခြင်းသင်္ခါရတို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟူ။ပ။ "ပွါးပြီးပြီ"ဟု ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ ဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့်သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း၊ ဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း၊ ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်ဖြစ်သနည်း။

ပညာမျက်စိသည်ထင်ရှားဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်။ အသိဉာဏ်သည် ထင်ရှားဖြစ်၏ဟူသည် သိခြင်းသဘောအားဖြင့်၊ အပြားအားဖြင့်သိတတ်သောဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ဟူသည် အပြားအားဖြင့်သိခြင်းသဘောအားဖြင့်။ ထိုးထွင်း၍သိတတ်သောဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏ဟူသည် ထိုးထွင်း၍သိခြင်းသဘောအားဖြင့်။ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်းရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ သိခြင်းသည် ဓမ္မတည်း၊ သိခြင်းသဘောသည် အတ္ထတည်း။ ပညာသည် ဓမ္မတည်း၊ အပြားအားဖြင့် သိခြင်းသဘောသည် အတ္ထတည်း။ ဝိဇ္ဇာသည် ဓမ္မတည်း၊ ထိုးထွင်း၍သိခြင်းသဘောသည် အတ္ထတည်း။ အလင်းရောင်သည် ဓမ္မတည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် ဆန္ဒဝတ္ထုရှိကုန်၏၊ ဣဒ္ဓိပါဒ်ဝတ္ထုရှိကုန်၏၊ ဣဒ္ဓိပါဒ်အာရုံရှိကုန်၏၊ ဣဒ္ဓိပါဒ်ကျက်စားရာရှိကုန်၏၊ ဣဒ္ဓိပါဒ်ဖြင့်ရေတွက်အပ်ကုန်၏၊ ဣဒ္ဓိပါဒ်၌အကျုံးဝင်ကုန်၏၊ ဣဒ္ဓိပါဒ်၌ ကောင်းစွာဖြစ်ကုန်၏၊ ဣဒ္ဓိပါဒ်၌တည်ကုန်၏၊ ဣဒ္ဓိပါဒ်၌ မတုန်မလှုပ် တည်ကုန်၏။

ဓမ္မစကြာဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုရင်း စကြာကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ စကြာကိုရင်း ဓမ္မကိုရင်း ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မဖြင့်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကျင့်ခြင်းငှါဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌မတုန်မလှုပ်တည်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌တည်စေသည်ဖြစ်၍ဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏၊ ဓမ္မ၌အစိုးရသည်အဖြစ်သို့ ရောက်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌အစိုးရသည့်အဖြစ်သို့ရောက်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ အထွတ်အထိပ်သို့ ရောက်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌အထွတ်အထိပ်သို့ရောက်စေလျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ပ။ ဓမ္မကိုရိုသေတုပ်ဝပ်လျက်ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကိုတံခွန်ကဲ့သို့ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မကိုမှန်ကင်းကဲ့သို့ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မအဓိပတိဖြစ်၍ဖြစ်သောကြောင့် ဓမ္မစကြာမည်၏။ ထိုဓမ္မစကြာကို လောက၌ သမဏဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာတစုံတဦးသောသူသည် နစ်စေခြင်းငှါမဖြစ်စေနိုင်၊ ထို့ကြောင့် ဓမ္မစကြာမည်၏။

http://www.dhammadownload.com



**သဒ္ဓိန္ဒြေသည် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည်** ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကိုဖြစ်စေ၏၊ ထို့ကြောင့် ဓမ္မစကြာမည်၏။

"ဤကား ဝီရိယ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု ရှေးအဖို့ကမကြားဘူးကုန်သောဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှား ဖြစ်၏။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏။ပ။ ဝီရိယ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်း သင်္ခါရတို့နှင့်ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို "ပွါးအပ်၏"ဟု။ပ။ "ပွါးပြီးပြီ"ဟု ရှေးအဖို့က မကြားဘူးကုန်သော ဣဒ္ဓိပါဒ်တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏။ပ။ ဉာဏ် အလင်း ရောင်သည် ထင်ရှားဖြစ်၏။

ပညာမျက်စိသည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့်။ပ။ ဉာဏ်အလင်းရောင် သည် ထင်ရှားဖြစ်၏ဟူသည် အဘယ်သဘောအားဖြင့် ဖြစ်သနည်း။ ပညာမျက်စိသည် ထင်ရှား ဖြစ်၏ဟူသည် မြင်ခြင်းသဘောအားဖြင့်။ပ။ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟူသည် အလင်း ရောင်သဘောအားဖြင့် ဖြစ်၏။

ပညာမျက်စိသည် ဓမ္မတည်း၊ မြင်ခြင်းသဘောသည် အတ္ထတည်း။ ပ ။အလင်းရောင်သည် ဓမ္မ တည်း၊ အလင်းရောင်သဘောသည် အတ္ထတည်း။

ဤဓမ္မငါးပါး အတ္ထငါးပါးတို့သည် ဝီရိယဝတ္ထု ရှိကုန်၏၊ ဣဒ္ဓိပါဒ်ဝတ္ထု ရှိကုန်၏။ ပ ။ စိတ် ဝတ္ထု ရှိကုန်၏၊ ဣဒ္ဓိပါဒ်ဝတ္ထုရှိကုန်၏။ ဝီမံသဝတ္ထုရှိကုန်၏၊ ဣဒ္ဓိပါဒ်ဝတ္ထု ရှိကုန်၏၊ ဣဒ္ဓိပါဒ်အာရုံ ရှိကုန်၏၊ ဣဒ္ဓိပါဒ်ကျက်စားရာ ရှိကုန်၏၊ ဣဒ္ဓိပါဒ်ဖြင့် ရေတွက်အပ်ကုန်၏၊ ဣဒ္ဓိပါဒ်၌ အကျုံးဝင် ကုန်၏၊ ဣဒ္ဓိပါဒ်၌ ကောင်းစွာ ဖြစ်ကုန်၏၊ ဣဒ္ဓိပါဒ်၌ တည်ကုန်၏၊ ဣဒ္ဓိပါဒ်၌ မတုန်မလှုပ် ဘည်ကုန်၏။

ဓမ္မစကြာ ဟူသည် အဘယ်သဘောအားဖြင့် ဓမ္မစကြာမည်သနည်း၊ ဓမ္မကိုရှင်း စကြာကိုရှင်း ဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏၊ စကြာကိုရှင်း ဓမ္မကိုရှင်း ဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏၊ ဓမ္မဖြင့် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ တရားကျင့်ခြင်းငှါ ဖြစ်စေသောကြောင့် ဓမ္မစကြာ မည်၏၊ ဓမ္မ၌တည်လျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏၊ ဓမ္မ၌ မတုန်မလှုပ် တည်လျက် ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။ ပ ။ သေခြင်းမရှိရာသို့ သက်ဝင်ရာ နိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ဓမ္မတည်း၊ ထိုဓမ္မကို ဖြစ်စေသောကြောင့် ဓမ္မစကြာမည်၏။

ဓမ္မစက္ကကထာ ပြီး၏။

---

## ဂ-လောကုတ္တရကထာ

၄၃။ အဘယ်တရားတို့သည် လောကုတ္တရာ မည်ကုန်သနည်း၊ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, အင်္ဂါရှစ်ပါးရှိသော အရိယမဂ်, အရိယမဂ်လေးပါး, သာမညဖိုလ်လေးပါး, နိဗ္ဗာန် ဤတရားတို့သည် လောကုတ္တရာ မည်ကုန်၏။

http://www.dhammadownload.com



လောကုတ္တရာတို့ဟူသည် အဘယ်သဘောအားဖြင့် လောကုတ္တရာတို့မည်ကုန်သနည်း၊ လောကကို လွန်သောကြောင့် လောကုတ္တရာမည်ကုန်၏။ လောကမှ လွန်တတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကထက် လွန်မြောက်သောကြောင့် လောကုတ္တရာ၊ လောကမှ လွန်မြောက်သောကြောင့် လောကုတ္တရာ၊ လောကကို ကောင်းစွာ လွန်ကုန်သောကြောင့် လောကုတ္တရာ၊ လောကကိုကောင်းစွာ လွန်ကုန်သောကြောင့်လောကုတ္တရာ၊ လောကကိုကောင်းစွာလွန်ကုန်ပြီးသောကြောင့်လောကုတ္တရာ၊ လောကထက် လွန်ကဲကုန်သောကြောင့် လောကုတ္တရာ၊ လောကအဆုံးကို လွန်မြောက်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ထွက်မြောက်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ထွက်မြောက်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ထွက်မြောက်ကုန်ပြီးသောကြောင့် လောကုတ္တရာ၊ လောကမှ ကင်းသောအားဖြင့် ဖြစ်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် ကင်းကုန်ပြီးဖြစ်သောကြောင့် လောကုတ္တရာ၊ လောကမှ ကင်းကုန်ပြီးသောကြောင့် လောကုတ္တရာ၊ လောက၌ မတည်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှာ မတည်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ မလိမ်းကျံကုန်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် မလိမ်းကျံကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ မငြိကပ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် ကောင်းစွာမငြိကပ်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ မစွမ်းမငြိကုန်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် မစွမ်းငြိကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ ကင်းလွတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် ကင်းလွတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ကင်းလွတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ကင်းလွတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကတွင် ကင်းလွတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ ယှဉ်ခြင်း ကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကအားဖြင့် ယှဉ်ခြင်း ကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကဝယ် ယှဉ်ခြင်း ကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ယှဉ်ခြင်း ကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ယှဉ်ခြင်းကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ စင်ကြယ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ စင်ကြယ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ စင်ကြယ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ အထူးစင်ကြယ် ကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ အထူးစင်ကြယ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကတွင် အထူးစင်ကြယ်ကုန်သောကြောင့် လောကုတ္တရာ။

လောကမှ ထကုန်သောကြောင့် လောကုတ္တရာ၊ လောကမှ ထကုန်သောကြောင့် လောကုတ္တရာ၊ လောကတွင်းမှ ထကုန်သောကြောင့် လောကုတ္တရာ။ လောကမှ ကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကမှကင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကတွင်းမှ ကင်းကုန်သောကြောင့် လောကုတ္တရာ။

လောက၌ မကပ်ငြိကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ မယူအပ်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၌ မနှောင်ဖွဲ့အပ်သောကြောင့် လောကုတ္တရာ။

လောကကို ကောင်းစွာ ဖြတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကကို ကောင်းစွာ ဖြတ်ကုန်ပြီးသောကြောင့် လောကုတ္တရာ။

လောကကို တဖန်ငြိမ်းစေကုန်သောကြောင့် လောကုတ္တရာ၊ လောကကို တဖန်ငြိမ်းစေကုန်ပြီးသောကြောင့် လောကုတ္တရာ။ လောက၏ လမ်းမဟုတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၏

http://www.dhammadownload.com



တည်ရာ မဟုတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောက၏ အရာမဟုတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကနှင့် မဆက်ဆံကုန်သောကြောင့် လောကုတ္တရာ၊ လောကကို ပျို့အန်ကုန်သောကြောင့် လောကုတ္တရာ၊ လောကကို တဖန်မပျို့အန်ကုန်သောကြောင့် လောကုတ္တရာ၊ လောကကို ပယ်စွန့် ကုန်သောကြောင့် လောကုတ္တရာ။ လောကကို မစွဲယူသောကြောင့် လောကုတ္တရာ၊ လောက၌ မဖွဲ့စေသောကြောင့် လောကုတ္တရာ၊ လောကကို လွန်စွာ မဖွဲ့တတ်ကုန်သောကြောင့် လောကုတ္တရာ၊ လောကကို ငြိမ်းစေကုန်သောကြောင့် လောကုတ္တရာ၊ လောကကို မထွန်းလင်းကုန်သောကြောင့် လောကုတ္တရာ၊ လောကကို ကောင်းစွာလွန်၍ လွှမ်းမိုး၍ တည်ကုန်သောကြောင့် လောကုတ္တရာတို့ မည်ကုန်၏။

လောကုတ္တရကထာ ပြီး၏။

---

## ၉-ဗလ ကထာ

၄၄။ သာဝတ္ထိ နိဒါန်းတည်း။ ရဟန်းတို့ ဗလတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်းဟူမူ—သဒ္ဓါဗလ, ဝီရိယဗလ, သတိဗလ, သမာဓိဗလ, ပညာဗလတို့တည်း။ ရဟန်းတို့ ဗလတို့သည် ဤငါးပါးတို့တည်း။

တနည်းကား ဗလတို့သည် ခြောက်ဆယ့်ရှစ်ပါးတို့တည်း၊ သဒ္ဓါဗလ, ဝီရိယဗလ, သတိဗလ, သမာဓိဗလ, ပညာဗလ, ဟိရိဗလ, ဩတ္တပ္ပဗလ, ဆင်ခြင်ခြင်း 'ပဋိသင်္ခါန'ဗလ, ဘာဝနာဗလ, အပြစ်မဲ့ခြင်း'အနဝဇ္ဇ'ဗလ, ချီးမြှင့်ခြင်း'သင်္ဂဟ'ဗလ, သည်းခံခြင်း 'ခန္တီ'ဗလ, ပညတ္တိဗလ, ရစေခြင်း နိဇ္ဈတ္တိဗလ, အစိုးရခြင်း 'ဣဿရိယ'ဗလ, အဓိဋ္ဌာန်ဗလ, သမထဗလ, ဝိပဿနာဗလ, သေခဗလ ဆယ်ပါး, အသေခဗလဆယ်ပါး, ရဟန္တာ'ခီဏာသဝ'ဗလ ဆယ်ပါး, (ပြည့်စုံ ပြီးစီးခြင်း) ဣဒ္ဓိဗလ ဆယ်ပါး မြတ်စွာဘုရား၏ ဗလဆယ်ပါးတို့တည်း။

အဘယ်သည် သဒ္ဓါဗလမည်သနည်း၊ သဒ္ဓါမရှိခြင်း၌ မတုန်လှုပ်စေနိုင်သောကြောင့် သဒ္ဓါဗလမည်၏၊တက္ကဖြစ်ကုန်သောတရားတို့ကို ထောက်ပံ့ခြင်း သဘောအားဖြင့် သဒ္ဓါဗလ၊ ကိလေသာတို့ကို ကုန်စေခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊ ထိုးထွင်း၍သိခြင်းစသည်ကို အထူးသုစ်သင်ခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊စိတ်၏တည်ရာသဘောအားဖြင့် သဒ္ဓါဗလ၊စိတ်၏ဖြူစင်စေခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊ အထူးကို ရခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊ အလွန်ကို ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊ သစ္စာကို ထိုးထွင်း၍ သိခြင်းသဘောအားဖြင့် သဒ္ဓါဗလ၊ နိဗ္ဗာန်၌ တည်စေတတ်သော သဘောအားဖြင့် သဒ္ဓါဗလမည်၏၊ ဤကား သဒ္ဓါဗလတည်း။ (၁)

အဘယ်သည် ဝီရိယဗလမည်သနည်း၊ ပျင်းရိခြင်း၌ မတုန်လှုပ်စေနိုင်သောကြောင့် ဝီရိယဗလမည်၏၊တက္ကဖြစ်ကုန်သောတရားတို့ကို ထောက်ပံ့ခြင်းသဘောအားဖြင့် ဝီရိယဗလ၊ကိလေသာတို့ကို ကုန်စေခြင်းသဘောအားဖြင့် ဝီရိယဗလ၊ ထိုးထွင်း၍ သိခြင်းစသည်ကို အထူး သုစ်သင်ခြင်း သဘောအားဖြင့် ဝီရိယဗလ၊ စိတ်၏တည်ရာ သဘောအားဖြင့် ဝီရိယဗလ၊ စိတ်၏ ဖြူစင်စေခြင်း သဘောအားဖြင့် ဝီရိယဗလ၊ တရားအထူးကို ရခြင်းသဘောအားဖြင့် ဝီရိယဗလ၊ လွန်စွာ ထိုးထွင်း၍ သိတတ်သောသဘောအားဖြင့် ဝီရိယဗလ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော သဘောအားဖြင့် ဝီရိယဗလ၊ နိဗ္ဗာန်၌ တည်စေတတ်သောသဘောအားဖြင့် ဝီရိယဗလမည်၏၊ ဤကား ဝီရိယဗလတည်း။ (၂)

http://www.dhammadownload.com



အဘယ်သည် သတိဗလမည်သနည်း၊ မေ့လျော့ခြင်း၌ မတုန်မလှုပ်စေနိုင်သောကြောင့် သတိဗလမည်၏၊ တက္ကဖြစ်ကုန်သော တရားတို့ကို ထောက်ပံ့ခြင်းသဘောအားဖြင့် သတိဗလ။ ပ ။ နိဗ္ဗာန်၌ တည်စေတတ်သောသဘောအားဖြင့် သတိဗလမည်၏၊ ဤကား သတိဗလတည်း။ (၃)

အဘယ်သည် သမာဓိဗလမည်သနည်း၊ ဥဒ္ဓစ္စ၌ မတုန်လှုပ်စေနိုင်သောကြောင့် သမာဓိဗလမည်၏၊ တက္ကဖြစ်သော တရားတို့ကို ထောက်ပံ့ခြင်း သဘောအားဖြင့် သမာဓိဗလ။ ပ။ နိဗ္ဗာန်၌ တည်စေခြင်းသဘောအားဖြင့် သမာဓိဗလမည်၏၊ ဤကားသမာဓိဗလတည်း။ (၄)

အဘယ်သည် ပညာဗလ မည်သနည်း၊ အဝိဇ္ဇာ၌ မတုန်မလှုပ်စေနိုင်သောကြောင့် ပညာဗလမည်၏၊ တက္ကဖြစ်ကုန်သောတရားတို့ကို ထောက်ပံ့ခြင်း သဘောအားဖြင့် ပညာဗလ။ ပ ။ နိဗ္ဗာန်၌ တည်စေတတ်သော သဘောအားဖြင့် ပညာဗလမည်၏၊ ဤကား ပညာဗလတည်း။ (၅)

အဘယ်သည် ဟိရိဗလမည်သနည်း၊ ဈာန်ဖြင့် ကာမစ္ဆန္ဒမှ ရှက်သောကြောင့် ဟိရိဗလမည်၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ရှက်သောကြောင့် ဟိရိဗလ၊ အာလောကသညာဖြင့် ထိနမိဒ္ဓမှ ရှက်သောကြောင့် ဟိရိဗလ၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စမှရှက်သောကြောင့် ဟိရိဗလ၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကိုရှက်သောကြောင့် ဟိရိဗလ၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ရှက်သောကြောင့် ဟိရိဗလ၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းမှ ရှက်သောကြောင့် ဟိရိဗလ၊ ပဌမဈာန်ဖြင့် နီဝရဏတို့မှ ရှက်သောကြောင့် ဟိရိဗလ။ ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာ အားလုံးတို့ကို ရှက်သောကြောင့် ဟိရိဗလမည်၏၊ ဤကား ဟိရိဗလတည်း။ (၆)

အဘယ်သည် ဩတ္တပ္ပဗလ မည်သနည်း၊ ဈာန်ဖြင့် ကာမစ္ဆန္ဒမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလမည်၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ အာလောကသညာဖြင့် ထိနမိဒ္ဓမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ ဉာဏ်ဖြင့် အဝိဇ္ဇာမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းမှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ၊ ပဌမဈာန်ဖြင့် နီဝရဏတို့မှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ။ ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့မှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလမည်၏၊ ဤကား ဩတ္တပ္ပဗလတည်း။ (၇)

အဘယ်သည် စူးစမ်းဆင်ခြင်ခြင်း 'ပဋိသင်္ခါန'ဗလမည်သနည်း၊ ဈာန်ဖြင့် ကာမစ္ဆန္ဒကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလမည်၏၊ မေတ္တာဖြင့် ဗျာပါဒကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ သမာဓိဖြင့် ဥဒ္ဓစ္စကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလ၊ ပဌမဈာန်ဖြင့် နီဝရဏတို့ကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်း ဗလ။ ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို စူးစမ်းဆင်ခြင်သောကြောင့် စူးစမ်းဆင်ခြင်ခြင်းဗလမည်၏၊ ဤကားစူးစမ်းဆင်ခြင်ခြင်း'ပဋိသင်္ခါန' ဗလတည်း။ (၈)

http://www.dhammadownload.com



အဘယ်သည် ဘာဝနာဗလမည်သနည်း၊ ကာမစ္ဆန္ဒကို ပယ်စွန့်လျက် ဈာန်ကို ပွါးသောကြောင့် ဘာဝနာဗလမည်၏၊ ဗျာပါဒကို ပယ်စွန့်လျက် မေတ္တာကို ပွါးသောကြောင့် ဘာဝနာဗလ၊ ထိနမိဒ္ဓကို ပယ်စွန့်လျက် အာလောကသညာကို ပွါးသောကြောင့် ဘာဝနာဗလ၊ ဥဒ္ဓစ္စကို ပယ်စွန့်လျက် သမာဓိကို ပွါးသောကြောင့် ဘာဝနာဗလ၊ ဝိစိကိစ္ဆာကို ပယ်စွန့်လျက် ဓမ္မဝဝတ္ထာန်ကို ပွါးသောကြောင့် ဘာဝနာဗလ၊ အဝိဇ္ဇာကို ပယ်စွန့်လျက်ဉာဏ်ကိုပွါးသောကြောင့် ဘာဝနာဗလ၊ မမွေ့လျော်ခြင်းကို ပယ်စွန့်လျက် ဝမ်းမြောက်ခြင်းကို ပွါးသောကြောင့် ဘာဝနာဗလ၊ နီဝရဏတို့ကိုပယ်စွန့်လျက် ပဌမဈာန်ကို ပွါးသောကြောင့် ဘာဝနာဗလ။ပ။ ကိလေသာ အားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ်ကို ပွါးသောကြောင့် ဘာဝနာဗလမည်၏၊ ဤကား ဘာဝနာဗလတည်း။ (၉)

အဘယ်သည် အပြစ်မဲ့ 'အနဝဇ္ဇ'ဗလမည်သနည်း၊ ကာမစ္ဆန္ဒကို ပယ်ပြီးသည်ဖြစ်၍ ဈာန်၌ တစုံတရာ အပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလမည်၏၊ ဗျာပါဒကို ပယ်ပြီးသည်ဖြစ်၍ အဗျာပါဒ၌ တစုံတရာအပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်း ဗလ၊ ထိနမိဒ္ဓကို ပယ်ပြီးသည် ဖြစ်၍ အာလောကသညာ၌ တစုံတရာ အပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်း ဗလ၊ ဥဒ္ဓစ္စကို ပယ်ပြီးသည်ဖြစ်၍ သမာဓိ၌ တစုံတရာ အပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလ၊ ဝိစိကိစ္ဆာကို ပယ်ပြီးသည်ဖြစ်၍ ဓမ္မဝဝတ္ထာန်၌ တစုံတရာအပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလ၊ အဝိဇ္ဇာကိုပယ်ပြီးသည်ဖြစ်၍ဉာဏ်၌ တစုံတရာ အပြစ်သည်မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလ၊မမွေ့လျော်ခြင်းကို ပယ်ပြီးသည်ဖြစ်၍ ဝမ်းမြောက်ခြင်း၌ တစုံတရာအပြစ်သည်မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလ၊ နီဝရဏတို့ကို ပယ်ပြီးသည်ဖြစ်၍ ပဌမဈာန်၌ တစုံတရာအပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလ။ပ။ကိလေသာအားလုံးတို့ကို ပယ်ပြီးသည်ဖြစ်၍ အရဟတ္တမဂ်၌ တစုံတရာအပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ခြင်းဗလမည်၏၊ ဤကား အပြစ်မဲ့ခြင်းဗလတည်း။ (၁၀)

အဘယ်သည် ချီးမြှင့်ခြင်း 'သင်္ဂဟ' ဗလမည်သနည်း၊ ကာမစ္ဆန္ဒကို ပယ်စွန့်လျက် ဈာန်၏ အစွမ်းဖြင့် စိတ်ကိုချီးမြှင့်သောကြောင့် ချီးမြှင့်ခြင်းဗလမည်၏၊ဗျာပါဒကို ပယ်စွန့်လျက် မေတ္တာ၏ အစွမ်းဖြင့် စိတ်ကိုချီးမြှင့်သောကြောင့် ချီးမြှင့်ခြင်းဗလ၊ ထိနမိဒ္ဓကို ပယ်စွန့်လျက် အာလောကသညာ၏ အစွမ်းဖြင့် စိတ်ကိုချီးမြှင့်သောကြောင့် ချီးမြှင့်ခြင်းဗလ။ပ။ကိလေသာ အားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ်၏ အစွမ်းဖြင့် စိတ်ကိုချီးမြှင့်သောကြောင့် ချီးမြှင့်ခြင်းဗလမည်၏၊ ဤကား ချီးမြှင့်ခြင်း 'သင်္ဂဟ'ဗလ တည်း။ (၁၁)

အဘယ်သည် နှစ်သက်ခြင်း 'ခန္တီ' ဗလ မည်သနည်း၊ ကာမစ္ဆန္ဒကို ပယ်ပြီးသည်ဖြစ်၍ နေက္ခမ္မကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလမည်၏၊ ဗျာပါဒကို ပယ်ပြီးသည်ဖြစ်၍ အဗျာပါဒကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ ထိနမိဒ္ဓကို ပယ်ပြီးသည်ဖြစ်၍ အာလောကသညာကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ ဥဒ္ဓစ္စကိုပယ်ပြီးသည်ဖြစ်၍ မပျံ့လွင့်ခြင်းကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ ဝိစိကိစ္ဆာကို ပယ်ပြီးသည်ဖြစ်၍ ဓမ္မဝဝတ္ထာန်ကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ အဝိဇ္ဇာကို ပယ်ပြီးသည်ဖြစ်၍ ဉာဏ်ကိုနှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ မမွေ့လျော်ခြင်းကို ပယ်ပြီးသည်ဖြစ်၍ ဝမ်းမြောက်ခြင်းကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဗလ၊ နီဝရဏကိုပယ်ပြီးသည်ဖြစ်၍ ပဌမဈာန်ကိုနှစ်သက်သောကြောင့် နှစ်သက်ခြင်း

http://www.dhammadownload.com



ဖလ။ပ။ ကိလေသာအားလုံးတို့ကို ပယ်ပြီးသည်ဖြစ်၍ အရဟတ္တမဂ်ကို နှစ်သက်သောကြောင့် နှစ်သက်ခြင်းဖလမည်၏၊ ဤကား နှစ်သက်ခြင်း 'ခန္တိ'ဖလတည်း။ (၁၂)

အဘယ်သည် နှစ်သက်စေခြင်း ပညတ္တိဖလမည်သနည်း။ ကာမစ္ဆန္ဒကို ပယ်စွန့်လျက်ချာန်၏ အစွမ်းဖြင့် စိတ်ကိုနှစ်သက်စေသောကြောင့် နှစ်သက်စေခြင်း ပညတ္တိဖလမည်၏၊ဗျာပါဒကို ပယ်စွန့်လျက် မေတ္တာအစွမ်းဖြင့် စိတ်ကိုနှစ်သက်စေသောကြောင့် နှစ်သက်စေခြင်းပညတ္တိဖလ၊ ထိနမိဒ္ဓကို ပယ်စွန့်လျက် အာလောကသညာ၏အစွမ်းဖြင့် စိတ်ကိုနှစ်သက်စေသောကြောင့် နှစ်သက်စေခြင်း ပညတ္တိဖလ။ပ။ကိလေသာအားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ်အစွမ်းဖြင့် စိတ်ကိုနှစ်သက်စေသောကြောင့် နှစ်သက်စေခြင်း ပညတ္တိဖလမည်၏၊ ဤကား နှစ်သက်စေခြင်း ပညတ္တိဖလတည်း။ (၁၃)

အဘယ်သည် ကြံစည်စေခြင်း 'နိဇ္ဈတ္တိ' ဖလ မည်သနည်း။ ကာမစ္ဆန္ဒကို ပယ်စွန့်လျက် နေက္ခမ္မအစွမ်းဖြင့် စိတ်ကိုကြံစည်စေသောကြောင့် ကြံစည်စေခြင်း 'နိဇ္ဈတ္တိ'ဖလမည်၏၊ဗျာပါဒကို ပယ်စွန့်လျက် မေတ္တာအစွမ်းဖြင့် စိတ်ကိုကြံစည်စေသောကြောင့် ကြံစည်စေခြင်း 'နိဇ္ဈတ္တိ'ဖလ၊ ထိနမိဒ္ဓကို ပယ်စွန့်လျက် အာလောကသညာ၏ အစွမ်းဖြင့် စိတ်ကိုကြံစည်စေသောကြောင့် ကြံစည်စေခြင်း 'နိဇ္ဈတ္တိ'ဖလ။ပ။ကိလေသာအားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ်အစွမ်းဖြင့် စိတ်ကိုကြံစည်စေသောကြောင့် ကြံစည်စေခြင်း 'နိဇ္ဈတ္တိ'ဖလမည်၏၊ ဤကား ကြံစည်စေခြင်း နိဇ္ဈတ္တိဖလတည်း။ (၁၄)

အဘယ်သည် အစိုးရခြင်း 'ဣဿရိယ' ဖလမည်သနည်း။ ကာမစ္ဆန္ဒကို ပယ်စွန့်လျက် ဈာန်၏အစွမ်းဖြင့် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေသောကြောင့် အစိုးရခြင်း 'ဣဿရိယ' ဖလမည်၏၊ ဗျာပါဒကို ပယ်စွန့်လျက် မေတ္တာအစွမ်းဖြင့် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေသောကြောင့် အစိုးရခြင်းဖလ၊ထိနမိဒ္ဓကိုပယ်စွန့်လျက် အာလောကသညာ၏အစွမ်းဖြင့် စိတ်ကိုမိမိအလိုအတိုင်း ဖြစ်စေသောကြောင့် အစိုးရခြင်းဖလ။ပ။ကိလေသာအားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ်အစွမ်းဖြင့် စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေသောကြောင့် အစိုးရခြင်းဖလမည်၏၊ ဤကား အစိုးရခြင်း 'ဣဿရိယ'ဖလတည်း။ (၁၅)

အဘယ်သည် အဓိဋ္ဌာနဖလ မည်သနည်း။ ကာမစ္ဆန္ဒကို ပယ်စွန့်လျက် နေက္ခမ္မအစွမ်းဖြင့် စိတ်ကို အဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဖလမည်၏၊ဗျာပါဒကို ပယ်စွန့်လျက် အဗျာပါဒအစွမ်းဖြင့် စိတ်ကို အဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဖလ၊ ထိနမိဒ္ဓကို ပယ်စွန့်လျက် အာလောကသညာ၏ အစွမ်းဖြင့် စိတ်ကိုအဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဖလ။ပ။ကိလေသာအားလုံးတို့ကို ပယ်စွန့်လျက် အရဟတ္တမဂ် အစွမ်းဖြင့် စိတ်ကိုအဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဖလမည်၏၊ဤကား အဓိဋ္ဌာနဖလတည်း။ (၁၆)

အဘယ်သည် သမထဖလမည်သနည်း။ ဈာန်၏အစွမ်းဖြင့် စိတ်၏အာရုံ တခုတည်းရှိသည်အဖြစ် မပျံ့လွင့်ခြင်းသည် သမထဖလ၊အဗျာပါဒအစွမ်းဖြင့် စိတ်၏အာရုံတခုတည်း ရှိသည်အဖြစ် မပျံ့လွင့်ခြင်းသည် သမထဖလ၊ အာလောကသညာ၏အစွမ်းဖြင့် စိတ်၏အာရုံ တခုတည်းရှိသည်အဖြစ် မပျံ့လွင့်ခြင်းသည် သမထဖလ။ပ။ပဋိနိဿဂ္ဂါနုပဿနာရှိသည်ဖြစ်၍ ဝင်သက်အစွမ်းဖြင့် စိတ်၏အာရုံ တခုတည်းရှိသည်အဖြစ် မပျံ့လွင့်ခြင်းသည် သမထဖလ၊ ပဋိနိဿဂ္ဂါနုပဿနာ ရှိသည်ဖြစ်၍ ထွက်သက်အစွမ်းဖြင့် စိတ်၏အာရုံတခုတည်း ရှိသည်အဖြစ် မပျံ့လွင့်ခြင်းသည် သမထဖလမည်၏။

http://www.dhammadownload.com



သမထဖလဟူသည် အဘယ်သဘောအားဖြင့် သမထဖလ မည်သနည်း။ ပဌမစျာန်ဖြင့် နီဝရဏ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ ဒုတိယ စျာန်ဖြင့် ဝိတက်ဝိစာရ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ တတိယ စျာန်ဖြင့် ပီတိ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊စတုတ္ထ စျာန်ဖြင့် သုခ ဒုက္ခ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ အာကိဉ္စညာယတန သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာ၌ မတုန်လှုပ်သောကြောင့် သမထဖလ၊ ဥဒ္ဓစ္စ၌ရင်း ဥဒ္ဓစ္စနှင့်တကွဖြစ်သော ကိလေသာ၌ရင်း ခန္ဓာ၌ရင်း မတုန်မလှုပ် မရွေ့သောကြောင့် သမထဖလမည်၏၊ ဤကား သမထဖလတည်း။ (၁၇)

အဘယ်သည် ဝိပဿနာဖလမည်သနည်း။အနိစ္စာနုပဿနာသည် ဝိပဿနာဖလ၊ဒုက္ခာနုပဿနာသည် ဝိပဿနာဖလ။ပ။ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဖလ၊ ရုပ်၌ အနိစ္စာနုပဿနာသည် ဝိပဿနာဖလ၊ ရုပ်၌ ဒုက္ခာနုပဿနာသည် ဝိပဿနာဖလ။ပ။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဖလ၊ ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ဇရာမရဏ၌ အနိစ္စာနုပဿနာသည် ဝိပဿနာဖလ၊ ဇရာမရဏ၌ ဒုက္ခာနုပဿနာသည် ဝိပဿနာဖလ။ပ။ဇရာမရဏ၌ ပဋိနိဿဂ္ဂါနုပဿနာသည် ဝိပဿနာဖလမည်၏။

ဝိပဿနာဖလဟူသည် အဘယ်သဘောအားဖြင့် ဝိပဿနာဖလမည်သနည်း။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာ၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ဒုက္ခာနုပဿနာဖြင့် သုခသညာ၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ အနတ္တာနုပဿနာဖြင့် အတ္တသညာ၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ခြင်း၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ ဝိရာဂါနုပဿနာဖြင့် ရာဂ၌မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ နိရောဓာနုပဿနာဖြင့် ဖြစ်ပွါးခြင်း 'သမုဒယ'၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်း၌ မတုန်လှုပ်သောကြောင့် ဝိပဿနာဖလ၊ အဝိဇ္ဇာ၌ရင်း အဝိဇ္ဇာနှင့် တကွဖြစ်သောကိလေသာ၌ရင်း ခန္ဓာ၌ရင်း မတုန်မလှုပ် မရွေ့သောကြောင့် ဝိပဿနာဖလမည်၏၊ ဤကား ဝိပဿနာဖလတည်း။(၁၈)

အဘယ်တို့သည် သေခဖလဆယ်ပါး အသေခဖလဆယ်ပါးတို့ မည်ကုန်သနည်း။ သမ္မာဒိဋ္ဌိကို ကျင့်ဆဲဖြစ်သောကြောင့် သေခဖလ၊ထို (သမ္မာဒိဋ္ဌိ) ၌ကျင့်ပြီးသည့်အဖြစ်ကြောင့် အသေခဖလ၊ သမ္မာသင်္ကပ္ပကို ကျင့်ဆဲဖြစ်သောကြောင့်သေခဖလ၊ ထိုသမ္မာသင်္ကပ္ပ၌ ကျင့်ပြီးသည့်အဖြစ်ကြောင့် အသေခဖလ၊သမ္မာဝါစာကို။ပ။သမ္မာကမ္မန္တကို။သမ္မာအာဇီဝကို။သမ္မာဝါယာမကို။ သမ္မာသတိကို။ သမ္မာသမာဓိကို။ သမ္မာဉာဏ်ကို။ပ။သမ္မာဝိမုတ္တိကို ကျင့်ဆဲဖြစ်ကြောင့် သေခဖလ၊ ထိုသမ္မာဝိမုတ္တိ၌ ကျင့်ပြီးသည့် အဖြစ်ကြောင့် အသေခဖလမည်၏၊ ဤသည်တို့သည် သေခဖလဆယ်ပါး အသေခဖလဆယ်ပါးတို့မည်ကုန်၏။ (၂၀-၃၈)

အဘယ်တို့သည် ခီဏာသဝဖလဆယ်ပါးတို့မည်ကုန်သနည်း၊ ဤသာသနာတော်၌ အာသဝေါ ကုန်ပြီးသော ခီဏာသဝ ရဟန်းအား အနိစ္စအားဖြင့် သင်္ခါရအားလုံးတို့ကို သဘောမှန်အတိုင်း ကောင်းသောပညာဖြင့် ကောင်းစွာမြင်အပ်ပြီးဖြစ်ကုန်၏၊ အကြင့်ကြောင့် ခီဏာသဝရဟန်းအား

http://www.dhammadownload.com



အနိစ္စအားဖြင့် သင်္ခါရအားလုံးတို့ကို သဘောမှန်အတိုင်း ကောင်းသောပညာဖြင့် ကောင်းစွာ မြင်အပ်ပြီးဖြစ်ကုန်၏၊ ဤသို့မြင်ခြင်းသည်လည်း ခီဏာသဝ ရဟန်း၏ ဗလဖြစ်၏၊ ယင်းအားကိုစွဲ၍ ခီဏာသဝ ရဟန်းသည် "ငါ့အား အာသဝေါ တရားတို့ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်း ကိုဝန်ခံ၏။ (၁)

တဖန်တပါးတို့ ခီဏာသဝ ရဟန်းအား မီးကျီးစု (တွင်း) ဥပမာရှိကုန်သော ကာမတို့ကို သဘောမှန်အတိုင်း ကောင်းသောပညာဖြင့် ကောင်းစွာမြင်အပ်ပြီးဖြစ်ကုန်၏၊ အကြင့်ကြောင့် ခီဏာသဝ ရဟန်းသည် မီးကျီးစု (တွင်း) ဥပမာရှိကုန်သော ကာမတို့ကို သဘောမှန်အတိုင်း ကောင်းသောပညာဖြင့် ကောင်းစွာမြင်အပ်ပြီးဖြစ်ကုန်၏၊ ဤသို့မြင်ခြင်းသည်လည်း ခီဏာသဝ ရဟန်း၏ ဗလဖြစ်၏။ ယင်းဗလကိုစွဲ၍ ခီဏာသဝရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်းကို ဝန်ခံ၏။ (၂)

တဖန်တပါးတို့ ခီဏာသဝ ရဟန်းအား ဝိဝေကသို့ညွတ် ဝိဝေကသို့ကိုင်း ဝိဝေကသို့ရှိုင်းလျက် ဝိဝေကသို့ တည်ကာ နေက္ခမ္မသို့အထူးမွေ့လျော်၍ အလုံးစုံသော အခြင်းအရာအားဖြင့် အာသဝေါ တရားတို့၏ အကြောင်းဖြစ်ကုန်သော တရားတို့မှကင်းသော စိတ်ဖြစ်၏၊ အကြင့်ကြောင့် ခီဏာသဝ ရဟန်းအား ဝိဝေကသို့ညွတ် ဝိဝေကသို့ကိုင်း ဝိဝေကသို့ရှိုင်းလျက် ဝိဝေကသို့တည်ကာ နေက္ခမ္မသို့ အထူးမွေ့လျော်၍ အလုံးစုံသော အခြင်းအရာအားဖြင့် အာသဝေါတရားတို့၏ အကြောင်း ဖြစ် ကုန်သော တရားတို့မှ ကင်းသောစိတ်ဖြစ်၏၊ ဤသို့ဖြစ်ခြင်းသည်လည်း ခီဏာသဝရဟန်း၏ ဗလ ဖြစ်၏၊ ယင်းဗလကိုစွဲ၍ ခီဏာသဝရဟန်းသည် "ငါ့အား အာသဝေါတရားတို့ကုန်ပြီ"ဟု အာသဝေါ တရားတို့၏ ကုန်ခြင်းကို ဝန်ခံ၏။ (၃)

တဖန်တပါးတို့ ခီဏာသဝရဟန်းအား သတိပဋ္ဌာန် လေးပါးတို့ကိုပွါးပြီး ကောင်းစွာပွါးပြီး ဖြစ်ကုန်၏၊ အကြင့်ကြောင့် ခီဏာသဝရဟန်းအား သတိပဋ္ဌာန် လေးပါးတို့ကို ပွါးပြီး ကောင်းစွာ ပွါးပြီးတို့ဖြစ်ကုန်၏၊ ဤသို့ဖြစ်ခြင်းသည်လည်း ခီဏာသဝရဟန်း၏ ဗလဖြစ်၏၊ ယင်းဗလကိုစွဲ၍ ခီဏာသဝရဟန်းသည် "ငါ့အား အာသဝေါတရားတို့ ကုန်ပြီ"ဟု အာသဝေါတရားတို့၏ ကုန်ခြင်း ကို ဝန်ခံ၏။ (၄)

တဖန်တပါးတို့ ခီဏာသဝရဟန်းအား သမ္မပ္ပဓာန် လေးပါးတို့ကိုပွါးပြီး ကောင်းစွာပွါးပြီး ဖြစ်ကုန်၏။ပ။ဣဒ္ဓိပါဒ်လေးပါးတို့ကိုပွါးပြီး ကောင်းစွာပွါးပြီးဖြစ်ကုန်၏။ ဣန္ဒြေငါးပါးတို့ကိုပွါးပြီး ကောင်းစွာပွါးပြီးဖြစ်ကုန်၏။ ဗိုလ်ငါးပါးတို့ကိုပွါးပြီး ကောင်းစွာ ပွါးပြီးဖြစ်ကုန်၏။ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွါးပြီး ကောင်းစွာပွါးပြီးဖြစ်ကုန်၏။ပ။ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးပြီး ကောင်းစွာပွါးပြီးဖြစ်ကုန်၏။အကြင့်ကြောင့် ခီဏာသဝရဟန်း၏ အင်္ဂါရှစ်ပါးရှိသောမဂ်ကို ပွါးများ ပြီးဖြစ်ကုန်၏၊ကောင်းစွာပွါးများပြီး ဖြစ်ကုန်၏၊ဤသို့ဖြစ်ခြင်းသည်လည်း ခီဏာသဝရဟန်း၏ဗလ ဖြစ်၏။ ယင်းဗလကိုစွဲ၍ ခီဏာသဝရဟန်းသည်"ငါ့အား အာသဝေါတရားတို့ကုန်ပြီ"ဟု အာသဝေါ တရားတို့၏ ကုန်ခြင်းကို ဝန်ခံ၏၊ ဤသည်တို့ကား ခီဏာသဝ ဗလဆယ်ပါးတို့ မည်ကုန်၏။ (၅-၁၀-၄၈)

အဘယ်တို့သည် ပြည့်စုံပြီးစီးခြင်း 'ဣဒ္ဓိ' ဗလဆယ်ပါးတို့ မည်ကုန်သနည်း၊ အဓိဋ္ဌာန် တန်ခိုး, ဖန်ဆင်းခြင်းတန်ခိုး, စိတ်ဖြင့်ပြီးစီးသောတန်ခိုး, ဉာဏ်ပျံ့နှံ့သောတန်ခိုး, သမာဓိပျံ့နှံ့သော တန်ခိုး, အရိယာတို့တန်ခိုး, ကံအကျိုးကြောင့်ဖြစ်သောတန်ခိုး, ဘုန်းရှိသူ၏တန်ခိုး, ဝိဇ္ဇာအတတ်

http://www.dhammadownload.com



ဖြင့်ပြီးသောတန်ခိုး, ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်းအကြောင်းကြောင့် ပြည့်စုံပြီးစီးခြင်း သဘောအားဖြင့် တန်ခိုး 'ဣဒ္ဓိ' မည်၏၊ဤသည်တို့ကား ဣဒ္ဓိဗလဆယ်ပါးတို့မည်ကုန်၏။ (၁၀-၂၈)

အဘယ်တို့သည် မြတ်စွာဘုရား၏ ဗလဆယ်ပါးတို့မည်ကုန်သနည်း။ ဤသာသနာတော်၌ မြတ်စွာဘုရားသည် အကြောင်းကိုလည်း အကြောင်းအားဖြင့်၊ အကြောင်း မဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် အကြောင်းကိုလည်း အကြောင်းအားဖြင့်၊ အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ ဤသို့သိခြင်းသည် လည်း မြတ်စွာဘုရား၏ဗလဖြစ်၏။ ယင်းဗလကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံ တော်မူ၏၊ ပရိသတ်တို့၌ မြတ်သောအသံကို မိန့်မြွက်တော်မူ၏၊ မြတ်သောဓမ္မစကြာကို ဖြစ်စေ တော်မူ၏။ (၁)

တဖန်တပါးတို့ မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဆောက်တည်၍ပြုအပ်သော ကံတို့၏ အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် အကျိုးကို သဘောမှန်အတိုင်း ခွဲခြား၍ သိတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဆောက်တည်၍ ပြုအပ်သောကံတို့၏ အထောက်အပံ့အားဖြင့် အကြောင်းအားဖြင့် အကျိုးကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ ဤသို့သိခြင်းသည်လည်း မြတ်စွာဘုရား၏ဗလ ဖြစ်၏။ ယင်းဗလကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ မြတ်သောအသံကို မိန့်မြွက် တော်မူ၏၊ မြတ်သောဓမ္မစကြာကို ဖြစ်စေတော်မူ၏။ (၂)

တဖန်တပါးတို့ မြတ်စွာဘုရားသည် အလုံးစုံသို့ရောက်ကြောင်းအကျင့်ကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် အလုံးစုံသို့ရောက်ကြောင်းအကျင့်ကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ ဤသို့သိတော်မူခြင်းသည်လည်း မြတ်စွာဘုရား၏ ဗလ ဖြစ်၏။ ယင်းဗလကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသက်တို့၌ မြတ်သောအသံကို မိန့်တော်မူ၏၊ မြတ်သောဓမ္မစကြာကို ဖြစ်စေတော်မူ၏။ (၃)

တဖန်တပါးတို့ မြတ်စွာဘုရားသည် များစွာသောဓာတ် အထူးထူးသောဓာတ်လောကကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် များစွာသောဓာတ် အထူးထူးသောဓာတ်လောကကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏။ ဤသို့သိတော်မူခြင်း သည်လည်း မြတ်စွာဘုရား၏။ပ။ (၄)

တဖန်တပါးတို့ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အထူးထူးသောနှလုံးသွင်း 'အဓိမုတ္တိ'ရှိသည့် အဖြစ်ကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည် သတ္တဝါ တို့၏ အထူးထူးသော နှလုံးသွင်း 'အဓိမုတ္တိ' ရှိသည်၏ အဖြစ်ကို သဘောမှန် အတိုင်း ခွဲခြား၍ သိတော်မူ၏၊ ဤသို့ သိခြင်းသည်လည်း မြတ်စွာဘုရား၏ ။ပ။ (၅)

တဖန်တပါးတို့ မြတ်စွာဘုရားသည် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ ဣန္ဒြေအမြတ် အယုတ် အဖြစ်ကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏။ အကြင့်ကြောင့် မြတ်စွာဘုရားသည် တပါးသောသတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏ ဣန္ဒြေ အမြတ် အယုတ်ကို သဘောမှန်အတိုင်း ခွဲခြား၍သိတော်မူ၏၊ ဤသို့သိခြင်းသည်လည်း မြတ်စွာဘုရား၏။ပ။ (၆)

http://www.dhammadownload.com



တဖန်တပါးတို့ မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်း အကြောင်းကို သဘောမှန်အတိုင်း ခွဲခြား၍ သိတော်မူ၏ အကြင့်ကြောင့် မြတ်စွာဘုရားသည် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထခြင်း အကြောင်းကို သဘောမှန်အတိုင်း ခွဲခြား၍ သိတော်မူ၏၊ဤသို့သိခြင်းသည်လည်း မြတ်စွာဘုရား၏။ပ။ (၇)

တဖန်တပါးတို့ မြတ်စွာဘုရားသည် များပြားစွာသော ရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာအစဉ်ကို အစဉ်လျောက်၍ အောက်မေ့တော်မူနိုင်၏၊ ဤခန္ဓာအစဉ်ဟူသည် အဘယ်နည်း။ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့အခြင်းအရာနှင့်တကွ (အမည်အနွယ်ကို) ညွှန်ပြခြင်းနှင့်တကွ များပြားစွာသော ရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာအစဉ်ကို အစဉ်လျောက်၍ အောက်မေ့တော်မူနိုင်၏။ အကြင့်ကြောင့် မြတ်စွာဘုရားသည် များပြားစွာသော ရှေးရှေးဘဝ၌နေဘူးသော ခန္ဓာအစဉ်ကိုလျောက်၍ အောက်မေ့တော်မူနိုင်၏၊ ဤရှေးရှေးဘဝ၌ နေဘူးသော ခန္ဓာအစဉ်သည် အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝတို့ကိုရင်း။ပ။ ဤသို့အောက်မေ့နိုင်ခြင်းသည်လည်း မြတ်စွာဘုရား၏။ပ။ (၈)

တဖန်တပါးတို့ မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက်လွန်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စုတေဆဲ ပဋိသန္ဓေနေဆဲ သတ္တဝါတို့ကို မြင်တော်မူနိုင်၏။ပ။ အကြင့်ကြောင့် မြတ်စွာဘုရားသည်အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိထက်လွန်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စုတေဆဲ ပဋိသန္ဓေနေဆဲ သတ္တဝါတို့ကို မြင်တော်မူနိုင်၏။ပ။ ဤသို့မြင်ခြင်းသည်လည်း မြတ်စွာဘုရား၏။ပ။ (၉)

တဖန်တပါးတို့ မြတ်စွာဘုရားသည် (အရဟတ္တမဂ်ဖြင့်)အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော စေတောဝိမုတ္တိပညာဝိမုတ္တိကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဝင်စားနေတော်မူ၏၊ အကြင့်ကြောင့် မြတ်စွာဘုရားသည်(အရဟတ္တမဂ်ဖြင့်) အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားကင်းသော စေတောဝိမုတ္တိ ပညာဝိမုတ္တိကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဝင်စားနေတော်မူ၏။ ဤသို့နေခြင်းသည်လည်း မြတ်စွာဘုရား၏ဗလဖြစ်၏၊ ယင်းဗလကိုစွဲ၍ မြတ်စွာဘုရားသည် မြတ်သောအရာကို ဝန်ခံတော်မူ၏၊ ပရိသတ်တို့၌ မြတ်သောအသံကို မိန့်မြွက်တော်မူ၏၊ မြတ်သော ဓမ္မစကြာကို ဖြစ်စေတော်မူ၏။ ဤသည်တို့ကား မြတ်စွာဘုရား၏ ဗလဆယ်ပါးတို့ မည်ကုန်၏။ (၁၀-၆၈)

၄၅။ အဘယ်သဘောအားဖြင့် သဒ္ဓါဗလမည်သနည်း။ အဘယ်သဘောအားဖြင့် ဝီရိယဗလ၊ အဘယ်သဘောအားဖြင့် သတိဗလ၊ အဘယ်သဘောအားဖြင့် သမာဓိဗလ၊ အဘယ်သဘော အားဖြင့် ပညာဗလ၊ အဘယ်သဘောအားဖြင့် ဟိရီဗလ၊ အဘယ်သဘောအားဖြင့် ဩတ္တပ္ပဗလ၊ အဘယ်သဘောအားဖြင့် စူးစမ်းဆင်ခြင်ခြင်း ပဋိသင်္ခါန ဗလ။ပ။အဘယ်သဘောအားဖြင့် မြတ်စွာဘုရား၏ဗလမည်သနည်း။

သဒ္ဓါမရှိခြင်း၌ မတုန်လှုပ်စေနိုင်ခြင်းသဘောအားဖြင့် သဒ္ဓါဗလမည်၏။ ပျင်းရိခြင်း၌ မတုန်လှုပ်စေနိုင်ခြင်း သဘောအားဖြင့် ဝီရိယဗလ။ မေ့လျော့ခြင်း၌ မတုန်လှုပ်စေနိုင်ခြင်းသဘော အားဖြင့် သတိဗလ။ ဥဒ္ဓစ္စ၌ မတုန်လှုပ်စေနိုင်ခြင်းသဘောအားဖြင့် သမာဓိဗလ။ အဝိဇ္ဇာ၌ မတုန်

http://www.dhammadownload.com



လှုပ်စေနိုင်ခြင်းသဘောအားဖြင့် ပညာဗလ။ ယုတ်မာသောအကုသိုလ်တရားတို့၌ ရှက်သောကြောင့် ဟိရိဗလ။ ယုတ်မာသောအကုသိုလ်တရားတို့မှ ကြောက်လန့်သောကြောင့် ဩတ္တပ္ပဗလ။ ဉာဏ်ဖြင့် ကိလေသာတို့ကို စူးစမ်းဆင်ခြင်သောကြောင့် ပဋိသင်္ခါနဗလ။ ထိုဥ္ဖြစ်ကုန်သော တရားတို့သည် တခုတည်းကိစ္စ ရသရှိကုန်သောကြောင့် ဘာဝနာဗလ။ ထို၌တစုံတရာအပြစ်သည် မရှိသောကြောင့် အပြစ်မဲ့ 'အနဝဇ္ဇ' ဗလ။ထိုဖြင့်စိတ်ကိုချီးမြှင့်သောကြောင့် သင်္ဂဟဗလ။ ထိုကိုနှစ်သက်သောကြောင့် ခန္တိဗလ။ ထိုဖြင့် စိတ်ကိုနှစ်သက်စေသောကြောင့် ပညတ္တိဗလ။ ထိုဖြင့် စိတ်ကိုကြံစည်စေသော ကြောင့် နိဇ္ဈတ္တိဗလ။ ထိုဖြင့် စိတ်ကို မိမိအလိုအတိုင်းဖြစ်စေသောကြောင့် အစိုးရခြင်း 'ဣဿရိယ' ဗလ။ ထိုဖြင့် စိတ်ကိုအဓိဋ္ဌာန်သောကြောင့် အဓိဋ္ဌာနဗလ။ ထိုဖြင့် စိတ်သည် အာရုံတခုတည်း ရှိသောကြောင့် သမထဗလ။ ထို၌ဖြစ်သောတရားတို့ကို အဖန်ဖန်ရှုသောကြောင့် ဝိပဿနာဗလ။ ထို၌ကျင့်ဆဲဖြစ်သောကြောင့် သေခဗလ။ ထို၌ကျင့်ပြီးသည့်အဖြစ်ကြောင့် အသေခဗလ။ ထိုဖြင့် အာသဝေါတရားတို့သည် ကုန်ပြီးသောကြောင့် ခီဏာသဝဗလ။ ထိုသူအား ပြည့်စုံပြီးစီးသော ကြောင့် ဣဒ္ဓိဗလ။ မနှိုင်းယှဉ်အပ်သောသဘောအားဖြင့် တထာဂတဗလ မည်၏။

ဗလကထာ ပြီး၏။

---

## ၁၀-သုညကထာ

**၄၆။** အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အသျှင် အာနန္ဒာသည် မြတ်စွာဘုရားရှိရာအရပ်သို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍ သင့်လျော်ရာအရပ်၌ ထိုင်နေ၏၊ သင့်လျော်ရာအရပ်၌ထိုင်လျက် အသျှင်အာနန္ဒာသည် မြတ်စွာ ဘုရားအား—

"အသျှင်ဘုရား လောကသည် ဆိတ်သုဉ်း၏၊ လောကသည် ဆိတ်သုဉ်း၏" ဟု ဆိုအပ်၏။ အသျှင် ဘုရား အဘယ်မျှဖြင့် "လောကသည်ဆိတ်သုဉ်း၏" ဟု ဆိုအပ်ပါသနည်းဟု လျှောက်ဆို၏။

အာနန္ဒာ အကြင့်ကြောင့် ငါဟူသောအတ္တမှုရင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်း ၏၊ ထို့ကြောင့် လောကသည် ဆိတ်သုဉ်း၏ဟု ဆိုအပ်၏။ အာနန္ဒာ အဘယ်သည် ငါဟူသော အတ္တမှုရင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်းသနည်း၊ အာနန္ဒာ မျက်စိသည် ငါ ဟူသော အတ္တမှုရင်း ငါ၏ဥစ္စာဟူသော အတ္တနိယမှုရင်း ဆိတ်သုဉ်း၏၊ အဆင်းတို့သည် အတ္တမှုရင်း အတ္တနိယမှုရင်း ဆိတ်သုဉ်း၏။ စက္ခုဝိညာဏ်သည် အတ္တမှုရင်း အတ္တနိယမှုရင်း ဆိတ်သုဉ်း၏၊ စက္ခု သမ္ဖဿသည် အတ္တမှုရင်း အတ္တနိယမှုရင်း ဆိတ်သုဉ်း၏၊ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ခံစားအပ် သည့် သုခဒုက္ခ အဒုက္ခမသုခသည်လည်း အတ္တမှုရင်း အတ္တနိယမှုရင်း ဆိတ်သုဉ်း၏။

နားသည် ဆိတ်သုဉ်း၏၊ အသံတို့သည် ဆိတ်သုဉ်းကုန်၏။ နှာခေါင်းသည် ဆိတ်သုဉ်း၏၊ အနံ့ တို့သည် ဆိတ်သုဉ်းကုန်၏။ လျှာသည် ဆိတ်သုဉ်း၏၊ အရသာတို့သည် ဆိတ်သုဉ်းကုန်၏။ ကိုယ်သည် ဆိတ်သုဉ်း၏၊ အတွေ့အထိတို့သည် ဆိတ်သုဉ်းကုန်၏။ စိတ်သည် အတ္တမှုရင်း အတ္တ၏ ဥစ္စာမှုရင်း ဆိတ်သုဉ်း၏၊ တရားဓမ္မတို့သည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း ဆိတ်သုဉ်းကုန်၏။ မနောဝိညာဏ် သည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း ဆိတ်သုဉ်း၏၊ မနောသမ္ဖဿသည် အတ္တမှုရင်း အတ္တ၏ဥစ္စာ

http://www.dhammadownload.com



မှုရင်း ဆိတ်သုဉ်း၏၊ မနောသမ္ဘဿအကြောင်းကြောင့်ဖြစ်သော ခံစားအပ်သည့် သုခဒုက္ခဥပေက္ခာ သည်လည်း အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း ဆိတ်သုဉ်း၏၊ အာနန္ဒာ အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း ဆိတ်သုဉ်းသောကြောင့် "လောကသည် ဆိတ်သုဉ်း၏"ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

## ၁-မာတိကာ

၄၇။ ဆိတ်သုဉ်းသော ဆိတ်သုဉ်းခြင်း၊ သင်္ခါရတို့မှ ဆိတ်သုဉ်းခြင်း၊ ဖောက်ပြန်သောအားဖြင့် ဆိတ်သုဉ်းခြင်း၊ မြတ်သော ဆိတ်သုဉ်းခြင်း၊ လက္ခဏာတို့မှ ဆိတ်သုဉ်းခြင်း၊ ခွါသောအားဖြင့် ဆိတ်သုဉ်းခြင်း၊ တဒင်္ဂအားဖြင့် ဆိတ်သုဉ်းခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် ဆိတ်သုဉ်းခြင်း၊ တဖန်ငြိမ်းသောအားဖြင့် ဆိတ်သုဉ်းခြင်း၊ ထွက်မြောက်သောအားဖြင့် ဆိတ်သုဉ်းခြင်း၊ အတွင်း 'အဇ္ဈတ္တ' ဆိတ်သုဉ်းခြင်း၊ အပ'ဗဟိဒ္ဓ' ဆိတ်သုဉ်းခြင်း၊ နှစ်မျိုးလုံး ဆိတ်သုဉ်းခြင်း၊ သဘောတူ 'သဘာဂ'ဆိတ်သုဉ်းခြင်း၊သဘောမတူ'ဝိသဘာဂ'ဆိတ်သုဉ်းခြင်း၊ ရှာမှီးသော ဆိတ်သုဉ်းခြင်း၊ သိမ်းဆည်းသော ဆိတ်သုဉ်းခြင်း၊ ရသောအားဖြင့် ဆိတ်သုဉ်းခြင်း၊ ထိုးထွင်း၍သိသော ဆိတ်သုဉ်းခြင်း၊ တခုတည်းအဖြစ်ဟူသော ဆိတ်သုဉ်းခြင်း၊ အထူးထူးအဖြစ်ဟူသော ဆိတ်သုဉ်းခြင်း၊ နှစ်သက်သော ဆိတ်သုဉ်းခြင်း၊ အဓိဋ္ဌာန်အားဖြင့် ဆိတ်သုဉ်းခြင်း၊ သက်ဝင်သောအားဖြင့် ဆိတ်သုဉ်းခြင်း၊ သမ္ပဇဉ်နှင့်ပြည့်စုံသော ရဟန္တာ၏မစွဲလမ်းမှု၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ဆိတ်သုဉ်းခြင်းအားလုံးတို့ထက် မြတ်သောသဘောဖြစ်သော ဆိတ်သုဉ်းခြင်း။ (၂၅)

## ၂-နိဒ္ဒေသ

၄၈။ အဘယ်သည် ဆိတ်သုဉ်းသော ဆိတ်သုဉ်းခြင်းနည်း။ မျက်စိသည် အတ္တမှုရင်း အတ္တ၏ ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်းသဘောမှုရင်း ဆိတ်သုဉ်း၏။ နားသည် ဆိတ်သုဉ်း၏။ပ။ နှာခေါင်းသည် ဆိတ်သုဉ်း၏။ လျှာသည် ဆိတ်သုဉ်း၏။ ကိုယ်သည် ဆိတ်သုဉ်း၏။ စိတ်သည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်းသဘောမှုရင်း ဆိတ်သုဉ်း၏။ ဤကား ဆိတ်သုဉ်းသော ဆိတ်သုဉ်းခြင်းတည်း။ (၁)

အဘယ်သည် သင်္ခါရတို့မှ ဆိတ်သုဉ်းခြင်းနည်း။ သင်္ခါရတို့သည် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ သုံးပါးတို့တည်း။ ပုညာဘိသင်္ခါရသည် အပုညာဘိသင်္ခါရမှုရင်း အာနေဉ္ဇာဘိသင်္ခါရမှုရင်း ဆိတ်သုဉ်း၏၊ အပုညာဘိသင်္ခါရသည် ပုညာဘိသင်္ခါရမှုရင်း အာနေဉ္ဇာဘိသင်္ခါရမှုရင်း ဆိတ်သုဉ်း၏၊ အာနေဉ္ဇာဘိသင်္ခါရသည် ပုညာဘိသင်္ခါရမှုရင်း အပုညာဘိသင်္ခါရမှုရင်း ဆိတ်သုဉ်း၏။ ဤသည်တို့ကား သင်္ခါရသုံးပါးတို့တည်း။

တပါးကုန်သော သင်္ခါရတို့သည်လည်း ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ သုံးပါးတို့တည်း။ ကာယသင်္ခါရသည် ဝစီသင်္ခါရမှုရင်း စိတ္တသင်္ခါရမှုရင်း ဆိတ်သုဉ်း၏၊ ဝစီသင်္ခါရသည် ကာယသင်္ခါရမှုရင်း စိတ္တသင်္ခါရမှုရင်း ဆိတ်သုဉ်း၏၊ စိတ္တသင်္ခါရသည် ကာယသင်္ခါရမှုရင်း ဝစီသင်္ခါရမှုရင်း ဆိတ်သုဉ်း၏။ ဤသည်တို့ကား သင်္ခါရသုံးပါးတို့တည်း။

တပါးကုန်သော သင်္ခါရတို့သည်လည်း အတိတ်သင်္ခါရ အနာဂတ်သင်္ခါရ ပစ္စုပ္ပန်သင်္ခါရ သုံးပါးတို့တည်း။ အတိတ်သင်္ခါရတို့သည် အနာဂတ်သင်္ခါရ ပစ္စုပ္ပန်သင်္ခါရတို့မှ ဆိတ်သုဉ်းကုန်၏၊ အနာဂတ်သင်္ခါရတို့သည် အတိတ်သင်္ခါရ ပစ္စုပ္ပန်သင်္ခါရတို့မှ ဆိတ်သုဉ်းကုန်၏၊ ပစ္စုပ္ပန်

http://www.dhammadownload.com



သင်္ခါရတို့သည် အတိတ်သင်္ခါရ အနာဂတ်သင်္ခါရတို့မှ ဆိတ်သုဉ်းကုန်၏။ ဤသည်တို့ကား သင်္ခါရ သုံးပါးတို့တည်း။ ဤကား သင်္ခါရတို့မှ ဆိတ်သုဉ်းခြင်းတည်း။ (၂)

အဘယ်သည် ဖောက်ပြန်သောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ ဖြစ်ဆဲပစ္စုပ္ပန်ရုပ်သည် သဘာဝမှ ဆိတ်သုဉ်း၏၊ ကင်းသောရုပ်သည် ဖောက်ပြန်လည်းဖောက်ပြန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဖြစ်ဆဲပစ္စုပ္ပန်ဝေဒနာသည် သဘာဝမှဆိတ်သုဉ်း၏၊ ကင်းသောဝေဒနာသည် ဖောက်ပြန်လည်း ဖောက်ပြန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏။ပ။ဖြစ်ဆဲပစ္စုပ္ပန်သညာသည်။ ဖြစ်ဆဲပစ္စုပ္ပန်သင်္ခါရ တို့သည်။ ဖြစ်ဆဲ ပစ္စုပ္ပန်ဝိညာဏ်သည်။ ဖြစ်ဆဲ ပစ္စုပ္ပန်မျက်စိသည်။ပ။ဖြစ်ဆဲပစ္စုပ္ပန် ဘဝသည် သဘာဝမှဆိတ်သုဉ်း၏၊ ကင်းသောဘဝသည် ဖောက်ပြန်လည်း ဖောက်ပြန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏။ ဤကား ဖောက်ပြန်ပြောင်းလဲသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၃)

အဘယ်သည် မြတ်သောဆိတ်သုဉ်းခြင်းနည်း။ သင်္ခါရအားလုံးငြိမ်းရာ ဥပဓိအားလုံးစွန့်လွှတ်ရာ တဏှာကုန်ရာ ရာဂကင်းရာ ချုပ်ရာနိဗ္ဗာန်သည် မြတ်၏၊ ဤနိဗ္ဗာန်သည် ချီးမွမ်းထိုက်၏၊ ဤနိဗ္ဗာန် သည် ထူးကဲ၏။ ဤကား မြတ်သောဆိတ်သုဉ်းခြင်းတည်း။ (၄)

အဘယ်သည် လက္ခဏာတို့မှ ဆိတ်သုဉ်းခြင်းနည်း။ လက္ခဏာတို့သည် သူမိုက်လက္ခဏာ, ပညာရှိ လက္ခဏာနှစ်ပါးတို့တည်း။ သူမိုက်လက္ခဏာသည် ပညာရှိလက္ခဏာမှ ဆိတ်သုဉ်း၏၊ ပညာရှိလက္ခဏာ သည် သူမိုက်လက္ခဏာမှ ဆိတ်သုဉ်း၏။ လက္ခဏာတို့သည် ဖြစ်ခြင်းလက္ခဏာ, ပျက်ခြင်းလက္ခဏာ, တည်ခြင်း၏ တပါးသောအဖြစ်လက္ခဏာ သုံးပါးတို့တည်း။ ဖြစ်ခြင်းလက္ခဏာသည် ပျက်ခြင်း လက္ခဏာမှငင်း တည်ခြင်း၏ တပါးသောအဖြစ်လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ ပျက်ခြင်းလက္ခဏာ သည်ဖြစ်ခြင်းလက္ခဏာမှငင်း တည်ခြင်းလက္ခဏာ၏ တပါးသောအဖြစ်လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ တည်ခြင်း၏ တပါးသောအဖြစ် လက္ခဏာသည် ဖြစ်ခြင်းလက္ခဏာမှငင်း ပျက်ခြင်းလက္ခဏာမှငင်း ဆိတ်သုဉ်း၏။

ရုပ်၏ဖြစ်ခြင်း လက္ခဏာသည် ပျက်ခြင်းလက္ခဏာမှငင်း တည်ခြင်း၏ တပါးသော အဖြစ် လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ ရုပ်၏ပျက်ခြင်းလက္ခဏာသည် ဖြစ်ခြင်းလက္ခဏာမှငင်း တည်ခြင်း၏ တပါးသောအဖြစ်လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ ရုပ်၏တပါးသော အဖြစ်လက္ခဏာသည် ဖြစ်ခြင်း လက္ခဏာမှငင်း ပျက်ခြင်းလက္ခဏာမှငင်း ဆိတ်သုဉ်း၏။ ဝေဒနာ၏။ပ။သညာ၏။ သင်္ခါရတို့၏။ ဝိညာဏ်၏။ စက္ခု၏။ပ။ဇရာမရဏ၏ဖြစ်ခြင်း လက္ခဏာသည် ပျက်ခြင်း လက္ခဏာမှငင်း တပါးသော အဖြစ်လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ ဇရာမရဏ၏ပျက်ခြင်းလက္ခဏာသည် ဖြစ်ခြင်းလက္ခဏာမှငင်း၊ တပါးသော အဖြစ်လက္ခဏာမှငင်း ဆိတ်သုဉ်း၏၊ ဇရာမရဏ၏ တပါးသောအဖြစ် လက္ခဏာသည် ဖြစ်ခြင်းမှငင်း ပျက်ခြင်းမှငင်းဆိတ်သုဉ်း၏။ ဤကား လက္ခဏာတို့မှဆိတ်သုဉ်းခြင်းတည်း။ (၅)

အဘယ်သည် ခွါသောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မဖြင့် ကာမစ္ဆန္ဒကို ခွါလည်း ခွါအပ်၏။ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ခွါလည်းခွါအပ်၏၊ ဆိတ်သုဉ်း လည်းဆိတ်သုဉ်း၏။ အာလောကသညာဖြင့် ထိနမိဒ္ဓကို ခွါလည်း ခွါအပ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းဖြင့်ဥဒ္ဓစ္စကိုခွါလည်း ခွါအပ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန် ဖြင့်ဝိစိကိစ္ဆာကို ခွါလည်းခွါအပ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ခွါလည်း ခွါအပ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ခွါလည်းခွါအပ် ၏၊ ဆိတ်သုဉ်းလည်းဆိတ်သုဉ်း၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့ကို ခွါလည်းခွါအပ်၏၊ ဆိတ်သုဉ်းလည်း

http://www.dhammadownload.com



ဆိတ်သုဉ်းကုန်၏။ပ။အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ခွါလည်းခွါအပ်ကုန်၏၊ ဆိတ်သုဉ်းလည်းဆိတ်သုဉ်းကုန်၏၊ ဤကား ခွါသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၆)

အဘယ်သည် တဒင်္ဂအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မဖြင့် ကာမစ္ဆန္ဒသည် တဒင်္ဂဆိတ်သုဉ်း၏၊ အဗျာပါဒဖြင့် ဗျာပါဒသည် တဒင်္ဂဆိတ်သုဉ်း၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓသည် တဒင်္ဂဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စသည် တဒင်္ဂဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာသည် တဒင်္ဂဆိတ်သုဉ်း၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာသည် တဒင်္ဂဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းသည် တဒင်္ဂဆိတ်သုဉ်း၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့သည် တဒင်္ဂဆိတ်သုဉ်းကုန်၏။ပ။ ဝိဝဋ္ဋနာနုပဿနာဖြင့် ယှဉ်ခြင်း၌ မှားသောနှလုံးသွင်းခြင်းသည် တဒင်္ဂဆိတ်သုဉ်း၏။ ဤကား တဒင်္ဂဆိတ်သုဉ်းခြင်းတည်း။ (၇)

အဘယ်သည် ကောင်းစွာဖြတ်သောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မဖြင့် ကာမစ္ဆန္ဒကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကိုကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ကောင်းစွာလည်းဖြတ်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ပဌမစျာန်ဖြင့်နီဝရဏတို့ကို ကောင်းစွာလည်းဖြတ်အပ်ကုန်၏၊ဆိတ်သုဉ်းလည်းဆိတ်သုဉ်းကုန်၏။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ကောင်းစွာလည်းဖြတ်၏၊ဆိတ်သုဉ်းလည်းဆိတ်သုဉ်း၏။ ဤကား ကောင်းစွာဖြတ်သောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။

အဘယ်သည် တဖန်ငြိမ်းသောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မဖြင့် ကာမစ္ဆန္ဒကို တဖန်ငြိမ်းလည်းငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အဗျာပါဒဖြင့် ဗျာပါဒကို တဖန်ငြိမ်းလည်းငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို တဖန်ငြိမ်းလည်းငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စကို တဖန်ငြိမ်းလည်းငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို တဖန်ငြိမ်းလည်းငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏။ ဉာဏ်ဖြင့် အဝိဇ္ဇာကို တဖန်ငြိမ်းလည်း ငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို တဖန်ငြိမ်းလည်း ငြိမ်း၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့ကို တဖန်ငြိမ်းလည်း ငြိမ်းကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို တဖန်ငြိမ်းလည်း ငြိမ်းကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏၊ ဤကား တဖန်ငြိမ်းသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၉)

အဘယ်သည် ထွက်မြောက်သောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မဖြင့် ကာမစ္ဆန္ဒကို ထွက်လည်းထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ထွက်လည်း ထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို ထွက်လည်း ထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စကို ထွက်လည်း ထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏။ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို ထွက်လည်း ထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ထွက်လည်း ထွက်မြောက်၏၊

http://www.dhammadownload.com



ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကိုထွက်လည်း ထွက်မြောက်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့ကို ထွက်လည်း ထွက်မြောက်၏၊ဆိတ်သုဉ်းလည်း ဆိတ်သုဉ်း၏။ပ။အရဟတ္တမဂ်ဖြင့်ကိလေသာအားလုံးတို့ကို ထွက်လည်းထွက်မြောက်ကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဤကား ထွက်မြောက်သောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၁၀)

အဘယ်သည် အတွင်း'အဇ္ဈတ္တ'ဆိတ်သုဉ်းခြင်းနည်း။ အတွင်းမျက်စိသည် အတ္တမှုရင်း အတ္တ၏ ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်းသဘောမှုရင်း ဆိတ်သုဉ်း၏။ အတွင်းနားသည် ဆိတ်သုဉ်း၏။ အတွင်းနှာခေါင်းသည် ဆိတ်သုဉ်း၏။ အတွင်း လျှာသည် ဆိတ်သုဉ်း၏။ အတွင်းကိုယ်သည် ဆိတ်သုဉ်း၏။ အတွင်းစိတ်သည် အတ္တမှုရင်း အတ္တ၏ ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်း သဘောမှုရင်း ဆိတ်သုဉ်း၏။ ဤကား အတွင်းဆိတ်သုဉ်းခြင်းတည်း။ (၁၁)

အဘယ်သည် အပ'ဗဟိဒ္ဓ'ဆိတ်သုဉ်းခြင်းနည်း။ အပအဆင်းတို့သည် ဆိတ်သုဉ်းကုန်၏။ပ။ အပ တရားဓမ္မတို့သည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်း သဘောမှုရင်း ဆိတ်သုဉ်းကုန်၏။ ဤကား အပဆိတ်သုဉ်းခြင်းတည်း။ (၁၂)

အဘယ်သည် နှစ်မျိုးလုံး ဆိတ်သုဉ်းခြင်းနည်း။ အကြင်အတွင်းမျက်စိသည်ငှင်း အကြင်အပ အဆင်းတို့သည်ငှင်း ရှိကုန်၏၊ ဤနှစ်မျိုးလုံးသည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်းသဘောမှုရင်း ဆိတ်သုဉ်း၏၊ အကြင်အတွင်း နားသည်ငှင်း အကြင်အပအသံတို့သည်ငှင်း ရှိကုန်၏။ပ။အကြင်အတွင်းနှာခေါင်းသည်ငှင်း အကြင် အပအနံ့တို့သည်ငှင်း ရှိကုန်၏။ အကြင်အတွင်းလျှာသည်ငှင်း အကြင်အပ အရသာတို့သည်ငှင်း ရှိကုန်၏။ အကြင်အတွင်းကိုယ်သည်ငှင်း အကြင်အပ အတွေ့အထိတို့သည်ငှင်း ရှိကုန်၏။ အကြင် အတွင်းစိတ်သည်ငှင်း အကြင်အပ တရားတို့သည်ငှင်း ရှိကုန်၏၊ ဤနှစ်မျိုးလုံးသည် အတ္တမှုရင်း အတ္တ၏ဥစ္စာမှုရင်း မြဲခြင်းမှုရင်း ခိုင်မြဲခြင်းမှုရင်း တည်မြဲခြင်းမှုရင်း မဖောက်ပြန်ခြင်းသဘောမှုရင်း ဆိတ်သုဉ်း၏။ ဤကား နှစ်မျိုးလုံး ဆိတ်သုဉ်းခြင်းတည်း။ (၁၃)

အဘယ်သည် သဘောတူ'သဘာဂ' ဆိတ်သုဉ်းခြင်းနည်း။ အတွင်း၌ဖြစ်ကုန်သော အာယတန ခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။အပ၌ဖြစ်ကုန်သော အာယတန ခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဝိညာဏကာယ ခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဖဿကာယခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဝေဒနာခြောက်ပါးတို့သည် သဘောလည်း တူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ သညာ ကာယခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ စေတနာ ကာယခြောက်ပါးတို့သည် သဘောလည်းတူကုန်၏၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဤကား သဘောတူ ဆိတ်သုဉ်းခြင်းတည်း။ (၁၄)

အဘယ်သည် သဘောမတူ'ဝိသဘာဂ'ဆိတ်သုဉ်းခြင်းနည်း။ အတွင်း၌ဖြစ်ကုန်သော အာယတန ခြောက်ပါးတို့သည် အပ၌ဖြစ်ကုန်သော အာယတန ခြောက်ပါးတို့နှင့် သဘောလည်း မတူကုန်၊

http://www.dhammadownload.com



ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ အပဠိဖြစ်ကုန်သော အာယတန ခြောက်ပါးတို့သည် ဝိညာဏ ကာယ ခြောက်ပါးတို့နှင့် သဘောလည်းမတူကုန်၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဝိညာဏ ကာယ ခြောက်ပါးတို့သည် ဖဿကာယ ခြောက်ပါးတို့နှင့် သဘောလည်း မတူကုန်၊ ဆိတ်သုဉ်း လည်း ဆိတ်သုဉ်းကုန်၏။ ဖဿကာယ ခြောက်ပါးတို့သည် ဝေဒနာကာယ ခြောက်ပါးတို့နှင့် သဘောလည်း မတူကုန်၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဝေဒနာကာယ ခြောက်ပါးတို့သည် သညာကာယ ခြောက်ပါးတို့နှင့် သဘောလည်း မတူကုန်၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ သညာကာယ ခြောက်ပါးတို့သည် စေတနာကာယ ခြောက်ပါးတို့နှင့် သဘောလည်းမတူကုန်၊ ဆိတ်သုဉ်းလည်း ဆိတ်သုဉ်းကုန်၏။ ဤကား သဘောမတူ ဆိတ်သုဉ်းခြင်းတည်း။ (၁၅)

အဘယ်သည် ရှာမှီးသောအားဖြင့် ဆိတ်သုဉ်ခြင်းနည်း။ နေက္ခမ္မကို ရှာမှီးခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒကို ရှာမှီးခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာကို ရှာမှီး ခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကို ရှာမှီးခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကို ရှာမှီးခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကိုရှာမှီးခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို ရှာမှီးခြင်းသည် မမွေ့လျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကို ရှာမှီးခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။အရဟတ္တမဂ်ကို ရှာမှီးခြင်းသည် ကိလေသာအားလုံး တို့မှ ဆိတ်သုဉ်း၏။ ဤကား ရှာမှီးသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၁၆)

အဘယ်သည်သိမ်းဆည်းသောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မကိုသိမ်းဆည်းခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒကို သိမ်းဆည်းခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောက သညာကို သိမ်းဆည်းခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကို သိမ်းဆည်းခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကို သိမ်းဆည်းခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကို သိမ်းဆည်းခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို သိမ်းဆည်းခြင်းသည် မမွေ့ လျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကို သိမ်းဆည်းခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်ကို သိမ်းဆည်းခြင်းသည် ကိလေသာ အားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား သိမ်းဆည်း သောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၁၇)

အဘယ်သည် ရသောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မကို ရခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒကိုရခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာကိုရခြင်းသည် ထိနမိဒ္ဓမှဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကိုရခြင်းသည် ဥဒ္ဓစ္စမှဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကိုရခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကိုရခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို ရခြင်း သည် မမွေ့လျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကိုရခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်ကို ရခြင်းသည် ကိလေသာ အားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား ရသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၁၈)

အဘယ်သည် ထိုးထွင်း၍ သိသောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မကို ထိုးထွင်း၍သိခြင်း သည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒကို ထိုးထွင်း၍ သိခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာကို ထိုးထွင်း၍ သိခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကို ထိုးထွင်း ၍ သိခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကို ထိုးထွင်း၍ သိခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကိုထိုးထွင်း၍ သိခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို

http://www.dhammadownload.com



ထိုးထွင်း၍ သိခြင်းသည် မမွေလျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကို ထိုးထွင်း၍ သိခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်ကို ထိုးထွင်း၍ သိခြင်းသည် ကိလေသာ အားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား ထိုးထွင်း၍ သိသောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၁၉)

အဘယ်သည် တခုတည်း အဖြစ်ဟူသော ဆိတ်သုဉ်းခြင်း, အထူးထူး အဖြစ်ဟူသော ဆိတ်သုဉ်းခြင်းနည်း။ ကာမစ္ဆန္ဒသည် အထူးထူးအဖြစ်တည်း၊ နေက္ခမ္မသည် တခုတည်း အဖြစ်တည်း၊ နေက္ခမ္မတခုတည်းအဖြစ်ကို စေ့ဆော်သူအား ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏။ ဗျာပါဒသည် အထူးထူး အဖြစ်တည်း၊ အဗျာပါဒသည် တခုတည်း အဖြစ်တည်း၊ အဗျာပါဒတခုတည်းအဖြစ်ကို စေ့ဆော်သူအား ဗျာပါဒမှ ဆိတ်သုဉ်း၏။ ထိနမိဒ္ဓသည် အထူးထူးအဖြစ်တည်း၊ အာလောကသညာသည် တခုတည်း အဖြစ်တည်း၊ အာလောကသညာ တခုတည်း အဖြစ်ကို စေ့ဆော်သူအား ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏။ ဥဒ္ဓစ္စသည် အထူးထူးအဖြစ်တည်း၊ မပျံ့လွင့်ခြင်းသည် တခုတည်းအဖြစ်တည်း၊ မပျံ့လွင့်ခြင်း တခုတည်းအဖြစ်ကို စေ့ဆော်သူအား ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏။ ဝိစိကိစ္ဆာသည် အထူးထူး အဖြစ်တည်း၊ ဓမ္မဝဝတ္ထာန်သည် တခုတည်းအဖြစ်တည်း၊ ဓမ္မဝဝတ္ထာန်တခုတည်းအဖြစ်ကို စေ့ဆော်သူအား ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏။ အဝိဇ္ဇာသည် အထူးထူးအဖြစ်တည်း၊ ဉာဏ်သည် တခုတည်း အဖြစ်တည်း၊ ဉာဏ်တခုတည်း အဖြစ်ကို စေ့ဆော်သူအား အဝိဇ္ဇာမှ ဆိတ်သုဉ်း၏။ မမွေလျော်ခြင်းသည် အထူးထူး အဖြစ်တည်း၊ ဝမ်းမြောက်ခြင်းသည် တခုတည်း အဖြစ်တည်း၊ ဝမ်းမြောက်ခြင်း တခုတည်း အဖြစ်ကို စေ့ဆော်သူအား မမွေလျော်ခြင်းမှ ဆိတ်သုဉ်း၏။ နီဝရဏတို့သည် အထူးထူး အဖြစ်တည်း၊ ပဌမဈာန်သည် တခုတည်းအဖြစ်တည်း၊ ပဌမဈာန် တခုတည်းအဖြစ်ကို စေ့ဆော်သူအား နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ ကိလေသာ အားလုံးတို့သည် အထူးထူးအဖြစ်တည်း၊ အရဟတ္တမဂ်သည် တခုတည်း အဖြစ်တည်း၊ အရဟတ္တမဂ် တခုတည်းအဖြစ်ကို စေ့ဆော်သူအား ကိလေသာအားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား တခုတည်းအဖြစ် ဆိတ်သုဉ်းခြင်း၊ အထူးထူး အဖြစ် ဆိတ်သုဉ်းခြင်းတည်း ။ (၂၀)

အဘယ်သည် နှစ်သက်သောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မကို နှစ်သက်ခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒကို နှစ်သက်ခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာကို နှစ်သက်ခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကို နှစ်သက်ခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကို နှစ်သက်ခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကို နှစ်သက်ခြင်းသည် အဝိဇ္ဇာမှဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို နှစ်သက်ခြင်းသည် မမွေလျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကိုနှစ်သက်ခြင်းသည် နီဝရဏတို့မှဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်ကိုနှစ်သက်ခြင်းသည် ကိလေသာအားလုံးတို့မှ ဆိတ်သုဉ်း၏။ဤကား နှစ်သက်သောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။(၂၂)

အဘယ်သည် အဓိဋ္ဌာန်အားဖြင့်ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မကိုအဓိဋ္ဌာန်ခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏ အဗျာပါဒကို အဓိဋ္ဌာန်ခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာကို အဓိဋ္ဌာန်ခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်းကို အဓိဋ္ဌာန်ခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်ကို အဓိဋ္ဌာန်ခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်ကို အဓိဋ္ဌာန်ခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်းကို အဓိဋ္ဌာန်ခြင်းသည် မမွေလျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမဈာန်ကို အဓိဋ္ဌာန်ခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်ကို

http://www.dhammadownload.com



အဝိဋ္ဌာန်ခြင်းသည် ကိလေသာအားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား အဝိဋ္ဌာန်သော အားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၂၃)

အဘယ်သည် သက်ဝင်သောအားဖြင့် ဆိတ်သုဉ်းခြင်းနည်း။ နေက္ခမ္မ၌ သက်ဝင်ခြင်းသည် ကာမစ္ဆန္ဒမှ ဆိတ်သုဉ်း၏၊ အဗျာပါဒ၌ သက်ဝင်ခြင်းသည် ဗျာပါဒမှ ဆိတ်သုဉ်း၏၊ အာလောကသညာ၌ သက်ဝင်ခြင်းသည် ထိနမိဒ္ဓမှ ဆိတ်သုဉ်း၏၊ မပျံ့လွင့်ခြင်း၌ သက်ဝင်ခြင်းသည် ဥဒ္ဓစ္စမှ ဆိတ်သုဉ်း၏၊ ဓမ္မဝဝတ္ထာန်၌ သက်ဝင်ခြင်းသည် ဝိစိကိစ္ဆာမှ ဆိတ်သုဉ်း၏၊ ဉာဏ်၌သက်ဝင်ခြင်းသည် အဝိဇ္ဇာမှ ဆိတ်သုဉ်း၏၊ ဝမ်းမြောက်ခြင်း၌ သက်ဝင်ခြင်းသည် မမွေ့လျော်ခြင်းမှ ဆိတ်သုဉ်း၏၊ ပဌမစျာန်၌ သက်ဝင်ခြင်းသည် နီဝရဏတို့မှ ဆိတ်သုဉ်း၏။ပ။ အရဟတ္တမဂ်၌ သက်ဝင်ခြင်းသည် ကိလေသာအားလုံးတို့မှ ဆိတ်သုဉ်း၏။ ဤကား သက်ဝင်သောအားဖြင့် ဆိတ်သုဉ်းခြင်းတည်း။ (၂၄)

အဘယ်သည် သမ္ပဇဉ်နှင့်ပြည့်စုံသော ရဟန္တာ၏ မစွဲလမ်းမှု၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ဆိတ်သုဉ်းခြင်း အားလုံးတို့ထက်မြတ်သော သဘောဖြစ်သော ဆိတ်သုဉ်းခြင်းနည်း။ ဤသာသနာတော်၌ သမ္ပဇဉ်နှင့် ပြည့်စုံသူသည် နေက္ခမ္မဖြင့် ကာမစ္ဆန္ဒ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ အဗျာပါဒဖြင့် ဗျာပါဒ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာ၏ ဖြစ်ခြင်းကို ကုန်စေ၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်း၏ ဖြစ်ခြင်းကို ကုန်စေ၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့၏ ဖြစ်ခြင်းကို ကုန်စေ၏။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့၏ ဖြစ်ခြင်းကို ကုန်စေ၏။ တနည်းကား သမ္ပဇဉ်နှင့်ပြည့်စုံသူ၏ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသူအား ဤမျက်စိဖြစ်ခြင်းကို ကုန်စေ၏၊ တပါးသော မျက်စိဖြစ်ခြင်းသည်လည်း မဖြစ်၊ ဤနားဖြစ်ခြင်းကို။ပ။ နှာခေါင်းဖြစ်ခြင်းကို။ လျှာဖြစ်ခြင်းကို။ ကိုယ်ဖြစ်ခြင်းကို။ စိတ်ဖြစ်ခြင်းကို ကုန်စေ၏၊ တပါးသော စိတ်ဖြစ်ခြင်းသည်လည်း မဖြစ်။ ဤကား သမ္ပဇဉ်နှင့်ပြည့်စုံသော ရဟန္တာ၏ မစွဲလမ်းမှု၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ဆိတ်သုဉ်းခြင်း အားလုံးတို့ထက် မြတ်သော သဘောဖြစ်သော ဆိတ်သုဉ်းခြင်းတည်း။ (၂၅)

သုညကထာ ပြီး၏။

နှစ်ခုမြောက် ယုဂနဒ္ဓဝဂ် ပြီး၏။

---

ထိုဝဂ်၏ ဥဒါန်းသည် ဖြစ်၏—

ယုဂနဒ္ဓ သစ္စာ ဗောဇ္ဈင် မေတ္တာ ငါးခုမြောက်ဝိရာဂ ပဋိသမ္ဘိဒါ ဓမ္မစကြာ လောကုတ္တရ ဗလ သုညကထာ တို့တည်း။

ဤကား နိကာယ်ဆောင်တို့ ထားအပ်သည့် အတူမရှိ၊ နှစ်ခုမြောက် ဝဂ်တို့ထက် မြတ်သော ဝဂ်တည်း။

http://www.dhammadownload.com

http://www.dhammadownload.com

# ၃—ပညာဝဂ်

## ၁-မဟာပညာကထာ

၁။ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာ ပြည့်သနည်း။ အနတ္တာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ပ။ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။

အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏၊ ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် နိဗ္ဗေဓိကပညာ ပြည့်၏၊ အနတ္တာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် မဟာပညာပြည့်၏၊ နိဗ္ဗိဒါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် တိက္ခပညာပြည့်၏၊ ဝိရာဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဝိပုလပညာပြည့်၏၊ နိရောဓာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဂမ္ဘီရပညာပြည့်၏၊ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အသာမန္တပညာ ပြည့်၏။

ဤပညာ ခုနစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပညာရှိသည့်အဖြစ်ကို ပြည့်စေကုန်၏၊ ဤပညာရှစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပုထုပညာပြည့်ကုန်၏၊ ဤပညာကိုးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ဟာသပညာ ပြည့်ကုန်၏။

ဟာသပညာသည် ပဋိဘာနပဋိသမ္ဘိဒါတည်း၊ ထိုအရိယာအား အတ္ထကိုပိုင်းခြားသောအားဖြင့် အတ္ထပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ဓမ္မကို ပိုင်းခြားသောအားဖြင့် ဓမ္မပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ နိရုတ္တိကို ပိုင်းခြားသောအားဖြင့် နိရုတ္တိပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ပဋိဘာန်ကို ပိုင်းခြားသောအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏။ ထိုအရိယာအား ဤပဋိသမ္ဘိဒါ လေးပါးတို့ကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းတို့သည် ဖြစ်ကုန်၏။

ရုပ်၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာ ပြည့်သနည်း။ပ။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများ လေ့လာအပ်သည်ရှိသော် အဘယ်ပညာ ပြည့်သနည်း။

ရုပ်၌ အနိစ္စာနုပဿနာကို ပွါးများ လေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ပ။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများ လေ့လာအပ်သည်ရှိသော် အသာမန္တပညာ ပြည့်၏။ ဤပညာ ခုနစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပညာရှိသည့်အဖြစ်ကို ပြည့်စေကုန်၏၊ ဤပညာ ရှစ်ပါးတို့ကို ပွါးများ လေ့လာအပ်သည်ရှိသော် ပုထုပညာ ပြည့်ကုန်၏၊ ဤပညာ ကိုးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ဟာသပညာ ပြည့်ကုန်၏။

ထိုအရိယာအား အတ္ထကို ပိုင်းခြားသောအားဖြင့် အတ္ထပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ဓမ္မကို ပိုင်းခြားသောအားဖြင့် ဓမ္မပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ နိရုတ္တိကို ပိုင်းခြားသောအားဖြင့် နိရုတ္တိ

http://www.dhammadownload.com



ပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ပဋိဘာန်ကို ပိုင်းခြားသောအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏။ ထိုအရိယာအား ဤပဋိသမ္ဘိဒါလေးပါးတို့ကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းတို့သည် ဖြစ်ကုန်၏။

ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ဇရာမရဏ၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ပ ။ဇရာမရဏ၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။

ဇရာမရဏ၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာပြည့်၏။ပ။ ဇရာမရဏ၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အသာမန္တပညာပြည့်၏။ ဤပညာခုနစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပညာရှိသည့်အဖြစ်ကို ပြည့်စေကုန်၏။ ဤပညာရှစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပုထုပညာပြည့်ကုန်၏။ ဤပညာကိုးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ဟာသပညာပြည့်ကုန်၏။

ဟာသပညာသည် ပဋိဘာနပဋိသမ္ဘိဒါတည်း။ ထိုအရိယာအား အတ္ထကိုပိုင်းခြားသောအားဖြင့် အတ္ထပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ ဓမ္မကိုပိုင်းခြားသောအားဖြင့် ဓမ္မပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ နိရုတ္တိကို ပိုင်းခြားသောအားဖြင့် နိရုတ္တိပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ ပဋိဘာန်ကိုပိုင်းခြားသောအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏။ ထိုအရိယာအား ဤပဋိသမ္ဘိဒါလေးပါးတို့ကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းတို့သည် ဖြစ်ကုန်၏။

၂။ ရုပ်၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ရုပ်၌ ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ရုပ်၌အနတ္တာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်၌ အနတ္တာနုပဿနာကိုပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ရုပ်၌ နိဗ္ဗိဒါနုပဿနာကိုပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သောရုပ်၌ နိဗ္ဗိဒါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ရုပ်၌ ဝိရာဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်၌ဝိရာဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာ ပြည့်သနည်း။ရုပ်၌ နိရောဓာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာ ပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်၌ နိရောဓာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။

http://www.dhammadownload.com



ရုပ်၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ အနိစ္စာနုပဿနာကိုပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ ရုပ်၌ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် နိဗ္ဗေဓိကပညာပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ ဒုက္ခာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ ရုပ်၌အနတ္တာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် မဟာပညာပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ အနတ္တာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ ရုပ်၌ နိဗ္ဗိဒါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဘိက္ခပညာပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ နိဗ္ဗိဒါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ ရုပ်၌ ဝိရာဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဝိပုလပညာပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ ဝိရာဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာ ပြည့်၏။ ရုပ်၌နိရောဓာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဂမ္ဘီရပညာပြည့်၏။ အတိတ် အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ နိရောဓာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝန ပညာပြည့်၏။ ရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အသာမန္တပညာ ပြည့်၏။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သောရုပ်၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည် ရှိသော် ဇဝနပညာပြည့်၏။ ဤပညာခုနစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပညာ ရှိသည့်အဖြစ်ကို ပြည့်စေကုန်၏။ ဤပညာရှစ်ပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပုထုပညာ ပြည့်ကုန်၏။ ဤပညာကိုးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ဟာသပညာပြည့်၏။

ဟာသပညာသည် ပဋိဘာနပဋိသမ္ဘိဒါတည်း၊ ထိုအရိယာအား အတ္ထကိုပိုင်းခြားသောအားဖြင့် အတ္ထပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ ဓမ္မကိုပိုင်းခြားသော အားဖြင့် ဓမ္မပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ နိရုတ္တိကို ပိုင်းခြားသောအားဖြင့် နိရုတ္တိပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏၊ ပဋိဘာန်ကိုပိုင်းခြားသောအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းသည် ဖြစ်၏။ ထိုအရိယာအား ဤပဋိသမ္ဘိဒါလေးပါးတို့ကိုရခြင်း မျက်မှောက် ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းတို့သည် ဖြစ်ကုန်၏။

ဝေဒနာ၌။ပ။ သညာ၌။ သင်္ခါရတို့၌။ ဝိညာဏ်၌။ စက္ခု၌။ပ။ ဇရာမရဏ၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏ၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ပ။ ဇရာမရဏ၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် အဘယ်ပညာပြည့်သနည်း။ အတိတ်အနာဂတ်ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏ၌ ပဋိနိဿဂ္ဂါနုပဿနာကို ပွါးများလေ့လာအပ်သည် ရှိသော် အဘယ်ပညာပြည့်သနည်း။

ဇရာမရဏ၌ အနိစ္စာနုပဿနာကိုပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာပြည့်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောဇရာမရဏ၌ အနိစ္စာနုပဿနာကို ပွါးများလေ့လာအပ်သည်ရှိသော် ဇဝနပညာပြည့်၏။ပ။ ထိုအရိယာအား ဤပဋိသမ္ဘိဒါလေးပါးတို့ကိုရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့်တွေ့ထိခြင်းတို့သည် ဖြစ်ကုန်၏။

၃ မြန် ၉-၂၈

http://www.dhammadownload.com



၃။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်ကုန်၏၊ လေးပါးတို့ဟူသည်အဘယ်နည်း။ သူတော်ကောင်းတို့ကို (မှီဝဲ) ဆည်းကပ်ခြင်း၊ သူတော်ကောင်းတရားကို နာကြားခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ လောကုတ္တရာတရားအား လျော်သော သီလ စသော အကျင့်တရားကိုကျင့်ခြင်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ပ။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ပ။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါဖြစ်ကုန်၏။ လေးပါးတို့ဟူသည် အဘယ်နည်း။ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတရားကို နာကြားခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ လောကုတ္တရာတရားအားလျော်သော သီလ စသော အကျင့်တရားကိုကျင့်ခြင်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုခြင်းငှါဖြစ်ကုန်၏။

ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည်ရှိသော် ပညာရခြင်းငှါဖြစ်ကုန်၏။ ပ။ ပညာပွါးခြင် ငှါဖြစ်ကုန်၏။ ပညာပြန့်ပြောခြင်းငှါဖြစ်ကုန်၏။ မြတ်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ အသီးအသီးသိသော ပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏။ ပြန့်ပြောသောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ နက်နဲသောပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏။ (အောက်ပညာတို့နှင့်) မနီးသောပညာရှိ ဖြစ်ခြင်းငှါဖြစ်ကုန်၏။ (မြေကြီးကဲ့သို့) ကျယ်ပြန့်သော ပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ ပညာ များသူဖြစ်ခြင်းငှါဖြစ်ကုန်၏။ မြန်သောပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏။ ပေါ့ပါးသော ပညာရှိဖြစ် ခြင်းငှါဖြစ်ကုန်၏။ ရွှင်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ လျင်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ ထက်သောပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏။ ဖောက်ခွဲနိုင်သော ပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏။ အဘယ် လေးပါးတို့နည်း၊ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊ သူတော်ကောင်းတရားကို နာကြား ခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ လောကုတ္တရာတရားအားလျော်သော သီလစသော အကျင့်တရားကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများလေ့လာအပ်သည် ရှိသော် ပညာရခြင်းငှါဖြစ်ကုန်၏၊ ပညာပွါးခြင်းငှါဖြစ်ကုန်၏။ပ။ ဖောက်ခွဲနိုင်သောပညာရှိဖြစ်ခြင်း ငှါ ဖြစ်ကုန်၏။

## ၁-သောဠသပညာ အကျယ်ပြခြင်း

၄။ ပညာရခြင်းငှါဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ပညာရခြင်းနည်း။ မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါး ပဋိသမ္ဘိဒါဉာဏ်လေးပါး အဘိညာဉာဏ်ခြောက်ပါး ဉာဏ်ခုနစ်ဆယ့်သုံးပါး ဉာဏ်ခုနစ်ဆယ့်ခုနစ်ပါးတို့ကိုရခြင်း တဖန်ရခြင်း ရောက်ခြင်း, ကောင်းစွာရောက်ခြင်း တွေ့ထိခြင်း မျက်မှောက်ပြုခြင်း ပြည့်စုံ(ပြီးစီး)ခြင်းတည်း။ ပညာရခြင်းငှါဖြစ်ကုန်၏ဟူရာ၌ ဤကား ပညာ ရခြင်းတည်း။ (၁)

ပညာပွါးခြင်းငှါဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ပညာပွါးခြင်းနည်း။ သေက္ခခုနစ်ဦးတို့အားလည်း ကလျာဏပုထုဇန်အားလည်း ပညာသည် ပွါး၏၊ ရဟန္တာအား ပညာသည် ပွါး၏၊ ပွါးအပ်သည်ကို ပွါးခြင်းတည်း၊ ပညာပွါးခြင်းငှါဖြစ်ကုန်၏ဟူရာ၌ ဤကား ပညာပွါးခြင်းတည်း။ (၂)

http://www.dhammadownload.com



ပညာပြန့်ပြောခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ပညာပြန့်ပြောခြင်းနည်း။ သေက္ခ ခုနစ်ဦးတို့အားရင်း ကလျာဏပုထုဇန်အားရင်း ပညာသည်ပြန့်ပြောခြင်းသို့ရောက်၏၊ ရဟန္တာအား ပညာသည် ပြန့်ပြောခြင်းသို့ရောက်၏၊ ပညာပြန့်ပြောခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား ပညာ ပြန့်ပြောခြင်းတည်း။ (၃)

မြတ်သောပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် မြတ်သောပညာနည်း။ မြတ်သော အတ္ထတို့ကိုသိမ်းဆည်းသောကြောင့် မြတ်သောပညာတည်း၊ မြတ်သောဓမ္မတို့ကိုသိမ်းဆည်းသော ကြောင့် မြတ်သောပညာတည်း၊ မြတ်သောနိရုတ္တိတို့ကိုသိမ်းဆည်းသောကြောင့် မြတ်သောပညာ၊ မြတ်သောပဋိဘာန်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောသီလအစုတို့ကို သိမ်း ဆည်းသောကြောင့် မဟာပညာ၊ မြတ်သောသမာဓိအစုတို့ကို သိမ်းဆည်းသောကြောင့် မဟာ ပညာ၊ မြတ်သောပညာအစုတို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောဝိမုတ္တိအစု တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောဝိမုတ္တိဉာဏ်အမြင်အစုတို့ကို သိမ်းဆည်း သောကြောင့် မဟာပညာ၊ မြတ်သောအကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့ကို သိမ်း ဆည်းသောကြောင့် မဟာပညာ၊ မြတ်သောဝိဟာရသမာပတ်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောအရိယသစ္စာတို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သော သတိပဋ္ဌာန်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောသမ္မပ္ပဓာန်တို့ကို သိမ်းဆည်း သောကြောင့် မဟာပညာ၊ မြတ်သောဣဒ္ဓိပါဒ်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောဣန္ဒြေတို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောဗိုလ်တို့ကို သိမ်းဆည်း သောကြောင့် မဟာပညာ၊ မြတ်သောဗောဇ္ဈင်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောအရိယမဂ်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောသာမညဖိုလ်တို့ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောအဘိညာတို့ကို သိမ်းဆည်းသောကြောင့် မဟာ ပညာ။ မြတ်သောပရမတ္ထနိဗ္ဗာန်ကို သိမ်းဆည်းသောကြောင့် မဟာပညာ၊ မြတ်သောပညာရှိ ဖြစ်ခြင်းငှါဖြစ်ကုန်၏ဟူရာ၌ ဤကား မြတ်သောပညာတည်း။ (၄)

အသီးအသီးသိသောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် အသီးအသီးသိသော ပညာနည်း။ အသီးအသီးသောခန္ဓာတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီးသိသောပညာ တည်း၊ အသီးအသီးသောဓာတ်တို့၌ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီးသိသောပညာ၊ အသီး အသီးသော အာယတနတို့၌ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊အသီးအသီး သော ပဋိစ္စသမုပ္ပါဒ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အတ္တ စသည်ဖြင့်မရေတွက်အပ်သော အသီးအသီးသောသုညတတရားတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော အတ္ထတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော ဓမ္မတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီး သိသောပညာ၊ အသီးအသီးသော နိရုတ္တိတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊အသီးအသီးသောပဋိဘာန်တို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော သီလအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသောပညာ၊ အသီးအသီးသော သမာဓိအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော ပညာအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော ဝိမုတ္တိအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊

http://www.dhammadownload.com



အသီးအသီးသော ဝိမုတ္တိဉာဏ်အမြင်အစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီး ဝိဟာရသမာပတ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော အရိယသစ္စာတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော သတိပဋ္ဌာန်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော သမ္မပ္ပဓာန်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော ဣဒ္ဓိပါဒ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော ဣန္ဒြေတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော ဗိုလ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသောပညာ၊ အသီးအသီးသော ဗောဇ္ဈင်တို့၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီး သိသောပညာ၊ အသီးအသီးသော အရိယာမဂ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီးသိသော ပညာ၊ အသီးအသီးသော သာမညဖိုလ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသော ပညာ၊ အသီးအသီးသော အဘိညာတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် အသီးအသီး သိသောပညာ၊ ပုထုဇန်တို့နှင့် ဆက်ဆံသော တရားတို့ကို လွန်၍ ပရမတ္ထနိဗ္ဗာန်၌ ဉာဏ်သည်ဖြစ်သောကြောင့် အသီးအသီးသိသော ပညာတည်း၊ အသီးအသီးသိသော ပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား အသီးအသီးသိသော ပညာတည်း။ (၅)

ပြန့်ပြောသော ပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ အဘယ်သည် ပြန့်ပြောသော ပညာနည်း။ ပြန့်ပြောကုန်သော အတ္ထတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဓမ္မတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော နိရုတ္တိတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ပဋိဘာန်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော သီလအစုတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော သမာဓိအစုတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ပညာအစုတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဝိမုတ္တိအစုတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဝိမုတ္တိ ဉာဏ်အမြင် အစုတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဝိဟာရသမာပတ်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော အရိယသစ္စာတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သောသတိပဋ္ဌာန်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော သမ္မပ္ပဓာန်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဣဒ္ဓိပါဒ်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဣန္ဒြေတို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဗိုလ်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ဗောဇ္ဈင်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော အရိယာမဂ္ဂင်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသောပညာ၊ ပြန့်ပြောကုန်သော သာမညဖိုလ်တို့ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော အဘိညာဉ်တို့ကို

http://www.dhammadownload.com



သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ပရမတ္ထနိဗ္ဗာန်ကို သိမ်းဆည်းသောကြောင့် ပြန့်ပြောသော ပညာ၊ ပြန့်ပြောကုန်သော ပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား ပြန့်ပြောသော ပညာတည်း။ (၆)

နက်နဲသော ပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ အဘယ်သည် နက်နဲသော ပညာနည်း။ နက်နဲကုန်သော ခန္ဓာတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာတည်း၊ နက်နဲကုန်သော ဓာတ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသောပညာ၊ နက်နဲကုန်သော အာယတနတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ပဋိစ္စသမုပ္ပါဒ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အတ္တစသည်ဖြင့် မရအပ်ကုန်သော သုညတတရားတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အတ္ထတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသောပညာ၊ နက်နဲကုန်သော ဓမ္မတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသောပညာ၊ နက်နဲကုန်သော နိရုတ္တိတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ပဋိဘာန်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော သီလအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော သမာဓိအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ပညာအစုတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဝိမုတ္တိအစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဝိမုတ္တိဉာဏ်အမြင် အစုတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဝိဟာရသမာပတ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အရိယသစ္စာတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော သတိပဋ္ဌာန်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော သမ္မပ္ပဓာန်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဣဒ္ဓိပါဒ်တို့၌ ဉာဏ်သည်ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဣန္ဒြေတို့၌ ဉာဏ်သည်ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဗိုလ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော ဗောဇ္ဈင်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အရိယာမဂ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော သာမညဖိုလ်တို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသော ပညာ၊ နက်နဲကုန်သော အဘိညာတို့၌ ဉာဏ်သည် ဖြစ်သောကြောင့် နက်နဲသောပညာ၊နက်နဲကုန်သောပရမတ္ထနိဗ္ဗာန်၌ ဉာဏ်သည်ဖြစ်သောကြောင့် နက်နဲသောပညာတည်း။ နက်နဲသော ပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား နက်နဲသော ပညာတည်း။ (၇)

(အောက် ပညာတို့နှင့်) မနီးသော ပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ အဘယ်သည် (အောက် ပညာတို့နှင့်) မနီးသော ပညာနည်း။ အကြင် အရိယာပုဂ္ဂိုလ်အား အတ္ထကို ပိုင်းခြားသောအားဖြင့် အတ္ထပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်း စသည်ဖြစ်၏၊ ဓမ္မကို ပိုင်းခြားသောအားဖြင့် ဓမ္မပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ နိရုတ္တိကို ပိုင်းခြားသောအားဖြင့် နိရုတ္တိပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ပဋိဘာန်ကို ပိုင်းခြားသောအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါကို ရခြင်း မျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းသည် ဖြစ်၏၊ ထိုအရိယာပုဂ္ဂိုလ်အား အတ္ထ၌ရင်း

http://www.dhammadownload.com



ဓမ္မ၌၎င်း နိရုတ္တိ၌၎င်း ပဋိဘာန်၌၎င်း တပါးသော ပုထုဇန်ပုဂ္ဂိုလ်သည် မှီခြင်းငှါ စွမ်းနိုင်၏၊ ထိုအရိယာပုဂ္ဂိုလ်ကို တပါးသော ပုထုဇန်ပုဂ္ဂိုလ်တို့သည် မမှီနိုင်၊ ထို့ကြောင့် (အောက်ပညာတို့နှင့်) မနီးသော ပညာရှိ၏။

ကလျာဏပုထုဇဉ်၏ ပညာသည် အရဟတ္တဖလဋ္ဌာန်မှ ပြန်၍ရေသော် ရှစ်ဦးမြောက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၏ ပညာမှ ဝေး၏၊ အထူးဝေး၏၊ အလွန်ဝေး၏၊ မနီး၊ နီးသောအဖို့၌ မဖြစ်။ ကလျာဏပုထုဇဉ်ကိုစွဲ၍ (အရဟတ္တဖလဋ္ဌာန်မှ ပြန်၍ရေသော်) ရှစ်ဦးမြောက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် မနီးသော ပညာရှိ၏၊ ရှစ်ဦးမြောက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်၏ ပညာသည် သောတာပန်၏ ပညာမှ ဝေး၏၊ အထူးဝေး၏၊ အလွန်ဝေး၏၊ မနီး၊ နီးသော အဖို့၌ မဖြစ်။ ရှစ်ဦးမြောက် သောတာပတ္တိမဂ်ပုဂ္ဂိုလ်ကို စွဲ၍ သောတာပန်ပုဂ္ဂိုလ်သည် မနီးသော ပညာရှိ၏၊ သောတာပန်၏ ပညာသည် သကဒါဂါမ်၏ ပညာမှ ဝေး၏၊ အထူးဝေး၏၊ အလွန်ဝေး၏၊ မနီး၊ နီးသောအဖို့၌ မဖြစ်။ သောတာပန်ကိုစွဲ၍ သကဒါဂါမ်သည် မနီးသော ပညာရှိ၏၊ သကဒါဂါမ်၏ ပညာသည် အနာဂါမ်၏ ပညာမှ ဝေး၏၊ အထူးဝေး၏၊ အလွန်ဝေး၏၊မနီး၊နီးသောအဖို့၌ မဖြစ်။ သကဒါဂါမ်ကို စွဲ၍ အနာဂါမ်သည် မနီးသော ပညာရှိ၏၊အနာဂါမ်၏ပညာသည် ရဟန္တာ၏ ပညာမှ ဝေး၏၊အထူးဝေး၏၊ အလွန်ဝေး၏၊ မနီး၊ နီးသောအဖို့၌ မဖြစ်။ အနာဂါမ်ကို စွဲ၍ ရဟန္တာသည် မနီးသော ပညာရှိ၏၊ ရဟန္တာ၏ ပညာသည် ပစ္စေကဗုဒ္ဓ၏ပညာမှ ဝေး၏၊ အထူးဝေး၏၊ အလွန်ဝေး၏၊ မနီး၊ နီးသောအဖို့၌ မဖြစ်။ ရဟန္တာကိုစွဲ၍ ပစ္စေကဗုဒ္ဓသည် မနီးသော ပညာရှိ၏၊ ပစ္စေကဗုဒ္ဓကို၎င်း နတ်နှင့်တကွသော လောကကို၎င်း စွဲ၍ (ကိလေသာ) ရန်သူကို သတ်တတ်သော မဖောက်မပြန် (တရားအားလုံးကို) အလိုလို ကိုယ်တိုင်သိတော်မူသော မြတ်သော မြတ်စွာဘုရားသည် မနီးသော ပညာရှိ၏။

၅။ ပညာ အပြား၌ လိမ္မာ၏၊ ပညာအပြားသို့ ရောက်ပြီးသော ဉာဏ်ရှိ၏၊ ရပြီးသော ပဋိသမ္ဘိဒါ (ဉာဏ်) ရှိ၏၊ ဝေသာရဇ္ဇ (ဉာဏ်) လေးပါးသို့ ရောက်၏၊ အားဆယ်ပါးကို ဆောင်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူ၏၊ ခြင်္သေ့ကဲ့သို့သော ယောကျ်ားတည်း၊ ဆင်ပြောင်ကြီးကဲ့သို့သော ယောကျ်ားတည်း၊ ယောကျ်ား အာဇာနည်တည်း၊ ဝန်ဆောင်နိုင်သော ယောကျ်ားတည်း၊ အဆုံးမရှိသော ဉာဏ်ရှိ၏၊ အဆုံးမရှိသော တန်ခိုးရှိ၏၊ အဆုံးမရှိသော ကျော်စောသံရှိ၏၊ (ပညာဥစ္စာ) ပြည့်စုံ (ကြွယ်ဝ)၏၊ များသော (ပညာ) ဥစ္စာရှိ၏၊ ဘေးကင်းရာသို့ ဆောင်တတ်၏၊ ဝေနေယျတို့ကို ဆုံးမတတ်၏၊ (ယုံမှားခြင်းကို ဖြတ်) ပယ်တတ်၏၊ အနက် အဓိပ္ပါယ်ကို ခွဲခြားသိစေတတ်၏၊ ကြံစည်(ဆုံးဖြတ်) စေတတ်၏၊ ရှုစေတတ်၏၊ ကြည်လင်စေတတ်၏၊ အကြောင်းမူ ထိုမြတ်စွာဘုရားသည် (မိမိသန္တာန်၌) မဖြစ်ဘူးသေးသော မဂ်ကို ဖြစ်စေတတ်၏၊ (ဝေနေယျသန္တာန်၌) မဖြစ်ဘူးသေးသောမဂ်ကို ဖြစ်စေတတ်၏၊ မဟောကြားဘူးသေးသော မဂ်ကို ဟောကြားတတ်၏၊ ဆင်ခြင်သည်၏အစွမ်းဖြင့် အရိယာမဂ်ကို သိတတ်၏၊ ဝေနေယျသန္တာန်၌ အရိယာမဂ်ကိုသိ၏၊ မဂ်၌ လိမ္မာ၏၊ ယခုအခါ မြတ်စွာဘုရား၏ မဂ်သို့ အစဉ်လိုက်ကုန်၍ တပည့် သာဝကတို့သည် နောက်၌ သီလစသော ဂုဏ်နှင့် ပြည့်စုံလျက် နေကုန်၏။

ထိုမြတ်စွာဘုရားသည် သိသင့်သည်ကို သိ၏၊ ရှုမြင်သင့်သည်ကို ရှုမြင်၏၊ မျက်စိသဖွယ် ဖြစ်၏၊ ဉာဏ်သဖွယ် ဖြစ်၏၊ တရားသဖွယ် ဖြစ်၏၊ ဗြဟ္မာသဖွယ် ဖြစ်၏၊ တရားကို မိန့်ဆိုတတ်၏၊ အထူးထူး အပြားပြား မိန့်ဆိုတတ်၏၊အနက်ကို ထုတ်ဆောင်တတ်၏၊ အမြိုက်နိဗ္ဗာန်ကို ပေးတတ်၏၊ တရား

http://www.dhammadownload.com



အရှင်ဖြစ်တော်မူ၏၊ ရှေးဘုရားတို့ကဲ့သို့ လာတော်မူတတ်၏၊ ထိုမြတ်စွာဘုရားအား မသိအပ် မမြင်အပ် မရောက်အပ် မျက်မှောက်မပြုအပ် ပညာဖြင့်မတွေ့ထိအပ်သောအရာသည်မရှိ။ အတိတ် အနာဂတ် ပစ္စုပ္ပန်ကိုယူ၍ (အတွင်းပြု၍) အလုံးစုံသောတရားတို့သည် အလုံးစုံသောအခြင်းအရာ အားဖြင့် ဘုန်းရှိသောမြတ်စွာဘုရား၏ဉာဏ်ဝ၌ ရှေးရှုထင်ခြင်းသို့ရောက်ကုန်၏၊ အလုံးစုံသော နေယျမည်သည် ရှိ၏၊ ထိုအလုံးစုံသောတရားကို သိအပ်၏၊ မိမိအကျိုး သူတပါးအကျိုး နှစ်ဦး လုံးအကျိုး မျက်မှောက်အကျိုး တမလွန်အကျိုး ပေါ်လွင်သောအကျိုး နက်နဲသောအကျိုး လျို့ ဝှက်သောအကျိုး ဖုံးလွှမ်းသောအကျိုး ဆောင်အပ်သောအကျိုး တိုက်ရိုက်သိအပ်သောအကျိုး အပြစ်မရှိသောအကျိုး ကိလေသာမရှိသောအကျိုး ဖြူစင်သောအကျိုး ပရမတ္ထအကျိုးသည် ရှိ၏၊ ထိုအားလုံးသည် မြတ်စွာဘုရားဉာဏ်အတွင်း၌ နှံ့၍ဖြစ်၏။

ကာယကံအားလုံးသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ဉာဏ်သို့ အစဉ်လိုက်၍ဖြစ်၏၊ ဝစီကံအားလုံးသည် ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ဉာဏ်သို့ အစဉ်လိုက်၍ဖြစ်၏၊ မနောကံ အားလုံးသည် ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ဉာဏ်သို့ အစဉ်လိုက်၍ဖြစ်၏။ အတိတ်၌ ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ဉာဏ်သည် အပိတ်အပင်မရှိ၊ အနာဂတ်၌ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ဉာဏ်သည် အပိတ်အပင်မရှိ၊ ပစ္စုပ္ပန်၌ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ ဉာဏ်သည် အပိတ်အပင်မရှိ၊ သိအပ်သောနေယျရှိသလောက် ဉာဏ်(ဖြစ်၏)၊ ဉာဏ်ဖြစ်သလောက် သိအပ်သောနေယျ(ရှိ၏)၊ ဉာဏ်သည် နေယျအဆုံးရှိ၏၊ နေယျသည် ဉာဏ်အဆုံးရှိ၏၊ နေယျကို လွန်၍ ဉာဏ်မဖြစ်၊ ဉာဏ်ကို လွန်၍ နေယျပထ မရှိ၊ ထိုတရားတို့သည် အချင်းချင်း (တပါးသည် တပါး၏)အဆုံး၌ တည်လေ့ရှိကုန်၏၊ ကောင်းစွာထိသောပန်းအုပ်ပြင်နှစ်ခုတို့၏ အောက်ဖြစ်သော ပန်းအုပ်ပြင်သည် အထက်ဖြစ်သောပန်းအုပ်ပြင်ကို လွန်၍မဖြစ်၊ အထက်ဖြစ်သောပန်းအုပ်ပြင်သည် အောက်ဖြစ်သော ပန်းအုပ်ပြင်ကိုလွန်၍မဖြစ်၊ အချင်းချင်း(တခုသည်တခု၏) အဆုံး၌ တည်လေ့ ရှိကုန်၏၊ ဤအတူပင် ဘုန်းရှိသောမြတ်စွာဘုရား၏ နေယျသည်ငဲ့ ဉာဏ်သည်ငဲ့ အချင်းချင်း (တပါးသည်တပါး၏) အဆုံး၌ တည်လေ့ရှိကုန်၏၊ နေယျရှိသလောက် ဉာဏ်(ဖြစ်၏)၊ သိအပ်သော နေယျရှိသလောက်ဉာဏ်ဖြစ်၏၊ ဉာဏ်သည် နေယျအဆုံးရှိ၏၊ နေယျသည် ဉာဏ်အဆုံးရှိ၏၊ နေယျကို လွန်၍ ဉာဏ်သည်မဖြစ်၊ ဉာဏ်ကိုလွန်၍ နေယျပထ မရှိ၊ ထိုတရားတို့သည် အချင်းချင်း(တပါးသည် တပါး၏)အဆုံး၌ တည်လေ့ရှိကုန်၏၊ တရားအားလုံးတို့၌ ဘုန်းရှိသောမြတ်စွာဘုရား၏ ဉာဏ်သည် ဖြစ်၏။

တရားအားလုံးတို့သည် ဘုန်းရှိသောမြတ်စွာဘုရား၏ ဆင်ခြင်ခြင်းနှင့် စပ်ကုန်၏၊ အလိုနှင့် စပ်ကုန်၏၊ နှလုံးသွင်းခြင်းနှင့် စပ်ကုန်၏၊ စိတ်ဖြစ်ခြင်းနှင့်စပ်ကုန်၏၊ သတ္တဝါအားလုံးတို့၌ ဘုန်းရှိ သောမြတ်စွာဘုရားဉာဏ်သည်ဖြစ်၏၊ မြတ်စွာဘုရားသည် သတ္တဝါအားလုံးတို့၏ အာသယကိုသိ၏၊ အနုသယကိုသိ၏၊ စရိုက်ကိုသိ၏၊ နှလုံးသွင်းခြင်းကိုသိ၏၊ (ပညာ)မျက်စိ၌(ကိလေသာ)မြူနည်းသူ (ပညာ)မျက်စိ၌ (ကိလေသာ)မြူများသူ ဣန္ဒြေထက်သူ ဣန္ဒြေနုံ့သူ အခြင်းအရာကောင်းသူ အခြင်းအရာမကောင်းသူ သိစေရန်လွယ်သူ သိစေရန်ခက်သူ ကျွတ်ထိုက်သူ မကျွတ်ထိုက်သူ သတ္တဝါတို့ကို ခွဲခြား၍သိ၏၊ (အောက်) နတ်ဘုံနှင့်တကွ မာရ်နတ်ဘုံနှင့်တကွ ဗြဟ္မာနှင့်တကွသော (သြကာသ)လောကသည် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော သတ္တလောကသည် မြတ်စွာဘုရားဉာဏ်အတွင်း၌ ပျံ့နှံ့၍ဖြစ်၏၊ အထက်အဆုံးအပိုင်းအခြားအားဖြင့် တိမိ တိမိင်္ဂလကို အတွင်းပြု၍ အလုံးစုံသောငါးလိပ်တို့သည် မဟာသမုဒ္ဒရာအတွင်း၌ ပျံ့နှံ့၍ဖြစ်ကုန်သကဲ့သို့ ဤ

http://www.dhammadownload.com



အတူပင်(အောက်)နတ်ဘုံနှင့်တကွ မာရ်နတ်နှင့်တကွဗြဟ္မာနှင့်တကွသော ဩကာသလောကသည် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော သတ္တလောကသည် မြတ်စွာဘုရားဉာဏ်အတွင်း၌ ပျံ့နှံ့၍ဖြစ်၏၊ (အထက်)အဆုံးအပိုင်းအခြားအားဖြင့် ဝေနတေယျနွယ်ငှက်ကို အတွင်း၌ပြု၍ အလုံးစုံသောငှက်တို့သည် ကောင်းကင်တဝိုက်၌ ပျံ့နှံ့၍ဖြစ်ကုန်သကဲ့သို့ ဤအတူပင် ပညာအားဖြင့် အကြင်သာရိပုတ္တရာနှင့်တူသူတို့(ရှိကုန်၏)၊ ထိုသူတို့သည်လည်း မြတ်စွာဘုရားဉာဏ်၏ တစိတ်တဒေသ၌ ပျံ့နှံ့၍ဖြစ်ကုန်၏၊ မြတ်စွာဘုရားဉာဏ်သည် နတ်လူတို့၏ပညာကိုပျံ့နှံ့၍ ကျော်လွန်လွှမ်းမိုးကာတည်၏၊ အကြင်မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်းပညာရှိတို့သည် သိမ်မွေ့သောပညာရှိကုန်၏၊ တပါးသူတို့နှင့် ပြုပြီးသောဝါဒရှိကုန်၏၊ ဝါလဝေဓိ (ဆံမြီး သမား)နှင့်တူကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် ပညာဖြင့် သူတပါးအယူတို့ကိုဖျက်ဆီးလျက် လှည့်လည်ကုန်ယောင်တကား၊ ထိုပုဂ္ဂိုလ်တို့သည် ပြဿနာကိုပြုစီရင်ကုန်၍ ပြုစီရင်ကုန်၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ကာ လျှို့ဝှက်ရာတို့ကိုငင်း ဖုံးကွယ်ရာတို့ကိုငင်း မေးကုန်၏၊ ထိုပြဿနာတို့သည် မြတ်စွာဘုရား မိန့်ဆိုအပ် ဖြေကြားအပ် အကြောင်းကိုညွှန်ပြအပ်ပြီးသည်ဝ့်ယာလျှင် ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား၏ခြေတော်ရင်း၌ဝပ်စင်းလျက် တပည့်သာဝကအဖြစ်သို့ ရောက်ကုန်၏၊ ထိုအခါ၌ မြတ်စွာဘုရားသည် ထိုနေရာ၌ ယင်းပညာဖြင့် အလွန်(ထွန်းလင်း)တင့်တယ်တော်မူ၏၊ ထို့ကြောင့် မြတ်သော မနီးသောပညာ ရှိ၏၊ (အောက်ပညာတို့နှင့်) မနီးသောပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား မနီးသောပညာတည်း။ (၈)

၆။ မြေကြီးကဲ့သို့ကျယ်ပြန့်သော 'ဘူရိ'ပညာရှိဖြစ်ခြင်းငှါဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ဘူရိပညာနည်း။ ရာဂကိုနှိမ်နင်းသောကြောင့် ဘူရိပညာတည်း၊ နှိမ်နင်းပြီးသောကြောင့် ဘူရိပညာ၊ ဒေါသကိုနှိမ်နင်းသောကြောင့် ဘူရိပညာ၊ နှိမ်နင်းပြီးသောကြောင့် ဘူရိပညာ၊ မောဟကိုနှိမ်နင်းသောကြောင့် ဘူရိပညာ၊ နှိမ်နင်းပြီးသောကြောင့် ဘူရိပညာ၊ အမျက်ထွက်ခြင်းကို။ပ။ ရန်ငြိုးဖွဲ့ခြင်းကို။ သူ့ဂုဏ်ချေဖျက်ခြင်းကို။ ဂုဏ်ပြိုင်ခြင်းကို။ ငြူစူခြင်းကို။ ဝန်တိုခြင်းကို။ မိမိအပြစ်ဖုံးဖိခြင်း 'မာယာ' ကို။ (မရှိသောဂုဏ်ဖြင့်) ပလွှားခြင်း 'သာဌေယျ' ကို။ မောက်မာခြင်းကို။ ချုတ်ချယ်ခြင်းကို။ ထောင်လွှားခြင်းကို။ အလွန်ထောင်လွှားခြင်းကို။ ယစ်ခြင်းကို။ မေ့လျော့ခြင်းကို။ ကိလေသာအားလုံးတို့ကို။ ဒုစရိုက်အားလုံးတို့ကို။ အဘိသင်္ခါရအားလုံးတို့ကို။ပ။ ဘဝသို့ရောက်ကြောင်းကံအားလုံးတို့ကို နှိမ်နင်းသောကြောင့် ဘူရိပညာ၊ နှိမ်နင်းပြီးသောကြောင့် ဘူရိပညာ။ ရာဂဟူသောရန်သူကို နှိမ်နင်းသောပညာတည်း၊ ထို့ကြောင့် ဘူရိပညာ။ ဒေါသဟူသောရန်သူကို နှိမ်နင်းသောပညာတည်း၊ ထို့ကြောင့် ဘူရိပညာ။ မောဟဟူသောရန်သူကို နှိမ်နင်းသောပညာဖြစ်သောကြောင့် ဘူရိပညာ။ အမျက်ထွက်ခြင်း။ပ။ ရန်ငြိုးဖွဲ့ခြင်း။ သူ့ဂုဏ်ကို ချေဖျက်ခြင်း။ ဂုဏ်ပြိုင်ခြင်း။ ငြူစူခြင်း။ ဝန်တိုခြင်း။ မိမိအပြစ်ကိုဖုံးဖိခြင်း။ မရှိသောဂုဏ်ဖြင့်ပလွှားခြင်း။ မောက်မာခြင်း။ ချုတ်ချယ်ခြင်း။ ထောင်လွှားခြင်း။ အလွန်ထောင်လွှားခြင်း။ ယစ်ခြင်း။ မေ့လျော့ခြင်း။ ကိလေသာအားလုံး ဒုစရိုက်အားလုံး အဘိသင်္ခါရအားလုံး။ပ။ ဘဝသို့ရောက်ကြောင်းကံအားလုံးဟူသောရန်သူကို နှိမ်နင်းသောပညာဖြစ်သောကြောင့် ဘူရိပညာ၊ ဘူရိဟုဆိုအပ်သော မြေကြီးနှင့်တူသော ကျယ်ပြန့် ပြန့်ပြောသောပညာနှင့်ပြည့်စုံသောကြောင့် ဘူရိပညာ၊တနည်းကား ဤဘူရိအမည်သည် ပညာ၏အမည်တည်း။ မှန်သောအနက်၌ မွေ့လျော်တတ်သောကြောင့် ဘူရိပညာတည်း[၁]၊ ဘူရိပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား ဘူရိပညာတည်း။ (၉)

---

၁-ဘူရိ၌ ဘူ ရိ ခွဲ၍၊ ဘူ = အမှန်၊ ရိ = မွေ့လျော်ခြင်း။ ဘူရိတိ ဘူတေ အတ္ထေ ရမတီတိ ဘူရိ(အဋ္ဌကထာ)။

http://www.dhammadownload.com



'ပညာများသူဖြစ်ခြင်း၄' ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ပညာများသူ ဖြစ်သနည်း၊ ဤ လောက၌ အချို့သည် ပညာလေးစား(ခြင်းရှိ)သူ ပညာစရိုက်ရှိသူ ပညာအလိုအထုံရှိသူ ပညာ နှလုံးသွင်း(ခြင်းရှိ)သူ ပညာတံခွန်ရှိသူ ပညာမှန်ကင်းရှိသူ ပညာအကြီးအမှူးဖြစ်၍လာသူ ဓမ္မ သဘာဝကို စိစစ်ခြင်းများသူ ဓမ္မသဘာဝကို အထူးထူးအပြားပြား စိစစ်ခြင်းများသူ သက်ဝင်၍ ထင်ရှားပြုခြင်းများသူ သက်ဝင်၍ ကောင်းစွာထင်ရှားပြုခြင်းများသူ ကောင်းစွာရှုခြင်း၌ ဖြစ်ခြင်း သဘောရှိသူ ထင်ရှားနေလေ့ရှိသူ ထို(ပညာ)စရိုက်ရှိသူ ထို(ပညာ)လေးစားခြင်းရှိသူ ထိုပညာ များသူ ထို(ပညာ)၌ညွတ်သူ ထို(ပညာ)၌ကိုင်းသူ ထိုပညာ၌ရှိုင်းသူ ထို(ပညာ)၌ နှလုံးသွင်းသူ ထိုပညာအကြီးအမှူးအားဖြင့်လာသူ ဖြစ်၏၊ ဂိုဏ်းများသူကို ဂိုဏ်းလေးစား(ခြင်းရှိ)သူဟု ဆိုအပ် သကဲ့သို့ သက်နီးများသူကို သက်နီးလေးစား(ခြင်းရှိ)သူဟု ဆိုအပ်သကဲ့သို့ သပိတ်များသူကို သပိတ် လေးစား(ခြင်းရှိ)သူဟု ဆိုအပ်သကဲ့သို့ ကျောင်းအိပ်ရာနေရာများသူကို ကျောင်းအိပ်ရာနေရာ လေးစားသူဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဤလောက၌ အချို့သည် ပညာလေးစား(ခြင်းရှိ)သူ ပညာစရိုက်ရှိသူ၊ ပညာအလိုအထုံရှိသူ၊ ပညာနှလုံးသွင်းခြင်းရှိသူ၊ ပညာတံခွန်ရှိသူ၊ ပညာမှန်ကင်း ရှိသူ၊ ပညာအကြီး အမှူးအားဖြင့်လာသူ၊ ဓမ္မသဘာဝကိုစိစစ်ခြင်းများသူ ဓမ္မသဘာဝကို အထူးထူး အပြားပြား စိစစ်ခြင်းများသူ သက်ဝင်၍ ထင်ရှားပြုခြင်းများသူ သက်ဝင်၍ ကောင်းစွာထင်ရှား ပြုခြင်းများသူ ကောင်းစွာရှုခြင်း၌ ဖြစ်ခြင်းသဘောရှိသူ ထင်ရှားနေလေ့ရှိသူ ထိုပညာစရိုက်ရှိသူ ထိုပညာလေးစားခြင်းရှိသူ ထိုပညာများသူ ထိုပညာ၌ညွတ်သူ ထိုပညာ၌ကိုင်းသူ ထိုပညာ၌ရှိုင်းသူ ထိုပညာ၌ နှလုံးသွင်းသူ ထိုပညာ၌ အကြီးအမှူးအားဖြင့်လာသူ ဖြစ်၏၊ ပညာများသူဖြစ်ခြင်း၄' ဖြစ်ကုန်၏ဟူရာ၌ ဤကား ပညာများသူ အဖြစ်တည်း။ (၁၀)

မြန်သောပညာရှိဖြစ်ခြင်း၄' ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် မြန်သောပညာနည်း။ လျင်လျင် မြန်မြန်သီလတို့ကိုပြည့်စေသောကြောင့် မြန်သောပညာတည်း၊ လျင်လျင်မြန်မြန် ဣန္ဒြေစောင့်စည်း ခြင်းကိုပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဘောဇဉ်၌ အတိုင်းအရှည်သိသည့် အဖြစ်ကို ပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန်နိုးကြားမှု၌ အားထုတ်ခြင်းကို ပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် သီလအစုကို ပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် သမာဓိအစုကိုပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင် မြန်မြန် ပညာအစုကိုပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဝိမုတ္တိအစုကို ပြည့်စေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဝိမုတ္တိဉာဏ်အမြင်အစုကို ပြည့်စေသော ကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့ကို ထိုးထွင်း၍သိသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဝိဟာရသမာပတ်တို့ကို ပြည့်စေ သောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် အရိယသစ္စာတို့ကို ထိုးထွင်း၍သိသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် သတိပဋ္ဌာန်တို့ကိုပွါးစေသောကြောင့် မြန်သောပညာ၊ လျင်လျင် မြန်မြန် သမ္မပ္ပဓာန်တို့ကိုပွါးစေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဣဒ္ဓိပါဒ်တို့ကိုပွါးစေ သောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဣန္ဒြေတို့ကိုပွါးစေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဗိုလ်တို့ကိုပွါးစေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် ဗောဇ္ဈင်တို့ကို ပွါးစေသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် အရိယမဂ်ကိုပွါးစေသောကြောင့် မြန်သော ပညာ၊ လျင်လျင်မြန်မြန် သာမညဖိုလ်တို့ကို မျက်မှောက်ပြုသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန် အဘိညာတို့ကို ထိုးထွင်း၍သိသောကြောင့် မြန်သောပညာ၊ လျင်လျင်မြန်မြန်

http://www.dhammadownload.com



ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသောကြောင့် မြန်သောပညာတည်း၊ မြန်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား မြန်သောပညာတည်း။ (၁၁)

ပေါ့ပါးသောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ပေါ့သောပညာနည်း။ ပေါ့ပေါ့ ပါးပါး သီလတို့ကိုပြည့်စေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ဣန္ဒြေစောင့်စည်းခြင်းကိုပြည့်စေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါးဘောဇဉ်၌ အတိုင်းအရှည်သိသည့် အဖြစ်ကိုပြည့်စေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါးနိုးကြားမှု၌ အားထုတ်ခြင်းကို ပြည့်စေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါးသီလအစုကို။ပ။ သမာဓိအစုကို။ ပညာ အစုကို။ ဝိမုတ္တိအစုကို။ ဝိမုတ္တိဉာဏ်အမြင်အစုကို ပြည့်စေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်တို့ကို ထိုးထွင်း၍သိသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ဝိဟာရသမာပတ်တို့ကို ပြည့်စေသောကြောင့် ပေါ့ပါးသော ပညာ၊ ပေါ့ပေါ့ပါးပါး အရိယသစ္စာတို့ကို ထိုးထွင်း၍သိသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ ပါးပါး သတိပဋ္ဌာန်တို့ကို ပွါးစေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး သမ္မပ္ပဓာန်တို့ကို ပွါးစေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ဣဒ္ဓိပါဒ်တို့ကို ပွါးစေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ဣန္ဒြေတို့ကိုပွါးစေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ ပါးပါး ဗိုလ်တို့ကိုပွါးစေသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ဗောဇ္ဈင်တို့ကိုပွါးစေ သောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး အရိယာမဂ်ကိုပွါးစေသောကြောင့် ပေါ့ပါးသော ပညာ၊ ပေါ့ပေါ့ပါးပါး သာမညဖိုလ်တို့ကို မျက်မှောက်ပြုသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ ပါးပါး အဘိညာဉ်တို့ကို ထိုးထွင်း၍သိသောကြောင့် ပေါ့ပါးသောပညာ၊ ပေါ့ပေါ့ပါးပါး ပရမတ္ထ နိဗ္ဗာန်ကို မျက်မှောက်ပြုသောကြောင့် ပေါ့ပါးသောပညာတည်း၊ ပေါ့ပါးသောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား ပေါ့ပါးသောပညာတည်း။ (၁၂)

ရှင်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ရှင်သောပညာနည်း။ ဤလောက၌ အချို့သည် ရှင်ခြင်းများလျက် နှစ်ခြိုက်(ခံစား) ခြင်းများလျက် နှစ်သက်ခြင်းများလျက် ဝမ်း မြောက်ခြင်းများလျက် သီလတို့ကိုပြည့်စေသောကြောင့်ရှင်သောပညာ၊ရှင်ခြင်းများလျက်နှစ်ခြိုက် (ခံစား)ခြင်းများလျက် နှစ်သက်ခြင်းများလျက် ဝမ်းမြောက်ခြင်းများလျက် ဣန္ဒြေစောင့်စည်း ခြင်းကို ပြည့်စေသောကြောင့် ရှင်သောပညာ၊ ရှင်ခြင်းများလျက် နှစ်ခြိုက်(ခံစား)ခြင်းများလျက် နှစ်သက်ခြင်းများလျက် ဝမ်းမြောက်ခြင်းများလျက် ဘောဇဉ်၌ အတိုင်းအရှည် သိသည့်အဖြစ်ကို ပြည့်စေသောကြောင့် ရှင်သောပညာ၊ ရှင်ခြင်းများလျက် နှစ်ခြိုက်(ခံစား)ခြင်းများလျက် နှစ် သက်ခြင်းများလျက် ဝမ်းမြောက်ခြင်းများလျက် နိုးကြားမှု၌ အားထုတ်ခြင်းကို ပြည့်စေသော ကြောင့် ရှင်သောပညာ၊ ရှင်ခြင်းများလျက် နှစ်ခြိုက်(ခံစား)ခြင်း များလျက် နှစ်သက်ခြင်း များလျက် ဝမ်းမြောက်ခြင်းများလျက် သီလအစုကို။ပ။သမာဓိအစုကို။ ပညာအစုကို ဝိမုတ္တိအစုကို။ ဝိမုတ္တိဉာဏ်အမြင်အစုကို ပြည့်စေသောကြောင့်။ပ။အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည် တို့ကို ထိုးထွင်း၍သိသောကြောင့်။ ဝိဟာရ သမာပတ်တို့ကို ပြည့်စေသောကြောင့်။ အရိယသစ္စာ တို့ကို ထိုးထွင်း၍သိသောကြောင့်။ သတိပဋ္ဌာန်တို့ကို ပွါးစေသောကြောင့်။ သမ္မပ္ပဓာန်တို့ကို ပွါးစေသောကြောင့်။ ဣဒ္ဓိပါဒ်တို့ကို ပွါးစေသောကြောင့်။ ဣန္ဒြေတို့ကို ပွါးစေသောကြောင့်။ ဗိုလ် တို့ကို ပွါးစေသောကြောင့်။ဗောဇ္ဈင်တို့ကို ပွါးစေသောကြောင့်။အရိယာမဂ်ကို ပွါးစေသောကြောင့်။ ပ။သာမညဖိုလ်တို့ကို မျက်မှောက်ပြုသောကြောင့် ရှင်သောပညာ၊ ရှင်ခြင်းများလျက် နှစ်ခြိုက်

http://www.dhammadownload.com



(ခံစား)ခြင်းများလျက် နှစ်သက်ခြင်းများလျက် ဝမ်းမြောက်ခြင်းများလျက် အတိညာဉ်ဘိုကို ထိုးထွင်း၍သိသောကြောင့် ရွှင်သောပညာ၊ ရွှင်ခြင်းများလျက် နှစ်ခြိုက်(ခံစား)ခြင်းများလျက် နှစ်သက်ခြင်းများလျက် ဝမ်းမြောက်ခြင်းများလျက် ပရမတ္ထနိဗ္ဗာန်ကို မျက်မှောက်ပြုသောကြောင့် ရွှင်သောပညာတည်း၊ ရွှင်သောပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား ရွှင်သောပညာ တည်း။ (၁၃)

၇။ လျင်သောပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် လျင်သောပညာနည်း။ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အတွင်းဖြစ်သော အပဖြစ်သော ရုန့်ရင်းသော သိမ်မွေ့သော ယုတ်သော မြတ်သော အဝေးဖြစ်သော အနီးဖြစ်သော အလုံးစုံသော ရုပ်သည်(ရှိ၏)၊ အလုံးစုံ သောရုပ်ကို အနိစ္စအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာတည်း၊ ဒုက္ခအားဖြင့် လျင်စွာ သိသောကြောင့် လျင်သောပညာ၊ အနတ္တအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာ။ အလုံးစုံသောဝေဒနာသည်။ပ။အလုံးစုံသောသညာသည်။ အလုံးစုံသော သင်္ခါရတို့သည်။ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော အတွင်းဖြစ်သော အပဖြစ်သော ရုန့်ရင်းသော သိမ်မွေ့သော ယုတ် သော မြတ်သော အဝေးဖြစ်သော အနီးဖြစ်သော အလုံးစုံသောဝိညာဏ်သည်(ရှိ၏)၊ အလုံးစုံ သောဝိညာဏ်ကို အနိစ္စအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာ၊ ဒုက္ခအားဖြင့် လျင်စွာ သိသောကြောင့် လျင်သောပညာ၊ အနတ္တအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာ၊ စက္ခုသည်။ပ။အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏကို အနိစ္စအားဖြင့် လျင်စွာသိသော ကြောင့် လျင်သောပညာ၊ဒုက္ခအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာ၊အနတ္တအားဖြင့် လျင်စွာသိသောကြောင့် လျင်သောပညာတည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သောရုပ်သည် ကုန်ခြင်းသဘောအားဖြင့် အနိစ္စတည်း၊ ကြောက်ဖွယ်သဘောအားဖြင့် ဒုက္ခတည်း၊ အနှစ်မရှိခြင်းသဘောအားဖြင့် အနတ္တတည်းဟု နှိုင်းချိန်စူးစမ်း၍ ထင်ရှားစေ၍ ထင်အောင်ပြု၍ ရုပ်ချုပ်ရာနိဗ္ဗာန်၌ လျင်စွာသိသောကြောင့် လျင်သောပညာတည်း။ ဝေဒနာသည်။ပ။သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ စက္ခု သည်။ပ။အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏသည် ကုန်ခြင်းသဘောအားဖြင့် အနိစ္စ တည်း၊ ကြောက်ဖွယ်သဘောအားဖြင့် ဒုက္ခတည်း၊ အနှစ်မရှိခြင်းသဘောအားဖြင့် အနတ္တတည်း ဟု နှိုင်းချိန်စူးစမ်း၍ထင်ရှားစေ၍ ထင်အောင်ပြု၍ ဇရာမရဏ ချုပ်ရာနိဗ္ဗာန်၌ လျင်စွာသိသော ကြောင့် လျင်သောပညာတည်း။

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်သည် အနိစ္စတည်း၊ သင်္ခတတည်း၊ အကြောင်းကိုစွဲ၍ ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ရာဂကင်းခြင်းသဘောရှိ၏၊ ချုပ်ခြင်း သဘောရှိ၏ဟု နှိုင်းချိန်စူးစမ်း၍ထင်ရှားစေ၍ ထင်အောင်ပြု၍ ရုပ်ချုပ်ရာနိဗ္ဗာန်၌ လျင်စွာသိ သောကြောင့် လျင်သောပညာ။ ဝေဒနာသည်။ပ။သညာသည်။ သင်္ခါရတို့သည်။ ဝိညာဏ်သည်။ စက္ခုသည်။ပ။အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဇရာမရဏသည် အနိစ္စတည်း၊ သင်္ခတတည်း၊ အကြောင်းကိုစွဲ၍ဖြစ်၏၊ ကုန်ခြင်းသဘောရှိ၏၊ ပျက်ခြင်းသဘောရှိ၏၊ ရာဂကင်းခြင်းသဘော ရှိ၏၊ ချုပ်ခြင်းသဘောရှိ၏ဟု နှိုင်းချိန်စူးစမ်း၍ ထင်ရှားစေ၍ ထင်အောင်ပြု၍ ဇရာမရဏချုပ်ရာ နိဗ္ဗာန်၌ လျင်စွာသိသောကြောင့် လျင်သောပညာတည်း၊လျင်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား လျင်သောပညာတည်း။ (၁၄)

http://www.dhammadownload.com



**ထက်**သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ထက်သောပညာနည်း။ လျင်စွာ ကိလေသာတို့ကိုဖြတ်တတ်သောကြောင့် ထက်သောပညာတည်း၊ ဖြစ်ပေါ်လာသော ကာမဝိတက်ကို သည်းမခံ၊ စွန့်ပစ်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ထို့ကြောင့် ထက်သောပညာ။ ဖြစ်ပေါ်လာသော ဗျာပါဒဝိတက်ကို သည်းမခံ၊ စွန့်ပစ်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ရောက်စေ၏၊ ထို့ကြောင့် ထက်သောပညာ။ ဖြစ်ပေါ်လာသော ဝိဟိံသာဝိတက်ကို သည်းမခံ။ပ။ ဖြစ်ပေါ်လာကုန် ဖြစ်ပေါ်လာကုန်သည့် ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို သည်းမခံ၊ စွန့်ပစ်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ထို့ကြောင့် ထက်သောပညာ။ ဖြစ်ပေါ်လာသောရာဂကို သည်းမခံ၊ စွန့်ပစ်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန် မဖြစ်ခြင်းသို့ ရောက်စေ၏၊ ထို့ကြောင့် ထက်သောပညာ။ ဖြစ်ပေါ်လာသော ဒေါသကို။ပ။ ဖြစ်ပေါ်လာသော မောဟကို။ ဖြစ်ပေါ်လာသော အမျက်ထွက်ခြင်းကို။ ဖြစ်ပေါ်လာသော ရန်ငြိုးဖွဲ့ခြင်းကို။ သူ့ဂုဏ်ချေဖျက်ခြင်းကို။ ဂုဏ်ပြိုင်ခြင်းကို။ ငြူစူခြင်းကို။ ဝန်တိုခြင်းကို။ မိမိအပြစ်ကို ဖုံးဖိခြင်းကို။ မရှိသော ဂုဏ်ဖြင့် ပလွှားခြင်းကို။ မောက်မာခြင်းကို။ ချုတ်ချယ်ခြင်းကို။ ထောင်လွှားခြင်းကို။ အလွန် ထောင်လွှားခြင်းကို။ ယစ်ခြင်းကို။ မေ့လျော့ခြင်းကို။ ကိလေသာအားလုံးတို့ကို။ ဒုစရိုက်အားလုံး တို့ကို။ အဘိသင်္ခါရအားလုံးတို့ကို။ပ။ ဘဝသို့ရောက်ကြောင်း ကံအားလုံးတို့ကို သည်းမခံ၊ စွန့်ပစ်၏၊ ပယ်ဖျောက်၏၊ ကင်းအောင်ပြု၏၊ တဖန်မဖြစ်ခြင်းသို့ ရောက်စေ၏၊ ထို့ကြောင့် ထက်သောပညာ။ တခုသောနေရာ၌ အရိယာမဂ်လေးပါးတို့ကိုလည်း သာမညဖိုလ်လေးပါးတို့ကိုလည်း ပဋိသမ္ဘိဒါလေးပါး တို့ကိုလည်း အဘိညာခြောက်ပါးတို့ကိုလည်း ရခြင်းမျက်မှောက်ပြုခြင်း ပညာဖြင့် တွေ့ထိခြင်းတို့ဖြစ်ကုန် ၏၊ ထို့ကြောင့် ထက်သောပညာတည်း၊ ထက်သောပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ ဤကား ထက်သောပညာတည်း။ (၁၅)

ဖောက်ခွဲနိုင်သော ပညာရှိဖြစ်ခြင်းငှါ ဖြစ်ကုန်၏ဟူရာ၌ အဘယ်သည် ဖောက်ခွဲနိုင်သောပညာ နည်း။ ဤလောက၌ အချို့သောသူသည် သင်္ခါရအားလုံးတို့၌ ထိတ်လန့်ခြင်းများသူ ကြောက်ရွံ့ ခြင်းများသူ ငြီးငွေ့ခြင်းများသူ မမွေ့လျော်ခြင်းများသူ အလွန်မမွေ့လျော်ခြင်းများသူဖြစ်၏၊ သင်္ခါရမှအပ (နိဗ္ဗာန်)သို့ရှေ့ရှုလျက် သင်္ခါရအားလုံးတို့၌ မမွေ့လျော်၊ မဖောက်ထွင်းဘူး မခွဲ ဖျက်ဘူးသော လောဘအစုကို ဖောက်ထွင်း၏၊ ခွဲဖျက်၏၊ ထို့ကြောင့် ဖောက်ခွဲသောပညာတည်း။ မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသော ဒေါသအစုကို ဖောက်ထွင်း၏၊ ခွဲဖျက်၏၊ ထို့ကြောင့် ဖောက်ခွဲသောပညာ။ မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသော မောဟအစုကို ဖောက်ထွင်း၏၊ ခွဲဖျက်၏၊ ထို့ကြောင့် ဖောက်ခွဲသောပညာ။ မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသော အမျက်ထွက်ခြင်းကို။ပ။ ရန်ငြိုးဖွဲ့ခြင်းကို။ သူ့ဂုဏ်ချေဖျက်ခြင်းကို။ ဂုဏ်ပြိုင်ခြင်းကို။ ငြူစူခြင်းကို။ ဝန်တိုခြင်းကို။ မိမိ အပြစ်ဖုံးဖိခြင်းကို။ မရှိသောဂုဏ်ဖြင့် ပလွှားခြင်းကို။ မောက်မာခြင်းကို။ ချုတ်ချယ်ခြင်းကို။ ထောင်လွှားခြင်းကို။ အလွန်ထောင်လွှားခြင်းကို။ ယစ်ခြင်းကို။ မေ့လျော့ခြင်းကို ကိလေသာအားလုံး တို့ကို။ ဒုစရိုက်အားလုံးတို့ကို။ အဘိသင်္ခါရအားလုံးတို့ကို။ပ။ ဘဝသို့ရောက်ကြောင်း ကံအားလုံး တို့ကို ဖောက်ထွင်း၏၊ ခွဲဖျက်၏၊ ထို့ကြောင် ဖောက်ခွဲသောပညာတည်း၊ ဖောက်ခွဲနိုင်သောပညာရှိ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏ ဟူရာ၌ ဤကား ဖောက်ခွဲနိုင်သောပညာတည်း။ (၁၆)

ဤသည်တို့ကား ပညာတဆယ့်ခြောက်ပါးတို့တည်း။ ဤပညာတဆယ့်ခြောက်ပါးတို့နှင့် ပြည့်စုံ သောပုဂ္ဂိုလ်သည် ပဋိသမ္ဘိဒါသို့ရောက်၏။

http://www.dhammadownload.com



## ၂-ပုဂ္ဂလဝိသေသ အကျယ်ပြခြင်း

၇။ ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ တဦးသည် ရှေးအားထုတ်ခြင်းနှင့်ပြည့်စုံ၏၊ တဦးသည် ရှေးအားထုတ်ခြင်းနှင့်မပြည့်စုံ။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏၊ တဦးသည် အကြားအမြင်များ၏၊ တဦးသည် အကြားအမြင်မများ၊ အကြားအမြင်များသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏၊ နှစ်ဦးလုံးပင် အကြားအမြင်များကုန်၏၊ တဦးသည် တရားဟောခြင်းများ၏၊ တဦးသည် တရားဟောခြင်းမများ၊ တရားဟောခြင်းများသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏၊ နှစ်ဦးလုံးပင် အကြားအမြင်များကုန်၏၊နှစ်ဦးလုံးပင် တရားဟောခြင်း များကုန်၏၊ တဦးသည်ဆရာကိုမှီခို၏၊တဦးသည် ဆရာကိုမမှီခို၊ ဆရာကိုမှီခိုသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ရောက်ကုန်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏။နှစ်ဦးလုံးပင် အကြားအမြင်များကုန်၏၊ နှစ်ဦးလုံးပင် တရားဟောခြင်းများကုန်၏။နှစ်ဦးလုံးပင် ဆရာကိုမှီခိုကုန်၏၊ တဦးသည် (ဝိပဿနာဖြင့်) နေခြင်းများ၏၊ တဦးသည် (ဝိပဿနာဖြင့်) နေခြင်းမများ၊(ဝိပဿနာဖြင့်)နေခြင်းများသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏။ နှစ်ဦးလုံးပင် အကြားအမြင်များကုန်၏။ နှစ်ဦးလုံးပင် တရားဟောခြင်းများကုန်၏။ နှစ်ဦးလုံးပင် ဆရာကိုမှီခိုကုန်၏။ နှစ်ဦးလုံးပင် (ဝိပဿနာဖြင့်) နေခြင်းများကုန်၏။ တဦးသည် ဆင်ခြင်ခြင်းများ၏၊ တဦးသည် ဆင်ခြင်ခြင်းမများ၊ ဆင်ခြင်ခြင်းများသောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သောပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏။ နှစ်ဦးလုံးပင် အကြားအမြင်များကုန်၏။ နှစ်ဦးလုံးပင် တရားဟောခြင်းများကုန်၏။ နှစ်ဦးလုံးပင် ဆရာကိုမှီခိုကုန်၏။ နှစ်ဦးလုံးပင်(ဝိပဿနာဖြင့်) နေခြင်းများကုန်၏။ နှစ်ဦးလုံးပင် ဆင်ခြင်ခြင်း များကုန်၏။ တဦးသည် သေက္ခပဋိသမ္ဘိဒါသို့ ရောက်၏၊ တဦးသည် အသေက္ခပဋိသမ္ဘိဒါသို့ ရောက်၏၊ အသေက္ခပဋိသမ္ဘိဒါသို့ ရောက်သောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူဖြစ်၏၊ လွန်မြတ်သူဖြစ်၏၊ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ ရောက်၏။

http://www.dhammadownload.com



ပဋိသမ္ဘိဒါသို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏။ နှစ်ဦးလုံးပင် အကြားအမြင် များကုန်၏။ နှစ်ဦးလုံးပင် တရားဟောခြင်း များကုန်၏။ နှစ်ဦးလုံးပင် ဆရာကို မှီခိုကုန်၏။ နှစ်ဦးလုံးပင်(ဝိပဿနာဖြင့်) နေခြင်း များကုန်၏။ နှစ်ဦး လုံးပင် ဆင်ခြင်ခြင်း များကုန်၏။ နှစ်ဦးလုံးပင် အသေက္ခ ပဋိသမ္ဘိဒါသို့ ရောက်ကုန်၏။ တဦးသည် သာဝကပါရမီသို့ ရောက်၏၊ တဦးသည် သာဝကပါရမီသို့ မရောက်၊ သာဝကပါရမီသို့ ရောက်သောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူ ဖြစ်၏၊ လွန်မြတ်သူ ဖြစ်၏၊ ထူးသူဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ် အပြားသို့ ရောက်၏။

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ်တို့သည် နှစ်ဦးတို့တည်း။ နှစ်ဦးလုံးပင် ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံကုန်၏။ နှစ်ဦးလုံးပင် အကြားအမြင် များကုန်၏။ နှစ်ဦးလုံးပင် တရားဟောခြင်းများကုန်၏။ နှစ်ဦးလုံးပင် ဆရာကို မှီခိုကုန်၏။ နှစ်ဦးလုံးပင်(ဝိပဿနာဖြင့်)နေခြင်းများကုန်၏။ နှစ်ဦး လုံးပင် ဆင်ခြင်ခြင်း များကုန်၏။ နှစ်ဦးလုံးပင် အသေက္ခပဋိသမ္ဘိဒါသို့ ရောက်ကုန်၏။ တဦးသည် သာဝကပါရမီသို့ ရောက်၏၊ တဦး သည် ပစ္စေကဗုဒ္ဓါတည်း၊ ပစ္စေကဗုဒ္ဓါ ဖြစ်သောသူသည် ထိုအကြောင်းကြောင့် လွန်ကဲသူ ဖြစ်၏၊လွန်မြတ်သူ ဖြစ်၏၊ ထူးသူ ဖြစ်၏၊ ထိုသူသည် ပဋိသမ္ဘိဒါဉာဏ်အပြားသို့ ရောက်၏။

ပစ္စေကဗုဒ္ဓါကိုင်း နတ်နှင့်တကွသော လောကကိုင်း ခွဲ၍ (ကိလေသာ) ရန်သူကို သတ်တတ်သော မဖေ ာက်မပြန် (တရားအာ လုံးကို) အလိုလိုကိုယ်တိုင် သိတော်မူသော မြတ်စွာဘုရားသည် မြတ်သောပဋိသမ္ဘိဒါသို့ ရောက်တော်မူ၏၊ ပညာအပြား၌ လိမ္မာတော်မူ၏၊ ရောက်ပြီးသော ပဋိသမ္ဘိဒါဉာဏ်ရှိတော်မူ၏၊ ရပြီးသော ပဋိသမ္ဘိဒါ ရှိတော်မူ၏၊ ဝေသာရဇ္ဇဉာဏ် လေးပါးသို့ ရောက်တော်မူ၏၊ဆယ်ပါးသောအားကို ဆောင်တော်မူ၏၊ မြတ်သော ယောကျ်ားဖြစ်တော်မူ၏၊ ခြင်္သေ့မင်းနှင့် တူသောယောကျ်ား ဖြစ်တော်မူ၏။ ပ။အကြင် မင်းပညာရှိ ပုဏ္ဏားပညာရှိ သူကြွယ်ပညာရှိ ရဟန်းပညာရှိတို့သည် သိမ်မွေ့သော ပညာရှိကုန်၏၊ တပါးသူတို့နှင့် ပြုပြီးသော ဝါဒရှိကုန်၏၊ ဝါလဝေဓိလေးသမားနှင့် တူကုန်၏၊ထိုပုဂ္ဂိုလ်တို့သည် ပညာဖြင့် သူတပါးအယူကို ဖျက်ဆီးကုန်လျက် လှည့်လည်ကြကုန်ယောင်တကား၊ ထိုပုဂ္ဂိုလ်တို့သည် ပြဿနာကို ပြုစီရင်ကုန်၍ ပြုစီရင်ကုန်၍ မြတ်စွာဘုရားသို့ ချဉ်းကပ်ကာ လျှို့ဝှက်ရာတို့ကိုင်း ဖုံးကွယ်ရာတို့ကိုင်း မေးကုန်၏၊ ထိုပြဿနာတို့သည် မြတ်စွာဘုရား မိန့်ဆိုအပ် ဖြေကြားအပ် အကြောင်းကိုညွှန်ပြအပ်ပြီးသည်တို့သာလျှင် ဖြစ်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်းလျက် တပည့်သာဝက အဖြစ်သို့ ရောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုနေရာ၌ ယင်းပညာဖြင့် အလွန် (ထွန်းလင်း) တင့်တယ်တော်မူ၏၊ ထို့ကြောင့် မြတ်သော ပဋိသမ္ဘိဒါသို့ ရောက်တော်မူ၏။

မဟာပညာကထာ ပြီး၏။

---

## ၂-ဣဒ္ဓိကထာ

၉။ အဘယ်သည် (ပြည့်စုံ ပြီးစီးခြင်း) တန်ခိုးနည်း။ တန်ခိုးသည် အဘယ်မျှတို့နည်း။ တန်ခိုး၏ အဆောက်အဦတို့သည် အဘယ်မျှတို့နည်း။ (တည်ရာ) ပါဒတို့သည် အဘယ်မျှတို့နည်း။ (နီးသော အကြောင်း)ပဒတို့သည် အဘယ်မျှတို့နည်း။ မူလ(အစအကြောင်း)တို့သည် အဘယ်မျှ

http://www.dhammadownload.com



တို့နည်း။ အဘယ်သည် တန်ခိုးနည်း ဟူရာ၌ ပြည့်စုံခြင်း သဘောအားဖြင့် တန်ခို တည်း၊ တန်ခိုးသည် အဘယ်မျှတို့နည်းဟူရာ၌ တန်ခိုးတို့သည် ဆယ်ပါးတို့တည်း။ တန်ခိုး၏ အဆောက်အဦဘုံတို့သည် အဘယ်မျှတို့နည်း ဟူရာ၌ တန်ခိုး၏ အဆောက်အဦဘုံတို့သည် လေးပါးတို့တည်း။ (တည်ရာ)ပါဒတို့သည် လေးပါးတို့တည်း။ (နီးသော အကြောင်း)ပဒတို့သည် ရှစ်ပါးတို့တည်း။ မူလ(အစအကြောင်း) တို့သည် တဆယ့်ခြောက်ပါးတို့တည်း။

၁၀။ တန်ခိုး ဆယ်ပါးတို့သည် အဘယ်တို့နည်း။ အဓိဋ္ဌာန်တန်ခိုး, ဖန်ဆင်းခြင်းတန်ခိုး, စိတ်(ဖြင့်) ပြီးသောတန်ခိုး, ဉာဏ်ပျံ့နှံ့သောတန်ခိုး, သမာဓိပျံ့နှံ့သောတန်ခိုး, အရိယာတို့တန်ခိုး, ကံအကျိုးကြောင့် ဖြစ်သော တန်ခိုး, ဘုန်းတန်ခိုးရှိသူ၏ တန်ခိုး, ဝိဇ္ဇာအတတ်ဖြင့် ပြီးသော တန်ခိုး,ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်းဟူသော အကြောင်းကြောင့် ပြည့်စုံ (ပြီးစီး)ခြင်း သဘောအားဖြင့်ဖြစ်သော တန်ခိုးတို့တည်း။

တန်ခိုး၏ (အဆောက်အဦ) ဘုံလေးပါးတို့သည် အဘယ်တို့နည်း။ ပဌမစျာန်သည် ဝိဝေက၌ ဖြစ်သော အဆောက်အဦဘုံတည်း၊ ဒုတိယစျာန်သည် ပီတိ သုခနှင့် ယှဉ်သောအဆောက်အဦဘုံတည်း၊ တတိယစျာန်သည် တတြမဇ္ဈတ္တုပေက္ခာ၌ ဖြစ်သည့် ဥပေက္ခာသုခနှင့် ယှဉ်သော အဆောက်အဦဘုံတည်း၊ စတုတ္ထစျာန်သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်သော အဆောက်အဦဘုံ တည်း၊ တန်ခိုး၏ ဤ(အဆောက်အဦ)ဘုံလေးပါးတို့သည် တန်ခိုးရခြင်းငှါ တန်ခိုးတဖန် ရခြင်းငှါ တန်ခိုးကိုဖန်ဆင်းခြင်းအကျိုးငှါ တန်ခိုးအထူးထူးဖြစ်ခြင်းအကျိုး ငှါ တန်ခိုး၌အစိုးရခြင်းအကျိုးငှါ တန်ခိုး၌ ရဲရင့်ခြင်း အကျိုးငှါ ဖြစ်ကုန်၏။

တန်ခိုး၏တည်ရာ ပါဒလေးပါးတို့သည် အဘယ်တို့နည်း။ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒ(လွန်ကဲ)ကြီးမှူးသောသမာဓိ အားထုတ်ခြင်း သင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ စိတ်(လွန်ကဲ) ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ လုံ့လ ဝီရိယ'လွန်ကဲ' ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ ဝီမံသပညာ'လွန်ကဲ' ကြီးမှူးသောသမာဓိ အားထုတ်ခြင်းသင်္ခါရတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးစေ၏၊ တန်ခိုး၏ ဤ(တည်ရာ) ပါဒလေးပါးတို့သည် တန်ခိုးရခြင်းငှါ တန်ခိုးတဖန် ရခြင်းငှါ တန်ခိုးဖန်ဆင်းခြင်းငှါ တန်ခိုးအထူးထူးဖြစ်ခြင်းငှါ တန်ခိုး၌ အစိုးရခြင်းငှါ တန်ခိုး၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏။

တန်ခိုး၏(နီးသော အကြောင်း) ပဒရှစ်ပါးတို့သည် အဘယ်တို့နည်း။ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ အာရုံ တခုတည်းရှိသည့် အဖြစ်ကို ရ၏။ ဆန္ဒသည် သမာဓိ မဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်။ ဆန္ဒသည် တပါးတခြားတည်း၊ သမာဓိသည် တပါးတခြား တည်း။ ရဟန်းသည်ဝီရိယကို မှီ၍ သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ အာရုံတခုတည်းရှိသည့် အဖြစ်ကို ရ၏။ ဝီရိယသည် သမာဓိ မဟုတ်၊ သမာဓိသည် ဝီရိယမဟုတ်။ ဝီရိယသည် တပါး တခြားတည်း။ သမာဓိသည် တပါးတခြားတည်း။ ရဟန်းသည် စိတ်ကို မှီ၍ သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏အာရုံ တခုတည်းရှိသည့်အဖြစ်ကို ရ၏။ စိတ်သည် သမာဓိမဟုတ်၊ သမာဓိသည် စိတ်မဟုတ်။ စိတ်သည် တပါးတခြားတည်း၊ သမာဓိ သည် တပါးတခြားတည်း။ ရဟန်းသည် ဝီမံသ'ပညာ'ကိုမှီ၍ သမာဓိကို အကယ်၍ရအံ့၊ စိတ်၏အာရုံတခုတည်း ရှိသည့်အဖြစ်ကိုရ၏။ ဝီမံသ 'ပညာ'သည် သမာဓိမဟုတ်၊ သမာဓိသည် ဝီမံသ 'ပညာ'မဟုတ်။ ဝီမံသ 'ပညာ' သည် တပါး

http://www.dhammadownload.com



တခြားတည်း၊ သမာဓိသည် တပါးတခြားတည်း။ တန်ခိုး၏ ဤ(နီးသော အကြောင်း)ပဒရှစ်ပါးတို့သည် တန်ခိုးရခြင်းငှါ တန်ခိုးကိုတဖန်ရခြင်းငှါ တန်ခိုးဖန်ဆင်းခြင်းငှါ တန်ခိုးအထူးထူးဖြစ်ခြင်းငှါ တန်ခိုး၌ အစိုးရခြင်းငှါ တန်ခိုး၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏။

တန်ခိုး၏ မူလ(အစအကြောင်း) တဆယ့်ခြောက်ပါးတို့သည် အဘယ်တို့နည်း။ မတွန့်ဆုတ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း။ မပျံ့လွင့်သော စိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ မကပ်ငြိသော စိတ်သည် ရာဂကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ မထိပါးသောစိတ်သည်ဗျာပါဒကြောင့်မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ မမှီသော စိတ်သည် ဒိဋ္ဌိကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ တဖန် မစပ်သော စိတ်သည် ဆန္ဒရာဂကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ ကင်းလွတ်သော စိတ်သည် ကာမရာဂကြောင့် မတုန်လှုပ်၊ ထို့ကြောင့်အာနေဥ္စတည်း၊ မယှဉ်သော စိတ်သည် ကိလေသာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ ကင်းသော (ကိလေသာ) အပိုင်းအခြားကို ပြုအပ်သော စိတ်သည် ကိလေသာ အပိုင်းအခြားကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ တခုတည်းသော အာရုံ၌ ဖြစ်သောစိတ်သည် အထူးထူးသော အာရုံ၌ ဖြစ်သော ကိလေသာတို့ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ သဒ္ဓါဖြင့် သိမ်းဆည်းအပ်သော စိတ်သည် သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ ဝီရိယဖြင့် သိမ်းဆည်းအပ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ သတိဖြင့် သိမ်းဆည်းအပ်သော စိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ သမာဓိဖြင့် သိမ်းဆည်းအပ်သော စိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ ပညာဖြင့် သိမ်းဆည်းအပ်သောစိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း၊ ပညာအလင်းရောက်သော စိတ်သည် အဝိဇ္ဇာအမိုက်မှောင်ကြောင့် မတုန်လှုပ်၊ ထို့ကြောင့် အာနေဥ္စတည်း။ တန်ခိုး၏ ဤမူလ(အစအကြောင်း) တဆယ့်ခြောက်ပါးတို့သည် တန်ခိုးရခြင်းငှါ တန်ခိုးကို တဖန်ရခြင်းငှါ တန်ခိုးဖန်ဆင်းခြင်းငှါ တန်ခိုးအထူးထူးဖြစ်ခြင်းငှါ တန်ခိုး၌ အစိုးရခြင်းငှါ တန်ခိုး၌ ရဲရင့်ခြင်းငှါ ဖြစ်ကုန်၏။

## တန်ခိုး'ဣဒ္ဓိ'ဆယ်ပါး အကျယ်ပြခြင်း

၁၀။ အဘယ်သည် အဓိဋ္ဌာန်တန်ခိုးနည်း။ ဤသာသနာတော်၌ ရဟန်းသည် များသောအပြားရှိသော တန်ခိုးအစုကို ခံစား၏၊ တဦးတည်း ဖြစ်လျက်လည်း အများအပြားဖြစ်၏၊ အများအပြား ဖြစ်လျက်လည်း တဦးတည်း ဖြစ်၏၊ ကိုယ်ထင်ရှား ဖြစ်စေ၏၊ ကိုယ်ပျောက်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြု၏၊ ရေ၌လည်းမကွဲစေပဲ မြေ၌ကဲ့သို့ သွား၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွား၏၊ ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကို လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ဖြင့် (မိမိ) အလိုအတိုင်း ဖြစ်စေ၏။ ဤ၌ဟူသည် ဤဒိဋ္ဌိ၌ ဤနှစ်သက်ခြင်း၌ ဤအလို၌ ဤယူစွဲခြင်း၌ ဤတရား၌ ဤဝိနည်း၌ ဤတရားဝိနည်း၌ ဤစကားတော်၌ ဤမြတ်သော အကျင့်၌ ဤမြတ်စွာဘုရားသာသနာ၌၊ ထို့ကြောင့် ဤ၌ဟု ဆိုအပ်၏။ ရဟန်းဟူသည် ကလျာဏပုထုဇန်ရဟန်းသည်ငှင်း သေက္ခရဟန်းသည်ငှင်း မပျက်သောသဘောရှိသော ရဟန္တာ

http://www.dhammadownload.com



သည်ငှင်း ဖြစ်၏။ **များသော အပြားရှိသော တန်ခိုးအစုကို ခံစား၏**ဟူသည် အထူးထူးအပြားပြား ရှိသော တန်ခိုးအစုကို ခံစား၏။ **တဦးတည်း ဖြစ်လျက်လည်း အများအပြား ဖြစ်၏**ဟူသည် ပြကတေ့အားဖြင့် တဦးတည်းသည် အများကို ဆင်ခြင်၏၊ အရာကိုငှင်း အထောင်ကိုငှင်း အသိန်းကိုငှင်း ဆင်ခြင်၏၊ ဆင်ခြင်ပြီး ဉာဏ်ဖြင့်"အများဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ အများဖြစ်၏။ အသျှင်စူဠပန္ထကသည် တဦးတည်း ဖြစ်လျက်လည်း အများအပြားဖြစ်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် တဦးတည်းဖြစ်လျက်လည်းအများအပြားဖြစ်၏။ **အများအပြားဖြစ်လျက်လည်း တဦးတည်းဖြစ်၏** ဟူသည် ပြကတေ့အားဖြင့် အများသည် တဦးတည်းကို ဆင်ခြင်၏၊ ဆင်ခြင်ပြီး၍ ဉာဏ်ဖြင့် "တဦးတည်းဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ တဦးတည်းဖြစ်၏။ အသျှင် စူဠပန္ထကသည် အများအပြား ဖြစ်လျက်လည်း တဦးတည်းဖြစ်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် အများအပြားဖြစ်လျက်လည်း တဦးတည်း ဖြစ်၏။

၁၁။ **ကိုယ်ထင်ရှား ဖြစ်စေ၏**ဟူသည် တစုံတခုဖြင့် မပိတ်ဆီးမဖုံးလွှမ်းပဲ ဖွင့်လှစ်ထင်ရှားခြင်း ဖြစ်၏။ **ကိုယ်ပျောက်စေ၏**ဟူသည် တစုံတခုဖြင့် ပိတ်ဆီးဖုံးလွှမ်းလျက် ပိတ်ဆို့မှောက်ထားခြင်း ဖြစ်၏။ **နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏** ဟူသည် ပြကတေ့အားဖြင့် အာကာသကသိုဏ်း၌ သမာပတ်ကို ရရှိသူ ဖြစ်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်ကို ဆင်ခြင်၏၊ ဆင်ခြင်ပြီး ဉာဏ်ဖြင့် "ကောင်းကင်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ ကောင်းကင်ဖြစ်စေ၏။ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ သွား၏၊ ဥပမာအားဖြင့် လူတို့သည် ပြကတေ့အားဖြင့် တန်ခိုးမရှိပဲ တစုံတခုဖြင့် မပိတ်ဆီး မကာရံရာ၌ မထိမငြိပဲသွားကုန်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွား၏။

**မြေ၌လည်း ငုပ်ခြင်းပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏** ဟူသည် ပြကတေ့အားဖြင့် (ရေ) အာပေါကသိုဏ်း၌ သမာပတ်ကို ရရှိသူဖြစ်၏။ မြေကိုဆင်ခြင်၏၊ ဆင်ခြင်ပြီး၍ ဉာဏ်ဖြင့် "ရေဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ ရေဖြစ်၏။ ထိုသူသည် မြေ၌ ငုပ်ခြင်း ပေါ်ခြင်းကိုပြု၏၊ ဥပမာအားဖြင့် လူတို့သည် ပြကတေ့အားဖြင့် တန်ခိုးမရှိပဲ ရေ၌ငုပ်ခြင်း ပေါ်ခြင်းကို ပြုကုန်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် မြေ၌ ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြု၏။

**ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့သွား၏**ဟူသည် ပြကတေ့အားဖြင့် (မြေ) ပထဝီကသိုဏ်း၌ သမာပတ်ကိုရရှိသူဖြစ်၏၊ ရေကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးဉာဏ်ဖြင့် "မြေဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ မြေဖြစ်၏။ ထိုသူသည် မကွဲစေပဲ ရေ၌သွား၏၊ ဥပမာအားဖြင့် လူတို့သည် ပြကတေ့အားဖြင့် တန်ခိုးမရှိပဲ မကွဲစေပဲ မြေ၌သွားကုန်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် ရေ၌မကွဲစေပဲ မြေ၌ကဲ့သို့သွား၏။

**ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသောငှက်ကဲ့သို့ စကြံသွား၏**ဟူသည် ပြကတေ့အားဖြင့် (မြေ) ပထဝီကသိုဏ်း၌ သမာပတ်ကို ရရှိသူဖြစ်၏။ ကောင်းကင်ကိုဆင်ခြင်၏၊ ဆင်ခြင်ပြီး ဉာဏ်ဖြင့် "မြေဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ မြေဖြစ်၏။ ထိုသူသည် ရေးခြစ် မထင်သော (အာကာသ) ကောင်းကင်၌ စကြံလည်းသွား၏၊ ရပ်လည်းရပ်၏၊ ထိုင်လည်းထိုင်၏၊ အိပ်ခြင်းကိုလည်းပြု၏၊ ဥပမာအားဖြင့် လူတို့သည် ပြကတေ့အားဖြင့် တန်ခိုးမရှိပဲ မြေ၌ စကြံလည်း သွားကုန်သကဲ့သို့ ရပ်လည်း ရပ်ကုန်သကဲ့သို့ ထိုင်လည်း ထိုင်ကုန်သကဲ့သို့ အိပ်ခြင်းကိုလည်း ပြုကုန်

http://www.dhammadownload.com



သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် ရေးခြစ်မထင်သော (အာကာသ) ကောင်းကင်၌ အတောင်ရှိသောငှက်ကဲ့သို့ စကြံ့လည်းသွား၏၊ ရပ်လည်း ရပ်၏၊ ထိုင်လည်းထိုင်၏၊ အိပ်ခြင်းကိုလည်းပြု၏။

၁၂။ **ဤသို့ တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့် သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ထက်ဝန်းကျင်ပွတ်သပ်၏**ဟူသည် ဤသာသနာတော်၌ စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် ထိုင်လျက်ရင်း အိပ်လျက်ရင်း လနေတို့ကိုဆင်ခြင်၏၊ ဆင်ခြင်၍ ဉာဏ်ဖြင့် (လက်လှမ်းမှီ) "ဟတ္ထပါသ်၌ဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ ဟတ္ထပါသ်၌ဖြစ်၏။ ထိုသူသည် ထိုင်လျက်ရင်း အိပ်လျက်ရင်း လနေတို့ကို လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ထက်ဝန်းကျင်ပွတ်သပ်၏။ ဥပမာအားဖြင့် လူတို့သည် ပြကတေအားဖြင့် တန်ခိုးမရှိပဲ ဟတ္ထပါသ်၌ တစုံတခုသောရုပ်ကိုပင် သုံးသပ်သကဲ့သို့ ဆုပ်ကိုင်သကဲ့သို့ ထက်ဝန်းကျင်ပွတ်သပ်သကဲ့သို့ ဤအတူပင် စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် ထိုင်လျက်ရင်း အိပ်လျက်ရင်း လနေတို့ကို လက်ဖြင့်သုံးသပ်၏၊ ဆုပ်ကိုင်၏၊ ထက်ဝန်းကျင်ပွတ်သပ်၏။

**ဗြဟ္မပြည်တိုင်အောင်လည်း ကိုယ်ဖြင့် (မိမိ) အလိုအတိုင်းဖြစ်စေ၏**ဟူသည် အကယ်၍ စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် ဗြဟ္မလောကသို့ သွားရန်အလိုရှိသည်ဖြစ်အံ့၊ အဝေးသည်လည်း "အနီးဖြစ်စေ"ဟု အနီး၌အဓိဋ္ဌာန်၏၊ အနီးဖြစ်၏။ အနီးသည်လည်း "အဝေးဖြစ်စေ" ဟု အဝေး၌အဓိဋ္ဌာန်၏၊ အဝေးဖြစ်၏။ အများကိုလည်း "အနည်းဖြစ်စေ"ဟု အနည်းကိုအဓိဋ္ဌာန်၏၊ အနည်းဖြစ်၏။ အနည်းကိုလည်း "အများဖြစ်စေ"ဟု အများကိုအဓိဋ္ဌာန်၏၊ အများဖြစ်၏။ ဒိဗ္ဗစက္ခုဖြင့် ထိုဗြဟ္မာ၏ ရုပ်အဆင်းကိုမြင်၏၊ ဒိဗ္ဗသောတဓာတ်ဖြင့် ထိုဗြဟ္မာ၏အသံကိုကြား၏၊ စေတောပရိယဉာဏ်ဖြင့် ထိုဗြဟ္မာ၏စိတ်ကို ခွဲခြား၍သိ၏၊ အကယ်၍ စိတ်အစိုးရခြင်းသို့ ရောက်သော ထိုတန်ခိုးရှင်သည် ထင်မြင်သောကိုယ်ဖြင့် ဗြဟ္မလောကသို့သွားရန် အလိုရှိသည်ဖြစ်အံ့၊ ကိုယ်အစွမ်းဖြင့် စိတ်ကိုညွတ်စေ၏၊ ကိုယ်အစွမ်းဖြင့် စိတ်ကိုအဓိဋ္ဌာန်၏၊ ကိုယ်အစွမ်းဖြင့် စိတ်ကို ညွတ်စေ၍ကိုယ်အစွမ်းဖြင့် စိတ်ကိုအဓိဋ္ဌာန်ပြီး၍ သုခသညာသို့ရင်း လဟုကသညာသို့ရင်း သက်ကာကိုယ်ထင်ရှားရှိသည်ဖြစ်၍ ဗြဟ္မပြည်သို့သွား၏၊ အကယ်၍ စိတ်အစိုးရခြင်းသို့ရောက်သော ထိုတန်ခိုးရှင်သည် ကိုယ်မထင်ရှားပဲ ဗြဟ္မပြည်သို့သွားရန် အလိုရှိသည်ဖြစ်အံ့၊ စိတ်အစွမ်းအားဖြင့် ကိုယ်ကို ညွတ်စေ၏၊ စိတ်အစွမ်းအားဖြင့် ကိုယ်ကိုအဓိဋ္ဌာန်၏၊ စိတ်အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေ၍ စိတ်အစွမ်းအားဖြင့် ကိုယ်ကိုအဓိဋ္ဌာန်ပြီး၍ သုခသညာသို့ရင်း လဟုကသညာသို့ရင်း သက်ကာကိုယ်မထင်ရှားပဲ ဗြဟ္မပြည်သို့သွား၏။ ထိုသူသည် ထိုဗြဟ္မာ၏ရှေ့၌ စိတ်ဖြင့်ပြီးသော အလုံးစုံသော အင်္ဂါကြီးငယ်ရှိသော ဣန္ဒြေမယုတ်လျော့သောရုပ်ကို ဖန်ဆင်း၏၊ အကယ်၍ ထိုတန်ခိုးရှင်သည် စကြံ့သွားအံ့၊ နိမ္မိတရုပ်သည်လည်း ထို၌စကြံ့သွား၏။ အကယ်၍ ထိုတန်ခိုးရှင်သည် ရပ်အံ့၊ နိမ္မိတသည်လည်း ထို၌ရပ်၏၊ အကယ်၍ ထိုတန်ခိုးရှင်သည် ထိုင်အံ့၊ နိမ္မိတသည်လည်း ထို၌ထိုင်၏။ အကယ်၍ ထိုတန်ခိုးရှင်သည် အိပ်ခြင်းကိုပြုအံ့၊ နိမ္မိတသည်လည်း ထို၌အိပ်ခြင်းကိုပြု၏။ အကယ်၍ ထိုတန်ခိုးရှင်သည် အခိုးလွှတ်အံ့၊ နိမ္မိတသည်လည်း ထို၌အခိုးလွှတ်၏။ အကယ်၍ ထိုတန်ခိုးရှင်သည် အလျှံလွှတ်အံ့၊ နိမ္မိတသည်လည်း ထို၌ အလျှံလွှတ်၏။ အကယ်၍ ထိုတန်ခိုးရှင်သည် တရားကို ပြောဟောအံ့၊ နိမ္မိတသည်လည်း ထို၌တရားကို ပြောဟော၏။ အကယ်၍ ထိုတန်ခိုးရှင်သည် ပြဿနာကိုမေးအံ့၊ နိမ္မိတသည်လည်း ထို၌ ပြဿနာကို မေး၏။ အကယ်၍ ထိုတန်ခိုးရှင်သည် ပြဿနာကိုမေးသော် ဖြေအံ့၊ နိမ္မိတသည်လည်း ထို၌ ပြဿနာကို မေးသော် ဖြေ၏။ အကယ်၍

http://www.dhammadownload.com


ထိုတန်ခိုးရှိသူသည် ထိုဗြဟ္မာနှင့်အတူရပ်အံ့၊ ပြောအံ့၊ ဆွေးနွေးခြင်းသို့ရောက်အံ့၊ နိမ္မိတသည်လည်း ထို၌ ထိုဗြဟ္မာနှင့်အတူရပ်၏၊ ပြော၏၊ ဆွေးနွေးခြင်းသို့ရောက်၏။ အကြင်အကြင် အမှုကိုလျှင် ထိုတန်ခိုးရှင်သည်ပြု၏၊ ထိုထိုအမှုကိုပင် ထိုနိမ္မိတသည်ပြု၏၊ ဤကား အဓိဋ္ဌာန်တန်ခိုးတည်း။ (၁)

၁၃။ အဘယ်သည် ဖန်ဆင်းခြင်း တန်ခိုးနည်း၊ (ကိလေသာ) ရန်သူကို သတ်တတ်သော မဖောက်မပြန် (တရားအားလုံးကို) အလိုလို (ကိုယ်တိုင်) သိတော်မူသော သိခီ မြတ်စွာဘုရား၏ အဘိဘူမည်သော တပည့်သာဝကသည် ဗြဟ္မလောက၌တည်လျက် လောကဓာတ် တသောင်းကို အသံဖြင့်သိစေ၏၊ ထိုသာဝကသည် ကိုယ်ထင်ရှားရှိလျက် တရားဟော၏၊ ကိုယ်မထင်ရှားပဲလည်း တရားဟော၏၊ အောက်ထက်ဝက် ကိုယ်ထင်ရှားလျက် အထက်ထက်ဝက် ကိုယ်မထင်ရှားပဲ တရားဟော၏၊အထက်ထက်ဝက် ကိုယ်ထင်ရှားလျက် အောက်ထက်ဝက် ကိုယ်မထင်ရှားပဲ တရားဟော၏။ ထိုသာဝကသည်ပြကတေ့အသွင်ကို ပယ်စွန့်၍ လုလင်ငယ်အသွင်ကိုလည်းပြ၏၊ နဂါးအသွင်ကိုလည်း ပြ၏၊ ဂဠုန်အသွင်ကိုလည်းပြ၏၊ ဘီလူးအသွင်ကိုလည်းပြ၏၊ သိကြားအသွင်ကိုလည်းပြ၏၊ နတ်အသွင်ကိုလည်းပြ၏၊ ဗြဟ္မာအသွင်ကိုလည်းပြ၏၊ သမုဒ္ဒရာအသွင်ကိုလည်းပြ၏၊ တောင်အသွင်ကိုလည်းပြ၏၊ တောအသွင်ကိုလည်းပြ၏၊ ခြင်္သေ့အသွင်ကိုလည်းပြ၏၊ ကျားအသွင်ကိုလည်းပြ၏၊ သစ်အသွင်ကိုလည်းပြ၏၊ ဆင်ကိုလည်းပြ၏၊ မြင်းကိုလည်းပြ၏၊ ရထားကိုလည်းပြ၏၊ ခြေသည်ကိုလည်းပြ၏၊ အမျိုးမျိုးသော စစ်သည်အပေါင်းကိုလည်းပြ၏။ ဤကား ဖန်ဆင်းခြင်းတန်ခိုးတည်း။ (၂)

၁၄။ အဘယ်သည် စိတ်ဖြင့်ပြီးသောတန်ခိုးနည်း။ ဤသာသနာတော်၌ ရဟန်းသည် ဤကိုယ်မှ တပါးသော စိတ်ဖြင့်ပြီးသော အလုံးစုံအင်္ဂါကြီးငယ်ရှိသော ဣန္ဒြေမယုတ်လျော့သောရုပ်ကို ဖန်ဆင်း၏။ ဥပမာအားဖြင့် ယောကျ်ားသည် ဖြူဆံမြက်မှ ဖြူဆံညှောက်ကို နုတ်ရာ၏၊ ထိုသူအား "ဤကား ဖြူဆံမြက်တည်း၊ ဤကား ဖြူဆံညှောက်တည်း၊ ဖြူဆံမြက်သည် တပါးတခြားတည်း၊ ဖြူဆံညှောက်သည် တပါးတခြားတည်း၊ ဖြူဆံမြက်မှသာလျှင် ဖြူဆံညှောက်ကို နုတ်၏"ဟု ဤသို့ အကြံဖြစ်ရာ၏၊ ဥပမာ တနည်းအားဖြင့် ယောကျ်ားသည် သန်လျက်ကို အအိမ်မှနုတ်ရာ၏၊ ထိုသူအား "ဤကား သန်လျက်တည်း၊ ဤကား အအိမ်တည်း၊သန်လျက်သည် တပါးတခြားတည်း၊ အအိမ်သည် တပါးတခြားတည်း၊ အအိမ်မှသာလျှင် သန်လျက်ကိုနုတ်၏"ဟု ဤသို့အကြံဖြစ်ရာ၏၊ ဥပမာ တနည်းအားဖြင့် ယောကျ်ားသည်မြွေကို အရေဟောင်းအိမ်မှထုတ်ရာ၏၊ထိုသူအား"ဤကား မြွေတည်း၊ ဤကား အရေဟောင်းတည်း၊ မြွေသည် တပါးတခြားတည်း၊ အရေဟောင်းသည် တပါးတခြားတည်း၊ အရေဟောင်းမှသာလျှင် မြွေကိုထုတ်၏"ဟု ဤသို့အကြံဖြစ်ရာ၏၊ ဤအတူပင် ရဟန်းသည် ဤကိုယ်မှတပါးသော စိတ်ဖြင့်ပြီးသော အလုံးစုံအင်္ဂါကြီးငယ်ရှိသော ဣန္ဒြေမယုတ် လျော့သောရုပ်ကို ဖန်ဆင်း၏။ ဤကား စိတ်ဖြင့်ပြီးသောတန်ခိုးတည်း။ (၃)

၁၅။ အဘယ်သည် ဉာဏ်ပျံ့နှံ့သောတန်ခိုးနည်း။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာကိုပယ်ခြင်း သဘောသည် ပြည့်စုံသောကြောင့် ဉာဏ်ပျံ့နှံ့သောတန်ခိုးတည်း။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို။ အနတ္တာနုပဿနာဖြင့် အတ္တသညာကို။ နိဗ္ဗိဒါနုပဿနာဖြင့် နှစ်သက်ခြင်းကို။ ဝိရာဂါနုပဿနာဖြင့် ရာဂကို။ နိရောဓာနုပဿနာဖြင့် ဖြစ်ပွါးကြောင်း 'သမုဒယ'ကို။ ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲယူခြင်းကို ပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့် ဉာဏ်ပျံ့နှံ့သောတန်ခိုးတည်း၊ အသျှင် ဗာကုလအား ဉာဏ်ပျံ့နှံ့သော တန်ခိုးရှိ၏၊ အသျှင်သံကိစ္စအား ဉာဏ်ပျံ့နှံ့သော တန်ခိုးရှိ၏၊ အသျှင်ဘူတပါလအား ဉာဏ်ပျံ့နှံ့သော တန်ခိုးရှိ၏။ဤကား ဉာဏ်ပျံ့နှံ့သောတန်ခိုးတည်း။ (၄)

http://www.dhammadownload.com



၁၆။ အဘယ်သည် သမာဓိပျံ့နှံ့သော တန်ခိုးနည်း။ ပဌမဈာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်း သဘောသည် ပြည့်စုံသောကြောင့် သမာဓိပျံ့နှံ့သောတန်ခိုးတည်း။ ဒုတိယဈာန်ဖြင့် ဝိတက် ဝိစာရတို့ကိုပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့် သမာဓိပျံ့နှံ့သော တန်ခိုးတည်း။ တတိယ ဈာန်ဖြင့် ပီတိကိုပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့်။ပ။စတုတ္ထဈာန်ဖြင့် သုခ ဒုက္ခတို့ကို ပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့်။ပ။အာကာသာနဉ္စာယတန သမာပတ်ဖြင့် ရူပသညာ ပဋိဃသညာ နာနတ္တသညာကို ပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့်။ပ။ဝိညာဏဉ္စာယတန သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာကို ပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့်။ပ။ အာကိဉ္စညာယတနသမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို ပယ်ခြင်းသဘောသည် ပြည့်စုံသော ကြောင့်။ပ။နေဝသညာနာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခြင်း သဘောသည် ပြည့်စုံသောကြောင့် သမာဓိပျံ့နှံ့သောတန်ခိုးတည်း၊ အသျှင်သာရိပုတြာအား သမာဓိပျံ့နှံ့သောတန်ခိုးရှိ၏၊ အသျှင်သဉ္စိဝအား သမာဓိပျံ့နှံ့သောတန်ခိုးရှိ၏၊ အသျှင် ခါဏု ကောဏ္ဍညအား သမာဓိပျံ့နှံ့သောတန်ခိုးရှိ၏၊ ဥတ္တရာဥပါသိကာမအား သမာဓိပျံ့နှံ့သောတန်ခိုး ရှိ၏၊ သာမာဝတီဥပါသိကာမအား သမာဓိပျံ့နှံ့သောတန်ခိုးရှိ၏။ ဤကား သမာဓိပျံ့နှံ့သော တန်ခိုးတည်း။ (၅)

၁၇။ အဘယ်သည် အရိယာတို့တန်ခိုးနည်း။ ဤသာသနာတော်၌ ရဟန်းသည် အကယ်၍ "စက်ဆုပ်ဖွယ်၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေလိုငြားအံ့" ထိုဌ် စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိလျက်နေ၏၊ အကယ်၍ "စက်ဆုပ်ဖွယ်မဟုတ်ရာ၌ စက်ဆုပ်ဖွယ်ဟု အမှတ် ရှိလျက် နေလိုငြားအံ့" ထို၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏၊ အကယ်၍ "စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ရာ၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေလိုငြားအံ့" ထို၌ စက်ဆုပ် ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏၊ အကယ်၍ "စက်ဆုပ်ဖွယ်မဟုတ်ရာ၌ငြင်း စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေလိုငြားအံ့" ထို၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏၊ အကယ်၍ "စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ရာ၌ငြင်း ထိုနှစ်မျိုးလုံးကို ကြဉ်ရှောင်၍ သတိရှိလျက် ကောင်းစွာခွဲခြားသိကာလျစ်လျူရှုလျက်နေလိုငြားအံ့"ထို၌သတိရှိလျက်ကောင်းစွာ ခွဲခြားသိကာ လျစ်လျူရှု၍နေ၏။

အဘယ်သို့ စက်ဆုပ်ဖွယ်၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေသနည်း။ အလိုမရှိအပ် သော ဝတ္ထု၌ မေတ္တာဖြင့်လည်းဖြန့်၏၊ ဓာတ်အားဖြင့်လည်းဆောင်၏၊ ဤသို့စက်ဆုပ်ဖွယ်၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။ အဘယ်သို့စက်ဆုပ်ဖွယ်မဟုတ်ရာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေသနည်း၊ အလိုရှိအပ်သော ဝတ္ထု၌ အသုဘဖြင့်လည်းဖြန့်၏၊ အနိစ္စအားဖြင့်လည်း ဆောင်၏၊ ဤသို့စက်ဆုပ်ဖွယ်မဟုတ်ရာ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏။

အဘယ်သို့ စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ရာ၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ် ရှိလျက် နေသနည်း။ အလိုမရှိအပ်သည်လည်းဖြစ်သော အလိုရှိအပ်သည်လည်းဖြစ်သောဝတ္ထု၌ မေတ္တာဖြင့်လည်းဖြန့်၏၊ ဓာတ်အားဖြင့်လည်းဆောင်၏၊ ဤသို့ စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ် မဟုတ်ရာ၌ငြင်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။

အဘယ်သို့ စက်ဆုပ်ဖွယ်မဟုတ်ရာ၌ငြင်း စက်ဆုပ်ဖွယ်၌ငြင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေသနည်း။ အလိုရှိအပ်သည်လည်းဖြစ်သော အလိုမရှိအပ်သည်လည်းဖြစ်သော ဝတ္ထု၌ အသုဘ

ဖြင့်လည်း ဖြန့်၏၊ အနိစ္စအားဖြင့်လည်းဆောင်၏။ ဤသို့စက်ဆုပ်ဖွယ်မဟုတ်ရာ၌၎င်း စက်ဆုပ်ဖွယ်၌၎င်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏။

အဘယ်သို့စက်ဆုပ်ဖွယ်၌၎င်း စက်ဆုပ်ဖွယ်မဟုတ်ရာ၌၎င်း ထိုနှစ်မျိုးလုံးကိုကြဉ်ရှောင်၍ သတိရှိလျက် ကောင်းစွာခွဲခြားသိကာ လျစ်လျူရှုလျက်နေသနည်း။ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့်အဆင်းကိုမြင်၍ ဝမ်းမြောက်ခြင်းမဖြစ်၊ ဝမ်းနည်းခြင်းမဖြစ်၊ သတိရှိလျက် ကောင်းစွာခွဲခြားသိကာ လျစ်လျူရှုလျက်နေ၏။ နားဖြင့် အသံကိုကြား၍။ပ။ နှာခေါင်းဖြင့် အနံ့ကိုနံ၍။ လျှာဖြင့် အရသာကိုလျက်၍။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိ၍။ စိတ်ဖြင့် တရားအထူးကိုသိ၍ ဝမ်းမြောက်ခြင်းမဖြစ် ဝမ်းနည်းခြင်းမဖြစ်၊ သတိရှိလျက် ကောင်းစွာခွဲခြားသိကာ လျစ်လျူရှုလျက်နေ၏။ဤသို့ စက်ဆုပ်ဖွယ်၌၎င်းစက်ဆုပ်ဖွယ်မဟုတ်ရာ၌၎င်း ထိုနှစ်မျိုးလုံးကို ကြဉ်ရှောင်၍ သတိရှိလျက် ကောင်းစွာခွဲခြားသိကာ လျစ်လျူရှုလျက်နေ၏။ ဤကား အရိယာတို့ တန်ခိုးတည်း။ (၆)

၁၁။ အဘယ်သည် ကံအကျိုးကြောင့်ဖြစ်သော တန်ခိုးနည်း။ အလုံးစုံသောငှက် အလုံးစုံသော နတ် အချို့သောလူ အချို့သော ဝိနိပါတိကအသုရာတို့၏ ကောင်းကင်၌သွားနိုင်ခြင်း စသည်တည်း။ ဤကား ကံအကျိုးကြောင့်ဖြစ်သော တန်ခိုးတည်း။ (၇)

အဘယ်သည် ဘုန်းရှိသူ၏တန်ခိုးနည်း။ စကြဝတေးမင်းသည် အင်္ဂါလေးပါးရှိသော စစ်တပ်နှင့် အောက်ဆုံးအားဖြင့် မြင်းထိန်းနွားထိန်းတို့ကိုအစပြု၍ ကောင်းကင်အရပ်တပါးသို့ သွား၏၊ ဇောတိကသူကြွယ်အား ဘုန်းရှိသူ၏ တန်ခိုးရှိ၏၊ ဇဋိလသူကြွယ်အား ဘုန်းရှိသူ၏ တန်ခိုးရှိ၏၊ မေဏ္ဍကသူကြွယ်အား ဘုန်းရှိသူ၏ တန်ခိုးရှိ၏၊ ဃောသိတသူကြွယ်အား ဘုန်းရှိသူ၏ တန်ခိုးရှိ၏၊ ကြီးသောဘုန်းရှိသူ ငါးဦးတို့အား ဘုန်းရှိသူ၏ တန်ခိုးရှိ၏။ ဤကား ဘုန်းရှိသူ၏ တန်ခိုးတည်း။ (၈)

အဘယ်သည် ဝိဇ္ဇာအတတ်ဖြင့် ပြီးသောတန်ခိုးနည်း။ ဝိဇ္ဇာဓိုရ်တို့သည် မန္တန်ကိုစုပ်၍ ကောင်းကင်သို့ သွားကုန်၏၊ ရေးခြစ်မထင်သော ကောင်းကင်၌ ဆင်ကိုလည်း ပြကုန်၏၊ မြင်းကိုလည်း ပြကုန်၏၊ ရထားကိုလည်း ပြကုန်၏၊ ခြေသည်ကိုလည်း ပြကုန်၏၊ အမျိုးမျိုးသော စစ်သည် အပေါင်းကိုလည်း ပြကုန်၏။ ဤကား ဝိဇ္ဇာအတတ်ဖြင့်ပြီးသော တန်ခိုးတည်း။ (၉)

အဘယ်သို့ ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်း အကြောင်းကြောင့် ပြည့်စုံ(ပြီးစီး)ခြင်း သဘောအားဖြင့်ဖြစ်သော တန်ခိုးနည်း။ ချောန်ဖြင့် ကာမစ္ဆန္ဒကိုပယ်ခြင်းသဘောသည် ပြည့်စုံသော ကြောင့် ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်း အကြောင်းကြောင့် ပြည့်စုံ(ပြီးစီး)ခြင်း သဘော အားဖြင့် တန်ခိုးတည်း၊ မေတ္တာဖြင့် ဗျာပါဒကိုပယ်ခြင်းသဘောသည် ပြည့်စုံသောကြောင့် ထိုထို အရာ၌ ကောင်းစွာအားထုတ်ခြင်း အကြောင်းကြောင့် ပြည့်စုံ(ပြီးစီး)ခြင်း သဘောအားဖြင့် တန်ခိုးတည်း။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ပယ်ခြင်းသဘောသည် ပြည့်စုံသော ကြောင့် ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်း အကြောင်းကြောင့် ပြည့်စုံ(ပြီးစီး)ခြင်းသဘော အားဖြင့် တန်ခိုးတည်း။ ဤသို့ ထိုထိုအရာ၌ ကောင်းစွာအားထုတ်ခြင်း အကြောင်းကြောင့် ပြည့်စုံ (ပြီးစီး)ခြင်း သဘောအားဖြင့် တန်ခိုးတည်း။ ဤသည်တို့ကား တန်ခိုးဆယ်ပါးတို့တည်း။ (၁၀)

ဏ္ဍိကထာ ပြီး၏။

http://www.dhammadownload.com



## ၃-အဘိသမယကထာ

၁၉။ ထိုးထွင်း၍သိ၏ဟူသည် အဘယ်ဖြင့် ထိုးထွင်း၍သိသနည်း။ စိတ်ဖြင့် ထိုးထွင်း၍သိ၏။ အကယ်၍ စိတ်ဖြင့်ထိုးထွင်း၍သိအံ့၊ ထိုသို့ဖြစ်လျှင် ဉာဏ်မရှိပဲ ထိုးထွင်း၍သိသလော၊ ဉာဏ်မရှိပဲ ထိုးထွင်း၍မသိ၊ ဉာဏ်ဖြင့် ထိုးထွင်း၍သိ၏။

အကယ်၍ ဉာဏ်ဖြင့်ထိုးထွင်း၍သိအံ့၊ ထိုသို့ဖြစ်လျှင် စိတ်မရှိသောဉာဏ်ဖြင့် စိတ်မရှိပဲ ထိုးထွင်း၍သိသလော၊ စိတ်မရှိပဲ ထိုးထွင်း၍မသိ၊ စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိ၏။ အကယ်၍ စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိအံ့၊ ထိုသို့ဖြစ်လျှင် ကာမာဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော၊ ကာမာဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် ရူပါဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော၊ ရူပါဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် အရူပါဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ အရူပါဝစရစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် ကမ္မဿကတစိတ်[၁]ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ ကမ္မဿကတစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် သစ္စာနုလောမိကစိတ်[၂]ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ သစ္စာနုလောမိကစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် အတိတ်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ အတိတ်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် အနာဂတ်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ အနာဂတ်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။

ထိုသို့ဖြစ်လျှင် ပစ္စုပ္ပန်လောကီစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိသလော။ ပစ္စုပ္ပန်လောကီစိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍မသိ။ လောကုတ္တရာမဂ်ခဏ၌ ပစ္စုပ္ပန်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍သိ၏။

လောကုတ္တရာမဂ်ခဏ၌ ပစ္စုပ္ပန်စိတ်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း အဘယ်သို့ ထိုးထွင်း၍သိသနည်း။ လောကုတ္တရာမဂ်ခဏ၌ (မဂ်ဉာဏ်)ဖြစ်ရာ၌ အဓိပတိဖြစ်သောစိတ်သည် မဂ်ဉာဏ်အား ဟေတုပစ္စည်းရင်း ထိုဉာဏ်နှင့်ယှဉ်သော နိဗ္ဗာန်လျှင်အာရုံရှိသော(နိဗ္ဗာန်)မြင်ရာ၌ အဓိပတိဖြစ်သော ဉာဏ်သည် မဂ်စိတ်အား ဟေတုပစ္စည်းရင်း နိဗ္ဗာန်လျှင်အာရုံရှိသော၊ ထိုစိတ်နှင့်ယှဉ်သော ဉာဏ်သည် ထိုးထွင်း၍သိ၏။ ဤသို့လောကုတ္တရာမဂ်ခဏ၌ ပစ္စုပ္ပန်ဖြင့်ရင်း ဉာဏ်ဖြင့်ရင်း ထိုးထွင်း၍ သိ၏။

၂၀။ အသို့နည်း။ ထိုးထွင်း၍သိခြင်းသည် ဤမျှသာလော။ မဟုတ်သေး၊ လောကုတ္တရာမဂ်ခဏ၌မြင်လျက်ထိုးထွင်း၍သိခြင်းသည် သမ္မာဒိဋ္ဌိတည်း၊ ရှေးရှုတင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာသင်္ကပ္ပတည်း၊ သိမ်းဆည်းလျက် ထိုးထွင်း၍သိခြင်းသည် သမ္မာဝါစာတည်း။ ကောင်းစွာ

[၁] ကံသာလျှင် မိမိဥစ္စာရှိသည်ဟု ဖြစ်သောစိတ်။

[၂] သစ္စာအား လျော်သောဝိပဿနာစိတ်။

http://www.dhammadownload.com



ဖြစ်စေလျက် ယိုးထွင်း၍သိခြင်းသည် သမ္မာကမ္မန္တတည်း၊ ဖြူစင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာအာဇီဝတည်း၊ အားထုတ်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာဝါယာမတည်း၊ ထင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာသတိတည်း၊ မပျံ့လွင့်ပဲ ထိုးထွင်း၍သိခြင်းသည် သမ္မာသမာဓိတည်း။ ထင်လျက် ထိုးထွင်း၍သိခြင်းသည် သတိသမ္ဗောဇ္ဈင်၊ စိစစ်လျက် ထိုးထွင်း၍သိခြင်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ အားထုတ်လျက် ထိုးထွင်း၍သိခြင်းသည် ဝီရိယသမ္ဗောဇ္ဈင်၊ ပျံ့နှံ့လျက် ထိုးထွင်း၍သိခြင်းသည် ပီတိသမ္ဗောဇ္ဈင်၊ ငြိမ်းလျက် ထိုးထွင်း၍သိခြင်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ မပျံ့လွင့်ပဲ ထိုးထွင်း၍သိခြင်းသည် သမာဓိသမ္ဗောဇ္ဈင်၊ ဆင်ခြင်လျက် ထိုးထွင်း၍သိခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်တည်း။ သဒ္ဓါမရှိခြင်းကြောင့် မတုန်မလှုပ် ထိုးထွင်း၍သိခြင်းသည် သဒ္ဓါဗိုလ်၊ ပျင်းရိခြင်းကြောင့် မတုန်မလှုပ် ထိုးထွင်း၍သိခြင်းသည် ဝီရိယဗိုလ်၊ မေ့လျော့ခြင်းကြောင့် မတုန်မလှုပ် ထိုးထွင်း၍သိခြင်းသည် သတိဗိုလ်၊ ဥဒ္ဓစ္စကြောင့် မတုန်မလှုပ် ထိုးထွင်း၍သိခြင်းသည် သမာဓိဗိုလ်၊ အဝိဇ္ဇာကြောင့် မတုန်မလှုပ် ထိုးထွင်း၍သိခြင်းသည် ပညာဗိုလ်တည်း။ ဆုံးဖြတ်လျက် ထိုးထွင်း၍သိခြင်းသည် သဒ္ဓိန္ဒြေ၊ အားထုတ်လျက် ထိုးထွင်း၍သိခြင်းသည် ဝီရိယိန္ဒြေ၊ ထင်လျက် ထိုးထွင်း၍သိခြင်းသည် သတိန္ဒြေ၊ မပျံ့လွင့်ပဲ ထိုးထွင်း၍သိခြင်းသည် သမာဓိန္ဒြေ၊ မြင်လျက် ထိုးထွင်း၍သိခြင်းသည် ပညိန္ဒြေတည်း။ အစိုးရခြင်းသဘောအားဖြင့် ဣန္ဒြေကိုထိုးထွင်း၍သိခြင်း၊ မတုန်လှုပ်ခြင်းသဘောအားဖြင့် ဗိုလ်ကို ထိုးထွင်း၍သိခြင်း၊ ထွက်မြောက်ခြင်းသဘောအားဖြင့် ဗောဇ္ဈင်ကို ထိုးထွင်း၍သိခြင်း၊ (သမ္မာပက)ဟိတ်သဘောအားဖြင့် မဂ်ကိုထိုးထွင်း၍သိခြင်း၊ ထင်ခြင်းသဘောအားဖြင့် သတိပဋ္ဌာန်ကို ထိုးထွင်း၍သိခြင်း၊ အားထုတ်ခြင်းသဘောအားဖြင့် သမ္မပ္ပဓာန်ကို ထိုးထွင်း၍သိခြင်း၊ ပြည့်စုံခြင်းသဘောအားဖြင့် ဣဒ္ဓိပါဒ်ကို ထိုးထွင်း၍သိခြင်း၊ ဟုတ်မှန်ခြင်းသဘောအားဖြင့် သစ္စာကို ထိုးထွင်း၍သိခြင်း၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် သမထကိုထိုးထွင်း၍သိခြင်း၊ အဖန်ဖန်ရှုခြင်းသဘောအားဖြင့် ဝိပဿနာကို ထိုးထွင်း၍သိခြင်း၊ တခုတည်းကိစ္စ ရသသဘောအားဖြင့် သမထဝိပဿနာကို ထိုးထွင်း၍သိခြင်း၊ လွန်၍မဖြစ်ခြင်းသဘောအားဖြင့် ယုဂနဒ္ဓကို ထိုးထွင်း၍သိခြင်း၊ စောင့်စည်းခြင်းသဘောအားဖြင့် သီလဝိသုဒ္ဓိကို ထိုးထွင်း၍သိခြင်း၊ မပျံ့လွင့်ခြင်းသဘောအားဖြင့် (စိတ္တ)ဝိသုဒ္ဓိကို ထိုးထွင်း၍သိခြင်း၊ မြင်ခြင်းသဘောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိကို ထိုးထွင်း၍သိခြင်း၊ လွန်မြောက်ခြင်းသဘောအားဖြင့် ဝိမောက္ခကို ထိုးထွင်း၍သိခြင်း၊ ထိုးထွင်း၍သိခြင်းသဘောအားဖြင့် ဝိဇ္ဇာကို ထိုးထွင်း၍သိခြင်း၊ စွန့်လွှတ်ခြင်းသဘောအားဖြင့် ဝိမုတ္တိကို ထိုးထွင်း၍သိခြင်း၊ ကောင်းစွာဖြတ်ခြင်းသဘောအားဖြင့် ခယဉာဏ်ကို ထိုးထွင်း၍သိခြင်းတည်း။ ဆန္ဒသည် မူလသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ မနသိကာရသည် ကောင်းစွာဖြစ်စေခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ ဖဿသည် ပေါင်းဆုံခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ ဝေဒနာသည် စုဝေးခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ သမာဓိသည် အကြီးအမှူးသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ သတိသည် အဓိပတိအဖြစ် သဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ ပညာသည် ထို့ထက်လွန်မြတ်ခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ ဝိမုတ္တိသည် အနှစ်သာရသဘောအားဖြင့် ထိုးထွင်း၍သိခြင်း၊ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်းတည်း။

၂၁။ အသို့နည်း။ ထိုးထွင်း၍သိခြင်းသည် ဤမျှသာလော။ မဟုတ်သေး၊ သောတာပတ္တိမဂ်ခဏ၌မြင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာဒိဋ္ဌိတည်း။ ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်းတည်း။

http://www.dhammadownload.com



အဲသို့နည်း။ ထိုးထွင်း၍သိခြင်းသည် ဤမျှသာလော။ မဟုတ်သေး၊ သောတာပတ္တိဖိုလ်ခဏ၌ မြင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာဒိဋ္ဌိတည်း။ပ။ တဖန်ငြိမ်းခြင်းသဘောအားဖြင့် အနုပ္ပါဒဉာဏ်ကို ထိုးထွင်း၍သိခြင်းတည်း၊ ဆန္ဒသည် အရင်း(အမြစ်)သဘောအားဖြင့် ထိုးထွင်း၍သိခြင်း တည်း။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ထိုးထွင်း၍ သိခြင်းတည်း။

အသို့နည်း။ ထိုးထွင်း၍သိခြင်းသည် ဤမျှသာလော။ မဟုတ်သေး၊ သကဒါဂါမိမဂ်ခဏ၌။ပ။ သကဒါဂါမိဖိုလ်ခဏ၌။ အနာဂါမိမဂ်ခဏ၌။ အနာဂါမိဖိုလ်ခဏ၌။ အရဟတ္တမဂ်ခဏ၌။ပ။ အရဟတ္တ ဖိုလ်ခဏ၌မြင်လျက် ထိုးထွင်း၍သိခြင်းသည် သမ္မာဒိဋ္ဌိတည်း၊ ရှေးရှုတင်လျက် ထိုးထွင်း၍သိခြင်း သည် သမ္မာသင်္ကပ္ပတည်း။ပ။ တဖန်ငြိမ်းစေခြင်းသဘောအားဖြင့် အနုပ္ပါဒဉာဏ်ကို ထိုးထွင်း၍ သိခြင်းတည်း၊ ဆန္ဒသည် မူလသဘောအားဖြင့် ထိုးထွင်း၍သိခြင်းတည်း။ပ။ သေခြင်းမရှိရာသို့ သက်ဝင်ရာနိဗ္ဗာန်သည် ပြီးဆုံးခြင်းသဘောအားဖြင့် ထိုးထွင်း၍သိခြင်းတည်း။

အကြင်အရိယာပုဂ္ဂိုလ်သည် ကိလေသာတို့ကိုပယ်စွန့်၏၊ အတိတ်ကိလေသာတို့ကိုပယ်စွန့်၏။ပ။ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏၊ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်၏။ အတိတ်ကိလေသာတို့ကို ပယ်စွန့်၏ဟူရာ၌ အကယ်၍ အတိတ်ကိလေသာတို့ကို ပယ်စွန့်အံ့၊ ထိုသို့ဖြစ်လျှင် ဘင်၏အစွမ်းဖြင့် ကုန်ပြီးသည်ကို ကုန်စေ၏၊ အဖန်ဖန်မဖြစ်ခြင်းဖြင့် ချုပ်ပြီးသည်ကိုချုပ်စေ၏၊ ဝတ္တမာန်ခဏမှ ကင်းပြီးသည်ကို ကင်းစေ၏၊ မဖြစ်ခြင်းသို့ရောက်ပြီးသည်ကို မဖြစ်ခြင်းသို့ရောက်စေ၏၊ အကြင် အတိတ်(တရား)သည် မရှိ၊ ထိုမရှိသောတရားကို ပယ်စွန့်၏၊ ထို့ကြောင့် အတိတ်ကိလေသာတို့ကို မပယ်စွန့်။ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်၏ဟူရာ၌ အကယ်၍ အနာဂတ်ကိလေသာတို့ကို ပယ်စွန့်အံ့၊ ထိုသို့ဖြစ်လျှင် ဖြစ်ခြင်းသို့မရောက်သေးသည်ကို ပယ်စွန့်၏၊ သဘာဝသို့မရောက် သေးသည်ကို ပယ်စွန့်၏၊ မဖြစ်ပေါ်သေးသည်ကို ပယ်စွန့်၏၊ ပစ္စုပ္ပန်အဖြစ်ဖြင့် စိတ်၏ထင်ရှားမဖြစ် သေးသည်ကို ပယ်စွန့်၏၊ အကြင်အနာဂတ်(တရား)သည် မရှိ၊ ထိုမရှိသောတရားကို ပယ်စွန့်၏၊ ထို့ကြောင့် အနာဂတ်ကိလေသာတို့ကို မပယ်စွန့်။ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်၏ဟူရာ၌ အကယ်၍ ပစ္စုပ္ပန်ကိလေသာတို့ကို ပယ်စွန့်အံ့၊ ထိုသို့ဖြစ်လျှင် ပစ္စုပ္ပန်ရာဂဖြင့် တပ်စွန်းသူသည် ပစ္စုပ္ပန်ရာဂကို ပယ်စွန့်၏၊ ပစ္စုပ္ပန်ဒေါသဖြင့်ပြစ်မှားသူသည် ပစ္စုပ္ပန်ဒေါသကို ပယ်စွန့်၏၊ ပစ္စုပ္ပန် မောဟဖြင့် တွေဝေသူသည် ပစ္စုပ္ပန်မောဟကို ပယ်စွန့်၏၊ မပြတ်နှောင်ဖွဲ့သူသည် မာနကိုပယ်စွန့်၏၊ အမှားသုံးသပ်သူသည် ဒိဋ္ဌိကိုပယ်စွန့်၏၊ ပျံ့လွင့်ခြင်းသို့ ရောက်သူသည် ဥဒ္ဓစ္စကိုပယ်စွန့်၏၊ ဆုံးဖြတ် ခြင်းသို့ မရောက်သူသည် ဝိစိကိစ္ဆာကို ပယ်စွန့်၏၊ မြဲမြံသော သဘောသို့ရောက်သူသည် အနုသယ ကို ပယ်စွန့်ရာ၏၊ အကုသိုလ် ကုသိုလ်တရားတို့သည် အစုံတွဲလျက် အညီအမျှသာလျှင် ဖြစ်ကုန်၏။ ကိလေသာနှင့်ယှဉ်သော မဂ္ဂဘာဝနာ ဖြစ်၏။

မှန်၏၊ အတိတ်ကိလေသာတို့ကို မပယ်စွန့်၊ အနာဂတ်ကိလေသာတို့ကို မပယ်စွန့်၊ ပစ္စုပ္ပန်ကိလေ သာတို့ကို မပယ်စွန့်၊ အကယ်၍ အတိတ်ကိလေသာတို့ကို မပယ်စွန့်အံ့၊ အနာဂတ်။ပ။ ပစ္စုပ္ပန် ကိလေသာတို့ကို မပယ်စွန့်အံ့၊ ထိုသို့ဖြစ်လျှင် မဂ္ဂဘာဝနာသည်မရှိ၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် မရှိ၊ ကိလေသာတို့ကို ပယ်ခြင်းသည်မရှိ၊ တရားကို ထိုးထွင်း၍သိခြင်းသည် မရှိအံ့၊ မဂ္ဂဘာဝနာ သည် ရှိ၏၊ ဖိုလ်ကိုမျက်မှောက်ပြုခြင်းသည် ရှိ၏၊ ကိလေသာတို့ကို ပယ်ခြင်းသည် ရှိ၏၊ တရားကို ထိုးထွင်း၍သိခြင်းသည် ရှိ၏၊ အဘယ်ကဲ့သို့ရှိသနည်း၊ ဥပမာအားဖြင့် ငယ်သော သစ်ပင်သည်

http://www.dhammadownload.com



အသီးမသီးသေး၊ ထိုသစ်ပင်ကို ယောကျ်ားသည် အမြစ်(အရင်း)ကို ဖြတ်ရာ၏၊ ထိုသစ်ပင်အား မဖြစ်သေးသော အသီးတို့သည် မဖြစ်သေးကုန်ပဲပင် မဖြစ်တော့ကုန်၊ ဖြစ်ခြင်းမရှိကုန်သေးပဲပင် မဖြစ်တော့ကုန်၊ မဖြစ်ပေါ်သေးကုန်ပဲပင် မဖြစ်ပေါ်တော့ကုန်၊ ထင်ရှား မဖြစ်ကုန်သေးပဲပင် ထင်ရှားမဖြစ်တော့ကုန်။ ဤအတူပင် ကိလေသာတို့ ဖြစ်ခြင်း၏ ဥပ္ပါဒသည် ဟိတ်, ဥပ္ပါဒသည် ပစ္စည်းတည်းဟု ဖြစ်ခြင်းဥပ္ပါဒ၌ အပြစ်ကိုမြင်၍ မဖြစ်ခြင်းအနုပ္ပါဒ၌ မင်နှင့်ယှဉ်သောစိတ်သည် ပြေးဝင်၏၊ မဖြစ်ခြင်းအနုပ္ပါဒ၌ မင်နှင့်ယှဉ်သောစိတ် ပြေးဝင်သည့်အဖြစ်ကြောင့် အကြင်ကိလေ သာတို့သည် ဥပါဒ်အကြောင်းကြောင့် ဖြစ်ကုန်ရာ၏၊ ထိုကိလေသာတို့သည် မဖြစ်သေးပဲပင် မဖြစ်တော့ကုန်၊ ဖြစ်ခြင်းမရှိသေးပဲပင် မဖြစ်တော့ကုန်၊ မဖြစ်ပေါ်သေးပဲပင် မဖြစ်ပေါ်တော့ကုန်၊ ထင်ရှားမဖြစ်သေးပဲပင် ထင်ရှားမဖြစ်ပေါ်တော့ကုန်၊ ဤသို့ဟိတ်အကြောင်း ချုပ်ခြင်းကြောင့် ဒုက္ခချုပ်၏၊ ဖြစ်ခြင်းသည် ဟိတ်၊ နိမိတ်သည် ဟိတ်၊ အားထုတ်ခြင်းသည် ဟိတ်၊ ကိလေသာတို့၏ ဖြစ်ခြင်း၌ အားထုတ်ခြင်းသည်ပစ္စည်းတည်းဟု အားထုတ်ခြင်း၌အပြစ်ကိုမြင်၍ အားမထုတ်ခြင်း၌ စိတ်သည် ပြေးဝင်၏၊ အားမထုတ်ခြင်း၌ စိတ်ပြေးဝင်သည့် အဖြစ်ကြောင့် အကြင် ကိလေသာ တို့သည် အားထုတ်ခြင်းအကြောင်းကြောင့် ဖြစ်ကုန်ရာ၏၊ ထိုကိလေသာတို့သည် မဖြစ်သေး ကုန်ပဲပင် မဖြစ်တော့ကုန်၊ ဖြစ်ခြင်းမရှိကုန်သေးပဲပင် မဖြစ်တော့ကုန်၊ မဖြစ်ပေါ်ကုန်သေးပဲပင် မဖြစ်ပေါ်တော့ကုန်၊ ထင်ရှားမဖြစ်ကုန်သေးပဲပင် ထင်ရှားမဖြစ်တော့ကုန်၊ ဤသို့ စိတ်အကြောင်း ချုပ်ခြင်းကြောင့် ဒုက္ခချုပ်၏၊ ဤသို့ မဂ္ဂဘာဝနာသည် ရှိ၏၊ ဖိုလ်ကို မျက်မှောက်ပြုခြင်းသည် ရှိ၏၊ ကိလေသာတို့ကိုပယ်ခြင်းသည် ရှိ၏၊ တရားကို ထိုးထွင်း၍သိခြင်းသည် ရှိ၏။

အဘိသမယကထာ ပြီး၏။

---

## ၄-ဝိဝေကကထာ

၂၂။ သာဝတ္ထိနိဒါန်းတည်း။ ရဟန်းတို့ အလုံးစုံ ခွန်အားဖြင့် ပြုအပ်ကုန်သော အမှုတို့သည် (ရှိကုန်၏)၊ ထိုခွန်အားဖြင့် ပြုအပ်သော အမှုအားလုံးတို့ကို မြေကိုမှီ၍ မြေ၌တည်ကာ ပြုအပ် ကုန်၏၊ ဤသို့ ထိုခွန်အားဖြင့် ပြုအပ်ကုန်သော အမှုတို့ကို ပြုအပ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါးရှိသော အရိယမင်္ဂကို ပွါး၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမင်္ဂကို များစွာလေ့လာ၏။

ရဟန်းတို့ အဘယ်သို့လျှင် သီလကိုမှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါးရှိသော အရိယမင်္ဂကို ပွါးသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမင်္ဂကို ပွါးများလေ့လာသနည်း။ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် ကင်းဆိတ်ခြင်း 'ဝိဝေက' ကို မှီသော တပ်စွန်းခြင်းကင်းခြင်း 'ဝိရာဂ' ကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သမ္မာဒိဋ္ဌိကို ပွါး၏၊ သမ္မာသင်္ကပ္ပကို။ ပ။ သမ္မာဝါစာကို။ သမ္မာကမ္မန္တကို။ သမ္မာအာဇီဝကို။ သမ္မာဝါယာမကို။ သမ္မာသတိကို။ ကင်းဆိတ်ခြင်း 'ဝိဝေက' ကို မှီသော တပ်စွန်းမှုကင်းခြင်း 'ဝိရာဂ' ကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သမ္မာ သမာဓိကို ပွါး၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါး ရှိသော အရိယမင်္ဂကို ပွါး၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမင်္ဂကို ကြိမ်ဖန်များစွာ လေ့လာ၏။

http://www.dhammadownload.com



၂၃။ ရဟန်းတို့ အလုံးစုံသော မျိုးစေ့အပေါင်း အပင်အပေါင်းတို့သည် (ရှိကုန်၏)၊ ထိုအားလုံးတို့သည် မြေကိုမှီ၍ မြေ၌တည်ကာ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ ဤသို့ ထိုမျိုးစေ့အပေါင်း အပင်အပေါင်းတို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးလျက် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို လေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးလျက် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို လေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကင်းဆိတ်ခြင်း 'ဝိဝေက'ကို မှီသော တပ်စွန်းမှုကင်းခြင်း 'ဝိရာဂ'ကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သမ္မာဒိဋ္ဌိကို ပွါး၏၊ သမ္မာသင်္ကပ္ပကို ပွါး၏။ပ။ သမ္မာဝါစာကို ပွါး၏။ သမ္မာကမ္မန္တကို ပွါး၏။ သမ္မာအာဇီဝကို ပွါး၏။ သမ္မာဝါယာမကို ပွါး၏။ သမ္မာသတိကို ပွါး၏။ ကင်းဆိတ်ခြင်း 'ဝိဝေက'ကို မှီသော တပ်စွန်းခြင်း 'ဝိရာဂ'ကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သမ္မာသမာဓိကို ပွါး၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌တည်ကာ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးလျက် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို လေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။

## ၁-မဂ္ဂင် အကျယ်ပြခြင်း

၂၄။ သမ္မာဒိဋ္ဌိ၏ကင်းဆိတ်ခြင်းငါးပါး၊ တပ်စွန်းမှုကင်းခြင်းငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်းငါးပါး၊ မှီရာတဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။ သမ္မာသင်္ကပ္ပ၏။ပ။ သမ္မာဝါစာ၏။ သမ္မာကမ္မန္တ၏။ သမ္မာအာဇီဝ၏။ သမ္မာဝါယာမ၏။ သမ္မာသတိ၏။ သမ္မာသမာဓိ၏ ကင်းဆိတ်ခြင်း ငါးပါး၊ တပ်စွန်းမှုကင်းခြင်း ငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်း ငါးပါး၊ မှီရာတဆယ့်နှစ်ပါးတို့သည် (ရှိကုန်၏)။

သမ္မာဒိဋ္ဌိ၏ ကင်းဆိတ်ခြင်း ငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည့်အစွမ်းအားဖြင့် ကင်းဆိတ်ခြင်း၊ တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်း၊ တဖန်ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်း၊ ထွက်မြောက်သည့်အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းတည်း။ ပဌမစျာန်ကို ပွါးသောသူအား နီဝရဏတို့၏ ခွါသည်၏ အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ကုန်ခြင်းသို့ ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ချုပ်ရာနိဗ္ဗာန်ဟူသော ထွက်မြောက်သည့် အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ဤသည်တို့သည် သမ္မာဒိဋ္ဌိ၏ ကင်းဆိတ်ခြင်း ငါးပါးတို့တည်း။ ဤကင်းဆိတ်ခြင်းငါးပါးတို့၌ ဖြစ်သော အလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏ စိတ်သည်လည်း ကောင်းစွာတည်၏။

http://www.dhammadownload.com



သမ္မာဒိဋ္ဌိ၏ တပ်စွန်းမှု ကင်းခြင်း ငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏ အစွမ်းအားဖြင့် တပ်စွန်းမှုကင်းခြင်း၊ တဒင်္ဂအားဖြင့် တပ်စွန်းမှုကင်းခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် တပ်စွန် မှုကင်းခြင်း၊ တဖန်ငြိမ်းသောအားဖြင့် တပ်စွန်းမှုကင်းခြင်း၊ ထွက်မြောက်သည့် အစွမ်းအားဖြင့် တပ်စွန်းမှုကင်းခြင်းတည်း။ ပဌမဈာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏ အစွမ်းအားဖြင့် တပ်စွန်းမှု ကင်းခြင်းငှင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကိုပွါးသော သူအား တဒင်္ဂအားဖြင့် တပ်စွန်းမှုကင်းခြင်းငှင်း၊ ကုန်ခြင်းသို့ ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာ ဖြတ်သောအားဖြင့် တပ်စွန်းမှု ကင်းခြင်းငှင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် တပ်စွန်းမှုကင်းခြင်းငှင်း၊ ချုပ်ရာ နိဗ္ဗာန်ဟူသော ထွက်မြောက်သောအားဖြင့် တပ်စွန်းမှုကင်းခြင်းငှင်း။ ဤသည်တို့သည် သမ္မာဒိဋ္ဌိ၏ တပ်စွန်းမှုကင်းခြင်း ငါးပါးတို့တည်း။ ဤတပ်စွန်းမှုကင်းခြင်း ငါးပါးတို့၌ ဖြစ်သောအလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏ စိတ်သည် ကောင်းစွာတည်၏။

သမ္မာဒိဋ္ဌိ၏ ချုပ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့် ချုပ်ခြင်း၊ တဒင်္ဂအားဖြင့် ချုပ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် ချုပ်ခြင်း၊ တဖန်ငြိမ်းသောအားဖြင့် ချုပ်ခြင်း၊ ထွက်မြောက်သည်၏အစွမ်းအားဖြင့် ချုပ်ခြင်းတည်း။ ပဌမဈာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏ အစွမ်းအားဖြင့် ချုပ်ခြင်းငှင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် ချုပ်ခြင်းငှင်း၊ ကုန်ခြင်းသို့ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာဖြတ်သောအားဖြင့် ချုပ်ခြင်းငှင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် ချုပ်ခြင်းငှင်း၊ အမတဓာတ်ဟူသော ထွက်မြောက်သည်၏အစွမ်းအားဖြင့် ချုပ်ခြင်းငှင်း။ ဤသည်တို့သည် သမ္မာဒိဋ္ဌိ၏ ချုပ်ခြင်းငါးပါးတို့တည်း။ ဤချုပ်ခြင်း ငါးပါးတို့၌ ဖြစ်သော အလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏ စိတ်သည် ကောင်းစွာတည်၏။

သမ္မာဒိဋ္ဌိ၏ စွန့်လွှတ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့် စွန့်လွှတ်ခြင်း၊ တဒင်္ဂအားဖြင့် စွန့်လွှတ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် စွန့်လွှတ်ခြင်း၊ တဖန် ငြိမ်းသောအားဖြင့် စွန့်လွှတ်ခြင်း၊ ထွက်မြောက်သည်၏ အစွမ်းအားဖြင့် စွန့်လွှတ်ခြင်းတည်း။ ပဌမဈာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏ အစွမ်းအားဖြင့် စွန့်လွှတ်ခြင်းငှင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်း အဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် စွန့်လွှတ်ခြင်းငှင်း၊ ကုန်ခြင်းသို့ ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာ ဖြတ်သောအားဖြင့် စွန့်လွှတ်ခြင်းငှင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် စွန့်လွှတ်ခြင်းငှင်း၊ ချုပ်ရာနိဗ္ဗာန်ဟူသော ထွက်မြောက်သည်၏ အစွမ်းအားဖြင့် စွန့်လွှတ်ခြင်းငှင်း။ ဤသည်တို့သည် သမ္မာဒိဋ္ဌိ၏ စွန့်လွှတ်ခြင်း ငါးပါးတို့တည်း။ ဤစွန့်လွှတ်ခြင်း ငါးပါးတို့၌ ဖြစ်သော အလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏ စိတ်သည် ကောင်းစွာတည်၏။ ဤသည်တို့သည် သမ္မာဒိဋ္ဌိ၏ ကင်းဆိတ်ခြင်း ငါးပါး၊ တပ်စွန်းမှုကင်းခြင်း ငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်း ငါးပါး၊ မှီရာတဆယ့်နှစ်ပါး တို့တည်း။

၂၅။ သမ္မာသင်္ကပ္ပ၏။ ပ ။ သမ္မာဝါစာ၏။ သမ္မာကမ္မန္တ၏။ သမ္မာအာဇီဝ၏။ သမ္မာဝါယာမ၏။ သမ္မာသတိ၏။ သမ္မာသမာဓိ၏ ကင်းဆိတ်ခြင်း ငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏ အစွမ်းအားဖြင့် ကင်းဆိတ်ခြင်း၊ တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့်

http://www.dhammadownload.com



ကင်းဆိတ်ခြင်း၊ တဖန်ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်း၊ ထွက်မြောက်သည်၏ အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းတည်း။ ပဌမစျာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏ အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းရင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကိုပွါးသောသူအား တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်းရင်း၊ ကုန်ခြင်းသို့ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာ ဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်းရင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်းရင်း၊ ချုပ်ရာနိဗ္ဗာန်ဟူသော ထွက်မြောက်သည်၏အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းရင်း။ ဤသည်တို့သည် သမ္မာသမာဓိ၏ ကင်းဆိတ်ခြင်း ငါးပါးတို့တည်း။ ဤကင်းဆိတ်ခြင်း ငါးပါးတို့၌ဖြစ်သော အလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏စိတ်သည် ကောင်းစွာတည်၏။

သမ္မာသမာဓိ၏ တပ်စွန်းမှုကင်းခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏ အစွမ်းအားဖြင့် တပ်စွန်းမှု ကင်းခြင်း၊ တဒင်္ဂအားဖြင့် တပ်စွန်းမှု ကင်းခြင်း၊ ကောင်းစွာ ဖြတ်သောအားဖြင့် တပ်စွန်းမှုကင်းခြင်း၊ တဖန် ငြိမ်းသောအားဖြင့် တပ်စွန်းမှု ကင်းခြင်း၊ ထွက်မြောက်သည်၏ အစွမ်းအားဖြင့် တပ်စွန်းမှု ကင်းခြင်းတည်း။ ပဌမစျာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏အစွမ်းအားဖြင့် တပ်စွန်းမှုကင်းခြင်းရင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် တပ်စွန်းမှု ကင်းခြင်းရင်း၊ ကုန်ခြင်းသို့ ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာ ဖြတ်သောအားဖြင့် တပ်စွန်းမှု ကင်းခြင်းရင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် တပ်စွန်းမှုကင်းခြင်းရင်း၊ ချုပ်ရာနိဗ္ဗာန်ဟူသော ထွက်မြောက်သည်၏ အစွမ်းအားဖြင့် တပ်စွန်းမှုကင်းခြင်းရင်း။ ဤသည်တို့သည် သမ္မာသမာဓိ၏ တပ်စွန်းမှု ကင်းခြင်း ငါးပါးတို့တည်း။ ဤတပ်စွန်းမှု ကင်းခြင်း ငါးပါးတို့၌ ဖြစ်သောအလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့်ဆုံးဖြတ်၏၊ ထိုသူ၏စိတ်သည် ကောင်းစွာတည်၏။

သမ္မာသမာဓိ၏ ချုပ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့် ချုပ်ခြင်း၊ တဒင်္ဂအားဖြင့်ချုပ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့်ချုပ်ခြင်း၊ တဖန် ငြိမ်းသောအားဖြင့် ချုပ်ခြင်း၊ ထွက်မြောက်သည်၏အစွမ်းအားဖြင့် ချုပ်ခြင်းတည်း။ ပဌမစျာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏အစွမ်းအားဖြင့် ချုပ်ခြင်းရင်း၊ ဒိဋ္ဌိတို့ကိုဖောက်ခွဲခြင်း အဖို့ရှိသောသမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် ချုပ်ခြင်းရင်း၊ ကုန်ခြင်းသို့ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာဖြတ်သောအားဖြင့် ချုပ်ခြင်းရင်း၊ ဖိုလ်ခဏ၌ တဖန် ငြိမ်းသော အားဖြင့် ချုပ်ခြင်းရင်း၊ ချုပ်ရာအမတဓာတ်ဟူသော ထွက်မြောက်သည်၏ အစွမ်းအားဖြင့် ချုပ်ခြင်းရင်း။ ဤသည်တို့သည် သမ္မာသမာဓိ၏ ချုပ်ခြင်းငါးပါးတို့တည်း။ ဤချုပ်ခြင်းငါးပါးတို့၌ ဖြစ်သောအလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏စိတ်သည် ကောင်းစွာတည်၏။

သမ္မာသမာဓိ၏ စွန့်လွှတ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့် စွန့်လွှတ်ခြင်း၊ တဒင်္ဂအားဖြင့်စွန့်လွှတ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် စွန့်လွှတ်ခြင်း၊ တဖန်ငြိမ်းသောအားဖြင့် စွန့်လွှတ်ခြင်း၊ ထွက်မြောက်သည်၏ အစွမ်းအားဖြင့် စွန့်လွှတ်ခြင်းတည်း။ ပဌမစျာန်ကို ပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏အစွမ်းဖြင့် စွန့်လွှတ်ခြင်းရင်း၊ ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်း အဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် စွန့်လွှတ်ခြင်းရင်း၊ ကုန်ခြင်းသို့ ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာဖြတ်သောအားဖြင့် စွန့်လွှတ်ခြင်းရင်း၊ ဖိုလ်ခဏ၌ တဖန်ငြိမ်းသောအားဖြင့် စွန့်လွှတ်ခြင်းရင်း၊ ချုပ်ရာအမတဓာတ်ဟူသော ထွက်မြောက်သည်၏အစွမ်းဖြင့်စွန့်လွှတ်ခြင်းရင်း။ ဤသည်တို့သည် သမ္မာသမာဓိ၏စွန့်လွှတ်ခြင်းငါးပါးတို့တည်း။

http://www.dhammadownload.com



ဤစွန့်လွှတ်ခြင်း ငါးပါးတို့၌ဖြစ်သော အလိုဆန္ဒသည် ရှိ၏၊ သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏စိတ်သည် ကောင်းစွာတည်၏။ ဤသည်တို့သည် သမ္မာသမာဓိ၏ ကင်းဆိတ်ခြင်းငါးပါး၊ တပ်စွန်းမှုကင်းခြင်း ငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်းငါးပါး၊ မှီရာတဆယ့်နှစ်ပါးတို့တည်း။

၂၆။ ရဟန်းတို့ အလုံးစုံခွန်အားဖြင့် ပြုသင့်ကုန်သောအမှုတို့သည် (ရှိကုန်၏)၊ ထိုအားလုံးတို့ကို မြေကိုမှီ၍ မြေ၌တည်ကာပြုအပ်ကုန်၏၊ ဤသို့ ထိုခွန်အားဖြင့် ပြုသင့်ကုန်သော အမှုတို့ကို ပြုအပ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါး၏၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို လေ့လာ၏။ပ။ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွါးလျက် ဗောဇ္ဈင် ခုနစ်ပါးတို့ကိုလေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။ပ။ ဗိုလ်ငါးပါးတို့ကို ပွါး၏။ ဗိုလ်ငါးပါးတို့ကို လေ့လာ၏။ပ။ ဗိုလ်ငါးပါးတို့ကို ပွါးလျက် ဗိုလ်ငါးပါးတို့ကို လေ့လာလျက် တရားတို့၌ ကြီးပွါးစည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။ပ။ ဣန္ဒြေငါးပါးတို့ကို ပွါး၏၊ ဣန္ဒြေငါးပါးတို့ကို လေ့လာ၏။ပ။

ရဟန်းတို့ အလုံးစုံသော မျိုးစေ့အပေါင်း အပင်အပေါင်း တို့သည် (ရှိကုန်၏)၊ ထိုအားလုံးတို့သည် မြေကိုမှီ၍ မြေ၌တည်ကာ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်၏၊ ဤသို့ ထို မျိုး(စေ့)အပေါင်း အပင်အပေါင်းတို့သည် ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်ကာ ဣန္ဒြေငါးပါးတို့ကို ပွါးလျက် ဣန္ဒြေငါးပါးတို့ကို လေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌ တည်ကာ ဣန္ဒြေ ငါးပါးတို့ကို ပွါးလျက် ဣန္ဒြေငါးပါးတို့ကို လေ့လာလျက် တရားတို့၌ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ ရောက်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကင်းဆိတ်ခြင်းကိုမှီသော တပ်စွန်းမှုကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော သဒ္ဓိန္ဒြေကို ပွါး၏၊ ဝီရိယိန္ဒြေကို ပွါး၏။ပ။ သတိန္ဒြေကိုပွါး၏။ပ။ သမာဓိန္ဒြေကိုပွါး၏။ပ။ ကင်းဆိတ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ပညိန္ဒြေကိုပွါး၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍။ပ။ တရားတို့၌ (ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့) ရောက်၏။

မဂ္ဂင် အကျယ်ပြခြင်း ပြီး၏။

---

## ၂-ဣန္ဒြိယ အကျယ်ပြခြင်း

၂၇။ သဒ္ဓိန္ဒြေ၏ကင်းဆိတ်ခြင်း ငါးပါး၊ တပ်စွန်းမှုကင်းခြင်း ငါးပါး၊ ချုပ်ခြင်း ငါးပါး၊ စွန့်လွှတ်ခြင်း ငါးပါး၊ မှီရာ တဆယ့်နှစ်ပါးတို့သည် ရှိကုန်၏။ ဝီရိယိန္ဒြေ၏။ပ။ သတိန္ဒြေ၏။ပ။ သမာဓိန္ဒြေ၏။ပ။ပညိန္ဒြေ၏ ကင်းဆိတ်ခြင်း ငါးပါး၊ တပ်စွန်းမှုကင်းခြင်းငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်း ငါးပါး၊ မှီရာ တဆယ့်နှစ်ပါးတို့သည် ရှိကုန်၏။

သဒ္ဓိန္ဒြေ၏ကင်းဆိတ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့်ကင်းဆိတ်ခြင်း၊ တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်း၊ ကောင်းစွာဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်း၊ တဖန်ငြိမ်းသောအားဖြင့်ကင်းဆိတ်ခြင်း၊ ထွက်မြောက်သည်၏အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းတည်း။

http://www.dhammadownload.com



ပဌမဈာန်ကိုပွါးသောသူအား နီဝရဏတို့ကို ခွါသည်၏ အစွမ်းအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ဒိဋ္ဌိတို့ကို ဖောက်ခွဲခြင်းအဖို့ရှိသော သမာဓိကို ပွါးသောသူအား တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ကုန်ခြင်းသို့ရောက်ကြောင်း လောကုတ္တရာမဂ်ကို ပွါးသောသူအား ကောင်းစွာဖြတ်သောအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ဖိုလ်ခဏ၌ တဖန် ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်းငှင်း၊ ချုပ်ရာနိဗ္ဗာန်ဟူသော ထွက်မြောက်သောအားဖြင့် ကင်းဆိတ်ခြင်းငှင်း။ဤသည်တို့သည် သဒ္ဓိန္ဒြေ၏ ကင်းဆိတ်ခြင်းငါးပါး တို့တည်း။ ဤကင်းဆိတ်ခြင်းငါးပါးတို့၌ ဖြစ်သောအလိုဆန္ဒသည်ရှိ၏. သဒ္ဓါဖြင့် ဆုံးဖြတ်၏၊ ထိုသူ၏ စိတ်သည် ကောင်းစွာတည်၏။ ပ ။ဤသည်တို့သည် သဒ္ဓိန္ဒြေ၏ကင်းဆိတ်ခြင်းငါးပါး၊ တပ်စွန်းမှု ကင်းခြင်းငါးပါး၊ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်းငါးပါး၊ မှီရာတဆယ့်နှစ်ပါးတို့တည်း။ဝီရိယိန္ဒြေ၏။ပ။ သတိန္ဒြေ၏။ပ။ သမာဓိန္ဒြေ၏။ ပ။ ပညိန္ဒြေ၏ ကင်းဆိတ်ခြင်းငါးပါးတို့သည် အဘယ်တို့နည်း။ ခွါသည်၏အစွမ်းအားဖြင့် ကင်းဆိတ်ခြင်း၊ တဒင်္ဂအားဖြင့် ကင်းဆိတ်ခြင်း၊ ကောင်းစွာဖြတ်သော အားဖြင့် ကင်းဆိတ်ခြင်း၊ တဖန် ငြိမ်းသောအားဖြင့်ကင်းဆိတ်ခြင်း၊ ထွက်မြောက်သည်၏ အစွမ်း အားဖြင့် ကင်းဆိတ်ခြင်းကည်း။ပ။ဤသည်တို့သည် ပညိန္ဒြေ၏ ကင်းဆိတ်ခြင်းငါးပါး၊ တပ်စွန်းမှု ကင်းခြင်းငါးပါး၊ ချုပ်ခြင်းငါးပါး၊ စွန့်လွှတ်ခြင်းငါးပါး၊ မှီရာတဆယ့်နှစ်ပါးတို့တည်း။

ဝိဝေကကထာ အကျယ်ပြခြင်း ပြီး၏။

---

### ၅-စရိယာကထာ

၂၈။ ဖြစ်ခြင်း 'စရိယာ'ဟူရာ၌ ဣရိယာပုထ်ဖြစ်ခြင်း၊ အာယတနဖြစ်ခြင်း၊ သတိဖြစ်ခြင်း၊ သမာဓိဖြစ်ခြင်း၊ ဉာဏ်ဖြစ်ခြင်း၊ မဂ်ဖြစ်ခြင်း၊ ဖိုလ်ဖြစ်ခြင်း၊ လောကအကျိုးဖြစ်ခြင်းဟူ၍ ဖြစ်ခြင်း 'စရိယာ'တို့သည် ရှစ်ပါးတို့တည်း။

ဣရိယာပုထ်ဖြစ်ခြင်းဟူသည် ဣရိယာပုထ်လေးပါးတို့၌ (ဖြစ်ခြင်းတည်း)။ အာယတနဖြစ်ခြင်း ဟူသည် အတွင်းအပ အာယတန ခြောက်ပါးတို့၌ ဖြစ်ခြင်းတည်း။ သတိဖြစ်ခြင်းဟူသည် သတိ ပဋ္ဌာန်လေးပါးတို့၌ ဖြစ်ခြင်းတည်း။ သမာဓိဖြစ်ခြင်းဟူသည် ဈာန်လေးပါးတို့၌ ဖြစ်ခြင်းတည်း။ ဉာဏ်ဖြစ်ခြင်းဟူသည် အရိယာသစ္စာလေးပါးတို့၌ ဖြစ်ခြင်းတည်း။ မဂ်ဖြစ်ခြင်းဟူသည် အရိယာမဂ် လေးပါးတို့၌ ဖြစ်ခြင်းတည်း။ ဖိုလ်ဖြစ်ခြင်းဟူသည် သာမညဖိုလ် လေးပါးတို့၌ ဖြစ်ခြင်းတည်း။ လောကအကျိုးဖြစ်ခြင်းဟူသည် (ကိလေသာ) ရန်သူကို သတ်တော်မူလျက် (တရားအားလုံးကို) မဖောက်မပြန် အလိုလို (ကိုယ်တိုင်) သိတော်မူသော မြတ်စွာဘုရားတို့၌ ဖြစ်ခြင်းတည်း။ တစိတ် တဒေသ ပစ္စေကဗုဒ္ဓါတို့၌ ဖြစ်ခြင်း၊ တစိတ်တဒေသ တပည့်သာဝကတို့၌ (ဖြစ်ခြင်းတည်း)။

ဣရိယာပုထ် ဖြစ်ခြင်းသည်လည်း ဆုတောင်းခြင်းနှင့် ပြည့်စုံသူတို့အားဖြစ်၏။ အာယတန ဖြစ်ခြင်းသည်လည်း ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသူတို့အားဖြစ်၏။ သတိဖြစ်ခြင်းသည်လည်း ခမ့်လျော့ခြင်းမရှိပဲ နေလေ့ရှိသူတို့အားဖြစ်၏။ သမာဓိဖြစ်ခြင်းသည်လည်း လွန်သောစိတ်ကို အားထုတ်သူတို့အားဖြစ်၏။ ဉာဏ်ဖြစ်ခြင်းသည်လည်း အသိဉာဏ်နှင့်ပြည့်စုံသူတို့အား ဖြစ်၏။ မဂ်ဖြစ်ခြင်းသည် ကောင်းစွာကျင့်သူတို့အား ဖြစ်၏။ ဖိုလ်ဖြစ်ခြင်းသည် ဖိုလ်ရပြီးသူတို့အား ဖြစ်၏။ လောကအကျိုးဖြစ်ခြင်းသည် (ကိလေသာ) ရန်သူကိုသတ်လျက် (တရားအားလုံးကို) မဖောက်မပြန် အလိုလို(ကိုယ်တိုင်)သိတော်မူသော မြတ်စွာဘုရားတို့အား ဖြစ်၏။ တစိတ်တဒေသ

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါတို့အား ဖြစ်၏၊ တစိတ်တဒေသတပည့်သာဝကတို့အား ဖြစ်၏။ဤသည်တို့ကားဖြစ်ခြင်း 'စရိယာ' ရှစ်ပါးတို့တည်း။

၂၉။ တပါးသောဖြစ်ခြင်း 'စရိယာ'ရှစ်ပါးတို့သည် ရှိကုန်၏။ ဆုံးဖြတ်သူသည် သဒ္ဓါဖြင့်ဖြစ်၏၊ အားထုတ်သူသည် ဝီရိယဖြင့်ဖြစ်၏၊ ထင်သောသူသည် သတိဖြင့်ဖြစ်၏၊ မပျံ့လွင့်ခြင်းကိုပြုသူသည် သမာဓိဖြင့်ဖြစ်၏၊ ခွဲခြား၍သိသူသည် ပညာဖြင့်ဖြစ်၏၊ အထူးသိသူသည် ဝိညာဏ်ဖြစ်ခြင်းဖြင့် ဖြစ်၏၊ ဤသို့ကျင့်သူအား ကုသိုလ်တရားတို့သည် လွန်စွာပွါးကုန်၏၊ ထို့ကြောင့် အာယတန ဖြစ်ခြင်းဖြင့် ဖြစ်၏၊ဤသို့ကျင့်သူသည် အထူးကိုရ၏၊ ထို့ကြောင့် အထူးဖြစ်ခြင်းဖြင့် ဖြစ်၏။ဤသည် တို့ကား ဖြစ်ခြင်း'စရိယာ'ရှစ်ပါးတို့တည်း။

တပါးသောဖြစ်ခြင်း 'စရိယာ'ရှစ်ပါးတို့သည် ရှိကုန်၏၊ သမ္မာဒိဋ္ဌိ၏ နိဗ္ဗာန်ကိုမြင်သောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာသင်္ကပ္ပ၏ ရှေးရှုတင်သောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာဝါစာ၏ သိမ်းဆည်း သောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာကမ္မန္တ၏ ကောင်းစွာဖြစ်စေသောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာ အာဇီဝ၏ ဖြူစင်သောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာဝါယာမ၏ အားထုတ်သောအားဖြင့် ဖြစ်ခြင်း ရင်း၊ သမ္မာသတိ၏ ထင်သောအားဖြင့် ဖြစ်ခြင်းရင်း၊ သမ္မာသမာဓိ၏ မပျံ့လွင့်သောအားဖြင့် ဖြစ်ခြင်းရင်း။ ဤသည်တို့ကား ဖြစ်ခြင်းရှစ်ပါးတို့တည်း။

**စရိယာကထာ ပြီး၏။**

---

## ၆-ပါဋိဟာရိယကထာ

၃၀။ ရဟန်းတို့ ဤသုံးပါးတို့သည် ပါဋိဟာရိယတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ဣဒ္ဓိပါဋိဟာ ရိယ, အာဒေသနာပါဋိဟာရိယ, အနုသာသနီပါဋိဟာရိယတို့တည်း။

ရဟန်းတို့ ဣဒ္ဓိပါဋိဟာရိယသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် တပါး မက များသောအပြားရှိသောတန်ခိုးအစုကို ခံစား၏၊ တဦးတည်းဖြစ်လျက်လည်း အများအပြား ဖြစ်သွား၏၊ အများအပြားဖြစ်လျက်လည်း တဦးတည်းဖြစ်လာ၏၊ ကိုယ်ထင်ရှားဖြစ်စေ၏၊ ကိုယ် ပျောက်စေ၏။ပ။ဗြဟ္မာပြည်တိုင်အောင်လည်း ကိုယ်ကို (မိမိ) အလိုအတိုင်းဖြစ်စေ၏။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိပါဋိဟာရိယဟူ၍ ခေါ်ဆိုအပ်၏။ (၁)

ရဟန်းတို့ အာဒေသနာပါဋိဟာရိယသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့ သူသည် "သင့်စိတ်သည် ဤသို့လည်းဖြစ်၏၊ သင့်စိတ်သည် ဤအပြားအားဖြင့်လည်းဖြစ်၏၊ သင့်စိတ်သည် ဤသို့လည်းဖြစ်၏"ဟု နိမိတ်အားဖြင့် ညွှန်းဆို၏။ ထိုသူသည် အများကိုလည်း အကယ်၍ညွှန်းဆိုအံ့၊ ထိုညွှန်းဆိုခြင်းသည် ထိုအတိုင်းပင်ဖြစ်၏၊ တပါးသောအခြင်းအရာအားဖြင့် မဖြစ်။

ရဟန်းတို့ ဤလောက၌ အချို့သူသည် နိမိတ်အားဖြင့် မညွှန်းဆို၊တနည်းအားဖြင့် လူတို့၏ရင်း ဘီလူးတို့၏ရင်း နတ်တို့၏ရင်း အသံကိုကြား၍ "သင့်စိတ်သည် ဤသို့လည်းဖြစ်၏၊ သင့်စိတ်သည် ဤအပြားအားဖြင့်လည်းဖြစ်၏၊ သင့်စိတ်သည် ဤသို့လည်းဖြစ်၏"ဟု ညွှန်းဆို၏။ ထိုသူသည်

http://www.dhammadownload.com



အများကိုလည်း အကယ်၍ညွှန်းဆိုအံ့၊ ထိုညွှန်းဆိုခြင်းသည် ထိုအတိုင်းပင်ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။

ရဟန်းတို့ ဤလောက၌ အချို့သူသည် နိမိတ်အားဖြင့်လည်း မညွှန်းဆို၊ လူတို့၏၎င်း ဘီလူးတို့၏၎င်း နတ်တို့၏၎င်း အသံကိုကြား၍လည်း မညွှန်းဆို၊တနည်းအားဖြင့် ကြံစည်သူ စဉ်းစားသူ၏ ကြံစည်ခြင်းဖြင့် ပျံ့နှံ့သောအသံကိုကြား၍ "သင့်စိတ်သည် ဤသို့လည်းဖြစ်၏၊ သင့်စိတ်သည် ဤအပြားအားဖြင့်လည်းဖြစ်၏၊ သင့်စိတ်သည် ဤသို့လည်းဖြစ်၏"ဟု ညွှန်းဆို၏။ ထိုသူသည် အများကိုလည်း အကယ်၍ ညွှန်းဆိုအံ့၊ ထိုညွှန်းဆိုခြင်းသည် ထိုအတိုင်းပင်ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။

ရဟန်းတို့ ဤလောက၌ အချို့သူသည် နိမိတ်အားဖြင့်လည်း မညွှန်းဆို၊ လူတို့၏၎င်း ဘီလူးတို့၏၎င်း နတ်တို့၏၎င်း အသံကိုကြား၍လည်း မညွှန်းဆို၊ ကြံစည်သူ စဉ်းစားသူ၏ ကြံစည်ခြင်းဖြင့် ပျံ့နှံ့သောအသံကို ကြား၍လည်းမညွှန်းဆို၊ တနည်းအားဖြင့် ကြံစည်ခြင်းမရှိ၊ စဉ်းစားခြင်းမရှိသော သမာဓိကို ဝင်စားသူ၏ စိတ်ကို အကြင် အခြင်းအရာအားဖြင့် "ဤအသျှင်သည် စိတ် သင်္ခါရတို့ကို ဆောက်တည်အပ်ကုန်၏၊ အကြင်အခြင်းအရာအားဖြင့် ဤစိတ်၏ အခြားမဲ့၌ ဤမည်သော အကြံအစည်ကို ကြံစည်လတ္တံ့"ဟု မိမိစိတ်ဖြင့် ပိုင်းခြား၍ သိ၏။ ထိုသူသည် အများကိုလည်း အကယ်၍ညွှန်းဆိုအံ့၊ ထိုညွှန်းဆိုခြင်းသည် ထိုအတိုင်းပင် ဖြစ်၏၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ရဟန်းတို့ ဤသည်ကို အာဒေသနာပါဋိဟာရိယ ဟူ၍ ခေါ်ဆိုအပ်၏။ (၂)

ရဟန်းတို့ အနုသာသနီပါဋိဟာရိယသည် အဘယ်နည်း။ ရဟန်းတို့ ဤလောက၌ အချို့သူသည် "ဤသို့ ကြံစည်ကြကုန်လော့၊ ဤသို့ မကြံစည်ကြကုန်လင့်၊ ဤသို့ နှလုံးသွင်းကြကုန်လော့၊ ဤသို့ နှလုံး မသွင်းကြကုန်လင့်၊ ဤရာဂစသည်ကို ပယ်စွန့် ကြကုန်လော့၊ ဤလောကုတ္တရာ တရားကို ပြည့်စုံစေ၍ နေကြကုန်လော့"ဟု ဤသို့ ဆုံးမ၏၊ ရဟန်းတို့ ဤသည်ကို အနုသာသနီပါဋိဟာရိယဟူ၍ ခေါ်ဆိုအပ်၏။ ရဟန်းတို့ ဤသည်တို့ကား ပါဋိဟာရိယသုံးပါးတို့တည်း။ (၃)

၃၁။ နေက္ခမ္မသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ကာမစ္ဆန္ဒကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင်သူတို့သည် ထိုနေက္ခမ္မနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် အထူးစင်ကြယ်သောစိတ် ရှိကုန်၏၊ မနောက်ကျူသော အကြံအစည်ရှိကုန်၏၊ ဤသို့ ညွှန်းဆိုခြင်းသည် အာဒေသနာပါဋိဟာရိယတည်း။ ထိုနေက္ခမ္မကိုပင် "ဤသို့ အစဉ်မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ လေ့လာအပ်၏၊ ဤသို့ နေက္ခမ္မအားလျော်သောသတိကို ထင်စေအပ်၏" ဤသို့(ဆုံးမခြင်းသည်) အနုသာသနီပါဋိဟာရိယတည်း။ (၁)

အဗျာပါဒသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ဗျာပါဒကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင်သူတို့သည် ထိုအဗျာပါဒနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် အထူးစင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျူသော အကြံအစည် ရှိကုန်၏၊ ဤသို့ (ညွှန်းဆိုခြင်းသည်) အာဒေသနာ ပါဋိဟာရိယတည်း။ ထိုအဗျာပါဒကိုပင် "ဤသို့ အစဉ် မှီဝဲအပ်၏၊ ဤသို့ပွါးအပ်၏၊ ဤသို့ လေ့လာအပ်၏၊ ဤသို့ အဗျာပါဒအားလျော်သော သတိကို ထင်စေအပ်၏" ဤသို့ (ဆုံးမခြင်းသည်) အနုသာသနီ ပါဋိဟာရိယတည်း။ (၂)

http://www.dhammadownload.com



အာလောကသညာသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း။ ထိန မိဒ္ဓကို ပယ်စွန့်သောကြောင့် ပါဠိဟာရိယတည်း။ အကြင်သူတို့သည် ထိုအာလောကသညာနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် အထူးစင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည်ရှိကုန်၏၊ ဤသို့ (ညွှန်းဆိုခြင်းသည်) အာဒေသနာပါဠိဟာရိယတည်း။ ထိုအာလောကသညာကိုပင် "ဤသို့ အစဉ် မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ဤသို့ ထိုအာလောကသညာအားလျော်သော သတိကို ထင်စေအပ်၏" ဤသို့ (ဆုံးမခြင်းသည်) အနုသာသနီ ပါဠိဟာရိယတည်း။ (၃)

မပျံ့လွင့်ခြင်းသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ဥဒ္ဓစ္စကို ပယ်စွန့်သောကြောင့် ပါဠိဟာရိယတည်း။ အကြင်သူတို့သည် ထိုမပျံ့လွင့်ခြင်းနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် အထူးစင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည်ရှိကုန်၏၊ ဤသို့ (ညွှန်းဆိုခြင်းသည်) အာဒေသနာပါဠိဟာရိယတည်း။ ထိုမပျံ့လွင့်ခြင်းကိုပင်"ဤသို့ အစဉ် မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ဤသို့ ထိုမပျံ့လွင့်ခြင်းအားလျော်သောသတိကို ထင်စေအပ်၏" ဤသို့(ဆုံးမခြင်းသည်) အနုသာသနီပါဠိဟာရိယတည်း။ (၄)

တရားကို ပိုင်းခြား မှတ်သားခြင်းသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ဝိစိကိစ္ဆာကို ပယ်စွန့်သောကြောင့် ပါဠိဟာရိယတည်း။ အကြင်သူတို့သည် တရားကို ပိုင်းခြားမှတ်သားခြင်းနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် စင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည်ရှိကုန်၏၊ ဤသို့ညွှန်းဆိုခြင်းသည် အာဒေသနာပါဠိဟာရိယတည်း။ ထိုတရားကို ပိုင်းခြားမှတ်သားခြင်းကို "ဤသို့ အစဉ် မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ဤသို့ ထိုတရားကို ပိုင်းခြားမှတ်သားခြင်းအားလျော်သော သတိကို ထင်စေအပ်၏" ဤသို့(ဆုံးမခြင်းသည်)အနုသာသနီပါဠိဟာရိယတည်း။ (၅)

ဉာဏ်သည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ အဝိဇ္ဇာကို ပယ်စွန့်သောကြောင့် ပါဠိဟာရိယတည်း။ အကြင်သူတို့သည် ထိုဉာဏ်နှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် စင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည် ရှိကုန်၏၊ ဤသို့ ညွှန်းဆိုခြင်းသည် အာဒေသနာပါဠိဟာရိယတည်း။ ထိုဉာဏ်ကို"ဤသို့အစဉ်မှီဝဲအပ်၏၊ ဤသို့ပွါးအပ်၏၊ ဤသို့ ကြိမ်ဖန်များစွာ ပြုအပ်၏၊ ဤသို့ ထိုဉာဏ်အားလျော်သော သတိကို ထင်စေအပ်၏" ဤသို့ (ဆုံးမခြင်းသည်) အနုသာသနီ ပါဠိဟာရိယတည်း။ (၆)

ဝမ်းမြောက်ခြင်းသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ မမွေ့လျော်ခြင်းကို ပယ်စွန့်သောကြောင့် ပါဠိဟာရိယတည်း။ အကြင်သူတို့သည် ထိုဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် စင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည်ရှိကုန်၏၊ ဤသို့ ညွှန်းဆိုခြင်းသည် အာဒေသနာပါဠိဟာရိယတည်း။ ထိုဝမ်းမြောက်ခြင်းကို "ဤသို့ အစဉ် မှီဝဲအပ်၏၊ဤသို့ ပွါးအပ်၏၊ဤသို့လေ့လာအပ်၏၊ ဤသို့ ထိုဝမ်းမြောက်ခြင်းအားလျော်သော သတိကို ထင်စေအပ်၏" ဤသို့(ဆုံးမခြင်းသည်) အနုသာသနီ ပါဠိဟာရိယတည်း။ပ။ (၇)

ပဌမစျာန်သည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ နီဝရဏတို့ကို ပယ်စွန့်သောကြောင့်ပါဠိဟာရိယတည်း။ အကြင်သူတို့သည် ထိုပဌမစျာန်နှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် စင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည် ရှိကုန်၏၊ ဤသို့ ညွှန်းဆိုခြင်းသည် အာဒေသနာ

၁ မြန် ၉-၁၀

http://www.dhammadownload.com



ပါဋိဟာရိယတည်း။ ထိုပဌမစျာန်ကို "ဤသို့ အစဉ် မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ လေ့လာအပ်၏၊ ဤသို့ ပဌမစျာန်အားလျော်သော သတိကို ထင်စေအပ်၏" ဤသို့ (ဆုံးမခြင်းသည်) အနုသာသနီပါဋိဟာရိယတည်း။ပ။ (၂၆-၃၃)

အရဟတ္တမဂ်သည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ကိလေသာအားလုံးတို့ကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင်သူတို့သည် ထိုအရဟတ္တမဂ်နှင့် ပြည့်စုံကုန်၏၊ ထိုသူအားလုံးတို့သည် အထူးစင်ကြယ်သော စိတ်ရှိကုန်၏၊ မနောက်ကျုသော အကြံအစည်ရှိကုန်၏၊ ဤသို့ (ညွှန်းဆိုခြင်းသည်) အာဒေသနာပါဋိဟာရိယတည်း။ထိုအရဟတ္တမဂ်ကိုပင်"ဤသို့ အစဉ်မှီဝဲအပ်၏၊ ဤသို့ ပွါးအပ်၏၊ ဤသို့ လေ့လာအပ်၏၊ ဤသို့ ထိုအရဟတ္တမဂ်အားလျော်သော သတိကို ထင်စေအပ်၏" ဤသို့ (ဆုံးမခြင်းသည်) အနုသာသနီပါဋိဟာရိယတည်း။ (၄-၃၇)

၃၂။ နေက္ခမ္မသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ကာမစ္ဆန္ဒကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင် ဣဒ္ဓိသည်၎င်း အကြင်ပါဋိဟာရိယသည်၎င်း ရှိ၏၊ ဤသည်ကို ဣဒ္ဓိပါဋိဟာရိယဟု ခေါ်ဆိုအပ်၏။ အဗျာပါဒသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ဗျာပါဒကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင် ဣဒ္ဓိသည်၎င်း အကြင် ပါဋိဟာရိယသည်၎င်း ရှိ၏၊ ဤသည်ကို ဣဒ္ဓိပါဋိဟာရိယဟူ၍ ခေါ်ဆိုအပ်၏။ အာလောကသညာသည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ထိနမိဒ္ဓကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ပ။ အရဟတ္တမဂ်သည် ပြည့်စုံသောကြောင့် ဣဒ္ဓိတည်း၊ ကိလေသာအားလုံးကို ပယ်စွန့်သောကြောင့် ပါဋိဟာရိယတည်း။ အကြင် ဣဒ္ဓိသည်၎င်း အကြင်ပါဋိဟာရိယသည်၎င်း ရှိ၏၊ ဤသည်ကို ဣဒ္ဓိပါဋိဟာရိယဟု ဆိုအပ်၏။

ပါဋိဟာရိယကထာပြီး၏။

---

### ၄-သမသီသကထာ

၃၃။ တရားအားလုံးတို့ကို ကောင်းစွာဖြတ်ခြင်း၌၎င်း ချုပ်ခြင်း၌၎င်း မထင်သောအခြင်းအရာဖြင့် ဖြစ်သော ပညာသည် သမသီသဋ္ဌဉာဏ်တည်း။

**တရားအားလုံးတို့ကို** ဟူသည် ခန္ဓာငါးပါး အာယတန တဆယ့်နှစ်ပါး ဓာတ်တဆယ့်ရှစ်ပါး ကုသိုလ်တရား အကုသိုလ်တရား အဗျာကတတရား ကာမာဝစရတရား ရူပါဝစရတရား အရူပါဝစရတရား ဝဋ်၌အကျုံးမဝင်သော (လောကုတ္တရာ) တရားတို့တည်း။ **ကောင်းစွာဖြတ်ခြင်း၌** ဟူသည် နေက္ခမ္မဖြင့်ကာမစ္ဆန္ဒကိုကောင်းစွာဖြတ်၏၊အဗျာပါဒဖြင့်ဗျာပါဒကိုကောင်းစွာဖြတ်၏၊အာလောကသညာဖြင့် ထိနမိဒ္ဓကို ကောင်းစွာဖြတ်၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စကို ကောင်းစွာဖြတ်၏၊ ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို ကောင်းစွာဖြတ်၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ကောင်းစွာ ဖြတ်၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ကောင်းစွာဖြတ်၏၊ ပဌမစျာန်ဖြင့် နီဝရဏတို့ကို ကောင်းစွာဖြတ်၏။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ကောင်းစွာဖြတ်၏။

**ချုပ်ခြင်း၌** ဟူသည် နေက္ခမ္မဖြင့် ကာမစ္ဆန္ဒကို ချုပ်စေ၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ချုပ်စေ၏၊ အာလောကသညာဖြင့် ထိနမိဒ္ဓကို ချုပ်စေ၏၊ မပျံ့လွင့်ခြင်းဖြင့် ဥဒ္ဓစ္စကိုချုပ်စေ၏၊

http://www.dhammadownload.com



ဓမ္မဝဝတ္ထာန်ဖြင့် ဝိစိကိစ္ဆာကို ချုပ်စေ၏၊ ဉာဏ်ဖြင့် အဝိဇ္ဇာကို ချုပ်စေ၏၊ ဝမ်းမြောက်ခြင်းဖြင့် မမွေ့လျော်ခြင်းကို ချုပ်စေ၏၊ ပဌမဈာန်ဖြင့် နီဝရဏတို့ကို ချုပ်စေ၏။ပ။ အရဟတ္တမဂ်ဖြင့် ကိလေသာအားလုံးတို့ကို ချုပ်စေ၏။

**မထင်သောအခြင်းအရာအားဖြင့်** ဟူသည် နေက္ခမ္မကို ရသူအား ကာမစ္ဆန္ဒသည် မထင်၊ အဗျာပါဒကိုရသူအား ဗျာပါဒသည် မထင်၊ အာလောကသညာကိုရသူအား ထိနမိဒ္ဓသည် မထင်၊ မပျံ့လွင့်ခြင်းကိုရသူအား ဥဒ္ဓစ္စသည် မထင်၊ ဓမ္မဝဝတ္ထာန်ကိုရသူအား ဝိစိကိစ္ဆာသည် မထင်၊ ဉာဏ်ကိုရသူအား အဝိဇ္ဇာသည် မထင်၊ ဝမ်းမြောက်ခြင်းကို ရသူအားမမွေ့လျော်ခြင်းသည် မထင်၊ ပဌမဈာန်ကိုရသူအား နီဝရဏတို့သည် မထင်ကုန်။ပ။ အရဟတ္တမဂ်ကို ရသူအား ကိလေသာအားလုံးတို့သည် မထင်ကုန်။

**သမ**ဟူသည် ကာမစ္ဆန္ဒကို ပယ်သည့်အဖြစ်ကြောင့် နေက္ခမ္မသည် (ငြိမ်းခြင်း) သမတည်း၊ ဗျာပါဒကို ပယ်သည့်အဖြစ်ကြောင့် အဗျာပါဒသည် (ငြိမ်းခြင်း)သမတည်း၊ ထိနမိဒ္ဓကို ပယ်သည့်အဖြစ်ကြောင့် အာလောကသညာသည် (ငြိမ်းခြင်း)သမတည်း၊ ဥဒ္ဓစ္စကို ပယ်သည့်အဖြစ်ကြောင့် မပျံ့လွင့်ခြင်းသည် (ငြိမ်းခြင်း)သမတည်း၊ ဝိစိကိစ္ဆာကို ပယ်သည့်အဖြစ်ကြောင့် ဓမ္မဝဝတ္ထာန်သည် (ငြိမ်းခြင်း)သမတည်း၊ အဝိဇ္ဇာကို ပယ်သည့်အဖြစ်ကြောင့် ဉာဏ်သည် (ငြိမ်းခြင်း) သမတည်း၊ မမွေ့လျော်ခြင်းကို ပယ်သည့်အဖြစ်ကြောင့် ဝမ်းမြောက်ခြင်းသည် (ငြိမ်းခြင်း) သမတည်း၊ နီဝရဏတို့ကို ပယ်သည့်အဖြစ်ကြောင့် ပဌမဈာန်သည် (ငြိမ်းခြင်း) သမတည်း။ပ။ ကိလေသာအားလုံးတို့ကို ပယ်သည့်အဖြစ်ကြောင့် အရဟတ္တမဂ်သည် (ငြိမ်းခြင်း)သမတည်း။

**သီသ**ဟူရာ၌ သီသတို့သည် တဆယ့်သုံးပါးတို့တည်း၊ ကြောင့်ကြခြင်းသီသကား တဏှာတည်း၊ မနှောင်ဖွဲ့ခြင်း သီသကား မာနတည်း၊ အမှားသုံးသပ်ခြင်း သီသကား ဒိဋ္ဌိတည်း၊ ပျံ့လွင့်ခြင်း သီသကား ဥဒ္ဓစ္စတည်း၊သံကိလေသာသီသကား အဝိဇ္ဇာတည်း၊ဆုံးဖြတ်ခြင်းသီသကား သဒ္ဓါတည်း၊ အားထုတ်ခြင်း သီသကား ဝီရိယတည်း၊ ထင်ခြင်းသီသကား သတိတည်း၊ မပျံ့လွင့်ခြင်းသီသကား သမာဓိတည်း၊ မြင်ခြင်း သီသကား ပညာတည်း၊ ဖြစ်ခြင်း သီသကား ဇီဝိတိန္ဒြေတည်း၊ ကျက်စားရာသီသကား ဝိမောက္ခတည်း၊ သင်္ခါရသီသကား (ချုပ်ရာ) နိဗ္ဗာန်တည်း။

သမသီသကထာ ပြီး၏။

---

## ဂ-သတိပဋ္ဌာနကထာ

၃၄။ သာဝတ္ထိနိဒါန်းတည်း။ ရဟန်းတို့ သတိပဋ္ဌာန်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးကိုနည်းဟူမူ-ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အားထုတ်သောလုံ့လ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သတိရှိကာ[၁] လောက၌[၂] အဘိဇ္ဈာ[၃] ဒေါမနဿ[၄]ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှုလျက်နေ၏၊ ဝေဒနာတို့၌။ စိတ်၌။ အားထုတ်သောလုံ့လ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ သတိရှိကာ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍

---

၁-အောက်မေ့ခြင်းရှိလျက်၊ ၂-ဥပါဒါနက္ခန္ဓာလောက၊ ၃-လိုချင်တပ်မက်ခြင်း ၄-နှလုံးမသာယာခြင်း။

http://www.dhammadownload.com



သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုလျက်နေ၏။ ရဟန်းတို့ သတိပဋ္ဌာန်တို့သည် ဤလေးပါးတို့ပင်တည်းဟု(ဟောတော်မူ၏)။

၃၅။ (က) ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဘယ်သို့ရှု၍နေသနည်း။ ဤသာသနာတော်၌ အချို့သူသည် မြေဓာတ်အပေါင်း'ပထဝီကာယ'ကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှု၏၊ ချမ်းသာ၏ဟု မရှု၊ အတ္တမဟုတ်'အနတ္တ'ဟု အဖန်ဖန်ရှု၏၊ အတ္တဟု မရှု၊ ငြီးငွေ၏၊ မနှစ်သက်၊ တပ်မက်ခြင်းကင်း၏၊ မတပ်မက်၊ ချုပ်စေ၏၊ မဖြစ်ပွါးစေ၊ စွန့်လွှတ်၏၊ မစွဲလမ်း။

မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ် 'နိစ္စသညာ'ကို ပယ်စွန့်၏၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှုသည်ရှိသော် ချမ်းသာ၏ဟူသောအမှတ်'သုခသညာ'ကို ပယ်စွန့်၏၊ အတ္တမဟုတ်'အနတ္တ' ဟု အဖန်ဖန်ရှုသည်ရှိသော် အတ္တဟူသောအမှတ်ကို ပယ်စွန့်၏၊ ငြီးငွေ့သည်ရှိသော် နှစ်သက်ခြင်းကို ပယ်စွန့်၏၊ တပ်မက်ခြင်းကင်းသည်ရှိသော် တပ်မက်မှု'ရာဂ'ကို ပယ်စွန့်၏၊ ချုပ်စေသည်ရှိသော် ဖြစ်ပွါးခြင်းကို ပယ်စွန့်၏၊ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကို ပယ်စွန့်၏၊ ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ရုပ်အပေါင်းကို အဖန်ဖန်ရှု၏။ ရုပ်အပေါင်းသည် ထင်ရာတည်း။ အောက်မေ့မှု 'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု 'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုရုပ်အပေါင်းကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် ရုပ်အပေါင်းဟု အဖန်ဖန်ရှုမှုသတိပဋ္ဌာန် 'ကာယေကာယာနုပဿနာသတိပဋ္ဌာန်'ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ ထိုလေးပါးတို့တွင် ဖြစ်ဆဲဖြစ်သောတရားတို့၏ လွန်၍ဖြစ်ခြင်း သဘောမရှိခြင်းကြောင့် ဘာဝနာမည်၏၊ ဣန္ဒြေတို့၏ကိစ္စ တခုတည်းရှိသော သဘောကြောင့် ဘာဝနာမည်၏၊ ထိုသို့ရောက်စေခြင်းငှါ အားထုတ်ခြင်း ဆောင်ခြင်းသဘော ကြောင့် ဘာဝနာမည်၏၊ ပွါးထုံသောသဘောကြောင့် ဘာဝနာမည်၏။

ဤသာသနာတော်၌ အချို့သောသူသည် ရေဓာတ်အပေါင်း 'အာပေါကာယ'ကို။ပ။ မီးဓာတ် အပေါင်း'တေဇောကာယ'ကို။ လေဓာတ်အပေါင်း'ဝါယောကာယ'ကို။ ဆံပင်အပေါင်းကို။ မွေးညင်း အပေါင်းကို။ အရေထူအပေါင်းကို။ အရေပါးအပေါင်းကို။ အသားအပေါင်းကို။ သွေးအပေါင်းကို။ အကြောအပေါင်းကို။ အရိုးအပေါင်းကို။ ရိုးတွင်းချဉ်ဆီအပေါင်းကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှု၏၊ ချမ်းသာ၏ဟုမရှု၊ အတ္တမဟုတ်'အနတ္တ'ဟု အဖန်ဖန်ရှု၏၊ အတ္တဟု မရှု၊ ငြီးငွေ၏၊ မနှစ်သက်၊ တပ်မက်ခြင်းကင်း၏၊ မတပ်မက်၊ ချုပ်စေ၏၊ မဖြစ်ပွါးစေ၊ စွန့်လွှတ်၏၊ မစွဲလမ်း။

မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ်'နိစ္စသညာ'ကို ပယ်စွန့်၏၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှုသည်ရှိသော် ချမ်းသာ၏ဟူသောအမှတ်'သုခသညာ'ကို ပယ်စွန့်၏၊ အတ္တမဟုတ်'အနတ္တ' ဟု အဖန်ဖန်ရှုသည်ရှိသော် အတ္တဟူသောအမှတ်ကို ပယ်စွန့်၏၊ ငြီးငွေ့သည်ရှိသော် နှစ်သက်ခြင်းကို ပယ်စွန့်၏၊ တပ်မက်ခြင်းကင်းသည်ရှိသော် တပ်မက်မှု'ရာဂ'ကို ပယ်စွန့်၏၊ ချုပ်စေသည်ရှိသော် ဖြစ်ပွါးခြင်းကို ပယ်စွန့်၏၊ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကို ပယ်စွန့်၏၊ ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် ရုပ်အပေါင်းကို အဖန်ဖန်ရှု၏၊ ရုပ်အပေါင်းသည် ထင်ရာတည်း၊ အောက်မေ့မှု 'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်းဖြစ်၏၊ အောက်မေ့မှု'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုကိုယ်ကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

http://www.dhammadownload.com



ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ ထိုလေးပါးတို့တွင် ဖြစ်ဆဲဖြစ်သောတရားတို့၏ လွန်၍ဖြစ်ခြင်း သဘောမရှိခြင်းကြောင့် ဘာဝနာမည်၏၊ ဣန္ဒြေတို့၏ကိစ္စ တခုတည်းရှိသော သဘောကြောင့် ဘာဝနာမည်၏၊ ထိုသို့ရောက်ခြင်းငှါ အားထုတ်ခြင်း ဆောင်ခြင်းသဘောကြောင့် ဘာဝနာမည်၏၊ ပွါးသိုသောသဘောကြောင့် ဘာဝနာမည်၏၊ ဤသို့ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှု၍နေ၏။ (၁)

(ခ) အဘယ်သို့ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှု၍နေသနည်း။ ဤသာသနာတော်၌ အချို့သူသည် သုခဝေဒနာ'ချမ်းသာခံစားခြင်း'ကို မမြဲဟု အဖန်ဖန်ရှု၏။ မြဲ၏ဟု မရှု။ပ။ စွန့်လွှတ်၏၊ မစွဲလမ်း။

မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ်'နိစ္စသညာ'ကို ပယ်စွန့်၏။ပ။ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကိုပယ်စွန့်၏၊ ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် ဝေဒနာကို အဖန်ဖန်ရှု၏။ ဝေဒနာသည် ထင်ရာတည်း၊ အောက်မေ့မှု 'သတိ'မဟုတ်။ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ ပွါးထုံသောသဘောကြောင့် ဘာဝနာမည်၏။ပ။ ဤသာသနာတော်၌ အချို့သူသည် ဒုက္ခဝေဒနာ 'ဆင်းရဲခံစားခြင်း'ကို။ပ။ အဒုက္ခမသုခဝေဒနာကို။ အာမိသရှိသော ဂေဟာသိတသုခဝေဒနာကို။ အာမိသမရှိသော နေက္ခမ္မသိတသုခဝေဒနာကို။ အာမိသရှိသော ဂေဟာသိတဒုက္ခဝေဒနာကို။ အာမိသမရှိသော နေက္ခမ္မသိတဒုက္ခဝေဒနာကို။ အာမိသရှိသော ဂေဟာသိတအဒုက္ခမသုခဝေဒနာကို။ အာမိသမရှိသော နေက္ခမ္မသိတအဒုက္ခမသုခဝေဒနာကို။ မျက်စိ၌ ပေါင်းဆုံတွေ့ထိမှု 'စက္ခုသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာကို။ နား၌ ပေါင်းဆုံတွေ့ထိမှု 'သောတသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာကို။ နှာခေါင်း၌ ပေါင်းဆုံတွေ့ထိမှု 'ဃာနသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာကို။ လျှာ၌ ပေါင်းဆုံတွေ့ထိမှု 'ဇိဝှါသမ္ဖဿ'ကြောင့်ဖြစ်သောဝေဒနာကို။ ကိုယ်၌ ပေါင်းဆုံတွေ့ထိမှု'ကာယသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာကို။ စိတ်၌ ပေါင်းဆုံတွေ့ထိမှု'မနောသမ္ဖဿ'ကြောင့် ဖြစ်သောဝေဒနာကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု။ပ။ စွန့်လွှတ်၏၊ မစွဲလမ်း။

မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ်'နိစ္စသညာ'ကို ပယ်စွန့်၏။ပ။ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကိုပယ်စွန့်၏။ ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် ဝေဒနာကို အဖန်ဖန်ရှု၏။ ဝေဒနာသည် ထင်ရာတည်း၊ အောက်မေ့မှု'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုဝေဒနာကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ ဤသို့ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှု၍နေ၏။ (၂)

(ဂ) စိတ်၌ စိတ်ဟု အဘယ်သို့ အဖန်ဖန်ရှု၍နေသနည်း။ ဤသာသနာတော်၌ အချို့သူသည် တပ်မက်မှုနှင့်တကွဖြစ်သော 'သရာဂ'စိတ်ကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု။ပ။ စွန့်လွှတ်၏၊ မစွဲလမ်း။ မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ် 'နိစ္စသညာ'ကို ပယ်စွန့်၏။ပ။ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကို ပယ်စွန့်၏။ ဤခုနစ်ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို

http://www.dhammadownload.com



အဖန်ဖန်ရှု၏၊ စိတ်သည် ထင်ရာတည်း၊ အောက်မေ့မှု'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုစိတ်ကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် စိတ်၌ စိတ်ဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ ပွါးထုံသောသဘောကြောင့် ဘာဝနာမည်၏၊ ဤသာသနာတော်၌ အချို့သူသည် ရာဂကင်းသောစိတ်ကို။ပ။ ဒေါသနှင့်တကွဖြစ်သော 'သဒေါသ'စိတ်ကို။ ဒေါသကင်းသောစိတ်ကို။ မောဟနှင့်တကွဖြစ်သော 'သမောဟ'စိတ်ကို။ မောဟကင်းသောစိတ်ကို။ ကြုံ့သောစိတ်ကို။ ပျံ့လွင့်သောစိတ်ကို။ မဟဂ္ဂုတ်စိတ်ကို။ မဟဂ္ဂုတ် မဟုတ်သောစိတ်ကို။ (မိမိထက်)အမြတ်ရှိသောစိတ်ကို။ (မိမိထက်)အမြတ်မရှိသောစိတ်ကို။ တည်ကြည်သောစိတ်ကို။ မတည်ကြည်သောစိတ်ကို။ လွတ်မြောက်သောစိတ်ကို။ မလွတ်မြောက် သောစိတ်ကို။ စက္ခုဝိညာဏ်ကို။ သောတဝိညာဏ်ကို။ ဃာနဝိညာဏ်ကို။ ဇိဝှါဝိညာဏ်ကို။ ကာယ ဝိညာဏ်ကို။ မနောဝိညာဏ်ကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု။ပ။ စွန့်လွှတ်၏၊ မစွဲလမ်း။ မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ်'နိစ္စသညာ'ကို ပယ်စွန့်၏။ပ။ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကို ပယ်စွန့်၏။ ဤခုနစ်ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကိုအဖန်ဖန်ရှု၏။ စိတ်သည် ထင်ရာတည်း၊ အောက်မေ့မှု'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု 'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုစိတ်ကို အဖန်ဖန်ရှု၏။ ထို့ကြောင့် စိတ်၌ စိတ်ဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ပ။ ပွါးထုံသောသဘောကြောင့် ဘာဝနာ မည်၏။ ဤသို့ စိတ်၌ စိတ်ဟု အဖန်ဖန်ရှု၍နေ၏။ (၃)

(ဃ) သဘောတရားတို့၌ သဘောတရားဟု အဘယ်သို့ အဖန်ဖန်ရှု၍နေသနည်း။ ဤသာသနာ တော်၌ အချို့သူသည် ရုပ်အပေါင်းကိုချန်ထား၍ ဝေဒနာကိုချန်ထား၍ စိတ်ကိုချန်ထား၍ ကြွင်း သော သဘောတရားတို့ကို မမြဲဟု အဖန်ဖန်ရှု၏၊ မြဲ၏ဟု မရှု၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှု၏၊ ချမ်းသာ ၏ဟု မရှု၊ အတ္တမဟုတ်'အနတ္တ'ဟု အဖန်ဖန်ရှု၏၊ အတ္တဟု မရှု၊ ငြီးငွေ့၏၊ မနှစ်သက်၊ တပ်မက်ခြင်း ကင်း၏၊ မတပ်မက်၊ ချုပ်စေ၏၊ မဖြစ်ပွါးစေ၊ စွန့်လွှတ်၏၊ မစွဲလမ်း။

မမြဲဟု အဖန်ဖန်ရှုသည်ရှိသော် မြဲ၏ဟူသောအမှတ် 'နိစ္စသညာ'ကို ပယ်စွန့်၏၊ ဆင်းရဲ၏ဟု အဖန်ဖန်ရှုသည်ရှိသော် ချမ်းသာ၏ဟူသောအမှတ်'သုခသညာ'ကို ပယ်စွန့်၏၊ အတ္တမဟုတ်'အနတ္တ' ဟု အဖန်ဖန်ရှုသည်ရှိသော် အတ္တဟူသောအမှတ် 'အတ္တသညာ'ကို ပယ်စွန့်၏၊ ငြီးငွေ့သည်ရှိသော် နှစ်သက်ခြင်းကို ပယ်စွန့်၏၊ တပ်မက်ခြင်းကင်းသည်ရှိသော် ရာဂကိုပယ်စွန့်၏၊ ချုပ်စေသည်ရှိသော် ဖြစ်ပွါးခြင်း'သမုဒယ'ကို ပယ်စွန့်၏၊ စွန့်လွှတ်သည်ရှိသော် စွဲလမ်းခြင်းကို ပယ်စွန့်၏။ ဤခုနစ်ပါး သောအခြင်းအရာတို့ဖြင့် ထိုတရားတို့ကို အဖန်ဖန်ရှု၏။ တရားတို့သည် ထင်ရာတည်း၊ အောက်မေ့မှု 'သတိ'မဟုတ်၊ သတိသည်ကား ထင်ရာလည်း ဖြစ်၏၊ အောက်မေ့မှု'သတိ'လည်း ဖြစ်၏။ ထိုသတိ ထိုဉာဏ်ဖြင့် ထိုတရားတို့ကို အဖန်ဖန်ရှု၏၊ ထို့ကြောင့် သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှုမှု သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ဘာဝနာဟူရာ၌ ဘာဝနာတို့သည် လေးပါးတို့တည်း။ ထိုလေးပါးတို့တွင် ဖြစ်ဆဲဖြစ်သောတရား တို့၏ လွန်၍ဖြစ်ခြင်း သဘောမရှိခြင်းကြောင့် ဘာဝနာမည်၏၊ ဣန္ဒြေတို့၏ကိစ္စ တခုတည်းရှိသော

http://www.dhammadownload.com



သဘောကြောင့် ဘာဝနာမည်၏၊ ထိုသို့ရောက်ခြင်း၌ အားထုတ်ခြင်း ဆောင်ခြင်းသဘောကြောင့် ဘာဝနာမည်၏၊ ပွါးထုံသောသဘောကြောင့် ဘာဝနာမည်၏၊ ဤသို့သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန်ရှု၍နေ၏။ (၄)

သတိပဋ္ဌာနကထာ ပြီး၏။

---

## ၉-ဝိပဿနာကထာ

၃၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ်အခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ရဟန်းတို့—စင်စစ် ထိုရဟန်းသည် အနည်းငယ်သောသင်္ခါရကို မြဲ၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမခန္တီ'နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်း မရှိ၊ မဂ်နှင့်လျော်သောအလို'အနုလောမခန္တီ'နှင့် မပြည့်စုံသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းတို့သို့ သက်ဝင်မည့်အကြောင်း မရှိ၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကိုသော်၎င်း မျက်မှောက်ပြုမည့် အကြောင်းမရှိ။ (၁)

ရဟန်းတို့ စင်စစ် ထိုရဟန်းသည် အလုံးစုံသောသင်္ခါရတို့ကို အနိစ္စဟုရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမခန္တီ'နှင့်ပြည့်စုံခြင်း ဖြစ်မည့်အကြောင်းသည် ရှိ၏၊ မဂ်နှင့်လျော်သောအလို'အနုလောမခန္တီ'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည် ရှိ၏၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကိုသော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် ရှိ၏။ (၂)

ရဟန်းတို့ စင်စစ်ထိုရဟန်းသည် အနည်းငယ်သောသင်္ခါရကို ချမ်းသာ၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမခန္တီ'နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည် မရှိ၊ မဂ်နှင့်လျော်သောအလို 'အနုလောမခန္တီ'နှင့် မပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည် မရှိ၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကိုသော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည်မရှိ။ (၃)

ရဟန်းတို့ စင်စစ်ထိုရဟန်းသည် အလုံးစုံသောသင်္ခါရတို့ကို ဆင်းရဲ၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို'အနုလောမခန္တီ'နှင့်ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည်ရှိ၏၊မဂ်နှင့်လျော်သောအလို 'အနုလောမခန္တီ'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည် ရှိ၏၊(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာ

http://www.dhammadownload.com



ပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကို သော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် ရှိ၏။ (၄)

ရဟန်းတို့ စင်စစ်ထိုရဟန်းသည် အနည်းငယ်သောတရားကို အတ္တဟု ရှုသည်ရှိသော် မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံခြင်းဖြစ်မည့် အကြောင်းသည် မရှိ၊ မင်္ဂနှင့် လျော်သောအလို'အနုလောမဉာဏ်'နှင့် မပြည့်စုံသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည်မရှိ၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တ ဖိုလ်ကိုသော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် မရှိ။ (၅)

ရဟန်းတို့စင်စစ်ထိုရဟန်းသည်အလုံးစုံသောတရားတို့ကိုအတ္တမဟုတ်'အနတ္တ'ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည်ရှိ၏၊ မင်္ဂနှင့် လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့်အကြောင်းသည် ရှိ၏၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တ ဖိုလ်ကိုသော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် ရှိ၏။ (၆)

ရဟန်းတို့ စင်စစ် ထိုရဟန်းသည် နိဗ္ဗာန်ကို ဆင်းရဲ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည် မရှိ၊ မင်္ဂနှင့်လျော်သောအလို 'အနု လောမဉာဏ်'နှင့် မပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းသည် မရှိ၊ (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ မသက်ဝင်သည်ရှိသော် သောတာ ပတ္တိဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကို သော်၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် မရှိ။ (၇)

ရဟန်းတို့ စင်စစ် ထိုရဟန်းသည် နိဗ္ဗာန်ကို ချမ်းသာ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သော အလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံခြင်းဖြစ်မည့်အကြောင်းသည် ရှိ၏၊ မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'နှင့် ပြည့်စုံသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်မည့် အကြောင်းသည် ရှိ၏၊(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ သက်ဝင်သည်ရှိသော် သောတာပတ္တိ ဖိုလ်ကိုသော်၎င်း သကဒါဂါမိဖိုလ်ကိုသော်၎င်း အနာဂါမိဖိုလ်ကိုသော်၎င်း အရဟတ္တဖိုလ်ကိုသော် ၎င်း မျက်မှောက်ပြုရမည့်အကြောင်းသည် ရှိ၏။ (၈)

၃၇။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရသနည်း။ အဘယ်မျှသော အခြင်းအရာတို့ဖြင့် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင် သနည်း။

လေးဆယ်သော အခြင်းအရာတို့ဖြင့် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ လေးဆယ်သောအခြင်းအရာတို့ဖြင့် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ သက်ဝင်၏။

အဘယ်လေးဆယ်သော အခြင်းအရာတို့ဖြင့် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရသနည်း။အဘယ်လေးဆယ်သောအခြင်းအရာတို့ဖြင့်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့သက်ဝင် သနည်း။

http://www.dhammadownload.com



ခန္ဓာငါးပါးတို့ကို မမြဲဟု ဆင်းရဲ၏ဟု ရောဂါဟု အိုင်းအမာဟု ဆူးငြောင့်ဟု ညှဉ်းဆဲတတ်၏ဟု အနာဟု တပါးတခြားဟု ပျက်စီးတတ်၏ဟု ဘေးရန်ဟု ဥပဒ်ဟု ဘေးဟု နှိပ်စက်တတ်၏ဟု တုန်လှုပ်တတ်၏ဟု ကျိုးပျက်တတ်၏ဟု ခိုင်ခံ့ခြင်းမရှိဟု မှီခိုရာမဟုတ်ဟု ပုန်းအောင်းရာမဟုတ်ဟု ကိုးကွယ်ရာ မဟုတ်ဟု ကင်းဆိတ်၏ဟု အချည်းနှီးဟု သုဉ်း၏ဟု အတ္တမဟုတ် 'အနတ္တ' ဟု အပြစ်ဟု ဖောက်ပြန်တတ်သောသဘောဟု အနှစ်မဲ့ဟု ညှဉ်းဆဲခြင်း၏အရင်းခံဟု သတ်တတ်၏ဟု အထူးထူးဖြစ်တတ်၏ဟု အာသဝေါတရားတို့၏ အာရုံဟု ပြုစီရင်အပ်၏ဟု မာရ်နှင့်စပ်၏ဟု ဖြစ်ခြင်းသဘောရှိ၏ဟု အိုခြင်းသဘောရှိ၏ဟု နာခြင်းသဘောရှိ၏ဟု သေခြင်းသဘောရှိ၏ဟု စိုးရိမ်ခြင်းသဘောရှိ၏ဟု ငိုကြွေးခြင်းသဘောရှိ၏ဟု ပြင်းစွာပူပန်ခြင်းသဘောရှိ၏ဟု ညစ်နွမ်းခြင်းသဘောရှိ၏ဟု (ရှု၏)။

၃၈။ ခန္ဓာငါးပါးတို့ကို မမြဲဟုရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည်မြဲ၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ဆင်းရဲ၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ချမ်းသာ၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ရောဂါဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် အနာ (ရောဂါ) ကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အိုင်းအမာဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် အိုင်းအမာကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ဆူးငြောင့်ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ဆူးငြောင့်ကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၅)

ခန္ဓာငါးပါးတို့ကို ညှဉ်းဆဲတတ်၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ညှဉ်းဆဲခြင်းကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အနာဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် အနာကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို တပါးတခြားဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် အကြောင်းတပါးကင်း၏" ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

http://www.dhammadownload.com



ခန္ဓာငါးပါးတို့ကို ပျက်စီးဘတတ်၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် မပျက်စီးသောသဘောရှိ၏"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ဘေးရန်ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ဘေးရန်မရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၁၀)

ခန္ဓာငါးပါးတို့ကို ဥပဒ်ဟုရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ဥပဒ်မရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ဝင်၏။

ခန္ဓာငါးပါးတို့ကို ဘေးဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ဘေးမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို နှိပ်စက်တတ်၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် မနှိပ်စက်တတ်"ဟု ရှုသည်ရှိသော်( မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို တုန်လှုပ်၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် မတုန်လှုပ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကိုကျိုးပျက်တတ်၏ဟု ရှုသည်ရှိသော်မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်' ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း"နိဗ္ဗာန်သည် ကျိုးပျက်ခြင်းမရှိ"ဟု ရှုသည်ရှိသော်(မိမိအခြား ၌မဲ့) အကျိုးပေးမြဲခြင်းသို့ ဝင်၏။ (၁၅)

ခန္ဓာငါးပါးတို့ကို ခိုင်ခံ့ခြင်းမရှိဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ခိုင်ခံ့ခြင်းရှိ၏"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကိုမှီခိုရာမဟုတ်ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် မှီခိုရာ"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ပုန်းအောင်းရာမဟုတ်ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမ ဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့ချုပ်ခြင်း"နိဗ္ဗာန်သည် ပုန်းအောင်းရာ"ဟု ရှုသည်ရှိသော်(မိမိအခြား မဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ကိုးကွယ်ရာမဟုတ်ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမ ဉာဏ်'ကို ရ၏။ ခန္ဓာငါးပါးတို့ချုပ်ခြင်း "နိဗ္ဗာန်သည် ကိုးကွယ်ရာ"ဟု ရှုသည်ရှိသော် (မိမိအခြား မဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

http://www.dhammadownload.com



ခန္ဓာငါးပါးတို့ကို ချမ်းသာသည်မှ ကင်းဆိတ်၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကိုရ၏၊ ခန္ဓာငါးပါးတို့၏ချုပ်ခြင်း "နိဗ္ဗာန်သည် ချမ်းသာ သည်မှ မဆိတ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၂၀)

ခန္ဓာငါးပါးတို့ကို အချည်းနှီးဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ချုပ်ခြင်း "နိဗ္ဗာန်သည် အချည်းနှီးမဟုတ်"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ပုဂ္ဂိုလ်စသည်မှသုဉ်း၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ခန္ဓာငါးပါးတို့၏ချုပ်ခြင်း"နိဗ္ဗာန်သည် သင်္ခါရအားလုံးမှသုဉ်း၏"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အတ္တမဟုတ် 'အနတ္တ'ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ချုပ်ခြင်း "နိဗ္ဗာန်သည် မြတ်သောသဘော 'ပရမတ္ထ'"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အပြစ်ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ချုပ်ခြင်း "နိဗ္ဗာန်သည် အပြစ်မရှိ"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ဖောက်ပြန်တတ်သောသဘောရှိ၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည်ဖောက်ပြန်သောသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၂၅)

ခန္ဓာငါးပါးတို့ကို အနှစ်မဲ့ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် အနှစ်သာရ"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ညှဉ်းဆဲခြင်း၏အရင်းခံဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ချုပ်ခြင်း "နိဗ္ဗာန်သည် ညှဉ်းဆဲခြင်း၏အရင်းခံမဟုတ်"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို သတ်တတ်၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း "နိဗ္ဗာန်သည် မသတ်တတ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အထူးထူးဖြစ်တတ်၏ဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် အထူးထူးမဖြစ်တတ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အာသဝေါတရားတို့၏ အာရုံဟု ရှုသည်ရှိသော် မဂ်နှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် အာသဝေါတရားတို့၏ အာရုံ မဟုတ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၃၀)

http://www.dhammadownload.com



ခန္ဓာငါးပါးတို့ကို ပြုစီရင်အပ်၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် မပြုပြင်အပ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို မာရ်နှင့်စပ်၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် မာရ်နှင့်မစပ်"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌) အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ဖြစ်ခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် ဖြစ်ခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို အိုခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် အိုခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို နာခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် နာခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၃၅)

ခန္ဓာငါးပါးတို့သည် သေခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် သေခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို စိုးရိမ်ခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် စိုးရိမ်ခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကိုငိုကြွေးခြင်းသဘောရှိ၏ဟုရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် ငိုကြွေးခြင်းသဘောမရှိ"ဟု ရှုသည်ရှိသော် (မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ပြင်းစွာပူပန်ခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် ပြင်းစွာပူပန်ခြင်း သဘောမရှိ"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ခန္ဓာငါးပါးတို့ကို ညစ်နွမ်းခြင်းသဘောရှိ၏ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို 'အနုလောမဉာဏ်'ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း"နိဗ္ဗာန်သည် မညစ်နွမ်းသောသဘောရှိ၏"ဟု ရှုသည်ရှိသော်(မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။ (၄၀)

၃၉။ မမြဲဟု(ရှုခြင်းသည်)အနိစ္စာနုပဿနာတည်း။ ဆင်းရဲ၏ဟု(ရှုခြင်းသည်) ဒုက္ခာနုပဿနာတည်း။ ရောဂါဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ အိုင်းအမာဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ဆူးငြောင့်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ညှဉ်းဆဲတတ်၏ဟု ရှုခြင်းသည် ဒုက္ခာ

http://www.dhammadownload.com



နုပဿနာတည်း။ အနာဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ တပါးတခြားဟုရှုခြင်းသည် အနတ္တာနုပဿနာတည်း။ ပျက်စီးတတ်၏ဟု ရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ ဘေးရန်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ (၁၀)

ဥပဒ်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ဘေးဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ နှိပ်စက်တတ်၏ဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ တုန်လှုပ်တတ်၏ဟုရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ ကျိုးပျက်တတ်၏ဟုရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ ခိုင်ခံ့ခြင်းမရှိဟု ရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ မှီခိုရာမဟုတ်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ပုန်းအောင်းရာမဟုတ်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ကိုးကွယ်ရာမဟုတ်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ကင်းဆိတ်ရာမဟုတ်ဟု ရှုခြင်းသည် အနတ္တာနုပဿနာတည်း။ (၁၀-၂၀)

အချည်းနှီးဟုရှုခြင်းသည် အနတ္တာနုပဿနာတည်း။ သုဉ်း၏ဟုရှုခြင်းသည် အနတ္တာနုပဿနာတည်း။ အတ္တမဟုတ်ဟု ရှုခြင်းသည် အနတ္တာနုပဿနာတည်း။ အပြစ်ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ဖောက်ပြန်တတ်သောသဘောဟုရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ အနှစ်မဲ့ဟု ရှုခြင်းသည် အနတ္တာနုပဿနာတည်း။ညှဉ်းဆဲခြင်း၏အရင်းခံဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ သတ်တတ်၏ဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ အထူးထူးဖြစ်၏ဟုရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ အာသဝေါတရားတို့၏ အာရုံဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ (၁၀-၃၀)

ပြုစီရင်အပ်၏ဟု ရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ မာရ်နှင့်စပ်၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ဖြစ်ခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ အိုခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ နာခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ သေခြင်းသဘောရှိ၏ဟု ရှုခြင်းသည် အနိစ္စာနုပဿနာတည်း။ စိုးရိမ်ခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ငိုကြွေးခြင်းသဘောရှိ၏ဟုရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ပြင်းစွာပူပန်ခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ ညစ်နွမ်းခြင်းသဘောရှိ၏ဟု ရှုခြင်းသည် ဒုက္ခာနုပဿနာတည်း။ (၁၀-၄၀)

ဤလေးဆယ်သောအခြင်းအရာတို့ဖြင့် မင်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ဤလေးဆယ်သောအခြင်းအရာတို့ဖြင့်(မိမိအခြားမဲ့၌)အကျိုးပေး မြဲခြင်းသို့ ဝင်၏။

ဤလေးဆယ်သောအခြင်းအရာတို့ဖြင့် မင်နှင့်လျော်သောအလို'အနုလောမဉာဏ်'ကို ရ၏၊ ဤလေးဆယ်သောအခြင်းအရာတို့ဖြင့်(မိမိအခြားမဲ့၌)အကျိုးပေးမြဲခြင်းသို့ ဝင်သောသူအား အနိစ္စာနုပဿနာ အဘယ်မျှလောက် ရှိသနည်း၊ ဒုက္ခာနုပဿနာ အဘယ်မျှလောက် ရှိသနည်း၊ အနတ္တာနုပဿနာ အဘယ်မျှလောက် ရှိသနည်း။

အနတ္တာနုပဿနာ နှစ်ဆယ့်ငါးပါး။

အနိစ္စာနုပဿနာ ငါးဆယ်။

ဒုက္ခာနုပဿနာ တရာ့နှစ်ဆယ့်ငါးပါးရှိ၏ဟု ဆိုအပ်၏။

**ဝိပဿနာကထာ ပြီး၏။**

http://www.dhammadownload.com



### ၁၀-မာတိကာကထာ

၄၀။ ဆာလောင်မှု(ကိလေသာ)မရှိခြင်း၊ လွတ်မြောက်ခြင်း'ဝိမောက္ခ'၊ ရတတ် လွတ်မြောက်တတ်သော 'ဝိဇ္ဇာဝိမုတ္တိ'၊ လွန်မြတ်သောသီလဟူသော 'အဓိသီလ'၊လွန်မြတ်သော သမာဓိဟူသော 'အဓိစိတ္တ'၊ လွန်မြတ်သောပညာဟူသော 'အဓိပညာ'၊ ကိုယ်စိတ်တို့၏ငြိမ်းခြင်း 'ပဿဒ္ဓိ'၊ မြင်ခြင်း 'ဉာဏ'၊ စင်ကြယ်ခြင်း'ဝိသုဒ္ဓိ'၊ထွက်မြောက်ခြင်း 'နေက္ခမ္မ'၊ကျွတ်လွတ်ခြင်း 'နိဿရဏ'၊ ကင်းဆိတ်ခြင်း 'ပဝိဝေက'၊စွန့်လွှတ်ခြင်း'ဝေါဿဂ္ဂ'၊ ကျင့်ခြင်း 'စရိယာ'၊ ဈာနဝိမောက္ခ၊ ဘာဝနာ၊ အဓိဋ္ဌာန်၊ အသက်မွေးခြင်းတို့တည်း။ (၁၉)

၄၁။ (ထိုပုဒ်တို့တွင်) ဆာလောင်မှု (ကိလေသာ) မရှိခြင်းဟူသည်ကား ထွက်မြောက်ခြင်းကြောင့် ကာမစ္ဆန္ဒအားဖြင့် ဆာလောင်မှုမရှိခြင်း၊မေတ္တာကြောင့် ဗျာပါဒအားဖြင့် ဆာလောင်မှုမရှိခြင်း။ပ။ ပဌမဈာန်ဖြင့် နီဝရဏတို့မှကင်းခြင်းကြောင့် ဆာလောင်မှုမရှိခြင်း။ပ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့မှ ကင်းခြင်းကြောင့် ဆာလောင်မှုမရှိခြင်းတို့တည်း။ (၁)

လွတ်မြောက်ခြင်း 'ဝိမောက္ခ'ဟူသည်ကား ထွက်မြောက်ခြင်းဖြင့် ကာမစ္ဆန္ဒမှ လွတ်မြောက်သောကြောင့် မောက္ခ ဝိမောက္ခ၊ မေတ္တာဖြင့် ဗျာပါဒမှ လွတ်မြောက်သောကြောင့် မောက္ခ ဝိမောက္ခ။ပ။ ပဌမဈာန်ဖြင့် နီဝရဏတို့မှ လွတ်မြောက်သောကြောင့် မောက္ခ ဝိမောက္ခ။ပ။အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့မှ လွတ်မြောက်သောကြောင့် မောက္ခ ဝိမောက္ခတို့တည်း။(၂)

ဝိဇ္ဇာဝိမုတ္တိဟူသည်ကား ထွက်မြောက်ခြင်းကိုရသောကြောင့် ဝိဇ္ဇာ၊ ကာမစ္ဆန္ဒမှ လွတ်မြောက်သောကြောင့် ဝိမုတ္တိ၊ ရှိသည်ဖြစ်၍ လွတ်မြောက်၏၊ လွတ်မြောက်သည်ဖြစ်၍ ရှိ၏၊ ထို့ကြောင့် ဝိဇ္ဇာဝိမုတ္တိမည်၏။

အဗျာပါဒသည် ရှိခြင်းကြောင့် ဝိဇ္ဇာ၊ ဗျာပါဒမှ လွတ်မြောက်ခြင်းကြောင့် ဝိမုတ္တိ၊ ရှိသည်ဖြစ်၍ လွတ်မြောက်၏၊ လွတ်မြောက်သည်ဖြစ်၍ ရှိ၏။ပ။

အရဟတ္တမဂ်သည်ရှိခြင်းကြောင့် ဝိဇ္ဇာ၊ အလုံးစုံသောကိလေသာတို့မှလွတ်မြောက်ခြင်းကြောင့် ဝိမုတ္တိ၊ ရှိသည်ဖြစ်၍ လွတ်မြောက်၏၊ လွတ်မြောက်သည်ဖြစ်၍ ရှိ၏၊ ထို့ကြောင့် ဝိဇ္ဇာဝိမုတ္တိမည်၏။ (၃)

အဓိသီလ အဓိစိတ္တ အဓိပညာ ဟူသည်ကား ထွက်မြောက်ခြင်းဖြင့် ကာမစ္ဆန္ဒကို စောင့်စည်းခြင်းသဘောကြောင့် သီလဝိသုဒ္ဓိ၊ မပျံ့လွင့်ခြင်းသဘောကြောင့် စိတ္တဝိသုဒ္ဓိ၊ မြင်ခြင်းသဘောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ထိုတွင် စောင့်စည်းခြင်းသဘောသည် အဓိသီလသိက္ခာ။ မပျံ့လွင့်ခြင်းသဘောသည် အဓိစိတ္တသိက္ခာ။ မြင်ခြင်းသဘောသည် အဓိပညာသိက္ခာမည်၏။

အဗျာပါဒဖြင့် ဗျာပါဒကိုစောင့်စည်းခြင်းသဘောကြောင့် သီလဝိသုဒ္ဓိ။ပ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို စောင့်စည်းခြင်းသဘောကြောင့် သီလဝိသုဒ္ဓိ၊ မပျံ့လွင့်ခြင်းသဘောကြောင့် စိတ္တဝိသုဒ္ဓိ။ မြင်ခြင်းသဘောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ထိုတွင် အကြင်စောင့်စည်းခြင်းသဘောသည်ရှိ၏၊ ဤစောင့်စည်းခြင်းသဘောသည် အဓိသီလသိက္ခာ။ ထိုတွင် မပျံ့လွင့်ခြင်းသဘောသည် အဓိစိတ္တသိက္ခာ။ မြင်ခြင်းသဘောသည် အဓိပညာသိက္ခာမည်၏။ (၃-၆)

http://www.dhammadownload.com



ပဿဒ္ဓိ ဟူသည်ကား ထွက်မြောက်ခြင်းဖြင့် ကာမစ္ဆန္ဒကို ငြိမ်းစေ၏၊ အဗျာပါဒဖြင့် ဗျာပါဒကို ငြိမ်းစေ၏။ပ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ငြိမ်းစေ၏။

ဉာဏ်ဟူသည်ကား ကာမစ္ဆန္ဒကိုပယ်ခြင်းကြောင့် ထွက်မြောက်ခြင်းသည် သိတတ်သောသဘော အားဖြင့် ဉာဏ်မည်၏၊ ဗျာပါဒကိုပယ်ခြင်းကြောင့် အဗျာပါဒသည် သိတတ်သောသဘောအားဖြင့် ဉာဏ်မည်၏။ပ။ အလုံးစုံသောကိလေသာတို့ကိုပယ်ခြင်းကြောင့် အရဟတ္တမဂ်သည် သိတတ်သော သဘောအားဖြင့် ဉာဏ်မည်၏။ (၈)

မြင်ခြင်း'ဒဿန'ဟူသည်ကား ကာမစ္ဆန္ဒကိုပယ်ခြင်းကြောင့် ထွက်မြောက်ခြင်းသည် မြင်တတ် သောကြောင့် ဒဿနမည်၏၊ ဗျာပါဒကိုပယ်ခြင်းကြောင့် အဗျာပါဒသည် မြင်တတ်သောကြောင့် ဒဿနမည်၏။ပ။ အလုံးစုံသောကိလေသာတို့ကို ပယ်ခြင်းကြောင့် အရဟတ္တမဂ်သည် မြင်တတ် သောကြောင့် ဒဿနမည်၏။ (၉)

စင်ကြယ်ခြင်း 'ဝိသုဒ္ဓိ' ဟူသည်ကား ကာမစ္ဆန္ဒကို ပယ်သည်ရှိသော် ထွက်မြောက်ခြင်းဖြင့် စင်ကြယ်၏၊ ဗျာပါဒကို ပယ်သည်ရှိသော် အဗျာပါဒဖြင့် စင်ကြယ်၏။ပ။ အလုံးစုံသော ကိလေသာတို့ကို ပယ်သည်ရှိသော် အရဟတ္တမဂ်ဖြင့် စင်ကြယ်၏။ (၁၀)

ထွက်မြောက်ခြင်း နေက္ခမ္မဟူရာ၌ အကြင်ထွက်မြောက်ခြင်းသည်ရှိ၏၊ ဤထွက်မြောက်ခြင်း သည် ကာမတို့မှ ကျွတ်လွတ်ခြင်းတည်း၊ အကြင် အာရုပ္ပသည် ရှိ၏၊ ဤအာရုပ္ပသည် ရုပ်တို့မှ ကျွတ်လွတ်ခြင်းတည်း။

အလုံးစုံသော တရားသည် ဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ (အကြောင်းကို) စွဲ၍ ဖြစ်၏၊ နိဗ္ဗာန် သည် ထိုတရားမှ ထွက်မြောက်၏။ အဗျာပါဒသည် ဗျာပါဒမှ ထွက်မြောက်၏။ အာလောက သညာသည် ထိနမိဒ္ဓမှ ထွက်မြောက်၏။ပ။အရဟတ္တမဂ်သည် ကိလေသာအားလုံးတို့မှ ထွက် မြောက်၏။ (၁၁)

ကျွတ်လွတ်ခြင်းဟူသည်ကား အကြင် ထွက်မြောက်ခြင်းသည် ရှိ၏၊ ဤထွက်မြောက်ခြင်းသည် ကာမတို့မှ ကျွတ်လွတ်ခြင်းတည်း။ အကြင် အာရုပ္ပသည်ရှိ၏၊ ဤအာရုပ္ပသည် ရုပ်တို့မှ ကျွတ် လွတ်ခြင်းတည်း။ အလုံးစုံသော တရားသည် ဖြစ်တတ်၏၊ ပြုပြင်အပ်၏၊ (အကြောင်းကို) စွဲ၍ ဖြစ်၏၊ နိဗ္ဗာန်သည် ထိုတရားမှ ကျွတ်လွတ်၏၊ ထွက်မြောက်ခြင်းသည် ကာမစ္ဆန္ဒမှ ကျွတ်လွတ်၏၊ အဗျာပါဒသည် ဗျာပါဒမှ ကျွတ်လွတ်၏။ပ။ အရဟတ္တမဂ်သည် အလုံးစုံသော ကိလေသာတို့မှ ကျွတ်လွတ်၏။ (၁၂)

ကင်းဆိတ်ခြင်း'ပဝိဝေက' ဟူသည်ကား ထွက်မြောက်ခြင်းသည် ကာမစ္ဆန္ဒမှ ကင်းဆိတ်၏။ ပ။ အရဟတ္တမဂ်သည် အလုံးစုံသော ကိလေသာတို့မှ ကင်းဆိတ်၏။ (၁၃)

စွန့်လွှတ်ခြင်း'ဝေါဿဂ္ဂ'ဟူသည်ကား ထွက်မြောက်ခြင်းဖြင့် ကာမစ္ဆန္ဒကိုစွန့်လွှတ်သောကြောင့် ဝေါဿဂ္ဂမည်၏၊ အဗျာပါဒဖြင့် ဗျာပါဒကို စွန့်လွှတ်သောကြောင့် ဝေါဿဂ္ဂမည်၏။ပ။အရဟတ္တ မဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို စွန့်လွှတ်သောကြောင့် ဝေါဿဂ္ဂမည်၏။ (၁၄)

ကျင့်ခြင်း 'စရိယာ' ဟူသည်ကား ကာမစ္ဆန္ဒကို ပယ်သူသည် ထွက်မြောက်ခြင်းဖြင့် ကျင့်၏၊ ဗျာပါဒကို ပယ်သူသည် အဗျာပါဒဖြင့် ကျင့်၏။ပ။ အလုံးစုံသော ကိလေသာတို့ကို ပယ်သူသည် အရဟတ္တမဂ်ဖြင့် ကျင့်၏။ (၁၅)

http://www.dhammadownload.com



ဈာန်ဝိမောက္ခဟူသည်ကား ထွက်မြောက်ခြင်းကို ရှုတတ်သောကြောင့် ဈာန်မည်၏၊ ကာမစ္ဆန္ဒကို လောင်စေသောကြောင့် ဈာန်မည်၏၊ ရှုဆဲဖြစ်၍ လွတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊ လောင်စေသည်ဖြစ်၍ လွတ်သောကြောင့် ဈာနဝိမောက္ခမည်၏။

ရှုကုန်၏ဟူသည် တရားတို့သည် ရှုကုန်၏။ လောင်စေကုန်၏ဟူသည် ကိလေသာတို့ကို လောင်စေကုန်၏၊ ရှုတတ်သော တရားတို့ကိုငှင်း လောင်စေအပ်သော ကိလေသာတို့ကိုငှင်း သိတတ်သောကြောင့် ဈာနဈာယီမည်၏။

မေတ္တာသည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ဗျာပါဒကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ပ။ အာလောကသညာ 'အလင်းဟူသော အမှတ်' သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ ထိနမိဒ္ဓကို လောင်စေတတ်သောကြောင့် ဈာန်မည်၏။ ပ ။ အရဟတ္တမဂ်သည် ရှုတတ်သောကြောင့် ဈာန်မည်၏၊ အလုံးစုံသော ကိလေသာတို့ကို လောင်စေတတ်သောကြောင့် ဈာန်မည်၏၊ ရှုဆဲဖြစ်၍ လွတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊ လောင်စေသည်ဖြစ်၍ လွတ်သောကြောင့် ဈာနဝိမောက္ခမည်၏၊ ရှုကုန်၏ဟူသည် တရားကို ရှုကုန်၏၊ လောင်စေကုန်၏ဟူသည် တရားကို လောင်စေကုန်၏၊ ရှုတတ်သောတရားတို့ကိုငှင်း လောင်စေအပ်သော ကိလေသာတို့ကိုငှင်း သိတတ်သောကြောင့် ဈာနဈာယီမည်၏။ (၁၆)

၄၂။ ဘာဝနာ, အဓိဋ္ဌာန်, အသက်မွေးခြင်းဟူသည် ကာမစ္ဆန္ဒကိုပယ်သည်ရှိသော် ထွက်မြောက်ခြင်းကို ဖြစ်စေသောကြောင့် ဘာဝနာနှင့် ပြည့်စုံ၏၊ ထွက်မြောက်ခြင်း၏ အစွမ်းဖြင့် စိတ်ကို ဆောက်တည်သောကြောင့် ဆောက်တည်မှု 'အဓိဋ္ဌာန်' နှင့် ပြည့်စုံ၏၊ ထိုသူသည် ဤသို့ဘာဝနာနှင့် ပြည့်စုံသည်ဖြစ်၍ အဓိဋ္ဌာန်နှင့် ပြည့်စုံသည်ဖြစ်၍ အညီအညွတ်အသက်မွေး၏၊ မညီမညွတ် အသက်မမွေး၊ မှန်သောအားဖြင့်အသက်မွေး၏၊ မှားသောအားဖြင့် အသက်မမွေး၊ စင်ကြယ်စွာ အသက်မွေး၏၊ ညစ်နွမ်းစွာ အသက်မမွေး၊ ဤသို့သောအသက်မွေးမှုနှင့် ပြည့်စုံ၏။

ထိုသူသည် ဤသို့ ဘာဝနာနှင့်ပြည့်စုံသည်ဖြစ်၍ အဓိဋ္ဌာန်နှင့်ပြည့်စုံသည်ဖြစ်၍ အသက်မွေးမှုနှင့် ပြည့်စုံသည်ဖြစ်၍ မင်းပရိသတ်သို့ ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ ဖြစ်စေ ချဉ်းကပ်မိသော ပရိသတ်သို့ ရဲရဲရင့်ရင့် ရှင်ရှင်လန်းလန်း ချဉ်းကပ်ရ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်း၊ ထိုသူသည် ဘာဝနာ, အဓိဋ္ဌာန်, အသက်မွေးမှုနှင့် ပြည့်စုံသောကြောင့်တည်း။

ဗျာပါဒကို ပယ်စွန့်သည်ရှိသော် အဗျာပါဒကို ဖြစ်စေသောကြောင့် ဘာဝနာနှင့် ပြည့်စုံ၏။ ပ။ ထိနမိဒ္ဓကို ပယ်စွန့်သည်ရှိသော် အာလောကသညာကို ဖြစ်စေသောကြောင့် ဘာဝနာနှင့် ပြည့်စုံ၏။ ပ ။ဥဒ္ဓစ္စကိုပယ်စွန့်သည်ရှိသော် မပျံ့လွင့်ခြင်းကိုဖြစ်စေသောကြောင့် ဘာဝနာနှင့်ပြည့်စုံ၏။ပ။ ဝိစိကိစ္ဆာကို ပယ်စွန့်သည်ရှိသော် ဓမ္မဝဝတ္ထာန်ကို ဖြစ်စေသောကြောင့် ဘာဝနာနှင့်ပြည့်စုံ၏။ပ။ အဝိဇ္ဇာကို ပယ်စွန့်သည်ရှိသော် သိမှု 'ဝိဇ္ဇာ' ကိုဖြစ်စေသောကြောင့် ဘာဝနာနှင့်ပြည့်စုံ၏။ပ။ မပျော်မွေ့မှုကို ပယ်စွန့်သည်ရှိသော် ဝမ်းမြောက်မှုကိုဖြစ်စေသောကြောင့် ဘာဝနာနှင့်ပြည့်စုံ၏။ပ။ နီဝရဏတို့ကို ပယ်စွန့်သည်ရှိသော် ပဌမဈာန်ကိုဖြစ်စေသောကြောင့် ဘာဝနာနှင့် ပြည့်စုံ၏။ပ။ အလုံးစုံသောကိလေသာတို့ကို ပယ်စွန့်သည်ရှိသော် အရဟတ္တမဂ်ကို ဖြစ်စေသောကြောင့် ဘာဝနာနှင့်ပြည့်စုံ၏၊ အရဟတ္တမဂ်၏အစွမ်းဖြင့် စိတ်ကိုဆောက်တည်သောကြောင့် အဓိဋ္ဌာန်နှင့်ပြည့်စုံ၏။

http://www.dhammadownload.com



ထိုသူသည် ဤဘာဝနာအဓိဋ္ဌာန်နှင့် ပြည့်စုံသည်ဖြစ်၍ အညီအညွတ် အသက်မွေး၏၊ မညီမညွတ် အသက်မမွေး၊ မှန်သောအားဖြင့် အသက်မွေး၏၊ မမှန်သောအားဖြင့် အသက်မမွေး၊ စင်ကြယ်စွာအသက်မွေး၏၊ ညစ်နွမ်းစွာအသက်မမွေး၊ ဤသို့သောအသက်မွေးမှုနှင့်ပြည့်စုံ၏။

ထိုသူသည် ဤသို့သောဘာဝနာနှင့်ပြည့်စုံသည်ဖြစ်၍ အဓိဋ္ဌာန်နှင့်ပြည့်စုံသည်ဖြစ်၍ အသက်မွေးမှုနှင့်ပြည့်စုံသည်ဖြစ်၍ မင်းပရိသတ်သို့ဖြစ်စေ ပုဏ္ဏားပရိသတ်သို့ဖြစ်စေ သူကြွယ်ပရိသတ်သို့ဖြစ်စေ ရဟန်းပရိသတ်သို့ဖြစ်စေ ချဉ်းကပ်မိသောပရိသတ်သို့ ရဲရဲရင့်ရင့် ရွှင်ရွှင်လန်းလန်းချဉ်းကပ်ရ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ထိုသူသည် ဘာဝနာနှင့်ပြည့်စုံ အဓိဋ္ဌာန်နှင့်ပြည့်စုံ အသက်မွေးမှုနှင့်ပြည့်စုံသောကြောင့်တည်း။ (၄-၁၉)

မာတိကာကထာ ပြီး၏။

သုံးခုမြောက်ပညာဝဂ် ပြီး၏။

---

ထို၌ အကျဉ်းချုပ် ဥဒ္ဒါန်းကား—

ပညာကထာ ဣဒ္ဓိကထာ အဘိသမယကထာ ဝိဝေကကထာ ငါးခုမြောက် စရိယကထာ ပါဋိဟာရိယကထာ သမသီသကထာ သတိပဋ္ဌာနကထာ ဝိပဿနာကထာ သုံးခုမြောက်ပညာဝဂ်လာ မာတိကာကထာနှင့် ဆယ်ပါးတို့တည်း။

ဤပဋိသမ္ဘိဒါကျမ်း၌ အမည်အားဖြင့် မဟာဝဂ် ယုဂနဒ္ဓဝဂ် ပညာဝဂ်ဟု ဝဂ်သုံးပါးတို့ ရှိကုန်၏။

အပိုင်းအခြားမရှိ များစွာသောနည်းရှိသောမဂ်တို့၌ ဤကျမ်းသည် နက်နဲ၏၊ သမုဒ္ဒရာလျှင် ဥပမာရှိ၏၊ ကြယ်တာရာတို့ဖြင့် ပြွမ်းသောကောင်းကင်နှင့်လည်းတူ၏၊ ဇာတဿရအိုင်ကြီးနှင့်လည်း တူ၏၊ ပို၍ချသူ 'ကထိက'တို့၏ ဉာဏ်ပြန့်ပြောခြင်းငှါဖြစ်၏၊ အားထုတ်သူ 'ယောဂီ'တို့၏ ဉာဏ်ကို ထွန်းပြောင်စေတတ်၏။

# ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန် ပြီးပြီ။

၇ မြစ် ၉–၉၁

http://www.dhammadownload.com

http://www.dhammadownload.com

# ပဋိသမ္ဘိဒါမဂ်ပါဠိတော် မြန်မာပြန်

# မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကုသိုလ်သီလ | ၅၈ |
| အကျိုးပေးမြဲခြင်း | ၄၇၃ |
| အခြင်းအရာလေးပါး | ၃၅၂ |
| အင်္ဂါရှစ်ပါးရှိသော အရိယမဂ် | ၄၅၇ |
| အစာအာဟာရလျှင် | ၇ |
| အစုံတွဲယှက်သည်ကိုပြု၍ | ၃၄၅ |
| အစိုးရခြင်းအနက် | ၁၄၉ |
| အဆင့်ဆင့်ကြွေးကြော်ကြကုန်၏ | ၃၉၄ |
| အညာဏစရိယ | ၁၀၃ |
| အညာတာဝိန္ဒြေ | ၁၄၆ |
| အတ္တဝါဒပဋိသံယုတ္တဒိဋ္ဌိအခြင်းအရာ နှစ်ဆယ် | ၂၀၀ |
| အတ္တသညာကိုစွန့်၏ | ၉၆ |
| အတ္ထခြောက်ဆယ် | ၃၉၈ |
| အတ္ထပဋိသမ္ဘိဒါဉာဏ် | ၂ |
| အတ္ထသန္ဒဿနဉာဏ် | ၃ |
| အထူးထူးသောအယူဝါဒ | ၈၉ |
| အဓိဋ္ဌာန်နှင့်ပြည့်စုံ | ၄၈၁ |
| အဓိဋ္ဌာနဝသီ | ၁၂၇ |
| အနတ္တဟုပိုင်းခြားမှတ်သားခြင်း | ၆၈ |
| အနဝဇ္ဇပဋိသမ္ဘိဒါ | ၃၆၂ |
| အနာဝရဏဉာဏ် | ၅ |
| အနိစ္စမမြဲဟူသည် | ၂၄၀ |
| အနိစ္စာနုပဿနာ | ၃၃ |
| အနုတ္တရိယခြောက်ပါး | ၇ |
| အနုပဋ္ဌာနတာဟူရာ၌ | ၁၂၉ |
| **[ အ ]** | |
| အနုပဿနာဟူရာ၌ | ၂၃၄ |
| အနုပ္ပါဒဉာဏ် | ၉၇ |
| အနုပုဗ္ဗဝိဟာရသမာပတ် | ၇ |
| အနုသာသနီပါဋိဟာရိယ | ၄၆၅ |
| အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၀၅ |
| အပဉ္စထခြင်းကင်းရာ | ၃၁၈ |
| အပရန္တာနုဒိဋ္ဌိလေးဆယ့်လေးပါး | ၁၉၈ |
| အပရိယာပန္နဘုံ | ၁၀၈ |
| အပ္ပနာဘူမိ | ၂၈၉ |
| အပိတ်အပင်မရှိသောကြောင့် | ၁၆၄ |
| အပိုင်းအခြားမဲ့ပျံ့နှံ့သော | ၃၇၅ |
| အပြစ်မဲ့ 'အနဝဇ္ဇ' ဗလ | ၄၁၆ |
| အဖန်ဖန်ရှုသောဉာဏ် | ၂၉၉ |
| အဗျာကတသီလ | ၅၈ |
| အဘိညာသဘော | ၃၅၃ |
| အဘိဘာယတနစျာန် | ၇ |
| အမှားကိုကျင့်သောပုဂ္ဂိုလ် | ၃၀၂ |
| အယူပျက်သောပုဂ္ဂိုလ်သုံးယောက် | ၂၀၄ |
| အယူမှန်သောပုဂ္ဂိုလ်သုံးယောက် | ၂၀၄ |
| အရဏဝိဟာရဉာဏ် | ၃ |
| အရဟတ္တမဂ်ခဏ၌ | ၈၉ |
| အရိယသစ္စာတည်း | ၆ |
| အရိယာတို့၏အကျင့်မဟုတ်သော | ၃၉၁ |
| အရူပါဝစရဗြဟ္မာ | ၃၂၆ |
| အဝိဇ္ဇာသံယောဇဉ် | ၁၇၆ |
| အသက်ဖြင့်ပိုင်းခြားသော | ၅၇ |
| အသင်္ခါရပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၀၅ |


ခ - မြန် - ၉ - ၃၂

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာနန္တရိကသမာဓိဉာဏ် | ၃ |
| အာဒီနဝဉာဏ် | ၁ |
| အာဒေသနာပါဋိဟာရိယ | ၄၆၅ |
| အာယတနလောက | ၁၅၃ |
| အာလောကသညာအစွမ်း | ၃၄၃ |
| အာဝဇ္ဇနဝသီ | ၁၂၇ |
| အာဝဇ္ဇနုပေက္ခာ | ၃၅၀ |
| အာဝဇ္ဇန်းကြိယာ | ၁၀၃ |
| အာသဝက္ခယဉာဏ် | ၄ |
| အာဟာရလျှင်ဖြစ်ကြောင်းရှိ၏ | ၇၃ |
| အာဟာရလေးပါး | ၃၁ |
| အားထုတ်အပ်သောဝီရိယရှိသော ပုဂ္ဂိုလ်သည် | ၂၀၃ |
| အားထုတ်ကြောင်းဖြစ်သောအနက် | ၁၄၉ |
| အားနှစ်မျိုးဟူရာ၌ | ၁၂၅ |
| **[ ဣ ]** | |
| ဣဒ္ဓိဗလဆယ်ပါး | ၄၁၄ |
| ဣဒ္ဓိဝိဓဉာဏ် | ၄ |
| ဣန္ဒြိယပရောပရိယတ္တိ | ၁၆၅ |
| ဣန္ဒြေအမြတ်အယုတ် | ၄၂၀ |
| ဣန္ဒြေတို့ကိုအစိုးရခြင်းသဘော | ၂၉ |
| ဣန္ဒြေတို့ကိုအဘယ်သို့ပေါင်းသနည်း | ၂၂၆ |
| ဣရိယာပုထ်ဖြစ်ခြင်း | ၄၆၂ |
| **[ ဤ ]** | |
| ဤဥပါဒါန်တို့၏အာရုံ | ၅၁ |
| ဤကိုးပါးသောအခြင်းအရာ | ၆၅ |
| ဤကျမ်းသည်နက်နဲ၏ | ၄၈၁ |
| ဤ၌ဟုဆိုအပ်၏ | ၄၄၈ |
| ဤသည်တို့ကား ဣန္ဒြေတို့ | ၄၅ |
| ဤသုံးပါးသောအပြန် | ၃၉၄ |
| **[ ဥ ]** | |
| ဥဒယဗ္ဗယာနုပဿနာဉာဏ် | ၁ |
| ဥဒ္ဒစ္စကိုပယ်စွန့်သူ | ၃၄၅ |
| **[ ဥ ]** | |
| ဥဒ္ဒံသောတအကနိဋ္ဌဂါမီပုဂ္ဂိုလ် | ၂၀၅ |
| ဥပထမ္ဘကအကြောင်း | ၆၇ |
| ဥပဓိအားလုံးစွန့်လွှတ်ရာ | ၄၂၄ |
| ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ် | ၂၀၅ |
| ဥပါဒါန်ချုပ်ရာ | ၃၅၇ |
| ဥပါဒါန်တို့၏အာရုံ | ၃၁ |
| ဥပါဒါန်တို့မှလွတ်၏ | ၃၀၀ |
| **[ ဧ ]** | |
| ဧကဗီဇီသောတာပန် | ၂၀၅ |
| ဧကတ္တဝိမောက္ခ | ၂၈၂ |
| ဧကရသဋ္ဌဉာဏ် | ၂ |
| ဧကောဒိမည်သောသမာဓိ | ၃၆၆ |
| **[ ဩ ]** | |
| ဩကာသလောကသည်ငှင်း | ၁၆၇ |
| ဩဒါတနိမိတ် | ၂၈၉ |
| **[ က ]** | |
| ကလျာဏပုထုဇဉ်တို့၏သီလ | ၅၆ |
| ကာမာဝစရဘုံဟူသည် | ၁၀၈ |
| ကာမစ္ဆန္ဒကိုပယ်စွန့်သော | ၄၄ |
| ကာယသက္ခိဖြစ်၏ | ၃၀၄ |
| ကိလေသာမြူနည်းသူ | ၁၅၁ |
| ကိစ္စတုပ္ပါ များခြင်း | ၃၇ |
| ကုသိုလ်သီလ | ၅၈ |
| ကုပ္ပဝိမောက္ခ | ၂၉၁ |
| ကိုယ်ထင်ရှားဖြစ်စေ၏ | ၄၄၉ |
| ကိုယ်ပင်ပန်းမှုကိုအားထုတ်ခြင်း | ၃၉၁ |
| ကိုယ်ပိုင်ကိုယ်စိုးမဟုတ် | ၆ |
| ကိုယ်အင်္ဂါဖြင့်ပိုင်းခြားသော | ၅၇ |
| ကောလံကောလသောတာပန် | ၂၀၅ |
| ကံသည်ဖြစ်ခဲ့ပြီ | ၃၂၈ |
| ကံအကျိုးကြောင့်ဖြစ်သောတန်ခိုး | ၄၅၃ |
| ကင်းဆိတ်ခြင်းကိုမှီသော | ၄၆- |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ က ]** | |
| ကျေးဇူးပြုခြင်း၌ဉာဏ်ရှစ်ပါး | ၂၀၆ |
| ကျက်စားတတ်ရာအဖြစ် | ၁၉ |
| ကျင့်ဆဲသေက္ခပုဂ္ဂိုလ် | ၂၇၆ |
| ကျယ်ပြန့်သောပညာရှိဖြစ်ခြင်း၄ါ | ၄၃၄ |
| ကြီးမားသောအရောင်အလင်း | ၃၉၅ |
| ကြွင်းသောတရားတို့ကို | ၄၇၀ |
| ကြောင့်ကြခြင်းသဘော | ၃၅၄ |
| **[ ခ ]** | |
| ခတ္တိယမဟာသာလ | ၃၂၅ |
| ခန္တိဉာဏ် | ၃ |
| ခီဏာသဝရဟန်း | ၄၁၉ |
| ခန္ဓလောက | ၁၅၃ |
| ခန္ဓာအစဉ်ဟူသည် | ၁၄၄ |
| ခွါသည်၏အစွမ်းအားဖြင့် | ၄၅၉ |
| ခွဲခြား၍သိတတ်သော | ၆၂ |
| ချီးမြှောက်တတ်သောအနက် | ၃၉ |
| ချဉ်းကပ်မိသောပရိသတ် | ၄၀၀ |
| ချုပ်ခြင်းငါးပါးတို့တည်း | ၄၆၀ |
| ချုပ်ရာဖြစ်သောနိဗ္ဗာန် | ၈၄ |
| ခြောက်ကမ်းပါးပြတ် | ၁၆၀ |
| **[ ဂ ]** | |
| ဂဟပတိမဟာသာလ | ၃၂၅ |
| ဂဠုန်အသွင်ကိုလည်းပြ၍ | ၄၅၁ |
| ဂေါစရနာနတ္တဉာဏ် | ၂ |
| ဂေါတြဘူဉာဏ် | ၂ |
| ဂေါတြဘူစိတ် | ၂၃ |
| **[ င ]** | |
| ငါဘုရားမှတပါးစောင့်ရှောက်တတ်သူ | ၁၆၁ |
| ငါးခုမြောက်ဝိရာဂ | ၄၂၉ |
| ငါးပါးသောလက္ခဏာ | ၇၀ |
| ငယ်သောသစ်ပင် | ၄၅၆ |
| ငိုကြွေးခြင်းသဘောရှိ၍ | ၄၇၃ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ငြ ]** | |
| ငြီးငွေ့ခြင်းအဖို့ရှိသော | ၃၅ |
| ငြိမ်းအေးသောအနက် | ၃၉ |
| ငြိမ်းအေးသောသန္တိပဒ | ၇၅ |
| **[ စ ]** | |
| စရိယနာနတ္တဉာဏ် | ၂ |
| စိစစ်စူးစမ်းခြင်း | ၃၃၄ |
| စိစစ်တတ်သောအနက် | ၃၈ |
| စုဝေးခြင်းသဘောအားဖြင့် | ၄၀၈ |
| စေတောပရိယဉာဏ် | ၄ |
| စေတောဝိဝဋ္ဋ | ၃၂၃ |
| စေတောဝိဝဋ္ဋဉာဏ် | ၃ |
| စက်ဆုပ်ဖွယ်မဟုတ်ရာ၌ | ၄၅၂ |
| စိတ်အစွမ်းအားဖြင့် | ၄၅၀ |
| စိတ်ကိုရှေးရှုဆောင်၍ | ၇၉ |
| စိတ်ဖြင့်နှံ့စေ၍ | ၂၉၀ |
| စိတ္တဝိဝဋ္ဋ | ၃၂၃ |
| စိတ္တဝိဝဋ္ဋဉာဏ် | ၄ |
| စောင့်စည်းမှု၌ဖြစ်သော | ၅၅ |
| စောင့်ရှောက်ခြင်းမရှိ | ၁၅၉ |
| စွဲလမ်းရာအာရုံဖြစ်သော | ၃၉၁ |
| စွန့်လွှတ်ခြင်းငါးပါး | ၄၆၀ |
| **[ ဆ ]** | |
| ဆာလောင်မှု(ကိလေသာ) | ၄၇၈ |
| ဆန္ဒ၏ဆောင်ခြင်းအနက် | ၃၆၉ |
| ဆန္ဒလည်းမငြိမ်း | ၁၃၆ |
| ဆန္ဒသည်အရင်းမူလအနက် | ၃၃၄ |
| ဆင်ခြင်ခြင်းနှင့်စပ်ကုန်၏ | ၄၃၉ |
| ဆင်ခြင်တတ်သောအနက် | ၃၉ |
| ဆိတ်သုံးခြင်းအနက် | ၃၄၈ |
| ဆိတ်သုံးခြင်းဖြစ်သော | ၁၃၈ |
| ဆုတ်ယုတ်သောအဖို့ | ၆ |
| ဆုံးဖြတ်ခြင်းအကြည် | ၃၃၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဆ ] | |
| ဆုံးဖြတ်ခြင်းလျှင်အခြံအရံ | ၁၄၇ |
| ဆယ်ပါးသောလက္ခဏာ | ၇၁ |
| ဆယ်ပါးသောသမာဓိ | ၆၃ |
| [ ဇ ] | |
| ဇနကအကြောင်းဖြစ်၍တည်ခြင်း | ၆၅ |
| ဇရာမရဏဥ္စအနိစ္စ | ၃၂၁ |
| ဇာတိခရီးကဲ့သို့သွား၏ | ၁၆၁ |
| ဇာတိလျှင်အမှန်ရှိ၏ | ၃၅၇ |
| ဇီဝိတသင်္ခါရ | ၃၂၅ |
| [ ဈ ] | |
| ဈာနဝိမောက္ခ | ၂၉၀ |
| ဈာန်ကိုအကြီးအမှူးပြု၍ | ၁၃၇ |
| ဈာန်ဖြင့်ကာမစ္ဆန္ဒမှ | ၄၁၅ |
| ဈာန်ဝိမောက္ခသမာဓိ | ၄၂၁ |
| [ ဉ ] | |
| ဉာဏစရိယ | ၁၀၃ |
| ဉာဏဝိမောက္ခ | ၂၉၄ |
| ဉာဏဝိဝဋ္ဋ | ၃၂၃ |
| ဉာဏဝိဝဋ္ဋဉာဏ် | ၄ |
| ဉာတဋ္ဌဉာဏ် | ၁၁၂ |
| ဉာဏ်နှစ်ရာ့လေးဆယ် | ၃၉၀ |
| ဉာဏ်ပျံ့နှံ့သောတန်ခိုး | ၄၅၁ |
| ဉာဏ်ဖြင့်တွေ့၍တွေ့၍ | ၁၁၉ |
| ဉာဏ်ဖြင့်တွေ့ထိသောကြောင့် | ၁၃၅ |
| ဉာဏ်ရှစ်ပါး | ၂၀၀ |
| ဉာဏ်လေးရာတို့တည်း | ၄၀၄ |
| ညချမ်းအချိန်ပတ်လုံး | ၃၇၁ |
| ညစ်ညူးခြင်း၌ဉာဏ်တဆယ့်ရှစ်ပါး | ၂၀၆ |
| ညစ်နွမ်းသောသဘော | ၄၇၆ |
| ညွှန်းဆဲခြင်း၏အရင်းခံ | ၄၇၅ |
| ညွှန်ပြောင်း၌ကျွံနေ၏ | ၁၆၁ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တခုတည်းရေတွက်အပ်၏ | ၃၅၄ |
| တငချောင်းတချောင်းသောမွေးညှင်း | ၁၅၇ |
| တထာဂတဗလမည်၏ | ၄၂၂ |
| တဖန်သိခြင်းအနက်သဘော | ၃၆၁ |
| တရားတို့ကို အဘယ်သို့ ပေါင်းသနည်း | ၂၂၇ |
| တီရဏဋ္ဌဉာဏ် | ၁၁၂ |
| တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်သည် | ၂၀၃ |
| တည်တန့်ခြင်းအဖို့ | ၆ |
| တူမျှသောရူပနိမိတ် | ၁၄၅ |
| တူသောကိစ္စရှိကုန်၏ | ၃၁၂ |
| တေဇောဟန်ခိုးဟူရာ၌ | ၁၃၁ |
| တွေ့ဝေသောအားဖြင့် | ၄၃ |
| တားမြစ်ခြင်း၌ဉာဏ်ရှစ်ပါး | ၂၀၆ |
| တဏှာကင်းသောနေခြင်း | ၁၂၄ |
| တန်ခိုး၏တည်ရာပါဒလေးပါး | ၄၄၇ |
| [ ထ ] | |
| ထိနမိဒ္ဓကိုစွန့်သူ | ၁၃၀ |
| ထူးခြားခြင်းတူမျှခြင်း | ၁၄၁ |
| ထူးခြားသောအဖို့ | ၆ |
| ထက်ဝန်းကျင်ပြည့်ခြင်း | ၁၉ |
| ထက်ဝန်းကျင်မှုပူပန်ခြင်း | ၂၉၆ |
| ထင်ခြင်းအကြည် | ၃၃၆ |
| ထင်ရှားသောအနက် | ၄၀ |
| ထင်သောသတိရှိသောပုဂ္ဂိုလ်သည် | ၂၀၃ |
| ထောက်ပံ့တတ်သောပစ္စည်း | ၃၆၂ |
| ထွက်မြောက်ခြင်းအနက် | ၁၄၉ |
| ထွက်သက်အစွမ်းဖြင့် | ၄၁၇ |
| ထွက်သက်၏အစွမ်းအားဖြင့် | ၁၂၅ |
| ထိုအမှန်တရားလေးမျိုး | ၄၉ |
| ထိုကိုယ်ကိုအဖန်ဖန်ရှု၏ | ၄၆၀ |
| [ ဒ ] | |
| ဒဿနဝိသုဒ္ဓိဉာဏ် | ၃ |
| ဒဿနာဓိပတေယျမည်၏ | ၁၂၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဒ ]** | |
| ဒိဋ္ဌိအကြောင်းရှစ်ပါး | ၁၇၂ |
| ဒိဋ္ဌိသည်ဝတ္ထုမဟုတ် | ၁၇၉ |
| ဒိဗ္ဗစက္ခုဉာဏ် | ၄ |
| ဒုက္ခအားဖြင့်နှလုံးသွင်းသူ | ၁၀၀ |
| ဒုက္ခ၏အကြောင်း | ၁၄၉ |
| ဒုက္ခ၏ပြုခြင်း | ၂၆ |
| ဒုက္ခဉာဏ် | ၄ |
| ဒေါသ၏ဖြစ်ခြင်း | ၁၀၅ |
| **[ ဓ ]** | |
| ဓမ္မကိုရှိသေတုပ်ဝပ်လျက် | ၄၀၁ |
| ဓမ္မခြောက်ဆယ် | ၃၉၈ |
| ဓမ္မစ္ဆန္ဒ၏အစွမ်းအားဖြင့် | ၂၇၃ |
| ဓမ္မဋ္ဌိတိဉာဏ် | ၆၅ |
| ဓမ္မာနုတ္တသုတ် | ၂ |
| ဓမ္မပဋိသမ္ဘိဒါဉာဏ် | ၄ |
| ဓမ္မဝိဝတ္တာနကိုထိုးထွင်း၍ | ၄၂၇ |
| မာတုလောက | ၁၅၃ |
| **[ န ]** | |
| နိကန္တိခဏ | ၃၂၄ |
| နိစ္စသညာကိုစွန့်၏ | ၉၉ |
| နိမိတ်အားဖြင့် ညွှန်းဆို၏ | ၄၆၃ |
| နိမ္မိတရုပ် | ၄၅၀ |
| နိရုတ္တိပဋိသမ္ဘိဒါဉာဏ် | ၁၁၃ |
| နိရောဓာနုပဿနာ | ၃၂၁ |
| နိရောဓကို ခွဲခြား၍ သိခြင်း | ၃၆၀ |
| နိရောဓ သမာပတ္တိဉာဏ် | ၃ |
| နိဗ္ဗာန်အာရုံ၌ဖြစ်သည်၏အစွမ်း | ၃၇၂ |
| နိဗ္ဗာန်ကိုမြင်ခြင်းအနက် | ၁၄၉ |
| နိဗ္ဗာန်လျှင် ကျက်စားရာ | ၃၄၆ |
| နိဗ္ဗိဒါပဋိပဿဒ္ဓိဉာဏ်ရှစ်ပါး | ၂၀၇ |
| နိဗ္ဗိဒါနုလောမဉာဏ်ရှစ်ပါး | ၂၀၇ |
| နိဗ္ဗိဒါဉာဏ်ရှစ်ပါး | ၂၀၇ |
| **[ န ]** | |
| နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် | ၂၅ |
| နိရုတ္တိ ဆယ်ပါး | ၃၉၇ |
| နိဇ္ဇရ ဝတ္ထုတရား | ၇ |
| နိရာမိသဟူ၍သိအပ်၏ | ၁၇ |
| နိရောဓဉာဏ် | ၄ |
| နိရောဓ၏ မပြုပြင်ခြင်း | ၂၇ |
| နှိပ်စက်တတ်သောအနက် | ၁၄၉ |
| နှုးညံ့အောင်ပြု၍ | ၁၄၃ |
| နေ့လည်အချိန်ပတ်လုံး | ၃၇၁ |
| နေက္ခမ္မကို ရှာမှီ ခြင်း | ၄၂၇ |
| နားသည် အဝိဇ္ဇာကြောင့်ဖြစ်၏ | ၉၉ |
| နစ်စေခြင်းငှါ မဖြစ်စေနိုင် | ၄၀၆ |
| နှစ်ခြိုက်(ခံစား)ခြင်းများလျက် | ၄၄၂ |
| နှစ်မြို့စေခြင်းလျှင် | ၁၄၆ |
| နှိမ်နင်းသောပညာတည်း | ၄၄၀ |
| **[ ပ ]** | |
| ပစ္စဝေက္ခဏာဉာဏ် | ၂ |
| ပညာမျက်စိသည်မေ့တည်း | ၃၉၅ |
| ပညာရှိသော ပုဂ္ဂိုလ်သည် | ၂၈၃ |
| ပညာဗိုလ် ထုံအပ်သော | ၃၇၈ |
| ပညာသည်ပွါး၏ | ၄၃၄ |
| ပညိန္ဒြေ၏အစွမ်း | ၃၁၀ |
| ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် | ၁၁၄ |
| ပဋိနိဿဂ္ဂါနုပဿနာ | ၃၃ |
| ပဋိသင်္ခါနုပဿနာ | ၇၄ |
| ပဋိဘာန ပဋိသမ္ဘိဒါဉာဏ် | ၅ |
| ပဋိဘာန်ကိုပိုင်းခြားသောအားဖြင့် | ၄၃၃ |
| ပဋိဝေဓဟူရာ၌ | ၁၃၄ |
| ပဋိသန္ဓေမနေခြင်းနိဗ္ဗာန် | ၁၅ |
| ပဒေသဝိဟာရဉာဏ် | ၃ |
| ပရိညာပဋိဝေဓ | ၃၁၅ |
| **ပရိညာသဘော** | **၃၅၃** |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပရိစ္စာဂဋ္ဌဉာဏ် | ၂ |
| ပရိနိဗ္ဗာန်ဉာဏ် | ၃ |
| ပရိယောဂါဟဏဉာဏ် | ၃ |
| ပဟာနပဋိဝေဓ | ၃၁၅ |
| ပဟာန်သဘော | ၃၅၃ |
| ပီတိကိုပယ်ခြင်းသဘော | ၄၅၂ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | ၄ |
| ပုထုပညာပြည့်ကုန်၏ | ၄၃၁ |
| ပုဗ္ဗန္တာနုဒိဋ္ဌိတဆယ့်ရှစ်ပါး | ၂၀၂ |
| ပူပန်စေခြင်းသဘော | ၂၄ |
| ပူပန်စေတတ်သောအနက် | ၁၄၉ |
| ပူပန်ခြင်းသဘောကိုသိတတ်<br>သောကြောင့် | ၃၇၀ |
| ပေါ့ပါးလျင်မြန်ရေးအမှတ် | ၁၄၁ |
| ပါဋိဟာရိယတည်း | ၄၆၅ |
| ပွား့ခြင်းအနက် | ၁၄၉ |
| ပွါးထုံသော သဘောကြောင့် | ၄၇၀ |
| ပွါးများအပ်ကုန်၏ | ၅ |
| ပေါ်လွင်အောင်ဖေါ်ပြသောပညာ | ၁၃၃ |
| ပေါင်းစပ်ခြင်းသဘော | ၁၄၀ |
| ပယ်စွန့်၏ဟူရာ၌ | ၄၅၆ |
| ပိုင်းခြားသတ်မှတ်သိအပ်ကုန်၏ | ၅ |
| ပိုင်းခြား၍ ဆုံးဖြတ်နိုင်သော | ၆၈ |
| ပြုပြင်အပ်သောအနက် | ၁၄၉ |
| ပြုပြင်ခြင်းမရှိသောအနက် | ၁၄၉ |
| ပြင်းစွာပူပန်ခြင်း | ၂၉၆ |
| ပြင်းစွာပင်ပန်းခြင်း | ၄၇၆ |
| ပြင်းစွာမပင်ပန်းခြင်းနိဗ္ဗာန် | ၁၅ |
| **[ ဖ ]** | |
| **ဖရှိဖရဲမကွဲခြင်းသဘော** | ၁၉ |
| **ဖလဉာဏ်** | ၂ |
| **ဖဿကိုပေါင်းဆုံခြင်းသဘော** | ၃၀ |
| **ဖဿသည်ပေါင်းဆုံခြင်း** | ၃၃၉ |
| ဖုသနဋ္ဌဉာဏ် | ၂ |
| ဖောက်ခွဲခြင်းအဖို့ | ၆ |
| ဖောက်ခွဲနိုင်သော ပညာရှိ | ၄၃၄ |
| ဖောက်ပြန်တတ်သောအနက် | ၁၄၉ |
| ဖိုလ်ဉာဏ်မည်၏ | ၉၀ |
| ဖြူစင်ခြင်း၌ဉာဏ်တဆယ့်သုံးပါး | ၂၀၆ |
| ဖြူစင်သောအနက် | ၃၉ |
| ဖြူစင်သောကံ | ၃၂၉ |
| ဖြူစင်သောအကျိုး | ၄၃၉ |
| ဖြစ်ဆဲဖြစ်သောတရား | ၄၆၈ |
| ဖြစ်ခြင်းစရိယာ | ၄၆၂ |
| **[ ဗ ]** | |
| ဗောဓိပက္ခိယတရား | ၃၂၃ |
| ဗျာကရိုဏ်း(သုတ္တန်) | ၄၀၂ |
| ဗျာပါဒထကြွခြင်း | ၃၇၇ |
| ဗြဟ္မာသဖွယ်ဖြစ်၏ | ၄၃၈ |
| ဗြာဟ္မဏမဟာသာလ | ၃၂၅ |
| **[ ဘ ]** | |
| ဘဝ၏အစွမ်းအားဖြင့် | ၁၇၄ |
| ဘဝသို့ရောက်ကြောင်းကံ | ၄၄၄ |
| ဘာဝနာဟူရာ၌ | ၂၃၄ |
| ဘာဝနာသဘော | ၃၅၃ |
| ဘုရားရှင်တို့၏သီလ | ၅၆ |
| ဘုရားလောင်းခုနစ်ဦး | ၄၀၂ |
| ဘူမိနာနတ္တဉာဏ် | ၂ |
| ဘေးဟုထင်မြင်လာသော | ၇၆ |
| **[ မ ]** | |
| မဂ္ဂအနက်သဘော | ၃၅၁ |
| မဂ်သို့အစဉ်လိုက်ကုန်၍ | ၄၃၈ |
| မဂ်နှင့်လျော်သောအလို | ၄၇၁ |
| မဆုတ်မနစ်သောစိတ် | ၁၃၂ |
| မဂ်ဉာဏ်ဟုဆိုအပ်၏ | ၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မဂ္ဂဉာဏ် | ၄ |
| မဂ္ဂသစ္စာပဋိဝေဓဉာဏ် | ၃၅၃ |
| မင်္ဂကိုအဘယ်သို့ပေါင်းသနည်း | ၂၂၇ |
| မတုန်လှုပ်စေနိုင်ခြင်း | ၃၃၃ |
| မတွန့်ဆုတ်သောစိတ် | ၄၄၀ |
| မပြတ်နှောင်ဖွဲ့သူ | ၄၅၆ |
| မပျံ့လွင့်ခြင်းအနက်သဘော | ၃၆၅ |
| မဖြစ်ပေါ်သေးပဲပင် | ၄၅၃ |
| မမြဲသောအားဖြင့်နှလုံးသွင်းသောပုဂ္ဂိုလ်အား | ၂၂၅ |
| မမြွေးယှက်အပ်သောစိတ် | ၁၄၅ |
| မအိုခြင်းနိဗ္ဗာန် | ၁၅ |
| မာနတို့ဖြင့်တက်ကြွခြင်း | ၁၆၃ |
| မာရ်နှင့်စပ်၍ | ၄၃၃ |
| မိစ္ဆာအယူရှိသောပုဂ္ဂိုလ်အား | ၁၃၃ |
| မီးကျိုးစု(တွင်း)ဉပမာ | ၄၁၉ |
| မူလသိမ်းဆည်းခြင်းအနက်သဘော | ၃၆၁ |
| မှိခိုရာမဟုတ် | ၄၃၃ |
| မှီရာတဆယ့်နှစ်ပါး | ၄၅၀ |
| မည်းညစ်သောကံ | ၃၂၉ |
| မန္တာန်ကိုစုပ်၍ | ၄၅၃ |
| မှန်သောအနက် | ၂၁၉ |
| မှားသောနှလုံးသွင်းခြင်း | ၁၇၄ |
| မေတ္တာကိုအကြီးအမှူးပြု၍ | ၁၃၃ |
| မေတ္တာနှင့်ရောနှောကုန်၍ | ၃၀၅ |
| မျက်စိသည်ကံကြောင့်ဖြစ်၏ | ၉၃ |
| မျက်မှောက်ပြုအပ်ကုန်၏ | ၅ |
| မျက်မှောက်ပြုပြီးပြီ | ၃၉၃ |
| မြေကိုဆင်ခြင်၏ | ၄၄၉ |
| မြေသည်တခြားတပါးတည်း | ၄၅၁ |
| မြွေးယှက်တတ်သောကွန်ရက် | ၁၅၉ |
| မြင်ခြင်းအကြည် | ၃၃၆ |
| မြတ်သောပဋိသမ္ဘိဒါ၊ | ၄၄၆ |
| မြတ်သောအကျင့်ဟူသည် | ၃၉၁ |
| မြန်သောပညာတည်း | ၄၄၁ |
| **[ ယ ]** | |
| ယုဂနဒ္ဓသည် ဓမ္မတည်း | ၄၀၇ |
| ယုတ်သောနှလုံးသွင်းရှိသော | ၁၅၆ |
| ယုတ်မာသောအဆွေခင်ပွန်း | ၁၃၃ |
| ယောဂဘေးကုန်ရာ | ၃၃၀ |
| **[ ရ ]** | |
| ရဟန္တာဖြစ်ကြောင်း | ၃ |
| ရဟန်းတို့၏သီလ | ၅၅ |
| ရာဂကင်းပြီးသောရဟန္တာပုဂ္ဂိုလ်သည် | ၂၇၀ |
| ရာဂကင်းခြင်းသဘောရှိ၏ | ၄၄၃ |
| ရူပါဝစရဗြဟ္မာ | ၃၂၆ |
| ရေးခြစ်မဆင်သော | ၄၄၉ |
| ရှေ့ဦးသမထ နောက်ဝိပဿနာ | ၃၄၃ |
| ရှေ့ဘက်ကိုယ်တော်မှ | ၁၅၇ |
| ရှေးကမကြားဘူးကုန်သော | ၃၉၂ |
| ရှစ်ပါးသောစရိယ | ၂၆၇ |
| ရုပ်ကိုအတ္တအားဖြင့်အဖန်ဖန်ရှုသနည်း | ၁၇၉ |
| ရုပ်ကိုအတ္တအားဖြင့်အဖန်ဖန်ရှု၏ | ၁၇၀ |
| ရုပ်သောပင့်ကူအိမ် | ၁၅၉ |
| ရောင့်ရဲခြင်းမရှိ | ၁၅၉ |
| ရန်ကင်းကုန်သည်ဖြစ်၍ | ၃၇၆ |
| ရွန်းရင်းသောကာမရာဂသံယောဇဉ် | ၃၃၂ |
| ရွန်းရင်းသောကိလေသာ | ၄၄ |
| ရှာသူတို့၏အကျင့်ဖြစ်သော | ၃၉၁ |
| **[ လ ]** | |
| လိမ္မာသောယောဂီ | ၀၉ |
| လူသာမဏေတို့၏သီလ | ၅၁ |
| လေးပါးသောပွါးများခြင်း | ၂၁၀ |
| လေးပါးသောသမာဓိ | ၆၃ |
| လေးဆယ်သောအခြင်းအရာ | ၄၃၂ |
| လောကခံရှစ်ပါး | ၃၁ |
| လောကသည်မမြဲ | ၁၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လောကသည်မြဲ၏ | ၁၉၂ |
| လောကသည်အဆုံးမရှိ | ၁၉၄ |
| လောကသည်အဆုံးရှိ၏ | ၁၉၃ |
| လောကမှထွက်မြောက်၏ | ၃၀၁ |
| လောကမှထကုန်သောကြောင့် | ၄၁၃ |
| လွန်မြတ်သူဖြစ်၏ | ၄၄၅ |
| လောကဝါဒပဋိသံယုတ္တဒိဋ္ဌိ အခြင်းအရာရှစ်ပါး | ၂၀၀ |
| လက်ျာမျက်စိတော်မှ | ၁၅၇ |
| လောင်စေတတ်သောကြောင့် | ၂၉၇ |
| ယောင်စေအပ်သော ကိလေသာ | ၄၈၀ |
| လွတ်မြောက်လိုခြင်း | ၈၄ |
| လွတ်မြောက်ခြင်းအရသာ | ၃၃၇ |
| လွန်ကဲသောဉာဏ်ပညာ | ၂၈ |
| လျစ်လျူရှုသည်အစွမ်းအားဖြင့် | ၂၇၃ |
| လွှမ်းမိုးတတ်သောကြောင့် | ၈၄ |
| **[ ဝ ]** | |
| ဝဋ်ဒုက္ခနှောင်ဖွဲ့ကြောင်း | ၁၄၉ |
| ဝဋ်ဒုက္ခယှဉ်ကြောင်း | ၁၄၉ |
| ဝတ္ထုနာနတ္တဉာဏ် | ၂၊ ၁၀၀ |
| ဝတ္ထုသည် ဒိဋ္ဌိမဟုတ် | ၁၇၉ |
| ဝိဇ္ဇာဝိမုတ္တိဟူသော | ၄၆ |
| ဝိညာဉ်တည်ရာခုနစ်ပါး | ၃၁ |
| ဝိညာဏစရိယ | ၁၀၃ |
| ဝိပါက်ဖြစ်ပေါ်မှု | ၃၁၆ |
| ဝိပါက်မနောဓာတ် | ၁၀၃ |
| ဝိပတ္တိဘဝလောက | ၁၅၃ |
| ဝိပဿနာဉာဏ် | ၁ |
| ဝိပလ္လာသမရှိသော | ၃၃၀ |
| ဝိပဿနာရှေ့သွားပြု၍ | ၃၄၁ |
| ဝိပဿနာဝီထိ | ၃၁၉ |
| ဝိပဿနာဝိမုတ္တိ | ၃၉၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝိပဿနာ၏အစွမ်းဖြင့် ဉာဏ်ခုနစ်ဆယ့်နှစ်ပါး | ၂၀၇ |
| ဝိမုစ္စနပရိယာယ် | ၂၉၃ |
| ဝိမုတ္တာယတနတရားငါးပါး | ၇ |
| ဝိမုတ္တိဉာဏ်ဟုဆိုအပ်၏ | ၉၃ |
| ဝိမုတ္တိချမ်းသာနှင့်ယှဉ်သော ဉာဏ်နှစ်ဆယ့်တပါး | ၂၀၇ |
| ဝိမုတ္တိဉာဏ် | ၂ |
| ဝိမုတ္တိသည်ဖိုလ်မည်၏ | ၃၉၀ |
| ဝိမုတ္တိပဋိသမ္ဘိဒါ | ၃၆၃ |
| ဝိမောက္ခသုံးပါး | ၂၀၅ |
| ဝိမောက္ခဝိဝဋ္ဋဉာဏ် | ၄ |
| ဝိရာဂမည်သောသမ္မာဒိဋ္ဌိ | ၃၀၅ |
| ဝိရာဂါနုပဿနာ | ၃၃ |
| ဝိသညုတ္တဝိမောက္ခ | ၂၉၂ |
| ဝိဟာရဋ္ဌဉာဏ် | ၂ |
| ဝိဟာရသမာပတ္တဋ္ဌဉာဏ် | ၃ |
| ဝိဟာရသမာပတ် | ၄၄၁ |
| ဝီရိယ(လွန်ကဲ)ကြီးမှူးသော | ၄၀၀ |
| ဝီရိယဖိုလ်ထုံအပ်သော | ၃၇၈ |
| ဝီရိယာရမ္ဘဉာဏ် | ၃ |
| ဝုဋ္ဌာနဝသီ | ၁၂၇ |
| ဝေဒနာသုံးပါး | ၃၁ |
| ဝေနေယျတို့ကို ဆုံးမတတ်၏ | ၄၃၈ |
| ဝေါဿဂ္ဂအခြံအရံ | ၃၆၄ |
| ဝင်သက်၏အစွမ်းဖြင့် | ၄၇၁ |
| **[ သ ]** | |
| သက်ဝင်ခြင်းဖြစ်မည့်အကြောင်း | ၄၅၁ |
| သက်ဝင်၍သိသောပညာ | ၁၄၃ |
| သင်္ခါရသိသကား | ၄၆၇ |
| သင်္ခါရသုံးပါးတို့တည်း | ၄၂၃ |
| သင်္ခါရုပေက္ခာဉာဏ် | ၁ |
| သစ္စဝိဝဋ္ဋဉာဏ် | ၄ |
| သစ္စာသဘော | ၃၅၄ |

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

## (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်